www.burmeseclassic.com

မဂ္ဂဇင်း

အမှတ်-၂၂၆ ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

## သဗ္ဗသိဒ္ဓိဂါထာတော်ကြီး

ဗုဒ္ဓ ဂုဏော အနန္တော၊ ဓမ္မ ဂုဏော အနန္တော၊ သံဃ ဂုဏော အနန္တော၊
မာတာပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော။

ဗုဒ္ဓေါ မေ သရဏံ အညံ နတ္ထိ၊ ဓမ္မော မေ သရဏံ အညံ နတ္ထိ၊
သံဃော မေ သရဏံ အညံ နတ္ထိ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ။

မေသာ ဒုက္ခာ၊ သဗ္ဗ သတ္တုန္တရာယော၊ သဗ္ဗ ရောဂန္တရာယော၊
သဗ္ဗ ဥပဒ္ဒဝန္တရာယော၊ ဂစ္ဆအမှမှိ ပြေကာသေ တိဋ္ဌာဟိ။

အထက်ပါ ဂါထာတော်ကြီးကို "အားလုံးပြီးရာ အောင်ဂါထာ" ဟူ၍လည်းခေါ်ကြသည်။ ယုံယုံကြည်ကြည် ရွတ်ဖတ်သူတိုင်း အသက်ရှည်မည်။ ဘေးအန္တရာယ်ကင်းမည်။ လာဘ်လာဘ ပေါများမည်။ ဘုန်းကံကြီးမည်။ လူ၊ နတ်၊ ဗြဟ္မာ အပေါင်း၏ ချစ်ခင်နှစ်လိုခြင်းခံရမည်။ ကပ်ကြီးသုံးပါးမှ ချမ်းသာလွတ်ကင်းမည်။

### စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

- ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အရေးကြီးသည်။
- ပြည်ထောင်စု စိတ်ဓာတ်သာလျှင် တိုင်းရင်းသားအားလုံး တစ်စေ့တစ်စည်းတည်း ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

### ပြည်သူ့ဆန္ဒသဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ ဝိုင်းဝန်းဖယ်ရှား။

BURMESE CLASSIC

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြင့် သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

1- NOV 2014

ကုမုဒြာကြာပန်းသည်
လရောင်ဆမ်းမှ ပွင့်လန်းရဘိသကဲ့သို့
လပြည့်ဝန်းဟူသော မဂ္ဂဇင်းဖြင့်
ချစ်စွာသော စာဖတ်ပရိသတ်များ၏
အသိဉာဏ်အလင်းတန်းကို
ပွင့်လန်းလင်းလက်စေရမည်ဟု
မေတ္တာရည်သန်လျှက် . . .

မဂ္ဂဇင်း

အမှတ် ၄(၂၂၆)၊ ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com







# မာတိကာ


စဉ် အကြောင်းအရာ စာမျက်နှာ

၁။ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားနှင့်
ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး .................. မင်းဂုဏ် ၅

၂။ ဟိုပုံးရေထွက်မှသည်
ထမ့်စန်းသာသနာ့အောင်မြေဆီသို့ ...... တက္ကသိုလ်တင်ဟန်ကျော် ၁၇

၃။ ရွှေတောင်မြို့မှ အဘအောင်မင်းခေါင်စေတီ ..... တက္ကသိုလ်မျိုး ၂၆

၄။ ဗုဒ္ဓခေတ် မဇ္ဈိမဒေသ အယူဝါဒများ..... ကောင်းစံဟိန်း(ဖန်နေဝန်း) ၃၅

၅။ မိုးကုတ်ဆရာတော်ဘုရားကြီး၏
ခန္ဓာဝန်ထမ်း ခရီးကြမ်းသွားရပုံတရားတော် .......... ဓမ္မဒါန ၄၀

၆။ သန်လျင်မြို့ ကျိုက်ခေးယျုစေတီတော်သမိုင်း .. ဦးတိုး(တက္ကသိုလ) ၄၅

၇။ မော်ကွန်းတင်ထိုက်စွာ ဆဋ္ဌသင်္ဂါယနာ ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရှေး/သု) ၄၉

၈။ သိက္ခာသုံးရပ် ကြီးမြတ်ဂုဏ်အင်
ရွှေဥမင်ဆရာတော်ဘုရားကြီး ............ ငွန်မြူ(ပညာရေး) ၅၉

၉။ ပြုံးတော်မူမည် သေချာသည် ............... ညီမေတ္တာ ၆၂

၁၀။ လောက၏ ကြီးပွားကြောင်းတရား ငါးပါး .......... နေဝန်းနီ ၆၅

၁၁။ ရှေးဟောင်းသမိုင်းဝင် သရေခေတ္တရာ
သာသနာ့အမွေအနှစ် နယ်မြေ............ ကိုသက်(ဇီးကုန်း) ၆၈

၁၂။ ရေသန့်ဘူးထဲက မိုးခါးရေ ............... အရှင်ဓမ္မရက္ခိတ ၇၂

၁၃။ သာသနာပြုရသေ့ကြီး ဦးစီ ထေရုပ္ပတ္တိ .... ကျော်ဇောဟိန်း(နံ့သာ) ၇၆

၁၄။ ဖောက်ပြန်လူတစ်စု ကြေးစည်ထုသော် ....... ကိုအေးမင်း(ပဲခူး) ၈၀

၁၅။ မိုက်မလင်းနိုင်ဘု ................ ဆင်ဖြူကျွန်းအောင်သိန်း ၈၄

၁၆။ ကျိုက်ဒေးဆယ်နှင့်စိတ်ဝင်စားဖွယ်ရာများ ... ဆရာကြီးဦးအောင်မြိုင် ၈၇

၁၇။ ဟောင်ကောင် ဒစ္စနေကစားကွင်းသို့ ........ ဉာဏ်ပွင့်(စက်မှု) ၉၃

၁၈။ လွမ်းရကြမ္မာမလွဲသာ ...................... နေမထူး ၁၀၉

၁၉။ ကြွေလွင့်ခြင်းအလင်္ကာမှတ်တမ်း......... မောင်သာမန်(ဇီးကုန်း) ၁၁၇

၂၀။ မြေဝယ်လျှိုးမိုးထက်ယံ
တက်ပျံပုန်းရှော့လေသလား ........ မောင်မောင်ကြီး(လှိုင်နယ်မြေ) ၁၂၄

၂၁။ ရှင်ငြိမ်းမယ်ကို ဘယ်လိုပြောရပ ........ ကောင်းမြတ်(ခရာတော) ၁၃၆

၂၂။ အိပ်မက်ထဲကလူ .................... ဇလွန်ကျော်ဦး ၁၄၅

၂၃။ အချစ်သည် လေပြည်လေညင်းနှင့်အတူ သက်လှိုင်မျိုး(စက်မှုတက္ကသိုလ်) ၁၄၈



www.burmeseclassic.com


www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၂၄။ | တောကောင်တွေကြားက ရွာကောင် | မောင်မြင့်မား(ဗိုလ်ကလေး) | ၁၅၂ |
| ၂၅။ | မိုးကိုအန်တုသူ | ဝေယံသိန်း | ၁၅၇ |
| ၂၆။ | ငရဲဟူသည် | စောနိုင်ထူး | ၁၆၂ |
| ၂၇။ | စာပေဗိသုကာမှူးကြီး ဆရာကြီးပီမိုးနင်း | ကိုရဲ(ရွှေတြိဂံ) | ၁၆၈ |
| ၂၈။ | သားလေးကို ဘယ်လိုပြောရမယ် | နေဝန်းနီ | ၁၇၃ |
| ၂၉။ | ရသပျက်သွားသော ကဗျာတစ်ပုဒ် | ညိုလွမ်းအောင် | ၁၇၇ |
| ၃၀။ | အစကမချစ်မိခဲ့ရင် | မြမြလှိုင် | ၁၈၁ |
| ၃၁။ | ဈေးခွေးလောက | မောင်လူသစ် | ၁၈၅ |
| ၃၂။ | တစူးဝါး | ဆန်းဝင်း(အောင်မြေ) | ၁၉၂ |
| ၃၃။ | သမ္ဗုဒ္ဓေဂါထာတော်နှင့်ကိုယ်တွေ့ဖြစ်ရပ်ဆန်း | မင်းမြင့်နိုင်(ဘူးသီးတောင်) | ၁၉၆ |
| ၃၄။ | အပျိုကြီး မခင်ပြုံး | ဝင်းသီဟ(သံလျင်) | ၂၀၂ |
| ၃၅။ | အဖြေမရသော ဂမ္ဘီရမမမ | ကောင်းစံဟိန်း(ဖန်နေဝန်း) | ၂၁၁ |
| ၃၆။ | တစ်ညတုန်းက ပဝါနီနီ | နန္ဒာမိုးကြယ် | ၂၁၉ |
| ၃၇။ | မလွတ်လို့ ခုတ်လိုက်ရတယ် | မြောင်းမြမြင့်လှိုင် | ၂၂၃ |
| ၃၈။ | အချစ်ရဲ့ခြေရာ | စိုးလက်နီ | ၂၃၀ |
| ၃၉။ | သပိတ်စစ်ပွဲ ဗိုလ်ချုပ်မှူးကြီး သို့မဟုတ် အာဇာဝက သခင်ဖိုးလှကြီး | ထွန်းလင်းသူ | ၂၃၄ |
| ၄၀။ | ကိုလံဘတ်ရဲ့ဇာတိချက်ကြွေ ဂျီနိုအာမြို့ | ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ရေး/သု) | ၂၄၃ |
| ၄၁။ | ပျောက်သွားသော သန်းကြွယ်လုပ်ငန်းရှင်တစ်ဦး | လှမိုး(ပညာရေး) | ၂၅၃ |
| ၄၂။ | ထူးဆန်းသော စိန်ရတနာများ | Mariner လှဦး | ၂၅၈ |
| ၄၃။ | သုတစုံဖြာ ဤကမ္ဘာ | မိုးရွှေလမင်း | ၂၆၆ |
| ၄၄။ | ဆီးဖြူဖန်ခါး ရဟန်းစား | ဦးမင်းထင်(ရွှေနဝင်း) | ၂၇၃ |
| ၄၅။ | ကိုယ်ခံအား ကောင်းစေဖို့ | အောင်သာကျော် | ၂၇၅ |
| ၄၆။ | သံလွင်ဆီနှင့် ဇဝက်သာ | စိုးယဉ်ထွန်း | ၂၇၇ |
| ၄၇။ | သက်သက်သာသာ အသက်ရှူပါ | ဆွေမြင့် | ၂၇၈ |
| ၄၈။ | အကြောတက်ရောဂါကို ဘယ်လိုကာကွယ်မလဲ | ရိရိဌေး | ၂၈၂ |
| ၄၉။ | အာဟာရပြည့် ဆေးဖက်ဝင်သီးနှံ အစားအစာများ | သုတေသီဆရာငြိမ်း | ၂၈၅ |
| ၅၀။ | ဆေးစွမ်းထက်သော ရှားစောင်းလက်ပပ် | အောင်ဘုန်းမြင့်(ကချင်မြေ) | ၂၈၉ |







www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၅၁။ | ကာတွန်းကဏ္ဍ ............. | အ်ီး(ရွှေရင်အေး)၊ ကျော်ဖြိုးလွင်၊ ..... ဇွဲနေ၊ လင်းထူးဇော် | ၂၉၂ |
| ၅၂။ | ပြုံးရယ်ရယ်ဟား ဟာသများ ...... | မကွေးလှမြင့်၊ အ်ီး(ရွှေရင်အေး)၊ ..... ညွှန့်လွင် | ၂၉၆ |
| ၅၃။ | ခဲလေသမျှ လွဲသွေ့ရ .................. | ကိုရွှေတောသား | ၃၀၀ |
| ၅၄။ | ထို့ကြောင့် စကားဝဲတာ စိတ်နာသည် ...... | သိုးထိန်း(တောင်ကြီး) | ၃၀၃ |
| ၅၅။ | တလွဲတွေးတဲ့ခင် ....................... | ဟန်သီဇင် | ၃၀၆ |
| ၅၆။ | တစ်ခါတလေတော့လည်း မီးပျက်တာကောင်းပါတယ် | အောင်စိုး(ပြည်) | ၃၀၈ |
| ၅၇။ | လျှပ်တစ်ပြက် နေ့ကိုကြည့်၍ ဗေဒင်ဟောကိန်း ................ | ညွှန့်ဒိုင်မာ(ကျောက်ဆည်) | ၃၁၃ |
| ၅၈။ | ထူးထူးခြားခြား အောင်မြင်စေရန် အဓိဋ္ဌာန် .... | ဂမ္ဘီရ ဆရာလှမျိုး | ၃၁၄ |
| ၅၉။ | ပစ္စည်းပျောက် ရှာကြစို့ ............... | သုနန္ဒာစိုး(ရွှေရင်အေး) | ၃၁၇ |
| ၆၀။ | လုပ်ငန်းခွင်ထဲ အရှုပ်နည်းဖို့ ............. | ဘုန်းလက်ျာအောင် | ၃၁၉ |
| ၆၁။ | ကျားနှင့်ခြင်္သေ့ကောင်းမှု ဆုတောင်းပြည့် ....... | နန်းကြေးချယ် | ၃၂၀ |
| ၆၂။ | အခုတော့ ဟန်ကျပန်ကျနေပြီမဟုတ်လား .. | နတ်မျက်စိဆရာအောင်စိုး | ၃၂၂ |
| ၆၃။ | ပန်းအလှ ရောင်းကောင်းကြစေရန် .. | အောင်ကြည်သန်း(ဖောင်တော်သီ) | ၃၂၄ |
| ၆၄။ | ဗောဓိချင်သုံးမျိုး တန်ခိုး ................ | မောင်မောင်မိုးအောင် | ၃၂၆ |
| ၆၅။ | လူနှင့်ယတြာအဆောင် ရွှေဖြူ ........ | အောင်ဘုန်းမြင့်(ကချင်မြေ) | ၃၂၉ |
| ၆၆။ | စွယ်စုံလက္ခဏာ အဘိဓာန်ကျမ်း ........... | ဆရာဦးခန့်ကျော် | ၃၃၃ |
| ၆၇။ | ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ ခုနစ်ရက်သားသမီးများအတွက် ဟောစာတမ်းနှင့် ယတြာ .......... | ဦးညွှန့်လှိုင်(ကြို့ပင်ကောက်) | ၃၃၉ |
| ၆၈။ | ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဒီဇင်ဘာလ ဟောကိန်းများ .............. | ဆရာဦးခန့်ကျော် | ၃၄၂ |


○


**နာယက**
ဆင်ဖြူကျွန်းအောင်သိန်း
မင်းဂုဏ်

**အကြံပေး**
ဦးစိုးပိုင်
ဒေါ်ခင်ငြိမ်း

**အယ်ဒီတာချုပ်**
ညဏ်ပွင့် (စက်မှု)

**တာဝန်ခံအယ်ဒီတာ**
မောင်သာယာ

**အယ်ဒီတာအဖွဲ့**
တက္ကသိုလ်တင်ဟန်ကျော်၊ ခင်သက်နိုင်

**မျက်နှာဖုံးဒီဇိုင်း**
ကျော်မင်းမောင်

**ကွန်ပျူတာ**
လပြည့်ဝန်းအဖွဲ့

**ပန်းချီပညာရှင်များ**
ဆန်းထွန်း၊ အောင်နိုင်လတ်၊ လှသစ်အောင်၊
တောင်ငူစိုးမြင့်လေး၊ စောတင်မောင်၊
ဖိုးအောင်၊ ဆွေမြင့်

**အတွင်းပလင်**
ကိုဦး

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
မာကျူရီအော့ဖ်ဆက်၊ ဦးစွန့်ကော်ယူ (၀၅၅၅၇)၊
အမှတ်(၄၉)၊ ရေကျော်လမ်း၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

**ထုတ်ဝေသူ**
ဒေါ်ခင်ငြိမ်း [မှတ်ပုံတင်အမှတ်-၀၄၃၄၅]
အမှတ်-၄၄၊ ၅၅-လမ်း၊ (၂)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်တိုင်း။

**ဖြန့်ချိရေး**
တိုက်အမှတ် (၇၂၄)၊ အခန်း ၁၈ (ပထပ်)
(၁၇ × ၁၈ လမ်း)ကြား၊ မဟာဗန္ဓုလလမ်း၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၂၃၇၄၇၀၅

**ကြော်ငြာနှင့်ဖြန့်ချိရေး**
နန္ဒာအောင် (၀၉-၃၁၀၆၆၀၇၄)

**အထွေထွေ**
အောင်ဝင်းသန့်၊ အောင်အောင်

**မန်နေဂျာ**
ထွန်းဦးစာပေ

**ရောင်းဈေး** ၂၃၀ ကျပ်
**အုပ်ရေ** ၁၀၀၀


www.burmeseclassic.com

www.burmeseclassic.com




# ဦးရေဝတကိုယ်တော်မြတ်ကြီးအား ပူဇော်သည့်
## ၃၉ ကြိမ်မြောက် ပူဇော်ပွဲတော်

မင်းဂုဏ်




www.burmeseclassic.com

www.burmeseclassic.com

သီတင်းကျွတ်လ ရောက်လျှင် ဦးရေဝတ ကိုယ်တော်မြတ်ကြီးအား ပူဇော်သည့် ပွဲတော်သို့ သွားရမည်ကို စိတ်ထဲတွင် စွဲထင်၍နေသည်။ ယခုနှစ်တွင် သီတင်းကျွတ်လပြည့်နေ့သည် အောက်တိုဘာလ (၈) ရက်နေ့တွင် ကျရောက်သည်ကို ပြက္ခဒိန်တွင် တွေ့ရသည်။ ပွဲတော် ကျင်းပမည့်ရက်မှာ သီတင်းကျွတ်လဆန်း (၁၁) ရက်မှ သီတင်းကျွတ်လပြည့်နေ့ (၄. ၁၀. ၂၀၁၄ ရက်မှ ၈. ၁၀. ၂၀၁၄)အထိဖြစ်သည်။

သို့ရာတွင် ကုသိုလ်ရှင်များ၏ သဒ္ဓါတရား ထက်သန်မှုကြောင့် ဧည့်ခံကျွေးမွေးအစီအစဉ်မှာ (၃၀. ၉. ၂၀၁၄) ရက်မှ (၁၀. ၁၀. ၂၀၁၄)ရက်နေ့အထိ ရှိမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ်တွင် ပွဲတော်သို့ အတတ်နိုင်ဆုံး စောစီးစွာ ရောက်လိုသဖြင့် ၃. ၁၀. ၂၀၁၄ ရက်နေ့ ညနေ ၃ နာရီ ထွက်မည့် အထူးအမြန်ရထားဖြင့် လိုက်ပါရန် ဆုံးဖြတ်ကာ ခရီးသွားလာရေးအတွက် လိုအပ်သည်များ ပြင်ဆင်ခဲ့ကြသည်။

ရထားစီးရန် ဆုံးဖြတ်ခြင်းမှာ နေအိမ်မှ ရန်ကုန်ဘူတာကြီးသို့ သွားရာတွင် အဆင်ပြေပြီး အချိန်ကုန် ငွေသက်သာခြင်းကြောင့် ဖြစ်သည်။ ထို့ပြင် ရထားစီးလေတိုင်း စာရေးသူတို့အား ရထားလက်မှတ် ကုသိုလ်ဖြစ် ဝယ်ယူပေးသည့် ညီမတစ်ယောက်ရှိနေခြင်းကလည်း ရထားစီးဖြစ်ခြင်းအကြောင်းရင်းတစ်ရပ်ပင်။ ယမန်နှစ်က အိပ်စင်ဖြင့် စီးခဲ့သော်လည်း ယခုနှစ်တွင်မူ အထက်တန်း လက်မှတ်သာ ဝယ်ယူစေခဲ့သည်။

စနေနေ့ဖြစ်၍ ယာဉ်ကြောရှင်းသဖြင့် အိမ်မှ ၂ နာရီခွဲတွင် အငှားယာဉ်ဖြင့် ထွက်ခဲ့ရာ ရန်ကုန်ဘူတာကြီးသို့ ၂ နာရီ ၄၅ မိနစ်တွင်ရောက်ခဲ့ကြသည်။ ယခုအခေါက်တွင် ညဏ်ပွင့်(စက်မှု)မှာ ဘူတာကြီးသို့ ကြိုတင်ရောက်ရှိနေသည်ကို တွေ့လိုက်ရသည်။ တစ်ချိန်လုံးပင် အလုပ်များနှင့် ပတ်ချာလည်စိုင်းကာ မအားမလပ်ဖြစ်နေတတ်သော ညဏ်ပွင့်(စက်မှု)မှာ ယခု ပူဇော်ပွဲတော်သို့ သွားရောက်ရေးအတွက် တက်ကြွနေသည်။

ရထားတွဲများက တွဲဟောင်းများသာဖြစ်သော်လည်း သန့်ရှင်းသပ်ရပ်လျက် ရှိသည်။

ယခုနှစ် စာရေးသူတို့ ရရှိသည့် တွဲနံပါတ် ၂ မှာ တစ်တန်းလျှင် ထိုင်ခုံ သုံးခုံသာပါသဖြင့် ကျယ်ကျယ်ဝန်းဝန်း ရှိသည်။ လက်ဝဲဘက်ခြမ်းတွင် နှစ်ခုံတွဲဖြစ်ပြီး လက်ယာဘက်တွင် တစ်ခုံစီသာ ပါသည်။ လက်ကိုင်ဖုန်း အားသွင်းသည့် ပလတ်ပေါက်ကလေးများပင် နံရံတွင် ပါရှိသဖြင့် လက်ကိုင်ဖုန်း မနားမနေ သုံးစွဲနေကြသူများ အကြိုက်တွေ့နေကြသည်။

ယခုနှစ်တွင် အထက်တန်းတွဲ တစ်တွဲလုံး ခုံပြည့်ပင် ခရီးသည်များ စီးနင်းလိုက်ပါလာကြသည်ကို တွေ့ရသည်။ ညနေ ၃ နာရီ ၅ မိနစ်တွင် ရထားစတင်ထွက်ခွာခဲ့သည်။

သင်္ဃန်းကျွန်း၊ ငမိုးရိပ်၊ တိုးကြောင်လေး စသည့် ဘူတာပတ်ဝန်းကျင်များတွင် ယခင်ကကဲ့သို့ ပျဉ်ထောင်အိမ်၊ တဲအိမ်များ မဟုတ်တော့ဘဲ ကန်ထရိုက်တိုက်များ ဝင်ရောက် နေရာယူလာကြပြီကို တွေ့ရသည်။

ထိုမြင်ကွင်းမှာ ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ပိုမိုများပြားထူထပ်လာသည့် အရိပ်လက္ခဏာဟု စာရေးသူ ထင်မြင်မိသည်။

အတန်ကြာသည်တွင်မှ စာရေးသူ မျှော်လင့်နေသည့် လယ်ကွင်းစိမ်းစိမ်းများကို တစ်မျှော်တစ်ခေါ် မြင်တွေ့ခွင့်ရတော့သည်။ ယခုမှပင် မွန်းကျပ်သည့် မြို့ပြ၏စက်ကွင်းမှ လွတ်ကင်းခွင့် ရခဲ့တော့သည်ဟု ခံစားမိသည်။

မကြာမီပင် ဆေးလိပ်နံ့ရသဖြင့် စူးစမ်းကြည့်ရာ စာရေးသူတို့ရှေ့ တစ်ခုံကျော်မှ စီးကရက်သောက်နေသူတစ်ဦးထံမှ ဖြစ်ကြောင်း သိလိုက်ရသည်။ ရထားတွဲအတွင်းနံရံများပေါ်တွင် ဆေးလိပ်သောက်ခြင်းကို တားမြစ်သည့် စာတန်းများ အထင်ကရ ရေးဆွဲထားသည့်ကြားမှ ကျူးလွန်ဖောက်ဖျက်နေခြင်းပင်။

'မူးယစ်ဆေးဝါးနှင့် အရက်သေစာ မှီဝဲသောက်စားခြင်း မပြုရ' ဟူသော စာတန်းများ ရေးဆွဲထားသော်လည်း လမ်းလျှောက်ဈေးသည်တွေက ကွမ်းယာ၊ ဆေးလိပ်၊ ဘီယာ၊ အရက် စသည်များကို ပြောင်ပြောင်တင်းတင်းပင် ရောင်းချနေကြသည်ကို တွေ့ရသည်။

ထို စီးကရက်သောက်နေသူထံမှ မီးခိုးငွေ့များမှာ မျက်နှာကြက်တွင် တပ်ဆင်ထားသည့် ဆုံလည်ပန်ကာ၏ စွမ်းအားဖြင့် အလွယ်တကူပင် လွင့်ပြယ်စေနိုင်၍သာ တော်ပေသေးသည်။

လမ်းခရီးတစ်လျှောက်လုံး စက်ခေါင်းမောင်းသူက တာဝန်ကျေပွန်စွာ အရှိန်မြှင့်၍မောင်းသည်။ ရထားမောင်းရာတွင်ကျွမ်းကျင်နိုင်နင်းပုံလည်းရသည်။ ရထားစီးရင်းဖြင့် မြင်းစီးသည့် အတွေ့အကြုံကို လည်းကောင်း၊ ဆင်စီးသည့် အတွေ့အကြုံကို လည်းကောင်း ရရှိခဲ့သည်။

ဤသို့ဖြင့် နံနက် ၄ နာရီ ၄၅ မိနစ်တွင် မန္တလေးဘူတာကြီးသို့ ဆိုက်ရောက်ခဲ့သည်။ ပစ္စည်းသယ်သည့် အလုပ်သမားနှင့် ယာဉ်မောင်းတို့ ရောက်လာကြကာပို့ဆောင်ရေးအတွက် ညှိနှိုင်းကြရာ စာရေးသူတို့ သွားလိုသည့် နေရာကို ယာဉ်မောင်းက ဇဝေဇဝါဖြစ်နေသည်။ အလုပ်သမားက သူ သိသည်၊ သူပါလိုက်ခဲ့မည်ဟု ဆိုသဖြင့် အဆင်ပြေသွားသည်။

တမ္ပဝတီမှဖြတ်ကာ ဝိပဿနာ သန္တိသုခကျောင်းတိုက် တည်ရှိရာ မှန်



www.burmeseclassic.com

www.burmeseclassic.com

တန်းရပ်သို့ဦးတည်မောင်းနှင်ခဲ့ကြသည်။ မကြာမီပင် ရွှေကွန်ခြာဘုရားကြီး၏ ဗုဒ္ဓပူဇနိယ ပူဇော်ပွဲတော်အတွက် ခင်းကျင်းပြင်ဆင်နေသည့် ပွဲဈေးတန်းကို တွေ့ရပြီး ထိုပွဲဈေးတန်းကို ကျော်ခဲ့ပြီးနောက် မန္တလေး-မြစ်ကြီးနား ရထားလမ်းကို ဖြတ်ကျော်ခဲ့ရာ ရွှေရောင်ဝင်းဝါသပ္ပာယ်စွာဖြင့် စံပယ်တော်မူလျက် ရှိသော ရွှေကွန်ခြာဘုရားကြီးကို ဖူးတွေ့လိုက်ရသည်။

ထိုဘုရားကြီး၏ဝဲဘက် အောက်ခြမ်း ဝဲယာတစ်ဖက်တစ်ချက်တွင် သာသနာ့အလံများ ညီညာစွာ စီတန်းစိုက်ထူထားသည့် ဖြောင့်ဖြူးညီညာလျက်ရှိသော နိုင်လွန်ကတ္တရာလမ်းအတိုင်း ဝင်ရောက်ခဲ့ကြရာ '၃၉ ကြိမ်မြောက် ဆရာတော်ကြီး ပူဇော်ပွဲတော်'ဟူသော မုခ်ဦးစာတန်းကြီးကို တွေ့လိုက်ရသည်။ ကျောင်းဝင်းတံခါးကြီးမှာ ပိတ်ထားဆဲဖြစ်သည်။

စောစောပိုင်းတွင် Tiger Dance Group မှ ကိုနိုင်ဝင်းနှင့် ဖုန်းဆက်ခဲ့စဉ်က ၅. ၁၀. ၂၀၁၄ ရက်နေ့တွင် လာရောက်မည်ဖြစ်ကြောင်း ပြောခဲ့သော်လည်း တစ်ရက်စောကာ ၄. ၁၀. ၂၀၁၄ တွင် ထွက်ခဲ့ကြသဖြင့် ယနေ့ စာရေးသူတို့ ရောက်လာကြမည်ကို ကျောင်းအကျိုးဆောင်များ သိကြပုံမပေါ်ပေ။

ကားဟွန်းသံတစ်ချက် ပေးလိုက်သည်တွင်မှ တာဝန်ရှိသူတစ်ယောက်က တံခါးလာဖွင့်ပေးသဖြင့် ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။

ဆိတ်ငြိမ် အေးချမ်းလျက် ရှိသည့် ကျောင်းဝင်းအတွင်းသို့ ဝင်လိုက်သည်နှင့် ငြိမ်းအေးမှု အငွေ့အသက်များ ခံစားလိုက်ရသည်။

နိဂြောဓာရုံ ကျောင်းဆောင်ရှေ့ရှိ မြေကွက်လပ်အထိ ကားကို ဝင်ရောက်စေခဲ့ရာ မကြာမီ ကျောင်းအကျိုးဆောင်များ ရောက်ရှိလာကြပြီး စာရေးသူ၏ ဇနီးသည်အား သီလရှင်ဆရာလေးများက တာဝတိံသာကျောင်းဆောင်တွင် နေရာပေးခဲ့သည်။

စာရေးသူနှင့် ညဏ်ပွင့်(စက်မှု)တို့မှာမူ ဧရာဝတီကျောင်းဆောင်တွင် နေရာရခဲ့ကြသည်။ သဘောကောင်းသည့် အလုပ်သမားနှင့် ယာဉ်မောင်းတို့က စာရေးသူတို့၏ ပစ္စည်းများကို ကျောင်းဆောင်အရောက် လိုက်ပါသယ်ယူ ပို့ဆောင်ပေးခဲ့ကြသည်။

ကျောင်းဆောင်တွင် ပစ္စည်းများ နေရာချပြီးနောက် နံနက်စာ မုန့်ဟင်းခါး စားသုံးကြရန် ဖိတ်ခေါ်သဖြင့် ဆွမ်းစားဆောင်သို့ သွားကာ မုန့်ဟင်းခါး စားသုံးခဲ့ကြသည်။

ကျောင်းစည်းကမ်းအရ နံနက် ၅ နာရီတွင် နိဂြောဓာရုံဘုရားကျောင်းဆောင်အတွင်း စုဝေးကြကာ ဘုရားဝတ်ပြုကြပြီးနောက် နာရီဝက်ခန့် တရားရှုပွားကြရသည်။ ပြီးမှ နံနက်စာ စားကြရသည်။ သံဃာတော်များ၊ သီလရှင်များ အရုဏ်ဆွမ်း ဘုဉ်းပေးပြီးမှ လူပုဂ္ဂိုလ်များ နံနက်စာ သုံးဆောင်ကြရသည်။

စာရေးသူတို့ ရောက်ရှိချိန်မှာ လူပုဂ္ဂိုလ်များ နံနက်စာ သုံးဆောင်ချိန်နှင့် ကွက်တိပင် ဖြစ်နေသည်။ ထိုနေ့သည် ပွဲတော်ကျင်းပသည့် ၅ ရက်မြောက်နေ့ဖြစ်ပြီး ထိုနေ့၏ အရုဏ်မုန့်ဟင်းခါးဆွမ်း အလှူရှင်မှာ ကိုကျော်စွာလင်း + မိုးသီတာဦး၊ သမီး စုဝေလွင်ဦး တို့ဖြစ်ကြောင်း သိရသည်။

နံနက်စာ စားခဲ့ကြပြီးနောက် ကျောင်းဆောင်သို့ပြန်ကာ ဘုရားဝတ်ပြုခဲ့ကြပြီး ခေတ္တတရားရှုပွားခဲ့ကြသည်။ ထို့နောက် ညက အိပ်ရေးပျက်ခဲ့ကြသည်ကို ဖြေဖျောက်ရန် ခဏတာအနားယူခဲ့ကြသည်။

နံနက် ၁၀နာရီတွင် နိဂြောဓာရုံ ဘုရားကျောင်းဆောင်တော် အတွင်း၌ စုဝေးကာ ဘုရားဆွမ်းတော် ကပ်ကြသည်။ ဆွမ်းတော်ကပ်ပြီးသည်တွင် ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန)က ညည့်ပရိသတ်များအား နှုတ်ဆက်ဧည့်ခံစကား ပြောကြားသည်။

ထို့နောက် သံဃာတော်များနှင့် သီလရှင်များအား နံနက် ၁၁ နာရီတွင် နေ့ဆွမ်းဆက်ကပ်သည်။ ထိုသို့ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်နေစဉ်တွင် စာရေးသူတို့ သုံးဦးသား ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန)ထံ သီးခြားဝင်ရောက်ကာ ဂါရဝပြုနှုတ်ဆက်ခဲ့ကြသည်။

မြဝတီရုပ်/သံတွင် အပတ်စဉ် တနင်္လာနေ့နှင့် ဗုဒ္ဓဟူးနေ့များ၌ ထုတ်လွှင့်လျက်ရှိသည့် "အစွန်းလွတ်ရာဆီသို့" ခေါင်းစဉ်ဖြင့် ဆွေးနွေးခန်းနှင့် ဆရာကြီး လတ်တလော ရေးသားထုတ်ဝေခဲ့သည့် "ဝိပဿနာတရားအားထုတ်ရန် အခြေခံအချက်အလက်များ" စာအုပ်နှင့် ပတ်သက်၍ စာပေအသိုင်းအဝိုင်း၏ စိတ်ဝင်စားမှု အခြေအနေကိုလည်း တင်ပြဆွေးနွေးဖြစ်ခဲ့သည်။


ထိုနေ့က နေ့ဆွမ်းအလှူရှင်မှာ ဦးမျိုးအောင်နှင့် မောင်နှမများ Same Sky Group ဖြစ်သည်။ စာရေးသူတို့ မရောက်မီကပင် မော်လမြိုင်အဖွဲ့၊ ကုန်းသာအဖွဲ့နှင့် ထိန်တောအဖွဲ့တို့မှ ယောဂီအချို့ ရောက်ရှိနေကြပြီးဖြစ်ရာ စာရေးသူတို့ သုံးဦး ရောက်လာကြပြီးနောက် ဧည့်ယောဂီအဖွဲ့မှာ ပိုမိုအင်အား တောင့်တင်းလာသည်။

စာရေးသူတို့ ရောက်ရှိသည့် ၅. ၁၀. ၂၀၁၄ ရက် နေ့လယ်ပိုင်းတွင်ပင် ရန်ကုန်မှ ဦးဘဌေး ဦးဆောင်သည့် မိသားစုသုံးဦး ထပ်မံ ရောက်ရှိလာကြသည်။

ဦးဘဌေး ရောက်လာသဖြင့် စာရေးသူတို့ တည်းခိုသည့် ဧရာဝတီကျောင်းဆောင်တွင် အခန်းဖော်တစ်ဦး တိုးလာခဲ့သည်။

၆. ၁၀. ၂၀၁၄ ရက်နေ့ နံနက် ၂ နာရီခန့်တွင် ပုဂံမှ Tiger Dance Group ရောက်ရှိလာကြပြီး ထိုနေ့တွင်ပင် မော်လမြိုင်မှ ၁၀ ယောက်ကျော်

www.burmeseclassic.com



နိဗ္ဗာနဂါမမှ ကျောင်းတော်အတွင်းရှိ ဘုရားခန်း






ကျောင်းဆောင်တော်အသစ်အတွင်း၌ ဆွမ်းဆက်ကပ်လှူဒါန်းနေစဉ်

www.burmeseclassic.com

www.burmeseclassic.com







Tiger Dance Group ၏ အနုသုခုမ ပွဲတော်ဟန်



www.burmeseclassic.com

www.burmeseclassic.com

ပါဝင်သည့် အဖွဲ့တစ်ဖွဲ့ လိုက်ထရပ်ကားတစ်စီးနှင့် ဗင်ကားတစ်စီးတို့ဖြင့် ထပ်မံရောက်ရှိလာခဲ့ကြသည်။

ပွဲတော်ကာလအတွင်း ည ၇ နာရီတွင် ဘုရား ဝတ်ပြုပြီးနောက် ဝိပဿနာတရား ရှုပွားပြီးချိန်တွင် ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန)က တရားဓမ္မများကို ညစဉ်ဟောကြားချီးမြှင့်ပေးခဲ့သည်။

Tiger Dance Group ရောက်ရှိလာပြီးနောက် ၆. ၁၀. ၂၀၁၄ ရက်နေ့မှစကာ နေ့ဆွမ်းဆက်ကပ်ပြီးချိန်တွင် နိဗ္ဗာနာရုံကျောင်းရှေ့ မြေကွက်လပ်၌လည်းကောင်း၊ ညတရားပွဲပြီးချိန်တွင် တောင်ဘက်ရှိ ဇာတ်ခုံပေါ်၌ လည်းကောင်း နေ့စဉ်ဖျော်ဖြေမှုအစီအစဉ်များ ပါလာသဖြင့် ပွဲတော်မှာ ပိုမိုမြိုင်ဆိုင်၍လာသည်။

ယခုနှစ် Tiger Dance Group ၏ ဖျော်ဖြေမှု အစီအစဉ်တွင် မြန်မာမှု အနုပညာကို ဖော်ဆောင်သည့် မေတ္တာပို့သ တစ်ပင်တိုင်မင်းသားအက၊ ရှမ်းကိန္နရီ ကိန္နရာ အက၊ သမင်လိုက်ခန်းအက၊ ဘီလူးအကတို့ကိုပါ ထည့်သွင်းတိုးချဲ့တင်ဆက်လာသည်ကိုတွေ့ရသည်။ Tiger Dance Group မှာ Professional အဆင့်သို့ ရောက်ရှိနေပြီဟု စာရေးသူ ထင်မြင်မိသည်။

ပူဇော်ပွဲတော်၏ အဓိကနေ့ဖြစ်သော သီတင်းကျွတ်လပြည့်နေ့ ၈. ၁၀. ၂၀၁၄ ရက်နေ့တွင် ပင့်သံဃာတော် ၅၅ ပါး၊ ကျောင်းရှိသံဃာတော် ၂၄ ပါးနှင့် သီလရှင် ၂၃ ပါးတို့အား နေ့ဆွမ်းဆက်ကပ်ကာ နဝကမ္မ ကျပ်ငွေတစ်သောင်းမှ တစ်သိန်းငါးသောင်းအထိ ဗလာမပါ ကံစမ်းမဲများ ဆက်ကပ်လှူဒါန်းသည့် အစီအစဉ်မှာ ဝမ်းသာရွှင်မြူး ကြည်နူးဖွယ်ရာ အစီအစဉ်တစ်ခုပင်။

ယခုနှစ်တွင် ဒေါက်တာကျော်လင်းဦးနှင့် ဒေါက်တာကြည်ကြည်မျိုးတို့က နှစ်ဖက်မိဘများ အမှူးထားကာ ပေ ၈၀×၃၀ အကျယ်အဝန်းရှိသည့် ယောဂီ ၂၀၀ ကျော်ခန့် စုပေါင်းတရားအားထုတ်နိုင်သော ဓမ္မာရုံကြီး တစ်ဆောင် ဆောက်လုပ် လှူဒါန်းထားရာ အကြမ်းထည် ပြီးစီးနေပြီဖြစ်၍ ထိုဓမ္မာရုံကြီးထဲတွင်ပင် သံဃာတော်များနှင့် သီလရှင်များကို ကျယ်ကျယ်ဝန်းဝန်း နေ့ဆွမ်း ကပ်လှူနိုင်ခဲ့ကြသည်။

ထိုအခမ်းအနား ပြီးသည်နှင့် ပူဇော်ပွဲတော် အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အထိမ်းအမှတ်အဖြစ် ဆရာမြတ်ကြီးဦးရေဝတ အမိဋ္ဌာန်ဝင်ကာ သီတင်းသုံးတော်မူခဲ့ဖူးသော ခိုနန်းရှင် လိုဏ်ဂူတော်သို့ ဆရာကြီးဒေါက်တာချစ်ငယ် (ဒဿန) ဦးဆောင်ကာ လိုက်ပို့ရန် လျှပ်တစ်ပြက် စီစဉ်ခဲ့ကြရာ ဆာ့ဖ်ကားတစ်စီး၊ ပရာဒိုကားတစ်စီး၊ ဟယ်ရီယာကား တစ်စီး၊ ဆလွန်းကား နှစ်စီး၊ ဗင်ကား တစ်စီး၊ လိုက်ထရပ်ကား ငါးစီးတို့ဖြင့် ဘုန်းတော်ကြီး ၁၅ ပါး အပါအဝင် ပရိသတ် ၁၀၀ ဝန်းကျင်ခန့်သယ်ဆောင်ကာ ခိုနန်းရှင်လိုဏ်ဂူသို့ ထွက်ခွာခဲ့ကြရာ လမ်းကြောပေါ်တွင်ရှိသော ရွှေစာရံဘုရားကိုလည်း ဝင်ရောက်ဖူးမြော်ဖြစ်ခဲ့ကြသည်။

ခိုနန်းရှင်ဂူသည် မင်းတုန်းမင်း တရားကြီးလက်ထက် ထွင်မှုခေါင်ဆရာတော်၊ ဗန်းမော်ဆရာတော်တို့နှင့် စင်ပြိုင် ကိုးကွယ်သော ဆရာတော် ဦးဓမ္မစာရီ သီတင်းသုံးတော်မူခဲ့သည့် ဂူဖြစ်ပြီး ဤနယ်ပယ်ဒေသတွင် အတွင်းအကျဆုံး ဂူဖြစ်သည်ဟု ဆိုသည်။

လောကီ လူမှုကိစ္စတို့မှ ကင်းဝေးသော နေရာဖြစ်ရာ မူလက ဆရာတော်ဦးဓမ္မစာရီသည် ရေတံခွန်တောင် လိုဏ်ဂူ၌ တရားအားထုတ်နေရာ မင်းတုန်းမင်းထံမှ မကြာခဏ အပင့်အလျှောက် လွှတ်သဖြင့် "ရှုပ်ရန်ကော" ဟု အမိန့်ရှိကာ ပိုမိုဝေးလံအတွင်းကျသည့် ခိုနန်းရှင်လိုဏ်ဂူသို့ ကြွရောက် သီတင်းသုံးတော်မူခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

ဆရာမြတ်ကြီး ဦးရေဝတ လက်ထက်တော်က ခိုနန်းရှင်လိုဏ်ဂူသို့ ကြွရောက်တော်မူရာတွင်ဒုဋ္ဌဝတီမြစ်ကြောင်းအတိုင်း ပိန်းကောလှေလေးဖြင့် မန်ကျည်းအင်းရွာသို့ ကြွရောက်တော်မူရကြောင်း၊ မန်ကျည်းအင်းရွာမှ ခိုနန်းရှင်လိုဏ်ဂူသို့ ခြေကျင်ကြွတော်မူရကြောင်း သိရသည်။

ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန) ဆရာတော်အသျှင်နန္ဒဝံသ (မဟာဝိဇ္ဇာ) ဘဝတွင် ထိုလိုဏ်ဂူသို့ သွားရောက်ရာတွင်မူ မန်ကျည်းအင်းရွာသို့ မော်တော်ဖြင့် သွားရောက်ခဲ့ရပြီး ထိုမှတစ်ဆင့် ခိုနန်းရှင်လိုဏ်ဂူသို့ ခြေကျင်ကြွရောက်ခဲ့ရသည်ဟု ဆိုသည်။

ထိုစဉ်က ဤနေရာမှာ လူသူအရောက်အပေါက် နည်းပါးကာ လွန်စွာပင် ဆိတ်ငြိမ်အေးချမ်းလှသည်။ ထုံးကျောက်တောင်မှ သဘာဝအလျောက် ဖြစ်ပေါ်လာသည့် ကြီးမားကျယ်ပြန့်သော ဂူကြီးဖြစ်၍ ကျောက်မဏ္ဍပ်ကြီးသဖွယ် အမြင့်ပေ ၃၀၀၊ အလျားပေ ၅၀၀၊ အနံပေ ၁၀၀ ခန့်ရှိသည်။

ဦးဉာဏဓမ္မဝံသ ခေါ် ဆရာတော်တစ်ပါးသည် ထိုစဉ်က ဂူအောက်ပိုင်းတောင်ဘက်စွန်း၌ သီတင်းသုံးတော်မူလျက်ရှိရာ ဆရာတော်အသျှင်နန္ဒဝံသနှင့် ကပ္ပိယတို့ ရောက်ရှိခဲ့ပြီးနောက် ကြီးမားကျယ်ပြန့်လှသည့် လိုဏ်ဂူကြီးအတွင်းဝယ် ဘုန်းကြီးနှစ်ပါးနှင့် ကပ္ပိယတစ်ယောက်တို့မှာ ပျောက်၍နေသည်ဟု ဆိုသည်။

ယခုအခါတွင်မူ ရဲရွာရေအားလျှပ်စစ် စီမံကိန်းမှ ဖောက်လုပ်ထားသည့် ကွန်ကရစ်လမ်းမကြီးမှာ ခိုနန်းရှင်လိုဏ်ဂူတော်ရှိရာ တောင်ခြေအထိ ရောက်ရှိသဖြင့် လိုဏ်ဂူတော်သို့ သွားရောက်ရာတွင် များစွာအဆင်ပြေလျက်ရှိပေပြီ။

ယခင် ရှေးအခါက လိုဏ်ဂူတော်သို့ သွားရောက်ရာတွင် သဘာဝတောလမ်းအတိုင်း သာယောင်[illegible]ယာ





www.burmeseclassic.com

www.burmeseclassic.com

တက်ရောက်ခဲ့ကြရသော်လည်း ယခုအခါ အုတ်အင်္ဂတေ လှေကားထစ်များ၊ အမိုးအကာများဖြင့် ဖြစ်နေပြီး လူသူအရောက်အပေါက် များလာပြီဖြစ်၍ ဘုရားစေတီ ရုပ်ပွားတော်များ၊ ရုပ်တုများနှင့် သာသနိကအဆောက်အအုံများဖြင့် တိုးတက်စည်ပင်လျက်ရှိသည်ကို တွေ့ရသည်။

လိုဏ်ဂူခြေရင်း ရောက်သည်တွင် အကျိုးဆောင်အဖွဲ့မှ ဝေငှသည့် အချိုရည် အအေးပုလင်းများကို ကိုယ်စီကိုယ်င ယူခဲ့ကြပြီးနောက် လှေကားထစ်များအတိုင်း လိုဏ်ဂူပေါ်သို့ ဖြည်းဖြည်းချင်း တက်ခဲ့ကြသည်။

လိုဏ်ဂူတွင်းသို့ ရောက်သည်နှင့် သင့်လျော်သည့်နေရာတွင် နေရာယူခဲ့ပြီး ဘုရားဝတ်ပြုခဲ့သည်။ ထို့နောက် အမောဖြေနေစဉ် အကျိုးဆောင်အဖွဲ့မှ ပေးဝေသည့် ကိတ်မုန့်ကိုပင် ယူငင်သုံးဆောင်ခြင်း မပြုခဲ့တော့ပေ။ ထိုစဉ် ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန) က ခိုနန်းရှင်လိုဏ်ဂူနှင့် ပတ်သက်၍ သိသင့်သည်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆရာကြီး၏ ပြောကြားချက်များကို နားထောင်ရင်း ရှေးယခင်အခါများက ဤလိုဏ်ဂူတော်ကြီးတွင် လာရောက်နားခိုကာ တရားဘာဝနာ ပွားများရသည်မှာ မည်မျှနှလုံးစိတ်ဝမ်း ချမ်းမြေ့မည်ကို မှန်းဆ၍ ကြည့်မိခဲ့သည်။

ထို့နောက် အားလုံးစုပေါင်းကာ ဝိပဿနာတရား ရှုပွားခဲ့ကြပြီး အမျှမေတ္တာ ပေးဝေခဲ့ကြသည်။ တောင်ပေါ်ရောက်ပြီးလျှင် တောင်အောက်သို့ ပြန်ဆင်းရသည်မှာ ဓမ္မတာဖြစ်သည့်အလျောက် ချမ်းမြေ့ကြည်လင်သော စိတ်အစဉ်ဖြင့် တောင်အောက်သို့ ပြန်ဆင်းကာ ကျောင်းတော်ကြီးသို့ ပြန်ခဲ့ကြရာ ညနေ ၅ နာရီခွဲတွင် ပြန်လည်ရောက်ရှိခဲ့ကြသည်။

ထိုနေ့သည် ပူဇော်ပွဲတော်၏ နောက်ဆုံးနေ့ဖြစ်ရာ ည ၇ နာရီ ဘုရားဝတ်ပြု၊ တရားရှုပွားကြပြီးနောက် ဆရာကြီး ဒေါက်တာချစ်ငယ်(ဒဿန) ဟောကြားသည့် ကာမဘုံ ရှုပ်အထွေးကိုလ . . . အစချီ ဆရာမင်းသုဝဏ်၏ 'တရားဦး ဟောလှည့်ပါ' ကဗျာကို စကားပြေဖြင့် ပြန်ဟောပြသော တရားမှာ ယခုတိုင် နားထဲတွင် စွဲ၍နေသည်။

အလားတူပင် ထိုနေ့ညက Tiger Dance Group ၏ ညဥ့်နက်သည်အထိ ဖျော်ဖြေတင်ဆက်ခဲ့သည့် တင်ဆက်မှုများမှာလည်း မျက်စိထဲတွင် စွဲဝင်၍နေသည်။

Tiger Dance Group မှာ ပုဂံတွင် ကပြရန်ရှိသဖြင့် ၉. ၁၀. ၂၀၁၄ နံနက်ပိုင်းတွင် ပုဂံသို့ ပြန်ရတော့မည်ဖြစ်ပြီး စာရေးသူတို့မှာလည်း ထိုနေ့ညနေ ၃ နာရီရထားဖြင့် ရန်ကုန်သို့ ပြန်ကြရတော့မည်ဖြစ်ရာ ထိုနေ့ နံနက်အရုဏ်ဆွမ်းကုသိုလ်ရှင် သက်ပိုင်ကိုကို လှူဒါန်းသည့် ရှမ်းခေါက်ဆွဲကို သုံးဆောင်ခဲ့ကြပြီးနောက် ခေတ္တခဏ နားနေခဲ့ကြသည်။

ထို့နောက် ပွဲတော်ကာလအတွင်း စာရေးသူတို့အား လိုလေသေးမရှိ ကူညီစောင့်ရှောက်ခဲ့ကြသည့် အကျိုးတော်ဆောင်များအား ယနေ့ ညနေ ပြန်တော့မည် ဖြစ်ကြောင်း နှုတ်ဆက်ဖြစ်ခဲ့သည်။

ထိုနေ့က ဆရာကြီးဒေါက်တာချစ်ငယ်(ဒဿန) ကုသိုလ်ပြုသည့် နေ့လယ်စာ စားသုံးပြီးနောက် ဆရာကြီးအား သွားရောက်ဂါရဝပြု တွေ့ဆုံနှုတ်ဆက်ခဲ့ကြသည်။

နေ့လယ် ၂ နာရီတွင် စာရေးသူတို့အဖွဲ့ မန္တလေးဘူတာကြီးသို့ သွားရန် ဆရာကြီး ဒေါ်ဓမ္မနိမ္မိတက လိုက်ထရပ်ကားတစ်စီး စီစဉ်ပေးသဖြင့် ကိုစီကျ်းမောင်းနှင်သည့် ထိုကားဖြင့်ပင် မန္တလေးဘူတာသို့ သွားရောက်ခဲ့ကြသည်။

ဝိပဿနာ သန္တိသုခ ကျောင်းတော်ကြီးသည် ရန်ကုန်-မန္တလေးရထားလမ်းဘေးတွင် တည်ရှိရာ ရထားပေါ်မှ ကြည့်လျှင် ကျောင်းကို လှမ်းမြင်နေရသည်။ ညနေ ၃ နာရီတွင် ဘူတာကြီးမှ ရထားထွက်ခဲ့ပြီးမနာက် အတန်ငယ်ကြာသည်တွင် ကျောင်းဘက်သို့ လှမ်းကြည့်လိုက်ရာ ကျောင်းအကျိုးတော်ဆောင်အချို့ ခြံစည်းရိုးနားသို့ ထွက်ကာ စာရေးသူတို့ကို လက်ပြနှုတ်ဆက်နေသည်ကို လှမ်းမြင်လိုက်ရသည်။

စာရေးသူ၏ ဇနီးသည်က ချက်ချင်းပင် နေရာမှထကာ တစ်ဖက်ပြတင်းပေါက်အနီးသို့ သွားရောက်ခဲ့ပြီး ထိုနေရာတွင် ထိုင်နေသည့် အမျိုးသမီးခရီးသည်ထံတွင် ခွင့်တောင်းကာ လက်တွင်ကိုင်ထားပြီးဖြစ်သော ပလတ်စတစ်ယပ်တောင်အစိမ်းလေးဖြင့် ပြန်လည်လက်ပြ နှုတ်ဆက်နေသည်ကို တွေ့ရသည်။

စာရေးသူနှင့် ဉာဏ်ပွင့်(စက်မှု)တို့မှာ အခြားဘက်အခြမ်းတွင် ရောက်နေကြသဖြင့် ပြန်လည်လက်ပြခြင်းမပြုနိုင်သော်လည်း ထိုမြင်ကွင်းကိုမူ မျက်ခြည်မပြတ် ကြည့်နေမိသည်။

ရထားကြီးမှာ ဆက်လက်မောင်းနှင်ခဲ့ရာ ထိုမြင်ကွင်းမှာလည်း တဖြည်းဖြည်း ပျောက်ကွယ်ခဲ့သည်။

ထိုမြင်ကွင်းမှာ တဖြည်းဖြည်း ပျောက်ကွယ်ခဲ့သော်လည်း ဝိပဿနာ သန္တိသုခကျောင်းတော်ကြီးတွင် နှလုံးစိတ်ဝမ်း ချမ်းမြေ့ပျော်ရွှင်စွာ နေထိုင်ခဲ့ရသည်များမှာမူ ရင်ထဲတွင် စွဲထင်လျက် ရှိနေဆဲ။

**မင်းဂုဏ်**

❑



www.burmeseclassic.com

www.burmeseclassic.com






ဒိုနန်းရှင်လိုဏ်ဂူတော်မှ အမျှမေတ္တာပေးဝေသံ



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com


ရွှေစည်းခုံစေတီတော်ကြီးနှင့်
ဆင်ဆင်တူသော

# မဟာလောကမာရဇိန် စေတီတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com



ကုသိုလ်တော်ဘုရား အပြင်ဘက်ဆုံး မဟာရံတံတိုင်းစောင်းတန်း ဝင်ပေါက်မုခ်ဦး



↑
ဒုတိယမဟာရံတံတိုင်း
စောင်းတန်း
ဝင်ပေါက်မုခ်ဦး



→
မဟာရံတံတိုင်း
ဝင်ပေါက်မုခ်ဦးကြီး

မန္တလေးတောင်ပေါ်မှ ဆင်းခဲ့ကြပြီးနောက် မန္တလေးတောင်၏ အရှေ့တောင်ဘက် တောင်ခြေရှိ ကုသိုလ်တော်ဘုရားသို့ ရောက်ခဲ့ကြသည်။ စေတီတော်ပရိဝုဏ်မှာ ကျယ်ဝန်းလှပြီး မဟာရံတံတိုင်း သုံးထပ် ကာရံထားသည်။

မန္တလေးမြို့တည် နန်းတည် ပဉ္စမသင်္ဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်ဘုရား ဖြစ်သဖြင့် "ကုသိုလ်တော်" ဟု ဘွဲ့မည်တွင်ပြီး ဘွဲ့မည်တော်ရင်းမှာ "မဟာလောကမာရဇိန်" ဖြစ်သည်။

မဟာရံတံတိုင်း ဝင်ပေါက်မုခ်ဦးပြာသာဒ်များမှာ ဟင်္သပြဒါးရောင်အောက်ခံပေါ်တွင် ရွှေမင်ရောင်ခြယ်ထားသည့် နတ်ရုပ်၊ ဘီလူးပန်းဆွဲရုပ်၊ ခြင်္သေ့ရုပ်၊ မကန်းရုပ်၊ ငှက်ရုပ်၊ အင်္ဂတေပန်း၊ ရုပ်လုံးရုပ်ကြွ အသေးစိတ်ပုံဖော် မြန်မာမှု အနုလက်ရာများဖြင့် ခမ်းနားထည်ဝါလျက် ရှိသည်။ မဟာရံတံတိုင်းများမှာမူ ထုံးဖြူဖွေးဖွေးဖြင့် အေးဆေးတည်ငြိမ်စွာ ခိုင်မာသည့်အသွင်ဖြင့် ဝိုင်းရံလျက်။

ကျယ်ဝန်းလှသည့် စေတီတော်ပရိဝုဏ် ရင်ပြင်တော်ပေါ်တွင် တည်ဆောက်ထားသော တန်ဆောင်း၊ ဇရပ်၊ သာသနိက အဆောက်အအုံများမှာလည်း မြန်မာမှု အနုလက်ရာများဖြင့် ခြယ်မှုန်းထားပြီး ခံ့ခံ့ထည်ထည် ကျယ်ကျယ်ဝန်းဝန်း ရှိလှသဖြင့် စိတ်အေးချမ်းသာစွာ ဘုရားဝတ်ပြုလိုသူများနှင့် သမထ ဝိပဿနာ ဘာဝနာပွားများလိုသူများ၏ အလိုဆန္ဒ ပြည့်ဝကြရသည်။

မဟာရံတံတိုင်း သုံးထပ်အတွင်းဝယ် ရွှေရောင်ဝင်းဝါ တင့်တယ်စွာ စံပယ်တော်မူလျက်ရှိသော မဟာလောကမာရဇိန်စေတီတော်မှာ ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးနှင့် ကျန်စစ်မင်းတို့၏ ကုသိုလ်တော် ဇွယ်တော်ရှင် ရွှေစည်းခုံစေတီတော်ကြီးနှင့် ဆင်ဆင်တူသည်ကို ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

www.burmeseclassic.com

ကျယ်ဝန်းသည့် ဖိနပ်တော်ပေါ်တွင် ပစ္စယာသုံးဆင့်ရှိသည်။ ဖိနပ်တော်ရှစ်ထောင့်ပေါ်တွင် ခြင်္သေ့ရုပ်တုတစ်ခုစီရှိသည်။ ပထမပစ္စယာနှင့်ဒုတိယပစ္စယာထောင့်ရှစ်ထောင့်တို့တွင် ကလသာအိုး (ကြာသွတ်အိုး) တစ်လုံးစီရှိပြီး တတိယပစ္စယာ ထောင့်ရှစ်ထောင့်တို့တွင် စေတီငယ် တစ်ဆူစီ တည်ထားသည်။ အရပ်လေးမျက်နှာသို့ မျက်နှာမူထားသည့် မုခ်လေးမုခ်ကို ပထမပစ္စယာပေါ်တွင် တွေ့ရပြီး ထိုမုခ်လေးမုခ်တွင် အထက်ပစ္စယာသို့တက်သည့် နတ်လမ်း လှေကားတစ်စင်းစီ ရှိသည်။




ရိုးရိုးယဉ်ယဉ် ဖန်ရောင်မှန်ရောင်တို့ဖြင့် အသွင်တင့်သည့် အာရုံခံတန်ဆောင်းကြီးတစ်ဆောင်

နတ်လမ်းလှေကား လက်ရန်းကို မကန်းရုပ်တုပုံ ထုဆစ်ပုံဖော်ထားပြီး ဖိနပ်တော်မှ ပထမ ပစ္စယာပေါ်သို့ တက်သည့် နတ်လမ်းလှေကားအောက်ဆုံးထစ် လက်ရန်း တစ်ဖက်တစ်ချက်ရှိ မကန်းရုပ်တုမေးအောက်တွင် မနုဿီဟရုပ်တုတစ်ခုစီ ထားရှိသည်ကိုလည်း တွေ့ရသည်။ ပထမပစ္စယာမုခ်ဝ တစ်ဖက်တစ်ချက်တွင်လည်းကောင်း၊ဒုတိယပစ္စယာနှင့် တတိယပစ္စယာ လှေကားဝတစ်ဖက်တစ်ချက်စီတွင်လည်းကောင်း ဘီလူးရုပ်တု တစ်ခုစီကို အစောင့်အရှောက်သဖွယ် ထားရှိသည်ကို တွေ့ရသည်။



↑ ကျယ်ဝန်းသည့် ရင်ပြင်တော်နှင့် သာသနိက အဆောက်အအုံအချို့

ဖိနပ်ခင်း အချင်းပမာဏ သံတောင် ၆၅တောင်၊ အရပ်တော်ပမာဏ သံတောင် ၅၀၊ ၁ မိုက် ၄ သစ်ရှိပြီး စေတီတော်၏ ဒုတိယဌာပနာတိုက်တွင် သီဟိုဠ်မှ ပင့်ဆောင်လာသည့် စွယ်တော်ပွား နှစ်ဆူ ကိန်းဝပ်လျက်ရှိသည်။ ဓာတ်တော်၊ ဘိုးတော်များ ကိုးကွယ်ခဲ့ကြသည့် ဓာတ်တော်များကိုလည်း ဌာပနာတိုက်တွင်းသို့ မင်းတုန်းမင်းတရားကြီး ကိုယ်တော်တိုင် ဌာပနာသွင်းကာ ကိုးကွယ်တော်မူခဲ့သည်ဟု ဆိုသည်။




← ပထမပစ္စယာ ဝင်ပေါက်မုခ်ဦး

နေစောင်းလာပြီဖြစ်၍ မန္တလာ ... နွေညနေခင်းမှာ ညင်းလေသွေးကာ အေးစိမ့်ငွေ့ငွေ့ သန်းလာသည်ကို သတိထားမိလိုက်သည်။ ဆိတ်ငြိမ်အေးချမ်း



www.burmeseclassic.com

www.burmeseclassic.com



ကြည်ညိုဖွယ်ရာ ဖူးတွေ့ရသည့် မဟာလောကမာရဇိန် စေတီတော်ကြီး

လျက်ရှိသည့် ရင်ပြင်ပေါ်ရှိ ကနုတ်ပန်း မြန်မာမှုအနုလက်ရာများဖြင့် ခမ်းနား ထည်ဝါစွာ တန်ဆာဆင်ထားသော အာရုံခံတန်ဆောင်း တစ်ခုအတွင်းသို့ ဝင်ရောက်ဖြစ်ခဲ့သည်။ ထိုတန်ဆောင်း အတွင်းဝယ် ကနုတ်ပန်းဖော် တံကဲပါရှိသည့် မှန်စီရွှေချ ပလ္လင်တော်ပေါ်၌ ကြည်ညိုဖွယ်ရာ စံပယ်တော်မူလျက်ရှိသော ဘူမိဖဿမုဒြာ ကျောက်ဆင်းတု ရုပ်ပွားတော်တစ်ဆူကို ဖူးတွေ့လိုက်ရသည်။ ထိုရုပ်ပွားတော်ကို ဖူးမြော်ရင်း မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး၏ ဂုဏ်တော်၊ ကျေးဇူးတော်တို့ကို အောက်မေ့ဆင်ခြင်ကာ မြတ်မြတ်နိုးနိုး ရှိခိုးပူဇော်ဖြစ်ခဲ့သည်။ တစ်ဆက်တည်းပင် ရသမျှ အချိန်အတွင်း ဘုရားရှင်အလိုတော်ကျ ဝိပဿနာတရားကိုလည်း ရှုပွားဖြစ်ခဲ့သည်။



ကနုတ်ပန်းဖော် မြန်မာမှုအနုလက်ရာများဖြင့် တင့်တယ်စွာခြယ်မှုန်းထားသည့် အာရုံခံတန်ဆောင်းကြီးတစ်ဆောင်

အဖွဲ့ဝင် ၁၅ ဦးပါဝင်သည့် စာရေးသူတို့ ဘုရားဖူးအဖွဲ့အပြင် အခြားဘုရားဖူးများလည်း ရင်ပြင်တော်ပေါ်တွင် အများအပြားပင်ရှိနေကြသည့်တိုင် ဆူညံမှုကင်းကာ အာရုံခံတန်ဆောင်းအတွင်း၌ ဆိတ်ငြိမ်လျက်ရှိသဖြင့် တရားရှုပွားရသည်မှာ အဆင်ပြေခဲ့သည်။

ယနေ့အဖို့ နောက်ထပ် ခရီးဆက်ရန် အစီအစဉ်များလည်း သိပ်မကျန်တော့သဖြင့် ဤကုသိုလ်တော်ဘုရားတွင် အချိန်ပိုပေးရန် ဧည့်ကြိုနှင့် ကြိုတင်ညှိနှိုင်းထားပြီး ဖြစ်၍ စေတီတော် ပရိဝုဏ်အတွင်း ဈေးသာရန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



ဒုံးဟောင်းအမွေအနှစ်မြန်မာမှုအနုလက်ရာ ပန်းပုရုပ်ကြွကျွန်းသားတံခါးရွက်ကြီး



အာရုံခံတန်ဆောင်းအတွင်းရှိ ဘုမိဖဿမုဒြာ ကျောက်ဆင်းတုရုပ်ပွားတော်

သည်များကို လေ့လာကြည့်ရှု ဖူးမြော်ဖြစ်ခဲ့ကြသည်။

တောင်ဘက်နှင့် အနောက်ဘက်စောင်းတန်းများတွင် ရတနာပုံခေတ်လက်ရာ ပန်းချီကားချပ်များကို တွေ့ရပြီး အဝင်မုခ်ဦးတစ်ခု၏ ရှေးဟောင်းအမွေအနှစ် မြန်မာမှု အနုလက်ရာကျွန်းသားပန်းပုရုပ်ကြွ တံခါးရွက်ကြီးတစ်ခုကိုလည်း တွေ့ရသည်။

မှန်လုံခန်းအတွင်း ပြသထားသော မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရား ပုံစံငယ်ကို ဖူးတွေ့ရသဖြင့် မဟာရံတံတိုင်း သုံးထပ်နှင့်တကွ စေတီတော် တည်ထားပုံကို အသေးစိတ်လေ့လာခွင့် ရခဲ့ကြသည်။

ထို့ထက်ပို၍ စိတ်ဝင်စားဖွယ်ကောင်းသည်က စနစ်တကျ အစီအရီစိုက်ပျိုးထားသည့် နှစ်တစ်ရာကျော်သက်တမ်းရှိ ချယားပင်ခေါ် ခရေပင်ကြီးများ တစ်ဖက်တွင်လည်း ထိုခရေပင်ကြီးများနှင့်အပြိုင် ဖြောင့်တန်းညီညာခဲ့ထည်စွာရှိနေသော သီဟိုဠ်စွယ်တော်ကြုတ်ပုံသဏ္ဌာန် ထုံးဖြူဖွေးဖွေးအုတ်ပြာသာဒ်ကျောက်စာဂူတန်းများ။

ထိုကျောက်စာဂူတန်းများကားအခြားမဟုတ်။ "ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး" ဟူ၍ ကမ္ဘာကျော်သည့် ပိဋကတ်သုံးပုံ ပါဠိတော် ကျောက်စာပေါင်း (၇၂၉) ချပ်ကို ကျောက်စာတစ်ချပ်လျှင်အုတ်ဂူပြာသာဒ်တစ်ခုစီအတွင်း ထည့်သွင်းစိုက်ထူထားသော မင်းတုန်းမင်းကြီး၏ ကုသိုလ်တော်ပင်ဖြစ်သည်။

ရွှေရောင်ကနုတ်ပန်း အနားကွပ်ဘောင်အတွင်းရှိ "ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီး THE WORLD'S BIGGEST BOOK" ဟူသော ခေါင်းစီးစာတန်း



စောင်းတန်းဘေးတစ်ဖက်တစ်ချက်တွင် တွေ့ရသည့် ကုန်းဘောင်ခေတ်
ပန်းချီကားချပ်များ



မှန်လုံခန်းအတွင်း ပြသထားသည့် မဟာလောကမာရဇိန် ပုံတူစေတီတော်ငယ်



www.burmeseclassic.com

www.burmeseclassic.com





ပိဋကတ်တော်ကျောက်စာဂူတန်းများကြားတွင် စိုက်ပျိုးထားသည့် ခရေပင်တန်းနှင့် နှစ်တစ်ရာကျော်သက်တမ်းရှိ ခရေပင်ကြီးတစ်ပင်

အောက်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် အကျဉ်းချုပ်ဖော်ပြထားသည့် ကမ္ပည်းကျောက်စာနှင့် "ရတနာပုံ မန္တလေးမြို့တည် နန်းတည်နှစ် ၁၅၀ပြည့် မော်ကွန်း"ကမ္ပည်းကျောက်စာတို့ကိုလည်း စေတီတော် ပရိဝုဏ်အတွင်း စိုက်ထူထားသဖြင့် ဖတ်ရှုလေ့လာခွင့်ရခဲ့သည်။

မင်းတုန်းမင်းတရားကြီးသည် သက်တော် (၃၁)နှစ်၊ကောဇာသက္ကရာဇ် ၁၂၀၄ ခု (ခရစ်နှစ် ၁၈၅၂ ခု) တပေါင်းလဆန်း ၁၁ ရက်တွင် မင်းအဖြစ်သို့ ရောက်တော်မူခဲ့သည်။ ၁၂၁၉ ခုနှစ်တွင် မန္တလေးမြို့ နန်းတည်ရန်အတွက် အမရပူရ နေပြည်တော်မှ ပြောင်းရွှေ့ခဲ့သည်။

မန္တလေးမြို့ နန်းတည်ရာ၌ ၁၂၂၀ ခုနှစ် ကဆုန်လဆန်း ၁၃ ရက်နေ့ ညဦး ၂ ချက်တီးကျော် ၁၄ ရက် တနင်္ဂနွေနေ့အဝင် နာရီပြည့် ၂ ပါဒ် အချိန်တွင် အမြောက်သံကြား အခါတော်ဖြင့် (၁) ရွှေမြို့တော် (၂) ကျုံးတော် (၃) မဟာလောကမာရဇိန်စေတီတော် (၄)မဟာအတုလဝေယန်ကျောင်းတော် (၅) ပဋ္ဌာန်းမဟာသိမ်တော် (၆) ပိဋကတ်တိုက်တော် (၇) သုဓမ္မာဇရပ်တော် ဟူသော သတ္တဋ္ဌာနကို ရွှေပန္နက်၊ ငွေပန္နက် ရိုက်နှက်စေသည်။ သက္ကရာဇ် ၁၂၂၀ ခုနှစ် ကဆုန်လပြည့်ကျော် ၆





မြန်မာမှုဟန် သံထီးအထွတ်တင်ထားပြီးဖြစ်သော ပိဋကတ်တော်ကျောက်စာဂူပြာသဒ်များ



www.burmeseclassic.com

www.burmeseclassic.com



←ရတနာပုံမန္တလေး မြို့တည် နန်းတည်နှစ် ၁၅၀ ပြည့် မော်ကွန်း ကမ္ဗည်းကျောက်စာ



ကမ္ဘာ့အကြီးဆုံး စာအုပ်ကြီးကမ္ဗည်းကျောက်စာ

…က်နေ့ ညဥ့် ၃ ချက်တီးကျော် ၇ ရက် …ဘနလ်ာနေ့အဝင် ၄ နာရီ ၂ ပါဒ်အချိန် …် ရတနာပုံရွှေမြို့တော်ကြီး တံခါး ၁၂ …ချပ် မော်ကွန်းကမ္ဗည်း စိုက်ထူသည်။

မော်ကွန်းကမ္ဗည်းအရ ၁၃၂၁ ခုနှစ်တွင် နှစ် (၁၀၀)ပြည့်ခဲ့၍ ရာပြည့်ပွဲတော် ကျင်းပခဲ့သည်။ ၁၃၇၁ ခုနှစ် ကဆုန်လပြည့်ကျော် ၆ ရက် (၂၀၀၉ ခုနှစ် မေလ ၁၄ ရက်)တွင် ရတနာပုံ မန္တလေးမြို့တည် နန်းတည်နှစ် (၁၅၀) ပြည့် မော်ကွန်းကျောက်စာတွင် ဖော်ပြထားသည်။

ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ဟူသော ခေါင်းစီးစာတန်းအောက်တွင် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖော်ပြထားချက်အရ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရားကိုမြန်မာသက္ကရာဇ်



မြန်မာမှုဟန် သံထီးအထွတ်တင်ထားပြီးဖြစ်သော ပိဋကတ်တော်ကျောက်စာဂူပြာသာဒ်များ



www.burmeseclassic.com

www.burmeseclassic.com

၁၂၂၁ ခုနှစ် ကဆုန်လဆန်း ၁၄ ရက် နေ့တွင် စတင်တည်ဆောက်ခဲ့ပြီး ဉာဏ်တော် ၁၇၇ ဒသမ ၉ ပေ ဖြစ်ကြောင်း၊ ပိဋကတ်သုံးပုံပါဠိတော်ကျောက်စာပေါင်း ၇၂၉ ချပ်ကို မြန်မာသက္ကရာဇ် ၁၂၂၂ ခုနှစ်တွင် စတင်ထွင်းထုခဲ့ရာ ၁၂၃၀ ခုနှစ်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

မာတိကာအလိုက် ပိဋကတ်သုံးပုံ ကျောက်စာများမှာ သုတ္တန် ၃ ကျမ်း ကျောက်စာချပ်ပေါင်း ၄၁၀၊ ဝိနည်း ၅ ကျမ်း ကျောက်စာ ၁၁၁ ချပ်၊ အဘိဓမ္မာ ၇ ကျမ်း ကျောက်စာ ၂၀၈ ချပ်နှင့် သမိုင်းကျောက်စာ ၁ ချပ်ရှိကြောင်း၊ ကျောက်စာတစ်ချပ်လျှင် ဓမ္မစေတီ တစ်ဆူနှုန်းဖြင့် ၁၃ ဧက ကျယ်ဝန်းသော စေတီပရိဝုဏ်သုံးထပ်အတွင်း စိုက်ထူတည်ဆောက်ထားကြောင်း လေ့လာ မှတ်သားရသည်။

မင်းတုန်းမင်းတရားကြီးသည် ရတနာပုံ မန္တလေး နန်းမြို့သစ်ကိုတည်ရာတွင် "မြို့ကျုံးစေတီ၊ သိမ်ဂူလှုံမောင်း၊ သိမ်ကျောင်းသုဓမ္မာ၊ ရွှေစာအမြုတ်၊ ပိဋကတ်တိုက်၊ သမိုက်မြမှန်၊ ခုနစ်တန်ကို၊ ဆောက်ဖန်အောင်စည်၊ တပြိုင်တည်က" ဟူသည့်အတိုင်း သတ္တဌာနတို့ကို တစ်ပြိုင်နက် ပန္နက်ချတော်မူခဲ့သည်။

ထိုအထဲတွင် မဟာလောကမာရဇိန်ဘွဲ့မည်တော်တွင်သည့် ကုသိုလ်တော် စေတီတော်ကြီး၏ မဟာရံတံတိုင်း သုံးထပ်အတွင်း၌ ပိဋကတ်တော် ကျောက်စာများကို စိုက်ထူခဲ့ခြင်း ဖြစ်သည်။

ပိဋကတ်တော်များ ကျောက်ထက်အက္ခရာတင်ထားသည့် ကျောက်ပြားကြီးများမှာ အလျား ၅ ပေ၊ အနံ ၄ ပေ ၆ လက်မ၊ အထူ ၆ လက်မရှိပြီး မြေဝင် တစ်တောင်ခန့် အခိုင်အမာစိုက်ထူထားသည်။ ထိုကဲ့သို့ စိုက်ထူရာ၌ ကုသိုလ်တော်စေတီတော်ကြီး၏ ပထမမဟာရံတံတိုင်းအတွင်း၌ ၄၂ ချပ်၊ ဒုတိယမဟာရံတံတိုင်းအတွင်း၌ ၁၆၈ ချပ်၊ တတိယမဟာရံတံတိုင်းအတွင်း၌ ၅၁၉ ချပ် စိုက်ထူထားပြီး ပထမမဟာရံတံတိုင်းအတွင်းရှိ အင်္ဂါထောင့်တွင် ပိဋကတ်တော်များအား ကျောက်ထက်အက္ခရာတင်ခဲ့သည့်အကြောင်း သမိုင်းမော်ကွန်း နိုင်ငံကျောက်စာကြီးတစ်ချပ်ကိုလည်း ရေးထိုး စိုက်ထူခဲ့သဖြင့် ကျောက်စာချပ်ပေါင်း ၇၃၀ ရှိသည်ဟု ဆိုသည်။

စာအုပ်အနေဖြင့် ခန့်မှန်းပုံဖော်ကြည့်ပါက စာရွက်ရေ ၇၃၀၊ စာမျက်နှာ ၁၄၆၀ ရှိသည့် စာအုပ်ကြီးတစ်အုပ်အဖြစ် ရှုမြင်နိုင်ပေမည်။ ထိုစာရွက်တစ်ရွက်စီကို အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရန် ၁၃ ဧကကျယ်ဝန်းသည့် လေးထောင့်စပ်စပ်မြေကွက်ကြီးအတွင်း ဝယ် စနစ်တကျ စီတန်းစိုက်ထူကာ နေဒဏ်၊ လေဒဏ်၊ မိုးဒဏ်တို့မှ ကင်းဝေးစေရန် အုတ်ပြာသာဒ်ဂူတစ်ခုစီဖြင့် ကာကွယ်ပေးထားသကဲ့သို့ပင် ရှိချေတော့သည်။

ကုသိုလ်တော် ပိဋကတ် ကျောက်စာများအား ၁၂၂၂ ခု တန်ဆောင်မုန်းလဆန်း ၁ ရက် (၁၄. ၁၀. ၁၈၆၀) နေ့မှစကာ နန်းတော်တွင်းရှိ ကြီးကျယ်ခမ်းနားသော တန်ဆောင်းကြီးတစ်ခုအတွင်း၌ ထွင်းထုခဲ့ရာ ၁၂၃၀ ခု၊ ကဆုန်လဆန်း ၁၄ ရက် (၄. ၅. ၁၈၆၈) တွင်



သံတိုင်များ အခိုင်အမာကာရံထားပြီးဖြစ်သော ပိဋကတ်တော်ကျောက်စာ




ဝင်ပေါက်မုခ်ဦးတွင် ခြယ်မှုန်းထားသည့် အနုစိတ်လက်ရာများ



www.burmeseclassic.com

www.burmeseclassic.com



နတ်လမ်းလေ့ကားဝင်ပေါက်ဝများရှိ ဘီးလူးရုပ်တုများ

ပြီးစီးခဲ့သဖြင့် ၇ နှစ်၊ ၆ လ၊ ၁၄ ရက် ကြာခဲ့သည်။

ထိုကဲ့သို့ ပိဋကတ် သုံးပုံကို ကျောက်ထက်အက္ခရာ တင်ခဲ့ပြီးနောက် သုံးနှစ်အကြာ မြန်မာနှစ်ဆန်းတစ်ရက် ဖြစ်သော ၁၂၃၃ ခု၊ တန်ခူးလပြည့်ကျော် ၁၁ ရက် (၁၅. ၄. ၁၈၇၁) စနေနေ့မှစကာ မင်းတုန်းမင်းတရားကြီး၏ ဆန္ဒအရ ပဉ္စမသင်္ဂါယနာတင်ပွဲ ကျင်းပခဲ့ရာ ၁၂၃၃ ခု တော်သလင်းလပြည့်ကျော် ၁၄ ရက် (၁၂. ၉. ၁၈၇၁) အင်္ဂါနေ့တွင် ပြီးဆုံးခဲ့သဖြင့် ၅ လနှင့် ၃ ရက် ကြာခဲ့သည်။ ထိုသင်္ဂါယနာတင်ပွဲတွင် ပိဋကတ်သုံးပုံကို ဝိနည်းတော်မှစကာ သံဃာတော်အပါး ၂၄၀၀ တို့ ၅ လနှင့် ၃ ရက်တိုင်တိုင် နေ့ညမစဲအလဲအလှယ် ရွတ်ဖတ်သရဇ္ဈာယ်တော်မူခဲ့ကြသည်ဟု ဆိုသည်။

မင်းတုန်းမင်းတရားကြီး၏ ပိဋကတ်တော် ကျောက်စာများ စိုက်ထူခဲ့ပြီးနောက် နှစ်ပေါင်း ၃၀ အကြာတွင် ဟံသာဝတီပိဋကတ်ပုံနှိပ်တိုက် ပိုင်ရှင် မစ္စတာပီအိပ်ခ်ျရစ်ပလေက စာရွက်ပေါ်တွင် ပုံနှိပ်ခွင့်ပြုပါရန် တောင်ခွင်သာသနာပိုင် ဆရာတော်ကြီးထံ ခွင့်ပန်လျှောက်ထားခဲ့ရာ ခွင့်ပြုချက်ရရှိသဖြင့် ကျောက်ထက်အက္ခရာမှ စက္ကူစာရွက်ပေါ် ရောက်ရှိခဲ့ကာ ပထမဦးဆုံးအကြိမ် စာအုပ်ကြီးများအဖြစ် ထွက်ပေါ်လာခဲ့သည်။

ထိုကျောက်ထက်အက္ခရာ တင်ထားသည့် ပိဋကတ်တော်များအား ရှိုင်ရယ် ရှစ်ချိုးဆိုက် စက္ကူပေါ်တွင် ဂရိတ်ပရိုင်မာ စာလုံးဖြင့် ရိုက်နှိပ်ရာ စာမျက်နှာ ၄၀၀ ခန့်ရှိ စာအုပ်ကြီး ၃၈ အုပ် ထွက်ရှိသည်။ ပိဋကတ်တော်များအား စိတ်ပါဝင်စားစွာ လေ့လာလိုသူ တစ်ဦးအနေဖြင့် တစ်နေ့လျှင် ရှစ်နာရီနှုန်းဖြင့် မနားတမ်း နေ့စဉ်မှန်မှတ် ဖတ်ဖြစ်ခဲ့လျှင် တစ်နှစ်နှင့်သုံးလခန့် ဖတ်ယူရမည့်စာအုပ်ကြီးဖြစ်ကြောင်း သုတေသီတို့က ခန့်မှန်းကြသည်။

ဗုဒ္ဓဘုရားရှင်၏ သာသနာတော် အဓွန့်ရှည်ကြာ ထွန်းကားစေရန်နှင့် ရှေးမင်းများ မလှူဒါန်းခဲ့ဖူးသေးသော အလှူမျိုး လှူရန် ဆန္ဒဖြင့် မင်းတုန်းမင်းတရားကြီးက နန်းတက်ပြီးနောက် ရှစ်နှစ်အကြာတွင် လှူဒါန်းခဲ့ရာမှ ယခုကဲ့သို့ အခိုင်မာဆုံးနှင့် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီး ဖြစ်ပေါ်လာရခြင်းပင်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံတို့ကို ရှေးမြန်မာမင်းများ အစဉ်အဆက် လက်ထက်တော်များတွင် လက်ရေးဖြင့်ကူးကာ ပေထက်အက္ခရာ တင်ခဲ့ကြရာ ကူးပါများလာသည့်အခါ အမှားအယွင်းများ ရှိလာတတ်သည်။

သို့ဖြစ်၍ ရှေးဦးစွာ သာသနာပိုင် အမှူးပြုသော တံဆိပ်ရ ပိဋကတ်စာမဆရာတော် ၄ ပါး၊ စာကြည့်ဆရာ



www.burmeseclassic.com

www.burmeseclassic.com



ပိဋကတ်တော်
ကျောက်စာဂူပြာသာဒ်များ

တော် ၃၀၊ စာတည်းဆရာတော် ၅၀၊ ပရိယတ်တတ်ကျွမ်းသော သံဃာတော် ၅၀ တို့က ရေးကူးမည့်စာများ မှန်၊ မမှန် စေ့စပ်သေချာစွာ စစ်ဆေးကြရသည်။ မှန်ကန်ပြီဟု သေချာသည်တွင်မှ ပိဋကတ်တိုက်စိုး၊ သွေးသောက်ကြီး၊ တိုက်စောင့်၊ အကြပ်၊ အစုရေး၊ ပိဋကတ်ရေး စသည့် အမှုထမ်း ၁၀၀ ကျော်တို့က ကညစ်တံ၊ စုတ်တံတို့ဖြင့် ပေရွက်ပေါ် တိုက်တော်မှ မန္တလေးတောင်ခြေရှိ ပိဋကတ်တိုက်တော်သို့ ပြောင်းရွှေ့ထားခဲ့သည်။

ထို့နောက် စကျင်ကျောက်တောင်မှ ကျောက်ပြားများကို နန်းတော်တွင်းသို့ သယ်ဆောင်ကာ အချောကိုင်ကြပြီး ကျောက်ပြားချောများပေါ်တွင် ထွင်းလိုသည့် စာများကို ခဲဖြင့်ရေးကြရသည်။ ထိုရေးပြီးသည့် စာလုံးများ မှန်၊ မမှန် ပြန်စစ်ပြီးသည်တွင်မှ လက်တတ်ကျောက်ဆစ်သမား ၅၀ ကျော်တို့က ထွင်းကြရသည်။

ထိုထွင်းပြီးသား စာလုံးအချိုင့်များတွင် ရွှေမင်ဖြင့် ထပ်ရေးစေသဖြင့် မင်းတုန်းမင်းတရားကြီး လှူဒါန်းခဲ့သည့် ပိဋကတ်တော် ကျောက်စာများတွင် သလင်းကျောက်ဖြူပြားများပေါ်ရှိ ရွှေစာလုံးများအဖြစ် ဖတ်ရှုကြရသည်။

ထိုရွှေစာလုံးများမှာ ကာလကြာရှည်လာသည်နှင့်အမျှ မှေးမှိန်လာသဖြင့် မင်းတုန်းမင်းတရားကြီး နတ်ရွာစံပြီးနောက် ထီးနန်း ဆက်ခံခဲ့သော သီပေါမင်းက ပထမဆုံးနှင့် နောက်ဆုံး အကြိမ်အဖြစ် ရွှေမင်ထပ်ခဲ့သည်ဟု သိရသည်။

ကောဇာသက္ကရာဇ် ၁၂၄၇ ခုနှစ် (ခရစ်နှစ် ၁၈၁၅ ခု) တွင် ဗြိတိသျှနယ်ချဲ့တို့ မြန်မာနိုင်ငံကို သိမ်းယူခဲ့ကြပြီးနောက် မန္တလေးနန်းတွင်း၌ နေထိုင်ကြသော မြန်မာမင်းမှုထမ်း အားလုံးကို မြို့ပြင်ထွက်ခိုင်းပြီး စစ်တပ်များ ဝင်ရောက် တပ်စွဲခဲ့ကြသည်။ ထို့ပြင် မင်းတုန်းမင်းတရားကြီး၏ ကုသိုလ်တော်များဖြစ်သော မဟာသက္ကမာရဇိန် ကျောက်တော်ကြီးဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား၊ မဟာအတုလဝေယန် အတုမရှိ ကျောင်းတော်ကြီးနှင့် သုဓမ္မာဇရပ်တန်း စသည့်နေရာများတွင်လည်း စစ်သားများက ဖြန့်ကြက် နေရာယူထားခဲ့ကြသည်။

ထိုစစ်တပ်များ နေရာယူတပ်စွဲထားသည့် ကျောင်းကန်ဘုရားများအတွင်းသို့ အများပြည်သူတို့ လုံးဝ ဝင်ရောက်ခွင့် မရကြသဖြင့် နှစ်ကာလရှည်ကြာလာသည်နှင့်အမျှ ထိုသာသနိကအဆောက်အအုံများမှာ ပျက်စီးယိုယွင်းကုန်ကြရာ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများ စိတ်မချမ်းမသာ ဖြစ်ကြရသည်။

ငါးနှစ်ခန့် ကြာသည်တွင် ရန်ကုန်မြို့မှ ပါလာသည့် မြေတိုင်းစာရေးကြီး ဦးအောင်ပန်း ဦးဆောင်ကာ နန်းမြို့တွင်းမှ ထွက်ခွာခဲ့ကြရသည့် မင်းမှုထမ်းဟောင်းများနှင့် ပူးပေါင်းလျက် . .

"ဝိတိုရိယဘုရင်မကြီး၏ အုပ်ချုပ်ပုံ ဥပဒေတွင် တိုင်းသူပြည်သားတိုင်း လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်ရှိသည်ဟု ဆိုထားသဖြင့် ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားများအတွင်း တပ်စွဲထားသည့် စစ်တပ်များ ဖယ်ရှားပေးပြီး ပျက်စီး ယိုယွင်းနေသည်များကို ဝင်ရောက် ပြုပြင်ခွင့်ပေးရန်" တောင်းဆိုခဲ့ကြသည်။

နယ်ချဲ့အစိုးရက တောင်းဆိုချက်ကို ခွင့်ပြုသဖြင့် သီပေါမင်းပါတော်မူပြီးနောက် ကုသိုလ်တော်ဘုရား ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို ပထမဦးဆုံး အကြိမ်အဖြစ် ၁၂၅၂ ခုနှစ် (ခရစ်နှစ် ၁၈၉၀)တွင် စတင်ကျင်းပခွင့် ရခဲ့ကြသည်။

သို့ရာတွင် စစ်တပ်များမှာ တပ်စွဲထားမြဲ ရှိနေသေးသဖြင့် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲကို ဘုရားပရိဝုဏ်ပတ်လည်တွင် မကျင်းပနိုင်ခဲ့ဘဲ အတုမရှိကျောင်းတော်ကြီးနှင့် မှန်ကျောင်းတော်ကြားရှိ ကွက်လပ်ကြီးတွင်သာ ကျင်းပခဲ့ရသည်။

မည်သို့ပင်ဖြစ်စေ ဘုရားအတွင်းသို့ ဝင်ရောက်ရန် ခွင့်ပြုချက် ရရှိလိုက်ခြင်းသည်ပင် လမ်းစပွင့်ခဲ့သည်ဟု ဆိုရပေမည်။ နောက်ပိုင်း ဆောင်ရွက်ရန်ရှိသည်များကိုမူ စုပေါင်းအားဖြင့် သွေးစည်းညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားကြရန် နားလည်သဘောပေါက်ခဲ့ကြသည်။

(ဆက်ရန်)

**မင်းဂုဏ်**

**စာကိုး**


၁။ ကမ္ဘာ့အကြီးဆုံးစာအုပ်၊ လူထုဒေါ်အမာ၊ ၁၉၉၅ ခုနှစ် မေလ။

၂။ ယနေ့မန္တလေး၊ နတ်မောက်ထွန်းရှိန်၊ ၁၉၉၄ ခုနှစ် ဇွန်လ။


၃။ မြန်မာ့ရက်စဉ်သမိုင်း (အကြိုသမိုင်းကာလမှ ၁၉၄၅ အထိ)ပထမတွဲ၊ ကုန်းဘောင်ခေတ်။

၄။ ကုန်းဘောင်ရှာပုံတော်၊ ညီမြ၊ ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ။




www.burmeseclassic.com

www.burmeseclassic.com



# တိုပုံးရေထွက်မှသည် ထမ့်ခန်းသာသနာ့အောင်မြေဆီသို့

## တက္ကသိုလ်တင်ဟာန်ကျော်

ညတုန်းက တောင်ကြီးရောက် မောင်ကြီးတစ်ယောက် အားကြီးစိတ်ညစ်မိပေမယ့် ဒီနေ့နံနက် အရုဏ်တက် အချိန် အောက်မှာ လန်းလန်းဆန်းဆန်းပဲ နိုးထလာပါတယ်။ ယမန်နေ့တုန်းက တစ်နေကုန် တစ်နေခန်း 'ရေပျော်ငါး' တွေ ဖြစ်ခဲ့ပြီး ဒီနေ့မှာတော့ တောင်စဉ်ခုနစ်ထပ်ကို ကျော်ဖြတ်ရပါတော့မယ်။

ဘာကြောင့်လဲတဲ့။ ဒီနေ့ ရေးဆွဲထားတဲ့ ခရီးစဉ်က တောင်ကြီးမြို့အရှေ့ဘက် (၂၅)မိုင်အကွာမှာ တည်ရှိတဲ့ 'ထမ့်ခန်းလိုဏ်ဂူတော်ကြီး' ရှိရာဆီ သွားရောက်ကြမှာလေ။ ဒါကြောင့် ရှမ်းပြည်နယ်ရဲ့ သာမောဖွယ် တောင်စဉ်တောင်တန်းတွေကို ဖြတ်သန်းရတော့မှာ မဟုတ်လား။

ခရီးသွား ပို့ဆောင်ရေး တာဝန်ခံတွေက နံနက် ၆ နာရီမှာ စတင်ထွက် ခွာမယ့်အကြောင်း ကြိုတင်အသိပေး ကြေညာထားတာမို့ နံနက် ၅ နာရီမှာ ကြိုးစားပြီး ထခဲ့ရပါတယ်။

ချမ်းမြေ့အောင်ဟိုတယ်ရဲ့ မှန်ပြတင်းလေးကနေ အပြင်ဘက်ကို ချောင်းကြည့်လိုက်တော့ နှင်းလိုလို၊ မိုးလိုလို ရီဝေအုံ့မှိုင်းနေပါတယ်။ ပြာမှိုင်းမှိုင်း မြူနှင်းမှုန်မှုန်ကြားမှာ တိတ်ဆိတ်ငြိမ်သက်နေတဲ့ တိုက်တာအဆောက်အအုံတွေကို ကြည့်မြင်နေရတာဟာ ဂန္ထဝင် ပန်းချီကားကြီးတစ်ချပ်ကို ကြည့်နေရသလိုပဲ။

တကယ်တော့ ဒီခရီးလမ်းကြောင်းဟာ မိမိအတွက် ဒုတိယမို့ နှစ်ကြိမ်မြောက်ရောက်ရှိလာတဲ့ ခရီးစဉ်လို့ပဲ ပြောရမှာပါ။ ၂၀၀၉ ခုနှစ် မေလအတွင်းမှာ 'တောင်ကြီးမြို့ရောက် ရန်ကုန်သား တစ်ယောက်ရဲ့ အဖြစ်ဟာ မလွယ်ပါလား' ဆိုတဲ့ ပထမဆုံး အတွေ့အကြုံနဲ့ ဆုံစည်းခဲ့ရဖူးတယ်လေ။ အဆိုကျော်ကြီး စိုင်းထီးဆိုင်ပဲ ထင်ပါရဲ့။ 'မန္တလေးရောက် ရှမ်းတစ်ယောက်ရဲ့ အဖြစ်ဟာ မလွယ်ပါလား' လို့ တေးသီချင်း ဖွဲ့ဆိုခဲ့သလို တောင်ကြီးမြို့ရောက် ရန်ကုန်သားတစ်ယောက်ရဲ့ အဖြစ်ဟာ တကယ့်ကို မလွယ်ခဲ့တာပါ။




www.burmeseclassic.com

www.burmeseclassic.com



ထမ့်စန်းလိုဏ်ဂူတော်ကို ဦးဆောင်ဖော်ထုတ်တော်မူသော
ကိုရင်လေး အရှင်ပေါ်ရိယ



ထမ့်စန်းလိုဏ်ဂူတော် အဝင်မုခ်ဦး ကျောက်ပန်းဆွဲအလှ



www.burmeseclassic.com


www.burmeseclassic.com

မန္တလေးရောက် ရှမ်းတစ်ယောက်ရဲ့အဖြစ်၊ တောင်ကြီးမြို့ရောက် ရန်ကုန်သားတစ်ယောက်ရဲ့အဖြစ်ဟာ ဘာကြောင့် မလွယ်ရတာလဲဆိုတော့ ဒေသစိမ်းတစ်နေရာကို ရောက်ရှိသွားတဲ့အခါ အတွေ့အကြုံ အသစ်အဆန်းတွေနဲ့ အစပ်မတည့်မှုကြောင့်ပါပဲ။ ယနေ့ နိုင်ငံတကာမှာ ခေတ်စားနေတဲ့ အသုံးအနှုန်းနဲ့ ပြောရမယ်ဆိုရင်တော့ ကာချာလ်ရှော့ (Cultural Shock) ဖြစ်တာလို့ ပြောရတော့မှာပေါ့။ ယဉ်ကျေးမှု ဓလေ့ထုံးတမ်း၊ အစားအသောက်၊ အနေအထိုင်၊ ဘာသာစကား၊ ရာသီဥတု၊ ရေမြေသဘာဝ စတဲ့ လူနေမှုဘဝ ပတ်ဝန်းကျင်တွေဟာ တစ်ဦးနဲ့တစ်ဦး၊ တစ်နေရာနဲ့တစ်နေရာ ပွတ်ကာသီကာ တစ်မျိုး၊ သိသိသာသာ တစ်ဖုံ ယိမ်းနွဲ့ပါးလေးတွေ ဖြစ်တတ်ကြတာမို့ 'မလွယ်ပါလား'လို့ ဖြစ်ရတာပါ။

ဒါပေမယ့် 'အဲဒီ 'မလွယ်ပါလားလေးတွေ' ကို ပြန်ပြောင်း သတိရ တွေးမိတဲ့အခါ ပြုံးတစိမ့်စိမ့် ဖြစ်ရတဲ့အရသာကတော့ အင်မတန်ထူးခြားတဲ့ အရသာတစ်မျိုး ဖြစ်နေတာကလည်း မှော်ဆန်တဲ့ ရသတစ်မျိုးပါပဲ။

ဒါကြောင့်ပဲ ထင်ပါရဲ့။ ဒီကနေ့ လူသားတွေဟာ ပြည်တွင်း ပြည်ပခရီးစဉ်တွေကို မိမိတို့ငွေအင်အားအပေါ် တွက်ချက်တိုင်းတာပြီး အခြေအနေပေးတဲ့အလျောက် ဒေသန္တရခရီးတွေ ထွက်ကြခြင်းအားဖြင့် Cultural Shock တွေရဲ့ အတိုးအတိုက်ကို ခံနိုင်ရည်ရှိလာရတယ်။ တစ်နည်းအားဖြင့် တစ်ဦးနဲ့တစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ရင်းနှီးကျွမ်းဝင်လာကြတယ်။ ဓလေ့ထုံးတမ်း တစ်ခုနဲ့တစ်ခု နားလည်လေးစားလာကြတယ်။ ဘာသာစကား တစ်ခုနဲ့တစ်ခု နားလည်လာကြတယ်။ ယဉ်ကျေးမှု တစ်ရပ်နဲ့တစ်ရပ် နားလည်လာကြပြီး သူ့တန်ဖိုး ကိုယ့်တန်ဖိုး အသိအမှတ်ပြုလာနိုင်ကြတယ်။ ဒီတော့ Cultural Shock မဖြစ်တော့ဘူး။

Cultural Shock ကို အဘိဓာန်မှာ တိုက်ရိုက်ပြထားတာကတော့ 'တိုင်းတစ်ပါးယဉ်ကျေးမှုနှင့် ရုတ်တရက် ထိတွေ့ရ၍ ဖြစ်ပေါ်သော စိတ်နေသား မကျမှု' ဖြစ်ပါတယ်။ ဒီအသုံး



ဟိုပုံးမြို့ လှရတနာတစ်ပါး ဟိုပုံးရေတွက်



ဟိုပုံးရေတွက် စားသောက်ဆိုင်တန်း

အနှုန်းကို ယနေ့ခေတ်မှာ နားရည်ဝနေကြတဲ့အတွက် ခပ်လွယ်လွယ် ပြောနေကြပေမယ့် ဒီ Cultural Shock ဆိုတဲ့ အသုံးအနှုန်းထဲမှာ အင်မတန်အရေးကြီးတဲ့ သဘောသဘာဝ အဓိပ္ပာယ်တွေ အများကြီးပါဝင်နေပါတယ်။

ဥပမာအနေနဲ့ ပြောရရင် ၁၈၊ ၁၉ ရာစု အင်္ဂလန်ဟာ သူ့နိုင်ငံသားကလွဲရင် တခြားနိုင်ငံသားတွေကို အရိုင်းအစိုင်းတွေပဲလို့ သဘောထားခဲ့တာဟာ အဲဒီ Cultural Shock ပါပဲ။ လူမျိုး၊ ဘာသာ၊ အသားအရောင် စတာတွေ ခွဲခြားဖိနှိပ်ခံရတာဟာ Cultural Shock ပါပဲ။ တိုက်ပွဲတွေ အဆင့်ဆင့် ဆင်နွှဲပြီး ခွဲခြားမှုတွေ အားနည်းမှေးမှိန်သွားပေမယ့် မနေ့တစ်နေ့က တီဗွီဖန်သားပြင်မှာ ကြည့်လိုက်ရတဲ့ ကမ္ဘာ့ဘောလုံးပွဲတွေမှာ အသားရောင် ခွဲခြားမှု ပြဿနာတွေကို အံ့သြဖွယ် မြင်တွေ့နေရတာဟာ Cultural Shock ပါပဲ။


ဒါတွေဟာ မြန်မာစကားနဲ့ ရိုးရိုးရှင်းရှင်း ပြောရရင် 'အစပ်မတည့်တာ' ဖြစ်ပါတယ်။ ဘာသာရေး အစပ်မတည့်တာ၊ လူမျိုးရေး အစပ်မတည့်တာ စတဲ့ အစပ်မတည့်မှု ပြဿနာကြီး ချုပ်ငြိမ်းအေးချမ်းဖို့ဆိုရင်တော့ တစ်ဦးကိုတစ်ဦးက ကျွမ်းဝင်ရင်းနှီးရပါလိမ့်မယ်။ တစ်ယောက်ကိုတစ်ယောက်က ခင်မင်လေးစားရပါလိမ့်မယ်။ အဲဒီလို ကျွမ်းဝင်ရင်းနှီးမှုတွေ၊ ခင်မင်လေးစားမှုတွေ ဖြစ်တည်လာဖို့ဆိုရင် ဒေသန္တရဗဟုသုတ ကြွယ်ဝရပါလိမ့်မယ်။ ဒေသန္တရဗဟုသုတ ကြွယ်ဝဖို့ ပြည်တွင်း ပြည်ပခရီးတွေ သွားဖူးရပါလိမ့်မယ်။

ဒီနေရာမှာ စကားမစပ်ပြောရရင် မယ်ဝဏ္ဏတို့၊ မယ်ကုဝဏ်တို့၊ စန္ဒမုခီတို့ စတဲ့ မြန်မာ့ဘိုးဘွားဘီဘင် ထက်ထက်မြက်မြက် အမျိုးသမီးကြီးတွေကို 'ဘီလူး' လို့ မှတ်တမ်းတင်ခံရတာဟာ အဲဒီ Cultural Shock များ ဖြစ်နေမလားလို့ မကြာ မကြာ စဉ်းစားမိပါတယ်။

ထားပါတော့၊ 'တောင်ကြီးမြို့ရောက် ရန်ကုန်သား တစ်ယောက်ရဲ့ အဖြစ်ဟာ မလွယ်ပါလား' ကနေ ဆက်နွှယ်ပြီး စကားမစပ် ပြောမိလိုက်တာပါ။ နားကလောဖွယ် ဖြစ်သွားရင် တောင်းပန်ပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ထပ်စန်းလိုက်ဂူတော် အဝင်လမ်း

အဲ. . . ရန်ကုန်သား တစ်ယောက် တောင်ကြီးမြို့မှာ ဘာတွေများ မလွယ်ခဲ့တာလဲလို့ မေးခဲ့မယ်ဆိုရင်တော့ ပြောပြချင်ပါသေးတယ်။ အဲဒီ ၂၀၀၉ ခုနှစ်မှာ တောင်ကြီးမြို့ကို တက်သွားတော့ မေလအတွင်းမှာ ဖြစ်ပါတယ်။ ဒီအချိန်ဟာ သိတော်မူကြတဲ့အတိုင်း ရန်ကုန်မှာ ပူလို့ကောင်းတုန်း အချိန်ပေါ့။ ဒါကြောင့်လည်း ရန်ကုန်စတိုင် ရှပ်အင်္ကျီလက်ရှည်လည် ကတုံးလေးနဲ့၊ ကချင်ပုဆိုးလေးနဲ့၊ သားရေညှပ်ဖိနပ်ပါးပါးလေးနဲ့ ပေါ့ပေါ့ပါးပါး အေးအေးလှပ်လှပ် ကော့ကော့ကော့ကော့နဲ့ တက်သွားတာပါ။ တောင်ကြီးကို ရောက်သွားတော့ ညနေစောင်းနေပြီ။ အေးလိုက်တာကလည်း စိမ့်နေပြီ။ ဘာပြောကောင်းမလဲ၊ အဲဒီတော့မှ နီးစပ်ရာစတိုးဆိုင်ထဲဝင်ပြီး အနွေးထည်တို့ ခေါင်းစွပ်တို့ အပြေးအလွှား ဝယ်ရတော့တာပဲ။ အဲဒါက တောင်ကြီးမြို့ရောက် ရန်ကုန်သား တစ်ယောက်ရဲ့ နံပါတ်တစ် မလွယ်သောအဖြစ်။

နံပါတ်နှစ် မလွယ်သောအဖြစ်ကတော့ ဘုရားတောင်လို့ခေါ်တဲ့ တောင်ချွန်းပေါ်မှာ ရွှေဘုန်းပွင့်တို့၊ မြစိမ်းတောင်တို့ ဘုရားဖူးလို့ ကောင်းနေတုန်း မိုးရေလေပါ သဲသဲမဲမဲ ဆော်ပါလေရော။ ထီးလည်းမပါ မိုးကာလည်းမရှိတဲ့ ရန်ကုန်သားတွေ ရွှဲရွှဲစိုပြီး ခိုက်ခိုက်တုန်တော့တာပဲ။ အချိန်ကလည်း ညနေစောင်း၊ စဉ်းစားသာ ကြည့်ပါတော့။ အအေးဓာတ် လွှမ်းပဘ်နေတဲ့ အချိန်မှာ မိုးရေလေပါ အပိုဆုထပ်ဆောင်းလိုက်တော့ ရန်ကုန်သားတွေခမျာ မုန်တိုင်းမိတဲ့ ရွှေဟင်္သာလေးတွေ ဖြစ်ရတော့တာပါပဲ။

နံပါတ်သုံးကတော့ ရှမ်းခေါက်ဆွဲပြဿနာ။ ရန်ကုန်သား ဆိုတာက သူတကာအမြင်ကတ်လောက်အောင် မုန့်ဟင်းခါး ကြိုက်တဲ့သူ။ မုန့်ဟင်းခါးသာ ရှိနေပါစေ၊ ကမ္ဘာကြီးရဲ့ ဘယ်ဝင်ရိုးစွန်းမှာဖြစ်ဖြစ် နေ့လို့ရတာ ရန်ကုန်သူ၊ ရန်ကုန်သားပါပဲ။ အဲဒီလို အမြင်ကတ်စရာကောင်းတဲ့ ရန်ကုန်သားဟာ ရှမ်းခေါက်ဆွဲကို ဘယ်လိုမှ မကြိုက်နိုင်တဲ့အတွက် တောင်ကြီးမြို့ ရောက်တဲ့အခါ ရေရေလည်လည် ခံရတော့တာပဲ။

တောင်ကြီးက မိတ်ဆွေများကလည်း တောင်ကြီးမြို့ရဲ့ တကယ့်နာမည်ကြီး ရှမ်းခေါက်ဆွဲဆိုင်တွေကိုမှ ခေါ်ချသွားတာ။ သူတို့ကတော့ သူတို့ဒေသရဲ့ အမွှန်အမြတ် စားသောက်ဖွယ်အဖြစ် တည်ခင်းဧည့်ခံတာ ဖြစ်လေတော့ ငြင်းရင်လည်း ရိုင်းရာကျတော့မယ်။ ဒီတော့ ဥပါယ်တံမျဉ်နဲ့ 'ရှမ်းခေါက်ဆွဲကို နောက်မှ စားပါ့မယ်၊ အခု ရှမ်းတိုဟူးကြော်လေး စားချင်လို့ပါ' လို့ မေတ္တာရပ်ခံရတယ်။ ရှမ်းတိုဟူးလည်း ရောက်လာရော ရန်ကုန်သား စားလိုက်တာ ကချင်ဒူဝါကြီးတစ်ဦး ပြောဖူးသလို 'ဗိုလ်ကြီးစားတာကလဲ တို့အိမ်က ခွေးကြီး စားသလိုပဲ' ဖြစ်တော့တာပါ။ ရန်ကုန်သားက ရှမ်းတိုဟူးကျတော့ သဲသဲမဲမဲ ကြိုက်တာလေ။

ဒီလို စားနေတုန်း ငယ်ငယ်က ကြည့်ခဲ့ဖူးတဲ့ ရုပ်ရှင်ကား တစ်ကားကို ဖျတ်ခနဲ သတိရမိတယ်။ ရုတ်တရက်မို့ အမည်နာမတွေကို မပြောတတ်ပေမယ့် ဇာတ်လမ်းလေးကိုတော့ မှတ်မိနေတယ်။ မင်းသားက ဗမာ မြေပြန့်သား။ မင်းသမီးက ရှမ်း၊ တောင်ပေါ်သူ။ နာမည်က 'ခမ်း'။ ရှမ်းပြည်နယ်မှာ သူတို့နှစ်ယောက် ဆုံတွေ့ပြီး ချစ်သူတွေဖြစ်သွားကြတယ်။

အဲဒီမှာ 'ခမ်း'က သူ့ချစ်သူကို အိမ်မှာ ထမင်းဖိတ်ကျွေးတယ်။ ကျွေးတော့ ရှမ်းရိုးရာပဲပုပ်လေးက ပါလာတယ်။ အဲဒီ ပဲပုပ်ကို မင်းသားက မစားတတ်ဘူး၊ မကြိုက်ဘူး။ မင်းသမီးကလည်း သူတို့ရိုးရာ ရှမ်းပဲပုပ်လေးကိုတော့ သူ့ချစ်သူကို စားစေချင်တယ်။ အဲဒီမှာ မင်းသမီး'ခမ်း' ပြောလိုက်တဲ့စကား၊ အဲဒီစကားတစ်ခွန်းနဲ့ မင်းသားခမျာ ပဲပုပ်ကို ကြိုက်တွေ့သွားတယ်။

"ခမ်းကိုချစ်ရင် ပဲပုပ်ကိုလဲ ချစ်ရမယ်" တဲ့။

အဲ. . . ရန်ကုန်သားလည်း "ရှမ်းခေါက်ဆွဲလည်း ချစ်ရမယ်"ဆိုမယ့်သူများ တွေ့ခဲ့ရင်တော့ ရှမ်းခေါက်ဆွဲ စားဖြစ်မလား မပြောတတ်ပါဘူး။ (တစ်မျိုးမထင်ပါနဲ့၊ ရယ်စရာပြောတာပါနော်)

အဲဒီလို တောင်ကြီးရောက် ရန်ကုန်သားတစ်ယောက်ရဲ့ မလွယ်တဲ့အဖြစ်တွေကို ပြန်ပြောင်းစဉ်းစားမိနေတုန်း




ထပ်စန်းလိုက်ဂူတော် ကားရပ်နားစခန်းနှင့် အမှတ်တရပစ္စည်းဆိုင်များ



www.burmeseclassic.com

www.burmeseclassic.com



ထမ့်စန်းလိုဏ်ဂူတော် အလျှုံခံဌာနနှင့် အမှတ်တရအရောင်းဆိုင်

အခြားအခန်းက ခရီးသွားဖော်တွေကလည်း လှုပ်လှုပ်ရွရွနဲ့ နိုးထလာကြပြီမို့ မျက်နှာသစ်၊ သွားတိုက် လုပ်ရပါတော့တယ်။

ဒီလိုနဲ့ နံနက် ၆ နာရီတိတိမှာ 'ရွှေလမ်းခရီး' ဘုရားဖူး ခရီးသည် ပို့ဆောင်ရေး ယာဉ်ကြီးနှစ်စီးဟာ ချမ်းမြေ့အောင် ရှေ့ကနေ တအိအိ ထွက်ခွာလာလိုက်တာ နံနက် ၇ နာရီ မရှိတရှိမှာ ဟိုပုံးမြို့ကို စတင်ဝင်ရောက်ခဲ့ပါပြီ။ ယခုအချိန်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့ဟာ ယခင် (၅)နှစ်လောက်ကထက် ဆယ်ဆလောက် တိုးတက်ဖွံ့ဖြိုးနေတာကို ဝမ်းသာအားရ တွေ့မြင်နေရပါတယ်။ ကားလမ်းတွေကလည်း ကတ္တရာပါကော်ဇောအနက်ကြီး ခင်းထားလေရော့သလား ထင်မှားရလော ... ာင် ညီညာချောမွေ့နေပါတယ်။ ကတ္တရာလမ်းကလည်း မြေလိမ်မြွေကောက် တောင်ကိုပတ်ပြီး ဖောက်ထားတာမို့ အနက်ရောင် ဧရာမမြွေကြီးတစ်ကောင် လူးလွန့်မြူးထူးနေရော့သလား ထင်ရတယ်။

လမ်းဘေးတစ်လျှောက်မှာလည်း 'ကွေ့တိုင်း ဟွန်းတီးပါ' ဆိုတဲ့ သတိပေးဆိုင်းဘုတ်တွေကို စနစ်တကျ စိုက်ထူပေးထားပါတယ်။ လမ်းကျပ်ကျပ် ကားကျပ်ကျပ်မှာ 'စိတ်ရှည်ခွဲသန် သည်းညည်းခံ စီးရန်ဘတ်စ်ကား' ဂါထာကို နိစ္စဓူဝ ရွတ်ဖတ်သရဇ္ဈာယ်နေရတဲ့ ရန်ကုန်သားအဖို့ကတော့ အခုလို ရှင်းလင်းပြန့်ပြောတဲ့ လမ်းကြောခရီးဟာ နတ်ပြည်သွားရာ စောင်းတန်းလှေကားလို့တောင် တင်စားချီးမွမ်းမိရပါတယ်။


အခုဆိုရင် ဟိုပုံးမြို့ ကျက်သရေဆောင် သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးကို ကားလမ်းရဲ့ လက်ယာဘက်အခြမ်းမှာ လှမ်းမျှော် ဖူးတွေ့နေရပါပြီ။ ဘုရားဖူးခရီးစဉ်ရဲ့ အစီအစဉ်ထဲမှာ မပါဝင်လို့ ထင်ပါရဲ့၊ သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးကို ကားပေါ်ကပဲ ဦးတင်ကန်တော့လိုက်ရပါတယ်။ ဟိုအရင်တစ်ခေါက် လာတုန်းကတော့ ကိုယ်ပိုင်အစီအစဉ်နဲ့ လာခဲ့တာမို့ ခြေတော်ရင်းအရောက် ဖူးမြော်ကန်တော့ခွင့် ရခဲ့ပါတယ်။

အဲဒီလို ဖူးမြော်ကန်တော့ခွင့် ရတဲ့အခါ သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးရဲ့ ဂန္ဓကုဋိတိုက်တော်အတွင်း သီတင်းသုံး စံပယ်တော်မူတဲ့ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်မြတ်တို့ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါတယ်။ ပုံသဏ္ဌာန်တော် ထူးခြားတော်မူတဲ့ စေတီတော်မြတ်ကြီးကိုလည်း အားပါးတရ ဖူးမြော်ခဲ့ရတယ်။

ဟိုပုံးမြို့ ကျက်သရေဆောင် သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးရဲ့ ထူးခြားချက်တွေ အများကြီးရှိတဲ့အထဲမှာ မနုသီဟရုပ်တုတော်ကြီး နှစ်ခုကလည်း တစ်မူထူးခြားနေပါတယ်။ ဒီမနုသီဟ ရုပ်တုတော်ကြီး နှစ်ခုမှာ တစ်ခုက ဖခင် မနုသီဟဖြစ်ပြီး နောက်တစ်ခုက သားမနုသီဟ ဖြစ်ပါတယ်။ လူမျက်နှာ ပုံသဏ္ဌာန်ကလည်း ဖခင်မနုသီဟရုပ်တုရဲ့ မျက်နှာဟာ ရင့်ကျက်တည်ကြည်တဲ့အသွင်မျိုးရှိပြီး နှုတ်ခမ်းမွေးကားကားကြီးနဲ့ ဖြစ်ပါတယ်။ သားမနုသီဟရဲ့ မျက်နှာသွင်ပြင်ကတော့ ကြည်လင်နုပျိုပြီး နှုတ်ခမ်းမွေး မပါပါဘူး။ ဖခင်မနုသီဟရဲ့ ခေါင်းဆောင်းနဲ့ သားမနုသီဟရဲ့ ဦးဆောင်းတို့ကလည်း ပုံစံတစ်မျိုးစီနဲ့ ကွဲကွဲပြားပြား ထူးခြားနေပါတယ်။ ဒီလို မနုသီဟရုပ်တုပုံစံမျိုးကို အခြားနေရာတွေမှာ မတွေ့မိသေးပါဘူး။

ဖြစ်များဖြစ်နိုင်မယ်ဆိုရင်၊ အပန်းတကြီးလည်း မရှိဘူးဆိုရင် ဘုရားဖူးပို့ဆောင်ရေး ခရီးစဉ်တွေထဲမှာ ဟိုပုံးမြို့ ကျက်သရေဆောင် သီရိမင်္ဂလာရွှေချမ်းသာ မွေတော်ဘုရားကြီးကို ဝင်ရောက်ဖူးမြော်သင့်ပါတယ်။ တကယ်တော့ သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးဟာ ရှေးဟောင်းသမိုင်းဝင် ရှေးဟောင်းစေတီတော်မြတ်ကြီး ဖြစ်ပါတယ်။ သီရိမင်္ဂလာ ရွှေချမ်းသာ မွေတော်ဘုရားကြီးကို ဦးတိုက်ဖူးမြော်ပြီးတော့မှ ထမ့်စန်းလိုဏ်ဂူတော်မြတ်ကြီးဆီ သွားရောက်ဖူးမြော်တာကလည်း ပိုမိုသဘာဝကျတယ်လို့ ထင်ပါတယ်။

နောက်ပြီးတော့ ဟိုပုံးဒေသမှာ နောက်ထပ် ဖူးမြော်စရာ စေတီတော်ကြီးတစ်ဆူ ပေါ်ထွန်းတော်မူလာဦးမှာလည်း ဖြစ်ပါတယ်။ အဲဒီစေတီတော်ကြီးကတော့ 'ထမ့်စမ်း ရွှေတိဂုံပုံတူ စေတီတော်မြတ်ကြီး' ဖြစ်ပါတယ်။ အခု တည်ဆောက်နေဆဲ ရှိပါတယ်။



ထမ့်စန်းလိုဏ်ဂူတော်အား အဝေးမှ မြင်တွေ့ရပုံ



www.burmeseclassic.com

www.burmeseclassic.com

ရွှေလမ်းခရီး ဘုရားဖူးပို့ဆောင်ရေး ယာဉ်ကြီးနှစ်စီးဟာ တစ်နေရာအရောက်မှာ သာသာယာယာပဲ ရပ်တန့်လိုက်ကြတယ်။ ခရီးသည်တွေလည်း ကားပေါ်က ဆင်းကြတယ်။ အချိန်က နံနက် ၇ နာရီတိတိ ရှိပါပြီ။ ဒီနေရာမှာ နံနက်ခင်းစာ ဘရိတ်ဖတ်ကို သုံးဆောင်ကြဖို့ ရပ်ပေးတာပါတဲ့။ အခြားဘုရားဖူးပို့ဆောင်ရေး ယာဉ်ကြီးတွေလည်း လေးငါးခြောက်စီး ရပ်ထားကြပါတယ်။

ကားပေါ်က ဆင်းလိုက်တာနဲ့ စားသောက်ဆိုင်၊ သစ်သီးဆိုင်၊ စတိုးဆိုင် စတဲ့ ဆိုင်တန်းကြီးကို ကားလမ်းရဲ့ဝဲယာ တစ်ဖက်တစ်ချက်စီမှာ စည်စည်ကားကား တွေ့မြင်နေရတယ်။ နေရာလေးက နှစ်ချို့သစ်ပင်ကြီးတွေ အုပ်အုပ်ဆိုင်းဆိုင်းနဲ့ အရိပ်အာဝါသ ကောင်းလွန်းလှပါတယ်။ စိတ်ထဲမှာတော့ ဒီနေရာရဲ့ အငွေ့အသက်တစ်ခုကို ရှူရှိုက်နေရသလိုပဲ။

ဟုတ်တာပေါ့။ တကယ်က ဒီနေရာဟာ ဟိုပုံးမြို့ရဲ့ နာမည်ကျော် 'ဟိုပုံးရေထွက်' ဖြစ်ပါတယ်။ ဒါပေမယ့် ဘာကြောင့်မှန်းတော့ မသိပါဘူး။ တာဝန်ခံ ခရီးသွားလမ်းညွှန်တွေက ဟိုပုံးရေထွက်အကြောင်း လေသံဟဟ မဆိုကြသလို ခရီးသွားတွေကလည်း ဟိုပုံးရေထွက်ဘက် ခြေဦးမလှည့်ကြဘဲ စားသောက်ဆိုင်တွေ ရှိရာဆီကိုသာ အလုအယက် ထွက်ခွာသွားကြတယ်။ ဩော်. . . ဟိုပုံးရေထွက်လေး မျက်နှာငယ်လှတယ်လို့ စိတ်ထဲက ရေရွတ်မိပါရဲ့။

တကယ်တော့ ဟိုပုံးရေထွက်ဟာ ဂန္ထဝင်ဇာတ်လမ်းတွေနဲ့ ပြည့်လျှမ်းနေတဲ့ ဒဏ္ဍာရီတိုင်းပြည်လေးလို့တောင် တင်စားလောက်တဲ့ ရပ်ဝန်းတစ်ခု ဖြစ်ပါတယ်။ တစ်နည်းအားဖြင့် တောင်ကြီးမြို့သူ မြို့သားတွေ၊ ဟိုပုံးမြို့သူ မြို့သားတွေ တော်တော်များများရဲ့ နှောင်းအတိတ် ချစ်ရိပ်ပုံပြင်လေးတွေ မှေးမှိတ်ခိုနားရာ ချစ်ကွန်းသာလေးတစ်ခုလို့ ဆိုရင်လည်း မမှားပါဘူး။

ဒီလိုပြောရတာက ရမ်းသမ်း မှန်းသမ်း လျှောက်ပြောနေတာ မဟုတ်ပါဘူး။ အထောက်အထား အခိုင်အလုံရှိလို့ ပြောတာပါ။ အဲဒီအထောက်အထားကတော့ ၂၀၀၆ ခုနှစ်



ထပ်စန်းလိုဏ်ဂူတော်မှာ ဒါနပြုကြမှားသူငါ



ထပ်စန်းလိုဏ်ဂူတော် အမိုးမျက်နှာကြက် ကျောက်ပန်းဆွဲများ

နိုဝင်ဘာလထုတ် မဟေသီစာမဂ္ဂဇင်းထဲမှာ မင်းသန့်ဦး (တောင်ကြီး) ရေးသားတဲ့ 'စီးမျောအိပ်မက်' ဝတ္ထုပါပဲ။ အဲဒီဝတ္ထုထဲမှာ အခုလို ရေးထားပါတယ်။

မမဆွေ

ညီထွေးတို့ 'ဟိုပုံးရေထွက်' ဆီကို ပျော်ပွဲစားထွက်ခဲ့ကြတာကော မှတ်မိသေးသလား မမဆွေ။ ရေထွက်က စီးဆင်းလာတဲ့ စမ်းရေကြည် အေးအေးလေးတွေဟာ ချောင်းငယ်လေးအဖြစ် ရေမဲပင် အုပ်အုပ်ဆိုင်းဆိုင်းကြီးအောက်က ဖြတ်စီးသွားတာနော်။ စိန်နားပန် ပန်းချုံတွေဝိုင်းလို့ ပန်းခိုင် ဝိုင်းဝိုင်းလေး သေးသေးလေးတွေ ရောင်စုံဖူးပွင့်ကြလို့၊ ပန်းတွေဆွတ်ခူးပြီး ရေထဲမျှောလို့၊ ချောင်းရေကြည်အလျဉ်နဲ့အတူ ပန်းပွင့်လေးတွေက တစ်မျော်တစ်ခေါ် မျောပါသွားတာ ငေးကြည့်လို့ ညီထွေးရဲ့ အတိတ်ကြေးမုံပြင် အတွေးရိပ်တွေဟာ တစ်ထွေးကြီးကို ပြန်ပေါ်လာတယ် မမဆွေ။

ရေစီးကြောင်းထဲ ပေါ်လာပေါ် မျောပါသွားကြတဲ့ ပန်းပွင့်ငယ်လေးတွေလိုပါပဲ၊ အချိန်ဆိုတဲ့ ရေစီးကြောင်းထဲမှာ ပန်းပွင့်ငယ်လေးတွေနဲ့တူတဲ့ ညီထွေးတို့ မျောပါသွားကြတာပေါ့ မမဆွေ။ ရေစီးကြောင်း ချောင်းငယ်လေးတစ်လျှောက်မှာ ကျောက်တုံးကျောက်စွယ်တွေနဲ့ တိုက်ချင်လည်း တိုက်သွားကြမယ်၊ သစ်ကိုင်းသစ်ခက်ငယ်နဲ့ ချိတ်ချင်လည်း ချိတ်နေမိလိမ့်မယ်၊ ငါးလေးတွေရဲ့ အတွေ့တ်ကိုလည်း ခံချင်ခံရဦးမှာပေါ့။

ဟိုး. . . တစ်ကွေ့မှာ ရေဝဲကတော့နဲ့ တိုးပြန်တော့ တဝေ့လည်လည်နဲ့ ချာလပတ်လည်အောင်မူးဝေကြရပြန်ရော။ လူ့ဘဝကြီးကလည်း ဒီအတိုင်းပါပဲလေ။



www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ဆိုတာလည်း ရေစီးကြောင်းလိုပါပဲ မမဆွေ။ ဘဝဆိုတာလည်း အချိန်လို၊ အိပ်မက်လို တစ်ဘဝ မပြီးဆုံးမချင်း စီးမျောနေကြရတာပဲ နော်။ တွေ့ကြ၊ ဆုံကြ၊ ချစ်ကြ၊ မုန်းကြ၊ ခွဲခွာကြရနဲ့။ စီးမျောနေကြရတာချင်း အတူတူ ညီထွေးကတော့ စီးမျောအိပ်မက်ကို ကြိုက်တယ်။ မမဆွေကော· ဘာကိုကြိုက်သလဲ ဟင်။

◆

အဲဒါ ဟိုပုံးရေထွက် ရေမဲပင်ကြီးရိပ်က နှောင်းအတိတ်ခြေရာလေးတွေ ဖြစ်ပါတယ်။ ဟိုပုံးရေထွက်သမိုင်းလို့ ပြောရင်လည်း ရပါတယ်။

ဒီနေရာမှာ 'ရေထွက်' ဆိုတဲ့ ဝေါဟာရနဲ့ပတ်သက်ပြီး ခဏလောက် ရှင်းပြချင်ပါတယ်။ ဒီ'ရေထွက်'ဆိုတဲ့ ဝေါဟာရကို ရန်ကုန်သူ၊ ရန်ကုန်သားတွေ၊ မြေပြန့်သူ၊ မြေပြန့်သားတွေက နားစိမ်းနေမှာစိုးလို့ပါ။ 'ရေထွက်' ဆိုတာ ကျောက်ကြို ကျောက်ကြားကပဲဖြစ်ဖြစ်၊ မြေအလွှာထဲကပဲဖြစ်ဖြစ် ရေစိမ့်ထွက်လာတဲ့ နေရာကို ခေါ်ဝေါ်တဲ့ ဝေါဟာရ ဖြစ်ပါတယ်။ ဒီလို ရေထွက်မျိုးတွေဟာ တချို့ မြေပြန့်ဒေသတွေမှာ ရှိနေတတ်ပေမယ့် နည်းပါတယ်။ တောင်ပေါ်ဒေသတွေမှာတော့ ပေါပါတယ်။ လူတို့ရဲ့ လုံ့လ ပယောဂနဲ့ မဟုတ်ဘဲ သဘာဝအလျောက် စိမ့်ထွက်လာတဲ့ ရေထွက်တွေကို ရှမ်းပြည်နယ်၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ မွန်ပြည်နယ်စတဲ့ တောတောင်လျှိုမြောင် ထူထပ်ပေါများတဲ့ အရပ်တွေမှာ အများအပြား တွေ့ရှိနိုင်ပါတယ်။

အခု ဟိုပုံးရေထွက် ဆိုတာကလည်း အဲဒီလို ကျောက်ကြိုကျောက်ကြားကနေ သဘာဝအလျောက် စိမ့်ထွက်လာတဲ့ ရေထွက်တစ်ခု ဖြစ်ပါတယ်။ အဲဒီ ရေထွက်အပေါ်မှာ ကြီးမားထွင့်ပျံ့နေတဲ့ 'ရေမဲပင်ကြီး' ကလည်း အုပ်ဆိုင်းနေပါတယ်။ အခုအခါမှာတော့ ဆရာမင်းသန့်ဦး (တောင်ကြီး)ရဲ့ 'စီးမျောအိပ်မက်' ဝတ္ထုထဲကလို ရောင်စုံဖူးပွင့်နေတဲ့ စိန်နားပန် ပန်းချုံတွေကိုတော့ မတွေ့မိသလိုပါပဲ။

နောက်ပြီးတော့ ရေထွက်ရဲ့ ရေထွက်အားကလည်း ရာသီဥတု အခြေအနေကြောင့် ထင်ပါရဲ့၊ ရေထွက်အား သိပ်ကောင်းလှဘူး။ ဟိုအရင် ၂၀၀၉ ခုနှစ် မေလအတွင်းမှာ ရောက်ခဲ့တုန်းကတောင် ရေတဝေါဝေါနဲ့ တသွင်သွင်စီးဆင်းနေတာ တွေ့ခဲ့ရသေးတယ်။ အခုတော့ ရေထွက် အားနည်းပြီး ပတ်ဝန်းကျင် အနေအထားကလည်း ခြောက်သွေ့နေသလို ခံစားရတယ်။

ဟိုယခင်တုန်းကတော့ ဟိုပုံးရေထွက် အနီးတစ်ဝိုက်မှာ ကျားတွေတောင် ခိုအောင်းနေထိုင်တတ်ကြတယ်။ ရေထွက်ကျောပေါ်က အမြင့်ပေ(၁၀၀)လောက်မှာ အုပ်မိုးနေတဲ့ ကျောက်ဖျာကြီးတွေ ရှိတယ်။ အဲဒီကျောက်ဖျာပေါ်မှာ ကျားကြီးတွေ နေပူစာလှုံနေလေ့ ရှိတတ်ပါတယ်။ ရေထွက်ချောင်းရေအလျဉ်မှာ ငါးရောင်စုံလေးတွေလည်း ကူးခပ်နေလေ့ရှိပါတယ်။ အဲဒီ ငါးရောင်စုံလေးတွေနဲ့အပြိုင် လူတွေကလည်း ကူးခပ်ပျော်မြူးလေ့ ရှိပါတယ်။

အခုတော့ ဟိုပုံးရေထွက်ဟာ ဆေးသားပျက်ပြယ်နေတဲ့ ပန်းချီကားတစ်ချပ်လို ကြုံလှီဖျော့တော့နေရော့သလားထင်ရတယ်။ လူတွေကလည်း ဟိုပုံးရေထွက်ကို ဒဏ္ဍာရီထဲမှာပဲ ထားရစ်ခဲ့ကြပြီလား မပြောတတ်ပါဘူး။ တကယ်တော့ ဟိုပုံးရေထွက်ဟာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ အခါသမယမှာ နတ်ဘုံနတ်နန်းပမာ ဖြစ်လာသင့်တယ်လို့ ယူဆမိပါတယ်။ ဟိုပုံးမြို့ပြဒေသဟာ ယခင်ကထက် ဆယ်ဆလောက် ဖွံ့ဖြိုးတိုးတက်လာတာကို မုဒိတာပွားမိပေမယ့် ဟိုပုံးရေထွက်ရဲ့ သဘာဝ အရင်းအမြစ် အလှတရားတွေ ဆိတ်သုဉ်းပြီး ဥပေက္ခာနယ်မြေဘဝမျိုး ရောက်နေတာကိုတော့ အလွန့်အလွန် ဝမ်းနည်းမိရတယ်။

ဟိုပုံးမြို့ဟာ စိုက်ပျိုးရေးစွမ်းအား မခေလှတဲ့ မြို့တစ်မြို့ ဖြစ်ပါတယ်။ လယ်မြေ (၁၆၅၅၂)ဧက၊ ယာမြေ (၃၆၄၁၂)ဧက၊ ဥယျာဉ်မြေ (၁၅၄၆၇)ဧက၊ တောင်ယာမြေ (၁၅၉)ဧက တို့နဲ့အတူ စိုက်ပျိုးရေးစွမ်းအား အရှိန်အဟုန်ကောင်းတဲ့ ဟိုပုံးမြို့မှာ စပါး၊ ပြောင်း၊ မြေပဲ၊ ချင်း၊ ကြံ၊ ကြက်သွန်ဖြူ၊ အာလူး၊ ငရုတ်၊ ပဲမျိုးစုံ တို့ကို စိုက်ပျိုးထုတ်လုပ်ပါတယ်။ ဒေသတွင်း ဝမ်းစာဖူလုံတဲ့အပြင် ပိုလျှံတာတွေကို တင်ပို့ရောင်းချနိုင်ပါတယ်။ ဟိုပုံးမြို့နယ် ဆည်မြောင်းဦးစီးဌာနက မြို့မရေလွှဲဆည်၊ နန့်ပေါင်လင်းရေလွှဲဆည်၊ နန့်ခွီးရေလွှဲဆည်၊ နန့်မဲသာရေလွှဲဆည်တွေကို ထိန်းသိမ်းပြီး စိုက်ပျိုးရေးစွမ်းအားကို ပံ့ပိုးမြှင့်တင်ပေးနေပါတယ်။

ဒီလို ရေခံ မြေခံ သဘာဝအခြေခံ သယံဇာတ ကြွယ်ဝလှတဲ့ ဟိုပုံးမြို့မှာ ဂန္ထဝင်မြောက် အလှရတနာတစ်ပါးဖြစ်တဲ့ ဟိုပုံးရေထွက် စိမ်းလန်းစိုပြည်ရေးနဲ့ တည်တံ့ခိုင်မြဲရေးအတွက် မမေ့မလျော့ မပေါ့မဆ သတိတရားထားပြီး အချိန်မီဆောင်ရွက်သင့်ပါတယ်။ ပြည်တွင်း ပြည်ပက လာရောက်ကြတဲ့ ဧည့်သည်မိတ်ဆွေတွေကို ဟိုပုံးရေထွက် ရေမဲပင်ကြီး အရိပ်မှာ အမှတ်တရပုံရိပ်လေးတွေ ခတ်နှိပ်ပေးနိုင်ခြင်းအားဖြင့် ဟိုပုံးမြို့ စည်ပင်ဖွံ့ဖြိုးရေးအတွက် တစ်တပ်တစ်အား ပါဝင်နိုင်ပါစေလို့ ရှမ်းပြည်ရောက် ဧည့်သည်တစ်ဦးအနေနဲ့ ဆန္ဒပြုမိပါတယ်။


အခုတော့ ခရီးသွားဧည့်သည်တွေဟာ ဟိုပုံးရေထွက်ကို ဥပေက္ခာပြုပြီး စားသောက်ဆိုင်အသီးသီးမှာ ပျော်ပြုံးကြည်နူးစွာ စားသောက်နေကြတယ်။ သူတို့ဆီက ထွက်ပေါ်လာတဲ့ ရယ်မောသံတွေဟာ ဟိုပုံးရေထွက် ရေစီးသံသဲ့သဲ့ကို ဖုံးလွှမ်းဝါးမျိုပစ်လိုက်ကြတယ်။ ဆရာမင်းသန့်ဦး(တောင်ကြီး)ရဲ့ ဇာတ်ကောင် ညီထွေးနဲ့ မမဆွေတို့သာ ဟိုပုံးရေထွက်ရဲ့





www.burmeseclassic.com

www.burmeseclassic.com



ထမ့်စန်းလိုဏ်ဂူတော်မှ ခုနစ်ရက်သားသမီး အလှူခံငွေဗလားများ

ပကတိအခြေအနေကို မြင်သိခွင့် ရခဲ့ရင် ဘာတွေများ ပြောဦးမလဲလို့ နားထောင်ချင်ပါသေးတယ်။

ဒီလိုနဲ့ပဲ ရယ်ရယ်မောမော ပြုံးပြုံးပျော်ပျော်နဲ့ ဟိုပုံးရေထွက်ကို နှုတ်မဆက်ဘဲ ဥပေက္ခာနှလုံးသားတွေ ကိုယ်စီပိုက်ပြီး ခရီးဆက်လက် ထွက်ခွာလာကြတယ်။

မိမိသည်သာပဲ ကိုယ့်အသည်းထောင့် တစ်နေရာမှာ စွဲဝင်ငြိတွယ်နေတဲ့ 'စီးမျောအိပ်မက်' ထဲက ဟိုပုံးအလှ ရတနာတစ်ပါးကို တီးတိုးညင်သာ နှုတ်ဆက်ခဲ့ရပါတယ်။

"နေရစ်ပေဦးတော့ ဟိုပုံးရေထွက်လေးရေ ကံမကုန်သေးလို့ အကြောင်းအလှည့် သင့်ခဲ့ရင် မျက်နှာငွေလ ရွှင်ပပကို မြင်ရချင်ပါသေးတယ်"

ဟိုပုံးကနေ ထွက်လာခဲ့တာ နံနက် ၇ နာရီ ၄၅ မိနစ်မှာ ဖြစ်ပါတယ်။ ဘယ်ကို ဦးတည်နေတာလဲ ဆိုတော့ 'ထမ့်စန်း. . . သို့' ဖြစ်ပါတယ်။

ထမ့်စန်းဆိုတာက ဟိုပုံးမြို့အရှေ့ဘက် ငါးမိုင်လောက်အကွာမှာ ရှိတဲ့ ယနေ့ ကမ္ဘာကျော် သဘာဝထုံးကျောက်လိုဏ်ဂူတော်ကြီး ဖြစ်ပါတယ်။ ဘုရားဂူလို့လည်း နာမည်ကျော်ပါတယ်။ သဘာဝထုံးကျောက် လိုဏ်ဂူတော်ကြီးတစ်ခုလုံး ဗုဒ္ဓမြတ်စွာ ရုပ်ပွားဆင်းတုတော်တွေနဲ့ ပြည့်နေတာမို့ 'ဘုရားဂူ' လို့ ခေါ်တာဖြစ်ပါတယ်။

နောက်တစ်မျိုး ခေါ်တာကတော့ 'ဟတ္ထိပါလလိုဏ်ဂူတော်' ဖြစ်ပါတယ်။ ပအို့ဝ်ဘာသာနဲ့ 'မေတ္တာ့ခမ်းတန်ဟတ္ထိပါလထမ်းမျတ်' လို့ ခေါ်ပါတယ်။

ဒီလိုဏ်ဂူတော်ကြီးကို 'ဟိုပုံးကိုရင်လေး အရှင်ပေါရိသ'က ဦးဆောင်ပြီး ဗုဒ္ဓဘာသာဝင် သူတော်စင်တို့နဲ့အတူ ဖော်ထုတ်မွမ်းမံခဲ့ကြတာ ဖြစ်ပါတယ်။ ထမ့်စန်း လိုဏ်ဂူတော်ကြီးရဲ့ ပန္နက်တော်တင်မင်္ဂလာကို ၂၀၀၉ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် (ပြည်ထောင်စုနေ့)မှာ ဆင်ယင်ကျင်းပခဲ့ပါတယ်။ ဒါကြောင့် ပန္နက်တော်တင်မင်္ဂလာ စတင်ကျင်းပရာ ခုနှစ်သက္ကရာဇ်ကနေ စတင်ရေတွက်လိုက်ရင် ၂၀၁၄၊ ဖေဖော်ဝါရီ ၁၂ ရက်မှာ ငါးနှစ်တင်းတင်း ပြည့်ခဲ့ပါပြီ။ လိုဏ်ဂူတော်ကြီးရဲ့ သက်တမ်းကတော့ နှစ်ပေါင်း ထောင်နဲ့သောင်းနဲ့ချီ ရှိခဲ့ပြီလို့ မှတ်သားဖူးပါတယ်။

ထမ့်စန်းလိုဏ်ဂူတော်ကြီးဟာ ကျောက်စာဂူ၊ ဘုရားဂူ၊ ဂမ္ဘီရဂူ ဆိုတဲ့ သဘာဝလိုဏ်ဂူကြီး သုံးခု ဖိုခုံလောက်ဆိုင် (ဖိုခနောက်ဆိုင်) တည်ရှိနေပါတယ်။ နောက်ထပ် ရသေ့ဂူ ဆိုတဲ့ ဂူတစ်လုံးလည်း ရှိပါသေးတယ်။

အခု သွားနေကြတာ အဲဒီသဘာဝထုံးကျောက် လိုဏ်ဂူတော်ကြီးများ တည်ရှိရာဆီ သွားနေကြတာ ဖြစ်ပါတယ်။

တကယ်တော့ အခုလိုထင်ရှားကျော်ကြားတဲ့ သဘာဝလိုဏ်ဂူကြီးတွေဟာ မြန်မာမှာရော ကမ္ဘာမှာပါ အများအပြား တည်ရှိကြပါတယ်။ ဒီလို ထင်ရှားကျော်ကြားတဲ့ သဘာဝလိုဏ်ဂူကြီးတွေကို အကြောင်းအမျိုးမျိုးပေါ်မှာ အမှီပြုပြီး အသွင်သဏ္ဌာန်အမျိုးမျိုးနဲ့အသုံးပြုကြတယ်။ စစ်ရေးအတွက်၊ နိုင်ငံရေးအတွက်၊ သုတေသန နည်းပညာတွေ စူးစမ်းရှာဖွေတီထွင်ထုတ်လုပ်ရေးအတွက် စတဲ့ နယ်ပယ်အသီးသီးဟာ လိုဏ်ဂူကြီးတွေနဲ့ ဆက်နွယ်ပတ်သက်နေတာကို စာအုပ်စာတမ်းတွေမှာပဲဖြစ်ဖြစ်၊ ရုပ်ရှင်တွေထဲမှာဖြစ်ဖြစ်၊ အင်တာနက်က တစ်ဆင့်ပဲဖြစ်ဖြစ် သိရှိလေ့လာနိုင်ပါတယ်။

ဆိုလိုတာက ကမ္ဘာ့တိုင်းပြည်အသီးသီးမှာ သူ့နည်းသူ့ဟန်နဲ့ လိုဏ်ဂူတွေကို ဘယ်လိုပင် အသုံးပြုကြသည်ဖြစ်စေ မြန်မာနိုင်ငံတော်နဲ့တကွ ဗုဒ္ဓသာသနာတော် ထွန်းကားရာ အာရှနိုင်ငံတွေမှာတော့ လိုဏ်ဂူတွေကို သာသနာရေးနဲ့ ပတ်သက်တဲ့ ကိစ္စတွေမှာသာ အများဆုံး မွန်မွန်မြတ်မြတ် အသုံးပြုကြတာ ဖြစ်ပါတယ်။ အိန္ဒိယမှာဆိုရင် အာဂျန္တာနဲ့ အာလိုရာ လိုဏ်ဂူကြီးတွေ၊ အာရှတိုက်အလယ်ပိုင်းက တုံဟွမ်းနဲ့ မေချိုရှန် လိုဏ်ဂူကြီးတွေဟာ ဗုဒ္ဓသာသာနဲ့ ပတ်သက်ပြီး အလွန်ထင်ရှားတဲ့ လိုဏ်ဂူကြီးတွေပါ။ သီရိလင်္ကာ (သီဟိုဠ်) နိုင်ငံမှာဆိုရင် သာသနိက လိုဏ်ဂူတော်ပေါင်း (၁၂၀၀) ကျော် ရှိပါတယ်။

ပထမသင်္ဂါယနာ တင်တော်မူရာ အိန္ဒိယနိုင်ငံက သတ္တပဏ္ဏိ လိုဏ်ဂူတော်ကြီးဆိုရင် ဗုဒ္ဓသာသနာတော်မှာ အထင်ရှားဆုံး ဖြစ်တော်မူသလို မြန်မာနိုင်ငံက ဆဋ္ဌသင်္ဂါယနာ တင်တော်မူရာ ကမ္ဘာအေး မဟာပါသာဏ လိုဏ်ဂူတော်ကြီးဆိုရင်လည်း ကမ္ဘာပေါ်မှာ ထင်ပေါ်ကျော်ကြားတော်မူတဲ့ သာသနာရေးဆိုင်ရာ လိုဏ်ဂူတော်ကြီး ဖြစ်ပါတယ်။


မြန်မာနိုင်ငံ အနှံ့အပြားမှာ တည်ရှိနေတဲ့ ပင်းတယလိုဏ်ဂူ၊ မြင်းမထိလိုဏ်ဂူ၊ ဘုရင့်ညီဂူ၊ ဆဒ္ဒန်ဂူ၊ ဖိုးဝင်းတောင်၊ အလောင်းတော်ကဿပ စတဲ့ လိုဏ်ဂူတော်ကြီးတွေဟာလည်း အင်မတန် ကြီးကျယ်ခမ်းနား မွန်မြတ်လှတဲ့ သာသနာ့သမိုင်းဝင် လိုဏ်ဂူတော်ကြီးတွေပဲ ဖြစ်ပါတယ်။ ကျောက်ဆည်ကိုးခရိုင် မြင်စိုင်းမြို့ဟောင်းဘက်မှာ ဆိုရင်လည်း





www.burmeseclassic.com

www.burmeseclassic.com



သဘာဝကျောက်လိုဏ်ဂူကြီးတွေထဲမှာ ဗုဒ္ဓရုပ်ပွားတော်မြတ်တွေကို တည်ထားကြတာ အံ့မခန်း ဖူးမြော်တွေ့မြင်နိုင်ပါတယ်။

ဒီလို သဘာဝအလျောက် ပေါ်ပေါက်နေတဲ့ လိုဏ်ဂူတော်ကြီးတွေ ရှိသလို လူတို့စွမ်းအားနဲ့ ဖန်တီးပြုလုပ်ထားတဲ့ လိုဏ်ဂူတွေလည်း အများအပြား ရှိပါသေးတယ်။ ဆိုပါတော့ ပုဂံက သဗ္ဗညုတို့၊ မဟာဗောဓိ ... အာနန္ဒာတို့၊ ကျန်စစ်သားဥမင်တို့ စတဲ့ ပုထိုးတော်၊ စေတီတော်ကြီးတွေဟာ လူတို့စွမ်းအားနဲ့ ဖန်တီးပြုလုပ်ထားတဲ့ လိုဏ်ဂူတော်ကြီးတွေ ဖြစ်ပါတယ်။

လိုဏ်ဂူတွေကို လူသားတွေဟာ ဘယ်ခေတ် ဘယ်အခါကတည်းက အသုံးပြုခဲ့ကြသလဲဆိုတဲ့ မေးခွန်းကို အဖြေရှာရမှာတော့ ယေဘုယျအားဖြင့် ကျောက်ခေတ်မှာ စတင်ခဲ့တယ်လို့ ဆိုပါတယ်။ အဲဒီခေတ်မှာ လူသားတွေ မှီတင်းနေထိုင်ရာအဖြစ် အသုံးပြုခဲ့ကြတာပေါ့။ ဘာသာရေးနဲ့ ပတ်သက်ပြီး လိုဏ်ဂူတော်ကို စတင်အသုံးပြုခဲ့တဲ့ အထောက်အထားတွေကိုတော့ 'ဝေဒခေတ်ဦး' လောက်မှာ လေ့လာတွေ့ရှိရတယ်လို့ သုတေသီ ပညာရှင်တွေက ဆိုပါတယ်။

ပတ်ဝန်းကျင်တစ်ခွင်မှာ ပြာရီမှိုင်းကာ သွယ်ပြာညို့မှိုင်းနေတဲ့ တောင်ပြာတန်းတွေကို ရှုမျှော်ကြည့်ရင်း လိုဏ်ဂူတွေနဲ့ စပ်မိစပ်ရာလေးတွေကို တွေးတော[illegible]ခဲ့တာပါ။

အဲဒီလို ငေးမောတွေးတောလို့ ဟောင်းနေတုန်းမှာပဲ ခြိမ့်ကနဲ စီးနင်းလိုက်ပါလာတဲ့ မော်တော်ယာဉ်ကြီးဟာ အရှိန်လျှော့လိုက်ပြီး ကားလမ်းရဲ့ လက်ဝဲဘက်ကို ဖဲ့ဆင်းသွားတာ သတိထားလိုက်မိတယ်။ သိပ်မကြာလိုက်[illegible] သပ်သပ်ရပ်ရပ် သစ်သစ်လွင်လွင် ဆောက်လုပ်ထားတဲ့ ဆိုင်ခန်းတွေကို ဘွားခနဲ တွေ့လိုက်ရပြီး 'ကဲ. . . ထမ့်စန်း ရောက်ပါပြီခင်ဗျာ' ဆိုတဲ့ ကြေညာသံကို ကြားလိုက်ရတယ်။

ဩော်. . . ထမ့်စန်းကို ရောက်ခဲ့ရပြန်ပြီပဲ။

အခု မြင်တွေ့နေရတဲ့ ထမ့်စန်းကတော့ ယခင် ငါးနှစ်လောက်တုန်းက တွေ့ခဲ့ရတဲ့ ထမ့်စန်းနဲ့ လုံးဝခြားနား ပြောင်းလဲနေပါပြီ။ ကျောက်တုံး၊ ကျောက်ခဲ၊ ကျင်းချိုင့်တွေနဲ့ ခယောင်းတောဆန်ခဲ့တဲ့ ထမ့်စန်းဂူ အဝင်လမ်းဟာ အခုတော့ အနက်ရောင် ကတ္တရာပါကော်ဇောကြီး နှစ်ချပ် ခင်းထားသလို အဝင်တစ်လမ်း၊ အထွက်တစ်လမ်းနဲ့ ဖြောင့်တန်းချောမွေ့နေတယ်။

လမ်းအလယ်ကျွန်းဟာလည်း စိမ်းစိုပွင့်လန်းနေတဲ့ ရောင်စုံပန်းတွေနဲ့၊ လှလှပပ အဆင်တန်ဆာတွေနဲ့ သာယာတင့်မောဖွယ် ကောင်းနေပါတယ်။ လူငယ်၊ လူရွယ်မောင်မယ်တွေကတော့ အံ့မခန်း သာမောတင့်တယ်နေတဲ့ ထမ့်စန်းဂူ အဝင်လမ်းမှာ အမှတ်တရ ဓာတ်ပုံတွေကို စတိုင်အမျိုးမျိုးနဲ့ အားရပါးရ ရိုက်နေလိုက်ကြတာ ပျော်စရာကောင်းလှတယ်။

ခပ်လှမ်းလှမ်းမှာ မြင်တွေ့နေရပြီဖြစ်တဲ့ ထမ့်စန်းလိုဏ်ဂူတော်ကြီးဟာလည်း တည်ငြိမ်ခံ့ညားတဲ့ အသွင်သဏ္ဍာန်တော်နဲ့ မေတ္တာဓာတ်တွေ ပို့လွှတ်ပြီး ဆီးကြိုနေတော်မူပါတယ်။

ဩော်. . . ရောက်ခဲ့ရပြန်ပြီလေ ထမ့်စန်း သာသနာ့အောင်မြေလို့ ရင်ထဲကနေ တီးတိုးဆိုမြည်နေမိရပါတယ်။

မေတ္တာရည်လျက်. . .

**တက္ကသိုလ်တင်ဟန်ကျော်**


❑

www.burmeseclassic.com

ရွှေတောင်မြို့မှ စေတီစေတီငယ် တန်ခိုးကြွယ်လှသော

# အဘအောင်မင်းခေါင်စေတီ

တက္ကသိုလ်မျိုး




အောင်မင်းခေါင်စေတီတော်အား အနီးကပ်ဖူးမြင်ရပုံ

စာရေးသူတို့မိသားစု ဒုတိယအကြိမ် ဗုဒ္ဓဂယာ ဘုရားဖူးခရီး (၁၅ ရက်ခရီး) ထွက်ခဲ့ရာမှ ခင်မင်ရင်းနှီးခဲ့ရသော ဒေါ်ဒေါ်လီလှရွှေသည် စာရေးသူတို့ မိသားစု ဖွင့်လှစ်ထားသော ဟိုင်းမင်းသက်န်းဆိုင်၌ အလှူအတန်းလုပ်သည့်အခါ တိုင်း သင်္ကန်းများကို ဝယ်ယူအားပေးခဲ့သည်။ ဘုရားဖူးခရီး ထွက်ရာမှ ခင်မင်ခဲ့ကြသော ဓမ္မမိတ်ဆွေတို့သည် မြန်မာပြည် ပြန်ရောက်ပြီးနောက်လည်း ရှေးဘဝရေစက်ကြောင့် လည်းကောင်း၊ ပဋ္ဌာန်းဆက်ကြောင့် လည်းကောင်း ရင်းရင်းနှီးနှီး ဆက်လက်၍ ဆက်ဆံပေါင်းဖက်ခဲ့ကြသည်။

ဒေါ်ဒေါ်လီသည် မဂိုလမ်း ခေါ် ရွှေဘုံသာလမ်း၌ ယိုးဒယားစားသောက်ဆိုင်ကြီးကို ခမ်းခမ်းနားနား ဖွင့်လှစ်ထားခဲ့သည်။ ၂၀၁၀ ပြည့်နှစ် ဘုရားဖူးခရီးထွက်စဉ်က ဒေါ်ဒေါ်လီ၏ ခင်ပွန်းသည် ရဟန်းဝတ်လျက် ဘုရားဖူးခရီးကို ကြွတော်မူခဲ့သည်။ ဒေါ်ဒေါ်လီ၏ခင်ပွန်း ဦးကြည်လွင်သည် ဘုရားဖူးခရီးမှပြန်ပြီး နောက်နှစ်နှစ်ခန့်အကြာ၌ ကွယ်လွန်ခဲ့သည်။

ထို့ကြောင့် ဒေါ်ဒေါ်လီသည် ခင်ပွန်းသည် ရှိစဉ်ကပင် သာသနာပြုလုပ်ငန်းများ လှူဒါန်းခဲ့ရာ ရွှေတောင်မြို့၌ သိမ်ကျောင်းတော်တစ်ဆောင် ခမ်းခမ်းနားနား တည်ဆောက်လျက် ခင်ပွန်းဖြစ်သူအား ရည်စူးလှူဒါန်းခဲ့လေသည်။ သိမ်ကျောင်းတော်နှင့် အခြားကုသိုလ်ကောင်းမှု အစုစုတို့အား ရေစက်ချပွဲ၊ ဆရာတော်များကို သိက္ခာထပ်ပွဲ၊ ဒုလ္လဘရဟန်း ဆယ်ပါးကို မြင့်မြတ်သော ရဟန်းဘောင် သွတ်သွင်းပွဲ ကုသိုလ်တော်ကို (၂၉. ၆. ၂၀၁၄) ရက်နေ့တွင် ပြုလုပ်ရန်



ရွှေတောင်ကြီးပဟာ တောင်ထိပ်၌တည်ထားသော စေတီတော်နှင့် စိမ်းလန်းစိုပြည်သော တောင်ထိပ်များ၌တည်ထားသော စေတီငယ်များ

www.burmeseclassic.com

www.burmeseclassic.com



အောင်မင်းခေါင်စေတီတော်အား ဖူးမြင်ရပုံ



အဘကောင်းမှုစေတီတော်အား အနီးကပ်ဖူးမြင်ရပုံ




အဘိုးမင်းခေါင် ရုပ်လုံတော်ထားသောစေတီတော်



သိမ်တော်ဝင်း ဆွမ်းဘုဉ်းပေးဟန် မြတ်စွာဘုရားရုပ်ပွားတော်

www.burmeseclassic.com



အာရုံခံတန်ဆောင်းအတွင်းရှိ တရားဦးဓမ္မစကြာဟောဟန် မြတ်ဘုရားရုပ်ပွား

သတ်မှတ်ပြီး စာရေးသူတို့ ဇနီးမောင်နှံအား ရွှေတောင်မြို့သို့ လိုက်ပါရန် ဖိတ်စာဖိတ်ရင်း ဖိတ်ခေါ်ခဲ့သည်။

အလှူရက်မှာ (၂၉. ၆. ၂၀၁၄)နေ့ဖြစ်ပြီး အလှူရက် မတိုင်မီ (၂၈. ၆. ၂၀၁၄)ရက်နေ့၌ ရွှေဘုံသာလမ်းရှိ ဆိုင်သို့ အရောက်လာရန်နှင့် သီးသန့်ကားကိုလည်း စီစဉ်ထားကြောင်း ပြောဆို၍ ကိုယ်တိုင်လာရောက် ဖိတ်ကြားလေသည်။

စာရေးသူတို့အနေနှင့် ဒေါ်ဒေါ်လီ ဖိတ်ကြားမှုကို အလုပ်မအားသည့်ကြားမှ လိုက်ပါသာမုခေါ်မည်ဖြစ်ကြောင်း ကတိစကား ဆိုလိုက်သည်။ ခင်မင်ရင်းနှီးသော မိတ်ဆွေများ ဖြစ်၍ ခရီးဝေးသော်လည်း စာရေးသူတို့ ဇနီးမောင်နှံ လိုက်ပါရန် ဆုံးဖြတ်လိုက်ရခြင်း ဖြစ်ပေသည်။


❖

(၂၈. ၆. ၂၀၁၄) ရက်နေ့ ညနေ ၅ နာရီအရောက် ဒေါ်ဒေါ်လီ၏ဆိုင်သို့ စာရေးသူတို့ ရောက်ရှိသောအခါ ဆိုင်အပြည့် လူလေးဆယ်ကျော်ခန့် ရွှေတောင်မြို့၌ ကျင်းပမည့် သိမ်ကျောင်းတော် ရေစက်ချပွဲသို့ လိုက်ပါရန် စုဝေးရောက်ရှိနေကြသည်။ ဒေါ်ဒေါ်လီ၏ညီမ ဒေါ်မော်လီသည် စာရေးသူတို့အား ကြိုဆိုဧည့်ခံပြီး ဤခရီးအတွက် သီးသန့်ယာဉ်ငယ် တစ်စီး (တိုယိုတာမှန်လုံကား) စီစဉ်ထားကြောင်း၊ ဒေါ်ဒေါ်လီမှာ ရွှေတောင်မြို့သို့ ကြိုတင်သွားရောက်ပြီး အလှူအတွက် အကျွေးအမွေး ကိစ္စများ၊ ရပ်ဝေးမှလာမည့် ဧည့်သည်များအတွက် နေရေးထိုင်ရေး ကိစ္စများ၊ အပြင်အဆင် ကိစ္စများ ဆောင်ရွက်ရန် စီစဉ်နေကြောင်း၊ စာရေးသူတို့သည် ညဉ့်နက်ပိုင်းတွင် ရွှေတောင်မြို့သို့ ရောက်မည်ဖြစ်ပြီး Golden Guest ဟိုတယ်၌ အခန်းစီစဉ်ထားကြောင်း ရှင်းပြပြီး စာရေးသူတို့အား မော်တော်ယာဉ်ငယ်ပေါ်သို့ ပို့ဆောင်ပေးခဲ့သည်။

အလှူသွားရောက်ကြမည့် ကျန်သောသူများကိုလည်း ခေတ်မီအဲယားကွန်း လေအိတ်ကားကြီးတစ်စီး စီစဉ်ထားကြောင်းလည်း သိရသည်။ ထိုကားနှင့် လိုက်ပါမည့်ဧည့်သည်များမှာ ဒေါ်မော်လီနှင့် ၂၀၁၃ ခုနှစ်တွင် ဗုဒ္ဓဂယာဘုရားဖူး ထွက်ခဲ့ဖူးသော ဘုရားဖူးမိတ်ဆွေများဖြစ်ကြောင်း နောင်မှ သိရသည်။ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်၌ အတူတကွ ဘုရားဖူး ထွက်ခဲ့ကြသည့် ဓမ္မမိတ်ဆွေများသည် အများအားဖြင့် (၁၂) ရက်ခရီး (၁၅)ရက်ခရီး အတူတကွ ရက်ရှည်သွားရောက်ရခြင်းကြောင့် ယခင်က မတွေ့ဖူး၊ မဆက်ဆံဖူးကြသော်လည်း ဘုရားရှင် ပွင့်တော်မူရာ မဇ္ဈိမဒေသမှ အပြန်ခရီး၌ ရင်းနှီး ခင်မင်ခဲ့ကြသည်မှာ နှေးနှစ်ပေါင်း များစွာက မိတ်ဟောင်း ဆွေဟောင်းများပမာပင် ဖြစ်တော့သည်။

ခြွင်းချက်အနေနှင့်ကား ဘုရားဖူးခရီး၌ တစ်ယောက်နှင့်တစ်ယောက် ဂုဏ်ပြိုင်မှု၊ တစ်ယောက်နှင့်တစ်ယောက် အပြိုင်အခန်းဦးမှု၊ ကားအတက်အဆင်း၌ အပြိုင်လုယက်ဆင်းတက်မှု စသည့် မပြောပလောက်သော မကျေနပ်မှုများ အပေါ် ရန်ပွားကာ မခေါ်နိုင် မပြောနိုင်ကြသူ တချို့လည်း ရှိပါသည်။ အများအားဖြင့်ကတော့ မြတ်စွာဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါတရားစိတ်ကို အရင်းခံ၍ ခင်မင်ခဲ့သူများက တော့ အတော်ပင်များလှသည်။ တချို့ဘုရားဖူးသည့် အသင်းအဖွဲ့လေးများပင် ဖွဲ့စည်း၍ မကြာခဏ တွေ့ဆုံကြ၊ မိတ်ဆုံစားကြနှင့် အခင်အမင်မပျက် ဆက်ဆံခဲ့ကြသည်။

ယခု မော်တော်ယာဉ်ကြီးပေါ်၌ လိုက်ပါကြမည့် ဒေါ်မော်လီ၏ ဗုဒ္ဓဂယာဘုရားဖူး မိတ်ဆွေများသည် နောက်ကြပြောင်ကြနှင့် ဆွေမျိုးပမာ ရင်းနှီးကြသည်ကို ကြည့်ရင်း စာရေးသူ မုဒိတာပွားနေမိသည်။ ဗုဒ္ဓဂယာ ဖွား၊ ပွင့်၊ ဟော၊



ဒီပင်္ကရာဘုရားနှင့် ရဟန္တာများ ဆွမ်းခံကြွစဉ် ဂေါတမဘုရားအလောင်းတော် သုမေဓာရသေ့ ဘုရားဆုပန်နေပုံ

www.burmeseclassic.com


စံ သံဝေဇနီယ လေးဌာနသို့ ဘုရားဖူးလာကြသူများသည် ဗုဒ္ဓမြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်အတွင်း မွန်မွန် မြတ်မြတ် ဆုံစည်းကြရသည့် သာသနာ့ ဆွေတော်မျိုးတော် များပင် မဟုတ်ပါလား။

မြတ်စွာဘုရားရှင် ပွင့်တော်မူစဉ် ဘုရားရှင်အား ဖူးတွေ့ရသော်လည်း ဘုရားမှန်းမသိသော၊ တရားမှန်းမသိ သော၊ သံဃာမှန်းမသိသော ပြိတ္တာ တိရစ္ဆာန်ဘဝ၌ ရောက် နေသူများ ဖြစ်ကောင်းဖြစ်နိုင်ကြသော်လည်း ယခု လူ့ဘဝ၌ မြတ်စွာဘုရား ပွင့်တော်မူရာဒေသသို့ ဘုရားဖူးရောက်ရှိချိန် တွင် ဘုရားကိုလည်း ဘုရားမှန်းသိ၊ တရားကိုလည်း တရား မှန်းသိ၊ သံဃာကိုလည်း သံဃာမှန်း သိကြသူများဖြစ်ကာ နောင်တမလွန် ဘဝကူးကောင်းကြရန်အတွက် မြတ်စွာဘုရား ပွင့်တော်မူရာ ဗုဒ္ဓဂယာသို့ ဘုရားဖူးအတူတူ ထွက်ခဲ့ကြသူများ ဖြစ်၍ မြတ်စွာဘုရားရှင်၏ တန်ခိုးတော် အာနုဘော်တော် တို့ကြောင့် လည်းကောင်း၊ ပဋ္ဌာန်းဆက်ကြောင့် လည်းကောင်း ခင်မင်တွယ်တာ သံယောဇဉ်ရှိကြသောကြောင့် ယခုလို ပျော် ပျော်ပါးပါး ရင်းရင်းနှီးနှီး ခရီးထွက်နိုင်ခြင်း ဖြစ်ပေမည်ဟု စာရေးသူမှ ဝမ်းသာပီတိ ဖြစ်ရပါသည်။

❖

ရွှေတောင်မြို့မှ ပြည်မြို့သို့အသွား ကားလမ်းပေါ်၌ ရှိသော Golden Guest ဟိုတယ်သို့ ည ၁၂ နာရီထိုးခါနီး၌ ရောက်ရှိသည်။ တည်းခိုရသော နှစ်ယောက်ခန်းမှာ အဲယား ကွန်း၊ တီဗွီ၊ ရေချိုးခန်း သေတ္တာနှင့် အဆင့်အတန်း မြင့်လှသည်။ စာရေးသူ၏ဇနီး ဒေါက်တာညွန့်ညွန့်ရီသည် ခရီးပန်းလာ၍ ခေါင်းချသည်နှင့် အိပ်ပျော်သွားသည်။ စာရေးသူကား တီဗွီ ကိုဖွင့်၍ ကမ္ဘာ့ဖလားပွဲကို ကြည့်သည်။ ညဉ့် ၁ နာရီကျော်မှ အိပ်ရာဝင်ဖြစ်လေသည်။

နံနက် ၇ နာရီ အိပ်ရာမှနိုးသည်။ ရေမိုးချိုး အဝတ် အစား လဲပြီးနောက် သိမ်ရေစက်ချပွဲ အလှူသို့ သွားကြသည်။ ဒံပေါက်ထမင်းနှင့် နေ့လယ်စာကျွေးသလို မနက်ပိုင်းကလည်း မုန့်ဟင်းခါး ကျွေးသည်။ ဧည့်ပရိသတ်များကလည်း များပြား လှသည်။



ရှင်ဥပဂုတ္တရဟန္တာမထေရ်မြတ်အား ပြာသာဒ်တော်အတွင်း ဖူးတွေ့ရပုံ

အလှူရှင်တို့မှာ ပျော်မဆုံး မော်မဆုံး ဖြစ်နေကြပြီး နေ့လယ် ၁ နာရီကျော်မှ အလှူပြီးသည်။


ဒေါ်မော်လီက . . .

"ဦးလေးတို့ကို ပြည်ရွှေဆံတော်ဘုရားရယ်၊ ရွှေတောင် က အဘဘိုးမင်းခေါင်ဘုရားရယ် ပို့ပေးမယ်"

စာရေးသူအနေနှင့် ပြည်ရွှေဆံတော်ဘုရားကို အကြိမ် ကြိမ်ရောက်ဖူးခဲ့သော်လည်း ရွှေတောင်ရှိ အဘဘိုးမင်းခေါင် ဘုရားကိုကား တစ်ခါမှ မရောက်ဖူးသေးသူဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ဖြစ်မိသည်။ စာရေးသူအတွက် ကုန်ကြမ်းရပေတော့ မည်ဟု တွေးရင်း ပြုံးနေမိသည်။

❖

ပြည်ရွှေဆံတော်ဘုရား ဖူးမြော်ပြီးနောက် ရွှေတောင် မြို့သို့ နောက်ကြောင်းပြန်ခရီးဆက်ခဲ့သည်။ ရွှေတောင်မြို့ရှိ ရွှေမျက်မှန်ဘုရား၊ ရွှေနတ်တောင်ဘုရားများကိုကား စာရေး သူ မကြာခဏ ဖူးမြော်ဖူးသည်။ အဘဘိုးမင်းခေါင်စေတီကို ကား တစ်ကြိမ်တစ်ခါမျှ မဖူးမြော်ဖူးပေ။ စာရေးသူတို့ စီးလာ ကြသော အဲယားကွန်းလေအိတ်ကားကြီးဖြင့် ရွှေတောင် မြို့သို့ ရောက်ရှိပြီးနောက် ရန်ကုန် - ပြည် ကားလမ်းဘေး (ရန်ကုန်မှလာလျှင် ညာဘက်၊ ပြည်ဘက်မှလာလျှင် ဘယ် ဘက်) ၌ ကပ်လျက်ရှိသော "အောင်မင်းခေါင်စေတီ" ဟု ရေးထိုးထားသည့် အဝင်မုခ်ဦးရှေ့၌ ရပ်တန့်လိုက်လေသည်။



[illegible] ခြင်္သေ့ရုပ်များဖြင့် ခမ်းနားသော အောင်မင်းခေါင်စေတီတော်အဝင်မုခ်ဦး

www.burmeseclassic.com

မုခ်ဦးတစ်ဖက်တစ်ချက်စီ၌ ခြင်္သေ့ရုပ်နှစ်ရုပ်ကို ခံ့ခံ့ ညားညား တွေ့ရသလို ကာရံထားသည့် မဟာရံတံတိုင်း အပေါ်၌ ပါးပျဉ်းထောင်လျက် နဂါးရုပ်တုနှစ်ခုကလည်း အောင်မင်းခေါင်စေတီတော်အား ဖူးမြော်နေသည့်အလား ဟန်ပါလှသည်။

မုခ်ဝမှ အတွင်းသို့ဝင်ရောက်ရာ တိုင်လုံးကြီးများနှင့် တည်ဆောက်ထားသော အာရုံခံတန်ဆောင်းကို တွေ့ရသည်။ အာရုံခံတန်ဆောင်းအတွင်းရှိ အလှူခံ မှန်သေတ္တာပုံးများ၏ အနောက်ဘက် စင်မြင့်ထက်တွင် အုန်းပွဲ၊ ငှက်ပျောပွဲများ၊ အောင်သပြေများ၊ ရောင်စုံပန်းများဖြင့် ပူဇော်ထားသည်မှာ အောင်မင်းခေါင်စေတီတော်အား ကြည်ညိုဖူးမြော်ကြသည့် ကုသိုလ်ရှင်ပေါင်း များစွာရှိကြောင်း သက်သေပြနေသည့် အလားပင် ဖြစ်ပေတော့သည်။


အာရုံခံတန်ဆောင်းမှ လှမ်း၍ဖူးမြော်သောအခါ ပုံစံ အားဖြင့် ထူးထူးခြားခြား တည်ထားသော စေတီတစ်ဆူကို စေတီရံပေါင်းများစွာဖြင့် ကြည်ညိုဖွယ် ဖူးမြင်ရသည်။ တိုင်လုံး ပုံသဏ္ဌာန်ပေါ်တွင် စေတီတစ်ဆူ တည်ထားပြီး ထိုစေတီ ပတ်လည်၌ စေတီငယ် အရံစေတီများဖြင့် သပ္ပာယ်စွာ တည် ထားသည်။ တိုင်လုံးပတ်လည်၌ အင်္ဂတေဖြင့် ကြိုးပန်းထိုး ထားသည်ကို တွေ့ရသည်။

တိုင်၏အလယ်၌ ရုပ်တော်မှုမြတ်စွာဘုရားရှင် ရုပ်ပွား တော် လေးဆူကို တိုင်လုံးတံကဲတို့ဖြင့် ပုံဖော်ထားပြီး တံကဲ အပေါ်၌ ကဒေါင်းရုပ်ကို ပီပီပြင်ပြင် ရုပ်ကြွထုလုပ်ထားသည်။ တိုင်လုံးကြီး၏ ပတ်လည်ရှိ ဖိနပ်တော်၌ ပစ္စယာသုံးဆင့် တည် ထားပြီး စေတီရံများနှင့် ဘုရားဖူးတို့ အမြင်အာရုံ၌ ကြည်ညို ဖွယ်ဖြစ်အောင် တည်ဆောက်ထားမှုမှာ သပ္ပာယ်လှသည်။ စေတီတော် အုတ်ခုံပတ်လည်၌ နေ့နံအလိုက် ဘုရားဆင်းတု များကိုလည်း ဖူးတွေ့ရသည်။

အောင်မင်းခေါင် စေတီတော်သည် တခြားသော စေတီတော်များနှင့် ပုံသဏ္ဌာန်မတူ ကွဲပြားစွာတည်ထားသော် လည်း ရွှေရောင်ဝင်းလျက် စေတီရံများဖြင့် လွန်စွာသပ္ပာယ် လှပေသည်။ စာရေးသူသည် စေတီတော်အား လက်ယာရစ်



ဘိုးတော်အောင်မင်းခေါင်တတ်နန်း



ဓာတ်နန်းရှေ့ ရှိ ကမ္ဘာလုံးထက်၌ အဘမြင်းစီးဟန်ရုပ်တု

ပတ်၍ ဓာတ်ပုံမှတ်တမ်း ရိုက်ယူပြီးနောက် အာရုံခံတန် ဆောင်းအတွင်း ပြန်ရောက်သောအခါမှ စေတီတော် တည် ထားရာ၌ အတွင်းလိုဏ်ထားရှိပြီး ထိုလိုဏ်အတွင်းသို့ဝင်ရန် မုခ်ပေါက်ဝကို ကန်တော့ပွဲများ နောက်ဘက်၌ တွေ့မြင်ရ လေသည်။

ထိုအခါမှ စာရေးသူသည် ကျဉ်းမြောင်းလှသော မုခ်ဝ မှ အတွင်းသို့ လေးဖက်ထောက်၍ ဝင်ရောက်ပြီး ကြည့်မိ သောအခါ စေတီငယ်တစ်ဆူကို ဖူးတွေ့ရလေသည်။ ထီး တော်၊ စိန်ဖူးတော်တို့နှင့် စနစ်တကျ တည်ထားသော စေတီ ငယ်တစ်ဆူဖြစ်ကြောင်း ဖူးတွေ့ရသည်။ စေတီတော်အား လုံးတော်ပြည့် ရွှေကြာသင်္ကန်း ကပ်လှူထား၍ စေတီတော် ၏ ဖောင်းရစ်၊ ကြာမှောက်ကြာလန်၊ ခေါင်းလောင်းပုံတို့ကို အသေအချာ မလေ့လာရတော့ပေ။


ပြင်ပ တိုင်လုံးတော်ကြီး၌ တည်ထားသော စေတီ တော်မှာ ဤလိုဏ်အတွင်းရှိ စေတီငယ်အား ငုံ၍ တည်ထား ကြောင်း သိလိုက်ရသည်။ ဤလိုဏ်အတွင်းရှိ စေတီငယ်သည် အဘဘိုးမင်းခေါင် ခေါ် အောင်မင်းခေါင် တည်ထားသော စေတီဖြစ်ကြောင်း ခန့်မှန်း၍ သိလိုက်ရလေသည်။

အဘဘိုးမင်းခေါင်သည် ပြည်သူပြည်သားများ ကပ် ဘေးဆိုးကြီးမှ ကင်းဝေးစေရန် ရည်ရွယ်ပြီး ဤကဲ့သို့သော စေတီငယ်များ (အများအားဖြင့် ကိုးတောင်ပြည့်စေတီငယ်



www.burmeseclassic.com

www.burmeseclassic.com



ဘိုးတော်အောင်မင်းခေါင် ဓာတ်နန်းအနီးရှိ တံခွန်တိုင်

များ)ကို မြန်မာနိုင်ငံအနှံ့၌ ကိုးရက်အတွင်း အပြီးတည်ထားတတ်ကြောင်းကိုလည်း ကြားဖူးခဲ့သည်။

အဘာ သက်တော်ထင်ရှားရှိစဉ်က အဘာ တည်ထားသော စေတီငယ်များနှင့် ပတ်သက်၍ လေ့လာကြည့်ပါက မြန်မာနိုင်ငံ အနှံ့အပြား၌ပင် ဖြစ်သည်။ အထူးသဖြင့် ရွှေတိဂုံစေတီတော် ပထမ ပစ္စယာ၌ စေတီတစ်ဆူတည်ထားခဲ့သလို ပုပ္ပားတောင်ကလပ် အထက်၌လည်း စေတီငယ်တစ်ဆူ တည်ထားခဲ့သည်။ ပုပ္ပားတောင်ကလပ်ရှိ စေတီငယ်မှာ ဉာဏ်တော်ကိုးတောင်ခန့်သာ ရှိသော်လည်း ဘေးပတ်လည်၌ အုန်းပွဲ၊ ငှက်ပျောပွဲများဖြင့် ပြည့်နေအောင် ပွဲများပေးထားသည်ကို တွေ့ရသည်။

စာရေးသူသည် လွန်ခဲ့သော နှစ်နှစ်ကျော်ကာလက ကာတွန်းဦးကြည်ဝင်းနှင့်အတူ ညောင်ဦးမြို့နယ် ဖလန်ကန်ရွာသို့ သွားရောက်လည်ပတ်စဉ်က ပုပ္ပားတောင်ကလပ်ပေါ်သို့ ရောက်ရှိခဲ့ရာ အဘာစေတီရှေ့၌ ငှက်ပျော (၁၀၈)ဖီးနှင့် ပွဲထိုးသည်မှာ တစ်ပွဲသာမက နှစ်ပွဲပင်ဖြစ်လေရာ ပွဲဆက်ကပ်သူတို့အနေဖြင့် အဘာတည်ထားသောစေတီနှင့် အဘာအပေါ် မည်မျှ ယုံကြည်မှု၊ ကြည်ညိုမှုရှိကြောင်းကို ဖော်ကျူးနေသည့် ပမာပင်ဖြစ်လေ၏။

အဘာဘိုးမင်းခေါင် တည်ထားခဲ့သော ကိုးတောင်ပြည့်စေတီများသည် ဉာဏ်တော်မမြင့်မားသော်လည်း ဆုတောင်းပြည့်စေတီငယ်များဖြစ်၍ ကိုးကွယ်ယုံကြည်ကြသူများဖြင့် စည်ကားလျက်ရှိသည်မှာ နေရာတိုင်းပင် ဖြစ်သည်။ အဘာအပေါ် ကြည်ညိုကိုးကွယ်ကြသူများ အနေဖြင့် အဘာကောင်းမှု စေတီတော်တို့၌ ပွဲထိုးခြင်း၊ ဆီမီးပူဇော်ခြင်း၊ အမွှေးတိုင်တို့ဖြင့် ပူဇော်ခြင်း၊ ဆေးလိပ် (စီးကရက်၊ ဆေးပြင်းလိပ်)၊ ကွမ်းယာတို့ဖြင့် တင်မြှောက်ပူဇော်ကြသည်ကိုလည်း တွေ့ရသည်။ အဘာအပေါ် ကြည်ညိုကိုးကွယ် ယုံကြည်ကြသည့် အဘာ၏ တပည့်သားမြေးတို့သည် အဘာထွက်ပွဲ ကျင်းပရာ ပုပ္ပားတောင်ကလပ်သို့ နှစ်စဉ်သွားရောက်ပြီး ပွဲပေးခြင်း၊ ကွမ်းဆေးလိပ် ဆက်ကပ်ခြင်း၊ ဆီမီး အမွှေးတိုင်တို့ဖြင့် ပူဇော်ပသခြင်း၊ ငွေကြေး၊ ပဝါ၊ ပုဆိုးဝတ်လဲတော်များ ဆက်သခြင်းများ ပြုလုပ်ကြသည်မှာ တောင်ကလပ်ပေါ်၌သာမက တောင်ခြေပတ်လည်တစ်လျှောက်၌ပင် ကြိတ်ကြိတ်တိုး စည်ကားလေသည်မှာ တစ်နှစ်ထက်တစ်နှစ် တိုး၍သာလာလေတော့သည်။

ထိုကဲ့သို့ အဘာအပေါ် ကိုးကွယ်ယုံကြည်ကြသည့် အဘာ၏ တပည့်သားမြေးတို့သည် အဘာ တည်ထားခဲ့သော စေတီများ၌ လှူဒါန်းခြင်း၊ ဓာတ်နန်းဖွင့်ခြင်း၊ အဘာရုပ်တုများ ထုလုပ် ကိုးကွယ်ခြင်းများ ပြုလုပ်ကြသလို အဘာအနေနှင့် ဗုဒ္ဓသာသနာ ပွင့်လင်းထွန်းကားစေရန် ကြိုးပမ်းမှုအပေါ်၌လည်း ဝိုင်းဝန်းကုသိုလ်ပြုကြရာ အဘာ တည်ထားခဲ့သော စေတီတော်များသည် အဘာ ထွက်ရပ်နန်း မြန်းပြီးနောက် မထင်မရှား ပျောက်ပျက်ခြင်းမရှိဘဲ တစ်နေ့တခြား သာသနာထွန်းလင်းကာ သာသနိက အဆောက်အအုံများဖြင့် ခမ်းနားကြီးကျယ်လျက် နဂိုအနေအထားထက် ဖွံ့ဖြိုးနေကြသည်မှာ နိုင်ငံအနှံ့ပင် ဖြစ်ဝေသည်။

ယခု စာရေးသူ ဖူးမြော်ရသည့် 'လေးကျွန်းစကြာပြည်တော်ဝင် အောင်မင်းခေါင်စေတီတော်' မှာလည်း ကောဇာသက္ကရာဇ် ၁၃၁၀ ပြည့်နှစ် ဘိုးတော်အောင်မင်းခေါင်ကြီးကိုယ်တော်တိုင် တည်ထားခဲ့သော စေတီတော်ဖြစ်လေသည်။ ၁၃၅၉ ခုနှစ် (၁၉၉၈ ခုနှစ်)၌ အဘာစေတီတော်ကိုင့်၍ ယခုဖူးမြော်ရသည့် ပုံသဏ္ဌာန်အတိုင်း တည်ထားခြင်းဖြစ်ဟန်တူလေသည်။

စာရေးသူသည် ၎စေတီပုထိုး ရုပ်ပွားတော် အတော်များများကို နိုင်ငံအနှံ့ လှည့်လည်၍ ဖူးမြော်ခဲ့ဖူးလေသည်။



ဓာတ်နန်းအတွင်း အဘာအား ရည်ရွယ်ပူဇော်ထားသော ကန်တော့ပွဲများ

www.burmeseclassic.com



အဘ အောင်မင်းခေါင်ရုပ်တုအား အနီးကပ်ကြည့်ညိုရပုံ

စေတီတော်တချို့သည် သမိုင်းစာအုပ် ပြုစုထားနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။ ရှေးဟောင်းစေတီဘုရားများ အနေနှင့်ကား နှစ်ပေါင်းများစွာ ကြာမြင့်လေ၍ တိကျသော သမိုင်းအထောက်အထားများ ပျောက်ပျက်ကုန်၍ ဘုရားသမိုင်း မပြုစုနိုင်သည်ကို အပြစ်တင်၍ မရပေမယ့် ခေတ်သစ်ကာလသို့မဟုတ် ကုန်းဘောင်ခေတ်ကာလ တည်ထားခဲ့သော ဘုရားစေတီတချို့၌ သမိုင်းမှတ်တမ်းစာအုပ် ပြုစုမှတ်တမ်းတင်နိုင်ခြင်း မရှိသည်မှာ ဘုရားဂေါပကတို့၏ အားနည်းချက်ဟုသာဆိုရပေမည်။ တချို့သော စေတီပုထိုးများသည် ယခင်ဂေါပကအဖွဲ့တို့၏ အစီအစဉ်ဖြင့် သမိုင်းပြုစု စာအုပ်ထုတ်ဝေနိုင်ခဲ့သော်လည်း လက်ရှိဂေါပကအဖွဲ့က ဆက်လက် မထုတ်ဝေတော့၍ ဘုရားသမိုင်း သိလိုသူ၊ လေ့လာလိုသူတို့ အနေနှင့်လေ့လာနိုင်ခြင်း မရှိတော့ပေ။

ယခု ရောက်ရှိဖူးမြော်နေရသည့် 'အောင်မင်းခေါင်စေတီတော်' နှင့် ပတ်သက်၍ သမိုင်းစာအုပ်ဝယ်လိုသဖြင့် စုံစမ်းကြည့်သောအခါ သမိုင်းစာအုပ် မထုတ်ဝေပါဟု အလှူခံဌာနမှ ပုဂ္ဂိုလ်၏အဖြေကြောင့် စာရေးသူ အခက်ကြုံခဲ့ရသည်။

စေတီတော်ရှေ့ရှိ ကမ္ပည်းတိုင်အရ ၁၃၁၀ ပြည့်နှစ်၌ ဘိုးတော်အောင်မင်းခေါင်ကြီး ကိုယ်တော်တိုင် တည်ထားခဲ့ကြောင်း သိရခြင်းဖြစ်သည်။ အောင်မင်းခေါင် စေတီတော်နှင့် ပတ်သက်၍ အဘ မည်သို့တည်ထားခဲ့သည်၊ မည်သည့်ထူးခြားမှုများရှိသည် စသည့် စေတီတော်ဖြစ်စဉ်ကို မတင်ပြ၊ မရေးသားနိုင်ခြင်းကို စာရှုသူတို့ ခွင့်လွှတ်တော်မူကြပါကုန်ဟုသာ တောင်းပန်ရပေသည်။

မန္တလေးမြို့ ဆုတောင်းပြည့် လောကရန်နိုင်ဘုရား၌လည်း သမိုင်းစာအုပ်မရှိ၍ ဘုရားဒါယကာ သီပေါမင်းပုံ၌တွေ့ရသော အထောက်အထား၊ စေတီဟောင်းပုံ၌ တွေ့ရသော ခုနှစ်အထောက်အထားကို ကိုးကားပြီး ရေးသားရသည်။ လောကရန်နိုင်ဘုရားသည် ဘုရားဖူးများဖြင့် စည်ကားလှသလို သာသနိက အဆောက်အအုံများနှင့် သာသနာပွင့်လင်းထွန်းကားနေသော ဘုရားဖြစ်ရာ ဘုရားသမိုင်းစာအုပ်တစ်အုပ်လောက်ကို ခံ့ခံ့ညားညား ထုတ်ဝေသင့်သည်ကအမှန်ပင်ဖြစ်သည်။

ထိုနည်းတူ 'အောင်မင်းခေါင်' စေတီတော်၌လည်း ဘုရားသမိုင်းစာအုပ် ပြုစုထားသင့်ကြောင်းကိုလည်း စေတနာရှေ့ထား၍ တင်ပြလိုက်ရပေသည်။

စာရေးသူသည် အဘတည်ထားသော စေတီတော်အား လောဘ၊ ဒေါသ၊ မောဟ မပါသောစိတ်နှင့် ဆုတောင်းပြီးနောက် ဦးသုံးကြိမ်ချ ကန်တော့ပြီးနောက် စေတီတော်ရင်ပြင်တော်ရှိ သာသနိက အဆောက်အအုံများနှင့် ဖူးမြော်စရာများကို လေ့လာကြည့်ညိုနိုင်ရန် စေတီတော်အား လက်ယာရစ် ဒုတိယအကြိမ် ပတ်ရပြန်လေသည်။

❖

ပထမဆုံး ကမ္ဘာလုံးထက်၌ မြင်းစီးလျက်အနေအထားဖြင့် အဘ၏ရုပ်တုကို မြင်တွေ့ရလေသည်။ အဘရုပ်တုဘေး၌ ကျောက်စာတစ်ချပ်ကိုတွေ့ရာ ဘုရားသမိုင်း ကျောက်စာဟု ထင်မှတ်ပြီး ဓာတ်ပုံမှတ်တမ်း ရိုက်ယူခဲ့သည်။ နောက်မှ ဘုရားသမိုင်း မဟုတ်ဘဲ 'ငွေရတနာပန်းမမှာရုံ ကျောက်စာတော်' ဖြစ်မှန်း သိရသည်။ မမှာရုံ ကုသိုလ်ရှင်စာရင်းပင်ဖြစ်သည်။ အဘရုပ်တုဘေး၌ပင် တံခွန်တိုင်တစ်တိုင်ကို တွေ့ရသည်။ တံခွန်တိုင် အနီး၌ . . .

"မူလ ဘုရားဒါယကာ ဘိုးတော်အောင်မင်းခေါင်ဓာတ်နန်း"ဟုကမ္ပည်းထိုးထားသော အဆောက်အအုံတစ်ခုကို



ဓာတ်နန်းအတွင်းရှိ ပုပ္ပားတောင်ကလပ်ပန်းချီနောက်ခံ အဘရုပ်တုများ

www.burmeseclassic.com

တွေ့ရသည်။ မာတ်နန်းအတွင်း၌ ပုပ္ပားတောင်ကလပ်နောက်ခံပန်းချီကားကြီးရှေ့၌ အဘရုပ်တု အမျိုးမျိုးကို တွေ့ရသည်။ ထိုမာတ်နန်းအတွင်း၌ ခုတင်၊ အိပ်ရာတစ်ခုကို ဘတ္တိပါအိပ်ရာခင်း၊ ပိုးခေါင်းအုံးတို့ဖြင့် အဘအိပ်စက်နိုင်ရန် ခင်းကျင်းထားသည်ကို တွေ့ရသည်။


ခုတင်မွေ့ရာထက်၌ အညာဘိုးမင်းခေါင် မာတ်ပုံသုံးပုံကိုလည်း တွေ့မြင်ရသည်။ မာတ်ခန်းအတွင်း၌ အုန်းငှက်ပျောပွဲများမှာလည်း စားပွဲအပြည့် တင်မြှောက်ထားသည်ကို တွေ့ရသည်။ မာတ်ခန်းအပြင်ဘက် ထွက်လိုက်သည်နှင့် မာန်ပါလှသော နဂါးကြီးနှစ်ကောင် ရုပ်တုကြီးမှာ အသက်ပါလှသည်။ နဂါးနှစ်ကောင်၏ အနောက်ဘက်၌ မဟာဗောဓိပင်မှာ စိမ်းစိုမြင့်မားစွာနှင့် သပ္ပာယ်လှသည်။

ဆက်၍ လျှောက်လှမ်းခဲ့ရာ နောက်ထပ်တံခွန်တိုင်တစ်ခုကို ထပ်၍ ဖူးမြင်ရသည်။ တံခွန်တိုင်၏ နောက်ဘက်၌ ရွှေရောင်တောက်ပလျက် မြင့်မားလှသော တောင်ကုန်းပုံသဏ္ဍာန်ထိပ်၌ စေတီတစ်ဆူကို စေတီရံများနှင့် ဖူးတွေ့ရသည်။ စေတီတော်၏ မုခ်ဝလေးပေါက်၌ ရပ်တော်မူ ဗုဒ္ဓရုပ်ပွားတော် တစ်ခုစီ တည်ထားသည်ကိုလည်း တွေ့ရသည်။

အဘအောင်မင်းခေါင် ထွက်ရပ်နန်းမြန်းရာ ပုပ္ပားတောင်ကလပ်ကို ပုံစံတူပြုလုပ်၍ ထားလေသလားဟု ထင်ရသော ရွှေတောင်ကြီးသဏ္ဍာန် အဆောက်အအုံရှေ့ရှိ အတွင်းသို့ဝင်ရာ မုခ်ဝသို့ ရောက်ရှိခဲ့သည်။

ထိုအဆောက်အအုံကြီးမှာ အပြင်က ကြည့်ပါက အစိမ်းရောင် တောင်ကုန်းလေးများသဏ္ဍာန် တည်ဆောက်ထားပြီး အစိမ်းရောင်တောင်ထိပ်များပေါ်၌ စေတီငယ်များတည်ထားလေရာ စိမ်းစိုနေသော တောင်ကုန်းထိပ်များရှိ စေတီများအနေနှင့် ဖူးမြင်ရလေသည်။

မုခ်ဝမှ အတွင်းသို့ ဝင်ရောက်မိလေသောအခါ အဘရုပ်တုများ၊ အဘဘိုးဘိုးအောင်ရုပ်တု စသည်တို့ကို မြင်ရသည်။ ထိုအဆောက်အအုံ အတွင်း၌ ထူးခြားလှသော အမိုးမျက်နှာကြက်၌ ဗုဒ္ဓမြတ်စွာ ဘုရားရှင်၏ အောင်ခြင်းရှစ်ပါးတို့ သရုပ်ဖော်ထားသော ပန်းချီကားချပ်များကို လက်ရာ



အဘမာတ်နန်းအတွင်း၌ ခင်းကျင်းထားသော အဘအိပ်စက်ရန် ခုတင်



သာသနာပြုပုဂ္ဂိုလ်အဘအား ရွှေထီးမိုးလျက် တွေ့ရပုံ

မြောက်လှစွာ တွေ့ရသည်။ ဘုရားဖြစ်တော်မူခါနီး မာရ်နတ်လာဖျက်ဆီး၍ အောင်တော်မူပုံ၊ အာဠာဝက ဘီလူးမင်းအားအောင်တော်မူဟန် စသည့်ပန်းချီကားတို့မှာ လက်ရာမြောက်လှသည်။

ထိုလိုဏ်ဂူသဏ္ဍာန် အခန်းတွင်း၌ ဗုဒ္ဓမြတ်စွာဘုရားရှင်၏ ရုပ်ပွားတော်မြတ်ကိုလည်း ဖူးတွေ့ရသည်။ စာရေးသူသည် ထိုလိုဏ်သဏ္ဍာန် အဆောက်အအုံမှ ပြင်ပသို့ရောက်ရှိပြီးသောအခါ ပထမဦးဆုံး မြတ်စွာဘုရားရှင် သပိတ်တော်လက်ပေါ် တင်ထားပြီး ဆွမ်းဘုဉ်းပေးမည့်ဟန် ရုပ်ပွားတော်မှာ ကြည်ညိုဖွယ် ဖူးတွေ့ရသည်။

ထိုရုပ်တုတော်မှ လွန်လေသောအခါ တောင်ဝှေးကိုကိုင်ကာ ထန်းယပ်ကောက်ကို ပခုံးထက်၌တင်လျက် အနေအထား ရှင်သီဝလိရုပ်ပွားတော်မြတ်ကို ရွှေရောင်ပြာသာဒ်ဖြင့် ဖူးတွေ့ရသည်။

ထိုမှလွန်သောအခါ ဗုဒ္ဓမြတ်စွာဘုရားရှင်သည် ဝါဆိုလပြည့်နေ့ နေအဝင် လအထွက် ညတာလ၌ ပဥ္စဝဂ္ဂီငါးဦးနှင့် တကွ နတ်ပြဟ္မာအပေါင်းတို့အား တရားဦးဓမ္မစကြာ ဟောနေဟန် ရုပ်တုကိုလည်း တွေ့ရသည်။

အောင်မင်းခေါင်စေတီတော် ရင်ပြင်တော်၌ စာရေးသူ ဖူးမြော်ရသော နဂါးရုံမြတ်စွာဘုရားပုံတော်မှာ ကြည်ညိုဖွယ် အသွင်ဆောင်နေရုံသာမက မြတ်ဘုရားရှင်အား ပါးပျဉ်းထိုး၍



www.burmeseclassic.com

www.burmeseclassic.com

ထားသော နဂါးကြီးမှာ မာန်ပါလှသည်။ နဂါးရုံဘုရားအေး၌ ရှင်ဥပဂုတ္တ မထေရ်မြတ်အား ရွှေရောင်ပြာသာဒ်အတွင်း၌ သပ္ပာယ်စွာ ဖူးတွေ့ရသည်။ ကန်တော်မင်္ဂလာအတွင်းရှိ ရေတို့မှာလည်း ကြည်လင်လှသည်။

ရှင်ဥပဂုတ္တမထေရ်မြတ်ကြီး စံပယ်တော်မူရာ ရေကန်ကိုပတ်၍ မြတ်စွာဘုရားရှင်နှင့် ရဟန္တာအရှင်မြတ်တို့ ဆွမ်းခံကြွတော်မူဟန် ရုပ်တုတော်တို့မှာ ဖူးမြင်ရသူအပေါင်းအနေနှင့် မြတ်ဘုရားရှင်နှင့် ရဟန္တာအပေါင်းတို့ သက်ရှိထင်ရှား ဆွမ်းခံကြွတော်မူလေသလားဟု ထင်မှတ်ရလောက်အောင် အသက်ဝင်လှသည်။

မြတ်စွာဘုရားရှင် ရှေ့မှောက်တော်၌ သုမေဓာ ရှင်ရသေ့ ဘုရားဆုပန်နေဟန်မှာလည်း မြင်ရသူ ဘုရားဖူးတို့အနေဖြင့် ပါရမီဆယ်ပါးကို ဘဝပေါင်းများစွာ ပေးဆပ်ကျင့်ကြံ အားထုတ်ခဲ့ရသော၊ လူနတ်ပြဟ္မာ သတ္တဝါအပေါင်းတို့အား အိုနာသေဘေးမှ ကင်းဝေးရန် နိဗ္ဗာန်ရွှေပြည်ကို ပို့ဆောင်ခဲ့သော ဂေါတမမြတ်စွာဘုရားရှင်၏ ဘုရားဆုပန်နေဟန်မှာ ဖူးမြင်ရသူများအနေဖြင့် ကြည်ညိုဖွယ်၊ ဝမ်းမြောက်ကြည်နူးဖွယ် ခံစားရင်း မြတ်စွာဘုရားရှင်အပေါ် ကြည်ညိုသဒ္ဓါစိတ် ပြင်းပြစွာဖြစ်ပေါ်လျက် ဦးအကြိမ်ကြိမ် ချနေမိတော့သည်။

❖

စာရေးသူတို့ ဇနီးမောင်နှံသည် အဘဘိုးမင်းခေါင် တည်ထားသော စေတီယံအား ငုံ၍ ပစ္စယာအဆင့်ဆင့် စေတီရံအဆူဆူနှင့် တစ်မူထူးခြားစွာ တည်ထားတော်မူသော အောင်မင်းခေါင် စေတီတော်ကြီးအား အာရုံခံတုန်ဆောင်းအတွင်းမှ အပြန်ခရီး မစတင်မီ ဦးချတန်တော့နေမိသည်။

မူလ အဘတည်ထားသော စေတီဘုရားသည် ဉာဏ်တော်ငယ်သော်လည်း တန်ခိုးကြွယ်၍ ထူးခြားဆန်းကြယ်လှသော စေတီတော်ကြီးတစ်ဆူအဖြစ် လည်းကောင်း၊ ထိုအောင်မင်းခေါင်စေတီတော်ကြီး၏ ရင်ပြင်တော်၌လည်း ကြီးကျယ်ခမ်းနားလှသော ရွှေတောင်ထိပ်ရှိ စေတီရံများအလယ်၌ တည်ထားသော စေတီတော် (ပုပ္ပားတောင်ကလပ်သဏ္ဍာန် တည်ဆောက်ထားသော တောင်)၊ ထိုရွှေတောင်ထွတ် ပတ်လည်၌လည်း စိမ်းလန်းစိုပြည်လှသော တောင်ကုန်းများနှင့် တောင်ကုန်းထိပ်များ၌ တည်ထားသော စေတီတော် အဆူဆူတို့မှာ အဘဘိုးမင်းခေါင် တည်ထားသော စေတီယံကို အကြောင်းပြု၍ ပေါ်ထွန်းလာခြင်း ဖြစ်သည်ဆိုက အမှန်ပင် ဖြစ်လေသည်။

ပုပ္ပားတောင်ကလပ်၏ သာသနာပွင့်လင်းလာမှုသည် ပုပ္ပားမယ်တော်နှင့် သားတော်နှစ်ပါး၏ အရှိန်အဝါကြောင့် ထွန်းလင်းလာသလို အဘဘိုးမင်းခေါင်၏ တန်ခိုးအရှိန်အဝါကြောင့်လည်း နောက်ပိုင်းကာလများ၌ ပုပ္ပားတောင်ကလပ်၏သာသနာတော် ပိုမိုပွင့်လင်းလာသည်ဟု ဆိုပါက မည်သူမျှ မငြင်းနိုင်ပေ။ ထိုနည်းတူ ရွှေတောင်မြို့ရှိ အောင်မင်းခေါင် စေတီယံကို အကြောင်းခံကို ဤစေတီယံဝန်းကျင်၌ ကြီးမားလှသော ဘုရားစေတီများ တည်ထားလာနိုင်ခြင်း၊ အဘမာတ်နန်းအပါအဝင် အခြားသော သာသနိကအဆောက်အအုံများ ခမ်းနားထည်ဝါစွာ ပေါ်ထွန်း ဖြစ်တည်လာခြင်းများသည် အဘတည်ထားသော အောင်မင်းခေါင်စေတီတော်၏ တန်ခိုး၊ အဘ၏စောင့်ရှောက်မှုတို့ကြောင့် ဖြစ်ပေသည်။



ငွေရတနာပန်း ဓမ္မာရုံကျောင်း ကျောက်စာ

စာရေးသူသည် အဘ၏ သက်တော်ထင်ရှားရှိစဉ်က သာသနာပြုလုပ်ငန်းများကို ကြိုးစား၍ ဆောင်ရွက်ခဲ့ပြီး လူသတ္တဝါတို့ ဘေးဒုက္ခမရောက်စေရန် ရည်သန်ပြီး စေတီယံပေါင်းများစွာကို တည်ထားပေးခဲ့သည်ကိုလည်း ပြန်လည်တွေးခေါ်ရင်း အဘအပေါ် ကြည်ညိုလေးစားစိတ်များ ဖြစ်ပေါ်လာခဲ့ရသည်။

အောင်မင်းခေါင်စေတီတော်အား ဦးချကန်တော့ကာ ရန်ကုန်မြို့သို့ပြန်ရန် စေတီတော်ရင်ပြင်တော်မှ စီးလာသည့် မော်တော်ယာဉ်ရှိရာသို့ လျှောက်လှမ်းလာခဲ့လေသည်။

**တက္ကသိုလ်ဖိုး**

❑



www.burmeseclassic.com

www.burmeseclassic.com



**ကောင်းစံထိန်း**
**(ဗန်နေဝန်း)**

# ဗုဒ္ဓခေတ် မဇ္ဈိမဒေသ အယူဝါဒများ

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ တစ်ခုဒေသတွင် အာရိယာန်ခေါ် ဟိန္ဒူဗြာဟ္မဏများက သုဒ္ဒ၊ ဝေဿ၊ ခတ္တိယ ဟူသော ဇာတ်အမျိုးကွဲအားလုံးကို လွှမ်းမိုးလျက် ဘုရင်မင်းမြတ်များ၏ ဆရာ၊ မင်းဆရာများအဖြစ် ခံယူလျက်ရှိနေသည်။

ထိုကဲ့သို့ အခြေအနေမျိုးဖြင့် ခေတ်ပိုင်းကာလများတွင် ဘာသာရေးနှင့်ပတ်သက်သော တွေးခေါ်ရှင်များ ထပ်မံပေါ်ပေါက်လာသည်။ထိုတွေးခေါ်ရှင်များအား ဥပဏ္ဏာစ္စ (u paniada) ဟုခေါ်တွင်ခဲ့ကြသည်။

ထိုတွေးခေါ်ရှင်များခေတ်တွင်လည်း ဘာသာရေးဂိုဏ်းပေါင်း မြောက်မြားစွာ ပေါ်ထွက်ခဲ့သည်။ ထိုဂိုဏ်းများအနက် ဝေဒဝါဒကို လက်ခံသူနှင့် ဝေဒကို လက်မခံသူဟူ၍ နှစ်မျိုးကွဲခဲ့ကြပြန်သည်။ ထိုဝေဒကို လက်ခံသူ ဂိုဏ်းများမှာလည်း ယဇ်ပူဇော်ခြင်း၊ နတ်ကိုးကွယ်ခြင်း ပြုလုပ်ကြ၏။ ဗြာဟ္မဏဖြစ်သော ဟိန္ဒူဘုန်းကြီးတို့မှာ ဝေဒနှင့် ကိုးကွယ်သူများအကြားတွင် ဆက်သွယ်ပေးရသော တာဝန်များကို အစဉ်တစိုက် ဆောင်ရွက်လျက်ရှိနေကြသည်။

www.burmeseclassic.com

ဘီစီ ၆၂၄ တွင် မဇ္ဈိမဒေသ အတွင်း အာရိယာန်ခေါ် ဟိန္ဒူ ခတ္တိယ အမျိုးအနွယ်ဖြစ်သော မိဘနှစ်ပါးမှ သိဒ္ဓတ္ထမင်းသားကို ဖွားမြင်တော်မူခဲ့သည်။ အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် အသက် (၃၅)နှစ် ဘီစီ ၅၈၉ တွင် သဗ္ဗညုတရွှေဉာဏ်တော်ကို ရရှိတော်မူပြီး ဗုဒ္ဓဂေါတမအဖြစ် ပွင့်ပေါ်တော်မူလာခဲ့သည်။

မြတ်ဗုဒ္ဓ၏ ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် အာရိယာန်လူမျိုး ခတ္တိယထဲမှ သကျအနွယ်ဝင် ဘုရင်တစ်ပါး ဖြစ်သည်။ သကျအမျိုးအနွယ်မှာ ဩက္ကာကမင်း (Jksh Va Ku) စတင်တည်ထောင်ခဲ့သော ဂေါတမ အမျိုးအနွယ်မှ ဆင်းသက်လာခဲ့သည်ဟု သမိုင်းပညာရှင်များ လက်ခံခဲ့ကြသည်။

သုဒ္ဓေါဒနမင်းသည် အောတ်ဒ် (Oudh) နယ်ထဲက ယခုအခါ ဘင်လာ (Bhin La) အမည်ရှိ ကပိလဝတ်ပြည့်ရှင် ဘုရင်တစ်ပါးဖြစ်သည်။ ထိုဘင်လာမြို့သည် ဘတ်စတီး (Basti) နှင့် အဂျူဒီးယား (Ajudhia) မြို့များအကြား အလယ်ဗဟိုတွင်ရှိပြီး ဖိုးစဘတ် (Fyzabad) ၏ အရှေ့ဘက် မိုင်(၅၀)အကွာ ရပ်ပတီး (Rapti) မြစ်၏ လက်ယာဘက်ကမ်း မိုင်(၂၀)တွင် တည်ရှိလေသည်။

ထိုသကျနိုင်ငံတော်သည် အလွန်ကျယ်ဝန်းပြီး မြောက်ဘက် ဟိမဝန္တာတောင်ခြေအထိ မိုင်ပေါင်းများစွာ လှိုင်းအိသကဲ့သို့ နိမ့်ချည်မြင့်ချည် လွင်ပြင်ကျယ်ကြီး ဖြစ်နေသဖြင့် ဟိမဝန္တာမှ နှစ်စဉ် စီးဆင်းလာသော မိုးရေများကြောင့် မြေဩဇာ အလွန်ကောင်းမွန်လျက် ယနေ့တိုင် ဆန်စပါးစိုက်ပျိုးဖြစ်ထွန်းရာ ဒေသအဖြစ် ထင်ရှားရှိနေခဲ့သည်။

ထိုဒေသတစ်ခုလုံးသည် ဟိန္ဒူ ဗြာဟ္မဏများ နေထိုင်ရာဖြစ်၍ အမျိုးဇာတ် ကွဲပြားခြားနားခြင်း၊ ဘာသာ အယူဝါဒ အမျိုးပေါင်းများစွာ ကွဲပြားခြားနားခြင်း တို့အပြင် အချင်းချင်း မသင့်မတင့်ဖြစ်ကာ စစ်ထိုးစစ်တိုက်ခြင်းများလည်း မကြာခဏ ဖြစ်ပွားလျက်ရှိနေခဲ့သည်။ ထိုကဲ့သို့ အချိန်အခါ အခြေအနေမျိုးတွင် ဗုဒ္ဓမြတ်စွာ ပွင့်ပေါ်လာပြီး အိန္ဒိယတစ်နိုင်ငံလုံးနှင့် ပြည်ပနိုင်ငံများဖြစ်သော သီဟိုဠ်ကျွန်းနှင့် ခေညဝတီ၊ သုဝဏ္ဏဘူမိ၊ သုနာပရန္တတိုင်းသို့ သစ္စာလေးပါးတရား ဟောကြားပြီး သာသနာပြုတော်မူခဲ့သည်။

ထိုကဲ့သို့ မြတ်စွာဘုရားသည် မဇ္ဈိမဒေသနှင့် အိန္ဒိယတစ်နိုင်ငံလုံး အမျိုးဇာတ်ကွဲပြားခြားနားနေသည်ကို လက်မခံ၊ အားမပေး၊ အဆင့်အတန်း မခွဲခြားဘဲ ယဉ်ကျေးသိမ်မွေ့သော ဗုဒ္ဓဘာသာ တရားတော်ဖြင့် အယူဝါဒ ကွဲပြားနေသော တစ်နိုင်ငံလုံးအား တိုက်ဖျက်ကာ တရားမေ့ ဟောဖော်ပြသတော်မူခဲ့သည်။ ထိုကဲ့သို့ ဟောပြောပြသနေစဉ်မှာလည်း ရှေးနှစ်ပေါင်းများစွာကပင် မိဘမျိုးရိုး အစဉ်အဆက် မင်းဆရာများ ဖြစ်နေခဲ့သော ဇိနအမည်ခံ ဘုရားကြီးခြောက်ဆူတို့၏ တိုက်ခိုက်ထိုးနှက် ပြိုင်ဆိုင်ခြင်းကိုလည်း သည်းခံတော်မူခဲ့ရသည်။

ထိုစဉ်က ဝေဒကို လက်မခံခဲ့သော ဂိုဏ်းသုံးမျိုးမှာ . . .

(၁) ဂျိုင်းနဂိုဏ်း - ကိုယ်ခန္ဓာအား ညှဉ်းပန်းနှိပ်စက်၍ အကျင့်ကျင့်သူ (Jaina) များ ဖြစ်သည်။

(၂) စာရဝါကဂိုဏ်း - ဘုရားမရှိ ဘဝမရှိ ဟူသောအယူ ရုပ်ဝါဒ (Corvaka) သမားများ ဖြစ်ကြသည်။

(၃) ဗုဒ္ဓဂေါတမဂိုဏ်း - ရုပ်နာမ်ကို အသိအမှတ်ပြုသော (Buddha) မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်ကြံသူများ။

ထို့ကြောင့် ဗုဒ္ဓဝါဒသည် ဟိန္ဒူလူမျိုးများ၏ ဝါဒသုံးမျိုးတွင် အနူးညံ့ အသိမ်မွေ့ဆုံးဖြစ်ပေသည်။ ဗုဒ္ဓဂေါတမသည် ဗြာဟ္မဏယဉ်ကျေးမှု၏ အခြေတည်ရာ ဇာတ်ခွဲခြားမှုကို ရှုတ်ချကာ သစ္စာလေးပါးတရားကို ဟောကြားပြီး လောကီဆိုင်ရာ အဆုံးအမများနှင့် နိုင်ငံရေးကျင့်စဉ်တို့ကို ပြောင်းလဲပေးခဲ့သည်။

ထိုကဲ့သို့ ဗုဒ္ဓနှင့်ခေတ်ပြိုင် ရောဓနှာကာ ဗုဒ္ဓပိဋကတ်တော်၌ပါဝင်သော ဇိနအမည်ခံ ဘုရားကြီး ခြောက်ဆူ၏ အယူဝါဒများကိုလည်း အနည်းငယ် ဆက်လက်တင်ပြပါမည်။ (ဘုရားကြီးဟု ဖော်ပြရခြင်းမှာ မဟာဝီရ တစ်ဆူကလွဲလျှင် ကျန်ငါးဆူမှာ ဗုဒ္ဓမြတ်စွာဘုရားထက် အသက်ကြီးသူများဖြစ်ကြသဖြင့် ဖြစ်၏။)

(၁) **မဟာဝီရ**

သူ၏အယူအဆမှာ ယခုဘဝ ဒုက္ခခံ၍ နောင် တမလွန် လောက ကောင်းစားရေးအတွက် အိုးအိမ်စည်းစိမ်နှင့်တကွ ခန္ဓာကိုယ်အထိ စွန့်လွှတ်ရမည်။ ခြိုးခြံစွာ နေထိုင်ရမည်။ ကိုယ်ကျင့်တရား ထိန်းသိမ်းရာတွင်လည်း အနစ်နာခံရမည်။ ထိုသို့ ကျင့်ကြံအားထုတ်ခြင်းဖြင့် အဆုံးဘဝတွင် (မောက္ခ) လွတ်မြောက်သောဘဝကို ရရှိမည်။

(၂) **မက္ခလိဂေါသာလ**

၎င်းမှာ ဂေါသာလရွာသား မက္ခလိဖြစ်ပြီး သူ၏ အယူအဆမှာ 'အသာမိက' ပိုင်ရှင်မရှိ အလကားဖြစ်နေ၍ အလကားပျက်နေသည့်သဘော ရှိသည်။ ကောင်းကျိုး ဆိုးကျိုးဆိုသည် မရှိ ဖြစ်ချင်သလို ဖြစ်ပျက်နေသည်။ အစွဲကင်းလျှင် ပြီး၏။

(၃) **ပူရာဏကဿပ**

ထိုသူ၏ အယူမှာ ကောင်းကျိုးဆိုးကျိုးကို ပယ်သည်။ ဆုတောင်း ဆုပေးခြင်းဖြင့် အကျိုးအာနိသင် ဖြစ်၏။ ရှုတ်ဖတ်သရဇ္ဈာယ်ခြင်း၊ မန်းမှုတ်ပူဇော်ခြင်းကို လက်ခံသည်။ အားပေးသည်။

(၄) **အဇိတကေသကမ္ဗလ**

၎င်း၏အယူမှာ ရုပ်မရှိ နာမ်မရှိ ကောင်းမှုမရှိ သတ္တဝါမရှိ ယောက်ျားမရှိ မိန်းမ မရှိ ဘုံမရှိ ဘဝမရှိ ဓာတ်ခုနစ်ပါးသာရှိသည်။ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယော၊ သုခ၊ ဒုက္ခ၊ ဇီဝ ဓာတ် အချင်းချင်းသာ သူ့သဘော သူ့ဆောင်၍ ပြုပြင်မှု ရှိနေကြသည်။

(၅) **ပကုဒကိစ္စာယန**





www.burmeseclassic.com

www.burmeseclassic.com

၎င်း၏အယူမှာ အတ္တဝိညာဉ်ကလေးသည် ခန္ဓာကိုယ်အတွင်း နှလုံးအိမ်တွင် ကိန်းအောင်းလျက် မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ ဒွါရပေါက်မှ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ ဖောဋ္ဌဗ္ဗာရုံများနှင့် တွေ့တိုင်း ထွက်၍ ကျက်စားတတ်သည်။ ထိုဝိညာဉ်ကလေးထွက်၍ မကျက်စားနိုင်အောင် 'ကိဋ္ဌမတ' ချုပ်ထားရမည်။ ဝိညာဉ်ကလေးသည် ၎င်ခန္ဓာကိုယ်အဟောင်းအား စွန့်ပစ်၍ အသစ်ကိုပြောင်းကာ တစ်ဘဝပြီး တစ်ဘဝ ထူထောင်ရင်း ကျင်လည်နေတတ်သည်ဆို၏။ (သဿတဝါဒဖြစ်သည်။)

(၆) **သိဉ္စယဗေလထ**

၎င်း၏အယူမှာ ပြတ်သားတိကျသော အယူမရှိ၊ လောကသား အများကြိုက်ကိုလိုက်၍ ဟောပြောညွှန်ပြခြင်းဖြင့် ဩဇာသက်ရောက်နေသော အယူဖြစ်သည်။

ဤခြောက်ဆူသော ဘုရားကြီးဘွဲ့ခံသူများမှာ မင်းဧကရာဇ်များအထိ ဩဇာလွှမ်းမိုးသူများ ဖြစ်ကြသည်။ အိန္ဒိယ၌ရှိသော များစွာသော အယူဝါဒတို့သို့ပင် ဂျိန်းဘာသာမှာလည်း တစ်ဘဝပြီး တစ်ဘဝ သံသရာ၌ ကျင်လည်နေရခြင်းကို အနှောင်အဖွဲ့ဟု ယူဆလျက် ထိုအနှောင်အဖွဲ့မှ လွတ်မြောက်ရန် တောင့်တ၏။

နောက်ဆုံးဖြစ်သော နိဂဏ္ဌနာဋပုတ္တသည် ဂျိန်းဘာသာအား တည်ထောင်ခဲ့သော မဟာဝီရပင် ဖြစ်၏။ သူ့အား ဝဒ္ဓမာန ဟူ၍ လည်းကောင်း၊ ဝေသာလိယ ဟူ၍ လည်းကောင်း ခေါ်ခေါ်ကြ၏။ နောက်ဆုံး ဝေသာလိယ အမည်ဖြင့် ဝေသာလီ ပြည်သားအဖြစ် ထင်ရှားခဲ့လေသည်။

မဟာဝီရသည် ဘီစီ ၅၉၉ တွင် မွေးဖွားခဲ့သည်ဟု အသိအမှတ်ပြုထားခဲ့ကြ၏။ သူ့ဖခင် သိဒ္ဓတ္ထသည် ဝေသာလီ၌ ထင်ရှားသော နာဋ အမျိုးအနွယ်ထဲက ဩဇာအာဏာရှိသူ တစ်ယောက်ဖြစ်၍ ဝေသာလီဘုရင်၏ သမီးတော်



တိသလာနှင့်ထိမ်းမြားလက်ထပ်ခဲ့သည်။ အသက်(၃၅)နှစ်တွင် လူ့ဘောင်မှခွာ၍ တောထွက်သွားခဲ့သည်။ သူ့အရင် နှစ်ပေါင်း (၂၅၀)ခန့်လောက်က ပါရ်ဆွနာထ တည်ထောင်ခဲ့သော (Par sva na th) အယူဝါဒကို တစ်နှစ်နီးပါး လေ့လာကျင့်ကြံခဲ့သည်။ ထိုဘာသာ၏ ပုဂ္ဂိုလ်တို့မှာ အဝတ်ဝတ်ဆင်သော 'စတုယာမသံဝရ' ခေါ် လေးမျိုးသော စောင့်စည်းခြင်းဖြင့် တွေ့ရသည်။

နောက်တစ်နှစ်တွင် သူသည် အဝတ်မဝတ်သော 'အစေလကရဟန်း' နာဋနှာမြို့ရှိ မက္ခလိဂေါသာလနှင့် ပူးပေါင်းသွားခဲ့သည်။ သူတို့နှစ်ဦး (၆)နှစ်ခန့် အတူနေထိုင်ပြီး အယူအဆမတူညီသဖြင့် လမ်းခွဲလာခဲ့ကြပြန်သည်။ မက္ခလိဂေါသာလသည် မဟာဝီရထက် အရင်နှစ်နှစ်စောပြီး ဘီစီ ၅၂၉ မှာ ကွယ်လွန်သွားခဲ့သည်။

မက္ခလိဂေါသာလ ခွဲခွာခဲ့ပြီး မဟာဝီရသည် ပါရ်ဆွနာထ၏ နည်းလမ်းကို မှီငြမ်းပြု၍ မိမိ၏ကိုယ်ပိုင်ဘာသာဝါဒ ထူထောင်ခဲ့သည်။ သူ၏ဘာသာသစ် ထူးခြားချက်မှာ ပါရ်ဆွနာထ၏ စတုယာမသံဝရအပြင် ဗြဟ္မစရိယ ဟူသော စင်ကြယ်ခြင်းကို ထပ်မံဖြည့်စွက်ထားသည်။

ဤစတုယာမသံဝရကို လက်ကိုင်ထားသဖြင့် ပါရ်ဆွနာထ၏ တပည့်များ မဟာဝီရထံ ချဉ်းကပ်ရောက်ရှိလာကြသည်။ မဟာဝီရမှာလည်း ဘာသာဝါဒ ခေါင်းဆောင်အဖြစ် ထင်ရှားလာခဲ့သည်။

မဟာဝီရ ကွယ်လွန်ပြီးနောက်တွင် 'ဒိဂမ္ဗရ' အဝတ်မဝတ်သောဂိုဏ်းနှင့် 'သေတမ္ဗရ' (ဆွေတမ္ဗရလည်း ခေါ်သည်) အဝတ်ဖြူဝတ်သောဂိုဏ်း ဟူ၍ ၎င်း၏ တပည့်များက နှစ်ဂိုဏ်းခွဲကာ ထူထောင်လိုက်ကြသည်။

မဟာဝီရသည် (၃၅)နှစ်ပတ်လုံး ဆရာတစ်ဆူအဖြစ်ဖြင့် ဂျိန်းဘာသာရေးအတွက် ဟောပြောပြသနေခဲ့ပြီး ဘီစီ ၅၂၇ အသက် (၇၂)နှစ်တွင် ပါဝါပြည်၌ ကွယ်လွန်သွားခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

မဟာဝီရ၏ သာသနာပြု ဗဟိုဌာနချုပ်များမှာ ရာဇဂြိုဟ်၊ စမ္ပာ၊ ဝေသာလီနှင့် ပါဝါပြည်တို့ ဖြစ်သည်။ ဗိမ္ဗိသာရမင်းကြီး၏ သားတော် အဘယကုမ္မာမင်းသားသည် ဂျိန်းဘာသာအား အလွန်ကြည်ညို ကိုးကွယ်သူဖြစ်ခဲ့သည်။

ဂျိန်းဘာသာ၏ ကျင့်ဝတ်များမှာ အသက်သတ်ခြင်းကို ရှောင်ကြဉ်ခြင်း၊ မပေးသောပစ္စည်းကို မယူခြင်း၊ သူတစ်ပါး သားမယားကို မပြစ်မှားခြင်း၊ မမှန်သောစကားကို မပြောခြင်းနှင့် အဝတ်မဝတ်ဘဲနေခြင်း စသော ခြိုးခြံသောအကျင့်များ ဟူ၍ ငါးမျိုးရှိသည်။

ပါရ်ဆွနာထသည် ဘာသာရေးဆရာတစ်ယောက်မျှသာ ဖြစ်ခဲ့ပြီး မဟာဝီရမှာ ဘာသာရေးဆရာသာမက ကျိုးကြောင်းဆင်ခြင် သုံးသပ်သော အဘိဓမ္မာဆရာတစ်ယောက်လည်းဖြစ်သည်။ သို့ရာတွင် မဟာဝီရ၏အရင် ရှေ့သွားဖြစ်သော အဘိဓမ္မာဆရာကား ကိုယ်ဝတ်မကပ် အချည်းစည်း အဇီဝကဆရာကြီး မက္ခလိဂေါသာလပင် ဖြစ်လေသည်။

မဟာဝီရ၏ အယူအဆများမှာ-

"ဒုက္ခဆိုသည်မှာ မိမိကိုယ်တိုင်ပြုလုပ်ခြင်းကြောင့် ဖြစ်၏၊ သူတစ်ပါးကြောင့် ဖြစ်စေခြင်း မဟုတ်၊ သံသရာမှ လွတ်မြောက်ခြင်းကို အသိဉာဏ်ဖြင့် ကောင်းမွန်သော အကျင့်စာရိတ္တများ ရစေနိုင်၏ (ဝိဇ္ဇာ စရဏံ မောက္ခ) ဤသို့ဆိုလျှင် မဟာဝီရသည် လူ၏အကျင့်သီလနှင့် အသိပညာများ တိုးတက်စေရန် အားပေးသောနည်းလမ်းဖြင့် ညွှန်ပြနိုင်ခဲ့၏။

မဟာဝီရသည် ကမ္မဝါဒီ ဖြစ်သည့်အားလျော်စွာ ပုဂ္ဂိုလ်သတ္တဝါသည် အလုံးစုံသော ဝေဒနာကို ခံစားကြရ၏၊ ခံစားမှုဟူသမျှသည် ရှေးကပြုဖူးသော အတိတ်ကံကြောင့် ဖြစ်၏၊ ထို့ကြောင့် ပဋ္ဌာတပအကျင့်ဖြင့် ကံဟောင်းကို ကင်းပျောက်စေပြီး ကံအသစ်ကိုလည်း နောက်ထပ်မပြုလုပ်ခြင်းကြောင့် နောင်အခါ ဖြစ်ပွားလာခြင်း မရှိနိုင်တော့ပြီ၊ နောင်မဖြစ်ခြင်းကြောင့် ကံကုန်ဆုံး၏၊ ကံကုန်ဆုံးခြင်းကြောင့် ဆင်းရဲကုန်ဆုံး၏၊ ဆင်းရဲကုန်ဆုံးခြင်းကြောင့် ခံစားရမှုဝေဒနာ ဆင်းရဲဒုက္ခ အလုံးစုံတို့ ကြေပျက်လတ္တံ့" ဟု ဟောပြလေ့ရှိသည်။

မဟာဝီရသည် အသက်သတ်မှုတို မလိုလားသဖြင့် မိမိကိုယ်တိုင်လည်း မသတ်၊ သူတစ်ပါးကိုလည်း သတ်ရန် မတိုက်တွန်း၊ ကြီးငယ်မခြား သတ္တဝါများကို မိမိနှင့်ထပ်တူညီမျှ ထားပေးသည်။ ထို့အပြင် ဣန္ဒြေခြောက်ပါးကို အမြဲစောင့်စည်းသည်။ ဉာဏ်တည်းဟူသော လက်နက်ကို ကိုင်စွဲလျက် အမြဲနိုးကြားနေသူ ဖြစ်သည်ဟု ဂျိန်းဘာသာကျမ်းများ၌ ဆိုထားသည်။

ထို့ပြင် အင်္ဂကျမ်းစာ၌ ဂျိန်းသူတော်စင် ရဟန္တာပုဂ္ဂိုလ်သည် သေခြင်းတရားကို အလွန်အမင်း ချစ်မြတ်နိုးကြ၏။ သို့ရာတွင် ပိုးမွှားငယ်တစ်ကောင်သို့မဟုတ် သစ်စိမ်းခက်ငယ် တစ်ခက်ပင်ဖြစ်စေကာမူ သက်ရှိအရာမှန်သမျှကို သတ်ဖြတ်ဖျက်ဆီးခြင်းမှ အလွန်အကြူး ကြောက်ရွံ့တတ်ကြ၏ ဟူ၍လည်း တွေ့ရှိရပါသည်။

မဟာဝီရ တည်ထောင်သော ဂျိန်းဘာသာ၏ ကမ္ဘာလောကနှင့် သက်ဆိုင်သော အယူအဆတစ်ခုမှာ ကမ္ဘာလောကကြီးမှာ အစဉ်ထာဝရ အလိုအလျောက်တည်ရှိ၍ ခြောက်ပါးသော သဘာဝတရားတို့ဖြင့် ပေါင်းစပ်ဖွဲ့စည်းထားသောအရာပင် ဖြစ်၏။

ထိုခြောက်ပါးသော သဘာဝတရားတို့မှာ အတ္တ၊ ဓမ္မ၊ အဓမ္မ၊ အကာသ၊ ကာလ၊ ပရမာဏုမြူ တို့ပင် ဖြစ်၏။

ဤခြောက်ပါးတို့အနက် ဓမ္မနှင့် အဓမ္မတို့မှာ အရာဝတ္ထုများ ရွေ့ပြောင်းလှုပ်ရှားခြင်း၊ ရပ်နားခြင်းတို့ကို ဖြစ်စေနိုင်သော အာကာသနှင့် အနည်းငယ်တူညီပြီး သိမ်မွေ့သော သဘာဝ ဖြစ်ကြသည်ဟု နောက်ပေါ် ဂျိန်းဘာသာဝင်တို့က အဓိပ္ပာယ် ဖွင့်ဆိုခဲ့ကြလေသည်။

ဂျိန်းဝါဒအရ တစ်ဦးစီနှင့်သာစပ်ဆိုင်သော အတ္တများသည် လွတ်လပ်စွာ သီးခြားတည်ရှိသော သဘာဝဖြစ်သည်။ သူ၏ အနှစ်သာရအားဖြင့် စင်ကြယ်သန့်ရှင်းသော အသိဉာဏ်ပင်ဖြစ်၏။ ၎င်းအတ္တကို ကိုယ်ခန္ဓာများ၌ ချည်နှောင်ထားအပ်၏။ နတ်များ၊ လူများသာမကဘဲ သက်ရှိသတ္တဝါများအပြင် သက်မဲ့အရာဝတ္ထုများ၌လည်း တွေ့ရတတ်သည်။ ထိုအတ္တ၏ နေရာဌာနသည် အတ္တ ပြုအပ်သော ကုသိုလ်၊ အကုသိုလ် အပေါ်၌ အခြေပြုသည်။ ကုသိုလ်သည် နတ်ဘဝနှင့် လူ့ဘဝတို့ကို ဖြစ်စေနိုင်သကဲ့သို့ အကုသိုလ်တွင်မူကား အသက်မဲ့အရာဝတ္ထုများ၊ ယုတ်ညံ့သော ဘဝများကို ဖြစ်စေတတ်သည်။

ဂျိန်းဘာသာတွင် အခြားသော အယူဝါဒနှင့် စပ်ဆိုင်သော ဖော်ပြချက်မှာ 'ဇီဝ၊ အဇီဝ၊ အာသဝ၊ ဗန္ဓ၊ သံဝရ နိဇ္ဇရာ(ကွဲကွာသွားခြင်း)၊ မောက္ခ' တည်းဟူသော မူလသဘောတရား ခုနစ်ပါးတွင် အခြေပြုထားသည်ကိုတွေ့ရသည်။ ကမ္မ ဟူသည် ကုသိုလ်၊ အကုသိုလ်ကို ဆိုလိုသည်။ ဂျိန်းအယူဝါဒ၌ကား အတ္တထဲသို့ ဝင်ရောက်ပြီး အတ္တကို ဖိစီးနှိပ်စက် ညစ်ညူးစေတတ်သော အရာဝတ္ထုတစ်ခု ဖြစ်သည်။ သိမ်မွေ့သော ပုံသဏ္ဌာန် ဖြစ်၏ဟု ဆိုသည်။

အစာအာဟာရသည် အသားအဖြစ်သို့ ပြောင်းလဲသွားသကဲ့သို့ ကမ္မသည် နူးညံ့သိမ်မွေ့သော ကိုယ်ကာယအဖြစ်သို့ ပြောင်းလဲသွားသည်။ ထိုကိုယ်ကာယသည် အတ္တကို ဝိုင်းရံထားရှိပြီး သေသောအခါ ရုပ်နှင့် ကွဲကွာမသွားအောင် စောင့်ရှောက်ထား၏။ ကမ္မ ဝင်ရောက်လာခြင်းကို ပိတ်ပင်ထားခြင်းဖြင့် အတ္တသံသရာမှ လွတ်မြောက်ခြင်းကို ဖြစ်စေနိုင်သည်။

ထိုသို့ပြုလုပ်ရန် အကောင်းဆုံးသော နည်းလမ်းမှာ ကိုယ်၏ပင်ပန်းခြင်းကို လှံ့လပြုခြင်းတည်းဟူသော 'အတ္တကိလမထနုယောဂ' ပင် ဖြစ်ပေသည်။





www.burmeseclassic.com

www.burmeseclassic.com

ကိုယ်ကို ညှဉ်းဆဲနှိပ်စက်ခြင်းသည် ကံအသစ်ဝင်ရောက်မလာနိုင်ခြင်းသာမက ကံဟောင်းကိုလည်း ကုန်ခန်းသွားစေသည်။

ဂျိန်းဘာသာသည် တစ်ဘဝပြီး တစ်ဘဝ ကျင်လည်နေကြရခြင်းကို အနှောင်အဖွဲ့ဟု ယူဆထားသည်။ အနှောင်အဖွဲ့မှလွတ်မြောက်ရန် တောင့်တ၏။ ဒုက္ခခပ်သိမ်း ကင်းငြိမ်းရာ ဖြစ်သော အမတသုခ သံသရာမှ လွတ်မြောက်ပြီး စင်ကြယ်သန့်ရှင်းသော အတ္တသည်သာ ရောက်နိုင်၏။ နှိုင်းဆဖွယ်မရှိသော သုခကို ခံစားနေရတော့၏ ဟူ၍လည်း ယူဆထားကြသည်။

ထိုအမတသုခသို့ ရောက်နိုင်သော နည်းလမ်းမှာ ဖြောင့်မတ်မှန်ကန်သော ယုံကြည်ခြင်း 'သမ္မာသဒ္ဓါ'၊ ဖြောင့်မတ်မှန်ကန်သော ဉာဏ်အမြင် 'သမ္မာဉာဏ်'၊ ဖြောင့်မတ်မှန်ကန်သော အပြုအမူ 'သမ္မာစာရိတ္တ' တည်းဟူသော ရတနာသုံးပါးပင် ဖြစ်သည်။

ထိုသုံးပါးစလုံးတွင် ဖြောင့်မတ်မှန်ကန်ခြင်း ဟူသည်ကား မဟာဝီရနှင့် ၎င်း၏တရားများကို အကြွင်းမဲ့ယုံကြည်ခြင်းဟု ဆိုလိုပေသည်။

ဖြောင့်မတ်မှန်ကန်သော အပြုအမူတွင် သူတစ်ပါးအသက်ကို မသတ်ခြင်း မမှန်သောစကားကို မပြောဆိုခြင်း၊ မပေးသော သူတစ်ပါးဥစ္စာကို မယူခြင်း၊ ဗြဟ္မစရိယအကျင့်ကို စောင့်ထိန်းခြင်း၊ အသော်လိုက ဗဟိဒ္ဓဖြစ်သော တရားတို့နှင့်သက်ပျော်ရွှင်ခြင်းကို စွန့်လွှတ်ခြင်းတည်း ဟူသော ကျင့်ဝတ်သီလတို့ကို စောင့်ထိန်းခြင်းပင် ဖြစ်၏။ ထိုကျင့်ဝတ်သီလတို့၌ ကိုယ်မှု၊ နှုတ်မှု၊ စိတ်မှု သုံးခုလုံး ပါဝင်သည်။ ၎င်းတို့အား ကိုယ်တိုင် ပြုခြင်း၊ သူတစ်ပါးကို တိုက်တွန်းခြင်း ခိုင်းမှမ်းခြင်းတို့မှ ရှောင်ကြဉ်ရ၏။

ထိုဝိနည်းသိက္ခာပုဒ်တို့ကို စောင့်ထိန်းပြီး အထူးခြိုးခြံစွာကျင့်ခြင်း 'တပ' ကို အတိအလင်း ဟောဖော်ညွှန်ပြထားသည်။

စိတ်နှင့်ဆိုင်သော 'တပ'၊ ကိုယ်နှင့်ဆိုသော 'တပ' ဟူ၍ နှစ်ပါးရှိသည်။

စိတ်နှင့်ဆိုင်သော တပသည် နောင်တရခြင်း၊ စိတ်ကို နှိမ့်ချခြင်း၊ ကမ္ဗဋ္ဌာန်းရှုမှတ်ခြင်းနှင့် အလိုဆန္ဒရမ္မက် မှန်သမျှကို နှိမ်နင်းခြင်းတို့ ဖြစ်၏။

ကိုယ်နှင့်ဆိုင်သော တပမှာ အစာငတ်ခံ၍ သေခြင်းလျှင် အဆုံးရှိသောကိုယ်ကို ညှဉ်းဆဲနှိပ်စက်ခြင်းအမျိုးမျိုးတို့ပင် ဖြစ်သည်။ ဤအတွက်ကိုမူ မိမိကိုယ်ကိုယ် သတ်၍သေခြင်းမျိုးကို ဆယ့်နှစ်နှစ်ကာလပတ်လုံး ပြင်းပြင်းထန်ထန် ကျင့်ကြံပြီး၍ နိဗ္ဗာန်သို့ရောက်ရန် မှည့်ရင့်ချိန်တန်သောပုဂ္ဂိုလ်များအတွက်သာ သတ်မှတ်ပြဋ္ဌာန်းထားခြင်း ဖြစ်ပေသည်။ ဤကဲ့သို့ သေခြင်းမျိုးကို မှတ်တမ်းတွင် အံမျှားအပြား ရှိ၏။ ဒိဂမ္ဗရ ဂိုဏ်း၏ အကြီးအမှူး ဦးစီးနာယကတို့သည် ဤနည်းလမ်းဖြင့် လောကကို စွန့်ခွာသွားကြသည်ဟု ပြောဆိုကြသည်။

ဂျိန်းဘာသာနှင့် ဗုဒ္ဓဘာသာတို့မှာ အချက်ပေါင်းများစွာတို့ တူညီကြ၏။ ဘာသာနှစ်မျိုးလုံးကပင် ဖန်ဆင်းသူထာဝရဘုရား ရှိသည်ဟု မယုံကြည်ကြပေ။ သံသရာမှာ ကျင်လည်ရခြင်း၊ ကံကံ၏အကျိုးနှင့် သဗ္ဗညုဖြစ်သော 'ဇိန' သို့မဟုတ် 'ဗုဒ္ဓ' တို့ ရံဖန်ရံခါ ပွင့်ထွန်းပေါ်ပေါက်လာခြင်းတို့ကိုကား လက်ခံယုံကြည်ကြသည်။

သို့ရာတွင် အရေးအကြီးဆုံး အခြေခံ ပဓာနဖြစ်သော အယူအဆကား ကွဲပြားခြားနားကြ၏။ ဗုဒ္ဓဘာသာသည် အနတ္တဝါဒဖြစ်၍ မည်သည့်အတ္တမျိုးကိုမျှ လက်မခံပေ။ ဂျိန်းဘာသာသည်ကား သက်ရှိ သတ္တဝါများတွင်သာမက သက်မဲ့ အရာဝတ္ထုများ၌ပင် အတ္တရှိကြောင်း လက်ခံ ယုံကြည်ထားသည်။

သံသရာမှ လွတ်မြောက်ဖို့ရန် ကျင့်စဉ်၌လည်း ဗုဒ္ဓဘာသာက မဇ္ဈိမပဋိပဒါ အလယ်အလတ်ကျင့်စဉ်ကို လိုက်၍ ဂျိန်းဘာသာကမူ ကိုယ်ခန္ဓာအား ညှဉ်းဆဲနှိပ်စက်သော အတ္တကိလမထနု ယောဂကျင့်သောလမ်းသို့ လိုက်သည်။

ဤသို့အားဖြင့် အဟေတုကဒိဋ္ဌိ၊ အကိရိယဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိတည်းဟူသော နိယတမိစ္ဆာဒိဋ္ဌိ အယူများ လက်ခံ ယုံကြည်နေကြသော ဆံရာကြီး ငါးဦးနှင့်တကွ 'ဇိန'ဘွဲ့ခံ အတ္တဝါဒီ မဟာဝီရတို့သည် ဗုဒ္ဓမြတ်စွာဘုရားနှင့် တစ်ခေတ်တည်း ပေါ်ပေါက်လာကြသဖြင့် မကြာခဏ အယူဝါဒလည်း ပြိုင်ဆိုင်ကြသည်လည်း ရှိပေသည်။

ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာမှာ တူညီသော အချက်များစွာ ရှိနေသဖြင့် ၎င်းဂျိန်းဘာသာအား ဗုဒ္ဓဘာသာ၏ ဂိုဏ်းခွဲတစ်ခုမျှလောက်သာဟုအနောက်နိုင်ငံများက ထင်မှတ်ခဲ့ကြသည်။

မည်သို့ ထင်မှတ်ကြစေကာမူ အရေးကြီးသည့် မူရင်းအချက်အလက်များတွင် ဗုဒ္ဓဘာသာနှင့်မတူဘဲ အထင်အရှား ကွဲပြား ခြားနားချက်များကို တွေ့ရှိလာကြသဖြင့် သီးခြားကိုယ်ပိုင်ဘာသာတစ်ရပ် ဖြစ်သည်ဟု ယုံကြည်လက်ခံလာခဲ့ကြသည်။

ဤဘာသာကြီးနှစ်ခု၏ အထင်အရှား ကွဲပြားခြားနားခြင်းတစ်ခုမှာ ဂျိန်းဘာသာသည် အိန္ဒိယအမျိုးသားများ၏ ကိုးကွယ်ရာဘာသာကြီးအဖြစ်ဖြင့် တည်ရှိနေခဲ့သော်လည်း ဗုဒ္ဓဘာသာသည်ကား ကမ္ဘာ့နိုင်ငံများစွာတို့ ကိုးကွယ်ရာအဖြစ်သို့ တိုးတက်ထွန်းကား ရောက်ရှိသွားခြင်းပင်ဖြစ်ပေသည်။

**ကောင်းစံဟိန်း (ဗန်နေဝန်း)**

ကိုးကားသောကျမ်းများ

(၁) အရှင်ပညိန္ဒာဘိဝံသ၊ ဓမ္မာစရိယ ပထမကျော် ဘီအေ၏ လက်တွေ့ဗုဒ္ဓဘာသာ။

(၂) အရှင်ဇာဂရာဘိဝံသ၏ ဗုဒ္ဓခေတ် ဂျိန်းအဘိဓမ္မာ။


□





www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရား

[illegible]

[illegible]

# ဒဿဝန်ထမ်းခရီးကြမ်းသွားရပုံတရားတော်

(ယခင်လမှအဆက်)

ဒါကြောင့် ခင်ဗျားတို့က သားလည်း မခင်ပါနဲ့၊ သမီးလည်း မခင်ပါနဲ့၊ ပစ္စည်းလည်း မခင်ပါနဲ့၊ ဝတ္တရားတိုင်းသာ သားလည်းကျွေးတာပေါ့၊ သမီးလည်း ကျွေးတာပေါ့ (မှန်ပါ့ဘုရား)။ ခင်တစ်လုံးတော့ ထည့်မနေပါနဲ့ (မှန်ပါ့ ဘုရား)။

မဂ်လသုတ်မှာလည်း ခင်ရမယ်လို့ မပါဘူး၊ မာတာပိတုဥပဋ္ဌာန် အမိအဖများ လုပ်ကျွေးရမယ်သာ ပါတယ်။ ပုတ္တဒါရဿ သင်္ဂဟော သားသမီးများ၊ မယားများကို သင်္ဂြိုဟ်ထောက်ပံ့ရမယ်လို့ ပါတယ်၊ ခင်ရမယ်တော့ မပါဘူး (မှန်ပါ့)။ ပါသေးရဲ့လား (မပါပါ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့က မင်္ဂလသုတ်က ဘုရားဟောတာ ကျုပ်တို့သုတ်က ဒီသုတ်မဟုတ်ဘူး (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ကျုပ်တို့သုတ်က မင်္ဂလသုတ် မဟုတ်ဘူးဆိုတော့ အမင်္ဂလသုတ်က ခင်ဗျားတို့ ရထားတာကိုး (မှန်ပါ့)။ ဦးခင်မောင် ခင်ဗျားရထားတာ ဘာသုတ်ပါလိမ့် (အမင်္ဂလသုတ်ပါ ဘုရား)။

ဘုရားက ဘာသုတ်ဟောသလဲ (မင်္ဂလသုတ် ဟောပါတယ်)။ ခင်ဗျားတို့ ရထားတာက (အမင်္ဂလသုတ်ပါဘုရား)။ ဒါနဲ့များ ခင်ဗျားတို့အိမ် အန္တရာယ်ကလေးများကင်းနေတာတောင် တော်သေးတယ်။ အမင်္ဂလသုတ် ရထားတာကိုး (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ တဏှာသတ်ရင် ဝန်ချစရာအရပ် ရောက်ပါပြီ (မှန်ပါ့)။ တဏှာ ဘာနဲ့သတ်ကြမယ် (မဂ်နဲ့ သတ်ပါမယ်)။ မဂ်နဲ့သတ်ရမယ်ဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့၊ ကျုပ်တို့ ခင်ဗျားတို့ တစ်သက်လုံးဆင်းရဲ တစ်သက်လုံး ဝန်ထမ်းသမား၊ တစ်သက်လုံး သေခြင်းဆိုး၊ တစ်သက်လုံး ဒကာ၊ ဒကာမတို့ ကြည့်မကောင်းတဲ့ အဖြစ်၊ ဒါတွေဟာ တဏှာ၏ လက်ချက်ချည်းပဲဆိုတာ ပေါ်လာကြပလား (ပေါ်လာပါပြီ ဘုရား)။

ဒါဖြင့် ဒီတဏှာကို ဘယ်အခါကာလမှ ကျုပ်တို့ထဲ ဦးခင်မောင် ရန်သူရယ်လို့ မသိခဲ့ကြဘူး (မသိခဲ့ကြပါ ဘုရား)။ အခုတော့ဖြင့် ယနေ့ပြောလိုက်တော့ အကြီးဆုံးရန်သူဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။

ဒါဖြင့် သူ့မသတ်သရွေ့ ကာလပတ်လုံး ကျုပ်တို့ ကျွန်သပေါက်တွေအဖြစ်မှ လွတ်နိုင်ပါ့မလား၊ ရန်သူရယ်လို့ မသိခဲ့ကြဘူး (မသိခဲ့ကြပါ ဘုရား)။ အခုတော့ဖြင့် ယနေ့ ပြောလိုက်တော့ အကြီးဆုံးရန်သူဆိုတာ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။





www.burmeseclassic.com

www.burmeseclassic.com

ဒါဖြင့် သူမသတ်သရွေ့ ကာလပတ်လုံး ကျုပ်တို့ ကျွန်သပေါက်တွေအဖြစ်မှ လွတ်နိုင်ပါ့မလား (မလွတ်နိုင်ပါ ဘုရား)။ ဝန်ထမ်းသမား ကူလီအဖြစ်မှကော (မလွတ်နိုင်ပါ ဘုရား)။ သေခြင်းဆိုးအဖြစ်မှကော (မလွတ်နိုင်ပါ ဘုရား)။

ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတွေ ဒါကြောင့် ဘုရားသခင် ကိုယ်တော်မြတ်ကြီးက ဟော့ တဏှာ ယောက်ျား လက်သမား ခန္ဓာဝန်လုပ်ရတော့မယ်လို့ မအောက်မေ့နဲ့။ နောက် ငါမထမ်းဘူးကွ၊ မပါဘူးလား (ပါပါတယ် ဘုရား)။

"အနေက ဇာတိသံသာရံ" ဆိုတာ အနေကဇာတင်တဲ့ အခါကျတော့ ဒှဟ့ တဏှာယောက်ျား လက်သမား နောက် ခန္ဓာဝန်ကို မင်း လုပ်ရတော့မယ်လို့ မင်းမအောက်မေ့နဲ့၊ ခန္ဓာဝန်ထမ်းတဲ့ဘဝမှာ ငါလည်း ကူလီအဖြစ်မှ လွတ်ပြီကွ (မှန်ပါ့ ဘုရား)။ ကိုမြွှေ့ မပြောဘူးလား (ပြောပါတယ်)။

ဒါဖြင့် ဒကာ၊ ဒကာမတွေလည်း ဘုရားတပည့် ဗုဒ္ဓဘာသာ ဆိုလို့ရှိရင်ဖြင့် ဝန်ထမ်းသမားနဲ့ သေချင်သလား၊ ဘုရားလို လွတ်ပြီး သေချင်သလား (ဘုရားလို လွတ်ပြီး သေချင်ပါတယ် ဘုရား)။ ဟုတ်ကြရဲ့လား (ဟုတ်ပါတယ် ဘုရား)။

ခင်ဗျားတို့က အင်မတန် ဆိုးတယ်နော်။ လမ်းသွားတာတောင်မှ သားကလေး လက်တစ်ဖက်က ဆွဲချင်တယ်။ သမီးကလေး ပွေ့ချင်တယ်ဆိုတော့ ဝန်မပါရင်ကို ခင်ဗျားတို့က ကြောင်တက်တက်ဖြစ်နေတယ် (မှန်လှပါ ဘုရား)။

ဘယ့်နှယ် ဖြစ်နေသလဲ (ဝန်မပါရင် ကြောင်တက်တက် ဖြစ်နေပါတယ် ဘုရား)။ ဩော်. . . ရှုန်းနေကျွန်းကိုး (မှန်ပါ့)။ အဓိပ္ပာယ်က ဒီမရောက်ဘူးလား (ရောက်ပါတယ် ဘုရား)။ ဘယ်လိုဖြစ်သွားပါလိမ့် (ရှုန်းနေကျွန်း ဖြစ်ပါတယ် ဘုရား)။

ဩော်. . . ဒကာ၊ ဒကာမတို့ ဘေးကနေကြည့်တဲ့ အခါကျလို့ရှိရင် မော်တော်ကားလာလို့ ရှောင်ရတဲ့အခါများ ခင်ဗျားတို့လွတ်ဖို့အရေး အတော်ဝေးတယ်နော် (မှန်ပါ့)။ မဝေးဘူးလား (ဝေးပါတယ် ဘုရား)။

ဟိုဟာတန်းလန်း ဒီဟာဖယ်ရန်နဲ့ ဆိုလို့ရှိရင်ဖြင့် နေရာမကျပါဘူး။ ဒါကြောင့် ဒကာ၊ ဒကာမတို့ ကိုယ်အရုပ်ဆိုးတာ ကိုယ်သိကြပလား (သိပါပြီ ဘုရား)။ ကောင်းပြီ၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝန်ချရာဌာနက ဘယ်ဟာပါလိမ့် (နိဗ္ဗာန်ပါ ဘုရား)။ ဝန်ပေးသမားက ဘယ်သူတုံး (တဏှာပါ ဘုရား)။

ဒါဖြင့် သူမသတ်သရွေ့ ဝန်ချရာဌာန ရောက်ပါ့မလား (မရောက်ပါ ဘုရား)။ ကိုင်း. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ အလုပ်လုပ်မှတော်တော့မယ် (မှန်ပါ့ ဘုရား)။ ကဲ. . . အလုပ်ပြောကြတော့မယ် ဒကာ၊ ဒကာမတွေ။

ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်း ဟောဒါ ဝန်ထမ်းသမား (မှန်ပါ့)။ ဒါ ဘာပါလိမ့် (ခန္ဓာ[illegible] ဘုရား)။ ဝန်ထမ်းသမား ခန္ဓာငါးပါး (မှန်ပါ့)။ ဒီဝန် ဘယ်သူပေးလိုက်တယ် ဆိုတဲ့အခါကျတော့မှ ဒါ အဝိဇ္ဇာနဲ့ တဏှာက ပေးလိုက်တယ် (မှန်ပါ့ ဘုရား)။

အဝိဇ္ဇာက ဒါ၊ ခန္ဓာကို ဒုက္ခသစ္စာလို့ မသိဘူး။ မသိတော့ ခန္ဓာက လိုချင်တော့ ဒီခန္ဓာငါးပါးကြီး ဝန်ထမ်းသမား မရဘူးလား (ရပါတယ် ဘုရား)။ ဝန်ထမ်းသမားဟာ ခန္ဓာဝန်ထုပ်ကြီး မရဘူးလား (ရပါတယ် ဘုရား)။

ကဲ. . . ဒါဖြင့် ဒီဝန်ထုပ်ကြီး တဏှာပေးလိုက်တယ်ဆိုတာ သေချာပလား (သေချာပါပြီ)။ သိတဲ့လူ ပေးတာလား၊ မသိတဲ့လူ ပေးတာလား (မသိတဲ့လူ ပေးတာပါ ဘုရား)။ ကြည့်လေ ဒီဘက်က ဘာပါလိမ့် (အဝိဇ္ဇာပါ ဘုရား)။ ဒီဘက်က (တဏှာပါ ဘုရား)။ မသိတဲ့လူကို တဏှာက ပေးပါတယ် (မှန်ပါ့ ဘုရား)။ မသိတဲ့လူကို (တဏှာက ပေးပါတယ်ဘုရား)။

ပေးတော့ ဘာကြီးရပါလိမ့် (ခန္ဓာငါးပါး ရပါတယ် ဘုရား)။ ခန္ဓာငါးပါး ဝန်ထုပ်ကြီးရတယ် (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။ ဘာရပါလိမ့် (ခန္ဓာငါးပါး ဝန်ထုပ်ကြီး ရပါတယ်)။ သိတဲ့လူ ပေးတာလား၊ မသိတဲ့လူ ပေးတာလား (မသိတဲ့လူ ပေးတာပါ ဘုရား)။ မသိတာက ဘာပါလိမ့် (အဝိဇ္ဇာပါ ဘုရား)။ ပေးတာက (တဏှာပါ ဘုရား)။ ရတာက ဒီဒကာ၊ ဒကာမတွေ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဒါကြီးဟာ ဒကာ၊ ဒကာမတို့ ခန္ဓာငါးပါးကြီးဟာ စဉ်းစားကြည့်လိုက်တဲ့အခါကျတော့ ဒီခန္ဓာငါးပါးကြီးသည် ဒကာ၊ ဒကာမတွေ သိတဲ့အတိုင်း အသုဘ ဒုက္ခသစ္စာကြီး (မှန်ပါ့ ဘုရား)။ ဘယ်လို ဆိုကြမယ် (အသုဘ ဒုက္ခသစ္စာကြီးပါ ဘုရား)။ အသုဘ ဒုက္ခသစ္စာကြီးကို ဥပမာမယ် ဦးခင်မောင်ဆိုတဲ့၊ ဦးဝဆိုတဲ့ နာမည်ရှိတဲ့ ပုဂ္ဂိုလ်က ဒီခန္ဓာငါးပါး ထမ်းရတယ် (မှန်ပါ့ ဘုရား)။

ဘယ်သူက ထမ်းရတာပါလိမ့် (နာမည်ရှိတဲ့ ပုဂ္ဂိုလ်ကပါ)။ ဦးခင်မောင်တို့ ဦးဝတို့က ထမ်းရတယ်ဆိုတာ သေချာပလား (သေချာပါပြီ)။ ဘာကိုထမ်းရသတုံးလို့ မေးတော့မှ အသုဘနဲ့ ဒုက္ခသစ္စာကို ထမ်းရတယ် (မှန်ပါ့ ဘုရား)။ သဘောပါကြပလား (ပါပါပြီ ဘုရား)။ ဘာထမ်းရပါလိမ့် (အသုဘနဲ့ ဒုက္ခသစ္စာ ထမ်းရပါတယ်)။ အသုဘနဲ့ ဒုက္ခသစ္စာ ထမ်းရတယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒါကြီး ထမ်းနေတဲ့ ပုဂ္ဂိုလ်သည် ဒကာ၊ ဒကာမတို့ အသုဘ စစ်တယ်၊ မစစ်ဘူးဆိုတာ ပြောဖို့ မလိုပါဘူး (မှန်ပါ့ ဘုရား)။ ဒီကနေ နတ်ပြည်၊ နတ်ပြည်က နတ်တွေ၊ တာဝတိံသာ စတုမဟာရာဇ်မှာရှိတဲ့ နတ်တွေဟာ ဒကာ၊ ဒကာမတို့ တစ်ယူဇနာကနေ ကျုပ်တို့အနံ့တွေ နံတယ် (မှန်ပါ့ ဘုရား)။

လူ့ပြည်က အနံ့တွေကြောင့် တစ်ယူဇနာ ဘာဖြစ်သတဲ့တုံး (နံပါတယ် ဘုရား)။ နံလို့ လူ့ပြည်လာရဲ့လား (မလာပါ ဘုရား)။ ဘာဖြစ်လို့ မလာတာလဲ (အသုဘနံ့တွေ နံလွန်း



www.burmeseclassic.com

www.burmeseclassic.com

လို့ပါ)။ အသုဘဖြစ်နေလို့ မလာတာ (မှန်ပါ့ ဘုရား)။ သဘော ပါပလား (ပါပါပြီ ဘုရား)။

အဲဒါ ခင်ဗျားတို့ အနံ့တွေကတော့ ဒီလောက်နံတယ် (မှန်ပါ့)။ တစ်ယူဇနာက နံတယ်ဆိုတော့ သုဘမို့ နံသလား၊ အသုဘမို့ နံသလား (အသုဘမို့ နံပါတယ် ဘုရား)။ ပေါ်ကြ ပလား (ပေါ်ပါပြီ ဘုရား)။

ဘုန်းကြီးတို့ ဒကာ၊ ဒကာမတွေ ဒါဖြင့် ဒီဟာကြီးထမ်း ပြီး လည်နေရတယ်ဆိုတာက ဒကာ၊ ဒကာမတွေ သူများ အလောင်းထမ်းပြီး လည်နေရတာလား၊ ကိုယ့်အလောင်း ကိုယ်ထမ်းပြီး လည်နေရတာလား (ကိုယ့်အလောင်း ကိုယ် ထမ်းပြီး လည်နေရတာပါ ဘုရား)။

အသုဘကို၊ ကိုယ့်အသုဘကို ကိုယ်ထမ်းပြီးတော့ (လည်နေရပါတယ် ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။ ကိုယ့် အသုဘကို (ကိုယ်ထမ်းပြီး လည်နေရပါတယ်)။ ကဲ. . . ဒါဖြင့် ဦးခင်မောင် အသုဘဆိုလို့ရှိရင်ဖြင့် ဒါ ဒုက္ခသစ္စာပဲ လုပ်လိုက် ပါတော့ (မှန်ပါ့)။ အသုဘက ဒုက္ခသစ္စာဆိုတာ သေချာကြ ပလား (သေချာပါပြီ)။

ဒါဖြင့် ဒီဟာကြီး မချသရွေ့ ကာလပတ်လုံး ဒါကြီးနဲ့ ဆိုရင် ဒါကြောင့် ခန္ဓာငါးပါးဟာ နိဗ္ဗာန်မှာ မရှိဘူးဆိုတာ၊ အသုဘ ဒုက္ခသစ္စာမို့ မရှိဘူးပြောတာ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ခန္ဓာငါးပါးဟာ ဘာသစ္စာပါလိမ့် (ဒုက္ခသစ္စာပါ ဘုရား)။ ဆက်လိုက်ပါဦး အသုဘ၊ အသုဘ ဒုက္ခသစ္စာဆိုတာ သေချာပလား (သေချာပါပြီ)။

ဒါဖြင့် ဒီခန္ဓာကြီး နိဗ္ဗာန်ကကော လက်ခံပါရဲ့လား (မခံပါ ဘုရား)။ ဘာကြောင့်ပါလိမ့် (အသုဘ ဒုက္ခသစ္စာမို့ပါ)။ အသုဘဒုက္ခသစ္စာမို့ လက်မခံဘူး ဒကာ၊ ဒကာမတို့ (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ)။ အဲဒါကြောင့် ဒီခန္ဓာကြီးမရှိမှ နိဗ္ဗာန်က လက်ခံမှာ (မှန်ပါ့ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။ ဒီခန္ဓာမရှိမှ ဘာပါလိမ့် (နိဗ္ဗာန်က လက်ခံမှာပါ ဘုရား)။ နိဗ္ဗာန်က လက်ခံမယ်ဆိုတာ သေချာပလား (သေချာပါပြီ)။

ဒီခန္ဓာကြီး မရှိအောင်လည်း ဒကာ၊ ဒကာမတို့ ဘယ်သူ့ သတ်မှ မရှိမှာတုံးဆိုတော့ ဒီတဏှာက ဖည်ထောင်ခဲ့ တယ် (မှန်ပါ့)။ ဒီအဝိဇ္ဇာက တည်ထောင်ခဲ့တယ် ခန္ဓာကို (မှန်ပါ့)။ မသိတာက (အဝိဇ္ဇာပါ)။ ဆုတောင်းတာက (တဏှာ)။ မသိလို့ ဆုတောင်းလို့ရတာက အသုဘဒုက္ခသစ္စာ ပါ (မှန်ပါ့ ဘုရား)။ ရှင်းကြပလား (ရှင်းပါပြီ)။

မသိတာက (အဝိဇ္ဇာပါ ဘုရား)။ တောင်းတာက (တဏှာပါ)။ အဲ. . . မသိလို့ ဆုတောင်းတော့ ရတာက ဘာ တုံး (အသုဘ ဒုက္ခသစ္စာပါ ဘုရား)။ ဒါဖြင့် သူတို့နှစ်ခုသေမှ ဦးခင်မောင် ပြီးမယ် (မှန်လှပါ ဘုရား)။ မောင်ထွန်းလှိုင် သဘောကျပလား (ကျပါပြီ ဘုရား)။ သူတို့နှစ်ခု မသေသရွေ့ ကာလပတ်လုံး ဒကာ၊ ဒကာမတို့ အေးအေးချမ်းချမ်း နေချိန် ရှိပါရဲ့လား (မရှိပါ ဘုရား)။ ပေါ်ကြပလား (ပေါ်ပါပြီ)။

ဒါဖြင့် ဒီလိုလုပ်ကြပေတော့တဲ့၊ မသိတာက ဘာတုံး (အဝိဇ္ဇာပါ ဘုရား)။ လိုချင်တာက (တဏှာပါ)။ ရတာက (အသုဘ ဒုက္ခသစ္စာပါ)။ အသုဘဒုက္ခသစ္စာ ရှင်းကြပါဦး၊ ဘာ တဲ့ (အသုဘ ဒုက္ခသစ္စာပါ ဘုရား)။ မသိတာက (အဝိဇ္ဇာ)။ လိုချင်တာက (တဏှာ)။ ရတာက (အသုဘဒုက္ခသစ္စာပါ)။

ကိုင်း. . . ဒါဖြင့် အဝိဇ္ဇာတဏှာ၏ လက်ချက်ကြောင့် အသုဘလို့ ဒုက္ခသစ္စာကြီး ကျုပ်တို့ထမ်းပြီး မလည်ရဘူးလား (လည်ရပါတယ် ဘုရား)။ သဘောပါကြပလား (ပါပါပြီ)။

လူပြည်ရောက်ပြန်လည်း၊ ခင်ဗျားတို့ရှင်တုန်းလည်း အသုဘ (မှန်ပါ့)။ ရှင်တုန်းတော့ ကိုယ့်ဟာကိုယ်ထမ်းတဲ့ အသုဘ၊ သေတော့ သူများထမ်းတဲ့ (အသုဘပါ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ ရှင်တုန်းတော့ (ကိုယ့်ဟာကိုယ်ထမ်းတဲ့ အသုဘပါ ဘုရား)။

ကိုယ့်ဟာကိုယ် ထမ်းတယ်ဆိုတာ ကိုယ်ကဒွန်းစဏ္ဍား သွားဖြစ်တယ် (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ကိုယ့်ဟာ ကိုယ် ထမ်းတယ်ဆိုတာ (ဒွန်းစဏ္ဍား သွားဖြစ်ပါတယ်)။ မနာ ပါနဲ့နော် (မှန်ပါ့)။ အခု တရားနာလာကြတာ ဒကာ၊ ဒကာမ တို့ သူများက ထမ်းပို့သလား၊ ကိုယ့်ဟာကိုယ်ပဲ ထမ်းလာကြ သလား (ကိုယ့်ဟာကိုယ် ထမ်းလာပါတယ် ဘုရား)။

အဲမာလေး ဘာထမ်းလာခဲ့ကြသလဲ (အသုဘ ဒုက္ခ သစ္စာကို ထမ်းပါတယ်)။ ဘယ်လူမျိုးမို့ ထမ်းသလဲ (ဒွန်းစဏ္ဍား မို့ ထမ်းပါတယ်)။ ပေါ်ကြပလား (ပေါ်ပါပြီ ဘုရား)။ ကျုပ်တို့ မျိုးရိုးမကောင်းပါဘူးနော် (မှန်ပါ့)။

ခန္ဓာဝန်ထမ်းသမားအဖြစ်ဟာ မကောင်းဘူးဆိုတာ ပေါ်ပလား (ပေါ်ပါပြီ ဘုရား)။ နာအောင်ပြောတာလား၊ မှန် နေသလား အကဲခတ်(မှန်နေပါတယ် ဘုရား)။ ဦးဝ နာအောင် ပြောတာလား၊ မှန်တာလား (မှန်ပါတယ် ဘုရား)။

ဒါဖြင့် ကျုပ်တို့မျိုးရိုး ဒီခန္ဓာကိုယ်ထမ်းနေတဲ့ မျိုးရိုး ဟာဖြင့် ဦးခင်မောင် အတော်ညံ့တဲ့မျိုးရိုး (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ)။ ဒီခန္ဓာဝန်ထမ်းနေတဲ့ မျိုးရိုးဟာဖြင့် (ညံ့ပါတယ် ဘုရား)။ ဘာအမျိုးထဲ သွင်းကြမလဲ (ဒွန်းစဏ္ဍား အမျိုးပါ ဘုရား)။

အမယ်လေး ကြောက်စရာကြီးပါလား၊ ဒီတရားပွဲကျမှ ဖြစ်ရလေခြင်းလို့တော့ မလုပ်ကြနဲ့နော် (မှန်ပါ့ ဘုရား)။ နဂို ကိုက ဒီအတိုင်းပဲ၊ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။

ရှင်တုန်းကတော့ ဘယ်သူထမ်းရသတုံး (ကိုယ့်ဟာ ကိုယ် ထမ်းပါတယ်)။ သေတော့ ဘယ်သူထမ်းသတုံး (သူများ ထမ်းရပါတယ်)။ သူများ ထမ်းရတယ်ဆိုတော့ ဒကာ၊ ဒကာမ တို့ သေတော့ ဒွန်းစဏ္ဍားဝင့်က ဒီဘဝကျွတ်သွားတာနဲ့ သူများထမ်းရတယ် (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျ ပါပြီ ဘုရား)။

www.burmeseclassic.com

မသေခင်တော့ (ကိုယ်ကိုယ်တိုင် ထမ်းရပါတယ်)။ ဒွန်းစဏ္ဍားဝင်္ဂ မကျွတ်လို့ပေါ့ (မှန်ပါ့ ဘုရား)။ ရိပ်မိပလား (ရိပ်မိပါပြီ)။ ဘာမကျွတ်တာပါလိမ့် (ဒွန်းစဏ္ဍားဝင်္ဂ မကျွတ်တာပါ ဘုရား)။

ဒါဖြင့် ဒကာ၊ ဒကာတို့ တစ်သံသရာလုံး ကျုပ်တို့ ဘယ်အမျိုးအမည်နဲ့ အမှုထမ်းကြသတုံး (ဒွန်းစဏ္ဍားအမည်နဲ့ အမှုထမ်းခဲ့ပါတယ် ဘုရား)။ ရှင်းပြီနော် (မှန်ပါ့)။ ရှင်းလို့ရှိရင် ဒါ ဖြုတ်ကြပါစို့ဗျာ၊ အမျိုးလည်း မကောင်းပါဘူး၊ ထမ်းရတာလည်း မကောင်းဘူး (မှန်ပါ့)။ ရိပ်မိကြပလား (ရိပ်မိပါပြီ ဘုရား)။

ထမ်းရတာကော (မကောင်းပါ ဘုရား)။ အမျိုးကတော့ (မကောင်းပါ ဘုရား)။ အမျိုးကလည်း မကောင်းလို့ရှိရင်၊ ထမ်းရတာလည်း မကောင်းလို့ရှိရင် ဒကာ၊ ဒကာမတို့ ဒီခန္ဓာကြီး အခုပေါ်လာပါပြီ (မှန်ပါ့)။ ဘာသစ္စာတဲ့တုံး (ဒုက္ခသစ္စာပါ ဘုရား)။ သုခလား၊ အသုခလား (အသုခပါ ဘုရား)။

ဒါဖြင့် အသုခဒုက္ခသစ္စာကို ကျုပ်တို့ ယနေ့ ထူးထူးခြားခြား ကိုယ့်ခန္ဓာကိုယ် မြင်နေတယ် (မှန်ပါ့)။ ကဲ. . . ဆုတောင်းချင်ကြသေးသလား (မတောင်းချင်ပါ ဘုရား)။ အင်း . . . တဏှာဟာ အရမ်းသေသွားတာပဲ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ခင်ဗျားတို့ဝမ်းထဲမှာ ဒီတရားကလေး နာလိုက်တာနဲ့ တဏှာသေသွားတယ် (မှန်ပါ့ ဘုရား)။ အသုခ ဒုက္ခသစ္စာလို့ သိတာက ဝိဇ္ဇာ (မှန်ပါ့)။ မလိုချင်တာက အလောဘ (မှန်ပါ့ အလောဘပါ)။ ကဲ. . . ဝိဇ္ဇာနဲ့ အလောဘဖြစ်သွားတယ် (မှန်ပါ့)။ ဘာဖြစ်သွားပါလိမ့် (ဝိဇ္ဇာနဲ့ အလောဘ ဖြစ်သွားပါတယ် ဘုရား)။

ဟော. . . ဝိဇ္ဇာနဲ့ အလောဘဖြစ်တယ်ဆိုတော့ ဒကာ၊ ဒကာမတွေ မှတ်လိုက်၊ အဝိဇ္ဇာလည်း ချုပ်သွားတယ် (မှန်ပါ့)။ လောဘကော (ချုပ်သွားပါတယ် ဘုရား)။ ချုပ်သွားတော့ကို ဝိဇ္ဇာနဲ့ အလောဘဖြစ်သွားတယ်။ သူ့ကို အသုခဒုက္ခသစ္စာလို့ သိလိုက်တဲ့အတွက် (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘယ်လို သိလိုက်ပါလိမ့် (အသုခ ဒုက္ခသစ္စာလို့သိလိုက်ပါတယ် ဘုရား)။ အသုခ ဒုက္ခသစ္စာလို့ မသိလိုက်ဘူးလား (သိလိုက်ပါတယ် ဘုရား)။ သိလိုက်တဲ့အခါကျတော့ အသုခပဲ ဒုက္ခသစ္စာပဲ၊ အသုခပဲ ဒုက္ခသစ္စာပဲလို့ ဒကာ၊ ဒကာမတွေက ဒီခန္ဓာကြီး ရှုတော့မယ် (မှန်ပါ့ ဘုရား)။

အခုဟာက သညာသိရှိသေးတာကိုး (မှန်ပါ့)။ ပညာသိ ကျန်နေသေးတယ်၊ အခုဟာက ဘာတဲ့ (သညာသိပါ ဘုရား)။ နောက် ဘာသိကျန်ပါလိမ့် (ပညာသိ ကျန်ပါတယ် ဘုရား)။ ပညာသိ ကျန်နေသေးတော့ ဝိပဿနာပွားယူရမယ် (မှန်လှပါ ဘုရား)။ ဘယ်လို လုပ်ရမယ် (ဝိပဿနာ ပွားယူမှ ရပါမယ် ဘုရား)။ ဝိပဿနာ ပွားယူမှ ရမယ်ဆိုတာ သေချာကြပလား (သေချာပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဝိပဿနာအလုပ်လုပ်ရမယ် (မှန်ပါ့ ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီဘက်က ဝိပဿနာဆိုတာ မဂ္ဂင်ငါးပါးလို့ မနေ့က မပြောဘူးလား (ပြောပါတယ် ဘုရား)။ ဒီအထဲ သမ္မာဒိဋ္ဌိက ဝိဇ္ဇာပဲ (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။

သမ္မာဒိဋ္ဌိက ဘာပါလိမ့် (ဝိဇ္ဇာပါ ဘုရား)။ ဝိဇ္ဇာမဂ္ဂင်ပဲ သူက (မှန်ပါ့)။ ရိပ်မိပလား (ရိပ်မိပါပြီ ဘုရား)။ ကောင်းပြီ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအထဲမှာ လောဘပါသလား၊ အလောဘသာ ပါတော့တယ် (မှန်ပါ့ ဘုရား)။ အလောဘသာ ပါတော့တယ်၊ မလိုချင်တာသာ ပါတော့တယ် (မှန်ပါ့)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ကဲ. . . ဒါဖြင့် ခန္ဓာငါးပါးကို တစ်ပါးပါးကို ဒကာ၊ ဒကာမတို့ ဘာလုပ်ရမယ် (ဝိပဿနာ ရှုရပါမယ်)။ ဝိပဿနာ ရှုရမယ် (မှန်ပါ့ ဘုရား)။ အရှင်ဘုရား တပည့်တော်သိပြီးပြီ၊ အသုခ ဒုက္ခသစ္စာပဲ။ အို. . . ဒါက ဆရာပြောလို့သိတာရှိသေးတယ်။ ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်း မသိရသေးဘူး (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။

ဘယ်လို သိရမယ် (ကိုယ့်ဉာဏ်နဲ့ ထိုးထိုးထွင်းထွင်း သိရမယ်)။ ကိုင်း . . . ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအထဲမှာ ဝေဒနာနဲ့ စိတ်ကို ကြိုက်ရာရှုကြစမ်း၊ သဘောကျပလား (မှန်ပါ့ဘုရား)။

ဝေဒနာကလေးတစ်ခု ပေါ်လာတယ်ဆိုတဲ့ ဒကာ၊ ဒကာမတို့ ဖြစ်တယ်။ ယားတဲ့စိတ်ကလေး ဒီအပေါ်မှာ ပေါ်တယ်၊ ယားပြီး မပျောက်ဘူးလား (ပျောက်ပါတယ် ဘုရား)။ သူများ သေတာလား၊ မိမိဝေဒနာ သေတာလား (မိမိဝေဒနာ သေတာပါ ဘုရား)။ ဒါဖြင့် မိမိသေတာပေါ့ (မှန်ပါ့ ဘုရား)။

ဒါဖြင့် မိမိသေတာသည် ဒကာ၊ ဒကာမတို့ သုခလား၊ အသုခလား (အသုခပါ ဘုရား)။ မိမိသေတာသည် ဒုက္ခလား၊ သုခလား (ဒုက္ခပါ ဘုရား)။ ဒါ လက်တွေ့ပြပါပြီတဲ့၊ ဒကာ ဒကာမတို့ ကိုယ့်လက်ကို လက်သည်းကလေးနဲ့ လက်မောင်းကလေးတစ်ခုကို ခြစ်ကြည့်ပါတဲ့၊ ခြစ်ကြည့်တော့ ဝေဒနာကလေး မပေါ်ဘူးလား (ပေါ်ပါတယ် ဘုရား)။ ဒုက္ခဝေဒနာပေါ့ဗျာ (မှန်ပါ့ ဘုရား)။

ဒီအတိုင်းနေတော့ သုခဝေဒနာ (မှန်ပါ့ ဘုရား)။ သုခဝေဒနာလည်း ပျက်လျက်ပဲ (မှန်ပါ့)။ ဒုက္ခဝေဒနာကော (ပျက်လျက်ပါပဲ ဘုရား)။ ဒါဖြင့် ဒကာ၊ ဒကာမတို့ သုခဝေဒနာလည်း ဖြစ်ပြီးပျက်တော့ အသုခပဲ (မှန်ပါ့ ဘုရား)။ ဘယ်သူသေတာပါလိမ့် (မိမိသေတာပါဘုရား)။ မိမိဟာ ဝေဒနာကျွှာကိုးဗျ (မှန်ပါ့ ဘုရား)။

www.burmeseclassic.com

www.burmeseclassic.com

မိမိဟာ ဝေဒနာက္ခန္ဓာ ဖြစ်နေတော့ ဝေဒနာက္ခန္ဓာ မသေဘူးလား (သေပါတယ် ဘုရား)။ သေတာသည် သုခလား၊ အသုခလား (အသုခပါ ဘုရား)။ သေတာသည် ဒုက္ခလား၊ သုခလား (ဒုက္ခပါ ဘုရား)။ ဒါကြောင့် ဖြစ်ပျက်မြင်အောင် ကြည့်စမ်း (မှန်ပါ့ ဘုရား)။ ဝေဒနာကလေးတစ်လုံးဟာ ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်၊ စိတ်ကလေးတစ်လုံးဟာကော (ဖြစ်ပြီး ပျက်ပါတယ် ဘုရား)။

ဖြစ်ပြီးပျက်တယ်၊ ဖြစ်ပြီးပျက်တယ်လို့ ဒီက မဂ္ဂင်ငါးပါးနဲ့ ကြည့်ပေးစမ်းပါ (မှန်ပါ့ ဘုရား)။ ဒကာ၊ ဒကာမတို့ အိမ်ကျတော့ ထိုင်ထိုင်ပြီးသကာလ ပထမတော့ လေကလေး မှန်မှန်ရှူ မှန်မှန်ရှိုက်ပြီး နေရင်းမတ္တနဲ့ ဟိုကယား၊ ဒီကယားနဲ့ လာလိမ့်မယ်။ အဲဒါ လက်သည်းနဲ့ မဖျောက်နဲ့၊ မဖျောက်နဲ့ (မှန်ပါ့ ဘုရား)။ မဖျောက်ပါနဲ့ ဒကာ၊ ဒကာမတို့ အလုပ်သင်လွှတ်နေတယ် (မှန်ပါ့ ဘုရား)။

အင်း. . . ဘာပါလိမ့်မလဲဆိုတော့ ဝေဒနာကလေးပဲ။ အဲဒါသည်ကားလို့ ဆိုလို့ရှိရင် ဝေဒနာကလေးနဲ့ ဖောက်ပြန်လာတာပဲ၊ ဝိပရိဏာမလက္ခဏာဒုက္ခသစ္စာ ဦးခင်မောင် (မှန်ပါ့ ဘုရား)။ ဘာတဲ့တုံး (ဝိပရိဏာမလက္ခဏာ ဒုက္ခသစ္စာပါ ဘုရား)။ ဝိပရိဏာမလက္ခဏာ - ဖောက်ပြန်ခြင်း လက္ခဏာသည်၊ ဒုက္ခသစ္စာ - ဒုက္ခသစ္စာပဲ (မှန်ပါ့ ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ခန္ဓာကိုယ်ကလေးက ယားတာလည်း နဂိုက မရှိဘူး၊ ခုမှ ပေါ်လာတာ (မှန်ပါ့)။ နာတာကော (ခုမှ ပေါ်လာတာပါ ဘုရား)။ ဖောက်ပြန်လာတာပေါ့ဗျာ (မှန်ပါ့ ဘုရား)။ ဦးဝ ဟုတ်သလား (ဟုတ်ပါတယ် ဘုရား)။ အဲဒါ ဘာသစ္စာတုံး (ဒုက္ခသစ္စာပါ ဘုရား)။ အင်း. . . ဒါ ဒုက္ခသစ္စာ ပါကလား၊ ဒါ ဖြစ်ပျက် ဒုက္ခသစ္စာပါကလား၊ ဖြစ်ပျက်ဒုက္ခ သစ္စာပါကလားလို့ ခန္ဓာကိုယ်လှည့်ရှု (မှန်ပါ့ ဘုရား)။ ပေါ်ရာကို လှည့်ရှုပါ။

လှည့်ရှုလိုက်တဲ့အခါ ကျလို့ရှိရင်ဖြင့် အသုဘ ဒုက္ခသစ္စာ မမြင်ပေဘူးလား (မြင်ပါတယ် ဘုရား)။ မြင်တာက ဝိဇ္ဇာ၊ မလိုချင်တာက အလောဘ၊ ရှင်းပလား (ရှင်းပါပြီ)။ ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာ မသေဘူးလား (သေပါတယ် ဘုရား)။ ဒါဖြင့် မသိအောင်လုပ်တဲ့ အဝိဇ္ဇာ၊ ဆုတောင်းခိုင်းတဲ့ တဏှာ မသေဘူးလား (သေပါတယ် ဘုရား)။

ဒါဖြင့် ဒီဝန်ကြီး နောက်ထပ်လာပါဦးမလား (မလာပါ ဘုရား)။ ကျုပ်တို့သိပြီး မထမ်းတော့ဘူး၊ ဒီအမိပ္ပာယ်ရတယ် (မှန်ပါ့)။ သိပြီဆိုတာက ဝိဇ္ဇာဖြစ်တယ် (မှန်ပါ့)။ မထမ်းတော့ဘူးဆိုတာက တဏှာသေသွားတာ (မှန်ပါ့)။ သိပြီး မထမ်းတော့ဘူးဆိုတော့ နှစ်ချက်မပိုင်ဘူးလား (ပိုင်ပါတယ် ဘုရား)။

သိတာက ဘာပါလိမ့် (ဝိဇ္ဇာပါ ဘုရား)။ မထမ်းတော့ဘူးလို့ ဆိုတာက (အလောဘပါတဲ့)။ အဲ. . . ခန္ဓာမလိုချင်တော့ဘူး ဆိုတာက တဏှာချုပ်တာ (မှန်ပါ့ ဘုရား)။ ရှင်းပလား (ရှင်းပါပြီ ဘုရား)။ သိပြီဆိုတာက (ဝိဇ္ဇာပါ)။ မထမ်းတော့ဘူး ဆိုတာက (အလောဘကပါ)။ အလောဘ ဆိုတော့ တစ်ခါတည်း ဒီအထဲမှာ ဒကာ၊ ဒကာမတို့ မဂ္ဂင်ကောင်းကောင်း ဆိုက်တယ် (မှန်လှပါ ဘုရား)။ မဆိုထိုက်ဘူးလား (ဆိုထိုက်ပါတယ် ဘုရား)။

မဂ္ဂင်ကောင်းကောင်း ဆိုက်တယ်ဆိုတာ သေချာပလား (သေချာပါပြီ ဘုရား)။ ဒါဖြင့် ဘယ်နေရာမှာပေါ်တဲ့ ဓမ္မဖြစ်တဲ့ ဒကာ၊ ဒကာမတို့ ဖြစ်ပျက်ရှုပေးပါ (မှန်လှပါ ဘုရား)။

ဝေဒနာတွေက အနှံ့အပြားပေါ်လိမ့်မယ်နော် (မှန်ပါ့)။ ဝမ်းသာတဲ့ဝေဒနာ လာရင်လည်း ဘာလုပ်ကြမယ် (ဖြစ်ပျက်ရှုရပါမယ်)။ ဝမ်းနည်းတာကလေး ပေါ်လည်း (ဖြစ်ပျက်ရှုရပါမယ်)။ ယားတဲ့ဝေဒနာ ပေါ်လာရင် (ဖြစ်ပျက်ရှုရပါမယ်)။ နာတာ ပေါ်လာမယ် (ဖြစ်ပျက်ရှုရပါမယ် ဘုရား)။

ဖြစ်တာကလေး ပေါ်လာရင် (ဖြစ်ပျက်ရှုရပါမယ်)။ မြင်တာလည်း ဥပေက္ခာဝေဒနာကိုးဗျ၊ ကြားတာ ဥပေက္ခာဝေဒနာ ဘာလုပ်ရမလဲ (ဖြစ်ပျက်ရှုပေးရပါမယ်)။ အဲ. . . ဖြစ်ပျက်ရှုပါ ဆိုတဲ့ဥစ္စာက ဒကာ၊ ဒကာမတို့ ရှုရတာမဟုတ်ပါဘူး၊ ကိုယ့်အသေ ကိုယ်မြင်အောင် ပြတာပါ (မှန်လှပါ ဘုရား)။ သဘောကျပလား (ကျပါပြီ)။

ဒါဖြင့် ကိုယ်ခန္ဓာကြီးဟာ ဘာသစ္စာတဲ့ (ဒုက္ခသစ္စာပါ ဘုရား)။ ထည့်လိုက်ပါဦး အသုဘ (အသုဘ ဒုက္ခသစ္စာပါ ဘုရား)။ ကိုယ့်ဟာကိုယ် သေခြင်းကြောင့်လည်း အသုဘ (မှန်ပါ့)။ သေတာသည် ဒုက္ခဖြစ်လေသောကြောင့်လည်း ဒုက္ခသစ္စာ (မှန်ပါ့ ဘုရား)။ သဘောကျပလား (ကျပါပြီ)။ ဘာသစ္စာတဲ့ (အသုဘ ဒုက္ခသစ္စာပါ ဘုရား)။ အဲဒါ မြင်အောင် ကြည့် (မှန်ပါ့)။

မြင်အောင်ကြည့်ဆိုတော့ သူများမြင်အောင် ကြည့်ရမှာလား၊ ကိုယ့်ခန္ဓာထဲပေါ်တာ မြင်အောင်ကြည့်ရမှာလား (ကိုယ့်ခန္ဓာထဲပေါ်တာ မြင်အောင်ကြည့်ရမှာပါ)။ အဲဒီတော့ ခန္ဓာကြီးက ငါးပါးဖြစ်နေတော့ တစ်ပါးတည်း ကွက်ကြည့်ပါ (မှန်ပါ့)။ သဘောကျပလား (ကျပါပြီ)။

ခန္ဓာက ဘယ်နှပါးတဲ့ (ငါးပါးပါ ဘုရား)။ ငါးပါးဖြစ်နေတဲ့အတွက် ဘယ်လိုကြည့်မယ် (တစ်ပါးတည်း ကွက်ကြည့်ရပါမယ်)။ တစ်ပါးတည်းကွက်ကြည့် ဦးခင်မောင် ဝေဒနာဖြင့် ဝေဒနာ တစ်ပါးတည်းကြည့်၊ စိတ်ဖြင့် ဝိညာဏက္ခန္ဓာ တစ်ပါးတည်းကွက်ကြည့် (မှန်ပါ့ ဘုရား)။

(ဆက်ရန်)

ဓမ္မဒါယီ

□


www.burmeseclassic.com

www.burmeseclassic.com




# သန်လျင်မြို့ ကျိုက်ဒေးယျံစေတီတော်သမိုင်း

ဦးတိုး (တက္ကသိုလ)

၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ပထမ အတွင်းတွင် သန်လျင်မြို့ ပရိယတ္တိ ...ိုက်ကုန်း မင်္ဂလာရာမကျောင်း ...ဓာန နာယကဆရာတော် အရှင် ...ရ (ဓမ္မကထိက ဗဟုဇနဟိတဓရ ...နုစရိယ ဓမ္မာစရိယ) ဆရာတော် ... ရွှေရတုနှစ်(၅၀)ပြည့် ဝိဇာတမင်္ဂလာ ...အနားသို့ တက်ရောက်ဖြစ်ခဲ့ပါ ...။

ဆရာတော်ကြီးသည် ဘာသာ ...ဆိုင်ရာ စာအုပ်အတော်များများကို ...ထုတ်ဝေခဲ့ဖူးသည့်အနက် ဆရာ ...ကြီးပေးသည့် ထေရုပ္ပတ္တိစာအုပ် ရရှိခဲ့ပါသည်။ ဆရာတော်၏ ကျောင်း ဝိုင်းအတွင်း ကားလမ်းဘေးနှင့်ကပ် လျက် သမိုင်းဝင်ကျိုက်ဒေးယျံစေတီ တော်တစ်ဆူကိုလည်း ဖူးမြော်ခွင့်ရရှိ ခဲ့သဖြင့် မေးမြန်းစုံစမ်းရင်း ဆရာတော် ကြီးကိုယ်တိုင် စေတီတော်ကို ပြုပြင် စောင့်ရှောက်ခဲ့ကြောင်းနှင့် စာရေးဆရာ ဂမ္ဘီရဆရာ်လှမျိုးထံတွင် ရှိနေသည့် ဘုရားသမိုင်းအရ လိုအပ်သလို ထုတ် နုတ်ရေးသားတင်ပြလိုက်ရပါသည်။


ရှေးအခါ ဂေါတမ မြတ်စွာ ဘုရားသခင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး နောက် သက္ကရာဇ် ၂၃၆ ခုနှစ်ရောက် သော် အသောက မင်းတရားကြီးကို အကြောင်းပြုလျက် ဘုရားဟောဒေသ နာများ ပိဋကတ်စာများကို ညှိနှိုင်းရန် အတွက် တတိယသင်္ဂါယနာကို အရှင် မောဂ္ဂလိပုတ္တတိဿမဟာထေရ်ကြီးမှူး ကာ တင်နိုင်ခဲ့သည်။ ထို့နောက် တိုင်း တစ်ပါးသို့ သာသနာပြုများကို စေလွှတ် နိုင်ခဲ့လေသည်။

သထုံပြည် သုဝဏ္ဏဘူမိသို့ အရှင်သောဏ၊ အရှင်ဥတ္တရမဟာထေရ် တို့နှင့်အတူ တပည့်ဖြစ်သူ အရှင်သော မာဃ ရဟန်းတော်သုံးပါးတို့သည် သာ သနာပြုရန် ရောက်ရှိသွားခဲ့ကြသည်။




www.burmeseclassic.com


www.burmeseclassic.com



ဆံတော်ရှင် ကျိုက်ခေါက်စေတီတော်



ကျိုက်အေးအပ် (ဗိုလ်တထောင်)စေတီတော်



သမိုင်းဝင် ကျိုက္ကဆံစေတီတော်

ထိုစဉ်ကာလက သထုံပြည်၌ စူဠသီရိမာသောကမင်းပြုအုပ်ချုပ်လျက်ရှိနေသည်။ ၎င်းတို့၏ တပည့်အရှင်သောမာဃသည် ပေါက္ခရဝတီနေပြည်တော် ဒဂုံ(ယခု ရန်ကုန်မြို့)သို့ သာသနာပြုရန် ရောက်ရှိခဲ့သည်။

ထို့နောက် ဆရာတော်သည် ပေါက္ခရဝတီတွင် အစဉ်အမြဲ သီတင်းသုံးကာ လက္ခိယကျွန်း၊ သီဟကျွန်းများ၌ သာသနာပြုတော်မူသည်။ ဥက္ကရင်ကျွန်း၌နေသော ခေါလကရသေ့သည် သာသနာတော်ကို ယုံကြည်သဖြင့် ရဟန်းပြုခဲ့သည်။ နောင်အခါတွင် ၎င်းသည် ခေါလကရဟန်းဟု ထင်ရှားလာခဲ့သည်။

အရှင်သောမာဃနှင့်အတူ ခေါလကရဟန်းသည် အိန္ဒိယနိုင်ငံ ပါဋလိပုတ် နေပြည်တော်သို့ ကြွရောက်ကြ၍ အသောကမင်းထံမှ ဘုရားသခင်၏ မွေ့တော်၊ ဓာတ်တော်များကို ပူဇော်ရန် အလို့ငှာ အလှူခံ၍ ဆံတော် (၂၄)ဆူ ရရှိခဲ့ကြသည်။

သီဟကျွန်းသို့ ပြန်လာခဲ့ကြရာ ပါဒမည်သော သင်္ဘောဆိပ်သို့ပြန်လည်ရောက်ရှိလာခဲ့ကြသည်။ ၎င်းတို့ကို ဆံတော်နှစ်ဆူကို ကိုးကွယ်ရန် ပေးအပ်ခဲ့ကြသည်။

သာသနာနှစ် (၂၄၁)ခုနှစ်တွင် သထုံမင်း စူဠသီရိမာသောကသည် လှိုင်းပုတ်ကုန်းခေါ် ဥက္ကရင်ကကျွန်း၌ ဘုရားသခင်၏ ဆံတော်ခြောက်ဆူကိန်းဝပ်ရန် တိုက်စေတီတစ်လုံး တည်ထောင်ခဲ့ကြသည်။ အရှင်ခေါလက သီတင်းသုံးသောကျောင်းကုန်း၌ တည်ထားသောကြောင့် ခေါလကစေတီဟု သမုတ်ခဲ့သည်။ နောင်အခါ ခေါလကစေတီ အဖြစ်မှ ခေါလကစေတီဟု သမုတ်ခဲ့ကြသည်။

ဟံသာဝတီ တိုင်းသားတို့ကမူ ၎င်းစေတီကို မွန်စကားဖြင့် 'ကျာ်ခို' ဟုခေါ်တွင်ခဲ့သော်လည်း မြန်မာလူမျိုးတို့က ယခုတိုင်အောင် ကျိုက်ခေါက်

www.burmeseclassic.com



ကျိုက်ထီးရိုးစေတီတော်



သန်လျင်မြို့ ပရိယတ္တိ ပဋိပတ္တိ ဓာတိုက်ကုန်း မဏ္ဍလာရာမကျောင်းတိုက် ပဓာန နာယကဆရာတော် အရှင်ဥတ္တရ

စေတီတူ ဘွဲ့တော်ပညတ်ဖြင့် ခေါ်ဝေါ်ခဲ့ကြသည်။

အဆိုပါ ကျိုက်ခေါက်စေတီကို တည်ထားခဲ့သည့် သထုံမင်း စူဠသီရိအသောကသည် ကျိုက်ဗောဓိနှင့် ကျိုက်ဒေးယျံစေတီတော် နှစ်ဆူကိုလည်း ဆက်လက်တည်ထားခဲ့သည်။ ကျိုက်ခေါက်စေတီတော်တွင် ဗုဒ္ဓဆံတော် ဓာတ်တော်သုံးဆူ၊ ကျိုက်ဗောဓိတွင် နှစ်ဆူ ဌာပနာခဲ့သည်။

ကျိုက်ခေါက်စေတီတော် သမိုင်းတွင် ပါဒမြို့၌ ဆံတော်နှစ်ဆူ ကိုးကွယ်ရန်ပေးခဲ့သည်ဟု ဆိုသော်လည်း နောင်အခါတွင် ကျိုက်ဒေးယျစေတီ၌ ဌာပနာခဲ့သည်။

ဆံတော်(၆)ဆူကို ဥတ္တရဂိကုန်းတွင်ကိုးကွယ်စေသည်ဟု သိရှိရသည်။

ထို ကျိုက်ဒေးယျံစေတီတော်သည် ခေတ်ကာလ ကြာမြင့်လာခဲ့သည့် အလျောက် ပျက်စီးပြီး တောင်ပို့ဖြစ်၍ ချုံနွယ်ပိတ်ပေါင်းများ ဖုံးလွှမ်းနေခဲ့သည်။

ကျိုက်ဒေးယျံ စေတီတော်၏ ပထမဒါယကာ စူဠာသီရိမာသောကမင်းနှင့် မှင်းစမ္ပပါလတို့၏ အကြားမင်းပေါင်း (၁၈)ပါး ရှိခဲ့သည်။ စေတီတော်ကို အဆက်မပြတ် ပြုပြင်မွမ်းမံခဲ့ကြသည်ဟု ဆိုသော်လည်း မြန်မာပြည်သည် သူတစ်ပါး၏ အုပ်ချုပ်မှုလက်အောက်ရောက်ရှိခဲ့၍ နှစ်ပေါင်းများစွာကြာအောင် ဘုရားစေတီများကို မပြုပြင်နိုင်ခဲ့ကြပေ။

ထိုသို့ ဘုရားများ ပျက်စီးစဉ်ကာလအတွင်းတွင် ဓာတိုက်ကုန်းနှင့် ကျိုက်ဗောဓိစေတီတည်ရာ ဒေသများတွင် ဓာတ်တော်များကွန့်မြူးခဲ့သည်ဟု ဆိုသည်။

ဓာတိုက်ကုန်းအနီးတွင် ဗုဒ္ဓဘာသာဝင် ပန်ချာပီတစ်ဦးနေထိုင်ခဲ့စဉ်ကာလက စေတီတည်ရှိရာ နေရာ၌ သစ်ပင်ချုံနွယ်များ၏ အကြားမှ ညဘက်တွင် အလင်းရောင်များ လင်းခနဲလက်ခနဲ ဖြာထွက်လာသည်ကို မြင်တွေ့ကြရကြောင်း မြင်ဖူးသူ တချို့မှ ပြောကြားကြသည်။

ချုံနွယ်ပိတ်ပေါင်းများကို ရှင်းလင်းရင်း ရွှေဟောင်း ခေါင်းလောင်းကြီးတစ်လုံးနှင့် ရွှေဟောင်းအုတ်များကို တွေ့ရှိကြရသည်။

မူလပထမဆရာတော် ဦးမာနိတနှင့် ပန်ချာပီအမျိုးသား ဓမ္မမိတ်ဆွေများမှ စေတီတော်တစ်ဆူကို တည်ထားခဲ့ကြသည်။

ဓာတိုက်ကုန်း ပဓာနနာယကဆရာတော် အရှင်ဥတ္တရသည်မဏ္ဍလာရာမကျောင်းတိုက်တွင် ဆဋ္ဌမမြောက်သီတင်းသုံးသော ဆရာတော် ဖြစ်ပါသည်။


www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလောင်းတော်ကြီးတွင် သက္ကရာဇ် ၁၂၉၅ ခုနှစ်ဟု ရေးထိုးထား၍ မူလဆရာတော်ကြီးမှ စေတီတော်ကို တည်ထားခဲ့ကြောင်း ဉာဏ်တော် ၇၂ ပေရှိပြီး ဆူးလေစေတီတော် ပုံစံနှင့်တူနေသည်။

ကျိုက်ဒေးယျံ စေတီတော်၏ သက်တမ်းသည် (၇၈)နှစ် ရှိနေပြီဖြစ်သည်။

သန်လျင်ဒေသ ဝန်းကျင်တွင် ကျိုက်နှင့် စသည့် ထူးခြားသောစေတီတော် ဘုရားများ ရှိနေသည်။

မွန်မင်းများ အုပ်ချုပ်ခဲ့သည့် ဤဒေသတွင် ကျိုက်ထီးရိုး၊ ကျိုက်ခေါက်၊ ကျိုက်ဒေးအပ်(ဗိုလ်တထောင်)၊ ကျိုက္ခမီ၊ ကျိုက္ကဆံ၊ ကျိုက်ပွန်၊ ကျိုက္ကလော့၊ ကျိုက္ကလဲ့၊ ကျိုက်မတ်ကော်၊ ကျိုက်မိုးဂနိမ်း၊ ကျိုက်သီရိမမွသိုက် စသည်ဖြင့် ထင်ရှားကျော်စောသော စေတီတော်များ ရှိနေပေသည်။

မွန်ဘာသာအားဖြင့် "ကျိုက်"ဆိုသည်မှာ ဘုရား ဖြစ်သည်။ "ဒေး" ဆိုသည်မှာ ကုန်းဖြစ်သည်။ "ယျံ" ဆိုသည်မှာ ရသေ့ဖြစ်သည်။

**ကျိုက်ဒေးယျံစေတီမှ ထူးခြားချက်တချို့**

ဤတောင်ကုန်းပေါ်တွင် ရသေ့သူတော်စင်များ လာရောက်နေထိုင်ပြီး တရားအားထုတ်လေ့ရှိကြသည်။


အင်္ဂလိပ်တို့ အုပ်စိုးချိန်ကာလ ဤစာတိုက်ကုန်း၌ စစ်ဆင်နွှဲသည့်အခါ စစ်မဟာဗျူဟာအတွက် စခန်းချသည့်နေရာဖြစ်သည်။

ရှေးမင်း အဆက်ဆက်တို့ကလည်း စစ်တိုက်၍ အောင်မြင်လျှင် ဘုရားစေတီများကို ပြုပြင်မွမ်းမံလေ့ရှိကြသည်။


စေတီတော်တွင် ကောင်းသော အစောင့်အရှောက်များရှိကြပြီး ကြည်ညိုသူအားလုံး ကောင်းကျိုး ဖြစ်ထွန်းစေသည်။ ကောင်းသောဆန္ဒများ ပြည့်ဝစေသည်။ ဝါဆိုလပြည့်နေ့၊ လကွယ်နေ့များတွင် ဓာတ်တော်များ ကွန့်မြူးလေ့ရှိသည်။

၁၃၆၀ နှစ်တွင် မဏ္ဍလာရာမ ကျောင်းတိုက်ဆရာတော်ကြီး ဘဝနတ်ထံ ပျံလွန်တော်မူသောအခါ ကျိုက်ဒေးယျံဆရာတော်အရှင်ဥတ္တရသည် ပဓာန နာယကဆရာတော် ဖြစ်လာခဲ့သည်။ ဆရာတော်သည် သာသနာ့အကျိုး သည်ပိုးရင်း စာပေကျမ်းဂန်၊ ဘုရားသမိုင်းများကို ရေးသားလျက်ရှိသည်။

ကျိုက်ဒေးယျံ စေတီတော်သို့ ဖူးမြော်လိုလျှင် သန်လျင်သွား ခရီးသည်တင် ကားများဖြင့်သွားလျှင် စာတိုက်ကုန်းမှတ်တိုင် ဆင်းရပါသည်။



ဆူးလေစေတီတော်



ကျိုက်ပါဒကြီး ဆံတော်ရှင်စေတီတော်

**ကျမ်းကိုး**

ကျိုက်ဒေးယျံဆရာတော် အရှင်ဥတ္တရ ရေးသားသည့် ဘုရားသမိုင်း။

ဦးတိုး (တက္ကသိုလ်)

❑



www.burmeseclassic.com

www.burmeseclassic.com

# မော်ကွန်းတင်ထိုက်စွာ ဆဋ္ဌသင်္ဂါယနာ

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး/သု)

ဗုဒ္ဓသာသနာ အရှည်တည်နိုင်ခြင်းမှာ သာသနာတော်၏ အသက်ဖြစ်သော ဗုဒ္ဓတရားတော်များကို သန့်စင်ထိန်းသိမ်းပေးခဲ့သော သင်္ဂါယနာတင်ပွဲများ၏ ကျေးဇူးပင်ဖြစ်သည်။ သည်တွင် ထိုသင်္ဂါယနာတင်ပွဲ အသီးသီးကို ပုံစံငယ်များ၊ ဓာတ်ပုံ၊ ဆွဲပုံများ၊ ရှင်းလင်းချက်များဖြင့်မှတ်တမ်းတင်ပြသထားရာ နေရာတစ်ခုကို သတိရမိသွားသည်။

ကိုယ်တို့ ဘွဲ့လွန်ပြတိုက်ပညာ သင်ယူစဉ်က အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူးဖြစ်သူ၊ ငယ်သူငယ်ချင်းလည်းဖြစ်သူ ဒေါ်နုမြဇံ ခေါ်သွားပြီး လက်တွေ့ပို့ချခဲ့၍ ရောက်ရှိလေ့လာခဲ့မိသောနေရာ။ ကမ္ဘာအေးကုန်းမြေမှ "ဆဋ္ဌသင်္ဂါယနာတင် မော်ကွန်းပြတိုက်"ပင်ဖြစ်၏။


ရန်ကုန်မြို့နေ လူထုအနေဖြင့် နီးလျက်နှင့် ရောက်သင့်ကြပါသော်လည်း မရောက်ဖြစ်ကြသည့်နေရာ။ တချို့ကား ရှိမှန်းပင် သိကြမည်မဟုတ်။ သို့ဖြင့် မသိသေးသူများသိလာစေရန်နှင့်၊ သိပြီးသူများကို ရှိနေသေးကြောင်း သတိပေးရန်အတွက် ထိုပြတိုက်ရှိရာ ကမ္ဘာအေးကုန်းမြေသို့ ထပ်မံသွားရောက်ကာ ရေးသားတင်ပြရပါကြောင်း။

*သင်္ဂါယနာဆိုသည်မှာ* "Meaning of Sangayana"

သင်္ဂါယနာ၏ အဓိပ္ပာယ်မှာ (သင် - သဘောတူစုပေါင်း၍၊ ဂါယနာ - ရွတ်ဆိုခြင်း)။ ဘုရားဟော ပိဋကတ်တရားတော်များကို ရဟန်းတော်များစုပေါင်း၍ ရွတ်ဆိုတော်မူကြခြင်း (Sangayana is the congregation of learned monks who collectively revised and recited of the Tipitaka Texts as preached by the Lord Buddha.) ဖြစ်သည်။

ယင်းသို့ပြုမူဆောင်ရွက်ကာ သင်္ဂါယနာ တင်ခြင်းဖြင့် ဘုရားရှင် မိန့်ကြားတော်မူခဲ့သော ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်တို့ကို အရှည်တည်တံ့စေနိုင်ခဲ့ကြ၏။

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မူပြီး မကြာမီမှာပင် ရှင်တော်မြတ်ဘုရား ၄၅ ဝါပတ်လုံး မနားမနေ ဟောကြားခဲ့သော တရားတော်များ မပျောက်ပျက်ရအောင် ထိန်းသိမ်းဖို့လိုအပ်ကြောင်း သိလာခဲ့ကြသည်။ သို့ဖြင့် ဘုရားရှင် ဟောကြားတော်မူခဲ့သည့်အတိုင်း မလွဲမှားရဘဲ မှန်ကန်စွာရှိစေရန် သံဃာတော်တို့သည် သဘောတူရာ စုပေါင်းလျက် ညီညီ



အိန္ဒိယနိုင်ငံ၊ မာဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ ဝေဘာရတောင်ရှိ ပထမသံဂါယနာတင်တော်မူရာ-သတ္တပဏ္ဏိလိုဏ်ဂူ



www.burmeseclassic.com

www.burmeseclassic.com

ညာညာ ရွှတ်ဖတ်သရဇ္ဈာယ်ရင်း ရွှတ်ဆို ညီနိုင်း တိုင်ပင်ကြကာ အတည်ပြု မှတ်တမ်းတင်တော်မူခြင်းပင်။


***ခေတ်အဆက်ဆက် သင်္ဂါယနာတင်ပွဲများ***

ဘုရားရှင် မရှိတော့ပြီဖြစ်သော နှစ်ပေါင်း ၂၅၀၀ကျော် အတွင်းတွင် အကြောင်းအားလျော်စွာ သင်္ဂါယနာတင်ခဲ့ရာ သင်္ဂါယနာ ခြောက်ကြိမ်ရှိခဲ့၏။ ဗုဒ္ဓ၏ဇာတိမြေ အိန္ဒိယတွင် ပထမ၊ ဒုတိယနှင့်တတိယ သင်္ဂါယနာတင်ပွဲ သုံးကြိမ်၊ သီဟိုဠ်ကျွန်းတွင် စတုတ္ထ သင်္ဂါယနာတင်ပွဲ တစ်ကြိမ်နှင့် ကိုယ်တို့မြန်မာပြည်တွင် ပဉ္စမနှင့်ဆဋ္ဌမ သင်္ဂါယနာတင်ပွဲ နှစ်ကြိမ်တို့ဖြစ်သည်။

***ဆဋ္ဌသင်္ဂါယနာတင်ပွဲ အထိမ်းအမှတ်အတွက် ကြိုးပမ်းချက်***


နောက်ဆုံးအကြိမ်အဖြစ် မြန်မာပြည်တွင် ကျင်းပခဲ့သော ဆဋ္ဌမသင်္ဂါယနာတင်ပွဲတွင် ထေရဝါဒဗုဒ္ဓဘာသာဝင်ငါးနိုင်ငံမှ သံဃာတော်များ စုပေါင်းညီညာစွာ ပါဝင်တော်မူခဲ့ကြ၏။ ယင်းကို နောင်လာနောက်သားတို့ အစဉ်သတိရနိုင်စေရန်အတွက် မော်ကွန်းပြတိုက်တစ်ဆောင် ထားရှိရန် ဤပြတိုက်ကို ယူထောင်ဖွင့်လှစ်ခဲ့သည်။ ပြတိုက်တွင်းပြသမည့် ပြကွက်နှင့် ပစ္စည်းများသည် ပြတိုက်လေ့လာသူများအား သာသနာ့သမိုင်းဆိုင်ရာ ဗဟုသုတများ တိုးပွားကာ အမျိုးဘာသာ၊ သာသနာကို ချစ်မြတ်နိုးလျက် ကြည်ညိုသဒ္ဓါပွားစေရန် အထောက်အကူပြုဖို့ ရည်သန်ခဲ့ကြ၏။ ထိုရည်ရွယ်ချက်များနှင့်အညီဖြစ်စေရန် မော်ကွန်းပြတိုက်တွင် ခင်းကျင်းပြသမည့် သမိုင်းဝင်ပစ္စည်းများ၊ အထောက်အထားများကို မြန်မာနိုင်ငံအနှံ့ရှိ ဘုန်းတော်ကြီးကျောင်းများ၊ သမိုင်းသုတေသီများ၊ နိုင်ငံခြားသံရုံးများ၊ အလှူရှင်များနှင့် ဆက်သွယ်ကာ စနစ်တကျ အလှူခံစုဆောင်းခဲ့ကြသည်။

စုဆောင်းရရှိခဲ့သော သမိုင်းဝင်ပစ္စည်း အထောက်အထားများမှာ ပန်းချီ ၁၇ ကား၊ ဓာတ်ပုံ ၃၂ ပုံ၊ ကျောက်ချပ်၊ ရုပ်တုပေါင်း ၈၄၅၊ ပေစာ၊ စာအုပ်စာတမ်း ၁၅၇ နှင့် သမိုင်းဝင်ပစ္စည်းအမျိုးပေါင်း ၉၂ မျိုး ဖြစ်၏။ ထိုစုဆောင်းပစ္စည်းများကို စိတ်ဝင်စားဖွယ်၊ ဗဟုသုတဖြစ်ဖွယ်၊ ကြည်ညိုသဒ္ဓါပွားဖွယ်ရာ စနစ်တကျ ခင်းကျင်းပြသထားရန် မော်ကွန်းပြတိုက်ကို တည်ဆောက်ခဲ့၏။ တည်ဆောက်ရေး ရန်ပုံငွေ



အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်းနေရာ ဒုတိယသံဂါယနာတင်တော်မူရာဌာန

သီဟိုဠ်ကျွန်း မာတုလမြို့အနီးရှိ မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ စတုတ္ထအကြိမ်သံဂါယနာတင်တော်မူရာ









www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်-သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသင်္ဂါယနာ တင်တော်မူခဲ့ရာ-မဟာပါသာဏလိုဏ်ဂူတော်ကြီး

အဖြစ် နိုင်ငံတော် သံဃာ့နာယကအဖွဲ့ဥက္ကဋ္ဌ၊ ပဲခူးမြို့မ ဆရာတော်ကြီးနှင့် အကျိုးတော်ဆောင် သန်လျင်မင်းကျောင်း ဆရာတော် အန္တိမဈာပနမှ ပိုလျှံငွေများကို မတည်ခဲ့ပါသည်။ ထို့နောက် လိုဏ်ဂူတော်အနီးရှိ ခမ်းမှာရုံကို ဖျက်သိမ်းကာ ပြတိုက်သစ်ကို ဆောက်လုပ်ခဲ့လေ၏။

၁၀-၁-၁၉၉၉ နေ့တွင် အုတ်မြစ်တော်စီပြီး၊ အမှတ် (၂)စက်မှုဝန်ကြီးဌာနမှ တာဝန်ယူကာ ကျပ်ငွေ ၁၇၅ သိန်း အကုန်အကျခံ ဆောက်လုပ်ခဲ့ရာ (၇-၆-၁၉၉၉ခု)တွင် ပြီးစီးခဲ့သည်။ (၁၂-၁၀-၂၀၀၀ခု)တွင် ဖွင့်လှစ်ခဲ့ပါသည်။

*ဆဋ္ဌသင်္ဂါယနာတင်ပွဲ အထိမ်းအမှတ်အတွက် မော်ကွန်းပြတိုက်*

၎င်း 'ဆဋ္ဌသင်္ဂါယနာတင်ပွဲတော် အထိမ်းအမှတ် မော်ကွန်းပြတိုက်'အကြောင်းကို မြင်သာအောင် တင်ပြလိုပါသည်။

ပြတိုက်ကြီးမှာ နှစ်ထပ် အဆောက်အအုံ ဖြစ်၏။ ပြတိုက်အောက်ထပ်တွင် ပထမသင်္ဂါယနာ၊ ဒုတိယ၊ တတိယ၊ စတုတ္ထ၊ ပဥ္စမသင်္ဂါယနာတင်ပြကွက်များကို ပန်းချီကားချပ်ကြီးများ ပန်းပုများ၊ မြေပုံကားချပ်များဖြင့် ခင်းကျင်းပြသထား၏။ ထို့အပြင် ပထမမှ စတုတ္ထ သင်္ဂါယနာတင်အထိမှုလုပ်ခဲ့သော အိန္ဒိယနှင့်သီဟိုဠ်နိုင်ငံမှ အနုပညာပစ္စည်းများဖြင့်လည်း ဖြည့်စွက်ပြသထားပါသည်။ ပန်းပုရုပ်တုများနှင့် ပန်းချီကားများကို ပန်းချီပန်းပုကျောင်းအုပ်ကြီး ဦးကျော်အုန်း ဦးဆောင်သည့် ပန်းချီပန်းပုပညာရှင်များ၊ ပန်းချီဆရာ ဦးအုန်းသွင်ကြီးနှင့် မြန်မာမှုပညာရှင် ဦးအုန်းတင်တို့က စီစဉ်ဖန်တီးကြသည်။ စနစ်တကျ ခင်းကျင်းပြသ မှုကို အမျိုးသားပြတိုက်မှ ညွှန်ကြားရေးမှူး ဒေါ်နုမြဇံက တာဝန်ယူခင်းကျင်းပြသခဲ့၏။

ပြတိုက်မြေညီထပ်တွင် သင်္ဂါယနာတင်ပွဲ ခြောက်ပွဲ၏ သမိုင်းကြောင်းကို သရုပ်ဖော်ရုပ်လုံး၊ ရုပ်ကြွ၊ ပန်းချီ၊ ရှင်းလင်းချက်စာတန်းများနှင့်တကွ စုပေါင်းခင်းကျင်း ပြသထားလေသည်။ သင်္ဂါယနာတင်ပွဲ တစ်ခုချင်းစီ၏ သမိုင်းကြောင်းနှင့် ပြတိုက်ကြီး၌ ပြသထားသော ပြကွက်တစ်ခုချင်းစီတွင် ဖော်ပြထားသည့် ရှင်းလင်းချက်များမှာ. . .

*ပထမသင်္ဂါယနာတင်ခြင်း*

ပထမသင်္ဂါယနာတင်ပွဲကို ရာဇဂြိုဟ်မြို့တွင် ကျင်းပခဲ့သည်။ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီးသည့်နောက် ၇ ရက်မျှအကြာမှာပင် 'ဘုရားမရှိလေပြီမို့ သိက္ခာပုဒ်များကို ကျင့်ကြံလိုက်နာစရာ မလိုတော့၊ လွတ်လွတ်လပ်လပ် သက်သာစွာ နေ၍ရပြီ'ဟုဆိုသော သုဘဒ္ဒရဟန်းကို အကြောင်းပြုလျက် တင်ရခြင်းပင်။

ဘုရားရှင် မျက်နှာလွှဲတော်မူပြီး သုံးလ၊ လေးရက်အကြာ၌ အရှင်မဟာကဿပ အမှူးပြုသော ရှင်ဥပါလိ၊ ရှင်အာနန္ဒာတို့ ဦးဆောင်လျက် ရဟန္တာ ၅၀၀တို့ ပါဝင်ကာ တင်တော်မူခဲ့သည်။ အဇာတသတ်မင်း၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ တင်တော်မူခြင်းဖြစ်၏။ အဇာတသတ်မင်းက သင်္ဂါယနာတင်ရန် နေရာကို ရွေးပေးဖို့ လျှောက်ထားသည့်အခါ သံဃာအားလုံးကပင် ရာဇဂြိုဟ်မြို့ကို သဘောတူစွာရွေးချယ်ခဲ့ကြ၏။

*ပထမသင်္ဂါယနာတင်ပွဲ ပြတိုက်မှတ်တမ်း*

ကမ္ဘာအေးကုန်းမြေ သင်္ဂါယနာတင် မော်ကွန်းပြတိုက်တွင် ထိုပထမဆုံးသော သင်္ဂါယနာတင်ပွဲအတွက် ရုပ်တု ရုပ်လုံး၊ ပန်းချီတို့ဖြင့် ပြသခင်းကျင်းကာ ရည်ညွှန်းစာကို အင်္ဂလိပ် + မြန်မာ နှစ်ဘာသာဖြင့်ရေးထား၏။


❁ သာသနာတော်နှစ် (၁)၊ ဘီစီ ၅၄၄၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီး သုံးလနှင့် လေးရက်မြောက်သော နေ့တွင် ပထမသင်္ဂါယနာတင်သည်။ တောထွက်ရဟန်းကြီး သုဘဒ္ဒက ဘုရားရှင်သာသနာတော်ကြီး ထိပါးပုတ်ခတ်မှုကို အကြောင်းပြု၍ တင်သည်။ အိန္ဒိယနိုင်ငံ၊ မာဂဓတိုင်း၊ ရာဇဂြိုဟ်မြို့ ဝေဘာရတောင်ရှိ သတ္တပဏ္ဏိလိုဏ်ဂူ မဏ္ဍပ်တော် နေရာ၌ တင်သည်။





www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာတင်အထိမ်းအမှတ် ဗော်ကျွန်းပြတိုက်ကြီး

အရှင်မဟာကဿပဦးဆောင်သော ရဟန္တာ မဟာထေရ်ကြီး ငါးရာတို့က အဇာတသတ်မင်း၏ ကူညီထောက်ပံ့မှုဖြင့် ပထမသင်္ဂါယနာတင်သည်။ ဘုရားဟောဒေသနာများကို ခုနစ်လကြာ နှုတ်တက်အာဂုံ စုပေါင်းရွတ်ဆို၍ ပထမသင်္ဂါယနာတင်သည်။

**The First Great Buddhist Council**

The First Great Buddhist Council was convened in the year (1) of the Buddhist Era, 544 B.C just 3months and 4days after the noble demise of the Buddha. - The First Great Buddhist Council was convened because of the genuine teaching of the Buddha was insulted and endangered by Subhsdda a recluse. - The First Great Buddhist Council was held at the Sattapanni Cave of Vebara hill, Rajagaha, Magada division, India.- The First Great Buddhist Council was convened by an assembly of five hundred arahats pre-sided over by the Venerable Maha Kassapa. - The First Great Buddhist Council was held with the support of his Majesty, King Ajatasattu.- The whole body of the teachinga of the Buddha were collectively recited and given authenticity for seven months at the First Great Buddhist Council.

အင်္ဂလိပ်ဘာသာဖြင့် ရေးထိုး ပြသထားသကဲ့သို့ စာဆိုတော် ဦးယာ၏'အန်ချင်း'ကိုလည်း ဖော်ပြထားရာ .

မင်းချင်းလေ။ ။ ကုသိနာရုံ၊ ပန်းရဂုံဝယ်၊ ဘုံပြီးသလက်၊ ပြည့်ဝန်းရက်၌၊ ဘုံစက်မပြန်၊ သုံးနိဗ္ဗာန်တွင်၊ နှစ်တန်ကူးမြောက်၊ ထွန်းတောက်ကိုယ်ဝါ၊ မင်းဘဒ္ဒါနှင့်၊ ဗြဟ္မာအသွင်၊ လူကရှင်သို့၊ ဓုတင်တေရသ်၊ သူထက်မြတ်သား၊ ထေရ်မြေသပါ၊ သာဝကကို၊ ခဲခဲပဉ္စာ၊ ရဟန္တာနှင့်၊ ပြည်ရာဇဂြိုဟ်၊ နဂိုရ်

www.burmeseclassic.com

မြင်း၊ သံဝေပြင်းသား၊ မင်းဇာတသတ်၊ သမုနတ်ကို၊ ထေရ်မြတ်တစု၊ အမီပြု၍၊ ငါးခုသာတောင်၊ ပြည်ရန်အောင်ဝယ်၊ ရောင်ဆိုင်းဆိုင်း၊ ညို့ညို့မှိုင်းသား၊ ခက်ကျိုင်းညွှန့်ရှင်၊ ချည်းပင်နှင့်၊ ခေါ်တွင်ပဗ္ဗတ၊ ဝေဘာရဟု၊ သာလှရိပ်ချမ်း၊ ထိုက်သာဌမ်းဝယ်၊ ကျမ်းပုဒ်ပဒ၊ ညှိနှိုင်းဆ၍၊ ပထမသင်္ဂါယနာ၊ တင်သောခါဝယ်၊ ကြယ်မာဃကြီး၊ လနှင့်နီးမှ၊ ပြီးစီးအောင်မြင်၊ ယင်းသဘင်ဝယ်၊ အရှင်အာနန်၊ အရဟန်စစ်၊ တိုင်းမြောက်ဖြစ်သည်၊ ရှစ်ဆယ်ကျော်သက် တွင်သည့်လေး။ သူတောင်းဖော်ရွေ မင်းချင်းတို့။ ။

ထို့ပြင် ရာဇဂြိုဟ်မြို့အနီးမှ သင်္ဂါယနာတင်ပွဲ ကျင်းပခဲ့ရာ လိုဏ်ဂူတော်နေရာကိုလည်း မြေပုံနှင့်တကွ ပြသထားသည်။ ပြကွက်များမှာ ကောင်းမွန်ပါသော်လည်း ပွဲကျင်းပနေပုံ ပန်းချီကားမှ ပရိသတ်များကတော့ ကုန်းဘောင်ခေတ် မြန်မာ့နန်းတွင်း အဆင်အပြင်၊ အဝတ်အစားများဖြစ်နေရာ ယုတ္တိမဲ့လှ၏။ ထို့အတူပင် အခြားသော ပြည်ပနိုင်ငံများတွင် သင်္ဂါယနာတင်နေပုံ ပန်းချီကားအားလုံးတွင်လည်း မြန်မာ့ဆင်ယင်ထုံးဖွဲ့ပုံများနှင့်ချည်းဖြစ်ရာ မူရင်းဒေသနှင့် ပါဝင်ကျင်းပခဲ့သူများကိုတော့ အားနာစရာ။ ကိုယ့်တို့မြန်မာများ၏ မျိုးချစ်စိတ်ဓာတ်လွန်ကဲခြင်း ပြယုဂ်ပင်။

### ဒုတိယသင်္ဂါယနာတင်ပွဲ


ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူပြီး နှစ်ပေါင်း(၁၀၀)ကြာသောအခါ ဝေသာလီပြည်၊ ဝါလိကာရုံကျောင်းတော်၌ အရှင်မဟာယသ အမှူးပြုသော ရဟန္တာမထေရ်ကြီးများသည် ဒုတိယသင်္ဂါယနာ တင်တော်မူခဲ့ကြပြန်ရာ ယင်းကို . . .


✿ သာသနာတော်နှစ် ၁၀၀၊ ဘီစီ ၄၄၃ တွင် ဒုတိယသင်္ဂါယနာတင်သည်။ ဝေသာလီပြည် ဝဇ္ဇီတိုင်းသားရဟန်းများက ရဟန်းကောင်းတို့၏ ဝိနည်းတော်နှင့်မညီသောအကျင့် (အဓမ္မဝတ္ထု)ဆယ်ပါးကို ဟောပြောပြုကျင့်မှုကို အကြောင်းပြုသည်။

အိန္ဒိယနိုင်ငံ၊ ဝေသာလီပြည်၊ ဝါလုကာရုံကျောင်း၌ ဒုတိယသင်္ဂါယနာတင်သည်။ အရှင်မဟာယသ ဦးဆောင်သော ရဟန္တာမထေရ် ၇၀၀ တို့က ဒုတိယသင်္ဂါယနာတင်သည်။ ကာလာသောကမင်းက ကူညီထောက်ပံ့သည်။ ဘုရားဟော ဒေသနာတော်များကို ရှစ်လကြာ နှုတ်တက်အာဂုံစုပေါင်းရွတ်ဆို၍ ဒုတိယသင်္ဂါယနာတင်သည် ဟု အညွှန်းစာ ရေးပြထား၏။

**The Second Great Buddhist Council**

✿ was convend in the year 100 of B.E (the Buddhist Era), 443 B.C.- was held because some reretical monks of Vesali were preaching the ten indulgence which were incompatible with Vinaya. - was held at Valukayone Monastery in Vesali, India.- was convened by seven hundred arahats presided over by the Venerable Ashin Mahayasa. - was held with the support of King Kalasoka.- The teachinga of the Buddha were collectively recited and given authentivity for eight months.







ရန်ကုန်မြို့၊ သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ၊ ဆဋ္ဌသံဂါယနာတင်အထိမ်းအမှတ် မော်ကွန်းပြတိုက်ကြီး

www.burmeseclassic.com










ရာဇဂြိုဟ်ပြည်၊ ဝေဘာရတောင်အပြင်ဘက်တောင်၊ သတ္တပဏ္ဏိလိုဏ်ဂူ၌ ပထမသံဂါယနာတင်ပွဲ

***စာဆို ဦးယာ၏ ဒုတိယသင်္ဂါယနာအန်ချင်း***

မင်းချင်းလေ။ ။ တိုင်းမဂဓိုရ်၊ ရာဇဂြိုဟ်ဝယ်၊ ထိုဇာတသတ်၊ နွယ်မပြတ်သား၊ သည်းပွတ်မြေးမြစ်၊ မင်းအဖြစ်ကို၊ ညစ်ပတ်သတ်လု၊ ငါးဆက်ပြုမှ၊ သုသုနာဂါ၊ သာသနာကို၊ ဝေသာလီပြည်၊ ချက်မြှုပ်ပြည်သို့၊ ယွန်းစည်ကျူးရင့်၊ ချီလေပင့်သော်၊ နှစ်မြင့်ငြိမ်ဆိမ်၊ နန်းရွှေအိမ်ထက်၊ စည်းစိမ်စံပြီး၊ နတ်ဘုံမှီးသော်၊ သားကြီးရတနာ၊ ကာလာသောက၊ ရိပ်ဖြူသရှင့်၊ ဘုရားသာသနာ၊ နှစ်တရာသည်၊ ကြိုက်လာပြန်လျှင်၊ ထိုဘုရင်ကို၊ အရှင်ရသ၊ တူကွမကွာ၊ ခုနှစ်ရာတည့်၊ ရဟန္တာစု၊ အမှီ(တိုင်ပင်)ပြု၍၊ ဝါဠုကာရန်၊ ကမ္ပည်းခံသည်၊ သာစံထပ်ထပ်၊ နက်သန်ရပ်ဝယ်၊ မဏ္ဍပ်ကြီးစွာ၊ သုခမ္မာသို့၊ ရတနာကိုးသွယ်၊ မွမ်းမံခြယ်သား၊ ပန်းနွယ်ခြူးစိပ်၊ သဘင်ရိပ်ဝယ်၊ စက်အိပ်နည်းဘီ၊ ထေရ်မှုနိသို့၊ ဒုတိယသင်္ဂါယနာ၊ တင်သောခါသည်၊ ရှစ်မာသတိုင်တိုင်တည့်လေ။ ။ သူကောင်းဖော်ရွှေ မင်းချင်းတို့။ ။

***တတိယသင်္ဂါယနာတင်ပွဲ***

ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်ပြီးနောက် သာသနာနှစ် ၂၃၅ ခုသို့ ရောက်သော် ပါဋလိပုတ်မင်းနေပြည်မှ အသောကမင်းကြီးသည် အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ်၏ အမှူးပြုသော ရဟန္တာမထေရ် တစ်ထောင်တို့ဖြင့် အသောကာရုံကျောင်းတော်၌ တတိယသင်္ဂါယနာ တင်တော်မူစေခဲ့သည် နယုန်လမှ တပို့တွဲလသို့တိုင် ကိုးလ ... ခဲ့လေ၏။

သာသနာတော်နှစ် ၂၃၅၊ ဘီ ... ၌င် တတိယသင်္ဂါယနာတင်သည်။ ရဟန်းတု၊ ရဟန်းယောင် ခြောက်သောင်းတို့က ရဟန်းကောင်းအသွင်ဆောင်၍ သာသနာတော်တွင်း ဝင်ရောက်ကြပြီး မိစ္ဆာဝါဒများသွတ်သွင်းလာမှုကြောင့်အကြောင်းပြုသည်။ အိန္ဒိယနိုင်ငံ၊ ပါတလိပုတ်ပြည်၊ အသောကာရုံကျောင်း၌ တတိယသင်္ဂါယနာတင်သည်။ အရှင်မဟာမောဂ္ဂလိပုတ္တတိဿမထေရ် ဦးဆောင်သော ရဟန္တာမထေရ်ကြီး ၁၀၀၀ တို့က တတိယသင်္ဂါယနာတင်သည်။ သီရိဓမ္မာသောကမင်းကြီးက ကူညီထောက်ပံ့သည်။ ဘုရားဟောဒေသနာတော်များကို ကိုးလကြာ နှုတ်တက်အာဂုံ စုပေါင်းရွတ်ဆို၍ တင်သည်။


**The Third Great Buddhist Council**

❁ was held in 235 B.E, 308 B.C.- was convened because the bogus monks intimated as virtuous monks entered the Buddhist Order and tried to put the unlawful extraneous elements into the original teachings of the Buddha.- was held at Asokayone Monastery in Pataliputta. India.- was convened by seven hundred arahats presided over by the Venerable Ashin




www.burmeseclassic.com

www.burmeseclassic.com



...လီပြည်၊ ဝါလိကာရုံကျောင်းတော်မှ ဒုတိယသံဂါယနာတင်ပွဲမှတ်တမ်းများ


...သတိုင်တိုင်တည်လေး။
...ကောင်း ဖော်ရွှေ မင်းချင်းတို့။


...ayasa. - was held with the support of King ...soka.- The teachinga of the Buddha were collec-...ly recited and given authentivity for eight months.

### ...ဆိုဦးယာ၏ တတိယသင်္ဂါယနာအန်ချင်း

မင်းချင်းလေ။ ။ ဝဇ္ဇီတိုင်းချာ၊ ပြည်ဝေသာဝယ်၊ ...သာမင်းနောက်၊ ဆယ့်ကိုးယောက်တွင်၊ မင်းမြောက်စိမ့် ... ဗုဒ္ဓါဖန်သည်၊ စန္ဒဂုတ်မြေး၊ ဗိန္ဒုသွေးဟု၊ ဘုန်းကျေးဇူး ... မြေမိုးတုန်မျှ၊ ရှေးကုန်သည်ဖြစ်၊ ဘဝစစ်က၊ ပျားနှစ် ... ကုသိုလ်ပါသည်၊ ဓမ္မာသောက၊ နရိန္ဒလျှင်၊ မဇ္ဈိဘူမိ၊ ...သိဝယ်၊ ဆယ်ဒိသာလုံး၊ အာဏာကျုံးသား၊ ပေါင်းရုံးများ ... ဆောဒုပွဲတွင်၊ (ဗျည်း"တိ"ဒွါတွင်)၊ မဟာမောဂ္ဂလိပုတ္တ ...ရ်တိဿတို့၊ ဓမ္မမင်းအား၊ နိမန်ကြား၍၊ လက်သား ...ဘန်၊ တစ်ထောင်မှန်ဖြင့်၊ နိဗ္ဗာန်ရတနာ၊ ကျယ်ဝန်းစွာ ... သောကရာမ၊ ရွှေကျောင်းလှဆက်၊ တတိယသင်္ဂါ ... အာဏာဖော်ပြ၊ တင်ကုန်ကြသည်၊ သုံးလယုတ်တစ်နှစ် ...လေး။ ။ သူကောင်းဖော်ရွှေ မင်းချင်းတို့။ ။

### ...ဋ္ဌသင်္ဂါယနာတင်ပွဲ

ရှေးအခါက စာရွက်၊ ပုံနှိပ်စက်၊ အသံဖမ်းစက် မရှိ ...လည်း ဗုဒ္ဓဟောကြားတော်မူခဲ့သော ဒေသနာတော်များ ...ငွေတော်များကို သတိ၊ ပညာ၊ သမာဓိ ကြီးမားသော ...တော်များက မမေ့မပျောက်အောင် ကျက်မှတ် ရွတ် ...ာ ဆရာစဉ်ဆက် အာဂုံသာ ဆောင်ယူလာကြရသည်။


## ဒုတိယသံဂါယနာ

သာသနာတော်နှစ်(၁၀၀)၊ ဘီစီ ၄၄၃ တွင် ဒုတိယသံဂါယနာတင်သည်။
- ဝေသာလီပြည် ဝဇ္ဇီတိုင်းသား ရဟန်းများက ရဟန်းတော်တို့ကိုဝိနည်းတော်နှင့်မညီသောအကျင့် (၁၀)မျိုး ... ကြောင့် ...
အကြောင်းပြုသည်။
- အိန္ဒိယနိုင်ငံ ဝေသာလီပြည် ဝါလုကာရုံကျောင်း၌ ဒုတိယသံဂါယနာတင်သည်။
- အရှင်မဟာယသ ဦးဆောင်သော ရဟန္တာမထေရ်(၇၀၀)တို့က ဒုတိယသံဂါယနာတင်သည်။
- ကာလာသောကမင်းက ကူညီထောက်ပံ့သည်။
- ဘုရားဟောဒေသနာတော်များကို (၈)လကြာ ရွတ်ဆို၍ ဒုတိယသံဂါယနာတင်သည်။

THE SECOND GREAT BUDDHIST COUNCIL

THE SECOND GREAT BUDDHIS... ...CIL
- WAS CONVENED ... THE YEA... ... OF ...E B.E., 413 B.C.
- WAS HELD BECAUSE SOME HERETICAL ... OF VESALI WERE PREACHING THE TEN INDULGENCES WHICH WERE ... ...ATIBLE WHITH VINAYA.
- WAS HELD AT VALUKAYONE MONASTE... IN VESALI, INDIA.
- WAS CONVENED BY SEVEN HUNDRED ARAHATS PRESIDED OVER BY THE VENERABLE ASHIN MAHAYASA.
- WAS HELD WITH THE SUPPORT OF KING KALASOKA.
- THE TEACHINGS OF THE BUDDHA WERE COLLECTIVELY RECITED AND GIVEN AUTHENTICITY FOR ... ...

စတုတ္ထသင်္ဂါယနာတင်ပွဲ ကာလအထိ နှစ် ၄၀၀ ကျော်အထိ ပင် ကြာမြင့်ခဲ့သည်။


ထိုသို့ သယ်ယူလာကြရာ၌လည်း မပင်မပန်း လွယ်ကူစွာ သယ်ယူခဲ့ကြခြင်းမဟုတ်။ ခေတ်အမျိုးမျိုးကို ကျော်လွှားကာ မိစ္ဆာဝါဒီအသွယ်သွယ်ကို ရင်ဆိုင်ခဲ့ကြရ၏။ အိန္ဒိယတွင်လည်းကောင်း၊ သီဟိုဠ်ကျွန်းတွင်လည်းကောင်း ဘာသာကွဲဘုရင်များ ကြီးစိုးချိန်တွင် သာသနိက အဆောက်အအုံများကို ဖျက်ဆီး၊ သံဃာများကို ရိုက်နှက်နှိပ်စက် သတ်ဖြတ်ခြင်းများပင် ပြုလုပ်ခဲ့ကြသည်။ သီဟိုဠ်တွင် (စဏ္ဍာလတိဿ) သူပုန်ဘေးနှင့် အစာရေစာ ငတ်မွတ်ခေါင်းပါးမှုကြီးကို ၁၂ နှစ်ကြာ ခံစားခဲ့ကြရ၏။ ထိုစဉ် အာဇာနည် ရဟန်းသံဃာတို့သည် အလွန်ပင်ပန်းဆင်းရဲစွာ နေထိုင်ကျော်ဖြတ်ခဲ့လျက် ပိဋကတ်တော်များကို ရွတ်ဖတ်ထိန်းသိမ်းလာခဲ့ကြသည်မှာ အံ့မခန်းပင်။

သို့ဖြင့် နောင်ထိုသို့သော ဘေးကြီးများ ပေါ်ပေါက်ပါက သံဃာတော်များလည်း သတိ၊ သမာဓိ၊ ပညာ ဆုတ်ယုတ်ပြီး နှုတ်တက်မဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်နိုင်သည်ကို သတိပြုမိခဲ့ကြ၏။


သို့ဖြင့် သာသနာတော်နှစ် ၄၅၁ တွင် သီဟိုဠ် မလယဇနပုဒ်၊ အာလောကလိုဏ်ဂူ၌ အရှင်မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သော ရဟန္တာငါးရာတို့က စတုတ္ထသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ မလယဇနပုဒ် အကြီးအကဲနှင့် ရွာသားများက ကူညီထောက်ပံ့ခဲ့ကြ၏။ ထိုပွဲအပြီး၌ ဘုရားဟော


www.burmeseclassic.com

www.burmeseclassic.com




အသောကမင်းကြီးလက်ထက်၊ ပါဋလိပုတ်ပြည်၊ အသောကာရုံကျောင်း၌ တတိယသင်္ဂါယနာတင်ပွဲ




ဒေသနာ ပိဋကတ်သုံးပုံကို အဋ္ဌကထာနှင့်တကွ တစ်နှစ်ကြာမျှ ပေထက်အက္ခရာ တင်ခဲ့ကြသည်။ ယင်းကို ပြတိုက်တွင်-

❁ သာသနာတော်နှစ် ၄၅၀၊ ဘီစီ ၉၄တွင် စတုတ္ထသင်္ဂါယနာတင်သည်။ နောင်အခါ ယင်းကဲ့သို့သော ဘေးကြီးများ ပေါ်ပေါက်ပါက သတိ၊ သမာဓိ၊ ပညာ ဆုတ်ယုတ်ပြီး နှုတ်တက် မဆောင်နိုင်လျှင် ပိဋကတ်တော်များ ကွယ်ပျောက်နိုင်သည့် အန္တရာယ်ကို အကြောင်းပြုသည်။ သီရိလင်္ကာ(သီဟိုဠ်)နိုင်ငံ၊ မလယဇနပုဒ်(Matala Village-Anuradha) အာလောကလိုဏ်ဂူ (Aloka Cave) ၌ အရှင်မဟာဓမ္မရက္ခိတမထေရ် ဦးဆောင်သော ရဟန္တာမထေရ်ကြီးငါးရာတို့က စတုတ္ထသင်္ဂါယနာ တင်တော်မူခဲ့ကြသည်။ ဝဋ္ဋဂါမဏိမင်းလက်ထက် မလယဇနပုဒ်အကြီးအကဲနှင့် ဇနပုဒ်သူ ဇနပုဒ်သားများက ကူညီထောက်ပံ့သည်။ ဘုရားဟောဒေသနာများကို တစ်နှစ်ကြာ ပေထက်အက္ခရာတင်၍ စတုတ္ထသင်္ဂါယနာတင်သည်။

**Fourth Great Buddhist Council**

❁ was convend in 450 B.E. 94 B.C.- threats of hunger and insurgency reduced changes for memorisation of Buddha's Teachings with consequent of disappearance of Tripitaka. - It was held to protect from these calamities.- was held at Aloka Cave in Matala Village, Anuradha, Sri Lanka (Ceylon).- was convened by five hundred arahats presided over by the Venerable Ashin Mahadhammarakkhita. - was held with the support of villagers of Matala Village during the reign of King Vattagamani.- The teachinga of the Buddha were written on palm leaves for one year.


***စာဆိုဦးယာ၏ စတုတ္ထသင်္ဂါယနာအန်ချင်း***

မင်းချင်းလေ။ ။ ကုသဝတီ၊ ပုရီပြည်ထူး၊ စံလွတ်ကျူးဝယ်၊ တံခူးလည်းကုန်၊ နတ်မြူးခုန်သား၊ ကဆုန်ပုဏ္ဏမာ နေ့အင်္ဂါဟု၊ ဗေသာခါနက်၊ တည့်မွန်းရက်တွင်၊ စက်တော်မပြန်၊ ခါတ်နိဗ္ဗာန်ကို၊ ချန်ခဲ့တုံမြောက်၊ ဆန်ကြွနောက်ဝယ်၊ သာလျှောက်လူဗိုလ်၊ ကပ်မှီခိုသည်၊ သီဟိုဠ်ရာဇာ၊ ရှစ်ဆယ်လာသား၊ သဒ္ဓါထိသ၊ မင်းတရားရင်သွေး၊ မြတ်လေးသက်နှံ ချစ်အားသန်သည်၊ ဝဋ္ဋဂါဘုန်းတောက်၊ နန်းစံမြောက်တွင်၊ အရောက်ထိုခါ၊ သာသနာမှုရာလေးခုပေါ်၊ ငါးဆယ်ကျော်ဟု တော်မဟာဝင်၊ သံပိုင်းတင်ရှင့်၊ ရဋ္ဌင်သတ္တာ၊ ပြည့်စုံလျှသည့် အမရရှန်အောင်၊ ပြည်ဘောင်မင်းအား၊ ညွှတ်တွားရှိသေ ဆက်လာပေသည့်၊ သံသေသင်္ကဟာ၊ သီဟိုဠ်စာ၌၊ လေးရာ တွက်ဖွဲ့၊ သုံးဆယ့်နှင့်သုံး၊ ပါဠိစီကုံးရှင့်၊ ထုံးနှစ်ဖြာထွက် ထိုနှစ်ချက်ကို၊ နှစ်သက်ကြရာ မှတ်လေပါတော့၊ နှစ်မှာ တွက်ဖွဲ့၊ ဆယ့်ခုနစ်သာ၊ မှတ်လောက်ကွာ၏၊ မဟာသမယ ထို ကာလဝယ်၊ ဝဋ္ဋမင်းအားအမှီထား၍၊ ငါးခုနစ်ရာ၊ ဆောင် သံယာတို့၊ သုံးခါတိုင်တိုင်၊ သံပြိုင်တွတ်တွတ်၊ ရွေ့ကျွတ်သား မုခပါဠိမြတ်စွာ၊ ထေရင်းရာတို့၊ ပေါတ္ထကရှင့်၊ စတုတ္ထသင်္ဂါ




www.burmeseclassic.com

www.burmeseclassic.com




ဒီပိဋကကျွန်း မလယနေပြည် အာလောကလိုဏ်ဂူ၌
စတုတ္ထအကြိမ်သင်္ဂါယနာတင်ပွဲတော်




တင်ပြန်လာသည်၊ အာလောကလိုဏ်တွင်တည့်လေး။ ။
သူတောင်းဖော်ရွှေ မင်းချင်းတို့။ ။

ထို့ပြင် စတုတ္ထသင်္ဂါယနာတင်ပွဲ ရလဒ် ပေရွက်ပေါ်မှ ပိဋကတ်တော်မှတ်တမ်း နမူနာကိုလည်း ပြသထား၏။

## ပဉ္စမသင်္ဂါယနာတင်ပွဲ

ထို့အတူ မြန်မာပြည်၊ သုဝဏ္ဏဘူမိဒေသသို့လည်း အသောကမင်းကြီး၏ သာသနာပြုအစီအမံဖြင့် သာသနာတော် ရောက်ရှိလာခဲ့သည်။ ရှင်မဟာဗုဒ္ဓဃောသ ယူဆောင်လာ၍ ဗုဒ္ဓစာပေများ ရောက်လာကြသည်ဟုလည်း ဆိုကြ၏။ ထိုသို့ ရောက်ရှိလာသော သာသနာတော်သည် နှစ်ပေါင်းများစွာကြာသောခါ အဖြည့်အစွက်၊ အပျောက်အပျက်တို့ဖြင့် ချွတ်ချော်ကွဲပြားမှုမရှိရန် ညှိနှိုင်းသန့်စင်ရန် လိုအပ်လာပြန်သည်။ သို့ဖြင့် အေဒီ ၁၈၇၁ ခုနှစ်၊ သာသနာနှစ် ၂၄၁၅ ခုတွင်ကား ကုန်းဘောင်ခေတ်၊ ရတနာပုံ - မန္တလေးနေပြည်တော် မင်းတုန်းမင်းကြီးရွှေနန်းတော် မြေနန်းပြာသာဒ်တော်၌ သာသနာပြု ဆရာတော်ကြီးများသည် ပေပုရပိုက်ပေါ်ရှိ ပိဋကတ်တော်များ ပိုမိုတည်စေရေးနှင့် မူကွဲများ ညီညွတ်စေရေးကို အကြောင်းပြုလျက် ပဉ္စမသင်္ဂါယနာ တင်တော်မူခဲ့ကြပြန်သည်။ မင်းတုန်းမင်း၏ ကူညီထောက်ပံ့မှုဖြင့် မန္တလေးမြို့ ဒက္ခိဏာရာမ ဘုရားကြီးတိုက်ဆရာတော် တိပိဋကဓရ မဟာရာဇာဓိရာဇဂုရု ဘဒ္ဒန္တဇာဂရာဘိဝံသ မဟာထေရ် ဦးဆောင်သော သံဃာ ၂၄၀၀ တို့က ပဉ္စမသင်္ဂါယနာတင်ခဲ့သည်။ ၅နှစ်၊ ၆လ၊ ၁၄ရက်ကြာ ကျောက်ထက်အက္ခရာတင်ပြီး ၅ လနှင့် ၃ ရက်ကြာ ပိဋကတ်သုံးပုံ ဘုရားဟောဒေသနာတော်များကို စုပေါင်းညီညာစွာ နှုတ်တက်အာဂုံ ရွတ်ဆိုတော်မူခဲ့ကြ၏။

❁ သာသနာတော်နှစ် ၂၄၁၅၊ အေဒီ ၁၈၇၁တွင် ပဉ္စမသင်္ဂါယနာတင်သည်။ ပေ၊ ပုရပိုက်များပေါ်ရှိ ပိဋကတ်တော်များကို ပိုမိုတည်စေရေးနှင့် မူကွဲများ ညီညွတ်စေရေးကို အကြောင်းပြုသည်။ မန္တလေးမြို့ ရွှေနန်းတော်၌ သင်္ဂါယနာတင်သည်။ မန္တလေးမြို့ ဒက္ခိဏာရာမဘုရားကြီးတိုက် ဆရာတော် တိပိဋကဓရ မဟာရာဇာဓိရာဇဂုရုဘဒ္ဒန္တ ဇာဂရာဘိဝံသ မဟာထေရ် ဦးဆောင်သော သံဃာ ၂၄၀၀ တို့က ပဉ္စမသင်္ဂါယနာတင်တော်မူခဲ့ကြသည်။ ကုန်းဘောင်ခေတ် မင်းတုန်းမင်းကြီးက ကူညီထောက်ပံ့သည်။ ဘုရားဟော ဒေသနာတော်များကို ၇ နှစ် ၆ လ ၁၄ ရက်ကြာ ကျောက်ထက်အက္ခရာတင်ပြီး ၅ လနှင့် ၃ ရက်ကြာ နှုတ်တက်အာဂုံ စုပေါင်းရွတ်ဆို၍ ပဉ္စမသင်္ဂါယနာတင်သည် ဟု ဖော်ပြထား၏။

**The Fifth Great Buddhist Council**

❁ was held in 2415 B.E, 1871 A.D.- was held to purify and preserve Tri Pitaka on palm-leaves.- was held in Mandalay, Myanmar - was convened by (2400) Bhikkhus presided over by the Venerable Tipitakadhara Maharajadhi Rajaguru Mahathera Bhadanta






www.burmeseclassic.com

www.burmeseclassic.com



ကုန်းဘောင်ခေတ်၊ ရတနာပုံနေပြည်တော်၊ မင်းတုန်းမင်းရွှေနန်းတော်မှ ပဉ္စမသင်္ဂါယနာတင်ပွဲ




Rajarabhivamsa . - was held with the support of King Mindon.- The teaching of the Buddha had been inscribed on stone slabs for 7years, 6 months, and 14 days, and were collectively recited for 5 months and 3 days.

*သင်္ဂါယနာတင်ပွဲ အထိမ်းအမှတ် မော်ကွန်းပြတိုက် အပေါ်ထပ် ပြခန်းများ*

ပြတိုက်အပေါ်ထပ် တစ်ခုလုံးတွင်မူ ဆဋ္ဌသင်္ဂါယနာတင်ပွဲတစ်ခုတည်းကိုသာ အဓိကထား ပြသထား၏။ ဆဋ္ဌသင်္ဂါယနာတင်ပွဲကျင်းပရာ မဟာပါသာဏလိုဏ်ဂူတော်ကြီး ပုံစံငယ်နှင့် ဆဋ္ဌသင်္ဂါယနာတင်ပွဲ ကျင်းပပုံပြကွက်၊ မဟာပါသာဏလိုဏ်ဂူတော်ကြီး တည်ဆောက်ပုံအဆင့်ဆင့် ဓာတ်ပုံများ၊ ပိဋကတ်ကျောက်စာများ၊ ဆဋ္ဌမူပိဋကတ်တော် စာအုပ်များ၊ ဆဋ္ဌသင်္ဂါယနာ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဝန်ဆောင်သံဃာ့အဖွဲ့ဝင် ဆရာတော်ကြီးများ၊ အဘိဓဇ မဟာရဋ္ဌဂုရု ညောင်ရမ်းဆရာတော်၊ အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်နှင့် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက. မင်းကွန်းဆရာတော်တို့၏ အသုံးအဆောင်ပစ္စည်းများ၊ ဆဋ္ဌသင်္ဂါယနာတင်စဉ်က အသုံးပြုခဲ့သော ပန်းများ၊ ဇွန်းများ၊ တံဆိပ်များနှင့် ဆဋ္ဌသင်္ဂါယနာတွင်ပါဝင်ခဲ့သော ထိုင်း၊ ကမ္ဘောဒီးယား၊ လာ





နိုင်ငံတို့မှ သာသနာနှင့်သက်ဆိုင်သော ပစ္စည်းများကို အခန်းကဏ္ဍအလိုက်ခွဲ၍ စနစ်တကျ ပြသထားသည်။

(ဆက်ရန်)

**ကိုအေးမြင့်(မဟာဝိဇ္ဇာ-ရှေးသု)**

**ကျမ်းကိုး။**


သာဝတ္ထိကျောင်းဆရာတော် ဦးဩဘာသ
(မဇ္ဈိမဒေသ မြို့ရွာများမှ သမိုင်းရုပ်ကြွင်းရုပ်ပုံလွှာများ)။
တိပိဋက-အရှင်ဝါယမိန္ဒ (ဗုဒ္ဓဂယာဘုရားဖူး)။
ရာဇိန္ဒမဟာထေရ်၊ အရှင်၊ ဘုရားဖြူကျောင်းတိုက်၊
သာသနဗဟုသုတပွကာသနီ၊ စတုတ္ထအကြိမ်ထုတ်၊
မိခင်ဧရာဝတီ၊ ၂၁၀၉။

❑



www.burmeseclassic.com

www.burmeseclassic.com



# သိက္ခာသုံးရပ် ကြီးမြတ်ဂုဏ်အင် ရွှေဥမင်ဆရာတော်ဘုရားကြီး

—— နှန်မြူ (ပညာရေး)

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၊ ပုရွက်ဆိတ်ကုန်းရပ်ကွက်၊ ရွှေဥမင်ဘုရားအနီး၌ ရွှေဥမင်တောရ ကျောင်းတိုက်တည်ရှိပါသည်။ ရွှေဥမင်ဆရာတော်ဘုရားကြီးသည် ၎င်းကျောင်းတိုက်ကြီးကို ၁၉၆၀ နှစ်တွင် တောင်တည်ထောင်တော်မူခဲ့ပါသည်။

၁၉၆၁ ခုနှစ်တွင် ဆရာတော်ဘုရားကြီးသည် မဟာစည် သာသနာ့ရိပ်သာကျောင်းမှ ရွှေဥမင်တောရကျောင်းတိုက်သို့ ပြောင်းရွှေ့သီတင်းသုံးတော်မူလျက် ရဟန်း၊ ရှင်၊ လူ၊ ယောဂီအပေါင်းတို့အား တရားဓမ္မဟောကြားခြင်း၊ ဘာဝနာတရားရှုမှတ်ပွားရန် နည်းလမ်းကောင်းများ သွန်သင်ညွှန်ပြခြင်းဖြင့် သာသနာ့အကျိုး သယ်ပိုးတော်မူခဲ့ပါသည်။

ပညာရေးဌာနတွင် အမှုထမ်းလျက်ရှိသော စာရေးသူသည် နွေရာသီကျောင်းပိတ်ရက် သကြံန်ကာလများတွင် မြောက်ဥက္ကလာပမြို့၊ ရွှေဥမင်တောရရိပ်သာသို့ သွားရောက်၍ ဥပုသ်သီတင်းဆောက်တည်ခြင်း၊ တရားရှုမှတ်ပွားများခြင်းဖြင့် ကုသိုလ်အမှုပြုလုပ်လေ့ရှိပါသည်။

တစ်နေ့သော နေ့လယ်ခင်းတွင် ဆရာတော်ဘုရားကြီးသည် စာရေးသူအပါအဝင် ယောဂီများအား သီလပေး၍ သတိပဋ္ဌာန်တရား(၄)ပါး ရှုမှတ်နည်းများ ဟောပြောကာ တရားမှတ်စေပါသည်။ တရားထိုင်ပြီးသောအခါ ဆရာတော်ကြီးကို ဖူးမြော်နေစဉ် စာရေးသူ၏ အတွေးအာရုံများက တက္ကသိုလ်ဝင်တန်း ကျောင်းသူဘဝ မြန်မာစာသင်ယူခဲ့သည့် အချိန်ကာလတစ်ခုသို့ ရောက်သွားပါသည်။

စာရေးသူ တွေးနေမိသော အကြောင်းအရာသည် အံ့ဖွယ်စာရေးဆရာဆောင်းပါးမှ ရွှေဥမင်ဆရာတော်နှင့် တောင်ဖီလာဆရာတော် တွေ့ခန်းအကြောင်းအရာပင် ဖြစ်ပါသည်။

ရှေးရွှေဥမင်ဆရာတော်သည် တောရကျောင်း တစ်ကျောင်း၌ အလုပ်အကျွေးသူတော်တစ်ယောက်နှင့် ဆွမ်း၊ ဆေး၊ ကျောင်း၊ သင်္ကန်း ခေါင်းပါးစွာ တရားအားထုတ်လျက်ရှိပါသည်။

တောင်ဖီလာ ဆရာတော်မှာ မင်း[illegible]ဘိုးကွယ်သော မင်းဆရာတော် [illegible]ပါး ဖြစ်ပါသည်။

တစ်နေ့တွင် တောင်ဖီလာဆရာတော်က ရွှေဥမင်ဆရာတော်ကိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုအစုစုကို ဆက်ကပ်[illegible]ါန်းပါသည်။

ရွှေဥမင်ဆရာတော်က သင်္ကန်းအပါအဝင် လှူဖွယ်ပစ္စည်းမှန်သမျှကို ရွှေစည်းခုံအား လှူပါ၏ဟုဆို၍ ရှေ့တွင်ချထားတော်မူပါသည်။ တောင်ဖီလာဆရာတော်က ရွှေဥမင်ဆရာတော်ကို -

"ပရိသတ်အခြွေအရံ နည်းလှသည်၊ ကြောက်တော် မမူဘူးလား" ဟု မေးရာ ရွှေဥမင်ဆရာတော်က. . .

"ကြောက်၍ပင် ပရိသတ် နည်းနည်းနှင့် နေပါသည်" ဟုပြောပြီး. . .

"အရှင်ဘုရားတို့များ မင်းဆရာလုပ်နေလိုက်တာ သတ္တိရှိပါပေရဲ့" ဟု အမိန့်ရှိတော်မူပါသည်။

တောင်ဖီလာဆရာတော် ပြန်ကြွသွားသောအခါ သူတော်က. . .



www.burmeseclassic.com

www.burmeseclassic.com

"ဆရာတော် မင်းဆရာတော်အား ဤသို့ပြောသည်မှာ ဒွလွန်အားနာဖွယ် ကောင်းပါသည် ဘုရား" ဟု လျှောက်ထားရာ ရွှေဥမင်ဆရာတော်က

"သူတော်၊ တောင်ဖီလာဆရာတော်သည် ဒီကပြန်လို့ မြို့တော်သို့ ဝင်ဝံ့လျှင် လော်ကဝယ် အလွန့်ယောက်ျား" ဟု မိန့်တော်မူပါသည်။ ဆရာတော်မိန့်သည့်အတိုင်းပင် တောင်ဖီလာဆရာတော်သည် မန်းစက်တော်မှ အပြန်မင်းဝံတောင်ရိုး အရှေ့ဘက်ချောင်တွင် တောထွက်တော်မူသည်။

ဤပုံယူက ရှုပကဖြင့်တူမျှသံဝေရပါလေပြီ။ တောင်ဖီလာဆရာတော်ကဲ့သို့သော ရဟန်းသူတော် အကျော်အမော်ပင်သည်လည်း အရေးကြီးရာ အကြောင်းရှာ၍ တောထွက်သည်ရှိသော် မိမိလိုမျိုး လူမီးခိုးမှာ စံပြုကာ တရားမရှာဘဲ နေသင့်ပါမည်လောဟုလည်း သတိသံဝေဂ ဝင်မိပါသည်။

စာရေးသူ၏ စိတ်ထဲတွင် ရှေးက ရွှေဥမင်ဆရာတော်နှင့် ယခုမိမိတို့အား တရားပြ ဆိုဆုံးမနေသော ရွှေဥမင်ဆရာတော်နှစ်ပါး၏ ရဟန်းဘွဲ့အမည်သာ တူညီသည်မဟုတ် ပြောဆို၊ ကျင့်ကြံ၊ အားထုတ်မှုသည်လည်း များစွာတူညီလှသည်ဟု တွေးမိကာ ဆရာတော် နှစ်ပါး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ကြည်ညိုလေးစားမိပေသည်။

ထို အတွေးစိတ်ကူးမှ ဆက်၍ စာရေးသူတို့၏ ကျေးဇူးရှင် ရွှေဥမင်ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်၏ ဆုံးမ ဩဝါဒ ကောက်နုတ်ချက် အချို့ကို ပြန်လည်စဉ်းစား မှတ်သားမိပါသည်။

ရွှေဥမင် ဆရာတော်ဘုရားကြီး ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်၏ ဆုံးမဩဝါဒ ကောက်နုတ်ချက်များ .

◆ မိမိလုပ်တဲ့ အလုပ်ဟာ မိမိရဲ့ အကောင်းဆုံး စိတ်ထားနဲ့ အကောင်းဆုံး အရည်အချင်းကို ဖော်ပြနေတာဖြစ်ရမယ်။

◆ သင်ကောင်းလျှင် ကျွန်ုပ် မဆိုးပါဆိုတော့ သင်မကောင်းလျှင် ကျွန်ုပ် ဆိုးမယ်ဆိုတဲ့ သဘောပေါ်နေ၊ ဒါဆို အတော်ကြောက်စရာကောင်းတာပဲ။ သူတော်ကောင်းဆိုတာ သင်ကောင်းကောင်း၊ မကောင်းကောင်း ကျွန်ုပ်ကတော့ အမြဲကောင်းနေရမယ်လေ။

◆ လောဘမီး၊ ဒေါသမီး၊ မောဟမီး ဆိုတဲ့ မီးတွေလွတ်အောင်စားနိုင်မှ မီးလွတ်တယ်၊ သစ်သီး၊ သစ်ဖုတွေ စားရုံနဲ့ မီးမလွတ်နိုင်ဘူးနော်။

◆ ကောင်းသောစိတ် ရှိတဲ့နေ့၊ ကောင်းသောအလုပ်လုပ်တဲ့နေ့ကုသိုလ်ရတဲ့နေ့ဟာ ရက်ရာဇာပဲ၊ မကောင်းသောစိတ် ရှိတဲ့နေ့၊ မကောင်းသော အလုပ် လုပ်တဲ့နေ့၊ အကုသိုလ် ဖြစ်တဲ့နေ့မှသာ ပြဿဒါး။

◆ ကိုယ့်ကုသိုလ်က မ,တာလား၊ ဘိုးတော် မယ်တော်တို့က မ,တာလား၊ အန်းကုန်း မ,တာလား၊ မဏိမေခလာ မ,တာလား၊ ဘာပဲဖြစ်ဖြစ် ကိုယ့်ကုသိုလ်က ကိုယ့်ကို မ,တယ်လို့သာ မှတ်လိုက်။

◆ ဘုရားရှင်က ဘာဟောခဲ့သလဲ၊ တရားမြင်မှ ဘုရားမြင်တယ်၊ တရားမမြင်ရင် ငါဘုရားကို မမြင်ဘူးတဲ့။

◆ ဂေါတမဘုရားရှင်ရဲ့ သာသနာတော်ကြီးနဲ့ ကြုံကြိုက်နေပါလျက် နောင်ပွင့်မည့် အရိမေတ္တေယျဘုရားရှင် လက်ထက်မှာ သာဝကဖြစ်ရပါလို၏၊ ကျွတ်တမ်းဝင်ရပါလို၏လို့ ဆုတောင်းကြတယ်၊ ဒါဟာ သာသနာတော်နဲ့ကြုံခိုက် တရားအားထုတ်ရမှာ ပျင်းလို့ ဘုရားရွှေ့တာမျိုးပဲ။

◆ မြတ်စွာဘုရားရှင်သည် ရဟန်းရှင်လူတို့အား ပရိနိဗ္ဗာန် စံဝင်လုဆဲဆဲ အချိန်ထိ၊ မမေ့မလျော့ မပေါ့မဆ သတိတရားလက်ကိုင်ထားရန် အကြိမ်ပေါင်း (၁၉၇၀)ကျော် ဟောကြားသွားခဲ့သည်။ ယောဂီတို့ သတိသည် အလွန်အရေးကြီးသည်၊ တရား အားထုတ်ခြင်းသည် အမြဲတမ်း၊ အချိန်တိုင်း၊ နေရာတိုင်း လုပ်ရမည့် တရားဖြစ်သည်။ သတိနှင့် နေခြင်းသည် အမြဲတမ်း တရားအားထုတ်နေခြင်း ဖြစ်သည်။

အထက်ပါ ဆရာတော်ကြီး၏ ဆုံးမဩဝါဒများအပြင် ဆရာတော်၏ ဆန္ဒတစ်ရပ်မှာ ကလေးသူငယ်များကို ငယ်စဉ်ကပင် ဘာသာရေးအသိ ရှိစေချင်သည်။ သို့မှသာ နောင်တစ်ခေတ်တွင် သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်မည့် မျိုးဆက်သစ်များ ဖြစ်လိမ့်မည်။ စိတ်ကောင်း၊ စာရိတ္တကောင်းသော လူ့ရည်မွန်များ ဖြစ်လိမ့်မည်။ ထို့ပြင် လူရည်ချွန်များ ဖြစ်စေရန်အတွက်လည်း လူတိုင်း လူတိုင်းသည် စာဖတ်ကြ၍ စာဖတ်သောလူမျိုးသည်သာ တိုးတက်ကြပေမည်ဟု အစဉ်တစိုက် ဟောကြားဆုံးမတော်မူခဲ့ပါသည်။

ဆရာတော်ဘုရားကြီးသည် လူသားတို့အတွက် ငြိမ်းအေးမှုရရှိနိုင်ရန်၊ အရိပ်အမျိုးမျိုးရှိသည့်အနက် မည်သည့်အရိပ်သာလျှင် အကောင်းဆုံး ဖြစ်သည်ဟု ဆုံးမဩဝါဒ ပေးခဲ့ရာတွင်လည်း သစ်ပင်အရိပ်၊ ဆွေမျိုးရိပ်နှင့် မိရိပ်ဘရိပ်၊ ဆရာ့အရိပ် အပြင် မင်းရိပ်စိုးရိပ် အရိပ်များရှိသော်ငြားလည်း မဂ်ဉာဏ် ပွင့်ရာ၊ သာသနာ့အရိပ်၊ ထိုအရိပ်သာ မည်သူမည်ဝါ မယှဉ်သာအောင် အအေးမြဆုံးသော အရိပ်အာဝါသပေတည်း။ အားလုံး အားလုံး အအေးမြဆုံးအရိပ်ကို ခိုလှုံနိုင်ကြပါစေဟု မေတ္တာ စေတနာ ပြည့်ဝစွာဖြင့် ဟောဖော်ညွှန်ပြ ဆုံးမတော်မူခဲ့ပါသည်။

ထိုမှတစ်ဖန် ဆရာတော်ဘုရားကြီးသည် ထေရဝါဒ ဗုဒ္ဓသာသနာကို ကမ္ဘာတစ်ဝန်း ပြန့်ပွားထွန်းကားစေရန် ရည်ရွယ်လျက် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ် ကုန်းတလပေါင်း စံပြကျေးရွာတွင် ပြည်တွင်းပြည်ပမှ ယောဂီများ တရားဓမ္မကျင့်ကြံပွားများ အားထုတ်နိုင်ရန် ရွှေဥမင်ဓမ္မသုခတောရ ရိပ်သာကြီးတစ်ခုကို ၁၉၉၇ ခုနှစ်မှစ၍ တည်ထောင်တော်မူခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဤသည်မှာလည်း ကျေးဇူး တော်ရှင် ရွှေဥမင်ဆရာတော်ကြီး၏ မေတ္တာနှင့် စေတနာ အရင်းခံကြောင့် ပေါ်ထွန်းလာရခြင်း ဖြစ်ပေသည်။ ထိုမှ တစ်ဖန် မှော်ဘီမြို့နယ်တွင်လည်း ရွှေဥ မင်တောရရိပ်သာတစ်ခုကို ဆရာတော် ကြီး၏ တပည့်ဖြစ်သူ ဆရာတော်ဦးသုနန္ဒမှ ဦးစီးထောင်ကာ ဆက်လက်သာသနာ ပြုလျက်ရှိပါသည်။

ဤကဲ့သို့ သာသနာအကျိုး လောကအကျိုးကို ဉာဏ်အမြော်အမြင် ကြီးစွာဖြင့် ဆောင်ရွက်တော်မူသော ရွှေဥမင်တောရဆရာတော် ဘဒ္ဒန္တကော သလ္လမထေရ်မြတ်ကြီးသည် သက်တော် (၉၀) သိက္ခာတော် (၇၀)ဝါအရ ၁၃၆၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် (၁)ရက်နေ့ (၂၀-၁၁-၂၀၀၂) ဗုဒ္ဓဟူးနေ့ ညနေသွဲ(၃)နာရီ (၃၀)မိနစ်အချိန်တွင် မင်္ဂလာဒုံမြို့နယ် ပတ္တမြားမြို့သစ်၊ ရွှေဥ မင်တောရရိပ်သာ၌ ခန္ဓာဇာတ်သိမ်း ပျံလွန်ငြိမ်းတော်မူခဲ့ပါသည်။

သို့ပါသော်လည်း ဆရာတော် ကြီးရှိစဉ်မှ ယနေ့အချိန်အခါကာလ အထိ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကြောင့် ဒါယကာ ဒါယိ ကာမအပေါင်း သူတော်ကောင်းတို့က မပြတ်ဆက်မပြတ် သဒ္ဓါတရားအပြည့်အဝ ထက်သန်မှုဖြင့် ၈ ဧကခန့်ကျယ်ဝန်းသော ရွှေဥမင် ဓမ္မသုခတောရမြေတွင် သိမ် တော်ကြီး၊ ရွှေဥမင်ဆရာတော်ဘုရား ကြီး ဗိမာန်တော်၊ ရွှေဥမင်မော်ကွန်း အမှည်းကျောက်စာတိုက်၊ တိပိဋက ဆရာဝါသစံကျောင်း၊ ကမ္မဋ္ဌာနာစရိ ယဆရာတော်စံကျောင်း၊ တိုက်ကြပ် ဆရာတော်စံကျောင်း၊ ရဟန်း၊ သီလရှင်၊ ယောဂီများ တရားအားထုတ်ရန် ဓမ္မ သဘင်မှော်ရုံကြီး၊ အာဂန္တုဆရာတော်ကြီး များနှင့် ဆရာတော်၊ သံဃာတော်များ သီတင်းသုံးနေထိုင်ရန် ထေရာဝါသ ကျောင်းဆောင်၊ ရွှေဥမင် ဓမ္မပိဋကတ် တိုက်၊ သတိပါလကျောင်းဆောင်၊ ပီတိ ပါလ သမာဓိပါလ(အမျိုးသားဆောင်)၊ မေတ္တာပါလီ၊ ကရုဏာပါလီ၊ မုဒိတာ ပါလီ၊ ဥပေက္ခာပါလီနှင့် ခမာပါလီ (အမျိုးသမီးဆောင်များ)၊ ရုံးခန်းနှင့် ဆေး ခန်း ပူးတွဲပါဝင်သော စိတ္တပါလကျောင်း ဆောင်၊ ဆွမ်းစားဆောင်နှင့် ဆွမ်းချက် ဆောင်၊ ဧည့်သည်နားနေရန်နှင့် ကား ရပ်နားရန်နေရာ စသဖြင့် ပြည်တွင်း၊ ပြည်ပ ယောဂီသူတော်စင် အပေါင်း တရားအားထုတ်မွေ့လျော်ရာ နေရာ တစ်ခုအဖြစ် အေးချမ်းသာယာလျက် ရှိနေသည်။

တစ်ဖန် ဤရွှေဥမင် ဓမ္မ သုခ တောရရိပ်သာကို ၂၀၁၁ ခုနှစ်၊ ဇန် နဝါရီလမှ စတင်၍ ဦးစီးပဓာန နာယက ဆရာတော်ဘုရားကြီး အဖြစ် ယော ဆရာတော်ဘုရားကြီးမှ အနီးကပ် အုပ်ချုပ်တော်မူခဲ့ပါသည်။

ရွှေဥမင်ဆရာတော်ဘုရားကြီး ၏ ဆန္ဒတော်နှင့်အညီ ပရိယတ်မကင်း သော ပဋိပတ်၊ ပဋိပတ်မကင်းသော ပရိ ယတ် လမ်းစဉ်ကို ယောဆရာတော် ဘုရားကြီးမှ စတင်အကောင်အထည် ဖော် ဆောင်ရွက်ခဲ့ပါသည်။

ထို့ပြင်တစ်ဝ ရွှေဥမင် ဓမ္မသုခ တောရရိပ်သာတွင် ပရိယတ္တိစာသင် တိုက်ကြီးကို သုံးထပ်ဆောင်ဆောက် လုပ်၍ ပဋိယတ် သာသနာပြန့်ပွားရန် ဆောင်ရွက်လျက်ရှိပါသည်။

ရွှေဥမင်ဆရာတော်ဘုရားကြီး ၏ မော်ကွန်းတိုက်အနောက်တွင် ဓမ္မ သုခ ရတနာရေကန်တော်ကိုလည်း ကြာမျိုးငါးသွယ် ဝန်းရံခြယ်လျက် ဘုံဝတီက နန္ဒာလော၊ တူစွဟုတ္တာဟု ဆိုရမည့်အလား တည်ဆောက်လျက် ရှိပါသည်။

ရွှေဥမင်တရားအရိပ်၊ ဓမ္မအရိပ် အောက်ဝယ်၊ ကမ္မဋ္ဌာနာစရိယဆရာ တော် ဦးတေဇနိယ၏ တရားပြနည်း စနစ်ဖြင့် တစ်နှစ်ပတ်လုံး ပြည်တွင်း ပြည်ပမှ ရဟန်းရှင်လူ ယောဂီအပေါင်း သူတော်ကောင်းတို့ တရားမွေ့လျော် ကျင့်ကြံအားထုတ်လျက် ရှိကြပါသည်။

ပဋိယတ်သာသနာ ပြန့်ပွားစေ ရန် အတွက်လည်း စာသင်၊ စာချ ဆရာတော်များ၊ တိုက်ကြပ် ဆရာတော် အရှင်ပညာဝံသနှင့် အရှင်ဉာဏိဿရ လက်ာရတို့မှ တာဝန်ယူ ဆောင်ရွက် လျက်ရှိပါသည်။

ဤကဲ့သို့ သိက္ခာသုံးရပ်၊ ကြီး မြတ်ဂုဏ်အင်၊ ရွှေဥမင်ဓမ္မသုခတောရ ရိပ်သာကြီးတွင် ဓရိယတ်၊ ပဋိပတ် ပြည့်စုံစွာဖြင့် ဗုဒ္ဓသာသနာ ထွန်းလင်း ဖြာခဲ့ရခြင်းမှာ ရွှေဥမင်ဆရာတော် ဘုရားကြီးနှင့် ယောဆရာတော်ဘုရား ကြီးတို့၏ သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာ သုံးရပ် အကျင့်မြတ်နှင့် ကြီးမားပြန့်ပွား မေတ္တာစေတနာအားဖြင့် ရှေ့ဆောင် လမ်းပြ ကြိုးပမ်း အားထုတ်တော်မူခဲ့ ကြခြင်းကြောင့်ပါတကားဟု စိတ်ဝယ် ရည်မှတ်၊ ဆရာတော်မြတ်တို့ကို ကြည် ညိုသဒ္ဓါ ရှိသေစွာဖြင့် ရှိခိုး ပူဇော် ကန်တော့မိပါတော့သည်။ သံဃာ့ ကျေးဇူး မြင်းမိုရ်ဦးသာတကား။

(ဤဆောင်းပါးဖြင့် ကျေးဇူး တော်ရှင် ရွှေဥမင်တောရ ဆရာတော် ဘုရားကြီး အရှင်ဘဒ္ဒန္တကောသလ္လ မဟာထေရ်မြတ်ကြီးအား သဒ္ဓါရိုကျိုး လက်စုံမိုး၍ ရှိခိုးပူဇော်ပါ၏။)

အကျိုးအားကြောင့် တရားမြတ် ဖြင့် မွေ့လျော်နိုင်သူ ဖြစ်ရပါလို၏။ အကျိုးဆက်အားဖြင့် ဘုံသုံးဆယ့်တစ်၊ ဖြစ်ဖြစ်များစွာ၊ သတ္တဝါ ဘယာဘေးမှ ဝေးပါစေ၊ ချမ်းသာကိုယ်စိတ် မြကြပါ စေ။


**ငှန်ပြုံ (ပညာရေး)**

❑



www.burmeseclassic.com

www.burmeseclassic.com




# ဖြုံးတော်မူမည့် ဆေးချာသည့်

## ဉာဏ်မေတ္တာ

မေတ္တာရှင်(ရွှေပြည်သာ) ဆရာတော်တည်ထောင်သော မှော်ဘီမြို့နယ်ရှိ သုဒ္ဓဝိပဿနာရိပ်သာကြီး ဆောက်လုပ်ပြီးစီး၍ တရားစခန်းများ ဖွင့်လှစ်ခဲ့သည်မှာ ယခုနှစ် ၂၀၁၄ ခု ဧပြီလသကြ်န်တွင်း တရားစခန်း ဖွင့်သည်ထိ (၉)ကြိမ် ရှိခဲ့ပြီဖြစ်ပါသည်။ လွန်ခဲ့သောငါးနှစ်တာကာလ သုံးထပ်ဓမ္မာရုံကြီးဆောက်လုပ်နေဆဲ အချိန် နေ့တစ်နေ့ဝယ် အညာဒေသမှ လာရောက် အလုပ်လုပ်နေသော ကိုဝင်းဦးဆိုသူ လက်သမားတစ်ယောက် ရုတ်တရက် ကွယ်လွန်အနိစ္စ ရောက်ခဲ့ပါသည်။

ညမြင် နေ့ပျောက် ဆိုသည့်စကားပမာ ကိုဝင်းဦး သေဆုံးသွားသည်မှာ အံ့ဩစရာ ဆန်းကြယ်လှပေသည်။

ရိပ်သာတွင် နံနက်အိပ်ရာမှထပြီး နံန[...] စာ စားကြရသည်။ နံနက်စာစားရင်း[...] လုပ်ဖော်ကိုင်ဖက်များနှင့် နောက်လို[...] ပြောင် လိုက်စလိုက်နှင့် ရှိနေသည်[...]

ရိပ်သာ၏ နိစ္စဓူဝ ထုံးစံအတို[...] နံနက်စာ စားပြီးလျှင် ဆယ့်ငါးမိ[...] တရားနာကြရသည်။ တရားပြီးသ[...] နှင့် သာဓု သုံးကြိမ်ခေါ်ကာ ဘု[...]

www.burmeseclassic.com

ဦးသုံးကြိမ်ချအပြီး ပြန်ထမလာတော့ဘဲ ဦးချလျက်ပင် ကွယ်လွန်သေဆုံးသွားတော့သည်။

အကယ်၍သာ မြတ်စွာဘုရားရှင် သက်တော်ထင်ရှားရှိပြီး ကိုဝင်းဦး သေဆုံးပုံကို တွေ့မြင်ခဲ့လျှင် မြတ်စွာဘုရားရှင် ပြုံးတော်မူလိမ့်မည်ဟု ကျွန်တော်ထင်မြင်မိပါသည်။

ကိုဝင်းဦး သေဆုံးသည်ကို တွေ့မြင်ပြီး ကျွန်တော်အပါအဝင် ရိပ်သာတွင်းရှိ ရဟန်းရှင်လူအများက အသီးသီး မှတ်ချက်ပြုကြသည်တွင် . . .

"ကျွန်တော့်ကိုသာ ဘယ်အချိန်အခါမျိုးမှာ သေချင်လဲလို့ မေးခဲ့ရင် ခါတိုင်း၊ နားထိုင်းပြီး သူများ အကူအညီယူရမယ့် အရွယ်အထိ မနေချင်ဘူး ဘာမှမလုပ်နိုင်တဲ့နေ့မှာ သေလိုက်ချင်တာပါပဲ၊ ဖြစ်နိုင်ရင် ကိုဝင်းဦးလို တရားနာပြီး သေသလို သေချင်မိတယ်" ဟု ကျွန်တော်မှတ်ချက်ပြုလိုက်ပါသည်။

တိုက်ကြပ်ဆရာတော် ဦးစန္ဒာသောတိက . . .

"ကိုဝင်းဦး သေဆုံးပုံမျိုးက ဘုရားဟော သုတ္တံတွေထဲမှာတောင် အနည်းအကျဉ်းပဲ တွေ့ရတယ်၊ တွေ့ရတာတလဲ သေဆုံးသွားတဲ့သူဟာ နတ်ပြည်ကို ရောက်တဲ့သူချည်းပဲ၊ ဦးဇင်းတောင် ဒကာကိုဝင်းဦးလို သေချင်တယ်" ဟု မိန့်ကြားပါသည်။

ရိပ်သာရှိ လက်သမားဆရာ ကိုထွန်းဝင်း၏ မှတ်ချက်ကမူ . . .

"ကိုဝင်းဦးဟာ အလုပ်သမားတွေထဲမှာ သူနဲ့မတည့်တာတစ်ယောက်မှမရှိဘူး၊ သူ့ကို နောက်လို့ ပြောင်လို့ စိတ်ဆိုးတတ်ဘူး၊ အမြဲတမ်း ပြုံးနေတာ ခုလို သူဆုံးသွားတော့ ဝမ်းနည်းကြ စိတ်မကောင်း ဖြစ်ကြတာပေါ့၊ ဒါပေမယ့် သူသေဆုံးပုံက သူ့အတွက် အကောင်းဆုံးအချိန်အခါမျိုးမှာဖြစ်နေတော့ သူ့သေပုံသေနည်းကို အားကျတယ်ဗျာ" ဟု ပြောဆိုပါသည်။

တစ်ဖန် . . .

"ကိုဝင်းဦး သေပုံသေနည်းကတော့ အံ့ဩစရာပဲ၊ တရားနာပြီး သေတယ်ဆိုတာ ကြားပဲကြားဖူးတယ်၊ ကိုယ်တွေ့မမြင်ဖူးဘူး၊ ဒီလိုသေနည်းမျိုးကိုတော့ အားကျတယ်ဗျို့" ဟု ပန်းရန်ဆရာ ကိုဝင်းဗိုလ်က ဆိုပါသည်။

တိုက်အုပ်ဆရာတော်ကလည်း

"ဒကာကိုဝင်းဦးကို ကောင်းရာမွန်ရာ ရောက်ပါစေလို့ ဆုတောင်းပေးနေစရာ မလိုဘူး၊ သူ့သေဆုံးပုံမျိုးက ကောင်းရာမွန်ရာကို သေချာပေါက် ရောက်မယ့် သေပုံမျိုး၊ တို့လဲ တရားအာရုံပြုရင်းသေရအောင် တရားနဲ့ အမြဲတမ်း နေရမယ်" ဟု မိန့်ကြားခဲ့ပါသည်။

ကိုဝင်းဦး၏ဇနီး မခင်သန်းရွှေကတော့ . . .

"ကိုဝင်းဦး အသေကောင်းပုံကို ပြောကြတာတွေ ကြားတော့ ဝမ်းနည်းတဲ့ကြားက ဖြေသိမ့်စရာလေးဖြစ်ခဲ့ပါတယ်၊ သူ့ရုပ်အလောင်းကိုကြည့်ရတာ အေးဆေးတည်ငြိမ်နေတဲ့ပုံရှိတာ တွေ့ရတော့၊ သူကတော့ ငြိမ်းချမ်းသွားပြီပေါ့၊ ကျွန်မသာ ကလေးခြောက်ယောက်နဲ့ လောကဓံကို ရင်ဆိုင်ရဦးမယ်"

မိမိတို့ရင်ထဲတွင် ဖြစ်ပေါ်ခံစားလာရသည့်အတိုင်း ပြောဆိုနေကြသော မှတ်ချက်ချသံများ ကြားရသော ကျွန်တော်သည် ဘုရားရှင်လက်ထက်မှ ကုန်သည်တစ်ဦး အကြောင်းကို ပြန်လည်သတိရမိလိုက်ပါသည်။

တစ်နေ့သောအခါ မြတ်စွာဘုရားရှင်သည် နောက်ပါသံဃာတော်များနှင့် ဆွမ်းခံကြွလာရာ တစ်ခုသောမြစ်ဆိပ်တွင် ကုန်သည်တစ်ဦးကို တွေ့မြင်တော်မူ၏။

အထည်ကုန်သည်သည် မြစ်ဆိပ်တွင် ရပ်ရင်း စဉ်းစားနေသည်မှာ-

"အင်း၊ ငါ့အထည်တွေကို ဟိုဘက်ကမ်းမှာ သွားရောင်းဖို့ရာ ရေတိုးနေတော့ လှေတွေမထွက်နိုင်သေးဘူး၊ ရေကျဖို့အရေး လနဲ့ချီပြီး စောင့်ရဦးမယ်၊ အိမ်ပြန်မယ်ဆိုရင်လဲ အထည်တွေ သယ်ရပိုးရ အချိန်လဲကုန် ဒုက္ခလဲများတယ်၊ ဒီတော့ ဒီနေရာမှာပဲ ရေအကျစောင့်ရင်း အထည်တွေကို ကုန်သလောက် ချရောင်းရမယ်"

အထည်ကုန်သည်သည် ဤသို့သူ့အစီအစဉ်နှင့်သူ ရှေ့ဆက် လုပ်ဆောင်ရမည်များကို စိတ်ကူးတွေးတောနေလေရာ အထည်ကုန်သည်၏အတွေးကိုသိသော ဘုရားရှင်သည် ပြုံးတော်မူပါသည်။

ထိုအခါ ဘုရားရှင် ပြုံးတော်မူရခြင်းအကြောင်းကို ညီတော် အာနန္ဒာမေးမြန်းရာ ဘုရားရှင်က အထည်ကုန်သည် ဒကာသည် ခုနစ်ရက်သာ အသက်ရှင်နေထိုင်ရတော့မည် ဖြစ်ကြောင်း မိန့်ကြားလေသည်။

ဘုရားရှင်မြွက်ကြားသော စကားကိုကြားသိရသော အရှင်အာနန္ဒာသည် အထည်ကုန်သည်ကို သနား ဂရုဏာသက်သည်ဖြစ်ရကား ထိုအကြောင်းကို ကုန်သည်ထံ သွားရောက် အသိပေးပြောကြားခွင့် တောင်းလေသည်။

ဘုရားရှင်သည် အထည်ကုန်သည်၏အကျိုးကို မြင်သည့်အတွက် ခွင့်ပြုတော်မူလေ၏။ ဘုရားရှင်၏ ခွင့်ပြုချက် ရသည်နှင့် ရှင်အာနန္ဒာလည်း အထည်ကုန်သည်ထံသွားရောက်ကာ ခုနစ်ရက်သာ အသက်ရှင် နေထိုင်ရတော့မည့်အကြောင်း ဟောပြောပြရာ ယခုကဲ့သို့ ကြိုတင်သိရှိရသည့်အတွက် ကောင်းမှုကုသိုလ်များ ပြုလုပ်တော့မည်ဟု ဆုံးဖြတ်ပြီး ဘုရားရှင်နှင့်တကွ နောက်ပါသံဃာများကို ထိုမြစ်ဆိပ်ကမ်းမှာပင် ခုနစ်ရက် ခုနစ်လီ ဆွမ်းကပ်လှူဒါန်းပါသည်။

ခုနစ်ရက်မြောက်နေ့တွင် ဆွမ်းကပ်အပြီး ခေတ္တ အနားယူဦးမည်ဆိုကာ အိပ်လိုက်ရာ သေဆုံးကွယ်လွန်သွားလေ၏။

ကျွန်တော် မှတ်သားထားမိသော အထက်ပါ ဘုရားဟောဒေသနာလေးကို သတိရရင်းမှ ဤသတ္တလောက



www.burmeseclassic.com

ကြီးတွင် ကျွန်တော်တို့လို ပုထုဇဉ်များ ကြိုတင်မသိနိုင်သော အရာတွေများစွာ ရှိနေသည်ကို သတိပြုမိလိုက်ပါသည်။

မည်သည့် နှစ်၊ လ၊ ရက် အချိန်တွင် မည်သို့ဖြစ်မည်ကို ကြိုတင် မသိနိုင်ခြင်းကြောင့် ခေတ္တအသက်ရှင် နေထိုင်နေရစဉ် ကာလအတွင်း မိမိ ဖြစ်လိုသော ဆန္ဒအာသီသများ ဖြစ်မြောက် အကောင်အထည် ပေါ်လာနိုးဖြင့် စိတ်ကူးယဉ် အိပ်မက်မက်ကာ အစီအစဉ်များ အသီးသီးရေးဆွဲလျက် ရှိနေကြပေသည်။

မိမိတို့ဖြစ်ချင်သော ဆန္ဒများအတွက် မည်သို့လုပ်ကိုင် ဆောင်ရွက်မည်ဟု တွေးတော ကြံစည်ကြသူများတွင် အထက်တွင်ဖော်ပြခဲ့သော ကိုဝင်းဦး ကွယ်လွန်အနိစ္စရောက်ပုံကို တစ်မျိုးတစ်ဖုံစီ မှတ်ချက်ချခဲ့သည့် ကျွန်တော်အပါအဝင် မှတ်ချက်ချသူ ရဟန်းရှင်လူ အားလုံးလည်း ပါဝင်ပါသည်။

မိမိဖြစ်ချင်သော ဆန္ဒများပြည့်စုံစေရေးအတွက် လုပ်ကိုင်ဆောင်ရွက်မည့် စိတ်ကူးစိတ်သန်းများကို ပြောရသော် ကျွန်တော်သည် ဆရာတော်၏ လမ်းညွှန်မှုဖြင့် ပရဟိတ အလုပ်များကို ဆောင်ရွက်နေသူ ဖြစ်ပါသည်။

ဆရာတော်ကို အကြောင်းပြုပြီး လစဉ်လက်ခံရရှိသော အလှူငွေများဖြင့် ပရဟိတလုပ်ငန်းများ ဆောင်ရွက် လှူဒါန်းရာတွင် နှစ်ပေါက်လှူဒါန်းနိုင်ရန် မည်သည့်လတွင် အလှူငွေမည်မျှရရှိမှု၊ မည်သည့်နှစ်မှာ ဘယ်ရွေ့ဘယ်မျှရရှိမှု စသည်ဖြင့် တွက်ဆနေရသလို ဆရာတော် သက်တော် (၇၀)ခန့်ရောက်လျှင် တရားဟောနိုင်တော့မည်မဟုတ်၊ ထို့ကြောင့် ယခုတရားဟောလို့ရတဲ့ နဝကမ္မဝတ္ထုငွေတွေထဲက တချို့တစ်ဝက်ကို ခုကတည်းက ကြိုတင်စုဆောင်းထားမှ ရာသက်ပန်လှူနိုင်မှာ စသည်ဖြင့် တွေးတောနေမိသည်။ ဆရာတော်နှင့် ကျွန်တော့်အတွေးကို ဘုရားရှင် သိတော်မူလျှင် ပြုံးများ ပြုံးလေမလား။

လက်သမား ကိုထွန်းဝင်းကမူ မော်ဘီတွင် ဝယ်ယူထားသည့် မြေကို ရောင်းချပြီး သူ့ဇနီး၊ သူ့သား နှစ်ယောက်တို့နှင့်အတူ ဘယ်လ ဘယ်နှစ်တွင် ကုန်မာဆိုင်ဖွင့်မည်ဟု ကြံစည် တွေးတောနေသည်။

သားနှစ်ယောက်၊ သမီးနှစ်ယောက်ရှိသည့် ပန်းရန်ဆရာ ကိုဝင်းဗိုလ်၏ စိတ်ကူးကတော့ သားတစ်ယောက်က ကိုရင်ဝတ်နေပြီး၊ သူမျှော်မှန်းထားသည်က သားသည် ဆရာတော်ကြီးတစ်ပါး ဖြစ်ရန် သာသနာတော်တွင် အားကိုးရဆုံး ရဟန်းအဖြစ် လှူရေးတန်းရေးအတွက် ကုန်စုံဆိုင်ကြီးဖွင့်နိုင်ရန် ကြိုးစားနေသည်။ ဘုရားရှင်သာ ရှိတော်မူလျှင် ပြုံးတော်မူလေမလား။

ပခုက္ကူဆရာကြီး ဦးကြင်ရွှေ ဟောသော တရားတော်များကို ကမ္ဘာသိအောင် ဖြန့်ချိလိုသူက တိုက်ကြပ်ဆရာတော်၊ ကမ္ဘာအနှံ့ပြန့်ရေးအတွက် အင်္ဂလိပ်ဘာသာစကား ကျွမ်းကျင်စွာဖြင့် ပြောတတ်၊ ရေးတတ်ရန် အင်္ဂလိပ်ဘာသာစကားပြော သင်ရဦးမယ်ဆိုကာ တိုးတိုးတိတ်တိတ် ကြံစည်နေသည်။ ဘုရားရှင် ရှိတော်မူလျှင် ပြုံးတော်မူလေမလား။

တိုက်အုပ်ဆရာတော်ကြီးမှာမူ အချိန်ပြည့် တရားနှင့်နေသူ ဖြစ်သည်။ ဆရာတော်က ပစ္စည်းလေးပါးအတွက် ကြောင့်ကြမှုမရှိရအောင် လှူဒါန်းထားရာ အစစအရာရာ အဆင်ပြေပါသည်။

မခင်သန်းရွှေသည်လည်း ကိုဝင်းဦး သေဆုံးသွားပြီဖြစ်၍ ဘဝခရီးကြမ်းကို ကလေးခြောက်ယောက်နှင့်အတူ လျှောက်လှမ်းရင်း လောကဓံ လှိုင်းလေကြားတွင် လူးလွန့်ရုန်းကန်နေရသလို ကျောင်းထုတ်သင့်သူကို ကျောင်းထုတ်၊ ကျောင်းထားသင့်သူကို ဆက်ထား လုပ်နေရပြီး ကိုဝင်းဦးရှိစဉ်ကလို အိမ်မှာ အငြိမ့်သားထိုင်နေ၍ မရတော့သဖြင့် မြင်းခြံမြို့ကိုသွားကာ အရောင်းအဝယ် လုပ်နေရရှာချေပြီ။ သားသမီးတွေ အိမ်ထောင်ကျပြီး မြေးတွေ၊ မြစ်တွေနှင့် ဘယ်လောက်ထိနေရဦးမှာလဲဟု တွေးနေသည်ကို ဘုရားရှင် ရှိတော်မူလျှင် ပြုံးတော်မူလေမလား။

ကိုဝင်းဦး သေဆုံးသွားပုံကို တွေ့မြင်သိရှိကြသော သုဒ္ဓဝိပဿနာရိပ်သာရှိ ရဟန်းရှင်လူတို့၏ မတူကွဲပြားသော မှတ်ချက်အသီးသီးနှင့် ၎င်းတို့၏ စိတ်အစဉ်တွင်ရှိသော ရည်ရွယ်ချက် ဆန္ဒစိတ်ကူးများကို ဗုဒ္ဓဘုရားသာ သက်တော်ထင်ရှား ရှိခဲ့ပြားအံ့၊ ကျွန်တော်အပါအဝင် ဆိုခဲ့ပြီးသောသူ အားလုံးကိုကြည့်ပြီး မြတ်စွာဘုရားရှင် ပြုံးတော်မူပေလိမ့်မည်။

အကြောင်းမှာ ဤသတ္တလောကကြီးတွင် ရှိသမျှပုဂ္ဂိုလ် သတ္တဝါတိုင်းသည် မည်သည့်အရာကိုမျှ ကြိုတင်သိနိုင်ခြင်း မရှိကြပါ။ ဤသို့ မသိနိုင်ကြသည့်အတွက် မိမိဖြစ်လိုသော ဆန္ဒများကို လက်တွေ့ပိုင်ဆိုင် ရရှိနိုင်ရန် မည်သို့ ကြိုးစားဆောင်ရွက် ရမည်ကို စဉ်းစားဝေဖန် [illegible] ကြံ၊ ကြံစည်နေသည်များကို ဘု[illegible] သိတော်မူပြီး ဘုရားဟောဒေသနာပါ အထည်ကုန်သည်၏ အတွေးစိတ်ကူးများကို သိ၍ ဘုရားရှင်ပြုံးတော်မူသကဲ့သို့ ကျွန်တော်တို့အားလုံးကို ကြည့်ပြီး ဘုရားရှင် ပြုံးတော်မူမည်မှာ သေချာလှပေ၏။

သံသရာ ဘယ်တစ၊
မသိတာတစ၊
သံသရာ ဘယ်မှာဆုံး၊
သိတဲ့နေ့မှာဆုံး။

ညီမေတ္တ

❑

www.burmeseclassic.com

(၁)

သူတို့ကို မြင်တော့ မဟာနာမ် သူ့မျက်စိကိုပင် သူမယုံချင်။ ဟုတ်မှ ဟုတ်ပါလေစ၊ ငါများ အမြင်မှားနေတာလားဟု တွေးမိသည်။ သို့ကြောင့် မျက်စိနှစ်လုံးကို အံသြအချာပွတ်ကြည့်လိုက်သည်။

သည်တော့မှ သူမြင်နေတွေ့နေရသည်မှာ အမြင်မှားတာ မဟုတ်ကြောင်း အမှန်တကယ် မြင်တွေ့နေရတာ ဖြစ်ကြောင်း သိလိုက်ရသည်။

သည်တော့လည်း သူက တအံ့တသြ ဖြစ်သွားသည်။ သူတို့ ဘယ်လိုတွေ ဖြစ်သွားကြတာလဲ။ ဘာကြောင့် ဒီလောက်အပြောင်းအလဲတွေ မြန်ကုန်ကြရတာလဲဟုလည်း တွေးလိုက်မိ၏။

ဟုတ်သည်။ သူ့မျက်စိရှေ့ ဗုဒ္ဓ၏ ရှေ့မှောက်၌ လိစ္ဆဝီမင်းသားငယ်လေးတွေ ပျပ်ရှိကျိုးစွာ လက်အုပ်လေးတွေ ကိုယ်စီချီပြီး ရှိခိုးနေကြသည်။

နေရာက တိတ်ဆိတ်ငြိမ်သက်လှသည့် မဟာဝုန်တောကြီး၏ တစ်နေရာ။

ပင်စည်ပင်လုံး ကြီးမား ထွားကျိုင်းလှသော သစ်ပင်ကြီး တစ်ပင်အောက်၌ ဗုဒ္ဓက ထိုင်တော်မူနေ၏။ မဟာနာမ်သည် ဗုဒ္ဓ၏ ရှေ့မှောက်တော်မှ လိစ္ဆဝီ မင်းသားငယ်လေးများကို ကြည့်ပြီး . . .

"အံ့သြဖွယ် ကောင်းပေစွတကား"ဟု အံ့အားတသင့်ဖြင့် ရေရွတ်လိုက်သည်။

(၂)

နံနက်စောစော မဟာနာမ်က လမ်းလျှောက်ထွက်နေကျ။

မဟာနာမ် လမ်းလျှောက်ထွက်သည့် အချိန်တိုင်း သူတို့လေးတွေကို တွေ့သည်။

# လောကကြီးပွားကြောင်းတရားငါးပါး



နေဝင်းမြင့်



www.burmeseclassic.com

www.burmeseclassic.com

တွေ့တိုင်း မဟာဝုန်တောကြီး အတွင်း တောလည်အမဲလိုက်ရန် လက်ထဲ၌ လေးမြားတွေကိုကိုင်လျက် သူတို့နောက်မှာလည်း အမဲလိုက်ခွေးတွေက တစ်အုပ်တစ်မ။

မဟာနာမ်နှင့်တွေ့တိုင်း သူတို့ မျက်နှာတွေက ပြုံးဖြီးဖြီး ပြောင်စပ်စပ် အပိုးမကျိုးသော မျက်နှာတွေနှင့် မဟာနာမ်ကို ကြည့်သည်။

"ဒီမှာ"

"ဘာကိစ္စရှိလို့ပါလဲ"

"ခု ဘယ်သွားမှာလဲ"

"လမ်းလျှောက်တာပါ"

"ကောင်းကောင်းလဲလျှောက်၊ လဲလို့ ခြေထောက်လဲ ကျိုးနေဦးမယ်"

"အေး အေး၊ ကျေးဇူးတင်ပါတယ်"

"ကျေးဇူးတင်တာက နောက်၊ ခင်ဗျား သမီးက အရွယ်ရောက်တာ မဟုတ်သေးဘူး၊ ကျုပ်တို့လာပြီး လုပ်မကျွေးနိုင်သေးဘူး" ဟု နောက်သည်။

မဟာနာမ်က မကျေမနပ်ကြည့်တော့ . . .

"ချစ်လို့ကျီစားတာပါ ယောက္ခမကြီးရယ်" ဟုဆိုပြီး တဟားဟား တဝါးဝါးရယ်လျက် ထွက်သွားကြသည်။ ဒါက နောက်နေကျ။

လိစ္ဆဝီ မင်းသားငယ်တွေက အမျိုးဂုဏ် မောက်ကြသည်။ စီးပွားဥစ္စာဂုဏ် မောက်ကြသည်။ သို့ကြောင့် ကြီးမှန်း ငယ်မှန်းမသိကြ။ ရိုသေရမှန်း ကိုင်းရှိုင်းရမှန်း မသိကြ။ လေးစားထိုက် မထိုက် ဘာမျှမတွေး၊ လောကပါလတရားနှစ်ပါး ဖြစ်သော အရှက်တရား အကြောက်တရား လုံးဝမရှိကြ။

နောက်ကြ ပြောင်ကြ၊ မထေမဲ့မြင်ပြုကြနှင့် နေချင်သလို နေကြ၏။ အပျော်အပါး အမော်အကြွားများကြ၏။ နောက်ပြောင်ကြသည်မှာလည်း မဟာနာမ်တင်လား ဆိုတော့ မဟုတ်သေး။ တွေ့သမျှ ကြုံသမျှ နောက်ကြပြောင်ကြတာပဲ ဖြစ်သည်။ သူတို့နှင့်

၈၈

မဟာနာမ်

လောကမှာ ဘယ်သူမဆို

ဟောဒီ တရားငါးပါး

ပြည့်စုံမည်ဆိုပါလျှင်

ကြီးပွားတိုးတက်ကြပါ၏၊

အဲဒီတရားငါးပါး ရှိနေသမျှ

မဆုတ်ယုတ်နိုင်ပါဘူး

မဟာနာမ် ၉၉

တွေ့လို့ကတော့ အရှက်တကွဲ အကျိုးနည်း ဖြစ်ကြရသည်။

လိစ္ဆဝီ မင်းသားငယ်တွေကို လူတိုင်းက လန့်ကြသည်။ လူတိုင်းက ရှောင်ကြသည်။ လူတိုင်းက ရွံ့ကြသည်။ သူတို့ကတော့ ဒါတွေကို လုံးဝဂရုမစိုက်။ သူတို့ ဂရုစိုက်ရမည့်သူ ဒီလောက၌ မရှိဟုပင် တွက်ထားကြရော့လားမသိ။

မနေ့ကပင် မဟာနာမ် လမ်းလျှောက်ထွက်တော့ သူတို့လေးတွေနှင့် တွေ့၍ ဝိုင်းအနောက်ခံလိုက်ရသေးသည်။

"ဘယ်လဲ လမ်းလျှောက်ဦးမယ်လို့လား"

"ဟုတ်တယ် ထုံးစံအတိုင်းပေါ့"

"ပြန်သွားရင် ဘကြီးသမီးကို ပြောလိုက်ဦး၊ ကျုပ်တို့ တစ်ရက်နှစ်ရက်ကြာမှ လာခဲ့မယ်လို့၊ လိုတာရှိ လှမ်းမှာခိုင်းကြားလား"

"တောက် မင်းတို့ ဒီလောက်ထိ လူကြီးကို နောက်ရသလား"

မဟာနာမ်က လက်မောင်းတန်းပြီး မကျေမနပ် ဒေါနှင့်မောနှင့် ပြောလိုက်တော့ သူတို့အားလုံး မဟာနာမ်ကို ကြည့်၍ ပွဲကျသွားကြသည်။

ထို့နောက် သံသေး သံကြောင်တွေနှင့် . . .

"ချစ်လို့ ကျီစားတာပါ ဆိုမှပဲ" ဟုဆိုပြီး မဟာဝုန်တောဘက် ထုံးစံအတိုင်း အမဲလိုက်ခွေး တစ်အုပ်ခြံရံပြီး လေးမြားကိုယ်စီနှင့် ထွက်သွားကြသည်။

(၃)

ဟော ခုတော့။

သူတို့လေးတွေ၊ နောက်နေပြောင်နေကျ လိစ္ဆဝီမင်းသားလေးတွေ မြတ်ဗုဒ္ဓ၏ရှေ့ မနီးမဝေးမှာ လက်အုပ်လေးတွေချီလို့ တင့်တယ် ငြိမ်သက်စွာ ထိုင်နေကြသည်။

မဟာဝုန် တောကြီးကလည်း ပန်းမျိုးစုံ ပင်မျိုးစုံတို့ သီးပွင့်လျက် လှပဝေဆာနေသည်။ သည်မြင်ကွင်းမျိုး တစ်ခါဖူးမျှ သူမမြင်ဖူးခဲ့။

အစကတော့ ဟုတ်မှ ဟုတ်ပါ့မည်လား။ အိပ်မက် မက်နေတာများလားဟု ထင်မိသေးသည်။ မျက်လုံးတွေ ပွတ်သပ်ကြည့်တော့လည်း မြင်ကွင်းက ပြောင်းလဲမသွား ပို၍ ပို၍ ထင်ရှားလာသဖြင့် ဝမ်းသာမှုအဟုန်က ရင်ထဲ တသိမ့်သိမ့် တက်လာ၏။

မည်မျှ ကြည်နူးဖွယ်ကောင်းလှသည့် မြင်ကွင်းပါနည်း။

လူဆိုးလေးတွေ လူတိုင်း၏ ချဉ်ပတ်လေးတွေ။ ခုတော့ ဗုဒ္ဓ၏ ရှေ့မှာ အပြောင်းလဲကြီးတွေ ပြောင်းလဲပြီး နေကြပေပြီ။

"အံ့ဩဖွယ် ကောင်းပေစွတကား"

မဟာနာမ်သည်ကား ဝမ်းလည်းသာ အံ့လည်း အံ့ဩစွာဖြင့် စကားဆိုလိုက်သည်။ သို့တိုင် မည်သူမျှ ခေါင်းထောင်မကြည့်ကြ။ ခါတိုင်းလို နောက်ဖို့ ပြောင်ဖို့ဝေးစွ တုတ်တုတ်မျှပင် မလှုပ်။ မြတ်ဗုဒ္ဓကိုသာ လက်အုပ်ကိုယ်စီနှင့် ဆည်းကပ်ခစားနေကြ၏။

သူတို့ မြတ်ဗုဒ္ဓနဲ့တွေ့လို့ သဉ်ပါး ကုန်ကြပြီကော။





www.burmeseclassic.com

www.burmeseclassic.com

မဟာနာမ်သည် မဆုံးနိုင်သော အတွေးများကို တွေးရင်း တစ်ချိန်က သူတို့လေးတွေအပေါ် တင်ရှိခဲ့သည့် ကျေနပ်မှု ဒေါသ အာဃာတ အစိုင်အခဲတွေ ကြေမွပျက်စီးကုန်ကြသည်။ ဝမ်းသာမှု ပီတိအဟုန်တို့နှင့်အတူ ဒီ လိစ္ဆဝီလူငယ်လေးတွေကို အကြောင်းပြု၍ တရားထူး တရားမြတ် နာရဦးတော့ မည်ဟုတွေး၍. . .

"လိစ္ဆဝီမင်းတွေ ကြီးပွားကုန်ကြပြီတော့"ဟု ဝမ်းသာစွာဆိုလျက် ဗုဒ္ဓ၏ အသရေတော်ကို ကြည်ညိုမဝနိုင်စွာဖြင့် ဖူးမြော်ရှိခိုးရင်း သင့်တင့်သော အရပ်တွင် ထိုင်လိုက်လေ၏။

(၄)

"မဟာနာမ် အဘယ့်ကြောင့် လိစ္ဆဝီမင်းတွေ ကြီးပွားကုန်ကြပြီလို့ ပြောသနည်း"


ဗုဒ္ဓက မဟာနာမ်ကို မေးလိုက်သည်။ မဟာနာမ်သည် လက်အုပ်ချီလျက် . . .

"မှန်လှပါ မြတ်စွာဘုရား။ဒီလိစ္ဆဝီမင်းသားငယ်တွေဟာ အလွန်ရိုင်းပျပြီး အမျိုးမာန်၊ ဧနမာန်တွေတက်လို့ ခက်ထန်လျက် မည်သူတစ်ဦး တစ်ယောက်ကိုမျှ ဂရုစိုက်ကြသူတွေ မဟုတ်ပါ၊ အဲဒီဆိုးသွမ်း ရမ်းကားလှတဲ့ မင်းသားငယ်တွေဟာ ယခုမြတ်စွာဘုရား ရှေ့တော်မှောက်၌ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုးသို့ ပျပ်ဝပ်တုပ်ကွစွာနှင့် ယဉ်ကျေးသိမ်မွေ့နေကြသည်ကို မြင်၍ လိစ္ဆဝီမင်းတွေ ကြီးပွားကုန်ကြပြီလို့ ဝမ်းသာစွာ ဆိုပါသည် ဘုရား"

ဟု ဗုဒ္ဓကို လျှောက်လေ၏။

ထိုအခါ ဗုဒ္ဓသည် မဟာနာမ်အား . . .

"မဟာနာမ် လောကမှာ ဘယ်သူမဆို ယောဒီ တရားငါးပါး ပြည့်စုံသည်ဆိုပါလျှင် ကြီးပွားတိုးတက်ကြပါ၏၊ အဲဒီတရားငါးပါးရှိနေသမျှ မဆုတ်ယုတ်နိုင်ပါဘူး မဟာနာမ်"



ဟု မိန့်ကြားလိုက်လေသည်။

ထိုအခါ မဟာနာမ်က ရိုသေလေးမြတ်စွာဖြင့်. . .

"ထိုတရားငါးပါးကို သနားသောအားဖြင့် ရှင်းလင်းဟောကြားပေးတော်မူပါ မြတ်စွာဘုရား"

ဟု လျှောက်ထားလိုက်လေသည်။

"နာလော့ မဟာနာမ်"

"မှန်ပါ့ဘုရား"

"မဟာနာမ် တရားသဖြင့် ရရှိလာတဲ့ စည်းစိမ်ဥစ္စာတွေနဲ့ မိဘတွေကို သားသမီးတွေက လုပ်ကျွေးပူဇော်သမှု ပြုလုပ်မည်ဆိုလျှင် လုပ်ကျွေးပူဇော်မှု ခံရတဲ့ မိဘက ပြန်လည်စောင့်ရှောက်လိမ့်မည်၊ မိဘတို့ရဲ့ စောင့်ရှောက်ခြင်းကို ခံရတဲ့သားသမီးတွေဟာ တိုးတက်ကြီးပွားကြလိမ့်မည် မဟာနာမ်"

"မှန်ပါ့ အရှင်မြတ်ဘုရား"

"နောက် သားမယားနဲ့တကွ ကျေးကျွန်တွေကိုလဲ မြတ်မြတ်နိုးနိုးနဲ့ ပေးကမ်းကြမည်ဆိုပါလျှင် ထိုပေးကမ်းခံကြရတဲ့ သားမယားနဲ့တကွ ကျေးကျွန်တို့က ပြန်လည် စောင့်ရှောက်ကြပါလိမ့်မည်၊ အဲဒီလို ပြန်လည် အစောင့်ရှောက်ခံရတဲ့ ပုဂ္ဂိုလ်တွေလဲ တိုးတက်ကြီးပွားကြလိမ့်မည် မဟာနာမ်"

"မှန်ပါ မြတ်စွာဘုရား"

"မဟာနာမ် အဲဒီနောက် မိရိုးဖလာပူဇော်ကြတဲ့ နတ်များကို ပူဇော်မည်ဆိုလျှင်လဲ ပူဇော်သူကို အဲဒီလိုအပူဇော်ခံရတဲ့ နတ်များက ပြန်လည် စောင့်ရှောက်ကြပါလိမ့်မည်၊ အဲဒီနတ်တွေရဲ့ ပြန်လည်စောင့်ရှောက်ခံရတဲ့ သူတွေဟာလဲ တိုးတက်ကြီးပွားကြလိမ့်မည်"

"မှန်ပါ့ မြတ်စွာဘုရား"

"မဟာနာမ် သမဏ ဗြာဟ္မဏတွေကို ရိုသေစွာ ပူဇော်လှူဒါန်းကြမည်ဆိုလျှင်လဲ အဲဒီလို ရိုသေစွာ ပူဇော်လှူဒါန်းကြသူတွေကို အပူဇော်အလှူဒါန်းခံရတဲ့ သမဏ ဗြာဟ္မဏတွေက ပြန်ပြီးစောင့်ရှောက်ကြပါလိမ့်မည်၊ အဲဒီ သမဏ ဗြာဟ္မဏတွေရဲ့ အစောင့်အရှောက်ခံရတဲ့ ပုဂ္ဂိုလ်တွေလဲ မချွတ်ကေန် အမှန်တိုးတက် ကြီးပွားကြလိမ့်မည် မဟာနာမ်"

"မှန်ပါ့ မြတ်စွာဘုရား"

"မဟာနာမ် ကျေးဇူးရှင်တွေကို ကျေးဇူးတသိနဲ့ ပေးကမ်းပူဇော်မည်ဆိုရင်လဲ ပေးကမ်းပူဇော်ခံရတဲ့ ကျေးဇူးရှင်တွေက ပြန်လည်စောင့်ရှောက်ကြပါလိမ့်မည်၊ အဲဒီလို ကျေးဇူးရှင်တို့ရဲ့ ပြန်လည်စောင့်ရှောက်ခံရတဲ့ ပုဂ္ဂိုလ်တွေလဲ ဧကန်မလွဲ တိုးတက်ကြီးပွားကြလိမ့်မည် မဟာနာမ်"

ဗုဒ္ဓ၏ တရားအဆုံး၌ မဟာနာမ်နှင့်တကွ လိစ္ဆဝီမင်းသားတို့၏ ကောင်းချီးပြု သာဓု ခေါ်သံတို့သည် မဟာဝုန်တောအလုံး ဖုံး၍သွားပါတော့သည်။

ရည်ညွှန်း-

ပဉ္စကနိပါတ် နိဝရဏဝဂ် လိစ္ဆဝီကုမာရကသုတ်

နေဝန်းနီ

□





www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းသမိုင်းဝင်

ကိုသက် (ဒီးကုန်း)


# သရေခေတ္တရာ သာသနာ့အမွေအနှစ်နယ်မြေ

ပဲခူးတိုင်းဒေသကြီး ပြည်မြို့၏ အရှေ့ဘက် (၅)မိုင်ခန့်အကွာ ရန်ကုန်မြို့၏ အနောက်မြောက်ဘက်မိုင်(၁၈၀) ခန့်အကွာတွင် ပျူယဉ်ကျေးမှု ထွန်းကားရာ သရေခေတ္တရာမြို့ဟောင်း တည်ရှိသည်။ မြို့ဟောင်းသည် (၅. ၅)စတုရန်းမိုင်ကျယ်ဝန်းပြီး ပျူခေတ်မြို့ဟောင်းများ ဖြစ်သော ဗိဿနိုး၊ ဟန်လင်းမြို့ဟောင်းများထက် ကြီးမားပြီး ခေတ်အစောပိုင်းကျသော ပျူမြို့တော်ဟောင်းတစ်ခုဖြစ်သည်။

မြို့ရိုးအရှည် (၈)မိုင် (၅)ဖာလုံရှိ၍ မြို့တွင်း ရှေးဟောင်း အဆောက်အအုံ (၁၀၅)ခုနှင့် မြို့ရိုးပြင်ပ ရှေးဟောင်း အဆောက်အအုံပေါင်း (၁၇၂)ခုရှိသည်။ သရေခေတ္တရာမြို့ဟောင်းတွင် မြို့ရိုး၊ နန်းတော်ရာ ကုန်း၊ မြို့တံခါး၊ ကျုံးများအပြင် စေတီ၊ ဂူဘုရား၊ ဘုန်းကြီးကျောင်း၊ သိမ်၊ ရေကန်များကို တွေ့ရှိရပါသည်။

သာသနာတော်နှစ် (၁၀၁) ခုနှစ်တွင် ဂဝံကပတေ့အရှင်သူမြတ် အမှူးပြု၍ သရေခေတ္တရာမြို့ဟောင်းကို တည်ထောင်ခဲ့ပြီး မင်းဆက်(၂၇)ဆက် စိုးစံခဲ့သည့်အနက် ဒွတ္တပေါင်မင်းကြီး လက်ထက်တွင် အထူးစည်ကား တိုးတက်ခဲ့သည်။

ကျန်စစ်သားမင်းကြီး လက်ထက် (၁၀၈၄-၁၁၁၃)တွင် ရေးထိုးခဲ့သော မွန်ကျောက်စာများတွင် မြတ်စွာ



ဘုရားမာ စေတီတော်ကြီး (၁၃၈ ပေ)



www.burmeseclassic.com

www.burmeseclassic.com


ရားရှင် ပရိနိဗ္ဗာန်စံတော်မူသော နှစ် င် ဗိဿနိုးရသေ့သည် ဂဝံပတေ့ န္တာ၊ သိကြားမင်း၊ ဝိသကြုံနတ်သား၊ ကမ္ဗနဂါးမင်းတို့နှင့်အတူ သရေ ခေတ္တရာမြို့တော်ကြီးကို တည်ထောင် ဆင်းနိုင်လိမ့်မည်ဟု မြတ်စွာဘုရား ဒိဘ်တော်ထားခဲ့သည်။

သရေခေတ္တရာ မြို့တော်ကြီး သည် တစ်ချိန်က ကြီးကျယ်ခမ်းနား ခဲ့ကြောင်းကို ယနေ့တိုင် ကြွင်း န်တည်ရှိနေသော မြို့ဝင်ပေါက်ကြီး မြို့ခင်း မြို့ကွက်နေရာများနှင့် ထင်အရှားရှိနေသော ဘောဘော စေတီ (ဉာဏ်တော်အမြင့် ၁၅၃ ) ဘုရားမာစေတီတော် (ဉာဏ်တော် မြင့် ၁၃၈ ပေ)၊ ဘုရားကြီးစေတီ တော် (ဉာဏ်တော်အမြင့် ၁၃၉ ပေ) တို့ကဲ့သို့ သက်သေပြလျက်ရှိပါသည်။

စူဠာသမ္ဘဝ၊ မဟာသမ္ဘဝ နှင့် ပေါင်မင်းကြီးတို့ လက်ထက်မှ အစ ပြု မင်းအဆက်ဆက် အုပ်ချုပ် ခဲ့သော သရေခေတ္တရာပြည်ကြီးမှာ ညာန ခင်းလက်ထက်တွင် စီးသွားခဲ့ရသည်။ သရေခေတ္တရာ မြို့ဟောင်းမှာ နှစ်ကာလများစွာ ရွေ့ လာခဲ့ပြီးနောက် ရာသီဥတုဒဏ် သဘာ စစ်ဒဏ်များကြောင့် တော ဖုံးလွှမ်းပြီး အဆောက်အအုံများ တို့မှာလည်း ပြိုကျပျက်စီးခဲ့ရပါသည်။

သရေခေတ္တရာ မြို့ဟောင်း အတွင်း စက်တိုင်ဘုရား၏ အနောက် တောင်ဘက်တွင် နန်းတော်ရာတည်ရှိ သည်။ နန်းတော်ရာမှာ အလျား ၁၇၀၀ အနံ ၁၁၂၅ ပေ ရှိလေသည်။

မြို့ရိုးကြီးမှာ ထုထည်ကြီးမားပြီး တောင်ဘက်နှင့် အနောက်ဘက်တို့တွင် နှစ်ထပ်၊ ကျုံး နှစ်ထပ်၊ အရှေ့ တောင်ဘက်တွင် မြို့ရိုး သုံးထပ်၊ ကျုံး ထပ်၊ မြောက်ဘက်တွင် မြို့ရိုး တစ် ထပ်၊ ကျုံး တစ်ထပ်၊ အရှေ့ဘက်တွင် တစ်ထပ်၊ ကျုံးတစ်ထပ်ကို တွေ့ သည်။



ဘောဘောကြီး စေတီတော်ကြီး ( ဉာဏ်တော်အမြင့် ၁၅၃ ပေ )

မြို့ဟောင်း၏ ပတ်ဝန်းကျင်တွင် ခံတပ်သဖွယ် ဆောက်လုပ်ထားသော ပျူတိုက်ဟု ခေါ်သော လေးထောင့်ပုံ သဏ္ဌာန် ကုန်းဟောင်းများရှိ၍ မြို့ ဟောင်း၏ တောင်ဘက်တွင် ပျူတိုက် (၃)ခုကို တွေ့ရသည်။ မြို့ရိုးကြီးများတွင် တံခါးကြီး (၃၂)ပေါက်၊ တံခါးငယ် (၃၃) ပေါက်ရှိပြီး မြောက်ဘက်တွင် နတ် ပေါက်၊ နဂါးတွန့်ပေါက်၊ အနောက်ဘက် တွင် လုလင်ကျော်ပေါက်၊ ရွှေတံခါး ပေါက်၊ မုတ်ရှည်ပေါက်၊ တောင်ဘက် တွင် ရဟန္တာပေါက်၊ သာယာဝတီပေါက် အရှေ့ဘက်တွင် မုဒ္ဒောပေါက်၊ တွင်းဖြ ပေါက်တို့ ရှိကြသည်။

၎င်းအပြင် သရေခေတ္တရာတွင် သိမ်(၉)သိမ်၊ ကန် (၉)ကန်၊ ဥမင်(၉)ခု တို့ရှိကြသည်။

သရေခေတ္တရာရှိ သိမ် (၉)သိမ် မှာ . . .

(၁) ကျောက်တံခါးသိမ်
(၂) ရွှေငါးကြင်းသိမ်
(၃) ပွင့်လှသိမ်
(၄) ကျောက်ကာသိမ်
(၅) မြင်တာပုဟုသိမ်
(၆) ဘုရားကြီးသိမ်
(၇) ပါဒသိမ်
(၈) ခက်တိုင်သိမ်
(၉) ဇေယျဝတီသိမ် တို့ဖြစ်သည်။

သရေခေတ္တရာ၏ ကန် (၉)ကန် မှာ . . .

(၁) ပျော်ဘွယ်ကန်
(၂) ကန်သာဦးကန်
(၃) ရွှေလောင်းကန်
(၄) ထမင်းရေကန်



www.burmeseclassic.com

www.burmeseclassic.com

(၅) နန္ဒာကန်
(၆) ဗိုလ်ချင်ကန်
(၇) မုဆိုးကန်
(၈) မုဆိုးမကန်
(၉) မုဥ္စလိန္ဒာကန် တို့ ဖြစ်ကြသည်။

သရေခေတ္တရာရှိဥမင်ကိုးခုမှာ-

(၁) ဂန္ဓမာဒနဥမင်
(၂) ဘုရားနီဥမင်
(၃) တွတ်တွင်းဥမင်
(၄) ခဲလှဥမင်
(၅) အာနန္ဒာဥမင်
(၆) ပုဂံမျှော်ဥမင်
(၇) ကျောက်တံခါးဥမင်
(၈) ရသေ့ဥမင်
(၉) ရွှေဥမင် တို့ဖြစ်ကြသည်။



ဒွတ္တပေါင်မင်းကြီး တည်ထားခဲ့သော မြင်ဟပုစေတီတော်

သရေခေတ္တရာမြို့ကို အင်းမ၊ ပေါင်းတည်၊ ရွှေလေး၊ တိမ်ယုံ၊ ညောင်ပင်ဆိပ်၊ ကျွန်းစုံ၊ ရွှာပိန်မြို့တို့က ဝန်းရံထားကြသည်။ သရေခေတ္တရာ မြို့ဟောင်းရှိ ထင်ရှားသော သာသနိကအဆောက်အအုံများမှာ ဘောဘောကြီးစေတီ၊ ဘဲဘဲလေးမျက်နှာ၊ ဘုရားကြီးစေတီ၊ ဘုရားမာစေတီ၊ အရှေ့ဈေးဂူ၊ အနောက်ဈေးဂူ၊ ဘုရားထောင်၊ ရဟန္တာဂူ၊ ရွှေနန်းဦးဘုရား၊ စက်တိုင်ဘုရားနှင့် ချည်တိုင်ဘုရားတို့ ဖြစ်ကြသည်။

သရေခေတ္တရာ မြို့ဟောင်းကို ၁၉၀၇ ခုနှစ်တွင် ကျောက်စာဝန်တော်စိန်ခိုနှင့် ပြင်သစ်ဗိုလ်ချုပ်လီယွန်ဒီဗဲလီယေတို့ စတင်တူးဖော်ခဲ့ကြပြီး ဒုတိယကမ္ဘာစစ်မတိုင်မီကာလအထိ ပျူကုန်းများကို တူးဖော် သုတေသနပြုလုပ်ခဲ့ကြသည်။

သရေခေတ္တရာ မြို့ဟောင်းကို (၁၉၆၂)ခုတွင် ကုန်းအမှတ်(၁)ကို စတင်တူးဖော် သုတေသနပြုခဲ့ပြီး ယခုအခါ ကုန်းအမှတ်(၅၀)ကျော်ကို တူးဖော် သုတေသနပြုခဲ့ကြသည်။ သရေခေတ္တရာသည် မြန်မာနိုင်ငံတွင် ရှေးအကျဆုံး ပျူပိဋကတ်စာပေများကို တွေ့ရှိရာ ဒေသတစ်ခုလည်း ဖြစ်သည်။

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၆)ရက်နေ့သည် သရေခေတ္တရာမြို့ဟောင်း၏ ထူးခြားသော နေ့တစ်နေ့ဟု ဆိုက မှားမည်မဟုတ်ချေ။ သရေခေတ္တရာသည် ပျူတို့၏ ရှေးဟောင်းမြို့တော်တစ်ခုအဖြစ် သမိုင်းတွင် ရေးထိုးပြီး ဖြစ်၏။



လိုဏ်ဂူအတွင်းမှ ရှေးဟောင်းဘုရားများ

ပျူမြို့ဟောင်း (၃)မြို့သည် မြန်မာတို့ ဂုဏ်ယူရမည့် ရှေးဟောင်းအမွေအနှစ်များ ထွန်းကားတည်ရှိရာ မြို့များ ဖြစ်ကြ၏။ [illegible]နှင့် ဗိဿနိုးတို့နှင့် စာလျှင် သရေခေတ္တရာက ရှေးကျသည့်အပြင် ကြီးမားကျယ်ပြန့်သော ရှေးဟောင်းအမွေအနှစ်များ ရှိနေ၏။

ရှေးကျသော ရွှေပေလွှာများ (ဝါ)ပျူခေတ် ပိဋကတ်တော်စာပေများ ထွန်းကားမှုနှင့် အစောဆုံး ဗုဒ္ဓသာသနာ ထွန်းကားရာ သရေခေတ္တရာသည် ယခုအခါ အရေးပါလာပြီ ဖြစ်ပါသည်။

တစ်ချိန်က သရေခေတ္တရာသည် မြို့ပြစည်ပင်ထွန်းကားသကဲ့သို့ သာသနာတော်သည်လည်း စည်ပင်ထွန်းကားခဲ့၏။ ယခုအခါ (၁၀)ထပ်တိုက်တမျှ မြင့်မားခိုင်ခံ့သော စေတီတော်ကြီး (၃)ဆူတို့ သရေခေတ္တရာနယ်မြေတစ်ခုလုံးတွင် ထီးထီးကြီး [illegible]တည်လျက် ရှိနေ၏။

(ICOMOS) အိုင်ကိုမော့ [illegible] ကမ္ဘာ့ရှေးဟောင်းအဆောက်အအုံများ

www.burmeseclassic.com

နှင့် နေရာများဆိုင်ရာ ကောင်စီ အဖွဲ့ကြီးသည် ကမ္ဘာပေါ်ရှိ ရှေးဟောင်း အမွေအနှစ်ရှိရာ ဒေသများကို စီစစ်ရွေးချယ်လျက် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိ၏။

အီဂျစ်နိုင်ငံရှိ ပိရမစ်ရုပ်တုကြီးများ အိန္ဒိယနိုင်ငံမှ တပ်ချ်မဟာခေါ်မင်းဘုရင်မ စကျင်ကျောက်သားဂူဗိမာန်၊ ကမ္ဘောဒီးယားနိုင်ငံမှ အန်ကောဝပ်ရှေးဟောင်း ဘုရားကျောင်းတော်ရာတို့အား ကမ္ဘာ့ရှေးဟောင်း အမွေအနှစ်စာရင်းဝင်အဖြစ် သတ်မှတ်ပြီး ဖြစ်လေသည်။



စာရေးသူအား ပျော်ဗာပြတိုက်တာဝန်ခံမှ ရှင်းလင်းပြောပြပေးနေစဉ်


(၂၆. ၁၀. ၂၀၁၃) နေ့တွင် (ICOMOS) မှ ပညာရှင် ဒေါက်တာဆူဆန်နှင့် အဖွဲ့မှ သရေခေတ္တရာသို့ လာရောက်ပြီး ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းစာရင်းဝင် မြို့အဖြစ်အတည်ပြု သတ်မှတ်လက်ခံနိုင်ရေးအတွက် ယဉ်ကျေးမှုဝန်ကြီးဌာန၊ ရှေးဟောင်းသုတေသန အမျိုးသားပြတိုက်နှင့် စာကြ[illegible]ဦးစီးဌာနတို့မှ တာဝန်ရှိ ပုဂ္ဂိုလ်များနှင့် စစ်ဆေးကြည့်ရှုသွားကြပါသည်။

၂၀၁၄ ခုနှစ်(ICOMOS)အစည်းအဝေးကို ဇွန်လတွင် ကျင်းပသည့်အခါအခါ သရေခေတ္တရာ မြို့ဟောင်းဒေသကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင်အဖြစ် ကြေညာသွားပြီ ဖြစ်ကြောင်း သိရှိရပါသည်။

သရေခေတ္တရာ မြို့ဟောင်းအား ပြည်မြို့ မြင်ဗာဟုဘုရားသို့ ဘုရားဖူးသွားကြသူများ အဝေးမှလှမ်း၍ ဖူးမြင်ကြရမည် ဖြစ်ပါသည်။

အတိတ်က တဘောင်တစ်ခုအား ယင်းဒေသမှ ပုဂ္ဂိုလ်ကြီးတစ်ဦးက စာရေးသူအား ပြောပြသည်မှာ . . . 'အနာဂတ်ကာလတွင် မြင်ဗာဟုဘုရားတစ်ဝိုက်ကြက်ပျံမကျ စည်ကားသိုက်မြိုက်လာလတ္တံ့'ဟူ၍ ရှေးရှေးပုဂ္ဂိုလ်များ အမိန့်ရှိသည်ကို မှတ်သားရဖူးကြောင်း၊ လောလောဆယ်တွင် ချုံတော၊ မြက်တော၊ ဝါးရုံတောများက မြို့ဟောင်းတစ်လျှောက် ဖုံးလွှမ်းနေကြောင်း ရှင်းပြခဲ့ပါသည်။

တစ်ချိန်သောအခါက သရေခေတ္တရာသည် အရှေ့တောင်အာရှတွင် ဗုဒ္ဓသာသနာတော်နှင့်အတူ ယဉ်ကျေးမှု အဆင့်အတန်းမြင့်မားခဲ့သော မှတ်တမ်းကမ္ပည်းဝင် ဖြစ်ခဲ့ပြီး ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ် စာရင်းဝင် ဖြစ်လာပါကလည်း ဗုဒ္ဓသာသနာတော်အတွက် အဘက်ဘက်မှ ပါရမီဆက်၊ ပဋ္ဌာန်းဆက်ရှိသူများ ဝင်ရောက်လာတော့မည်ဖြစ်၍ မင်္ဂလာရှိစွာဖြင့် လက်ကမ်းကြိုဆိုရမည် ဖြစ်ပါကြောင်း ရေးသားအပ်ပါသည်။



ပန်ထွာမိဖုရား သင်္ချိုင်းဂူအား တွေ့ရစဉ်

**မှတ်ချက်။**

ဤဆောင်းပါးဖြစ်မြောက်ရေးအတွက် ရှေးဟောင်းသုတေသန ယဉ်ကျေးမှု ကျောင်းအုပ်ကြီး ဦးဝင်းကြိုင်၊ ဒုညွှန်မှူးဦးအောင်အောင်ကျော်၊ ဦးစိုးနိုင်(စိန်မကိုင်ဆန်စက်)တို့အား ကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။


**ကိုသက်(ဇီးကုန်း)**

❑



www.burmeseclassic.com

www.burmeseclassic.com



## အရှင်ဓမ္မရက္ခိတ

# ရေသန့်ဘူးထဲက မိုးခါးရေ

တကယ်တော့ လူ့ဘဝဆိုတာ လူတို့ရဲ့စိတ် (တွေးခေါ်ကြံစည်မှု) နဲ့ လက်တွေ့ (လုပ်ဆောင်မှု) တို့ရဲ့ ပေါင်းစပ်မှု ရလဒ်ပါပဲ။

ဒါကြောင့် လူတစ်ယောက်ရဲ့ တိုးတက်မှု ဒါမှမဟုတ် ဆုတ်ယုတ်မှုဟာ တွေးခေါ်ကြံစည်မှုကတစ်ဆင့် လုပ်ဆောင်မှုက ပါဝင်လာပြီး ဆုံးဖြတ်ပေးလိုက်တာပါပဲ။

တကယ်လို့သာ အောင်မြင်မှုတစ်ခုခု (သမ္မာဒိဋ္ဌိ)ကို အကျင့်ကောင်းလေးတစ်ခုအဖြစ် စဉ်းစားဆင်ခြင်ပြီးမှ လုပ်မယ်ဆိုရင် အောင်မြင်မှုနဲ့အတူ စိတ်ချမ်းသာမှုကိုပါ ရနိုင်ပါတယ်။

ဖောက်ပြန်တဲ့ အတွေးအခေါ်ကို အခြေခံပြီး လုပ်ဆောင်ရင် မိမိလုပ်တဲ့အလုပ်က အောင်မြင်သည့်တိုင် စိတ်မချမ်းမြေ့မှု ဆိုးကျိုးက ရှေ့နေမှာ အမှန်ပါပဲ။

တချို့က ဆုံးရှုံးမှုနဲ့ ကြေကွဲဝမ်းနည်းမှု တစ်ခုခုကို နဖူးတွေ့ ဒူးတွေ့ တွေ့လာရပြီဆိုရင် ကာယကံရှင် (မိမိကိုယ်တိုင်)ထက် တခြားသူ ဘေးလူတစ်ယောက်ယောက်ရဲ့ပယောဂကြောင့်လို့ မှားယွင်းတဲ့ ယေဘုယျအယူအဆနဲ့ ကိုယ်လွတ်ရုန်း ဘေးပတ်ဝန်းကျင်ကို အပြစ်ပုံချလေ့ ရှိတာပါပဲ။

အမှန်တကယ် လူတစ်ယောက်ရဲ့အားနည်းချက်နဲ့ အပြစ်ကျူးလွန်မှုဟာ သူ့ရဲ့နှလုံးသားထဲကလာတဲ့ သူ့ရင်ထဲက သန္ဓေတည် ပေါက်ပွားလာတဲ့ စိတ်ရဲ့ တိုက်တွန်းနှိုးဆော်မှုက လာတာပါ။

အခြားသူ တစ်ဦးတစ်ယောက်က တိုက်တွန်းလို့ပါဆိုတာက ကိုယ့်ကိုယ်က (စိတ်ထဲက) သဘောတူလို့သာ လွှတ်ပေးလိုက်တာပါလို့ နွားကျားကိုက်ခံရတာမျိုးပါ။

ဒါကြောင့် သာ..ဆိုင်သူ (မိမိ) မှာသာ တာဝန်အရှိဆုံးပါပဲ။

ဘယ်သူက ဘယ်လောက် ဆွဲဆောင် ဆွဲဆောင် မိမိစိတ်က လက်မခံနိုင်ဘူး ငြင်းပယ်နိုင်တာ ကိုယ်ပိုင်အခွင့်အရေးပါပဲ။

တခြားသူ ဆွဲဆောင်စည်းရုံးမှုကို လက်ခံပြီဆိုကတည်းက အောင်မြင်မှုရရင် ဒါမှမဟုတ် ဆုံးရှုံးရင် ဖြစ်ပေါ်လာမယ့် အကျိုးဆက်ကို ကျေကျေနပ်နပ် လက်ခံနိုင်ရမှာပါပဲ။ တချို့ပုဂ္ဂိုလ်တွေ ပေးတတ်တဲ့ ဆင်ခြေတစ်ခုရှိပါသေးတယ်။

အလုပ်တစ်ခုခုကို လုပ်လိုက်လို့ မှားသွားပြီဆိုရင် 'ကျွန်တော် စဉ်းစားပါတယ်၊ တခြားနည်း(အမှန်)ကို လုပ်လိုက်ရင် ဆုံးရှုံးမှု၊ နစ်နာမှု၊ ဝမ်းနည်းမှုတွေများ ဖြစ်လာမလားဆိုပြီး မလုပ်လိုက်မိတာပါ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com

တကယ်တော့ ဒီလိုပုဂ္ဂိုလ်မျိုး တွေက အလုပ်တစ်ခုအပေါ်မှာ ဆုံးဖြတ် တဲ့အခါ ဖြစ်ပေါ်လာမယ့် အကျိုးအပြစ်၊ ရရှိလာမယ့် အောင်မြင်မှု ဆုံးရှုံးမှုကိုသာ အဓိကထားသူတွေပါ။

သူတို့မှာ ပန်းတိုင်တော့ရှိတယ်။ လမ်းစဉ်က မရှိတဲ့သဘောပါပဲ။ အောင် မြင်မှု ရဖို့အတွက် အောင်မြင်မှုရဖို့ အတွက်သာ အဓိကထား အာရုံစူးစိုက် တာဖြစ်လို့ လုပ်နည်းလုပ်ဟန် မှားမှု မှန်မှုဟာ ပဓာနမကျတော့ပါဘူး။

သေသေချာချာ စဉ်းစားကြည့် ရင် အမှန်တရားကိုပြုလုပ်ဖို့ လမ်းစဉ်က ရှင်းနေသလောက် အမှားပြုလုပ်ဖို့ကျ တော့ ရှုပ်ထွေးလွန်းလှပါတယ်။ အမှား တစ်ခုလုပ်ဖို့ ဖုံးကွယ်ရတာတွေက များ လွန်းပါတယ်။

အဂတိလိုက်စားမှု၊ လိမ်လည်မှု၊ ခိုးသားမှု တစ်ခုခုကို လုပ်တော့မယ် ဆိုရင် သေချာတာက မဟုတ်မမှန် လိမ် ညာပြောရတော့မှာပါပဲ။ နောက် မိမိရဲ့ ရှိတဲ့အပြစ်ကို ဖုံးကွယ်ဖို့ မာယာ သုံးရ မယ်။ မိမိမှာ မရှိတဲ့အရာကို ရှိတယ်ထင် အောင် သာဓ္ဓေယျ အယောင်ဆောင် ရမယ်။ အမှားတွေကို တစ်ခုပြီးတစ်ခု ကျူးလွန်ရတော့မှာလေ။

နမူနာလေး တစ်ခု ကြည့်ကြရ အောင်ပါ။

ရုံးတစ်ခု ပြည်သူတွေနဲ့ ဆက်ဆံ ရတဲ့ဌာနတစ်ခု။

နိုင်ငံတော်က သတ်မှတ်ထားတဲ့ အစာကိုကျေနပ်လို့ ဒီတာဝန်ကိုကျေပွန် အောင် ဆောင်ရွက်ရမှာ သူ့မှာ တာဝန် ရှိနေပါပြီ။

(တကယ်လို့ စီးပွားရေး၊ စား ဝတ်နေရေး အဆင်မပြေရင် တခြား တရားဝင်တဲ့နည်းနဲ့ ထပ်ရှာရမှာပါ။ ဒီလိုမှ မလုပ်နိုင်ရင် ပြည်သူ့ဘဏ္ဍာငွေနဲ့ လစာ ကို ယူတာ၊ အလုပ်က ထွက်တာ အကောင်းဆုံးပါပဲ၊)

ကျွန်တော့်ကို ဒါလေး ဆောင် ရွက်ပေးပါ ခင်ဗျာလို့ အလုပ်တစ်ခုကို လုပ်ဆောင်ဖို့ ပြည်သူက စေခိုင်းလာပြီ ဆိုရင် အဂတိလိုက်စားချင်တဲ့ပုဂ္ဂိုလ်က ပထမဆုံး မုသာဝါဒကံကို ကျူးလွန်ရ မှာပါ။

အင်း . . . ထားခဲ့လေ။ နောက် တစ်ပတ် လာခဲ့ (ဒါမှမဟုတ်)

အင်း. . . အဲဒီ တာဝန်ယူတဲ့သူ ခွင့်ယူထားတယ် စသဖြင့် ပထမဆုံး မိမိကို ထမင်းကျွေးထားတဲ့ ပြည်သူကို စိတ်ကသိကအောက်ဖြစ်အောင် လုပ်ရ တော့မှာပါ။

နောက်ပြီးတော့ ကျွန်တော်က ဘာမှ ရတာမဟုတ်ဘူး။ ဒါကအထက် လူကြီးကို ပေးရတာတို့နဲ့ မိမိမှာရှိတဲ့ အပြစ်ကို မရှိဘူးထင်အောင် မာယာ တွေ သုံးရမှာပါ။

နောက် ကျွန်တော်လုပ်ပေးရင် ဖြစ်ပါတယ်။ အေး ခင်ဗျားက သိတတ် ဖို့တော့ လိုအပ်တယ်နော့ ဆိုပြီး မရှိတဲ့ ဂုဏ်ကို ရှိဟန်ပြောရတာမျိုး။

ဒါတွေ အားလုံးဟာ ကိုယ်ကိုယ် တိုင် (မိမိ) စိတ်မှာရှိတဲ့ လောဘကို အခြေခံပြီး မှားယွင်းတဲ့လုပ်ဆောင်မှုတွေ ဖြစ်လာရတာလေ။

ဒီကြားထဲက ထိရောက်တဲ့ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်ကြောင့် ဒုက္ခ ဖြစ်မြီး အမှုအခင်းဖြစ်ပြီ ဆိုရင်တော့-

အစကတည်းက ကျွန်တော်က လုပ်ချင်တာမဟုတ်ဘူး အများမိုးခါးရေ သောက်နေလို့သာလို့ တခြားသူကို အပြစ်ပုံချတော့တာပါပဲ။

အမှန်တကယ် အမှန်တရား ကိုသာ ဆောင်ချင်တဲ့သူတွေကျတော့ အမှားနဲ့ အမှန်ကို ခွဲခြားသိတယ်။ အကောင်းအဆိုး ဝေဖန်နိုင်တယ်။ လို အင် နဲ့ မလိုအပ်မှုကို ပိုင်းခြားတတ် တယ်။ သူ့ရဲ့စိတ်ခံစားမှု ဘာမှမပါဘဲနဲ့ သူတစ်ပါးရဲ့ ခံစားမှုအကောင်းဆုံးဖြစ် အောင် ငါဘယ်လိုလုပ်ရမလဲလို့ပဲ စဉ်း စားတတ်တဲ့သူပါ။

ဒါကြောင့်လည်း ဒီလိုလူမျိုးတွေ မှာ ဘာမှ အရှုပ်မရှိပါဘူး။

အများအကျိုး ပရကို ဦးတည် ရှေးရှု လုပ်ရင်းက သူ့ရဲ့အတ္တအကျိုး တွေပါ အလိုလို ပြီးမြောက်နေတာ တွေ့ရပါတယ်။

ဒီလိုမှမဟုတ်ဘဲ မိမိရဲ့ဘဝနဲ့ မိမိရဲ့အကျင့်သီလကို မိမိရဲ့နှစ်သက်မှု၊ မနှစ်သက်မှုနဲ့ တိုင်းတာပြီး ဆောင်ရွက် မယ်ဆိုရင်တော့ ဘဝအောင်မြင်မှုရဖို့ အသာထား သစ္စာရဲ့ ဒဏ်ခတ်ခြင်းကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မလွဲမသွေ ခံစားရမှာ အသေအချာပါပဲ။

စေတနာမဲ့တဲ့စိတ်၊ မာနလိုဝန်တို တဲ့စိတ်၊ နာကြည်းတဲ့စိတ်၊ ဒေါသစိတ်၊ အာဃာတစိတ်၊ မုန်းတီးတဲ့စိတ်တွေရဲ့ နောက်ဆက်တွဲက ကြောက်ရွံ့တဲ့စိတ်၊ မတည်ငြိမ်တဲ့စိတ်၊ သောကစိတ်၊ စိုးရိမ် စိတ် စတဲ့ အပျက်စိတ်တွေ ဖြစ်လာ ရတာပါ။ သနားတဲ့စိတ်၊ ကရုဏာထား တဲ့စိတ်၊ ကိုယ်ချင်းစာတဲ့စိတ်၊ အနစ်နာ ခံတဲ့စိတ်၊ ကြင်နာတတ်တဲ့စိတ်တွေရဲ့ နောက်ဆက်တွဲက မိမိအလုပ်အပေါ် ကျေနပ်အားရစိတ်၊ သူတစ်ပါးကို စိတ် ချမ်းသာအောင်လုပ်ပေးရလို့ ဖြစ်ပေါ် လာတဲ့ ပီတိစိတ်၊ ရွှင်လန်းတတ်ကြွတဲ့ စိတ် အပြုစိတ်တွေရလာမှာ အမှန်ပါပဲ။

ဒါကို မြတ်ဗုဒ္ဓက လမ်းစဉ် အဖြစ် ချမှတ်ပေးထားတာရှိပါတယ်။

မှန်ကန်တဲ့အယူဝါဒကို အခြေခံ ကြတဲ့ (သမ္မာဒိဋ္ဌိ)၊

ပြီးတော့ မှန်ကန်တဲ့၊ ကောင်းတဲ့ အကြံအစည် ရလာမှာပဲတဲ့ (သမ္မာ သင်္ကပ္ပ)၊

အေး ကောင်းတဲ့ အကြံနဲ့ဆိုရင် ကောင်းတဲ့စကား ဆိုမှာပါတဲ့ (သမ္မာ ဝါစာ)၊

ကောင်းတဲ့အမှုကို ပြုမှာပါတဲ့ (သမ္မာကမ္မန္တ)၊

ဒါဆိုရင် ကောင်းတဲ့အသက် မွေးမှုဖြစ်ပြီတဲ့ (သမ္မာအာဇီဝ)၊

တစ်ခုပဲ မိမိလုပ်ဆောင်ရမယ့် အလုပ်ကို ကောင်းစွာလုံ့လစိုက်ဖို့ လို တယ် (သမ္မာဝါယမ)၊





www.burmeseclassic.com

www.burmeseclassic.com



လုံ့လစိုက်တဲ့အခါ ကောင်းသော အောက်မေ့ခြင်း သတိရှိရမယ် (သမ္မာသတိ)၊

အဲဒီလို အလုပ်ပေါ်မှာ အာရုံစူးစိုက်လုပ်ခြင်းမှာ (သမ္မာသမာဓိ)လို့ ဆိုထားတာလေ။

နောက်ဆုံး နှစ်ချက်ဖြစ်တဲ့ မှန်ကန်သော သတိရှိမှုဟာ မဂ္ဂင်ရှစ်ပါး တရားထဲမှာ သတ္တမလမ်းစဉ်နဲ့ အဋ္ဌမလမ်းစဉ်က အလုပ်တစ်ခုကို အောင်မြင်မှုပန်းတိုင်ကို ခိုင်ခိုင်မာမာ ရပ်တည်နိုင်တဲ့ တရားတွေပါ။

'ဧဟိပဿိကော' ဆိုတဲ့ ဂုဏ်တော်က ဓမ္မဂုဏ်တော်ထဲမှာ ပါ,ပါတယ်။ 'ကိုယ်တိုင်လာပြီး မျက်မြင်ကြည့်လှည့်ကြ' လို့ အဓိပ္ပာယ်ရပါတယ်။

ဒါက ဘာကိုဆိုလိုသလဲ ဆိုတော့ ငါ့ရဲ့ဝါဒက မျက်ကန်းကိုးကွယ်မှုမျိုး မဟုတ်ဘူး၊ ကိုယ်တိုင်လာပြီး လေ့လာသင်ယူ ကျင့်ကြံ လက်တွေ့အကျိုးရမှာ အသေအချာပဲလို့ အာမခံချက်ပေးထားတာသာ ဖြစ်ပါတယ်။

တချို့သော ပုဂ္ဂိုလ်တွေက စာရေးသူကို ပြောတာရှိပါတယ်။

တပည့်တော်၊ တပည့်တော်မ ကောင်းအောင် ကြိုးစားပါတယ်။ ကောင်းတဲ့ အကျိုး ဖြစ်ပေါ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

ဒါပေမယ့် တစ်ခါတလေမှာ ကောင်းတာကို ကြိုးစားလုပ်ဆောင်နေရင်းက ထွက်ပေါ်လာတဲ့ရလဒ်(အကျိုးတရား)က ထင်ထားသလို ဖြစ်မလာဘူး။ ဆန့်ကျင်ဘက် မကောင်းတာတွေ တွေ့နေရတယ်။

တပည့်တော်တို့ ပတ်ဝန်းကျင်မှာ အင်မတန် ကောက်ကျစ်စဉ်းလဲတဲ့သူကို အများက အမြော်အမြင် အရမ်းရှိတဲ့သူလို့ ချီးမွမ်းကြတယ်။

အဂတိ လိုက်စားပြီး စီးပွားရေး အဆင်ပြေနေသူကို မိုးရွာတုန်းရေခံ တတ်လိုက်တာလို့ သဘောကျ ထောမနာပြုကြတယ်။

မတော်မတရား စီးပွားရှာ ကြီးပွားသူကို အားကျနေကြတယ်။

အဲဒါဘာသဘောလဲ ဘုရားတဲ့။

မှန်ပါတယ်။ အဓမ္မဝါဒရဲ့လှည့်ဖျား သွေးဆောင်မှုပါပဲ။ ပိုပြီးကောက်ကျစ်လေ ပိုပြီးလောဘကြီးလေပါပဲ။

အင်အားကောင်းတဲ့ခွေး၊ အကြမ်းတမ်းဆုံးခွေးက အမဲရိုးကြီး ရတဲ့ သဘောပါ။

ဒါကို ထေရဝါဒဗုဒ္ဓတရားတော်မှာ ရှင်းပြပြီးသားပါ။

ခု ရေတွင်းတူး ခု ရေကြည် သောက်ချင်လို့ မရပါဘူး။

ခု စားပင်စိုက် ခု ချက်ချင်းခူး စားချင်လို့ ဘယ်ရမလဲ။

အဓမ္မဝါဒသမားတွေ သောက်သုံးစားသောက်နေတာက တစ်ချိန်တသူတို့ပြုခဲ့တဲ့ ကံကြွေးအဟောင်းကို စားသောက်နေတာပါ။ "အစာဟောင်းပြန်စားသူ"လို့ ခေါ်လည်း ရပါတယ်။

ဒီလိုပါပဲ ဒီနေ့ကောင်းမှုကုသိုလ် အလုပ်တွေလုပ်နေသူတွေအဖို့ ပထ ဆုံး စဉ်းစားရမှာက မိမိစိတ်သန္တန်မှာ ကောင်းတဲ့ စိတ်ကလေး အမြဲဖြစ်နေ သလား။

မနက်တစ်မျိုး နေ့ခင်းတစ်မျိုး လား (ရှင်းအောင်ရေးပြတာပါ၊ တကယ် တော့ စိတ်က လက်တစ်ဖျစ်အတွင်း ပြောင်းလဲမှုတွေ ဖြစ်နေတာပါ)။

မနက်ကတော့ ဈေးထဲက ငါး အရှင် (လတ်လတ်ဆတ်ဆတ်) စားချင် လို့ ရောင်းသူကို ခေါင်းထုခိုင်းခဲ့ပြီး ( ခေါင်းထုသူရော ဝယ်သူပါ အကုသို ရှယ်ယာ ဆတူရမယ်ဆိုတာ သတိ ပြန်လာမှ ဘုရားရှိခိုး၊ ဆွမ်းတော် ဘုန်းကြီးဆွမ်းလောင်းဆိုင်း အကုသို



www.burmeseclassic.com

www.burmeseclassic.com

အကုသိုလ်တွေ သူ့အကျိုးပေးနဲ့သူ ပေးနေမှာပါပဲ။

အဲ အတိတ် (အရင်ဘဝက ဒါမှမဟုတ် ယခုဘဝပြီးခဲ့သော ကာလ)က အကုသိုလ် ကံကြွေးတွေ ရှိရင်လည်း ပေးဆပ်ရမှာ ဓမ္မတာပါ။

"ဟင် ဒါဆို အကုသိုလ် ကံကြွေးတွေက ဘယ်လောက်ထိ ပေးဆပ်နေရမှာလဲ" မေးစရာရှိပါတယ်။

မကုန်မချင်း ပေးဆပ်ရမှာပါပဲလို့ ရှေ့မှက်နှာနောက်ထား ဖြေရမှာပါပဲ။ ဒီတော့ အကုသိုလ်ရေစီးကြောင်း ဒလဟောစီးနေပြီဆိုရင် ဆင်းရဲဒုက္ခ၊ ပရိဒေဝ၊ သောကတွေနဲ့ နပန်းလုံးနေရမှာပါ။

ဒီတော့ အကုသိုလ်ရေစီးကြောင်း ကုသိုလ်ကျောက်တုံးလေးတွေ တစ်လုံးပြီးတစ်လုံး ဆက်တိုက်ချလာနိုင်မယ်ဆိုရင် ပထမ ကျောက်တုံးလေးက ရေစီးအရှိန်နဲ့မျောပါ၊ နောက်တစ်တုံး နောက်တစ်တုံး ဒီလိုနဲ့ အကုသိုလ်ရေစီးကြောင်းက ရေစီးနှုန်း တဖြည်းဖြည်း လျော့လာပါလိမ့်မယ်။

နောက် ကုသိုလ်ကျောက်တုံးလေးတွေ အဆက်အပြတ် ချပေးနေရင်း နောက်ဆုံးမှာ အကုသိုလ်ရေစီးကြောင်း ပိတ်ဆို့ရပ်တန့်သွားပါလိမ့်မယ်။

ဒီလိုပါပဲ ကုသိုလ်ရေစီးကြောင်း စီးမြန်လာပြီဆိုရင် အစစ အရာရာ အဆင်ပြေလာတဲ့ သဘောပါ။

ကုသိုလ်ရေစီးကြောင်း ပါးပါးလေး စီးနေတုန်း အကုသိုလ်ကျောက်တုံးလေးတွေ ပစ်ချမိရင် ရေစီးရပ်တန့်သွားမှာလည်း သဘောပေါက်သင့်ပါတယ်။

ကုသိုလ်ရေစီးကြောင်း စီးအားကောင်းအောင် မြောင်းကို အမှိုက်သရိုက် မရှိအောင်၊ နွံ၊ နုန်း မရှိအောင် ဖယ်ပေးဖို့လိုသလို အကုသိုလ်မလုပ်ဖို့ ကုသိုလ်ရေစီးအား အရှိန်ရအောင် မြောင်းကို ဘောင်တင်ပေးတာဟာ ကုသိုလ်တွေ ထပ်လုပ်ပေးနေတာပါပဲ။

ဒီတော့ ခုနပြောတဲ့ ကလိမ်ကကျစ်၊ မတော်မတရား၊ စီးပွားရှာပြီး ကြီးပွားလာနေသူတွေဟာ အရင်အတိတ်က ကုသိုလ်ရေစီးကြောင်းကို ခပ်ယူသုံးစွဲနေကြတာပါ။

ဒီကြားထဲက အခုလိုအကုသိုလ်တွေ လုပ်မယ်ဆိုရင်တော့ သူတို့ရဲ့ ကုသိုလ်ရေစီးကြောင်းက မကြာပါဘူး။ အကုသိုလ်ကျောက်တုံးတွေ ပိတ်ဆို့လို့ ရပ်သွားတော့မှာပါပဲ။

ဒါကိုနားလည်ထားရင် မိမိက အခုမှ ကုသိုလ်ရေစီးကြောင်း ဖောက်ခါစဖြစ်နေတော့ ပထမပိုင်းမှာ ချောင်းမြေ၊ နုန်းရေ၊ သစ်ရွက်အမှိုက်တွေနဲ့ မကြည်လင်တဲ့ ရေသောက်သုံးနေရမှာ ဖြစ်ပေမယ့် အချိန်ကြာလာတာနဲ့အမျှ ရေကြည်သောက်ရမှာ မလွဲပါဘူး။

ဒါကြောင့် မကောင်းမှုတစ်ခုခုနဲ့ တွေ့ကြုံရလာရင် စိတ်အနှောင့်အယှက် မဖြစ်ပါနဲ့၊ ဒေါသမဖြစ်ပါနဲ့၊ မတုန်လှုပ်ပါနဲ့၊ သောကမရောက်ပါနဲ့။ ကောင်းကျိုးကိုသာ မျက်ခြည်မပြတ် လုပ်ဆောင်ပါလို့ တိုက်တွန်းပါရစေ။

အနောက်နိုင်ငံသားတွေ အမြဲပြောတတ်က ဗုဒ္ဓဘာသာ မြန်မာနိုင်ငံမှာ နေထိုင်ကြတဲ့သူတွေဟာ . . .

ကိုယ်ကျိုး မဖက်ဘူး၊
မြင့်မြတ်တဲ့ စိတ်ဓာတ်ရှိတယ်၊
သူတစ်ပါးကို ကူညီချင်တယ်၊
ကြင်နာ သနားတတ်တယ်၊
ခွင့်လွှတ်သည်းခံနိုင်တယ်၊
ပြီးတော့

ရောင့်ရဲလွယ်တဲ့အတွက် ပျော်ရွှင်ချမ်းမြေ့မှု ငြိမ်းချမ်းမှုအရှိဆုံး နေရာပါ။

ကဲ သူတို့ပြောသလို ကောင်းခဲ့တဲ့ အချိန်ကာလတစ်ခု ရှိခဲ့တာတော့ ငြင်းမရပါဘူး။

ဒါပေမယ့် အခုချိန်မှာ
တစ်ကိုယ်ကောင်းဆန်တာ၊
ကိုယ်ကျင့်သီလ ဖောက်ဖျက်တာ၊
ကြီးနိုင်ငယ်ညှဉ်းလုပ်ကြတာ၊
ဘယ်သူသေသေ ငတေမာရင် ပြီးရော စိတ်တွေရှိလာတာ၊
အတ္တဆန်ပြီး ဒေါသကြီးတာ၊
ခွင့်လွှတ်နားလည်မှု မရှိကြတာတွေ ပတ်ဝန်းကျင်မှာ တစ်နေ့ထက်တစ်နေ့ များများလာနေတယ်။

တစ်ချိန်တုန်းက မြန်မာနိုင်ငံ ဘယ်အရပ်မှာပဲဖြစ်ဖြစ် သောက်ရေအိုးစင်လေးတွေလုပ်ပြီး ရေကုသိုလ်ယူကြတာ တွေ့ဖူးကြမှာပါ။ အခုတော့ ရှားသွားပြီ။ တချို့နေရာမှာ ရှိပါသေးတယ်။

လှူတဲ့ လူက လှူထားတာတောင် သောက်တဲ့သူ တော်တော်နည်းနေပါပြီ။

ဘာဖြစ်လို့လဲလို့ စမ်းစစ်ကြည့်တော့ ရေကသန့်ရဲ့လားလည်း မသိ။ သောက်တဲ့ခွက်ကလည်း ဟိုလူသောက် ဒီလူသောက်ဆိုတော့ ရွံစရာကြီးတဲ့။

ဒါကြောင့် သောက်ရေသန့်ပဲ သောက်တော့တယ်တဲ့။

ဒီတော့ စာရေးသူ စဉ်းစားကြည့်တယ်။ တစ်ချိန်က ဒီလိုပဲ သောက်ရေအိုးစင်ကရေကို လူတကာ သောက်ခဲ့ကြတာ ဘာရောဂါမှ ဖြစ်တယ်လို့ မကြားမိဘူး။

သောက်ရေအိုးစင်က ရေကပဲ သန့်လို့လား၊ အဲဒီအချိန်က လူတွေရဲ့ ကိုယ်ကျင့်တရားကပဲ သန့်လို့လား ဘာအန္တရာယ်မှ မရှိတာ အမှန်ပဲ။

ဟော အခုတော့ သိပ်သန့်ရှင်းပါတယ်ဆိုတဲ့ သောက်ရေသန့် သောက်ပြီး ရောဂါရနေကြတာ စိတ်မသန့်ရှင်းလို့လား။

လူတိုင်းတော့ ရေသန့်ဘူးလေးတွေ ကိုယ်စီသောက်နေကြတာ။ ဒါမှမဟုတ် ရေသန့်ဘူးထဲက ရေကပဲ မိုးခါးရေ ဖြစ်နေလို့လား။

**အရှင်ဓမ္မရက္ခိတ**

❑





www.burmeseclassic.com

www.burmeseclassic.com



# သာသနာပြုရသေ့ကြီး ဦးစိ ထေရုပ္ပတ္တိ

ကျော်စောဟိန်း(နံ့သာ)

ဦးက္ကန္ဒာစက္က(ခေါ်) ဦးစိသည် မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ်၊ ရွှေကန်တိုင်စုရွာတွင် မွေးဖွားခဲ့၍ ဖခင်ဖြစ်သူမှာ သီပေါဘုရင်လက်ထက်က အမှုထမ်းဖြစ်သူ ဦးသိန်း ဖြစ်၏။ ပရိယတ္တိစာပေများကို မန္တလေးမြို့ လှျာခြံဆရာတော်ထံ၌ အသက်(၁၂)နှစ်တွင် ပညာသင်ကြားခဲ့သည်။ ရသေ့ဆံရှည်တစ်ပါးနှင့် ထိုကျောင်းတွင်အတူနေ၍ အသက် (၁၄)နှစ်တွင် ဆရာတော်က ရန်ကုန်သို့ စာပို့ခိုင်းလိုက်သည်။

ရွှေတိဂုံစေတီတော်မြတ်ကို ဝင်ဖူးရင်း အဘအောင်မင်းခေါင်နှင့် တွေ့ရ၏။ အဘအောင်မင်းခေါင်က ခရုပုတီးတစ်ကုံးပေး၍ သူ့နောက်သို့ လိုက်ခိုင်း၏။ နေရာအနှံ့လိုက်ရှာသော်လည်း ပြန်မတွေ့ရတော့ပေ။

ထို့နောက် မန့်လည်ဆရာတော်ထံ၌ (၁၅)ဝါခန့် ပရိယတ္တိစာပေကို သင်ကြားပြန်၏။ မိုးကုတ်မြို့နယ် တောင်ပွက်တောင်တန်းတွင် နိက္ခမရှုတင် (၆)နှစ်ခန့် သစ်သီးဆွမ်းစား၍ ကျင့်ဆောင်ခဲ့၏။

မိုးကုတ်မြို့တွင် ရဟန်းဝတ်မှ သိက္ခာချ၍ စာတိုက်တွင် စာပို့လုလင်လုပ်ကိုင်ရင်း သပိတ်ကျဉ်းမြို့နယ် ဇီးကုန်းရွာသူ ဒေါ်မမကြီးနှင့် အိမ်ထောင်ကျခဲ့သည်။

မိုးကုတ်မှ ကျောက်မဲသို့ ပြောင်းရန် အမိန့်စာနှစ်ကြိမ်ကျခဲ့သော်လည်း မပြောင်းခဲ့ဘဲ ကောလင်းမြို့သို့ ပြောင်းရွှေ့အမိန့်ကျမှသာ မိသားစုများ ပြောင်းရွှေ့ခဲ့သည်။

ကောလင်းနယ်တွင် စာပို့ရင်း သာသနာပြုခဲ့သည်။ ဘုရားရှိခိုးစာအုပ်၊ ဘုရားပုံတော်များကို ဖြန့်ဖြူးရောင်းချသဖြင့် နိဗ္ဗာန်ကုန်သည်ကြီး ဦးစိဟု အမည်တွင်ခဲ့၏။ ထို့နောက် စာပို့လုလင်ဘဝမှ အငြိမ်းစားယူလိုက်သည်။

မြန်မာသက္ကရာဇ်(၁၂၈၅)ခုနှစ်တွင် နေအိမ်ပြောင်း၍ ဝိပဿနာရှုရကျင့်ကြံသည်။ ရသေ့အသွင် ဝတ်၍ ကချင်ပြည်နယ် နမ္မားကျေးရွာ ခရုကျောင်းတွင် အဘအောင်မင်းခေါင်နှင့် ပြန်ဆုံ၍ ကောလင်းအနောက်ဘက်တောင်တန်းတွင် (၃)နှစ်တိုင်တိုင် ကျင့်ကြံအားထုတ်ရန် ညွှန်ကြားခဲ့သဖြင့် လွဲမောက်တောင်တွင် ဝိပဿနာကျင့်ကြံအားထုတ်ခဲ့၏။





www.burmeseclassic.com

www.burmeseclassic.com

မန်လည်ကျောင်းထွက် မင်းချမ်း ...တော်ဦးသတိမာ ကြာအင်းဆရာ ... ဦးသီရိမာတို့ကို အမှူးထား၍ ...နာပြုခဲ့၏။ ယောဂီရသေ့အသွင် ...ခြင်း နေထိုင်ကျင့်ကြံခဲ့၏။

ကောလင်းဈေး၌ ဦးစီက မျက် ... အိုးမဲတစ်ခြမ်းသုတ်၊ တစ်ခြမ်း ...ခါးလိမ်း၍ ပတ်မကြီးကို လည် ...ဆွဲကာ "ပတ်ဆော်ပြီ ကပ်ကျော် ...ပါဲ၊ လျှပ်ပေါ်လော်လည်သူတွေ ...ရှောင်လို့ မသွားရအောင်၊ ထိန်းမ ...မှ ငြိမ်းစရာအမြဲပါဗျ လူကလေးတို့ ...လေးတို့ရေ သိမ်းစို့ ခေါက်ဆွဲ နှစ် ...တတ်တွဲ" ဟူသော ပြည်တော်ဝင် ...ဘောင်တေးကို ရွတ်၍လည်းကောင်း၊ ...ပြင်ပေါ်တွင် ပိုက်ကွန်ဖြင့်ပစ်၍ ...လည်းကောင်း၊ ငါးဖမ်းကပ်သဲဖြင့် ငါး ...န်ပြု၍ "ယက်သဲ့ပေါ်တင်တဲ့ ငါး ...ကြင်ကစား အကျန်ကို ဘုရားကယ် ...မယ်" ဟူ၍လည်းကောင်း ပြုမူ ...ဆိုခဲ့၏။

"ဦးစီ ရူးပြီ"

ဟု ... များက ပြောသော ...ခါ ဦးစီက "ထူးပြီ" ဟု ပြန်ပြော၏။

ပြည်လုံးကျောက်ကြီး ဘုရား ...ပြီးသောအခါ ဦးစီက "ထူးပြီ ဖူးချီ ...ဲ့ ဘုရား၊ ကမ္ဘာကြီး ရန်ပြေလို့ ...ရယ် သံသေ၍ ဆန် ရွှေ ငွေ ဧကန် ...တော့မယ် လောကလူအများ" ဟူ၍ ...ရှင့်ခဲ့သည်။

မင်းချမ်းဆရာတော် ဦးသတိမာ ...တွင် နည်းနိဿယခံယူ၍ ဦးစီက ...သနာပြုခဲ့ရာတွင် လက္ခဏာတော် (၁၀၈)ပါး ဦးတည်မှန်း၍လည်းကောင်း၊ (၁၀၈) ကမ္ဘာ့မာတ်နဝင်း ကျေစေရန် ...လည်းကောင်း ရည်မှန်း၍ (၁၀၈)တောင် ...ည် ဘုရားကို တည်ထားရန် မူလ ...ည် လွယ်မောက်မှ သေလာပဗ္ဗတ ...မောက်တောင်ဟု အမည်ပြောင်းရန် ...ဒေပေးခဲ့၏။

မြန်မာသက္ကရာဇ် ၁၃၀၅ ခုနှစ် ...ကြိန်အကြတ်နေ့တွင် တောင်ကုန်း ကျေးရွာမှ ဦးနဲ၊ ဦးပေါ်ဦး၊ ဦးစံတင်၊ ဦးမဲကျော်၊ ဥသျှစ်ခုံကျေးရွာမှ ဦးဘ တို့နှင့်အတူ ခမောက်တောင်ဘုရား တည်ရန် နေရာကြည့်ခဲ့သည်။ (၁၃၀၆) ခုနှစ် တပေါင်းလနှင့် တန်ခူးလတွင် အောင်ကုန်းရွာ၌ ပထမဆုံး အုတ်ဖုတ်၍ ရတနာသုံးပါးပင့်ဖိတ်၍ အောင်ပွဲ ကျင်းပ၏။ အုတ်သယ်ပွဲကို (၁၃၀၇) ခုနှစ်၌ ကျင်းပခဲ့သည်။

တပေါင်းလပြည့် တနင်္ဂနွေနေ့ နံနက် ၁၁ နာရီတွင် အထက်(၃၆) တောင် ကျောက်ထီးတော်ကြီး ပန္နက် ရိုက်ခဲ့သည်။ မြန်မာသက္ကရာဇ် (၁၃၀၈) ခုနှစ် တော်သလင်းလပြည့်ကျော်(၈) ရက်နေ့တွင် ငလျှင်ခ၍ မူလစေတီငယ် သပိတ်မှောက်အထိ ပျက်စီးခဲ့၏။

ဦးရွှေလူက "အုတ်မှုတ်ခွက်မှာ အလံထူ ပြည်မကူ ရွှေလူဘုရား တည် မည်"ဆိုကာ ဘုရားတည်မည်ဟု ဆို၏။

ဦးစီကလည်း "ပြည်သူဘုရား ဖြစ်ရမယ်"ဟုဆို၏။ ဦးအောင်ကလည်း ဘုရားတည်ရန် ကြိုးစား၏။ ဦးစီသည် သာသနာပြုလုပ်ငန်းများ ပိုမိုထိရောက် စေရန် သစ္စာဝါဒီ (ဗု-ဓ-သ) ဂိုဏ်းတော်ကြီးကို တည်ထောင်ခဲ့၏။ ဂိုဏ်းတော်ကြီးသို့ ဝင်ရာတွင် သစ္စာဆိုရ၏။

"ဘုရားငွေကို စားသောက်မိပါက ဤသဲပွင့်နှင့်အမျှ မဟာအဝီစိငရဲတွင် ခံရပါစေ၊ မှန်ကန်ပါက အနိမိတ္တ ရောင်တော်ပြန်ဘုရားကို ပွင့်မိ၍ နောင်ကျွတ်တမ်းဝင်မည့် ဗိုလ်ခြေတစ်သိန်းတွင် ပါဝင်၍ ဝိဇ္ဇာလေးပါးတွင် တစ်ပါးပါး ဖြစ်ရပါစေ"

ထို့နောက် ဦးစီကလည်း . . .

"ကျွန်တော်သည် ဘုရားကြီး၏ ဒါယကာ၊ ဒါယိကာမ အပေါင်းတို့က ဗုဒ္ဓကိစ္စ၊ သံဃာကိစ္စတို့နှင့် ဘုရားရှင်တို့၏ သာသနာတော်မြတ်ကြီး ပွင့်လင်းရန် နဝကမ္မဝေယျာဝစ္စအတွက် လှူဒါန်းထားကြသောဝတ္ထုများကိုလည်းကောင်း၊ ကျွန်တော်ကိုယ်တိုင်သို့ လှူကြသော ဝတ္ထုများကိုလည်းကောင်း၊ ကျွန်တော့် ထံသို့ ရောက်ရှိခဲ့သည်ရှိသော် လောက စည်းစိမ်ကိုဖက်၍ သုံးစွဲစားသောက်ခဲ့ ပါလျှင် ဝရဇိန်စက်စောင်းနှင့် ကျွန်ုပ် ခေါင်းပြတ်ပါစေ" ဟု သစ္စာဆို၏။

"ဆုတောင်းရာတွင် ဤသစ္စာ တော်အတိုင်း မှန်ပါက ရွှေးထွက်ရပ် လမ်းသို့ ကြွမြန်းတော်မူကြသော ဆရာ ကြီးများကဲ့သို့ တပည့်အပေါင်း(၁၆၀၀၀) တို့နှင့်တကွ ဆင်းရဲသား၊ ဆင်းရဲသမီး တို့၏ ကောင်းသော လိုအင်ဆန္ဒကို တစ်လုံးတစ်ဝတည်း ဖြည့်စွမ်းနိုင်ပြီ ဘုရားသာသနာတော်ကြီးကို မြှင့်တင် ရန် ဝိဇ္ဇာမယကိစ္စပြီးစီး (၁၀)ပါးသော သိဒ္ဓိကြီးတို့ကို အစိုးရ၍ ထွက်ရပ်သို့ ရှင်ထွက်ပေါက်ပြီး ပကတိ သာဝက အဖြစ်နှင့် နိဗ္ဗာန်ကူးမြောက်နိုင်ပါစေ သောဝ်" ဟု ဆုတောင်းခဲ့၏။

ဂေါပကအဖွဲ့ဝင်လူကြီးများနှင့် အလှူခံအဖွဲ့ကိုလည်း သစ္စာဆိုစေ၏။ တစ်ခါက ဂေါပကအဖွဲ့ဝင်တစ်ဦး၏ သစ္စာဖောက်မှုကို ဦးစီက သိ၍ ဝန်ခံခိုင်းသော်လည်း သူ မဟုတ်ကြောင်း ငြင်း၍ ထွက်သွား၏။ ဦးစီက "ဒီကောင် ပြန်မလာနိုင်တော့ဘူး၊ မကြာခင် ကြားရလိမ့်မယ်" ဟု ဆိုလေ၏။ (၃)ရက်ခန့် ကြာသောအခါ ထိုဂေါပကလူကြီး သေဆုံးပြီဖြစ်ကြောင်း ကြားသိရတယ်။

## ငါးမည်ရတောင်တော်

ကောလင်းမြို့၏ အနောက်ဘက် လေးမိုင်အကွာ၌ တည်ရှိသော တောင်တော်ကို ခမောက်ပုံသဏ္ဌာန်ရှိသောကြောင့် ခမောက်တောင် လွှဲ မောက်(လွယ်မောက်)ရွာ အနီးတွင် တည်ရှိ၍ ရွာကို အစွဲပြုကာ လွယ်မောက်တောင် တောင်အထက်ပိုင်းကို နဂါးရုပ်တုကြီး (၄)ခု ထုလုပ်ရစ်ပတ် ထားသောကြောင့် နဂါးရစ်တောင် အဝေးမှကြည့်လျှင် စိမ်းညို့ညို့ မှိုင်းပျပျ နေသောကြောင့် မြစိမ်းတောင်။

သာသနာပြု သူတော်စင်ရသေ့ ကြီး ဦးစီ ထိုတောင်ထိပ်၌ ဘုရားတည်



www.burmeseclassic.com

www.burmeseclassic.com

ခြင်း၊ ကျောင်းကန် ဇရပ် စသော သာသနာအဆောက်အအုံများ ပြုပြင်တည်ဆောက်ခဲ့ခြင်းများကြောင့် ဦးစီတောင်ဟုလည်းကောင်း၊ အမည်ငါးမျိုး ခေါ်ဝေါ်ပြုကြ၏။

မန်မာသက္ကရာဇ် (၁၃၀၇) ခုနှစ်တွင် တောင်ပေါ်ရသေ့ကြီး ဘိုးတော်ဦးစီကြီးမှူး၍ ကျောင်းကန်ဇရပ် ဘုရားစေတီများ တည်ထားကိုးကွယ်မှု အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် လွယ်မောက်တောင်တော်၏ ပထမအကြိမ်မြောက် ဗုဒ္ဓပူဇနိယ ဘုရားပွဲတော်ကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပေသည်။

လွယ်မောက် ဟူသော စကားလုံးမှာ ရှမ်းတိုင်းရင်းဘာသာစကားဖြစ်ပြီး မြန်မာဘာသာစကားဖြင့် ပန်းစုံပေါ်သည့် တောင်တော်ဟု အဓိပ္ပာယ်ရရှိပါသည်။ မြေပြင်မှ တောင်ထိပ်ထိ (၆၀၃) ပေ အမြင့်ရှိပါသည်။

လွယ်မောက် တောင်ထိပ်တွင် ဉာဏ်တော်(၉)တောင်ရှိ စေတီပောင်းကိုငုံပြီး (၁၃၀၇) ခုနှစ်ကစ၍ ကျောက်ထီးစေတီတော်ကို တည်ထားကိုးကွယ်ခဲ့ပါသည်။

ဘုရားတည်စဉ်က တောင်ပေါ်၌ စတင်နေရာရှင်းလင်းစဉ်က အင်ပင်ကညင်ပင်ကြီးများမှာ အချို့ လူနှစ်ယောက်စာမျှ ကြီးမားခြင်းရှိသည်ဆို၏။ ရသေ့ကြီးဦးစီ ဘုရားတည်ရာ၌ ရှမ်းတိုင်းရင်းသားများ၏ အကူအညီများ များစွာရရှိခဲ့သည်ဟု သိရ၏။

အရှင်ကန္တာစက္က (ခေါ်) ထီးတော်အောင် ရသေ့ကြီးဘိုးတော်ဦးစီက ဤကမ္ဘာ့ရန်ပြေ မာန်ပြေ(ခေါ်) ကျောင်းလုံးကျောက်ထီးစေတီတော်ကို တည်ရခြင်း အကြောင်းရင်းမှာ ဝေနေယျ သတ္တဝါအပေါင်းတို့ ဘေးဂန်ဒုက္ခ ခပ်သိမ်း ကင်းငြိမ်း ချမ်းသာကြရန်၊ ကပ်ကြီးသုံးပါးကို ကျော်နင်းနိုင်ကြစေရန် ရည်စူး၍ အဓိဋ္ဌာန်ပြု တည်ထားခဲ့ခြင်း ဖြစ်လေသည်။

ရသေ့ကြီး ဘိုးတော်ဦးစီသည် သာသနာရေးဦးတည်ချက်နှင့် အဓိဋ္ဌာန်ချက်များ ရှိနေခဲ့သည့် တောင်ငွေးချိန်နှင့် မြောက်ငွေးချိုကြားတွင် ဘုရားတည်ရမည်ဟု အဘဘိုးမင်းခေါင်က အဆိုရှိခဲ့၏။

ဘိုးတော်စီက ငွေးချိုရွာ နှစ်ရွာကြားက လွယ်မောက်တောင်တွင် ရောင်ခြည်တော်လွှတ်သည့် ဉာဏ်တော် တစ်တောင်ခန့် ကျောက်ဆင်းတုငုတ်တိုကို တွေ့ရှိခဲ့သည်။ ကိုးတောင်ပြည့်စေတီနှင့် ကျောက်ဆင်းတုကို ဆရာဦးရွှေလူနှင့် ပန်းတင်ရွာသား ဦချိတို့နှစ်ဦး တည်ထားခဲ့သည်။ သူတို့ကား မရှိတော့ပြီ။

ထို့ကြောင့် ရသေ့ကြီးဘိုးတော်စီက ထိုဘုရားငုတ်တိုနေရာတွင် ဘုရားထပ်မံတည်ရန် ဦးချိ၏ သားသမီးများထံ တောင်းခံခဲ့၏။ ဘုရားကိုငုံ၍ တည်ရမည်ဟု ဆိုကြ၏။ နတ်ရှင်တောင် ဆရာကြီး ဗန်းမော်အောင်နှင့်လည်း တိုင်ပင်ခဲ့၏။ ဘိုးတော်စီက လွယ်မောက်တောင်၌ ဘုရားတည်ရန် ကောလင်းရိုးတွင် တရားဝင် လျှောက်ထားခဲ့သည်။ ရသေ့ကြီးဘိုးတော်စီ၏ ဆရာများတွင် မင်းကြမ်းဆရာတော်၊ မန်လည်ဆရာတော်တို့လည်း ပါဝင်ကြ၏။ လွယ်မောက်တောင်သည် ဘိုးတော်စစ်ကဲ၏ တောင် ဖြစ်၏။

နတ်ရှင်တောင်တော်ကို ဘိုးတော်၊ အစ်မတော်တို့နှင့်လည်း ဆက်နွယ်နေခဲ့၏။ ဘိုးတော်စစ်ကဲဂူလည်း ရှိ၏။ ဘိုးတော်စစ်ကဲသည် (၁၉၉၁)ခုနှစ်က ပြန်ရောက်လာကြောင်း ယုံကြည်နေကြ၏။ ရသေ့ကြီး ဘိုးတော်စီသည် ဒဂုံ ဥက္ကလာပ သာသနာကို အညာသို့ ဆန်လာစေခဲ့သည်။

တစ်ရှော့ရှစ်တောင်စက်လက္ခဏာ အတိတ်တဘောင်နှင့် နိမိတ်ဆောင်ကာ တစ်ရှော့ရှစ်တောင် ဘုရားတည်ထားရန် ခေတ်ကာလ အချိန်မရသဖြင့် မူလ ခမောက်တောင်၏ ပုံသဏ္ဌာန်မှာ စေတီဘုရားနှင့် အလားဆင်သဖြင့် ခမောက်တောင်ကို တစ်ရှော့ရှစ်တောင်ဘုရား၊ အမှတ်အသားပြု၍ ထီးတော်တင်ရန် ဓာတ်နဝင်းအခြေခံကာ ထီးတော်အား ဘုရားတည်မှသာ နဝင်းဓာတ် အတိတ်တဘောင်အရ သတ္တဝါအများ ကပ်သုံးပါးမှ လွတ်မြောက်မည်အမှန် ဖြစ်သည်။

စေတီတော်နှင့် တောင်တော်ကို ဂဠုန်ကြီးလေးကောင် နဂါးကြီးလေးကောင် စောင့်သည့်ဟန် ရုပ်တုကြီးများ ထုလုပ်ထား၏။ (ပု. ဒိ. အာ) ဗု-ခ-သံ-ဝါဒအရ ရဟန္တာ အရိယာ ဝိဇ္ဇာမဟိဒ္ဓိ ဂိုဏ်းတော်ကြီး၏ ထုံးမိန့်ဘုရားရှင်၏ ဗျာဒိတ်ဘုရားရှင်၏ဓာတ်တော်၊ ရဟန္တာဓာတ်တော် အစစ်များစွာပါဝင်သည့် အပြင် ငွေသားအစစ်ထီးတော်၊ ငွေသားအစစ် ငှက်မြတ်နားတော်၊ ဘိုးတော်ဆရာကြီး(ခေါ်) ဝရဇိန်ရောင်လျှံတော် ပလ္လင်တော်က ရွှေသား၊ ငွေသား နဝရတ်ကိုးပါး ပတ္တမြားအစစ် များစွာပါသည်ဟု စာအဆိုရှိ၏။

## စည်ကားသ သာ
## လွယ်မောက်တောင်ဘုရားပွဲတော်

စတင် တည်ဆောက်ခဲ့စဉ်က ဘုရားဖူးလာသူတို့ တည်းခိုနားနေ အပန်းဖြေနိုင်ရန် ဇရပ်(၆)ဆောင် တည်ဆောက်ထား၏။ တောင်တော် အတက်လှေကားတွင် စောင်းတန်းများ တည်ဆောက်ပြီးစီးခဲ့ပြီး ဖြစ်သည်။ ဘုရားပွဲတော်ရာသီ၌ (၅)ရက်ကျင်းပမြဲ ဖြစ်၏။ ပွဲလမ်းသဘင်ဈေးဆိုင်ကနား စုံလင်စွာဖြင့် အကြီးအကျယ် ခမ်းနား စည်ကားသိုက်မြိုက်စွာ ကျင်းပမြဲဖြစ်၏။

၁၃၇၄ ခုနှစ်တွင် စုပေါင်းမဟာဘုံကထိန်ပွဲတော်ကို (၂၅)ကြိမ်မြောက်ရှိပြီး တန်ဆောင်မုန်းလပြည့်နေ့ နံနက်တိုင်း အာဟာရဒါန ဖြစ်သည်။ နိဗ္ဗာန်ဈေးပွဲတော်ကို (၉)ကြိမ်မြောက်အထိ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။ လွယ်မောက်တောင်ခြေရှိ ရွာကို ခမောက်တောင်


www.burmeseclassic.com

www.burmeseclassic.com

…ရှာဟု အမည်ပေးထားပြီး စတည် …တ အိမ်ခြေတစ်ရာမျှသာရှိခဲ့ရာ ယခု …ါ အိမ်ခြေ(၁၈၀)ကျော်ခန့် ရှိနေပြီ …ပါသည်။

ထူးခြားချက်မှာ ပွဲတော်ရက်များ …တွင်း လေထန် မိုးထန်မှု ဖြစ်ခဲ့လေ့၏။ …တော်ဇာတ်ခုံကို တောင်၏ အရှေ့ …တ် နှစ်မိုင်ကျော်ရှိ နတ်ရှင်တောင် …နားမှ ဆောက်လုပ်ရ၏။ နှစ်တိုင်း …င် ခမောက်တောင်လယ်ကြားလမ်း …တ်မှ အဝင်ဖြစ်သည်။ ခြသေ့်ကြီး …တောင်၏ မြောက်ဘက်တွင် ဇာတ်ခုံ …င်း ပွဲခင်းကြီးများကို တွေ့မြင်ရ၏။ …တ်စင်ကို ပျဉ်များ၊ သွပ်ပြားများဖြင့် …ခန်းပတ်လည် ခိုင်မာစွာ တည် …ာက်ထား၏။

ပွဲတော်ရက်အတွင်း အထက် …ညာခလေ့ထုံးစံအတိုင်း လှည်းတန်း …ကြီးများသည် ဖုန်များ တထောင်း …ောင်းထအောင် သွားလာကြ၏။ အိမ် …မွေးထားသော ခွေးများပင် ပါလာ …တ်ကြသေး၏။ ပွဲတော်သို့ လာရောက် …သမျှ ယာဉ်အပေါင်းကို တောင်ခြေ …ငယ် တစုတဝေး ရပ်နားထားရှိ …ရ၏။

တောင်ပေါ်သို့ ကားငယ်များ …င် တက်လိုလျှင် စောင်းတန်းမြောက် …တ်ရှိ မြစိမ်းတောင် အထက်လမ်းမှ …တ်ရပြီး လက်ညှိုးညွှန် ဗျာဒိတ်ပေး …ရားအထိ တစ်မျိုး၊ မြောက်ဘက် …စ်ထုတ်ရေးလမ်းမှ အထက်သို့ တက် …ရပြီး မြစိမ်းတောင်မင်းကြီးဘုရား …ာတ်ကျောဘက်ဆီမှသည် ဗျာဒိတ် …ဘုရားဘက်သို့ စီးနင်းကြရသည်။

လမ်းအသွယ်သွယ် ဖောက်လုပ် …ားပေသည်။ အခြားဘက်မှ ခြေကျင် …တ်လိုက ဖြူဖွေးသော ကုန်းမို့မို့ …လေး ဖြစ်သည့် အနောက်ဘက် …ောင်စောင်း သနပ်ခါးဘက်ဆီမှလည်း …တ်နိုင်သေးသည်။ ကောလင်းနယ် …စ်ဝိုက်တွင် ကျော်ကြားလှသော …နပ်ခါးတွင်း ဖြစ်ပေ၏။ ယင်းနယ် တွင်းမှ ထွက်သမျှ သနပ်ခါးမှုန့်များကို အချို့က လိမ်းကြ၏။ အချို့က စီးပွား ဖြစ် ရောင်းချကြသည်။

**ကုသိုလ်ကောင်းမှု အဖုံဖုံ**

မြို့ခိုးရစ်မှောင် နဂါးရစ်တောင် (ဝါ)လွယ်မောက်တောင်တွင် ရသေ့ကြီး ဘိုးတော်စီ အမိန့်ဖြင့် တည်ထားခဲ့ပြီး သော စေတီတော်များမှာ တောင်ထိပ် တွင် ကမ္ဘာ့ရန်ပြေမာန်ပြေစေတီ (ဝါ) ပြည်လုံးကျောက်ထီးဘုရား၊ တောင် အလယ်ခန့်တွင် ဗျာဒိတ်ပေးရပ်တော်မူ ရုပ်ပွားတော်ဘုရားကြီး၊ တောင်တစ်ပိုက် ဝန်းကျင်တွင်ကား စန္ဒမုနိ၊ မာတ်ပေါင်း စု၊ စူဠာမုနိပြည်တော်ဝင် မင်းတက် ကျောက်ဖျာ၊ မင်းကြို၊ ဘုန်းတော်တိုး၊ ဘုန်းတော်ပွင့်၊ ဗျာဒိတ်ခံ၊ ရွှေကျီးနား စသည်ဖြင့် စေတီရုပ်ပွား စုစုပေါင်း (၁၃)ဆူတည်ထားကိုးကွယ်ပြီး ဖြစ်၏။

နောက် ထပ်မံတိုးလာသည့် ဘုရားစေတီတို့နှင့် သာသနိကဆိုင်ရာ အဆောက်အအုံတို့ အချို့လည်း မြန် လည်တည်ဆောက်ရန် ရှိနေပါသည်။

**ရသေ့ကြီးဘိုးတော်စီရေးသား ထုတ်ဝေခဲ့သော စာအုပ်များ**

၁။ သမထ ဝိပဿနာကျင့်စဉ် လက်စွဲ
၂။ သမထ (၄၀) ကျင့်စဉ်လက်စွဲ
၃။ ဒိဋ္ဌိမဟာနကျင့်စဉ်လက်စွဲ
၄။ ဘိုးတော်သိကြားမင်း၏ သတိ ပေးလက်စွဲ
၅။ ခန္ဓာအာယတနဓာတ်သစ္စာ
၆။ မဂ္ဂင်ရှစ်ပါး ဒေသနာ
၇။ ပဋ္ဌာန်းအဘိဓမ္မာအလင်းပြ
၈။ လွယ်မောက်တောင် သမိုင်း ဖြစ်စဉ်တော်
၉။ ဒသမထပ်မံသတိပေးနှိုးဆော် ချက်
၁၀။ လောကီသိပ္ပ ဝိဇ္ဇာ အလင်းပြ
၁၁။ မင်္ဂလာနိယာမ ဩဝါဒ ဓမ္မ မဏ္ဍိုင်
၁၂။ ဓမ္မစကြာနှင့် ပရိတ်တရားတော် ပြန့်ပွားရေးဝတ်ရွတ်စဉ် (အရိ ယာ ဝိဇ္ဇာသစ္စာ မဏ္ဍိုင် နိဗ္ဗာန် ပေါက် ပထမ ကိုးနဝင်း ဝိဇ္ဇာ ဓမ္မနိယာမ ဩဝါဒ သဘာဝ လမ်းစဉ်

**ရသေ့ကြီးဘိုးတော်စီ၏ နောက်ဆုံးခရီး**

သာသနာပြု ပုဂ္ဂိုလ်ရသေ့ကြီး ဘိုးတော်စီသည် လွယ်မောက်တောင် တော်ကို သာသနာပြုရင်း (၁၃၂၁)ခုနှစ် သီတင်းကျွတ်လဆန်း (၁၂)ရက်နေ့တွင် ကွယ်လွန်တော်မူခဲ့ပါသည်။ အများ ပြည်သူတို့က ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ဟု ယုံကြည်ကြလျက် ရှိပါသည်။

**ကိုးကား**

၁။ ၂၀၁၃ခုနှစ်၊ မတ်လထုတ် သူရဿ မဂ္ဂဇင်းမှ အေးလွင် (ကသာ)ရေးသည့် ကောလင်းမြို့ ကျက်သရေဆောင် ခမောက်တောင်သို့ ဘုရားဖူးခရီး ဆောင်းပါး

၂။ ၂၀၁၃ ခုနှစ်၊ မတ်လနှင့် ဧပြီလ ထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ မိုနောင် (ကောလင်း)၏ အရှင်ဣန္ဒာ စက္က (ဝါ) ပု-ဓ-သံ-ဝါဒ ရသေ့ကြီး ဘိုးတော်စီ၏ ကပ်ကြီး(၃)ပါးကျော်နင်း နိုင်ရန် အမိန့်ဖြင့် ကောလင်း လွယ် မောက်တောင်စေတီတော်(၁)

သတ္တဝါမှန်သမျှ ဘေးမဲ့ အေး မြ ရွှင်လန်းပါစေ။

**ကျော်ဇေယျဟိန်း(နံ့သာ)**


❑





www.burmeseclassic.com

www.burmeseclassic.com



ဘဝရှင် မင်းတုန်းမင်းတရားကြီး၏ သာသနာတော်ဆိုင်ရာ အမိန့်တော်ပြန်တမ်း ဖတ်ရှုမိသောအခါ သူတော်မဟုတ် ယုတ်မာသော အကျင့်ရှိသော အလဇ္ဇီပုဂ္ဂိုလ်တို့ကား ပညာဒုဗ္ဗလအသိဉာဏ်နည်းလှသော သူတို့ကိုသာရှာ၍ ပေါင်းကြသည်။

ပညာဒုဗ္ဗလ အသိဉာဏ် နည်းလှစွာသော သူတို့ကလည်း အလဇ္ဇီပုဂ္ဂိုလ်တို့ကိုသာ ချီးမြှောက်ထောက်ပံ့ပြုကြကုန်သည်။

မောင်မင်းတို့သည် သာသနာတော်မြတ်ကို ဖျက်ဆီးကုန်သော အလဇ္ဇီပုဂ္ဂိုလ်တို့အား ချီးမြှောက်ထောက်ပံ့ခြင်း မပြုကြကုန်လင့်၊ အဝီစိငရဲကြီးသို့ ကျဆင်းရမည်ကို ကြောက်ကြကုန်ဟု သဒ္ဒါလွဲမှားနေတဲ့အတွက် ပညာဉာဏ်ကပ်ကြရန် ဖော်ပြထားသည်ကို ဆင်ခြင်သုံးသပ်ရင်း အဘိဓမ္မာ သင်ခဲ့စဉ်က ကံမြောက်ကြောင်း အင်္ဂါလေးပါးကို စိတ်ရောက်သွားသည်။

အမှုတစ်ခုခုကို လုပ်တဲ့နေရာမှာ ကိုယ်တိုင်လုပ်သည်ဖြစ်စေ၊ တိုက်တွန်းလိုက်ရင်ဖြစ်စေ၊ ချီးမွမ်းလိုက်သည်ဖြစ်စေ၊ စိတ်တူလိုက်ရင်ဖြစ်စေ၊ ကံမြောက်ကြောင်း အတူတကွ ဖြစ်သွားသည် (ကိုယ်တိုင်၊ တိုက်တွန်း၊ ချီးမွမ်း၊ စိတ်တူ၊ ရှုံးမြတ်ခွဲဝေယူ) အပြစ်ကင်းပြီး ကောင်းကျိုးဆောင်တဲ့ ကုသိုလ်လုပ်ငန်းပဲဖြစ်ဖြစ် အပြစ်မကင်းလို့ မကောင်းကျိုးဆောင်တဲ့ အကုသိုလ်လုပ်ငန်းပဲဖြစ်ဖြစ်၊ ဝေပုံကျ ခွဲတမ်းကတော့ ရှုံး၊ မြတ် အတူတူပဲဖြစ်သည်။

စေတနာကို ကံလို့ သတ်မှတ်ထားတော့ ကိုယ်ရည်ရွယ်တဲ့ အလှူနဲ့ ပတ်သက်၍ လောဘစေတနာ မဖြစ်ဖို့ ဒေါသစေတနာ မဖြစ်ဖို့လောတ်သ[illegible] အဓိကထားတတ်ကြပြီး အမှားအမှန်[illegible] မခွဲခြားတတ်တဲ့ မောဟစေတနာတွေ[illegible] အမှတ်တမဲ့ လှူနေကြတာကို အ[illegible] သတိထားစေချင်ပုံရတဲ့ သာသနာ [illegible] ရှင်းစေလိုစိတ်ကို ကြည်ညိုမိပြန်သ[illegible]

သာသနာ ပြုကြမယ်တော့ [illegible] လျှင် အလှူခံကြတာပေါ့ကွာလို့ အ[illegible] တမဲ့ လောကသားတွေရဲ့ ကံခွဲတ[illegible] မိမိလည်း အစက မသိလို့ ပါခဲ့မိသ[illegible]

ကျေးဇူးရှင်လယ်တီဆရာ[illegible] ဘုရားကြီး၏ ဒီပနီကျမ်းများစွာကို [illegible] လာ ကျင့်ဆောင်ခဲ့ချိန်ကစလို့ [illegible] သတိထားခဲ့ရသလို အတုကို အ[illegible] ရင် အတုကိုပဲ ကိုးကွယ်ရလိမ့်[illegible] အတုကို အားပေးရင် အဆိပ်ဝင်[illegible] လောင်းသလိုဖြစ်တာမို့ အစစ်[illegible] ကွပ်ရာ ရောက်တယ်လို့ မဟာ[illegible]



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးက သာသနာအရှည်ခံရေးအတွက် ဆုံးမသတိပေးခဲ့တာတွေလည်းပါသည်။

သာသနာတော်ရဲ့ အသက်ဟာ ဝိနည်းလို့ မိန့်တော်မူခဲ့သလို သာသနာအရှည်ခံ၍ တည်တံ့စေချင်သူတိုင်း ဝိနည်းတရားကို သင်ကြား သိမြင်ဖို့ မထေရ်မြတ်တို့ လမ်းညွှန်နေကြသည်။

- လူပုဂ္ဂိုလ်များဆိုင်ရာ အဘိဓမ္မာ၊ ဓမ္မဗျူဟာသင်တန်းတွေ နေရာအနှံ့ဖွင့်လှစ်သင်ကြားပို့ချနေကြသည်။ မသိလျှင်မေး၊ မစင်လျှင်ဆေး ဆိုသလို မသိလျှင် သိအောင်လုပ်မှ မစင်ကြယ်တဲ့ မိမိစိတ်မှာထင်နေတဲ့ မောဟစေတနာဆိုးကို အမြင်ရှင်းစေနိုင်လိမ့်မည်။

သိသောသူမှာ တာဝန်ရှိသည် ဆိုထား၍ အများမကြိုက်ရင်နေပါစေ တရားနဲ့လည်းကိုက် ဘုရားကြိုက်တဲ့ အမှန်စကားကို ရေးပြောရဲရမည်။

မြတ်ဗုဒ္ဓသည် သတ္တဝါတို့၏ အကျိုးကို လိုလားတော်မူသည့်အတိုင်း တပည့်သာဝကတို့အား ဗုဒ္ဓတရားတော်များကို လှည့်လည် ဖြန့်ဖြူးဖို့ ဩဝါဒလမ်းညွှန်ချက်ပေးစဉ်က လူအားလုံးတို့၏ အကျိုးငှာ၊ လူအားလုံးတို့၏ စီးပွားအလို့ငှာ လှည့်လည်ကြလော့ဟု မြော်ဘဲ လူများစွာတို့၏ အကျိုးငှာ၊ လူများစွာတို့၏ ချမ်းသာမှုကို အလို့ငှာ ဆွမ်းဆောင်ကြလော့ဟု မိန့်တော်မူခဲ့သည်ကို သတိပြုမိသည်။

လူများစွာတို့၏ အကျိုး၊ လူများစွာတို့၏ ချမ်းသာမှုသည် ရံဖန်ရံခါ လူတစ်စုတို့၏ အကျိုးနှင့် ဆန့်ကျင်ဘက်ဖြစ်သည်ဟုဗုဒ္ဓသိမြင်တော်မူလေသည်။

လူ့လောကသည် တူညီမှုမရှိသော မောဟစေတနာများအရ ကွဲပြား၍နေသည်ကို သတိချပ်ရမည်။ အလှူခံပြီး သာသနာပြုချင်သူ အကျိုးဆောင်အမည်ခံ ဥပသကာ နိဗ္ဗာန်ဆော်တွေ နေရာတိုင်းလိုလို တွေ့မြင်နိုင်သည်။

မြတ်ဗုဒ္ဓ သာသနာတော်၏ အရှိန်အဝါနဲ့ သာသနာအလံလေးချိတ်ပြီး ဝိနည်းအလိုဘေားချိတ်ကာ ထေရဝါဒသာသနာကိုယ်စားပြု ဟောပြောအလှူခံလာပုံက ဗုဒ္ဓမပွင့်မီ အလှူခံစားတဲ့ ပုဏ္ဏားတွေခေတ်ကို ပြန်ရောက်သလို သံဝေဂကြီးစွာ ဖြစ်မိသည်။

သံဃာတစ်ပါးလျှင် အလှူငွေ ၅၀ ကျပ်နှင့် သံဃာဘယ်နှပါးစာ လှူချင်ပါသလဲ၊ မွေးနေ့အလှူ၊ သက်စေ့ယကြာအလှူ လှူနိုင်အောင် အကျိုးဆောင်ပေးပါတယ်။ ခုကာလ ကုန်ဈေးနှုန်းနဲ့ ငွေ ၅၀ ကျပ်နှင့် ဆွမ်းကတစ်မျိုး၊ ဆွမ်းဟင်းက နှစ်မျိုးနဲ့ သံဃာတစ်ပါးစာကို သပိတ်အပြည့်လောင်းလှူပေးပါတယ်၊ သံဃာ (၅)ပါးစာ ဆွမ်းတစ်ဝိုင်းကို ၂၅၀ကျပ်ပဲ ကျပါတယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော်လာ လာဘ်များအောင်ဖန်ဆိုသည့် သာသနာကွယ်ကြောင်းတရားများနှင့်အညီ တစ်နှစ်ပတ်လုံး အလှူခံနေကြပုံမြင်ကွင်းများမှာ အမှားကြာလို့ အမှန်ထင်နေကြပြန်သည်။

ဗုဒ္ဓဘာသာမှန်လျှင် စားဝတ်နေရေးအတွက် သက်ထိန်း မဂ္ဂင်သမ္မာအာဇီဝ အလုပ်တစ်ခုကို လက်ကြောတင်းအောင် လုပ်စားရမည် ဆိုသော်လည်း ထဘီဝတ်လူအန္ဓတွေရဲ့ အကြိုက်အချောင်လိုက် နှိုးဆော်ကာ ဟန်ပြလုပ်တဲ့ အလှူအပေါ်မှီခို စားနေသည်။

လောကစည်းကမ်း၊ ဓမ္မစည်းကမ်းများကို လျစ်လျူရှုကာ ဗိုက်ဖောင်းဖို့ ငွေရလျှင် ပြီးစတမ်း တိုက်တွန်းနှိုးဆော်ချက်တွေက ပါးစပ်ရဲလာသလို၊ အရှက်နည်းလက်ရဲ ခွက်ထိုးခံလာနေကြသည်။ မြတ်ဗုဒ္ဓ၏ တရားတော်များကို ဗိုက်စည်းစိမ် ရှာဖွေရေးအတွက် တံတားခင်းပြီး လျှောက်နိုင်ရန် နှိုးဆော်နေ[ ]ပြန်သည်။

သူတို့ရဲ့ အနေအစားချောင်လို့ မြှောက်ပေး၊ မြှောက်ပြောတွေက စွန့်လွှတ်ဖို့ထက် ရယူသိမ်းပိုက်ဖို့ ဒါနနဲ့ ကာမ လဲလှယ်ခိုင်းကြကုန်ပြီ။

အချောင်လမ်းစဉ်ကြိုက် ဆန္ဒတွေကို အောင့်အည်း မထားနိုင်ကြဘဲ မျက်စိကုတဲ့ဆရာက အကန်းကြီး‌ပေါ့ နှုတ်မြွက်ထုတ်ဖော် ဆုပေးလိုက်ပုံက "မရသေးသော ရာထူး၊ ဂုဏ်သိန် စည်းစိမ်ဥစ္စာတို့ကို ရရှိခြင်း၊ ရရှိပြီးသား ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတို့သည်လည်း အကျိတ်အခဲ အမြဲတည်တံ့ခြင်း" ဆိုတာမျိုးတွေနှင့် ချောက်ထဲကို တွန်းချမှန်းမသိ ပခုံးဖက်ပြီး ခုန်ချလိုက်ကြပါတော့သည်။

လယ်တီဆရာတော်ကြီး(ဥတ္တမပုရိသဒီပနီမှာ)ပြောသလို ဒီလိုနဲ့ပဲ သာသနာတွင်း ကုသိုလ်တွေ ကြောင်ခြစ်သလို ပွန်းပဲ့ရှုပ်ထွေး မှေးမှိန်သွားတယ်လို့ ဆိုရမှာ ဖြစ်သည်။

ရရှိပြီးသား စည်းစိမ်ဥစ္စာများ အကျိတ်အခဲ အမြဲတည်ရှိခြင်း ဆိုတဲ့ သူတို့ဆုပေး ဆုတောင်းကြီးက အမှတ်တမဲ့ ကြားနေကျမို့လို့ ဘာမှ မဟုတ်နိုင်ဘူး ထင်ကြနေကြပေမယ့် သေသေချာချာ ဆင်ခြင် စဉ်းစားကြည့်စေချင်သည်။

မင်္ဂဖိုလ်ရဲ့ ကြောက်ခမန်းလိလိ အန္တရာယ်ကြီး ဖြစ်နေတာကို အံ့ဩတုန်လှုပ် သံဝေဂ ပွားများရလောက်အောင် သိသာထင်ရှားလှသည်။ မြတ်ဗုဒ္ဓရဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တလမ်းစဉ်ကို ဘုရားရှင်ကို အမှန်တကယ် ကြည်ညိုစိတ်မြင်ပြီးသူတိုင်း အလွယ်တကူသိနိုင်သည်။ အနိစ္စ-အမြဲမရှိ၊ ဒုက္ခ-ဆင်းရဲခြင်း၊ အနတ္တ-အစိုးမရ ကိုယ်စိုးကိုယ်ပိုင်မရှိခြင်း ဆိုတာလောက်တော့ လူတိုင်းသဘောပေါက်ထားသည်။

မြတ်ဗုဒ္ဓက "အင်မတန် သေးငယ်တဲ့ မြူမှုန်လေးလောက်ပင်ဖြစ်စေ၊ နိစ္စထာဝရမြဲတဲ့ အရာဆိုတာကို တွေ့လို့ရှိရင် မြတ်သောအကျင့်ဆိုတဲ့ မဂ္ဂင်ရှစ်ပါးအကျင့်ကို ကျင့်ဆောင်ရန်မလိုဘူး"လို့ နခသိခါသုတ္တန်မှာ ဟောတော်မူခဲ့ပါသည်။

မှန်ပါသည်။ သူတို့အတွက်တော့ "မဂ္ဂင်ရှစ်ပါး သိစရာမလိုဘူး၊ ငွေရအောင် အလှူခံတတ်ဖို့ အရေးကြီးတယ်လို့" အော်လံကြီးနဲ့ အလှူခံဟောပြော



www.burmeseclassic.com

www.burmeseclassic.com


နေကြတာဆိုတော့ အကြိတ်အခဲ အမြဲတည်တံ့ခြင်း ဆိုတဲ့ ဆုတွေ ပေးရဲကာ မဆန်းကြယ်ပါဘူး။

သာသနာတော်ကြီးနဲ့ ကြုံကြိုက်တုန်းမှာ အခြေခံအကျဆုံး သာသနာတွင်း ကုသိုလ်ဆိုတာ အနိစ္စ၊ ဒုက္ခ၊ အနတ္တ ဆိုသည့် သင်္ခါရတရားတို့ရဲ့ မမြဲတဲ့သဘောလက္ခဏာ အမှန်တွေကို သိမြင်တဲ့ ယထာဘူတဉာဏ် ခေါ် ဝိပဿနာကုသိုလ်ကြီးကို လက်ဝယ်ပိုင်ပိုင် ရရှိဖို့ဖြစ်သည်။

ဒီလို ဉာဏ်လမ်းစဉ်ပေါ်က ဝိပဿနာကုသိုလ် ရင့်ကျက်ပြည့်စုံမှ မဂ်ဖိုလ်နိဗ္ဗာန်ဆိုတဲ့ ပန်းတိုင်ကို မျက်မှောက်ပြုနိုင်သည်။ ဒါမှသာ မိမိတို့ရဲ့ မနုဿတ္တဒုလ္လဘ ဘဝကို ကံရဲ့ လက်ထဲမှ ဆွဲထုတ်ပြီး ဉာဏ်ရဲ့လက်ထဲ အပ်နိုင်မှာ ဖြစ်သည်။

သာသနာတော်ဆိုတာ ကံနဲ့ ကံရဲ့ အကျိုးထက် သာလွန်မြင့်မြတ်တဲ့ ဉာဏ်နဲ့ ဉာဏ်ရဲ့ အကျိုးအထိ မျှော်မြင်ပြုလုပ်ခြင်း ဖြစ်သည် မဟုတ်ပါလား။

ယခုတော့ သူတို့ဆုတောင်းဆုပေးတွေမှာ ယထာဘူတဉာဏ်(အနိစ္စ၊ ဒုက္ခ၊ အနတ္တ)တို့နဲ့ ဖြောင့်ဖြောင့် ဆန့်ကျင်ဘက် အကြိတ်အခဲ အမြဲတည်တံ့ခြင်းလို့ ရမ်းသန်းမှန်းတုတ်လိုက်ကြတော့ ဘုရားရှင်မပွင့်ပေါ်မီ သာသနာပကာလမိစ္ဆာဒိဋ္ဌိအယူရှိတဲ့ အလှူခံစားတဲ့ ပုဏ္ဏားတွေ ကြံဆ ပြောဆိုကြတဲ့



"နိစ္စ၊ မုဝ၊ သဿတ" လမ်းစဉ်များကြီးနဲ့ လုံးဝဆင်တူသွားကြပြန်သည်။

အဖြေထုတ်ကြည့်လျှင် မဂ်ဝေးဖိုလ်ဝေး အဆင့်သာမကဘူး မဂ်တားဖိုလ်တားအဆင့်ထိ ချောက်ထဲရောက်မှန်းမသိ တွန်းချပေးနေသလို ဖြစ်ကုန်သည်။

အနတ္တနယ်မှာရှိတဲ့ မြတ်ဗုဒ္ဓရဲ့ တရားတော်တွေကို အတ္တလုပ်ချင်တဲ့ မာရ်နတ်မင်း မိစ္ဆာဒိဋ္ဌိဘက်တော်သားတွေ ဖြစ်ကုန်ပြီလို့ ဆိုလိုက်ချင်တော့သည်။

မလွန်ပါဘူး။ သာဓကအထောက်အထား သက်သေအခိုင်အမာ ရှိပါသည်။ သူရမ္ဗဋ္ဌသူဌေးသား ဇာတ်ဝတ္ထုကို ဖတ်ကြည့်လျှင် အသိအမြင် ရှင်းသွားလောက်ပေသည်။

ကမ္ဘာတစ်သိန်းအထက် ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်က သာသနာတော်၌ မတုန်မလှုပ် ကြည်ညိုတဲ့အရာမှာ အသာဆုံး၊ အမြတ်ဆုံး၊ အဝေစ္စပသာဒတဒဂ်ဆုကို ပန်ခဲ့တဲ့ သူရမ္ဗဋ္ဌသူဌေးသားဟာ ဂေါတမမြတ်စွာဘုရားရှင်လက်ထက် သာဝတ္ထိပြည်မှာ ဒီအမည်နဲ့ပဲ တိတ္ထိကြီးတွေရဲ့ အလုပ်အကျွေး ဒါယကာ ဖြစ်လာသည်။

ပါရမီရှင်ပင် ဖြစ်သော်လည်း သောတာပန် မတည်ခဲ့သည့်အတွက် အခြားဘာသာခြား တိတ္ထိဖြစ်ရသည်။ သရဏဂုံမခိုင်မြဲခဲ့လို့ ကိုးကွယ်ရာ မှားရပုံကိုလည်း အထူးသတိပြု ဆင်ခြင်စရာ ကောင်းလှသည်။

တစ်နေ့မှာတော့ မြတ်စွာဘုရားက သူရမ္ဗဋ္ဌရဲ့ သောတာပတ္တိမဂ်ရဖို့ အကြောင်း ရှေးကောင်းမှုကို မြင်တော်မူလို့ သူ့အိမ်ကို ဆွမ်းခံကြွတော်မူလာသည်။ သူရမ္ဗဋ္ဌကလည်း မြတ်စွာဘုရား ဆွမ်းရပ်တာကို မြင်တော့ အိမ်တွင်းပင့်ပြီး ဆွမ်းကပ်ဖြစ်သည်။

ဆွမ်းဘုဉ်းပေးပြီးလို့ မြတ်စွာဘုရားရဲ့ အဟောပြောလိမ္မာမှုကြောင့် သောတာပန်တည်ပြီး အရိယာနွယ်ဝင် မဂ်စည်းဝိုင်းအတွင်းသို့ ပထမခြေလှမ်း စချခွင့်ရသွားသည်။

မြတ်စွာဘုရား ကျောင်းတော်သို့ ပြန်ကြွသွားပြီးနောက် ချောင်းနေတဲ့ မာရ်နတ်က "သူရမ္ဗဋ္ဌဟာ ငါတို့ဘက်တော်သားဖြစ်တယ်၊ ယနေ့ သူ့အိမ်ကို မြတ်စွာဘုရားကြွသွားတယ်၊ ဘယ့်နှယ်လဲ၊ သူဟာ ငါ့ပိုင်နက်က လွတ်သွားပြီလား၊ ငါ့တပည့်ဘက်တော်သား တိတ္ထိနွယ်ဝင်မှ ဟုတ်သေးရဲ့လား၊ ငါ စုံစမ်းမယ်" လို့ ကြံစည်ကာ မြတ်စွာဘုရား အယောင်ဆောင်ဖန်ဆင်းပြီး သူရမ္ဗဋ္ဌသူဌေးရဲ့ အိမ်တံခါးဝမှာ သွားရပ်နေသည်။

သူရမ္ဗဋ္ဌသူဌေးကလည်း မြတ်စွာဘုရား ပြန်ကြွလာတဲ့အမှတ်နဲ့ "ဘယ်အကြောင်းများကြောင့် ပြန်ကြွတော်မူလာပါလိမ့်ဘုရား" ဟု လျှင်မြန်စွာသွားပြီး ဘုရားရှင်အမှတ်နဲ့ ရှိခိုးကာ အကြောင်းစုံကို မေးလျှောက်ပြန်သည်။

ဘုရားယောင် ဆောင်နေတဲ့ မာရ်နတ်က. . .

"ဒါယကာသူရမ္ဗဋ္ဌ၊ ငါသည် သင့်အား တရားဟောစဉ်က စကားတစ်ခုကို မစဉ်းစား မဆင်ခြင်မိဘဲ ဟောခဲ့မိသည်၊ ဘာလဲဆိုလျှင် ခန္ဓာငါးပါးအားလုံး အနိစ္စ၊ ဒုက္ခ၊ အနတ္တချည်း မဟုတ်ကြဘူး၊ ခန္ဓာငါးပါးတွေထဲမှာ မြဲမြံ ခိုင်ခံ့ တည်တံ့တဲ့ အချို့ခန္ဓာများလဲ ရှိကြသေးသည်" လို့ ခပ်တည်တည်နဲ့ ပြောလိုက်သည်။

အဲဒီအခါ သူရမ္ဗဋ္ဌသူဌေးသားက "ဒီစကားဟာ အလွန်ဝန်လေးတဲ့ စကားပဲ၊ မြတ်စွာဘုရားရှင်တို့ အဖို့ရာ မစဉ်းစား မဆင်ခြင်ဘဲ ရှေးတစ်ခွန်း နောက်တစ်ခွန်း ဟောတော်မူခြင်းမျိုး

www.burmeseclassic.com

တစိုးတစိမျှ မရှိနိုင်၊ မာရ်နတ်ဆိုတာ မြတ်စွာဘုရားရဲ့ ဆန့်ကျင်ဘက် လိုက်ဟောပြောပြီး သာသနာတော်ကို ဖျက်ဆီးဖို့ ကြံရွယ်နေသူလို့ ကြားဖူးတယ်၊ ဒီပုဂ္ဂိုလ်ဟာ ကေန်မာရ်နတ် ဖြစ်နေမှာပဲ" လို့ ဆုံးဖြတ်သုံးသပ်မိပြီး . .

"သင်ဟာ မာရ်နတ် မဟုတ်လား" လို့ တိုက်ရိုက် မေးချလိုက်သည်။

အရိယာ သာဝက တစ်ဦးက မေးလိုက်တဲ့ အမှန်သစ္စာစကားတစ်ခွန်းဟာ မိစ္ဆာဒိဋ္ဌိမာန်နတ်အဖို့တော့ ပုဆိန်သွားထက်ထက်ဖြင့် ပေါက်လိုက်သလို ဖြစ်သွားတဲ့အတွက် ဆက်ပြီး ဟန်မဆောင်နိုင်တော့ဘူး။

အဲဒီတော့ သူရမ္ဗဒသူဌေးက. .

"ဟယ်မာရ်နတ် သင်လို မာရ်နတ်တွေ အရာအထောင်ပင် ဖြစ်သော်လည်း ငါ၏ ပညာဉာဏ်ကပ်ထားတဲ့ သဒ္ဓါတရားကို မလှုပ်ရှား မဖျက်ဆီးနိုင်၊ မဟာဂေါတမ မြတ်ဗုဒ္ဓက တရားဟောတော်မူစဉ်အခါမှာ 'ရုပ်နာမ်ဓမ္မသင်္ခါရ တရားအားလုံးပင် မမြဲကြကုန်' လို့ ဟောကြားတော်မူခဲ့ပြီ၊ သင်ဟာ အိမ်တံခါးဝမှာ ရပ်တည်မနေပါလင့်"

ဟု ပြောဆို နှင်ထုတ်လိုက်ပါတော့သည်။

ဒါကြောင့် ဗုဒ္ဓဘာသာဝင်စစ်စစ်ဆိုသူတို့သည် သဒ္ဓါတရားစစ်စစ် ဖြစ်စေရန် ပညာဉာဏ်ကပ်ထားပြီး ဆင်ခြင်တုံတရားကို သတိထားပြီးမှ သာသနာတော်ကို အရှည်ခံ၍ သန့်ရှင်းပြန့်ပွားအောင် သာသနာပြုပုဂ္ဂိုလ် စင်စစ်ဖြစ်စေရမည်။

မသိလျှင် အလိမ်ခံရမည်ဆိုပါ၍ သူများ ပါးစပ်ဖျားမှာ လမ်းမဆုံးစေဘဲ ကိုယ်ပိုင်အသိဉာဏ်ပွင့်အောင် ဗုဒ္ဓစာပေများကို ဖတ်မှတ် လေ့လာ၍ မထေရ်မြတ်များရဲ့ ဆုံးမတရားတော်များကို နာယူကျင့်ဆောင်ရမည်။

ဘယ်လောက်ပင် အလိမ်အညာ အဟောအပြော ကောင်းသူပင် ဖြစ်ပါစေ၊ အမေမွေးတုန်းက ထည့်ပေးလိုက်တဲ့ ပကတိအသားစိုင် မျက်လုံးလေးနဲ့ နားဓလးကို ပညာမျက်လုံးနဲ့ ဉာဏ်နားလေး ဖြစ်အောင် ကြိုးစားဆောင်ရွက်ထားပါလျှင် "ဖောက်ပြန် လူတစ်စု ကြေးစည်ထုသော်လည်း အရမ်းသာခု မခေါ်မိစေနဲ့" ဆိုသော ရှေးသူမြတ်တို့ အသိပေး ဆုံးမချက်ကို လိုက်နာပြီး အကုသိုလ်ကံ ခွဲတမ်းမှာ အရှုံး အမြတ်ဝေစုကို မောဟစေတနာနဲ့ မယူကြပါနဲ့လို့ အပ္ပမာဒ စည်တော်ကြီးကို ခပ်ကျယ်ကျယ် ရွမ်းလိုက်ရပါတော့သည်။

**ကိုအေးမင်း(ပဲခူး)**




# အကြောပြင်ဆရာကြီး ဦးအေးထွန်း

ခါးနာ၊ ဒူးနာ၊ ကျိုးပေါင်းနှင့်လက်ကိုက်၊ လက်ကပ်ဝေဒနာများကို မနာကျင်စေဘဲ (၁၅)မိနစ်အတွင်း သက်သာစေရမည်။

လေဖြတ်ခံရပြီး ခြေလက် ပုံမှန် မလှုပ်ရှားနိုင်သူများအား ပုံမှန်လှုပ်ရှားနိုင်အောင် အမြန်ဆုံးပြုပြင်ပေးသည်။

တွေ့ချိန် ➸ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း


လိပ်စာ ➸ အမှတ် (၅၇)၊ (၄) လမ်း၊ မာလာမြိုင်၊ အုတ်ကျင်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၇၃၂၄၂၄၄၂၊ ၀၉-၂၅၀၁၅၄၇၅၈




www.burmeseclassic.com

www.burmeseclassic.com



# မိုက်မပေလင်းနိုင်ဘူး

## ဆင်ဖြူကျွန်းအောင်သိန်း

"တပည့်တို့၊ သင်တို့ ငါတို့သည် သံသရာထဲတွင် မြစ်ထဲက ငါးလိပ်မကန်းများနှင့် တူကုန်၏၊ သံသရာတည်းဟူသော မြစ်ရေပြင်ထဲ၌ အခါခပ်သိမ်း စုံးစုံးနစ်မြုပ်ကြလျက် အထက်သို့ မဆန်နိုင်ဘဲ မျော၍သာ နစ်ကြရပေပြီ။

ဤချင်းတွင်းမြစ်တွင် ပင်လုံးကျွတ်ပွင့်၍ တင့်တယ်လှပသော သစ်ပင်တို့၏အရိပ်၊ ဘယ်ညာဆင်နွှဲ ပုခက်လွှဲသော လှိုင်းတံပိုး၊ အကြေအပြင် မြစ်အောက်ခွင်သို့ လျင်စွာစီးဆင်းနေသော ရေအလျဉ်တို့ကိုတွေ့မြင်ကြရပေဦးမည်။

မျက်မှောက်၌ တွေ့မြင်အပ်သော ရေအလျဉ်သည် မျက်မှောက်၌သာ ဖြစ်ပေါ်လာ၏၊ မျက်ကွယ်၌ တွေ့မြင်အပ်သော ရေအလျဉ်သည် မျက်ကွယ်၌သာ ဖြစ်ပေါ်၍လာ၏၊ အစုန်စီးဆင်းနေသော ရေအလျဉ်တို့သည် မြင်တွေ့ရာအရပ်၌ပင် ပြိုကွဲပျက်စီးကြကုန်၍ အကြောင်းအလျောက် ချုပ်ပျောက်ကြကုန်ပြီ။

အလားတူပင် တွေ့မြင်တိုင်းသော ရုပ်နာမ်တရား အစုတို့သည် ချုပ်ဆုံးကွယ်ပျောက်တတ်ကုန်၏၊ မျက်မှောက်ထက်ကြပ် မတွေ့မြင်အပ်သေးသော နာမ်ရုပ်တရား အစုတို့သည် တွေ့မြင်အပ်သည်သို့ မရောက်ရှိနိုင်ကြကုန်။

ထိုမှတစ်ပါး ဆရာတော်ဘုရားကြီးသည် မြစ်ရေအလျဉ်နှင့်လည်း နှိုင်းယှဉ်ပြတော်မူသေး၏။

"တပည့်တို့၊ အကြောင်းလေးပါး ပြောင်းလဲဖြစ်ပေါ်၍ ဖောက်ပြန်ခြင်းသဘောရှိသော နာမ်ရုပ်တို့ကို ရှုကြလော့၊ မြစ်ရေအလျဉ်နှင့်တူသော ဤနာမ်ရုပ်တို့သည် ဖြစ်ခြင်း ပျက်ခြင်း သဘောရှိကုန်၏"

ထိုအချိန်အခါက လယ်တီပဏ္ဍိတကိုယ်တော်ကလေးသည် ဆရာတော်ဘုရားကြီး၏ နောက်ပါအဖြစ် လိုက်ပါပြီးလျှင် ဝတ်ကြီးဝတ်ငယ်တို့ကို ပြုစုရင်းတရားအားထုတ်နေ၏။ သို့သော် လယ်တီပဏ္ဍိတသည် မိမိကိုယ်ခန္ဓာကို ယုယနေလေ့ရှိသည်။ ချမ်းသာစွာ နေလေ့ရှိသည်။ လယ်တီပဏ္ဍိတမှာ ထိုအချိန်အခါက သုံးဝါမျှသာ ရသေးရကား အစားဆင်းရဲ အနေဆင်းရဲ ဒဏ်ကို သည်းမခံနိုင်ပေ။ ငယ်ဆရာ ဆရာတော်ဘုရားကြီးကို ကြောက်ရွံ့သောကြောင့် နေရသော်ငြား ခံဆွမ်းကို ဘုဉ်းမပေးဘဲ နေ၏။

မုံရွာမြို့ရှိ ရဟန်းဒါယကာ ဦးလူကြီး+ဒေါ်ရွှေအိမ်တို့က လယ်တီပဏ္ဍိတမှာကြားသမျှ ပို့ပေးသည်။ ယင်းတို့ကို ကပ္ပိယတစ်ဦးက ချက်ပြုတ်ပြင်ဆင်ပေးသည်။ သို့ကြောင့် လယ်တီပဏ္ဍိတမှာ ခံဆွမ်းကို ဘုဉ်းမပေးဘဲ နေနိုင်ခြင်းဖြစ်၏။

တစ်နေ့တွင် ဆရာတော်ဘုရားကြီးသည် တောင်နှာမောင်းကုန်းမြင့်သို့ စင်္ကြံလျှောက်တော်မူရာ လယ်တီပဏ္ဍိတ သိုမှီးထားသော စားရေရိက္ခာများနှင့် မီးတင်းကုပ်ကို တွေ့မြင်သွားလေ၏။ ဆရာတော်ဘုရားကြီးက တောင်ဝှေးဖြင့် ခြေလှွင့်ပစ်ပြီး လယ်တီပဏ္ဍိတတို တောနေရဟန်း မပီသမှုဖြင့် ငေါက်ငေး တော်မူ၏။ ဤသို့ ဆုံးမတော်မူ၏။

"တပည့် ပဏ္ဍိတ၊ သင်၏ အပြု အမူသည် တောကျောင်း၌ နေသော ရဟန်း၏အပြုအမူမျိုးမဟုတ်၊ တောနေ ရဟန်းသည် ဒါယကာဖြစ်စေ၊ စားဖွယ် ဖြစ်စေ မျက်မြင် မျက်ကွယ်နှစ်ခုစလုံး သိုမှီးစုရုံးကောင်းသည် မဟုတ်၊ တော နေရဟန်းဖြစ်လျက် ဒါယကာဖြစ်စေ ပစ္စည်းဖြစ်စေ မရအရ စုဆောင်းထား ခြင်းမှာ ဘုရားအလိုတော်လဲ မကျ"

စသည်ဖြင့် ရှည်လျားစွာ ဆုံး တော်မူ၏။

ဆရာတော်ဘုရားကြီးသည် ကျောက်တောင်တွင် ၁၂၆၃ ခုနှစ် ၁၂၆၄ ခုနှစ်များအတွင်း သီတင်း တော်မူခဲ့ရာ ၁၂၆၄ ခုနှစ်တွင် အ ရောဂါ အပြင်းအထန် ဖိစီး တပည့်များ၊ ဒါယကာများက မုံရွာ ပြန်လည်ပင့်ဆောင်ကာ ဆရာတော်

www.burmeseclassic.com

င်ဖက်ဖြစ်သော ဦးဉာဏဝံသ၏ ကျောင်းသို့ရောက်မှ သတိလည်လာ၏။

ထိုအချိန်အခါက တပည့်ပဏ္ဍိ ဆုံးမအပ်သော အနုသာသနီ ထပ်မှာ ဤသို့ ဖြစ်ပေ၏။

"ပါရမီသမ္ဘာရှိပါဘိ၊ တစ်သာကိ သော၊ စာမရိထုံးအနေလို၊ သုံးမသွေ ပရိယတ်စံမဟေမှာ၊ ဉာဏ်ကဝေ သောက်သူပ့်၊ စိတ္တနှင့် ပညာ၊ သာ မှန်လှ၊ ဘာဝနာဉာဏ် အစမှာ အနန္တဝေးပယ်၊ သမ္ဗုဇ္ဈ် ဆိုခွင့် တော့၊ ချိန့်ငွဲ့လား မေးမယ်သူ လက္ခဏာ မြင်နှုန်းကျယ်သည်၊ သုံးသွယ် နေရာကျကိုဖြင့်၊ ပေယျာ နာနာသူကန်၊ ခွေးမျှမကြဲ၊ ပိဋက လေးဉာဏ်မှာသာ၊ အရေးသန်သန် ရှာထင့်လေး"

ဆရာတော်ကြီး၏ တပည့်များ အလုံမြို့မှ အဘိဓမ္မာကြောင့် အပြောသန်လှသော ဦးထွန်းဦး ဦးထွန်းလှတို့သည် အလုပ်မပါ အပြောဖြင့်သာ အချိန်ကုန်နေ ကြောင်း သတိပေးသော ဩဝါဒကထာ ထပ်မှာ အောက်ပါအတိုင်းဖြစ်၏။

"ထွန်းဦးနှင့် ထွန်းလှ၊ လွမ်းစရာ ကျမ်းခမ္မအဆူဆူမှာ၊ သူမတူ သွား၊ ဟောပြောမှုထွေအလာ၊ သာနှုတ်လျှာတပါး၊ အလုပ်နှင့် တ်တယ်လျှင်၊ ဆုတ်ပြတ်ပြယ်လူ အကယ်ဆိုရှောင်သမား၊ ပြောင် ကြွားဟန်ပို၊ ပြောဟောဉာဏ် စာ မှာတော့၊ လျှာကလေးထွက်ကြ သိလျက်သားနှင့်အမှားခို၊ စကား ရမယ်ဖွဲ့လို့၊ ဘယ်တဲ့ ညာတဲ့ ယောင်ပေါင်ပေါင်၊ ပြောကြဟန် နှစ်မြဲ နှစ်ဖို့ အလွတ်ရှောင်လျှင်၊ တ် ဟိုနောင် ကွာလှမ်းရှာလိမ့် "

မြန်မာသက္ကရာဇ် ၁၂၆၅ ခုနှစ် ဆရာတော်ဘုရားကြီးသည် တောင်းတောင်သို့ ကြွရောက် ကာဝါကပ်တော်မူ၏။ ထိုတောင်မှာ မုံရွာမြို့ ချင်းတွင်းမြစ်အနောက် ဘက်ကမ်း လေးမိုင်ခန့် အကွာတွင် တည်ရှိ၏။ ထိုတောင်ကား စိမ်းလန်း စိုပြည်လှ၏။ တောင်ကြား၊ လျှိုမြောင်များကြား၌ စကြံကျောင်းဆောက်ပြီး သီတင်းသုံးတော်မူ၏။

ထိုတောကျောင်းနှင့် တစ်မိုင်ခန့် ဝေးသော နေရာတွင်သာ 'ကျော်ရွာ' အမည်တွင်သည့် ရွာတစ်ရွာရှိသည်။ တောကျောင်းအင်္ဂါရပ်နှင့်ညီသောကြောင့် အနေအထိုင်ရော အစားအသောက်ပါ များစွာ ငြိုငြင်လှပေ၏။

မည်သူတွေ မည်မျှပင် ဆင်းရဲ ငြိုငြင်ကြစေကာမူ ဆရာတော်ဘုရားကြီးကား ကျမ်းပြုစုရေးသားမှု၌ များစွာ တွင်ကျယ်အောင်မြင်တော်မူ၏။ ကဆုန်လတွင် ပရမတ္ထသံခိပ်ကျမ်း၊ ဝါခေါင်လတွင် စတုသစ္စဒီပနီကျမ်း၊ တော်သလင်းလတွင် နိရုတ္တိဒီပနီ ပါဠိကျမ်းကြီးတို့ကို ရေးသားပြီးစီး အောင်မြင်တော်မူသည်။ ယင်းကျမ်းများအနက် နိရုတ္တိဒီပနီ ပါဠိကျမ်းကြီးမှာ အနှစ်နှစ်အလလစုဆောင်း ပြုစုရခြင်း ဖြစ်သည်။

သီတင်းကျွတ်လတွင် ထပ်မံပြီးစီးသော ကျမ်းနှစ်ကျမ်း ရှိသေး၏။ ၎င်းတို့မှာ ကမ္မဋ္ဌာနဒီပနီကျမ်းနှင့် သမ္မာဒိဋ္ဌိ ဒီပနီကျမ်းတို့ ဖြစ်ပေ၏။ ထိုကျမ်းများတွင် နိရုတ္တိဒီပနီကျမ်းကြီးမှာ အနှစ်နှစ် အလလ စုဆောင်းပြုစုရခြင်းဖြစ်သည်။

သီတင်းကျွတ်လတွင် ထပ်မံပြီးစီးသော ကျမ်းနှစ်ကျမ်း ရှိသေး၏။ ၎င်းတို့မှာ ကမ္မဋ္ဌာနဒီပနီကျမ်းနှင့် သမ္မာဒိဋ္ဌိ ဒီပနီကျမ်းတို့ ဖြစ်ပေ၏။ ထိုကျမ်းများတွင် နိရုတ္တိဒီပနီကျမ်းကြီးမှာ သဒ္ဒါကျမ်းအစောင်စောင်၏ တောက်ပြောင်သော မီးရှူးတန်ဆောင်ကြီး ဖြစ်ပေ၏။ ပိဋကတ်သုံးပုံ ပင်လယ်ကြီးကို ကူးခတ်ရာ၌ များစွာ အထောက်အပံ့ ဖြစ်စေသည့်အပြင် သဒ္ဒါဘက်၌ ထက်မြက်စူးရှသော ဉာဏ်အမြင် အလင်းရောင်ကို ထင်ရှားပေါ်လွင်အောင် ပေးစွမ်းနိုင်သော ပါဠိသဒ္ဒါကျမ်းကြီး ဖြစ်၏။

ထိုစဉ်က လယ်တီပဏ္ဍိတနှင့် လယ်တီကိတ္တိတို့မှာ ဆရာတော်ကြီးအား ဝတ်ကြီးဝတ်ငယ်ပြုစုရန်နှင့်တရားအားထုတ်ရန် အတူလိုက်ပါနေကြ၏။ ထိုတောင်နှင့် အနီးဆုံး ကျေးရွာမှာ ကျော်စွာရွာ ဖြစ်၏။ နေ့စဉ် ဆရာတော်ကြီးနှင့်အတူ တပည့်များ ဖြစ်ကြသော ပဏ္ဍိတနှင့် ကိတ္တိတို့လည်း ပါလာကြ၏။ ဆွမ်းခံကြွသည့်အခါ လယ်တီပဏ္ဍိတကို 'ရှင်ကလေး'ဟုခေါ်နေကျအတိုင်း ခေါ်ဝေါ်ကာ ဆုံးမတော်မူလေ့ရှိ၏။

"ရှင်ကလေး ဤခန္ဓာကိုယ်၌ ချစ်ခင်စွဲလမ်းစွာ နေခြင်းသည် မသင့်လျော်၊ ကိုယ့်ခန္ဓာသည် အဆိပ်ကြီးနှင့်လဲ တူသည်၊ အဆုံးမရှိ အပြစ်များလှသည်၊ ဘုရားသာသနာအတွင်းမှာနေသော ရဟန်းကောင်းမည်သည် မိမိခန္ဓာကိုယ်ကို အလိုလိုက်၍အရေးမယူထိုက်"

စသည်ဖြင့် ဆုံးမတော်မူခြင်းနှင့် စပ်၍ 'မာဂဏ္ဍိယသုတ်တော်' ကို ကြားညှပ်လျက် ဟောကြားတော်မူပြန်၏။ မဇ္ဈိမပဏ္ဏာသ ပါဠိတော်လာ မာဂဏ္ဍိယသုတ်တွင် မြတ်စွာဘုရားသည် မာဂဏ္ဍိယ ပုဏ္ဏားကြီးသို့ 'စက္ခုံ ခေါ မာဂဏ္ဍိယ' စသည်ဖြင့် ရုပ်တရားအပေါ်၌ အပြစ်များစွာရှိ၍ အနာရောဂါ ထူပြောကြောင်း၊ ရုပ်တရားကို နှစ်သက်ခုံမင်ဖွယ်ရာ မရှိကြောင်း အကျယ်ဟောကြားထားသော သုတ်တော်ကြီးဖြစ်၏။

ဆရာတော်ကြီး၏တပည့် ပဏ္ဍိတသည် ရုပ်ကို နုနယ်စွာထားခြင်း၊ သာယာမြတ်နိုးခြင်း အလေ့ကို ဆရာတော်ကြီးသည် ကောင်းစွာ သိတော်မူ၍ ရုပ်တရား၏ အပြစ်ကြီးမားလှကြောင်းကို ဟောတော်မူရင်း ဖြစ်၏။ သို့ရာတွင် သတ္တဝါတို့မည်သည် မိမိအလေ့စရိုက်နှင့် မကိုက်ညီလျှင် ရုတ်တရက် နားဝင်ရန် ခက်ခဲလှသည်။

တစ်နေ့တွင် ဆရာတပည့် ဆွမ်းခံထွက်လာကြ၏။ ဆရာတော်ဘုရားကြီးက ရှေ့မှကြွတော်မူရင်းတရားဟောသွား၏။



www.burmeseclassic.com

www.burmeseclassic.com

ရဟန်းတော်ကလေး ပဏ္ဍိတက နောက်မှလိုက်ပါလျက် တရားနာလာသည်။ လမ်းဆုံလမ်းခွ တစ်နေရာသို့ ရောက်သောအခါ ဆရာတော်ဘုရားကြီးက ဆွမ်းခံကြွနေကျ မဟုတ်သော လမ်းသို့ မှားပြီးဝင်သွား၏။

"ဒီလမ်းကမှ လမ်းမှန်ပါ ဘုရား"

အရှင်ပဏ္ဍိတက လမ်းမှန်ကို ပြောပြသော်ငြား မျက်နှာကောင်းမရ၊ နှိပ်ကွပ်ဖိစီးခံရ၏။

"ဟဲ့ ပဏ္ဍိတ၊ နင်ဟာ ငါဟောတဲ့ တရားကို နာယူသည်မဟုတ်၊ သွားရမည့်လမ်းကိုသာ အလေးပြုနေသည်"

မိမိဟောသော တရား၌ အာရုံမဝင်စားကောင်းလား အပြစ်တင်အပြီး၌ သံသရာလမ်းမှားကြီးကို ညွှန်ပြတော်မူပြန်၏။

"ဟဲ့ပဏ္ဍိတ၊ ဆွမ်းခံလမ်းမဟုတ်တဲ့လမ်းကို သွားမိပေမယ့် ငါ့မှာ ဘယ်လို ဘေးအန္တရာယ်တွေ ဖြစ်နိုင်မှာလဲ၊ နင်သာ ရှည်လျားတဲ့ သံသရာလမ်းမှား လမ်းမှောက်ကြီးမှာ ငါဟောတဲ့တရားကို မနာယူဘဲ မျက်နှာလွှဲနေတဲ့အတွက် ဘယ့်နှယ်နေမည်လဲ"

ဆရာတော်ဘုရားကြီးသည် ၁၂၆၅ ခုနှစ်အတွင်း၌ တပည့်တစ်ဦးဖြစ်သော ဆားထုံးရွာနေ ဦးရောင်နီသို့ ရေးပေးသော အောက်ပါတေးထပ်မှာ ပိဋကအစွယ်ချီး တေးထပ်ဖြစ်သည်ဟု ဆိုကြပေ၏။

"တစ်ပိုင်းကြောင် ကျက်စာရရုံနှင့်၊ ခက်ပါလှ သဘောဉာဏ်၊ တက်မာန အပြောသန်သည်၊ ဓဒါသမာန်ထူပွား၊ စောဒကတုဖက်လာလျှင်၊ သူထက်ငါ ငြင်းတဲ့လူစား၊ ဘုရားဟော မြတ်ဓမ္မခဏ်ကို၊ တတ်လေဟန်ယောင်ဝါး၊ ပရမတ် ဒ္ဒါန် အကြောင်သမားတွေ့တို့၊ ထောင်သွားကြ သူထက်ငါ၊ အသိဉာဏ် တစ်ထွာလောက်နှင့်၊ ညာမထောက် ဒဟာဏ်လှပါ၊ ပရိသတ် ထောမနာအောင်၊ စောဒနာ ဉာဏ်အကောက်တွေနှင့်၊ ကန်အကျောက် အတင်းမရှောင်၊ ငြင်းကြ လူဘောင်၊ ပိဋကအစွယ်ထောင်လျှင်၊ အပါယ်ဘောင် ဆင်းရလိမ့်လေး"

တစ်နေ့သော် ပုသိမ်ကြီးမြို့အုပ် ဦးခင်မောင်ကြီးသည် မုံရွာမြို့ရှိ မိတ်ဆွေများထံ အလည်အပတ် ရောက်လာ၏။ ထိုသူများမှာ လယ်တီဆရာတော်၏ ဒါယကာရင်းများ ဖြစ်သည့်အတွက် ဦးခင်မောင်ကြီးကို တရားနာစေရန် လက်ပံတောင်းတောင်သို့ ခေါ်ဆောင်လာခဲ့ကြသည်။

ထိုဦးခင်မောင်ကြီးမှာ ကင်းဝန်မင်းကြီး၏ မွေးစားသားဖြစ်၏။

သို့ဖြစ်သောကြောင့် ဆရာတော်ဘုရားကြီးက ကင်းဝန်မင်းကြီးထံသို့ ဦးခင်မောင်ကြီးမှတစ်ဆင့် လက်ဆောင်တစ်ခု ပါးလိုက်၏။

"မင်းခမည်းတော်အတွက် တောလက်ဆောင် တစ်ခု ပါးလိုက်မယ်၊ ဤလက်ဆောင်ကို မင်းခမည်းတော်ကို ဆက်သလိုက်ပါလေ"

ထိုကဲ့သို့ မြို့အုပ်ဦးခင်မောင်ကြီးမှတစ်ဆင့် ကင်းဝန်မင်းကြီးထံသို့ ပါးလိုက်သော လက်ဆောင်မှာ ၁၂၆၆ ခုနှစ်တွင် ဆရာတော်ကြီး ရေးသားစီကုံးတော်မူသော သံဝေဂလေးချိုးကြီး ဖြစ်သည်။ ထိုသံဝေဂလေးချိုးကြီးမှာ 'မိုက်မလင်းနိုင်ဘု မြိုက်ခင်းညာဆီမှာ' အစချီလျက် အလွန်ထင်ရှားသော စာတော်တစ်ပုဒ်ဖြစ်သည်။

"မိုက်မလင်းနိုင်ဘု မြိုက်ခင်းညာဆီမှာ၊ ခါတော်မီ သိမဝေ့နိုင်ဘု၊ သည်ကွေ့တွင် နေ့ကုန်မျောပြန်ရ၊ အတောဘယ်မသတ်နိုင်တဲ့ ရဟတ်ဗွေ။

ငါးရပ်ကယ်စုံညီ ဒုလ္လဘီငယ်၊ ကြုံပြီခုခေတ်၊ မြန်မင်းဇမ္ဗူ မှန်ကင်းငယ်ထူ၊ လူထက်လူဖြစ်ပါလျက်၊ အနှစ်ကယ် မနှွယ်၊ အကာတောမှာ ဗျာမောကျယ်လို့၊ အကယ်ယောင်ယောင်၊ အမြင်မပြောင့် အညင်ထောင့်၊ မှောင်ထက်မှောင် သန်းခေါင်လမိုက်၊ မိုးတိမ်မြေးတဲ့ မီးသွေးတိုက်မှာ၊ အလိုက်ကယ်ဘာသာ၊ အမြင်မငွေ့၊ အထင်ရွှေနှင့်သာ၊ အလေ့ရှာလျက်၊ အခါနာရီ ရွှေ့ရွှေ့ငယ်စီ၊ တိထိဆန်းဆုတ်၊ ရတုအစဉ် လုလုငယ်နှင့်၊ အတွင်ချုပ်လို့ သုတ်သုတ်ငယ်ရက်ရေဇရာလက်မှာ အသက်ကြွေတော့မယ်၊ အသေသတ် လက်မရွံ့ကို၊ အသက်ခွန်ပဏ္ဏာသွင်းရန်ဖို့ ထမင်းအစာစုံနှင့်၊ ခန္ဓာရုံ မြို့ပတီးဆီက၊ အစီးပြေကာ စောင့်ရှာကြ၊ စိုးနှောင့်သခင်ချေ။

သုံးပါမူလဲ ပူနွယ်ဆွေးနွယ်၊ အရေးကျယ်တွေကို၊ အေးဖွယ်ထင်မှတ်၊ အစမမြင် ဘဝအလျဉ်၊ အစဉ်ငတ်ဟာမို့၊ မသတ်ကယ်အာသာ၊ အာရုံဓမ္မ မြာပုံမွမှာ ရသရှာလျက်၊ ငါ့တလူလူ ပမာမူ ရွာသူတို့ဝက်၊ အစာများထူ အသားလူ ဆူလေလောက်ပါလျက်၊ ရမွက်ကယ်မာန်ဝင့်၊ သူ့အသင်းမှာ သူမင်းပဲ ထင်လိုက်လို့၊ ရွှင်နိုင်မျှ ဝက်သဏ္ဍာန်လို၊ အချက်မှန် ပေါ်မလင်းစေဖို့၊ ဖော်သင်းရွေ မိတ်သင်ယှက်သည့်ပြင်၊ ခင်မင်ဖွယ် အစုံစုံပါ၊ မာန်တစ်ဝဏ် ဟန်ပုံနှင့် ဖုံးရှာကြ၊ ရှုံးပလေ ထုံးမြေပြာစု မိတ်တွေမှီး။

ငါတစ်လုံးနယ် အနှုန်းငယ်ကျယ်သည်၊ သုံးသွယ်မြှုသိုက် ဘုံတစ်လှိုက်မှာ၊ တုန်ရိုက်ကယ်ဆူညံ၊ မြူမချန် ပူလှံ့တောက်ညီး၊ အမြဲစတေ မစဲခြွေအသေမီးတဲ့၊ အပြီးငယ်ကုန်စင်၊ ဘုံတစ်ခွင်ကို အတွင်လောင်မြိုက်၊ အပြောင်တိုက်လို့ အမိုက်ကယ်မလောက်၊ သူကသာမောက်တော့၊ နောက်နောက်ကမ္ဘာ ဖန်ဖန်လာလဲ၊ အစာသူ့တွင် တစ်ခုသာ ဝင်ကြရသခ်တရုပ်နာမ်ငယ်၊ အဟုတ်ဉာဏ် မတင်စီးနိုင်ဘူ၊ သည်မီးတာ ဘယ်တစ်ကိန်းမှာမှ ငြိမ်းပါ့မယ်လို့"

ကင်းဝန်မင်းကြီးသည် သားတော် မြို့အုပ် ဆက်သသော ဆရာတော်ဘုရားကြီး၏ လေးချိုးကြီးကို ဖတ်ရှုရသောအခါ ရှေးကထက်ပင် ကြည်ညို၍ သဒ္ဓါထက်သန်လာလေ၏။


**ဆင်ဖြူကျွန်းအောင်သိန်း**

❑



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ဒေးဆယ် စေတီတော်

# ကျိုက်ဒေးဆယ်နှင့် စိတ်ဝင်စားဖွယ်ရာများ

ဆရာကြီး ဦးအောင်မြင့်

ကျွန်ုပ်သည် ရန်ကုန်တိုင်းနှင့် ပဲခူးတိုင်းအတွင်းရှိ ရှေးဟောင်းစေတီတော်များသို့ မကြာခဏ သွားရောက်ဖူးမြင် အဓိဋ္ဌာန်ဝင်လေ့ ရှိပါသည်။ ရန်ကုန်မြို့မှ ပဲခူးမြို့သို့ သွားရာတွင် ဖြတ်လမ်းဖြစ်သော ရန်ကုန်-ဒါးပိန်လမ်းအတိုင်း သွားရောက်ခဲ့သည်။ ထိုလမ်းအတိုင်း သနပ်ပြင်ရွာအလွန် မိုင်တိုင်အမှတ် (၂၆)အနီးတွင် ကျိုက်ဒေးဆယ်ဘုရားသို့ လမ်းညွှန်ဆိုင်းဘုတ်ကြီးကို တွေ့ရပြီး ကားလမ်းမမှ လမ်းမျှော်ကြည့်လိုက်လျှင် စေတီတော်ကြီးတစ်ဆူကို ထီးထီးမားမား ထင်ထင်ရှားရှား ဖူးမြင်ရပါသည်။ ရှေးဟောင်းသမိုင်းဝင်ဘုရားဟု ဆိုသဖြင့် ဖူးမြင်အဓိဋ္ဌာန်ဝင်ရန် သွားရောက်ခဲ့ခြင်း ဖြစ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ဒါးပိန်တိုက်နယ်အပိုင် အခရိမ်ကျေးရွာအုပ်စု ဝါးရုံစွန်းရွာ ရွှေဘုံသာကျောင်းတိုက် ပရိဝုဏ်အတွင်း၌ စေတီတော်ကြီးကို ဖူးမြင်ရသည်။ ရှေးဟောင်းစေတီတော် ပြိုပျက်ကြီးကို ယခု ရွှေတိဂုံပုံတူ ပြန်လည်ပြုပြင်ထားခြင်း ဖြစ်သည်။

ကျွန်ုပ်အနေဖြင့် ဤစေတီတော်ကြီး ပြိုပျက်နေချိန်ကိုလည်း ပြုပြင်ရန် ကြိုးပမ်းနေသော ရွှေဘုံသာကျောင်း ဆရာတော် ဘဒ္ဒန္တကုန္ဒောဘာသလက်ထက်က တစ်ကြိမ်ရောက်ရှိ ဖူးမြင် အဓိဋ္ဌာန်ဝင်ခဲ့ဖူးပါသည်။ ထိုဆရာတော်ကြီးမှာ သက်တော်(၇၇) သိက္ခာတော်(၅၆)ဝါ ၂၀၀၈ ခု အောက်တိုဘာလက ပျံလွန်တော်မူခဲ့ပြီးကြောင်း သိရသည်။

ရှေးဟောင်းစေတီတော်ကြီးကိုမူ ပဲခူးတိုင်းဒေသကြီး ကျောက်ဆောင်ကျေးရွာ ပတ္တမြားကျောင်း ဆရာတော် ဦးသုန္ဒရ၏ ဦးဆောင်မှုဖြင့် ယခုလို ပြန်လည်ပြုပြင်နိုင်ခဲ့ခြင်း ဖြစ်ကြောင်း ရွှေဘုံသာကျောင်း လက်ရှိဆရာတော် ဦးသောဘဏက မိန့်ကြားခဲ့သည်။

ဆရာတော်ချီးမြှင့်သော စေတီတော်ကြီး၏ သမိုင်းစာအုပ်ကိုလည်း လက်ခံရရှိ ဖတ်ရှုလေ့လာခဲ့ရသည်။ ယခု ကျိုက်ဒေးဆယ်ဟု ဘွဲ့မည်ရေးထိုးထားသော စေတီတော်ကြီးကို ယခင် ရွှေဘုံသာကျောင်းဆရာတော် ဦးကုန္ဒောဘာသလက်ထက်က 'ကျိုက်ဒေးစီ'ဟူ၍ ဘွဲ့မည်ခေါ်ဝေါ်ခဲ့ကြသည်။

ဗုဒ္ဓမြတ်စွာဘုရား၏ သွားတော်မာတ် (၃၃)ဆူကို တစ်ဆူစီ ဌာပနာထည့်သွင်း တည်ထားခဲ့သော စေတီတော်များ သမိုင်းမှတ်တမ်းတို့တွင် ဤစေတီတော်ကြီး၏ ဘွဲ့အမည်

www.burmeseclassic.com

ကို 'ကျိုက်ငုတ်' ဟု လည်းကောင်း၊ 'ကျိုက်နုတ်' ဟု လည်းကောင်း မှတ်တမ်းတင်ထားကြောင်း တွေ့ရှိရသည်။ 'ကျိုက်ငုတ်' ဆိုသည်မှာ သတ်ပုံအရေးမှားခြင်းသာ ဖြစ်ပါသည်။ မွန်ဘာသာတွင် 'နုတ်' ဆိုသော စာလုံးကို အသံထွက်အားဖြင့် နို့(အုတ်)ဟုထွက်ပြီး မြန်မာလိုအဓိပ္ပာယ်မှာ 'ရွှေးနုတ်သည်' ဟူ၍ ဖြစ်သည်။ ထို့ကြောင့် 'ကျိုက်နုတ်' သာလျှင် စာလုံးပေါင်းအမှန် ဖြစ်ပါမည်။

ယခုခေတ် ပဲခူးမှာ ရှေးက ဟံသာဝတီမင်း နေပြည်တော် ဖြစ်ခဲ့ဖူးရာ ထိုမင်းနေပြည်တော်၏ မြို့ရံ (၃၂)မြို့ရှိခဲ့သည်။ ထိုမြို့ရံ (၃၂)မြို့တွင် 'အခရိမ်မြို့' မှာ မြို့ရံ တစ်မြို့အဖြစ် ပါဝင်ခဲ့သည်။

ရှေးက ပဲခူးမြစ်ကမ်းနဖူး ဆိပ်ကမ်းမြို့ ငယ်တစ်ခု ဖြစ်ခဲ့ပြီး ယခုတော့ မြစ်ကြောင်းပြောင်းလဲခြင်းကြောင့် မြစ်နှင့် အနည်းငယ်ကွာလှမ်းခဲ့ပြီ ဖြစ်ပါသည်။ အခရိမ်မြို့သည်လည်း ယခုအခါ အခရိမ်ကျေးရွာအုပ်စု အဆင့်သို့ လျှောကျခဲ့လေပြီ။ ယခင်က အခရိမ်မြို့၏ ကျက်သရေဆောင် မြို့ဦးစေတီတော်ကြီးမှာ ယခုအခါ အခရိမ်ရွာမအနီး ဝါးရုံစွန်းကျေးရွာတွင် တည်ရှိနေပါသည်။


စေတီတော်ကြီး၏ ပရိဝုဏ်မှာ လွန်စွာကျယ်ဝန်းပြီး ပတ်ဝန်းကျင် မြေပြင်ထက် သိသိသာသာ ပိုမြင့်သဖြင့် ရှေးက မြို့သူမြို့သားတို့၏ လုပ်အားဖြင့် မြေဖို့တင်ထားခြင်းဖြစ်မည်ဟု ယူဆရသည်။ တံတိုင်းဟောင်းကြီးများ၊ စကြံလမ်းကြီးများ၏ အစိတ်အပိုင်း အချို့ကို တွေ့ရှိရသေးသဖြင့် ရှေးက လွန်စွာ စည်ကား ခမ်းနားကြီးကျယ်ခဲ့မည်ဟု မှန်းဆရသည်။ သက္ကရာဇ် ၅၃၆ ခုနှစ်မှာ ဟံသာဝတီမင်း တိမုက္ခမဟိသ်ရာဇာမင်း လက်ထက် 'အခရိမ်' မြို့ကို တည်ထောင်ခဲ့ကြောင်း သိရသည်။

စေတီတံတိုင်းပတ်လည်တွင် အရံစေတီပြိုပျက်များ၊ ရုပ်ပွားရုပ်တု ပြိုပျက်များ၊ ဇရပ် တန်ဆောင်းပြိုပျက်များ ယခင်က တွေ့ရှိခဲ့ရသည်။ ယခုအခါ အတော်အသင့် ပြန်လည်ပြုပြင်ထားပြီး ပြုပြင်နေဆဲ တွေ့ရှိရပါသည်။ ဘုရားပရိဝုဏ်အတွင်း ဗောဓိညောင်ပင်ကြီးနှင့် အရိပ်ကောင်းသော သစ်ပင်ကြီးများလည်း ရှိသဖြင့် ပူပြင်းသော နွေကာလများတွင်ပင် အေးမြနေတတ်သည်။

မဟာသက္ကရာဇ် ၁၄၈ တွင် ဂေါတမဗုဒ္ဓ မြတ်စွာဘုရားသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုပြီး တေဇောဓာတ် လောင်ကျွမ်းစဉ် ဂဝံပတိ ရဟန္တာမထေရ်မြတ်က မြတ်စွာဘုရား၏ သွားတော်ဓာတ် တစ်ဆူကို ပင့်ဆောင်ယူခဲ့ပြီး သုဝဏ္ဏဘုမ္မိ သထုံပြည် (ယခု သထုံမြို့)၌ ထီးနန်းစိုးစံသော မဟာသီရိမာသောကမင်းကြီးကို သွားတော်ဓာတ် (၃၃)ဆူ ပွား၍ ပေးအပ်ခဲ့သည်။

မင်းကြီးကလည်း မိဖုရား (၃၃)ပါးကို တစ်ပါးလျှင် သွားတော်ဓာတ် တစ်ဆူစီ ဝေငှကာ စေတီတော်တစ်ဆူစီ၌ ဌာပနာ၍ ကိုးကွယ်စေခဲ့သည်။

စေတီငယ်များစု၍ တည်ထားခြင်းဖြစ်ပြီး အချို့က ယခု မြသပိတ်စေတီတော် တောင်ထိပ်တွင် ရှိခဲ့သည်ဟု ဆိုပြီး အချို့က ယခု ရွှေစာရံစေတီတော် အနီးမှာဟု ဆိုကြသည်။ နောင်အခါ သထုံပြည်ပျက်၍ စေတီတော်များလည်း တောဖုံးပျောက်ကွယ်ခဲ့ရသည်။



ကျိုက်အေးဆယ်စေတီတော် မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ဒေးဆယ်စေတီတော် ပရိဝုဏ်မှ နောင်တော်ကြီးစေတီတော်

သာသနာတော်နှစ် ၂၃၆ ခုနှစ်တွင် အနောက်မဇ္ဈိမဒေသမှ သာသနာပြု ရဟန္တာအရှင်သောဏမထေရ်နှင့် အရှင်ဥတ္တရမထေရ်တို့ ဦးဆောင်သော သာသနာပြု ရဟန္တာများ ဒုတိယသုဝဏ္ဏထုံပြည်သို့ ကြွရောက်လာကြသည်။ (ယခု ရက်ကန်းသည်မရွာ၊ ယခင် အယာသမ္ဘာရွာ ကေလာသတောင်စောင်း ဘီးလင်းမြို့အပိုင် မွန်ပြည်နယ်မှာ တိုက်ကုလားမြို့ဟောင်းကို မြို့ပြင်၍ ဒုတိယ သုမံ့ (သုဓမ္မဝတီ) မင်းနေပြည်မြို့တော်ဖြစ်ခဲ့သည်။)

ထိုရဟန္တာမထေရ်များက မြတ်စွာဘုရား၏ ဆံတော်ဓာတ်၊ သွားတော်ဓာတ်များ ဌာပနာတည်ထားသော ရှေးဟောင်းစေတီ ဘုရားများကို တောချုံဖုံးလွှမ်းနေရာမှ ပြန်လည်ရှာဖွေ ဖော်ထုတ်ပေးခဲ့သည်။

ဒုတိယသုမံ့ပြည်၏ ဘုရင်အဖြစ် ထီးနန်းစိုက်ခဲ့သော ရာဇာဓောဇေ (ရှင်ဥသီရိမာသောက)မင်းက ရှေးဟောင်းစေတီတော်များကို ရာမညဒေသအလုံး၌ ပြန်လည်ပြုပြင်ပေးခဲ့သည်။

မြတ်စွာဘုရားရှင်၏ သွားတော်ဓာတ် (၁၃) ဆူကိုလည်း လက်အောက်ခံ မြို့စားမင်းများ၊ ဒေသ ဘကြီးအကဲများထံ ဝေငှပေးပြီး မိမိတို့မြို့ရွာဒေသမှာ သွားတော်ဓာတ်ဌာပနာ၍ စေတီတော်တစ်ဆူ တည်ထားကိုးကွယ်စေခဲ့သည်။

စေတီတော်များ အားလုံးကို တစ်ပြိုင်တည်း ထီးတော်တင်ခဲ့ရာ သာသနာတော်နှစ် ၂၃၈ ဟု မှတ်တမ်းဟောင်းအချို့တွင် ဖတ်ရှုလေ့လာခဲ့ရပါသည်။ ထိုခေတ်က တိုက်စေတီအဖြစ်သာ တည်ထားခဲ့ခြင်းဖြစ်သည်။

ဦးသက်တင် (ရွှေမော်ဓော ပြန်တည်ရေး အစိုးရကိုယ်စားလှယ်) လက်ထက် ပြင်ဆင်ဖြည့်စွက်ရေးသားသော မြန်မာ့ယဉ်ကျေးမှုစာစဉ် အမှတ်(၁) ရွှေမော်ဓောသမိုင်းစာအုပ် ၁၉၅၄ ခု၊ မတ်လထုတ်၊ စာမျက်နှာ ၂၄ နှင့် ၂၅ တို့တွင် အောက်ပါအတိုင်း ဖော်ပြထားသည်။

"အရပ်သုံးဆယ့်သုံးတွင် တိုက်စေတီ သုံးဆယ့်သုံးကိုတည်၍ သွားတော်ဓာတ် သုံးဆယ့်သုံးကို ပူဇော်ထားသော စာရင်းမှာ သထုံစေတီဝင်အရ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| (၁) | သထုံမြို့ဟောင်း | ကေလာသစေတီ (ကေလာသတောင်ထိပ်) |
| (၂) | သထုံမြို့သစ် | ရွှေဇာရံစေတီ |
| (၃) | ဇုတ်သုတ်မြို့ | ဇုတ်သုတ်စေတီ |
| (၄) | ယပ်မားမြို့ | ကျိုက်ယပ်မား |
| (၅) | စစ်တောင်းမြို့ | ကျိုက်ကလံဗန် |
| (၆) | စရစ်မြို့ (ဘီးလင်းနယ်) | ကျိုက်စရစ် |
| (၇) | သလွန်မြို့ | ကျိုက်သလွန် |
| (၈) | သူရဲမြို့ | ကျိုက်သူရဲ |
| (၉) | ကျောက်မော်မြို့ | ကျိုက်တလင် |
| (၁၀) | ကျောက်ပြာမြို့ | ကျိုက်မောထွတ် |
| (၁၁) | ကောလိယ | ကျိုက်မုခလ |
| (၁၂) | မောရဋ္ဌယ | ကျိုက်မုပွန် |
| (၁၃) | ဒင်မဲ(ဒိန်မယ်) | ကျိုက်ခွက် |
| (၁၄) | အခရိမ် | ကျိုက်နုတ် |
| (၁၅) | ကမော့ဒွတ် | ကျိုက်မုခိုင် |



www.burmeseclassic.com

www.burmeseclassic.com

| | | |
|---|---|---|
| (၁၆) | ဇုတ်ကနုတ် | ကျိုက်ဇုတ်ကနုတ် |
| (၁၇) | မော်လမြိုင် | ကျိုက်သလွံ |
| (၁၈) | ခမောင်နုတ်(ဘီလူးကျွန်း) | ကျိုက်မူးနန်း |
| (၁၉) | ဇာသပြင် | ကျိုက်ပိုင်ကြုံ |
| (၂၀) | မုတ္တမ | ကျိုက်တမော့ (မြသိန်းတန်) |
| (၂၁) | ကျိုက်ငေါ်မြို့ | ကျိုက်ငေါ် |
| (၂၂) | ကျိုက်ကာမြို့ | ကျိုက်ကာ |
| (၂၃) | ကျိုက်ရိုမြို့ | ကျိုက်ရို |
| (၂၄) | တင်စီမြို့ | ကျိုက်တင်စီ |
| (၂၅) | မုပ္ပလင်မြို့ | ကျိုက်သလုံ |
| (၂၆) | ဘီးလင်းမြို့ | သောဏုတ္တရစေတီ |
| (၂၇) | မိုးညက်မြို့ | ကျိုက်မိုးညက် |
| (၂၈) | မိုးနိုင်မြို့ | ကျိုက်မိုးနိုင် |
| (၂၉) | ကျိုက်ထိုမြို့ | ကျိုက်ထို |
| (၃၀) | မုက္ကဒူးမြို့ | ကျိုက်ကဒူး |
| (၃၁) | ကျိုက်ကော်မြို့ | ကျိုက်ကော် |
| (၃၂) | ရွှေဂွန်းမြို့ | လက်ခလစ်စေတီ |
| (၃၃) | မဓဝါမြို့ | မဓဝါစေတီ " |


အထက်ပါ စာရင်းအရ အမှတ်စဉ် (၁၄)တွင် 'အခရိမ် = ကျိုက်နုတ်' ဟု ဖော်ပြထားသော သွားတော်ဓာတ် စေတီတော်မှာ ယခု ကျွန်ုပ်ဆောင်းပါးတွင် ဖော်ပြပေးထားသည့် 'ကျိုက်ဒေးဆယ်' ပင်ဖြစ်ပါသည်။ နှစ်ပေါင်းထောင်ချီ ကြာမြင့်သော်လည်း ဒေသနာမည်အခေါ်လည်း မပျောက်၊ ဘုရားစေတီလည်း မပျောက် တည်တံ့ခိုင်မြဲနေခြင်းကပင်လျှင် ဤဘုရားစေတီ၏ ဘုန်းတန်ခိုး ကြီးမားခြင်းကို ဖော်ညွှန်းနေခြင်းပင်တည်း။

အကြောင်းသင့်၍ ဖော်ပြပေးလိုသည်မှာ ဝါးရုံစွန်းရွာ ရွှေဘုံသာကျောင်းဆရာတော် ချီးမြှင့်ပေးခဲ့သည့် မြတ်စွာဘုရား၏ သွားတော်ဓာတ် ဌာပနာထားသော ကျိုက်ငုတ် 'ကျိုက်ဒေးဆယ်' စေတီတော်မြတ်ကြီးသမိုင်း စာအုပ်ကို ဖတ်ရှုကြည့်သောအခါ ကျွန်ုပ်ကိုယ်တိုင် ကွင်းဆင်းသွားလာ လေ့လာချက်များနှင့် ကွဲလွဲမှုများ တွေ့ရသဖြင့် ဖြည့်စွက်ပြုပြင်ပေးလိုပါသည်။ စာအုပ်မျက်နှာဖုံးတွင် 'ကျိုက်ငုတ်' ဟု ဖော်ပြထားချက်အား 'ကျိုက်နုတ်' ဟု ဖော်ပြခြင်းဖြင့် အမှန်ဖြစ်စေပါမည်။ ထို့ပြင် ထိုစာအုပ်၏ စာမျက်နှာ (၂၆) မှာ မြတ်စွာဘုရား၏ သွားတော်ဓာတ် (၃၃) ဆူအနက် ရှာဖွေတွေ့ရှိပြီးသော စေတီများတည်ရှိရာ မြို့ရွာများ ခေါင်းစဉ်အောက်တွင်-

'ကျိုက်မော့ထွတ်စေတီ'

'ရွှေကျင်မြို့နှင့် ကျောက်ကြီးကြား ကျောက်မော်မြို့တွင် ရှိပါသည်။' ဆိုသောအပိုဒ် မှားနေသည်။ ရွှေကျင်မြို့နှင့် ကျောက်ကြီးကြား ရွှေကျင်မှ (၁၄)မိုင်ခန့်အကွာတွင် ကျောက်မော်မြို့ဟု ခေါ်တွင်သော ချုံနွယ်ဖုံးပိတ်နေသည့် ရှေးဟောင်းမြို့ပျက်ရှိသည်။

ထိုမြို့ပျက်နှင့် မလှမ်းမကမ်း ကုန်းမြင့်ပေါ်မှာ ရှေးက ကျိုက်တလင်းဟုခေါ်သော စေတီတော်ကြီးတစ်ဆူ ရှိရာ ယခုအခါ ကရင်ပြည်နယ်မှ မြိုင်ကြီးငူဆရာတော် ဦးသုမန ဦးဆောင်၍ ပြန်လည်ပြုပြင်ထားကြောင်း ဖူးတွေ့ရသည်။



ရွှေဘုံသာကျောင်းတိုက် မုခ်ဦး



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့မှ (၁၁) မိုင်ခန့် အကွာတွင် ရှေးအခေါ် 'ကျောက်ပြားယော်'ဆိုသော မြို့ဟောင်းရှိသည်။ နောင်အခါ မြေပုံတွင် 'ကြောင်ပြာရွာ' ဟု ဖော်ပြထားသည်။ ထိုရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာ ပဲခူးရိုးမတောင်ခြေတွင် မွေတော်ဟုခေါ်သော ရွာဟောင်းရှိသည်။ ထိုရွာ၏ အရှေ့ဘက်တောင်ကုန်း နှစ်ကုန်းပေါ်တွင် စေတီတော်ကြီး တစ်ဆူစီကို ဖူးတွေ့ရသည်။

မွန်ဘာသာအရ တောင်ကုန်းကြီးပေါ်မှ စေတီတော်ကို 'ကျိုက်တမော့နွတ်' ဟုခေါ်ပြီး တောင်ကုန်းငယ်ပေါ်မှ စေတီတော်ကို 'ကျိုက်တမော့တွတ်' ဟုခေါ်သည်။ ထို့ကြောင့် ကျိုက်မော့ထွတ်မှာ တောင်ကုန်းငယ်ပေါ်မှ စေတီတော်ပင် ဖြစ်ပါသည်။ 'ကျောက်စွန်းငယ်ဘုရား'ဟု မြန်မာလို အဓိပ္ပာယ်ပြန်ဆိုနိုင်သည်။ ယခုအခါ မြိုင်ကြီးငူဆရာတော် ဦးဆောင်ပြီး ပြန်လည်ပြုပြင်ကာ ကရင်တိုင်းရင်းသား (ဒီကေဘီအေ)အဖွဲ့များ စောင့်ရှောက်လျက်ရှိသည်။

စာအုပ်၏ စာမျက်နှာ (၂၇)တွင် . . .


'ကျိုက်မုခိုင်စေတီ'

'ဘီးလင်းမြို့နယ် ကမော့ဒွတ် ကော့ကဒွတ်ရွာရှိ ရွှေဘုံသာစေတီ' ဆိုသည့်အချက်သည်လည်း မှားယွင်းနေပါသည်။ အမှန်မှာ ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ်ရှိ မိုးခိုင်ကြီးဟုခေါ်သော ကျေးရွာတွင် ဒေသခံများက 'ကျောက်စွန်းကြီးဘုရား' ဟုခေါ်သော ရှေးဟောင်းစေတီပြို ပရိဝုဏ်ရှိပါသည်။

'စစ်ကဲတော်မင်း မောင်ရွှေနော်' ရေးသားပြုစုသည့် မွန်ရာဇဝင်နှင့် စေတီတော်သမိုင်း ပေါင်းချုပ် စာအုပ်အရ စာမျက်နှာ (၅၁-၅၂)တို့မှာ ဖော်ပြထားရာ မူးခိုင်ကြီး၊ မူးခိုင်ကလေးရွာမှာ ကျောက်တောင်အစွန်းကြီး၊ အစွန်းကလေးတို့ပေါ်၌ သွားတော်ဓာတ် တစ်ဆူစီ ဌာပနာ၍ စေတီတော် တစ်ဆူစီ တည်ထားကိုးကွယ်ပြီး 'ကျိုက်မူးကမော့နွတ်' 'ကျိုက်မူးကမော့တွတ်' ဟု ဘွဲ့အမည်ခေါ်ကြောင်း။

မြန်မာပြန်သော် 'ကျိုက်ကာဘုရား'၊ မူးက အစွန်း၊ ကမော့က ကျောက်၊ နွတ်က ကြီး၊ 'ကျောက်စွန်းကြီးဘုရား' ဆို၏ဟု ဖော်ပြထားချက်အရ မွန်ဘာသာအရ 'ကျိုက်မူးကမော့နွတ်' မြန်မာလို 'ကျောက်စွန်းကြီးဘုရား' ဖြစ်သည်။ အတိုကောက်အားဖြင့် 'ကမော့နွတ်' ကို နအက္ခရာနှင့် ဒ အက္ခရာ စာလုံးမှားသဖြင့် 'ကမော့ဒွတ်' ဟု အႏ ဘ်မှားခြင်းသာ ဖြစ်သည်။ ယခုခေတ်အခေါ် 'မိုးခိုင်ကြီး' ကျေးရွာမှာ ရှေးက 'ကျိုက်မုဟ်ခိုင်' (ကျိုက်မုခိုင်) ဆိုသော မြို့တမျှ စည်ကားသည့် ဆိပ်ကမ်းရွာကြီးတစ်ရွာ ဖြစ်ပါသည်။

ကျိုက်ဒေးဆယ် စေတီတော်မြတ်ကြီးသမိုင်း စာအုပ် စာမျက်နှာ(၂၇) အောက်ပိုင်းတွင် "'ကျိုက္ကသာစေတီ' ကျိုက္ကသာမြို့၊ အပ်သားရွာတွင် တည်ရှိပါသည်။ 'ကျိုက်ခနုံ'စေတီ



ကျိုက်ဒေးဆယ်စေတီတော် ပရိဝုဏ်မှ တောဝိညောင်ပင်ကြီး

ဘွဲ့တော်ဖြင့် တည်ရှိနေပါသည်" ဆိုသော စာသားမှာလည်း အနည်းငယ် ပြုပြင်ရန်လိုသည်။ ယခုခေတ် ကျိုက်ထိုမြို့နယ် ကျိုက္ကသာကျေးရွာတွင် 'ကျိုက်ခနုံ' ဟူသော ဘွဲ့မည်ဖြင့် တည်ရှိခြင်းဖြစ်သည်။ (အပ်သားရွာ မရှိတော့ပါ။)

ထိုသမိုင်းစာအုပ်၏ စာမျက်နှာ (၂၈)မှာ 'ကျိုက်ခလံစ်စေတီ' ရွှေဂွန်းမြို့တွင် တည်ရှိပါသည်' ဆိုသော စာသားမှာလည်း ပြုပြင်ရန် လိုပါသည်။ ပြည်တော်သာဦးထွန်းရီ ရေးသော 'ပါဒနိုင်ငံတော် ရာဇဝင်နှင့် ရုပ်ပွားစေတီတော်များသမိုင်း' စာအုပ် စာမျက်နှာ (၇၂)မှာ ယခုခေတ် 'ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းစေတီတော်' ကျောက်တန်းရေလယ်ဘုရားကို ရှေးက 'ဂွမ်းမြို့ ကျိုက်မျှော်ကလော့စေတီ' ဟု ရေးထားသည်။

ရှေးဟောင်းဘွဲ့အမည်မှာ 'ကျိုက်လက်ခလို့' ဖြစ်ရာ မွန်ဘာသာ အရေးအသား အခေါ်အဝေါ်ကို မြန်မာလို ပြန်ရေးရာ၌ အသံထွက်လွဲခြင်းသာ ဖြစ်သည်။ ရွှေဂွန်းမြို့ ကျိုက်လက်ခလစ်စေတီမှာ ယခုခေတ် ကျောက်တန်းမြို့ ကျိုက်မှော်ဝန်းစေတီ ကျောက်တန်းရေလယ်ဘုရားပင် ဖြစ်ပါသည်။

ကျိုက်ဒေးဆယ်စေတီတော်မြတ် သမိုင်းစာအုပ် စာမျက်နှာ (၂၈)တွင်ပင် အလယ်လောက်၌ 'ကျိုက်စရစ်'စေတီ ဘီးလင်းမြို့နယ်တွင် တည်ရှိခဲ့ကြောင်းဟု ဖော်ပြထားသည်။



www.burmeseclassic.com

www.burmeseclassic.com

**နှစ်ပေါင်းထောင်ချီကြာမြင့်သော်လည်း**
**ဒေသနာမည်အခေါ်လည်းမပျောက်၊**
**ဘုရားစေတီလည်းမပျောက်**
**တည်တံ့ခိုင်မြဲနေခြင်းကာပင်လျှင်**
**ဤဘုရားစေတီ၏**
**ဘုန်းတန်ခိုးကြီးမားခြင်းကို**

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

တည်နေရာ အတိအကျမသိရသေးသော သွားတော်ဓာတ် (၃၃) ဆူဓာတ် စေတီတော်များ စာရင်းတွင် ဖော်ပြထားသဖြင့် ကျွန်ုပ်ကိုယ်တိုင် ရှာဖွေတွေ့ရှိချက်အရ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့အပိုင် ဒုံဇရစ်ကျေးရွာအနီး စစ်တောင်းမြစ်ကမ်းဘေးမှာ ယခင်မြို့ဟောင်းပျက်ကြီး ဖြစ်သည်။

ထိုမြို့ဟောင်းပျက်အနီးမှာ 'ကျိုက်မုသလင်း' ဘွဲ့အမည်ရှိသော စေတီတော်မှာ 'ကျိုက်စရစ်' စေတီတော် ဖြစ်ပါသည်။

ထိုသမိုင်းစာအုပ် စာမျက်နှာ (၂၈)မှာပင် 'ကျိုက်သလွန်' စေတီ၊ 'ကျိုက်သူရဲ' စေတီ၊ 'ကျိုက်တလင်း' စေတီတို့ကို ဖော်ပြထားပါသေးသည်။ ကျွန်ုပ်၏ ရှာဖွေတွေ့ရှိချက်အရ ယခုခေတ် ခနုဖြူမြို့ (ဧရာဝတီတိုင်းဒေသကြီး) မှာ ရှေးက မွန်ဘာသာဖြင့် 'ကျိုက်သလွန်' ဟုလည်းကောင်း၊ 'ကျိုက်သလွန် မွန်ဒေါင်းဖြူ' ဟုလည်းကောင်း၊ 'ဒေါင်းဖြူ' ဟုလည်းကောင်း အဆင့်ဆင့်ပြောင်းလဲ ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်သည်။ ထို့ကြောင့် ခနုဖြူမြို့ ကျိုက္ကလွန်ပွန်းစေတီတော်မှာ 'ကျိုက်သလွန်' ခေါ်သော သွားတော်ဓာတ်စေတီတော်ဖြစ်သည်။

ထို့အတူ ရှေးခေတ်က ပုသိမ်မြို့၏ မြို့ရံ (၃၂)မြို့တွင် 'ကျိုက်သူရဲ' မြို့ ပါဝင်သည်။ မွန်ဘာသာအရေးအသား 'ကျာ်သရဲ' ဖြစ်သည်။ ကျာ် = ကျိုက် = ဘုရား စေတီ၊ သရဲ = သူရဲ = သူရဲကောင်း၊ ထို့ကြောင့် သူရဲကောင်းဘုရားဟု ဘွဲ့အမည် အဓိပ္ပာယ်ရသည်။ ယခုခေတ် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အပိုင် မော်တင်စွန်းဘုရားဟု လူသိများသော စေတီတော်ပင် ဖြစ်ပါသည်။

ကျိုက်တလင်းစေတီတော်မှာ ရှေးအခေါ် ကျောက်ပြာမြို့တွင် တည်ရှိခဲ့ကြောင်းဟု ဖော်ပြချက် မှားပါသည်။ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နှင့် ကျောက်ကြီးမြို့ ဆက်သွယ်ထားသော မော်တော်ကားလမ်းအတိုင်း ရွှေကျင်မြို့မှ (၁၄)မိုင်ခန့်ကွာသော ကျောက်မော်မြို့ဟောင်းအနီးရှိ ဒေသအခေါ် 'ကျောက်မော်ဘုရားကြီး' မှာ ယခင် 'ကျိုက်တလင်း' ပင်ဖြစ်ပါသည်။

ကျိုက်ဒေးဆယ်စေတီတော်မြတ် သမိုင်းစာအုပ်တွင် စာမျက်နှာ (၂၉)ထိပ်ဆုံးတွင် 'ကျိုက်ခွက်' စေတီ၊ ရှေးအခေါ် ဒိန်မယ် 'ဒင်မ'မြို့တွင် တည်ရှိခဲ့ကြောင်းဟု ဖော်ပြထားရာ ယဥ်ကျေးမှုဝန်ကြီးဌာနမှ ထုတ်ဝေခဲ့သော ကောင်းကင်ဓာတ်ပုံများမှ မြန်မာ့ရှေးဟောင်းမြို့တော်များစာအုပ် စာမျက်နှာ (၁၃၁)မြေပုံအရ ဒိန်းမဲမြို့မှာ ပဲခူးမြစ်၏ အရှေ့ဘက်ကမ်းကပ်လျက်တည်ရှိပြီး ဖွဲ့ဆုံမြို့နှင့် မနီးမဝေးတွင်ရှိသည်။

ယခုခေတ် ကဝမြို့နယ် ဖလေးရွာအနီး ဖြစ်သည်။ ပဲခူးမြစ် ကွေးသောနေရာမှာ တည်ထားသောကြောင့် မြစ်ကွေးဘုရားဟု အဓိပ္ပာယ်ရှိသော မွန်ဘာသာအရေးအသား 'ကျာ်ကွေဝ်' ကို မြန်မာအသံထွက် 'ကျိုက်ခွက်' ဟုလည်းကောင်း၊ 'ကျိုက်ကဝ' ဟုလည်းကောင်း ခေါ်ကြခြင်းဖြစ်သည်။

ထိုမြို့ကို ဟံသာဝတီဘုရင် ရာဇာဓိရာဇ်၏ လက်ရွေးစင် သူရဲကောင်းတစ်ဦးဖြစ်သော 'မကော' အသံထွက် 'မတ်ကောင်း' အဓိပ္ပာယ် = မောင်ပန်းကို မြို့စားအဖြစ် ခန့်ထားရာမှ ထိုဘုရားကို 'ကျိုက်မကော' ဟုလည်းကောင်း၊ ထိုမြို့ကို 'မကော'ဟုလည်းကောင်း ပြောင်းခဲ့ခေါ်ခဲ့ရာ ယခုအခါ 'ကျိုက်မတ်ကော်' ဟူ၍ ကမ္ပည်းရေးထိုးထားပါသည်။ ကျောက်ဆောင်ရွာ ပဋ္ဌာန်းဆရာတော် ဦးသုန္ဒရမှ ဦးဆောင်ပြီး ပြန်လည်ပြုပြင်ထားခြင်း ဖြစ်သည်။

ကျိုက်ဒေးဆယ် စေတီတော်မြတ်သမိုင်း စာအုပ် စာမျက်နှာ (၂၉)အောက်ပိုင်းမှာ 'ကျိုက်မိုးနိုင်'စေတီမှာ ယခုခေတ် ကဝမြို့နယ် မိုးဂနိမ်းရွာရှိ 'ကျိုက်မုခနိမ်'စေတီတော် ဖြစ်ပါသည်။ မွန်ဘာသာအရေးအသားကို မြန်မာလိုအသံထွက် မမှန်ခြင်းကြောင့် အရေးအသား အနည်းငယ်လွဲနေခြင်း ဖြစ်သည်။ မွန်ဘာသာအရ အစွန်အဖျားက ပျဉ်းမပင်ဘုရားဟုခေါ်သည်။ (မုပ်ာ = အစွန်အဖျား၊ ခနိမ်း = ပျဉ်းမပင်)

ထိုစေတီဘုရား ပြိုပျက်ကြီးကိုလည်း ကျောက်ဆောင်ရွာ ပဋ္ဌာန်းဆရာတော် ဦးသုန္ဒရမှပင် ဦးဆောင်ပြုပြင်ပေးထားသည်။

'ကျိုက်ဒေးဆယ်' စေတီတော်မြတ်မှာ မြန်မာပြည်အောက်ပိုင်းတွင် ထင်ရှားကျော်ကြားသော တန်ခိုးကြီးစေတီဘုရားများနှင့် ဆက်စပ်နေသော ရှေးဟောင်းစေတီတော်ကြီးတစ်ဆူ ဖြစ်သည့်အပြင် ဂေါတမဗုဒ္ဓ မြတ်စွာဘုရားရှင်၏ သွားတော်ဓာတ် (၃၃)ဆူမှ တစ်ဆူကို ဌာပနာ၍တည်ထားသော တန်ခိုးကြီးစေတီတော်လည်း ဖြစ်ပါသည်။

သွားလာရေး လွယ်ကူပြီး လမ်းကလည်း ကောင်းမွန်သဖြင့် စာဖတ်ပရိသတ်များ တစ်ခါတစ်ခေါက် သွားရောက်ဖူးမြော် အမှီဌာန်ဝင်နိုင်ကြစေရန် လမ်းညွှန်တင်ပြပေးလိုက်ရခြင်း ဖြစ်ပါသည်။

**ဆရာကြီး ဦးအောင်မြိုင်**

□


www.burmeseclassic.com

www.burmeseclassic.com



# HK DISNEY LAND

# ဟောင်ကောင် ဒစ္စနေကစားကွင်းသို့

ဉာဏ်ပွင့်(စက်မှု)

(ခင်လမှအဆက်)

"မင်္ဂလာပါ ညီလေး"

"မင်္ဂလာပါ၊ ဒီတစ်ခေါက်တော့ ဟောင်ကောင် Disney Land အကြောင်း ပြောပြမယ်၊ လူငယ်တွေတော့ ပြီး စိတ်ဝင်စားမယ်ထင်တယ်၊ ကျွန်တော်လဲ ကစားကွင်းဆို တော့ ကြားကြားချင်းတော့ သိပ်စိတ်မဝင်စားဘူး၊ ကျွန်တော်က ဗဟုသုတ ရစရာ နေရာတွေကို ပိုပြီးစိတ်ဝင်စားတယ်။

Disney Land ရောက်တော့လဲ မဆိုးပါဘူး၊ ကလေး လူငယ် လူကြီး အားလုံး စိတ်ဝင်စားအောင် ဖန်တီးထားတယ်၊ ကျွန်တော်လဲ လူငယ်တွေနဲ့ ခင်ကစားရင်း မသိမသာနဲ့ ကစားနည်း မျိုးစုံအောင် ကစားဖြစ်သွားတယ်၊ ဒါကြောင့် ကမ္ဘာ့ ဒုတိယအကောင်းဆုံးလို့ ပြောကြတာကိုး"





www.burmeseclassic.com

www.burmeseclassic.com



မြန်မာ Guide နှင့် အလံကိုင်ထားသော ဟောင်ကောင် Guide









ဓာတ်ပုံရိုက်ကြသူများနှင့် စည်စည်ကားကား

"နံပါတ် တစ်ကတော့ အမေရိကန်နိုင်ငံက ထင်တယ်"


"ဟုတ်တယ်၊ ဒီလိုပဲ တင်စားကြတာပါ။ ဟောင်ကောင် Disney Land ကို ဟောင်ကောင်ကျွန်းကနေ ရေအောက် လိုဏ်ခေါင်းကတစ်ဆင့် သွားရတာ၊ ရေအောက်လိုဏ်ခေါင်း လို့သာ ပြောရတယ်၊ မြေပြင်ပေါ်မှာ ကားစီးရသလိုပါပဲ၊ လိုဏ်ခေါင်းထဲဝင်ပြီး ဟိုဘက်လဲ ပြန်ထွက်ရော တစ်ဖက် ကျွန်း ရောက်နေပြီ။

Disney Land ဝင်ဝင်ချင်း ဆီအုန်းပင်တွေ တန်းစီစိုက် ထားတာ တွေ့ရတယ်၊ ဆီအုန်းပင်တွေကိုလဲ သေသေချာချာ အတန်းလိုက် စိုက်ထားတော့ လှသားပဲ။

ဟောင်ကောင် Guide ကလဲ တက်ကြွနေတာပဲ၊ သူတို့ ရဲ့ Disney Land ကို ကြွားရမယ်ဆိုပြီး၊ ကျွန်တော်တို့ မြန်မာ Guide ကိုမင်းထွဋ်ကတော့ ဆော့မယ်ဆိုတာချည်းပဲ၊ အားလုံး က သူ့ကို ကြိုက်ကြတယ်၊ တကယ်တော့ ကိုမင်းထွဋ်က နိုင်ငံ ခြားသားတွေကို မြန်မာပြည်တွင်း လိုက်ပြရတဲ့ Inbound Guide ပဲ၊ မိုးတွင်းမှာ အလုပ်ပါးလို့ Outbound Guide လုပ်တာ၊ New Motion ခရီးသွားကုမ္ပဏီကလဲ ကောင်းပါ တယ်၊ ဒီခရီးမတိုင်ခင် ကိုမင်းထွဋ်ကို ဟောင်ကောင်လေ့လာ ရေး အရင်လွှတ်ပြီးမှ ကျွန်တော်တို့အဖွဲ့ကို Guide လုပ်ခိုင်း တာ၊ New Motion ကုမ္ပဏီကတော့ ပိုက်ဆံများများယူ Service ကောင်းကောင်းပေးတဲ့ သဘောပဲ၊ ပိုက်ဆံ သုံးနိုင် တဲ့သူတွေကတော့ Service ကောင်းတဲ့ ကုမ္ပဏီနဲ့ပဲ သွားကြ မှာပဲ"

www.burmeseclassic.com

www.burmeseclassic.com









ကြည်နူးဖွယ် နေရာလေးများ



Main Street U.S.A လမ်းမကြီးတစ်ဖက်တစ်ချက်အဆောက်အအုံများ

"ပိုက်ဆံနည်းနည်းယူပြီး ရောက်ဖူးရုံ လိုက်ပြတဲ့ ခရီးသွား ကုမ္ပဏီတွေလဲ အလုပ်ဖြစ်နေတာပဲ၊ သူ့အိုးနဲ့ သူဆန်ပေါ့"


"ဟောင်ကောင် Guide က ဝင်ခွင့်လက်မှတ် စီစဉ်ပေးပြီး ဆုံမှတ်နေရာကို ပြပြီးတော့ ညမှ ပြန်လာကြိုမယ်ဆိုပြီး ပြန်သွားတယ်၊ အဲဒီမှာ ကျွန်တော်တို့ အဖွဲ့ဝင်အချို့ အခက်အခဲ ဖြစ်ကြတယ်၊ တချို့က ကားပေါ်ပြန်တက်ရမယ်ထင်ပြီး အထုပ်တွေ သယ်လာတယ်၊ တချို့က ခေါင်းအုံးတွေတောင်ပါတယ်၊ ဒါတွေကို တစ်နေကုန် သယ်ရတော့မယ်ဆိုတော့ မလွယ်ဘူးပေါ့၊ ဒါနဲ့ အထုပ်အပ်ဖို့နေရာ လိုက်ရှာရတယ်၊ တွေ့တော့လဲ တော်တော်ဈေးကြီးတယ်၊ မတတ်နိုင်ဘူး၊ သူတို့လဲ အပ်ကြရတာပဲ၊ အဲဒါနဲ့ ဟောင်ကောင် Guide ကို မေတ္တာတွေ ပို့ကြတယ်၊ ကျွန်တော်ကတော့ အရင်ကတည်းက ကျောပိုးအိတ် လွယ်တဲ့သူဆိုတော့ အဆင်ပြေပါတယ်"

"ခရီးသွားရင် ကျောပိုးအိတ်တို့၊ ခါးလွယ်အိတ်တို့က အလုပ်ဖြစ်တယ် ငါ့ညီ"

"ဟုတ်တယ်၊ အိတ်သေးသေး တစ်လုံးလောက်တော့ ပါမှ၊ ပိုက်ဆံထည့်ရ၊ ကင်မရာထည့်ရ၊ အကျီအပို တစ်ထည်လောက်လဲ ထည့်ထားမှ၊ ကျွန်တော်တို့အဖွဲ့လဲ အထုပ်အပ်ပြီး Disney Land ထဲ ဝင်ခဲ့တယ်၊ အဝင်လမ်းကိုက တော်တော်ရှည်တယ်၊ ဓာတ်ပုံရိုက်တဲ့သူတွေက လမ်းတစ်လျှောက်မှာ တစ်ထောကြီးပဲ၊ ဓာတ်ပုံရိုက်ပေးပါဆိုလို့ မသိကျွမ်းဘဲ

www.burmeseclassic.com

www.burmeseclassic.com



ခုံခုံညားညား Mickey Mouse ရဲ့တိုက်ကြီး





ရိုက်ပေးရတာတောင် လေး၊ ငါးဖွဲ့လောက် ရှိတယ်၊ လမ်းတစ်လျှောက် ထိုင်နားဖို့ ခုံလေးတွေရှိတယ်၊ အပန်းဖြေဖို့ သေချာစီစဉ်ပေးထားတယ်၊ သက်ကြီးရွယ်အိုတွေကို လိုက်ပို့ကြတဲ့ မိသားစုတွေလဲ များတယ်"

"မိဘတွေကို ပြန်လည်စောင့်ရှောက်ပြီးသားလဲဖြစ်၊ ကိုယ့်ရဲ့သားသမီးတွေကို သင်ပြီးသားလဲဖြစ်တော့ ကောင်းတာပေါ့၊ အစ်ကိုဖတ်ဖူးတဲ့ စာပိုဒ်လေးတစ်ပိုဒ် ရှိတယ်၊ 'သားသမီးတွေကို မိဘတွေ ပြောမထွက်တဲ့ စကားတစ်ခွန်းရှိတယ်၊ အဲဒါကတော့ အဖေ၊ အမေတို့ အသက်ကြီးပြီ၊ အဖေ၊ အမေတို့ကို ပြန်ကြည့်ပါဦး' ဆိုတဲ့ စကားလေးပဲ၊ အဲဒါ Disney Land နေရာလေးကတော့ မိဘကျေးဇူး ဆပ်ခွင့်ရအောင်လဲ စီစဉ်ပေးထားသလို ဖြစ်တာပေါ့။

ကိုယ်တို့ မြန်မာနိုင်ငံမှာလဲ သက်ကြီးရွယ်အိုတွေလဲ စိတ်အပန်းဖြေ၊ ကလေးတွေလဲ စိတ်ဝင်စားနိုင်တဲ့ Disney Land လို နေရာတွေ စီစဉ်သင့်တယ်၊ ခုဟာက မိဘတွေက ဘုရားသွားချင်၊ ကလေးတွေက ပန်းခြံသွားချင်၊ အလယ်က လူက ဗျာများတာပေါ့"

"တိုင်းပြည် ဖွံ့ဖြိုးချမ်းသာလာရင်တော့ ဒါမျိုးတွေ တဖြည်းဖြည်းတော့ ဖြစ်လာမှာပါ၊ ကျွန်တော်တို့နိုင်ငံလဲ ဒီမိုကရေစီ လမ်းကြောင်းပေါ် လျှောက်နေပြီပဲလေ၊



www.burmeseclassic.com

www.burmeseclassic.com





အလှပြယာဉ်များ

ဘွန်တော်လဲ အစ်ကို့လိုပဲ စာပိုဒ်လေးတစ်ခု သတိရမိတယ်။

'တိုင်းပြည်အုပ်ချုပ်ရေး စနစ်များအနက် ဒီမိုကရေစီစနစ်သည် အခက်ခဲဆုံး ဖြစ်လေသည်၊ ဒီမိုကရေစီ အောင်မြင်ရန် ပြည်သူ ပြည်သားတို့သည် အသိဉာဏ်ပညာနှင့် ဆင်ခြင်တုံတရား လုံလောက်အောင် ရှိကြရမည်၊ အသိဉာဏ်ကင်းမဲ့သော နိုင်ငံတွင် ဒီမိုကရေစီစနစ်သည် ဗရုတ်သုတ်ခတိုသာ ဖြစ်စေလိမ့်မည်' ဆိုတဲ့ ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ဟောင်း ဦးသန့်ရဲ့ စာပိုဒ်လေးပဲ။

အောင်မြင်ဖို့ဆိုတာ အပေါ်ယံလုပ်ရုံနဲ့ မရဘူး၊ အခြေခံကစပြီး လုပ်ရမယ်"

"ဟုတ်ပါရဲ့၊ ဟောင်ကောင်ကလဲ အခြေခံကစပြီး ပြင်ဆင်လာတယ်လို့ ညီလေးပဲ ပြောတာ မှတ်ထားဖူးတယ်၊ ဒါနဲ့ Disney Land အကြောင်းလေး ဆက်ပါဦး"

"Hong Kong Disney Land Resort မုခ်ဦးကြီးကို ကျော်လိုက်တာနဲ့ Mickey Mouse အရုပ်လေးနဲ့ ရေပန်းကြီးကို တွေ့လိုက်ရတယ်၊ ရေပန်းကြီးကလဲ လှလိုက်တာ၊ ဝေလငါးကြီးက မှုတ်ထုတ်လိုက်လို့ ဖြစ်လာတဲ့ ရေပန်းကြီးပေါ်မှာ Mickey Mouse လေးက စကိတ်စီးပြီး ဆော့နေတဲ့ ရေပန်းကြီးပဲ၊ ဓာတ်ပုံရိုက်ဖို့တောင် တန်းစီနေရတယ်၊ သစ်ပင်ကြီး၊ သစ်ပင်လေးတွေ စိုက်ထားတာကလဲ သူ့နေရာနဲ့သူ ပနံသင့်နေတယ်။

လက်မှတ်ဖြတ်တဲ့ နေရာကို ကျော်လိုက်တာနဲ့ Mickey Mouse ရဲတိုက်အိမ်ကြီး တွေ့ရတယ်၊ ရဲတိုက်ကြီး



စားသောက်ဆိုင်တွင် စကားဝိုင်းဖွဲ့နေကြစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ပုံတွဲရိုက်ခံသည့် ကာတွန်းမယ်လေးများ


ရှေ့မှာလဲ ပန်းခြံကြီး ရှိတယ်၊ ပန်းတွေနဲ့ ပုံဖော်ထားတဲ့ Mickey Mouse ပန်းအရုပ်ကြီးလဲ ရှိတယ်၊ ဓာတ်ပုံရိုက်တဲ့လူတွေ များလွန်းလို့ ကျွန်တော်တို့လဲ ပြန်ထွက်မှပဲ ရိုက်ဖြစ်တော့တယ်၊ ပန်းနှံ့လေးတွေကလဲ သင်းနေတာပဲ၊ Mickey Mouse ကာတွန်း အသံလေးတွေကို စပီကာနဲ့ လွှင့်ထားတယ်၊ ကာတွန်းကားထဲ ရောက်သွားသလိုပဲ ခံစားရတယ်။

အဲဒီရဲတိုက်ကြီးထဲ ဝင်လိုက်တော့မှ တကယ့် Disney Land ထဲ ရောက်သွားတာ၊ ရောက်ရောက်ချင်းကတော့ ပင်မလမ်းမကြီး Main Street U.S.A ပဲ၊ တစ်ဖက်တစ်ချက်မှာ ရှေးဟောင်းအိမ်ကြီးတွေ ဆောက်ထားတယ်၊ အမေရိကားက အိမ်ပုံစံ၊ အနောက်တိုင်းနိုင်ငံတွေရဲ့ ရှေးအိမ်ကြီးတွေ၊ တရုတ်ရှေးအိမ်ကြီးတွေ အများကြီးပဲ၊ အဲဒီအိမ်ကြီးတွေက အမှတ်တရ ပစ္စည်းအရောင်းဆိုင်တွေ၊ ဓာတ်ပုံဆိုင်တွေ၊ စားသောက်ဆိုင်တွေ၊ မုန့်ဆိုင်တွေ၊ ကော်ဖီဆိုင်တွေပဲ၊ ရာစုနှစ် ၂၀ ကို နောက်ပြန်ရောက်သွားသလိုပဲ၊ အဲဒီလို စီးပွားရေးကို လာဘ်မြင်တာ"

"ကမ္ဘာသစ် တစ်ခုထဲကို ရောက်သွားသလို ခံစားရမှာပဲနော်"

"ဟုတ်တယ်၊ ပင်မလမ်းမကြီး Main Street U.S.A ကို ဖြတ်ပြီး အဆုံးမှာတော့ နန်းတော်ကြီးတစ်ခု ထပ်တွေ့ရတယ်၊ အရင်တွေ့ရတဲ့ ရဲတိုက်ကြီးတွေထက် ပိုပြီးတော့ အသက်ဝင်တယ်၊ လက်ရာမြောက်တယ်၊ ရေပတ်လည်နဲ့ ကျုံး







လမ်းမပေါ်မှာ အစွမ်းကုန်တင်ဆက်ကပြနေသော အလှပြယာဉ်များ

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာသစ်ကလေး New World



အလုပ်ပြယာဉ်ပေါ်မှ ဆပ်ကပ်ကျွမ်းဘား ပြနေသူများ


ခံထားတယ်၊ မြို့ရိုးတံခါး ချမပေးရင် ဝင်လို့မရအောင် ဆောက်ထားတာ၊ မြို့ရိုးတံခါးကို ချပေးထားတော့ အဲဒီကနေ ဝင်ရတယ်၊ Mickey Mouse နန်းတော်ကြီးပဲ။

နောက်တစ်နေရာကတော့ Fantasy Land နယ်မြေပဲ၊ အဲဒီနယ်မြေထဲ ဝင်တာနဲ့ ကျွန်တော်တို့အဖွဲ့ လိုက်ရှာတာက ဦးထုပ်အရောင်းဆိုင်ပဲ၊ တစ်နေ့လုံးနီးပါး လည်ရမယ်ဆိုတော့ နေပူထဲမှာ မချောင်ဘူးလေ၊ ဦးထုပ်လေးတွေကလဲ ချစ်စရာ လေးတွေပါ။ ကျွန်တော်ကတော့ Mickey Mouse ဦးထုပ် လေးတစ်လုံး ဝယ်တယ်၊ ဆောင်းလိုက်တော့ ကိုယ့်ကိုယ်ကိုယ် ပြန်ငယ်သွားသလိုပဲ၊ အဖွဲ့တွေလဲ အကောင်မျိုးစုံ ဦးထုပ် လေးတွေ ဝယ်ဆောင်းကြ[illegible]ယ်။

အရုပ်ကြီးတွေနဲ့ ဓာတ်ပုံတွဲရိုက်လို့လဲ ရတယ်၊ မြင်းစီး ရုပ်ကြီးတွေစီးတဲ့ ကစားဝိုင်း၊ ဆင်ရုပ်ကြီးတွေစီးတဲ့ ကစားဝိုင်း တွေ တွေ့တယ်၊ ဒါတွေကတော့ ကလေးတွေအတွက် အဓိက ထားတာပါ။ မျက်လှည့်ရုံတွေလဲ တွေ့တယ်၊ ကျွန်တော်တို့ကို Fantasy Land မှာပဲ နေ့လယ်စာ ထမင်းကျွေးတယ်၊ ကြိုက် တာ တစ်မျိုးယူ၊ ကူပွန်ဂျီပိုက်ဆံပေါ့၊ တချို့ဟင်းတွေက ကောင်းသလောက် တချို့ဟင်းတွေက ချာတူးလန်ပဲ၊ ထမင်း ကြော်ကလဲ မာတောင်နေတာပဲ၊ မနည်းစားရတယ်၊ [illegible] သောက်ဆိုင်မှာပဲ မမိုးကလဲ ဟာသတွေ ပြောသလား[illegible] သူ

www.burmeseclassic.com

www.burmeseclassic.com





လေကြောမိနေတာနဲ့ ဟင်းမကောင်းတာတောင် မေ့ပြီး ပျော်နေကြတယ်။

စားရင်းနဲ့ Show Time ပြချိန်ရောက်လို့ လမ်းပေါ်မှာ အလှပြကားတွေ တန်းစီအလှပြကြတယ်၊ မိုးပျံပူဖောင်းအလှပြကား၊ အင်းဆက်ပိုးကောင်ရုပ် အလှပြကား၊ ဘဲငန်းအလှပြကား၊ တောရိုင်းတိရစ္ဆာန် အလှပြကား၊ သရဲအလှပြကား အစုံပဲ၊ အစီး ၃၀ လောက်ရှိတယ်၊ လမ်းမပေါ်မှာလဲ ဝတ်စုံမျိုးစုံနဲ့ ကပြနေတဲ့လူတွေ၊ ဆပ်ကပ် ကျွမ်းဘား လုပ်ပြတဲ့လူတွေ၊ ကားပေါ်ကနေ ပုံစံမျိုးစုံ လုပ်ပြနေတဲ့လူတွေ အမျိုးမျိုးပဲ၊ Show Time က နာရီဝက်လောက်ပြတော့ စားသောက်ဆိုင်ကနေပဲ ကြည့်ကြတယ်၊ တစ်လမ်းလုံး ကြည့်တဲ့သူတွေ အပြည့်ဆိုတော့ လမ်းလျှောက်ဖို့လဲ မလွယ်ဘူး"

"Fantasy Land မှာပဲ ထမင်းစားရင်း Show Time ကြည့်တယ်ပေါ့"

"တိုက်ဆိုင်သွားတာပါ၊ Fantasy Land နယ်မြေထဲမှာ 4 D ရုပ်ရှင်၊ ဆင်စီး၊ မြင်းစီး ကစားနည်း၊ ဓာတ်ပုံရိုက်ခန်း ကမ္ဘာသစ် အသေးလေး၊ စတိတ်ရှိုးနဲ့ စားသောက်ဆိုင်တွေ ရှိတယ်၊ စားသောက်ဆိုင်ကနေ တော်တော်လေး ခပ်လှမ်းလှမ်းမှာ ကမ္ဘာသစ်အသေးလေး တွေ့ရတယ်၊ အဲဒီ Small World လေးက တော်တော်လှတယ်၊ အစွန်ဆုံးနေရာဆိုတော့ နောက်မှ သွားမယ်ဆိုပြီး မသွားဖြစ်တော့ဘူး။

နောက် 4 D ရုပ်ရှင်ကြည့်ဖြစ်တယ်၊ ဟောင်ကောင် 4 D ပြကွက်တွေက တော်တော်ကောင်းပါတယ်၊ ဒါပေမယ့် ပြချင်တာတွေကများတော့ စင်ကာပူ University Studio နဲ့ ဗန်ကောက် Dream World လောက် ကြည့်မကောင်းဘူး





Tomorrow Land နယ်မြေရှိ ၂၁ ရာစုပုံစံ သိပ္ပံဒီဇိုင်းဆန်းများ

www.burmeseclassic.com

www.burmeseclassic.com





ဒါပေမယ့် ကျွန်တော်ကတော့ နိုင်ငံခြားရောက်ရင် 4 D ရုပ်ရှင် မဖြစ်မနေ ကြည့်တယ်၊ ဒီမှာက 4 D မပီသေးဘူး"

"ဒီလောက်ကြီးလုပ်ထားတာတောင် အားသာချက် အားနည်းချက်တွေ ရှိသေးတာကိုး၊ ဟောင်ကောင် Disney Land အကြောင်းလေး စိတ်ဝင်စားလို့ ဆက်ပြောပါဦး"

"ကျွန်တော် ခုနက ပြောသလို Disney Land က ကျွန်းမှာ မဟုတ်ဘူး၊ Penny's Bay, Lantau Island ကျွန်းမှာ ရှိတာ၊ ရေအောက်လိုဏ်ခေါင်းကနေ ကားမောင်းသွားရတာ၊ ဟောင်ကောင် International Theme Parks အဖွဲ့က ပိုင်တယ်၊ ကျွန်တော် နောက်တစ်ခေါက်ကျရင် ပြောပြမယ့် Ocean Park ကိုလဲ အဲဒီအဖွဲ့က ပိုင်တယ်။

Disney Land ဟာ ၁၂. ၉. ၂၀၀၅ မှာမှ စဖွင့်တာ၊ နယ်မြေ ခုနစ်ခု ရှိတယ်၊ ဖွင့်ဖွင့်ချင်း နယ်မြေလေးခု ဗြ ကေနဲ့ စဖွင့်တာ၊ အဲဒီနယ်မြေလေးခုကတော့ . .

- Main Street U.S.A
- Adventure Land
- Fantasy Land
- Tomorrow Land

လေးခုပဲ၊ ၂၀၀၉ ခုနှစ်ကျမှ Donald Tsang, Chief Executive of Hong Kong က နောက်ထပ် နယ်မြေသုံးခု ထပ်ဖွင့်တယ်။

အဲဒီသုံးခုကတော့ . . .





Adventure Land နယ်မြေရှိ တောတွင်းသဘာဝ

www.burmeseclassic.com

www.burmeseclassic.com



- Toy Story Land
- Grizzly Gulch
- Mystic Point

နယ်မြေတွေပဲ၊ ခုဆိုရင် ၁၂၃ ဧကကျော်တောင် ဖြစ်နေပြီ"

"အားပါးပါး အကျယ်ကြီးပါလား"

"ဟုတ်တယ်၊ တစ်နေ့ကို လာလည်တဲ့သူ ပျမ်းမျှ သုံးသောင်းခွဲ ရှိတယ်၊ ဖွင့်ဖွင့်ချင်းနှစ်မှာ လာလည်တဲ့သူ ၅ ဒသမ ၂ သန်းရှိတယ်၊ ဒုတိယနှစ်ကျတော့ ၂၀ ရာခိုင်နှုန်း လျော့သွားပြီး လေးသန်းလောက်ပဲ လာကြည့်တယ်၊ တတိယ နှစ်ကျတော့ လေးသန်းခွဲ ပြန်တက်လာတယ်၊ အဲဒီလိုနဲ့ ကြိုးစားရင်း ၂၀၀၉ ခုနှစ်မှာ ၄ ဒသမ ၈ သန်းနဲ့ ၂၀၁၀ မှာ



၅ ဒသမ ၂၃ သန်းအထိ လာလည်ကြတယ်၊ ဒါတောင် ကမ္ဘာ့ ကစားကွင်းတွေထဲမှာ လာသူအများဆုံး နံပါတ် ၁၀ စာရင်း မဝင်ဘူး၊ ဒါပေမယ့် ဟောင်ကောင်ဒေါ်လာ ၁၀၉ သန်း မြတ်နေပြီ၊ အမေရိကန်ဒေါ်လာနဲ့ တွက်ရင်တော့ ၁၃ ဒသမ ၉၇ သန်းလောက် မြတ်တယ်၊ ဝင်ခကို နည်းနည်းဈေးမြှင့်ပြီး ကောင်းကောင်းလုပ်ထားတဲ့ သဘောပဲ၊ သူတို့ရဲ့ ရည်မှန်းချက်က တစ်နှစ်ကို လာလည်တဲ့သူ ၁၀ သန်းအထိဖြစ်အောင် ကြိုးစားမယ်တဲ့၊ သူတို့ရဲ့ မဖြစ်မနေ လုပ်မယ်ဆိုတဲ့ ဇွဲကိုတော့ ချီးကျူးတယ်"

"ရည်မှန်းချက်ဆိုတာ မြင့်မြင့်ထားပြီး မရောက်ရောက် အောင် ကြိုးစားတာကိုက အရသာပဲလေ၊ ကောင်းတဲ့သဘော ပဲ၊ ပြီးတော့ ငါ့ညီတို့ ဘယ်သွားကြသေးလဲ"





Adventure Land နယ်မြေရှိ အမေဇုန်တောတွင်း မြင်ကွင်းများ

www.burmeseclassic.com

www.burmeseclassic.com





မျက်စိမျက်နှာပျက်ပြီး နားချင်တယ်ဆိုလို့ စားသောက်ဆိုင် ထိုင်ဖြစ်ကြသေးတယ်။

စားသောက်ဆိုင်ကလဲ ဈေးကြီးသလားပဲ၊ ငါးပေါင်းကြော် နှစ်ခုနဲ့ အအေးတစ်ခွက်ကို မြန်မာငွေ တစ်သောင်းကျော် ကျတယ်၊ ဒါပေမယ့် အရသာက တော်တော်ကောင်းတယ်၊ ထိုင်ရတာ အမြတ်ပဲဆိုပြီး ထိုင်ကြတာ၊ အဲဒီတော့မှ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်မိကြတယ်၊ အလှပြင်ဆိုင်မိသားစု၊ ဆရာဝန်မိသားစု၊ ဆောက်လုပ်ရေးမိသားစု၊ အရောင်းအဝယ်မိသားစု၊ အင်ဂျင်နီယာမိသားစု အစုံပါပဲ၊ တော်တော်လေး ခင်သွားကြတယ်"

"နောက် Tomorrow Land နယ်မြေကို သွားကြတယ်၊ အာကာသယာဉ်မောင်း ကစားနည်း Stitch Encounter နဲ့ Space Traders ကစားနည်းတွေ သွားကြည့်သေးတယ်၊ Feel လာတာနဲ့ မဆော့တော့ဘူး၊ အဲဒီနယ်မြေက တခြားဂြိုဟ်ထဲရောက်နေသလိုပဲ၊ Space Mountain ကတော့ နာမည်ကြီးလို့ စီးဖြစ်တယ်၊ အာကာသ ROLLER COASTER ပဲ၊ စင်ကာပူမှာတောင် မရှိဘူး၊ အာကာသထဲမှာ ROLLER COASTER စီးရတဲ့ အရသာကတော့ ရှယ်ပဲ၊ ဂလက်စီကြယ်စင်တန်းတွေထဲ ရောက်သွားသလို၊ တွင်းနက်တွေထဲ ကျသွားသလိုဖြစ်အောင် လုပ်ထားတာ၊ အသည်းငယ်တဲ့လူဆို မလွယ်ဘူး၊ အဖွဲ့ထဲက ဆရာဝန်ဆိုရင် ပြန်ထွက်လာတော့








Adventure Land နယ်မြေရှိ အမေဇုန်တောတွင်း လှည့်လည်ကြည့်ရှုပြီး ပင်ပင်ပန်းပန်း စားရေးသူတို့အဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



Toy Story Land နယ်မြေရှိ လေထီးခုန်ကစားနည်း



"ခင်တယ်ဆိုတာလဲ ပြောရခက်တယ်၊ တစ်ခါတလေ ကိုယ့်မိသားစု၊ ကိုယ့်အလုပ်ဝန်ထမ်း အချင်းချင်း မတည့်ဘဲ တခြားသူတွေနဲ့ တည့်တဲ့လူတွေ အများကြီးပဲ"

"ဒါတွေ လိုတာပေါ့၊ ကိုယ့်လူအချင်းချင်း သည်းခံ အနစ်နာခံပြီး သာစေ နာစေမတွက်မှ လုပ်ငန်းတိုးတက်မှာ ပေါ့၊ ခုဟာက ဒီလူနဲ့ စကားမပြောချင်ဘူး၊ ဒီလူနဲ့ တွဲမလုပ် ချင်ဘူးဆိုတော့ လုပ်ငန်းဘယ်လိုလုပ် ချောမွေ့တော့မလဲ။

ကျွန်တော်ဖတ်ဖူးတဲ့ ဒဿနတစ်ခုလိုပေါ့၊ 'ကိုယ်က စပြီး ခွင့်လွှတ်ပေးတတ်တဲ့လူက စိတ်ဓာတ်အခိုင်မာဆုံးလူ ကိုယ်ကစပြီး မေ့နိုင်တဲ့လူက ဘဝမှာ အပျော်ရွှင်ဆုံးလူ ကိုယ်ကစပြီး လက်ကမ်းတဲ့လူဟာ ဘဝမှာ အရဲရင့်ဆုံးလူပဲ' တဲ့၊ ဒါလေးကလဲ အပြည့်စုံကြီး မဟုတ်ပေမယ့် တော်တော် လေး အဆင်ပြေတဲ့ ဒဿနလေးပါ။



www.burmeseclassic.com

www.burmeseclassic.com




ကလေးများအကြိုက် Toy Story Land

ကျွန်တော်တို့ အဖွဲ့လဲ ဒဿနတွေ ထွေရာလေးပါး တွေပြောရင်း Adventure Land ကို သွားကြတယ်၊ တကယ့် အမေဇုံတောထဲ ရောက်သွားသလိုပဲ၊ လူရိုင်းတွေကလဲ အခိုး အငွေ့တွေကြားမှာ ကခုန်နေကြတယ်၊ ကျွန်တော်လဲ လူရိုင်း တွေထဲ ဝင်ပြီး ဗုံတီးလိုက်သေးတယ်၊ အားလုံးက သဘောကျ လို့ ကျွန်တော်အကြိုက်ဆုံးက သင်္ဘောစီးပြီး အမေဇုံတော နက်ထဲ လျှောက်ကြည့်တာပဲ။

ရေဆင်းသောက်နေတဲ့ ဆင်မကြီးက သူ့သားလေးကို ရေချိုးပေးနေတယ်၊ ရေတံခွန်မှာ ရေချိုးနေတဲ့ ဆင်ကြီးကလဲ







www.burmeseclassic.com

www.burmeseclassic.com



အသည်းတယားယားနှင့် Runaway Mine Car စီးသူများ

ချစ်စရာကြီး၊ တောနက်ထဲမှာ အဆောက်အအုံပျက်တွေကလဲ နွယ်တွေတောင် ပတ်နေပြီ၊ ပင့်ကူမျှင်တွေနဲ့ တောပင့်ကူတွေကလဲ လက်ဝါးတစ်ဝါးစာလောက် ရှိတယ်၊ ထိမိရင် မလွယ်ဘူး၊ ရှေးဟောင်းရတနာတွေကလဲ ယူမယ့်လူတောင် မရှိဘူး၊ တောမြွေဟောက်တွေကလဲ သဘော်လာတော့ ပါးပျဉ်းထောင်ကြည့်တယ်၊ မြစ်အတိုင်း စုန်ဆင်းလာရင်း မိကျောင်းကျက်စားတဲ့နေရာကို ရောက်တော့ မိကျောင်းတစ်ကောင်က လှေနောက် လိုက်လာတယ်၊ စွယ်စုံဆင်ကြီးကိုလဲ တောနက်ထဲမှာ လှမ်းမြင်နေရတယ်။

ကျွန်တော်တို့ စက်သဘော်လေး လှည့်ပတ်မောင်းလာရင်း တစ်နေရာရောက်တော့ ရေမြင်းကြီးက ရေထဲကနေ ရေလှမ်းမှုတ်လို့ တချို့လူတွေ စိုကုန်ကြတယ်၊ ရေပူစမ်းတွေကလဲ တစ်ချက် တစ်ချက် ထပွက်တာ၊ ကင်မရာကို ရေမစိုအောင် မနည်းကာထားရတယ်၊ ဒီကြားထဲ လှေမောင်းတဲ့ အမျိုးသမီးကလဲ လှမ်းခြောက်သေးတယ်၊ လူရိုင်းတောထဲရောက်တော့ အရိုးခေါင်းတွေ ဟိုနေရာ ဒီနေရာ ချိတ်ဆွဲထားတယ်၊ မီးတွေနဲ့ ဆော့တာ အရှိန်နဲ့တောင် ပူတယ်၊ ခုပြောနေတာတွေက သက်ရှိတွေတော့ မဟုတ်ပါဘူး၊ အသက်ဝင်လွန်းလို့ ကျွန်တော်တို့တစ်ဖွဲ့လုံးက ဒီနေရာကို အမှတ်ပြည့် ပေးလိုက်တယ်"

"ကိုယ်လဲ အဲဒီနေရာကို စိတ်ဝင်စားသွားပြီ"





www.burmeseclassic.com

www.burmeseclassic.com





လည်ပတ်သူအပြည့်နှင့် Disney Land





RC Racer ကြီး စီးကြဦးမလား

"စိတ်ဝင်စားရင် သွားကြည့်ပေါ့၊ ပိုက်ဆံချည်းပဲ ရှာနေတယ်၊ ခရီးထွက် အပန်းဖြေမယ် မရှိဘူး၊ ကျွန်တော်တို့လဲ Adventure Land မှာ တောတွင်းသဘာဝ အလှအပ ခံစားရင်း နားနားနေနေ စကားပြောပြီးမှ Toy Story Land နယ်မြေကို သွားကြတယ်၊ အရုပ်နယ်မြေလို့သာ ဆိုတယ်၊ အရုပ်ကြီးတွေက အကြီးကြီးပဲ၊ ဓာတ်ပုံရိုက်ဖို့လဲ ဒီဇိုင်းဆန်း နောက်ခံအဆန်းပေါ့၊ အပြန်အလှန် ဓာတ်ပုံတွေရိုက်ကြရင်း မမိုးက စပြီး RC Racer ကြီး စီးမယ်ဆိုပြီးတော့ လုပ်တာ၊ အဲဒါကြီးက U ပုံသဏ္ဍာန် အကြီးကြီး၊ အရှေ့ဘက်သွားလိုက် အနောက်ဘက် ပြန်ကျလိုက်နဲ့ အရှိန်တော်တော်ပြင်းတယ်၊ အမြင့်က ၁၂၀ စင်တီမီတာဆိုတော့ တော်တော်လေး မြင့်တယ်၊ ကျွန်တော်က မစီးဘူးဆိုတာလဲ မရဘူး၊ အတင်းခေါ်တာနဲ့ စီးဖြစ်သွားတယ်၊ ဆရာဝန်ကတော့ ဘယ်လိုမှ ခေါ်လို့မရတော့ဘူး၊ စီးကြည့်တော့လဲ တော်တော်လေး စီးကောင်းတယ်၊ အသည်းအေးတာပဲ ရှိတယ်၊ ခေါင်းမမူးဘူး၊ ဟောင်ကောင်မှာဆိုလို့ စီးဖြစ်တာ၊ တစ်ခုခု လွဲချော်သွားလို့ကတော့ အရိုးတခြား အသားတခြားပဲ။

အဲဒီလိုနဲ့ ကျွန်တော်တို့အဖွဲ့လဲ အရှိန်ရလာပြီး လေထီးသွားစီးကြတယ်၊ လေထီးကျတော့ ဆရာဝန်ကို ချော့ခေါ်ကြတာ၊ ကျွန်တော်လဲ ကြောက်ကြောက်နဲ့စီးတာပါ ဆရာရယ်၊ အာကာသ ROLLER COASTER တုန်းကဆိုရင် ချွေးတောင် ပြန်တယ်ဆိုမှ ဆရာဝန်လဲ လိုက်စီးတာ၊ ဆရာဝန်ရဲ့ အမျိုးသမီးကတော့ သတ္တိကောင်းတယ်။

ကျွန်တော်တို့ ဟောင်ကောင်အဖွဲ့ကတော့ တက်ညီလက်ညီနဲ့ ပျော်ဖို့ကောင်းကြတယ်"

"အဖွဲ့မညီရင် စိတ်ညစ်ရတယ်၊ တစ်ယောက်က ဈေးဝယ်ချင်တယ်၊ တစ်ယောက်က နားချင်တယ်၊ တစ်ယောက်က သွားလိုက်တာ ပေါ်မလာတော့ဘူးဆိုရင် တင်းကုန်တာနဲ့ သွားရတာ အဆင်မပြေတော့ဘူး"

"လေထီးခုန်တယ်လို့သာ ပြောရတာ၊ ခုံမှာထိုင်နေရတာပါ၊ အမြင့်ကြီးကို ခေါ်သွားပြီး လေထီးနဲ့ လွှတ်ချလိုက်တာပါ၊ လေးငါးခေါက်လောက် လုပ်ပေးတယ်၊ အားလုံး ဝေးခနဲ ဝါးခနဲနဲ့ပေါ့။

ကျွန်တော်လဲ အဲဒါကြီးစီးရင်းနဲ့ စဉ်းစားခန်းလေး ဝင်မိတယ်၊ လောကမှာ ကံကြမ္မာက အမြင့်ကြီးခေါ်ဆောင်သွားပြီးမှ ဗုန်းခနဲ လွှတ်ချလိုက်လို့ စိတ်ကျသွားတဲ့သူတွေ အများကြီးပဲ၊ ဆရာကြီး ဒေါက်တာချစ်ငယ် (ဒဿန) ပြောဖူးတဲ့ စကားလေးလဲ အမှတ်ရမိတယ်။

'Hope for the best, Prepare for the worst' အကောင်းဆုံးအတွက် မျှော်လင့်ပြီး ကြိုးစားရသလို အဆိုးဆုံးတွေအတွက်လဲ ပြင်ဆင်ထားရမယ် ဆိုတာပဲ"

"ကောင်းလိုက်တဲ့ စကားလေးပါလား"

www.burmeseclassic.com

www.burmeseclassic.com








ညဘက် မီးရှူးမီးပန်းနှင့် မီးထွန်းအလှ

"ကျွန်တော်တို့အဖွဲ့လဲ အရှိန်ရလာတာနဲ့ အကြမ်းဆုံး ကစားနည်း စီးမယ်ဆိုပြီးတော့ လိုက်ရှာကြတာ၊ မထူးတော့ဘူး၊ ဟောင်ကောင်ရောက်တုန်း လုပ်ကြမယ်ပေါ့၊ Grizzly Gulch နယ်မြေက Runaway Mine Cars တွေ တွေ့ကြတယ်၊ ကြည့်ရတာတောင် အသည်းတယားယားနဲ့၊ တောင်ထွတ်ပေါ်ကို မိုင်းတွင်းဖောက်တဲ့ ရထားတွဲလေးတွေစီးပြီး တက်သွားကြတာ၊ မိုင်းတွင်းဆိုတော့ တောင်ဖောက်တဲ့ ကိရိယာတန်ဆာပလာတွေနဲ့ပေါ့။

တောင်ပေါ်ရောက်ခါနီးမှ ဝါယာရင်း ရှော့ဖြစ်ပြီးတော့ နောက်ပြန် ပြန်ပြုတ်ကျလာတာ၊ အော်လိုက်ကြတဲ့လူတွေ၊ ကျွန်တော်လဲ မျက်စိမှိတ်ထားရတယ်၊ တစ်ခုခု လွဲချော်သွားလို့ ပြုတ်ကျသွားတဲ့ပုံစံ လုပ်ထားတာ၊ ကျွန်တော်တို့ အဖွဲ့လဲ အဲဒါကြီး စီးပြီးမှ အာသာပြေသွားကြတယ်။

တော်ပြီ၊ ညနေလဲစောင်းပြီ၊ မဆော့တော့ဘူး ဆိုပြီး နားနားနေနေနဲ့ ဟိုလျှောက်ကြည့် ဒီလျှောက်ကြည့်နဲ့ မိုးချု တာပဲ၊ လမ်းဘေးမှာထိုင်၊ ရေခဲမုန့်စားလိုက်နဲ့ လုံးဝ စိတ်အပ ပြေပဲ၊ ဒါတောင် ပြန်အထွက် ဝက်ဝံရထားလေး စီးကြသေး တယ်၊ အဖွဲ့ကိုလဲ ပြန်စုရင်းပေါ့၊ ညဘက် မီးထွန်းထားတာ မီးပန်းဖောက်တာတွေကလဲ ဟောင်ကောင်မီးအလှ ဆိုတော့ ကိုယ့်ဘာသာကိုယ်သာ မျက်လုံးထဲ ဖော်ကြည့်တော့၊ ဒီလိုနဲ့ မခွဲချင် ခွဲချင် Disney Land က ပြန်ခဲ့ကြတယ်"

(ဆက်ရန်)

ဉာဏ်မွှေး(စက်မှု

□

www.burmeseclassic.com





(...င်းလမှအဆက်)

"ကိုကို့ကို ချစ်မြတ်နိုးလို့ ... မေတ္တာကို ခွင့်ပြုပါ"

အိန္ဒြေရှင်၏ ဘင်နီမိဘနှစ်ပါးကို ...သည့်စကားကလည်း ရှင်းလင်း ...သည်။ မိဘနှစ်ပါးကိုကန်တော့ ...ခါ ဝမ်းမြောက်ဝမ်းသာ ကျေနပ် ...ွာ ဆုတောင်းပတ္ထနာ ပြုကြ သည်။ ယခုအချိန်ထိ သာယာပျော်ရွှင်ဖွယ် မင်္ဂလာဦး ဖြစ်နေသည်။

ဘင်နီသည် အိန္ဒြေရှင် ခေါ်ဆောင်ရာ သူတို့၏ စံအိမ်သို့ လိုက်ပါလာခဲ့သည်က ဧကဝက်ခန့်ရှိသော ခြံ ပွင့် [illegible] နှစ်ထပ်ဆင်ဝင်အိမ်မှာ ကျယ်ဝန်းသည်မှာ ထင်မိသည်။ အိမ်ဖော်တစ်ဦး၊ ထမင်းချက်တစ်ဦးရှိသည်။ ခေတ်မီပရိဘောဂများရှိသော ဧည့်ခန်းကို ဖြတ်လျှောက်လာရသည်။ ဖိတ်ဖိတ်တောက် အိပ်ရာခမ်းနားနှင့် ကျယ်ပြန့်နှစ်လိုဖွယ် အိပ်ခန်းကိုကြည့်ပြီး အိန္ဒြေရှင်၏ စိတ်ကူးကို ကျိတ်၍ကျေနပ်မိသည်။

"လွန်ခဲ့တဲ့ ဆယ်နှစ်စွန်းစွန်းက ဆိုရင် ဒီအိပ်ခန်းနဲ့အပြင်အဆင်တွေဟာ အိန္ဒြေအတွက် အိပ်မက်လှလှတွေပေါ့ ကိုကိုရယ်၊ ခုတော့ လွမ်းစရာအမှတ်အသားအဖြစ် ခင်္ကာထားပြီး မေ့ထားကြရမှာပေါ့၊ ကိုကို့ အိပ်ခန်းကိုပြမယ်"

အိန္ဒြေရှင်၏ စကားကြောင့် ဘင်နီမှာ အံ့ဩရသည်။ စိတ်ဖောက်နေသလားဟု တွေးမိသည်။ အမိပ္ပာယ်မဲ့





www.burmeseclassic.com

www.burmeseclassic.com

သလို ခံစားရသည်။ သို့သော် ရှိပါစေလေ၊ အိန္ဒြေရှင်၏ စိတ်ချမ်းသာမှုက အဓိကမဟုတ်လား။ သူမထက်စာလျှင် ကိုယ်က မိဘနှစ်ပါးနှင့်ပြည့်စုံသူမို့ ကြည်ဖြူရသည်။ ပင်မ အိပ်ခန်းကြီး၏ဝဲဘက် အခန်းကို ဖွင့်လိုက်သည်။ တစ်ယောက်အိပ်ခန်းဖြစ်သော်လည်း အဝတ်အစား အိပ်ရာအခင်းအနား စုံလှသည်။

"ကိုကို့အိပ်ခန်းပါ၊ အဝတ်အစားတွေက ကိုကိုနဲ့လိုက်ဖက်မယ့်ဝတ်စုံတွေ အိန္ဒြေနှစ်လိုတဲ့ အဆင်ဒီဇိုင်းတွေ ထည့်ပေးထားတယ်၊ အိန္ဒြေ နှစ်သက်သလို ကိုကိုလဲ ကျေနပ်မှာပါ၊ ကိုကိုက အနုပညာသမားဆိုတော့ ဂစ်တာ၊ တယော၊ စန္ဒရား အစုံရှိပါတယ်၊ အိန္ဒြေက ပရိသတ်ဆိုတော့ ဘာမှ မရှိဘူးလေ၊ ကိုကို လိုအပ်တယ်ဆိုရင် ဒီခလုတ်အနှိပ်က အိန္ဒြေပါ၊ အဖြူက အိမ်ဖော်နဲ့ ထမင်းချက်ပါ၊ အိန္ဒြေကို လိုအပ်ရင် ဧည့်ခန်းမှာ လာတွေ့ပါ့မယ်၊ အိန္ဒြေရဲ့ အိပ်ခန်းကို လိုက်ကြည့်ပါဦးလား"

အိန္ဒြေက ပြောပြီး ရှေ့ကသွားသည်။ ဘင်နီက ခေတ္တရပ်နေပြီးမှ နောက်မှ ညင်သာစွာ လိုက်ပါလှမ်းမိသည်။ အိန္ဒြေ၏ ကိုယ်သင်းနံ့နှင့် လမ်းလျှောက်ဟန်လေးကို ယစ်မူးပြီး ဖြည်းလေးစွာလိုက်ပါခဲ့သည်။ ပင်မအိပ်ခန်း၏ ယာဘက်အခန်းမှာ အိန္ဒြေရှင်၏ အိပ်ခန်းဖြစ်သည်။ တကယ်တော့ ပင်မအိပ်ခန်းကို ဗဟိုပြု၍ တစ်ဖက်တစ်ချက်စီတွင် ဘင်နီနှင့် အိန္ဒြေရှင်တို့ အိပ်ခန်းရှိနေခြင်း ဖြစ်သည်။

"အိန္ဒြေရဲ့အိပ်ခန်းက ရှင်းရှင်းပဲလေ၊ ဘာမှ မရှိဘူး၊ အဝတ်အစားနဲ့ စာအုပ်စာတမ်းတွေပဲရှိတယ် ကိုကိုရဲ့၊ ကိုကိုရှိတော့ ဝမ်းသာတယ်၊ နို့မို့ အိန္ဒြေရဲ့ ဘဝက ပျင်းစရာပါ၊ ဒီလိုနဲ့ ဆယ်စုနှစ်တစ်ခုကို ကျော်ခဲ့ပြီ ကိုကိုရယ်"

ဘင်နီသည် အိန္ဒြေ၏အပြောကို နားထောင်ပြီး ရင်မောရသည်။ အိန္ဒြေက အမှန်လိုအပ်သည်မှာ "သူ" ဖြစ်သည်ဟုလည်း တွေးမိသည်။ စိတ်ကူးယဉ်လွန်းသည်ဟုလည်း ထင်မိသည်။ မည်သို့ဆိုစေ အိန္ဒြေနှင့် ယခုလိုနေရလည်း ပျော်ပါသည်။ ဘင်နီ၏ စိတ်တွင် အိန္ဒြေကိုလည်း မြတ်နိုးပါသည်။ ဤသည်ပင် "အချစ်" ဟူသော ယတိပြတ် မဆုံးဖြတ်နိုင်ပါချေ။

❋ ❋ ❋

သဘာဝတရားက ဆန်းကြယ်လှသည်။ လူမသိ သူမသိ ပူဆွေးနေသည်ထက် ပိုမိုပြင်းပြပူလောင်လှသည်။ ဘင်နီ၏စိတ်တွင် အချစ်သွေးကြွပြီး ပြင်းပြရှိလာသည်။ ပြင်းထန်ပူလောင်သော ချစ်ခြင်းထက် အေးချမ်းချိုမြိန်သော မေတ္တာက သာလွန်သည်ဟု ထင်မိသည်။ ရိုးသားစွာဆိုရလျှင် အိန္ဒြေကို နှမလေးလို ချစ်ခင်သံယောဇဉ် ရှိနေသကဲ့သို့ပင်။

နိုဘယ်နှင့်ဖြစ်စေ၊ မေဘယ်နှင့်ဖြစ်စေ၊ အခြားမိတ်ဆွေများနှင့်ဖြစ်စေ အိန္ဒြေရှင်နှင့်အတူ အကြိမ်ကြိမ်သွားလာကြည်နူးပျော်ရွှင်မြူးထူးခဲ့ဖူးသည်။ ထိုအချိန်က ပျော်ရွှင်ခဲ့သော်လည်း ပြန်ရောက်သည့်အခါ နှမလေးတစ်ယောက်ကို စောင့်ရှောက်သကဲ့သို့ တယုတယ ဖေးဖေးမမရှိမိသည်က များသည်။ ပြင်းပြသော အချစ်ဆန္ဒများ ပေါ်ပေါက်မလာသည်က ထူးဆန်းနေသလိုပင်။

အိမ်တွင်လည်း သူ့ကိစ္စသူလုပ်၊ ကိုယ်ဝါသနာပါရာ ကိုယ်လုပ်နှင့် ကိစ္စပြီးနေသည်။ ဧည့်ခန်းတွင် အာလာပ သလ္လာပပြောသည်။ အိပ်ချိန်တန် ကိုယ့်အိပ်ခန်း ကိုယ်ပြန်အိပ်သည်။ စားချိန်တန် အတူစားပြီး တယုတယပျော်ရွှင်ချမ်းမြေ့မှု ရှိကြသည်။ သူတို့နှစ်ဦး၏ အဖြစ်ကို အိမ်ရှိအိမ်ဖော်နှင့် ထမင်းချက်တို့က ထူးဆန်းသလိုလို ရှိသော်လည်း စပ်စုခြင်း မရှိပေ။

အတူနေကြသည်မှာ ခြောက်လခန့် ကြာချေပြီ။

သည်နေ့တော့ ထူးဆန်းသည်။ ပြည့်ရွှန်းသော လမင်းကို လေသာပြတင်းမှ ငေးမောကြည့်ရင်း အိန္ဒြေမှာ မပျော်ရွှင်နိုင်ချေ။ လွမ်းမိဆွေးမိသလို၊ ကြေကွဲသလို ခံစားရသည်။ ရင်မှာလှိုက်ဆူ၍ မျက်ရည်ဥတို့ တွဲခိုလာသည်။ မည်သည်ကို ဝမ်းနည်းကြေကွဲနေမိသည်မသိဟု ခံစားရသည်။

အိန္ဒြေသည် အိပ်ရာမှထပြီး ဧည့်ခန်းသို့ ထွက်လာသည်။ ခန်းမရှိ နာရီက ဆယ့်နှစ်နာရီစွန်းစွန်း ရှိပြီဟု ဖော်ပြနေသည်။ အိန္ဒြေသည် ခေတ္တရပ်နားနေရာမှ ဘင်နီ၏အခန်းသို့ လှမ်းမျှော်ကြည့်သည်။ တိတ်ဆိတ်ငြိမ်သက်နေသဖြင့် အိပ်မောကျနေပြီဟု သံသယဖြစ်မိသည်။

ဘင်နီ၏နေရာမှ တွေးတော ကြည့်သည်။ ကြံ့ခိုင် သန်စွမ်းသော ယောကျ်ားကောင်းတစ်ယောက်၏ စိတ် ဓာတ်စည်းကမ်းကို စာနာမိသည့်အခါ လေးစားမိသည်။ မြတ်နိုးမိသည်။

အိန္ဒြေသည် မသိစိတ်ဖြင့် ဘင်နီ ၏ အိပ်ခန်းရှိရာသို့ သွားသည်။ အခန်း တံခါးကို အသာအယာဖွင့်ကြည့်သည် အလိုက်သင့် လွယ်ကူစွာ ပွင့်သွားေ သည်။ အိန္ဒြေသည် အံ့ဩသော်လည် စိုးစိမ့် မတုန်လှုပ်ချေ။ ခေတ္တစုံရပ်ပြီ ငြိမ်သက်နေမိသည်။ အတန်ကြာတွင် အိန္ဒြေသည် ဘင်နီ၏ ခုတင်အနီးသ တိုးတိတ်ညင်သာစွာ ကပ်သွားမိသည် အသက်ရှူသံပြင်းပြင်းလေးကို ကြားေ ရသည်။ အိန္ဒြေလည်း တုန်ခါနေသော နှလုံးသားကြောင့် အနည်းငယ် အသ ရှူသံ ပြင်းလေသည်။ အိန္ဒြေသည် ဘင်နီကို အနီးကပ်ကြည့်မိသည်။ ဘင် မအိပ်ချေ။ ပြူးကျယ်သော မျက်လုံးအ က အိန္ဒြေ၏အကြည့်နှင့် ဆုံမိသည်။

"ဘာဖြစ်လို့လဲ အိန္ဒြေ၊ ထိုင်ေ

အိန္ဒြေသည် ထိတ်လန့်တုန်လှ မှုဖြင့် ဘင်နီကိုကြည့်ရင်း နှုတ်မှပြော ပြောရာ ပြောမိသည်။

"ဘာမှမဖြစ်ဘူး၊ ဘာမှမဖြစ်

အိန္ဒြေသည် ကသောင အခန်းတွင်းမှ ပြေးထွက်လာသည်။ သူ အခန်းသို့ ဦးတည်ပြီး ခပ်သွက်သွ



www.burmeseclassic.com

www.burmeseclassic.com

တ်သည်။ ဘင်နီက အိန္ဒြေ၏ မှ လိုက်ပါလာသည်။

"အိန္ဒြေ၊ အိန္ဒြေ၊ ညီမ"

အိန္ဒြေသည် သူမ၏ အိပ်ခန်း င်းသို့ဝင်ပြီး တံခါးကို ကတမ်း ပိတ်လိုက်သည်။ အခန်းတွင်းမှ နေ့ချပြီး ကိုကို့ကို လှမ်းပြောမိ

"အိန္ဒြေ အိပ်တော့မယ်၊ အိပ် တိုကိုနော်"

ဘင်နီက ဘာမျှတုံ့ပြန်မှု မပြု အခန်းဝတွင် ခေတ္တရပ်နေပြီး န်းဆိုဖာသို့ သွားသည်။ အတန် င် ဧည့်ခန်းဆိုဖာ၌ နှစ်မြိုက်စွာ စ်လိုက်သည်။

အိန္ဒြေသည် ဘင်နီကို အိပ်မည် ပြောသော်လည်း အိပ်မပျော်နိုင်ချေ။ ၏ ဝိုင်းစက်ကြည်လင်သော ကြေ မျက်လုံးများကို မြင်ယောင်နေမိ သူမ၏ရင်တွင် ဘင်နီ၏ဘဝကို မျှော်မှန်းကြည့်မိသည်။

"ဒီလိုညမျိုးတွေ ဘယ်လောက် လဲ ကိုကိုရယ်"

✵ ✵ ✵

ဘင်နီက "ဘင်နီရှော့" သို့ ဝင် ည်၊ နိုဘယ်တို့နှစ်ဦးမှာ မထင် န်ရောက်လာသဖြင့် သတိမထား တီးတိုးတိုင်ပင် ဆွေးနွေးနေကြ

"နိုဘယ်တို့၊ ဘာတွေတွတ်ထိုး လဲ"

"ဟယ် ကိုကိုအစောကြီးရောက် ယ်၊ အိန္ဒြေ မပါဘူးလား"

နိုဘယ်က ဝမ်းပန်းတသာကြိုဆို ပေးသည်။ မေဘယ်က ခုံတစ်ခု လာပြီး ထိုင်ရန် စီစဉ်ပေးသည်။ ကိုတစ်ဦးရောက်လာသည်ကို ကြို သော ညီမငယ်တို့၏ဟန်အတိုင်း မြူးနေကြသည်။ မေဘယ်နှင့် တို့၏ မျက်နှာမှာ ဝမ်းသာရွှင်မြူး သည်။

"ဆိုင်အခြေအနေ ကောင်းရဲ့လား"

"ကောင်းပါတယ် ကိုကိုရဲ့၊ ဘာဖြစ်လို့လဲ"

ဘင်နီက နိုဘယ်တို့နှင့်တွေ့လျှင် အစ်ကိုကြီးစတိုင်ဖြစ်သည်။ ပြောသမျှ ဆိုသမျှ တိုင်ပင်သမျှ မင်မောင်းသေသေနှင့် အံဝင်ခွင်ကျ အထာကျသောစကားတွေ ဆိုရသည်။ အိမ်ရောက်လျှင်မူ ကြောင်နှင့်တွေ့သော ကြွက်ပမာ နေရပြန်သည်။ အိန္ဒြေက လွတ်လွတ်လပ်လပ် ပျော်ပျော်ရွှင်ရွှင်နေစေသော်လည်း ဘင်နီမှာ အမှားလုပ်မိမည်ကို စိုးရွံ့သဖြင့် ငြိမ်သက်အေးဆေးနေပြန်သည်။

"လက်ရှိအနေထားကို ကျေနပ်မနေနဲ့ဦးလေ၊ အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေကြတာမေဘယ်ရဲ့၊ အောင်မြင်ကျော်ကြားတဲ့ သူများဆိုင်တွေလဲ တစ်လှည့်စီ လေ့လာကြည့်ဖို့လိုတယ်၊ သင်ယူသင့်တာသင်ယူမှ အောင်မြင်မှာ၊ အောင်မြင်ကျော်ကြားမှုကို လိုလားတဲ့သူတွေကို အချိန်ကို အလကားမသုံးစွဲဘူးလို့ ဆိုကြတာပဲလေ၊ ညီမတို့လဲ ပြောသာပြောရတယ်၊ လုပ်ကြမှာလို့ ကိုကိုယုံကြည်တယ်"

"မေဘယ်တို့ချည်း ပြောမနေနဲ့၊ ကိုကိုလဲ အကြံပေးဦးလေ၊ အိန္ဒြေနားက တစ်ဖဝါးမှမခွာ လုပ်နေလို့ မဖြစ်ဘူး၊ အိန္ဒြေကိုလဲ ပြောရဦးမယ်"

မေဘယ်က အားကျမခံ ပြန်ပြောသည်။ ဘင်နီက အိန္ဒြေ၏အမည်ပါလာသဖြင့် အနည်းငယ် စိုးရိမ်သွားသည်။

သို့သော်လည်း ဘင်နီနှင့် မတွေ့ခင်ကတည်းက သူတို့တစ်တွေက တကယ့်မိတ်ဆွေရင်းချာတွေမို့ စိုးရိမ်စိတ် လွန်ကဲမှုကို လျှော့လိုက်ရသည်။

"ကိုယ်လဲ တတ်နိုင်သမျှ အကြံပေးပါတယ် မေဘယ်ရယ်၊ လုပ်ငန်းကိုတော့ မကျွမ်းဘူးလို့ အစကတည်းက ကိုကိုပြောသားပဲ၊ သဘာဝကိုက အမြင်ချင်းမတူဘူးလေ၊ မေဘယ်တို့ အမြင်က ပိုပြီး လေးနက်တယ်၊ တန်ဖိုးရှိတယ်၊ အနုပညာဆန်တယ်ထင်လို့ပါ"

နိုဘယ်နှင့်မေဘယ်တို့က ရယ်သည်။ ဘင်နီ၏ ပျာပျာသလဲအပြောကို သဘောကျဟန်ဖြင့် ပြောသည်။

"လာပြန်ပြီ ဒီအနုပညာ၊ ကိုကိုက တော်တော်လည်လာပြီ၊ ဘယ်နှယ့်လဲ အိန္ဒြေနဲ့ကော အဆင်ပြေရဲ့လား၊ အိန္ဒြေက အရင်ကတော့ ဘောက်ဆတ်ဆတ်၊ အခုတော့ ရင့်ကျက်သွားပြီနဲ့တူပါတယ်၊ သိမ်သိမ်မွေ့မွေ့ ယဉ်ယဉ်ကျေးကျေးဆိုတော့ ကိုကိုစိတ်ချမ်းသာရမှာပါ၊ မရှက်နဲ့နော် ကိုကို"

ဘင်နီက ဘာမျှပြန်မပြော၊ ပြုံး၍သာနေရသည်။

"ကိုကို စိတ်ဆိုးသွားလား၊ မေဘယ်တို့က ကိုကို့ကို စတာပါ၊ ကိုကိုပြောတဲ့အတိုင်း လုပ်ပါတယ်၊ အခုလဲ နှစ်ယောက်သား အတွေ့အကြုံတွေ ဆွေးနွေးတိုင်ပင်နေတာပါကိုကိုရဲ့၊ ကိုကို့ကို ချစ်တဲ့အတွက် ကိုကို့ရဲ့အမွေအနှစ်ကို အောင်မြင်အောင် ထိန်းသိမ်းစောင့်ရှောက်သွားမှာပါ ကိုကိုရယ်"

ဘင်နီ၏ရင်ထဲမှာ ကျေနပ်ပီတိဖြစ်သွားသည်။ ညီမငယ် နှစ်ဦးတို့၏ အတွေးအခေါ် ခံယူချက်များကိုလည်း ကျေနပ်ဟန်ရှိသည်။ ထို့ကြောင့် ပြောဖြစ်သည်။

"ကိုကို တစ်ယောက်တည်း မဟုတ်ပါဘူး၊ ဒီဆိုင်ဟာ တို့မောင်နှမသုံးဦးရဲ့ ခင်မင်ရင်းနှီးမှု အမှတ်တရမှတ်တိုင်လေးပါ ညီမရယ်၊ ကိုယ်က ကျရှုံးဖူးတဲ့သူဆိုတော့ ဆုံးရှုံးမှုဝေဒနာကို မခံစားနိုင်ဘူး၊ ငွေကြေးကို နှမြောတွန့်တိုလို့မဟုတ်ဘူး၊ ဆုံးရှုံးမှုကို မကြုံဆုံချင်တော့လို့ပါကွာ"

နိုဘယ်တို့နှစ်ဦး စိတ်မကောင်းခြင်းကြီးစွာ ဖြစ်သွားရလေသည်။ ကိုကိုသည် မိမိတို့ တန်ဖိုးထားသည်ထက် ပိုမိုမြတ်နိုးတန်ဖိုးထားသည်ကို သိလိုက်ရသည်။ သည့်ထက်နက်ရှိုင်းစွာ တန်ဖိုးထား ချစ်ခင်မှုန်း သိလာကြသည်။



www.burmeseclassic.com

www.burmeseclassic.com

"စိတ်ချပါ ကိုကိုရယ်၊ ညီမတို့ ကြိုးစားမှာပါ"

"ထားပါတော့၊ အိမ်ကို တစ်ခေါက်လောက် လာကြဦးလေ၊ အိန္ဒြေနဲ့အတူ တို့မောင်နှမတွေ ထမင်းလက်ဆုံစားကြပြီး နားနားနေဇနပေါ့"

နိုဘယ်နှင့် မေဘယ်တို့ နှစ်ယောက်က ရယ်ကြသည်။ ဘင်နီကို ကြည့်ပြီး ပြောသည်။

"ကိုကိုမှ မသိဘဲ၊ အိန္ဒြေနဲ့အတူ မေဘယ်တို့နှစ်ဦး လာကြသေးတယ်၊ ကိုကိုနဲ့အိန္ဒြေတို့ အိပ်ခန်းကြီးကိုပြပြီး အားကျအောင် ကြွားပြလိုက်သေးတယ်၊ ကိုကိုကော ကြွားချင်လို့ ဖိတ်တာလား"

နိုဘယ်က တဟားဟားရယ်ရင်း ပြောသည်။ ရယ်စရာ ဟာသကွက်တစ်ခုဖြစ်သော်လည်း ဘင်နီမှာ မရယ်နိုင်ချေ။ "ဘယ်လိုများ စီစဉ်ထိုးနှက်နေရတာလဲ အိန္ဒြေရယ်"ဟု အောင့်သက်သက်တွေးတောရင်း ရှက်ပြုံးလေးပြုံး၍ တုံ့ပြန်လိုက်ရသည်။ ကိုယ့်အပူ ကိုယ်သာသိသဖြင့် ပုံမပျက် နှုတ်ဆက်လျက် ပြန်လည်ထွက်ခွာလာရသည်။

✱✱✱

အိန္ဒြေက ထမင်းစားခန်းသို့ ပုံမှန်ဝင်ရောက်သည်။ ဘင်နီ ရောက်မလာသေးသဖြင့် ပြင်ဆင်ရင်း စောင့်နေမိသည်။ အတန်ကြာလျှင် အိမ်ဖော်မလေးကို ခေါ်၍ တစေ့တစောင်း ကြည့်ခိုင်းလိုက်သည်။

"ဧည့်သည် ရောက်နေလို့ပါ အိန္ဒြေ၊ စကားပြောစရာရှိလို့ နောက်ကျမှာပါ၊ စားနှင့်လေ၊ ဖြစ်နိုင်ရင်တော့ အိန္ဒြေနဲ့ မိတ်ဆက်ပေးချင်တယ်"

အိမ်ဖော်မလေး ပြန်မလာမီ ဘင်နီက ရောက်လာသည်။ အိန္ဒြေကို အကျိုးအကြောင်းပြောပြီး ခွင့်ပန်သည်။ အိန္ဒြေက အဖြေပေးရန် ရှိသော်လည်း အဖြေမပေးချေ။ ဘန်နီနှင့်တစ်ပါတည်း လိုက်ပါခဲ့သည်။

ဧည့်ခန်းတွင် ပိန်ပိန်သွယ်သွယ် လူတစ်ယောက်ကို တွေ့ရသည်။ ရွှေကိုင်းမျက်မှန်နှင့် ဥဒမိရုပ် သန့်သည်။ သပ်ရပ်ခံ့ညားသူ ဖြစ်သည်။ ထိုသူက အပြုံးဖြင့် နှုတ်ဆက်သည်။ အိန္ဒြေက ဘင်နီနှင့်အတူ တွဲထိုင်ပြီး အသိအမှတ်ပြုဟန် ပြုံးပြသည်။ သူတို့နှစ်ဦးနေထိုင်ရာသို့ နိုဘယ်နှင့် မေဘယ်မှအပ ပထမဆုံးရောက်လာသော လူစိမ်းဧည့်သည် ဖြစ်လေသည်။ ဘင်နီက မိတ်ဆက်ပေးသည်။

"ဂီတစာဆို သီချင်းရေးဆရာ ကိုငြိမ်းသန့်ပါ၊ ဒါက အိန္ဒြေရှင်ပါ"

"ကိုကို့ဇနီးပါ၊ တွေ့ရတာ ဝမ်းသာပါတယ်"

အိန္ဒြေက ဖြည့်စွက်ပြောသဖြင့် သီချင်းရေးဆရာက ပြုံးသည်။ ဘင်နီကမူ အမှုမဲ့အမှတ်မဲ့ အနေအထားဖြင့် ဂရုမပြုမိသကဲ့သို့ နေသည်။ မည်သည်ကစ၍ပြောရမည်ကို စကားစရှာမရဖြစ်နေစဉ် သီချင်းရေးဆရာ ကိုငြိမ်းသန့်က ပြောသည်။

"ကိုဘင်နီအောင်အစား မအိန္ဒြေရှင်ကို တိုင်တည်ပြောရမှာပဲလေ၊ ကိုဘင်နီအောင်နဲ့ စောစောကစကားပြောဖြစ်ပါတယ်၊ အဖြေမရသလို စိတ်လည်း မဝင်စားသလို ဖြစ်နေလို့ပါ၊ မအိန္ဒြေရှင်က ဆုံးဖြတ်မှ ဖြစ်မယ်ထင်ပါတယ်"

"အကြောင်းရင်းက ဘယ်များပါလိမ့်ရှင်"

"သီချင်းဆိုဖို့ပါ၊ ကိုဘင်နီအောင်ကို သီချင်းဆိုစေချင်ပါတယ်၊ သူနဲ့လိုက်ဖက်တဲ့ သီချင်းလေးတွေ ကျွန်တော့်မှာ အသင့်ရှိနေပါတယ်၊ ကျွန်တော်က အဆိုတော် အတော်များများရဲ့ အသံကို လေ့လာပြီးပါပြီ၊ ကျွန်တော်ရထားတဲ့ စာသားနဲ့ တေးသွားတွေက ကိုဘင်နီအောင်နဲ့ လိုက်ဖက်မှု အရှိဆုံးလို့ထင်ပါတယ်"

"ကိုငြိမ်းသန့်ရေးတဲ့ သီချင်းတွေလား"

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော့် မိတ်ဆွေဘစ်ယောက်က သူတစ်ချိန်က မြတ်နိုးခဲ့ရတဲ့ ကိုဘင်နီအောင်အတွက်



ရည်စူးရေးစပ်ထားတဲ့ သီချင်းတွေလို့ ဆိုပါတယ်၊ ထူးခြားတဲ့ သံစဉ်တွေနဲ့မို့ ကျွန်တော် လက်ခံလိုက်တာပါ"

အိန္ဒြေက မည်သို့မျှ မဆိုချေ။ ဘင်နီကို မသိမသာကြည့်သော်လည်း ဘင်နီက စိတ်ပါဝင်စားမှု မရှိသကဲ့သို့ ဖြစ်နေသည်။ ဘင်နီ၏ စိတ်ပျက်လက်လျှော့ဟန်မှာ အိန္ဒြေ၏ရင်ထဲ လှိုက်ဝင်သွားသလိုပင်။

"အိန္ဒြေကတော့ ကိုကိုပျော်မယ်ဆိုရင် အောင်မြင်မယ်ဆိုရင် အရာခပ်သိမ်း လက်ခံပြီးသားပါ၊ ဆုံးဖြတ်ပါ၊ အိန္ဒြေကတော့ အားလုံးရဲ့ စိတ်ချမ်းသာပျော်ရွှင်မှုကို မျှော်လင့်နေမယ်လေ၊ အိန္ဒြေလဲ ပြန်လည်နိုးထစေချင်တာပေါ့၊ ခွင့်ပြုနော် ကိုငြိမ်းသန့်၊ အိန္ဒြေ မြို့ထဲသွားဖို့ ကိစ္စရှိနေလို့ပါ၊ ခွင့်ပြုနော်ကိုကို၊ ညနေ ၃နာရီလောက်တော့ ပြန်ရောက်ပါမယ်"

အိန္ဒြေက ယဉ်ကျေးစွာ နှုတ်ဆက်ခွင့်ပန်သည်။

အိန္ဒြေသည် ထမင်းစားခန်းသို့ ပြန်သွားသည်။ အိမ်ဖော်မလေး အကူအညီဖြင့် လိုအပ်သော ပစ္စည်းများကို ကားပေါ်တင်သည်။ မကြာမီ အိန္ဒြေ၏ ကားထွက်သွားသည်။ ကိုငြိမ်းသန့်နှင့် ဘင်နီအောင်တို့က အကြိတ်အနယ် ဆွေးနွေးဆဲရှိသည်။

"ကျွန်တော်က ဒီလေးကကို ပြန်မဝင်ချင်တော့ဘူး ကိုငြိမ်းသန့်ရယ်"





www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော့်အမြင်က ကိုဘင်နီအောင်ဟာ ယောကျ်ားပီသသူပါ။ အသံနဲ့ဟန်မှာ လူတစ်ယောက်ရဲ့ စိတ်ဓာတ်တွေပါတယ်လို့ ကျွန်တော်ယူဆတယ်၊ အန်ရှုံးပေးတယ်ဆိုတာ လူ့ဘဝရဲ့အနှစ်သာရမဟုတ်ပါဘူး၊ အထပ်ထပ်ရှုံးပေမယ့် လူးလူးလဲလဲရုန်းကန်ပြီး အောင်မြင်မှုကို ရယူနိုင်ခြင်းသာ အနှစ်သာရပါ၊ ကိုဘင်နီအောင်က လွယ်လွယ်ကူကူ အရှုံးပေးတတ်သူ မဟုတ်ဘူးလို့ ကျွန်တော် ယုံကြည်တယ်"

ဘင်နီက ဘာမျှပြန်မပြော၊ တွေဝေ ငေးမောနေမိသည်။ သည်ပွဲကို ဝင်ရမှာ စိုးရွံ့သလိုရှိသည်။

"ကျွန်တော် . . . ပရိသတ်ကို ကြောက်နေပြီ ကိုငြိမ်းသန့်"

"ဒီပြဿနာကို ကျွန်တော်ရှင်းလို့ရပါတယ်၊ ပရိသတ်နဲ့ ထိတွေ့မှုမရှိတဲ့ နည်းလမ်းရှိပါတယ်၊ ဒီလိုဆိုရင် လက်ခံမှာလား"

ဘင်နီ့မျက်လုံးများက အရောင်လက်လာသည်။ စိတ်ပါဝင်စားသလို ရှိသော်လည်း အဖြေကိုတော့မပေးချေ။ ကိုငြိမ်းသန့်က အားတက်လာဟန်ဖြင့် ဆက်ပြောသည်။

"ကျွန်တော်က ကိုဘင်နီအောင်ဆိုတဲ့ တစ်ချိန်က လွှမ်းမိုးကျော်ကြားခဲ့တဲ့အမည်ကို ပရိသတ်နဲ့ မျက်ခြေဖြတ်မယ်၊ အသွင်သစ်နဲ့ မထင်မှတ်တဲ့ လူတစ်ယောက်အဖြစ် မြင်လာအောင် ကြိုးစားမယ်၊ ဘင်နီအောင်ရဲ့ ကျော်ကြားတဲ့စတိုင်တွေနဲ့ မတူတဲ့မူနဲ့ လူတစ်ယောက်ကို မွေးထုတ်မယ်၊ ဘယ်လိုလဲ"

ဘင်နီအောင်၏ နှလုံးသားတွေက တဒုန်းဒုန်းခုန်လာသည်။ ပျော်ရွှင်တက်ကြွသလို ရှိသည်။ အောင်မြင်မှုကို မြင်လာနေသလို ဖြစ်လာသည်။

နှုတ်မှလည်း ရုတ်တရက် ပြောဖြစ်သည်။

"တကယ်လား၊ လုပ်မယ်ဗျာ"

ကိုငြိမ်းသန့်က လက်ဖျစ်တစ်ချက်တီးလိုက်သည်။ ဝမ်းသာအားရဖြင့် ဘင်နီကို လက်ဆွဲနှုတ်ဆက်ခါရမ်းလိုက်သည်။

"ဝန်ခံကတိပြုပါတယ်ဗျာ၊ ဂုဏ်ယူတယ်၊ လုပ်စမ်းပါ၊ ခင်ဗျားရှုံးတာ တစ်ပွဲတည်းပါ၊ အကြိမ်ကြိမ်ရှုံးပြီး ပြန်ထလာတဲ့သူတွေ တွေ့ဖူးပါတယ်၊ ကိုဘင်နီအောင် ကြိုးစားပါ၊ အောင်မြင်ရမယ်"

* * *

တေးဂီတလောကတွင် ရော့ခ်သီချင်းများ ကြုံကြား ပေါ်ထွက်လာသော်လည်း ဟစ်ဟော့တေးဂီတများ ခေတ်စားလာသည်။ မြန်မာသံစဉ် မြန်မာတေးသားများမှာ မြန်မာဆန်ဆန် ပေါ်ထွက်သော်လည်း လူငယ်လောကတွင် အားပေးမှုနည်းလေသည်။ မြန်မာသံစဉ်နှင့် တေးသားများမှာ အဓိပ္ပာယ် အနှစ်သာရ ပြည့်ဝစွာဖြင့် အနည်းငယ်ထွက်သော်လည်း ပရိသတ်စွဲမက်မှုကား မလွှမ်းလောက်ပေ။

ထိုကာလတွင် အဆိုတော် ဆောင်းနှင်းရှင်၏ တေးများက ထူးထူးခြားခြား ပေါ်ထွက်လာသည်။ မြန်မာဆန်ဆန် အမြူးသီချင်းနှင့် အလွမ်းသီချင်းများဖြစ်သော်လည်း တေးသွားက ဆန်းသည်။ ပရိသတ်နားယဉ်နေကျဖြစ်သော မြန်မာဆိုင်းဝိုင်းနှင့် မဟုတ်ချေ။ အချို့သီချင်းများက မြန်မာနှင့်နီးစပ်သော ထိုင်းတေးသွားများဖြင့် ငြိမ့်ညောင်းစွာ ဖျော်ဖြေထားသည်။ ရင်ငြိမ်းအေးပြီး စိတ်ချမ်းမြေ့ဖွယ် အလွမ်းတေးများ ဖြစ်သည်။ အလွမ်းတေးဖြစ်သော်လည်း ကြည်နူးပီတိ ဝေဖြာစွာ ခံစားနိုင်သော ရသမျိုး ဖြစ်သည်။ ပရိသတ် ရင်ဝယ် စွဲငြိကျန်ခဲ့လေသည်။

"မထင်မှတ်စရာ ရင်တွင်းဝေဒနာ ××× နှလုံးသားရင်းမြစ်မှာ အသက်တမျှ ချစ်ရသူပါ အချစ်ရယ် ××× အမြဲတမ်းတ လွမ်းဆွေးမိသူပါကွယ် ××× မေတ္တာတရား သစ္စာထားသူမို့ ဝေးမြေတစ်နေရာ ရောက်ပေမယ့်ကွယ် ××× အချော်ရယ် ထာဝစဉ်အမြဲ အသည်းစွဲဆွေးရလေတယ် ××× ချစ်သူရယ် အပြစ်မယူရက်သူမို့ အသည်းတူ ချစ်ရည်မှုမယ်လို့ ယုံကြည်ပါတယ် ××× တည်ကြည်နော်ကွယ် အချစ်ရယ် ×××"

"အဝေးတစ်နေရာ ရင်တွင်းဝေဒနာ" သီချင်းသည် သီချင်းစာသားက မဆန်းသော်လည်း တေးသွားက ဆန်းသည်။ ရှမ်းတို့ရိုးရာ လမုန်းတေးသံနွယ်သကဲ့သို့ နွဲ့နွဲ့ယဲ့ယဲ့လေးဖြင့် မြူးချိုသော တေးသွားက စွဲငြိဖွယ်ပင်။ ရိုးရိုးအေးအေးနှင့် ဆွေးမြည့်မြည့်မို့ တက်ကြွသော တေးဂီတသံစဉ်ကြားတွင် တစ်မူထူးခြားလေသည်။ ပရိသတ်အာရုံကို ဖမ်းစားနိုင်စွမ်း ရှိလေသည်။

ထိုနှစ်အတွင်း ဆောင်းနှင်းရှင်၏ "နေခြည်ပျောက်သော ပန်းခြောက်လေးများ"တေးစီးရီးခွေ ထွက်လာသည်။ တောရောမြို့အနှံ့ အောင်မြင်သောစီးရီး ဖြစ်ခဲ့သည်။ ကြည်သာအေးမြသော အဆိုတော်၏ အသံကို ကြားရသော်လည်း မည်သူမှန်း မသိရချေ။ ဒုတိယအကြိမ် 'တိတ်တခိုး စေတမန်' တေးစီးရီး ထွက်လာသောအခါတွင်ကား ပရိသတ်ပွက်ပွက်ညံလာသည်။ အဆိုတော်၏ အသွင်အပြင်ကို တောင်းဆိုလာသည်။ ခန့်မှန်းသံများ ထွက်လာသော်လည်း ရေရေရာရာ သေသေချာချာ မပြောနိုင်ချေ။

ကိုငြိမ်းသန့်သည် အောင်မြင်မှုတစ်ဝက်၊ ပြဿနာတစ်ခြမ်းကို နိုင်နင်းစွာကိုင်တွယ်နိုင်သော်လည်း ရေရှည်မှာ မလွယ်သည်ကို ခန့်မှန်းမိသည်။ နောက်ထပ်မံထုတ်မည့် "ဆောင်းလေအငွေ့ လွမ်းငွေ့မပြေ" စီးရီးအတွက်ကိုမူ များစွာစဉ်းစားလာရသည်။ ထို့အတွက် အဆိုတော်နှင့် ဆွေးနွေးရန် လိုလာသည်။

"ထင်ထားတာထက် ပိုမိုအောင်မြင်တာကို ကျွန်တော် ဝမ်းသာမိတယ် ကိုဘင်နီအောင်"

"ကျွန်တော်ကတော့ ပရိသတ်ကို လှည့်စားတဲ့ ကစားကွက်က ကြာရှည် ခံမယ်မထင်ဘူး ကိုငြိမ်းသန့်"

www.burmeseclassic.com

ဘင်နီအောင်က သူ၏ အယူအဆကို ပြောသည်။ ကိုငြိမ်းသန့်က ဘင်နီအောင်၏ အတွေးအခေါ်ကို တစ်ပိုင်းတစ်စ လက်ခံသော်လည်း ရာနှုန်းပြည့် မယုံကြည်ချေ။ ပရိသတ်ကို လှည့်စားသော သူ၏လုပ်ကွက်သည် အရည်အသွေး ပြည့်မီသော တန်းပြည့်အဆိုတော်တစ်ဦး၏ဘဝကို ပုံမှန်ဘဝသို့ ပြန်လည် ပို့ဆောင်ခြင်းသာ ဖြစ်သည်ဟု နားလည်သည်။ တစ်နည်းအားဖြင့် ပရိသတ်နှင့်အဆိုတော်ကြား နားလည်မှု လွဲမှားခြင်းကို စေတနာဖြင့် ပြန်လည်တည့်မတ်ခြင်းသာဖြစ်သည်ဟု ခံယူသည်။ ထို့ကြောင့် မမှားဟု ယုံကြည်လေသည်။

"အဖြေက ပရိသတ်မှာ မူတည်ပါတယ်၊ သူတို့ချစ်တဲ့သူဟာ သူတို့တစ်ချိန်က မုန်းတဲ့သူဖြစ်ခဲ့ရင် ဘယ်လိုခံစားရမလဲ၊ ဘယ်လို လက်ခံမလဲ၊ ကျွန်တော်က တအုံနွေးနွေး စဉ်းစားမယ့်အစားအဖြေထုတ်ကြည့်ချင်တယ်"

ဘင်နီအောင်က စဉ်းစားသည်။ သီချင်းရေးဆရာ ကိုငြိမ်းသန့်၏ နှုတ်ထွက်စကားကို အလေးအနက်ထားသည်။ တစ်ခဏအတွင်း ချောက်ထဲကျပြီး ပြန်မတက်နိုင်သလို တစ်ဟုန်ထိုးလည်း အလိုဆန္ဒ ပြည့်ဝသွားနိုင်သည်။ ဆယ်စုနှစ်စွန်းစွန်းတစ်ခုဆိုသည်ကလည်း အတော်အတန် အလှမ်းကွာလှသည်။ ကိုငြိမ်းသန့် ဆိုလိုသော အဓိပ္ပာယ်ကို နားလည်စွာဖြင့် ပြန်ပြောမိသည်။

"ဆိုလိုတာက ကျွန်တော့်ကို ပရိသတ်နဲ့ ပေးတွေ့မယ်ပေါ့"

"သေချာတာပေါ့ဗျာ၊ ကိုဘင်နီအောင်မှာ ယုံကြည်မှု၊ သတ္တိရှိမှု၊ ရင်ဆိုင်ရဲမှုပဲလိုပါတယ်၊ တိုတိုပြောရရင် စိတ်ဓာတ်ခွန်အားပေါ့၊ ကိုဘင်နီအောင်က ယုံကြည်ရဲရင့်စွာ ရင်ဆိုင်မယ်ဆိုရင် ဒီပွဲက ကျွန်တော်တို့ပွဲဖြစ်ရမယ်လို့ အာမခံတယ်၊ ဘယ်လိုလဲ"

ဘင်နီအောင်က တော်တော်နှင့် အဖြေမပေးနိုင်။ တွေဝေဝေးမောပြီး အစိုးရိမ်ကြီးသကဲ့သို့ ဖြစ်နေသည်။ ရှုံ့တွန့်တွန့် ရှိသော်လည်း အိမ်ရှေ့၏ သူ့အပေါ် သုံးသပ်ချက်လေးကို သတိရလိုက်သည်။

"ကတိတည်တဲ့ ယောက်ျားကောင်းမို့ ပိုပြီးလေးစားတာပေါ့"

ဘင်နီသည် ယတိပြတ်ဆုံးဖြတ်ပြီး ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်သည်။ ကိုငြိမ်းသန့်က ဝမ်းသာအားရစွာ ဘင်နီအောင်၏ လက်နှစ်ဖက်ကို ဆွဲယူပြီး လှုပ်ယမ်းလိုက်သည်။

"ဝမ်းသာလိုက်တာ ကိုဘင်နီအောင်၊ ဒီပွဲအောင်မြင်ရမယ်လို့ ကျွန်တော် ယုံကြည်တယ်၊ ကျွန်တော် သေသေချာချာ စီစဉ်ပါ့မယ်ဗျား"

မိုးသားကင်းစင်စ တန်ဆောင်မုန်းလပြည့်ည ဖြစ်သည်။ ရာသီဥတုကောင်းမွန် သာယာသဖြင့် စင်တင်တေးဂီတပွဲမှာ သာမန်ထက်စည်ကားလေသည်။ သီဆိုဖျော်ဖြေသည့် အဆိုတော်များမှာ ပရိသတ်အချစ်တော်များဖြစ်သဖြင့် ပိုမိုအားပေးကြသည်။ ထူးခြားသည်က နာမည်ကြီးသော်လည်း မတွေ့ဖူး မမြင်ဖူးသော မြန်မာဟန် အဆိုတော် ဆောင်းနှင်းရှင်ကိုယ်တိုင် သီဆိုမည့် သတင်းပင် ဖြစ်သည်။

ရှေ့ထွက်ခေတ်ပေါ် အဆိုတော်များနှင့် အလယ်အလတ်တွင် ဖျော်ဖြေသော ရှေ့ခံအဆိုတော်တို့၏ တေးသွားနှင့်အတူ ပရိသတ်က လိုက်ပါကခုန် သီဆိုပျော်မြူးကြသည်။ ဆူဆူညံညံနှင့် မြူးမြူးကြွကြွ တက်ကြွကြသည့် လူငယ်ပရိသတ်၏ ပျော်ရွှင်အော်ဟစ်ကြသည်မှာ ကြောက်ခမန်းလိလိဖြစ်သည်။ ညဉ့်နက်ပိုင်းတွင် ခံစားချက် မြန်မာဟန်တေးသွားများ ဖျော်ဖြေသည်။ ပရိသတ်၏ အားပေးမှုကား တဖြည်းဖြည်း အေးဆေးငြိမ်သက်လာသည်။

"ဆောင်းနှင်းရှင် ထွက်ပါဗျို့"

"ဆောင်းနှင်းရှင် ကြွပါဗျို့"

"ဆောင်းနှင်းရှင် တွေ့ပါရစေရှင့်"

ပရိသတ်၏ တောင်းဆိုသံက ကြိုကြားကြိုကြား ပေါ်လာရာက တစ်စတစ်စ ကျယ်လောင်လာသည်။ လူငယ်ပရိသတ်က ပိုမို တက်ကြွလာသည်။ သီဆိုဖျော်ဖြေလျက်ရှိသူ အဆိုတော်ကို အနှောင့်အယှက်ဖြစ်စေသဖြင့် ဆောင်းနှင်းရှင်ကို အမြန်ပွဲထုတ်နိုင်ရန် စီစဉ်ရသည်။

စပေါ့လိုက် မီးရောင်အောက်တွင် ပိုးလုံချည်နု့သာရောင်၊ ကုတ်အင်္ကျီမာဖလာနှင့် ကောင်းဘွိုင်သက္ကလပ်ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသော အရပ်မြင့်မြင့်သွယ်သွယ်၊ ဝါရွှေသော အသားအရေပိုင်ရှင် လူငယ်တစ်ဦးကို တွေ့နေရသည်။ ထိုလူငယ်သည်အနည်းငယ်ဦးညွှတ်ပြီး သူ၏ တေးစီးရီးထဲမှ ကျော်ကြားလူကြိုက်များလှသည့် 'ဆွေးရိပ်မပြယ်သော တေးတစ်ပုဒ်'ကို၊စတင်သီဆိုသည်။ တေးသီချင်းခြေဆင်းကပင် ငြိမ့်ညောင်းသာမောဖွယ် ဖြစ်သည်။ ဂီတသံစဉ်က အေးဆေး ကြည်စိမ့်နေသည်။ သီချင်းစာသားများက အလွမ်းစကားများ ဖြစ်သော်လည်း ရိုးရှင်းစွာ ဖွဲ့နွဲ့ထားသည်။ ရှင်းသန့်ကြည်လင်သော သံနေသံထားနှင့် ခွင်ကျသည်မို့ ပရိသတ်ဖိုလိုက်ရှုမောနေရသည်။ ပရိသတ်က ငြိမ်သက်တိတ်ဆိတ်စွာ ဂီတသံ အလျဉ်ကြောတွင် မျောပါလျက် ရှိလေသည်။

ဘင်နီသည် သီချင်း၏အချပိုဒ်ရောက်သည့်အခါ ပရိသတ်ကို မျက်နှာပြရန်လိုသည်ဟု တွေးမိသည်။ ပရိသတ်၏ အခြေအနေကိုကြည့်ပြီး ပြသင့် မပြသင့် တွေးနေမိသော်လည်း သံစဉ်ကို မထိခိုက်စေရန် ဂရုစိုက်ရသည်။ ယတိပြတ်ဆုံးဖြတ်ပြီးဖြစ်သည်နှင့်အညီ ဘင်နီက သတ္တိရှိစွာ လှုပ်ရှားမှုတစ်ခု ပြုလိုက်သည်။ အဖြေတစ်ခုကို သိလိုခြင်းဖြစ်လေသည်။

ဘင်နီသည် သူ၏ကောင်းဘွိုင်ဦးထုပ်ကို အသာချွတ်၍ ဖယ်ရှားလိုက်သည်။ ပရိသတ်သို့ ဦးညွှတ်ပြီး အပြုံးဖြင့် ကြည်လင်ရွှင်ပျစွာနှုတ်ဆက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးမှ ကောင်းဘွိုင်ဦးထုပ်ကို ပြန်ဆောင်းလိုက်သည်။ ဘင်နီအောင်၏ မျက်နှာကို မြင်ရသူမှာ စက္ကန့်ပိုင်းမျှသာ ရှိပေမည်။ သို့သော် ထိုစက္ကန့်ပိုင်းသည်ပင် လူငယ် ပရိသတ်ကို အာရုံစူးစိုက်မှု ရစေသည်။

"ဘင်နီ . . . ဝေး"

"ဘင်နီ . . . ဝိုး"

"ဘင်နီ . . . ဝါး"

"ဘင်နီအောင် . . . ဝေးဝိုးဝါး"

"ဆောင်းနှင်းရှင် အောင်မြင်ပါစေ"

ယောက်ျားပရိသတ်၏ တစ်ခဲနက် ဩဘာသံက ကျယ်လောင်လာသည်။ တဖြည်းဖြည်း ဟိန်းထွက်လာသည်။ အမျိုးသမီးပရိသတ်၏ အသံကလည်း အားကျမခံ ထွက်ပေါ်လာသည်။

"ဆောင်းနှင်းရှင် . . . ဝေး"

"ဆောင်းနှင်းရှင် . . . ဝိုး"

"ဆောင်းနှင်းရှင် . . . ဝါး"

"ဆောင်းနှင်းရှင် . . ဝေးဝိုးဝါး"

"ဘင်နီအောင် အောင်မြင်ပါစေ"

"ဘင်နီအောင် အောင်မြင်ပါစေ၊ အားပေးနေမယ်ဟေ့"

သီချင်းသံအဆုံးတွင် စပေါ့လိုက် မီးရောင်က တဖြည်းဖြည်းမှိန်သွားသည်။ အမှောင်လုံးလုံးမကျမီ ဘင်နီအောင်က ပီတိအဟုန်ဖြင့် ကန့်လန့်ကာနောက်ကွယ်သို့ ခပ်သွက်သွက်လှမ်းလိုက်သည်။ ကျွက်ကျွက်ညံနေသော အားပေး ချီးမြှောက်သံများကို နားထောင်ရင်း ဘင်နီအောင်၏ ခန္ဓာကိုယ် ယိုင်သွားသည်။ လုံးဝပြိုလဲမကျမီ ကိုငြိမ်းသန့်က ထိန်းယူ တွဲခေါ်ရသည်။ ဘင်နီအောင်၏ နှလုံးသားက စူးစူးအောင့်ပြီး ဒုန်းဒုန်း မြည်ဟည်းခုန်နေလေသည်။

❋❋❋

"ကိုဘင်နီအောင် အားတင်းထားပါဗျာ၊ ခင်ဗျားအောင်မြင်သွားပြီဗျ။ ဒီပွဲက ခင်ဗျားရဲ့ပွဲပဲ၊ ခင်ဗျားအတွက် ဂုဏ်ယူတယ်ဗျာ"

ကိုငြိမ်းသန့်က ဝမ်းသာလှိုက်လှဲစွာဖြင့် ဘင်နီကိုပြောသည်။ အားပေးသည်။ ဘင်နီကား အောင်မြင်မှုကိုဖြစ်စေ၊ ဆုံးရှုံးမှုကိုဖြစ်စေ၊ ဝမ်းမြောက်ဝမ်းသာရှိဟန် မတူချေ။ သို့သော် လက်တလောအရတော့ ပြုံးပြီး အသိအမှတ်ပြုရှာသည်။ နိုဘယ်နှင့် မေဘယ်တို့က ကိုငြိမ်းသန့်ကို အဆင်ပြေအောင်ပြောဆိုပြီး ခေါ်ထုတ်သွားလေသည်။ အိန္ဒြေသည် ကိုကို့ခုတင်တွင်ထိုင်ရင်း ကိုကို့လက်ကလေးကို ဆုပ်နယ်ပေးမိသည်။

ဘင်နီသည် ဆယ်စုနှစ်တစ်ခုနီးပါး စွန့်လွှတ်ခဲ့ရသော သရဖူကိုပြန်လည်ရယူနိုင်သော်လည်း ဝမ်းမြောက်ဟန်မတူချေ။ အိန္ဒြေက သူ့ကို တယုတယ ပြုစုကြင်နာနေသည်ကိုသာ လှိုက်လှဲနှစ်သက်ဟန်ရှိသည်။ သူ၏မျက်လုံးများတွင် သိလို ကြားလိုသော စကားတစ်ခုကို အမိဖွာယ်ရှာနေဟန်ရှိသည်။ အားနည်းဖျော့တော့သော မျက်နှာတွင် မေးလိုသော စကားစုအတွက် တုန့်ဆုတ်နေဟန်ရှိသည်။

"ကိုကိုဘာပြောချင်လဲ ပြောလေ ကိုကို"

"ဒီသီချင်းစာသားတွေကို ဘယ်သူ ရေးတာလဲဟင်"

သည်တစ်ခါ တွန့်ဆုတ်သူက အိန္ဒြေဖြစ်လေသည်။ ကိုကိုသိလိုသော အဖြေကို ပေးရတော့မည်။ မခက်သော်လည်း ယခုလိုအချိန်အခါတွင် အိန္ဒြေအဖို့ ခက်ခဲနေသည်။ သို့သော် မတတ်သာပြီ။

"အိန္ဒြေရေးတာပါကိုကို၊ အောင်မြင်မှုတွေ ပြန်ရအောင် ကိုကိုပျော်ရွှင်ကျေနပ်အောင် အိန္ဒြေ စီစဉ်တာပါ၊ ကိုငြိမ်းသန့်က မပြောဖြစ်တာ အိန္ဒြေခွင့်မပြုလို့ပါ၊ ဒီအတွက် ခွင့်လွှတ်ပါ ကိုကို"

ဘင်နီ၏မျက်နှာက ရုတ်တရက် ဝင်းလက်လာသည်။ သို့သော် ခဏတာဖြစ်သည်။ မကြာမီ ဖျော့တော့သွားသည်။ အသံလှိုင်းက ယဲ့ယဲ့သာရှိသော်လည်း ပုံမှန်ဖြစ်စေရန် ကြိုးစားပြောရှာသည်။ အိန္ဒြေက မကြည့်ရက်၍ မျက်နှာလွှဲရသည်။

"ထင်သားပဲ၊ ခပ်ဝေးဝေးက လွမ်းဆွေးတာတွေ ခံစားရလို့ပါ၊ အိန္ဒြေကိုလေ တစ်ခါမြင်ဖူးပေမယ့် တစ်သက်တာအတွက် ချစ်ပါတယ်၊ ရောင်းကုန်မဟုတ်သော အချစ်နဲ့ ချစ်ပါတယ်၊ အိန္ဒြေ ပေးတဲ့ငွေတွေ အိပ်ရာအောက်မှာရှိပါတယ်၊ တစ်ပြားမှ မသုံးရက်ဘူး အချစ်ရယ်"

ဘင်နီ၏ တိုးညင်းသာယာသော အသံကို အိန္ဒြေ ကြားရသည်။ အိန္ဒြေသည် ဘင်နီ၏အသံကို လက်ခံနိုင်သည့် စွမ်းရည်ရှိသော်လည်း ခံစားနေရသော ဝေဒနာကို ကြည့်နိုင်စွမ်း မရှိချေ။ သို့မို့ကြောင့် မျက်နှာလွှဲပြီး ပြောရသည်။

"အိန္ဒြေလဲ ကိုကို့ကို ချစ်ပါတယ်၊ တစ်သက်တာအတွက်ပေါ့၊ ကိုကို့နဲ့ခွဲခွါနေရတဲ့ ညတွေ၊ ရက်တွေ၊ လတွေမှာ လွမ်းဆွေးကြေကွဲစွာနဲ့ ကိုကို့အတွက် ရေးဖွဲ့ခဲ့တဲ့ ရင်တွင်းက သီချင်းတွေပါ၊ အိန္ဒြေရဲ့သီချင်းတွေ စာသားတွေ ပီပြင်တယ်ဆိုရင် အိန္ဒြေရဲ့ ရင်ထဲက ခံစားချက်တွေ ဘယ်လိုရှိတယ်ဆိုတာ ကိုကိုသိမှာပါ၊ ကိုကို နားလည်မှာပါ၊ ကိုကို ခံစားတတ်မှာပါ ကိုကိုရယ်"

ဘင်နီ၏ထံမှ အသံမကြားရချေ။ အိန္ဒြေသည် မဝံ့မရဲဖြင့် နားထောင်ကြည့်သည်။ မျှော်မှန်းကြည့်သည်။ မှန်းဆမိသည်ကြောင့် ဘင်နီကို လှည့်ကြည့်ရသည်။ ဘင်နီကား မလှုပ်မယှက် အပြုံးတစ်ဝက်ဖြင့် ငြိမ်သက်လျက်ရှိလေသည်။

"ကိုကို ကိုကိုကြားလား၊ အိန္ဒြေ ပြောတာတွေ ကြားလား"

"ကိုကို ပြောပါဦး၊ အချစ်ရယ် ဖြေပါဦး"

နိုဘယ်နှင့် မေဘယ်တို့သည် အခြေအနေကြည့်နေရာမှ အပြေးဝင်လာသည်။ ဆရာဝန်နှင့် သူနာပြုများ ရောက်လာသော်လည်း အခြေအနေက

www.burmeseclassic.com

www.burmeseclassic.com



မဟန်ပြီ။ အသေအချာ စီစစ်စမ်းသပ်ပြီးသောအခါ အခြေအနေ မှတ်ချက်ထွက်လာသည်။

"လူနာ ဆုံးသွားပါပြီ၊ စိတ်မကောင်းပါဘူးခင်ဗျာ"

အိန္ဒြေသည် တောင့်တောင့်ကြီးထိုင်နေသည်။ မျက်ရည်လည်းမကျ၊ မျက်တောင်လည်း မခတ်ချေ။ ဘင်နီကိုသာ ဆို့နင့်စွာကြည့်၍နေသည်။ ဝမ်းနည်းခြင်း၊ ဝမ်းသာခြင်း၊ ပူဆွေးခြင်း၊ လွမ်းဆွတ်ခြင်း မရှိတော့ပြီလား (သို့မဟုတ်) လွန်မြောက်သွားပြီလားဟု၍ မပြောတတ်ပါပြီ။ နိုဘယ်နှင့် မေဘယ်ကမူ စိုးရိမ်ကြောင့်ကြစွာဖြင့် အိန္ဒြေကို လှုပ်ခါကြသည်။

"အိန္ဒြေ အိန္ဒြေ သတိထားပါ သူငယ်ချင်းရယ်"

အတန်ကြာမှ ပုံမှန်ဖြစ်လာမည်ဟု ထင်သည်။ အိန္ဒြေသည် လှုပ်လှုပ်ရှားရှား ဖြစ်လာသည်။ ရင်ဘတ်တွင် တွဲချိတ်ထားသော နေကာမျက်မှန်ကို တပ်လိုက်သည်။ အိန္ဒြေက နိုဘယ်နှင့် မေဘယ်တို့ကိုကြည့်ပြီး သူမ၏ဆန္ဒကို ပြောသည်။

"အိန္ဒြေလေ . . . ဟိုးအဝေးမှာ ရောက်နေတော့လဲ ကိုကို့ကိုတမ်းတရင်း လွမ်းရ ငိုရ ပူလောင်နေတယ်၊ အနီးရောက်တော့လဲ ပျော်ရတာ ခဏပါ၊ ကိုကိုပျော်တဲ့အချိန်လေးကို တအားချစ်တာပဲ၊ ကိုကိုပျော်လို့ အားပါးတရ ချစ်မယ်လို့ စိတ်ကူးတယ်၊ ကိုကိုက ခွဲသွားပြီ၊ အိန္ဒြေ မလိုက်နိုင်ပေမယ့် အတိုးကျန်ဘဝမှာ နီးနိုင်သမျှ နီးနီးနေချင်တယ်၊ မိမရှိ ဘမရှိ ချစ်သူမရှိတဲ့ ဘဝမှာ ခွင့်ပြုသလောက်နေချင်တယ် နိုဘယ်ရယ်"

နိုဘယ်လည်း မျက်ရည်ပေါက်ကြီးများ လိမ့်ဆင်းလာရင်း အိန္ဒြေကို ဖက်ထားမိသည်။ အချစ်ဆုံးကိုကိုနှင့် အချစ်ဆုံး အတိုးကျန် သူငယ်ချင်းတို့အတွက် စိတ်မကောင်းကြီးစွာ ခံစားရသည်။ မေဘယ်လည်း အိန္ဒြေကို နှစ်သိမ့်ရင်းငိုမိသည်။

"ဟုတ်ပါပြီ သူငယ်ချင်းရယ်၊ သတိထားနော်၊ ကိုယ်တို့ရှိနေမယ်"

နိုဘယ်နှင့် မေဘယ်တို့နှစ်ဦး အလိုက်သိသိ အခန်းအပြင်သို့ ထွက်သွားသည်။

အိန္ဒြေသည် သူမ၏လက်အိတ်တွင်းမှ ကက်ဆက်အသေးစားလေးကို ထုတ်ယူလိုက်သည်။ ဘင်နီ၏ဘေးတွင် ကက်ဆက်လေးကိုချပြီး ဖွင့်လိုက်သည်။ အိန္ဒြေ၏ လက်ချောင်းနုနုလေးများက ဘင်နီ၏ လက်များကို အားပါးတရ ဆုပ်ကိုင်ထားသည်။

ကက်ဆက်မှ နူးညံ့ပျော့ပျောင်း ရှင်သန်သော တေးသံအချတွင် ဘင်နီ၏ တေးသံသာက ပေါ်လာသည်။

"တိမ်သွား တိမ်သား တိမ်လွှာ ပါးပါးလေးနဲ့အတူကွယ် ××× စိတ်များ ဝေဝါးမနေမနား ဖြေရှာမရတဲ့သူနှယ် ကွယ် ××× အချစ်များ ချစ်စကားကြင်နာတရားများ မပြောမိတယ် ××× လွမ်းတယ် အချစ်ရယ် ××× တမ်းတမှန်းဆ လွမ်းရရက်တွေ သည်းကြွေမတတ်ပါပေ အချစ်ရေ ×××"

တေးသွားနှင့်အတူ အိန္ဒြေ၏ စည်းချက်ကျကျ လေချွန်သံက ပေါ်လာသည်။ အိန္ဒြေက ဘင်နီအောင်၏အဆိုကို လေချွန်သံဖြင့် လိုက်၍ဆိုနေခြင်း ဖြစ်သည်။ ကြားရသူအဖို့ ကြည်နူးဖွယ် ဖြစ်သော်လည်း ဇာတ်သိဖြစ်သူ နိုဘယ်နှင့် မေဘယ်တို့က ဖြေမဆည်နိုင်ဖြစ်ရသည်။

အိန္ဒြေသည် လေချွန်နေသော်လည်း မျက်ရည်ဥကြီးများက ပါးပြင်မှ လိမ့်ဆင်းလျက်ရှိသည်။

မျက်မှန်အောက်မှ မျက်ရည်ပေါက်တို့သည် ဘင်နီ၏ မျက်နှာတစ်ခုလုံးကို ရွှဲရွှဲစိုနေသည်။ လေချွန်သံနှင့် သီချင်းသံကား မပြတ်ချေ။

"အချစ်မရှိတဲ့ ည ××× အချစ်မရှိတဲ့ လ ××× အချစ်မရှိတဲ့ ဘဝများမှာကွယ် ××× ကြယ်ရောင်လက် တိမ်လွှာ မဲနက် အမှောင်ထက် ညဥ့်နက် ×××"

လေချွန်သံသည် တဖြည်းဖြည်း ညင်သာစွာဖြင့် တိုးသွားသည်။ အတန်ကြာလျှင် ရပ်သွားသည်။ ကက်ဆက်မှ တေးသံက သီဆိုဆဲဖြစ်သည်။

အိန္ဒြေထံမှ မည်သည့်အသံမျှ မကြားရချေ။ နိုဘယ်သည် အိန္ဒြေ၏ အခြေအနေကို ကြည့်နေသူ ဖြစ်၍ ချက်ချင်းပြေးဝင်လာသည်။

နေကာမျက်မှန် တပ်ထား၍ မျက်လုံးအိမ်ကို မမြင်ရသော်လည်း ငြိမ်သက်နေပုံက ကျေနပ်ဖွယ် မရှိချေ။

"အိန္ဒြေ အိန္ဒြေ . . သူငယ်ချင်း . . . သူငယ်ချင်း"

အိန္ဒြေက ပြန်မထူးချေ။ နိုဘယ်သည် အခြေအနေကို ချက်ချင်းသိလိုက်သည်။ မေဘယ်ကို လှမ်းအော်ပြောရင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားရသည်။

"ဆရာဝန် ခေါ်ပါဦး၊ လုပ်ပါဦး၊ အိန္ဒြေ မလှုပ်တော့ဘူး၊ သူငယ်ချင်း. အိန္ဒြေ . . . အိန္ဒြေ"

**နေမထူး**

□



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

(၁)

* ခရေပွင့်လျှင်
ကြွေရင့်ဝါဝါ၊ မြေ၌မှာလျှင်
ရောကာပေါင်းယှက်၊
ဟောင်းသစ်ရွက်နှင့်
တစ်ဝက်မှောင်းနီ၊ ဝေ့လည်လည်ကို
လေချီသုတ်ဖြူး၊ နီဝါကူးသည်
နွေဦးပေါက်မို့၊ ရော်ရွက်ကြွေ။

* ရင့်ကြွေညောင်းသည့်
ရွက်ဟောင်းစွန့်ပစ်၊ ဘဝသစ်သို့
သနစ်ပြောင်းမည်၊ ဖူးသစ်စီသည်
အနီထဲမှ ကြယ်ဖြူပွင့်။

ဒဂုန်တာရာ

အချိန်ကာလကား နှစ်ပေါင်းများစွာ နယ်ချဲ့ဗိုလ်ကျသည့် အင်္ဂလိပ်လက်အောက်မှ လွတ်မြောက်ရန် ဗိုလ်ချုပ်နှင့်တကွ ရဲဘော်သုံးကျိပ် ဂျပန်ပြည်တွင် စစ်ပညာသင်၍ ပြန်လာသည့် ကာလဖြစ်၏။

ရဲဘော်သုံးကျိပ်နှင့်အတူ အင်္ဂလိပ်တို့အား ပူးပေါင်းတိုက်ထုတ်ရန်အပြင် အာရှသားများတန်းတူညီမျှရေးဟူသော အကြောင်းပြချက်ဖြင့် ဂျပန်တပ်မတော်သည်လည်း ပါလာခဲ့ပါ၏။

ဂျပန်တွင် စစ်ပညာ သင်ယူ၍ ပြန်လာခဲ့ကြသော ဗိုလ်တေဇ (သခင်အောင်ဆန်း)၊ ဗိုလ်ရန်အောင်(သခင်လှမြိုင်)၊ ဗိုလ်ဇေယျ(ကိုလှမောင်)၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ ဗိုလ်လက်ျာ (သခင်လှဖေ) စသည့် ရဲဘော်သုံးကျိပ်တို့သည် ဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ) ကို ဖွဲ့စည်းခဲ့ကြ၏။

ယင်းတို့နှင့်အတူ ဂျပန် တပ်မတော်သည် ၁၉၄၂ ခု၊ မေလအတွင်း မြန်မာနိုင်ငံ တစ်နိုင်လုံးအား သိမ်းယူလိုက်ပေ၏။ ထိုနှစ်၌ပင် (ဘီအိုင်အေ) အား ဖျက်သိမ်းလိုက်ပြီးနောက် ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ)ကို ပြန်လည်ဖွဲ့စည်းခဲ့ပြန်၏။

ဘီဒီအေတွင် ဗိုလ်တေဇ(ဗိုလ်ချုပ်အောင်ဆန်း)သည် တပ်မတော်၏ အဓိပတိဖြစ်သကဲ့သို့ စစ်ဝန်ကြီးလည်း ဖြစ်ခဲ့၏။ ထိုစဉ်ကာလက ဒေါက်တာဘမော် အစိုးရအဖွဲ့သည် ဂျပန်တပ်မတော်၏ ရုပ်သေးအစိုးရ ဖြစ်ခဲ့ရပြီး ဂျပန်အရာရှိကြီးများ၏ ဩဇာအာဏာများသာ လွှမ်းမိုးခဲ့၏။ သို့ဖြင့်. . .

နောက်လာသည့် မောင်ပုလဲ ဒိုင်းဝန်းထက်ကဲဆိုသကဲ့သို့ ဂျပန် ဖက်ဆစ်သည် နယ်ချဲ့အင်္ဂလိပ်ထက် ဆိုးရွားလှပါ၏။ နိုင်ငံအတွင်း တန်ဖိုးမရှိသော ထောင်မလဲ သဲကော် ငွေစက္ကူများအား အကန့်အသတ်မရှိ တန်ဖိုးမဲ့စွာ ရိုက်ထုတ်ခဲ့ကြ၏။ ပြည်သူများအား စိတ်ထင်တိုင်း ညှဉ်းပမ်းနှိပ်စက် သကဲ့သို့ မြန်မာတိုင်းရင်း အမျိုးသမီးများကိုလည်း အဓမ္မအနိုင်ကျင့်ကြ၏။ ပို၍ဆိုးသည်မှာ ဂျပန်တပ်မတော်ထက် ဂျပန်စစ်ထောက်လှမ်းရေး (ကင်ပေတိုင်)များမှာ ပို၍ ဆိုးပြီး ပို၍ ရိုင်းစိုင်းကြ၏။

ထိုစဉ်က ပြည်သူများ ဒုက္ခပင်လယ်ဝေနေသည်ကို ဗိုလ်ချုပ်သည် သိနေခဲ့ပါ၏။ သို့သော် ဖက်ဆစ်ဂျပန်များအား ပြန်လည်တွန်းလှန်ရန် အချိန်အခါနှင့် အခွင့်အရေးသင့်သည့်အချိန်ကို စောင့်နေခဲ့ပြီး ၁၉၄၄ ဩဂုတ်လအတွင်း ပဲခူးမြို့ တပ်မတော်စုံပြတပ်ရင်း၌ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် တင်သွင်းသည့် ဖက်ဆစ်တိုက်ဖျက်ရေးနှင့်ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်ကို ဖွဲ့စည်းအတည်ပြုနိုင်ခဲ့၏။

သို့ဖြင့် တပေါင်းနွေနှင့်အတူ တစ်နိုင်ငံလုံး မျိုးချစ်စိတ်တို့ဖြင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကြီး ဆင်နွှဲရန်တာဆူနေသည့် အချိန်တွင် တို့ဗမာအစည်းအရုံးဝင် ကျွန်တော်သည် တော်လှန်ရေးအတွက် ခရီးပြင်းမနှင်ရခင် နှလုံးသား ပြဿနာနှင့် ပတ်သက်၍ အကြိတ်အနယ် ဖြေရှင်းခဲ့ရပါ၏။

လက်နက်ကိုင်သောသူများကို မုန်းတီးနေသည့် ချစ်ရသော မမခင်သည် ကျွန်တော့်အား တိုင်းပြည်ချစ်သော မျိုးချစ် တော်လှန်ရေးသမားတစ်ယောက်အဖြစ် မမြင်ပါချေ။ လက်နက်ကိုင်၍ အကြမ်းဖက်သူဟုသာ မြင်နေပုံရနေ၏။ ဘာအတွက်ရယ်တော့ မသိ။

"တစ်တိုင်း တစ်ပြည်လုံး စုတ်ပြတ်နေအောင် စစ်ဖြစ်တော့မယ် ဆိုတာ မမခင်သိတယ်၊ မင်းမင်း ဒါကိုလဲ ဖြစ်သင့်လို့ ဖြစ်တယ်ဆိုတာလဲ မမခင်သိပါတယ်၊ ဒါပေမယ့် မမခင်ရဲ့ နှလုံးသားနယ်ပယ်ထဲကို ဝင်ရောက်ခဲ့သူဟာ တိုင်းပြည်ကို ချစ်သည်ဖြစ်စေ မချစ်သည်ပဲဖြစ်စေ လက်နက်ကိုင်တဲ့သူ လူသတ်တဲ့သူ မဖြစ်စေရဘူး မင်းမင်း။

မင်းမင်း အနေနဲ့ မမခင်ထက် တိုင်းပြည်နဲ့ လူမျိုးကို ချစ်တယ်ဆိုပြီး လက်နက်ကိုင် တော်လှန်ရေးသမား လုပ်မယ်ဆိုရင်တော့ ဒီတစ်သက် မမခင်နဲ့ မင်းမင်း လမ်းခွဲကြရုံပဲ ရှိတော့တယ်၊ တိုင်းပြည်နဲ့ လူမျိုးကို ချစ်တာ မမခင် အပြစ်မဆိုပေမယ့် လူသေစေတတ်တဲ့ လက်နက်ကိုင်ဆောင်ခြင်းကိုတော့ မမသိပ်မုန်းတယ် မင်းမင်း"

ပထမတော့ မမခင်၏ စကားများသည် ကျွန်တော့်အား ကျီစားနောက်ပြောင်နေသည်ဟု ထင်ခဲ့မိပါ၏။ သို့စေကာမူ ရှည်လျားစွာ ပြောနေသော ချစ်သော မမခင်၏ စကားများသည် အတည်ပေါက်ပြောနေမှန်း သိလိုက်ရသည့်အခါ ကျွန်တော် စိတ်ညစ်သွားရ၏။ ယင်းကြောင့် အတွေးအခေါ် အယူအဆ မှားယွင်းနေသော မမခင်အား

"မမခင်ရဲ့ အယူအဆတွေ မှားနေတယ်ထင်တယ်၊ ကျွန်တော် လူကို

www.burmeseclassic.com

www.burmeseclassic.com

သေစေနိုင်တဲ့ လက်နက်တွေကို ကိုင်ချင်လို့ ကိုင်နေတယ်များ ထင်နေသလား မမရယ်၊ တိုင်းပြည်နဲ့ လူမျိုး ဘာသာ သာသနာအတွက် မဖြစ်မနေ ကိုင်နေရတယ်လို့ မမ တွေးကြည့်သင့်ပါတယ်။

ကျွန်တော်တို့ မမတို့ရဲ့ ဒီနိုင်ငံဟာ သူ့ကျွန်ဘဝရောက်ခဲ့တာ နှစ်တစ်ရာနီးပါး ဖြစ်နေပြီ၊ တိုင်းတစ်ပါးသားရဲ့ လက်အောက်မှာ သားစဉ်မြေးဆက် ကျွန်ဖြစ်နေရတာကို မမခင် စာနာကြည့်စမ်းပါဦးဗျာ၊ မခံရပ်နိုင်လွန်းလို့ ထကြွပုန်ကန်တော့လဲ ခေတ်မီလက်နက်ဆိုတာ မရှိခဲ့လို့ ကျဆုံးခဲ့ရတာချည်းပဲ။

ဒါကြောင့် တိုးတက်တဲ့ အမြင်အတွေးတွေနဲ့ တက္ကသိုလ်ကျောင်းသားသခင်အောင်ဆန်း အပါအဝင် ရဲဘော်သုံးကျိပ်ဟာ ခက်ခက်ခဲခဲ ဂျပန်ပြည်မှာ စစ်ပညာသင်ခဲ့ရတာ၊ ဒါပေမယ့် ဖက်ဆစ်ဂျပန်တွေရဲ့ အကျင့်ဆိုး ဝါဒဆိုးတွေနဲ့ ရိုင်းပျနှိပ်စက်မှုတွေကို ပြည်သူတစ်ရပ်လုံး ခံစားနေတာကိုတော့ ဗိုလ်ချုပ်တို့ လုံးဝ လက်မခံပါဘူး။

ဒါကြောင့် အချိန်အခါ အခွင့်ကောင်းကို စောင့်ပြီး ဖက်ဆစ်တော်လှန်ရေးအတွက် ပြင်ဆင်နေကြတာ၊ ဒီလိုမှ မတော်လှန်ရင်လဲ လွတ်လပ်ရေးအတွက် တစ်ဆင့်တက်ဖို့ မဖြစ်နိုင်လို့ လုပ်နေရတာပါ မမခင်၊ ကျွန်တော့်ကို မမခင် နားလည်ပေးပါဗျာ"

မမခင်သည် နှလုံးသားရေးနှင့် ပတ်သက်လာပါက ပြတ်သားသည့်ဟန်ရှိ၏။ မမခင်သည် ပူပင်သောကတို့အား အတတ်နိုင်ဆုံး ဖုံးကွယ်လျက်။ သူမ၏ လှပသော မျက်နှာလေးသည် နီရဲလျက်ရှိနေ၏။

"မမခင် နားလည်ပေးနိုင်တာက လွတ်လပ်ရေးအတွက် လှုပ်ရှားနေကြတဲ့ ဗမာ့တပ်မတော်သားတွေနဲ့ ပြည်သူတွေကိုပါ မင်းမင်း၊ မမ ခွင့်မလွှတ်နိုင်တာက မမသိပ်ချစ်ရတဲ့ မင်းမင်းကိုပဲ မမခင် ချစ်တဲ့ မင်းမင်းဟာ မမခင်သေမလောက် မုန်းတီး ကြောက်ရွံ့တဲ့ လက်နက်တွေကို ကိုင်ပြီး တိုက်ပွဲဝင်အသက်စွန့်လွှတ်နေတာကို မမ ကြားလဲ မကြားရက်သလို ဂုဏ်လဲ မယူနိုင်ဘူး၊ မမခင် သိပ်မုန်းတဲ့ လက်နက်တွေကို ကိုင်ပြီး မမခင်ကို ကျောခိုင်းသွားတာကို မမခင် ကြည်ဖြူစွာနဲ့ ခွင့်လွှတ်နိုင်ပါ့မလား မင်းမင်းရယ်"

မမခင်သည် ရင်ထဲမှ ထွက်ပေါ်လာသော စကားများအား ဖွင့်ချလျက် သူမ၏ မျက်ဝန်းတစ်စုံမှ မျက်ရည်စများ ပြည့်လျှမ်း၍ လာရတော့၏။ ကျွန်တော်သည် မမခင်၏ နူးညံ့သော လက်ကလေးအား ညင်သာစွာ ကိုင်တွယ်၍ နားလည်မှုပေးနိုင်ပါရန် မေတ္တာရပ်ခံပါ၏။

"ကျွန်တော့်ကို ခွင့်လွှတ်ပါတော့လို့ ပြောတာကလွဲပြီး တခြား ဘာမှ မပြောနိုင်တော့ပါဖူး မမခင်ရယ်၊ ဖက်ဆစ်တော်လှန်ရေးပြီးလို့ ကျွန်တော် အသက်ရှင်သေးတယ်ဆိုရင် မမခင်ဆီကို ကျွန်တော် မရောက်ရောက်အောင် ပြန်လာခဲ့မှာပါ မမခင်"

မမခင်သည် နှလုံးသား ပျက်ကြွေသည့်ပမာ မျက်ရည်များ စီးကျလျက် သူမ၏လက်ကို ကိုင်တွယ်ထားသော ကျွန်တော်၏ လက်များအား အသာအယာ ပယ်ချလိုက်ပါတော့၏။

(၂)

မမခင်တို့ တိုက်နှင့် ကျွန်တော်တို့အိမ်သည်ကား သိပ်ဝေးလှသည် မဟုတ်။ တစ်လမ်းတည်းသားများ ဖြစ်ကြ၏။ မမခင်၏ ဖခင်မှာ အင်္ဂလိပ်ခေတ် တောက်လျှောက် မြို့ပိုင်ဘဝ၊ နယ်ပိုင်ဝန်ထောက်ဘဝဖြင့် ရှိခဲ့ပြီး ဂျပန်ခေတ်မရောက်ခင်ကပင် အလုပ်မှ ထွက်၍ အငြိမ်းစားယူခဲ့၏။

မမခင်၏ မိခင်မှာ ဆုံးပါးသွားသည်ဟုသာ သိရ၏။

မမခင်သည် ကွန်ဗင့်ကျောင်းသူဖြစ်ခဲ့သည့်အလျောက် ကျောင်းဆရာမဖြစ်သော်လည်း ခေတ်အခြေအနေအရ ကျောင်းဆရာအလုပ်အား ရပ်နားခဲ့၏။

ကျွန်တော်၏ ဖခင်မှာ ပွဲစားကြီးဖြစ်ပြီး မိခင်မှာ တောသူပီသစွာ အိမ်ဖော်မခေါ်၊ အိမ်မှု ဗာဟီရကို သိမ်းကျုံးလုပ်တတ်၏။ ကျွန်တော်ကား အမျိုးသား ကျောင်းထွက်ဖြစ်ပြီး မြန်မာလိုဆယ်တန်း အောင်ခဲ့၏။ စစ်ကြီးနှင့် တွေ့ကြုံနေရသည့် ခေတ်ကာလမို့ ပညာရေးကို ဆက်လက် သင်ယူရန် အခွင့်အခါမရှိသေးသည့်အတွက် ဖခင်၏ ပွဲစားလုပ်ငန်းကို ဝင်ရောက်ကူညီလုပ်ကိုင်နေခဲ့၏။

ထိုခေတ် ထိုကာလတွင် စီးပွားရေးလုပ်ငန်းလုပ်ရသည်မှာ အဆင်မပြေလှ။ နေ့စဉ်ဆိုသလို မဟာမိတ်လေယာဉ်များ ဗုံးကြဲတိုက်ခိုက်လေ့ရှိသဖြင့် လုပ်ငန်းတွင်ကျယ်မှု မရှိခဲ့ပေ။ တစ်ဖက်တွင်လည်း တို့ဗမာအစည်းအရုံးဝင် သခင်ပေါက်စဖြစ်သည်ကြောင့် ဂျပန်ခေတ်ကာလတွင် ထင်ပေါ်စွာ မနေခဲ့ရ။ တော်လှန်ရေးအတွက် နိုင်ငံရေး ကျွမ်းကျင်သူများနှင့် မြေအောက်လုပ်ငန်းများကို လျှို့ဝှက်လုပ်ကိုင်ခဲ့ရ၏။

ကျွန်တော်နှင့် မမခင်တို့၏ မိဘများသည် ခင်မင်ရင်းနှီးကြသည့်အလျောက် မမခင်နှင့် ကျွန်တော်သည်လည်း လူငယ်ချင်း ရင်းနှီးခင်မင်မှုမှ တစ်ဆင့် ချစ်သူအဆင့်သို့ တက်လှမ်းခဲ့ကြ၏။ စစ်ကြီးကာလအတွင်း ချစ်သူများ ဖြစ်ခဲ့ကြသည်ဟုဆိုရပေလိမ့်မည်။

ချစ်သူများ ဖြစ်လင့်ကစား စည်းကမ်းရှိသော ချစ်သူများ ဖြစ်ပါ၏။ နှစ်ဖက် လူကြီးမိဘတို့၏ သဘောတူညီမှုကို စောင့်ဆိုင်း၍ နေကြသည်ဆိုက ပို၍မှန်ကန်ပါလိမ့်မည်။

ထိုအတောအတွင်း ကျွန်တော်သည် တက်ကြွသော သခင်လူငယ်အဖြစ် ရပ်တည်လာသည့် အခါတွင် အဘက်ဘက်သော လုပ်ငန်းရပ်များတွင် အားကြိုးမာန်တက် ဆောင်ရွက်ကြရ၏။ နောက်ပိုင်း ဖက်ဆစ်တော်လှန်ရေးတွင် မြန်မာ့တပ်မတော်နှင့် ပြည်သူ



www.burmeseclassic.com

www.burmeseclassic.com

ပူးပေါင်းတိုက်ဖျက်ရန် အခြေအနေ ဖြစ်ပေါ်လာသည့်အခါတွင်အလိုအလျောက် တော်လှန်ရေးသမား ဖြစ်လာရ၏။

ထိုကိစ္စနှင့် ပတ်သက်၍ ကျွန်တော်၏ မိဘများမှာ သိရှိလာပြီးနောက် ကျွန်တော့်အတွက် ဂုဏ်ယူဝင့်ကြွားလျက် ရှိချေတော့၏။

"မောင်မင်းခန့် သား အဖေဟာ ပွဲစားဆိုပေမယ့် ပြည်သူတွေရဲ့ အတိဒုက္ခ အဖုံဖုံကို သိမြင်ထားတယ်ကွ၊ တို့ပြည်သူတွေကို ကယ်တင်မယ်၊ တိုင်းပြည်ရဲ့ လွတ်လပ်ရေးရအောင် စွမ်းဆောင်မယ်၊ ကြိုးပမ်းမယ်ဆိုတော့ သားကို အဖေက ဘာမှ ကန့်ကွက်စရာ မလိုဘူး သား၊ သခင်အောင်ဆန်းတို့ သခင်လှမြိုင်တို့တောင် တက္ကသိုလ်ကျောင်းက ထွက်ပြီး တိုင်းပြည်နဲ့ လူမျိုး လွတ်လပ်ရေးရအောင် သက်စွန့်ကြိုးပမ်းကြချိန်မှာ ငါ့သားလဲ ပါဝင်လာမှာ ဖြစ်လို့ အဖေတို့ ဂုဏ်ယူတယ်သား"

ဖခင်၏ ဂုဏ်ယူဝင့်ကြွားသော အပြုံးနှင့် စကားတို့ကြောင့် ကျွန်တော်၏ စိတ်အစဉ်အား ကြည်နူးလန်းဆန်းစေပါ၏။ ကျွန်တော်၏ မိခင်သည်လည်း ဖခင်ကဲ့သို့ သားဖြစ်သူ ကျွန်တော့်အား စိုးရိမ်သောက ရောက်မှုထက် ဂုဏ်ယူတက်ကြွမှုတို့ကား ပြောဖွယ်မရှိပါချေ။

"သားလေး မင်းခန့် မင်း စစ်ထဲဝင်ရင် ပုဂံခေတ်က ပုဂံစစ်သားကြီးတွေလို ရဲရင့်ပြီး သတ္တိရှိတဲ့ စစ်သားကောင်း ဖြစ်လာအောင် ကြိုးစားပါသား၊ တို့မြေ တို့ရေ တို့လူမျိုး တို့တိုင်းပြည်အတွက် လွတ်လပ်ရေးရအောင် ဗိုလ်တေဇတို့နဲ့ အတူ တိုက်ပွဲဝင်ရမှာမို့ အမေဂုဏ်ယူတယ်သား"

မျက်ရည်တစမ်းစမ်း အသံတုန်တုန်ဖြင့် ပြောကြားလေသော မိခင်၏ နှုတ်ထွက်စကားသံများသည် ကျွန်တော်၏ နှလုံးသားထိတိုင် ဝီရရသအဖြစ် နက်ရှိုင်းစွာ စူးဝင်ခဲ့ရပါ၏။ မိဘတို့၏ အားပေးမှုများကြောင့် ကျွန်တော် ဝမ်းနည်း ဝမ်းသာ ဖြစ်ရသော်ငြားလည်း ကျွန်တော်ချစ်သော မမခင်ကမူ . . .

"ဒီမှာမင်းမင်း လူဖြစ်တယ်ဆိုရင် လူ့ဝန်းကျင်မှာ လူဖြစ်ကျိုးနပ်အောင် နေတတ်ရတယ်ကွ၊ လက်နက်ကိုင်ပြီး တိုင်းပြည်အတွက်လို့ ဆိုပေမယ့် အခန့်မသင့်ရင် အသက်နဲ့ အိုးစားကွဲနိုင်တယ်ဆိုတာ မင်းမင်း မသိလို့လား၊ နောက်ပြီး တိုင်းပြည်ကို ချစ်တယ်ဆိုပြီး လက်နက်ကိုင် တိုက်ပွဲဝင်မှ တိုင်းပြည်အတွက် လူမျိုးအတွက်လို့ ဆိုလိုချင်တာလား၊ တခြားအလုပ်တွေလုပ်ရင်း တိုင်းပြည်အကျိုးကို သယ်ဆောင်လို့ကော တိုင်းပြည်ကို ချစ်တယ်လို့ မဆိုနိုင်ဘူးလား၊ ပြောပါဦး မင်းမင်းရယ်၊ မမခင်ကို ချစ်ကယ် မြတ်နိုးတယ်ဆိုရင် မင်းမင်းရဲ့ ဆုံးဖြတ်ချက်တွေကို ပြင်လိုက်ပါကွယ်"

ကျွန်တော်၏ ယုံကြည်ချက် မျှော်မှန်းချက်ဖြင့် လျှောက်လှမ်းရာ လမ်းခရီးတွင် မမခင်၏ စကားများက ခလုတ်ကန်သင်းသဖွယ် မမခင်ကို ကျွန်တော်နက်ရှိုင်းစွာ ကြည့်လိုက်ပြီး. . .

"မမခင် ဘာကို ဆိုလိုတယ်ဆိုတာ ကျွန်တော် နားလည်ပါတယ်၊ ဒါပေမယ့် အခုလို တိုင်းပြည်တစ်ခုလုံး တစ်စစီ ပြိုကွဲပျက်စီးပြီး သူ့ကျွန်ဘဝမှာ သက်တမ်းရှည်ရမယ့် ကိစ္စကို တိုးတက်တဲ့ လူငယ်တစ်ယောက်အနေနဲ့ ကျွန်တော် ဥပေက္ခာ မပြုနိုင်ဘူး မမခင်၊ ကျွန်တော်တို့ မမခင်တို့ဟာ မြန်မာပြည်မှာ မွေးဖွားတဲ့ မြန်မာလူမျိုးတွေပါ၊ နှစ်ပေါင်းမြောက်မြားစွာ ဘိုးစဉ်ဘောင်ဆက် သူ့ကျွန်ခံခဲ့ရသလို ကျွန်တော်တို့ ခေတ်ထိတိုင် ဒုက္ခကို ခါးစည်းခံနေရတာ မမခင်သိပါတယ်၊ မမခင်ပြောသလို တခြားလုပ်ငန်းတွေလဲ တိုင်းပြည်ရဲ့ ကောင်းကျိုးဆိုတာ ကျွန်တော်လက်ခံပါတယ်၊ အခုအခြေအနေမှာ ကျွန်တော်တို့ရဲ့ တိုင်းပြည်နဲ့ လူမျိုးလွတ်လပ်ရေး ရဖို့သာ အဓိက ဖြစ်နေတော့ ဗိုလ်ချုပ်ပြောသလို နီးရာရန်သူကို တိုက်ကြခိုက်ကြ ချေမှုန်းကြရမှာပဲ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါတော့ မမခင်၊ ကျွန်တော်လေ မမခင်ကို ချစ်သလို ကိုယ့်တိုင်းပြည်ကိုလဲ မြတ်နိုးတယ်၊ မမခင်ကို ကြင်နာသလို ကိုယ့်လူမျိုးကိုလဲ သနားတယ် မမခင်"

ကျွန်တော်၏ ခိုင်မာသော သန္နိဋ္ဌာန်တို့ဖြင့် ပြောကြားလေသမျှ ချစ်ရသော မမခင်မှာ မျက်ရည်သွန်းဖြိုး၍ ငိုပွဲဆင်လေတော့၏။ ငိုနေသော မမခင်အား နှစ်သိမ့်နိုင်ရန် မမခင်၏ ပခုံးလေးအား ညင်သာစွာ ပွေ့ဖက်လိုက်မိပါ၏။

(၃)

၁၉၄၄ ခုနှောင်းပိုင်းလများတွင် ဗမာ့တပ်မတော်နှင့် နိုင်ငံရေးသမားများသည် ဖက်ဆစ်တော်လှန်ရေးအတွက် မြေအောက်နည်းလမ်းများဖြင့် ဆက်သွယ် ဆောင်ရွက်လျက်ရှိခဲ့ကြ၏။

ဗိုလ်တေဇခေါ် ဗိုလ်ချုပ်အောင်ဆန်းသည်လည်း တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အဓိက အင်အားအဖြစ် ခိုင်မာစွာ ရည်ရွယ်ထားသဖြင့် တိုင်းရင်းသား လူမျိုးစု လူငယ်များကို စည်းရုံးလျက် တပ်မတော် တပ်ရင်း တပ်ဖွဲ့ အသီးသီးသို့ ဝင်ရောက် တာဝန်ထမ်းဆောင်စေခဲ့သည်။

ဤသို့ဖြင့် မြန်မာ့သမိုင်းတွင် မကြုံစဖူးထူးကဲသော စည်းလုံးညီညာမှုတို့ဖြင့် ၁၉၄၅ ခု မတ်လ(၂၇)ရက်နေ့တွင် ပြည်သူတစ်ရပ်လုံး လှည်းနေဖလှေအောင်း မြင်းဇောင်းမကျန် ပါဝင်ဆင်နွှဲ အောင်ပွဲခံနိုင်ခဲ့သည့် ဖက်ဆစ်ဂျပန် တော်လှန်ရေးကြီး တစ်ခဲနက် အကောင်အထည် ပေါ်လာခဲ့ပါတော့သည်။

ရော်ရွက်ဝါများ တဖြောက်ဖြောက်ကြွေသည့် နွေဦးအခါသမယတွင် ကျွန်တော်သည် ပဲခူးရိုးမ စစ်မျက်နှာတွင် ရောက်ရှိနေပါ၏။ ဗမာ့တပ်မတော်မှ ဗိုလ်ကြီးလှနိုင်နှင့် တပ်မတော်သားများသည် ယူနီဖောင်းကို ချွတ်၍ ကရင်တိုင်းရင်းသားများနှင့်အတူ ဖက်



www.burmeseclassic.com

www.burmeseclassic.com

...စ်တို့အား ပြောက်ကျားစစ်ဆင်ရေးကို ...င်နွှဲရန် ဆောင်ရွက်နေကြ၏။

အနီရောင် လက်ပတ်တွင် ဖြူ...ွင်သော ကြယ်တစ်ပွင့်သည် တော်...န်ရေးသမားတိုင်း၏ လက်မောင်း၌ ...ွင့်ပွင့်လျက် ရှိနေချေ၏။

သည်တော သည်တောင် သည် ...ဝန်းကျင်တွင် လွမ်းစဖွယ် ကောင်း...ောက်အောင် ရွက်ဝါလေးများ လွင့် ...ကြွေနေကြ၏။

လေအဝှေ့တွင် သစ်ရွက်ခြောက် ...၏ မြည်သံသည် ကျွန်တော်တို့အား ...န်းအားပေးနေသည်လား၊ ငိုညည်း ...နေသည်လား မပြောတတ်။

ကျွန်တော်၏ လက်မောင်းမှ အနီရောင်ထဲမှ ကြယ်ဖြူအား ငုံ့ကြည့် ...တ် ချစ်သော မမခင်ကို သတိရမိ ...၏ စစ်တိုင်းမှူး၏ ညွှန်ကြားချက်အရ ...ောက်တစ်နေ့တွင် တိုက်ပွဲဖြစ်ပွားနိုင် ...ည့် စစ်မြေပြင်များဆီသို့ မထွက်ခွာ ...င် ချစ်သော မမခင်နှင့် ခဏတာ ...တွေ့ဆုံခဲ့ရ၏။

မမခင်သည် ကျွန်တော်၏ ရင် ...ထဲ၌ ဖြေမဆည်နိုင်အောင် မျက်ရည် ...ဆင်းလျက်ရှိနေပါ၏။ သူမ၏ မျက် ...ည်များသည် ကျွန်တော်၏ ရင်တွင်း ...လုံးသားအား ဖွဲ့ခြွေနေသည့်နှယ်။

ငိုလျက်မှပင် မမခင်မှ . . .

"နောက်ဆုံးတော့လဲ မင်းမင်းကို ...စ်တဲ့ မမခင်တစ်ယောက် မင်းရဲ့ ရင် ...ွင်ထဲမှာ အရှုံးပေးလိုက်ရပြန်ပြီပေါ့ ...ယ်၊ မင်းရဲ့ ဆန္ဒကို မလွန်ဆန်ရဲလို့ အရှုံးပေးတာ မဟုတ်ပါဘူး၊ မင်းကို သိပ် ...စ်လို့ အရှုံးပေးတယ်ဆိုတာ နားလည် သဘောပေါက်စေချင်တယ်၊ တော်လှန်ရေးပြီးတာနဲ့ မမခင်ဆီကို ဆက်ဆက် ပြန်လာခဲ့ပါကွယ်၊ မမလေ တစ်မျိုးသားလုံးအတွက် အောင်မြင်မှုတွေ ရလာခဲ့ယ် ချစ်ရတဲ့ မင်းမင်းကို အောင်သပြေပန်းနဲ့ ဆီးကြိုနေပါမယ်ကွယ်"

ဝမ်းသာဝမ်းနည်း ပင့်သက်များနှင့်အတူ မမခင်အား ပွေ့ဖက်ထားလိုက်မိပါ၏။ ကျွန်တော်မှ မည်သို့မျှ စကား မဆိုမိ။

"မမခင်ရယ်" ဟူ၍သာ။

တပေါင်းလဆန်းတွင် ထွက်ပေါ်နေသည့် လကွေးကွေးလေးကား ကျွန်တော်တို့ ချစ်သူနှစ်ဦးအပေါ်သို့ မပီမသဲသော အလင်းရောင်တို့ဖြင့်။

"သခင်မင်းခန့် ဗိုလ်လှနိုင် ခေါ်နေတယ်ခင်ဗျ"

တပ်သားတစ်ဦးမှ လာရောက်အကြောင်းကြား၍ ဗိုလ်လှနိုင် ရှိရာ ယာယီတပ်ရုံးသို့ လျှောက်လာခဲ့၏။

"လာဗျာ သခင်မင်းခန့်၊ အရေးပေါ်ကြေးနန်းတစ်ခု ရောက်လာလို့ဗျ၊ အရာရှိတွေလဲ စုံနေပါပြီ၊ ကျွန်တော်တို့ ဗမာ့တပ်မတော်နဲ့ သခင်မင်းခန့်တို့ တော်လှန်ရေးသမားတွေ ပူးပေါင်းဆောင်ရွက်ပြီး ဖက်ဆစ်တွေကို တိုက်ခိုက်တာနဲ့ ပတ်သက်ပြီး သတင်းတစ်ခုကတော့ သခင်မင်းခန့် တော်လှန်ရေးပြီးတာနဲ့ သခင်မင်းခန့်ရဲ့ ပညာအရည်အချင်း လုပ်ရည်ကိုင်ရည်အရ တပ်မတော်မှာ စစ်ဗိုလ်ဖြစ်ဖို့ သေချာတယ်ဆိုတဲ့ သတင်း။

နောက်သတင်းကတော့ နာမည်ကြီး အမှတ်(၅၃) ဂျပန်တပ်မဟာ ရခိုင်ကမ်းရိုးတန်းဘက်က စစ်ဆင်နေတဲ့ ရခိုင်ပြောက်ကျားနဲ့ မဟာမိတ်တပ်တွေရဲ့ ထိုးစစ်ကို မခံနိုင်လို့ တောင်ကုတ်ဖက် ဆုတ်ခွာလာပြီဆိုတဲ့ သတင်းပဲ၊ ဒီသတင်းအရ ဂျပန်တွေဟာ ပေါင်းတည် တောင်ငူလမ်းမကြီးအတိုင်း ရိုးမကိုဖြတ်ပြီး စစ်တောင်းဘက်ကို ဆင်းနိုင်တယ်လို့ လျှို့ဝှက်ကြေးနန်းစာ ရထားတယ်။

တစ်ခုတော့ရှိတယ်၊ စစ်တောင်းမြစ်ဝှမ်း ဒေသတစ်လျှောက်မှာ ဗမာ့တပ်မတော်နဲ့ မဟာမိတ်အမှတ်(၁၄) တပ်မတွေက ထိန်းချုပ်ထားပြီ ဖြစ်တဲ့အတွက် ဂျပန်တပ်မဟာ ညှပ်ပူးညှပ်ပိတ် ဖြစ်မှာသေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဒီတိုက်ပွဲမှာ ကျွန်တော်တို့တစ်တွေ ကျိန်းသေပါရလိမ့်မယ်၊ ကျွန်တော်တို့မှာက ဒီရိုးမပေါ်မှာ ကရင်တိုင်းရင်းသားတွေကိုလဲ စစ်သင်တန်း ပေးပြီးတဲ့အပြင် တော်လှန်ရေး ရဲဘော်တွေလဲ ဒုနဲ့ဒေးဖြစ်နေပါပြီ၊ ဂျပန်တွေ ရိုးမပေါ်တက်လာမယ့် လမ်းကို ဟပေးလိုက်ပြီး ရိုးမပေါ် ရောက်တာနဲ့ အပြတ်ချေမှုန်းရမှာပဲ"

ကရင်ခေါင်းဆောင် စောအယ်ဝါးကမူ . . .

"ဟေး ငါတို့တော့ ဒီဖက်ဆစ်ကောင်တွေကို အပြတ်တိုက်ရဖို့ပဲ နားလည်တယ်ဝှေ"

ကရင် တိုင်းရင်းသားတို့သည် ဖက်ဆစ်တို့၏ ဖိနှိပ်ညှဉ်းပန်းမှုအောက်တွင် ပြင်းပြစွာ ခံစားခဲ့ရသည်မို့ ဂျပန်ဖက်ဆစ်များကို တိုက်ခိုက်ရန် စိတ်စောနေကြ၏။

သို့ဖြင့် ရိုးမပေါ်သို့ တက်လာသော ဖက်ဆစ်ရန်သူများအား ကရင်ခေါင်းဆောင် စောအယ်ဝါးနှင့်အဖွဲ့မှ ပြောက်ကျားစနစ်ဖြင့် သုတ်သင်ခဲ့ပါ၏။

ဒူးလေး၊ တူမီး၊ မြားတို့ဖြင့် သုတ်သင်သကဲ့သို့ ထောင်ချောက်ဆင်၍ သုတ်သင်ကြ၏။

မဖြစ်မနေ ဆောင်ရွက်ရမည့် တိုက်ပွဲများတွင် သတ္တိရှိစွာ ရဲရင့်စွာ ရင်ဆိုင်ခဲ့ကြ၏။

"ဖောင်း ဖောင်း ဖောင်း . . . ဒိုင်း ဒိုင်း"

ကျွန်တော်တို့ တော်လှန်ရေးသမားများသည် နာကြည်းမှု အစုစုတို့ဖြင့် ဖက်ဆစ်တို့အား တွန်းလှန်တိုက်ခိုက်ကြ၏။

"ဖက်ဆစ်တွေကို အပြတ်ချေမှုန်းကြ"

"ဂျိမ်း ဖောင်း ဖောင်း"

"ဒိုင်း ဒိုင်း"

"ဒက် ဒက် ဒက် ဒက် ဂျိမ်း"

ယမ်း သေနတ် လက်ပစ်ဗုံးတို့၏ ပေါက်ကွဲသံတို့သည် ဘဝဂ်သို့တိုင် ဆူညံအက်ကွဲလျက်ရှိချေ၏။



www.burmeseclassic.com

www.burmeseclassic.com

ပြောက်ကျား ရဲဘော်များ၏ ပစ်လိုက် ပျောက်ကွယ်သွားလိုက် စစ်ဗျူဟာနည်းဖြင့် တိုက်ခိုက်ခဲ့ခြင်းအပေါ် ဖက်ဆစ်တို့မှာ မည်သို့မျှ ရှာဖွေတွေ့ရှိခြင်း မရှိသဖြင့် သွေးလေ ချောက်ချားရတော့၏။ သွေးလေချောက်ချားသည့် ဒဏ်ကို မခံနိုင်သည့်အဆုံး မမြင်ရသောရန်သူတို့၏ သတ်ဖြတ်ခြင်းကို ခံရသည်ထက် မြေညီသို့ဆင်း၍ မဟာမိတ်တပ်ကိုသာ ရင်ဆိုင်လျှင် ကောင်းမည်ဟူသော ဆုံးဖြတ်ချက်ဖြင့် ဖက်ဆစ်တို့သည် ရိုးမပေါ်မှ ဆင်းပြေးကြ၏။

ထိုအချက်ကို ကြိုတင် သိနေသော တော်လှန်ရေး ရဲဘော်များမှာ ဆင်းပြေးလာသော ဖက်ဆစ်ရန်သူတို့အား တောင်ခြေအင်တိုင်းတောများမှ ဆီးကြို၍ ချုံခိုတိုက်ခိုက်ခဲ့ကြ၏။

အမှန်စင်စစ် ဂျပန်တပ်မသည် စစ်ပန်းနေပြီဖြစ်၏။ ရိက္ခာပစ္စည်းများနှင့် လက်နက်ခဲယမ်းမီးကျောက်များ လျော့နည်းလာသည်ကြောင့် တက်ကြွသော ကျွန်တော်တို့ရဲဘော်များနှင့် ရင်ဆိုင်ရသည့်အခါ တစ်ပန်းရှုံးနေခြင်း ဖြစ်သည်ဟု ဆိုရပေမည်။

ကျွန်တော်တို့တွင်မူ ရိက္ခာလက်နက်နှင့် ပတ်သက်၍ မဟာမိတ်တပ်များမှ ကြိုတင်၍ လေထီးများဖြင့် ချပေးသဖြင့် ပြည့်စုံနေသည့်အပြင် မျိုးချစ်စိတ်နှင့် လွတ်လပ်ရေးရရှိလိုမှု ဇာတိမာန်စိတ်ဓာတ်တို့သည် ပိုမိုသာလွန်လှပေ၏။

သို့သော် အမှတ် ၅၃ ဂျပန်တပ်မအား ဖြိုခွင်းတိုက်ခိုက်ရာတွင် ကျွန်တော်တို့ဘက်မှလည်း တန်ဖိုးကြီးစွာ ပေးဆပ်ခဲ့ပါသေး၏။ ယင်းမှာ ကရင်ခေါင်းဆောင် စောအယ်ဒါးနှင့် ကရင်တိုင်းရင်းသား အယောက်နှစ်ဆယ်နှင့် တော်လှန်ရေး ရဲဘော် ငါးယောက်အသက်ပေးလှူခဲ့ရပါ၏။

မည်သို့ဆိုစေ ဖက်ဆစ်ဂျပန်ဟော်လှန်ရေးကြီးကား နိဂုံးသတ်ခဲ့ပြီဖြစ်၏။

အာရှစစ်မျက်နှာနှင့် ကမ္ဘာ့စစ်မျက်နှာတွင် မဟာမိတ်ထံသို့ ဆုံးရှုံးခြင်းများစွာဖြင့် လက်နက်ချခဲ့ပြီ ဖြစ်၏။ ဖက်ဆစ်တော်လှန်ရေး ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်သည် ပထမမူရင်း ရည်ရွယ်သည့်အတိုင်း လွတ်လပ်ရေး ရရှိရန်ဆက်လက်ဆောင်ရွက်လျက်ရှိနေပါ၏။ ကျွန်တော့်အား ဗိုလ်လှုနိုင်မှ ပဲခူးစံပြတင်ရင်းသို့ ခေါ်ယူ၍ တပ်မတော်တွင် ဆက်လက် တာဝန်ထမ်းဆောင်ရန် စည်းရုံးခဲ့ပါ၏။

"သခင်မင်းခန့်ရဲ့ အကြောင်းကို တိုင်းမှူးကို တင်ပြပြီးပါပြီ၊ မကြာပါဘူး သခင်မင်းခန့်၊ ဗိုလ်ဖြစ်မှာ ကျိန်းသေပါတယ်၊ ဆက်လက်ပြီး တပ်မတော်မှာ သခင်မင်းခန့် ဆက်ပြီး ထမ်းဆောင်စေချင်တယ်ဗျာ"

ကျွန်တော်သည် မယုတ်မလွန်ဖြင့် . . .

"ကျွန်တော် ပြန်လာနိုင်အောင်ကြိုးစားပါ့မယ်၊ လောလောဆယ်တော့ ကျွန်တော့်မိဘအခြေအနေနဲ့ ဆက်ပြီးပညာသင်ဖို့က ရှိနေတော့ ကျွန်တော့်ဇာတိကို ပြန်ရပါဦးမယ်၊ ဗိုလ်လှုနိုင်ရဲ့အားပေး တိုက်တွန်းမှုကို ကျွန်တော်လက်ခံစဉ်းစားမှာပါ"

သို့ဖြင့် ပဲခူးမှတစ်ဆင့် ရန်ကုန်သို့ ပြန်လာခဲ့၏။ ကျွန်တော်၏ ပြန်အလာကို ချစ်သော မမခင်တစ်ယောက်သပြေပန်းများဖြင့် ကြိုဆိုနေမည်လားဟူ၍ ရင်ခုန်ကြည်နူးမိပါ၏။ သို့သော် မမခင်တို့အိမ်ကား သော့ခတ်လျက်သားတွေ့ရ၏။

ကျွန်တော်၏ ရင်သည် ဟာ၍သွားရပါ၏။ ကျွန်တော်၏ မိဘများသည်လည်း တော်လှန်ရေးကာလ စစ်အတွင်းကာလတစ်လျှောက် စစ်ရှောင်သည့် အနေဖြင့် ဇာတိမြို့ ဖြစ်သည့် မြောင်းမြမြို့သို့ ပြန်သွားခဲ့ရာ ယခုထိ ပြန်ရောက်မလာသေးပေ။ အိမ်စောင့်ထားခဲ့သော ဆွေနီးမျိုးစပ် ဦးဖိုးသာတစ်ယောက်သာ တွေ့ရ၏။

"မောင်မင်းခန့် ပြန်လာရင် ဒီကပဲ စောင့်နေပါလို့ မင်းရဲ့မိဘတွေက မှာထားခဲ့တယ်၊ ဒီရက်အတွင်း သူတို့ ပြန်လာလိမ့်မယ်ကွ"

ဆက်လက်၍ ဦးဖိုးသာ၏ ပြောစကားများသည် ကျွန်တော်၏ ရင်တစ်ခုလုံးအား ပူလောင်စေခဲ့ပါ၏။

"မောင်မင်းခန့် စစ်ထဲဝင်သွားတော့ မင်းရဲ့ မမခင်ကို သူ့ရဲ့ မိဘတွေက နောင်ရေး စိတ်အေးရအောင်ဆိုပြီး မြို့ပိုင်တစ်ဦးနဲ့ လက်ထပ်ပေးဖို့ စီစဉ်ကြတယ်၊ သည်မှာပဲ မင်းရဲ့ မမခင်က သူ့ဘဝမှာ မောင်မင်းခန့်ပဲရှိတယ်၊ မင်းကလွဲပြီး ဘယ်သူမှ လက်မထပ်နိုင်ဘူးလို့ ငြင်းခဲ့ပါတယ်။

ဒါပေမယ့် ဖက်ဆစ်တွေကလဲ ရပ်ထဲရွာထဲ ခြေရှုပ်သထက် ရှုပ်လာပြီး မင်းနဲ့ ပတ်သက်ပြီး မင်းရဲ့ မိဘတွေအပြင် မင်းရဲ့ မမခင်ကိုပါ စစ်လားဆေးလားတွေ ဖြစ်လာကြတယ်၊ ဒါနဲ့ပဲ မင်းရဲ့ မိဘတွေလဲ မြောင်းမြကို ပြန်သွားကြသလို မိန်းကလေးနဲ့ သူ့မိဘတွေလဲ သူတို့ဇာတိ ရွှေဘောင်ဘက်ကို ပြန်သွားကြတယ်၊ ဒါပေမယ့် မင်းရဲ့ မမခင်ကို မြို့ပိုင်နဲ့ လက်ထပ်ပေးခဲ့သလား၊ မပေးဘူးလား ဆိုတာတော့ ဦးလဲ မသိတော့ပါဘူး"

မမခင်နှင့် ပတ်သက်၍ စိတ်ချမ်းမြေ့ခြင်း ကင်းမဲ့သော ရင်တွင်းဝေဒနာအား ကျွန်တော်ခံစားခဲ့ရ၏။ ကျွန်တော်၏ နှလုံးသား၏ ငိုပွဲဆင်မှုကို တခြားသူမကြားသော်လည်း ကျွန်တော်ကြားနေရပါ၏။

"ဒီတစ်သက် မမခင်နဲ့ကျွန်တော် ပြန်တွေ့နိုင်ပါတော့မလား မမခင်ရယ်"

ဘယ်ဆီက ရောက်လာခြင်းမသိသော ဥဩငှက်တစ်ကောင်၏ လွမ်းဖွဲ့မှုသည် ကျွန်တော့်အား ပြောင်လှောင်လေသလား မသိ။

ရင်မှဖြစ်ပေါ်လာသော ဝေဒနာတို့နှင့်အတူ ကမ္ဘာတစ်ဖက်ကြားအောင် အော်ပစ်လိုက်ချင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com

(၅)

ရက်သတ္တပတ် နှစ်ပတ်ခန့်ကြာသော် မမခင်၏ ဖခင်သည် ဆွေမျိုးနီးစပ်တော်သော တူမသားချင်းများဖြင့် ဝိတ်ထားသော သူတို့၏တိုက်သို့ ဆိုက်ရောက်လာကြ၏။ သူသည် တစ်ချိန်က မိသားစုဖြင့် ပျော်ရွှင်စွာနေခဲ့ကြသည့် တိုက်ကြီးအား ညှိုးငယ်သော မျက်နှာဖြင့် အတန်ကြာ ငေးကြည့်နေသည်ကို ကျွန်တော် တွေ့လိုက်ရ၏။ မမခင်အား တွေ့ မနေနိုင်သည့်အဆုံး မမခင်၏ ဖခင်နှင့် တွေ့ဆုံလိုက်ပေ၏။

"ဦး ကျွန်တော်မင်းခန့်ပါ"

မမခင်၏ ဖခင်သည် ကျွန်တော့်အား ငေးစိုက်ကြည့်လျက်. . .

"မင်း မင်း မောင်မင်းခန့်နော်"

"ဟုတ်ပါတယ်ခင်ဗျာ၊ တော်လှန်ရေးကြီး ပြီးကတည်းက ကျွန်တော်ပြန်ရောက်နေတာပါ၊ ကျွန်တော့် မိဘတွေလဲ မြောင်းမြကို ပြန်သွားကြတာ၊ ဒီရက်ပိုင်းအတွင်း ပြန်လာကြတော့မယ် ထင်ကြားတာပဲ၊ ကျွန်တော်လဲ မြောင်းမြကို ဆက်မလိုက်တော့ဘဲ ဒီမှာပဲ နားနားနေနေ စောင့်နေတာဦးရဲ့၊ ဒါနဲ့ မမခင်ကော ဟင်"

ကျွန်တော်၏ အမေးစကားကြောင့် သူသည် မျက်နှာပျက်သွားရှာ၏။

"ဂျပန်တွေ နှောင့်ယှက်ကြတာနဲ့ ဆွေမျိုးတွေရှိတဲ့ ရွှေတောင်ဘက်ကို ပြန်နေကြတာကွ၊ အဲဒီမှာက ဒီမှာထက် ဆိုးတယ်ကွာ၊ ဦးတို့ဒေသက စစ်လမ်းပေါ်မှာ ကျနေတာကိုးကွ၊ ရခိုင်ဘက်က ပြန်ဆုတ်လာတဲ့ ဂျပန်စစ်ကြောင်းပေါ့ ဦးတို့ ဒေသကရှိနေတော့ ဦးတို့က စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရ ဖြစ်ရတာပေါ့ကွာ။

ကံဆိုးချင်တော့ မဟာမိတ်တပ်နဲ့ ဂျပန်တပ်မရဲ့ ရင်ဆိုင်တိုက်ပွဲကို ကမ္ဘာပျက်သလို တွေ့ခဲ့ ကြုံခဲ့တဲ့ မင်းမမခင်မှာ နှလုံးရောဂါစွဲကပ်ခဲ့တယ်၊ စစ်ဖြစ်တာလမှာ ဦးရဲ့သမီးကို ဘယ်မှာ ဆေးသွားကုရမှာလဲကွယ်၊ နဂိုကတည်းကမှ နှလုံးမကောင်းတဲ့ ဦးရဲ့သမီးဟာ ဗုန်းခနဲ ဒိုင်းခနဲ ထိတ်လန့်စရာအသံတွေကြောင့် ရောဂါက ပိုမိုဆိုးလာရတယ်"

ပြောရင်းမှ မမခင်၏ ဖခင်သည် မျက်နှာနီရဲလျက် မျက်ရည်များ ကျလာပါ၏။

ယင်းနောက် . . .

"အခုတော့ သူ့ဘဝအေးပြီလို့ ပြောရတော့မှာပေါ့"

ယင်းနောက် ဆက်လက်၍. .

"တစ်နေ့မှာ သမီးရဲ့ အခန်းရှေ့မှာ ဂျပန်စစ်သားတွေက ရွာသားတွေ မွေးထားတဲ့ ဝက်တွေကို ဝင်ဆွဲတယ်၊ ဒါကို ပိုင်ရှင်ရွာသားက ဂျပန်ကို ဝင်ဆွဲရကောင်းလားဆိုပြီး ဓားနဲ့ ဝင်အခုတ်မှာ ဂျပန်စစ်သားက သေနတ်နဲ့ သူ့အရှေ့မှာ ရွာသားကို ပစ်သတ်လိုက်တယ်၊ သမီးဟာ သူ့အရှေ့မှာ ထိတ်လန့်ဖွယ် သေနတ်သံနဲ့ လူတစ်ယောက် သေရခြင်းအပေါ် ယူကျုံးမရဖြစ်ပြီး ထိတ်လန့်ခြင်းများစွာနဲ့ နှလုံးသွေးရပ်သွားခဲ့တယ်၊ အခု အခု သမီးရှိတော့ဘူး မောင်မင်းခန့်ရယ်၊ ဦးသမီး မရှိတော့ဘူးကွာ"

မမျှော်လင့်ပါ၊ လုံးဝ ကျွန်တော် မမျှော်လင့်ပါ။ ဒီလောကမှာ မမခင် မရှိတော့သည်မှာ မယုံချင်စရာ။

"မမခင် မရှိတော့ဘူး ဆိုတာ ဟုတ်ကောဟုတ်ရဲ့လား ဦးရယ်"

မမခင်၏ ဖခင်သည် ကျွန်တော်၏ မယုံကြည်မှုမေးခွန်းအား မည်သို့မျှ မဖြေ။ ခေါင်းငုံ့၍သာ မျက်ရည်သွန်ချလျက်ရှိပေ၏။

အတန်ကြာသော် မမခင်၏ ဖခင်သည် ကျွန်တော့်ဘက်လှည့်၍. .

မေ့နေလိုက်တာကွယ်၊ သမီး မဆုံးခင်က မောင်မင်းခန့်နဲ့ တွေ့ရင် ပေးပါလို့ မှာထားတာရှိတယ်"

ပြောပြောဆိုဆိုဖြင့် စာအုပ်ငယ်တစ်ခုအား လှမ်းပေးလိုက်ပြီး. . .

မောင်မင်းခန့်ကို သမီးပေးခိုင်းတာက မှတ်စုစာအုပ်လေးပါ၊ သူမှတ်စုရေးရင် ကွန်ဗင့်ကျောင်းသူပီပီ အင်္ဂလိပ်လို ရေးတယ်ကွ ရော့"

မမခင်၏ ဒိုင်ယာရီစာအုပ်လေးသည် မမခင်နှင့် ကျွန်တော်တို့၏ တူညီသော ချစ်ခြင်းမေတ္တာအား သီးခြားခွဲထုတ်လိုက်သည့်ပမာပင် ရှိချေ၏။ မမခင်၏ မှတ်စုစာအုပ်တွင် ကျွန်တော်နှင့်ပတ်သက်သည့် သူမ၏ အချစ်တစ်ခုပေါက်ဖွားပုံများကို ညွှန်းဖွဲ့၍ ရေးသားထားခြင်းဖြစ်၏။

အဆုံးသတ် နောက်ဆုံး စာပိုဒ်တွင်. . .

"မမခင် မင်းမင်းကို အသက်တမျှ ချစ်မိခဲ့သလို မင်းမင်းရဲ့ ချစ်ခြင်းသည်လည်း မမခင်အကြွင်းမဲ့ ယုံကြည်ခဲ့ပါသည်။ မမခင် မယုံကြည်သည်က တစ်ခုတည်းသာရှိသည်။ ထိုအရာကား ကံကြမ္မာပင် ဖြစ်ပေသည်။ မင်းမင်း၏ အချစ်ကို မယုံကြည်လို့ မင်းမင်းကို မချစ်လို့ မဟုတ်၊ မမခင်တစ်ယောက် မင်းမင်းကို စွန့်ခွာရသည့်အကြောင်းကို တစ်နေ့သော အချိန်အခါတွင် ဒိဋ္ဌဓမ္မ မင်းမင်း သိလာပါလိမ့်မည်" ဟူ၏။

ယခုတော့ ကျွန်တော်သိခဲ့ပါပြီ။ နွေသည် ပူလောင်၏။ ကျွန်တော့် နှလုံးသားသည်ကား နွေထက်ပို၍ လောင်ကျွမ်းနေ၏။ ညှိုးလျော်ခြောက်သွေ့သော ဤရာသီတွင် ကျွန်တော်သည် မည်သို့ ဖြတ်သန်းရပါမည်နည်း။

ပူပြင်းသော နွေကန္တာရတွင် ရော်ရွက်ဝါလေးများ တဖြုတ်ဖြုတ်ကြွေလွင့်နေပါ၏။ မြေပေါ်သို့ ကြွေဆင်းနေသော ရွက်ဝါလေးများနည်းတူ ကျွန်တော်၏ နှလုံးသည်းသည်လည်း တစ်စစီ ကြေမွခြင်းများစွာဖြင့် ကြွေလွင့်ခဲ့ရပြီ ဆိုသည်ကို မမခင် တစ်ယောက် သိမှ သိပါလေစ။

**မောင်သာမန်(ဇီးကုန်း)**

❑



www.burmeseclassic.com

www.burmeseclassic.com



# မြေဝယ်လျှိုး မိုးထက်ယံ တက်ပျံပုန်းရှော့လေသလား

## (၁)

### ညှော်သည်တစ်ယောက်

ကျွန်ုပ်၏ အမည်သည် ဆင်မြူ ယယ်လ်ဖြစ်၏။ အယ်လ်ဆင်မြူယယ်လ် ဖြစ်သည်။ လင်း ဟူ၍ ခေါ်နိုင်ပါသည်။

အလွတ်စုံထောက်တစ်ဦး ဖြစ်သည်။ အလွတ်စုံထောက်တစ်ယောက်သည် အခကြေးငွေပေးလာသူ မည်သူတစ်ဦးတစ်ယောက်အတွက်မဆို လုပ်ငန်းဆောင်ရွက်ပေးမည် ဖြစ်၏။

ကျွန်တော်သည် ရဲတပ်ဖွဲ့ဝင်တစ်ဦးလည်းမဟုတ်ပါ။ ကျွန်တော်သည် ကျွန်တော် လုပ်ရမည့် အလုပ်ကို မိမိ၏ အကြည့် အမြင်သက်သက်ဖြင့် လုပ်ကိုင်ဆောင်ရွက်ပါ၏။

ကျွန်တော်၏ ရုံးခန်းသည် မြင့်လွင့်သော အဆောက်အအုံတစ်ခု၏ စတုတ္ထထပ်တွင် ရှိသည်။ အဆောက်အအုံသည် လော့စ်အင်ဂျလိစ် မြို့၏ အနောက်ဘက်ခြမ်း၌ တည်ရှိ၏။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏ ရုံးခန်း၌ အခန်း နှစ်ခန်းမျှသာ ရှိသည်။ အပြင်ဘက် အခန်းနှင့် အတွင်းပိုင်း အခန်းဟူ၍ ဖြစ်သည်။ အပြင်ဘက် အခန်းသည် စောင့်ဆိုင်းနားနေခန်း ဖြစ်၏။ ယင်း အခန်းတွင် ကုလားထိုင်လေးလုံးမျှသာ ထားရှိ၏။

သို့ဖြစ်သည့်တိုင် မည်သည့်အခါ မှာမှ လူလေးယောက်သည် ကျွန်တော့် အားတွေ့ဆုံရန် စောင့်ဆိုင်းနေကြမည် မဟုတ်ပါပေ။ စင်စစ်မူ မည်သူကမျှ ကျွန်တော့်အား တွေ့ဆုံရန် စောင့်ဆိုင်း လေ့ရှိကြမှာလည်း မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com

အတွင်းခန်း အတွင်းဘက်တွင်မူ အညှံစား သစ်သားစာရေးစားပွဲတစ်လုံး ရှိသည်။ အရွယ်အစား ကြီးမားသော သစ်သားကုလားထိုင် တစ်လုံးလည်း ရှိသည်။ ကျွန်ုပ် ထိုင်ရန်အတွက် ဖြစ်သည်။ စာရေးစားပွဲခုံနှင့် မျက်နှာချင်း ဆိုင်၌ သတ္တုကုလားထိုင် အနိမ့်တစ်လုံး ထားရှိသည်။ ကျွန်တော်၏ ဧည့်သည်များ ထိုင်ရန်အတွက် ဖြစ်သည်။

ကျွန်တော်၏ ရုံးခန်းအတွင်း၌ ကျန်ရှိသော ပရိဘောဂပစ္စည်းအမျိုးအစားတွင် ဗီရိုတစ်လုံးသည်လည်း ပါဝင်၏။ ဗီရိုသည် အရွယ်အစားကြီးမား၏။ သတ္တုဖြင့် ပြုလုပ်ထားသည်။ ဗီရိုအတွင်း၌ မည်သည့်မျှ မရှိပါပေ။ ရုံးခန်းထောင့်တစ်နေရာ၌ အိပ်ရာနိမ့်လျှောလျှောတစ်ခုရှိ၏။ အလုပ်များပြားသည့် အခါတွင် ကျွန်တော်သည် တစ်ခါတစ်ရံ၌ ရုံးခန်းထဲမှာပင် အိပ်သည်။

ကျွန်တော်၏ ရုံးခန်းတံခါး အပြင်ဘက်တွင် အသိပေးသည်စာ ထားရှိ၏။ စာမှာကား "အယ်လ်ဆင်မြူယယ်လ် အလွတ်စုံထောက်" ဟူ၍ ဖြစ်၏။ ကျွန်တော်ပဲ ဖြစ်သည်။

ကျွန်တော် အတန်အသင့်မျှ အရုပ်မြင့်ရှည်ပါသည်။ နှစ်မီတာနီးပါးမျှ ဖြစ်၏။ ကိုယ်အလေးချိန်သည် ရှစ်ဆယ်ကီလိုဖြစ်သည်။ လူပေါင်း များစွာက ကျွန်တော်သည် အကျည်းတန်သည့်သူ တစ်ဦးဖြစ်သည်ဟု ပြောဆိုကြ၏။

သို့ရာတွင် အမျိုးသမီးများအနေဖြင့် ကျွန်တော်သည်ဆွဲဆောင်မှုရှိသည် ဟူ၍ တွေ့မြင်မိသည့်ဟန် ရှိနေသည်။

ကျွန်တော်၏ မျက်လုံးအရောင်သည် အညိုဖြစ်၏။ ဆံပင်သည်လည်း အညိုရောင်ပဲ ဖြစ်သည်။ သွားများမှာမူ ညီညာကောင်းမွန်ပါ၏။

ကျွန်တော်၏ နှာခေါင်းသည်လည်း လွန်ခဲ့သော နှစ်အတွင်းက ဖြစ်ပွားခဲ့သော တိုက်ခိုက်မှုတစ်ခု၌ ကျိုးပဲ့ခဲ့ပြီးသည့်တိုင် ကောင်းမွန်နေဆဲပင် ဖြစ်သည်။

မကြာမီက ကျွန်တော်သည် အလုပ်ပါးနေခဲ့၏။ သို့ဖြင့် အသေးအမွှားအလုပ်များကိုပင် လုပ်နိုင်ခဲ့၏။ သို့သော်ငြား လွန်ခဲ့သောလအတွင်းကမူ ကျွန်တော့်ထံတွင် လုပ်ကိုင်ရန် အလုပ်အချို့ ရှိနေခဲ့သည်။ ထိုအလုပ်အချို့သည် နေ့တစ်နေ့နှောင်းပိုင်း မွန်းလွဲချိန်တွင် အစပြုလာသည်။

ထိုအချိန်က ကျွန်တော်သည် ရုံးခန်းထဲ၌ ထိုင်နေလျက်ရှိသည်။ လက်သည်းများကို ညှပ်ပြီးစ ဘန့်စင်ခိုက်တွင် ဖြစ်သည်။

ရုတ်တရက်ပဲ ဖြစ်သည်။ တစ်စုံတစ်ယောက်သည် အပြင်ဘက်ရှိအခန်းသို့ လှမ်းလျှောက်ဝင်ရောက်လာသည့် အသံကို ကျွန်တော် ကြားလိုက်ရပါ၏။ ကျွန်တော်သည် အမြဲတစေပင် အပြင်ဘက် အခန်းတံခါးကို ဖွင့်ထားပါသည်။ မည်သူမဆို ကျွန်တော့်ထံ လာရောက်လိုသော်လာရောက်နိုင်ကြပြီးကျွန်တော်နှင့်တွေ့ဆုံရန် ဖြစ်သည်။ သို့ဖြင့် အပြင်ဘက်ရှိ အခန်းတွင် ခြေသံကြားရသော အခါတွင် ကျွန်တော် အလွန်အမင်း အံ့အားတသင့် မဖြစ်မိပါ။

တစ်စုံတစ်ယောက်သည် အမှားအယွင်းတစ်ခုကို ပြုလုပ်ခဲ့ပြီး ရုံးခန်းများ၌ ဝင်ရောက်လာပေပြီ စသည်ဖြင့် ကျွန်တော် တွေးမိသည်။ တစ်ဖက်ခန်းတွင် ဆရာဝန်ထိုင်သည်။ တစ်ဦးဦးသည် တစ်ဖက်ခန်းမှ ဆရာဝန်ထံသို့ လာရောက်မှု ပြုကောင်းပြုနိုင်ပါသည်။

သို့ရာတွင် အခိုက်အတန့်မျှသာ ကြာမြင့်ခဲ့ပြီးသည့်နောက်တွင် အတွင်းခန်းရှိတံခါးကို အလွန်ညင်သာစွာခေါက်လိုက်သည့်အသံ ထွက်ပေါ်လာသည်။

"ဝင်ခဲ့ပါ"

ကျွန်တော်က အသံမြှင့်၍ ပြောလိုက်သည်။ အစောပိုင်းက ကျွန်တော် လက်သည်းညှပ်ရာတွင် အသုံးပြုခဲ့သော ကတ်ကြေးကိုလည်း ဘေးဖယ်ထားရှိလိုက်သည်။ တံခါးပွင့်သွား၏။ အမျိုးသမီးတစ်ဦး ဝင်လာသည်။

ကျွန်တော် တွေ့မြင်ဖူးခဲ့သမျှ အမျိုးသမီးများတွင် အချောဆုံး အလှဆုံးအမျိုးသမီး ဖြစ်သည်။ သူမ၏ အသက်သည် (၁၈)နှစ်ခန့်မျှသာ ရှိဦးမည်ဖြစ်သည်။ သူမ၏ မျက်လုံးသည် အပြာရောင်ဖြစ်၏။ ဆံပင်သည် ရှည်လျားပြီး ရွှေရောင်ဖျော့ဖျော့ ဖြစ်သည်။ သပ်ရပ်ကြော့ရှင်းသော အစိမ်းရောင်ကုတ်အင်္ကျီကို ဝတ်ဆင်ထား၏။ ပခုံးပေါ်တွင် လက်ကိုင်အိတ်တစ်အိတ်ကို လွယ်ထား၏။ လက်ကိုင်အိတ်သည် အရွယ်အစားအားဖြင့် ကြီးမားသည်။ အရောင်မှာ အညို ဖြစ်သည်။

"ကျွန်မကို ခွင့်ပြုပါ"

အမျိုးသမီးက ပြောသည်။

"ကျွန်မ မစ္စတာ ဆင်မြူယယ်လ်ကို ရှာနေတာပါ"

"ကျွန်တော် ဆင်မြူယယ်လ်ပါ" ဟု ပြောပြောဆိုဆို လျင်မြန်စွာ ပြုံး... လိုက်ပါသည်။

"ကြွပါခင်ဗျာ ထိုင်ပါ"

အမျိုးသမီးက ကျွန်တော့်... ပြန်လည်၍ တုံ့ပြန် မပြုံးပါ။

"ဟင့်အင်း ကျွန်မ ထိုင်ဖို့မဟုတ်... ဘူး"

အမျိုးသမီးက ပြောသည်။

"ကောင်းပြီ၊ ခင်ဗျား မထိုင်... ဆိုရင် ဝင်လာခဲ့ပါ၊ အနည်းဆုံး တံ... သော့တော့ ပြန်ပိတ်ပေးခဲ့ပါ" ဟု ကျွန်... တော်က ပြောလိုက်ရသည်။

အမျိုးသမီး ဝင်လာသည်။ သူ... ၏ လက်ကိုင်အိတ်ကို ကျွန်တော်... စားပွဲပေါ်တွင် တင်ထားလိုက်သည်...

"အခု"

ကျွန်တော်က ပြောလို... သည်။

"ကျွန်တော် ခင်ဗျားအတွ... ဘာများ လုပ်ပေးနိုင်ပါသလဲ"

"ကျွန်မ အကူအညီ လို... တယ်"

အမျိုးသမီးက ဖြည်း... ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ကျွန်မ မသိနိုင်တာက ရှင်ဟာ ကျွန်မကို ကူညီနိုင်စွမ်း ရှိလိမ့်မလားဆိုတာကိုပဲ၊ ရှင်ဟာ တကယ်ပဲ အလွတ်စုံထောက်တစ်ယောက်ပဲလား"

"ဟုတ်တယ်၊ ကျွန်တော်ပါပဲ"

ကျွန်တော်က စိတ်ဆိုးမာန်ဆိုးဖြင့် ပြောမိလိုက်သည်။

"ခင်ဗျား ရုံးခန်း တံခါးပေါ်ကစာကို မတွေ့ခဲ့ဘူးလား၊ အဲဒီစာကအယ်လ်ဆာမြူယယ်လ် အလွတ်စုံထောက်ရယ်လို့ ရေးထားတာ ကျွန်တော်ကဆာမြူယယ်လ်ပါ၊ အလွတ်စုံထောက်ပါ"

"ကောင်းပါပြီ၊ မစ္စတာ ဆာမြူယယ်လ်" ဟု အမျိုးသမီးက အေးစက်စက်ပြောလိုက်သည်။

"စိတ်ဆိုးစရာမှ မဟုတ်တာပဲရှင်၊ ကျွန်မမှာ ရှင့်အတွက် လုပ်စရာ အလုပ်သေးသေးကွေးကွေးကလေးတစ်ခု ပါလာပါတယ်"

"ကောင်းပြီ"

ကျွန်တော်က သွက်သွက်မြန်မြန်ပြောလိုက်သည်။

"ကျွန်တော်က ခင်ဗျားကို ဘာလုပ်ပေးစေချင်တာလဲ"

"တကယ့် တကယ်အလွန်ရိုးစဉ်းစရာပါပဲ"

အမျိုးသမီးက ပြောသည်။

"ရှင်က ကျွန်မ အစ်မကို ရှာဖွေပေးဖို့ပါပဲ၊ အစ်မ ပျောက်နေလို့ပါ"

(၂)

**ကျေးဇူးပြုပြီး**
**ကျွန်မ အစ်မကို ရှာပေးပါ**

"ကျွန်တော် သိပြီ"

ကျွန်တော်က ပြောလိုက်ပါသည်။

"ခင်ဗျားအစ်မ ပျောက်နေတယ်၊ အဲဒါများ ခင်ဗျားအစ်မ သွင်ပြင်ပုံပန်းကို ရဲကို အကြောင်းမကြားဘူးလား"

ရွှေရောင်ပျော့ ဆံပင်ပိုင်ရှင် အမျိုးသမီးသည် သူ၏ ခေါင်းကိုခါပြလိုက်သည်။ သူမသည် အလွန်ထိတ်လန့် တုန်လှုပ်သွားပုံပေါ်၏။ ငိုကြွေးမည့်ဟန် ဖြစ်လာ၏။

"ဟင့်အင်း၊ ကျွန်မ ရဲကို မတိုင်ကြားခဲ့ပါဘူး" ဟု သူမက ပြောသည်။

"ကျွန်မ ရဲကို ဘယ်လို ဒုက္ခမျိုးကိုမှ မပေးချင်ဘူး၊ ကျွန်မ အခုလိုအပ်နေတာက ရှင်ပဲ၊ ကျွန်မ အစ်မကို ရှာဖွေတွေ့ချင်လို့ အကူအညီပေးဖို့ပါပဲ"

သူမသည် ပြောပြောဆိုဆို သူမ၏ လက်ကိုင်အိတ်ထဲမှ လက်ကိုင်ပဝါတစ်ထည်ကို ထုတ်ယူလိုက်သည်။လက်ကိုင်ပဝါသည် အရွယ်အစားအားဖြင့် သေးငယ်၏။ အရောင်မှာ ပန်းရောင်ဖြစ်သည်။ သူမသည် လက်ကိုင်ပဝါဖြင့် မျက်လုံးကို ပွတ်သပ်လိုက်၏။

"ကောင်းပြီလေ"

ကျွန်တော်က ပြောလိုက်သည်။

"ခင်ဗျား အစ်မနဲ့ စပ်လျဉ်းတာတွေအားလုံးကို ကျွန်တော့်ကို ပြောပြပေတော့"

"အစ်မရဲ့နာမည်က အီလာနီ ဂါဖီလ်ပါရှင့်"

အမျိုးသမီးက ပြောသည်။

"ခင်ဗျားရဲ့ နာမည်ကကော"

ကျွန်တော်က ကြားဖြတ်ပြောဆိုလိုက်သည်။

"ဟီလင်. . ဟီလင်ဂါဖီလ်"

သူမက သူမ နာမည်ကို ပြောသည်။

"ကျွန်မရဲ့ အစ်မဟာ လွန်ခဲ့တဲ့ တစ်ပတ်က ပျောက်ဆုံးသွားခဲ့ပါတယ်၊ ပြီးခဲ့တဲ့ တနင်္လာနေ့ညက ကျွန်မတို့ တစ်တွေ ညစာအတူစားကြမယ်လို့ အစီအစဉ်ပြုလုပ်ခဲ့ပါတယ်၊ အဲဒီ ညစာစားပွဲကို သူ မလာခဲ့ပါဘူး"

"ခင်ဗျားရဲ့ အစ်မဟာ ညစာစားပွဲကို မလာခဲ့တာက သူဟာ ခင်ဗျားချက်တာပြုတ်တာကို နှစ်သက်သဘောကျမှု မရှိခဲ့အတွက် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်" ဟု ကျွန်တော်က ရိုးတိုးရိပ်တိတ်ပြောလိုက်သည်။

"ကျွန်မကို ရယ်လား မောလား ဖြစ်လာအောင် မကြိုးစားစမ်းပါနဲ့လား ရှင်၊ ကျွန်မ နယူးယောက်ကနေ လေကြောင်းနဲ့တောင် လာခဲ့ရတာ၊ ကျွန်မ အစ်မနဲ့ တွေ့ဖို့"

ဟု သူမက ဒေါသစွက်ကာ ပြောသည်။

"ဒီလိုဆိုရင် ခင်ဗျားဟာ လော့စ်အင်ဂျလိစ်မြို့မှာ မနေဘူးပေါ့"

ကျွန်တော်က မေးမိသည်။

"ဟင့်အင်း"

သူမက အဆောတလျင် ပြောသည်။

"ကျွန်မ နယူးယောက်မှာပဲ နေပါတယ်၊ အမေရိကတိုက်ကြီးကို လေကြောင်းနဲ့ ဖြတ်သန်းပြီး ကျွန်မ အစ်မကို တွေ့အောင်လာခဲ့ရတာပါ။

ဒါပေမယ့် ကျွန်မ ဒီကိုရောက်တော့ အစ်မ တစ်ယောက် ပျောက်ဆုံးနေတာကို မမျှော်လင့်ဘဲ သိရှိလိုက်ရတယ်"

"ခင်ဗျား အစ်မ ပျောက်ဆုံးနေတာကို ခင်ဗျားက ဘယ်နည်းဘယ်ပုံနဲ့ သိလာရတာလဲ" ဟု ကျွန်တော်က မေးလိုက်သည်။

"ခင်ဗျား အစ်မဟာ ညစာစားပွဲကို မေ့လျော့သွားလိုက်တာလဲ ဖြစ်ကောင်းဖြစ်နိုင်တယ်လေ"

ဥရောပတိုက်သူ အမျိုးသမီးသည် သက်ပြင်းရှည်ချလိုက်သည်။

"ကြည့်. . ."

သူမက ပြောသည်။

"ရှင်က ကျွန်မကို မေးခွန်းတွေ မေးမြန်းနေတာကို မရပ်ဆိုင်းလိုက်ဘူးဆိုရင် ကျွန်မ ပြောပြရမှာတွေကို အဆုံးသတ်လိုက်ပါရစေတော့၊ ကျွန်မ ကိုယ်တိုင် ကျွန်မ တခြားစုံထောက်ကို ရှာမယ်"

"ကောင်းပြီ" ဟု ကျွန်တော်က ပြောလိုက်သည်။

"ကျွန်တော် နားထောင်နေပါတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မဟာ ကျွန်မ အစ်မတို့ တနင်္လာနေ့ ညနေက ဟိုတယ်မှာစောင့်နေခဲ့ပါသေးတယ်"

ဟုအမျိုးသမီးက ပြောသည်။

"ဒါပေမယ့် သူမလာခဲ့ပါဘူး၊ ကျွန်မ သူ့ဆီကို ဖုန်းဆက်လိုက်တယ်၊ ဒါပေမယ့် အဖြေမရခဲ့ပါဘူး၊ အဲဒါနဲ့ နောက်တစ်နေ့ နံနက်ကျတော့ ကျွန်မဟာ အစ်မ အလုပ်လုပ်တဲ့ ရုံးကို လိုက်သွားတယ်။

အစ်မဟာ တနင်္လာနေ့ မတိုင်မီ တစ်ရက်အထိ အလုပ်ဆင်းပါ တယ်လို့ ရုံးက ပြောပါတယ်၊ အစ်မဟာ အဲဒီ အလုပ်ဆင်းတဲ့နေ့မှာ မွန်းတည့် ချိန်မှာပဲ ဘယ်သူ တစ်ဦးတစ်ယောက်ကိုမှမပြော မဆိုဘဲ အလုပ်ခွင်ထဲက ရုတ်တရက် ထွက်ခွာသွားပါတယ်လို့ ရုံးက ထပ်ပြောပါတယ်၊ ဒါနဲ့ ကျွန်မလဲ သူ့ရဲ့တိုက်ခန်းကို လိုက်သွားခဲ့ပါတယ်၊ တိုက်ခန်းမှာလဲ ဘယ်သူမှ မရှိပါဘူး"

အမျိုးသမီးက သူ ပြောလက်စ စကားကို ခဏမျှ ရပ်လိုက်၏။

ထို့နောက် သူ့စကားကို သူ ပြန်ဆက်၏။

"မစ္စတာ ဆင်မြူယယ်လ်"

အမျိုးသမီးက ပြောသည်။

"ကျွန်မ အစ်မအတွက် ကျွန်မ အလွန်သောက ရောက်နေရပါတယ်၊ အခုလို အစ်မ ရုတ်တရက်ပျောက်ဆုံးသွားတာဟာ ဖြစ်လေ့ဖြစ်ထရှိတဲ့အရာ မဟုတ်ဘူး၊ သေချာတယ်၊ အစ်မတော့ အန္တရာယ်တွေ့နေပါပြီ၊ ကျွန်မ ရှင့်ကို အစ်မကို ရှာဖွေပေးဖို့ လိုအပ်နေလို့ပါ"

"ကောင်းပြီလေ"

ကျွန်တော်က ပြောလိုက်သည်။

"လွယ်ကူချင်လဲ လွယ်ကူမယ်၊ ဒါမှမဟုတ် ခက်ခဲချင်လဲ ခက်ခဲမယ်၊ ဒါပေမယ့် ကျွန်တော် ခင်ဗျားရဲ့အစ်မကို ရှာဖွေပေးပါ့မယ်၊ ကျွန်တော့်ကို အရင်ပြောပြပါဦး၊ ခင်ဗျားဟာ ကျွန်တော့်ဆီကို မလာခင် သုံးရက်လုံးလုံး ဘာကြောင့် စောင့်ဆိုင်းနေရတာလဲ"

"အဲဒါက ရှင်ရဲ့ အလုပ်တစ်ခု တလေတောင် မဟုတ်ဘူး"

အမျိုးသမီးက ပြောသည်။

"အိုကေ" ဟု ကျွန်တော်ကပြောလိုက်သည်။

"ခင်ဗျား အစ်မ နာမည်ဟာ အီလာနိုဂါဖီလ်နော်၊ သူ့ရဲ့ ပုံပန်းက ဘယ်လို"

"အို အဲဒါ လွယ်လွယ်ကလေးပါ" ဟုဂီလင်ဂါဖီလ်က ပြောသည်။

"အစ်မဟာ ကျွန်မနဲ့တူနေတယ် ရှင့်၊ ကျွန်မတို့ နှစ်ယောက်ဟာ အမြွှာပူးတွေပဲ၊ ကဲ မစ္စတာဆင်မြူယယ်လ် ဆောင်ရွက်ခအတွက် ရှင်ဘယ်လောက် သတ်မှတ်ထားသလဲ"

"တစ်နေ့ကို ဒေါ်လာ ငါးဆယ်" ဟု ကျွန်တော်က ပြောလိုက်သည်။

"ကောင်းပါပြီ မစ္စတာ ဆာမြူယယ်လ်"

အမျိုးသမီးက ပြောသည်။

"ဒါပေမယ့် တစ်နေ့ကို ဒေါ်လာ ငါးဆယ်ဆိုတာ ငွေတွေအများကြီးပါပဲ၊ ကျွန်မ မျှော်လင့်ပါတယ်၊ အဲဒီအတွက် ရှင်ဟာ ကြိုးစားပမ်းစားဆောင်ရွက်ရမယ်လို့"

"ဟုတ်ကဲ့" ဟု ကျွန်တော်က ပြုံး၍ ပြောလိုက်၏။

"ကျွန်တော် ကြိုးစားဆောင်ရွက်မယ်၊ အခု ကျွန်တော့်ကို ခင်ဗျားအစ်မရဲ့ တိုက်ခန်း လိပ်စာပေးပါ၊ ပြီးတော့ ခင်ဗျား အစ်မအလုပ်လုပ်တဲ့ ရုံးလိပ်စာ၊ ကျွန်တော် အခုချက်ချင်း အလုပ်စမယ်"

ဥရောပတိုက်သူ အမျိုးသမီးက စာရွက်အပိုင်းအစ တစ်ခုအပေါ်တွင် လိပ်စာကို ရေးသည်။ စာရွက်ကို ကျွန်တော့်ကို ပေး၏။

"တစ်ခု ပိုမိုလိုတာက"

ကျွန်တော်က ပြောလိုက်သည်။

"ခင်ဗျားရဲ့ လိပ်စာကိုလဲ ကျွန်တော့်ကို ပေးနိုင်သလား"

"အဲဒါတော့ လိုအပ်မယ်တော့ မထင်ဘူး"

အမျိုးသမီးက ပြောသည်။

သူမသည် သူမ၏ လက်ဆွဲအိတ်ကို ကောက်ယူလိုက်သည်။

"မနက်ဖြန် ညနေ ၅ နာရီမှာ ကျွန်မ ပြန်လာမယ်၊ ရှင်နဲ့ ထပ်တွေ့မယ်၊ ဂွတ်ဘိုင် မစ္စတာဆင်မြူယယ်လ်"

မစ္စတာဆင်မြူယယ်လ် ထံမှ မည်သည့်အဖြေစကားကိုမျှ အမျိုးသမီးသည် စောင့်ဆိုင်းမှုမပြုပေ။ အမျိုးသမီး လှည့်ကွေ့လိုက်သည်။ ထို့နောက် အမျိုးသမီးသည် ရုံးထဲမှ ထွက်လိုက်သည်။

ကျွန်တော်သည် အမျိုးသမီး ရုံးခန်းထဲမှ ထွက်ခွာခဲ့သည်ကို စောင့်ဆိုင်းကြည့်ရှုနေမိသည်။ ကျွန်တော့် ဘာသာ ကျွန်တော် သဘောကျစွာ ပြုံးလိုက်မိပေသည်။

ကျွန်တော့်လက်သည်းကို သန့်ရှင်းရေးပြုလုပ်နေတာထက်စာရင် ဟု ကျွန်တော်တွေးတောမိလိုက်သည်။

ထို့နောက် ကျွန်တော် ပါဝင်ဆောင်ရွက်ရမည့်လုပ်ငန်းကို အစပြုလိုက်ပါသည်။

(၃)

**မန်ဆန်အဆောက်အအုံ**

ဥရောပတိုက်သူ အမျိုးသမီးသည် ကျွန်တော်၏ ရုံးခန်းမှထွက်ခွာသွားခဲ့ပြီးသည့် နောက်ပိုင်းတွင် ကျွန်တော်သည် လိပ်စာနှစ်ခုကို ကြည့်ရှုလိုက်မိသည်။ လိပ်စာများမှာ အမျိုးသမီးက စာရွက် အပိုင်းအစပေါ်တွင် ရေးသားထားခဲ့ခြင်း ဖြစ်သည်။

အီလာနိုဂါဖီလ်
တိုက်ခန်း- ၇၁၆
မန်ဆန်အဆောက်အအုံ
ဆန်စက်ပလာဆီ

ဒုတိယလိပ်စာ. . .

ဟိုင်ယာနှင့် မိုင်ယာရွှေ့နေများ
တိုင်တလီ အသက်အာမခံ
အဆောက်အအုံ

စာရွက်ကို ကျွန်တော်၏ အိတ်ထဲသို့ ထိုးထည့်လိုက်ရင်း ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

ထိုင်ရာမှ ထလိုက်သည်။ တံခါးဆီသို့ လျှောက်သွားလိုက်သည်။ ထို့နောက် ကျွန်တော် ရပ်လိုက်သည်။ စာရေးစားပွဲရှိရာသို့ ပြန်လှည့်သွားလိုက်သည်။ အပေါ်ဆုံး ဝဲဘက်အံဆွဲကို ဆွဲဖွင့်လိုက်၏။ အံဆွဲထဲက သေနတ်ကို ထုတ်ယူလိုက်၏။ သေနတ်မှာ ၃၈ စမစ်အင်ဝက်စ်ဆန် ဖြစ်သည်။

ထို့နောက် ကျွန်တော်သည် သေနတ်ကို အံဆွဲထဲသို့ ပြန်လည်ထည့်သွင်းလိုက်သည်။ ကျွန်တော် ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။ သေနတ်ကို နောက်ကွယ်၌ ထားရစ်ခဲ့ပြီး ထွက်ခွာလာခြင်းသည်သာလျှင် ဘေးအန္တရာယ်သာလွန်ကင်းရှင်းသည်ဟူ၍ ဖြစ်၏။

အကယ်၍ သင်သည် သေနတ်တစ်လက်ကို ကိုင်ဆောင်သွားခဲ့ပါလျှင် လွယ်လွယ်ကူကူပင် ပစ်မိခတ်မိမည်ပင်ဖြစ်သည်။

ကျွန်တော်သည် အဆောက်အအုံလေးထပ်လှေကားအားလုံးပေါ်မှ ပြေးပြေးဆင်းဆင်း ပြုလိုက်ပါသည်။ လမ်းမသို့ ထွက်လိုက်၏။ ကျွန်တော်၏ ကားဟောင်းမီးခိုးရောင် ချီစ်လာသည် အဆောက်အအုံ အပြင်ဘက်၌ ရပ်နားထားပါသည်။

ကျွန်တော် ကားထဲသို့ ခုန်ဝင်လိုက်သည်။ ဆန်စက်ပလာဆီသို့ ဦးတည်လိုက်သည်။ အရှိန်မြန်ဆန်စွာ မောင်းနှင်လိုက်၏။

မန်ဆန် အဆောက်အအုံသည် မြင့်လွင့် အကျည်းတန်သော အိပ်ခန်းများ အစုအအုပ်ထဲမှ ဖြစ်သည်။ ကျွန်တော်သည် ကားကို အပြင်ဘက်တွင်ထိုးရပ်လိုက်၏။ အရွယ်အစားကြီးမားသော မှန်ချပ် တံခါးပေါက်များရှေ့သို့ ရှေးရှု လျှောက်လာခဲ့၏။

"ဟေ မစ္စတာ"

အသံတစ်သံထွက်ပေါ်လာ၏။ ကျွန်တော်ကား ဆက်လျှောက်မြဲ ဆက်လျှောက်သည်။

"ဟေး မစ္စတာ"

အသံက ထပ်မံ၍ ထွက်ပေါ်လာ၏။

"ခင်ဗျားကားကို ခင်ဗျား အဲဒီမှာ ရပ်ထားလို့ မရဘူး"

ကျွန်တော် ရပ်လိုက်ပါသည်။ ဟိုဟိုသည်သည် ကြည့်လိုက်၏။ မီးခိုးရောင် ဝတ်ဆင်ထားသော လူတစ်ယောက်သည် ချီစ်လာကားအနီးတွင် ရပ်နေသည်။

"ဟေ. . မစ္စတာ"

ထိုလူက ထပ်ကာအသံပြုသည်။

"ခင်ဗျားကားကို ခင်ဗျားဒီနေရာမှာ မရပ်ရဘူး"

"ဘာဖြစ်လို့လဲ"

ဟု ကျွန်တော်က မေးမြန်းလိုက်သည်။

"ဖန်ဆန် အဆောက်အအုံမှာ နေထိုင်ကြတဲ့သူတွေရဲ့ ကားတွေကိုသာ ရပ်လို့ရတာဗျ"

ထိုသူက ပြန်လည်ပြောဆို၏။

"ကောင်းပြီ"

ဟု ကျွန်တော်က ပြောလိုက်၏။

"မန်ဆန် အဆောက်အအုံမှာ ကျွန်တော်နေထိုင်တဲ့သူ မဟုတ်ဘူးလို့ ခင်ဗျားက ဘယ်လိုသိရှိတာလဲ"

"ဘာကြောင့်လဲဆိုတော့ ကျုပ်က အစောင့်လေ"

ထိုလူက ပြန်ပြောသည်။

"ကျွန်တော်ဟာ ဒီအဆောက်အအုံရဲ့ ဝင်ပေါက်မှာ အလုပ်လုပ်နေတဲ့သူဗျ၊ တံခါးပေါက်ကို ဝင်လာတဲ့သူ ထွက်သွားတဲ့သူတွေကို ဝင်ခွင့် ထွက်ခွင့် ပြုနေရတယ်၊ ဒီအဆောက်အုံက လူတွေအားလုံးကို ကျွန်တော်က သိပြီးသားလေ"

"ကောင်းပြီ"

ကျွန်တော်က ပြောလိုက်သည်။

"ကျေးဇူးပြုပြီး ကျွန်တော့်ကိုတော့ ဝင်ခွင့်ပြုပါနော်"

အဆောက်အုံစောင့်နှင့် ကျွန်တော်သည် ကြီးမားသော မှန်ချပ်တံခါးများ၏ အရှေ့သို့ ရှေးရှုလာခဲ့ကြသည်။

ထို့နောက်တွင် အစောင့်သည် ကျွန်တော့်ကို ဝင်ခွင့်ပြုလိုက်သည်။

"ခင်ဗျားက ဘယ်သူနဲ့ တွေ့ချင်တာလဲ"

ဟု အစောင့်က မေးသည်။

"မစ္စစ်အီလာနီဂါဖီလ်"

ကျွန်တော်က ဖြေလိုက်သည်။

"သူဟာ အခန်း ၇၁၆ မှာ နေထိုင်ပါတယ်"

"ကျွန်တော် ဝမ်းနည်းပါတယ်"

ဟု အစောင့်က ပြောလာသည်။

"မစ္စစ်ဂါဖီလ်ဟာ အပြင်ကို သွားနေတယ်"

"သူ အပြင်ကို ဘယ်အချိန်က ထွက်သွားတာလဲ"

ဟု ကျွန်တော်က မေးလိုက်သည်။ စိတ်မဝင်စားသည့် ပုံပန်း ကြိုးစားလိုက်သည်။

"ကိုယ့်အလုပ်ကိုယ်လုပ်စမ်းပါ"

ဟု အစောင့်က ပြောသည်။

"ကျွန်တော် ခင်ဗျားကို မပြောဘူး၊ မစ္စစ်ဂါဖီလ်အပြင်သွားနေတုန်း သူ့ရဲ့ အခန်းရှိရာကို ခင်ဗျားကို တက်ရောက်သွားဖို့ ကျွန်တော် ခွင့်မပေးနိုင်ဘူး"

"ခင်ဗျား လမ်းလေးဘာလေး ဘာကြောင့် မလျှောက်တာလဲ"

ဟု ကျွန်တော်က အစောင့်ကို မေးလိုက်၏။ ပြောပြောဆိုဆို သူ၏ လက်ထဲသို့ ငါးဒေါ်လာထည့်ပေးလိုက်သည်။ ကျွန်တော် အစောင့်ကို ငွေပေးလိုက်ခြင်းက သူ တစ်နေရာသို့ ထွက်ခွာသွားစေလိုသည့်အတွက် ဖြစ်သည်။

အစောင့်သည် ခေါင်းခါလိုက်သည်။

"မဟုတ်ဘူး" ဟု အစောင့်က ပြောသည်။

ကျွန်တော်သည် အစောင့်ကို ငါးဒေါ်လာမျှ ထပ်မံပေးလိုက်သည်။

"အခု. . ခင်ဗျား အဝေးကြီးကို လျှောက်သွားနိုင်ပြီ"

ဟု ကျွန်တော်က ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

အစောင့်သည် လမ်းဘက်သို့ ထွက်သွားတော့၏။

ကျွန်တော်သည် မစ္စစ်အီလာနီ ဂါဖီလ်၏ အခန်းအမှတ် ၇၁၆ သို့ တက်ရောက်ခဲ့ပါသည်။

## (၄)
## အလွန်သပ်ရပ်သော အိမ်ခန်းတစ်ခန်း

ကျွန်တော်သည် အိမ်ခန်းအမှတ် - ၇၁၆ ၏ တံခါးဘေးဘက်ရှိ လျှပ်စစ်ခေါင်းလောင်းကို နှိပ်လိုက်ပါသည်။ ထို့နောက် စောင့်ဆိုင်းနေ၏။ မည်သည့် တုံ့ပြန်မှုမှ ပေါ်ထွက်မလာပေ။ ခေါင်းလောင်းကို ထပ်မံ၍ နှိပ်လိုက်သည်။ မည်သည့် ထူးသံမျှ ပေါ်ပေါက်မလာသေးပေ။

ထို့နောက် ကျွန်တော်သည် ကျွန်တော်၏ အိတ်ထဲမှ ပလပ်စတစ်အပိုင်းအစတစ်ခုကို ထုတ်ယူလိုက်သည်။ ပလတ်စတစ်အပိုင်းအစသည် သေးငယ်သည်။ ပုံပန်းမှာ လေးထောင့်ဖြစ်၏။

ကျွန်တော်သည် ဟိုဟိုသည်သည်သို့ ကြည့်လိုက်သည်။ ကျွန်တော်တစ်ယောက် ထီးတည်းသာလျှင် ဖြစ်သည်။ ကျွန်တော်သည် ပလတ်စတစ်အပိုင်းအစကို တံခါးနှင့် တံခါးကျည်းဘောင်တို့ အကြားရှိ ကြားကွက်လပ်အတွင်းသို့ ထိုးသွင်းလိုက်သည်။ ထို့နောက် ပလတ်စတစ် အပိုင်းအစကို အပေါ်သို့ တင်လိုက်၊ အောက်သို့ ပြန်ချလိုက်ဖြင့် ရွှေ့လျားလိုက်သည်။ တစ်မိနစ်မျှအတွင်း တံခါးသည် ပွင့်သွား၏။ ကျွန်တော် အိပ်ခန်းအတွင်းသို့ ဝင်လိုက်သည်။

ကျွန်တော် မလှုပ်မယှက် ရပ်နေလိုက်သည်။ နားစွင့်လိုက်သည်။ တိတ်ဆိတ်ငြိမ်သက်နေ၏။ မီးဖွင့်လိုက်သည်။ အနီးပတ်လည်သို့ ကြည့်ရှုလိုက်သည်။ ခေတ်မီသော အိမ်ခန်းတစ်ခန်းဖြစ်၏။

ကျွန်တော် ဧည့်ခန်းအတွင်းတွင် မတ်တတ်ရပ်နေမိသည်။

ကျွန်တော်၏ ဝဲဘက် ပွင့်နေသော တံခါးပေါက် တစ်ပေါက်မှနေ၍ ကျွန်တော် အိပ်ခန်းကို တွေ့မြင်ရသည်။ အိပ်ခန်းသည် အလွန်သန့်ရှင်းသပ်ရပ်သည်။ ကျွန်တော် မတ်ရပ်ဗီရိုကြီးကို ကြည့်မိ၏။ ဗီရိုကြီးအတွင်း၌ ဟင်းလင်းနီးပါး ဖြစ်နေ၏။

အဲဒါ ရယ်ရှင်ဖွယ်ရာပဲဟု ကျွန်တော် တွေးသည်။ ပျောက်ဆုံးနေတဲ့ လူဆိုတာဟာ သူဝတ်စားတဲ့ အဝတ်အစားတွေကို သူနဲ့ အတူတူ သယ်ယူသွားတဲ့ အလေ့အလာ မရှိကြပါဘူး၊ အချိန်အကြာကြီး သူတို့ကိုယ် သူတို့ ဖောက်မြုပ်နေလိုက်မယ် ရယ်လို့ အကြံအစည်ရှိထားမယ်ဆိုရင်တော့ သူတို့ အဝတ်အစားကို သူတို့ ယူသွားကြမှာပါ။

ကျွန်တော် ဧည့်ခန်းအတွင်းသို့ ပြန်လည်၍ လျှောက်ခဲ့၏။ ဧည့်ခန်းအတွင်းတွင်လည်း စေ့စပ်သေချာစွာ ရှာဖွေသည်။

သို့ရာတွင် မစ္စစ်အီလာနီဂါဖီလ် တစ်ယောက် ပျောက်ဆုံးနေသည့်အခြေအနေနှင့်စပ်လျဉ်း၍ အကျိုးအကြောင်းကို ရှင်းလင်းဖော်ပြနိုင်မှု တစ်စုံတစ်ရာကို ကျွန်တော် မတွေ့ရှိရပေ။

ထို့နောက် ကျွန်တော်သည် မီးဖိုခန်းအတွင်းသို့ ဝင်သွားသည်။ မီးဖိုခန်းသည်လည်း သပ်ရပ်နေသည်။ သန့်ရှင်းနေသည်။ ညစ်ပေနေသော ပန်းကန်ပြားများ သို့မဟုတ် ခွက်များသည်လည်း မရှိကြပေ။

ရေခဲသေတ္တာအတွင်းတွင် ထည့်သွင်းထားသော နို့များလည်း မရှိပေ။ အရာတိုင်းသည် သူ့နေရာနှင့်သူ ရှိနေကြ၏။

"ကိုင်း"

ကျွန်တော်က အတွေးလေးတစ်ခု တွေးလိုက်မိသည်။

"အခု ရေချိုးခန်းမှာပဲ ရှာဖွေဖို့ ကျန်တော့တယ်"

ရေချိုးခန်းသည်လည်း သန့်ပြန့်ပါသည်။ သို့သော် အတွင်းတွင် ဘာမှမရှိ။ ကျွန်တော်သည် အခန်းကို လျင်မြန်စွာ လှည့်လည်ကြည့်ရှုလိုက်သည်။ ကျွန်တော်သည် မည်သည်ကိုမျှ မေ့မေ့လျော့လျော့မရှိခဲ့ပါဟူ၍ အသေအချာပင် ဖြစ်စေခဲ့၏။

ကျွန်တော်သည် အရာရာတိုင်းကို ကျွန်တော်၏ လက်ကိုင်ပဝါဖြင့်သာလျှင် ထိမိကိုင်မိခဲ့၏။ အကြောင်းမူကား ကျွန်တော်၏ လက်ဗွေရာများ မကျန်ရစ်ခဲ့လိုသည့်အတွက်ဖြစ်သည်။ ထို့နောက် ကျွန်တော်သည် မီးကိုပိတ် လိုက်ပါသည်။ အပြင်သို့ ထွက်ခွာရန် တံခါးဖွင့်လိုက်သည်။

သို့သော်ငြား ကျွန်တော်သည် အပြင်သို့ မထွက်ခွာနိုင်ခဲ့ပါ။ လူနှစ်ယောက်သည် တံခါးအပြင်ဘက်တွင် မတ်တတ်အနေအထားဖြင့် ရှိနေသည်။ လူနှစ်ယောက်အနက် လူတစ်ယောက်သည် အရပ်နိမ့်သည်။ ဆံပင်မှာ အနီရောင်ဖြစ်သည်။ သူ ပြုံးနေ၏။ သို့ရာတွင် ထိုလူ၏ အပြုံးသည် ရုန့်ရင်းကြမ်းတမ်းသည်။

ကျန်သော လူတစ်ယောက်မှာ အတန်အသင့်မျှအရပ်မြင့်သည်။ ဦးထုပ် ဆောင်းထားသည်။ ဦးထုပ်ကို မျက်နှာကို အုပ်မိစေရန် ငိုက်စိုက်စိုက် ဆောင်းထား၏။ ထိုလူသည် သေနတ်တစ်လက်ကို ကိုင်ဆောင်ထား၏။ ထိုသေနတ်သည် ကျွန်တော့်ဘက်သို့ ချိန်ရွယ်ထားရှိသည်။

ကျွန်တော် တံခါးပိတ်ရန် ကြိုးစားလိုက်သည်။ သို့ရာတွင် ဆံပင်နီနှင့်လူသည် သူ၏ ခြေထောက်ဖြင့် တံခါးမပိတ်မိစေရန် ထိုးခံလိုက်သည်။

ကျွန်တော်သည် တံခါးကို ဒီအတိုင်းပဲ ထားရှိလိုက်သည်။ တံခါးပွင့်သွားသည်။

လူနှစ်ယောက် ဝင်လာသည်။ ဦးထုပ် ဆောင်းထားသော လူသည် ရှေ့က ဦးဆောင်ဝင်လာသည်။



www.burmeseclassic.com

www.burmeseclassic.com

သူသည် သေနတ်ကို လက်က …သေးဘဲ ရှိသည်။

"မင်းလက်နှစ်ဖက်ကို လေထဲ …မြှောက်ထားလိုက်"

ဟု သေနတ်ကို လက်က မချ …သော သူက ပြောသည်။ ထို့နောက် …သူသည် ဆံပင်အနီရောင်နှင့် လူ …သို့ လှည့်လိုက်သည်။

"ကြည့်စမ်းဗျို့၊ သူ့မှာ သေနတ် …လက်တလေများ ရှိနေသလားလို့"

"ဗျို"

ဆံပင် အနီရောင်နှင့်လူသည် …တော့်ထံသို့ ဦးတည်လာသည်။ …တော်က စောင့်ဆိုင်းနေသည်။

ဂျိုသည် ကျွန်တော်နှင့်သေနတ် …သတ်ကမချသေးသောလူ၏အကြား …ရောက်ရှိလာသည့်နှင့် တစ်ပြိုင်နက် …တော်သည် ရှေ့သို့ ခုန်အုပ်လိုက် …သည်၊ ဂျို၏ လည်ပင်းကို သိုင်းဖက် …လိုက်၏။ ဂျိုသည် ကျွန်တော်၏ …ရှိနေ၏။ ကျွန်တော်သည် ဂျိုကို …ချုပ်ထားနိုင်၏။ သေနတ်သမား …ပစ်ခတ်၍ မရရှိနိုင် ဖြစ်နေ၏။ …ကြောင်းမူကား သူပစ်ခတ်ခဲ့သည်ရှိ … သူ၏အဖော် အသက်ကို ပစ် …သို့ ဖြစ်လိမ့်မည်ဖြစ်သည်။

"မှန်တယ်"

ကျွန်တော်က သေနတ်ကိုင် …သော လူကို ပြောလိုက်သည်။

"လမ်းအတိုင်း ပြန်သွားလိုက် … ငါ အခု လိုက်ထွက်လာမယ်၊ ငါနဲ့ … မင်းရဲ့အဖော်ကို ခေါ်ထုတ်လာ …"

ကျွန်တော်သည် ဂျိုကို ကျွန် …တော်၏ရှေ့မှ ကွယ်ကာထားမြဲ ထား …သည်။ ကျွန်တော်သည် သေနတ်ကိုင် …ဆောင်ထားသော လူထံသို့ တူရူပြုကာ …ညင်းစွာ သွားလိုက်သည်။

ကျွန်တော်၏ ကြံရွယ်ချက်တွင် …တစ်ခုသည် ချွတ်ချော် မှားယွင်း …ပြီဖြစ်သည်။ သေနတ်ကိုင်ဆောင် …သော လူသည် စတင်၍ ရယ်မော လိုက်၏။ သူသည် သေနတ်ကို သူ၏ အိတ်ထဲသို့ပြန်လည်၍ ထည့်သွင်းလိုက်သည်။ သူ ရယ်နေသည်။

"မင်း ဘာလို့ ရယ်နေတာလဲကွ"

ကျွန်တော်က မေးမြန်းလိုက်၏။

"ငါရယ်တယ် ဘာကြောင့်လဲဆိုရင် မင်းဟာ ထပ်ပြီးတော့ ကြောင်တောင်တောင်နိုင်နေလို့ပဲ"ဟု သေနတ်သမားက ပြောပြောဆိုဆို ကျွန်တော့်ထံသို့ ချဉ်းကပ်လာသည်။

"ရပ်လိုက်"

ကျွန်တော်က ပြောလိုက်သည်။

"ဒါမှ မဟုတ်ရင် ငါ လုပ်လိုက်ရ"

"မင်းက ဘာလုပ်မှာလဲ" ဟု သေနတ်သမားက မေးသည်။

"မင်း ဘာမှ မလုပ်နိုင်ဘူးကွ၊ သေနတ်ရှိနေတဲ့ ကောင်ဟာ ငါ တစ်ယောက်တည်းပဲ"

ထိုလူက ပြောပြောဆိုဆို ရှေ့သို့ ကိုင်းညွတ်လိုက်၏။ သူသည် ကျွန်တော့် လက်ထဲတွင် ပိတ်မိနေသော ဂျိုကို ဆွဲယူလိုက်၏။ ထို့နောက် ကျွန်တော့်၏ မျက်နှာကို လက်သီးဖြင့် ထိုးလိုက်၏။ အနာတရဖြစ်ရ၏။ သူသည် ကျွန်တော့်ကို ထပ်မံ၍ထိုးလိုက်သည်။ ကျွန်တော့်အား သို့နှယ် တုံ့ပြန်လာလိမ့်မည်ဟူ၍ ကျွန်တော် မမျှော်လင့်ခဲ့ပေ။ ကျွန်တော် ကြမ်းခင်းပေါ်သို့ လဲကျသွားပါသည်။

ကျွန်တော် ကြမ်းခင်းပေါ်မှာပင် လဲလျက်ရှိနေသည်။ လူနှစ်ယောက်သည် အဝေးသို့ တိမ်းရှောင်သွားပေလိမ့်မည်ဟူ၍ ထင်ရသည်။ သို့ရာတွင် ထိုလူနှစ်ယောက်သည် အဝေးသို့ ထွက်ခွာမသွားသေးပါ။ ကျွန်တော့်ကို ဆွဲမလိုက်၏။ ကျွန်တော်၏ ဦးခေါင်းကို ခပ်ပြင်းပြင်း ထိုးနှက်လိုက်၏။ အရာရာတိုင်းသည် မှောင်အတိ ကျရောက်သွားပေသည်။ ကျွန်တော် ကြမ်းခင်းပေါ်မှာပဲ ရှိနေ၏။ ကျွန်တော် မည်သည်ကိုမျှ မသိရှိတော့ပေ။

(၇)

## မိုင်ယာနှင့် မိုင်ယာ

ကျွန်တော် နိုးလာသည်။ ဦးခေါင်းသည် မခံသာအောင် ထိခိုက်နာကျင်နေ၏။ ကျွန်တော်သည် မစ္စစ်အီလာနီဂါဖီလ်၏ အိပ်ခန်းတံခါး အရှေ့အပြင်ဘက်တွင် လဲနေပါသည်။

ကျွန်တော် ဘေးဘက်သို့ ကြည့်လိုက်၏။ သေနတ် ကိုင်ဆောင်ထားသောသူသည်လည်းကောင်း၊ ဆံပင်အနီရောင်နှင့်လူသည်လည်းကောင်း ထွက်ခွာသွားကြပြီ ဖြစ်သည်။

ကျွန်တော် တစ်ယောက်တည်းသာလျှင် ကျန်ရစ်နေခဲ့၏။ ကျွန်တော်ပြင်းထန်စွာ ခေါင်းကိုက်နေ၏။

ကျွန်တော်သည် ကြမ်းပြင်ပေါ်မှ ဖြည်းလေးစွာ ထလိုက်သည်။ သွေးများ ထွက်နေရှိနေလေသလားဟူ၍လည်း ကျွန်တော် ခံစားနေရ၏။ မည်သည့် သွေးမျှ မထွက်နေ၊ မရှိနေပါ။

သို့ရာတွင် ကျွန်တော်၏ ခေါင်းမှာမူ အလွန်ကိုက်ခဲ နာကျင်နေဆဲဖြစ်သည်။ ကျွန်တော်သည် ရုံးခန်းသို့ ပြန်သွားပြီး အိပ်ရာထဲမှာပင် နေနေရန် ဆုံးဖြတ်ချက် ချမှတ်လိုက်ပါသည်။

မန်ဆန် အဆောက်အအုံ၏ ဝင်ပေါက်တွင် အစောင့်ရှိနေသည်ဟူသည့် လက္ခဏာ မရှိပါပေ။ ကျွန်တော်သည် တံခါးပေါက်မှ ထွက်လိုက်၏။ ကျွန်တော်၏ ကားဟောင်း မီးခိုးရောင်ချီစ်လာ ရပ်ထားရာသို့ သွားလိုက်သည်။ ကျွန်တော်သည် ကားကို ရုံးခန်းသို့ ဖြည်းလေးစွာ မောင်းနှင်ပြန်လာခဲ့၏။

ရုံးခန်းသို့ ပြန်လည်ရောက်ရှိသောအခါတွင်မူ ကျွန်တော့်အတွက် တယ်လီဖုန်း လာနေ၏။ ကျွန်တော် တယ်လီဖုန်းရှိနေရာသို့ အမြန်သွားလိုက်သည်။ နားထောင်ဖြေကြားလိုက်၏။

"ဆင်မြူယယ်လ် စကားပြောနေပါတယ်"

"နားထောင်စမ်း ဆင်မြူယယ်လ်. . ."



www.burmeseclassic.com

www.burmeseclassic.com

တစ်ဖက်မှ အသံတစ်သံ ထွက်ပေါ်လာသည်။

“အီလာနီဂါဖီလ်နဲ့ စပ်ဆိုင်တာတွေကို မေ့ပစ်လိုက်၊ သူ့ရဲ့ အိမ်ခန်းမှာ ငါတို့က မင်းကိုအနည်းအကျဉ်းလောက် ဆော်ထည့်လိုက်တာပါ၊ အီလာနီဂါဖီလ်နဲ့ ပတ်သက်တာတွေ အားလုံးကို မမေ့လိုက်ဘူးဆိုရင် ငါတို့ က မင်းကို မှတ်လောက်သားလောက်အောင် လုပ်ပြမယ်ကွ”

“မင်း ဘယ်သူလဲ”

ကျွန်တော်က မေးလိုက်သည်။

အဖြေ မပေးပါ။ တစ်ဖက်မှ ပြောနေသော လူသည် တယ်လီဖုန်းကို ချလိုက်ပြီးဖြစ်သည်။

တယ်လီဖုန်း ဆက်သွယ်ပြောဆိုလာသောသူ ပြောသည့်အတိုင်း ကျွန်တော်က လိုက်ပါဆောင်ရွက်ရန် ဆုံးဖြတ်ချက်ချမှတ်လိုက်သည်။ အီလာနီဂါဖီလ်နှင့် ဆက်နွယ်မှု အားလုံးတို့ကို ကျွန်တော် မေ့ပစ်လိမ့်မည်မှာ ဆယ်နာရီမျှသာ ဖြစ်ပေလိမ့်မည်။ ညတွင် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့နိုင်ပြီးနောက်ပိုင်းတွင် ကျွန်တော်သည် အီလာနီဂါဖီလ်ကို ရှာဖွေရလိမ့်မည် ဖြစ်သည်။ သေနတ်ကိုင်ဆောင်ထားရှိသောလူနှင့် သူ၏အဖော် ဂျိုကိုလည်းပဲ တွေ့ရှိရန် ကြိုးစားပမ်းစား ရှာဖွေလိမ့်မည်လည်း ဖြစ်သည်။

ကျွန်တော်သည် သက်သောင့်သက်သာစွာ ထားရှိသော အိပ်ရာပေါ်သို့ လှဲချလိုက်ပါသည်။တောက်လျှောက် အိပ်ပျော်သွားပါသည်။

ကျွန်တော်သည် နောက်တစ်နေ့ နံနက် ၈ နာရီအချိန်တွင် အိပ်ရာမှ နိုးသည်။ ခေါင်းကိုက်ခဲ ခံစားနေရသည်ကို သတိထားမိ၏။ သို့ရာတွင် ယခုအချိန်တွင် မပြင်းထန်လှပေ။

ကျွန်တော်သည် ရုံးမှထွက်လာခဲ့၏။ လမ်းကို ဖြတ်ကူး၏။ ကော်ဖီဆိုင်သို့ဖြစ်သည်။ ထိုဆိုင်တွင် ကျွန်တော်သည် နံနက်စာ စားသုံးနေကျဖြစ်သည်။

ကျွန်တော်သည် လိမ္မော်ရည်တစ်ခွက် သောက်သည်။ ထို့နောက် လတ်ဆတ်သော ပေါင်မုန့်မီးကင်ကို စားသည်။ ကော်ဖီကို တော်တော်များများ သောက်ပစ်လိုက်သည်။

ကျွန်တော်သည် နံနက်ပိုင်းထုတ် သတင်းစာများကို ဖတ်သည်။ သတင်းစာများက အမြောက်အမြား ဖြစ်သည်။ သို့ရာတွင် မစ္စစ်အီလာနီဂါဖီလ်နှင့် စပ်လျဉ်းသည့် သတင်းသည် မပါ ရှိပါပေ။ ကျွန်တော်သည် နာရီကို ကြည့်လိုက်သည်။ ထို့နောက် ကော်ဖီဆိုင်မှ ထွက်လာခဲ့၏။ ချိစ်လာကားဂိုဟောင်းဆီသို့ သွားသည်။ ၉ နာရီ ဖြစ်သည်။ ကျွန်တော်သည် တိုင်တလီ အသက်အာမခံအဆောက်အအုံ၏ အပြင်ဘက်တွင် ရောက်ရှိနေပြီးဖြစ်သည်။ ၉ နာရီ ၃ မိနစ်တွင် ကျွန်တော်သည် မိုင်ယာနှင့် မိုင်ယာ ရှေ့နေများ၏ ရုံးခန်းတံခါး အပြင်ဘက်တွင် ရောက်ရှိနေ၏။

၉နာရီ မိနစ်နှစ်ဆယ်အချိန် အထိတိုင် ကျွန်တော်သည် ရုံးခန်းတံခါး အပြင်ဘက်တွင် မတ်တတ်ရပ်နေရဆဲပင် ရှိသေးသည်။ မည်သူတစ်ဦးတစ်ယောက်မျှ လုပ်ငန်း စတင်ဆောင်ရွက်ရန်အလို့ငှာ မရောက်ရှိလာကြသေးပေ။

၉နာရီ မိနစ်သုံးဆယ်ဖြစ်သည်။ ပထမဆုံး အတွင်းရေးမှူး ရောက်ရှိလာသည်။

၁၀ နာရီထိုးရန် ဆယ့်ရှစ်မိနစ် အလိုတွင် ကျွန်တော်သည် မစ္စတာမိုင်ယာ၏ ရုံးခန်းအတွင်းတွင် ထိုင်နေလျက်ရှိသည်။

“ကိုင်း . . . မစ္စတာမိုင်ယာ”

ဟု ကျွန်တော်က ပြောလိုက်သည်။

“ကျွန်တော့်နာမည်က ဆင်မြူယယ်လ်ပါ၊ ကျွန်တော်ဟာ အလွတ်စုံထောက်တစ်ယောက်ပါ”

“ကျွန်တော် ခင်ဗျားနဲ့ တွေ့ဆုံရတာ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါတယ်”

ဟု မစ္စတာမိုင်ယာသည် ယဉ်ကျေးသိမ်မွေ့စွာ ပြောလာသည်။ သူသည် အသက် (၅၅)နှစ် နီးပါးမျှသာ ရှိပါသေးသည်။ မီးခိုးရောင်ဝတ်စုံ ဝတ်ဆင်ထား၏။ ဆံပင်ဖြူနေပြီးဖြစ်သည်။ မျက်နှာသည်လည်း ဖြူရော်နေ၏။

ကျွန်တော်က. . .

“မစ္စစ်အီတာနီဂါဖီလ် ဒီမှာ အလုပ်လုပ်ပါသလား”ဟု မေးလိုက်၏။

“ဟုတ်ပါတယ်၊ သူ ဒီမှာ အလုပ်လုပ်ပါတယ်”

မစ္စတာမေယာက ဖြေသည်။

“ဒါပေမယ့်လို့ သူဟာ တနင်္လာနေ့ကတည်းကစပြီး အလုပ်မလာတော့ဘူး၊ နေပါဦး ခင်ဗျားက ဘာအကြောင်းနဲ့ အီလာနီနဲ့ တွေ့ချင်နေရတာတုံး”

“သူ့ရဲ့ ညီမက သူ့ကို တွေ့အောင် ရှာပေးဖို့ ကူညီပါလို့ ကျွန်တော့်ကို ပြောလာတယ်”

ကျွန်တော်က ပြန်ကြားပြောဆို လိုက်သည်။

“အီလာနီက ပြောဆိုခဲ့တာတွေ ရှိခဲ့မယ်၊ ဒါမှမဟုတ် လုပ်ကိုင်ဆောင်ရွက်ခဲ့တာတွေ ရှိခဲ့ဦးမယ်၊ အဲဒီ ပြောဆိုခဲ့တာတွေ လုပ်ကိုင်ဆောင်ရွက်ခဲ့တာတွေဟာ သူမ ပျောက်ဆုံးနေတာ ဖြေရှင်းပေးနိုင်မယ်၊ ခင်ဗျားအနေနဲ့ ဘာဘာညာညာ တွေးတောမိတာ ထူးသာမြင်သာ ရှိခဲ့တာတွေ”

မစ္စတာမိုင်ယာသည် သူ့ ခေါင်းကို ကုတ်လိုက်၏။

“မဖြစ်ဘူး”

မစ္စတာမိုင်ယာက ပြောသည်။

“ကျွန်တော်ကြောက်တယ် ကျွန်တော် ခင်ဗျားကို မကူညီနိုင်ဘူး”

“အီလာနီနဲ့ ဘယ်သူ အတူ အတူတူ လုပ်ခဲ့သလဲ”

ကျွန်တော်က မေးလိုက်သည်။

မစ္စတာမိုင်ယာက ကျွန်တော့် ကြည့်လိုက်သည်။

“အီလာနီနဲ့ ဘယ်သူ အတူတူလုပ်ခဲ့သလဲလို့ ခင်ဗျားက



www.burmeseclassic.com

www.burmeseclassic.com

...လို့ ပြောရတာလဲ၊ အီလာနီနဲ့ ဘယ် ... အလုပ်အတူတူ လုပ်နေပါသလဲလို့ ...ရမှာ မဟုတ်ဘူးလား၊ အီလာနီ ...သေဆုံးဘူး မဟုတ်ဘူးလား" ဟု မစ္စ ...မိုင်ယာက ပြောသည်။

"အီလာနီ တစ်ယောက် သေ ...ပြီလား၊ ဒါမှမဟုတ် အသက်ရှင်နေ ...သေးသလားဆိုတာတော့ ကျွန်တော် ...ဘူး"

ကျွန်တော်က ပြောသည်။

"တကယ်လို့ သူမဟာ သေဆုံး ...ခဲ့ပြီးဆိုရင်ကော ခင်ဗျားအလွန်ပဲ ...တွဲဝမ်းနည်းနေလိမ့်မှာလား"

"ဒါပေါ့၊ ကျွန်တော် ဝမ်းနည်း ...ပေါ့"

ဟု မစ္စတာမိုင်ယာက စိတ်ဆိုး ...ဆိုးဖြင့် ပြန်လည်ပြောဆို၏။

"အီလာနီတစ်ယောက် ဘယ်နေ ...မှာရှိနေသလဲဆိုတာ ကျွန်တော် သိရှိ ...ပါတယ်လို့ ခင်ဗျားက ကြိုးစားပမ်း ...နဲ့ အဆိုပြုခိုင်းနေရော့သလားဗျာ"

ကျွန်တော် ပြုံးလိုက်မိပါသည်။

"စိတ်လှုပ်ရှားမနေပါနဲ့ မစ္စတာ ...ယာ"

ကျွန်တော်က ပြောလိုက်သည်။

"အီလာနီနဲ့ . . အတူတူ တစ် ...ယောက်ယောက်ဟာ အလုပ်အတူတူ ...ခဲ့ပါတယ်ဆိုရင် အဲဒီသူရဲ့ နာမည် ... ခင်ဗျားက ကျွန်တော့်ကို ပြောဆို ...သလား၊ တစ်ယောက်ယောက်ဟာ ...လာနီနဲ့ အတူတူ တစ်စားပွဲတည်း ...လုပ်လုပ်မယ်၊ တစ်ခန်းတည်း အတူ ... ရှိနေမယ် ဆိုရင်ပေါ့"

"ဟုတ်ကဲ့"

မစ္စတာမိုင်ယာက ပြောသည်။

"ဒါဟာ . . အလွယ်ကလေးပါ၊ ...လာနီနဲ့ တစ်ခန်းတည်း အတူတူ ...ခဲ့တဲ့ သူဟာ ဆူဇီဂရာဟမ်ပါပဲ"

ကျွန်တော် ထိုင်ရာမှ ထလိုက် ...သည်၊

"အလွန် ကျေးဇူးတင်ပါတယ် ...စတာမိုင်ယာ"

ဟု ကျွန်တော်က ပြောလိုက်သည်။

"ဆူဇီဂရာဟမ်ရဲ့ ရုံးခန်းဟာ ဘယ်မှာလဲဗျ၊ ကျေးဇူးပြုပြပါ"

"စင်္ကြံတစ်လျှောက်မှာပါ"

မစ္စတာမေယာက ပြော၏။

"ဝဲဘက်က တတိယမြောက် တံခါးပေါက်ပဲ"

ကျွန်တော်သည် မစ္စတာမေယာကို ထပ်မံ၍ ကျေးဇူးတင်ပြန်သည်။ ထို့နောက် တံခါးပေါက်သို့ ထွက်လာခဲ့၏။

"အို . . မစ္စတာ ဆင်မြူယယ်လ်"

ဟု မစ္စတာမေယာက ပြောသည်။

"ကျွန်တော် ဝမ်းနည်းပါတယ်ဗျာ၊ ကျွန်တော် စိတ်ဆိုးမိခဲ့ပါတယ်၊ ကျွန်တော်ဟာ ခင်ဗျားကို အလိုမရှိနေဘူးဆိုတာ ခင်ဗျား နားလည်သွားတယ်လေ"

"ဟုတ်တယ်၊ ကျွန်တော် နားလည်ခဲ့ပါတယ်" ဟု ကျွန်တော်က ပြန်ပြောလိုက်သည်။

"ခင်ဗျားဟာ အလွတ်စုံထောက်တစ်ယောက်ကို ခင်ဗျားရဲ့ ခမ်းနားတဲ့ သပ်ရပ်သန့်ရှင်းတဲ့ ရုံးခန်းထဲမှာ ရှိနေတာကို လုံးဝ အလိုမရှိခဲ့တာလေ"

ကျွန်တော်သည် မစ္စတာမိုင်ယာ၏ ရုံးခန်းထဲမှ ထွက်ခွာလာခဲ့၏။ ကျွန်တော့် နောက်မှ တံခါးကို အသံမြည်အောင် ဆောင့်ပိတ်လိုက်သည်။ စင်္ကြံလမ်းတွင် ဖြည်းလေးစွာ လျှောက်လာခဲ့၏။ ဝဲဘက် တတိယမြောက် တံခါးကို ခေါက်လိုက်၏။

"ဝင်ခဲ့ပါ"

အသံတစ်သံ ထွက်ပေါ်လာ၏။ သို့ဖြင့် ကျွန်တော်သည် အခန်းအတွင်းသို့ ဝင်သွားခဲ့သည်။

"ခင်ဗျား ဆူဇီဂရာဟမ်ပါနော်"

ကျွန်တော်က မေးလိုက်သည်။

"ဟုတ်ကဲ့ပါ"

စားပွဲတွင်ရှိနေသော အမျိုးသမီးက ပြောသည်။

"ကျွန်မ ဆူဇီပါရှင့်"

ကျွန်တော်သည် ဆူဇီကို ပြုံးပြလိုက်ပါသည်။ ဆူဇီသည်လည်း လှတိုင်းသူတိုင်းက ပြုံးပြစေသည့် အမျိုးသမီးအတန်းအစားထဲကပဲ ဖြစ်သည်။ သူမသည် သေးသေးသွယ်သွယ် ဖြစ်သည်။ သူမ၏ မျက်လုံးအစုံသည် လှပသည်။ အညိုရောင် သန်းနေပါသည်။

"ကျွန်မ ရှင့်ကို ဘာများ အကူအညီပေးရမှာလဲ ရှင်" ဟု ဆူဇီက မေးမြန်းလာပါသည်။

ကျွန်တော်က ထပ်မံ၍ ပြုံးပြလိုက်ပါသည်။

"ကျွန်တော် ခင်ဗျားကို မေးခွန်းနည်းနည်းပါးပါးလောက် မေးချင်လို့ပါ မစ္စဂရာဟမ်"

"ကျွန်မကို ဆူဆီဂရာဟမ်ရယ်လို့ မခေါ်ပါနဲ့ရှင်"

အမျိုးသမီးကပြောသည်။

"ဆူဇီရယ်လို့ပဲ ကျွန်မကို ခေါ်နိုင်ပါတယ် ရှင့်"

"ကောင်းပါပြီ ဆူဇီ" ကျွန်တော်က ပြောလိုက်သည်။

"ခင်ဗျားရဲ့ . . သူငယ်ချင်းတစ်ယောက်နဲ့ ပတ်သက်ပြီးတော့ မေးခွန်းနည်းနည်းပါးပါးလောက် မေးချင်လို့ပါ၊ သူမရဲ့ နာမည်က အီလာနီဂါဖီလ်ပါ"

ဆူဇီ မပြုံးတော့ပါ။

"ဟုတ်ကဲ့ရှင့်" ဟု သူမ ပြော၏။

"ဒါပေမယ့် ကျွန်မ ဒီရုံးခန်းထဲမှာ အီလာနီရဲ့ အကြောင်းကို မပြောချင်ပါဘူး"

"ကောင်းပြီ"

ကျွန်တော်က ပြောလိုက်သည်။

"ကျွန်တော်တို့ ဘာလုပ်ရလိမ့်မယ်ဆိုတာ ကျွန်တော် ခင်ဗျားကိုပြောမယ်၊ ကျွန်တော်တို့ အပြင်သွားကြမယ်၊ ကော်ဖီဆိုင်တစ်ဆိုင် ရှာမယ်၊ ကျွန်တော် ခင်ဗျားကို ကော်ဖီတစ်ခွက် တိုက်ပါ့မယ်၊ ပြီးရင် ခင်ဗျား ကျွန်တော့်ကို အီလာနီအကြောင်း ပြောပြပေတော့"

"ကောင်းပြီလေ"



www.burmeseclassic.com

www.burmeseclassic.com

ဆူဇီ ဝမ်းပန်းတသာဖြစ်သွား၏။ ကြည့်ရသည်မှာ အကြီးအကျယ် ပျော်စရာ ဖြစ်နေသည်။

"ကော်ဖီတစ်ခွက် သောက်ရမှာကို ကျွန်မက နှစ်သက်လိုက်တာရှင့်" ဟူ၍ ဆူဇီက ပြော၏။

"ဒါပေမယ့်လို့ မစ္စတာမိုင်ယာက တော့ ကျွန်မ ရုံးခန်းထဲက ထွက်သွားမယ်ဆိုရင် စိတ်ဆိုးမာန်ဆိုး ဖြစ်နေမှာပါပဲ"

"မစ္စတာမိုင်ယာနဲ့ ပတ်သက်ပြီးတော့ စိတ်ထဲမှာ အပူအပင် ဖြစ်မနေပါနဲ့"

ဟု ကျွန်တော်က ပြောရင်းနှင့် နှစ်မြို့ကစွာ ပြုံးမိပါသည်။

မစ္စတာမိုင်ယာနှင့် ကျွန်တော်သည် သူငယ်ချင်းအရင်းကြီးပဲ ဖြစ်ခဲ့ပါပကော။

## (၆)

### ဆူဇီ

ဆူဇီသည် သူ၏ ကုတ်အင်္ကျီကို ဝတ်လိုက်သည်။ ကျွန်တော်တို့ နှစ်ယောက် ရုံးခန်းထဲမှ အတူတကွ ထွက်လာခဲ့ကြ၏။ ကျွန်တော်တို့သည် ကော်ဖီဆိုင်တစ်ဆိုင်ကို တွေ့သည်။ ကော်ဖီဆိုင်သည် သေးသေးငယ်ငယ်ဖြစ်သည်။ တိုင်တလီ အာမခံအဆောက်အအုံနှင့် မျက်နှာချင်းဆိုင် ဖြစ်၏။

ကော်ဖီဆိုင်ထဲတွင် ကျွန်တော်သည် ဆူဇီအား မည်သည့်အကြောင်းကြောင့် အီလာနီဂါဖီလ်နှင့် ဆက်နွှယ်၍ မေးခွန်းများ မေးမြန်းရသည်ကို ပြောပြလိုက်ပါသည်။

"အီလာနီရဲ့ အမွှာညီအစ်မ တော်စပ်တဲ့ ဟီလင်က သူ့အစ်မ အီလာနီပျောက်ဆုံးနေတယ်၊ အဲဒါကြောင့် သူ့အစ်မ အီလာနီကို တွေ့အောင်ရှာဖွေပေးဖို့ ကျွန်တော့်ကို ပြောလာပါတယ်" ဟု ကျွန်တော်က ပြောပြသည်။

"ဟီလင်က သူဟာ မိုင်ယာနှင့် မိုင်ယာ ရုံးခန်းသို့ လွန်ခဲ့သော အင်္ဂါနေ့က သွားရောက်ခဲ့ပါကြောင်း၊ ၎င်းအား ပြောကြား သိရှိလာရသည်မှာ ၎င်း၏ အစ်မ အီလာနီသည် တနင်္လာနေ့ မွန်းလွဲပိုင်းက လုပ်ငန်းခွင်မှ ရုတ်တရက် ထွက်ခွာသွားခဲ့တယ်လို့ ဆိုပါတယ်၊ အဲဒါဟာ မှန်ကန်ပါသလား"

ဆူဇီ ခေါင်းညိတ်သည်။

"အနည်းဆုံးတော့ အဲဒီအပိုင်းအထိတော့ မှန်ကန်နေပါပြီရှင့်"

ဆူဇီက ပြောသည်။

"အီလာနီဟာ လုပ်ငန်းခွင်မှာ လွန်ခဲ့တဲ့ တနင်္လာနေ့အထိ ရှိနေခဲ့ပါတယ်၊ မွန်းလွဲပိုင်းကျတော့ အီလာနီဟာ ကတိုက်ကရိုက်နဲ့ လုပ်ငန်းခွင်ထဲက ထွက်ခွာသွားပါတော့တယ်"

ဆူဇီသည် သူ့ပြောလက်စစကားကို အခိုက်အတန့်မျှ ရပ်ဆိုင်းလိုက်သည်။ ထို့နောက် သူမသည် သူ့စကားကို သူပြန်ဆက်သည်။

"ဒါပေမယ့်လို့ အီလာနီရဲ့ညီမ ဟီလင်ဟာ အင်္ဂါနေ့မှာ ရောက်ရှိလာတယ်လို့ဆိုတယ်၊ ကျွန်မ သူ့ကို မမြင်မိဘူး၊ မမှတ်မိဘူး၊ အဲဒီတော့ အီလာနီမှာ ညီမတစ်ယောက် ရှိနေခဲ့တယ်ဆိုတာတောင် ကျွန်မ မသိခဲ့ပါဘူး"

"အီလာနီရဲ့ ညီမဟာ နယူးယောက်မြို့မှာ နေထိုင်ပါတယ်"

ကျွန်တော်က ရှင်းလင်းပြောဆိုလိုက်သည်။

"အခု လွန်ခဲ့တဲ့ တနင်္လာနေ့ မွန်းလွဲပိုင်းကို ခင်ဗျား မှတ်မိနေပါတယ်နော်၊ အီလာနီဟာ သူ့အလုပ်ခွင်ထဲက ရေးကြီးသုတ်ပျာနဲ့ ထွက်ခွာသွားရတာနဲ့ ပတ်သက်ပြီး ခင်ဗျားကို အကြောင်းပြချက် နည်းနည်းလေးတောင် မပြောသွားဘူးလား၊ မပြောပြသွားဘူးလား"

"အို . . . ဟုတ်တယ်"

ဆူဇီက ပြောသည်။

"အီလာနီက ပြောသွားခဲ့ပါတယ်၊ သူနေကောင်းကောင်း နေမကောင်းဘူး၊ လဲလျောင်းအနားယူနေလိုက်မယ် လို့တဲ့"

"လွန်ခဲ့တဲ့ တနင်္လာနေ့ မွန်းလွဲပိုင်းက အီလာနီဟာ ဧည့်သည်တွေ လက်ခံ တွေ့ဆုံခဲ့သေးသလား၊ ဒါမှမဟုတ် တယ်လီဖုန်း ဆက်သွယ်ပြောခဲ့တာတွေ ရှိခဲ့သလား" ဟူ၍ ကျွန်တော်က မေးခွန်းထုတ်လိုက်၏။

"ဟင့်အင်း၊ကျွန်မ အဲဒီလို မတွေ့မိပါဘူး"

ဆူဇီက ပြောသည်။

"နေဦး၊ မဟုတ်ဘူး၊ ခဏကလေး ကျွန်မ တွေးမိပြီ၊ သူ အလောတကြီးနဲ့ မထွက်သွားခင် သူ့ဆီကို ဖုန်းဝင်လာတယ်"

ကျွန်တော် ပြုံးလိုက်မိပါသည်။

"ကျွန်တော်တော့ မထင်မြင်မိပါဘူး၊ ဒါပေမယ့်လို့ ကံအားလျော်စွာပေါ့လေ၊ ခင်ဗျားဟာ အဲဒီ တယ်လီဖုန်းထဲမှာ အပြန်အလှန်ပြောတာဆိုတာကလေးတွေ တစ်စွန်းတစ်စလောက်များ ကြားမိခဲ့သေးသလားလို့"

"မဖြစ်နိုင်တာ ရှင့်"

ဆူဇီက ပြော၏။

"တခြားသူတွေ ဖုန်းနဲ့ ဆက်သွယ် ပြောဆိုကြတာတွေကို ဘာများ ပြောသလဲလို့ ကျွန်မ နားမထောင်မိခဲ့ပါဘူး"

ကျွန်တော်က. . .

"အီလာနီ အခုလိုပျောက်ဆုံးနေတာနဲ့ ဆက်စပ်ပြီး ဘာကြောင့်လဲဆိုတာကို အကြောင်းတစ်စုံတစ်ရာကို ခင်ဗျား မထင်မမြင်မိဘူးလား" ဟုမေး လိုက်သည်။

"ဟင့်အင်း"

ဆူဇီက ပြောသည်။

"အီလာနီဟာ အမြဲတစေပါပဲ လူတိုင်း သူတိုင်းနဲ့ အလွန်ရင်းနှီးဖော် ရွေစွာရှိနေတတ်တယ်၊ သူ့မှာ အနှောင့် အယှက်ဆိုတာမျိုးတွေလဲ ရှိနေတဲ့ဟန် မပေါ်လွင်နေပါဘူး"

(ဆက်ရန်)


❐ မောင်မောင်ကြီး(လှိုင်နယ်မြေ)





www.burmeseclassic.com

www.burmeseclassic.com



ဖြန့်ချိရေး ႏ ရေမျှော်မြေစာပေတိုက်

တိုက်(၇၂၄) အခန်း(၁၈) ပ-ထပ်၊ မဟာဗန္ဓုလလမ်း (၁၇-၁၈ကြား)၊
လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉ ၃၂၃ ၇၄၇၀၅

www.burmeseclassic.com

www.burmeseclassic.com



ဝိုးတဝါး [illegible] ပေါက်နေမိသည်။ တော်ပြင် [illegible] လွှမ်းခြုံထား [illegible] ပုရစ်အော် [illegible] စဉ်ဆက်မပြတ် [illegible] နေရသည်။ ဆောင်း၏ အအေးဓာတ်တို့က ပို၍ အေးစိမ့်လာသည်။ [illegible] အလင်းရောင် [illegible] ကြောင့် ရှင်ငြိမ်းမယ်၏ မျက်နှာလေးသည် လမင်းကြီးထက်ပင် ပို၍ ဝင်းပနေသည်ဟု စိုးအုပ် စိတ်ထဲတွင်

[illegible] တိတ်ဆိတ် [illegible] ငြိမ်သက်မှုတို ရှင်ငြိမ်းမယ်၏ တီးတိုးစကားသံက ဖောက်ထွက်လာသည်။

"မိစ္ဆာကောင်တွေနဲ့ ကေန် စစ်ပွဲ နွှဲကြရတော့မှာပေါ့နော်"

"ဟုတ်တယ် ရှင်ငြိမ်းမယ်၊ နယ်ချဲ့ မိစ္ဆာကောင်တွေကို မောင်ကြီးတို့ တိုက်ရတော့မယ်၊ ဒါဟာ မြန်မာတစ်မျိုးသားလုံးရဲ့ ရင်ထဲမှာရှိနေတဲ့ ဆန္ဒပဲ"

"မောင်ကြီးစကားအရ ဆိုရင် အင်အားချင်းကလဲ ကွာ၊ လက်နက်ချင်းကလဲ မမျှတဲ့ ဒီစစ်ပွဲကြီးအတွက် ရှင်ငြိမ်းမယ် အစိုးရိမ်ကြီးလိုက်ပါဘိ မောင်ကြီးရယ်၊ ဒီစစ်ပွဲကို ရှောင်လွှဲလို့ မရနိုင်ဘူးလား ဟင်"

"ရှောင်လွှဲလို့ မရတော့ဘူး နှမရယ်၊ မောင်ကြီးတို့ မြန်မာလူမျိုးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

သူများ မြေကို တစ်လက်မမှ မယူချင်သလို ကိုယ့်မြေကိုလဲ တစ်လက်မမှ အထိမခံဘူး၊ ခုကိစ္စကလဲ မိစ္ဆာကောင်တွေကိုယ်တိုင်က ရန်လိုနေလို့ ဖြစ်ရတဲ့ ကိစ္စမို့ တိုက်ရတော့မှာပါ"

"အင်း ရှင်ငြိမ်းမယ် ဆန္ဒကတော့ စစ်ပွဲလဲ မဖြစ်စေချင်ဘူး၊ မောင်ကြီးကိုလဲ မခွဲချင်ဘူး မောင်ကြီးရယ်၊ စစ်ပွဲမှာ မတော်တဆများ ဖွတ်ဖွဲ့ လွဲပါစေ ဖယ်ပါစေ"

"အို ဒီအတွက် မစိုးရိမ်ပါနဲ့ ရှင်ငြိမ်းမယ်ရယ်၊ သူရဲကောင်းတို့ရဲ့ သွေးဆိုတာ စစ်မြေပြင်မှာပဲ ကျရိုးထုံးစံ ရှိပါတယ်၊ သူ့ကျွန်အဖြစ်နဲ့ နှိမ့်နစ်မခံပါရစေနဲ့ ရှင်ငြိမ်းမယ်ရယ်၊ ရန်သူဟာ မောင်ကြီးတို့နဲ့ လက်တစ်ကမ်းမှာ ရောက်နေပြီလေ၊ လူအင်အား လက်နက်အင်အား ကိုယ့်ထက်သာတဲ့ နယ်ချဲ့ကောင်တွေကို တိုက်ကြရတော့မယ်ဆိုကတည်းက မြန်မာရဲမက်တွေဟာ တိုင်းပြည်နဲ့ လူမျိုးအတွက် သူတို့ရဲ့ အသက်ကို စွန့်လွှတ်ပြီးသားပါ"

လက်ထဲက ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း အံတကြိတ်ကြိတ်ဖြင့် ပြောနေသော ချစ်သူ ငစိုးအုပ်၏ စကားများကို နားထောင်ရင်းက ရဲရင့်ကြံ့ခိုင်သောစိတ်ဓာတ်ကို ဂုဏ်ယူသော အကြည့်ဖြင့် ငေးကြည့်ရင်း. . .

"မောင်ကြီးရဲ့ ရဲဝံ့စွန့်စားရဲတဲ့ စိတ်ဓာတ်ကို ရှင်ငြိမ်းမယ် ဂုဏ်ယူလေးစားပါတယ် မောင်ကြီးရယ်၊ ဒါပေမယ့်လေ ရှင်ငြိမ်းမယ် မောင်ကြီးနဲ့ ဝေးမှာကို စိုးကြောက်လှပါတယ်"

"တစ်မျိုးသားလုံး သူ့ကျွန်ဘဝ ရောက်ရမယ့်အရေးမို့ မောင်ကြီးရင်ထဲက အချစ်ရေးကို ဦးစားမပေးနိုင်တာကို နားလည်ပါတော့လေ"

ရှေ့တိုးမည်ဆိုလျှင် နောက်ဆုတ်မည်သူ မဟုတ်သည့် မြန်မာရဲမက်တစ်ဦးမို့ ရှင်ငြိမ်းမယ် မတားဖြစ်တော့ပါ။ တစ်မျိုးသားလုံးအရေးတဲ့။ စစ်မက်ရေးရာကိစ္စကို ဂဃနဏ ကျကျနန မသိပေမယ့် ကျွန်ဘဝ ရောက်မည့် အရေးအတွက်ဆိုတော့လည်း ရှင်ငြိမ်းမယ် မဆိုသာခဲ့ပြီကော။ သည်တော့လည်း သူ့ပခုံးထက်မှ ခြုံထားသည့် ဖျင်ပဝါလေးကို အသာခွာယူလိုက်ပြီး ငစိုးအုပ် လက်ထဲသို့ ပေးရင်းက. . .

"မောင်ကြီးအတွက် ရှင်ငြိမ်းမယ် ကိုယ်တိုင်ရက်ထားတဲ့ ပဝါလေးပါ၊ စစ်မြေပြင်မှာ မောင်ကြီး အမောပြေ ချွေးသုတ်ဖို့ပါ"

ပေးလာသော ပဝါလေးကို လှမ်းယူရင်း ငစိုးအုပ်က. . .

"ရှင်ငြိမ်းမယ်ရယ် အင်အားချင်း မတူညီတဲ့ စစ်ပွဲကို ဆင်နွှဲရတော့မယ်ဆိုကတည်းက အသက်ကိုပေးအပ်ပြီးသားပါလေ၊ ဒါပေမယ့် မောင်ကြီးတို့ မြန်မာလူမျိုးတွေဟာ ဟောဒီစစ်ပွဲမှာ အနိုင် အရှုံးထက် တို့မြန်မာတွေ နိုင်ငံကို ဘယ်လောက်ချစ်တယ်၊ ဘယ်လောက်သစ္စာရှိတယ်ဆိုတာ ပြရမယ့်ပွဲပါ နှမရယ်၊ ဒီအတွက် ဘာကိုမှ မစိုးရိမ်ပါနဲ့နော်"

ဟုပြောရင်း ငစိုးအုပ် တစ်ယောက် ရှင်ငြိမ်းမယ်လက်ကို အသာအယာ ဆွဲယူလိုက်ပြီး သူ့ရင်ခွင်ထဲသို့ နွေးထွေးစွာ သိုင်းဖက်လိုက်သည်။

တိမ်ညိုတစ်သိုက်က အလိုက်သိစွာ လမင်းကို ဖုံးကွယ်ထားလိုက်သည်။

xxx

တကယ်တော့ ပန်းတော်ပြင်ရွာသား ငကောင်းလှနှင့် မလွန်မြို့ဟောင်းသား ငစိုးအုပ်တို့သည် ပန်းတော်ပြင်ခံကတုတ်ကို တာဝန်ယူထားရသည့် တပ်မှူး ယွန်းစုဝန်မင်းရဲညွှန့်တပ်ဖွဲ့မှ သွေးသောက်နှစ်ဦး ဖြစ်ကြသည်။ ပန်းတော်ပြင်သူလေး ရှင်ငြိမ်းမယ်ကို ငယ်စဉ်ကတည်းကပင် မေတ္တာသက်ဝင် ချစ်ခင် မြတ်နိုးခဲ့ကြသူများ ဖြစ်ကြသော်လည်း သွက်လက်ချက်ချာသည့် မလွန်သား ငစိုးအုပ်က ရှင်ငြိမ်းမယ်၏ မေတ္တာပန်းကို ဦးစွာလှမ်းချူနိုင်သူ ဖြစ်ခဲ့ပြီး တစ်ရွာသားတည်း ငကောင်းလှကို အစ်ကိုကြီးအရင်းသဖွယ် အားကိုး ကြောင်း အဖြေသာရရှိခဲ့လေသည်။

သဘောထားပြည့်ဝသော ငယ် သူငယ်ချင်းကျောင်းနေဘက်ပီသစွာ အရာခပ်သိမ်းကို နားလည်နိုင်ခဲ့သ သွေးသောက်ရဲမက်များပီပီ သစ္စာစော သိခဲ့ကြသူများ ဖြစ်ကြသည်။

သွေးသောက်ငကောင်းလှ သ မင်းလှခံတပ်ကြီးနှင့် အရှေ့ဘက်က မှ ကွေ့ချောင်းခံတပ်ကြီးများဆီသို့ တ လှည့် မလွန်မြို့ဟောင်းဘက်မှ အင် စစ်တပ် တပ်စွဲထားသော တပ်ဦးဆီ တစ်လှည့် ကြည့်ရင်း ငစိုးအုပ်အ လှမ်း၍ ပြောလိုက်သည်။

"ကိုရင် စိုးအုပ်၊ ဒီအတိုင်းဆို အရေးတော်ပုံ အမြန်စလိမ့်မယ်ထ တယ်"

သွေးသောက် ငစိုးအုပ် ခေါင်းတဆတ်ဆတ်ပြုရင်းက. . .

"အင်းလေ၊ ကျုပ်တို့ ဓားသွေး ရကျိုး နပ်လောက်ပါရဲ့၊ မြန်မာ့သွေး ဘယ်လောက်ရဲတယ်၊ မြန်မာ့သ ဘယ်လောက်ရှိတယ်၊ မြန်မာ့ဓား ဘ လောက်ထက်တယ်ဆိုတာ ပြကြရ ပလေ"

"ဟိုတစ်နေ့က ကုလားမိစ္ဆာ ကောင်တွေရဲ့ မီးသင်္ဘောတစ်စင်း ကွေ့ချောင်းခံတပ်က အမြောက်နဲ့ လို့ နစ်မြုပ်သွားတဲ့အတွက် ဗိုလ် ပရင်ဒါဂတ်စ်ဆိုတဲ့ကောင်က ပထနို မှာ တစ်တပ်စွဲ၊ မလွန်မှာ တစ်တပ်စွဲ အကြံယူနေပုံရတယ် ကိုရင်စိုးအုပ်ရဲ့"

"ကျုပ်သဘောကတော့ မိစ္ဆာ ကောင်တွေ စစ်ရေးမစခင် ကျုပ်တို့ ဦးအောင် အရင်သွားတိုက်ပစ်လိုက် တယ်"

"ဪ ကိုရင်စိုးအုပ်ရယ်၊ ကျ တို့ ခင်ဗျားတို့ဆိုတာက နှစ်ကြိပ်လေ ကိုသာ ကွပ်ကဲရတဲ့ သွေးသောက်ရဲမ အဆင့်မဟုတ်လား၊ ကျုပ်တို့ထက် ကဲတဲ့ ကျုပ်တို့တပ်မှူး ယွန်းစုဝန်

www.burmeseclassic.com

www.burmeseclassic.com

အမိန့်က ပန်းတော်ပြင်ခံကတုတ်
တန့်တားတိုက်ရမယ်ဆိုတဲ့ အမိန့်
ရရှိထားတာကလား၊ ပြီးတော့
တော်မှာလဲ အင်္ဂလိပ်တွေနဲ့ ငြိမ်း
သူဖို့ ကင်းဝန်မင်းကြီးဦးကောင်း
တစ်ဖက်၊ မိဖုရားကြီး စုဖုရား
တိုင်တားမင်းကြီးတို့ကတစ်ဖက်
အဆွေ ကွဲလွဲနေတော့ စစ်
သဲ ခက်နေတာပေါ့"

"အင်း အမိန့်တော်ကြောင့်သာ
ကျုပ်ဆန္ဒကတော့ တိုက်ရမယ့်
ဦးအောင်သာတိုက်ပစ်ချင်တာ

"ဆန္ဒမလွန်ပါနဲ့ ကိုရင်စိုးအုပ်
အချိန်တန်ရင် ခင်ဗျားတို့ ကျုပ်တို့
စစ်ပွဲကို မလွဲမသွေ ဆင်နွှဲကြ
တဲ ညဉ့်နက်လှပြီ တစ်ရေး
မှေးကြဦးစို့ရဲ့"

xxx

အရှေ့ဘက်ဆီမှ ရောင်နီဦးတို့
မြူမှုန်များကြားမှ စစ်ကို မလို
အလား ဧရာဝတီမြစ်အတွင်း
အန်၍ ကြွချလိုက်သည်။

ပန်းတော်ပြင်ရွာထိပ်ဘက်ဆီရှိ
တုံးခေါက်သံအဆက်မပြတ်
တ်ရသည်။

"ရန်သူမီးသင်္ဘောတွေ စတင်
ပြီ၊ ရဲမက်တို့ အသင့်ပြင်"

သွန်းစုဝန်မင်းရဲညွှန့်၏ အောင်
ထွားလှသော စစ်မိန့်သံကြောင့်
အသီးသီးနေရာယူလိုက်ကြ
ဝိုးအုပ်နှင့် ငကောင်းလှတို့ နှစ်
တာဝန်ကျသော နန်းတော်ပြင်
တ်၏ ဝဲယာဘက်တွင် နေရာ
ကြသည်။ အင်္ဂလိပ်စစ်တပ်၏
ကျည်ဆန်တို့သည် အရာ
ချောင်းကိုကျော်၍ ခံကတုတ်အနီး
ကောင်း၊ အရာတော်ချောင်း
သည်းကောင်း တဝုန်းဝုန်းဖြင့်
သည်။

စက်သေနတ်သံများကလည်း
ဒိုင်း တဒက်ဒက်ဖြင့် အဆက်

မပြတ် ကြားနေရသည်။ သွေးသောက်ငစိုးအုပ်သည် ခံကတုတ်၏ လက်ယာဘက်မှ ရှေ့တန်းနေရာမှ လက်ဝဲဘက်တွင် တာဝန်ယူထားသော ငကောင်းလှအား. . .

"သွေးသောက် ကျုပ်တို့အဖွဲ့ အရာတော်ချောင်းထိပ်က စီးပြီးသွားကြိုတိုက်နှင့်မယ်"

ဟုလှမ်းအော်ပြောသည်။

"ကိုရင်စိုးအုပ် ထွက်မတိုက်နဲ့ ရန်သူက လက်နက်အင်အားရော၊ လူအင်အားပါ များပုံရတယ်၊ ကျုပ်တို့ရဲ မက်တွေ အကြောင်းမဲ့ ကျဆုံးလိမ့်မယ်"

"သေတာ ဆန်းသလား သွေးသောက်ရဲ့၊ မတိုက်လဲ သေရမှာပဲ မဟုတ်လား"

"မဟုတ်သေးဘူး ကိုရင်စိုးအုပ် ကျုပ်တို့တာဝန်က ထွက်တိုက်ဖို့ မဟုတ်ဘူး၊ မင်းလှခံတပ်ကြီးကို ရန်သူတွေမရောက်အောင် ဟန့်တားဖို့သာ ဖြစ်တယ်၊ ဒါကြောင့်ပန်းတော်ပြင်ခံကတုတ်မကျဖို့ အဓိက"

"ကျုပ်သဘောက ကြိုပြီး ထွက်တိုက်ချင်တာပ"

"စိတ်ထိန်းစမ်းပါ ကိုရင်စိုးအုပ်ရယ်၊ အရာတော်ချောင်းကျော်လာပြီး စေတီတော်ကုန်းတက်နား ရောက်မှ မီးသင်္ဘောတွေကို အပြုတ်နှံကြရအောင်ပါ"

အင်္ဂလိပ်စစ်တပ်သည် လှည်းလမ်းအတိုင်း အရာတော်ချောင်းတစ်ဖက်မှ ခံကတုတ်ရှိရာသို့ ချီတက်လာလေပြီ။ အမြောက်သံနှင့် စက်သေနတ်သံတို့သည်လည်း ခံကတုတ်တစ်ဝိုက်တွင် ဆူညံနေသည်။ အင်္ဂလိပ်တပ်များ အရာတော်ချောင်းကို ဖြတ်ကျော်ပြီး ကမ်းပါးတပ်သို့ရောက်သည်နှင့်. . .

"မြန်မာတပ်တဲ့ဟေ့ ကုလားဖြူတွေကို အသေသတ်ကြ"

အောင်မြင်သော စစ်မိန့်သံကြောင့် ခံကတုတ်တစ်ဝိုက်တွင် နေရာယူထားကြသော မြန်မာတပ်များဆီမှ

တစ်လုံးထိုးသေနတ်သံများ ဆူညံစွာထွက်ပေါ်လာသည်။

"ဒိုင်း ဒိုင်း ဒိုင်း"

အပြေးတက်လာသော အင်္ဂလိပ်တပ်သားတို့သည် မမျှော်လင့်သည့် အချိန်တွင် အနီးကပ်တိုက်ခိုက်မှုကို ခံလိုက်ရသဖြင့် ဖရိုဖရဲဖြစ်ပြီး ဒဏ်ရာများ ရရှိသွားကြကာ တချို့လည်း ကမ်းပါးမှ အရာတော်ချောင်းထဲသို့ လိမ့်ကျသူကျ ပြန်ဆင်းပြေးသူပြေး ဖြစ်ကုန်ကြသည်။ အင်္ဂလိပ်တပ်ဦး ထိခိုက်သွားသည်နှင့် အရာတော်ချောင်း အနောက်ဘက်ကမ်းမှ လက်နက်ကြီး ပစ်ခတ်မှုသည်ပို၍ပြင်းထန်လာသည်။ ကျည်ဆန်များသည် မိုးသီးမိုးပေါက်ပမာ ခံကတုတ်အနီးသို့ ကျရောက်လာချိန်တွင် အင်္ဂလိပ်တပ်သည် အရာတော်ချောင်းကို အလျှင်အမြန် ဖြတ်ကူးလာကြသည်။

တချို့သော အင်္ဂလိပ်တပ်တို့သည် ဘေးဝဲယာမှတက်ရန် ကြိုးစားကြသော်လည်း အရာတော်ချောင်း၏ ကမ်းပါးသည် မတ်စောက်၍ တက်ရန်ခက်ခဲသဖြင့် မူလလမ်းကြောင်းမှတစ်ပါး တက်ရန် မဖြစ်နိုင်သည်ကို သိရှိသွားသောအခါ လက်နက်ကြီးပစ်အားကို ပိုသုံးပြီး တစ်ခုတည်းသော မူလလမ်းကြောင်းအတိုင်း ပစ်တက်တက်၍ ကမ်းပါးဆီသို့ ချဉ်းကပ်လာကြလည်း။

ကမ်းပါးပေါ် ရောက်သည်နှင့် အတင်းပြေးတက်လာကြသည်။ နဘူးချုံနှင့် ဒဟတ်တောစပ် ကုန်းမြင့်အထက်တွင် မြန်မာရဲမက်များ၏ ဓားလှံသွားများသည် ထွက်ပေါ်စနေရောင်အောက်တွင် ဖွေးဖွေးလှုပ်သွားသည်။

"ကျား ကျား မြန်မာ့သွေးကွ"

ဟူသောအသံများနှင့်အတူ ပြေးတက်လာသော အင်္ဂလိပ်စစ်တပ်အား အတင်းဝင်ရောက် တိုက်ခိုက်ကြလေသည်။ နယ်ချဲ့တို့သည် လက်နက်အင်အားဖြင့် အဝေးက ပစ်ခတ်နိုင်သော်လည်း လက်တစ်ကမ်းအရောက်တွင် ဓားမာန်ဝင့်ဝင့်ဖြင့် ရဲရင့်စွာတိုက်ခိုက်လာ



www.burmeseclassic.com

www.burmeseclassic.com

ကြသော မြန်မာရဲမက်များနှင့် ထိပ်တိုက်တွေ့သောအခါ တုန်လှုပ်အံ့ဩသွားကြသည်။

ရဲမက်တစ်ဦးလျှင် ဓားဘယ်နှလက်မျှ ကိုင်ဆောင်၍ တိုက်ခိုက်နေသည်ဟု ခန့်မှန်းမရအောင် ဖြစ်နေသည်။ သေနတ်မောင်း တစ်ချက်သာ တင်နိုင်ပြီးနောက် ဦးခေါင်း၊ လက်များ ပြတ်ကာ အရာတော်ချောင်းရေထဲသို့ လိမ့်ကျသွားသော နယ်ချဲ့စစ်တာရီတပ်သားများကို ကြည့်ရင်း အနောက်မှတပ်လာသော ကုလားစစ်သားတို့သည် နောက်သို့ဆုတ်၍ ပြေးကြတော့သည်။

မြန်မာရဲမက်တို့သည် လူသားစင်စစ်ဖြစ်ဟန်မတူ နတ်တို့ဖန်ဆင်းထားလေသောသူများဟု ယူဆဟန်တူသွားလေသည်လား မသိချေ။ စစ်ဗိုလ်ဖြစ်သူက နောက်မှတက်ရန် အမိန့်အဆက်မပြတ်ပေးနေသည်။ တစ်ဆက်တည်းမှာပင် အရာတော်ချောင်းအနောက်ဘက်မှ အမြောက်ကြီးတို့ကလည်း ခံကတုတ်ရှိရာသို့ အဆက်မပြတ်ပစ်ခတ်ပေးနေသည်။

အင်္ဂလိပ်တပ်တို့သည် ဒုတိယအချီ အရာတော်ချောင်းကို ဖြတ်ကျော်နိုင်ဖို့ ကြိုးစားကြပြန်သည်။ ရဲမက်များကလည်း တစ်လုံးထိုးသေနတ်များဖြင့် ပစ်ခတ်သည်။ အမြောက်ကျည်ဆန်ထိမှန်မှုကြောင့် အချို့သောရဲမက်တို့၏ ခန္ဓာကိုယ်တွင် သွေးတို့က ခြင်းခြင်းနီနေသည်။

အင်္ဂလိပ်တို့သည် အင်အားကို နှစ်ဆတိုး၍ အသုံးပြုပြီး ဖြတ်ကျော်လာခဲ့သည်။ အရာတော်ချောင်းထိပ် ဇေတီတော်အနီးသို့ ချဉ်းကပ်လာနိုင်ကြလေသည်။ ထိုအခါ တိုက်ပွဲသည် အနီးကပ်တိုက်ပွဲအသွင် ပြောင်းသွားသည်။ အနီးကပ်တိုက်ပွဲကြောင့် ရဲမက်တို့၏ ဖြူဖွေးသောဓားအရောင်တို့သည် အနီရောင်သို့ ပြောင်းသွားကြသည်။

တိုက်ပွဲသည် ရှုပ်ထွေးနေသည်။ အင်္ဂလိပ်တို့သည် ခံကတုတ်ကို ဖြတ်ကျော်နိုင်ရေးအတွက် အစွမ်းကုန် ကြိုးစားနေဘိသကဲ့သို့ မြန်မာရဲမက်တို့ကလည်း ခံကတုတ် မကျစေရေးအတွက် အသက်ပေးကာ ရင်စည်းခံ၍ တိုက်ကြသည်။ တိုက်ပွဲကား ပြင်းထန်လွန်းပေစွ။

အနီးကပ်ရန်သူတို့သည် မြန်မာရဲမက်တို့၏ ရဲဝံ့ပြောင်မြောက်စွာ တိုက်ခိုက်မှုကြောင့် သွေးရူးသွေးတန်းဖြင့် ပြေးသူကပြေး အော်သူကအော်နှင့် ခံကတုတ် အောက်ခြေတွင် ပျားပမ်းခပ်မျှ ရှုပ်ထွေးနေသည်။

ငစိုးအုပ်၏ လက်နှစ်ဖက် ဓားနှစ်လက်သည် လျှပ်လက်သကဲ့သို့ လျင်မြန်လွန်းလှသည်။ ခံကတုတ်အနီးသို့ ကျွံဝင်လာသော ကုလားဖြူများအတွင်းသို့ အတင်းထိုးဖောက်ဝင်သွားတိုင်း ကုလားစစ်သားများ၏ ဦးခေါင်းများ လက်များသည် အပင်မှ အခြွေချခံရသောအသီးများနှယ် ဖြစ်ကုန်ကြသည်။

ကုလားအလောင်းများကို ကြည့်ရင်း နှုတ်မှလည်း . "သေကြစမ်း၊ ကျူးကျော်ချင်တဲ့ မိစ္ဆာကောင်တွေ ဒါ မြန်မာ့သွေးကွ၊ မိစ္ဆာကောင်တွေ အရှင်မထားနဲ့၊ မြန်မာ့မြေကို တစ်လက်မမှမပေးနဲ့" ဟု အော်ဟစ်ရင်း တရစပ်ဝင်၍ ခုတ်လေသည်။

အင်္ဂလိပ်တပ်တို့သည် ၎င်းတို့တပ်နှင့် မြန်မာရဲမက်များ လုံးထွေးစဉ်အတွင်း အလုံးအရင်းဖြင့် အရာတော်ချောင်းကို အတင်းဖြတ်ကျော်ချီတက်လာကြသည်။

"ကိုရင်စိုးအုပ်၊ ခံကတုတ်ဘက် အမြန်ဆုတ်ခဲ့၊ ရန်သူ အလုံးအရင်းနဲ့ ချီတက်လာပြီ၊ ကျောက်မောင်းတွေနဲ့ တိုက်မယ်"

သွေးသောက် ငကောင်းလှ အော်ဟစ်ပြောသံကြောင့် နောက်ဆုတ်ပြေးသော နယ်ချဲ့တို့နောက် မလိုက်တော့ဘဲ ခံကတုတ်နောက်သို့ ဆုတ်ခွာလာခဲ့သည်။ နယ်ချဲ့အင်္ဂလိပ်တို့သည် ခံကတုတ်နားရောက်နေသော သူ့တပ်ကို ခံကတုတ်ကို ဖြတ်ကျော်နိုင်ရေးအတွက် အဝေးပစ်လက်နက်ကြီး
အသုံးပြုအထောက်ကူပေးသလို
နက်ကြီးအဖွဲ့အား အရာတော်
ဒီဘက်ကူးနိုင်ရန် အင်အားဖြင့်
ရောက်တိုက်ခိုက်ခြင်း ဖြစ်လေသ
သွေးသောက် ငကောင်းလှ ရိပ်မိ
သည်။

အရာတော် ချောင်းရေ
တစ်တောင်ဆုပ်ခန့်သာ ရှိသည်။
ကူးလျှင် ကမ်းပါးပေါ်မှ စနစ်
နေရာယူ စီစဉ်ထားသည်။ ခံကတု
သို့ ရောက်ရှိရန် မလွယ်ကူပေ။
သည် မတ်စောက်သည်။ ခံက
နောက်ယွန်းယွန်းသို့ အတန်ကြာ
မှ လှည်းလမ်းအတိုင်းတက်မှ ခံက
ရှိရာရောက်မည်။'

သည်လမ်းမှတစ်ပါး
လမ်းမရှိပေ။ ထို့ကြောင့် ကျော
များကို မောင်းစင်၌ စုပြုံထား
မောင်းခလုတ်(၃)ခု ပြုလုပ်ထား
ထိုကျောက်မောင်းသည် အရာ
ချောင်းနှင့် စေတီတော်ကြားတွင်
ပထမကျောက်မောင်း၊ ဒုတိယ
မောင်းက စေတီနှင့် ခံကတုတ်ကြ
ဖြစ်သည်။ တတိယကျောက်မော
ခံကတုတ်တွင်ဖြစ်သည်။

လူချည်းသက်သက်
လျှင် ကျောက်မောင်းဖြင့် တို
မလိုအပ်သော်လည်း လက်နက်
ဖြင့် အင်အားပြုကာ အလုံး
ချီတက်ခဲ့လျှင် ကျောက်မော
အဆင့်ဆင့်တိုက်ခံပြီး မင်းလှခံ
အရောက်ချီတက်ရန် ဖြစ်သည်။

xxx

ရန်သူသည် အလုံးအ
ချီတက်လာလေပြီ။ အထူးသဖြင့်
အုပ် တွေ့သည့်ဘက်မှ တက်လာ
ရန်သူတို့သည် အဆက်မပြတ်
တက်လာသည်။ ကျည်ဆံ
ခံကတုတ်အတွင်းသို့ တိုက်ရိုက်
သဖြင့် မြန်မာရဲမက်တို့ ဒဏ်ရာ





www.burmeseclassic.com

www.burmeseclassic.com

...သည်။ အင်္ဂလိပ်တို့သည် တစ် ...လက်နက်ကြီးများဖြင့် ပစ်ခတ် ...ကမ်းမှ လူအင်အားဖြင့် တက် ...ကြောင်းနှစ်ခုခွဲတက်လာသည်။ ...အင်္ဂလိပ်တို့သည် ငြိမ်ချက်သား ...သော ခံကတုတ်ကို ကြည့်၍ ...များ ခံကတုတ်ကို စွန့်ခွာ ...ဟု ယူဆပုံရလေသည်။ ထို့ ...အပိုင်တွက်ကာ ရဲဝံ့စွာတက် ...သည်။

"...ကျောက်မောင်းဖြုတ်" ...ကောင်းလှ၏ အမိန့်သံနှင့် ...စ်ထမ်းစာ ကျောက်တုံးတို့ ...အင်္ဂလိပ်တပ်များ ချီတက်လာ ...ကြောင်းအတိုင်း အထက်မှ ...ဆို့ အရှိန်ဖြင့် ခုန်ပေါက်ပြေး ...သည်။

"...ဒုန်း ဒုန်း ဝေါ" အသံတို့ ...သည်။

...တက်လာသော အင်္ဂလိပ်တပ် ...သည်း စက်သေနတ်များဖြင့် ...ရာသို့ ပစ်ခတ်ကြသည်။ ...စစ်သားများမှာ မမျှော်လင့် ...ကျောက်တုံးများကြောင့် အလဲလဲ ...ပြီး ဒဏ်ရာရသူများနှင့် လဲ ...အား တွဲခေါ်ရင်း နောက်မှ ...သော အင်အားဖြင့် ပူးပေါင်း ...တက်လာကြပြန်သည်။

xxx

...စဉ် ငစိုးအုပ် စစ်မျက်နှာဘက် ...အင်္ဂလိပ်တပ်သားတချို့ တက်လာ ... ခံကတုတ်နားအရောက်တွင်-

"...ကျား ကျား ယောကျ်ားတဲ့ ...မိတ္တာကောင်တွေကို အသေသတ် ...အော်ရင်း ငစိုးအုပ် အတင်း ...လေသည်။

...လူ ကိုယ့်လူဟု တွက်၍မရ ... ငါမှတစ်ပါး အခြားရန်သူဟု ...ရသည်။ ငစိုးအုပ် လက် ... ဓားနှစ်လက်ဖြင့် ပြင်းထန်စွာ ...သလို အင်္ဂလိပ်တပ်သားများ၏ ...ဖြင့် ပြန်လည် ခုခံကြသည်။

ငစိုးအုပ် ခန္ဓာကိုယ်တစ်ခုလုံးတွင် သူ့သွေးလား ကိုယ့်သွေးလား မသိ၊ သွေးခြင်းခြင်းနီရဲနေသည်။

သွေးသောက် ငကောင်းလှဘက်မှ ဒုတိယကျောက်မောင်းဖြုတ်သံကြားရသည်။ ရန်သူတို့၏ သေနတ်များသည် ပစ်ခတ်ချိန်မရ ဖြစ်နေသည်။ တိုက်ပွဲကား ပြင်းထန်၍ ပိုပြီး ရှုပ်ထွေးနေသည်။ တတိယကျောက်မောင်းသံ မကြားရသေး။

ရန်သူတို့ ဝဲယာညှပ်တိုက်ခြင်းခံနေရပြီဖြစ်ကြောင်း ငစိုးအုပ် သတိထားမိလိုက်သည်။ အခြေအနေကို လျှပ်တစ်ပြက် သုံးသပ်လိုက်သည်။ လက်ရှိအနေအထားအရ မိမိတို့ဘက်မှ အသာစီးရနေသည်။ ရန်သူမှာ အထိနာနေသည်။ သေသည်ကတော့ သေသည်။ သူ့ဘက်မှလည်း သေကြသည်။ ကိုယ့်ဘက်မှလည်း သေကြသည်။ တိုက်ပွဲကား ပြင်းထန်နေဆဲ။

"ကိုရင်စိုးအုပ် ခံကတုတ်ကို ရန်သူကျွံဝင်လာပြီ၊ အရေးတော်ပုံ မလှတော့ဘူး၊ တပ်မင်းက ဆုတ်ခိုင်းနေပြီ"

"ဟင် . . . ဟုတ်လား"

"ဟုတ်တယ် ရန်သူ နောက်ဘက်ချီ မတက်လာခင် ကျုပ်တို့ ပန်တော်ပြင် ခံကတုတ်ကို ဆုတ်ခွာပြီး မင်းလှ ခံတပ်က စုပြီး ခုခံရမယ်"

"သွေးသောက် နောက်ဆုံးကျောက်မောင်းကော"

"ရန်သူ့အင်အားကြောင့် ဖြုတ်ခွင့် မရခဲ့ဘူး"

"လာ၊ သွားစို့"

"ရဲမက်တို့ အစီစဉ် အတိုင်း ဆုတ်ခွာကြ၊ တပ်မင်း အမိန့်" ဟုအော်ဟစ်အမိန့်ပေးရင်း ကျောက်မောင်းခလုတ်ရှိရာသို့ ပြေးထွက်သွားလေတော့သည်။ ရန်သူ့လက်နက်ကြီးတပ်ဖွဲ့သည် လက်နက်ကြီးများကို လှည်းဘီးပေါ်တွင် တင်၍တွန်းတင်လာကြသည်။ ကျောက်မောင်းအနီးဆီသို့ ရောက်လာသည်။ ငစိုးအုပ် တအားကုန် ပြေးနေသည်။

ရန်သူတို့သည် ငစိုးအုပ်ကို တွေ့သည်နှင့် အဆက်မပြတ် ပစ်ခတ်သည်။ သဘာဝမြေအနေအထားက ငစိုးအုပ်အတွက် ကျည်ကွယ်ရာအရပ် ဖြစ်၍ တစ်ပန်းသာသည်။ ငစိုးအုပ် ဆုံးဖြတ်ချက်ချလိုက်သည်။

ပစ်နေသည့်ကြားမှ ကျောက်မောင်းခလုတ်ကို ပြေး၍ဆွဲလိုက်သည်။

"ဝုန်း ဝုန်း ဝေါ" အသံနှင့်အတူ ကျောက်တုံးများ လွင့်စဉ်ကျလာသည်။ သူ့လက်မောင်းဆီမှ ပူခနဲ ဓာဒနာတစ်ခု ခံစားလိုက်ရသည်။ ဒဏ်ရာကို မကြည့်အားဘဲ စနစ်တကျ ဆုတ်ခွာသွားသော ရဲမက်များ နောက်ဆီသို့ ဖြတ်လမ်းအတိုင်း ပြေးလိုက်သွားတော့သည်။

သေနတ်သံနှင့် ယမ်းမှုန့်အငွေ့အသက်တို့သည် ပန်တော်ပြင်ခံကတုတ်နှင့်အတူ ကျန်ရစ်ခဲ့ပေပြီ။

သွေးသောက် ငစိုးအုပ်နှင့်မူ ဝေး၍ ဝေး၍ . . . ။

xxx

"ရဲမက်တို့ ကွေ့ချောင်းခံတပ်လဲ ကျသွားပြီ၊ ရန်သူ မိတ္တာကောင်တွေက ရေကြောင်းအယောင်ပြပြီး ကုန်းလမ်းက ဝင်တိုက်လို့ ကွေ့ချောင်းခံတပ် လက်လွှတ်လိုက်ရပြီ၊ ကျုပ်တို့ တာဝန်ယူထားတဲ့ ပန်းတော်ပြင်ခံကတုတ်လဲ ပေးလိုက်ရပြီ၊ နယ်ချဲ့တွေဟာ ငါတို့ကို ကျွန်ပြုဖို့ ရေအား ကြည်းအားနဲ့ နှစ်ဖက်ညှပ်တိုက်ခြင်း ခံလိုက်ရတယ်၊ ခုလဲ ဧရာဝတီမြစ်ကြောင်းက စစ်သင်္ဘောတွေ တက်လာပြီ၊ ငါတို့ မင်းလှခံတပ်အရောက်ချီရမယ်၊ မင်းကြီး သမိန်ပရမ်းအစီအစဉ်နဲ့ မိတ္တာကောင်တွေကို ပြန်တိုက်မယ်"

လက်ဖျံရိုးလျှိုအတွင်း ခဏတာအနားယူခိုက်၊ ယွန်းစုဝန်မင်းရဲညွှန့်က အားပေးရင်း သူ့လက်ထဲက ဓားကို ဓားအိမ်အတွင်း ထည့်လိုက်သည့်နောက်-

"ပန်းတော်ပြင်ခံကတုတ်ကျဆုံးတာဟာ ငါတို့ စစ်ရှုံးတာ မဟုတ်ဘူး၊ ဒီပွဲဟာ ငါတို့သတ္တိတွေ ပြခွင့်ရတဲ့ပွဲပဲ၊



www.burmeseclassic.com

www.burmeseclassic.com

စစ်ရေးမှာ ရှုံးပေမယ့် သတ္တိအရာမှာ မရှုံးဘူး။ မြန်မာတွေဟာ သတ္တိအရာမှာ ဘယ်တော့မှ မရှုံးဘူး"

ရဲမက်တို့သည် တပ်မင်းစကားကို လေးစားစွာ ခံယူရင်း ဓားမှ သွေးများကို သုတ်နေကြသည်။

သွေးသောက် ငကောင်းလှက သွေးသောက် ငစိုးအုပ်၏ ဒဏ်ရာကို မြင်တွေ့သွားသည်။

"ကိုရင် ငစိုးအုပ် လက်ကဒဏ်ရာက များပါပကော"

"ဟုတ်တယ် သွေးသောက်၊ ကျုပ်တို့ မြန်မာ့သွေး ဘယ်လောက်နီစွေးတယ်ဆိုတာ နယ်ချဲ့တို့ကို ပြလိုက်တာလေ"

"ရှေ့မှာ တိုက်ပွဲတွေရှိသေးတယ် ကိုရင် ဒဏ်ရာဆေးထည့်ပြီး ပဝါစည်းထားရအောင်နော်"

သွေးသောက် ငစိုးအုပ် ဘာမှ ပြန်မပြောတော့။ သူ့စေတနာ မေတ္တာကို မငြင်းလိုတော့။

"ကဲ အားလုံးအသင့်ဖြစ်ရင် ခရီးဆက်မယ်၊ ဦးကင်းဘုရားအရောက်ချီမယ်၊ အဲဒီက အမိန့်ရရင် စစ်ရေးပြန်စမယ်"

ကွမ်းတစ်ယာညက်ခန့်တွင် ငစိုးအုပ်တို့အဖွဲ့ ဦးကင်းဘုရားသို့ရောက်ခဲ့သည်။

"သွေးသောက် ငစိုးအုပ်နဲ့ ငကောင်းလှတို့ အဖွဲ့ ရဲမက်တွေကို စနစ်တကျနဲ့ ဦးဆောင်ပြီး မင်းလှခံတပ်အရောက်သွား၊ ရေလမ်းက တက်လာမယ့် မိစ္ဆာကောင်တွေကို အပြတ်တိုက်ဖို့ ဗိုလ်ချုပ်မင်းကြီးသမိန်ဗရမ်းထံ သတင်းပို့ချေ အမိန့်"

ယွန်းစုဝန်မှင်းရဲညွန့် အမိန့်အတိုင်း သူတို့နှစ်ဦးအဖွဲ့ မင်းလှခံတပ်အရောက် အပြင်းချီတက်ခဲ့ကြသည်။ ရောက်လျှင်ရောက်ချင်း မင်းကြီးအမိန့်စာခံရန် လျှောက်ထားလိုက်သည်။

ထိုအခါ မင်းကြီးသမိန်ဗရမ်းက . . .

"ရဲမက်တို့ အားလုံး ဒဏ်ရာရရှိခဲ့သူတွေ အမြန်ဆုံး ပြုစုကုသပေး၊ မလွန်ဘက်မှ အင်္ဂလိပ်စစ်သင်္ဘောတွေ စတင်ချီတက်လာနေပြီ၊ တို့ အသက်ရှင်နေသရွေ့ တို့မြေ တို့ခံတပ်ကို လုံးဝ အထိခိုက် မခံနိုင်ဘူး၊ လက်နက်တွေ အမြန်တပ်ဆင်ပြီး အသင့်နေရာယူ"

ဟု အမိန့်ရှိတော်မူပြီး ခံတပ်အပေါ်သို့ တက်ရောက်သွားလေသည်။ မင်းကြီး ခံတပ်ပေါ်သို့ တက်သွားသည်နှင့် သွေးသောက် ငကောင်းလှက . .

"ကိုရင် ငစိုးအုပ် လက်ကဒဏ်ရာ ဘယ်လိုနေသေးသလဲ ဟင်" ဟု ကရုဏာဖြင့် မေးလိုက်သည်။

"ပန်းတော်ပြင် ခံကတုတ် စွန့်လွှတ်ခဲ့ရလို့ အသည်းထဲက နာတာလောက် ကျုပ်ဒဏ်ရာက မခံစားရပါဘူး သွေးသောက်ရယ်"

"အင်း . . . ဟုတ်ပါတယ်လေ၊ ဒါပေမယ့် ရန်သူ့ဘက်က လူအင်အားရော၊ လက်နက်အင်အားကပါ အဆမတန် သာနေလေတော့"

စကားမဆုံးမီမှာပင် ငစိုးအုပ်က

"ဘာလဲ သွေးသောက်ငကောင်းလှ အားမတန်လို့ မာန်လျှော့လိုက်ရတယ်လို့ ဆိုချင်တာလား၊ ကျုပ် ဓားကိုင်ထားသမျှ မိစ္ဆာကောင်တွေအတွက် ဘယ်တော့မှ မာန်မလျှော့ဘူးသိလား၊ ကျွန်အဖြစ်နဲ့ နေရမှာထက် သေပြလိုက်မယ် သိလား"

"ဩော် ကိုရင် ငစိုးအုပ်ရယ်" ဟု မြည်တမ်းလိုက်စဉ် ဦးကင်းဘုရား စစ်မျက်နှာမှ အထောက်တော် တစ်ဦး စစ်သတင်း လာပို့သည်။

"တပ်မင်းကြီးတို့ အဖွဲ့ရဲ့ ခံစစ်အရေးမလှလို့ မင်းလှမြို့စွန်ဘက်ကို တစ်လက်မပြီး တစ်လက် ဆုတ်ခွာပေးနေရတယ်တဲ့၊ ပြီးတော့ အမြောက်ကြီး (၆)လက်လဲ အင်္ဂလိပ်တို့လက်ထဲ ကျရောက်သွားပြီတဲ့၊ အဲဒီနောက် ကုန်းရွာတိုက်ပွဲမှာ မဟာမင်းလှမင်းထင် သီဟသူနဲ့ ယွန်းစုဝန်မင်းရဲညွန့်တို့လဲ တိုင်း

ပြည်အတွက် အသက် စွန့်လွှတ်သေ
လိုက်ရသတဲ့"

"ဘာ၊ ငါတို့တပ်မင်းနှစ်ဦး
သွားပြီ ဟုတ်လား"

"ဟုတ်တယ် သွေးသော
မိစ္ဆာတွေဘက်ကလဲ ဗိုလ်ဂျူရီဆိုတဲ့
ဗိုလ်တစ်ယောက်ကျတယ်၊ ဗိုလ်ရန်
တဲ့ကောင်လဲ အပြင်းအထန်ဒဏ်ရာ
သွားတယ်တဲ့ ပြီးတော့ တခြားစစ်
တွေလဲ အတော်များများ ကျတယ်
သိရတယ်"

"တောက် ရှိုင်းလိုက်လေကွာ"

သွေးသောက် ငစိုးအုပ်၏ကျ
လောင်သော တောက်ခေါက်သံအ
တွင် သွေးသောက် ငကောင်းလှ
ဧရာဝတီမြစ်ဘက်ကို တစ်ချက် လှ
ကြည့်ရင်း . . .

"ဟော . . . ဧရာဝတီမြစ်ထဲ
အင်္ဂလိပ်စစ်သင်္ဘောတွေ ဆန်တက်
ကြပြီ၊ အမြောက်သံတွေ ကြားတ
ကိုရင် ငစိုးအုပ်"

ရန်သူဆိုသော အသံကို ကြ
လိုက်ရသည်နှင့် ငစိုးအုပ်တစ်ယော
လက်က ဒဏ်ရာကို သတိမရတော့
ဓားကို ဆတ်ခနဲကောက်ကိုင်ပြီး
တတ်ရပ်လိုက်သည်။ ရဲမက်တချို့လည်
တူမီးသေနတ်များ ဆွဲယူပြီး ခံတ
အပေါ်ထပ်သို့ ပြေးတက်၍ နေရာ
လိုက်ကြသည်။ နောက် မင်းလှခံတ
ဆီသို့ ဦးတည်ခုတ်မောင်းရင်း အဆေ
အမြောက်ကြီးများဖြင့် အဆက်မပြ
ပစ်ရင်း ချီတက်လာသည်ကို မမှိတ်မသု
ကြည့်နေကြသည်။

နယ်ချဲ့တို့သည် မင်းလှခံတ
အား ရေကြောင်း၊ ကြည်းကြောင်းဖြ
နှစ်ဖက်ညှပ်၍ တိုက်လေသည်။

မီးသင်္ဘောပေါ်မှ စက်သေန
များ၊ အမြောက်ကြီးများဖြင့် တရစ
ပစ်ခတ်သလို ကြည်းတပ်မှလည်း
လှခံတပ် အနောက်ဘက်ဆီသို့ အ
အရင်းဖြင့် အပြင်းအထန် တိုက်ခို
လေသည်။



www.burmeseclassic.com

www.burmeseclassic.com

သေနတ်သံများသည် ကမ္ဘာပျက်လုဘနန်း ဆူညံနေသည်။ အင်္ဂလိပ်တို့၏ အမှတ်(၁) ဘင်္ဂလားတပ်သည် ခံတပ်အနီးသို့ ရောက်ခါနီးတွင် သံတံခါးမကြီးအား ဖွတ်အတင်းဝင်ရောက်၍ တံခါးကို ဖွင့်နိုင်ရန် အမြောက်များဖြင့် ပစ်ခတ်သကဲ့သို့ တချို့စစ်သားများက တံခါးမကြီး အထက်ရှိ ပေါင်းကူးရုံး တစ်ဖက်တစ်ချက်တွင်ရှိသော ဆင်ခြေလျှော အုတ်လှေကားမှ အတင်းဝင်ရောက်ရန် ကြိုးပမ်းကြသည်။

အရှေ့ဘက်ခံတပ် အုတ်တံတိုင်းတား သင်္ဘောပေါ်မှ အမြောက်များ ပစ်ခတ်မှုကြောင့် အုတ်နံရံတချို့ ဧရာဝတီမြစ်အတွင်းသို့ ပြိုကျသွားရလေသည်။ နယ်ချဲ့တို့ဘက်မှ အပြင်းအထန်တိုက်ခိုက်သကဲ့သို့ ခံတပ်အတွင်းမှ မင်းကြီး အစီအမံအကွပ်အကဲအောက်မှ မြန်မာရဲမက်တို့သည်လည်း အမြောက်ကြီး(၁၇)လက်ဖြင့် ပြန်လည်ပစ်ခတ်ရင်းခုခံနေကြရသည်။

ခံတပ်အပေါ်မှ ရဲမက်တို့သည်လည်း သေနတ်များဖြင့် တစ်သုတ်ပစ်တစ်သုတ်ကျည်ထိုးစနစ်ဖြင့် ခုခံတိုက်ခိုက်ပစ်ခတ်နေကြသည်။ သင်္ဘောကမ်းစပ်ရောက်သည်နှင့် အင်္ဂလိပ်စစ်တပ်မှ ကုလားစစ်သားများသည် ခံတပ်ဆီသို့ တစ်ဟုန်ထိုး ချီတက်တိုက်ခိုက်ကြသည်။

တပ်မင်းကြီးမှ "ကုလားဖြူတွေကို အသေတိုက်" စစ်မိန့်သံ ဆုံးသည်နှင့် "မြန်မာ့သွေးကွ" ဟု ကြွေးကြော်ရင်း ခံတပ်တစ်ခုလုံးမှ တစ်ပြိုင်နက် ပစ်ခတ်သံများ ပေါ်ထွက်လာပြန်သည်။ ခံတပ်အတွင်းမှ စစ်မောင်းသံများလည်း ဒူ ဒူ ဟူ၍ ပေါ်ထွက်လာသည်။

ခံတပ်အနီးပြေးတက်လာသော အင်္ဂလိပ်စစ်သားများ၏ သွေးတို့သည် မြန်မာတပ်များ ပစ်ခတ်မှုကြောင့် ခံတပ်အပြင် နံရံတံတိုင်းတစ်လျှောက် စိုရွှဲလုမတတ်ဖြစ်သွားသည်။ အင်္ဂလိပ်တို့သည် ခံတပ်အတွင်း ဝင်ရောက်စီးနင်းနိုင်ရေးအတွက် လူအင်အား လက်နက်အင်အား အလုံးအရင်း အသုံးပြု၍ တိုက်သလို အရှေ့အနောက် နှစ်ဖက်တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ကြသည်။

မြန်မာ ရဲမက်များကလည်း ခံတပ်အတွင်း မဝင်ရောက်နိုင်ရန် ပိတ်ဆို့၍ ခုခံတိုက်ခိုက်ကြလေသည်။

တစ်ဖက်နှင့် တစ်ဖက် ပစ်ခတ်သံတို့သည် ဆူညံနေသည်။ ခံတပ်အနီး၌လည်း မီးတောက်များလည်း ပေါ်ထွက်လာသည်။ မီးခိုးများကလည်း ဝေ့ဝဲတက်လာသည်။

တပ်မင်းကြီးသည် လက်တစ်ဖက်စီတွင် ငှက်ကြီးတောင်ဓား နှစ်လက်ကို ဆုပ်ကိုင်ထားသလို တံတောင်ဆစ်တစ်ဖက်စီတွင်လည်း ဓားတစ်ချောင်းစီကို နောက်ပြန်ချည်ထားကာ ဓား(၄)လက်ဖြင့် ခံတပ်တွင်း ကျွံဝင်လာသော မိစ္ဆာကောင်များအား အဆက်မပြတ်တိုက်ခိုက်ရင်း အော်ဟစ် အမိန့်ပေးနေလေသည်။ သွေးသောက် ငစိုးအုပ်သည် ဒဏ်ရာကိုလည်း သတိမထားမိတော့ဘဲ ခံတပ်ခြေရင်းမှ ပြေးဝင်လာသမျှ နယ်ချဲ့မိစ္ဆာကောင်များအား အတွင်းမှ ဆီးကြို၍ မလွတ်တမ်းခုတ်နေရသည်။ သူ့ရှေ့ရောက်လာသမျှ အင်္ဂလိပ်စစ်သားတို့သည် သွေးသောက်ငစိုးအုပ်၏ ဓားအောက်တွင် တစ်ယောက်ပြီး တစ်ယောက် လဲကျကုန်သည်။

ဓားတစ်ကမ်းတိုက်ပွဲမို့ ငစိုးအုပ်ဓားချက်တို့သည် ချောက်ချားဖွယ်ရာပင်ကောင်းလှချေသည်။ ခံတပ်အတွင်းမှ အမြောက်များ ပြန်လည်ပစ်ခတ်သံ၊ ရဲမက်တို့၏ ကြုံးဝါးသံတို့နှင့်အတူ အင်္ဂလိပ်ရေတပ်သင်္ဘောပေါ်မှ စက်သေနတ်သံ၊ အမြောက်သံတို့သည် ဝေ ဒုန်းဒုန်း တဒိုင်းဒိုင်း မြည်ဟီးလျက် ခံဘပ်ကြီးကို ထိမှန်လျက်ရှိသည်။

မီးတောက်အရှိန်တို့သည် ခံတပ်ပတ်ဝန်းကျင်တွင် ပို၍တောက်လာလေသည်။ အရှေ့ဘက်ခံတပ် ပြိုကျသဖြင့် သူ့ပစ်အားက တစ်အားသာသွားလေသည်။ ထို့ကြောင့် ရန်သူ့အမြောက်ဒဏ်ကြောင့် ခံတပ်အတွင်းမှ ရဲမက်တို့သည် အတုံးအရုံး ကျဆုံးကြရသည်။

ခံတပ်တစ်ခုလုံး သွေးတို့သည် ခြင်းခြင်းနီရဲနေသည်။ ရန်သူ့အလောင်းနှင့် ကိုယ့်ဘက်မှ အလောင်းများအပေါ်ပြေးလွှားဝင်ရောက်လာသော နယ်ချဲ့တို့အား အုတ်နံရံကို ကျောပေး၍ သွေးခြင်းခြင်း နီရဲနေသည့်ကြားမှ ငစိုးအုပ်၏ ဓားချက်တို့သည် လျှပ်လက်သည့်အလား တရစပ်ခုတ်နေရသည်။

နေကား ပူလွန်းလှပေစွ။ တိုက်ပွဲကား (၃)နာရီ နီးပါးမျှ ရှိလေပြီ။ ကြံ့ကြံ့ခံ၍တိုက်ခိုက်နေသော မြန်မာ့ရဲမက်များ၏ ဇွဲသတ္တိကြောင့် နယ်ချဲ့တို့သည် ခံတပ်ကြီးအား အလွယ်တကူဖြင့် သိမ်းပိုက်မရ ဖြစ်နေသည်။ ကြည်းတပ်အား၊ ရေတပ်အားကိုးဖြင့် အင်အားတိုးချဲ့တိုက်ခိုက်လာသဖြင့် ခံတပ်ကြီး၏ အနေအထားသည် အရှေ့ဘက်နှင့် အနောက်ဘက် အုတ်တံတိုင်းများ ပွင့်ထွက်သွားခံရပေပြီ။ နေကား မွန်းတိမ်းသွားခဲ့လေပြီ။

"မင်းလှခံတပ် ကျဆုံးပြီ၊ ရဲမက်တို့ ခံတပ်က အမြန်ဆုံး ဆုတ်ခွာကြ"

အမိန့်အသံကြောင့် ရဲမက်တချို့ ခံတပ်ပေါ်မှ ခုန်ချ၍ ဆုတ်ခွာသွားကြသည်။ သွေးသောက် ငစိုးအုပ်ကမူ ဘာသံမှမကြားရသည့်အလား ခံတပ်စကြံပေါ်ရှိ စကြံနှင့် ရင်တားထောင့်မှနေ၍ ဝင်လာသမျှ မိစ္ဆာကောင်တို့အား တစ်ယောက်ပြီးတစ်ယောက် အပြတ်ရှင်းပစ်နေသည်။ သူ့နေရာကား တစ်ဦးချင်းတွေ့ရသည့် နေရာဖြစ်၍ တအားသာနေသည်။ ခုတ်ရလွန်း၍ သူ့လက်တို့သည် အံသေလုနီးပြီ။ ခန္ဓာကိုယ်တစ်ခုလုံးတွင် သူ့သွေးလော၊ ရန်သူ့သွေးလောမသိ ခွဲခြား၍ မရတော့ပေ။

"ကိုရင် ငစိုးအုပ် မင်းလှခံတပ် ကျသွားပြီ၊ ဆုတ်တော့"

သွေးသောက် ငကောင်းလှ ရောက်လာပြီး ငစိုးအုပ်နှင့် တွဲ၍ ဓားခုတ်ရင်းက အော်၍ ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

"ကိုရင် ငစိုးအုပ် မင်းလှခံတပ်ကျပြီ၊ အရေးတော်ပုံ မလှတော့ဘူး"

ပြောပြောဆိုဆိုနှင့် သွေးသောက် ငစိုးအုပ်လက်ကို ဆွဲ၍ ခံတပ်ပေါ်မှ ခုန်ချလိုက်လေတော့သည်။

xxx

ထိုနေ့ကား ၁၈၈၅ ခု၊ နိုဝင်ဘာလ(၁၇)ရက်နေ့။

အင်္ဂလိပ်တို့သည် နံနက် ၉ နာရီကျော်မှ စတင်၍ မင်းလှခံတပ်ကြီးအား တိုက်ခိုက်ခဲ့ကြရာ ညနေ ၃ နာရီအရောက်တွင် မင်းလှခံတပ်ကြီးအား သိမ်းပိုက်နိုင်ခဲ့လေသည်။ ထို့နောက် မင်းလှခံတပ်ပေါ်တွင် နယ်ချဲ့တို့၏ ဗြိတိသျှအလံတော်ကို စိုက်ထူလိုက်လေတော့သည်။

သွေးသောက် ငစိုးအုပ်နှင့် ငကောင်းလှတို့သည် အတူပြေးလွှားရင်းက ခံတပ်ဆီသို့ တစ်ချက်ပြန်လှည့်၍ ကြည့်လိုက်ကြရာ မီးခိုးနှင့် ယမ်းငွေ့များကြားမှ နယ်ချဲ့တို့အလံသည် မြောက်လေနှင့်အတူ လေထဲတွင် တလူလူလွင့်ပျံနေသည်ကို သွေးသောက် ငစိုးအုပ် တွေ့လိုက်ရသည့်အတွက် ပြင်းထန်သော တောက်ခေါက်သံနှင့်အတူ. . .

"တောက်. . . သွေးသောက် ငကောင်းလှ သွားတော့ ကျုပ်နေခဲ့မယ်၊ ကျုပ်အသက်ရှင်ရက်နဲ့ မင်းလှခံတပ်ကြီးအပေါ် သင်းတို့အလံကို လွှင့်ထူခွင့် မပေးနိုင်ဘူး"

စကားအဆုံးတွင် ခံတပ်ရှိရာဘက်သို့ တအားကုန်ပြေးထွက်သွားလေတော့သည်။

"ကိုရင် ငစိုးအုပ် မသွားနဲ့ မသွားနဲ့ ကိုရင်. . ."

"ဒက် ဒက် ဒက် ဒိုင်း ဒိုင်း"

သွေးသောက် ငကောင်းလှ စကားသံ နောက်ကျသွားခဲ့ရလေပြီ။ မင်းလှခံတပ်ဆီမှ အဆက်မပြတ်ပစ်ခတ်လိုက်သော စက်သေနတ်ကျည်ဆန်များအာ သွေးသောက်ငစိုးအုပ် ခန္ဓာကိုယ်ဆီသို့ ဝင်ရောက်ဖောက်ထွင်းသွားခဲ့လေပြီ။ ထို့ကြောင့် သွေးသောက် ငစိုးအုပ် ပုံလျက်လဲကျသွားသည်။

သွေးသောက် ငကောင်းလှသည် ကျည်လာလမ်းကို ကွေ့ရှောင်ရင်း ငစိုးအုပ်ရှိရာ အရောက်ပြေးသွားပြီး ပွေ့ယူလိုက်သည်။ ငစိုးအုပ်၏ တစ်ကိုယ်လုံး သွေးများက စိုရွှဲနေသည်။ လက်နှစ်ဖက်တွင်မူ ဓားနှစ်လက်ကို ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲ။

အံသွားများက တင်းကျပ်စွာ ကြိတ်ထားဆဲ။ မျက်လုံးများက ခံတပ်ဆီသို့ နာကြည်းစွာ စူးစိုက်ကြည့်နေဆဲ။ သွေးသောက် ငကောင်းလှ ငစိုးအုပ်ကို ပွေ့ယူပြီး ရွာတော်ရွာလမ်းအတိုင်း ပြေးထွက်လာခဲ့သည်။ မြို့စွန်အရောက် မန်ကျည်းပင်လေးများ ဝန်းရံထားသော ရေကန်ဘေးတွင် ရဲမက်များတချို့ ရရှိထားသော ဒဏ်ရာမှ သွေးများကို ဆေးကြော သုတ်သင်နေကြသည်။

"ကဲ ကွေ့ချောင်းခံတပ်လဲ ကျသွားပြီ၊ မင်းလှခံတပ်လဲ ကျသွားပြီ၊ ကျုပ်တို့ ဘာဆက်လုပ်ကြမလဲ" ဟု ရဲမက်တစ်ဦးက မေးလာသည်။

ထိုအခါ ဒဏ်ရာများကြားမှ သွေးသောက်ငကောင်းလှက. . .

"ဘာလုပ်ရမလဲ ဟုတ်လား၊ ကုလား မိစ္ဆာကောင်တွေကို ဆက်တိုက်ရမှာပေါ့၊ မင်းဘူးအထိ ဆုတ်မယ်၊ နောက်တစ်ဆင့် ဆင်ဖြူကျွန်းအထိသွားရောက် ပူးပေါင်းပြီး ဆက်တိုက်ကြရမယ်"

ဟုပြောစဉ် ငစိုးအုပ် သတိရလာသည်။

"ရေ ရေ . . . ပေးစမ်းပါ"

"ကို ကိုရင် ငစိုးအုပ် သတိရလာပြီနော်"

"အင် ကျုပ် ကျုပ်တို့ နယ်ချဲ့တွေကို အရှုံးပေးလိုက်ရပြီလားဟင်"

"ဟင့်အင်း ကျုပ်တို့ မရှုံးသေးပါဘူး ကိုရင်၊ ဆက်ပြီး ခုခံတိုက်ကြဖို့ အားမွေးနေကြတာပါ"

"သွေးသောက် ငကောင်းလှ ကျုပ် ကျုပ်မသေဘဲ ဘယ်တော့မှ နယ်ချဲ့ကို အရှုံးမပေးဘူး၊ သေလဲ အရှုံးမပေးဘူး၊ သိ သိလား"

"ကိုရင် ငစိုးအုပ်ရယ်၊ ကိုရင်ရဲ့ ရဲရင့်တဲ့စိတ် မြင့်မြတ်တဲ့စိတ်ကို ကျုပ်လေးစား နားလည်ပါတယ်၊ ကိုရင်ရဲ့ တိုင်းပြည်ကို ချစ်တဲ့စိတ် လူမျိုးကို ချစ်တဲ့စိတ် သူ့ကျွန်မခံလိုတဲ့စိတ် ဘယ်လောက် ပြင်းထန်တယ်ဆိုတာ ကျုပ်သိနေပါတယ်၊ ကိုရင် စကားမပြောဘဲ နားနေပါနော်"

"ကျုပ် ဒဏ်ရာ ကျုပ်သိတယ်၊ သွေးသောက် ကျုပ်မနေရတော့ဘူး၊ ဒါ ဒါပေမယ့် ကျုပ်မသေချင်သေးဘူး၊ မိစ္ဆာကောင်တွေကို မြန်မာပြည်က မောင်းထုတ်ပြီးမှ ကျုပ်သေချင်တယ်၊ ပြီး ပြီးတော့ ဟော ဟော့ဒီ ပဝါလေးကို ရှင်ငြိမ်းမယ်ကို ပြန်ပေးပေးပါ၊ ကျုပ် ဘယ်ဘဝရောက်ရောက် နယ်ချဲ့တွေကို ဆက်ပြီး တိုက် တိုက် တိုက်. . ."

သွေးသောက်ငစိုးအုပ် စကားမဆုံးလိုက်တော့. . .

"ကိုရင် ငစိုးအုပ်"

သွေးသောက်ငကောင်းလှ အသံကို မကြားနိုင်တော့ပြီ။ လက်ထဲက ဓားနှစ်လက်ကမူ သွေးတို့ဖြင့် စေးကပ်ပြီး ကျစ်ကျစ်ပါအောင် ဆုပ်ထားဆဲ။

သွေးသောက် ငကောင်းလှ မျက်ဝန်းအစုံမှ မျက်ရည်တို့ စီးကျလာသည်။ နောက် ငစိုးအုပ်လက်မောင်းမှ သွေးစွန်းနေသော ပဝါကလေးကို ညင်သာစွာ ဖြေယူလိုက်သည်။

ပြီး နေဝင် ဆည်းဆာရောင်အောက်တွင် မှုန်ပျပျ မြင်နေရသော ပန်းတော်ပြင်ရွာလေးကို လှမ်းမျှော်ကြည့်ရင်း မျိုးချစ်သူရဲကောင်း သွေးသောက် ငစိုးအုပ်အကြောင်း ရှင်ငြိမ်းမယ်ကို ဘယ်သို့ပြောရပ. . .။

**ကောင်းမြတ် (ခရာတော)**

❑



www.burmeseclassic.com

www.burmeseclassic.com



"ဘဘ"

"ဘာလဲ မြေးရဲ့"

"ဟို ဟိုလေ ဘဘဆီကို သမီး လာချင်လို့"

"မြေး နေ့တိုင်း ဘဘဆီ လာနေတာ မဟုတ်လား"

ကိုမောင်ကျန်က ထူးထူးခြားခြား စကားပြောလာသည့် မြေးဖြစ်သူ ဇာခြည်မျက်နှာလေးကို ကြည့်လိုက်မိသည်။ ဇာခြည်အသက်က လေးနှစ်ကျော် ငါးနှစ်ပင်မပြည့်သေး။ ကိုမောင်ကျန်၏ မြေးငါးယောက်ထဲတွင် ဇာခြည်က စကားအသွက်လက်ဆုံး။ အချက်ချာဆုံး ဖြစ်သည်။ ပြီး ထူးခြားသည်မှာ ဇာခြည်က အသားဖြူဖြူလေးနှင့် ချစ်စရာ မျက်နှာပိုင်ရှင်လေး ဖြစ်သည်။

ခုလည်း ဇာခြည်က တစ်စုံတစ်ခုကို စဉ်းစားနေဟန်တူသည်။ ကိုမောင်ကျန်က မြေးဖြစ်သူ ဇာခြည်၏ ထူးခြားမှုကို သတိထားမိပြီး စကားမပြောဘဲ အကဲခတ်ကြည့်နေမိသည်။

"သမီး သမီး သတိရပြီ၊ ဘဘဆီ သမီး ရေကူးပြီးလာခဲ့ရတာ သိလား"

ဇာခြည်က ခေါင်းလေးမော့ပြီး စဉ်းစဉ်းစားစားပြောလာသည့် စကားကြောင့် ကိုမောင်ကျန် အံ့အားသင့်သွားမိသည်။

"မြေး မြေးက အဘဆီရေကူးပြီး လာခဲ့ရတာ ဟုတ်လား"

"ဟုတ်တယ် ဘဘရဲ့၊ ဘဘကို သမီးက တွေ့ချင်လို့ အဝေးကြီးက လာရတာ"

ဇာခြည်က ခေါင်းလေးငဲ့ပြီး ဟန်ပါပါပြောရင်း ကိုမောင်ကျန် လည်ပင်းကို သိုင်းဖက်ထားသည်။ ကိုမောင်ကျန် မြေးဖြစ်သူ ဇာခြည်စကားကို ဘယ်လို တုံ့ပြန်ရမှန်း မသိတော့။

မြေးငါးယောက်ထဲတွင် အထူးခြားဆုံးဖြစ်နေသည့် မြေး ဇာခြည် ... ဇာခြည် လူမှန်းသူမှန်း သိတတ်စအရွယ်ကပင် အဘဖြစ်သူ ကိုမောင်ကျန်ကို အလွန်ချစ်ခင်သည်။ ကိုမောင်ကျန်နှင့် အတူနေရလျှင် ပျော်ရွှင်နေသည်။ ကြည်နူးနေသည်။

ယခုလည်း ကိုမောင်ကျန်နှင့် တစ်ရပ်ကွက်စီမှာ နေရသော်လည်း မိုးလင်းသည်နှင့် ကိုမောင်ကျန်ဆီသို့ ရောက်လာသည်။ ကိုမောင်ကျန် ဘယ်နေရာသွားသွား လိုက်သည်။ စားစရာရှိလျှင် ဇာခြည်က အရင်ဆုံး မစား။ ကိုမောင်ကျန်ကို အရင်ဆုံးကျွေးပြီးမှ ဇာခြည်က စားသည်။ ထူးထူးခြားခြား မြေးဖြစ်သူ ဇာခြည်စကားကို ကြားလိုက်ရ၍ ကိုမောင်ကျန် မတွေးတတ်အောင် ဖြစ်သွားမိသည်။

"မြေးကို ဘယ်သူသင်ပေးလို့ ဒီစကားတွေ ပြောနေတာလဲ၊ ဘဘကို ပြောစမ်း"

"သမီးကို ဘယ်သူမှ မသင်ပေးပါဘူး ဘဘရဲ့၊ ဘဘက သမီးပြောတာကို မယုံလို့လား၊ သမီးစိတ်ထဲကအတိုင်း ပြောနေတာကို ဘဘက မယုံဘူး'

ဇာခြည်က စကားပြောရင်း ငိုမဲ့မဲ့မျက်နှာလေးဖြင့် မျက်ရည်ဝဲနေရှာသည်။ သည်တော့ ကိုမောင်ကျန် မနေသာ။ မျက်ရည်လေးဝဲပြီး ငိုမည့်ဟန်ဖြစ်နေသည့် မြေးဖြစ်သူ ဇာခြည့်မျက်နှာလေးကိုကြည့်ပြီး စိတ်မကောင်းဖြစ်သွားမိသည်။

"ဘဘက မြေးလေးကို စတာပါကွယ်၊ မငိုနဲ့နော်၊ ပြီးတော့ မြေးလေး စိတ်ထဲမှာ ပြောချင်တာတွေ ပြောစမ်း အဘနားထောင်မယ်"

"တော်ပြီ၊ ဘဘကို သမီးမပြောတော့ဘူး၊ သမီးပြောတာ ဘဘကမှ မယုံဘဲ၊ သမီးလိမ်ကျလို့ ခေါင်းမှာအဖုကြီးတောင် ပါသေးတာ"

ဇာခြည်က ပြောရင်း ကိုမောင်ကျန် ရင်ခွင်ထဲမှ ရုန်းထွက်ပြီး အိမ်ရှေ့ဆီကို အပြေးကလေး ထွက်သွားသည်။ ကိုမောင်ကျန် မြေးဖြစ်သူ ဇာခြည့်နောက်ကို အပြန်ပြန် အလှန်လှန် စဉ်းစားနေမိ



www.burmeseclassic.com

www.burmeseclassic.com

သည်။ မြေးဖြစ်သူ ဇာခြည်ပြောသွားသောစကားထဲတွင် ခေါင်းတွင် အဖုကြီးပါလာသည့် စကား။ ကိုမောင်ကျန် အမှတ်ရသွားမိသည်။

ဇာခြည် မွေးပြီးတော့ ထူးထူးခြားခြား ညာဘက် နားထင်သားတွင် အဖုကြီးတစ်ခု ပါလာသည်။ ဒီအဖုကြီးကြောင့် ဇာခြည့်မိဘများက စိတ်ပူသွားသည်။ ဆေးခန်းပြပြီး အဖုကြီးကို ခွဲရသည်။ ကိုမောင်ကျန် မြေးလေးဖြစ်သူ ဇာခြည်၏ အဖြစ်ကို ပြန်တွေးမိရင်း အမှတ်ရမိသွားသည်။

"အဖေ သမီးညတိုင်း အိပ်မက်တွေ ဆက်ဆက်မက်နေတယ်"

သမီးကြီး ထိုက်ထိုက်၏ ထူးခြားစွာ ပြောလာသည့် စကားသံကြောင့် ကိုမောင်ကျန် ရင်ထိတ်သွားသည်။ ကိုမောင်ကျန် ရင်မထိတ်လို့မဖြစ်။သမီးကြီး ထိုက်ထိုက်က စိတ်အားငယ်တတ်သူ။

"သမီး အိပ်မက်ဆိုးတွေ မက်လို့လား အဖေ့ကိုပြောစမ်း"

"အိပ်မက်ထဲမှာ အဖေ့ရဲ့ မိတ်ဆွေလာတာ၊ သမီးနဲ့အတူ နေချင်တယ်လို့ ခဏခဏ အိပ်မက်ပေးနေတာ"

သမီးကြီး ထိုက်ထိုက် စကားကြောင့် ကိုမောင်ကျန် ပို၍ ရင်ထိတ်သွားမိသည်။ သမီးကြီး ထိုက်ထိုက် အိပ်မက်ထဲက ကိုမောင်ကျန် မိတ်ဆွေဖြစ်နေ၍ စိတ်ဝင်စားသွားမိသည်။

"အဖေ့မိတ်ဆွေက ဆံပင်ရှည်ကြီးနဲ့၊ ပြီးတော့ တစ်ကိုယ်လုံး ရေတွေ ရွှဲနစ်နေတာ"

ကိုမောင်ကျန်က မိတ်ဆွေ သင်္ဂဟပေါများသူဖြစ်သည်။ လူငယ်က အစ လူကြီးအစုံပါသည်။ သမီးကြီး ထိုက်ထိုက် အိပ်မက်ထဲတွင် မက်ခဲ့သူက ဆံပင်ရှည်ရှည်။ ကိုမောင်ကျန် ဘယ်လို စဉ်းစားစဉ်းစား အဖြေကမပေါ်။

"အိပ်မက်ဆိုတော့ အတည်တကျ သတ်မှတ်လို့မရဘူးသမီး၊ သမီး စိတ်စွဲလမ်းလို့ အိပ်မက် မက်ခဲ့တာပဲ ဖြစ်မယ်၊ ဘုရား၊ တရား၊ သံဃာဆိုတဲ့ ရတနာသုံးပါးကို အမြဲတမ်း အာရုံပြု သမီး၊ ဒါမှ သမီးမကောင်းတဲ့ အိပ်မက်ဆိုးတွေ မမက်တော့မှာ"

သမီးကြီးထိုက်ထိုက် ကိုမောင်ကျန်ကို အိပ်မက်အကြောင်းပြောပြီး ပြန်သွားသည်။ ကိုမောင်ကျန်ပင် ထူးထူးခြားခြား အိပ်မက်တွေ မက်ခဲ့ဖူးသည်။ ယခု သမီးကြီးထိုက်ထိုက် မက်နေသည့် အိပ်မက်ထဲက ဆံပင်ရှည်ရှည်နှင့်လူ။ ဘယ်သူများ ဖြစ်ပါလိမ့်။

ကိုမောင်ကျန် တွေးရင်း စာကြည့်စားပွဲခုံပေါ်တွင် တင်ထားသည့် ရေဒီယိုလေးကို ယူပြီးဖွင့်ကြည့်လိုက်သည်။ ရေဒီယိုအသံကြားမှ ကိုမောင်ကျန် မိတ်ဆွေရင်းဖြစ်ခဲ့သည့် ကိုသော်ကို သတိရသွားမိသည်။ ကိုသော်က ပင်လယ်ကူး သင်္ဘောသား ဖြစ်သည်။ ကိုသော် သင်္ဘောလိုက်ပြီး တစ်ခေါက် ပြန်လာတုန်းက ကိုမောင်ကျန်အတွက် ရေဒီယိုလေးတစ်လုံး မှတ်မှတ်ရရ လက်ဆောင်ပေးခဲ့သည်။ နောက်တစ်ခေါက် ပြန်လာလျှင် ကင်မရာတစ်လုံး လက်ဆောင်ပေးဦးမည်ဟု ဆိုသည်။

ကိုသော် ပင်လယ်ကူးသင်္ဘော ပြန်လိုက်ခဲ့သည်က လေးငါးနှစ်ပင်ရှိခဲ့ပြီ။ ကိုသော် သင်္ဘောမလိုက်ခင်က ကိုမောင်ကျန် စာရေးနေသည်ကို အားကျခဲ့သည်။ တစ်နေ့ သူလည်း စာရေးချင်ကြောင်း၊ ကမ္ဘာအနှံ့ ဗဟုသုတရှာပြီးမှ ရေးမည်ဖြစ်ကြောင်းကို ကိုမောင်ကျန်နှင့် လက်ဖက်ရည်အတူ သောက်တိုင်း အခါခါ ပြောခဲ့ဖူးသည်။

လွန်ခဲ့သည့် လေးငါးနှစ်က ကိုသော် တစ်ခေါက် ပြန်ရောက်ရောက်ချင်း ကိုမောင်ကျန်ဆီ ရောက်လာသည်။ ဒီတုန်းက ကိုသော်က ဆံပင်ရှည်ရှည် အသားကပိုဖြူသလို စကားပြောလျှင် သွက်သွက်လက်လက်။

ကိုမောင်ကျန်ကို ကိုသော် လက်ဆောင်ပေးခဲ့သည့် ရေဒီယိုလေး[illegible] ကြည့်ရင်း သမီးကြီးထိုက်ထိုက် ထူးထူးခြားခြား မက်ခဲ့သည့် အိပ်မက်နှင့်အတူ ကိုသော့်မျက်နှာကို အလိုလို မြင်ယောင်သွားမိရင်း အတွေးဝင်နေမိသည်။

ကိုသော် တစ်ယောက် ဘေးအန္တရာယ် ကင်းပါစေဟု ဆုတောင်းလိုက်မိသည်။ ကိုသော် ဒီတစ်ခေါက်ပြန်လာလျှင် ကိုမောင်ကျန်အတွက် လက်ဆောင်ပေးမည့် ကင်မရာ။ ဒီကင်မရာနှင့်အတူ ကိုသော် သင်္ဘောဆက်မလိုက်တော့ဘဲ အနားယူပြီး ကိုမောင်ကျန်နှင့်အတူ ခရီးထွက် စာရေးရန် တိုင်ပင်ထားခဲ့သည့် အဖြစ်များ။

"အဖေ မမကြီး ညကမွေးတယ်၊ မိန်းကလေး အဖေရေ ဖြူဖြူနွဲ့နွဲ့လေးနဲ့ သိပ်ချောတာ"

ရုတ်တရက် ကြားလိုက်ရသည့် သမီးလတ်စကားသံ ကိုမောင်ကျန် သမီးကြီးထိုက်ထိုက် မက်ခဲ့ဖူးသည့် အိပ်မက်ကို ပြန်သတိရသွားသည်။ သမီးကြီး ထိုက်ထိုက်မွေးဖွားခဲ့သည်ကမိန်းကလေး။

ကိုမောင်ကျန်တွင် မြေးလေးယောက်ရှိနှင့်ပြီးဖြစ်၍ ခုတော့ ဇာခြည်တိုးလာ၍ မြေးငါးယောက်ပင် ရှိခဲ့ပြီ။

သမီးကြီးထိုက်ထိုက် မွေးသည့် မြေးဇာခြည် စကားပြောတတ်စ အရွယ်ရောက်လာတော့ ကိုမောင်ကျန်ကို မတွေ့ရလျှင် ငိုသည်။ ခုတော့ မြေးဇာခြည် အသက်လေးငါးနှစ်ရောက်မှ ထူးထူးခြားခြား ကြားရသည့် စကားများ ကိုမောင်ကျန် ယုံရအခက်၊ မယုံရအခက် ဖြစ်နေသည်။

"ဘဘ ဘာလုပ်နေတာလဲ"

ကိုမောင်ကျန် မည်မျှ စာကို အာရုံသက်ဝင်ပြီး ရေးနေမိသည်မသိ။ ရုတ်တရက်မေးလာသည့် မြေးဖြစ်သူ ဇာခြည်၏ စကားသံကြောင့် စာရေးရပ်ပြီး ဇာခြည်ကို အကဲခတ်ကြည့်လိုက်မိသည်။

"ဘဘ စာရေးနေတာ မြေးရဲ့၊ မြေးက ဘာလုပ်မလို့လဲ"

"သမီးလဲ ဘဘလိုစာရေးချင်လို့"

ဇာခြည့်ထံမှ မမျှော်လင့်ဘဲ ထွက်ပေါ်လာသည့် စကားသံကြောင့်





www.burmeseclassic.com

www.burmeseclassic.com

ကိုမောင်ကျွန် အံ့ဩသွားမိလေသည်။ ကိုမောင်ကျွန် မအံ့ဩလို့မဖြစ်။

ဇာခြည်က စာအုပ်ဆို စိတ်ဝင်စားသည်။ စာမဖတ်တတ်သော်လည်း စာအုပ်ထဲက အရုပ်တွေကို ကြည့်ပြီး ယခင်က တတွတ်တွတ်ဖြင့် စာဖတ်နေခြင်း ဖြစ်သည်။

"သမီးက ကျောင်းမှ မတက်ရသေးတာ၊ ကျောင်းတက်ပြီး စာတွေတတ်မှ ဘဘလို စာရေးလို့ရမှာလေ"

"ဘဘကလဲ သမီးက စာတွေတတ်နေပြီ ဘဘရဲ့၊ ဟောဒီမှာကြည့် သမီး ဖတ်ပြမယ်"

ဇာခြည်က သူ့အစ်ကိုများ ဖတ်နေသည့် စာများကိုကြားပြီး လိုက်ဆိုရင်း ရနေသည့်စာများကိုဖတ်ပြခြင်းဖြစ်သည်။

"သမီးလေးက သိပ်တော်တာပဲ၊ ဒါဆို သမီးလေး ကျောင်းတက်ရင် စာတွေကြိုးစားသင်နော်"

"သမီး စာကြိုးစားပြီး ဘဘလို စာရေးလို့ရပြီနော်"

"ရပြီပေါ့ သမီးရယ်"

"နေဦးဘဘရဲ့၊ သမီး သတိရပြီ"

ဇာခြည်က စကားပြောရပ်ပြီး ခဏ စဉ်းစားနေသည်။ အတန်ကြာ စဉ်းစားပြီးမှ သတိရလာဟန်ဖြင့်. . .

"သမီးကလေ ဟိုးအမြင့်ကြီးက နေ လိမ့်ကျခဲ့တာ၊ အဲဒါ ရေထဲရောက်တော့ ဘဘကို သတိရပြီး စာတွေ ရေးချင်လို့ လာခဲ့တာ"

"သမီးလေးက ဘယ်ကနေ လိမ့်ကျခဲ့တာလဲ"

ဇာခြည်စကားကြောင့် ကိုမောင်ကျွန် မေးလိုက်သည်။ ကိုမောင်ကျွန် မေးလို့ မဖြစ်။ မြေးဖြစ်သူ ဇာခြည် ဖြစ်လာသည့်ဘဝက မယုံနိုင်စရာ ဖြစ်နေသည်။

"သမီး အလုပ်လုပ်နေတာ လူတွေက အများကြီးပဲ သိလား၊ ပြီးတော့ ဝိုင်းကြီးတွေက အကြီးကြီးတွေ အဲဒါ သမီး ရေကူးနေရတာ၊ သမီး ဘဘလို စာရေးမှာနော် ဘဘ"

ဇာခြည်က ပြောပြောဆိုဆို ကစားရန် အပြေးထွက်သွားမှ ကိုမောင်ကျွန် စာဆက်မရေးနိုင်တော့။ မြေးဖြစ်သူ ဇာခြည်အဖြစ်ကို တွေးနေမိသည်။ ကိုမောင်ကျွန် စာရေးခြင်းရပ်ပြီး စာအုပ်စင်ရှိစာအုပ်များကို ရှင်းလိုက်မိသည်။ စာအုပ်ကြားမှ မမျှော်လင့်ဘဲ တွေ့လိုက်ရသည့် ဓာတ်ပုံဟောင်းလေးတစ်ပုံ။

ကိုမောင်ကျွန်ဓာတ်ပုံကို ကြည့်လိုက်မိသည်။ ကိုမောင်ကျွန်နှင့်ကိုသော်တွဲရိုက်ထားသည့် ဓာတ်ပုံ။ ကိုသော် သဘော်လိုက်ပြီး တစ်ခေါက် ပြန်လာစဉ်က မှတ်မှတ်ရရဟုဆိုကာ ရိုက်ခဲ့သည့်ဓာတ်ပုံ။ ဓာတ်ပုံထဲတွင် ကိုသော်ပုံစံ။ ကိုမောင်ကျွန် ဓာတ်ပုံကိုကြည့်ရင်း အလိုလိုအံ့ဩသွားမိသည်။ ကြည့်လေ။ ကိုသော်က ဆံပင်ရှည်ရှည်နှင့် ပြုံးရွှင်နေသည့် မျက်နှာ။ ကိုမောင်ကျွန် မြေးဖြစ်သူ ဇာခြည်မျက်နှာနှင့် တူနေ၍ အံ့အားသင့်သွားမိသည်။ ကိုသော် ဓာတ်ပုံကိုကြည့်ရင်း ဇာခြည်ကို သတိရသွားမိသည်။

"ဇာခြည်ရေ ဘဘဆီ ခဏလာပါဦး၊ ဘဘ ပြစရာရှိလို့"

ကိုမောင်ကျွန်က အိမ်ရှေ့တွင် ကစားနေသည့် ဇာခြည်ကို လှမ်းခေါ်ပြီး ဓာတ်ပုံကို ပြလိုက်သည်။ ဇာခြည်က ဓာတ်ပုံကို တစ်လှည့် ကိုမောင်ကျွန် မျက်နှာကိုတစ်လှည့် အတန်ကြာကြည့်နေသည်။

"ဒီပုံက သမီးပုံလေ၊ ဘဘ မမှတ်မိတော့ဘူးလား"

"ဘဘ မေ့သွားလို့ပါ သမီးရယ်၊ ကဲကဲ သမီးလေး သွားဆော့လိုက်ဦးနော်"

ကိုမောင်ကျွန်က မြေးဖြစ်သူ ဇာခြည်ကို ပြန်ဆော့ကစားခိုင်းပြီး ဓာတ်ပုံကို အခါခါကြည့်ရင်း စိတ်မကောင်းဖြစ်သွားမိသည်။

ကိုသော် နောက်တစ်ခေါက် သဘော်လိုက်သွားပြီးကတည်းက ကိုမောင်ကျွန် သတင်းစကား မကြားရဘဲ အဆက်အသွယ် ပြတ်ခဲ့သည်က နှစ်အတန်ကြာခဲ့ပြီ ဖြစ်သည်။ အခုတော့ ကိုမောင်ကျွန် မြေးဖြစ်သူ ဇာခြည်က ကိုသော်ဘဝအဖြစ်မှန်ကို ပြနေပြီလား။

ကိုမောင်ကျွန် ရေးပြီးဝတ္ထုတိုများကို မဂ္ဂဇင်းတိုက်အသီးသီးသို့ ပို့ပြီး ပြန်လာစဉ် မိတ်ဆွေရင်းတစ်ဦးနှင့် တွေ့ပြီး လက်ဖက်ရည်ဆိုင်ထိုင်ရင်း စကားစပ်မိသည်။ ရုတ်တရက် ကြားလိုက်ရသည်က ကိုမောင်ကျွန် မိတ်ဆွေရင်း ကိုသော့ သတင်း။ ကိုသော် သဘော်ပေါ်တွင် အလုပ်လုပ်ရင်း လိမ့်ကျပြီး ဆုံးပါးခဲ့သည်က လေးငါးနှစ်ပင် ရှိခဲ့ပြီ။ ကိုမောင်ကျွန် ရင်နင့်အောင် ခံစားသွားမိသည်။ နောက်တစ်ခေါက်ပြန်လာလျှင် ကိုမောင်ကျွန်အတွက် ကင်မရာ လက်ဆောင် ဝယ်ပေးမည့် ကိုသော်။ ကိုမောင်ကျွန် ကိုသော်အဖြစ်ကို ပြန်စဉ်းစားမိရင်း မြေးဇာခြည် မျက်နှာလေးကို မြင်ယောင်သွားမိသည်။ ကိုသော် ရုတ်တရက်ဆုံးပါးပြီး ကိုမောင်ကျွန်ကို စိတ်စွဲလမ်းပြီး သမီးကြီး ထိုက်ထိုက်ထံ နေ ခွင့်တောင်းခဲ့သည်လား။

လူ့ဘဝအဖြစ်အပျက်က မယုံနိုင်အောင် ဆန်းကြယ်လွန်းလှသည်။ ခုတော့ မြေးဖြစ်သူ ဇာခြည်၏အပြုအမူနှင့် ရုပ်ရည်က ကိုသော့်ဘဝဟောင်းက အကျင့်စရိုက်များကို သက်သေပြခဲ့သည်။ ကိုမောင်ကျွန် ကိုသော်နှင့် မှတ်မှတ်ရရ တွဲရိုက်ခဲ့သည့် ဓာတ်ပုံလေးကို ကြည့်ပြီး ဝမ်းနည်းဝမ်းသာ ဖြစ်သွားမိသည်။

ကြည့်လေ။ ကိုသော် အစေးကြီးက လာပြီး ကိုမောင်ကျွန် သမီးကြီး ထိုက်ထိုက်ထံ အိပ်မက်ပေးပြီး လူဖြစ်ခဲ့ရသည့် ကိုသော်။ ခုတော့ ကိုသော် တစ်ဖြစ်လဲ ဇာခြည်က ဘဝဟောင်းက ချစ်ခင်ခဲ့သည့် ကိုမောင်ကျွန်အနီးတွင် နေရ၍ ကြည်နူး ပျော်ရွှင်နေသည် မဟုတ်ပါလား။

**ဇေလွန်ကျော်ဦး**

❑



www.burmeseclassic.com

www.burmeseclassic.com




ကိုအေးမောင်က စက်ဘ်ပူမှာ ၂ လနှင့် ၃ ရက်တိတိ ကြာသွားခဲ့သည်။ တကယ်နေခွင့်ရသည်က ၂ လတိတိ။ ကိုအေးမောင်တစ်ယောက် မြန်မာနိုင်ငံကို ပြန်ဖို့ လေယာဉ်ကွင်းကို ရောက်နေပါပြီ။ လေယာဉ်ပေါ်ကို တက်ခါနီးနေပါပြီ။ အဲသည်အချိန်မှာ စက်ဘ်ပူ လူဝင်မှုကြီးကြပ်ရေးက ကိုအေးမောင်ကို ဖမ်းတာပါပဲ။

ကိုအေးမောင်တစ်ယောက် သူ တို့စက်ဘ်ပူမှာ ၃ ရက် ပိုနေခဲ့တယ်လို့ ပြော ကိုအေးမောင်ကို ဖမ်းခေါ်သွား ပါသည်။ အစပိုင်းမှာ လူဝင်မှုကြီးကြပ် ရေးအချုပ် ထည့်ထားပါသည်။

တရားရုံးမှာ စစ်ဆေးတော့ ကိုအေးမောင်က ၃ ရက် ပိုသွားသ အတွက်ဒဏ်ငွေဆောင်ဆိုရင် ဆောင်ပါ့ မယ်ဟု ပြောပါသည်။

ဒါပေမယ့် လက်မခံပါ။သူတို့ တရားရုံးက သက်သေတွေကို စစ်ဆေး မရှိပါချေ။ ရက်ပိုတယ် မဟုတ်လား၊ သွား-ထောင်ထဲဝင်၊ ပြီးရင် ကြိမ်ဒဏ် ခံပေတော့၊ ဒါပါပဲ။ ကိုအေးမောင်ကို တခြားထောင်တစ်ခုမှာ နှစ်လ ဆယ် ရက်ချုပ်ပါသည်။

www.burmeseclassic.com

အဲဒီလို ချုပ်ထားပြီး တစ်လ
သောက် အရမှာ ကြိမ်ဒဏ်ရိုက်တာ
ပါ။ ကိုအေးမောင်တို့ဆီကို ထောင်
က အကြပ်ကြီးတစ်ယောက် လာပြီ
ရင် ကိုအေးမောင်တို့က ငရဲသားကြီး
လာပြီလို့ ပြောပါသည်။ သူက နာမည်
ပါသည်။

"မင်းတို့ နောက်တစ်နေ့မှာ ကြိမ်
ဒဏ်ခံရမယ်လို့" ပြောပါသည်။

သို့အတွက် သူလာပြီဆိုလျှင်
ကြောက်ရွံ့ကြပါသည်။

ထောင်ကျနေသော အခြား
များမှာ မွှန်တွေနှင့် ထားဝယ်များ
သူတို့က စက်လှေနှင့်လာကြခြင်း
အလွန်ရိုးပါသည်။ ဘယ်လောက်
သလဲဆိုရင် လှေကတက်တာနှင့်
မဝင်ခိုးဝင်မှုနှင့် အဖမ်းခံရသည်
ရိုးပါသည်။

သူ့ကို ကိုယ်စားလှယ်က မှာ
သည်။ စင်္ကာပူကမ်းနားမှာ ရပ်နား
တဲ့ ကားခေါင်မိုးမှာ တုံးကလေး
တက္ကစီကားပဲ၊ အဲဒီကားက ကား
တဲ့သူကို မင်းတို့ လက်ထဲက
စာ စာရွက်ကို ပြလိုက်လို့ မှာလိုက်
တဲ့။

အဲဒီတော့ စင်္ကာပူကမ်းပေါ်
တက်တာနဲ့ ရဲကားကို တွေ့ကြသော်
ထားဝယ်သားတို့သည် "ဟာ..
ခေါင်မိုးပေါ်မှာ အတုံးကလေးပါ
"ဆိုပြီး တက်ကြပါသည်။

အများစုက စက်လှေနှင့် မလေး
သို့ သွားကြသော်လည်း အချို့က
ပူသို့ သွားကြပါသည်။

၁၉၈၃ ခုနှစ်ကပါ။

ဆက်ပြီး ပြောရလျှင် ရဲကား
တဲ့သူက သူတို့ကို မတက်နဲ့ဟု
သော်လည်း သူတို့က အတင်းတက်
လိပ်စာ စာရွက်ကလေးကို ပြပါ
သည်။

ရဲကားကလည်း သူတို့ကို တရား
ခိုးဝင်သည့်သူတွေအဖြစ် အချုပ်ကို
တ်ကြပါသည်။

ကိုအေးမောင်တို့ကို ကြိမ်ရိုက်
တော့မည်ဆိုလျှင် ကြိမ်ရိုက်မည့်ထောင်
ကို ပို့ပါသည်။ ပုံမှန်ဆိုလျှင် အင်္ဂါနေ့နှင့်
ကြာသပတေးတို့မှာ ကြိမ်ရိုက်ပါသည်။
ဒါပေမယ့် များရင် များသလို အခြားနေ့
တွင်လည်း တစ်ခါတစ်ရံ ကြိမ်ရိုက်လေ့
ရှိပါသည်။

ကြိမ်ဒဏ်ပေးမည့်နေ့ဆိုလျှင်
မနက်အစောကြီး အစာကို ခပ်စောစော
ကျွေးပါသည်။ မနက်စာကို တော့
ကောင်းကောင်း ကျွေးပါသည်။

ဒီကနေ့ ကော်ဖီဆိုလျှင် နောက်
တစ်နေ့ လက်ဖက်ရည်၊ ပေါင်မုန့်ကိုဒိန်ခဲ
နှင့်ကျွေးလျှင် နောက်တစ်နေ့ စပျစ်ယို၊
ချောက်ယိုတို့နှင့် ကျွေးတတ်ပါသည်။

ကြိမ်ဒဏ်ပေးတာကို ခံရမည်
ဆိုတုန်းက ကိုအေးမောင်စိတ်ထဲတွင်
ငယ်ငယ်တုန်းက ဆရာ၊ ဆရာမရိုက်
တာမျိုးထက် နည်းနည်းပိုပြီး ခပ်ပြင်း
ပြင်း ရိုက်တာလောက်ပဲဟု ထင်ခဲ့ပါ
သည်။

ကြိမ်ရိုက်သည့် အခန်းထဲလည်း
ရောက်ရော အထင်နှင့်အမြင် ပါစင်
အောင်လွဲနေပါသည်။ ကိုအေးမောင်တို့
ကို ဆေးစစ်ပါသည်။ ပြီးသော် ကြိမ်ရိုက်
ခံရမည့် အခန်းထဲသို့ တွန်းထိုးပြီး ထည့်
လိုက်ပါသည်။

အဲသည်အချိန်ကစလို့ ဆိုက်ကို
စိတ်ပညာ သုံးပါတော့သည်။ ကြိမ်ရိုက်
နေတာကိုလည်း ကိုအေးမောင်တို့ တွေ့
နေရပါသည်။

ကြိမ်ရိုက်တာက အေ(A) ပုံ
သဏ္ဌာန်တန်းနှစ်ခုကို ထောက်လှေကား
လိုထောင်ထားတဲ့အပေါ်မှာ ခြေရော
လက်ရော တုပ်ထားလိုက်ပါသည်။
ကျောပေါ်မှာတော့ သံအိတ်လို အကာ
အကွယ်တစ်ခုကို ခံထားပေးပါသည်။
လူကတော့ ကိုယ်လုံးတီး။

လက်ရော ခြေရော တုပ်ထား
လိုက်ပြီဆိုတော့ လူက ခေါင်းစိုက်ပြီး
ကုန်းထားပြီးသား ဖြစ်သွားတော့သည်။
ခေါင်းကလည်း ဒုတိယ အေပုံသဏ္ဌာန်
တန်း၏ အပေါ်မှာ တင်ထားပါသည်။

လူသည် ကြိမ်ရိုက်ခံရလို့ ပျော့
ခွေသွားရင်လည်း တန်းတွေနှင့် ခံထား
သလိုဖြစ်ပြီး ပြုတ်ကျမသွားတော့ပါ။
ကြိမ်ရိုက်မည့်သူတို့က ထွားထွားကျိုင်း
ကျိုင်း ယောကျာ်းကြီးတွေ၊ သူတို့လက်
ထဲက ကြိမ်လုံး မည်းမည်းရှည်ရှည်
အလုံးကို တသသလုပ်ပြီး တရွှမ်းရွှမ်း
နှင့်ယမ်းကြည့်နေသည်မှာ ကြောက်စရာ
လန့်စရာ စိတ်ကို ဒုက္ခပေးနေသည့်
သဘော။

နောက်တော့ အမိန့်ပေးခဲ့သူက
"ဝမ်း" (နံပါတ် ၁) လို့ ပြောလိုက်တာနဲ့
အဲဒီ ကြိမ်ရိုက်သမားသည် ကိုယ်ကိုလွှဲ
ပြီး အားနှင့်လာပါသည်။

နောက်ဆုံး ရိုက်တော့မည့် ခြေ
လှမ်းကျတော့ ကိုယ်ကို မြောက်သွား
အောင် ခုန်လိုက်သေးသည်။ ပြီးမှ သူ၏
ကိုယ်လုံးအားပါ ယူပြီး ရိုက်ထည့်လိုက်
ပါသည်။ ရိုက်တဲ့သူတောင် ရိုက်ပြီးရင်
စိုက်စိုက် စိုက်စိုက်နှင့် ဖြစ်သွားသေး
သည်။

ခံရတဲ့သူမှာ ခေါင်းကို ဟိုဘက်
ဒီဘက်ယမ်းပြီး ပြင်းပြင်းထန်ထန်
နာကျင်သည့် ဝေဒနာကို ခံရပါသည်။
အော်လည်း အော်မိပါသည်။

အဲဒီ အချိန်မှာ ကြိမ်ရိုက်သည့်
သူက သူ့နေရာကို ပြန်သွားပြီး အသံ
ထွက်အောင် အသက်ကို ပြင်းပြင်းရှူ
နေပါသည်။ ထပ်ရိုက်ဖို့ အားယူနေပါ
သည်။

ကိုအေးမောင်တို့ကတော့ ဝေ
ဒနာကို ဆတ်ဆတ်တုန်အောင် ခံစား
နေရပါသည်။ တစ်ချက်ရိုက်လိုက်ရင်
ဒဏ်ရာက သုံးချက်ရပါသည်။ တင်ပါး
နှစ်ခုက ဒဏ်ရာနှစ်ခု၊ ကြားပွတ်ကို ဆွဲယူ
ပြီး ရိုက်တာဆိုတော့ တင်ပါးရဲ့ဘေး
ဘက်မှာ တစ်ခုဖြစ်ပါသည်။

သွေးစက်လက်နှင့် ဖြစ်နေသည်
ကို ကိုအေးမောင်တို့ ခံစားနေတုန်းမှာ
"တူး" (နံပါတ် ၂) ဆိုသည့် အမိန့်ပေးသံ
ကို ကြားရပြီး ထပ်ခံရပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ကြိမ်ရိုက်သမား တစ်ယောက်ကို သုံးချက်ထက်ပိုပြီး မရိုက်ခိုင်းပါချေ။ အဘယ်ကြောင့်လဲဆိုတော့ ရိုက်အား မပြင်းမှာစိုးလို့ ဖြစ်ပါသည်။

ကြိမ်ရိုက်တာကတော့ ဘာတော်သလဲမမေးနှင့်။ ဒဏ်ရာတစ်ခုနှင့် တစ်ခု မထပ်စေရပါချေ။ စီနေတာပါပဲ။ ဘယ်နှချက် အရိုက်ခံရသလဲဆိုတာ ရေတွက်လို့ ရပါသည်။

စရိုက်ခံရသည့် အရေအတွက် ပြည့်ပြီဆိုလျှင် ခြေနှင့်လက်နှင့် တုပ်နှောင်ထားတာကို ဖြေပေးပါသည်။ ပြီးတော့ အခန်းထောင့်မှာ ခင်းထားသည့် ဖျာကလေးဆီသို့ သွားရပါသည်။

အဲဒီမှာ ဆရာဝန်တစ်ယောက်က လိမ်းဆေး တစ်မျိုးကို ရိုလာကလေးနှင့် အရိုက်ခံရသည့်နေရာကို သုတ်ပေးပါသည်။

ထိုအချိန်မှာ ခြေရောလက်ရော တုပ်နှောင်ထားသည့် နေရာကနေပြီး အဲဒီဖျာကလေးဆီသို့ ရောက်အောင် သွားဖို့သည် အတော်ပင်ပန်းသည့်ကိစ္စပါပဲ။ မသွားလို့ကလည်း မဖြစ်၊ သွားရင် သွေးစက်လက် ကျနေသည့် အနာကို ဆေးလိမ်းရမည်။ ဆေးလိမ်းရလျှင် သက်သာမည်။

အဲဒီလို မျှော်လင့်ချက်တွေနှင့် အားတင်းပြီး သွားရပါသည်။ မျက်ရည်များလည်း ကျနေပါသည်။ မငိုသော်လည်း နာလွန်းလို့ "အမယ်လေး.. ကျွတ်.. ကျွတ်.. ကျွတ်" ဟု ညည်းသံတွေလည်း ထွက်နေပါသည်။

ဖျာကလေးပေါ်သို့ မှောက်ချလိုက်သည်နှင့် ရိုလာနှင့်လိမ်းဆေးသုတ်ပေးပြီး ချက်ချင်းထခိုင်းပါသည်။

ပြီးတော့ ကိုအေးမောင်တို့လာခဲ့သည့် ထောင်ကို ပြန်မပို့ခင် နားနေရမည့် အခန်းထဲကို သွားရပါသည်။

နားနေရသော်လည်း အခန်းထဲမှာ လူတွေအတုံးအရုံးနှင့်ပါ။ မှောက်လျက်တွေပါ၊ တချို့ကလည်း တရှုံ့ရှုံ့နှင့် ငိုလို့။

နောက်နေ့တွေမှာ မနက်မိုးလင်းတာနှင့် ဘယ်သူ ဆရာဝန်ဆီကို သွားချင်သလဲဆိုတာ လာမေးပါသည်။

ကိုအေးမောင်က သွားချင်ပါသည်ဟု ပြောလိုက်တော့ ဘာအတွက်လဲဟု ပြန်မေးပါသည်။

အနာယဉ်းနေလို့ ဆေးထည့်ချင်လို့ဆိုရင်ပဲ "နိုး" တဲ့။

အနာနှင့် ပတ်သက်ရင်တော့ အရိုက်ခံရသည့် နေ့က သုတ်ပေးလိုက်သည့် ဆေးသည် ပထမဆုံးနှင့် နောက်ဆုံးပင် ဖြစ်ပါသည်။

ဆန်းတော့ ဆန်းပါသည်။ အနာပိုးဝင်တာ၊ ဖျားနာတာ၊ မေးခိုင်ပိုးဝင်တာ မရှိပါချေ။ မကြားခဲ့၊ မကြုံခဲ့ရပါ။

နေ့စဉ်ကျွေးသည့် အစားအစာထဲမှာ အသားများများတော့ ကျွေးပါသည်။ အနာကျက်အောင်ဟု ဆိုပါသည်။ ဒါပေမယ့် အသားတွေစားပြီး ယဉ်းလို့နာတာကတော့ နာတာပါပဲ။

ကိုအေးမောင်မှာ ထောင်ကလွတ်တော့ လေယာဉ်ကွင်းကို လက်ထိတ်နှင့်လာရပါသည်။ လက်ထိတ်တန်းလန်းနှင့် လေယာဉ်ကွင်းမှာ စောင့်ရခြင်း ဖြစ်ပါသည်။

အဲဒီအချိန်မှာ အင်ဒိုနီးရှားသူကလေး ၂ ယောက်မှာ အိုဗာစတေးလို့ ခေါ်သည့် ရက်လွန်မှုနှင့် အဖမ်းခံရပါသည်။

တစ်ယောက်ကတော့ ဗီဇာနှင့် သက်သေပြနိုင်ပေမယ့် တစ်ယောက်က မပြနိုင်ပါချေ။

ရက်လွန်တာကလည်း (၁၀) ရက်တောင်မှ။

ငိုမဲ့မဲ့ အသက် (၂၀) အရွယ် ထိုမိန်းကလေးကလည်း သူ့ အလုပ်ရှာဖို့လာတာ၊ အလုပ်မရနိုင်လို့ ပြန်မှာ၊ မဖမ်းပါနဲ့လို့ တောင်းပန်ပါသည်။

အဲဒီအချိန်မှာ တာဝန်ကျသည့် အရာရှိကတော့ ကိုအေးမောင်ကို ဖမ်းခဲ့တဲ့သူနှင့် မတူပါချေ။ ဒဏ်ငွေဆောင်ရင် လွတ်မယ်လို့ ပြောပါသည်။

မိန်းကလေးက သူ့မှာ ဒဏ်ငွေဆောင်ဖို့ ငွေလည်းမရှိပါဘူးဟု ပြောရှာပါသည်။

ဒဏ်ငွေမဆောင်နိုင်ရင်တော့ ထောင်ထဲကို သွားပေတော့လို့ ပြောလိုက်တာကို ကြားသည်နှင့် ကိုအေးမောင်က "ဒဏ် ငွေဘယ်လောက်လဲ"ဟု မေးလိုက်သည်။

အမေရိကန် ဒေါ်လာ (၅၀) ဟု ဖြေတော့ အဲဒီ အင်ဒိုနီးရှားမလေးအတွက် သူက အမေရိကန်ဒေါ်လာ (၅၀) စိုက်ပေးပါ့မယ်လို့ ပြောလိုက်ပါသည်။

ဒဏ်ငွေတောင်းသည့် အရာရှိက သူနဲ့မင်းက တစ်နိုင်ငံထဲကလည်း မဟုတ်ဘဲနဲ့ မင်းကဘာလို့ ငွေတွေ စိုက်ပေးရမှာလဲ။ မင်းတို့က သူငယ်ချင်းတွေလားဟု မေးပါသည်။

ကိုအေးမောင်က သူ့ကို ငါအခုမှ တွေ့ဖူးတာပါ။ ဒါပေမယ့် ငါ့တုန်းက ဒဏ်ငွေဆောင်ပါ့မယ် ဆိုတာတောင် ဆောင်ခွင့် မရခဲ့လို့ ထောင်ကျပြီး ကြိမ်ဒဏ်ကို ငါခံခဲ့ရတယ်။

အဲဒီတော့ ကိုယ်ချင်းစာလို့ ငွေမရှိတဲ့သူကို ငွေစိုက်ပေးတာပါလို့ ဖြေလိုက်သည်။ ကိုအေးမောင်၏ စကားကို ကြားတော့ အခုန အရာရှိက သူ့အထက်က အရာရှိ တစ်ယောက်ကို သွားခေါ်သည်။ ဗိုလ်မှူးအဆင့်လောက် ရှိပါလိမ့်မည်။

အဲဒီ အရာရှိကို သွားခေါ်သည့် သူက အကျိုးအကြောင်း ပြောပြသည်။ အဲဒီ ဗိုလ်မှူးအဆင့်ရှိတဲ့သူက သဘောကောင်းပုံ ရပါသည်။

ဘယ်သူပဲ စိုက်ပေးပေး ရပါတယ်လို့ ပြောပြီး အင်ဒိုနီးရှားမလေးကို "သွား.. နင့်အတွက် ဒဏ်ငွေဆောင်ပေးတဲ့သူဆီကိုသွားပြီး ကျေးဇူးတင်ပါတယ်လို့ ပြောလိုက်စမ်း" လို့ဆိုပြီး ကိုအေးမောင် ထုတ်ပေးလိုက်သည့် အမေရိကန်ဒေါ်လာ တစ်ရာတန်ကို ယူပြီး ငါးဆယ် ပြန်အမ်းပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ကိုအေးမောင်၏ စကားနှင့်အပြ သာခုခေါ် စရာကောင်းပါသည်။ သွားရှာသည့် ကိုအေးမောင်၏ သာရှိခဲ့လျှင် သူ့သား၏လုပ်ရပ် ဝှက်ယူဝမ်းမြောက်မှာပါ။

ကိုအေးမောင်တို့ ထောင်ကျစဉ် ပစ္စည်းတွေနှင့် ငွေတွေကို သိမ်း ပေးပါသည်။ ပစ္စည်းတွေနှင့် ကို ဖမ်းဆီးကတည်းက အတိ ဆေးမှတ်သားပြီး လက်ဗွေပုံစံ သည်။

လက်မှတ်မထိုးခိုင်းဘဲ လက်ဗွေ တော့ အလုပ် လာလုပ်ကြတဲ့ သား အထူးသဖြင့် အိန္ဒိယနိုင်ငံ သည် စာမတတ်ကြပါ။

စက်ဘူမှာ အဖမ်းခံရသည့် ထဲမှာ အရေအတွက် အများဆုံး ည်း အိန္ဒိယနိုင်ငံသားများပင် ဖြစ်ပါသည်။ (၇၀) ရာခိုင်နှုန်းလောက် တောင် ရှိပါသည်။

ကျန်တာကတော့ ထိုင်းတွေ၊ အင်ဒိုနီးရှားတွေနှင့် မြန်မာနိုင်ငံသားတို့ ပင်ဖြစ်ပါသည်။

နောက် (၃)နှစ်အကြာ သင်္ဘော တက်မကိုင် ကိုအေးမောင်တစ်ယောက် ဂျာကာတာဆိပ်ကမ်းသို့ ရောက်ခဲ့သည်။

သူ့ကို ပေးထားသည့် နေရပ်လိပ် စာအတိုင်း စက်ဘူမှာ ခဏတွေ့ခဲ့သည့် အင်ဒိုနီးရှားမလေးထံ သွားရောက်လည် ပတ်ခဲ့သည်။ အင်ဒိုနီးရှားမလေးမှာ လျှပ်စစ်ပစ္စည်းစက်ရုံတစ်ခုတွင် အလုပ် ကြပ်ပင် ဖြစ်နေခဲ့ပြီ။

ကိုအေးမောင် အလည်လာ၍ သူမှာ ဝမ်းသာလိုက်သည် ဖြစ်ခြင်း၊ သူမ မိသားစုကလည်း ဖက်လဲတကင်း ကြိုဆို ကြသည်။

သူတို့တွေ့ဆုံပြီး တစ်နှစ်အကြာ တွင် လက်ထပ်ခဲ့ကြသည်။

ယခုအခါ၌ ကိုအေးမောင်မှာ သင်္ဘောအရာရှိချုပ် ဖြစ်ခဲ့ပြီ။ ကိုအေး မောင်နှင့် အင်ဒိုနီးရှားမလေးမှာ သား ၂ ယောက်ရခဲ့ပြီး ရန်ကုန်မြို့ စမ်းချောင်း မြို့နယ်တွင် နေထိုင်ကြပါသည်။

သား ၂ ယောက်ကို ရဟန်းခံ ပြီးပြီ။ သား ၂ ယောက်စလုံးမှာ ဒုတိယ အရာရှိများ အဖြစ်နှင့် သင်္ဘောလိုက် နေကြပါသည်။

**သက်လှိုင်မျိုး (စက်မှုတက္ကသိုလ်)**

**ကျမ်းကိုး**

ဒေါက်တာမတင်ဝင်း (ပညာရေး တက္ကသိုလ်)၏ "လူငယ်များနှင့် စကား ပြောခြင်း"

❑


**ဆရာဦးခင်ထွန်း** D.B.B.W - C.T (Med)

**အုန်းချင်** တိုင်းရင်းဆေးကုခန်း

**အထူးကုသသောရောဂါများ**

နှလုံး၊ သွေးတိုး၊ လေငန်း၊ အစာအိမ်၊ ဆီးချို၊ သွေးချို၊ ဝမ်းတွင်း၌ဖြစ်တတ်သော (ကင်ဆာ) မြစ်ပွားနာ အမျိုးမျိုး၊ ခန္ဓာကိုယ်ပြင်ပ၌ ဖြစ်တတ်သော အဖုအကျိတ်၊ မှိုနာ၊ မြစ်ပွားနာ (ကင်ဆာ)၊ သွေးကြောပိတ်ရောဂါနှင့် အကြောရောဂါအမျိုးမျိုး၊ လေဖက်နာရောဂါ၊ အဆုတ်နာ၊ ခုခံအားကျရောဂါ (အေယုဂ်နာ)၊ အသည်းနှင့်ပတ်သက်သောရောဂါများ၊ ပန်းသေ၊ ပန်းညှိုးရောဂါများ၊ မီးယပ်နှင့်ပတ်သက် သော ရောဂါများ၊ သွေးယံနာရောဂါ အမျိုးမျိုး၊ လိပ်ခေါင်း၊ ဂရင်ဂျီနာနှင့် နာတာရှည်ရောဂါကြီးများကို အထူးကုသပေးပါသည်။

ဆေးခန်းဖွင့်ချိန် ➽ နေ့စဉ် နံနက် (၈)နာရီမှ ည (၈)နာရီအထိ


လိပ်စာ ➽ အမှတ် (၆၈၁)၊ ဘုရင့်နောင်လမ်းမကြီး၊ အုပ်ချုပ်ရေးမှူးရုံးအနီး၊ ရွာမအနောက်ရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

☎ ➽ ၀၉-၇၃၁၃၆၄၁၄

လမ်းညွှန် ➽ ၁၉၉၊ ၁၀၁ (အဝါ)၊ ၉၉၊ ၉၇၊ ၈၁၊ ၄၄၊ ၁၈၄၊ ၁၆၈၊ ၄၈ (အထူး)၊ ၂၀၂ (အထူး)၊ ၄၈ ကားလေးစီး၍ ဆရာတော်ကြီးမှတ်တိုင်ဆင်းပါ။


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

မုဆိုးသုံးယောက်နှင့် ရွာသား နှစ်ယောက်သည် ၆ပေ ပတ်လည်မျှ ကျယ်ဝန်းသော လင့်ကလေးပေါ်တွင် အတွေးကိုယ်စီနှင့် ထိုင်နေကြသည်။

မုဆိုးသုံးယောက်က စောဂျိမ်း၊ ကျော်စိုးနှင့် တင်ဝင်း။ ရွာသား နှစ်ယောက်က ထနီးရွာသား ကိုစစ်တင်နှင့် ကိုတိုင်း။

မုဆိုးသုံးယောက်က ထနီးရွာက ကိုစစ်တင်အိမ်ကို တောပစ်ရန် အလည် လာရင်း ကိုစစ်တင်က ယောက်ဖတော်သူ ကိုတိုင်းကို မုဆိုးအဖွဲ့နှင့် ခေါ်လာခြင်းဖြစ်သည်။

သည်တော သည်တောင်သည် ဆောကောင်များ ပေါလှသည် မှန်သော်လည်း တောပစ်ရင်း ပြောင်ထီးကြီး တစ်ကောင်ကို မမျှော်လင့်ဘဲ တွေ့လိုက်ကြရသောကြောင့် မုဆိုးအဖွဲ့ ပြောင်ကြီးနောက်ကို လိုက်ကြရင်း မိုးချုပ်သွားသောကြောင့် လင့်အမြန်ဆောက်ကာ လင့်ပေါ်တွင် ထိုင်နေကြခြင်း ဖြစ်သည်။

ထနီးရွာက အထွက်တွင် တစ်နာရီအတွင်း ချေ(ဂျီ)ပေါက်တစ်ကောင်နှင့် ဝက်တောင်းတစ်ကောင်ကို နေ့ဆယ်လောက်က ရရှိထားပြီး ဖြစ်၍ နီးစပ်သော ဝါးခုတ်အဖွဲ့များထံတွင် အပ်ထားခဲ့ကာ ခရီးဆက်ကြရင်း မွန်းတိမ်းချိန်လောက်တွင် ပြောင်ကြီး၏ ခြေရာကို တောက်မိကြခြင်းဖြစ်သည်။

စောဂျိမ်း ခန့်မှန်းခြေအရ ဆိုလျှင် ပြောင်ကြီးက ပိဿာချိန်အားဖြင့် လေးငါးရာကျော်မည်ဖြစ်သောကြောင့် တစ်ကောင်တည်းနှင့်ပင် ထနီးတစ်ရွာလုံး ဟင်းစားရှိနိုင်သောကြောင့် ဖြစ်သည်။

ဘာဖြစ်လို့လဲ ဆိုတော့ ထနီးတစ်ရွာလုံးမှာ (၇)အိမ်ခန့်သာ ရှိသောကြောင့် ဖြစ်သည်။

လင့်စင်ပေါ်တွင် လေကလေး တဖြူးဖြူးနှင့် အတွေးကိုယ်စီဖြင့် ထိုင်နေကြရင်း စောဂျိမ်းက. . .

"စားဖို့ သောက်ဖို့က ရိက္ခာတွေ ပါလာလို့ ပြဿနာမရှိပါဘူး၊ ရေက ပြဿနာကွ၊ တစ်ညလုံးဆိုတော့ ရေဆာကြမယ်၊ တင်ဝင်း မင်းရေဘူးက ဘယ်လောက်ကျန်သေးလဲ"

"လက်နှစ်လုံးလောက်ပဲ ရှိတော့တယ် စောဂျိမ်း"

"ငါ့ရေဘူးက ပြေးရင်း လွှားရင်း ကျကျန်ခဲ့တာ ဆိုးသွားတယ်၊ တစ်ငုံမှတောင် မသောက်လိုက်ရသေးပါဘူးကွာ"

"သိပ်ဆာမှ အာဆွတ်ရုံလောက် ပေါ့ စောဂျိမ်းရယ်"

မနက်ကတည်းက ထည့်လာခဲ့သော ကောက်ညှင်းပေါင်းက ညနေရောက်တော့ မာနေပြီ။ ထိုမာတောင့်တောင့် ကောက်ညှင်းပေါင်းကို ဆတ်သားခြောက်မီးဖုတ်များနှင့် ဝမ်းဖြည့်ထားသောကြောင့် ငြိမ်နေကြခြင်းဖြစ်သည်။

ကျော်စိုးထံတွင် စစ်သုံးရေဘူးနှင့် ထည့်လာသော ရမ်အရက်များက တော့ရှိသည်။

သို့သော် ရေမရှိသောကြောင့် မသောက်ရဲ။

ညက တဖြည်းဖြည်း မှောင်လာသည်နှင့်အမျှ တောတိရစ္ဆာန်များ၏ အိပ်တန်းတက်သံများက ဟိုမှ သည်မှ ကြားနေရသည်။

နေဝင်သည်မှာ သိပ်မကြာသေးသော်လည်း တောရိပ် တောင်ရိပ်များကြောင့် တောထဲတွင် အမှောင်က ပို၍ နက်နဲလာသည်။

"တောက် တောက် တောက်"

"တောက် တောက် တောက်"

ကိုစစ်တင်က. . .

"ဆရာတို့ ညဘက်ကြီး ဝါးခုတ်တဲ့သူတွေများလား"

စောဂျိမ်းက တိုးတိုးကလေး ကြိတ်၍ရယ်သည်။

"ကိုစစ်တင် ဘာတွေပြောနေတာလဲ"

"ဝါးခုတ်တဲ့ အသံကြားလို့ပါ ဆရာစောဂျိမ်း"

"အဲဒီ. . တောက် တောက် တောက် အသံတွေက ဒေါင်းတွေ တစ်ကောင်နဲ့ တစ်ကောင် အချက်ပေးတဲ့ အသံဗျ၊ မှောင်ကြီးထဲမှာ ဘယ်သူတွေက ဝါးလာခုတ်မှာလဲ"

"သိပါဘူးဗျာ ဝါးခုတ်တဲ့အသံများလားလို့ပါ"

ထိုအချိန်၌ လင့်အောက်ဘက် ကိုယ်နှစ်ဆယ်အကွာလောက်ဆီမှ. .

"ဖျပ်. . ဖျပ်. . ဖျပ်. . ဖျပ်"

အသံများနှင့်အတူ တီးတိုးစကားပြောသံများပါ ကြားလာရသည်။ အသံများက လင့်စင် အောက်ဆီသို့ တဖြည်းဖြည်း ရောက်လာသည်။ လူသံလိုလို ကြားရသောကြောင့် ကိုစစ်တင် ပါလာသော ငါးတောင့်ထိုး လက်နှိပ်ဓာတ်မီးဖြင့် အသံကြားရာဆီသို့ ထိုးထည့်လိုက်သည်။

လင့်ပေါ်က လူငါးယောက်က မီးထိုးရာဆီသို့ လှမ်းကြည့်လိုက်သော အခါ. . .

"ဟာ"

လင့်စင်ပေါ်က လူငါးယောက် မှောင်မည်းကြီးထဲတွင် တစ်ယောက် မျက်နှာ တစ်ယောက် မမြင်ရသော်လည်း တစ်ယောက်နှင့် တစ်ယောက် ကြည့်ကြမည်မှာ သေချာပါသည်။

မြင်ရသော မြင်ကွင်းက လူသား နှစ်ယောက်။ နှစ်ယောက်လုံးအပေါ်တွင် အကျႌမပါ။ မီးရောင်ရှိရာသို့ မော့ကြည့်နေကြသည်။

တောနက်ကြီးထဲတွင် အချိန်မတော် ရောက်လာသော လူသားနှစ်ယောက် ဖြစ်သောကြောင့် ဝါး



www.burmeseclassic.com

www.burmeseclassic.com

မုဆိုးကြီး စောဂျိမ်းပင် အံ့အားသင့်နေသည်။

ဒါမျိုးက တောလိုက်မုဆိုးများ ကြုံဖူးကြသည်။ တောခြောက်ခြင်းပင် ဖြစ်သည်။ ပရလောကသားများက မုဆိုးများကို ဒုက္ခပေးတတ်သည်။

သားကောင်ကို စောင့်ရင်း သားကောင်အစား အယောင်ဆောင်ကာ ဒုက္ခပေးခြင်း ဖြစ်သည်။

ကျော်စိုးနှင့် တင်ဝင်းက စောဂျိမ်းကို လက်ကုတ်သည်။

စောဂျိမ်းက. . .

"မင်းတို့က ဘယ်သူတွေလဲ"

"ကျွန်တော်တို့က ဝါးခုတ်သမားတွေပါ"

"ဘယ်ရွာကလဲ"

"ထနောင်းကုန်းကပါ"

"လာလူလား ပြန်လူလား"

"ဗျာ"

"လာလူလား ပြန်လူလား"

"ကျွန်တော်တို့ ဝါးခုတ်ရင်း လူကွဲပြီး မျက်စိလည်လာတာပါ"

"မင်းတို့ မှောင်ကြီးထဲ ဒုက္ခရောက်လိမ့်မယ်၊ အပေါ်ကို လာချင်လို့လား"

"ဟုတ်ကဲ့ပါ၊ ဒုက္ခရောက်နေလို့ပါ"

"အေး၊ တက်ခဲ့"

"ဟုတ်ကဲ့ ဒီတစ်ညတော့ နောင်ကြီးတို့နဲ့ နေပါရစေ"

"ကဲ ကဲ စစ်တင်တို့၊ ကျော်စိုးတို့ လှေကားချပေးလိုက်ပါကွာ၊ လူကောင်းတွေပါ၊ ကူညီလိုက်ကြပါ"

လင့်ပေါ်ရောက်မှ အကြောင်းစုံသိရသောအခါ ဝါးခုတ်ရင်း မျက်စိလည်လာသော ထနောင်းကုန်းရွာမှ ရွာသားများဖြစ်ကြောင်း သိလိုက်ကြရသည်။

ဝမ်းသာစရာကား ထိုလူနှစ်ယောက်ထံတွင် ရေဘူး ပါလာသောကြောင့် မုဆိုးအဖွဲ့ ရေကိစ္စ အဆင်ပြေသွားကြတော့သည်။

တစ်ယောက်က ကိုရွှေသားဟုခေါ်၍ တစ်ယောက်က ကိုဘကျော်ဟုခေါ်သည်။ နှစ်ယောက်လုံး ၃၀ ဝန်းကျင် အရွယ်များဖြစ်သည်။

ကိုရွှေသားက. . .

"ကျွန်တော်တို့ အဖွဲ့ တောထဲကို ရောက်နေတာ (၃)ရက်လောက်ရှိပါပြီ၊ လုံးရေ မပြည့်သေးလို့ မပြန်ကြသေးတာ၊ တစ်ခါတင်လ တစ်ပတ်လောက် ကြာတတ်ပါတယ်"

စောဂျိမ်းက. . .

"မင်းတို့ ငါတို့နဲ့တွေ့တာ ကံကောင်းတယ်၊ တောကောင်တွေနဲ့ တွေ့ရင် ဒုက္ခရောက်မယ်"

"မင်းတို့ဆီမှာ ရေဘူးပါလာတာ အဆင်ပြေသွားတယ်၊ မင်းတို့လဲ ဆာနေကြရောပေါ့၊ ကောက်ညှင်းပေါင်းနဲ့ ဆတ်သားခြောက်ရှိတယ် စားကြကွာ"

လင့်ပေါ်တွင် လူခုနစ်ယောက် ကျပ်ကျပ်တည်းတည်းနှင့်ပင် မိုးလင်းသွားတော့သည်။

မိုးလင်းတော့ ဝါးခုတ်သမားနှစ်ယောက်နှင့် လမ်းခွဲကာ စောဂျိမ်းတို့အဖွဲ့ ထွက်လာကြသည်။

လမ်းတွင် စောဂျိမ်းက ခြေရာများကို ကြည့်ရင်း. . .

"ဒီအတိုင်းဆိုရင်တော့ ပြောင်ကြီးနောက်ကို လိုက်ဖို့ မလွယ်တော့ဘူး၊ ဒီအကောင်ကြီးက ခရီးတော်တော်ရောက်သွားပြီကွ"

"နာတယ်ဗျာ ဒီကောင်ကြီးဆို ဟင်းစားတော်တော်ရမှာ"

စောဂျိမ်းက မြေပျော့ပျော့တစ်နေရာမှ ခြေရာတစ်ခုကို ကြည့်ရင်းက . . .

"စစ်တင် ဒီခြေရာကို ကြည့်စမ်း"

ကိုစစ်တင်က ထင်ထင်ရှားရှား မြင်နေရသောခြေရာများကို ကြည့်ကာ-

"ဟာ ဒီဟာ"

"ဘာဖြစ်လို့လဲ စစ်တင်"

"မယုံနိုင်စရာပဲ စောဂျိမ်း"

"ကျွဲခြေရာ မဟုတ်လား"

"ကျွန်တော်လဲ အဲဒါပြောမလို့၊ ဒီတောထဲမှာ ကျွဲက ဘယ်လိုလုပ်ရောက်နေရတာလဲ မဖြစ်နိုင်တာဘဲ"

"ကျွန်တော်လဲ အဲဒါကြောင့် အံ့ဩနေတာ၊ လူကြားထဲက ကျွဲက ဘယ်လိုတောထဲ ရောက်နေရတာလဲ"

"အံ့ဩစရာပဲ စောဂျိမ်း"

"ဘာကောင်မှ မရခင် တို့ တောထဲမှာ စားဖို့ ဟင်းစားလေးတော့ လုပ်ကြဦးမှ"

ကိုစစ်တင်၏ယောက်ဖ ကိုတိုင်းက ဒူးလေး ပါလာသောကြောင့် ထိုဟင်းစားကိစ္စအတွက် တာဝန်ယူလိုက်သည်။

စောဂျိမ်းတို့တွင် ပါလာသော သေနတ်များနှင့် ဟင်းစားရနိုင်သော်လည်း သေနတ်သံကြောင့်တောကောင်များ လန့်ပြေးမည်စိုးသောကြောင့် ကိုတိုင်းနှင့် ကိုစစ်တင်တို့ နှစ်ယောက်ကို လွှတ်လိုက်ခြင်း ဖြစ်သည်။

စောဂျိမ်းတို့ အဖွဲ့သည် အရိပ်ကောင်းသော တည်ပင်ကြီးတစ်ပင်အောက်တွင် နေရာယူလိုက်ကြကာ စောဂျိမ်းနှင့် ကျော်စိုးက ပါလာသော ဆန်အနည်းငယ်ကို ချက်ရန် ပြင်ဆင်လိုက်သည်။

ကျော်စိုးက ဝါးသွားခုတ်နေစဉ် တင်ဝင်းက မီးမွှေးလိုက်သည်။ ကျော်စိုးက ဝါးခုတ်ရင်း လျှိုထဲမှ ရေခပ်လာခဲ့သည်။

ကျော်စိုး ယူလာသော အဆစ်တစ်ဖက်ချန်ကာ ဖြတ်ထားသည့် ဝါးပိုးဝါးထဲတွင် ဆန်နှင့်ရေကို သင့်တော်အောင် တိုင်းထည့်ပြီး ဝါးလုံးအဝတွင် ဝါးရွက်များနှင့် ဆို့ပိတ်လိုက်သည်။ မိနစ် ၂၀ ခန့်အကြာတွင် ဝါးနံ့ကလေးနှင့်အတူ မွှေးကြိုင်နေသော ရေခန်းထမင်း ရပြီဖြစ်သည်။

ထိုအချိန်တွင် ယုန်တစ်ကောင်နှင့် တောကြက်တစ်ကောင်ကို ဆွဲကာ ပြန်လာကြသော ကိုတိုင်းနှင့် ကိုစစ်တင်၊ ကျော်စိုးက ယုန်ကို ခေါင်းဖြတ် အရေ



www.burmeseclassic.com

www.burmeseclassic.com

ခွဲဆုတ်၊ ကလီစာများထုတ်ကာ နနွင်း ဆားများနယ်၍ တောကြက်ကိုလည်း မီး မြှိုက်၊ ကလီစာထုတ်ကာ နနွင်း ဆား များနယ်ပြီး နှစ်ကောင်စလုံး မီးကင်လိုက် သည်။

ခဏအကြာတွင် မွှေးကြိုင် လျက်ရှိသော ယုန်ကင်၊ ကြက်ကင်၊ ဆတ်သားခြောက်ဖုတ်နှင့် ထမင်းဝိုင်း ကြီး ဖြစ်သွားသည်။

စောဂျိမ်းက လုပ်လေ့လုပ်ထရှိ သည့်အတိုင်း ထမင်းနှင့် အသားနည်း နည်းစီကို ဖက်တစ်ခုတွင်ထည့်ကာ တစ် နေရာတွင် တင်မြှောက်လိုက်သည်။

ကျော်စိုးက စစ်သုံးရေဘူးထဲမှ ရမ်အရက်များကို ဝါးဆစ်ခွက်တစ်ခုတွင် ထည့်ကာ တစ်ယောက် တစ်လှည့်၊ တောကြီးအလယ်ကောင်မှ စည်ကား လှသော ထမင်းဝိုင်းကြီးသည် တစ်ခဏ အတွင်း တက်တက်စင် ပြောင်သွား သည်။

စောဂျိမ်းက ကွမ်းယာတစ်ခုကို ထုတ်ကာဝါးရင်း ထမင်းလုံးစီနေချိန် တွင် တစ်ဖက်တောင်စောင်း ဆင်ခြေ လျှောအတိုင်း တဝုန်းဝုန်းမြည်ကာ ချုံများ၊ ကြိမ်ပင်များကို တိုးဝှေ့၍ ဆင်း လာသော မည်းမည်းအကောင်ကြီး။

စောဂျိမ်းတို့ ဝိုင်းထိုင်နေရာ တည်ပင်အောက်ဘက် တည့်တည့်ကို ဆင်းပြေးလာခြင်း ဖြစ်သည်။

တစ်ခဏအတွင်းမှာပင် တည် ပင်အောက်ကိုရောက်လာသောကြောင့် စောဂျိမ်းတို့လည်း တကွဲတပြားစီ ခြေဦး တည့်ရာ ထွက်ပြေးကုန်ကြလေတော့ သည်။

မည်းမည်းအကောင်ကြီးက စွင့် အားထောင်လျက်ရှိသော ဦးချိုကြီး နှစ် ချောင်းနှင့် စောဂျိမ်းတို့ အဖွဲ့ ကျန်ရစ်ခဲ့သော မီးဖို ကျောပိုးအိတ်နှင့် တိုလီမိုလီ ပစ္စည်း များကို ကျုံး၍ ခတ်နေသည်။ အားရ အောင်မှ မျက်ထောင့်နီကြီးဖြင့် စောဂျိမ်း တို့ ကစဉ့်ကလျားပြေးရာဘက်သို့ လိုက် ကြည့်နေသည်။

စောဂျိမ်းနှင့် ကျော်စိုးတို့က ခပ်လှမ်းလှမ်းရှိ တောကင်ပွန်းချုံကွယ် တစ်ခုစီမှာ။

တင်ဝင်းနှင့် ကိုစစ်တင်က လူ တစ်ဖက်စာခန့်ရှိသော တောသရက်ပင် တစ်ပင်ခွကြားမှာ။

ကိုတိုင်းကတော့ ဘယ်ရောက် နေသည် မသိ။

ကျော်စိုးနှင့် စောဂျိမ်းက (၁၀) ပေခန့်သာ ဝေးသောကြောင့် စောဂျိမ်း က. . .

“ကျော်စိုး မင်းသေနတ်ပါလာ လား”

“ပါတယ်”

မုဆိုးချင်းအတူတူ ဝါရင့် မုဆိုး ကြီး စောဂျိမ်းက သည်တစ်ခါတော့ ညံ့သွားပြီ ဖြစ်သည်။ မုဆိုးနှင့် ကိုင် ဆောင်သော လက်နက်သည် အမြဲ မခွဲ ကိုယ်နှင့် တစ်ပါတည်း ဖြစ်နေရ မည်မှာ မုဆိုးတိုင်း လိုက်နာရမည့် အချက်ဖြစ်သည်။

တောဆိုသည်မှာ အချိန်မရွေး တောကောင်နှင့် ရင်ဆိုင်တွေ့နိုင်သည်။ သားကောင်ကို မုဆိုးက ချောင်းနေ သလို မုဆိုးကိုလည်း သားကောင်က ချောင်းနိုင်သည်။

ဝုန်းဒိုင်းအသံ ကြားကတည်းက ကျော်စိုးက (၃၀. ၀၆) ရိုင်ဖယ်ကြီးကို ဆွဲကာ ထပြေးလာခြင်းဖြစ်သည်။


စောဂျိမ်းရော တင်ဝင်းပါ လက် ဗလာနှင့် ပြေးလာကြခြင်း ဖြစ်သည်။

ထိုအချိန်တွင် တင်ဝင်းနှင့် ကိုစစ်တင်ကို သစ်ပင်ခွကြားတွင် မြင် နေရသောကြောင့် မည်းမည်းအကောင် ကြီးက တရှူးထိုးပြေးလာပြီး သစ်ပင်ကို ခေါင်းနှင့် ဝင်ဆောင့်လိုက်သည်။

တင်ဝင်းနှင့် ကိုစစ်တင်က (၁၀) ပေခန့်အမြင့် ခွကြားတွင် ထိုင်နေသော် လည်း သတ္တဝါကြီးက ခေါင်းနှင့် ဆောင့် လိုက်သော အရှိန်ကြောင့် တုန်သွား သည်။

အပင်ပေါ်ကို မော့ကြည့်လိုက် ကာ နောက်တစ်ကြိမ် ထပ်ဆောင့်လိုက် ပြန်သည်။

ထိုခဏအတွင်း စောဂျိမ်းနှင့် ကျော်စိုးက. တည်ပင်ကြီးဆီသို့ အပြေး သွားကာ ခွကြားတစ်ခုတွင် အကျအန ထိုင်လိုက်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကျော်စိုးက. . .

"စောဂျိမ်း ကျွဲကြီးပါလား"

"အေးလေ ဒါကြောင့်မို့ စောစောက စစ်တင်နဲ့ ငါပြောနေကြတာ၊ ကျွဲခြေရာတွေ တွေ့ပါတယ်လို့"

"ကျွဲက တောထဲကို ဘယ်လိုရောက်"

"ဟော့ကောင် အဲဒီအကြောင်းကို နောက်မှ ပြောမယ်၊ အဲဒီကောင်ကြီးကို မ်င်းအရင်ပစ်"

တင်ဝင်းနှင့် စစ်တင်တို့တစ်တွေ တက်ထိုင်နေသော တောသရက်ပင်နှင့် စောဂျိမ်းတို့ ရောက်နေသော တည်ပင်က ဘေးတိုက်အနေအထား ကိုက်(၂၀) ခန့် အကွာအဝေးတွင် ဖြစ်သည်။

ကျွဲကြီးက တောသရက်ပင်ကို ခေါင်းနှင့် ဆောင့်ရင်း ရပ်လိုက် ခွာကို ယက်လိုက်၊ တရှူးရှူးနှင့် နှာမှုတ်လိုက် လုပ်နေသည်။

ကျော်စိုးက တည်ပင်ခွကြားတွင် အကျအနထိုင်ကာ အသင့်ကျည်ထည့်ထားသော (၃၀. ဝ၆)ရိုင်ဖယ်ကြီးကို ထိုးချိန်လိုက်သည်။

ထိုရိုင်ဖယ်မျိုးက ကျည်အားပြင်းသောကြောင့် ဆင်၊ ကျား၊ ဝံ၊ စိုင်၊ ပြောင်တို့ကို ပစ်ချက်မှန်ပါက တစ်ချက်တည်းနှင့် ကိစ္စတုံးစေနိုင်သော သေနတ်ဖြစ်သည်။

ကျွဲကြီးက လှုပ်ရှားနေသောကြောင့် ပစ်ကွင်းက မငြိမ်။ ကျော်စိုးက စိတ်ကို ငြိမ်အောင်ထားကာ ရွေ့လျားနေသော ပစ်မှတ်ကို ချိန်နေသည်။

အခွင့်အရေးကောင်း ဟူသည် တစ်ကြိမ်ပဲ လာတတ်သည်။

ထိုအခွင့်အရေးကောင်းကို . .

"ဘောင်း"

သေနတ်သံက တောဟိန်းသံနှင့် အတူ ဟိန်းထွက်သွားသည်။

တစ်ဆက်တည်း ကျေးငှက်သာရကာများ၏အော်သံနှင့် တောတိရစ္ဆာန်များ၏ အထိတ်တလန့် အော်သံက ဆူညံသွားတော့သည်။

"ဘောင်း"

ပထမတစ်ချက်က ကျွဲကြီး၏ နားရွက်အောက်နားတွင် အပေါက်ကြီးတစ်ပေါက် ဖြစ်သွားကာ ကျွဲကြီး ခွေကျသွားသည်။

မြေကြီးပေါ်သို့ မရောက်မီ ပြန်ကုန်းထလာချိန်တွင် နောက်ကျည်တစ်ချက်က လက်ပြင်နောက်နားကို ဖောက်ဝင်သွားခြင်း ဖြစ်သည်။ ထိုအခါကျမှ ကျွဲကြီးက မြေကြီးပေါ်သို့ ပုန်းခနဲ လဲကျသွားတော့သည်။

စောဂျိမ်းနှင့် ကျော်စိုး တည်ပင်ပေါ်မှ ဆင်းနေချိန်တွင် ကျွဲကြီးအနားကို အရင်ဆုံးရောက်နေသူက ကိုတိုင်း။ ဘယ်ချောင်ကနေ ထွက်လာသည်မသိ။ မုဆိုးအဖွဲ့အားလုံး ရောက်လာချိန်တွင် ကျွဲကြီးက အသက်ပျောက်နေပြီ ဖြစ်သည်။

BURMESE CLASSIC

စောဂျိမ်းက. . .

"တောကောက်သား မရလဲ ရွာကောင်သားနဲ့ပဲ တို့အတွက် ဒီနေ့တော့ ဟင်းစားကောင်းကောင်းရပါပြီကွာ၊ ကျွဲရိုင်းကြီးကွ"

ကိုစစ်တင်က. . .

"ဘယ်တုံးကတည်းက တောထဲကို ရောက်နေတဲ့ အကောင်ကြီးလဲ မသိဘူးနော်၊ ဝဖီးနေတာပဲ"

"ပတ်ဝန်းကျင်ရွာတွေက ခိုင်းကျွဲတွေ တောစိတ်ဝင်ပြီး ရိုင်းသွားတာ နေမှာပေါ့ကွာ၊လယ်သမားတွေ အတွက်တော့ တန်ဖိုးရှိတဲ့ အကောင်ကြီးပေါ့၊ ဟင်းမျိုးလို အကောင်မျိုးနဲ့ ဒီကောင်ကြီးနဲ့မတွေ့တာ တို့အတွက် ကံကောင်းတယ်ဟေ့။

ဒါပေမယ့် တချို့ကျွဲရိုင်းတွေက တွေ့တဲ့အကောင် လိုက်ခတ်တာ၊ ဟင်းမျိုးတောင် ပြေးရတယ်လို့ ကြားဖူးတယ်၊ မြစ်ဝကျွန်းပေါ် ဘက်က မိန်းမလှကျွန်းထဲမှာလည်း ကျွဲရိုင်းတွေ ငါ ခဏခဏ ကြုံဖူးတယ်။

ကျွဲရိုင်းရှိရင် တို့မုဆိုးတွေ အမဲပစ်လို့ မရတော့ဘူး၊ ဘယ်တတ်နိုင်မလဲ ကွာ၊ ဒီကောင်တွေလဲ တောစိတ်ဝင်ပြီး တောကောင်တွေ ဖြစ်ကုန်တော့ တို့မုဆိုးတွေအတွက် ဟင်းစားကောင်ပေါ့ကွာ"

"ကဲ စောဂျိမ်း အချိန့်ရှိတုန်း ဒီကောင်ကြီးကို ဖျက်ပြီး နိုင်သလောက်ယူသွားကြရအောင်၊ ကျန်တာတွေတော့ ဒီနေရာနဲ့ အနီးဆုံး သစ်တောစခန်းက လူတွေကို သတင်းပေးခဲ့မယ်၊ ကျွန်တော်တို့ မနေ့က ရထားတဲ့ ချေ တစ်ကောင်နဲ့ တောဝက်တစ်ကောင်က တော့ ကျွန်တော်တို့အဖွဲ့ မနေ့က ပြန်မရောက်တော့ သူတို့ ကျပ်တင်ထားလောက်ရောပေါ့"

"အဲဒီ အစီအစဉ် ကောင်းတယ် ကိုစစ်တင် သစ်တောစခန်းကို ရောက်ရင် ဟင်းစားပေးပြီး လှည်းနဲ့လိုက်ပို့ ခိုင်းရင် ပိုမကောင်းဘူးလား"

"သိပ်ကောင်းတဲ့ အကြံပေါ့ စောဂျိမ်းရယ်"

ကျော်စိုးက . . .

"ဒါ့ထက်ကောင်းတဲ့ အကြံတစ်ခု ရှိသေးတယ်၊ စောဂျိမ်းရဲ့"

"ဟေ ဘာအကြံလဲကွ"

"ကျွန်တော့်ရေဘူးထဲမှာ လ... ကျန်ကလေးရှိသေးတယ်၊ အဲဒီ လ... ကျန်ကလေးနဲ့ ဒီကောင်ကြီး အသ... နည်းနည်းလှီးပြီး မီးကင်လိုက်ရင် ... မကောင်းဘူးလား"

"သိပ်ကောင်းတော့"

**မောင်မြင့်မား(ဘိုကလေး...**

❑






www.burmeseclassic.com

www.burmeseclassic.com

အစကတည်းက ဒီပွဲကို လက်မခံဖို့ ဇာတ်ဆရာကို ပြောခဲ့သည်။ သို့သော် ဇာတ်ဆရာက လောဘကြီးသူ ဖြစ်၍ လုံးဝ စိတ်မလျှော့ဘဲ ဒီပွဲကို လက်ခံစာချုပ်ချုပ်လိုက်၏။

ကျွန်ုပ်အနေဖြင့် ဒီပွဲကို လက်မခံချင်ရခြင်း၊ မက,လိုခြင်း အကြောင်းမှာ ရာသီဉတု ဖောက်ပြန်မှုကြောင့်ပင် ဖြစ်၏။ ဒီနှစ်ထဲမှာမှ နွေခေါင်ခေါင်ကြီး မိုးတွေရွာ၊ ဆီးနှင်းတွေကျကာထူးခြားသည်။ ပြီးတော့ က,ပြရမည့်မြို့မှာ မိုးများရာ ဒေသဖြစ်သော မြိတ်မြို့၌ဖြစ်၍ပင်တည်း။






www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်ကား ဇာတ်မင်းသား ပေမယ့် စိတ်ဓာတ်ပျော့ညံ့သူ မဟုတ်ရကား ဇာတ်ဆရာအလိုကျ မလိုက်လျောချင်၊ အခြေအနေကို တင်ပြ၏။

"ဘယ့်နှယ်လဲ ဇာတ်ဆရာ၊ ခင်ဗျား လောဘတက်ပြီး ဒီပွဲကို လက်ခံလိုက်တာတော့ ဟုတ်ပါပြီ၊ အခု ကျွန်တော်တို့မသွားခင် လမ်းမှာပဲ မိုးရွာချတဲ့အခါ ကားခေါင်မိုးပေါ်က စီးနင်းလိုက်ပါလာကြတဲ့ ဇာတ်အဖွဲ့သားတွေ ဒုက္ခမရောက်ကုန်ဘူးလား၊ သွားရမယ့် ခရီးကလဲ နှစ်ညအိပ် သုံးရက်ခရီး ဆိုတော့ လမ်းမှာတင်ပဲ ကြာမှာ မဟုတ်လား၊ ကျွန်တော်တော့ သဘောမကျဘူးဗျာ"

"ဟ,သဘောမကျလဲ က,ရမှာပဲ မင်းသားရေ့ ကျုပ်က စာချုပ်ချုပ်ပြီးနေပြီ၊ တစ်ည သိန်း(၄၀)ရမယ့်ကိစ္စ လက်လွှတ်လို့ ဘယ်ဖြစ်မလဲ၊ မိုးမရွာအောင်လို့ ဟိုရောက်မှ ကြည့်စီစဉ်ရမှာပေါ့"

"ဘယ်လိုစီစဉ်မှာလဲ၊ မိုးမင်းကြီးက ခင်ဗျားအဖေမို့လို့ တားလို့ရမှာလား၊ ရာသီဥတုဆိုတာ တားဆီးလို့မရနိုင်တာ ခင်ဗျားလဲ အသိပါ ဇာတ်ဆရာရယ်"

"အို,တော်ပြီကွာ၊ မိုးတားတဲ့ နည်းတွေ ရှိပါတယ်၊ ဂါထာ၊ မန္တန်၊ အင်အိုင်တွေပေါပါတယ်၊ ရအောင် က,မယ်ဗျာ၊ ပွဲကမယ့် ဆယ်ညမှာ မိုးမရွာရင်ကျေနပ်တယ်၊ ကျန်တာကတော့ ကမ္ဘာသကာပဲပေါ့"

"ဘာဗျ"

ဇာတ်ဆရာ ကိုရှိုးကား ရှုံ့ရှုံ့ရှဲ့ရှဲ့ ပြောပြီးထွက်သွား၏။ ကျွန်ုပ်မှာ ဒေါသစိတ်ကလေးဖြင့် ဇာတ်အဖွဲ့သားများအတွက် ရင်လေးနေမိသည်။ ကိုရှိုး၏ သဘောကတော့ ခရီးလမ်းတွင် ဘာပဲဖြစ်ဖြစ်၊ ပွဲက,မည့်ညများတွင် မိုးမရွာရန် အရေးကြီးသည် ဟူသော သဘောပင်တည်း။

ကျွန်ုပ်ကား ဤကိုယ်ချင်း မစာဝိသမ လောဘတက်သော ဇာတ်ဆရာမျိုးကို မုန်းတီးမိ၏။

သို့သော် ငွေရှင် ကြေးရှင်ကို မတော်လှန်နိုင်သော ခေတ်သစ်အရင်းရှင်စနစ်၌ ကျွန်ုပ်တို့ဇာတ်အဖွဲ့သားများသည်လည်း မိုးတအုံ့အုံ့ရှိသည့် ရာသီဥတုကြားကပင် ဇာတ်ကားကြီးဖြင့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့သို့ ခရီးစတင်ထွက်ခဲ့ရပါတော့၏။

ကျွန်ုပ်တို့ ဇာတ်ကားကြီးသည် အောက်မြန်မာပြည်သို့ တည့်တည့်ကြီးဆင်းခဲ့လေရာ မော်လမြိုင်၊ သံဖြူဇရပ်၊ မုဒုံ၊သထုံ၊ထားဝယ်၊ ပလောက်၊ ပလော်စသော မြို့များကို (၂)ညတိတိ ဖြတ်သန်းခဲ့ကြ၏။

ကံကြမ္မာက ဆန်းသည်။ ထိုရက်များတွင် လုံးဝမိုးမရွာ။ မိုးသားများသာ အုံ့နေပြီး ညအခါတွင် ဆီးနှင်းများကျလျက် စိမ့်နေအောင် အေးသလို၊ (၃)ရက်မြောက် နေ့၌ကား မြိတ်မြို့သို့ ရောက်ပါတော့၏။

"ဟော့. . ပစ္စည်းတွေချကြဟေ့၊ တစ်ခါတည်း တန်းပြီးကားလိပ်တွေ ဆင်မယ်နော်၊နားမနေကြနဲ့၊ ဒီညအဆင်ပြေရင် တစ်ခါတည်းကမှာ"

"အိုတော်, နားတောင်မနားရသေးဘူးလူတွေကို ညှဉ်းပန်းလိုက်တာ"

"ဟုတ်ပါရဲ့ဟယ်၊ ငါတို့ရုပ်တွေလဲ မင်းသမီးနဲ့တောင် မတူတော့ဘူး၊ အိုးတိုက်ဖွဲပြာသည် ကုလားမနဲ့တူနေပါကောလား"

မင်းသမီးတွေ စိတ်ညစ်ကုန်ကြ၏။ လူရွှင်တော်တွေကတော့ ရောက်ရောက်ချင်း ပုလင်းထောင်နေကြချေပြီ။ ဇာတ်ဆရာ ကိုရှိုး၏မိန်းမ မဖြူဖြူက ဂွခင်းအနေအထားကို ကြည့်ပြီး ကိုရှိုးကို ပြောသည်။

"ဘယ်နှယ့်လဲ ကိုရှိုး၊ ရှင့်ဇာတ်ရုံက မိုးမလုံလေမလုံနဲ့ မိုးရွာလာခဲ့ရင် ဘယ်လိုလုပ်မလဲ"

"ဟာ. . မင်းကလဲ ပါးစပ်ပုပ်ကြီးနဲ့၊ မရွာပါဘူးကွာ၊ မရွာရအောင် ငါကြံစည်မှာ၊ ပြဿနာရှိရင် အဖြေလဲ ရှိပါတယ်"

ကိုရှိုးက ပြောပြောဆိုဆိုဖြင့် ဇာတ်အဖွဲ့မန်နေဂျာကို ခေါ်ကာ သူဖြစ် ချင်တာကို ပြော၍ ခိုင်းတော့သည်။ မန်နေဂျာမှာ "မြိုင်စံရှားဇာတ်သဘင်" ဆိုသောစာတန်းကို ရိုက်၍ အလှပန်းများ ဖြင့် မွမ်းမံရန် ကြံစည်နေ၏။

"မန်နေဂျာ ကိုအေးမောင်ရေ ခင်ဗျားကို ကျုပ် တာဝန်တစ်ခု ပေးရ မယ်၊ အဲဒါက သိပ်အရေးကြီးတယ် ကျုပ်တို့ က,မယ့် ညတွေမှာ မိုးမရွာ အောင် လုပ်ဖို့အတွက် ဓာတ်ရိုက်ဓာတ် ဆင် ဆရာလိုတယ်၊ အဲဒါကို ခင်ဗျား စုံစမ်းပြီး ဒီကိုပင့်လာခဲ့ပါဗျာ၊ ကျ ထိုက်ထိုက်တန်တန် ကန်တော့ပါ့မယ်

"ဟာ. . . ဇာတ်ဆရာပြော ကိစ္စကမလွယ်ဘူးဗျာ၊ မိုးတားတဲ့ ဆ ရှိတယ်ပဲထားဦးတော့၊ မိုးရွာ မရွာ တာ အာမခံ မရှိဘူးနော်၊ အကယ်၍ တားပြီးမှမိုးရွာပါပြီတဲ့၊ ဘာလုပ်လို့ တုံး၊ ငွေကုန်တာပဲ အဖတ်တင်မယ်

"မလိုချင်ဘူးဗျာ၊ ကျုပ်က ရှာ ခင်ဗျားတို့ရှာကြ၊ ဒီပွဲကို ဒီမှာ မ ဖြစ်အောင်ကမယ် ဒါပဲ"

မန်နေဂျာ ကိုအေးမောင်သ ဖင့်ကုတ်ခေါင်းကုတ်ဖြင့် ဆိုင်ကယ် ပြီး မိုးတားဆရာ ရှာထွက်သွားတော ၏။ ကျန် ဇာတ်သူဇာတ်သားများက မိမိတို့နေရန် ခန်းဆီးလိုက်ကာများ နေသည်။ သူတို့အချင်းချင်းလည်း မိုး ပါက လုံခြုံမှုရှိစေရန် တီးတိုးတိုင်ပင် ဘာလပတ်တွေ မိုးထားကြသေး၏။

ကျွန်ုပ်ကား ရုံသဲတွင် လှည့် ကြည့်ရင်း ထုံးစံအတိုင်း မေတ္တာသု ရွတ်နေလိုက်သည်။ ဤနယ်မြေ အစောင့်အရှောက်များကို မေတ္တာပို့ နောက် ညနေစောင်းသော် မြိတ်မြို့ တန်ခိုးကြီးဘုရားတစ်ဆူ ဖြစ်သော "သိမ်တော်ကြီးစေတီတော်"သို့ ဘုရား ဖူးရန် ထွက်ခဲ့၏။

သိမ်တော်ကြီး စေတီတော် သည် မတ်စောက်သော တောင်ကုန်း ပေါ်တွင် ရှိပြီး ဘုရားရင်ပြင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com

...ဝင်လယ်ဝသို့ လှမ်းမျှော် ကြည့်...ည်။

ကျွန်ုပ်သည် ဘုရားဖူးခြင်းမစား... အစားအစာများကို လျှောက်...တ်စားပြီးနောက် ညနေ(၅)နာရီ...တွင် ဇာတ်ရုံသို့ ပြန်ခဲ့လေ၏။ ...မှာပင် ဇာတ်ရုံ၌ ထူးဆန်းသော ...အချို့ကို ကြားရ၏။ "ပေပုံထိပုံထိ" ...သော လေးခင်းဆိုင်းသံဖြင့် စောစော ... ဆူညံနေရာ ရုံတွင်းသို့ ဝင်ကြည့် ...သောအခါ-

"ဟင်. . ."

ခေါင်းဖြူစင်ကြယ် ဝတ်ထား... အသက် (၅၀)ကျော် ဘိုးတော် ...သည် ဇာတ်ရုံ၏အလယ်ဗဟို၌ ...တော့ပွဲတစ်ပွဲကို မြောက်ကာပင့် ...ဝါသာမန္တန်. တစ်ခုကို ရွတ်ဖတ် ...ယ်နေလေ၏။ သူရွတ်သော ...၏ အစတွင် "ဦး" ဟူ၍ ခဏ ...ခဲ့ရှုတ်လေရာ ကျွန်ုပ်မှာ စာပေ ...တအလျောက် ထိုဘိုးတော်၏ ...နေယ်မှုကို ရိပ်စားမိသွားသည်။ ...ည်မှာ တကယ်တော့ ကျွန်ုပ်တို့ ...ဒုဒ္ဓ ဘာသာစကားလုံးမဟုတ် ...ဝါဒ၌လည်း အကျုံးမဝင်ချေ။ ...ဝါဒတည်းဟူသော အိန္ဒိယသား ...မှ ဆင်းသက်လာသည့် စကားလုံး ...လုံး ဖြစ်၏။

ဆာဒူး၊ ဖကီးနှင့် ဗြဟ္မဏ တစ် ...နှန်းရောက်အကျင့် ကျင့်သူများ ...င်ထားသော အပိုစကားလုံးသာ ...၊ ထိုစကားလုံးကို မြန်မာတို့က ...စွဲကာ ဘုမသိဘမသိ လိုက်၍ ...ကြခြင်းပင် ဖြစ်၏။

ယခုလည်း အနို ဘိုးတော်သည် ...၏အဓိပ္ပာယ်ကိုမှ သိပါလေစ။ ...သည့် အဓိပ္ပာယ်မျှ မရှိသော ဦးကို ...နေသူသည်လည်း အဓိပ္ပာယ် မရှိ ...ဖြစ်နိုင်၏။ ဇာတ်တစ်ဖွဲ့လုံးက ... အထင်ကြီးစွာ ဝိုင်းအုံကြည့်နေ ...၊ ဘိုးတော်၏ လှုပ်ရှားသမျှကို ... ဆိုင်းဝိုင်းက အားပေးနေသည်။

ဘိုးတော်သည် ဆေးဖယောင်းတိုင်တစ်တိုင်ကို ကန်တော့ပွဲရှိ အုန်းသီးပေါ်တွင် တင်ထွန်းလိုက်ပြီးသည့်နောက် ဇာတ်ဆရာ ကိုရိုးဘက်သို့လှည့်ကာ -

"ကဲ၊ ကိစ္စတော့ ပြီးလုနီးပါပြီ၊ ဟော့ဒီ ကန်တော့ပွဲကို ဒီဇာတ်ရုံပိုင်မြေမှာရှိတဲ့ မမြင်အပ်သော အစောင့်အရှောက် ပုဂ္ဂိုလ်တွေကို အပ်ထားတယ်၊ ဒီကန်တော့ပွဲကို အခုအချိန်က စပြီး တစ်ဖွဲ့လုံးက ကန်တော့ကြရမယ်၊ ပြီးရင် ဇာတ်ရုံဝမှာ နေရာယူထားရမယ်"ဟုပြောရာ ကိုရိုးက ပြန်၍မေး၏။

"ဆရာကြီးရဲ့ အစွမ်းကို ယုံပါတယ် ခင်ဗျာ၊ အခုကတော့ ဟောဒီ ပြိုင်စံရှား ဇာတ်သဘင်ပွဲက,မယ့် (၁၀) ညလုံး မိုးမရွာဖို့ပါဘဲ၊ အဲဒီအတွက်လဲ ဆရာကြီး အစွမ်းကုန်ကြိုးစားပေးပါဦး၊ ထိုက်ထိုက်တန်တန် ကန်တော့မှာပါ"

ထိုအခါ ဘိုးတော်က ပြုံး၍-

"အဲဒါဆိုရင် အခုချိန်က စပြီး ရုံဝမှာ စက္ကူစာရွက်ကြီးကြီးနဲ့ 'မိုးလားလေလားပြိုင်စံရှား' ဆိုပြီး မိုးနတ်သားကို တောင်းပန်တဲ့အနေနဲ့ ယတြာချေရမယ်ဟေ့။

ဒါမှလဲ မင်းတို့ရဲ့ ပြိုင်စံရှား ဇာတ်သဘင်ကို မိုးလေကင်းလွတ်လေအောင် စောင့်ရှောက်ပေးလိမ့်မယ်၊ ကဲ ကဲ. . ငါသွားမယ်၊ ပြောတဲ့အတိုင်းသာ လုပ်ကြပါ"

ဟူ၍ပြောကာ လှည့်ထွက်သွားတော့၏။

ထိုအခါ ကိုရိုးက ဘိုးတော်နှင့်ပါလာသော တပည့်ဖြစ်ဟန်တူသူကို ငွေတစ်သိန်း ထုတ်ပေးလိုက်လေသည်။ ထိုအချိန်မှစ၍ ကိုရိုးမျက်နှာမှာ ပြုံးရွှင်ပြီး အမှန်တကယ် မိုးမရွာနိုင်တော့ဟု သတ်မှတ်လိုက်ပုံရပါသည်။

ဇာတ်သူဇာတ်သားများလည်း ကိုယ့်အလုပ်ကိုယ် ဆက်လုပ်ကြလေ၏။ ဘိုးတော်စွမ်း၍ပဲလား မသိချေ၊ ညနေ (၆)နာရီခွဲအထိ မိုးလုံးဝမရွာဘဲ ဖျာလက်မှတ်တွေ အတော်ရောင်းရ၏။

သို့သော် ရုံတစ်ဝက် မကျိုးသေး။ ထိုအတူ လူဝင်လက်မှတ်ကလည်း ထုံးစံအတိုင်း ပွဲထွက်ခါနီးမှ ရောင်းရမှာမို့ ကိုရိုးနှင့် မဖြူဖြူမှာ မိုးနတ်မင်းကြီးကို တောင်းပန်နေရသည်။

ကျွန်ုပ်ကား မိမိအခန်း အတွင်း၌ လဲလျောင်းရင်း အခြေအနေကို အကဲခတ်နေမိသည်။

ကံက ဆိုးပါသည်။ (၇)နာရီထိုးသောအခါကား. . .

"ဝေါ . . ."

ရုတ်တရက် မိုးရွာလေပါ ဝင်လာတော့သည်။

"ဟေ့မိုးရွာရင် တာလပတ်တွေ မိုးကြဟေ့၊ မီးတွေ ရေမစိုကြစေနဲ့"

"ဖျာတွေသိမ်းကြစမ်း၊ မိုးရွာနေပြီ၊ လုပ်ကြစမ်းပါဟ"

ဇာတ်တစ်ဖွဲ့လုံး ပျာယာခတ်သွားကြသည်။ ကိုရိုးနှင့် မဖြူဖြူလည်း မျက်လုံးပြူး မျက်ဆန်ပြူးဖြင့် တောင်ပြေးမြောက်ပြေးဖြစ်နေကြ၏။ မိုးကားအတော်သည်း၏။ မည်မျှသည်းသနည်းဟုဆိုရသော် ဇာတ်နဖူးစီး ဆိုင်းဘုတ်ကလေးပင် ကြိုးပြတ်ကာ ရေထဲမျော သွားလေ၏။ နယ်ခံ မြို့သားတွေက တော့မထူးဆန်းပါချေ။ ကျွန်ုပ်တို့ကသာ နွေခေါင်ခေါင်ကြီး မိုးရွာခြင်းကြောင့် ထူးဆန်းနေ၏။

ကိုရိုး မျက်နှာကား ဒေါသရိပ်ကလေးဖြင့် နီရဲနေချေပြီ။

"တောက် . . ခွေးမသားမိုး"

ထိုစကားသံသည် မိုးတိတ်သွားသောအခါ ထွက်ပေါ်လာသော ကိုရိုး၏အသံဖြစ်၏။ ကိုရိုးသည် လက်နှိပ်ဓာတ်မီးတစ်လက်ကိုယူ၍ ဓားမတစ်ချောင်းကို ကိုင်ကာ ဇာတ်ရုံထဲ ဆင်းသွားပြီး မရှုမလှ မြင်ကွင်းတွေကို ကြည့်သည်။

ကျွန်ုပ်တို့ တစ်ဖွဲ့လုံးကား ကိုရိုး၏ဒေါသကို သိသဖြင့် အသာငြိမ်၍ ချောင်းကြည့်နေကြ၏။

ကိုရိုးသည် ဇာတ်ရုံဝ၌ ကပ်ထားသော "မိုးလားလေလားပြိုင်စံရှား" ဟူ

www.burmeseclassic.com

သည့်ပြုတ်ကျရေမျောနေသော စက္ကူဆိုင်းဘုတ်လေးကိုနင်းခြေကာ စိတ်ပျက်လက်ပျက်ဖြင့် ကန်တော့ပွဲကို ကြည့်သည်။

ပြီးတော့ သူ၏လက်ထဲမှာဓားမဖြင့် ကန်တော့ပွဲကို ခုတ်ပါတော့၏။

ပါးစပ်မှလည်း. . .

"ကဲကွာ ကဲကွာ၊ ××× အစောင့်အရှောက်တွေ၊ ဒီအတိုင်းပဲ ကြည့်နေကြသလား၊ မိုးကို မတားပေးနိုင်ကြဘူးလား" ဟု ဆဲဆိုကာ ကန်တော့ပွဲတင်ထားသောစင်ကိုလည်း ကန်ချပြီး အရုပ်လေးမျက်နှာလှည့်ကာ အစောင့်အရှောက်များကို ဆဲသည်။ ထိုအခါ မဖြူဖြူက ထွက်လာပြီး. .

"အမယ်လေး ကိုရိုးရယ်၊ ကြားလို့မှ မကောင်းတော်၊ သူများ မြို့ရွာမှာ ကျုပ်ကို အရှက်မခွဲစမ်းပါနဲ့၊ လာပါရှင်၊ ကံမှမကောင်းတာ၊ ဘယ်တတ်နိုင်မလဲ"

ဟု ဆိုကာ သူ့ယောကျ်ားကို ဆွဲ၍ ဇာတ်ရုံနောက်ဘက်သို့ ခေါ်သွားရာ ကိုရိုးလည်း ယက်ကန်ယက်ကန်ဖြင့် ပါသွားလေ၏။

သို့သော် ပါးစပ်မှတဗျစ်တောက်တောက် ဒေါသသံတို့က အားလုံးကြားနေရသေးသည်။ ဇာတ်တစ်ဖွဲ့လုံးကား ကန်တော့ပွဲကို ဓားနှင့်ခုတ်သူ ကိုရိုးကို အံ့အားသင့်၍ ကြောက်ရွံ့နေကြ၏။ သူတို့ ကြောက်သည်မှာ ကိုရိုး မဟုတ်။ ဆိုင်ရာပိုင်ရာ ပုဂ္ဂိုလ်များကိုသာတည်း။

တဖြည်းဖြည်းနှင့် ည (၉)နာရီ ကျော်သို့ရောက်ချေပြီ။ ယခုည၌ ကျွန်ုပ်တို့အဖွဲ့ မက,ဖြစ်ဘဲ မိုးအေးအေးဖြင့် ထမင်းစားပြီး တွေးနေကြလေ၏။

ကျွန်ုပ်မှာမူ ဇာတ်ထဲမှ ဘာသာရေးသမားကြီး နှဲဆရာဦးဖိုးသာအောင်နှင့် ညနေက မိုးတားသည့်ကိစ္စကို ဆွေးနွေးကြလေ၏။

"အဘ ဘယ်လို ယူဆသလဲဗျာ၊ ကျွန်တော်တော့ သိပ်မယုံချင်ဘူး"

"မယုံဆို မဟုတ်လို့ပေါ့မင်းသားရယ်"

"ဗျာ၊ တကယ် မဟုတ်ဘူးလား အဘ၊ ကျွန်တော်လဲ ထင်ပါတယ်၊ ဒီဘိုးတော်က အတုအယောင်ပဲ ဖြစ်လိမ့်မယ်လို့၊ ဒါပေမယ့် ရှေးခေတ်ကတော့ မိုးတားတယ်ဆိုတာ ရှိခဲ့တယ် မဟုတ်လား"

ကျွန်တော်၏ အမေးကို နှဲဆရာကြီး ဖိုးသာအောင်က အသေအချာ စဉ်းစား၍ . .

"ဒီလိုရှိတယ် မင်းသားရဲ့၊ မိုးတားတယ်ဆိုတာ အဲဒီ တားတဲ့ လူရဲ့ ဘုန်းသမ္ဘာနဲ့ဆိုင်တယ်၊ သီလ၊ သမာဓိ အားကောင်းတဲ့၊ စရဏ အကျင့်အားကောင်းတဲ့ ပုဂ္ဂိုလ်မျိုးတွေ၊ တကယ်ဝိဇ္ဇာ မန္တရပညာ တတ်မြောက်သူတွေနဲ့ စကြဝဠာထိ အာဏာစက် သက်ရောက်တဲ့ သီရိဓမ္မာ အသောကရာဇာ မင်းကြီးလို မင်းဧကရာဇ်များတွေမှ ရတာကွဲ့။

ဒီလို ငမျောက်ငခြောက် ဘိုးတော်က ဘယ်လိုလုပ် တားနိုင်မှာတုံး၊ ပေါက်ကရ အမှားလုပ်မိရင် ဒီနယ်က ဆိုင်ရာပိုင်ရာ အစောင့်အရှောက်က သူ့ကို ဒုက္ခပေးလိမ့်ဦးမှာ" ဟုပြောရာ ကျွန်ုပ်လည်း မျက်လုံးပြူးသွားသည်။

"ဟာ, ဒါဆို ကန်တော့ပွဲကို ဓါးနဲ့ခုတ်ပြီး အစောင့်အရှောက်တွေကို ဆဲနေတဲ့ ကိုရိုး ဒုက္ခရောက်နိုင်တာပေါ့"

"အင်း. . . ကံပေါ့ လူလေးရယ်၊ ပါးစပ်နဲ့ပြောလို့ မယုံရင် လက်တွေ့သိရဦးမှာပေါ့"

ကျွန်ုပ်သည် ထိုကဲ့သို့ စကားပြောပြီးသော် ညစာစား၏။ ည(၁၁) နာရီခန့်တွင် မိမိအခန်းတွင်း၌ စာအုပ်တစ်အုပ်ကိုဖတ်ရင်း တွေးနေတော့၏။

ထိုစဉ်. . .

"အမယ်လေး လာကြပါဦးတော့ မြွေကြီး မြွေကြီး ဝင်လာတယ်"

အသံကြားသဖြင့် တစ်ဇာတ်လုံး ထ၍ ကြည့်ကြရာ ဇာတ်ဆရာကိုရိုးနှင့် သူ့မိန်းမ မဖြူဖြူ၏ အခန်းထဲမှ ဖြစ်၏။

ကျွန်ုပ်လည်း အသေအချာသွားကြည့်ရာ လူကြီးခြေသလုံးခန့် ရှိသော စပါးကြီးမြွေကြီးတစ်ကောင်သည် ကိုရိုးတို့အခန်းတွင်းသို့ လျှော၍ ဝင်နေသည်ကို တွေ့ရသည်။ နှဲဆရာ ဖိုးသာအောင်က အားလုံးကို လက်ကာပြ၍ နောက်ဆုတ်စေပြီး. . .

"ဟေ့. . ဟေ့ သူ့ကို အန္တရာယ်မပြုကြနဲ့ကွ၊ ဒါ အစောင့်အရှောက်တွေလာ သတိပေးတာပဲ ဖြစ်မယ်၊ ညနေက တစ်စုံတစ်ရာ အမှားလုပ်မိလို့နေမှာ" ဟု ပြောရာ အဖွဲ့သားများ နောက်သို့ ဆုတ်ပြီး တစ်ယောက်တစ်ပေါက် ပြောကုန်ကြသည်။

"ဟယ်. . ညနေက ဇာတ်ဆရာ ကန်တော့ပွဲကို ဓားနဲ့ခုတ်လို့နေမှာ"

"အေးလေ ဆဲလဲဆဲသေးတယ် ဒီမြွေ သူ့ကိုလာခြောက်တာနေမှာပဲ"

ထိုစကားသံများကို ဇာတ်ဆရာ ကိုရိုးကြားသော် ချက်ချင်းပင် စိတ်[illegible] သွားပြီး သူ၏ ခုတင်အောက်မှ ရဲတင်း တစ်လက်ကို ယူ၍ -

"ဟေ့ အားလုံး ပါးစပ်ပိတ်[illegible] စမ်း၊ ဘာအစောင့်အရှောက်မှ ငါယုံဘူး ဒီမြွေကမြို့လယ်ကောင်ကြီးမှာ ဘယ[illegible] ဘယ်လို တက်လာတာလဲ၊ ဒါ. . တ[illegible] ယောက်ယောက်က ငါ့ကိုဒုက္ခပေးချ[illegible] လို့လုပ်တာဖြစ်ရမယ်၊

ဒီတော့ ကဲအားလုံးကို မြွေသာ[illegible] ဟင်း ချက်ကျွေးရတာပေါ့" ဟုဆို[illegible] စပါးကြီးမြွေကြီးအား ခေါင်းကို ရဲတင်[illegible] ဖြင့် ခုတ်လိုက်တော့၏။

"ဒုတ်. . . ဒိ. ."

"ရှီး. . . ဖြီး. . ဗုန်း. . ဗုန်း"

စပါးကြီးမြွေသည် ထွန့်ထွန့်[illegible] နေအောင် ခါယမ်းလေရာ ဇာတ်ရုံ[illegible] ဝါးလုံးတိုင်အချို့ပင် ပြုတ်ထွက်ကုန်[illegible]


"အား . . မကြည့်ရဲဘူး"

"အမယ်လေး. . . ဒုက္ခပါပဲ"

တစ်ဖွဲ့လုံး ခေါင်းပြုတ် မြွေကြီး[illegible] အား မကြည့်ရဲသဖြင့် မိမိနေရာ [illegible] ပြန်ကြ၏။

မြွေကြီးသည် နာရီဝက်ခန့်[illegible] အသက်ဆန့်ငင်ဆန့်ငင် ဖြစ်ပြီးနော[illegible]

www.burmeseclassic.com



သေဆုံးသွားတော့သည်။ ကျွန်ုပ်နှင့် ဖိုးသာအောင်ကား ဘုရားစာရွတ်၊ မြွေကြီးကို အမျှဝေရုံမှတစ်ပါး အခြား မရှိပါတော့ချေ။

"ဟေ့၊ အဖွဲ့သားထဲက ကောင်လေးတွေ လာကြစမ်း၊ ဒီမြွေကို တုံးတစ်ပြီး မဆလာနိုင်နိုင်နဲ့ အခုချက်စမ်းကွာ၊ ငါစိတ်ညစ်နေတာနဲ့ အတော်ပဲ၊ အရက်နဲ့မြည်းရမယ်၊ မင်းတို့လဲ စားကြပေါ့"

ကိုရိုးက သူ၏ အလုပ်သမားများကို ခေါ်ပြီး ညကြီးမင်းကြီး မိုးပြဒယ်ဖြင့် မြွေသားဟင်းကို ချက်ပြုတ်ခိုင်းလေသည်။

ဇာတ်ထဲမှ အလုပ်ကြမ်းသမားများကလည်း မူးမူးရူးရူးဖြင့် ခိုင်းသည့်အတိုင်း သေသွားသော မြွေကြီးကို တုံးတစ် ခုတ်လှီးပြီး ဆား၊ နနွင်းတို့ဖြင့် နယ်ကာ ချက်လေ၏။

ကျွန်ုပ်တို့ ဇာတ်အဖွဲ့သားများမှာတော့ ကြောက်လည်း ကြောက်ရွံ့သဖြင့် ထိုကိစ္စကို အနားသို့မကပ်ဘဲ ခပ်လှမ်းလှမ်းမှ အကဲခတ်နေလိုက်ကြ၏။ နာရီဝက်ခန့်အကြာတွင် မိုးပြဒယ်အတွင်းမှ မြွေသားဟင်း အတုံးများသည် တဗွက်ဗွက် ဆူပွက်လာပြီး စားချင်စဖွယ်အနံ့ဖြင့် ဆွဲဆောင်နေလေ၏။

အချို့က တံတွေးကို ကျိတ်ပြီး မျိုချသလို အချို့ကလည်း နှာခေါင်းပိတ်၍ မသိဟန်ဆောင်လေ၏။ ကိုရိုးသည် ဇာတ်သေတ္တာပေါ်၌ ထိုင်ရင်း ယောက်ချိုဇွန်းကြီး တစ်ချောင်းဖြင့် စားရန် ဟန်တပြင်ပြင် ရှိလေသည်။

"ဟေ့၊ သံချောင်း၊ ဟင်းကမွှေးလှချေလားကွ၊ စားလို့ရရင် ငါ စားချင်တယ်ကွာ"

"ရပြီဆရာ၊ စားလို့ရပြီ"

ကိုရိုး၏ တပည့် သံချောင်းက မိုးပြဒယ် အတွင်းမှ မြွေသားဟင်းတုံးများကို မွှေပြီး လက်သီးဆုပ်သာသာခန့် အတုံးတစ်တုံးကို ဇာတ်ဆရာအတွက် ခပ်ပေးလိုက်သည်။

ကိုရိုးသည် အငွေ့ တထောင်းထောင်း ထနေသော အနှီမြွေသားဟင်းတုံးကို အာသာငမ်းငမ်းဖြင့် ပါးစပ်ထဲသို့ ဆတ်ခနဲ ပစ်သွင်းလိုက်တော့၏။

"အု. . . ဋူး. . .ဋူး"

"ဟာ. . ဘာဖြစ်တာလဲ"

ရုတ်တရက် ကြည့်နေစဉ်မှာပင် ကိုရိုး၏လည်ချောင်းဝ၌ ပူလောင်နေသော မြွေသား ဟင်းတုံးကြီး တစ်နေသည်ကို တွေ့လိုက်ကြရ၏။

"ဟာ. . . လုပ်ကြပါဦး၊ ကိုရိုး နင်နေပြီ"

"အစ်. . အစ်"

ကိုရိုးသည် သူ၏လည်ပင်းကို ကိုင်ရင်း မြေပြင်ပေါ် လူးလိမ့်နေတော့သည်။

ဟင်းတုံးအပူကြီးကို အာမထိလျှာမထိ အလျင်စလို မျိုချရာမှ လည်ချောင်းဝ၌ တစ်ပြီး အသက်ရှူလမ်းကြောင်း ပိတ်နေပြီထင်၏။

မဖြူဖြူလည်း စိုးရိမ်ပြီး ရေတိုက်၏၊ မရချေ။

နောက်ဆုံး ထမ်းစင်ဖြင့် ထမ်းပြီး ကားပေါ် တင်ကြ၏။

"ဆေးရုံကိုမောင်း၊ ဆေးရုံကို အမြန်မောင်းကြ"

ကိုရိုးကား လူးလှိမ့်နေပြီး မျက်ဖြူလန်နေသည်။ ကျွန်ုပ်သည် မောင်းထွက် သွားသောကားကို ငေးကြည့်ရင်း အံ့ဩနေမိ၏။ နဲ့ဆရာ ဘကြီးဖိုးသာအောင်ကမူ မေတ္တာသုတ်ကို ရွတ်ရင်း မေတ္တာပို့နေလေတော့သည်။

ကျွန်ုပ်၏အယူအဆကား နယ်ခံပုဂ္ဂိုလ်အစောင့်များကို စော်ကားသည့်အတွက် ကိုရိုးခမျာ ဒဏ်ပေးခံရခြင်း ဖြစ်နိုင်၏။

ကျွန်ုပ်အနေဖြင့် နတ်၊ နဂါး (၃၇)မင်းအယူအဆကို မယုံသော်လည်း နယ်တိုင်းတွင် သူ့အစောင့်အရှောက်နှင့်သူ ရှိသည်ကိုတော့ လက်ခံမိ၏။

ယခု ကိုရိုး၏ဘဝကား အသက်မှ ပြန်ရနိုင်ပါလေစ။

**ဝေယံသိန်း**

□

www.burmeseclassic.com



# ငရဲ ဟူသည်

စောနိုင်ထူး

ငယ်စဉ်ကာလ ကလေးဘဝက တည်းက လူကြီးသူမတို့၏ ဆိုဆုံးမမှုဖြင့် ကြီးပြင်းလာခဲ့ရသည်။ ငရဲကျလိမ့်မည်။ ငရဲကြီးမှာ မကြောက်ဘူးလား၊ ငရဲကြီးရှစ်ထပ် အဝီစိငရဲအပါယ်လားမယ့်လူစ သဖြင့် ထည့်သွင်းပြောဆိုဆုံးမတတ်ကြသည်။

ငရဲဆိုသည်မှာ ကြောက်စရာကောင်းမှန်းတော့သိသည်။ ရေရေရာရာသိသည်တော့မဟုတ်၊ တမင်သက်သက်ခြဲ့ကားပြောဆိုနေကြတာ၊ကြောက်အောင်လှန့်နေတာပဲဟုသာ ထင်မှတ်များပြီးဘာသိဘာသာနေလာခဲ့ရမှ ကိုယ်တိုင်ကိုယ်ကျ ဝင်ရှုလည်ရတော့သည်။

မိမိ မွေးထားသော သားသမီးများအား ပုံတိုပတ်စ ပြောရင်း မိဘစကားနားထောင်စေရန်၊ မကောင်းမှုကိုမပြုမိစေရန် ငရဲနှင့်ခိုင်းနှိုင်း၍ ခြောက်ရဟန့်ရတော့သည်။

ကျွန်တော်တို့ ငယ်ငယ်တုန်းက အဘွားဖြစ်သူအား ဆောဒက တက်ဖူးသည်။

"ငရဲဆိုတာ ဘာလဲအဘွား" ဆိုတော့ အဘွားက ခပ်ဆတ်ဆတ်လေး ပြန်ပြောသည်။





www.burmeseclassic.com

www.burmeseclassic.com

“ဟဲ့၊ ငရဲဆိုတာ ငရဲပေါ့၊ အရွယ်နဲ့လိုက်၊ စပ်စုလိုက်တာ လွန်ရော”

သူတို့ဆီက ရေရေရာရာ မသိတော့ ကိုယ့်ဘာသာကိုယ် စာအုပ်တွေထဲ ရှာဖတ်ရသည်။ ဒီတော့မှ ခပ်ရေးရေး သိခွင့်ရခဲ့သည်။ ငရဲဆို ချိန့်နဲ့လား အဖြေကို တီးမိခေါက်မိပေတော့သည်။

စာပေတို့၏ ကျေးဇူးကားကြီးလေစွ။ ဒီစာပေ ဗဟုသုတကလေးနဲ့ သမီးနဲ့သားအား အရိပ်အမြွက်မျှ ရှင်းပြနိုင်ခဲ့သည်။ (ယုံတာ မယုံတာကတော့ သူတို့အပိုင်းပေါ့ဗျာ၊ ဒီခေတ်ကလေးတွေက ကျွန်တော်တို့ ခေတ်လို ညာလို့ဖြီးလို့ လွယ်လွယ်နဲ့ လက်ခံကြတဲ့ခေတ် မဟုတ်တော့ဘူး)

ဒါကြောင့် ငရဲဘုံနဲ့ ပတ်သက်ပြီး ထက်လှမ်းမီသမျှ ရှာဖွေဖတ်ရှု ကောက်သင်းကောက်ပြီး စာဖတ်သူတို့ ဗဟုသုတရစေခြင်းအလို့ငှာ ဒီစာစုလေးကို နေသားတင်ပြလိုက်ရခြင်း ဖြစ်သည်။

ကျွန်တော်တို့ နေထိုင်ကြတဲ့ လူ့ပြည်ဟာ ပံသုလို့ခေါ်တဲ့မြေကြီးရဲ့ ထိပ်ပိုင်းမှာ တည်ရှိပြီး အဝီစိကတော့ သိလာပထဝီလို့ခေါ်တဲ့ ကျောက်မြေရဲ့ ထိပ်ပိုင်းမှာ တည်ရှိပါတယ်။ ငရဲဘုံပေါင်း (၂၅၆)ဘုံ တည်ရှိတယ်လို့မှတ်သားရပါတယ်။

ငရဲကြီးရှစ်ထပ်လို့ခေါ်တဲ့ ငရဲရှစ်ဘုံဟာ ဇမ္ဗူဒိပ် တောင်ကျွန်းရဲ့ အောက်တည့်တည့်မှာ အစဉ်လိုက်ဆိုသလို တည်ရှိနေကြပြီး လူ့ပြည်နဲ့ အဝီစိဘုံဟာ ယူဇနာတစ်သိန်းနှစ်သောင်းချ ကွာဝေးပါတယ်။

ဒီငရဲဘုံတွေဟာ သတ္တဝါတွေကို ဆည်ဝမှာ ထောင်ထားတဲ့ မြှုံးကြီးတွေလို အောက်ကနေခံထား၊ သောင်ထားသလို တည်ရှိကြသတဲ့၊ မျက်စိထဲမြင်ယောင်ကြည့်ပေါ့ဗျာ။ ကြက်သီးထရော။ ကျမ်းဂန်တွေအဆို အရတော့ လူ့ဘုံ နတ်ဘုံတွေဆိုတာဟာ ခေတ္တခဏ တည်းခိုခွင့်ရတဲ့ အိမ်ငှားတွေနဲ့တူတယ်လို့ ဆိုကြပါတယ်။

ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ၊ အသူရကာယ်ဘုံလို့ အမည်တွင်တဲ့ ဘုံလေးဘုံမှာ ငရဲဘုံဟာ နေရာဌာန အသီးအခြားနဲ့ တည်ရှိနေကြတာပါ။ တချို့မြေပေါ်မှာတည်ရှိပြီး တချို့က သမုဒ္ဒရာထဲမှာ ရှိကြပါတယ်။ အချို့က တောင်ချောက်ကမ်းပါးထဲမှာ ရှိကြပါတယ်။ အချို့ကတော့ မြေကြီးထဲမှာ၊ အချို့ကတော့ ကောင်းကင်မှာ တည်ရှိပါသတဲ့။

ဇာတိကို လည်းကောင်း၊ ခန္ဓာကိုယ်ကိုလည်းကောင်း၊ ခန္ဓာကိုယ်ရဲ့ ဖြစ်ရာအရပ်ကို လည်းကောင်း ဘုံဟူ၍ သတ်မှတ်ထားခြင်း ဖြစ်ပါတယ်။

ငရဲကြီး ရှစ်ထပ်ကို အရင်ဆုံး နာမည်စာရင်းနဲ့တကွ ပြောပြရရင် -

(၁) သဉ္ဇိုဝ်း ငရဲ
(၂) ကာဠသုတ် ငရဲ
(၃) သင်္ဃာတ ငရဲ
(၄) ရောရုဝ ငရဲ
(၅) မဟာရောရုဝ ငရဲ
(၆) တာပန ငရဲ
(၇) ပတာပန ငရဲ
(၈) အဝီစိငရဲတို့ပဲ ဖြစ်ပါတယ်။

## (၁) သဉ္ဇိုဝ်းငရဲ

ဒီငရဲကတော့ လူ့ပြည်နဲ့ ယူဇနာပေါင်းတစ်သောင်းငါးထောင်ကွာဝေးတဲ့ အောက်မြေတွင်းထဲမှာ တည်ရှိတာပါ။ ယူဇနာတစ်သောင်းကျယ်ဝန်းပါတယ်။

အဲဒီငရဲမှာ အလျှံ တပြောင်ပြောင်တောက်လောင်နေတဲ့ သံမြေပြင်ကြီးရှိပြီး အသင်္ချေယျ အနန္တ ဖြစ်သော ငရဲသတ္တဝါတွေနဲ့ ပြည့်နေပါတယ်။ အဲဒီငရဲမှာ ငရဲထိန်းတွေဟာ အလွန်ထက်တဲ့ ဓားလှံလက်နက်တွေနဲ့ ငရဲသားတွေရဲ့ ဦးခေါင်း ခြေလက်တို့ကို အပိုင်းပိုင်းဖြစ်အောင် ဖြတ်ကြပါတယ်။ သံမြေပြင်ပေါ်မှာ လဲနေတဲ့ငရဲသားတွေကို ဓားမတင်းပုတ်ကြီးနဲ့ ထုနှက်နေကြပြန်တယ်။

ငရဲသားတွေနဲ့ အသားအရေနဲ့ အရိုးအကြောတွေဟာ ကြေကျကုန်ပြီး သွေးတွေဆိုရင် မြစ်ပင်လယ်ကြီးလိုဖြစ်ပြီး လှိုင်းတံပိုးနဲ့အတူ ပြင်းထန်စွာ စီးသွားကြတယ်။ ဒီအသားအသွေးတို့ သံမြေပြင်ကနေ မီးလုံးကြီးက ထပြီး ဟပ်ပြန်တယ်။ မီးဟပ်တာနဲ့ ဆုံးဝ အစမှောက်သွားကြရတယ်။ ဒါပေမယ့် စီရင်မှုအရ တစ်ဖန်သော ဥပပါတ် ဇာတိအားဖြင့် ငရဲသားဘဝ ပြန်ရောက်ကြရတယ်။ ထပ်မံ အနှိပ်စက် အသတ်အဖြတ် ခံရပြန်တယ်။ ကံမကုန်သရွေ့ ခံကြရတယ်။

ဝဋ်ကြွေးမကုန် ကံမကုန်မချင်း နှစ်ပေါင်းသိန်းသန်းနဲ့ ချီပြီး ထပ်ကာထပ်ကာ အသက်ရှင်၊ ထပ်ကာထပ်ကာ ငရဲခံကြရတယ်။

ဒီငရဲဘုံဟာ တိရစ္ဆာန် သားရဲ သတ္တဝါတွေကိုသတ်တဲ့ သားသတ်ရုံနဲ့ တူတယ်လို့ သိဉ္ဇိုဝ်းငရဲလို့ ခေါ်တာပဲ ဖြစ်ပါတယ်။

## (၂) ကာဠသုတ်ငရဲ

ဒီငရဲကတော့ သိဉ္ဇိုဝ်း ငရဲရဲ့ အောက်အစောက်ယူဇနာတစ်သောင်းငါးထောင်ကွာတဲ့ မြေလိုဏ်ဥမင်ကြီး အတွင်းမှာရှိပြီး ယူဇနာတစ်သောင်း ကျယ်ဝန်းပါတယ်။ ဒီငရဲကလည်း လူ့ပြည့်လူလျှံ ဆိုပဲ။ ဒီငရဲကျတော့ ခံရချက်ကတစ်မျိုး။ ငရဲထိန်းတွေဟာ အလျှံ တပြောင်ပြောင် တောက်လောင်နေတဲ့ လက်နက်အမျိုးမျိုးနဲ့ ငရဲသားတွေကို ပစ်ခတ်ပြီး လဲကျစေတယ်။ လဲနေတဲ့ ငရဲသားတွေကို ထန်းလုံးလောက်ရှိတဲ့ သံစို့ကြီးတွေနဲ့ မလှုပ်နိုင်အောင် ခိုင်မြဲစွာ သံမြေပြင်မှာစိုက်ပြီး ထိုးနှက်ကြတယ်။

ပြီးတော့ သစ်ခွဲတဲ့ လွှသမားတွေလို ငရဲသားတွေကို မျဉ်းသားပြီးမှ အိမ်အမိုးတစ်ခြမ်းစာလောက်ရှိတဲ့ ဓားမကြီးတွေနဲ့ ခုတ်ကြထစ်ကြ စိတ်ကြတယ်။ တစ်ခြမ်းပဲ့ကျောက်တောင်ပမာဏရှိတဲ့ ပဲခွပ်တွေ၊ ပုဆိန်တွေနဲ့ သားသားတဲ့ မျဉ်းအတိုင်း ခုတ်ထစ်ဖြတ်တောက်ကြတယ်။ အလွှာလွှာခွာပြီး နေကြတယ်။ အလွန်ကြီးပြီး အလွန်ထက်တဲ့ ငရဲ အစွယ်ရှိတဲ့ လွှကြီးတွေနဲ့ တိုက်ခွဲကြတယ်။ လက်သမားဆရာသင်လို

www.burmeseclassic.com

ဝင်စားတဲ့ ငရဲထိန်းတွေလား မသိဘူး။ သူတို့ဟာ အခဲ့စိတ်ခံ ငရဲသားတွေကို သေသေချာချာ စနစ်တကျနဲ့ အပါးပါး ခွဲတယ်။ အစိတ်စိတ်ခွဲတယ်။ ပြီးတော့ အမွှာမွှာ ဖြစ်အောင်လုပ်ကြပြန်တယ်။ ပြီးပြီဆိုမှ သံမြေပြင်ပေါ်က ထလာတဲ့ ငရဲမီးငရဲကြီးဝါးမျိုသွားပြီး အားလုံးကွယ်ပျောက်သွားကြတယ်။ ဒီတော့မှ ငရဲထိန်း လက်သမားဆရာတွေ တာဝန်ပြီးတော့တယ်။

ငရဲသားတွေဟာ ဒါမျိုးတွေကို ကံစွမ်းမကုန်သေးသမျှ ဥပပါတ်ဇာတိအားဖြင့် အဖန်ဖန် အထပ်ထပ်ခံပြီးရင်း ခံကြရတယ်။

BURMESE CLASSIC

## (၃) သင်္ဃာတ ငရဲ

ဒီငရဲကတော့ ကာဠသုတ်ငရဲအောက်မှာရှိပြီး ယူဇနာတစ်သောင်းခွဲဝေးတဲ့ မြေအောက် ဥမင်လိုဏ်ဂူထဲမှာရှိတာပါ။ အကျယ်က ယူဇနာတစ်သောင်း ရှိတယ်။ ဒီမှာ ခံကြရမယ့် ငရဲသားတွေကတော့ အကြီးကြီးတွေ။

သူတို့ရဲ့ခန္ဓာကိုယ်ဟာ သုံးဂါဝုတ် ပမာဏ ရှိကြတယ်။ သူတို့ရဲ့ခန္ဓာကိုယ်ဟာ တစ်ဝက်က သံမြေပြင်ထဲနစ်မြုပ်နေပြီး တစ်ဝက်က ပေါ်နေသတဲ့။ ဒီငရဲသားတွေကို အပြစ်ပေးပုံကတော့ အရပ်လေးမျက်နှာမှာရှိတဲ့ ကြီးကျယ်မြင့်မားလွန်းတဲ့ မီးလျှံတပြောင်ပြောင်နဲ့လောင်နေတဲ့ ငရဲတောင်ကြီးတွေဟာ အသံအကျယ်ကြီး မြည်ဟည်းပြီး သံတလိမ့်တုံးကြီးလို လိမ့်လာပြီး ငရဲသားတွေကို လမ်းကြိတ်စက်လို ရက်ရက်စက်စက်ကြိတ်နင်းသွားကြတယ်။

ငရဲသားတွေကိုယ်က ထွက်တဲ့ သွေးတွေဟာ လှိုင်းတံပိုးလို ငရဲတံတိုင်းကိုတောင် ရိုက်ခတ်ကြတယ်။ ညက်ညက်ကြေ နေတဲ့ ငရဲသားတွေကို ငရဲမီးတွေက အစဖျောက်ပေးလိုက်ကြတယ်။ ဒီလိုနဲ့ပဲ ငရဲသားတွေဟာ ကံစီရင်တဲ့အတိုင်း ပြန်ဖြစ်လိုက်၊ ပြန်ခံလိုက်နဲ့ပေါ့။

## (၄) ရောရုဝ ငရဲ

ဒီငရဲကတော့ ကျွန်တော်တို့ ကြားဖူးနေကျငရဲပါ။ နံပါတ်သုံးငရဲကြီးရဲ့အောက်မှာရှိပြီး သူ့အရင်ငရဲကြီးတွေလိုပဲ ယူဇနာအကွာအဝေးရောအကျယ်အဝန်းပါ အတူတူပဲ ဖြစ်ပါတယ်။

အခြား ငရဲတွေနဲ့မတူ ထူးခြားတာက ဒီငရဲမှာ ကမ္ဘာလုံးပတ်လည်တည်တဲ့ အလွန်နံစပ်ချဉ်တူးပြီး အလွန်ပူပါတယ် ဆိုတဲ့ အခိုးအငွေ့တွေနဲ့ ပြည့်နေခြင်းပဲ ဖြစ်ပါတယ်။ ကျမ်းစာထဲမှာပါတဲ့အတိုင်း ရေးပြရရင်-

"ငရဲသားတို့သည် သုံးဂါဝုတ်ကိုယ်ပမာဏ ရှိသည်။ တောင်ခေါင်းတွင် လိုဏ်များထဲသို့ ရေများအတင်းတိုးဝင်စီးသကဲ့သို့ ငရဲသားတို့၏ ဒွါရကိုးပေါက်မှာလည်းကောင်း၊ မွေးညင်းပေါက်တို့မှ လည်းကောင်း ယင်းငန်စပ်ချဉ်တူးသော အခိုးအငွေ့တို့သည် ဝင်ကြသည်။ အလွန်ပူပြင်းသော သံအိုးကင်းထက်၌ ဖုတ်ကြော်လှော်အပ်သော အမဲတစ်မှ အခိုးခြောင်းခြောင်း ထဘိသကဲ့သို့ ငရဲသားတို့ တစ်ကိုယ်လုံးမှ အခိုးတခြောင်းခြောင်း ထကုန်သည်။

ငရဲသားတွေခမျာမှာ ဒီအနံ့တွေကို ရှူမိတော့ ပူလောင်ကျိန်းစပ်လွန်းတာနဲ့ အော်ဟစ်ငိုကြွေး နေကြရတယ်။ ဒီလိုအငွေ့နဲ့ ဒုက္ခပေး ဆုံးမလို့ ရောရုဝ ငရဲလို့ ခေါ်တာဖြစ်ပါတယ်။

## (၅) မဟာရောယုဝ ငရဲ

ဒီငရဲအုံက မဟာ တပ်ထားတော့ ပိုဆိုးတော့မှာပေါ့။ ဒီငရဲဟာ ရောရုဝငရဲအောက် အစောက်ယူဇနာ တစ်သောင်းငါးထောင်ကွာတဲ့ ဥမင်လိုဏ်အတွင်းမှာ ရှိပြီး ယူဇနာ တစ်သောင်း ကျယ်ပါတယ်။ ငရဲသားတွေရဲ့ ခန္ဓာကိုယ်ထဲကို မီးလျှံ မီးတောက်တွေက အတင်း တိုးဝင်လာကြတဲ့အတွက် ငရဲသားတွေဟာ မီးလောင်ခံ ကြရပါတယ်။ အဲဒီငရဲမီးတွေဟာ ငရဲသားတွေရဲ့ ခန္ဓာကိုယ်သွေးသားတွေကို ဝါးမျိုသွားကြပြီး မီးလောင်ခံရတဲ့ သစ်ငုတ်တိုတွေလို ဖြစ်ကြရတယ်။မခံမရပ်နိုင်အောင် နာကျင်လွန်းလို့ အော်ဟစ်ငိုကြွေးကြတယ်။ ကံမကုန်သရွေ့ ထပ်ကာထပ်ကာ ခံစားကြရပြန်တယ်။

## (၆) တာပနငရဲ

မဟာရောရုဝရဲ့ အောက်ဘက် အစောက်ယူဇနာတစ်သောင်းငါးထောင်ကွာဝေးတဲ့ ဥမင်လိုဏ်ထဲမှာ ရှိပြီး ယူဇနာတစ်သောင်း ကျယ်ပါတယ်။ ငရဲသားတွေဟာ ရဲရဲညီးလောင်နေတဲ့ သံမြေပြင်ပေါ်မှာရပ်ပြီး သူတို့ရဲ့ခြေတွေကို ရဲရဲလောင်နေတဲ့ သံစို့တွေနဲ့ ရိုက်နှက်ထိုးစိုက်ကြပါတယ်။ ကိုယ်ခန္ဓာ ဒွါရနဲ့ ဦးခေါင်းအထိ သံတံကျင်ထိုးထားတယ်။ လက်ဝဲဘက်လက်ရုံးကနေ လက်ယာဘက်လက်ရုံးထိ သံတံကျင်ထိုးထားကြတယ်။ ငရဲသားတွေ ဘယ်လိုမှ လှုပ်မရတော့ဘူးဆိုမှ သံတံကျင်တွေက မီးဟုန်းဟုန်းတောက်လောင်လာကြတယ်။ အဲဒီအချိန်မှာ လယ်ကွက်လောက်ရှိတဲ့ သံပူပြားကြီးတွေကလာပြီးကပ်ကြပြန်တယ်။ ငရဲသားတွေမှာ အဲဒီသံပြားပူရဲ့ဒဏ်ကို လှုပ်ရှားလို့မရဘဲ ခံစားကြည့်ရတယ်။

## (၇) တာပနငရဲ

တာပန ငရဲရဲ့ အောက်ဘက် အစောက် ယူဇနာတစ်သောင်း ကျယ်ပါတယ်။ မီးတွေနဲ့ ရဲရဲညီးနေတဲ့ မီးတောင်ကြီးတွေ တည်ရှိပြီး ဒီတောင်ကြီးတွေအနားမှာ ထန်းပင်ကြီးတွေလောက် ရှိတဲ့ တံကျင်တောကြီး ရှိပါတယ်။ ငရဲသားတွေကို စူးဖောက်ဖို့ အတွက် အချွန်တွေထောင်ပြီး အသင့်ရှိနေကြပါတယ်။

ငရဲထိန်းတွေဟာ ငရဲသားတွေကို နွားမောင်းသလို မီးတောင်ကြီးတွေပေါ်ကို မောင်းတင်ကြတယ်။ ပြီးတော့မီးလောင်နေတဲ့ လက်နက်မျိုးစုံနဲ့ ရိုက်နှက်ကြတယ်။ ပြီးတော့ ငရဲသားတွေကို တစ်သုတ်ချင်းခွဲပြီး သံတောင်ကြီးတွေဆီ မောင်းနှင်ပြီး တင်ကြပြန်တယ်။





www.burmeseclassic.com

www.burmeseclassic.com

သံတောင်ဆူးတွေဟာ ငရဲသား တွေရဲ့ ဝမ်းဗိုက်ထဲကို ထိုးဖောက်ပြီး အူအသည်းထိတိုင်အောင် စူးဝင်ကြရတယ်၊ ဆူးတွေဟာ ကောက်နေတဲ့ အတွက် သူတို့ရဲ့ အူအသည်းတွေကို ချိတ်ပြီးဆွဲကြတယ်။ အဆိပ်ခိုးငွေ့ရော နေတဲ့ လေပြင်းမုန်တိုင်းက တိုက်ပြန် တော့ အောက်ဘက်ကိုရောက်တော့ သံချောင်းစူးတွေမှာ ထိုးမိစွပ်မိကြရ ပြန်ရော။ ဒါကို အောက်မှာစောင့်နေတဲ့ ငရဲထိန်းတွေက သံခက်ရင်းတွေနဲ့ ထိုး ကြတယ်။

ကျမ်းစာ အဆိုအရတော့ -

"ဒီငရဲကို အများဆုံး ရောက်တဲ့ သူတွေက ယောက်ျားကို စော်ကားမော် ကားပြုတဲ့ မိန်းမတွေသာ အများဆုံးကျ ရောက်ခံစားကြရတာ"တဲ့။ ကျမ်းဂန် အဆိုအရ ပြောတာပါ။

(၈) အဝီစိငရဲ

ငရဲကြီးရှစ်ထပ်မှာ အောက်ဆုံး ဖြစ်ခြင်း အဖြစ် ပတာပနငရဲကြီး ရဲ့အောက်ဘက် အစောက်ယူဇနာတစ် သောင်းငါးထောင်ဝေးကွာတဲ့အရပ်မှာ တည်ရှိပါတယ်။ ယူဇနာတစ်သောင်း ကျယ်ဝန်းပါတယ်။ အလယ်တည်ငရဲမ ကြီးခေါ်တဲ့ အဝီစိ ငရဲဌာနချုပ်ကြီးဟာ အချင်း အထူ ကိုးယူဇနာရှိတဲ့ .တံတိုင်း ကြီးတွေနဲ့ ဝန်းရံပြီး တည်ထားပါ တယ်။ အထက်နဲ့အောက် အစောက် ယူဇနာ တစ်ရာရှိပြီး တောင်နဲ့မြောက် အရှေ့ အနောက် ယူဇနာတစ်ရာစီ ရှိပါတယ်။

အထက် မျက်နှာပြင်တို့၌လည်း အထူးယူဇနာတစ်ရာ၊ အနံ ယူဇနာ တစ်ရာ၊ ထု ကိုးယူဇနာရှိတဲ့ သံပြားကြီး တွေနဲ့ အသေပိတ်ထားပြီး ပုံစံကတော့ အလောင့်စပ်စပ်ရှိတဲ့ သံသေတ္တာကြီး နဲ့ တူပါသတဲ့။

ဒီ .အဝီစိငရဲမှာတော့ ကံကြီး ထိုက်ပြီး နှစ်ကြီးကျတဲ့ ငရဲသားတွေကို ကျရောက်စေတာ ဖြစ်ပါတယ်။ အဲဒီ အဝီစိငရဲ သံသေတ္တာကြီးမှာ တံခါးလေး ဖက်ရှိပြီး ငရဲက လွတ်တဲ့လူတွေကို ဒီတံခါးတွေကနေ ထွက်စေပါတယ်။

ငရဲမီးတွေကို ရှေ့နောက်တောင် မြောက် အပြည့်အလျှံထားရှိပြီး ဒီငရဲ မှာ ခံနေရတဲ့ သတ္တဝါတို့ ကွက်လပ် မရှိခြင်း၊ မီးလျှံတို့ ကွက်လပ်မရှိခြင်း၊ ဒုက္ခဆင်းရဲတို့ ကွက်လပ်မရှိခြင်း စတဲ့ သုံးပါးသော ကွက်လပ်မရှိတဲ့ အတွက် ကြောင့် အဝီစိလို့ခေါ်တာ ဖြစ်ပါတယ်။

ဒါဟာ ငရဲဘုံရှစ်ဘုံ(သို့)ငရဲကြီး ရှစ်ထပ်အကြောင်း ကျမ်းဂန်များအရ ရေးပြတာပါ။ ငရဲကြီးတစ်ဘုံ တစ်ဘုံ မှာပင် တစ်မျက်နှာ တစ်မျက်နှာတို့၌ ဥဿဒ ငရဲငယ် လေးထပ်ရံလျက်ရှိပြီး တစ်ဘုံတည်းမှာပဲ ဥဿဒငရဲငယ်ပေါင်း (၁၂) ခု ရှိတဲ့အတွက် ငရဲကြီးရှစ်ထပ် ပေါင်းရင် ဥဿဒ ငရဲပေါင်း (၂၅၆)ခုရှိ ပါတယ်။ ဒီဥဿဒငရဲငယ်တွေဟာ ငရဲ ကြီးရဲ့ မီးလျှံဆုံးရာ ပြင်ပအရပ်မျက်နှာ မှာ ပတ်လည်ဝိုင်းပြီး တည်နေကြတယ်။ ဒီငရဲငယ် လေးခုကတော့ ဘင်ပုပ်ငရဲ ပြာပူငရဲ လက်ပံတောငရဲနဲ့ သန်လျက် တောငရဲတို့ပဲ ဖြစ်ကြပါတယ်။

ဘင်ပုပ်ငရဲဟာ အတွင်းအကျ ဆုံးငရဲဖြစ်ပြီး ယူဇနာတစ်ရာရှိပါတယ်။ မူလငရဲဘုံကြီးကို အရပ်ရှစ်မျက်နှာက တော့ ပတ်ရံပြီး ကျုံးကြီးသဖွယ်ဝိုင်းပြီး တည်ရှိနေတာပါ။

ဘင်ပုပ်ငရဲဟာ တကယ်တော့ မစင်ပုပ် ပင်လယ်ကြီးဖြစ်ပြီးအနံ့အသက် က အတွင်းယူဇနာတိုင်အောင် ဆိုးဆိုး ဝါးဝါး ပျံ့နှံ့နေပါသတဲ့။ ဒီအနံ့ကြောင့် အသည်းအူတွေ ကျမတတ် ဖျံ့အန်ကြ ရပါတယ်။ ထိုမစင်ပုပ်ထဲမှာ ပိန်းကော လေ့ပမာဏရှိတဲ့ ပိုးလောက်တွေ ရှိကြ ပါသေးတယ်။ မူလငရဲပြည်မကြီးကနေ ထွက်ပြီးကြသူတွေဟာ ဥဿဒငရဲ၌ ကံပါရင် ဒီမှာ ဆက်ခံကြရပြန်တယ်။ ဒီမှာတော့ ငရဲသားတွေကို ပိုးလောက် တွေက ကိုက်ခဲစားသောက်ကြတယ်။ ကံမကုန်မချင်း ဥပပါတ်ဇာတိနဲ့ ဖြစ် လိုက်ခံလိုက် သံသရာ မဆုံးဘဲပေါ့။

ဘင်ပုပ်ငရဲကထွက်တဲ့ ငရဲသား တွေအတွက်ဘဲ ပြာပူငရဲက စောင့်ကြို နေပါတယ်။ ရဲရဲပူသော ပြာချအပ်သော မုန်ညင်းစေ့ကဲ့သို့ ဖျစ်ဖျစ်မြည်၍ ပေါက် ကွဲကာခံရသကဲ့သို့ ငရဲသားတို့၏ ခန္ဓာ ကိုယ်သည် ဖျစ်ဖျစ်မည်ကာ ပေါက်ကွဲ ခံရလေသည်လို့ ကျမ်းဂန်တွေအရ ဖွင့်ဆိုထားကြပါတယ်။

လက်ပံတောငရဲကတော့ ပြာပူ ငရဲလို အရပ်ရှစ်မျက်နှာကနေ ပတ်ဝိုင်း ပြီး တည်ရှိနေတာပါ။ ပြာပူငရဲ ကနေ ပျက်ပြီး လွတ်ထွက်ကြတဲ့ ငရဲသားတွေ ဟာ လက်ပံတောငရဲထဲ ဖြတ်ပြေးဝင် လာရတယ်။ လက်ပံတော ငရဲထဲ ရောက်ပြီဆိုတာနဲ့ ကြမ္မာလေတွေက တရကြမ်း တိုက်ခတ်ပြီး ငရဲသားတွေ အပေါ်ကို ဓားလှံတွေကို လက်ပံရွက် တွေလို ကြွေကျပြီး ငရဲသားတွေကို ခုတ် ဖြတ်ပြီးလှီးသတ်ကြသတဲ့။ လက်ပံစူး တွေ စူးဝင်ပြီး သွေးခဲ သွေးတုံးတွေ ဖြစ်ကြရတယ်။ ဒီအခါကျမှ ငရဲခွေး၊ ကျီး၊ လင်းတတွေ ထိုးပိတ်စားသောက် ကြတော့တယ်။

လက်ပံတောငရဲမှာ ရှိကြတဲ့ ဆူးတွေဟာ သံနဲ့လုပ်ထားပြီး အလွန် ထက်မြက်ကြပါတယ်။ သန်လျက်နဲ့တူ တဲ့ အရွက်တွေနဲ့ ဖုံးအုပ်ထားကြတယ်။ အောက်မှာ သင်တုန်းဓားတွေလို စီခင်း ထားတဲ့ အသွားရှိတဲ့ မြေပြင်ရှိပါတယ်။ အဲဒီမြေပြင်ပေါ် လဲကျတဲ့ ငရဲသားတွေ ကို ဆစ်လောက်ကြီးတဲ့ ငရဲခွေးကြီးက အတင်း ကိုက်စားကြတယ်။

ငရဲသားတွေဟာ ကြောက်အား လန့်အားနဲ့ လက်ပံပင်ပေါ်တက်ပြေး ကြရတယ်။ လက်ပံဆူးတွေက ငရဲသား တွေရဲ့ အူအသည်းတွေကို ချိတ်ဆွဲယူကြ တယ်။ အောက်မှာက ငရဲခွေး၊ အပင် ပေါ်မှာက ငရဲကျီးနဲ့ ငရဲလင်းတတွေက ဦးနှောက်ကို ဖောက်စားကြတယ်။ မခံ နိုင်လို့ အောက်ပြန်ဆင်း ငရဲခွေးဒဏ်ခံရ မခံနိုင်လို့ ပြန်တက် ငရဲကျီး၊ လင်းတ ဒဏ်ပြန်ခံရနဲ့ပေါ့။ ငရဲသားတွေ အတွင်း



www.burmeseclassic.com

www.burmeseclassic.com

လွတ်ရာနေရာ မရှိ ဒုက္ခကြီးစွာ ခံစားကြရတဲ့ ငရဲဖြစ်ပါတယ်။

သန်လျက်တောငရဲနဲ့ ကြိမ်ပိုက်ငရဲ ဆိုတာကလည်း ကမ်းကုန်အောင် ရက်စက်ပုံချင်းက အထက်ပါ ငရဲတွေနဲ့ မတိမ်းမယိမ်းပါပဲ။ မသာရင် နေရမယ် လျော့တော့ မလျော့ဘူး။ လက်ပံတောငရဲမှာ မောပြီး ကံအားလျော်စွာ လွတ်လာပြီဆိုပါတော့ အဆင့်ဆင့်ဆိုသလို သန်လျက်တောငရဲမှာ ဒုက္ခခံကြပြန်တယ်။ ဒါဟာ ဥဿဒငရဲငယ် လေးမျိုး အကျဉ်းချုပ် ဖြစ်ပါတယ်။

ဒါ့အပြင် ဒေဝဒူတသုတ် ထဲမှာ ပါတဲ့ ကြိမ်ပိုက်ငရဲဆိုတာ ရှိသေးသဗျ။ သူ့ကိုပါ ဥဿဒငရဲထဲ ထည့်တွက်ရင် ငရဲငယ်ငါးမျိုး ဖြစ်သွားပါတယ်။ သူကလည်း အစဉ်အလာအတိုင်း သန်လျက်တော ငရဲကထွက်လာတဲ့ ငရဲသားတွေကို ဆက်လက် ပညာပေးဖို့ စောင့်နေတဲ့ ငရဲဖြစ်ပါတယ်။ ငရဲထိန်းက ငရဲသားတွေကို ဘာအလိုရှိသလဲ မေးလို့ ငရဲသားတွေက ထမင်းစားချင်ပါတယ်လို့ ပြောရင် ငရဲထိန်းတွေက ထမင်းအစား သံတွေခဲ တွေကျွေးတယ်။ ရေအစား ရဲရဲတောက်ပူနေတဲ့ သံရည်ပူတွေ ပေးတယ်။ မစားချင်လို့ ငြင်းရင် ငရဲထိန်းတွေက ရဲရဲတောက်နေတဲ့ သံကောက်ကြီးတွေနဲ့ ငရဲသားတွေရဲ့ ပါးစပ်ကိုဖြဲပြီး အတင်း နင်းသိပ် ထိုးထည့်လောင်းကြတယ်။

ဒီလောက် မနားတဲ့ငရဲသားတွေနဲ့ ခြောက်တာတောင် မကြောက်သေးဘူးဆိုရင် သာဦးမယ်၊ ငရဲတစ်မျိုးရှိသေးတယ်။ ဒါကတော့ လောကန္တရိက်ငရဲတဲ့။ ဒီငရဲကတော့ လှည်းဘီးသုံးခု၊ (သို့) လင်ပန်းသုံးခု ထပ်ပြီးထားသလို စကြာဝဠာ ကမ္ဘာမြေပိုင်းဟာ သုံးခု သုံးခု စပ်၍ စပ်၍တည်နေရတာဖြစ်ပါတယ်။

ဒီစကြာဝဠာ ကမ္ဘာမြေဝိုင်း သုံးခု သုံးခုတို့ရဲ့ အကြားဖြစ်တဲ့ အပေါက်ကြီးတွေဟာ အောက်ကို ကမ္ဘာ့ရေတိုင်အောက် ထုတ်ချင်းခတ်ပြီး အထက်ကို ကောင်းကင်ရောက်တဲ့အထိ ပေါက်ပါသတဲ့။ အထက်မှာလည်း နတ်ဘုံ မရှိ၊ အောက်မှာကလည်း မြေကြီးကမရှိ ဆိုတော့ အထက်အောက် အပိတ်အတားမရှိ ကမ္ဘာ့အပေါက်ကြီး(ကမ်းပါးချောက်ကြီး)ဟာ ကမ္ဘာလောကသုံးခုတို့ရဲ့ ငရဲဖြစ်လာလို့ လောကန္တရိက်ငရဲလို့ ခေါ်ရခြင်းဖြစ်ပါတယ်။ ဒီကမ်းပါးချောက်ကြီးဟာ ယူဇနာနှစ်ထောင် ကျယ်ပြီး နေနဲ့လက စကြာဝဠာတောင်ကြီးရဲ့ အလယ်ကနေ တည့်တည့်သွားလာလျက် ရှိကြရာ စကြာဝဠာတောင်ကြီးက ကာဆီးတားထားလို့ နေရောင်၊ လရောင် လုံးဝမရှိဘဲ အမှောင်ထုကြီး ဖြစ်နေရတယ်။ ဒီကမ္ဘာ့ အမှောင်ထဲမှာ ရှိတဲ့ရေဟာ အလွန်အေးပြီး သတ္တဝါတွေကိုချက်ချင်း သေစေနိုင်ပါတယ်။ ဒီရေအစုကို ကမ္ဘာ့ရေချမ်းအိုးလို့ ခေါ်ကြပါတယ်။

ဒီငရဲကို သွားရောက်ခွင့်ရှိသူ အထူးပုဂ္ဂိုလ်တွေကတော့ မိဘ၊ ရဟန်းနဲ့ အရိယာ သူတော်စင်တွေ အပေါ် ပြစ်မှားသူ၊ နေ့တိုင်းနေ့တိုင်း သူတစ်ပါး အသက်သတ်ဖြတ်သူတို့ သာကျရောက်ကြရတာပါ။ ဒီငရဲမှာ ကျခံကြရတဲ့ ငရဲသားတွေဟာ သုံးဂါဝုတ်ခန့် ရှိတဲ့ ခန္ဓာကိုယ်ကြီး တွေရှိကြပြီး လင်းနို့တွေလို လက်သည်းတွေနဲ့ စကြာဝဠာရဲ့ တောင်နံဘေးကို တွယ်ကပ်ပြီး နေကြရပါတယ်။

အစာမရှိ၊ အလင်းရောင်မရှိ၊ တစ်ယောက်နဲ့ တစ်ယောက် မမြင်ရဘဲ အချင်းချင်း ထိမိရင် အစာထင်မှတ်ပြီး တစ်ဦးနဲ့တစ်ဦး ဖမ်းကိုက်ကြရင်း ငရဲသားနှစ်ယောက်ဟာ ကမ္ဘာ့ရေချမ်းအိုးကြီးထဲပြုတ်ကျပြီး သေကြရတယ်။

ရေပေါ်ကျတာနဲ့ ဖုန်မှုန့်ခဲဆားခဲတွေကျသလို အရည်ပျော်ပြီး သေကြရတယ်။ ကံမကုန်မချင်း ထပ်ပြီ ထပ်ပြီး ငရဲသား ပြန်ဖြစ်လိုက် ပြန်ခံလိုက်၊ ကြရပေါ့။ ငရဲကံဆိုတာ အကုသိုလ်ကံကို ပြောတာပါ။

ဒီငရဲကံကုန်ပြီဆိုရင် ဒီနေရာက နေလွတ်ပြီး လူ့ပြည် စတဲ့ သုဂတိဘုံတွေဆီ ထိုက်တဲ့အလျောက် သွားခွင့်ရကြတယ်။ ဒါတောင် ကံမကုန်သေးဘူးဆိုရင် ငရဲထိန်းတွေက သူတို့ကို ခြေကနေကိုင်ပြီး အလယ် ငရဲမကြီးဆီ ပစ်ချပြန်တယ်။

အထက်က ပြောခဲ့တဲ့အတိုင်း ငရဲမကြီးက လွတ်လာရင် ဥဿဒငရဲမှာ အစဉ်အတိုင်း အဆင့်ဆင့် ခံစားပြီးမှ လွတ်ကြရပါတယ်။

တစ်ခုရှိတာက နောက် အကုသိုလ်တစ်ပါး ဆက်ခွင့် မရှိဘူးဆိုမှ ငရဲကံကကုန်တာပါ။ အကုသိုလ်ကံ အလွန်အလွန် အားကြီးတဲ့ လူတွေကတော့ ဒီအကုသိုလ်ကံတွေကြောင့် ငရဲကနေ လွတ်ဖို့ ကျွတ်ဖို့ဆိုတာ အလွန် ခဲယဉ်းပါတယ်။ မဆုံးနိုင်တဲ့ ငရဲတွေမှာ အဖန်ဖန်ခံစားရင်း သံသရာရှည်ကြပါတယ်။ ငရဲဆိုတာဟာ ချိုနဲ့လား၊ အစွယ်နဲ့လား အမေးတွေ အသာထား၊ စာပေကျမ်းဂန်အရ ဖတ်ရတာတောင် ကြက်သီးထ... ကောင်းနေရင် ခံရသူအဖို့အတွက်ဆို... တွေးသာကြည့်ပေတော့ပဲ။ အရှင်အ... သမာဓိရဲ့ နေမိငရဲစခန်းပျို့မှာ ငရဲဘုံ... တွေ၊ ငရဲဘုံခံရခြင်း အကြောင်းတွေကို ပီပြင် ပေါ်လွင်အောင် ကွက်ကွက်ကွင်းကွင်း ရေးသားထားပါတယ်။

ပြောလက်စနဲ့ ငရဲ ပတ်သက်ပြီး ထပ်ပြောပြပါဦးမယ်။ ငရဲပြည်ကို စိုး... အုပ်ချုပ်နေတဲ့ မင်းကြီးလို့ ခေါ်တဲ့ ယမမင်းကြီးအကြောင်း တလေးကအစ သိ... ပါတယ်။ ကာတွန်းဆရာတွေ၊ ပန်းချီဆရာတွေလက်ချက်နဲ့ ယမမင်းကြီးကို ရေးချင်သလိုရေး၊ ဆွဲချင် သလိုဆွဲနေကြတာမဟုတ်လား၊ ဘယ်သူကမှ သူ့ရုပ်ကိုမြင်ဖူးကြမှာလဲ။

ယမမင်းကြီးပုံ ဆွဲထားတာ မတူဘူး၊ မှားနေတယ်လို့ ပြောလာရင် အဲဒီလူဟာ ငရဲပြည်ကို ရောက်ဖူးလို့ပဲ ဖြစ်ရမယ်။ ကိုယ်တိုင်ကိုယ်ကျ တွေ့ဖူးလို့ ဖြစ်ရမယ်။ တကယ်တော့ ငရဲပြည်ကို အုပ်ချုပ်နေကြတဲ့ ဝေယာဇနေတ္တိအစ ရှိတဲ့ ဝေမာနိက ယမမင်းကြီးတွေဟာ





www.burmeseclassic.com

www.burmeseclassic.com

…တဲ့ တန်းခိုး ကဒ္ဒိပါဒ် အာနုဘော် …တဲ့အတွက် ဗိမာန်နှင့်တကွ စံနေ …ပါ။

တကယ်တော့ သူတို့ဟာ ပြိတ္တာ … ပြိတ္တာမင်းကြီးတွေပဲ ဖြစ်ကြပါ … သူတို့ရဲ့ စည်းစိမ်ဟာ နတ်တွေနဲ့ …လို့ အသူရာလို့လည်း ခေါ်ကြပါ … ဘုံအနေနဲ့ပြောရရင် စတုမဟာ …တော်ဘုံထဲမှာ ပါပါတယ်။ (သူတို့ပုံစံ …ဟာ ကျွန်တော်တို့ ကာတွန်းဆရာ …သလို ရုပ်ဆိုးဆိုးတော့ ဟုတ်ကြ … ထောင်ဘူး၊ ကြုံတုန်း ငရဲမင်း ကြီးကို …ရတာ၊ ဒါမှ လျှော့လျှော့ ပေါ့ …ဖြစ်ပေးမှာ၊ ပုံပြင်တွေအရငရဲမင်း …ဟာ ပင့်မြှောက်ကြိုက်တယ်ဆိုပဲ)။

ဒီဝေမာနိက ယမမင်းကြီးတွေ … ဆင်သလောက်စိတ်ရင်းမဆိုးကြပါ … ငရဲသူ သတ္တဝါတွေအပေါ် အလွန် …ခြင်း ကရုဏာရှိလို့ ကယ်တင် …တွက် အရံ ငရဲဘုံတွေမှာ အလှည့် …ထိုင်ပြီး စစ်ဆေးမေးမြန်း လေ့ရှိကြ …တယ်။ ပြိတ္တာဘုံနဲ့ ငရဲဘုံတွေကို ယမ …တလို့ခေါ်ပြီး ယမဝိသယလို့လည်း … သေးတယ်။ ဒီဘုံတွေကို အုပ်ချုပ်တဲ့ …ကိုတော့ ယမမင်းလို့ ခေါ်ကြတာ …ပါတယ်။

သူ့အဆင့်နဲ့သူ အောက်ကနေ …ကအထိ ဒေသ ဘုံဌာန အလိုက် …မင်းတွေ များစွာရှိပြီး သူတို့ကို ယမ …ကြီးက အုပ်ချုပ်စီမံတာ ဖြစ်တယ်။ …ကြောင့် လူတွေဟာ အလှူဒါန လုပ် …ရင် အလှူရဲ့ သက်သေအနေနဲ့ ယမ …ကိုပါ အမျှပေးဝေကြပါတယ်။ ဒါမှ …ပြီး ငရဲကို ရောက်ခဲ့ရင် ယမမင်းက …ကောင်းမှုကို သတိပေးပြီး ကောင်းရာ …ကို ပို့ပေးနိုင်တယ်လို့ ဆိုကြပါတယ်။

ယမမင်းကြီးအကြောင်း သိပြီး … ငရဲထိန်းတွေအကြောင်း သိထားဖို့ …ပါတယ်။ သူတို့ဟာ ငရဲဘုံတွေမှာ …ငရဲသားတွေကို အမိန့်က စေခိုင်းနေရသူ …တွေပါ။ ယမမင်းရဲ့ လက်ပါးစေအမှု …မ်းတွေလို့ ပြောလို့ရပါတယ်။ ငရဲဘုံတွေမှာ သူတို့နဲ့ အမိန့်က နှစ်ပါးသွားကြရတာပါ။ သူတို့ဟာ စတုမဟာရာဇ်သားတွေ ဖြစ်ပြီး သူတို့ဟာ ဘီလူးမျိုးနတ်ကြမ်း နတ်ဆိုးတွေ ဖြစ်ကြပြီး သူတို့ဝါသနာအရ ဒီလို ရက်ရက်စက်စက် လုပ်ဖို့ ငရဲကို လာရောက် အမှုထမ်းကြတာဖြစ်ပါတယ်။

သူတို့ကို တာဝန် သတ်သတ်မှတ်မှတ် ပေးမထားဘဲ ဝါသနာအရ လုပ်အားလာပေးနေကြတာ ဖြစ်တယ်။ ဒီနတ်ဆိုးတွေဟာ ငရဲပြည်မှာ နည်းအမျိုးမျိုး ညှဉ်းဆဲဖို့အတွက် လှည့်လည်သွားလာနေကြတာဖြစ်ပြီး ဒီလိုမြင်တဲ့ ယမမင်းကြီးက တာဝန်ခွဲပေးထားတာ ဖြစ်ပါတယ်။

လူတို့ကို နိရယပါလကာလ၊ ဥပကာလဆိုပြီး နာမည်အမျိုးမျိုး မှည့်ခေါ်ကြကြောင်းကို နာရဒ ဇာတ်တော်မှာ ရေးပြထားပါတယ်။ သေလွန်ပြီးတဲ့ လူတွေဟာ ငရဲပြည်ကို ရောက်ပြီ ဆိုတာနဲ့ ကြောက်မက်ဖွယ်ကောင်းတဲ့ ဆင်းရဲ ဒုက္ခတွေကို တွေ့ကြပြီး အလွန်ကြောက်ရွံ့ကြတယ်။ ယမမင်းကြီးဟာ သူ့ထံရောက်လာတဲ့ ငရဲသားတွေကို ထုံးစံအတိုင်း စစ်ဆေး မေးမြန်းလေ့ ရှိပါတယ်။ ဘယ်သူမှ လိမ်လို့မရဘဲ အမှန်အတိုင်း ထွက်ဆိုရတယ်။ လူ့ပြည်ဟာ၊ ငရဲဘုံထက် ဘယ်လောက်ပဲ သာတယ်ပြောပြော လူ့ပြည်မှာ ထင်တိုင်းလိမ်လို့ရမယ်။ ငရဲမှာကတော့ မုသားကို လုံးဝပြောလို့မရဘူး။ လူ့ဘဝတုန်းက မိမိပြစ်မှုအတွက် ရှေ့နေရှေ့ရပ် သက်သေတွေနဲ့ ခုခံချေပလို့ ရပေမယ့် ငရဲပြည်မှာက တစ်ကိုယ်တည်း ဘယ်သူ့အကူအညီမှ မပါဘဲ အမှန်အတိုင်းစစ်ခံကြရပါတယ်။ တကယ်တော့ ငရဲဆိုတာဟာ မကောင်းတဲ့အကုသိုလ် အမှုကိုပြုလုပ်ကြတဲ့လူတွေ ခံစားရာ ဘုံဌာန မဟုတ်လား။ ဒီငရဲကို ဘယ်လိုလူတွေ ရောက်လာနိုင်သလဲ ဆိုတော့ သူ့အသက်ကို သတ်တဲ့ ကာယဒုစရိုက်သုံးပါး ကျူးလွန်တဲ့ လူတွေ၊ သူ့ဥစ္စာကို ခိုးယူတဲ့ လူတွေ၊ မုသားစကား ပြောဆိုခြင်း၊ အနှစ်သာရမရှိသော စကားပြောဆိုခြင်း၊ သင်းခွဲစကားပြောဆိုခြင်း၊ ကြမ်းတမ်းဆဲဆိုပြောဆိုခြင်း စတဲ့ ဝစီဒုစရိုက် လေးပါးကျူးလွန်တဲ့လူတွေ၊ သူတစ်ပါး စည်းစိမ်ဥစ္စာကို မိမိ ရအောင်ကြံခြင်း၊ တစ်ဖက်သားကို သေစေကြောင်း၊ ဥစ္စာပျက်စီးကြောင်း ကြံခြင်း၊ ဖောက်ပြန် မမှန်ကန်တဲ့ မိစ္ဆာအယူရှိခြင်းစတဲ့ မနော ဒုစရိုက်သုံးပါး။ ဒီဒုစရိုက်ဆယ်ပါးအပြင် အနန္တောအနန္တငါးငါးနဲ့ ပစ္စေကဗုဒ္ဓ ရဟန္တာစတဲ့ အရိယာ သူတော်ကောင်းတွေအပေါ် ကံသုံးပါးနဲ့ ပြစ်မှားမိကြသူတိုင်းဟာ ချမ်းသာသုခကင်းတဲ့ ငရဲဘုံဌာနကို သွားရောက်ကြရပါတယ်။

ရောက်တဲ့ သူချင်းတောင် မတူသေးဘူးနော်၊ နှစ်မျိုးနှစ်စားရှိသေးတယ်။ အကုသိုလ် အလွန်ကြီးလွန်းတဲ့ လူတွေဟာ သေတာနဲ့ တစ်ပြိုင်နက် ငရဲဘုံကို တစ်ခါတည်း ဒုတ်ဒုတ်ထိရောက်ပြီး ငရဲခံကြရတယ်။ သေးငယ်တဲ့ အကုသိုလ်ကံရှိတဲ့ သူတွေကတော့ ငရဲကိုရောက်ပေမယ့် တစ်ခါတည်း ငရဲဆင်းရဲကို မခံစားရသေးဘူး။ ယမမင်းကြီးဆီမှာ အစစ်ဆေးခံပြီးပြီဆိုမှတော့ ကောင်းမှုမကောင်းမှုအလျောက် အပြစ်နဲ့အကျိုးကို ရရှိခံစားစေတာဖြစ်ပါတယ်။ (အပြစ်မရှိလို့ ပြန်လာခဲ့ရတဲ့ သေရွာပြန်တွေရဲ့ အကြောင်း ဖတ်ဖူးကြားဖူးကြမှာပါ။)

"ငရဲနဲ့ခြောက် တို့ မကြောက်" ဆိုတဲ့ လူတွေအတွက် ရည်ရွယ်ပြီး ဒီစာစုကို ရေးသားလိုက်ရပါတယ်။ မယုံရင် စမ်းသပ်ကြည့်ကြပေါ့။ လူတိုင်းမှာ ရွေးချယ်ခွင့် အခွင့်အရေး ရှိပါတယ်။ သူ့လမ်းနဲ့သူ ကိုယ့်လမ်းနဲ့ကိုယ်ပေါ့။ ယုံသည်ရှိ မယုံသည်ရှိ ဟုတ်သည်ရှိ မဟုတ်သည်ရှိ ကိုယ့်အသိ ကိုယ့်သတိနဲ့ ကိုယ်ပေါ့။ ဘုရားဟော ကျမ်းဂန်တွေထဲမှာ ဒီလိုရှိတယ်ဆိုတာ ဆီလျော်အောင် ပြန်ပြောရခြင်းပဲ ဖြစ်ပါတယ်။

**စောနိုင်ထူး**

❑



www.burmeseclassic.com

www.burmeseclassic.com



# စာပေဗိသုကာမှူးကြီး ဆရာကြီး ပီမိုးနင်း

## ကွယ်လွန်ခြင်း စိန်ရတုအထိမ်းအမှတ်ပွဲကြီး ဖြစ်မြောက်စေချင်

ကိုရဲ(ရွှေတိဂုံ)

www.burmeseclassic.com

www.burmeseclassic.com

စာပေဝါသနာရှင်တိုင်း၊ စာပေနယ်မှာ ကျင်လည်နေကြတဲ့သူတိုင်း နိုင်ငံကျော်စာရေးဆရာကြီး ပီမိုးနင်းရဲ့ စာပေနဲ့ ရင်းခဲ့တဲ့သူဆိုတာ မရှိသလောက် ဖြစ်ပါတယ်။ ဆရာကြီး ကွယ်လွန်ခဲ့တာ လာမယ့်နှစ် ၂၀၁၅၊ ဇန်နဝါရီလ ၆ ရက်နေ့ ဆိုရင် စိန်ရတုသို့ တိုင်ခဲ့ပါပြီ။ *

ဆရာကြီး ကွယ်လွန်ခဲ့တဲ့ စိန်ရတု ဧကထိမ်းအမှတ် ပွဲကြီး ဆင်နွှဲနိုင်မယ်ဆိုရင် သိပ်ကောင်းမှာပဲလို့ စဉ်းစားရင်း ဆရာကြီးရဲ့ စာပေကျေးဇူး ကြီးမားပုံတွေကို ဆရာကြီး သိန်းဖေမြင့် ရေးခဲ့တဲ့ 'ပီမိုးနင်း' အမည်ရှိ ဝတ္ထုနဲ့ ဆရာကြီးသခင်ဒေါ်လာတဲ့ 'ပီမိုးနင်းစာပေ' ဆောင်းပါးထဲမှာ ဖတ်ရှုလေ့လာခွင့် ရခဲ့ပါတယ်။ ဆရာကြီးသိန်းဖေမြင့်က ဆရာကြီးပီမိုးနင်းရဲ့ အနီးကပ်ရုပ်ပုံလွှာနဲ့ စာပေကျေးဇူးတွေ ရေးသားထားပြီး ဆရာကြီးသခင်က မြန်မာနိုင်ငံ စာရေးဆရာအသင်း ပေါ်ပေါက်လာပုံ ပထမမျိုးစေ့နဲ့ ဆရာကြီးရဲ့ ကြီးမားတဲ့စာပေ ဂုဏ်ကျေးဇူးတွေကို ရေးသားထားပါတယ်။

ဆရာကြီးရဲ့ စာပေဂုဏ်ကျေးဇူးတွေ ဘယ်လောက်ကြီးမားခဲ့သလဲဆိုတာကို ကျွန်တော် လက်လှမ်းမီသလောက် အထက်က ဖော်ပြတဲ့ စာအုပ်နှစ်အုပ်ထဲက စာအချို့ကို ထုတ်နုတ်ဖော်ပြပေးလိုပါတယ်။

မြန်မာစာပေစာအုပ်ထဲမှာ ဆရာကြီးသိန်းဖေမြင့် (မောင်သိန်းဖေ အမည်ဖြင့်)က 'ပီမိုးနင်း' ခေါင်းစဉ်နဲ့ ရေးသားတဲ့ ဝတ္ထုထဲက စာပိုဒ်အချို့ကို အရင်ထုတ်နုတ်ဖော်ပြလိုပါတယ်။

"ဆရာကြီးပီမိုးနင်းနဲ့ ဆရာကြီး သိန်းဖေမြင့်က တစ်ခါတစ်ခြား ကပ်နေဖူးခဲ့တယ်လို့ ဆရာကြီးရဲ့စာအရ သိရပါတယ်။ တစ်ရက်မှာ ဆရာကြီးက သူ့ဇနီးနဲ့ စိတ်အခန့်မသင့်လို့ ဇနီးနယ်တိုက်တစ်တိုက်သို့ သွားနေတယ်လို့ ဆိုပါတယ်။ အဲဒီ တိုက်မှာပဲ ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ ဖြစ်သလိုအိပ်ကာ စာမှန်မှန်ရေးနေလေသည်။ ဤကဲ့သို့ ရှုပ်ထွေးသော အိမ်တွင်းရေး ကိုယ်ရေးအဖြစ်မှနေ၍ ဝါ ညွန်အတွင်းမှနေ၍ ရွှင်းပေ့ လင်းပေ့ဆိုသော စာများကို ရေးထုတ်လျက်နေသည်မှာ ပီမိုးနင်းအတွက် အဆန်းအသစ် မဟုတ်ပေ။

အခြား အခြားဘက်၌ ပီမိုးနင်းကို ချီးမွမ်းချင်သူရှိခဲ့မည်၊ မချီးမွမ်းချင်သူနေ မြန်မာစာကို ရှင်းအောင် ရေးရာ၌ကား လူတိုင်း ချီးမွမ်းရသည်။ နက်နဲသော ဂိတ်ပညာကိုသူအများ နားလည်အောင် ပြတ်ပြတ်သားသား ရေးသားနိုင်သူကား သူတစ်ယောက်လောက်သာ ရှိသေးသည်။ စီးပွားရေး ညာရေး၊ တိုင်းပြည်ရေး ဘာကိုပင်ရေးရေး ရှင်းလင်းနားဝင် အောင်လှပေသည်။ ဝတ္ထုအရေး၌ကား ကွက်ကွက်ကွင်းကွင်း ဖျက်စိတွင်း ထင်းခနဲ ထင်းခနဲ မြင်လောက်အောင် ရေးသားနိုင်သည်ကိုကား အထူးဆိုဖို့ မလိုချေ။

သူ၏ ရှင်းလင်းပြတ်သားသော စာသည် ချိုသာ ညီညွတ်သောအသွားဖြင့် လှပကောင်းမွန်သော အဓိပ္ပာယ်များကို အမြဲဆောင်နိုင်လေသည်။ သူသည် သူ့အိမ်တွင် ဘာဖြစ်ဖြစ်၊ သူကိုယ်ရေး ဘယ်လိုနေနေ ဂရုမစိုက်၊ စာကို ရေးဖို့သာ သူ ဂရုစိုက်၏" လို့ ဂုဏ်ပြုမှတ်တမ်း တင်ထားပါတယ်။

အဲဒီစာရဲ့ တစ်နေရာမှာလည်း . . .

"ထိုနေ့ကား တိုးတက်ရေးမဂ္ဂဇင်း ဦးစိန်က ရန်ကုန်မြို့ ပြင်ဘက် ခြံတစ်ခြံတွင် စာရေးဆရာများကို ထမင်းကျွေးသောနေ့ ဖြစ်လေသည်။ ဆရာဘီ၊ ဘကြီးစိန် စသော ရှေးဆရာကြီးများလည်း ပါဝင်သည်။ တက်ထွန်း၊ သိပ္ပံကျော်ထင် စသော ဝတ္ထုရေး ဆရာကလေးများလည်း ရောက်ကြသည်။ ကျွန်တော်သည် ဆရာလွန်း (သခင်ကိုယ်တော်မှိုင်း) နှင့် ပီမိုးနင်းတို့အနီးတွင် ထိုင်လျက်ရှိလေသည်။ ထမင်းစားပြီး ဝိုင်းဖွဲ့ကာ ထိုင်နေရင်း ဝတ္ထုအကြောင်းကို ဆွေးနွေးတဲ့ အကြောင်း၊ ဆွေးနွေးငြင်းခုံနေကြရင်း ခပ်အေးအေးဖြစ်သွားတဲ့အချိန်မှာ ဆရာလွန်းက ကွမ်းစားရင်း ပီမိုးနင်းကိုကြည့်ပြီး "ကိုယ့်လူမလဲ အရက်ဆီတွေလား၊ အမွဲဆီတွေလား တက်နေလို့ထင်ပါ့၊ ဝလိုက်တာဖီးလို့၊ တစ်နေ့တခြား ဝနေပါပကော" ဟု ပြောလိုက်၏။

ပီမိုးနင်းသည် အရက်ဆီဟု ဆိုသည်ကိုကား ဘာမျှ မပြောဘဲ အမွဲဆီဟု ပြောသည်ကိုကား ပြန်ချေ၏။

"မွဲတာတော့ မပြောနဲ့ ဆရာ၊ လူများပွေ့ ဘယ်လို လုပ် ချမ်းသာကြပါမလဲဆိုတာ အချိန်ရှိတိုင်း စဉ်းစား၊ စဉ်းစားတိုင်း ရေးနေလို့ ကိုယ်တိုင်ချမ်းသာအောင် လုပ်ဖို့ကို စဉ်းစားချိန်လဲ မရှိဘူး၊ လုပ်ချိန်လဲ မရှိပါဘူး" ဟု ပီမိုးနင်းက ဖြေရာ သခင်ကိုယ်တော်မှိုင်းကြီးသည် ကွမ်းသွေးတွေ ထွေးပြီး တဟားဟား ရယ်နေလေ၏။ သူကိုယ်သူလည်း တွေးမိဟန် ရှိ၏။

ပီမိုးနင်းသည် ဒီဝါဒကို ဘယ်အခါကမျှ မစွန့်ခဲ့။ သူသည် တိုင်းပြည်ကို လိမ်လည်လှည့်ဖြားသောစာ ဘယ်အခါကမျှ မရေးခဲ့။ ဗြိတိသျှအင်ပီရီယယ်အစိုးရကို ဘယ်တုန်းအခါကမျှ မချီးကျူးခဲ့။ နိုင်ငံခြားသားများ မြန်မာတစ်မျိုးလုံးကို သွေးစုပ်နေသည်၊ နိုင်ရာစားလုပ်နေသည်ကို ဘယ်အခါကမျှ မထောက်ခံခဲ့။ တစ်လလျှင် အယ်ဒီတာဘဝ ၃၅၀ ကျပ် ကျော် ရစဉ်ကလည်း အမျိုးသားဘက်မှ ရေးခဲ့သည်။ တစ်လ သုံးလေးဆယ် ဝင်တုန်းကလည်း တိုင်းပြည်ဘက်က ပါခဲ့သည်။ ဗန္ဓုလတုန်းကလည်း တိုင်းပြည်အကျိုးကိုသာ ရေးသည်။ မြန်မာ့အလင်း လေထွေကြီး အဖြစ်ဖြင့် နေစဉ်ကလည်း တိုင်းပြည်ဘက်ကသာ ရေးမြဲရေးသည်။

သူ့နေရာတွေ အများကြီးပြောင်း၏။ သူ့နာမည်တွေ အမျိုးမျိုးလဲ၏။ သူ့နေရေးထိုင်ရေး အကျပ် အချောင် အဆင်ဆင့်ကူး၏။ သူ့စိတ်၊ သူ့အာဘော်၊ သူ့ဝါဒကား မပြောင်း။



www.burmeseclassic.com

www.burmeseclassic.com

ပီမိုးနင်းသည် တကယ့် လူရိုးကြီး ဖြစ်၏။ သူတော်ကောင်းကြီး ဖြစ်တော့၏။ သူ သောက်သည်။ သူသောက်သဖြင့် သူ့ဝါဒ မပျက်။ သူသောက်သဖြင့် သူ့တာဝန်မတိမ်း။ သူသောက်သဖြင့် တိုင်းပြည်အကျိုးမယုတ်။ သူသောက် သူပျော် သူထင်သလို နေသဖြင့် သူ့မှာ အကျိုးယုတ်ချင် ယုတ်မည်။ သူ့မှာ အကုသိုလ်တွေ ပွားချင်ပွားမည်။ သို့သော် အများအကျိုး၊ တိုင်းပြည်အကျိုးကိုသာ ရှေးရှုသူ့မှန်သမျှသည် ကိုယ်ရေးကိုယ်တာကို ဂရုမစိုက်အား၊ တာဝန်မထားနိုင်။ သို့သော် ကျွန်တော် ဆိုပြန်သည်။ ပီမိုးနင်းကား တကယ့်သူတော်ကောင်းကြီးပင်" လို့ ဂုဏ်ပြုမှတ်တမ်း တင်ထားပါတယ်။

အဲဒီစာရဲ့ နိဂုံးပိုင်းမှာ . . .

"ပီမိုးနင်း၏ အကယ်ရိုးသားမှုသည် နားမလည်သူတို့အစွဲကြီးလှသော တစ်ကိုယ်ရေနှင့်သာ သက်ဆိုင်သည့် အပြစ်ငယ်ကလေးများတွင် နစ်မြုပ်နေသဖြင့် ကျွန်တော် ယခု ဖော်ပေသည်။ ဆရာပီမိုးနင်းက ထင်ထင်ရှားရှား ဖွင့်မပြောသဖြင့် ကျွန်တော်က ဆရာပီမိုးနင်းသည် စံယူလောက်သော လူရိုးကြီးဖြစ်သည်ကို ကြွေးကြော်ပြီးသည်၏ အဆုံး၌လည်း ကျွန်တော့်စိတ်သည် ရွံ့ညွန်ထဲမှ ပေါက်လာသော ကြာပင်တွင် ထွားထွားဝေဝေ ပွင့်နေသည့် ကြာပွင့်တွင်းသို့ ပြေးဝင်နားနေလျက်ပင် ရှိလေသတည်း" ဆိုပြီး နိဂုံးချုပ်ထားပါတယ်။

ဆရာကြီး သိန်းဖေမြင့်ရဲ့ စာကို ဖတ်ပြီး နှောင်းလူတို့အတွက် သမိုင်းမှတ်တမ်း ဖြစ်သလို ဆရာကြီးပီမိုးနင်းရဲ့ ပြည်သူ့အပေါ် ထားတဲ့စိတ်ထားကိုလည်း အားကျအတုယူစရာ ဖြစ်နေပါတယ်။

ဆရာကြီးရဲ့ ဂုဏ်ကျေးဇူးနဲ့ ပတ်သက်လို့ ဆရာကြီးသခင်ရေးတဲ့ "ပီမိုးနင်းစာပေ" ဆောင်းပါးမှာ . . .

"ဆရာကြီးကား ခေတ်ဟောင်းစာရေးနည်းမှ ခေတ်သစ်စာရေးနည်းသို့ ပထမဦးစွာ ထိထိရောက်ရောက် တီထွင်ပြောင်းလဲ ရေးသားခဲ့သူဖြစ်၏။ အနောက်ဘက်၏ အယူအဆကို အရှေ့ဘက် အယူအဆသို့ အများဆုံး သယ်ယူပုံသွင်းပေးခဲ့သူ ဖြစ်၏။ များလှစွာသော စိတ်ကျမ်း၊ တက်ကျမ်း၊ အဘိဓမ္မာကျမ်း၊ အိမ်ထောင်ရေးကျမ်း စသော (လိင်္ဂ)ကျမ်းများနှင့်တကွ အခြားပညာရေး၊ ကြီးပွားရေး၊ တိုးတက်ရေး နိုင်ငံရေး ကျမ်းပေါင်းများစွာကို ယခုခေတ်သစ် မြန်မာပြည်ကြီးတွင် ယနေ့တိုင် အသက်သွင်းပေးခဲ့သူမှာလည်း ဤဆရာကြီးပင် ဖြစ်ပေသည်" လို့ ဂုဏ်ပြုရေးသားထားတာကို လေ့လာခွင့် ရခဲ့ပါတယ်။

ဆရာကြီးသခင်ရဲ့ ဆောင်းပါးမှာ ဝတ္ထုအရေးအသားနဲ့ ပတ်သက်လို့လည်း "ရောင်ခြည်တစ်ထောင် အလင်းဆောင်သော ဘာဏုရာဇာ နေမင်းကြီးတွေ၊ စန္ဒာ လမင်းကြီးတွေ၊ သတ္တရဘန်၊ သီတာခုနစ်တန် တောတောင်အထပ်ထပ်တွေကို အစချီ၍ (တောင်မဆုံး တောမဆုံး) ချီးကျူးရေးသားနေသော ခေတ်တွင် ပီမိုးနင်းက "လသည် ရေးရေးကလေးမျှ အနောက်ဘက်စောင်း၌ ပေါ်၍နေ၏။ မြူတိမ်၊ မင်ခဲတို့သည်ကား လျှင်မြန်စွာ တပ်ချီ၍ သွားကြကုန်လျက် ဖြူဖျော့အားငယ် တစ်ခြမ်းသယ် လကို မညှာမတာ ဖြတ်နင်းကျော်လွှား၍ သွားကြလေ၏" ဟူသော ရေးနည်းမျိုးဖြင့် ဖောက်ထွင်းဖြိုဖျက်လိုက်လေသည်။

ကောင်း(၆၀)လေးရပ်နှင့်တကွ ရှုလေလေ သရေတင့်၊ ကြူငွေပွင့်စန်းယုန်တွေနှင့် ကမ်းကုန်အောင် ချီးကျူးရေးသားနေကြသော မယ်ဘွဲ့ မောင်ဘွဲ့တွေကြားမှ ဆရာပီမိုးနင်းက "မယ်လှသည် နာမည်နှင့်လိုက်အောင် အနောက်သပြေကုန်းရွာကလေး တစ်ရွာလုံး၏ မျက်နှာဖုံးတစ်ယောက် ဖြစ်ပေ၏" ဟူသော ပြတ်တောက်တောက် ရေးသားပုံမျိုးဖြင့် အစချီထွက်ခဲ့ပေသည်။

စာမျော စကားကြောတွေရှည်ကာ စာရေးနည်းဥပဒေသတွေကို ကြီးကြီးကျယ်ကျယ် လေးလေးစားစား အရေးထားကာ လူအများကြောက်ရွံ့နေသော အချိန်တွင် "ကျွန်တော်တော့ ခွကျဘိ၊ စာရင်းမှာ ငွေတစ်ထောင် လျော့နေပြီ" ဟူသော အစချီပုံမျိုး။

"မယ်တင့်ရယ် . . . နင်ပဲ ဒီအကောင်တွေကို ကြည့်ပါတော့ကွယ်၊ နင်နဲ့ ငါနဲ့ဟာ ကံတူအကျိုးပေးပဲ၊ နင့်မှာတော့ တစ်ယောက်မှ မရှိဘူး၊ ငါ့မှာတော့ ဒီအကောင်သုံးကောင်ကြောင့် ခက်နေတာပဲ"

"မတော်တာ ကိုခကလဲ၊ လူပြောစရာကြီး ဖြစ်နေမှာပေါ့" ဟု မယ်တင့်က ရှက်ကိုးရှက်ကန်းနှင့် ပြန်ပြောလေ၏။

"ကဲ့ရဲ့ ဘာဖြစ်လဲဟယ်၊ လောကမှာ ချစ်လို့ ကြိုက်လို့ ယူရင် ကဲ့ရဲ့ရသလား"

"ကိုခက ချစ်လို့ ကြိုက်လို့ ယူဖို့ပြောတာမှ မဟုတ်ဘဲ ပြောပုံက. . ."

"ပြောပုံက ဘာဖြစ်သလဲဟယ်၊ ဒါပဲ မဟုတ်လား မယ်တင့်ရယ်၊ နင် ငါ့မယားလုပ်ပါတော့ဟယ်လို့ ကရင်လို ပြောရမှာလားဟင်" ဟူသော အစချီခြင်းမျိုးတွေကို ထူးထူးခြားခြား စခဲ့လေသည်လို့ ဆရာကြီးသခင်က ထုတ်နုတ်ဖော်ပြထားတာကိုလည်း လေ့လာခွင့် ရခဲ့ပါတယ်။

အဲဒီဆောင်းပါး တစ်နေရာမှာလည်း ဆရာကြီးပီမိုးနင်းရဲ့ ငွေကလောင်ကျမ်း စာအုပ်ထဲက စာအချို့ကို အခုလို ထုတ်နုတ်ဖော်ပြထားပါတယ်။

"ကလောင်တံအကြောင်းကို ဖတ်၍ကောင်းအောင် ရေးတတ်ရမည်။ မီးဖိုချောင်အကြောင်းကို ဖတ်၍မငြီးအောင် ရေးတတ်ဖို့လိုသည်။ ဆီမီးခွက်အကြောင်းကို ဖတ်၍ကောင်းအောင် ရေးခြင်းသည် အလောင်းစည်သူ၏ အတ္ထုပ္ပတ္တိကို ရေးခြင်းထက် ခက်ခဲလေသည်။ အလောင်းစည်သူ၏ အတ္ထုပ္ပတ္တိမှာ ရာဇဝင်ရှိ၏။ ဆီမီးခွက်အကြောင်းမှာ မှီခိုအား





www.burmeseclassic.com

www.burmeseclassic.com

ပြုရေးစရာ အခြေခံ စာပေကျမ်းဂန်မရှိ။ စိတ်ကူးနှင့် ရေးရသိမ့်မည်။ မသိသူတို့၏ စိတ်၌ကား အသေးအဖွဲ့ဟု ပြောလိမ့်မည်။ အသေးအဖွဲ့ကို ဖတ်၍ကောင်းအောင် ရေးတတ်မှ စာရေးကောင်း ဖြစ်သည်" လို့ ဖော်ပြထားပါတယ်။ လက်ရှိ စာရေးသားနေတဲ့ ကျွန်တော့်လို ဘဝတူ လူလတ်ပိုင်းတွေ၊ လူငယ်တွေ မှတ်သားလိုက်နာသင့်လို့ ထပ်မံပြီး ထုတ်နုတ်ဖော်ပြပေးခြင်း ဖြစ်ပါတယ်။

ဆရာကြီးနှစ်ဦး ရေးထားတဲ့ စာတွေကို လေ့လာခွင့်ရတဲ့အခါ ဆရာကြီးပီမိုးနင်းကို မမီလိုက်သူများ၊ ဆရာကြီးရဲ့ စာပေနဲ့ ကြီးပြင်းခဲ့ရသူများအတွက် တန်ဖိုးမဖြတ်နိုင်တဲ့ သမိုင်းဆိုင်ရာ အချက်အလက်တွေအပြင် ဆရာကြီးရဲ့ စာပေစိတ်ထား၊ စေတနာတွေကို သိခွင့်ရတာလည်း အဖိုးမဖြတ်နိုင်တဲ့ ရတနာတွေ ဖြစ်ပါတယ်။

ဒီစာရေးနေတုန်း ကျွန်တော် အလယ်တန်းကျောင်းသား ဘဝတုန်းက လယ်ထဲမှာ ကောက်ရိတ်ရင်း နားတဲ့အချိန် ဖခင်ကြီးပြောခဲ့တဲ့ စကားကို ပြန်ပြီးသတိရမိပါတယ်။ ဖခင်ကြီးပြောတဲ့အထဲမှာ ဘာသာရေးအကြောင်းတွေပါသလို ဗိုလ်ချုပ်အောင်ဆန်းအကြောင်း၊ ဗိုလ်ချုပ်က လွတ်လပ်ရေးရရင် စာရေးဆရာလုပ်မယ်ဆိုတဲ့အကြောင်း၊ ဦးနုရေးတဲ့ လူပေါ်လူဇော်လုပ်နည်း (ယခု မိတ္တဗလဋီကာ) စာအုပ်ကို ဖတ်ဖြစ်အောင်ဖတ်ဖို့အကြောင်း၊ ပီမိုးနင်းစာအုပ်တွေကိုလည်း ဖတ်သင့်တဲ့အကြောင်း ပြောရင်း ပီမိုးနင်းက ဓမ္မိမှာ နေသွားတယ်လို့ ပြောဖူးပါတယ်။ အဲဒီအချိန်က အလယ်တန်းကျောင်းသားအရွယ်သာ ရှိသေးတဲ့အတွက် ဓမ္မိကိုရောက်တိုင်း ဆရာကြီး ဘယ်မှာနေသွားလဲဆိုတာ စိတ်ဝင်စားမိပါတယ်။

[ဓမ္မိမြို့က တိုက်နယ်အဆင့်ဖြစ်ပြီး ဟင်္သာတမြို့နဲ့ ၁၇ မိုင်လောက်ပဲ ဝေးပါတယ်။ ကားလမ်း၊ ရထားလမ်း ရှိတဲ့အတွက် လမ်းပန်းဆက်သွယ်ရေးကောင်းတဲ့မြို့ ဖြစ်ပါတယ်။ ကျွန်တော့်ဇာတိရွာ ကရင်အင်းနဲ့ သုံးမိုင်ဝေးပြီး ယနေ့ နာမည်ကြီး ဂီတာပညာရှင် ကိုချစ်စမ်းမောင်ရဲ့ ဇာတိရွာ နွယ်ခွေနဲ့ဆို တစ်မိုင်လောက်ပဲ ဝေးပါတယ်။ စကားချပ်]

ယနေ့ မြန်မာနိုင်ငံ စာရေးဆရာအသင်းရယ်လို့ ရပ်တည်နေတဲ့ အသင်းအဖွဲ့ကြီးဆိုတာလည်း ဆရာကြီးပီမိုးနင်းရဲ့ ကျေးဇူးကြောင့်ဆိုတဲ့ သမိုင်းဆိုင်ရာ အချက်အလက်ကို ဆရာကြီးသခင်ရဲ့ "ပီမိုးနင်းစာပေ" ဆောင်းပါးဂစမှာ အခုလို ဖော်ပြထားတာပါတယ်။

"၁၉၇၀ ပြည့် ဇန်နဝါရီလ ၆ ရက်နေ့တွင် ကွယ်လွန်အနှစ်စ္စရောက်ခဲ့ရာ ယခုဆိုလျှင် ဆရာပီမိုးနင်း ကွယ်လွန်ခဲ့သည်မှာ (၁၅)နှစ်သို့ တိုင်ခဲ့ပြီ။ ထို့ကြောင့်ပင် မကြာမီက ရှားမြန်မာ ယဉ်ကျေးမှု ဆက်ဆံရေးအသင်းမှ ပီမိုးနင်း ကွယ်လွန်ခြင်း (၁၅)နှစ်မြောက် အထိမ်းအမှတ်အဖြစ်ဖြင့် ဂုဏ်ပြုချီးကျူးပွဲတစ်ရပ်ကို ကျင်းပခဲ့လေသည်။ အမှန်ဆိုလျှင် ထိုဆရာကြီးအတွက် ချီးကျူးပွဲကို မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးကသာ ပို၍လုပ်သင့်၏။ စာရေးဆရာမို့ စာရေးဆရာအသင်းက ပို၍လုပ်သင့်သည်ဟု ဆိုလိုခြင်းကားမဟုတ်။ ကျွန်ုပ်တို့ ဆိုလိုရင်းမှာ ဤမြန်မာနိုင်ငံ စာရေးဆရာအသင်းကြီး ယခုကဲ့သို့ ဖြစ်ထွန်းပေါ်ပေါက်လာရသော ရာဇဝင်ကို ပြန်လှန်၍စစ်ဆေးလိုက်လျှင် ဤဆရာကြီး ပီမိုးနင်း ကွယ်လွန်အနှစ်စ္စ ရောက်ခဲ့ပြီးနောက် ဆရာကြီး၏ ဆင်းရဲစွာ ဘဝတုံးသွားရသော အခြေအနေတို့ကို အကြောင်းပြုပြီးသကာလ စာရေးဆရာများ၏အစုအရုံး (ဝါ) အသင်းတစ်ခုတော့ ရှိဖို့ကောင်းပြီ၊ အချိန်သင့်ပြီဟု ယခု စာရေးသူနှင့်တကွ ဆရာပီမိုးနင်း၏ ဈာပနကို လုံးပန်းခဲ့ကြသော ဆရာဒီးဒုတ်ဦးဘချို၊ ဆရာမြို့မမောင်၊ ဂျာနယ်ကျော် ဦးချစ်မောင်၊ ဆရာမဟာဆွေစသော စာရေးဆရာများနှင့် စာပေမြတ်နိုးကြကုန်သော ပုဂ္ဂိုလ်တစ်စုတို့က ကြံစည်စိတ်ကူးကာ စာရေးဆရာအသင်းတည်းဟူသော ပထမမျိုးစေ့ကို စိုက်ပျိုးတည်ထောင်လာခဲ့ရခြင်းကြောင့် ဖြစ်ပေသည်လို့" မှတ်သားခွင့် ရခဲ့ပါတယ်။

ဆရာကြီးပီမိုးနင်းရဲ့ စာပေကျေးဇူး ကြီးမားပုံနဲ့ ပတ်သက်ပြီး ဆရာကြီးသခင်က . . .

"ဆရာပီမိုးနင်းရဲ့ ကျေးဇူးအထူးကား ယခုလက်ရှိ စာပေသမားများနှင့်တကွ စာပေနယ်တွင် ကျက်စားမြူးထူး၍ နေကြကုန်သော စာပေမြတ်နိုးသူများနှင့် စာရေးဆရာကြီး ငယ်မှန်သမျှ မည်သူနှင့်မျှ ကင်းကြမည် မဟုတ်ကြောင်းကို ကျွန်ုပ်တို့ ရေးသားဖော်ပြသည်ထက် မိမိတို့ကိုယ်ကို ပြန်လည်စစ်ဆေးသုံးသပ်ကြည့်က ပို၍ထင်ရှား သိမြင်နိုင်ကြပေလိမ့်မည်။ ထိုဆရာကြီး၏ အရေးအသား ဟန်မူအယူအဆ စိတ်ကူးစိတ်သန်းတို့ကို မည်သူမဆို အတုယူ နည်းခိုးလေ့လာမှတ်သား မှီငြမ်းပြုခဲ့ရသည်ချည်း ဖြစ်သည်ဟုဆိုက မှားအံ့မထင်။

ယခုခေတ် စာရေးဆရာ ကြီးငယ်တိုင်းက ဝန်ခံရမည်သာ ဖြစ်၏။ ရှင်းရှင်းရေးရလျှင် ယခုခေတ်စာပေနှင့်တကွ ယခုခေတ် စာရေးဆရာများ ဤမျှလောက် တိုးတက်ထွန်းကား ပေါက်ဖွားများပြား၍ လာရ၏။ ထိုမျှလောက်ပင် ဆရာပီမိုးနင်း၏ ကျေးဇူးဂုဏ်အထူးကား ထိုခေတ်စာပေနှင့် ထိုစာရေးဆရာများ အပေါ်၌ အတိုင်းအဆမသိ တည်ရှိများပြားလှပေသည်ဟုဆိုလျှင် ထိုစကားကား ကြီးကျယ်လှသော စကား၊ ကားသောစကားဟု အဘယ်သူ ဆိုနိုင်မည်နည်း" လို့ ရေးထားတာကိုလည်း မှတ်သားရပါတယ်။

ဆရာကြီး မကွယ်လွန်မီ အချိန်နဲ့ ကွယ်လွန်ပြီးနောက်ပိုင်း ယနေ့အချိန်အထိ ဆရာကြီးရဲ့ စာပေနဲ့ ကင်းခဲ့တဲ့သူဆိုတာ မရှိခဲ့ပါဘူး။ ဆရာကြီးရဲ့ စာမျိုးစုံကို မဖတ်ဖူးကြရမယ့် စာအုပ်သေးသေးလေးတွေကိုတော့ တော်တော်များများ



www.burmeseclassic.com

www.burmeseclassic.com

ဖတ်ဖူးကြပါတယ်။ ဆရာကြီးရဲ့ စာပေတွေကြောင့် ကိုယ့်စိတ်ကိုယ် ပြုပြင်ပြီး ထူးချွန်ထက်မြက်သွားတဲ့သူတွေ ရှိခဲ့တယ်ဆိုတာ မငြင်းနိုင်တဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ စာပေအသိုင်းအဝိုင်းမှာရှိတဲ့ စာပေသမားများသာမက မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စာဖတ်သူများအပေါ် မှာလည်း ဆရာကြီးပီမိုးနင်းရဲ့ စာပေဂုဏ်ကျေးဇူးတွေ များပြားတာကို အထူးပြောဖွယ်မလိုတော့ပါ။

စာဖတ်ဖို့ စိတ်ဝင်စားလာပြီ ဆိုတာနဲ့ လူငယ်တွေ တော်တော်များများဟာ ဆရာကြီးပီမိုးနင်းရဲ့ စာအုပ်တွေနဲ့ ကင်းခဲ့တဲ့သူ မရှိခဲ့တာ လမ်းဘေးစာအုပ် အဟောင်းဆိုင်မှသည် စာအုပ်ဆိုင်ကြီးတွေအထိ ဆရာကြီးပီမိုးနင်းရဲ့ စာအုပ်တွေ ယနေ့အထိ ရောင်းကောင်းနေတာက သက်သေပြနေပါတယ်။

နောင်လည်း ဆရာကြီးရဲ့ စာပေတွေက မြန်မာပြည်သူတွေရဲ့ ကြားထဲမှာ ရှင်သန်နေဦးမှာ ဖြစ်ပါတယ်။ ဆရာကြီးရဲ့ စေတနာမှန်ကန်လို့သာ ဆရာကြီးရဲ့ စာပေတွေက ခေတ်အဆက်ဆက် ရှင်သန်ရပ်တည်နေတယ်လို့ ပြောလို့ရပါတယ်။

မြန်မာနိုင်ငံ စာရေးဆရာ အသင်းကြီးရဲ့ ဥက္ကဋ္ဌတာဝန်ယူထားတဲ့ ပန်းမြိုင်လယ်က ဉယျာဉ်မှူးရဲ့ ပဲ့ကိုင်ရှင်ဖြစ်တဲ့ ဆရာကြီးကိုယ်တိုင် ဆရာကြီးပီမိုးနင်းရဲ့ စာပေကြောင့် အခုလို အောင်မြင်ခဲ့တယ်လို့ စာပေဟောပြောပွဲ အခွေမှာ နားထောင်လိုက်ရပါတယ်။ ဆရာကြီးငယ်စဉ်ဘဝ (ဆယ်တန်းကျောင်းသားဘဝ)က အဖြစ်အပျက်ကို ပြောပြပါတယ်။ ကျောင်းသားလူငယ်တွေအတွက် မှတ်သားနာယူရမယ့်စကား ဖြစ်ပါတယ်။

ဆရာကြီးက စိတ်လေပြီး ဆယ်တန်းကို ခုနစ်နှစ် ဖြေခဲ့ရတယ်လို့ ဆိုပါတယ်။ နောက်တော့ သူငယ်ချင်းတစ်ယောက်အိမ်ကို သွားရင်း ဆရာကြီးပီမိုးနင်းရဲ့ စာအုပ်တွေကို အထပ်လိုက် ဖတ်ဖြစ်ခဲ့တဲ့အကြောင်း၊ အောင်စိတ်ဆိုတဲ့ စာအုပ်ကြောင့် လွင့်ပျံ့နေတဲ့ အတွေးတွေ ပျောက်ကွယ်သွားပြီး ဆယ်တန်းကို ပြန်ဖြေတဲ့အခါ အလွယ်တကူ အောင်သွားတယ်ဆိုတဲ့အကြောင်း နားထောင်လိုက်ရပါတယ်။ (မှတ်မိသမျှ ပြန်ရေးပြတာ ဖြစ်တဲ့အတွက် လွဲချော်မှုရှိရင် ခွင့်လွှတ်စေချင်ပါတယ်။ စာရေးသူ)

ဆရာကြီးလည်း အခုဆိုရင် အစိုးရအရာရှိကြီးဘဝမှ ပင်စင်ယူပြီး မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးရဲ့ ဥက္ကဋ္ဌတာဝန်ကို ယူထားရပါတယ်။ မြန်မာနိုင်ငံ စာရေးဆရာအသင်းကြီးရဲ့ ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားရတဲ့ အချိန်မှာ တိုက်တိုက်ဆိုင်ဆိုင် ဆရာကြီးပီမိုးနင်း ကွယ်လွန်ခဲ့တာ လာမယ့် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်ဆိုရင် စိန်ရတုကို ရောက်ပြီ ဖြစ်ပါတယ်။

ပန်းမြိုင်လယ်က ဉယျာဉ်မှူးကြီးအနေနဲ့ ဆရာကြီးပီမိုးနင်းရဲ့ စာပေကျေးဇူးကြောင့် ဘဝမှာ အောင်မြင်မှုတွေ ရလာသလို ဒီနေ့ စာပေနယ်မှာ ကျင်လည်နေကြတဲ့ စာရေးဆရာကြီးများမှသည် လက်သင်စာရေးဆရာများအထိ ဆရာကြီးပီမိုးနင်းရဲ့ စာပေကျေးဇူးတွေ အများကြီးရှိပါတယ်။ အဲဒီလိုပဲ ဒီနေ့ အုပ်ချုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး နယ်ပယ်အားလုံးမှာရှိတဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများအပေါ် မှာလည်း ဆရာကြီးရဲ့ စာပေကျေးဇူးတွေ ရှိခဲ့တယ်ဆိုတာလည်း မငြင်းနိုင်တဲ့ အချက်တစ်ချက် ဖြစ်ပါတယ်။ ဆရာကြီးရဲ့ စာပေဂုဏ်ကျေးဇူးတွေ ရှိခဲ့တဲ့အတွက် ဆရာကြီးကွယ်လွန်တဲ့နှစ်မှသည် နောင်နှစ်ပေါင်းများစွာအထိ ဆရာကြီးရဲ့ စာပေဂုဏ်ကျေးဇူးတွေကို မမေ့မလျော့ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။

ဆရာကြီးပီမိုးနင်းရဲ့ စာပေဂုဏ်ကျေးဇူးတွေကို ထာဝရတည်တံ့ခိုင်မြဲဖို့အတွက် ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့မှာ ကျရောက်မယ့် ဆရာကြီးပီမိုးနင်း ကွယ်လွန်ခြင်း စိန်ရတုအထိမ်းအမှတ် အခမ်းအနားကြီး ဖြစ်ပေါ်လာရေးကို မြန်မာနိုင်ငံ စာရေးဆရာ အသင်းကြီးက ဦးဆောင်ပြီး နိုင်ငံတော်မှလည်း ပံ့ပိုးပေးမယ်၊ ငွေကြေးချမ်းသာတဲ့သူတွေကလည်း ကူညီမယ်၊ စာပေလောကသားတွေကလည်း ညီညီညွတ်ညွတ်နဲ့ ဆောင်ရွက်ကြမယ်ဆိုရင် စိန်ရတုအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်မှာ ဖြစ်ဟယ်လို့ ယုံကြည်ပါတယ်။

ဒါကြောင့် ဆရာကြီးကွယ်လွန်ခြင်း စိန်ရတုအထိမ်းအမှတ် ဖြစ်မြောက်ရေးအတွက် လွန်ခဲ့တဲ့ ၁၉၅၅ ခုနှစ်က ဆရာကြီးသခင်္ဂါရဲ့ ဆုတောင်းစကားဖြစ်တဲ့ "ဆရာပီမိုးနင်း၏ စာပေကို မြတ်နိုးသူများက ဆရာ၏စာများ မပျောက်မပျက်ရအောင် စုဆောင်းရိုက်နှိပ်ထုတ်ဝေရန် အဖွဲ့တစ်ဖွဲ့ ဖွဲ့စည်းရန် ဆွေးနွေးခဲ့ကြလေရာ ဤမျှလောက် မြန်မာပြည်၏ စာပေဂန္ထဝင်တွင် အကျိုးကျေးဇူးတရား ကြီးမားခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးအား မမေ့စကောင်း သတိရသောအားဖြင့် ဖြစ်မြောက်ကြပါစေ ဟူ၍သာ ဆုတောင်းလိုက်ရပေသတည်း" ဆိုတဲ့ ဆုတောင်းကို ထပ်ဆင့် အငှားဆုတောင်းလိုက်ရပါတယ်။

**ကိုးကား**

ဆရာကြီး သိန်းဖေမြင့်၏ ပီမိုးနင်း (မြန်မာနိုင်ငံစာပေနှင့် စာနယ်ဇင်းအဖွဲ့က ထုတ်ဝေသည့် မြန်မာစာပေစာအုပ်၊ ၁၉၉၈ ခုနှစ် ဇွန်လ ပထမအကြိမ်)

ဆရာကြီးသခင်္ဂါ၏ "ပီမိုးနင်းစာပေ" (မောင်ခေတ်ထွန်း စီစဉ်သည့် စာဆိုနှင့်စာ၊ ဒုတိယတွဲ၊ ၂၀၀၂ ခုနှစ် ဇွန်လ ပထမအကြိမ်)

**ကိုရဲ(ရွှေတိုး)**

❑



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ မျက်ရည် လွယ်လွယ်ကျ တ်သူ မဟုတ်ပါ။ ဒါပေမယ့် အဲဒီ ယ်လွယ် မကျတတ်တဲ့ မျက်ရည် တ “မောင်”နှင့် ပတ်သက်ပြီး ခဏ ကျခဲ့ရပါပြီ။

မောင်နှင့် မဆုံခင်က ဆိုရင် တို့ရဲ့ လက်နက်ဟာ မျက်ရည် တာ ကျွန်မ လုံးဝ လက်မခံခဲ့ပါ။

မျက်ရည်ဟာ ထိခိုက်လွယ်ကူ တ်သူတွေ၊ အသည်းနှလုံး နူးညံ့သူ အတွက်သာ ဖြစ်တယ်လို့ ကျွန်မ စ်ကျ ယူဆခဲ့ပါတယ်။ အခုတော့ အဆတွေ အထင်တွေမှားခဲ့ပါပြီ။ မရဲ့ ပါးပြင်ထက်မှာ မျက်ရည် ကြောင်းတွေ အသွယ်သွယ် စီးဆင်း ဆင်းနေရပါပြီ။

ကျွန်မကိုယ်တိုင် ထိခိုက်လွယ် တတ်သူ၊ အသည်းနှလုံး နူးညံ့သူ နေရပါပြီ။ ဒါပေမယ့် အဲဒီမျက်ရည် တ မောင့်ကို ကျွန်မ နားမှာ အမြဲ နေအောင် မတားဆီးနိုင်ခဲ့ပါဘူး။

မောင်ဟာ ကျွန်မရဲ့ပါးပြင်ထက် အဆက်မပြတ် စီးသွယ် ကျဆင်းနေတဲ့ မျက်ရည်စက်ကလေးတွေကို ကြင်ကြင်နာနာနှင့် တယုတယ သုတ်ပေးခဲ့ပေမယ့် ကဗျာဆရာဖြစ်တဲ့မောင်ဟာ -

“ချစ်ရယ်၊ တို့များဘဝ လှပတဲ့ အိပ်မက်ကလေးတွေ ထာဝရမက်နိုင်ဖို့ အတွက် ခဏတော့ ခွဲခွင့်ပြုပါနော်၊ မကြာခင်ကာလမှာ မောင် အရောက် ပြန်လာခဲ့ပါမယ်”လို့ တည်ငြိမ်တဲ့ အသံနှင့်ပြောရင် မောင့်ကို လာခေါ်ကြတဲ့ မောင့်သူငယ်ချင်းဆိုတဲ့ ကျွန်မ မသိတဲ့ မျက်နှာစိမ်းတွေရဲ့နောက် ကောက်ကောက်ပါအောင် လိုက်သွားခဲ့တယ်။

ဒီတော့ ကျွန်မရဲ့မျက်ရည်တွေဟာ မောင့်ကို မတားဆီးနိုင်ခဲ့တာတော့ အမှန်ပါ။

ကျွန်မတို့ အပါးက ခွဲခွာခါနီး မောင့်ကို တီတီတာတာ ပလီပလာပြောတတ်ခါစ သားလေးက “ဖေဖေ၊ အကြာကြီး မနေရဘူးနော်”လို့ လှမ်းပြောတော့ မောင်ဟာ သားလေးကို ပွေ့ချီနမ်းရှုပ်ရင်း. . .

“အေးပါ သားရယ်၊ ဖေဖေ အကြာကြီး မနေပါဘူး၊ စိတ်ချ မကြာခင် ပြန်လာမှာပါ၊ ဖေဖေလေ သားတို့






www.burmeseclassic.com

www.burmeseclassic.com

အားလုံးအတွက် ထာဝရ ရှင်သန်ဖွံ့ဖြိုး နိုင်မယ့် အိပ်မက်ကမ္ဘာလေးကို သွား ဆောက်မှာပါ”လို့ ပြောလိုက်တယ်။

သားလေးက “ဟာ, ဖေဖေက အိပ်မက်ကမ္ဘာဆိုတာ ဘယ်လို တည် ဆောက်ရမှာလဲ” လို့ ပြန်မေးတယ်။

ဒီတော့ သားလေးကို နမ်းရင်း “သား ဒါတွေ ဘယ်နားလည်နိုင်ပါ့မလဲ သားရယ်”လို့ပြောပြီး “ကဲ, ဖေဖေ သွား တော့မယ်” လို့ မောင်က သားလေးကို ချပြီး ကျွန်မတို့ကို ကျောခိုင်းထွက်သွား တော့ ကျွန်မမှာ ဖော်မပြနိုင်တဲ့ ဝေဒနာ တွေကို ရင်မှာ အပြည့်ခံစားရင်း ငိုလိုက် ရတာ အမောပါပဲ။

“မေမေ ဘာလို့ ငိုနေတာလဲ၊ ဖေဖေက ခဏသွားတာ မဟုတ်လား” ဘာမှ နားမလည်ရှာတဲ့ သားလေးက ကျွန်မကိုကြည့်ပြီး ဝေဝေဝါးဝါးနဲ့ မေးပါ တယ်။ ဒီတော့ ကျွန်မလည်း အသည်း နှလုံး နူးညံ့လွန်းလှတဲ့ သားလေးထံပါး သောကမီးတွေ ပွားပြီး လောင်မြိုက် မသွားရအောင် မျက်ရည်တွေကြားကပဲ ပြုံးရင်း ခေါင်းလေးညိတ်ပြလိုက်ရတယ်။

သားလေး အားငယ်မှာ စိုးလို့ သားကို အားပေးတဲ့ အနေနဲ့ ကျွန်မ အငို တိတ်လိုက်တယ်။ ဒါပေမယ့်လေ ကျွန်မရဲ့ ရင်ထဲမှာတော့ ဘာသိမ့်သိမ့် ရှိုက်နေဆဲပါပဲ။ ဪ, ကျွန်မရဲ့ မျက် ရည်တွေက ဘာကြောင့်များ မောင့်ကို ကျွန်မ အနားမှာရှိအောင် မဟားဆီးနိုင် ခဲ့ပါလိမ့်။ မောင်ကတော့ သံမဏိလို မာကျောတဲ့ အသည်းနှလုံးနဲ့ ခပ်ပြုံးပြုံး လေးပဲ ခွဲသွားခဲ့ပေမယ့် မောင်ဟာ ရက် ရက်စက်စက် ကျွန်မတို့ သားအမိနှစ် ယောက်ကို ပစ်သွားရက်တယ်၊ ဥပေက္ခာ ပြုရက်တယ်လို့ ကျွန်မ မထင်ခဲ့၊ အပြစ် မမြင်နိုင်ခဲ့ပါဘူး။ မောင့်အပါးမှာ နေပြီး ချွဲချွဲပျစ်ပျစ် အချစ် အကြောင်းတွေကို ကျွန်မ အလကာ မဖွဲ့တတ်ခဲ့ပေမယ့် မောင့်ကိုချစ်တတ်တဲ့ ကျွန်မရဲ့ အသည်း နှလုံးက မောင့်အပေါ် အရာရာခွင့်လွှတ် ခဲ့ပြီးသားတွေပါလေ။

ဒါကြောင့်ပဲ ကြမ်းတမ်းတဲ့ ခရီး ကြမ်းကြီးမှာ ကမ်းမမြင်လမ်းမမြင် ပန်း တိုင်ကို မဝင်နိုင်ဘဲ လှမ်းနေရတဲ့ ကျွန်မ ဟာ လူမမည် သားလေးတစ်ယောက်နဲ့ အတိဒုက္ခ ရောက်နေခဲ့ရတယ်။ ချွေးနဲ့ မောင့်ကို လွမ်းလို့ကျတဲ့ မျက်ရည်ရော စပ်နေပေမယ့် သားလေးရဲ့ ရှေ့ရေး အတွက် အဆွေးတောမှာငေးမောမနေ အားပါဘူး။ ပြေးရင်း လွှားရင်းနှင့်ပဲ ရုန်းကန်နေခဲ့ရတယ်။ ကျွန်မဘဝ မလှ ပေမယ့် သားဘဝ ဖရိုဖရဲ မဖြစ်ရအောင် တော့ ကျွန်မမှာ တာဝန်ရှိတယ် မဟုတ် လား။ ကံမကောင်းရှာတဲ့ သားလေး အတွက် ကံကောင်းအောင် ဖန်တီးပေး ရမှာ ကျွန်မ တာဝန်လေ။

သားလေးကတော့ သူ့အဖေနှင့် တစ်ထေရာတည်းပါပဲ၊ ရုပ်သွင်တူရုံမက စာရေးစာဖတ် တတ်လာတော့ ကဗျာ လေးတွေ စ, စပ်လာတယ်၊ စာသမား ပီပီပေါ့၊ ဒီလိုနဲ့ သားလေး သတ္တမတန်း ရောက်ခဲ့တယ်။

“ပန်းကလေးတွေ ဘာကြောင့် ပွင့်တာလဲ”လို့ မေးတတ်လာတယ်၊ “မြေ ရယ်၊ ရေရယ်၊ နေရယ်၊ လေရယ်ကြောင့် ပေါ့ သားရယ်” လို့ ကျွန်မလည်း နား လည်သလောက် ဖြေမိတယ်။ ဒီတော့-

“ဒါဆိုရင် သားတို့ဘဝတွေမှာ လဲ ပန်းလေးတွေ မျိုးစုံပွင့်လန်းလာ အောင် ဥယျာဉ်မှူးတွေလိုထားပေါ့နော်” လို့ တစ်စုံတစ်ရာကို တွေးပြီး ပြောလာ တယ်။ သားက အသက်ငယ်ပေမယ့် အသက်ငယ်ငယ်နဲ့ ပြောလာတဲ့ သား စကားတွေကို ကျွန်မ ကောင်းစွာ နား မလည်ခဲ့ပါဘူး။ ဒါပေမယ့် အေးရာအေး ကြောင်း “အင်းပေါ့သားရယ်” လို့ လွယ် လွယ်ကူကူပဲ ခေါင်းညိတ်လိုက်တယ်။

“ဒါဆို သားသဘောပေါက်သွား ပြီ. . မေမေ၊ ဖေဖေ ပြောခဲ့တဲ့ အိမ်မက် လှလှလေးတွေ တည်ဆောက်ဖို့ဆိုတာ၊ မပြည့်စုံတဲ့ သားတို့အတွက် မြေရယ်၊ ရေရယ်၊ နေရယ်၊ လေရယ် ပံ့ပိုးမှုတွေ ရှိမှ ပွင့်လန်းလာကြမယ်၊ ပန်းလေးတွေ လို ငွါးငွါးစွင့်စွင့် ပွင့်လန်းလာနိုင်ဖို့ အတွက် ဖေဖေ ပံ့ပိုးမှုတွေ ရအောင် သွားတာပဲ ဖြစ်မယ်”တဲ့။

ကဗျာဆန်လွန်းတဲ့ သား စကား လေးတွေ၊ သားရဲ့ စကားတွေထဲမှာ မောင့်ကို လွမ်းမောသံလေးတွေ ပါနေ လေရဲ့။ မောင်ကတော့ ဘယ်သိရှာမှာ လဲ၊ ကျွန်မတို့ကို ကျောခိုင်းခဲ့တဲ့သူ ကျောခိုင်းရက်တဲ့ မောင်အသည်း ကျွန်မ ဘယ်လိုမှ မဝေခွဲနိုင်ခဲ့ပါဘူး။

စာမလာသတင်းမကြားဘဲ အ အဆက်အသွယ်မှ မရခဲ့ပါ။ အခုဆိုရင် သားလေးပင် (၁၃)နှစ်အရွယ် သတ္တ တန်းကျောင်းသားလေး ဖြစ်နေခဲ့ပါ ကော။ တစ်ခါတလေ မောင့်ကို လွမ်း ကျွန်မ သားကွယ်ရာ မျက်ရည် ကျခဲ့ တယ်။ စိမ်းကား ရက်စက်လွန်းလှ လား မောင်ရယ်ပေါ့၊ အဲဒီအချိန်အ မှိုးမှာ မထင်မှတ်ဘဲ သားလေးနှင့် တိုး ရင် “မေမေ ဘာလဲ၊ ငိုနေတာလား မနေပါနဲ့ မေမေရယ်၊ ဖေဖေက ထာ အိမ်မက်လှလှလေးတွေ မက်နိုင်အော ခဏသွားတာပဲ၊ မကြာခင်ပြန်လာတော့ မှာပေါ့”လို့ အားပေးပါတယ်။

ဒါပေမယ့် သားလေးရဲ့ မျက် လေးမှာလည်း ဆွေးရိပ်လေးသန်းလို့ နေခက်ပြီး သားလေးက ကျွန်မကို ဆ ပြောပါတယ်၊ “ဖေဖေ ပြန်မလာ သား သွားခေါ်မယ် မေမေ” တဲ့။ “အေ ဘာမှ အားမငယ်ပါနဲ့” တဲ့။

သားလေးရဲ့စကား ကြားတော ကျွန်မရင်ထဲမှာ ဝမ်းနည်းစိတ်တွေ ဖြေသိမ့်မရလောက်အောင် ဆို့ ပြွတ်သိပ်လာတယ်၊ တအား ငိုပစ် ချင်စိတ်တွေ ပေါ်လာတယ်။ ကျွ ပြောရမယ့် စကားတွေကို သားလေး ပြောလာတယ်ဆိုတော့ ရင်ထဲမှာ တင်ကဲ ခံစားရတာပေါ့။ တကယ်ဆ သည်စကားတွေက သားလေးကို ကျွ ပြောရမယ့် စကားတွေပဲ မဟု သိတတ်လွန်းတဲ့ သားလေးအတွ ကျွန်မ ဂုဏ်ယူမိတာတော့ အမှန်ပါ





www.burmeseclassic.com

www.burmeseclassic.com

"မောင်ရယ်၊ မြန်မြန် ပြန်လာခဲ့နော်၊ လိမ္မာလိုက်တဲ့ မောင့်သားလေးကို လာကြည့်လှည့်ပါဦး" ဆိုပြီး ကျွန်မတာ ဆုတောင်းရတာကလည်း ညတိုင်းပါပဲ။

တစ်ည ကျွန်မတို့ အိပ်ပျော်ခါနီး မောင် ပြန်ရောက်လာတယ်၊ မောင်ကိုတွေ့တော့ ကျွန်မ မောင့်ကို ဖက်ပြီး ငိုလိုက်ရတာလေ။ ဒါပေမယ့် မောင်ကတော့ အေးတိအေးစက်နဲ့။ မောင့်မျက်နှာဟာ ကျွန်မကို တွေ့ရပေမယ့်ဘာမှမထူးခြားဘူး၊ အသက်ဝိညာဉ်ကင်းမဲ့နေတဲ့ မျက်နှာမျိုး ခံစားမှု ကင်းမဲ့စွာနဲ့ ကြည့်နေတယ်။

"မောင်ရယ်၊ မောင့်ကို သားလေးက လာခေါ်မယ် လုပ်နေတာ၊ မောင် ဘယ်မှာရှိနေမှန်း မသိလို့ မလာတာ မောင် ပြန်မသွားနဲ့တော့နော်၊ 'မ'တို့နဲ့ပဲ အပြီးနေပါတော့၊ 'မ'တို့ကို ထားမသွားပါနဲ့တော့နော်, နော်၊ 'မ'တို့ သားအမိကို သနားပါ"

ကျွန်မက မောင့်ကို ပြောတယ်။ ဒါပေမယ့် မောင်ကတော့ ဘာစကားမှ မပြောဘူး၊တုဏှိဘောလုပ်နေတယ်။

"မောင်၊ မောင်ဘယ်လို ဖြစ်နေတာလဲ၊ 'မ'ပြောတာတွေကော ကြားရဲ့လားမောင်"

ကျွန်မက မောင့်ကို အားမလို အားမရ လှုပ်ပြီး မေးလိုက်ပါတယ်၊ အဲဒီအချိန်မှာပဲ မောင်ဟာ ကျွန်မကို တွန်းပြီး အပေါက်ဝနား သွားရပ်ပါတယ်။

"မောင့်တစ်ယောက် အတွက် မတို့ကို ခွဲသွားတာမဟုတ်ဘူး၊ 'မ' အဲဒါကိုတော့ နားလည်ပေးပါ၊ လောကမှာ အလိုအပ်ဆုံးအရာဟာ ဘာလဲ၊ အလိုအပ်ဆုံးအရာတွေ မပြည့်စုံရင် ဒါမှဟုတ် ပြည့်စုံရင် ဆိုတဲ့အပေါ် 'မ' စဉ်းစားပါ၊ လောကမှာ ထာဝစဉ်လှပတဲ့ အိပ်မက်တွေကိုပဲ မက်နေချင်သလား၊ဒါမှမဟုတ် အကျည်းတန် အရုပ်ဆိုးတဲ့ ကြောက်မယ်ဖွယ်ရာ အိပ်မက်ဆိုးကြီးတွေကိုပဲ မက်နေချင်သလား၊ အစဉ်ထာဝရ လှပတဲ့ အိပ်မက်တွေကိုပဲ မက်နေချင်တယ်ဆိုရင်တော့ တစ်ခုခုတော့ စွန့်လွှတ်စွန့်စားရမှာပါ" လို့လည်း တိုးတိတ်လွန်းတဲ့ အသံလေးနဲ့ တစ်လုံးချင်း ပြောလာပါတယ်။

သူ့စကားဆုံးတာနဲ့ မောင်ဟာ မီးကရတ်တစ်လိပ်ကို မီးညှိပြီး မီးခိုးလေးတွေကို ဖွာခနဲ မှုတ်ထုတ်လိုက်ပါတယ်။ အဲဒီ မီးခိုးလေးတွေထဲမှာ မောင့်ဆုံးဖြတ်ချက်တွေ ပါနေသလိုပါပဲ။ မောင်က တလူလူထွက်သွားတဲ့ မီးခိုးလေးတွေကို ငေးကြည့်နေတယ်။ မောင် မှုတ်ထုတ်လိုက်တဲ့ မီးခိုးလေးတွေက ကျွန်မဆီ လွင့်မျောလာပါတယ်၊ မွှေးလိုက်တာ၊ ဘယ်လို အနံ့လေးမှန်း မသိပါဘူး။

ကျွန်မလည်း အဲဒီမီးခိုးလေးတွေကို အငမ်းမရ လိုက်ရှူနေမိတယ်၊ ရှူရင်းရှူရင်း ကျွန်မ စိတ်တွေ ကြည်နူးသလိုဖြစ်လာတယ်။ ဝေတိဝေဝါလည်း ဖြစ်လာတယ်။

ကျွန်မ စဉ်းစားလိုက်တဲ့ အချိန်မှာပဲ ကျွန်မ နတ်ပြည်ရောက်သွားတယ်၊ နတ်စည်းစိမ် ခံစားမယ်လုပ်နေတုန်းမှာပဲ ကျွန်မတစ်ကိုယ်လုံးမှာရှိတဲ့ အသားစိုင်တွေ တစ်ဖဲ့စီ တစ်လွှာစီ ကြေမွပဲ့ကျကုန်တယ်၊ နောက်, နောက် . . . ကျွန်မ အရိုးတွေ တဖွဲဖွဲ မွမွကြေ ဖွာကျကုန်ကြတယ်၊ ဘုရား ဘုရား ကျွန်မလည်း အလန့်တကြား ဘုရား တလိုက်မိတယ်။

"မေမေ. . မေမေ ဘာဖြစ်နေတာလဲ၊ အိပ်မက် မက်နေတာလား"

သားလေးရဲ့ အလန့်တကြား နိုးသံကြားမှ ကျွန်မလည်း လန့်နိုးလာခဲ့တယ်။ ကျွန်မ တစ်ကိုယ်လုံးမှာလည်း ချွေးတွေ ရွှဲလို့။ လူကလည်း လန့်နိုးလာခဲ့တာတွေနဲ့အတူ မောဟိုက်လွန်းလို့ တစ်ကိုယ်လုံး တုန်နေတယ်၊ ကျွန်မဟာ ရင်ဘတ်ကိုလည်း အလိုလို ဖိထားမိရက်သား ဖြစ်နေတယ်၊ ငါ အိပ်မက်နေတာပါလား။

"မောင်. . မောင် အိပ်မက်လှလှလေးတွေ ထာဝရမက်နိုင်ဖို့ လောကရဲ့ အလိုအပ်ဆုံး အရာကို စွန့်လွှတ်စွန့်စား ရှာဖွေခဲ့ရာမှာ အတ္တကင်းကင်းနဲ့ သန့်သန့် ရှင်းရှင်းလေး ရှာဖွေမှုမှ မပြုနိုင်ခဲ့ပါလား။ လွဲပါစေ၊ ဖယ်ပါစေ။

တကယ်တော့ မနေ့က ကြားလိုက်ရတဲ့ မောင့်သတင်း တစ်ခွန်းတစ်စကြောင့် ကျွန်မ လှပတဲ့ အိပ်မက်ဆိုးကြီးကို မက်ခဲ့တာပါ။

မောင့်သတင်းက မပီဝိုးတဝါးနဲ့ ကြားမကောင်းတဲ့သတင်း။ အိပ်မက်ဆိုးကြီးထဲကလို အသားတွေ အရိုးတွေ ပြိုင်းပြိုင်းကျပြီး မွမွကြေစေတဲ့ သတင်း။ မောင် မရှိတော့ဘူးတဲ့လေ။

မောင် သေရှာပြီတဲ့၊ ဒီသတင်းကို ကျွန်မ သားလေးကို ဘယ်လိုပြောရပါ့မလဲ။

"သားဖေဖေ မရှိတော့ဘူး သားရယ်"လို့ ကျွန်မပြောလိုက်ရင် သားလေးက မျက်ရည်လည်ရွဲနဲ့ စိတ်မကောင်းခြင်းကြီးစွာ "ဖေဖေ ဘာဖြစ်လဲ၊ ဘာကြောင့်လဲ၊ ဖေဖေ့ကို ဘယ်သူက သတ်တာလဲ၊ ဖေဖေ ဘာရောဂါနဲ့ သေရတာလဲ"လို့ မေးလာမှာပါ။ အဲဒီလို မေးလာရင် ကျွန်မ သားလေးကို ဘယ်လိုပြောရပါ့မလဲ။ သားလေး နားလည်အောင် ကျွန်မ ပြောမှ ပြောတတ်ပါ့မလား၊ တကယ်တော့ သနားစရာ သားလေး နားလည်အောင် သဘောပေါက်အောင် မပြောတတ်တာအမှန်ပါ။ ဒါပေမယ့်. .

"ပန်းပွင့်လေးတွေ ငွါးငွါးစွင့်စွင့်နဲ့ လှပစွာ ပွင့်လန်းလာဖို့ အတွက် မြေရယ်၊ နေရယ်၊ ရေရယ်၊ လေရယ် လိုအပ်တာ အမှန်ပေမယ့် အဲဒီ လိုအပ်တဲ့ ထောက်ပံ့မှု မြေ၊ နေ၊ ရေ၊ လေတွေ လွန်ကဲခဲ့ရင်လဲ ပန်းပွင့်လှလှလေးတွေ ပွင့်လန်းပေးမယ့် ပန်းပင်တွေ သေသွားတတ်တယ် သားရယ်" လို့။

ဝမ်းနည်းပူဆွေးနေတဲ့ စိတ်ကို သားလေးမသိအောင် မျိုသိပ်ရင်း ကြိတ်မှိတ်ပြီး သားလေးကိုတော့ ပြောရဦးမှာပါလို့။

**နေဝန်းနီ**

❑





www.burmeseclassic.com

www.burmeseclassic.com

# မြစ်ပွါးနာ(ခ)ကင်ဆာအတွက် ဆေးစွမ်းထက်သည့် ဆေးဆရာတစ်ဦးပေါ်ထွက်လာခြင်း



ကင်ဆာအထူးကုသမားတော်ကြီး
ဦးကိုကိုလတ်
သမားမှတ်ပုံတင်အမှတ် ခ/၆၂၀၁

## ကင်ဆာ၊ မြစ်ပွားနာ
## အထူးကုတိုင်းရင်းဆေးကုခန်း

သမားတော်အမှတ်စဉ်–ခ/၆၂၀၁ကို ကိုင်ဆောင်ထားသော တိုင်းရင်းဆေးသမားတော်ကြီး ဆရာဦးကိုကိုလတ်သည် ကင်ဆာရောဂါများဖြစ်သော သားအိမ်တွင် အနာရှိခြင်း၊ အဖြူဆင်းခြင်း၊ သွေးပုပ်ဆင်းခြင်း၊ သားအိမ်ရောင်ခြင်း၊ ဆီးစပ်ကိုက်ခြင်း၊ ဆီးခုံရောင်ခြင်း၊ သားအိမ်တွင် သွေးလုံး၊ အသားလုံး၊ အကြိတ်လုံး၊ သွေးသပျက်ခို၊ သားအိမ်ခေါင်းကင်ဆာ၊ သွေးကင်ဆာ၊ ကျောက်ကပ်ကင်ဆာ၊ လည်ပင်းကင်ဆာ၊ ရင်သားကင်ဆာ၊ အသည်းကင်ဆာ၊ လျှာကင်ဆာ၊ အသားကင်ဆာ၊ အကြောကင်ဆာ၊ အဆုတ်ကင်ဆာ၊ အူမကြီးကင်ဆာ၊ ပါးစောင်ကင်ဆာ၊ အသည်းတွင် ရေအိတ်တည်ခြင်း ကင်ဆာနှင့် ပတ်သက်သော အတွင်းနာမှန်သမျှနှင့် လေးဘက်နာဘီပို၊ စီပိုးရောဂါများကို သက်သာ ပျောက်ကင်းအောင် အထူးကုသပေးနေပါသည်။ ကမ္ဘာတစ်လွှားတွင် ဖြစ်ပွားနေသော ရောဂါများအနက် ကင်ဆာရောဂါသည် အလွန်ကြောက်မက်ဖွယ်ကောင်းသော ရောဂါတစ်မျိုး ဖြစ်ပါသည်။ ထိုရောဂါဖြစ်ပွားပြီး တစ်နှစ်၊နှစ်နှစ် အတွင်း ဝေဒနာကို ပြင်းထန်စွာခံစားရပြီးမှ သေဆုံးကြရသည်က များလှပါသည်။ သားအိမ်ကင်ဆာနှင့် သားအိမ်ခေါင်း ကင်ဆာတို့ကြောင့် ကမ္ဘာတစ်လွှားရှိ အမျိုးသမီးများသည် လေးမိနစ်လျှင် တစ်ယောက် သေဆုံးနေကြသည်ကို လူအများ တွေ့မြင်သိရှိကြရပါလိမ့်မည်။

ဤတိုင်းရင်းဆေးအား အသုံးပြုပြီး ရက်ပိုင်းအတွင်း ထူးခြားစွာ သက်သာပျောက်ကင်းစေပါသည်။ ကင်ဆာဆိုလျှင် ထိတ်လန့်ကြောက်ရွံ့စရာ မလိုတော့ဘဲ ဆရာထံသို့ လာရောက် ကုသနိုင်ပါသည်။ ထို့ကြောင့် ကင်ဆာရောဂါ ဝေဒနာရှင်များ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲမှုမှ ကင်းဝေးစေနိုင်စေရေးအတွက် ရောဂါများကို သက်သာပျောက်ကင်းအောင် ကုသပေးနိုင်သည့် ဆရာကောင်းတစ်ဦး ပေါ်ထွက်လာပြီ ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။ ဆရာ့ထံ တွေ့လိုပါက ဖုန်းနှင့်ကြို၍ ဆက်သွယ်ပါ။

| | | |
|---|---|---|
| ဆေးခန်းတည်နေရာ | – | ကန်သာယာမှတ်တိုင်၊ အမှတ်– မပ/၁၆၂၊ ဥယျာဉ်သာယာလမ်း ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ |
| လမ်းညွှန် | – | ၄၈ ၊ ၂၀၂ ၊ ၁၂၄ ၊ (အထူး)ကွန်ပျူတာ၊ ၁၉၇ ၊ ၁၇၇ ၊ ၁၈၈ ရွှေပြည်သာကားများစီး၍ ကန်သာယာမှတ်တိုင်တွင် ဆင်းပါ။ |
| ဆက်သွယ်ရန်ဖုန်း | – | ၀၉–၅၇၀၆၁၆၅၇ ၊ ၀၉–၃၁၉၃၀၇၉၆၊ ၀၁–၅၀၀၆၄၄၊ |


www.burmeseclassic.com

www.burmeseclassic.com



# ဆိုလှူမ်းဇဒ္ဒါကောင် ရသပျောက်သွားသော ကဗျာတစ်ပုဒ်

SWE MYINT 2014

ကိုစိုးဝေတို့ရဲ့ ဘဝတွေက တံ
…မှာ စေစားရာ မျှောလွင့်လိုက်ပါ
…င်းလဲရင်း လူလတ်ပိုင်းအရွယ်ကျမှ
…ထက်တန်းကျောင်းတုန်းက ငယ်သူ
…ချင်း သုံးယောက် မြောက်ဒဂုံမြို့
…တွင် လာဆုံမိကြသည်။

ငယ်ငယ်တုန်းက တစ်ကျောင်း
…း တစ်တန်းနည်း အတူတက်ခဲ့
…သော သူငယ်ချင်းသုံးယောက် ကြီး
…န်တွေ့ရသောအခါ ပိုရင်းနှီး၊ ပိုတွဲ
…၍ ပိုသံယောဇဉ် ဖြစ်ခဲ့ကြသည်မှာ
…မှ ဇနီးသည်များကပင် အထေ့
အငေ့များနှင့် စကားတင်းဆိုယူရသည်
အထိပင်။

ကိုအေးသန့်ကတော့ ကားဝယ်
ရောင်း၊ ကိုသော်တာက ကျူရှင်ဆရာ၊
ကိုစိုးဝေက ဆောက်လုပ်ရေးလုပ်ငန်း
လုပ်သူများမို့ ကိုယ်ပိုင်အလုပ်များဖြစ်၍
တစ်ယောက်က ဖုန်းဆက်ချိန်းလိုက်
သည်နှင့် ကျန်နှစ်ယောက်က အငြင်း
အဆန်မရှိ အဆင်သင့်ဖြစ်နေသည်။

မနက်ဘက်ဆိုလျှင် မြောက်ဒဂုံ
အဝင်ဝနားက နာမည်ကျော် ဘိုဘိုမင်း
လက်ဖက်ရည်နှင့် စားဖွယ်ဆိုင်၊ ပင်လုံ
လမ်းပေါ်ရှိ အောင်ကောင်းကြွယ်နှင့်
ရွှေစည်းစိမ် စားဖွယ်ဆိုင်ကြီးများ…



www.burmeseclassic.com

www.burmeseclassic.com

ဆုံကြ၊ ထိုင်ကြသလို ညနေခင်းများတွင်လည်း ဟိုနား၊ ဒီနားက ယမကာဆိုင်၊ ဘီယာဆိုင်များတွင် ထိုင်ဖြစ်တတ်ကြသည်။ ခုနောက်ပိုင်းတော့ မြောက်ဥက္ကလာပ လမ်းဆုံအနီးတွင် Lucky Seven စားဖွယ်ဆိုင်ကြီး လာဖွင့်သဖြင့် မနက်ပိုင်းနှင့် နေ့လယ်ဘက်များတွင် ထိုဆိုင်၌ သုံးယောက်သား ထိုင်ဖြစ်ကြပြန်သည်။

Lucky Seven စားဖွယ်ဆိုင်က ဆိုင်ခွဲတွေ များသည်။ စားဖွယ်စုံ၍ သန့်ရှင်းသပ်ရပ်ကာ အရသာကောင်းမွန်သည်။ မြောက်ဥက္ကလာပ လမ်းဆုံမှာ လာဖွင့်တော့ ကိုစိုးဝေတို့ သုံးယောက်သား မကြာခဏ ရောက်ဖြစ်ကြသည်။

ဒီကနေ့တော့ ကိုအေးသန့်က ကားဖြင့် လှည့်ခေါ်သဖြင့် ညနေသုံးနာရီလောက်တွင် မြောက်ဥက္ကလာပလမ်းဆုံ Lucky Seven ဆိုင်၌ ထိုင်ဖြစ်ကြသည်။ နေသည့်နေရာတွေကလည်း (၃၅)ရပ်ကွက်၊ (၄၉)ရပ်ကွက် မနီးမဝေးဖြစ်၍ ကြုံသည့်လူက ကားနှင့် လှည့်ခေါ်နေကျ ဖြစ်ပါသည်။

နေ့လယ် အဆာပြေစားချိန်၊ ကော်ဖီ၊ လက်ဖက်ရည် သောက်ချိန်ဖြစ်၍ ဆိုင်ထဲ၌ လူစည်စည်ကားကားရှိသည်။

ကိုစိုးဝေတို့ သုံးယောက်သားဂျာနယ်များ တင်ရောင်းသော ခုံအနီး စားပွဲနှစ်လုံးဆက်တွင် ဝင်ထိုင်သည်။

ရှယ်ပုံမှန်သုံးခွက်၊ နံရိုးပေါင်း၊ စမူဆာသုပ်၊ ပေါက်စီ၊ ဝက်သားပေါင်းစသည်တို့ကို ကိုယ်စီမှာပြီးသောအခါ ရယ်စရာ၊ မောစရာ စုံစီနဖာ ပြောရင်း ပတ်ဝန်းကျင်ကို မျက်စိကစားရင်း လေ့လာကြသည်။ အရသာခံကြသည်။

အသက် လေးဆယ်ကျော်ခါစ အရွယ်များ ဖြစ်သဖြင့် ကြည်နူးစရာ၊ ပျော်ရွှင်စရာ၊ ရင်သိမ့်တုန်စရာများကို ကြည့်မြင် ခံစားနေတတ်ကြဆဲ ဖြစ်ပါသည်။ လက်ဖက်ရည်ဆိုင်ထိုင်ရသည့် အရသာထဲတွင် ဒါလည်း ပါသည်။

ပွင့်လင်းမြင်သာမှု အားကောင်းလာသော ခေတ်ဖြစ်၍ ဆိုင်ထဲ၌ မိန်းကလေး အင်အားစုကလည်း မနည်းလှပါ။ ယောကျ်ားလေးများနှင့် ဆတူလောက်ရှိသည်။ ယောကျ်ားလေးနှင့် မိန်းကလေး စုပေါင်းအုပ်စုဝိုင်း၊ မိန်းကလေးသက်သက် အုပ်စုဝိုင်း၊ ကယုကယင် ချစ်နေကြသော စုံတွဲဝိုင်းများဖြင့် ပသာဒနှင့် မြင်ကွင်းစုံသည်။

အသက်(၄၀)ကျော်ခန့် အမျိုးသမီးများပင် ဆံပင်နီနှင့် နားကွင်းနှင့် ဘောင်းဘီကျပ်နှင့် ဝတ်နေကြသော ခေတ်မို့ အားလုံးကြည့်ကောင်းနေသည်။

"တကယ့် ရသပဲကွ၊ ကဗျာတစ်ပုဒ်ပဲ"

ကျောင်းဆရာလည်းဖြစ်၊ ဝတ္ထုကဗျာများ ရေးသားနေသော စာရေးဆရာလည်းဖြစ်သည့် ကိုသော်တာက အရာအားလုံးကို အတွေးနုနု အမြင်နုနုဖြင့် ကြည့်၍ ခံစားတတ်သူဖြစ်သည်။

သူ့စကားသံကြောင့် ကိုစိုးဝေနှင့် ကိုအေးသန့်က သူ့မျက်နှာကို လှမ်းကြည့်လျှင် သူ့ဘယ်ဘက်ဘေးမှ စားပွဲကို မျက်စပစ်ကြသည်။

ကိုသော်တာပြောလည်း ပြောလောက်ပါသည်။ အသက်(၂၀)ဝန်းကျင်လောက်ရှိမည့် နုနုငယ်ငယ် စုံတွဲတစ်တွဲ၊ နှစ်ယောက်စလုံး မရိုးမဆန်း ခေတ်မီဒီဇိုင်းများကို ဝတ်ဆင်ထားကြသည်။

ကောင်မလေးခမျာ ကြည်နူး၊ ပျော်ရွှင်၊ ရွှန်းလဲ့နေသော မျက်ဝန်းများဖြင့် ကောင်လေးမျက်နှာကို တရှိုက်မက်မက် ကြည့်နေသည်။ သူ့အာရုံတွင် ဆူညံနေသော ပတ်ဝန်းကျင်တစ်ခုလုံး ရှိနေပုံ မရပါ။ ကောင်လေးမှာတော့ ကောင်မလေး မျက်နှာကို ပြန်မကြည့်အားပါ။ ကောင်မလေးရှေ့ရှိ နန်းကြီးသုပ်ပန်းကန်ကိုသာ အာရုံပြုရင်း လက်တစ်ဖက်တွင်ကိုင်ထားသော ရှောက်သီးစိတ်ကို အရည်ညှစ်ပေးနေသည်။

"အေးကွာ တကယ့်ရိုမက်တစ်ဆင်းန် (Romatic Scene) ပဲ"

ကိုစိုးဝေက ကူးစက်လာသော ကြည်နူးစိတ်ဖြင့် ပြောလိုက်သည်။

"အသစ်အဆန်း အတွေ့အကြုံနဲ့မို့ အရှိန်တက်နေတုန်းမို့ပါကွာ၊ ညားသွားပြီး ကလေးတွေ တိုးလိုးတွဲလောင်းဖြစ်သွားတော့လဲ ဘယ်သူမှ ဒီလို တယုတယ လုပ်မနေနိုင်ပါဘူး"

"လုပ်ပြီကွာ အေးသန့်ကတော့ နောက်မှ ဖြစ်တာ တစ်ပိုင်းပေါ့ကွ၊ ခုအချိန်မှာ ကြည်နူးစရာကောင်းတာက တစ်ပိုင်းပဲ၊ သိင်္ဂါရ ရသမြောက်တယ်ဟ နလပိန်းတုံးရဲ့၊ အမြဲတမ်း ပေသီးခေါက်နေတဲ့ အတွေးနဲ့ မင်းက ဘာမှ ခံစားတတ်တာ မဟုတ်ဘဲနဲ့"

ကိုအေးသန့်က စိတ်ကူးမယဉ်တတ်သူ။ အရာရာကို လက်တွေ့ကျကျသာ ကြည့်ချင်ပြီး အရှိအတိုင်း ပြောတတ်၊ လုပ်တတ်သူ။ ကျန်နှစ်ယောက်နှင့် အတွေးအမြင် ခံစားချက်ခြင်း မတူသော်လည်း သူငယ်ချင်းတွေကို ချစ်စိတ်ဖြင့် အမြဲအဖော်လိုက်ပေးနေသူ ဖြစ်ပါသည်။

"အေးပါကွာ ထားပါတော့၊ ပြောပါ ပြောပါ ငါက မင်းတို့လို ကဗျာတွေ စာတွေနဲ့မှ မခံစားတတ်ဘဲ"

ကိုအေးသန့်သည် စားလက်စ ဝက်နံရိုးပေါင်းမှ အရိုးစကို စားပွဲပေါ် ချရင်း စူဆောင့်ဆောင့် ပြန်ပြောသည်။ ကိုစိုးဝေက သူငယ်ချင်းသုံးယောက်လုံး သောက်ဖို့ အကြမ်းပန်းကန်သုံးလုံးလဲ ရေနွေးကြမ်း ငှဲ့ထည့်ပေးနေဆဲ ခိုးခိုးခစ်ခစ် ရယ်သံများနှင့်အတူ. . .

"အေးကွာ ဒါလဲ ကဗျာတစ်ပုဒ်ပဲ ဟော့ကောင်၊ သူတို့တွေ ကြည့်ပြီး အသက်(၂၀)လာက် ပြန်ငယ်လိုက်ချင်တယ်ကွာ၊ သူတို့ ကြည့်ရတာ ဘာပဲပြောပြော ပသာချမ်းသာဖွယ်ကောင်းတယ်၊ လွတ်လပ်ပေါ့ပါးနေလိုက်တာ"

ကိုသော်တာ့ စကားသံကြောင့် ရေနွေးခွက်များကို စားပွဲပေါ် ချရင်း ခိုးခိုးခစ်ခစ် ရယ်နေကြဆဲဖြစ်သော ညာဘက်စောင်းစောင်းမှ စားပွဲသို့ လှမ်း





www.burmeseclassic.com

www.burmeseclassic.com

ကြည့်လိုက်သည်။ အထက်အောက် အနက်ရောင်ဆင်တူနှင့် မိန်းကလေး နှစ်ယောက် ရောင်စုံဒီဇိုင်းနှင့် မိန်းကလေး နှစ်ယောက်။

သူတို့နှင့် မျက်နှာချင်းဆိုင်တွင် အဝိုးမသေသော အပြုံး အရယ်များနှင့် သူငယ်သုံးယောက်။ ကြည့်ရသည်က သူငယ်ချင်းအုပ်စုပုံ။

"နင်နော် ကဲ ကဲ"

"ဟ ဟ လက်မပါနဲ့ဟာ မိဘုတ် ရဲ့ နင့်လက်သည်းတွေက နာတယ်ဟ"

"နင် ဘာလို့ စသေးလဲ"

"အဲ အဲ ချစ်လို့"

"ဘာ"

"သူငယ်ချင်းလို သူငယ်ချင်းလို"

"သတ္တိလဲ မရှိဘူးဟော့၊ လျှောချ သွားတယ်"

"ဟား ဟား ဟား ဟေး ဟေး"

ပျော်ရွှင် လွတ်လပ်ပေါ့ပါးနေသော သူတို့အုပ်စုကို ကြည့်ကာ ငယ်နုငယ်က ကျောင်းသားဘဝနှင့် သူငယ်ချင်းများကို ပြန်သတိရသည်။

"အေးကွာ သူတို့ကြည့်ပြီး ကိုယ်တောင် ပျော်လာတယ်"

"ဟုတ်ပကွာ၊ ကျောင်းတုန်းက သူငယ်ချင်းတွေ ပြန်သတိရတယ်ကွ"

"မင်း သတိရတဲ့ အထဲမှာတော့ မိန်းမတွေပဲ ပိုများမှာပါ သော်တာရာ၊ မင်းအကြောင်း အကြောင်းသိပါ၊ ဒါပေမယ့် သိပ်စိတ်ကူးယဉ်မနေနဲ့ သူငယ်ချင်း၊ မင်း သတိရတဲ့ဟာတွေက အကုန်လုံး (၄၀) ကျော်ကုန်ပြီ၊ ဖားဖင်လိပ်ခါး၊ အထက်လန် အောက်လျှောတွေ ဖြစ်ကုန်ပါပြီ"

"ဟာကွာ အေးသန့်ရာ၊ မင်း သုပ်လိုက်မှ ခံစားချက်တွေ ကုန်ပါပြီ၊ လက်ဖက်ရည်တောင် အရသာမရှိတော့ပါဘူးကွာ"

ကိုသော်တာ ရှုံ့မဲ့ပြောလျှင် ကိုအေးသန့်က သဘောကျစွာ တဟဲဟဲ ရယ်ပြီး. . . "ချာကိတ်တွေက ခုမှ စည်းကျော်မလို့၊ တို့ကြည့် ထိကြည့်တုန်းပါကွာ၊ ဇာတ်လမ်းက မပီပြင်သေးပါဘူး"

"ဟ မင်းနဲ့တော့ အေးသန့်ရာ ဇာတ်လမ်း မပီပြင်သေးခင်က ပျိုးနေတာလဲ ရသတစ်ခုပဲလေကွာ၊ မင်းက ပွဲကြမ်းမှ အရသာလို့ ထင်နေလို့လား"

ကိုအေးသန့် ဘာမှပြန်မပြော။ တဟဲဟဲ ရယ်နေသည်။ ကိုသော်တာ အတွက်ကတော့ ကဗျာတစ်ပုဒ်ပြီး တစ်ပုဒ် ရှာဖွေတွေ့ရှိ ခံစားနေသည်။ စားပွဲထိုးလေးတွေ တစ်ယောက်နှင့် တစ်ယောက် နောက်ပြောင် ပျော်ရွှင် ရယ်မောနေလျှင်လည်း ကဗျာတစ်ပုဒ်။

ဆိုင်ရှေ့မှာ ကားရပ်ပြီး ကားတံခါးဖွင့်ကာ မြေပေါ်သို့ အရင်ကျလာသော လေးလက်မ ဒေါက်ဖိနပ်အနက်နှင့် သွယ်လျဖြူဖွေးသော သလုံးသားလေးသည်လည်း ကဗျာတစ်ပုဒ်ပင်။

စမူဆာသုပ်နှင့် လက်ဖက်ရည် တစ်ခွက်ကို အရသာခံရင်း ကိုသော်တာ၏ ကဗျာပုဒ်များစွာတွင် ကိုစိုးဝေလိုက်ပါ မျောလွင့်ခံစားနေမိသည်။

"ဟာ, ဟော့ကောင်တွေ ဒါမှ တကယ့်ကဗျာတစ်ပုဒ်ကွ၊ ဒီကဗျာလေးကမှ တကယ်လှတာ"

ကိုသော်တာ့ အသံ မတိုးတတိုးက တကယ့်အရေးတကြီး။ ဇာတ်ရှိန်က ရုတ်တရက် မြင့်သွားသည့် အသံမျိုး။ ကိုသော်တာ မသိမသာ ညွှန်ပြသည့် ရှေ့တည့်တည့်သို့ အာရုံစိုက်ကြည့်သည်။ ရုတ်တရက် မတွေ့။ သေချာကြည့်မှ စားပွဲတစ်ဝိုင်း အကျော်တွင် တစ်ယောက်တည်း ထိုင်နေသော အသက်(၂၀)ခန့် မိန်းကလေးတစ်ဦးကို တွေ့ရသည်။

အရပ်မြင့်မြင့် ကိုယ်ဟန်သွယ်သွယ်နှင့် ခါးလည်မရှိတရှိ ဆံပင်တို့ကို ညာပခုံးပေါ်မှ ဟော့ကာ ရှေ့သို့ချထားသည်။ ဖြူစင်ဝင်းစက်နေသော မျက်နှာနုနုပေါ်တွင် နက်မှောင်သော စင်ရော်တောင်မျက်ခုံးက အထင်းသား။ နှာတံစင်းစင်းနှင့် သိပ်သည်းနုထွေးနီစွေးသော နှုတ်ခမ်းဆိုင်ဖူးတို့သည် မိန်းမလှတစ်ဦး၏ ဂုဏ်ရည်ကို အပြည့်အဝ ပေါ်လွင်နေစေသည်။

အံ့ဩစရာ ကောင်းသည်မှာ စားပွဲပေါ်ရှိ လက်ဖက်ရည်ခွက်နှင့် အစားအသောက်များကို မမြင်ဘဲနှင့် မြင်သလို ကြည့်နေသော မျက်ဝန်းများပင်။ မျက်ဝန်းအကြည့်တို့က အေးစက်ပြီး အရောင်အဆင်း မှိန်ဖျော့၍ အသက်ကင်းမဲ့နေသလို ရှိနေသည်။ နက်ပြာရောင် ထဘီထူထူနှင့် ပုံစံခေတ်မီ အဆင့်မြင့်သော မီးခိုးရောင်အင်္ကျီကို ဝတ်ဆင်ကာ ထိုင်နေသော သူမပုံစံက လောကကြီး တစ်ခုလုံးနှင့် ကင်းကွာနေသလိုပင်။ စိတ်နှင့်ရုပ်က ကင်းပြတ်နေသည့် အခြေအနေမျိုး။

"ဘောင်ခတ်ပြီး ကြည့်လိုက်၊ တကယ့်ပန်းချီကားတစ်ချပ်၊ သူ့မျက်လုံးကိုကြည့် အဓိပ္ပာယ်ဖော်ရခက်တဲ့ ကဗျာတစ်ပုဒ်ကွ၊ ဘာမှန်းမသိပေမယ့် ရင်ထဲကို ဝမ်းနည်းမှုတွေ စီးမျောဝင်လာစေသလိုပဲ၊ ပူဆွာဆန်တဲ့ကဗျာ၊ တကယ်လှတဲ့ ကဗျာ"

ကိုသော်တာ စကားဆုံးလျှင် လှမ်းကြည့်နေသော ကိုအေးသန့်က ပြန်လှည့်လာပြီး. . .

"ဟင်း, ဘာများလဲလို့ကွာ၊ ဘာမှမဟုတ်တာ၊ မျက်နှာသေကြီးနဲ့ပါ၊ အဲဒီမိန်းမ ငါတို့ ဝင်လာကတည်းက ထိုင်နေတာပါ၊ ဘာမှ မတို့မထိနဲ့၊ စိတ်နဲ့ လူကလဲ ကပ်ပုံမရပါဘူး"

ကိုစိုးဝေကမူ မိန်းကလေးဘက်သို့ ကြည့်နေရာမှ မျက်နှာလွှဲလိုက်ရင်း

"တစ်မနက်လုံး မင်း ပြောခဲ့တဲ့ အထဲမှာဟုတ်တယ်၊ ဒီဟာတော့တကယ့်ကဗျာတစ်ပုဒ်ပဲ၊ လှတယ်၊ ဒါပေမယ့် ရင်ထဲမှာ ဘယ်လိုခံစားလိုက်ရမှန်း မသိဘူး"

"အေးကွာ၊ တကယ်လှတဲ့ကဗျာတစ်ပုဒ်ပါ၊ ဘာမှန်းတော့ မသိပါဘူး၊ ဒါပေမယ့် ရသအပြည့်ပျော်ဝင်နေတာ"

ဒီနောက်ပိုင်းတွင် ကိုစိုးဝေတို့ဝိုင်းက နည်းနည်းငြိမ်သွားသည်။ ကား



www.burmeseclassic.com

www.burmeseclassic.com

သိပ်မပြောဖြစ်ကြ။ အားလုံး၏ အာရုံက ကဗျာတစ်ပုဒ်ဆီ ရောက်နေသည်။

"တို့ရောက်တော့ သူရှိနေတာ၊ တို့ရောက်တာပဲ နာရီတစ်ဝက်ကျော်နေပြီ၊ ဘာလုပ်နေတာလဲ မသိဘူး"

"ငါကြည့်နေတာ ရေနွေးကြမ်းပဲ တစ်ခါငှဲ့သောက်သေးတယ်"

"မျက်နှာတလေးက တကယ့်ကို ချစ်ခင်စရာကောင်းတဲ့ မျက်နှာလေးပါ၊ သူ့ဆံပင် အိကျနေပုံလေးကလဲ တော်တော် အားဖြည့်ထားတယ်၊ အဝတ်အစား အရောင်အသွေးကလဲ ငြိမ်တယ်၊ မကလက်ဘူး၊ သော်တာ ပြောသလို ဘောင်ခတ်ပြီး ကြည့်ရင်တော့ တကယ် လှတဲ့ ပန်းချီကားတစ်ချပ်ပါ၊ တစ်ခုပဲ၊ သူ့မျက်လုံးတွေကို ကြည့်လိုက်မိရင် တစ်မျိုးခံစားရတယ်၊ ဘယ်လို ခံစားရမှန်း မသိဘူး၊ပျော်စရာခံစားချက်မဟုတ်တာတော့ သေချာတယ်၊ ပုစ္ဆာဆန်တဲ့ ခံစားချက်ကွ၊ မိုနာလီဇာ အပြုံးလိုမျိုး"

သော်တာ ပြောလည်း ပြောလောက်ပါသည်။ ဆိုင်အတွင်းရှိ မိန်းကလေးအားလုံးထဲတွင် သူမ အလှက ကြည်လင်ဝန်းဖန့် ရှင်းသန့်ပြီး အဆင့်အတန်းမြင့်မြင့် ငြိမ်သက်၍ ထင်းနေသော အလှမျိုးဖြစ်ပါသည်။

"ဟာ ငါသိပြီကွ၊ ဒီကောင်မလေးက မော်ဒယ်ပဲ၊ . . . ကုမ္ပဏီက လုပ်တဲ့ Miss ပြိုင်ပွဲမှာတောင် ဒုတိယ ရသွားတဲ့ ကောင်မလေးကွ၊ အရမ်းကြီး နာမည်ကြီး မဟုတ်ပေမယ့် လူသိတော့ များတယ်"

သော်တာက ရုတ်တရက် သတိရဟန်ဖြင့် ပြောလျှင် ကိုအေးသန့်က စားပွဲကို လက်နှင့်ပုတ်လိုက်ပြီး. . .

"သြော်. . ဒါကြောင့် အဆင့်အတန်းမြင့်မြင့် ဣန္ဒြေရရနဲ့ လှနေတာကိုး"

ကိုစိုးဝေ ခေါင်းတညိတ်ညိတ် လုပ်နေမိသည်။ ဒီနောက်မှာသုံးယောက်သား စာပေအကြောင်း၊ နိုင်ငံရေး အကြောင်း၊ စီးပွားရေးအကြောင်းများ ခေါင်းစဉ်စုံအောင် အာရုံအပြည့်ဖြင့် ဆွေးနွေးနေမိကြသဖြင့် ပတ်ဝန်းကျင်နှင့် ခဏတာမျှ အဆက်ပြတ်သွားသည်။

"ဟာ သွားပါပြီကွာ၊ ဘယ်လိုဖြစ်သွားတာလဲကွာ၊ အောက်လိုက်တာ"

စကားစပြတ်၍ လက်ဖက်ရည် ငုံ့သောက်ရင်း ဝိုင်းငြိမ်နေခိုက် ရုတ်တရက် အံ့အားတသင့် ရေရွတ်လိုက်သော ကိုသော်တာ့စကားကြောင့် မော့ကြည့်လိုက်လျှင် ရှေ့တူရူသို့ ငေး၍ ယူကျုံးမရသောအကြည့်မျိုးဖြင့် ကြည့်နေသော ကိုသော်တာကို တွေ့ရသည်။

သူကြည့်ရာဘက်ဆီသို့ ကိုယ်ကိုလှိမ့်၍ ကြည့်လိုက်သည့်အခါ ကဗျာလေး၏ဘေးတွင် ကပ်ထိုင်၍ လက်ကို ဆုပ်ကိုင်ပြီး မျက်နှာချင်း ထိလုမတတ် စကားတိုးတိုး ပြောနေသော အသက် (၅၀)ခန့် အမျိုးသားတစ်ဦးကို တွေ့ရသည်။ ပုံသဏ္ဍာန်က သမီးရည်းစား ချော့မော့နေသည့် ပုံသဏ္ဍာန်မျိုး။ စားပွဲပေါ်သို့သာ စိုက်ကြည့်နေသော မိန်းကလေး၏ မျက်ဝန်းအစုံတွင် မျက်ရည်ကြည်တို့ ရစ်ဝဲနေကြသည်။ လှပသည့် မျက်နှာလေးသည် ပြိုတော့မည့် မိုးသို့ပင်၊ တစ်ချက် တစ်ချက် အမျိုးသား၏ အသံကို ကြားရသည်။

"အလေးမထားလို့ မဟုတ်ပါဘူး ချစ်လေးရာ၊ အစည်းအဝေးက ခုမှပြီးလို့ပါ"

မိန်းကလေး၏ စကားသံက တိုးသဲ့လွန်းသည်။ ကောင်းစွာမကြားရ။

"ချစ်လေးကို အချစ်ဆုံး အလေးထားဆုံးပါ။ ချစ်လေးလိုတာ ဘာရှိလဲ"

ကိုစိုးဝေ မျက်နှာလွှဲလိုက်ပြီး ခေါင်းကို ညင်သာစွာခါယမ်းနေမိသည်။

"လက်စသတ်တော့ ဂလိုကိုးကွ၊ ဒီငနဲကြီးက ကောင်မလေးရဲ့ စပွန်ဆာ ဖြစ်နေတာပေါ့"

ကိုအေးသန့်က မကျေမလည် အကြည့်နှင့် ကြည့်ရင်း ပြောသည်။

ကိုသော်တာက ပိုက်ဆံအိတ်ကို ဖွင့်လိုက်ရင်း. . .

"ဟော့. . တလေး၊ ပိုက်ဆံ ရှင်းမယ်ဟေ့"

ကိုစိုးဝေ မော့ကြည့်သည်ကို ကိုသော်တာက သဘောပေါက်သလို ခပ်ယဲ့ယဲ့ ပြုံးပြရင်း. . .

"စားသောက်လို့လဲ ပြီးပြီလေ သူငယ်ချင်းရာ၊ ဖီလင်ကလဲ အောက်သွားပြီ၊ သွားကြပါစို့"

သုံးယောက်သား ဘာမှ ဆက်မပြောဖြစ်ဘဲ ထပြန်ခဲ့ကြသည်။ ကားပေါ်တက်၍ ဆိုင်ထဲမှ ကားထွက်ပြီး လမ်းမပေါ်ရောက်သည်နှင့် ကိုအေးသန့်က ချောင်းတစ်ချက်ဟန့်ရင်း. .

"အေးကွာ၊ ငါက မင်းတို့ နှစ်ယောက်လိုတော့ စာပေနဲ့ မနီးစပ်ပါဘူး ဒါပေမယ့် သော်တာက ကဗျာတစ်ပုဒ်၊ ကဗျာတစ်ပုဒ်နဲ့ ပြောပြောနေလို့ပါ၊ ဒီနေ့ မင်းတို့ ပြောလိုက်တဲ့ ကဗျာတစ်ပုဒ်က တကယ်လှပါတယ်၊ တကယ်ခံစားလို့ ရတယ်၊ ဘာမှန်းတော့ မသိဘူး၊ ခုနောက်ဆုံးကျတော့ စိတ်ထဲမှာ မအီမလည်နဲ့ ရသ ပျက်သွားတယ်ကွာ"

မတိုင်ပင်ဘဲ ကိုသော်တာနဲ့ ကိုစိုးဝေ တစ်သံတည်း ထွက်သွားသည်။

"အေးကွာ၊ စိတ်ထဲမှာ နှမြောသလို၊ စိတ်မကောင်းသလိုနဲ့"

ကိုစိုးဝေသည် စကားကို အဆုံးမသတ်ဘဲ သက်မချလိုက်သည်။ ကိုအေးသန့်က ခေါင်းကို ဆတ်ခနဲ ညိတ်လိုက်ပြီးနောက်. . .

"မင်းတို့အပြောနဲ့ ပြောရရင်တော့ ရသပျက်သွားသော ကဗျာတစ်ပုဒ်ပေါ့ကွာ"

လက်ဖက်ရည်ဆိုင်တွင် ခံစားရသော ကဗျာတစ်ပုဒ်သည် ရသပျက်သွားသော်လည်း ဝေဒနာများစွာက အိမ်သို့တိုင် လိုက်ပါလာခဲ့လေသည်။

ညိုလွှမ်းအောင်

www.burmeseclassic.com





မိုးရွာနေသည်။

သဲသဲမဲမဲ မဟုတ်သော်လည်း ခပ်ဖွဲဖွဲလေးရွာနေသည်။ လမ်းပေါ်တွင် မိုးရေနှင့် စိုနေသည်။ ခြေထောက် ဖွေး ဖွေးနုနုတစ်စုံ၊ တစ်လက်မ အမြင့်ရှိ ဖိနပ်ဦးချွန်ကို စီးကာ တစ်လှမ်းချင်း တစ်လှမ်းချင်း လမ်းလျှောက်လာသည်။

မိုးဖွဲဖွဲထဲတွင် အဆောင်းအကာ မပါ။ လေးလံသော ခြေလှမ်းကို အနိုင် နိုင်သယ်ကာ လမ်းလျှောက်နေရသည်။ သွယ်သွယ်လျလျ ခန္ဓာကိုယ်ပေါ်ရှိ အဝတ်အစားတို့ မိုးဖွဲဖွဲကို အန်မတုနိုင်။

ခါးလယ်သာသာရှိ ဆံပင်ကို ကလစ်နှင့် ညှပ်ကာ ချထား၍ ခေါင်း အထက်တွင် မိုးရေတို့ကလည်း ရွှဲစိုလု နီးဖြစ်နေသည်။ ပါးပြင်နှစ်ဖက်တွင် သနပ်ခါးတင်ကာ ကွက်လာသည့် သနပ်ခါးပါးကွက်တို့လည်း ပျက်ပြယ် ကုန်ပြီ။

လှပရွှန်းလဲ့သော မျက်ဝန်းအစုံ က မိုးစက်နှင့်အပြိုင် မျက်ရည်စတို့က လုဆင်းနေကြသည်။ မွန်းကျပ်သော ရင် အစုံတွင်းမှ ခံစားမှုတို့ ပွင့်အန် ထွက် မကျလေရအောင် အံကြိတ်ကာ မာန် တင်းထားရသည်။ ရင်ထဲမှာတော့ သောကဗျာပါလှိုင်းတို့ ရောမွှေနေသည်။

မိုးပြီးလျှင် ဆောင်း၊ ဆောင်းကုန် လျှင် နွေရောက်ပြီ။ နွေကုန်တော့ မိုးကျ ကူးသည်။ ရာသီစက်ဝန်းက တစ်ပတ် လည်နေသည်။ အအေးနှင့် အပူတို့ ယှဉ်ပြိုင်နေကြသည်။ ဆောင်းနှင်းဖြူ ဆို သည့် နာမည်လှလှလေးကို အမေက ပေးခဲ့သည်။

"သမီးလေးကို ဆောင်းတွင်းမှာ မွေးတယ်၊ အသားလေးက နှင်းပွင့်လေး လို ဖြူစင်ပြီး အငြိသမီးလဲဖြစ်တဲ့အတွက် ဆောင်းနှင်းဖြူလို့ အမေက ပေးတာ၊ အေးချမ်းခြင်း၊ ဖြူစင်ခြင်းကို ရတာပေါ့"

အမေက သူကိုယ်တိုင် ပေးခဲ့ သည့် နာမည်လေး၏ အဓိပ္ပာယ်နှင့် ဝေါဟာရ ကောင်းပုံကို ရှင်းပြနေသည်။

အမေက သမီးလေး မိဆောင်း ဟုခေါ်သည်။ သူငယ်ချင်းတွေက နှင်း ဖြူမဟု ခေါ်ကြသည်။ တစ်ယောက် သော သူကတော့ စနိုးတဲ့။

"မောင်က ဆောင်းနှင်းဖြူကို ချစ်ရလွန်းလို့ ချစ်စနိုးလို့ ခေါ်မယ်၊ အတိုကောက်ခေါ်ရင် စနိုးပေါ့နော်"

အမှတ်မထင်တွေ့ကြပြီးမှ ချစ် သူဖြစ်ခဲ့ရတဲ့ဘဝ၊ ဆယ်တန်းအောင်ပြီး အလုပ်ဝင်လုပ်ရင်းက အဝေးသင်တွင် မြန်မာစာအထူးပြုယူကာ ကျောင်း တက်ခဲ့သည်။ အမေကတော့ မိဆောင်း တို့ နေ့ကျောင်းပဲ တက်စေချင်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဆောင်းနှင်းဖြူကတော့ ကိုယ့်အကြောင်း ကိုယ်သိသည်။ ဘဝတွင် ရက်ပေါင်း လပေါင်း နှစ်ပေါင်းများစွာ အမေသည် ဆောင်းနှင်းဖြူ လူလားမြောက်ဖို့ ပညာရဖို့အတွက် ရုန်းကန်လှုပ်ရှားပင်ပန်းခဲ့ရသည်။

ဆောင်းနှင်းဖြူဘဝတွင် အမေသည် ဘဝနှစ်ခုကို ပုံကာထားခဲ့သည်။ အဖေအဖြစ်လည်း ရှိခဲ့သည်။ အမေအဖြစ်နှင့်လည်း အုပ်ထိန်းခဲ့သည်။ ဇရာပိုင်းမရောက်ခင် ဆောင်းနှင်းဖြူကြောင့် အမေ့ကို ဝန်မပိစေချင်၊ ကုမ္ပဏီတစ်ခုတွင် ဝင်ပြီး အလုပ်လုပ်သည်။ ကျောင်းတက်သည်။

အလုပ်နှင့် ကျောင်းအားသည့်ရက်တွင် မူလတန်းကျောင်းသားလေးတွေကို ကျူရှင်ပြသည်။ အမေ့အတွက် အိမ်မှာနေရင်း အပျင်းလည်းပြေ၊ ဝင်ငွေလည်းရအောင် ချိုချဉ်မုန့်စုံဆိုင်လေး ဖွင့်ထားပေးလိုက်သည်။ ကြက်သွန်၊ ငရုတ်သီးမှုန့် စသော ကုန်ခြောက်လေး နည်းနည်းပါးပါး တင်ထား၍ အမေ၏ နေ့စဉ် ဝင်ငွေလေးက အမေလှူစရာ တန်းစရာလေးတွေအတွက် စုထားလို့ ရသည်။

ဆောင်းနှင်းဖြူ၏ ဝင်ငွေက သားအမိနှစ်ယောက်အတွက် စားဝတ်နေရေးကို ခြိုးခြံချွေတာစရာမလိုပေ။ ကျဉ်းသည် ငယ်သည် ဆိုသော်လည်း ခြံပိုင်၊ အိမ်ပိုင်လေး ဖြစ်သည်။ ပျဉ်ထောင် မနိမ့်မိုးလေး ဖြစ်သော်လည်း ဆောင်းနှင်းဖြူတို့ သားအမိအတွက်တော့ ရဲတိုက်ကြီးထက် ခမ်းနားသည်။

မောင်သည် ဆောင်းနှင်းဖြူလုပ်သော ကုမ္ပဏီအနားတွင်ရှိ ရုံးမှ အရာထမ်းတစ်ဦးဖြစ်သည်။ ရုံးဟက်ချိန်၊ နေ့လယ်ထမင်းစားချိန်တွင် မကြာခဏ ဆုံတတ်သည်။ ဆောင်းနှင်းဖြူ အကြောင်းကို မောင်က စုံစမ်းသည်။ ရိုးရိုးယဉ်ယဉ်လေးနှင့် လှနေသော ဆောင်းနှင်းဖြူကို မောင်က စိတ်ဝင်စားသည်၊

"နှင်းဖြူရေ ဒါက ကိုယ့်အစ်ကို ဝမ်းကွဲရဲ့ သူငယ်ချင်း ဟိုဘက်ရုံးပေါ့၊ ကိုဝင်းထွန်းတဲ့၊ သူက ဆောင်းနှင်းဖြူလို့ ခေါ်တယ်"

အလုပ်အတူတူဝင်ပြီး ရင်းနှီးခင်မင်ရင်းနှီးခဲ့သည့် မေပြုံးက မောင်နှင့် ဆောင်းနှင်းဖြူကို တစ်နေ့တွင် မိတ်ဆက်ပေးလာသည်။ ရိုးရိုးရှင်းရှင်းပြောရလျှင် ဆောင်းနှင်းဖြူနှင့် မကြာခဏဆုံဖြစ်အောင် ကြိုးစားသည်။ ခင်မင်ရင်းနှီးရာမှ တစ်ဆင့် ဆောင်းနှင်းဖြူ၏ အချစ်ကို တောင်းခံလာသည်။

"ကို့ရဲ့ မေးခွန်းကို အခုထက်ထိ အဖြေမပေးသေးတာ နှင်းဖြူမှာ ချစ်သူရှိလို့လား ဟင်"

"ကျွန်မ ကျွန်မ ချစ်သူ မထားခဲ့ဖူးပါဘူး"

"ဒါဖြင့် ကိုယ့်ကို ဘာမကြိုက်တာတွေရှိလို့လဲ ဟင်"

"နှင်းဖြူ သူများတွေကို အပြစ်တင်ဝေဖန်တာတွေ မလုပ်တတ်ပါဘူး"

"မဟုတ်ဘူးလေ ကိုယ်နဲ့ နှင်းဖြူတို့ သိကျွမ်းခင်မင်လာတာ တစ်နှစ်ပဲကျော်နေပြီ၊ နှင်းဖြူ အပေါ် ဘယ်လောက် သံယောဇဉ်ကြီးတယ်ဆိုတာ သိလောက်ပါပြီ"

"ဟိုလေ ဟို နှင်းဖြူလေ"

"ဆက်ပြောလေ နှင်းဖြူ ဒီ စားသောက်ဆိုင်က ထောင့်စားပွဲလေးက နှင်းဖြူနဲ့ ကိုယ်တို့ စားနေကျ စားပွဲပဲလေ၊ တိုးတိုးလေးပြောရင် ဘယ်သူမှ မကြားနိုင်ဘူး၊ ဘာလဲ နှင်းဖြူပြောရမှာ ရှက်လို့လား၊ ဒါဆို ခေါင်းညိတ်ပြပေါ့"

"ဟိုလေ ကျွန်မ မဖြေပါရစေနဲ့"

ဆောင်းနှင်းဖြူ ဘယ်လိုငြင်းငြင်း မောင်ကတော့ အဖြေမရမချင်း နေ့စဉ် ဝတ္တရားမပျက် လာတတ်သည်။ ဖုန်းဆက်သည်။ ကားမှတ်တိုင်တွင် ရုံးဆင်းရုံးတက် မတွေ့မချင်း စောင့်နေတတ်သည်။

"အဖြေပေးပါတော့ ဖြူလေးရယ်"

မောင့်အသွင်ကို ဆောင်းနှင်းဖြူ ရိုးစင်းသော မျက်လုံးအစုံနှင့် လေ့လာမိသည်။ ရိုးသားသော ပကတိအသွင်လို မြင်ရသည်။ အသားလတ်သည်။ အရပ်မြင့်မြင့်၊ မျက်နှာပုံကျ ခံ့ထည်သော မောင့်ရုပ်သွင်က ယောကျ်ားပီသသည်။ မာန်ကင်းသော အသွင်နှင့် ကြင်နာတတ်သော အရိပ်ကို မြင်ရသည်။

"သမီးလဲ နောက်နှစ်ဆို ဘွဲ့ရပြီ ပဲ၊ လစာလဲတိုးတော့ အမေတို့သား အမိအတွက် အစစအရာရာ အဆင် ပြေပါတယ်၊ အိမ်ထောင်ရေးကို သမီး သဘောကျစဉ်းစားလို့ရတယ်၊ ဦးနှောက် နဲ့လဲ စဉ်းစားပေါ့ သမီးရယ်၊ နှလုံးသားနဲ့ တော့ စိတ်ကူးယဉ် မစဉ်းစားနဲ့ပေါ့"

"မေမေ့ဆီ ခေါ်ခဲ့ရမှာလား ဟင်"

"စောပါသေးတယ်၊ သမီးတို့ အချင်းချင်း နားလည်မှုယူပြီး တစ် ယောက်အကြောင်းကို တစ်ယောက် ပွင့်ပွင့်လင်းလင်း ရှင်းရှင်းသိအောင် လေ့လာကြဦးပေါ့"

အချိန်ယူစဉ်းစားပြီး ဆောင်း နှင်းဖြူ သူ့ကို အဖြေပေးလိုက်သည်။

"မောင်ပျော်လိုက်တာ နှင်းရယ် ချစ်စနိုးနဲ့ နှင်းဖြူကို စနိုးလို့ မောင်ခေါ် မယ်၊ အဲဒီနာမည်က မောင်ပဲ ပိုင်တယ် မောင့်ရဲ့ တစ်ဦးတည်းပိုင် နာမည်နော်

ချစ်သူ၏ လက်ဖဝါးနုနုလေး ဖွဖွကိုင်ပြီး တယုတယ ဆွဲယူနမ်း ကြည်နူးပုံရိပ်ကို ဖော်ပြလိုက်သည်။ မို့မို့ပေါ်တွင် ရှက်သွေးစို့စို့နှင့် ဆော နှင်းဖြူ ခေါင်းလေးငုံ့ထားမိသည်။

"မောင်နဲ့ စနိုး ချစ်သူဖြစ် နော်၊ အချိန်ယူပြီး တစ်အိုး တစ်အိ ထောင်နိုင်အောင် မောင် ငွေကိုစု နောက်ပြီး အိမ်က မေမေနဲ့ အ ဖွင့်ပြောမယ်"

မောင့်ရင်ထဲက ရည်ရွယ် တွေကို ဆောင်းနှင်းဖြူကို ပြောပြ ချစ်စ ခင်စ ချစ်သူတို့ဘဝက လှသည်။





www.burmeseclassic.com

www.burmeseclassic.com

"မောင့်ဘဝထဲကို စန်းဝင်လာ
... မောင့်အတွက် အိုအေစစ်ပဲ"

"ဆောင်းထို့ရဲ့ မိသားစု အား
...ကို မောင့်မိဘတွေက သဘောတူ
...လား"

"မေမေက မောင့်သဘောတစ်ခု
... မေမေသဘောတူရင် အဖေကလဲ
...သဘောတူမှာပါ။ မောင်ငယ်ငယ်လေး
...ည်းက ဆိုတော့ အဖေရင်းလိုပါပဲ၊
...လေး တစ်ယောက်ပဲရှိတယ်၊ နယ်က
... ပြောင်းလာပြီး ဒီမှာ စီးပွား အခြေ
... မောင်လဲ ဒီမှာ ကျောင်းဆက်
... ဘွဲ့ရပြီး အလုပ်ဝင်လုပ်တာပေါ့၊
...နဲ့ ညီမလေးကလဲ စန်းကို မြင်ရင်
...ကြမှာပါ"

ချစ်သူဘဝတွင် ရရှိသည့် မောင်
... ယုယကြင်နာမှုလေးတွေက ဆောင်း
...၏ နှလုံးသားကို ပိုပြီး စိုပြည်
...ဆန်းစေသည်။

"ဆောင်းတို့နေတဲ့ အိမ်လေးက
...တျဉ်းတယ်၊ မောင် နေနိုင်ပါ့မလား၊
...ောင်းတို့ သားအမိနှစ်ယောက်တည်း
... မောင်နဲ့ လက်ထပ်ရင် ဆောင်းနဲ့
...ောင် လိုက်နေရမှာနော်"

"နေနိုင်ပါတယ် စန်းရယ်၊ အိမ်
...ျဉ်းတော့ စန်းနဲ့ မောင် အနေမဝေး
...တော့ဘူးပေါ့"

ဆောင်းနှင်းဖြူ ကျေနပ်အောင်
...ောင် စကားတတ်လွန်းသည်။ နေ့တိုင်း
...ားမှတ်တိုင်တွင် စောင့်ပြီး လမ်း
...လျှောက်ကာ စကားပြောကြသည်။
...ောင်က သူ့စိတ်ကူးအကောင်အထည်
...တွေကို ပုံဖော်ပြောပြသည်။

ရုံးမှာဆိုလျှင်လည်း ထမင်းစား
...ဆို မောင် ဖုန်းဆက်သည်။

ဆောင်းနှင်းဖြူအတွက်တော့
...ောင့်အသံ၊ မောင့်စကားလုံးတွေက
...ခင်းမြိန်ဆေး ဟင်းအမည်တွေပင်။

"စန်းရဲ့အသံလေးကို နားထောင်
...မှ မောင် ထမင်းစားတော့မယ်နော်"

ချစ်ကြသည့် ရက်လတွေကြာ
...ာသည်နှင့်အမျှ သံယောဇဉ်နှောင်
ကြိုးက ပိုပြီး ခိုင်မာလာသည်။ ချစ်သူ
မထားဖူးခဲ့သည့် ဆောင်းနှင်းဖြူအတွက်
မောင်သည် ချစ်ဦးသူနှင့် အချစ်ဆုံး ချစ်
သူပင် ဖြစ်သည်။

မောင်က လွဲ၍ ဆောင်းနှင်းဖြူ
ရင်ထဲတွင် မည်သူ့ကိုမျှ နေရာ ပေးနိုင်
တော့မည် မဟုတ်ပေ။

"မောင်တို့တစ်တွေ လက်ထပ်
ကြရအောင်နော်၊ ဖေဖေနဲ့ မေမေက
စန်းရဲ့အမေကို လာပြောမယ်၊ အဲ့,
ဘာတဲ့ သမီးတောင်း နားဖောက်မယ်
တဲ့၊ မောင်တော့ အိုရချေသေးရဲ့"

"မောင်နော်၊ ရှတ်နောက်နောက်
နဲ့"

"ပျော်လို့ပါ စန်းရယ်"

"အပျော်လွန်ရင် ငိုရတတ်တယ်
တဲ့"

"ဖွ ဖွ လွဲပါစေ၊ နိမိတ်မရှိတဲ့
စကားတွေ မပြောပါနဲ့လား စန်း"

"မောင်ကလဲလေ. . အယူသီး
လိုက်တာ၊ ဒါဆို မောင်က စန်းရဲ့
မေမေနဲ့ လာတွေ့ပေါ့"

အဆင်ပြေ ချောမွတ်နေသည့်
ချစ်သူတို့ခရီးလမ်း၏ ဖြောင့်ဖြူးတော့
မည့် ရှေ့ခရီးကို ကြိုတင်မျှော်မှန်းကာ
ကြည်နူးမိကြသည်။

မောင့်ကို စန်း အိမ်သို့ ခေါ်လာ
ခဲ့သည်။ မေမေနှင့် အေးအေးဆေးဆေး
စကားပြောစေသည်။

"မောင်လှထွန်းရဲ့ မိဘများက
နယ်ကလား"

"ဟုတ်ပါတယ်၊ မေမေက နယ်
ကပါ။ အဖေက စာရင်းစစ်လာရင်းက
မေမေနဲ့ အိမ်ထောင်ကျတယ်၊ ကျွန်
တော်က မေမေဘက်က ပါလာတာပါ၊
မေမေက မုဆိုးမလေ၊ ဖေဖေက ရန်ကုန်
ကပါ"

"ဪ ဪ မောင်လှထွန်းက
ဘယ်နယ်ကလဲ"

"ဟင်္သာတဘက်ကပါ အဖေနဲ့
မေမေတို့ အိမ်ထောင်စကျတုန်းက
ကျွန်တော် ခြောက်နှစ်သားလောက်ပဲ
ရှိပါသေးတယ်၊ နောက်မှ ညီမလေး
ရတာ၊ အဖေက ဒီရန်ကုန်က (. . .)
ရုံးက အရာထမ်းပေါ့"

"ဘယ်သူပါလိမ့်၊ သမီးလေး
ဆောင်းရဲ့က အဖေကလဲ (. . .) ရုံး
ကပဲ၊ သိများ သိမလား"

"ဪ, ဦးစိန်ဦးတဲ့"

"ဦးစိန်ဦးလား"

"ဒေါ်ဒေါ်သိလို့လား"

"ဟင့်အင်း, သိပ်မကြားဖူးပါဘူး၊
ဆောင်းရဲ့ အဖေက အရင်ထွက်သွား
တာ၊ နောက်မှဝင်လာတာနဲ့ တူပါတယ်"

"ဟုတ်မှာပေါ့လေ တစ်ရုံးလုံးက
ဖေဖေ့ကို သိကြပါတယ်၊ ပါးမှာမှဲ့အနက်
ကြီးရှိလို့ ကိုမှဲ့လို့လဲ ခေါ်ကြတယ်တဲ့"

"ဒေါ်ဒေါ်တော့ မသိပါဘူး
ကွယ်၊ ကဲ ကဲ စကားပြောကြ ဦး"

မေမေက အိမ်ထဲသို့ ဝင်သွား
သည်။ မောင်နှင့် ဆောင်းနှင်းဖြူတို့
စကားပြောကျန်ရစ်သည်။ တစ်နာရီ
လောက်အကြာတွင် မောင်ပြန်သွား
သည်။

❖

အလုပ်ပိတ်ရက်ဖြစ်၍ အဝတ်
တွေ လျှော်ရန်အတွက် ရေချိုးရန်
ထွက်လာသည်။

"သမီးလေး"

"ရှင် မေမေ"

မေမေက အိမ်ရှေ့ခန်းမှ လှမ်း
ခေါ်သည်။ အဝတ်ဇလုံကိုချပြီး မေမေ့
ရှေ့တွင် ဆောင်းနှင်းဖြူ လာထိုင်သည်။
အနားတွင်ရှိသော မေမေသည် ဆောင်း
နှင်းဖြူ၏ နဖူးထက်မှ ဆံနွယ်စလေး
များကို တယုတယ သပ်ပေးနေသည်။

ဆောင်းနှင်းဖြူ အိမ်ထောင်ပြု
တော့မည်ကို မေမေ ဝမ်းနည်းနေပြီလား
မသိ။

"သူက သမီးတို့ဆီမှာ လာနေမှာ
ပါ မေမေရဲ့၊ မေမေနဲ့ သမီး ခွဲမသွား
ပါဘူး"

"သမီး သူ့ကို သိပ်ချစ်လား"



www.burmeseclassic.com

www.burmeseclassic.com

"ဘယ်လို ပြောရမလဲ မေမေရယ်၊ သမီးက ချစ်သူ တစ်ခါမှ မထားဖူးတော့ တွယ်တာမိတာပေါ့"

"မေမေ့စကားကို နားထောင်မလား သမီး"

"မေမေက ဘာပြောချင်လို့လဲ ဟင်"

"သမီးလေးရယ်"

"ပြောပါမေမေရဲ့ပြောပါ၊ မေမေပြောတာကို သမီးက နာခံရမှာပေါ့"

"မေမေ မပြောချင်ဘူး၊ ဒါပေမယ့် ပြောကို ပြောမှဖြစ်မှာ၊ သမီး အဲဒီသူငယ်နဲ့ လက်မထပ်ပါနဲ့ကွယ်၊ အဆက်အသွယ်လဲ မလုပ်နဲ့တော့"

"ဟင် ဘာဖြစ်လို့လဲ မေမေရယ်"

"သူနဲ့ လက်မထပ်စေချင်လို့ပေါ့"

"သူမှာ ဘာအပြစ်ရှိလို့လဲ မေမေရယ်"

"ရော့သမီး ဟောဒီစာကို ဖတ်ကြည့်"

မေမေက ဆောင်းနှင်းဖြူကို ပောင်းနွမ်းနေသော စာအိတ်ထဲမှ စာတစ်စောင်ကို ထုတ်ပေးပြီး ဖတ်ခိုင်းသည်။

မခင်မေ

ဒီစာကို ဖတ်ရတဲ့အချိန်မှာ မင်းစိတ်ထိခိုက်မယ်ဆိုတာ သိပါတယ်၊ ခွင့်လွှတ်ပါလို့လဲ မပြောချင်ပါဘူး၊ အပြစ်မရှိပါဘူးဆိုပြီးတော့လဲ မရှင်းပြတော့ဘူး၊ ငါ နောက်အိမ်ထောင်ပြုလိုက်ပြီ၊ ကလေးတစ်ယောက်အမေ မုဆိုးမပါပဲ၊ ဘယ်လိုပဲဖြစ်ဖြစ် သူသိက္ခာမကျအောင် ငါတာဝန်ယူရတော့မယ်။

*စိန်ဦး*

"ဒါ ဒါဟာ"

"ဟုတ်တယ် သမီး၊ မေမေကလဲ ဝန်ထမ်း အလုပ်တစ်ဖက်နဲ့ သူပြောင်းတဲ့နေရာကို မလိုက်နိုင်တော့ နှစ်နှစ်လောက်အကြာမှာ အဲဒီစာ ရတာပဲ၊ ဟသ်ာတကို သူပြောင်းသွားတာလေ၊ (. . .)ရုံးကပေါ့"

"ဒါ ဒါဆိုရင် ဖေဖေရှိသေးလားလို့ သမီးမေးတော့ မေမေက ဘာဖြစ်လို့ သေပြီလို့ ပြောရတာလဲ"

"ဘာထူးမလဲ သမီးလေးရယ်၊ နောက်ပြန်လှည့်မကြည့်တဲ့ ချောင်ထွက်သွားတဲ့သူကို တမ်းတနေလို့ အပိုပဲပေါ့"

"မေမေရယ်"

"သမီး သေသေချာချာ စဉ်းစားပါ၊ အဖေရင်းနဲ့ မိထွေးကို ယောက္ခမ ပြန်တော်ရမယ်၊ သစ္စာမရှိလို့ ပစ်သွားတဲ့ လင်သားနဲ့ နောက်မိန်းမကို အမေက ခမည်းခမက် ပြန်တော်ရမယ်၊ ဘယ်လို အနေထားမျိုးနဲ့ မေမေ ရင်ဆိုင်ရမှာလဲ သမီးရယ်၊ ငါ့ သမီးလေးကို မေမေ သိပ်ချစ်ပါတယ်၊ သမီးဆန္ဒကိုလဲ တတ်နိုင်သမျှ လိုက်လျောချင်ပါတယ်၊ ဒါပေမယ့် မေမေ့မှာ အဲဒီလိုရင်ဆိုင်နိုင်ဖို့ အင်အားမရှိဘူး သမီးရဲ့"

မေမေ့ မျက်ရည်ကို မြင်ရသည်။ မေ့မေ့နှလုံးသားတွင် အမုန်းမပွားသော်လည်း သောက ဖုံးထားသည်။

❖

"ကျွိ. . ."

"ဟေ့ ကလေးမ မိုးရွာထဲ ဘာတွေတွေးပြီး လျှောက်လာတာလဲ၊ မျဉ်းဝါကြားက လမ်းကူးနော် တော်ကြာ"

မိုးရွာထဲ အတွေးနှင့် လျှောက်လာစဉ် ကားသံကြားမှ အတွေးပြတ်သွားသည်။

"ကျွန်မ ရှင့်ကို လက်မထပ်နိုင်ပါဘူး၊ လမ်းခွဲပါရစေ"

"မောင် ဘာမှနားမလည်ပါလား စန်းရယ်"

နားထဲတွင် မောင့်အော်သံကို ကြားနေရသည်။ ဘာဆို ဘာမှ မပြောချင်တော့။ မောင့်ဘာသာ မောင်အဖြေရှာနိုင်လျှင် ရှာပါစေ။ မျက်ဝန်းအစုံမှ စီးကျလာသော မျက်ရည်စတို့ကို သုတ်ရန် မေ့နေသည်။ မောင့်ကိုပါ မေ့နိုင်လျှင် ကောင်းလေစွ။

**မြမြလှိုင်**

❑

**စာမူများ ပေးပို့နိုင်ပါသည်**

စာပေဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်း တိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေး ပို့မည်မဟုတ်ပါ။

တခြားမဂ္ဂဇင်းတိုက်များသို့ တစ် ပြိုင်တည်း ပေးပို့ခြင်းမျိုး မပြုလုပ်ကြ ရန် မေတ္တာရပ်ခံပါသည်။

ရှေးဟောင်းဘုရားသမိုင်းကြောင်း များ၊ ဘာသာရေး ဆောင်းပါးများ၊ ကဗ္ဗ ဝတ္ထုများ၊ မုဆိုးဝတ္ထုများ၊ ရသဝတ္ထုများ ဟာသများ၊ အရှေ့တိုင်းအနောက်တိုင်း ဆေးပညာရပ်များ၊ ထူးခြားဆန်းကြယ် သောဖြစ်ရပ်များ စသည်ဖြင့် ပေးပို့နိုင် သည်။

စီးပွားရေးလုပ်ငန်းရှင်များ
မိမိလုပ်ငန်း
ပိုမိုတိုးတက်
အောင်မြင်စေရန်
လပြည့်ဝန်းမဂ္ဂဇင်းတွင်
ကြော်ငြာများ
ထည့်သွင်းနိုင်ပါသည်။

အဖြူအမည်း
တစ်မျက်နှာ
ကျပ်တစ်သောင်းငါးထောင်တိတိ
ဖြစ်ပါသည်။

အဖြူအမည်း
မျက်နှာဝက်
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

**အင်္ဂါ ဘူမိ ရှင်**

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၂၃၇၄၇၀၅



www.burmeseclassic.com

www.burmeseclassic.com

ကျုပ်ဇာတိက ဘူတာနားက ဈေးကြီးပါ။ ကျုပ်တို့ မျိုးရိုးစဉ်ဆက် အဲဒီ ဈေးကြီးအတွင်းမှာပဲ နေခဲ့ကြတယ်။ ဈေးကြီးဟာ ကျုပ်တို့ မျိုးရိုးစဉ်ဆက်ရဲ့ ခိုလှုံနေထိုင်ရာ အေးရိပ်သာကြီးပါ။

ကျုပ်တို့ ဆွေမျိုးတစ်စုဟာ အဲဒီ ဈေးကြီးကို အမှီပြုပြီး ရှာဖွေစားသောက်ကြ၊ ပျော်မြူးကြ၊ ရန်ဖြစ်ကြ၊ ပြန်ချစ်ကြ၊ အကြောင်းအမျိုးမျိုးကြောင့် သေဆုံးကြ၊ ကျန်ရစ်သူတွေက မျိုးဆက်သစ်တွေ မြန်မွေးကြနဲ့ သံသရာလည်နေခဲ့ကြတာ နှစ်ပေါင်းဘယ်လောက်ကြာပြီလဲ ကျုပ် မသိဘူး။

ကျုပ်သိတတ်တဲ့ . . အရွယ်ကတော့ ကျုပ်အမေ မိကျားရဲ့နို့ကို စို့ပြီး ကျုပ်တို့ ညီအစ်ကိုမောင်နှမ(၆)ကောင် ပျော်ရွှင်စွာ ပြေးလွှားဆော့ကစားခဲ့ကြတာကိုပဲ။

ကျုပ်တို့ အမေ မိကျားဟာ များသောအားဖြင့် အမဲသားရောင်းတဲ့ ကုလားဆာမိရဲ့ အမဲသားခုံဘေးမှာ အမြဲနေလေ့ရှိတာ ကျုပ်မှတ်မိတယ်။ ကုလားဆာမိက စိတ်ကောင်းရှိတော့ အမြဲတမ်း ဆိုသလို အမဲသားအရိုးအရွတ်တွေ၊ ခုတ်စ ထစ်စတွေ နေ့စဉ် ကျုပ်အမေကို ကျွေးတာကြောင့် ကျုပ်အမေဟာ အာဟာရပြည့်ဝပြီး ကျုပ်တို့ကို နို့တိုက်နေရပေမယ့် ဝဝဖြိုးဖြိုးနဲ့ တောင့်တင်းကျန်းမာသန်စွမ်းတယ်။

ဒါကြောင့် ဈေးထဲက အခြားခွေးတွေက ကျုပ်အမေကို ကြောက်ကြတယ်။ နေ့ခင်းဆိုရင် ကုလားဆာမိက ဘူ ထမင်းစားပြီး ကျန်တဲ့ ထမင်းကျန်၊ ဟင်းကျန်တွေကို အမြဲကျွေးတော့ ကျုပ်အမေကလည်း ဆာမိကို သူ့သခင်မှတ်ပြီး ဆာမိရဲ့ အမဲသား ခုံနားကို နေ့နေ့ညည ဘယ်ခွေးမှ အလာမခံဘူး။

ဒီနေရာဟာ ကျုပ်အမေ အပိုင်စားရတဲ့နေရာ။ ညဘက်ဆိုရင် ကျုပ်အမေဟာ အမဲသားခုံပေါ်ကို တက်ပြီး ကင်းစောင့်တဲ့အနေနဲ့ အိပ်လေ့ရှိတယ်။

ကျုပ်တို့ ဈေးခွေးလောကမှာ ခွေးတွေဟာ ရပ်ကွက်ထဲက အချို့သော





www.burmeseclassic.com

www.burmeseclassic.com

ခွေးတွလို အိမ်ပိုင်၊ ရာပိုင်၊ သခင်ပိုင် ရယ်လို့ မရှိဘူး။ ဒါပေမယ့် ကျုပ်တို့ ဈေးခွေးတွေကို ဈေးထဲက ဈေးသည်တွေက သူတို့ကိုယ်ပိုင်ခွေးရယ်လို့ သတ်မှတ်ထားတာမဟုတ်ပေမယ့် ကျုပ်တို့စိတ်ထဲမှာ ကျုပ်တို့နဲ့ နီးစပ်တဲ့ အဆင်ပြေ အလွမ်းသင့်တဲ့ ဈေးသည်တစ်ယောက်ယောက်ကို ကျုပ်တို့ ကိုယ်ပိုင်သခင်ရယ်လို့ သတ်မှတ်ထားလေ့ရှိကြတယ်။

ဥပမာအားဖြင့် ကျုပ်တို့ အမေမိကျားဆိုရင် ကုလားဆာမိအမဲသားခုံကို အမှီပြုပြီး ကုလားဆာမိပေးတာ ကျွေးတာစားနေရတော့ သူ့သခင်ဟာ ဆာမိလို့ သူ သတ်မှတ်ထားတယ်။

ဆာမိရဲ့ အမဲသားဆိုင်ခုံနားကို အခြား ဘယ်ခွေးမှ လာတာကိုလည်း ဆာမိက မကြိုက်တော့ ဆာမိဟာ ကျုပ်တို့အမေ မိကျားကို သူ့ကိုယ်ပိုင်ခွေးရယ်လို့ သတ်မှတ်ထားတယ်လို့ ကျုပ်အမေက ယူဆယုံကြည်လာတယ်။ ဒီတော့ သူ့သခင်ဟာ ဆာမိပေါ့။

အောင်မယ်. . ပြောရဦးမယ်။ လူတွေ ကျောတစ်နေရာချဖို့ မလွယ်သလို ကျုပ်တို့ ဈေးခွေးဘဝမှာလည်း သခင်ပိုင်တစ်ယောက် ဈေးခုံတစ်ခုံရဖို့ မလွယ်ဘူးဗျို့။ ကျုပ်တို့ဈေးထဲမှာ ကျုပ်သိသလောက်ပြောရရင် သခင်ရယ်လို့ ရှိတဲ့ကောင်က နည်းပါတယ်။

**ဆိတ်သားသည်** အိစွတ်နဲ့ အဆင်ပြေတဲ့အောင်နက်ဆိုတဲ့ကောင် ရှိတယ်။

**ဝက်သားသည်** ဒေါ်ထားနဲ့ အဆင်ပြေတဲ့ ငနီဆိုတဲ့ကောင်ရှိတယ်။

**ငါးစိမ်းသည်** ဒေါ်တုတ်နဲ့ အဆင်ပြေတဲ့ မိနက်ဆိုတဲ့ ကောင်မ ရှိတယ်။

**ကြက်သားသည်** ဒေါ်လုံးနဲ့ အဆင်ပြေတဲ့ လေးလုံးဆိုတဲ့ကောင် ရှိတယ်။

သူ အဆင်ပြေရာ ပြေရာနဲ့ အလုပ်ဖြစ်နေကြတာ။ တခြားကောင်တွေတော့ သိပ်မမှတ်မိဘူး။ ကျုပ်တို့က ငယ်သေးတော့ စားဖို့နဲ့ ဆော့ဖို့ပဲ အဓိကထားနေရတာပေါ့ဗျာ။

ကျုပ်တို့ ဈေးခွေးလောကမှာ စည်းဆိုတာရှိတယ်။ ကျုပ်အမေ မိကျားဟာ ဘယ်တော့မှ ကြက်သားသည်ဆီကို မသွားဘူး။

အဲသလိုပဲ ငါးစိမ်းတန်းထဲက ဒေါ်တုတ်နဲ့ အဆင်ပြေတဲ့ မိနက်ဟာ တော်ရုံတန်ရုံအရေးကြီးကိစ္စ မရှိဘဲနဲ့ ဝက်သားတန်းကို လာလေ့ မရှိဘူး။ ကိုယ့်အထာနဲ့ ကိုယ် ခပ်တည်တည် နေလေ့ရှိကြတယ်။

အဲဒီမှာ အဆင့်အတန်းဆိုတာလည်း ရှိသေးတယ်ဗျ။ အမဲသားတန်း၊ ဆိတ်သားတန်း၊ ဝက်သားတန်းက ခွေးတွေဟာ ငါးစိမ်းတန်းထဲက ခွေးတွေကို အမြတမ်းဆိုသလို အထင်သေးတဲ့ မျက်လုံးနဲ့ ကြည့်လေ့ရှိပြီး သိပ်အရောမဝင်ကြဘူး။

အဲသလိုပဲ ငါးစိမ်းတန်းထဲက ခွေးတွေကျပြန်တော့ ဟင်းသီးဟင်းရွက်တန်းထဲက ခွေးတွေကို သိပ်ပြီးအရောတဝင်မရှိပြန်ဘူး။

ဟင်းသီးဟင်းရွက် တန်းထဲက ခွေးတွေကျတော့ သားစိမ်း ငါးစိမ်း မစားရဘဲ စားကြွင်းစားကျန်ပဲ စားနေရတော့ သိပ်ပြီးတော့ ဝဝဖြိုးဖြိုး မရှိလှဘူး။

ကျုပ်တို့ ဈေးခွေးလောကမှာလည်း အဲသလို အဆင့်အတန်းခွဲခြားကွဲပြားမှုတွေ ကျုပ်တို့ဘာသာ ရှိနေကြတယ်။

အဲဒီမှာ ထူးထူးဆန်းဆန်း ခွေးဝါးမဝတတ်တဲ့ကောင်တွေလည်း ရှိသေးတယ်။ အဲဒီကောင်တွေက ခွေးမှုဆက်ဆံရေးမတတ်တော့ ဘယ်ဈေးသည်ကို ဘယ်လိုပေါင်းရမယ်ဆိုတာ မသိကြဘူး။

ဒီတော့ သူတို့မှာ အဆင်ပြေရာ ဈေးသည်ဆိုတာ မရှိတော့ ဈေးထဲမှာ အမြဲတမ်းယောင်ချာချာနဲ့ အမှိုက်ပုံနားပြေးကပ်ရှာလိုက် ဖွလိုက်၊ ဟိုနေရာ အလစ်ဝင်ဆွဲလိုက်၊ မစားရ တစ်ချက်စားရတစ်ချက်နဲ့ ၁၀၉/၁၁၀ ကောင်မျိုးတွေပေါ့။

အဲဒီ ကောင်မျိုးတွေကျတော့ ကျုပ်တို့ ဈေးခွေးလောကမှာ အဆင့်အနိမ့်ဆုံးလို့ ပြောရမယ်။ အလကားကောင်တွေ။ လူတစ်ယောက်ကို မပြောနဲ့ ကျုပ်တို့ ခွေးအချင်းချင်းတောင် အဆင်ပြေအောင် ပေါင်းသင်းဆက်ဆံနိုင်တဲ့ ကောင်တွေ မဟုတ်ဘူး။ မျိုးရိုးသိက္ခာကျတယ်ဆိုပြီး ခပ်ဝေးဝေးက ရှောင်ကြဉ်လေ့ရှိကြတယ်။

အဲသလို ကိုယ့်အဆင့်အတန်းနဲ့ ကိုယ်ရှိနေကြသလို ကျုပ်တို့ ဈေးခွေးလောကမှာ ခွေးပွဲအိုင်ပီဆိုတာလည်း ရှိသေးတယ်။ အဲဒီကောင်တွေကတော့ ဈေးခေါင်းလို့ခေါ်တဲ့ ဈေးတာဝန်ခံကြီးရဲ့ ရုံးခန်းရှေ့မှာနေတဲ့ကောင် ၃၊ ၄ ကောင်ပေါ့။

အဲဒီကောင်တွေက ဘယ်လိုက ဘယ်လို ဈေးခေါင်းရုံးခန်းရောက်နေတယ် မပြောတတ်ဘူး။ အဲဒီကောင်တွေကျတော့ တစ်မျိုး၊ စိန်နားကပ်ရောင်နဲ့ ပါးပြောင်တဲ့ကောင်တွေ၊ ဒီကောင်တွေက ဘဝင်လေဟပ်နေတဲ့ကောင်တွေ၊ ဈေးခေါင်းကြီးနဲ့ စည်ပင်ဝန်ထမ်းတွေပေးတာ ကျွေးတာစားပြီး ဝဖီးဆူဖြိုးနေတဲ့ကောင်တွေ၊ ဘယ်မှာမှ ရှာဖွေ စားစရာ မလိုဘူး။

ဒီကောင်တွေက အခြောတ်တိုက် ဘဝင်မြင့်ပြီး ဈေးထဲက ခွေးမှန်သမျှ ဘယ်ခွေးမှ ခွေးမထင်တဲ့ ပုံစံနဲ့ ဆောင့်ကြွား ဆောင့်ကြွား ဖြစ်နေတဲ့ကောင်တွေ၊ သူတို့လည်း သူတို့ကုသိုလ်နဲ့ သူတို့ကြီးပွားနေတာကိုတော့ မုဒိတာပွားနိုင်ပေမယ့် ထော့င်မကျိုးတဲ့ သူတို့အမူအရာကိုက အမြင်ကတ်စရာ ဖြစ်နေတာ။

ကိုယ့်အစာ ကိုယ် ရှာမစားဘဲ သူများကို ကပ်ပါးရပ်ပါး လုပ်စားတဲ့ ကောင်တွေကို ကျုပ်တို့ ဈေးခွေးလောကသားတွေကလည်း ဂရုမစိုက်ကြဘူး ထားပါတော့။





www.burmeseclassic.com

www.burmeseclassic.com

ဒါပေမယ့် ကျုပ်တို့ ဈေးခွေး လောကမှာ ဘယ်လောက်ပဲ အဆင့်အတန်းတွေကွဲပြားပါစေ၊ အားလုံးလိုလို ကောင်းတဲ့အချက်တစ်ချက်တော့ရှိတယ်။

အဲဒီအချက်ကတော့ ဂုဏ်ယူစရာကိစ္စဖြစ်လို့ ခင်ဗျားကို မပြောမဖြစ် ပြောရဦးမယ်။ ဒီလိုဗျ ကျုပ်တို့ဟာ ကိုယ့်နေရာနဲ့ကိုယ်၊ ကိုယ့်အထာလေးနဲ့ ကိုယ်နေကြတယ် ဆိုပေမယ့် ကျုပ်တို့ ဈေးထဲကို ရပ်ကွက်ထဲက ခွေးတစ်ကောင်တလေလောက် မျက်စိလည်ပြီး ဝင်လာလို့ကတော့ အရင်ဆုံးတွေ့တဲ့ ကောင်က ပြေးဆော်ပြီးသားပဲ။

တစ်ကောင်ကောင်က ပြေးဆော်ပြီဆိုရင် ကျန်တဲ့အကောင်တွေ တလည်း ဘယ်သူမှ တိုင်ပင်စရာမလိုဘဲ ပြေးပြီး ဝိုင်းတွယ်တော့တာပဲ။ ဈေးထဲ ဝင်လာတဲ့ ခွေးဟာ မရှုမလှဒဏ်ရာတွေနဲ့ နောက်ကျတဲ့ဖနောင့် သစ္စာဖောက်ထုံး နှလုံးမှုပြီး တစ်ချိုးတည်း ထွက်ပြေးရတော့တာပဲ။

အဲဒီနေရာမှာတော့ ကျုပ်တို့ရဲ့ ဘဝပေးအသိအရကိုက စည်းလုံးညီညွတ်တယ်။ တကယ်တော့လည်း ဒီဈေးကြီးထဲမှာ ရှိသမျှ ခွေးတွေဟာ ဆွေမျိုးညီအစ်ကို မောင်နှမတွေချည်းပါပဲ။

ဒါကြောင့် ကျုပ်တို့ ဆွေမျိုးအုပ်စုထဲ ဘယ်ခွေးစိမ်းမှ အဝင်မခံဘူး။ သူစိမ်းကို အဝင်ခံရင် နောက်ဆက်တွဲ ပြဿနာတွေက ကြီးမားလွန်းလို့ပါဗျာ။

အဲဒါတော့ ကျုပ်တို့ရဲ့ မျိုးချစ်စိတ်ပဲဗျ။ စောစောက ပြောခဲ့သလို ကျုပ်တို့ရဲ့နေရာကို အပြင်က ခွေးတွေ အဝင်မခံသလို ကျုပ်တို့လည်း ဈေးကြီးနယ်ပယ်ထဲကထွက်ပြီး ဘယ်မှ သွားလေ့သွားထ မရှိဘူး။ အပြင်လောကဆိုတာ အင်မတန် ရှုပ်ထွေးတယ်လို့ ကျုပ်တို့အထဲမှာ အသက်အကြီးဆုံးဖြစ်တဲ့ ရွှေမီးနောက်မီ ဘကြီးကုပ်ကျားက အမြဲ ပြောလေ့ရှိတယ်။

အပြင်မှာက ကျုပ်တို့ကို အဆိပ်ကျွေးသတ်မယ့် ကောင်တွေရှိတယ်။ မော်တော်ကားတွေရှုပ်တယ်။ ဆိုင်ကယ်တွေရှုပ်တယ်။

ပြီးတော့ ကျုပ်တို့ကို ဖမ်းပြီး အရက်ဆိုင်ကို ရောင်းစားတဲ့ အရက်သမား ကလေကချေကောင်တွေလည်း ရှိသေးတယ်။

ဒါတွေကြောင့် ကျုပ်တို့ဟာ ကျုပ်တို့ ခြံစည်းရိုးထဲက ဘယ်မှ မသွားဘူး။ ဒီဈေးကြီးထဲမှာ ဈေးသူဈေးသားတွေ၊ ဈေးဝန်ထမ်းတွေက ကျုပ်တို့ရှိနေလို့ ညစေ့ ညတာ လုံခြုံရေး စိတ်ချရတယ်ဆိုပြီး ကျုပ်တို့ကို ဘယ်တော့မှ အန္တရာယ်မပြုကြဘူး။ တမင်တကာတောင် ကျွေးမွေးစောင့်ရှောက်ထားသေးတယ်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီပေါ့ဗျာ။ ဟုတ်ဘူးလားနော့။

ကျုပ်တို့ ညီအစ်ကို မောင်နှမ (၆)ကောင်ထဲမှာ ကျုပ်က အကြီးဆုံးထင်ပါရဲ့၊ အကောင်ပိုထွားပြီး ခွေးလုံးခွေးဖန်ကောင်းတယ်။ ဒါကြောင့် ကျုပ်ဟာ ကျန်တဲ့မောင်နှမတွေထက်စောပြီး အရွယ်ရောက်လာတယ်။

အရွယ်ရောက်လာတော့ ထုံးစံအတိုင်း ချေရည်လာတာပေါ့ဗျာ။ ကျယ်ဝန်းလှတဲ့ ဈေးကြီးထဲမှာ နေရာအနှံ့ ရောက်ရောဆိုပါတော့။ အဲဒီမှာ ကျုပ်ရဲ့သခင်ဖြစ်လာမယ့် ကုန်မာပစ္စည်းတွေ ရောင်းတဲ့ အပျိုကြီးဒေါ်စိမ်းမြနဲ့ တွေ့တော့တာပဲ။

ကျုပ် သခင်ဖြစ်လာမယ့် အပျိုကြီး ဒေါ်စိမ်းမြက အသက်(၄၅)နှစ်လောက်ရှိမယ်။ ရွှေဘိုမင်းကြိုက် ပုံစံမျိုးပေါ့။ သူက ကုန်မာပစ္စည်းမျိုးစုံရောင်းတယ်။ သူတို့ ဆွေစဉ်မျိုးဆက် ရောင်းလာကြတာ။ သူ့ပစ္စည်းတွေက များတော့ ဆိုင်ခန်းကလည်း များတယ်။

ကုန်မာဆိုတာ ဒန်အိုးဒန်ခွက်တွေ၊ ငရုတ်ဆုံ၊ ကျောက်ပျဉ်၊ မီးဖို၊ မီးညှပ်၊ စဉ့်အိုးတွေ အင်တုံတွေ၊ နတ်ပစ္စည်းတွေ၊ သောက်ရေအိုးတွေ၊ ဓားတွေ၊ ကတ်ကြေးတွေ စုံနေတာပါပဲဗျာ။ အပျိုကြီးက တော်တော်လေး ချမ်းသာတယ် ထင်ပါရဲ့။ ကျုပ်တို့ ဈေးထဲမှာတော့ အပျိုကြီး ဒေါ်စိမ်းမြဟာ ရွှေဆိုင်တန်းက ရွှေဆိုင်ပိုင်ရှင်တွေတောင် တလေးတစား ဆက်ဆံရတဲ့ အနေအထားမှာ ရှိတယ်ဆိုတော့ စဉ်းစားကြည့်ပေါ့ဗျာ။

စောစောကပြောခဲ့သလို ကျုပ်ဟာ အရွယ်လေး နည်းနည်းကြီးလာတော့ ထုံးစံအတိုင်း ဈေးထဲမှာ ဟိုဟိုဒီဒီ လျှောက်သွားရင်းနဲ့ ဈေးထဲက ဈေးသူ ဈေးသားတွေကို မှတ်မိလာတယ်။

အဲဒီမှာတင် ကျုပ်ဟာ ကျုပ်တို့ ဈေးခွေးလောကသာမက ဈေးထဲက လူတွေရဲ့ ဘဝတွေကိုပါတွေ့မြင်လာရတယ်ဆိုပါတော့ဗျာ။

ကျုပ်တို့ ဈေးထဲမှာက လူစုံတယ်ဗျ။ ခေါင်းရွက်ဗျပ်ထိုး လမ်းဘေးပုံကျဈေးသည်ကနေ ရွှေရောင်းတဲ့ ရွှေဆိုင်ကြီးတွေအထိ၊ လက်ဖက်ရည်ဆိုင်၊ မုန့်ဟင်းခါးဆိုင်၊ အသုပ်ဆိုင်၊ အအေးဆိုင်၊ ထမင်းဆိုင်၊ အပ်ချုပ်ဆိုင်၊ ငါးပိငါးခြောက်၊ ဆေးမျိုးစုံ၊ သစ်သီးဝလံမျိုးစုံ၊ ကြွက်သတ်ဆေး၊ ကြမ်းပိုးသတ်ဆေးရောင်းတဲ့လူ၊ ထီးတွေ ဖိနပ်တွေ ပြင်တဲ့လူ၊ လက်ဖက်အကြော်စုံရောင်းတဲ့လူ စသည်ဖြင့် ဘဝမျိုးစုံ ဇာတ်လမ်းစုံပါပဲဗျာ။

အဲဒီကြားထဲ ငွေတိုးချေးစားတဲ့ ခေတ်သစ်ချစ်တီးမျိုးစုံအပြင် အချိုမှုန့်ထုပ်၊ ဆီပုလင်း၊ ဖိနပ်၊ ထီးကစပြီး ဗီဒီယိုအပေါ် စက်အောက်စက်အထိ၊ နာရီကစပြီး ဆွဲကြိုး၊ လက်ကောက်အထိ နေ့သွင်းနဲ့ရောင်းတဲ့ နေ့သွင်းဈေးသည်တစ်မျိုးလည်း ရှိသေးတယ်။

ဒီလိုလူအမျိုးမျိုး စိတ်အဖုံဖုံတွေရဲ့ အကြောင်းတွေကတော့ ပြောရမယ်ဆိုရင် တစ်ထောင့်တစ်ည ပြောရင်တောင် ကုန်မယ်မထင်ပါဘူးဗျာ။

ဒီလောက် ရှုန်းကန်ရှာဖွေနေကြရတဲ့ကြားထဲ လူမှုရေးဖောက်ပြန်မှုတွေကလည်း ရှိသေးတယ်။ လင်ငယ်

www.burmeseclassic.com

မယ်ားငယ်ကိစ္စတွေကလည်း ဈေးထဲမှာ မကြားချင့်မှ အဆုံး၊ ထားပါတော့ဗျာ။

စောစောကပြောသလို ကျုပ်လည်း ကြီးကောင်ဝင်လာတော့ ကျုပ်တို့ရဲ့ ခွေးမျိုးစဉ်ဆက် သဘာဝအတိုင်း ဘယ်မိဘညီအစ်ကို မောင်နှမကိုမှ အားမကိုးတော့ဘဲ ကိုယ့်ဝမ်းစာ ကိုယ်ရှာစားရတော့တာပေါ့။

ဟုတ်တယ်လေ၊ ကျုပ်တို့ခွေးတွေမှာ ခင်ဗျားတို့လူတွေနဲ့ မတူတဲ့အချက် ဗော်တော်များများရှိတယ်။ ဒါကြောင့်လည်း ရှေးကပညာရှိတွေက ခင်ဗျားတို့ လူသားတွေက ကျုပ်တို့ ခွေးတွေဆီကနေပြီး အတုယူရမယ့်အချက် ငါးချက် ပြဆိုထားခဲ့ဖူးတယ်။

ပြောရရင်တော့ ကျုပ်တို့ ခွေးတွေက ခင်ဗျားတို့လူတွေရဲ့ မြင်ဆရာပေါ့ဗျာ။ ဟဲဟဲ မှန်ရာကိုပြောတာပါဗျ။

ခင်ဗျားတို့ လူသားတွေ ကျုပ်တို့ခွေးတွေဆီက အတုယူရမယ့် အချက်တွေကိုတော့ ကျုပ်က ဆရာကြီးလုပ်ပြီး ပြောပြမနေတော့ပါဘူးဗျာ။ သိချင်တော့ ခင်ဗျားဟာ ခင်ဗျား- ရှာဖတ်ကြည့်ပေါ့။

ကျုပ်ပြောရင် ခင်ဗျားက ယုံချင်မှ ယုံမှာဆိုတော့၊ အောင်မယ် ပြောလက်စနဲ့ ပြောရဦးမယ်။

ရှေးပညာရှိတွေ ရေးသားထားခဲ့တာမှာ ခင်ဗျားတို့လူသားတွေဟာ ကျုပ်တို့လို ခွေးတွေဆီမှာသာမက ကြီးကန်းတွေဆီက အတုယူရမှာ၊ ပျားဆီက အတုယူရမှာ၊ ကြက်ဆီကအတုယူရမှာ စသည်ဖြင့် တိရစ္ဆာန်တွေဆီက အတုယူရမယ့် ကိစ္စတွေရှိသေးတယ်ဗျ။

ထူးဆန်းတာကတော့ ခင်ဗျားတို့လူသားတွေဆီက ဘယ်အချက်တွေကို ကျုပ်တို့ တိရစ္ဆာန်တွေက အတုယူစရာရယ်လို့ ပညာရှိတွေ ရေးသားသတ်မှတ်မထားခဲ့တာကိုပဲ။

လူတွေဆီမှာ ကျုပ်တို့ အတုယူစရာ ဘာမှမရှိလို့လားတော့ မပြောတတ်ပါဘူးဗျာ။

အဲ,စောစောက စကားပြန်ဆက်ရရင် ကျုပ်တို့ ခွေးတွေဟာ အရွယ်ရောက်လာပြီ ဆိုတာနဲ့ ကိုယ့်ဝမ်းစာကိုယ်ရှာစားကြတော့တာပဲ။ အဲဒီနေရာမှာလည်း ခင်ဗျားတို့ လူသားတွေနဲ့ မတူပြန်ဘူးဗျို့။

ဟုတ်တယ်လေ၊ ခင်ဗျားတို့လူတွေထဲမှာ အရွယ်ရောက်လည်း ကိုယ့်ထမင်းကိုယ် ရှာမစားတဲ့လူတွေ၊ အရွယ်လွန်လည်း မိဘလုပ်စာထိုင်စားတဲ့လူတွေက အများသား ဟုတ်လား။ ချမ်းသာတဲ့ မိဘ၊ ရာထူးရာခံရှိတဲ့ မိဘက မွေးလာတဲ့လူတွေက ပိုဆိုးသေးတယ်။

မိဘအရှိန်အဝါနဲ့ စားနေဝတ်နေရတာကို ဘဝင်မြင့်ပြီး ဘာမှ လက်ကြောတင်းအောင် အလုပ်မလုပ်တော့ဘူး။ ကိုယ်ပိုင်အရည်အချင်း မရှိတာကိုမေ့ပြီး မိဘပိုက်ဆံနဲ့ အောက်ခြေလွတ်နေကြတာကလည်း အများသား။ ကျုပ်တို့ ဈေးထဲက ရွှေဆိုင်ပိုင်ရှင်ရဲ့ သားဆိုရင် ရှစ်တန်းတောင်မအောင်ဘူး၊ ဆောင့်ကြွားဆောင့်ကြွားနဲ့ ဘယ်နေရာမှ ထောင့်မကျိုးဘူး။

အဲဒီ ဝေလေလေကောင်ဈေးထဲဝင်လာရင် အဲဒီကောင်ရဲ့ ခြေသလုံးပလွေရိုး မွဲခြောက်ခြောက်ကို ပြေးကိုက်ပြီး ချိုးပစ်လိုက်ချင်တဲ့စိတ်ကို မနည်းကြီးချုပ်တည်းထားရတယ်။

ကဲ, ကျုပ်လည်း ကျုပ်တို့ရဲ့ အရည်အချင်းကို ပြောချင်တာနဲ့ စကားတွေက သူများအကြောင်း ရောက်ကုန်ပြီ။

ဒီလိုဗျာ၊ ကျုပ်လည်း စောစောကပြောသလို ဈေးထဲမှာ ရေကြည်ရာ မြက်နုရာကို ရှာရင်းဖွေရင်း ဆိုသလို တစ်နေ့ ကျုပ်သခင် ဖြစ်လာမယ့် အပျိုကြီး ဆိုင်ဘက်ရောက်သွားတယ်။ အဲဒီမှာတင် ထမင်းစားပြီးတော့ ထမင်းချိုင့်ထဲက လက်ကျန် ထမင်းတွေကို သွန်မလို့ ဟိုကြည့်ဒီကြည့် လုပ်နေတဲ့ အပျိုကြီးကို ကျုပ်က လှမ်းမြင်တယ်။

အပျိုကြီးကလည်း ကျုပ်ကို လှမ်းမြင်တော့ ကျုပ်ကို အို့ အို့ ဆိုပြီး လှမ်းခေါ်ရောဗျို့။ ကျုပ်လည်း ပြေးသွားတော့ အပျိုကြီးက သတင်းစာစာရွက်တစ်ရွက်ပေါ်မှာ သူ့ချိုင့်ထဲက စားကြွင်းစားကျန်တွေကို ပုံပြီး ကျုပ်ကို ကျွေးရောဆိုပါတော့ဗျာ။

ကျုပ်စားနေတာကို ကြည့်ပြီး အပျိုကြီးက ချစ်စရာကောင်းလိုက်တာလို့ သူ့ဟာသူ ပြောသလို၊ ဘေးကိုပြောသလိုလိုပြောတာ ကျုပ် ကြားလိုက်ရတယ်။ အဲဒီကတည်းက ကျုပ်လည်း သူ့ဆိုင်နားက မခွာတော့ဘူး။ ဟုတ်တယ်လေ၊ စောစောက ပြောပါကောလား။ ကျုပ်တို့ ဈေးခွေးလောကမှာ သခင်ပိုင်တစ်ယောက်ရဖို့ဆိုတာ မလွယ်ပါဘူးလို့၊ ညနေဈေးသိမ်းလို့ အပျိုကြီး ပြန်ခါနီးတော့ ကျုပ်က နှုတ်ဆက်တဲ့သဘောနဲ့ အမြီးနန့်ပြီး အပျိုကြီးခြေထောက်ကို ခေါင်းနဲ့ ခွေ့လိုက်တော့ အပျိုကြီးကလည်း သဘောကျသွားပြီး ကျုပ်ကို ကိတ်မုန့်လေးတစ်ခု ကျွေးသွားသေးတယ်။

မနက်မိုးလင်းလို့ အပျိုကြီး တစ်ယောက် သူ့ဆိုင်က အဖော်ကောင်မလေးတွေနဲ့ ဆိုင်ဖွင့်ဖို့ ရောက်လာပြီဆိုရင် ကျုပ်က အပျိုကြီးကို ခရီးဦးကြိုပြီး သူ့အနားမှာ ပွတ်သီးပွတ်သပ်လုပ်တော့ အပျိုကြီးက ကျုပ်ကို မုန့်ကျွေးပြန်ရော။

ဒီလိုနဲ့ ကျုပ်ဟာ အကြောင်းကိစ္စ မရှိရင် ဘယ်မှ လျှောက်မသွားတော့ဘဲ အပျိုကြီးဆိုင်ဘေးက တစ်နေရာမှာ အမြဲနေတော့တယ်။ ညအိပ်ရင်လည်း အဲဒီမှာပဲ အမြဲအိပ်တော့တယ်။ ဒီလိုနဲ့ အပျိုကြီးဟာ ကျုပ်သခင်ဖြစ်လာရတာပေါ့ဗျာ။

ကျုပ်သခင်အပျိုကြီးက တော်တော်ကို သဘောမနောကောင်းပါတယ်ဗျာ။ သူ့ဆိုင်မှာ သီလရှင်လေးတွေ အပတ်စဉ် ဆွမ်းဆန်စိမ်းအလှူခံလာတတ်တယ်။ အလှူအတန်းလည်း လက်

www.burmeseclassic.com

ဈေးထဲက သာရေးနာရေး သူမပါတာမရှိဘူး။ အင်မတန် င်းရှိပါတယ်။

ရှပ်ရှည်ချော်သလောက် စိတ် သည်းရှိတော့ ကျုပ်ဖြင့် ဒီလို အနားမှာနေရတာ ခွေးဖြစ် ပြီပေါ့ဗျာ။

ဒီလိုနဲ့ ဈေးထဲမှာ ကျုပ်ကို အပျို ခွေးဆိုပြီး ဘယ်သူမှ မထိ ပ်ရဲကြဘူး။ ကျုပ်ကလည်း လူ ရှင်ရှိသေဖြစ်အောင် သန့်သန့် သပ်သပ်ရပ်ရပ် စည်းနဲ့ကမ်းနဲ့ တယ်။

အဲသလို ကျုပ်ကောင်းစားနေ ကျုပ်အတွက်ပိုပြီး ဂုဏ်ယူစရာ ခဲ့တလည်း တိုက်တိုက်ဆိုင်ဆိုင် ရသေးတယ်။

ဒီလိုဗျ. . တစ်နေ့တော့ ကျုပ်တို့ မှာ ခါးပိုက်နှိုက်မှုတစ်ခု ဖြစ် ဆေးတို့ရဲ့ ထုံးစံကတော့ ခါးပိုက် အလစ်သုတ်တာ၊ ဆွဲကြိုး မကြာခဏ ဖြစ်လေ့ဖြစ်ထရှိ ဗျား၊ မမိတာက များပါတယ်။

ဖြစ်ချင်တော့ အဲဒီနေ့က ခါး တဲ့ ငနဲက မပီပြင်ဘူး ထင်ပါ သူသိသွားတယ်။ နှိုက်ရင်းတန်း သွားတယ် ပြောကြတာပဲဗျ။ နှိုက် ခါးပိုက်နှိုက်အော်တော့ ကောင်လည်း ပြေးမိပြေးရာ ပြေး ပါတော့ဗျာ။

ကျုပ်လည်း မှိန်းနေရာက ဆူညံ ကြားပြီး ဘာပါလိမ့်လို့ ခေါင်း ကြည့်လိုက်တော့ ဆေးဘဲလိုလို ကောင်ညောင်နဲ့ အကောင်တစ် ကျုပ်ရှိရာဘက် ပြေးလာတာ တွေ့လိုက်ရတယ်။

ကျုပ်တို့ရဲ့ ဘဝပေး ပင်ကိုအသိ ကျုပ်ဟာ ဒီကောင် မရိုးသားဘူး သိလိုက်တယ်။

ဒါ့ကြောင့် ကျုပ်ရဲ့ မသိစိတ်က တာ ထင်ပါရဲ့။ ကျုပ်ဟာ ကျုပ် နေ လှစ်ခနဲ ဖြတ်ပြေးတဲ့ အဲဒီ အကောင်ကို တစ်ချီတည်း လွှားခနဲ ခုန်အုပ်ပြီး လည်မျိုကို ကိုက်ပစ်လိုက်တယ်။

ကျုပ်ရဲ့ အလုံးအဖန်ကလည်း ကောင်းတာရယ်၊ ခုန်အုပ်ပြီး လည်ပင်းကို ကိုက်လိုက်တဲ့ အရှိန်ရယ်ကြောင့် အဲဒီကောင်ဟာ ဟန်ချက်ပျက်ပြီး မြေကြီးပေါ် လဲကျသွားတယ်။

ဒါနဲ့ ကျုပ်လည်း အဲဒီကောင် ခြေသလုံးကို ၃၊ ၄ ချက်လောက် ဆက်တိုက်ဆွဲခါပစ်လိုက်တယ်။

အဲဒီကောင် လူးလိမ့်နေတုန်း ဈေးခေါင်းကြီးနဲ့ ဈေးဝန်ထမ်းတွေ၊ ဈေးသည်တွေ စုပြုံပြီး ရောက်လာပြီး အဲဒီကောင်ကို ဖမ်းချုပ် ခေါ်သွားကြတော့တာပဲ။

အဲဒီနေ့ကစပြီး ဈေးထဲမှာ ကျုပ်ဟာ မျက်နှာပွင့်တော့တာပဲ။ ခါးပိုက်နှိုက် ဖမ်းပေးတဲ့ခွေး၊ အပျိုကြီးဒေါ်စိမ်းမြဆိုင်က ခွေး ဆိုပြီး ကျုပ်အတွက်နဲ့ အပျိုကြီးလည်း သိက္ခာတွေတက်ပြီး တပြုံးပြုံးပေါ့ဗျာ။

ကျုပ်တို့ ဈေးခွေးလောကတစ်ခုလုံးသာမက ဈေးသည် ဈေးဝယ်တွေရဲ့ ပါးစပ်ဖျားမှာ ကျုပ်ဟာ သူရဲကောင်း ပမာ ထင်ပေါ်ကျော်ကြားလာခဲ့ရတယ်။

အခုဆိုရင် ကျုပ်ဟာ နှယ်နှယ်ရရကောင်မဟုတ်တော့ဘူး။ ခါးပိုက်နှိုက်ကို ကျုပ်တစ်ကောင်တည်း ဖမ်းဆီးပေးနိုင်တယ်ဆိုတဲ့ ဂုဏ်ပုဒ်နဲ့ အတော်လေးအဆင်ပြေနေပြီဗျို့။

အပျိုကြီးဟာ ကျုပ်ကို ခါတိုင်းထက်ပိုပြီး စားကောင်းသောက်ဖွယ်တွေ ကျွေးတယ်။ ညနေ ဈေးသိမ်းလို့ ပြန်ခါနီးရင်တောင် ကျုပ်ကို မုန့်တစ်ခုခု ဝယ်ကျွေးပြီးမှ ပြန်တယ်။

ကျုပ်မှာဆိုရင် အပျိုကြီး ပေးထားတဲ့ ကျားဘိုဆိုတဲ့ နာမည်လည်း ရှိနေပြီ။ ဒီတော့ ကောင်းကောင်းနေ ကောင်းကောင်းစား၊ နာမည်တစ်လုံးနဲ့ သိက္ခာနဲ့ဆိုတော့ ကျုပ်ဘဝ အိုကေ စိုပြည်ပြီပေါ့ဗျာ။

ဒါပေမယ့် ကိုယ့်လူရေ ဘဝ ဆိုတာ ဘယ်အရာမှမမြဲဘူး။ လောကဓံတရားဟာ အလွန်ဆန်းကြယ်တယ်။ ကျုပ်ဘဝ ဇာတာစန်းလင်တွေတက်ခဲ့တာကို ပြောပြီးရင် ကျုပ်ဘဝ ကံဆိုးမိုးမှောင်ကျခဲ့ရတာလည်း ပြောမှ ဖြစ်တော့မယ်။

လောကကြီးဟာ တကယ်ဆန်းကြယ် ရှုပ်ထွေးတယ်။ လူတွေဟာ ကြောက်စရာကောင်းတယ်လို့ ဘကြီးကုပ်ကျားပြောခဲ့တာ ကျုပ်ကိုယ်တွေ့ကြုံမှ ပိုပြီး သိရတော့တယ်ဗျ။ ဘဝတွေဆန်းကြယ်ပုံများ ဒီလိုဗျ။

ပြောရမယ်ဆိုရင် ကျုပ်တို့ရဲ့ ဈေးခေါင်းကြီး သက်ပြည့်ပင်စင်ယူတာက ဇာတ်လမ်းစတာပဲဗျာ။ ဈေးတာဝန်ခံကြီး သက်ပြည့်ပင်စင်ယူသွားတော့ နောက်ထပ် အသစ်ရောက်လာတဲ့ ဈေးတာဝန်ခံက အသက်(၅၀)လောက် မုဆိုးဖိုလိုလို၊ တစ်ခုလပ်လိုလို၊ လူပျိုကြီးလိုလိုဗျ။

ပြီးတော့ သူက ဘယ်သူနဲ့ ဘာတော်တယ်ဆိုလား။ မိုးကျရွှေကိုယ်လိုလို ဘာလိုလိုပေါ့ဗျာ။ ခင်ဗျားတို့ လူ့လောကဆိုတာကလည်း သိတဲ့အတိုင်းပဲပေါ့။ သူက ဈေးတာဝန်ခံအသစ်ဆိုတော့ ဈေးတာဝန်ခံဟောင်းဆီကနေတစ်ဆင့် တစ်ဈေးလုံးရဲ့ ကိစ္စမှန်သမျှကို သိခဲ့ပြီးသားနေမှာပေါ့ဗျာ။

ကျုပ်ရဲ့သခင် အပျိုကြီးဒေါ်စိမ်းမြအကြောင်းရော၊ ကျုပ်အကြောင်းရော သူသိခဲ့မှာပေါ့။

ဒါနဲ့ ဈေးထဲလှည့်လည် ကြည့်နေရာကနေပြီး ရုပ်ရည်ချောမောပြီး ချမ်းသာတဲ့ ကျုပ်သခင်မကို အဲဒီ ဈေးတာဝန်ခံကြီး သမာဓိပိုး ပိုးတော့တာပဲ။ ဇာတ်လမ်းက အဲဒီကစတာဗျို့။

အပျိုကြီးဆီမှာ ခါးပိုက်နှိုက် ဖမ်းပေးတဲ့ ခွေးတစ်ကောင် ရှိတယ်၊ အပျိုကြီးက ခွေးချစ်တတ်တယ်ဆိုတာ သိပြီး တစ်နေ့တော့ ခွေးစဉ်မမိတဲ့ ကြောင်သာသာရှိတဲ့ အမွေးစုတ်ဖွားနဲ့





www.burmeseclassic.com

www.burmeseclassic.com

ခွေးမှင်စာလေး တစ်ကောင် ယူလာပြီး အပျိုကြီးကို လက်ဆောင်ပေးတော့တာပဲ။

အောင်မယ် အဲဒီခွေးစဉ်မမီတဲ့ ခွေးမှင်စာလေးက တစ်သိန်းတောင် ပေးရတယ်ဆိုပဲဗျ။ ကျုပ်သခင် အပျိုကြီးလည်း အဲဒီခွေးမှင်စာလေး ရတဲ့နေ့ကစပြီး သူလည်း ရူးတော့တာပဲဗျာ။

ကြည့်လေအပျိုကြီးနဲ့ သူ့အလုပ်သမားကောင်မလေးတွေဟာ အဲဒီခွေးမှင်စာလေးကို မျက်စိအောက်ကနေ အပျောက်မခံကြဘူးဗျ။ တစ်ယောက်မဟုတ်တစ်ယောက် အမြဲချီထားတယ်။ ဈေးက ပြန်ရင်လည်း ချီပွေ့ပြီး ကားပေါ်တင်သွားကြတယ်။

မနက်မိုးလင်းလို့ ဈေးလာရင်လည်း ကားပေါ်ကို တင်ခေါ်လာပြီး ချီပွေ့ပြီး ဆိုင်ထဲခေါ်လာကြတယ်။ အဲဒီခွေးမှင်စာလေးကလည်း တော်တော်မလွယ်တဲ့ကောင်ဗျ။ သူ့ကိုယ်သူ ခွေးဆိုတာတောင် မေ့နေသလား မပြောတတ်ဘူး။ သူ့အတွက် သီးခြားအစားအစာဝယ်ရတယ်ဆိုပဲ။

အောင်မာ ဒီကောင်က နေ့ခင်းဆို လက်ဖက်ရည်သောက်သေးတယ်ဗျ။ အဲဒီကောင်နဲ့ သူတို့ သည်းသည်းလှုပ်နေကြတာကြည့်ပြီး ကျုပ်ရင်ထဲ မကောင်းတော့ဘူး။ ဘာမှလည်း လက်ရုံးရည်၊ နှလုံးရည်မရှိတဲ့ခွေး၊ ခွေးတစ်ကောင်မှာ ရှိသင့်ရှိအပ်တဲ့ သတ္တိ၊ ဗျတ္တိမရှိတဲ့ခွေး၊ ခွေးစဉ်မမီဘဲ ကြောင်သာသာရှိတဲ့ ခွေးမှင်စာကောင်၊ ဘယ်နေရာမှ အားမကိုးမရတဲ့ အချောင်နေ အချောင်စား ဆန်ကုန်မြေလေးကောင်ကို သူတို့မှိုလို့ ချစ်နေကြတာ။

ခင်ဗျား စဉ်းစားကြည့်လေ။ အဲဒီကောင် ခွေးလည်ကျပုံက သူ့ကို ပိုးကြေးပန်းကြေးဝယ်ပြီး လက်ဆောင်ပေးတဲ့ ဈေးတာဝန်ခံကြီးကတော့ ဘာမှ မဖြစ်ရသေးဘူး။ အဲဒီခွေးမှင်စာကောင်က အပျိုကြီး ရင်ခွင်ထဲမှာ နေခွင့်ရတယ်။ ဘယ်ယောကျ်ားမှ မနမ်းရသေးတဲ့ ကျုပ်သခင်မရဲ့ ပါးကို အဲဒီခွေးမှင်စာကောင်က နမ်းခွင့်ရတယ်။

အောင်မယ် အပျိုကြီးကလည်း လူကို ခွေးနမ်းတာများ ကျေနပ်နေလိုက်တာ။ အဲသလို ပရောပရီလုပ်နေတဲ့ ခွေးမှင်စာကောင်ကို ကြည့်ပြီး ကျုပ်ရင်ထဲ ယားကျိ ယားကျိ ဖြစ်လာတယ်။

အဲဒီကောင် ရောက်လာပြီးတဲ့နောက်ပိုင်း ကျုပ်အပေါ်မှာ အပျိုကြီးတို့ရဲ့ ဂရုစိုက်မှုဟာ နည်းလာတယ်ဗျ။ တစ်ခါတလေကျရင် ထမင်းကျွေးဖို့တောင်မှ သတိမရကြတော့ဘူး။ လူတွေရဲ့သဘာဝအတိုင်း အသစ်မြင်တော့ အဟောင်းမေ့၊ ငါးစိမ်းမြင် ငါးကင်ပစ်ပြီပေါ့ဗျာ။

ဒီကြားထဲ အဲဒီခွေးမှင်စာကောင်က ကျုပ်လိုကောင်ကိုတောင် ခွေးရာမသွင်းသလို ဘာလိုလိုနဲ့ဗျ။ အပျိုကြီးရင်ခွင်ထဲကနေပြီး ကျုပ်ကိုတောင် မထီလေးစားနဲ့ ဟောင်လိုက်သေးတယ်။ ဟောင်တော့လည်း အသံက ညောင်နာနာ။ မယားငယ် တုံးညှပ်သံဆိုတာမျိုးဗျ။

အဲသလို ဟောင်တာကို အပျိုကြီးက သဘောကျနေသေးတယ်လေ။ ကြည့်. . လုပ်ပုံက ကြာတော့ ကျုပ်ရှက်လာတယ်။ ဒီဈေးထဲမှာ ကျုပ်ကို မျက်လုံးဆိုင်ပြီး ကြည့်ရဲတဲ့ ခွေးတစ်ကောင်မှ မရှိဘူး။ ကျုပ်ဟာ သတ္တိဗျတ္တိ ရှိတဲ့ ခွေးဗျ။ လက်ရုံးရည် နှလုံးရည် ရှိတယ်၊ သစ္စာရှိတယ်။

ကျုပ်လို ကောင်မျိုးကို ဘာမှမဟုတ်တဲ့ မလောက်လေး မလောတ်စား ခွေးစဉ်မမီတဲ့ ခွေးဂျပု မှင်စာကောင်က ဟောင်တယ်ဆိုတော့ ခင်ဗျား စဉ်းစားကြည့်လေ။ ကျုပ်ရင်ထဲ ဘယ်လို နေမလဲဆိုတာ။

မှတ်မှတ်ရရ အဲဒီနေ့ကတော့ ကျုပ်တစ်သက်မမေ့နိုင်စရာနေ့ပါပဲဗျာ။ အဲဒီနေ့က ကျုပ်စိတ်ထဲ သိပ်မကြည်တာနဲ့ ဆိုင်ခန်းနောက်နားမှာ အသာလေး ခွေနေမိတယ်။

အဲဒီမှာ အပြင်ကို လူအခေ
မပါရင် မထွက်တဲ့ ခွေးမှင်စာကော
ဟာ ဘယ်လိုလုပ်ပြီး သူတစ်ယော
တည်း ထွက်လာတယ် မသိဘူး။

သူဟာသူ ထွက်လာရင်လည
ဘာမှ ဖြစ်မှာ မဟုတ်ပါဘူးဗျာ။ အဲဒီ
က သူရော ကျုပ်ရော ကံဆိုးတာ
ကြည့်လေ အဲဒီကောင်က ထွက်လာ
ဟိုကြည့် ဒီကြည့်နဲ့ ကျုပ်နားရော
လာတယ်။ ပြီးတော့ ခွေပြီး မှိန်းနေ
ကျုပ်ကို လှည့်ပတ်ကြည့်ပြီး ဘာမေ
ညာမပြော ကျုပ်ခေါင်းပေါ်ကို ေ
ပန်းချလိုက်ရောဗျာ။

ဒီလောက် စော်ကားလာမှတေ
ကျုပ်မျက်လုံးထဲ ဝင်းခနဲ မီးတော
သွားပြီး ကျုပ်ဒေါသတွေဟာ အထ
အထိပ်ရောက်သွားတယ်။ နဂိုကတ
က ကြည့်မရဖြစ်နေတာရော၊ ဒေါ
ရော ပေါင်းပြီး ဝုန်းဆို အဲဒီကော
လည်မျိုကို ခဲပြီး စိတ်ရှိသလောက်
ခါပစ်လိုက်တာ အပျိုကြီးတို့တစ်သိ
အော်ဟစ်ကြတော့မှ ကျုပ်ပါးစပ်ထဲ
လွှတ်ချပေးလိုက်တော့ အဲဒီကော
အသက် မရှိတော့ဘူး။

ကျုပ်လည်း ကြောင်နေတ
တစ်ခါမှ ဒေါသမထွက်ဖူးတဲ့ အပျို
ဟာ ဧရာတ်တ်ကျည်ပွေ့ကြီးနဲ့ ကျုပ်
ကောက်ထုလိုက်တာ ကျုပ်နံဘေး ဒိ
ခနဲ မှန်တော့မှ ကျုပ်လည်း သတိ
လာပြီး တစ်ချိုးတည်း သုတ်တော့တ
ပေါ့ဗျာ။

တစ်နေရာက ကျုပ် ခေ
ကြည့်နေသေးတယ်။ ခွေးမှင်စာကော
အသေလေးကို ရင်မှာပိုက်ပြီး အပျို
ငိုနေပုံမြင်တော့ ကျုပ်ဖြင့် တော်တေ
အံ့သြရတယ်။ ဩော်. . လူတွေလူတွေ
တော်တော် တရားကျစရာကောင်း
လား။ အဲသလို ကျုပ်သံဝေရယူနေတ
နောက်ပိုးရှု ဈေးတာဝန်ခံကြီး ရော
လာလေရော၊ သူရောက်လာမှ အပျို
ကြီးလည်း ခွေးသေကောင်လေးကို ပြ
ပိုပြီး ငိုတော့တာပဲဗျို့။





www.burmeseclassic.com

www.burmeseclassic.com

ါးစပ်ကလည်းပြော၊ ငိုလည်းငို၊ ပြောနေမှန်းလည်း မသိဘူး။ တင် နောက်ပိုးရှူး ဈေးတာဝန် အပျိုကြီးကို မျက်နှာလို မျက် ပြီး ဒီကောင်(ကျုပ်)ကို ဈေးထဲ သို့မဖြစ်တော့ဘူး၊ အရင် တစ်ခါ သူတစ်ယောက်ကို သေလု မြော ပြီး အခုလည်း အဖိုးတန်ခွေး ာင်ကို သေအောင် ကိုက်လိုက် ာယ်ရှိတယ်ပေါ့လေ။

ဒီတော့ သတ်စေ အမိန့်ချလိုက် ။ ဘာပြောကောင်းမလဲ သခင် ဘွန်ဝါးဝတဲ့လူတွေ၊ တုတ်တွေ ိုင်ပြီး ကျုပ်ကို သတ်ဖို့ ဈေးကြီး လှန်ရှာကြတော့တာပဲ။

ကျုပ်လည်း ဘယ်ရမလဲဗျာ၊ တ်တောင်မိုက်မဲတဲ့ လူသတ္တဝါ ငါနေလို့ မဖြစ်တော့ဘူးဆိုပြီး မြင်ခင် မလွယ်ပေါက်တစ်ခုက ခြေဦးတည့်ရာ ထွက်ပြေးခဲ့ရတာ ပဲဗျို့။ အသက်လုပြီး ပြေးခဲ့ရတာပေါ့ ဗျာ။

တော်တော် တရားကျစရာ ကောင်းတဲ့လူတွေ၊ တော်တော်လည်း အပြောင်းအလဲမြန်၊ ဗလောင်းဗလဲဆန် တဲ့လူတွေ၊ အနှစ်နဲ့ အကာကို ခွဲပြီး မသိတဲ့လူတွေ၊ ဒီလူတွေနဲ့ ဝေးရာကို ကျုပ်ထွက်ပြေးခဲ့ရတယ်။

ခင်ဗျား စဉ်းစားကြည့်စမ်းပါဗျာ။ ကျုပ်ဘဝမှာ လူတစ်ယောက်ကို ကိုက် ခဲ့ဖူးတယ် ဆိုတာကလည်း ခါးပိုက်နှိုက် ကို ကိုက်ခဲ့ဖူးတာပါဗျာ။ အဲဒီတုန်းက တော့ ကျုပ်ရဲ့ စွမ်းဆောင်မှုကို ဂုဏ်ယူ မဆုံး တပြုံးပြုံးဖြစ်ခဲ့ကြသူတွေက ဟော အခုကျတော့ ကျုပ်က တစ်ချိန်တုန်းက လူတစ်ယောက်ကို သေလုမြောပါး ကိုက်ခဲ့ဖူးတယ် ဆိုပါလား။

ခင်ဗျားတို့လူတွေဟာ ခုစာလေး ကြော်၊ အခု ဆီထမင်း၊ တော်တော် အပြောင်းအလဲမြန်ကြတယ်နော်။

တစ်ချိန်က ကျုပ်ကို ချစ်ပါတယ် ဆိုတဲ့ အပျိုကြီးလည်း ဒီလိုပါပဲ။

ဒါ့ကြောင့် ရှေးပညာရှိတွေက လူသားတွေအနေနဲ့ ခွေးတွေဆီကအတု ယူရမယ့် အတုယူစရာတွေကို သတ်မှတ် ပေးခဲ့ကြတာ နေမှာပေါ့။ သစ္စာရှိတဲ့ နေရာမှာတော့ ကျုပ်တို့ ခွေးတွေဟာ အားလုံးထက်သာပါတယ်၊ မယုံမရှိနဲ့။

ကဲ, ခင်ဗျားလည်း ကျုပ်ဘဝကို သိချင်တယ်ဆိုတာ ဆန္ဒပြည့်ပြီး ကျုပ် လည်းပြောရတာ တော်တော်မောသွား ပြီ။ ကျုပ်ဟာ ဈေးခွေးလောကကနေ ပြင်ပလောကကို ရောက်လာပြီး ပြင်ပ လောကမှာ ကြုံတွေ့ခဲ့ရတဲ့ အခြား အတွေ့အကြုံတွေကို ခင်ဗျား သိချင် သေးတယ်ဆိုရင်တော့ နောက်တစ်ပတ် ဒီနေရာ ဒီအချိန် ခင်ဗျား လာခဲ့ပေါ့။ အခုတော့ ကျုပ်ကို ခွင့်ပြုပါဦးဗျာ။

ကဲ. . . သွားပြီဗျို့။

**မောင်လှသစ်**

❑


**မိသားစုတိုင်း အိမ်တိုင်းဆောင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်။**

ဘဝတစ်သက်တာအတွက် ဗေဒင်ဟောနည်း ၆၀ နှင့် အဖြေထုတ် ဟောထားသည့် စာအုပ်။ ပညာကို လေ့လာလိုသူများ၊ ဝါသနာပါသူများ လက်ကိုင်ထားသင့်သည့်စာအုပ်ကောင်းတစ်အုပ်။

**အတိတ် ပစ္စုပ္ပန် အနာဂတ် ကံကြမ္မာ**

**သင့်ဘဝ တစ်သက်တာ ဗေဒင်ဟောကိန်းများ**

**စာအုပ် ထွက်ပြီ**

**ညွန့်ခိုင်မာ (ကျောက်ဆည်)**

**ညွန့်လွင် (ဓာတ်မှုတက္ကသိုလ်)**

ဖုန်း ဝ၉-၃၃၂၇၁၃၈၈ သို့ မှာကြားနိုင်ပါသည်။ စာတိုက်မှအရောက်ပို့ပေးပါမည်။


ဦးညွန့်လွင် အမှတ် ၂၈၊ ဆေးရုံလမ်း၊ ကျောက်ဆည်မြို့။

ခင် တစ်အုပ် ၆၀၀၀၊ ယခု ၅၀၀၀ ကျပ်။ သုံးအုပ်နှင့် အထက်မှာလျှင် ၄၅၀၀ ကျပ်




www.burmeseclassic.com

www.burmeseclassic.com



# ဆန်းဝင်း

။ဖြောင့်ဖြေမှု။

တက္ကဝင်း

"မြင့်အောင် သား"

"ဗျာ . . . အဖေ"

"ဟိုကန်သင်းဘေးက ဝါးလုံး လေးကောက်ခဲ့စမ်း၊ အိမ်က ဘဲခြံတံခါး နဲ့ အတော်ပဲ"

"အဖေ ဝါးလုံးအဖျားက မီး လောင်ထားတာကြီး မကောင်းဘူးထင် တယ်၊ ဒီပြင်ဝါး လုပ်ပါလား အဖေရာ"

"တော်ကဲ မင်းကလဲ အရေးထဲ ဈေးဆစ်နေရသေး သွားတော့၊ မင်း မကောက်ရင် ငါကောက်ခဲ့မယ်၊ချီးမှုပဲ"

ကိုအုန်းမောင်နှင့် သားမောင် မြင့်အောင်တို့ ကျူတောအင်းထဲတွင် ကွန်ပစ်သည်။

လှေပိုင် ကွန်ပိုင်နှင့် အင်းအခွန် ဆောင်၍ ပစ်ကြရာ ကိုအုန်းမောင်ကဲ့သို့ ကွန်သမား စုစုပေါင်း လှေစင်းရေ (၂၇) စင်း ရှိ၏။

ယနေ့ နံနက်စောစောကတည်း က တစ်နေ့လုံး အင်းထဲတွင် ကွန်ပစ်ပြီး ညနေ မိုးချုပ်ခါနီးမှ တစ်မိုင်ခွဲခန့် အထက်စုရွာသို့ လမ်းလျှောက်ပြန်နေ ကျ လယ်ကန်သင်း (ကွင်းကိုဖြတ်၍) ပြန်ကြခြင်း ဖြစ်၏။ အထက်စုရွာနှင့် သုံးဖာလုံခန့်အကွာ လယ်ကွင်းကြီး၏ အလယ် ကိုအုန်းမောင်တို့ သွားနေကျ လမ်းဘေးနားတွင် သပြေပင်ကျောင်း ရှိ၍ လယ်ကွင်းထက် မြေလေးတောင် ခန့်မြင့်သော လေးဧကခန့် ကျယ်ဝန်း သော ကျောင်းတစ်ကျောင်း ဖြစ်သည်။

တိုင်တစ်ရာ နှစ်ထပ်ကျောင်းကြီး တစ်ဆောင် သိမ်ကျောင်းတစ်ကျောင်း





www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းစားကျောင်းတစ်ကျောင်းနှင့် အစိုးရမူလတန်းကျောင်း(သစ်သား) ရှိသည်။

သိမ်ခေါင်းရင်းဘက်၌ ဖောင်းရစ်မှ ပြတ်နေပြီး စေတီငုတ်တို (၁၅) တောင်ခန့်ရှိ ဘုရားတစ်ဆူ၊ မန်ကျည်းပင်၊ မရန်းပင်၊ ငှက်ပျောပင်များလည်း ရှိလေသည်။

ကိုအုန်းမောင် သားအဖ နေဝင်ခါနီး အပြန်တွင် အဆိုပါ ကျောင်းခြံအပြင်လယ်ကွက်တွင်းတစ်နေရာ လမ်းအနီးတွေ့သော မီးအနည်းငယ် အဖျားတွင် ကျွမ်းနေသော ဝါးလုံးအား အိမ်ဘဲခြံတံခါးအတွက် အသုံးပြုရန် ကွန်နှင့်ငါးတောင်းကို ထမ်းလာသော သားမြင့်အောင်ကို အကောက်ခိုင်းရာ ဟိုလိုလို ဒီလိုလို ပြောနေသဖြင့် ကိုအုန်းမောင် သူကိုယ်တိုင် ကောက်ယူပြီး လှော်တက်နှစ်ချောင်းနှင့်အတူ ရောထမ်းလာခဲ့လေတော့၏။

အိမ်ရောက်သောအခါ အိမ်အောက်တွင်ရှိသော ဘဲခြံတံခါးအနီး အိမ်ခြေရင်း၌ အိမ်ကိုမှီ၍ ထောင်ထားပြီး ရေမိုးချိုး ထမင်းစားကြပြီး ခဏရေနွေးကြမ်းသောက်နေရင်း အိပ်ငိုက်လာသဖြင့် ကိုအုန်းမောင် အိမ်ရှေ့ခန်းမှာပင် ခေါင်းအုံးချ၍ အိပ်လိုက်လေသည်။ မနက်ဖြန် ကျောင်းကထိန်သို့ ပဒေသာပင်များ ရွာထဲမှ ပို့ကြရမည်ဖြစ်သောကြောင့် ဒိုးပတ်အဖွဲ့များ၏ သီချင်းတိုက် အစမ်း လေ့ကျင့်နေကြသော အသံလည်း တဖြည်းဖြည်းဝေး၍ ဝေး၍ အကြားအာရုံမှ ပျောက်ကွယ်သွားလေတော့၏။

"ဗုန်း . . . ဖြန်း . . . ဖြန်း"

မည်မျှကြာအောင် အိပ်ပျော်သွားသည်မသိ စူးရှ ပြင်းထန်သော ကိုအုန်းမောင်၏ သုံးပင်အိမ်ကလေးပင် လှုပ်ခါသွားသော အဆိုပါကျယ်လောင်သော အသံကြောင့် ကိုအုန်းမောင် လန့်နိုးသွားလေသည်။

"ဟ ဘာလဲ ဟ၊ မြင့်အောင်ဟေ့ ကောင်လေးမြင့်အောင် ဟကောင်"

"အင် . . . ဗျာ အဖေ"

"မင်းကြားလိုက်သေးလား၊ အိမ်ခြေရင်းက ဘာလဲ၊ လာ ဓာတ်မီးယူခဲ့ စမ်း၊ ဘဲတွေလဲ လန့်နေတယ်၊ ဘဲ သူခိုးများလား၊ လာစမ်း မြန်မြန်ပေး ဓာတ်မီးငါ့ကို"

ကိုအုန်းမောင် အိမ်တက်ဝဆင်းဝ တံခါးမရှိ ဖွင့်စရာမလို ဓာတ်ခဲသုံးလုံးထိုး ဓာတ်မီးထိုး၍ အိမ်ရှေ့မှ ခြေရင်းဘက်သို့ ထိုးကြည့်သည်။ ဘာမှ မတွေ့။

နောက် ဘဲခြံထဲ မီးထိုးကြည့်သည်။ ဘဲ စုစုပေါင်း(၁၅)ကောင် လုံးဝ မပျောက်။ ဘဲများမှာ လန့်နေသော သဘောရှိ၏။

ထောင့်တစ်နေရာတွင် စု၍ တိုးနေကြ၏။ ပဒေသာပင်စောင့်သော ဒိုးဝိုင်းသမားများကိုပင် စိတ်က မြစ်မှားမိလိုက်သေး၏။ ညလယ် ထမင်းချက်စားဖို့ ဘဲများ လာခိုးလေသလားဟုပင် အထင်က ရောက်သေး၏။ ဥစ္စာပျောက် ငရဲရောက် ဒါကြောင့် ပြောတာကိုး။

ဘာမှ ထူးခြားမှု မရှိသောကြောင့် အောက်သို့ လဲကျနေသော ညနေက ဘဲခြံအတွက် ကောက်ခဲ့သော ဝါးအား ဘဲခြံဘေး အိမ်အောက်သို့ ပစ်ထည့်ခဲ့ပြီး ခြေလက်ဆေး၍ အိပ်ရာ ပြန်ဝင်သည်။

ခေါင်းရင်းဘက် စားပွဲပေါ်က နှိုးစက်နာရီအား ကြည့်ရာ ၁း၃၀ နာရီသာရှိသေးသည်။ နံနက် ၅ နာရီမှ ထမှာဆိုတော့ ပြန်အိပ်ဦးမှ ဖြစ်မည်ဟု တွေးလျက် သားအဖနှစ်ယောက် အိပ်ရာဝင်လိုက်ကြ၏။

"ဂတ် ဂတ် ဂတ် ဖလပ် ဖလပ် ဖလပ်"

"ဖြန်း ဖြန်း ဖြန်း"

ဒီတစ်ခါတော့ အပေါ့သွားရန် အထတွင် ရှင်းရှင်းလင်းလင်း ကြားရသော အသံကား ဘဲခြံထဲ တစ်ယောက်ယောက် ဝင်တာ သေချာပြီ။ ဘဲကို ဖမ်းသဖြင့် ရုန်းသံ၊ အော်သံတို့ တောင်ပံရိုက်သံ အော်သံ၊ ထရံအားလည်း လက်ဝါးဖြင့် ရိုက်သကဲ့သို့ အသံ။ သေချာ လောက်ပြီ။ ဒီတစ်ခါ သူခိုး သေချာပြီ။

ကိုအုန်းမောင် ဓာတ်မီး တစ်ဖက် ဝါးရင်းတုတ်တစ်ဖက်ကိုင်၍ ဖိနပ်ချွတ်မှ ခုန်ချလျက် ဘယ်ဘက်လက်က ဓာတ်မီးထိုး ညာဘက်လက်က ဝါးရင်းတုတ်ရွယ်၍ ခြေရင်းဘက်အား လှည့်၏။ ရှာ၏။ ဘာမျှ အရိပ်အယောင် မတွေ့။ သို့သော် ဘဲခြံထဲမှ ဖလပ် ဖလပ် အသံကား ရှိသေးသဖြင့် တံခါး မဖွင့်သော ဘဲခြံအတွင်း မီးထိုးကြည့်သောအခါ. . .

"ဟာ ဟ ဘဲနှစ်ကောင် သေနေပါလားဟ"

မရှေးမနှောင်း ထွက်လိုက်လာသော မြင့်အောင်က ဘဲနှစ်ကောင်အား ဝင်ကောက်ပြီး ပြန်ထွက်လာရာ. . .

"အင် ဘဲတွေ လည်ကျိုးသေနေပါလား၊ အဆန်းပဲဖေ့"

"ဘာဖြစ်တာလဲ အဖေ"

"ငါလဲ မစဉ်းစားတတ်ဘူး ဟေ့ကောင်ရေ့၊ ဘယ်နှနာရီ ရှိပြီလဲ"

"၄ နာရီ ထိုးခါနီးပြီ အဖေ"

"ကဲသား ဘဲနှစ်ကောင် ကိုင်လိုက်တော့ ချက်ပြီး၊ ဘုန်းကြီးကျောင်း ပို့ရအောင် မနက်ဆွမ်းပို့ရမှာ အတော်ပဲ"

"ဪ ဒကာကြီးဟာက တစ္ဆေခြောက်တာတော့ မဟုတ်ပါဘူးနော်"

"တပည့်တော် အိမ်ခြံမှာ နေလာတာ သားအကြီးကောင် မမွေးရသေးခင်ကပါ၊ အခုပဲ သား (၂၆)နှစ်ကျော်နေပြီ၊ မကြုံဖူးပါဘူး ဘုရား"

"ဒီပြင် တခြားက ပစ္စည်းအသစ်တွေ ဘာတွေကော ဝင်လာတာရှိလား"

ကိုအုန်းမောင် အတန်ငယ် စဉ်းစားပြီးနောက်. . .

"ဒီနှစ် အခါကျော်ကတည်းက ဘာပစ္စည်းမှ အသစ်မဝင်နိုင်သေးပါဘူး ဘုရား၊ အသစ်အဆန်းဆိုလို့ မနေ့က ဆရာတော်ကျောင်းခြံပြင်က ကောက်





www.burmeseclassic.com

www.burmeseclassic.com

သွားတဲ့ ဝါးလုံး (ငါးပေခန့်) ကလေး တစ်လုံးပဲ အသစ်ဆိုလို့ ပြောစရာရှိတယ်"

"ဘာ ကျောင်းခြံပြင်က လေးငါးပေလောက် ဝါးလုံးသစ်လေး ဟုတ်လား၊ ဒကာအုန်းမောင် ဘယ်တုံးက ကောက်သွားတာလဲ"

"မနေ့ညနေ မိုးချုပ်ခါနီး အလုပ်က အပြန်ပါ ဘုရား"

ဆရာတော်ဦးဉာဏုတ္တရ စဉ်းစားမိသွားသဖြင့်. . .

"အဲဒီ ဝါးလုံးအဖျားမှာ မီးလောင်ကျွမ်းထားတာ တွေ့လား"

"မှန်ပါတယ် ဘုရား"

"ဟာ ဒုက္ခပါပဲ ဒကာကြီးရေ"

"ဘာဖြစ်လို့လဲ ဘုရား၊ အဲဒီ ဝါးလုံးက"

"ဖြစ်ပုံက ဆန်းတယ်ပြောလဲ ရတယ်၊ မဆန်းဘူးပြောလဲ ရတယ်၊ ဒကာကြီးရေ့ ဒကာကြီးတို့ သားအဖနဲ့တော့ ခပ်ဆင်ဆင်ပါပဲလေ"

ထို့နောက်တွင်တော့ လွန်ခဲ့သော နှစ်ရက်က အဖြစ်အပျက်အား ဆရာတော်က ကိုအုန်းမောင်အား နောက်ကြောင်း ပြန်ပြောလေတော့၏။

ကထိန်ရာသီလ တန်ဆောင်မုန်းလဆန်းတွင် ဟိုရွာ ဒီရွာ ဟိုကျောင်း ဒီကျောင်း သံဃာများပင့်၍ မကြာခဏ ကြွရ၏။

ကထိန်ကြွလျှင် အပြန်တွင် ကျောင်းသားနှစ်ယောက် ငှက်ပျောသီး အုန်းသီး၊ ငါးရံ့ခြောက်၊ ကြက်သွန်၊ သင်္ကန်းဒွိစုံ စသည့် အလှူထည်ပစ္စည်းတို့အား ထမ်းပိုး၍ ပြန်ကြွရလေသည်။

တစ်ရက်ကြိုကစ၍ ခြောက်ရွာ (မြို့)ထန်းတောကျောင်း ကထိန်အား ကြွရောက်ရန် ပင့်စာအရ ဆရာတော် ဦးဉာဏုတ္တရနှင့်ကျောင်းသားနှစ်ယောက် (စာရေးသူပါ) လိုက်ပါရလေသည်။

ညနေ နေအေးမှ ရေစက်ချ အလှူပြီးသောကြောင့် ဆရာတော်နှင့် စာရေးသူတို့ ကျောင်းသားနှစ်ယောက် (၁၀)မိုင်ခန့်ဝေးသော ရွာစဉ်နှင့် ကွင်းဖြတ်လမ်းအတိုင်း နားလိုက် ပြန်လိုက်နှင့်ခရီးစဉ်မှာ ကြံ့ပို့ရွာ၊ ညာက၊ ထောက်ကြံ့ကွင်း၊ ညာကန်ရွာ စသည်ဖြင့် တချို့ရွာလယ် ရွာစဉ်အတိုင်း အရိပ်ခိုသွားရသော်လည်း တစ်ခါတစ်ရံ လယ်ကွင်းလယ်ကန်သင်းများကိုလည်း ကျော်ရ၏။

[ထိုအချိန်က မဟာဒွါရနိကာယဂိုဏ်းဝင်ဖြစ်သော ဆရာတော် အပါအဝင် သံဃာတော်များ လှည်းမစီးကြ၊ ဆိုက်ကားလမ်းလည်းမဟုတ်၊ ဤကဲ့သို့ပင် ခြေကျင်ကြွတော်မူကြလေ့ရှိလေသည်။] *(ဤကား စကားချပ်)*

ထိုသို့ ရွာစဉ်များ ကွင်းများ လယ်ကွင်း ကန်သင်းလမ်းများနှင့် လှည်းလမ်းများအား အလှည့်သင့်သလို ဖြတ်သန်းလျက် ပြန်ကြရာ အလယ်ရွာထိပ်သို့ အရောက်တွင်တော့ မိုးစုံးစုံးချုပ်လေတော့၏။

ရှေ့မှကြွနေသော ဆရာတော်အား ကြောက်၍သာ မပြောဝံ့သော်လည်း နှစ်ယောက်လျှို၍ ထမ်းလာသော ဝန်စည်များကား ပို၍လေးလာသည်ဟု ထင်ရ၏။ ခေတ္တနားလိုသော်လည်း ဆရာတော်၏ ခြေလှမ်းကို မီအောင် ချွေးဒီးဒီးကျ လှမ်းရလေသည်။

"ဖျောင်း. . . ဂွတ်"

"ဟ ဟ ထမ်းပိုးကျိုးပြီဟ"

"ဟေ့ ညွှန့်သောင်းတို့ မောင်မောင်တို့ ဘာဖြစ်သလဲ"

"ထမ်းတဲ့ဝါးလုံး ကျိုးသွားတာပါ ဘုရား"

"ဟေ ကဲ အနီးအနား ဝါးလေး ဘာလေးရှာစမ်း၊ ရောက်ခါနီးမှကွာ၊ ကဲ ဝါးရှာမရရင် မင်းတို့ နှစ်ယောက် ခြင်းတောင်း တစ်ဖက်စီ ဆွဲရရင် ပိုလေး မကွ"

"ဝါးလုံးရပါပြီ ဘုရား၊ အနေတော်ပဲ ဝါးက အသစ်ကြီးဘုရား"

"အေး၊ အဲဒါနဲ့ လျှိုထမ်းကွာ ဖြည်းဖြည်းလုပ်၊ ထပ်ကျိုးသွားဦးမယ် ကြားလား၊ ဖြည်းဖြည်းလာ"

အောက်ခြေကို မမြင်ရအောင် မှောင်သော အချိန်သို့ ရောက်သော်လည်း ကြယ်ရောင် လရောင်နှင့် မကြာမီ ကျင့်သားရ လျှောက်၍ အဆင်ပြေသည်။

ခလုတ်မတိုက် လမ်းလည်း ဖုန်သည်။ ဇွဲတောက်ကွင်းရွာနှင့် အလယ်ကုန်းရွာကျော်လျှင် ကျောင်းရောက်ပေပြီ။

"ဟေ့ကောင် ညွှန့်သောင်း"

"ဟေ ဘာလဲဟ၊ မောရတဲ့ကြားထဲ မင်းက"

"မင်းဘက်က ဝါးအရင်းလား"

"အေး၊ ထင်တယ် ဟုတ်တယ်"

"ငါ့ဘက်က အဖျားကွ၊ ပြီးတော့ ဟို ဟို. . ."

"အင်း . . . ဘာလဲ"

"မီးလောင်ထားတယ်၊ အဖျားလဲ နည်းနည်းချွန်ထားသလိုပဲ"

"အေး၊ အဲတော့ ဘာဖြစ်လဲ"

"အပူရှိန်လဲ ရှိနေသေးသလိုပဲ ကွ"

"အာ တစ်နေ့လုံး နေပူထဲနေလို့ နေမှာပေါ့ကွ"

"တစ်နေ့လုံးနေရင် ထမ်းတဲ့နေရာပါ ပူမှာပေါ့ကွ၊ ခုဟာက အဖျားနား မီးလောင်ထားတဲ့ အနားကပဲ ပူတာကွ၊ မင်းဘက်က ငါ့ဘက်နည်းနည်းတိုးပေးကွာ"

"အေး၊ ဒါဆို ချ"

"အေး ဟုတ်ပြီ၊ ဒါဆို ရပြီ၊ တောက် ရောက်ခါနီးမှ ပိုလေးလာသလား မှတ်ရတယ်"

လေးလျှင်လည်း လေးလောက်ပါသည်။ နာနတ်သီးက နှစ်လုံး၊ ငှက်ပျောသီးမှည့် ဖီးကြမ်းက လေးဖီး၊ အုန်းသီး အခွံချွတ်ပြီးသား နှစ်လုံး၊ စက္ကူဘူးနှင့် သင်္ကန်းဒွိစုံက သုံးစုံ၊ ငါးခြောက်ပြားလေးပြား၊ ဆရာတော်၏ သင်္ကန်းနှင့် တိုလီမိုလီလက်ဆွဲအိတ် တစ်လုံးတို့အား တောင်းတစ်လုံးတွင် ကြိမ်ကြိုးတပ်၍ ဝါးလုံးဟောင်း တစ်လုံးနှင့် ထမ်းလာရာ



www.burmeseclassic.com

www.burmeseclassic.com

ထိုအလယ်ရိုးရွာထိပ်တွင် အလယ်မှ ကျိုးသွားလေသောကြောင့် ထိုအနီး တစ်ဝိုက်တွင် ရှာဖွေတွေ့ရှိခဲ့သော ငါး ပေခန့် ထိုဝါးအားတွေ့၍ လျှိုထမ်းလာကြခြင်း ဖြစ်သည်။

ဝါးက မျှင်ဝါး၊ အသစ် အဖျား က ချွန်ထားသလို မီးလောင်ကျွမ်းနေ၍ အချွန်အဖျား ကျိုးနေသည်။

ကျောင်းသို့ ရောက်သောအခါ ရေမိုးချိုး ညစာစား၍ အိပ်ကြလေတော့၏။

"ဒုန်း ဖျောက် ချွတ် ရှပ်"

ဆရာတော်အသံများကြောင့် နိုးလျက် ဓာတ်မီးသုံးခဲထိုးနှင့် ကျက်သရေခန်းအပြင် ထွက်ကြည့်သည်။

စတိုခန်းကိုလည်း ဖွင့်ကြည့်သည်။ ဘာမှ မတွေ့။

မကတိ တိတ်ဆိတ်လျက်ပင်၊ နောက် ပြန်ကျိန်းသည်။

"ရှပ် ရှပ် . . . ရှပ် ရှပ်"

ဆရာတော် ပြန်အိပ်မပျော်မီ လူ လေးငါးယောက် ပြေးနေသလိုလို လမ်းလျှောက်နေသလို ကြားနေရသဖြင့် ထွက်ကြည့်ပြန်၏။

နောက် ဆရာတော်ကား စာနေသူတို့အား နိုးလေတော့၏။

"ဟေ့ ညွန့်သောင်း၊ မောင်မောင်"

"မှန်ပါ အရှင်ဘုရား"

"မင်းတို့ ညက တောင်းထမ်းလာတဲ့ ဝါးလုံး ဘယ်မှာထားလဲ၊ အဲဒါ အရင်ပြော"

"အဲဒီ စတိုခန်းထဲမှာပဲ ထောင်ထားပါတယ် ဘုရား"

"အေး ဟုတ်ပြီ၊ အဲဒီ ဝါးလုံးယူငါနဲ့ လိုက်ခဲ့ လာ လာ"

အိပ်ချင်မူးနှင့် ညက အလယ်ရိုးရွာထိပ်မှ ကောက်၍ တောင်းထမ်းလာတဲ့ ဝါးလုံး ဘာလုပ်ဖို့ ယူလာခိုင်းမှန်းသဘောမပေါက်။

ကျောင်းခြံပြင်သို့ ရောက်သော အခါ ဆရာတော်က ဝါးလုံးကို ယူ၍ ဝှီးခနဲ အမှောင်ထဲသို့ ပစ်လိုက်လေတော့၏။

ကျွန်ုပ်တို့ ကျောင်းသားများ ဘာကြောင့်ဟူ၍ မမေးဖြစ် မမေးခဲ့ပေ။ ကျောင်းပြန်ရောက် ခြေဆေးပြီး ရေ တစ်ခွက်သောက်လျက် ပြန်အိပ်လိုက်ကြလေတော့သည်။

"အဲဒါပဲ ဒကာကြီးရေ၊ နောက်မှ စဉ်းစားမိတာက ဘုန်းကြီးတို့ အဲဒီညက အလယ်ရိုးရွာထိပ်မှာ ကျောင်းသားတွေ ဝါးလုံးရှာတော့ သတ်ထားခါစ မီးသွေးပုံကြီး တွေ့တယ်လေ။

နောက် အလယ်ရိုးရွာက ကိုလှမောင်ကြီး သေလို့ အဲဒီညနေက ဘုန်းကြီးတို့ ဖြတ်လာတဲ့ သချိုင်းနားမှ မီးသင်္ဂြိုဟ်တယ်ဆိုတာ သိရတယ်၊ နှစ်ခါ တိတိ ထကြည့်ရတယ်။

ကျုပ်က ပထမတော့ ကျောင်းသားတွေ ရန်ဖြစ်နေသလား၊ ဆော့နေကြသလားထင်တာပေါ့၊ နောက်တော့ ကျောင်းသားနှစ်ယောက်ပြောတဲ့ စကားထဲမှာ အဖျားချွန်တာရယ် ဝါးကအသစ်ဆိုတာရယ် အဖျားမီးကျွမ်းထားတယ်၊ နည်းနည်းပူနေသေးတယ် ဆိုတာတွေ အကုန်စုလိုက်တော့"

"မှန်ပါ့ အမိန့်ရှိပါ ဘုရား"

"အလောင်းကို မီးရှို့တဲ့အခါမှာ ဝါးချွန်ပြီး ထိုးရတယ်၊ ဘယ်ညာလှန်ပေးရတယ်မို့လား၊ အဲဒီဝါးကို ဒကာကြီး ဘယ်လိုခေါ်တုံးဗျာ"

"တံစူးဝါးလို့ ခေါ်ကြပါတယ် ဘုရား"

"အေး ဒါပဲ၊ အဲဒီဝါး ခင်ဗျား သုံးလိုက်ပြီလား"

"မသုံးရသေးပါဘူး ဘုရား၊ ခြေရင်းမှာ ထောင်ထားခဲ့တာ"

"ကဲ ပြန်ရောက်ရင် ခွဲခုတ်ပြီး ခြံပြင်တစ်နေရာမှာ မီးကုန်အောင်ရှို့ပစ် မသုံးကောင်းဘူး၊ သူ့ကို သုံးစွဲနေသရွေ့ အန္တရာယ်ရှိတယ် ဒကာကြီး ကြားလား မြန်မြန်သာ ရှို့ပစ်၊ အင်း ဘုန်းကြီး မှားတာပါ၊ ဒကာကြီးတို့ သွားတဲ့လမ်းနား ပစ်ထားသလို ဖြစ်သွားတယ်"

"မှန်ပါ့၊ တပည့်တော်ကို ခွင့်ပြုပါဦး ဘုရား"

"ကောင်းပါပြီဗျား"

ကိုအုန်းမောင် အိမ်ပြန်ရောက်သောအခါ အိမ်ခြေရင်းကို သွား၍ ဓားမပါယူပြီး ညက ထောင်ထားသော နောက် အိမ်အောက်ပစ်ထားသော ဝါးလုံးအား ရှာမတွေ့သောအခါ. . .

"သား မြင့်အောင်"

"ဗျာ အဖေ"

"မနေ့က ဝါးလုံး ဘယ်ရောက်သွားလဲကွ"

"အာ ဟိုရွာလယ်က ဘုံဆိုင်ကအပေါက် (တရုတ်ကြီး) လေးမျက်နှာသွား အရက်သယ်မလို့တဲ့၊ အဲဒါ ထမ်းစရာမရှိလို့တဲ့၊ နောက်ဝါးလုံးစား ပေးပါ့မယ်တဲ့၊ အဲဒီမယ် အလုပ်သမား တစ်ယောက်နဲ့ လာပြီး ဟိုရှာ ဒီရှာနဲ့ ဝါးလုံးတော့ ယူသွားတယ် အဖေ"

"တောက် ဒီအပေါက်တော့ နာတော့မယ် ဟင်း. . ."

မှတ်ချက်

စာရေးသူ ငယ်စဉ် ကိုယ်တွေ့အား ရေးဖွဲ့ပါ၏။

**ဆန်းဝင်း(အောင်မြေ)**

❑



www.burmeseclassic.com

www.burmeseclassic.com

မောင်ငယ်

*လက်ဖက်ရည်နှင့် စားဖွယ်စုံ။*

သည်ဆိုင်က သည်ရွာတွင် စားသောက်ဖွယ်ရာများ အစုံ ရရှိသလို လက်ဖက်ရည်မှာလည်း သောက်လိုသည့် ပေါ့ကျ၊ ကျဆိမ့်၊ ချိုပေါ့၊ ကျောက်ပန်းတောင်း စသည့်အပြင် ရယ်ဒီမိတ်ကော်ဖီ၊ လက်ဖက်ရည်၊ အသုပ်စုံရပြီး၊ ဆိုင်ပိုင်ရှင် ကိုမောင်ငယ်နှင့် ဇနီးတို့မှာလည်း သဘောကောင်းကြလေသောကြောင့် သည်ဆိုင်တွင် လူစုံလာရောက်စားသောက်ကြခြင်း ဖြစ်လေသည်။

သည်ရွာမှာရှိကြသည့် လက်ဖက်ရည်ဆိုင်များ လေးငါးဆိုင်ရှိသော်လည်း ကျွန်ုပ်တို့ အပေါင်းအသင်း တစ်စုမှာ သည်ဆိုင်မှာ နေ့စဉ်နံနက်တိုင်း ဆုံတွေနေကျ၊ ရွာနာမည်က ခမောက်စုရွာ၊ ဧရာဝတီတိုင်းဒေသကြီး၊ လေးမျက်နှာမြို့နယ်အတွင်းရှိ ရွာကြီးတစ်ရွာ။

အိမ်ခြေ(၁၅၀၀)ခန့်ရှိပြီး ကျေးရွာဆေးပေးခန်း၊ ရဲကင်း၊ ရထားဘူတာနှင့်တွဲဖက် အထက်တန်းကျောင်း၊ စည်ပင်သာယာဈေးတို့ ရှိကြသောကြောင့် စည်ကားလှသည်။


တောမကျ မြို့မကျ ရွာကြီးတစ်ရွာ ဖြစ်လေ၏။

ဆိုင်အတွင်းရှိ ကျွန်ုပ်တို့အုပ်စု ထိုင်နေကြရာ စားပွဲတွင် အဖွဲ့သားအားလုံးလည်း ရောက်ရှိနေကြပြီဖြစ်သည်ကို မြင်ရ၍ လွတ်နေသော ထိုင်ခုံတစ်လုံး ဆွဲယူထိုင်လိုက်ပြီး ကျဆိမ့်တစ်ခွက်နှင့် အီကြာကွေး မှာလိုက်၏။

"ဘယ်လိုလဲကိုရခိုင်၊ ဒီနေ့ နောက်ကျတယ်နော့"

ကျွန်ုပ် ပြောင်ကြီး(နာမည်ပြောင်) ဟု ခေါ်သော ကိုစိန်လှိုင်မှ မေးလိုက်ခြင်း ဖြစ်သည်။

"အေးဗျာ၊ အိမ်မှာ အလုပ်လေးနည်းနည်းရှိလို့ နောက်ကျသွားတယ်၊ ဒီနေ့ လူစုံတက်စုံ များလှပါလား"




www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရခိုင်တိုင်းရင်း
တ်ပါ။ဗမာစစ်စစ်တစ်ယောက်
သည်း ရခိုင်စကားသံ ဝဲသဖြင့်
ဦးရခိုင်ဟု သည်ရွာမှာ ခေါ်
သည်။

ကျွန်ုပ်သည် နိုင်ငံ့တာဝန် ထမ်း
ရင်း ရခိုင်ပြည်နယ်မှ ရခိုင်သူနှင့်
တာဝန်မှ အနားယူ၍ ဇနီးရှိရာ
ပြည်နယ်၌ နှစ်ပေါင်း (၄၀)ခန့် နေ
ခဲ့သောကြောင့် ရခိုင်စကားသံ
ခြင်း ဖြစ်၏။

ထို့အတွက်ကြောင့် ကျွန်ုပ်အား
ဦးရခိုင် ခေါ်နေကြခြင်းဖြစ်
သည်ရွာမှာ ကျွန်ုပ်၏ သားနှင့်
ရှိသောကြောင့် ကျွန်ုပ်နှင့် ဇနီး
တို့သည် ခမောက်စုရွာသို့ ပြောင်း
ခဲ့ခြင်း ဖြစ်သည်။

ရောက်ရှိလာသည်မှာ မကြာလှ
သော်လည်း ခင်မင်ဖော်ရွေတတ်
ရွာသူရွာသားများ ဖြစ်သဖြင့်
နှင့် ရွာသူရွာသားများမှာ ငယ်
ကြီးဖော်များပမာ ပြောမနာ ဆို
ခင်မင်ရင်းနှီးကြခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ အဖွဲ့သားအားလုံးမှာ
နာမည်ပြောင် ရှိကြ၏။

ထိပ်ပြောင်လွန်းသော စာတိုက်
စိန်လှိုင်အား ပြောင်ကြီး၊ ဗိုက်ရွဲ
လက်သမားဆရာ (မရိဘော)
သန်းအား ရွဲကြီး၊ လုပ်ငန်းကြီး
ပ်သူ တိုက်ပိုင်၊ ကားပိုင်ရှင် ကိုမျိုး
င်အား လက်ပံခါး၊ လက်ပံခါး
င်ရှိသည် ဆို၍ ခေါ်ယူသွားပြီး
ခံရသောကြောင့် လက်ပံခါးဟု
ခြင်းဖြစ်သည်။

ဘက်ထရီအားသွင်း လုပ်ငန်းနှင့်
သောစက် (ပီလောပီနံ အမှုန့်ကြိတ်
ပိုင်ရှင်၊ အသက်(၄၀)ကျော်သည်
မိန်းမ မရသေးသော အေးကိုအား
ကြီး (A ကြီး)၊ အသားမည်းပြီး
ရှုပ် ပေါက်နေသော ကျော်သူရ
တုလားမ၊ တီဗွီ၊ အောက်စက်၊
ဆက် ပြုပြင်ရေးဆိုင်ဖွင့်ထားသော
အောင်သူရအား အိုင်စီ(IC)၊ သူ့ဆိုင်
ပြုပြင်ရန် ရောက်ရှိလာသော တီဗွီ၊
အောက်စက်၊ ကက်ဆက်၊ ရေဒီယိုများ
အား စစ်ဆေးကြည့်ပြီးလျှင် 'အိုင်စီ စား
သွားတယ်၊ အသစ်လဲရမယ်' ဟု ပြော
တတ်လွန်းသောကြောင့် အိုင်စီ (IC)။

ကျန်မာရေးမှုးဟောင်း (ပင်စင်
စား) ကိုညွန့်မောင်အား မင်းသား၊
ဘောင်းဘီရှည် မချွတ်တမ်း ဝတ်တတ်
သောကြောင့် ဖြစ်သည်။

ဆန်၊ ပဲ၊ ကလောမှုန့် လုပ်ငန်း
အပြင် ကျေးရွာမီးလင်းရေးအတွက်
မီးစက် (စပါးခွံ ဓာတ်ငွေ့သုံး) တာဝန်ခံ
လုပ်သူ ကိုလှိုင်ဘွားအား **မီးစက်**၊ လယ်
နှင့်ခြံ လုပ်ငန်းအများ ပိုင်ဆိုင်ပြီး ကိုယ်
တိုင်လုပ်ကိုင်နေသော ကိုကျော်ဦး၊ သူ
ကတော့ နာမည်ပြောင် မရှိပေ။

ကိုရခိုင်ဟု ခေါ်သော ကျွန်ုပ်တို့
ဖြစ်ကြပြီး လူစုံအလုပ်စုံပြီး အတွေ့အကြုံ
စုံလင် များပြားလှပြီး နေ့စဉ် ပြောကြ
ဆိုကြ ငြင်းခုံကြသည့် အကြောင်းအရာ
များမှာလည်း စုံလင်လှပေသည်။

ကျွန်ုပ် ထိုင်ပြီး ဆိုင်ရှင် ကိုမောင်
ငယ် လာချပေးသော ကျဆိမ့်လက်ဖက်
ရည်နှင့် အီကြာကွေး တစ်ခု မကုန်မီ
အချိန်မှာပင် စကားဝိုင်း၏ ဦးတည်ရာ
လမ်းကြောင်းမှာ ဂါထာမန္တန်များ ဆီသို့
ရောက်သွားကြပြီး ဂါထာမန္တန်များ၏
အစွမ်းထက်မြက်ပုံ၊ အန္တရာယ်ကင်းခြင်း
အကြောင်းအရာများအား ကိုယ်တွေ့
ကြုံရခြင်းများနှင့် စာအုပ်များတွင် ရေး
သားကြသည့် ဖြစ်ရပ်များအကြောင်း
ကို ပြောဆိုနေကြလေ၏။

*ဂါထာ မန္တန်* ဆိုသည်များမှာ
မြတ်ဗုဒ္ဓ၏ နှုတ်တော်မှ ဟောကြားခဲ့
သော တရားတော်များ ဖြစ်သဖြင့် ရွတ်
ဆိုပူဇော်ပွားများကြသော လူပုဂ္ဂိုလ်များ
အနေဖြင့် ယုံကြည်စွာ သဒ္ဓါတရားဖြင့်
ရွတ်ဆိုပူဇော်လျှင် အကျိုးထူးများပေး
ကြောင်း၊အသက်ဘေးအန္တရာယ်အသွယ်
သွယ်မှ လွတ်မြောက်ခဲ့ကြောင်းများကို
ယနေ့ခေတ် လစဉ် ထွက်နေကြသော
မဂ္ဂဇင်းများတွင် ရေးသားဖော်ပြကြသည့်
ဖြစ်ရပ်မှန် အကြောင်းများကို ဖတ်ရှုရ
ကြောင်း ပြောဆိုနေကြခြင်း ဖြစ်သည်။

ထိုအချိန် ကိုကျော်ဦးမှ သူကိုယ်
တိုင်ကြုံခဲ့ရသော အဖြစ်အပျက်အား
ပြောပြလေ၏။

"ခင်ဗျားတို့ ပြောနေကြတဲ့ဂါထာ
မန္တန်တွေဟာ ရွတ်ဆို ပူဇော်သူကို
အကျိုးပေးတယ်၊ ကျရောက်လာမယ့်
အန္တရာယ်ကနေ ကာကွယ်ပေးတယ်၊
အသက်ဘေးက လွတ်မြောက်တယ် ဆို
တာ ကျွန်တော်က စာတွေ့မဟုတ်ဘူးဗျ၊
ငါတွေ့၊ ဒါကြောင့် ကျွန်တော်ကတော့
ယုံကြည်တယ်၊ ခင်ဗျားတို့ ယုံချင်ယုံ၊
မယုံချင်နေကြ"

ကိုကျော်ဦး၏ စကားကို ကြား
လျှင် အထူးအဆန်း အကြောင်းအရာ
များအား သိချင် မှတ်သားချင်သော
ကျွန်ုပ်၏ ဝါသနာဗီဇအတိုင်း . . .

"ဆိုစမ်းပါဦးဗျ. . ကိုကျော်ဦးရဲ့၊
ခင်ဗျား ကိုယ်တွေ့ဆိုတော့ သိချင်ကြား
ချင်တယ်ဗျာ၊ ပြောပြစမ်းပါ"

"ဟုတ်တယ်ကွ မင်းကိုယ်တွေ့
ဆိုတော့ ငါတို့လဲ သိချင်ကြတယ်၊ ပြော
ပြကွာ"

ပြောင်ကြီး ခေါ် ကိုစိန်လှိုင်မှ
သူ၏ နဖူးပြောင်ပြောင်ကြီးအား လက်
ဖြင့် ပွတ်သပ်ရင်း စကားထောက်ပေး
လိုက်ပြန်သည်။

ကိုကျော်ဦးက. . .

"ဒီလိုဗျ၊ ကျုပ် မိန်းမ ရလို့ နှစ်နှစ်
ကျော်ကျော်ကျုပ်ရဲ့သမီးတစ်နှစ်အရွယ်
လောက်မှာပေါ့ဗျာ"

၁၉၉၂ ခုနှစ်၊ ဖေဖော်ဝါရီလ၏
တစ်ရက်သော ညနေအချိန် ကိုကျော်ဦး
နှင့် ဇနီးမသီတာမိုးတို့ ဇနီးမောင်နှံသည်
သမီးလေး ကျန်မာရေးမကောင်းသဖြင့်
အိမ်ပေါ်တွင် လင်မယား နှစ်ယောက်
ခေါင်းဆိုင်ပြောဆိုနေကြခြင်း ဖြစ်လေ
သည်။

www.burmeseclassic.com

"အစ်ကို သမီးလေးက နို့လဲ ကောင်းကောင်းမစို့ဘူး၊ ကိုယ်တွေလဲ ပူနေတယ်၊ ဆေးတိုက်လဲ မကောင်းဘူး ဒါကြောင့် ဟသ်ာတမြို့က ဆေးခန်းမှာ သွားပြရင် ကောင်းမယ်ထင်တယ်"

"အစ်ကိုလဲ စိတ်ပူနေတာပါပဲ ကွာ၊ တို့ရွာမှာက ကျန်းမာရေးမှူးပဲ ရှိတော့ မြို့က ကလေးဆရာဝန်နဲ့ ပြကြည့်ရင် ပိုကောင်းတာပေါ့ မိုးရယ်"

"ဒီလိုဆိုရင်မနက်ဖြန် မြို့ကို သွားပြကြမယ်နော်"

"အေးကွာ၊ မြို့က ကလေးဆရာဝန်နဲ့ ပြကြည့်မှ သမီးရဲ့ရောဂါဇာစ်မြစ်ကို သိရပြီး လိုအပ်တဲ့ ဆေးဝါးတွေလဲ မြို့မှာဆို အစုံဝယ်လို့ရတာပေါ့၊ မနက်ရထားနဲ့ သွားကြမယ်"

ကိုကျော်ဦးနှင့်ဇနီး မသီတာမိုးတို့ အိမ်ထောင်ကျပြီး (၁)နှစ်ကျော်မှ သမီးလေး မွေးဖွားခဲ့ခြင်း ဖြစ်သည်။

ကိုကျော်ဦးမှာ ဇနီးထက် အသက် (၁၀)နှစ်ခန့်ကြီးသောကြောင့် မသီတာမိုးအား ညီမလိုတစ်မျိုး၊ ဇနီးလိုကစ်သွယ် မြတ်နိုးစွာဖြင့် ချစ်ခဲ့ရသူဖြစ်၏။

သားဦး၊ မြေးဦး အရွှေးဆိုသည့် စကားမှာ မွေးဖွားလာသည့် ကလေးကို အရွှေးဟု ပြောခြင်းမဟုတ်ပေ။

သားဦး၊ သမီးဦးရသော အမိ၊ အဖနှင့် မြေးဦးရသော အဘိုး၊ အဘွားတို့ အရွှေးအမူး ဖြစ်ကြခြင်းကို ဆိုလိုခြင်း ဖြစ်လေသည်။

ယခု ကိုကျော်ဦးနှင့် မသီတာမိုးတို့မှာလည်း သမီးဦး ဖြစ်သဖြင့် အရွှေး ဖြစ်နေကြပြီး ခနယိုင်မကောင်းသည့် သမီးအတွက် အစိုးရိမ်ပိုကာ မြို့ရှိ ဆေးခန်းသို့ သွားရောက်ပြသကြရန် တိုင်ပင်နေခြင်း ဖြစ်လေ၏။

ထိုခေတ် ၁၉၉၂ ခုနှစ် အချိန်အခါက ခမောက်စုကျေးရွာနှင့်ဟသ်ာတမြို့မှာ ကားလမ်းရှိသော်လည်း ကုန်ကားများသာ ပြေးဆွဲနေပြီး ယနေ့အချိန်အခါကဲ့သို့ လူစီးမှန်လုံ လိုင်းကားများ ပြေးဆွဲခြင်း မရှိသေးပေ။ သို့အတွက်ကြောင့် ရထားဖြင့်သာ သွားရောက်ကြရလေ၏။

ကိုကျော်ဦးတို့ ဇနီးမောင်နှံနှင့် သမီးငယ်တို့ ဟသ်ာတမြို့သို့ ရောက်ရှိကြပြီး ကလေးကုဆရာဝန်ကြီး ရှိသော ဆေးခန်း၌ သမီးငယ်အား ပြသရာ ဆရာဝန်ကြီးမှ စမ်းသပ်စစ်ဆေးပြီး စိုးရိမ်စရာ မရှိကြောင်းပြော၍ သမီးကလေးအတွက် လိုအပ်သော ဆေးဝါးများ (၁၀)ရက်စာ ပေးလိုက်သည်။

အချိန်မှန် ဆေးတိုက်ပေးပါက နှစ်ရက်၊ သုံးရက်အတွင်း နေကောင်းသွားမည် ဖြစ်ကြောင်း ပြောပြလေရာ ကိုကျော်ဦးနှင့် မသီတာမိုးတို့ ဇနီးမောင်နှံနှစ်ယောက် ရင်ထဲမှ ပူပန်သောကများ ပြေပျောက်သွားခဲ့ကြသည်။ ဆေးခန်း၌ ကျသင့်ငွေ ပေးချေပြီး ထွက်လာခဲ့ကြလေသည်။

ဈေးရှေ့သို့ ရောက်လျှင် အိမ်အတွက် လိုအပ်သော ပစ္စည်းများဝယ်ယူရန် ဈေးအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ပစ္စည်းများ ဝယ်ယူခဲ့လေ၏။

ပစ္စည်းများ စုံ၍ ဈေးအတွင်းမှ ထွက်လာကြစဉ် စာအုပ်ရောင်းသော စာအုပ်ဆိုင်ကို မြင်၍ ထိုစာအုပ်ဆိုင်သို့ ဝင်ပြီး စာအုပ်များ ခင်းကျင်းထားသည်ကို ကြည့်လိုက်ရာ (မြတ်ဗုဒ္ဓ၏ပရိတ်တော်နှင့် ဂါထာမန္တန်ထူးများပေါင်းချုပ်) ဆိုသော စာအုပ်ကို တွေ့ရ၍ ဈေးနှုန်းမေးမြန်းပြီး ဝယ်ယူကာ ရထားဘူတာရုံသို့ ဆိုက်ကားစီးပြီး လာခဲ့ကြလေ၏။

ဘူတာသို့ရောက်လျှင် ရထားစီးခရီးသည်များထိုင်ရန် ပြုလုပ်ထားသော ထိုင်ခုံကွင် ထိုင်လိုက်ကြပြီး ကိုကျော်ဦးက လက်၌ပတ်ထားသော နာရီအား ကြည့်လိုက်ရာ နေ့လယ် ၁း၃၀ နာရီ အချိန်သာရှိသေးသဖြင့် ကြံခင်းမှလာမည့်ရထားမှာ ဟသ်ာတသို့ ၂း၃၀ နာရီ အချိန်မှ ရောက်မည်ဖြစ်သောကြောင့် တစ်နာရီမျှစောင့်နေရဦးမည်ဖြစ်ကြောင်း ဇနီးသည်အား ပြောပြပြီး ဝယ်ယူလာသော စာအုပ်အား ဖွင့်ဖတ်နေလေ၏။

မြတ်ဗုဒ္ဓ ပရိတ်တော်နှင့် ဂါထာမန္တန်ထူးများ စာအုပ် မာတိကာကို ဖတ်ကြည့်လိုက်ရာ (သမ္ဗုဒ္ဓေဂါထာ-ပါဠိ စာမျက်နှာ-၂၁၈) ဟူသော စာကြောင်းကို မြင်တွေ့ရလေ၍ ထိုစာ ချက်နှာ (၂၁၈)ကို လှန်ပြီး သမ္ဗုဒ္ဓေဂါထာတော်ကြီးအား နှုတ်မှ တိုးတိုးလေး ရွတ်ဖတ်နေလေ၏။

ဤသမ္ဗုဒ္ဓေဂါထာအား ကိုကျော်ဦးသည် အလွတ်မရသေးပေ။ ဤဂါထာတော်ကြီးအစွမ်းထက်မြက်ပြီးအန္တရာယ်ကင်းရှင်းကြောင်းကို လူပြောများ သည့်အတွက်ကြောင့် မိတ်ဆွေတစ်ဦးအား စာရွက်တစ်ရွက်တွင် ရေးခိုင်း ရွတ်ဆို နေလာခဲ့သည်မှာ (၁၅)ရက်ခ ရှိပေပြီ။ သို့သော် ကိုကျော်ဦး နှုတ်တို အလွတ်မရသေး။

သို့အတွက်ကြောင့် ဤစာအုပ် မှ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို မြင်တွေ့ လိုက်ရသည်နှင့် ရွတ်ဖတ်ပူဇော်နေခြ ဖြစ်လေသည်။

ရွတ်ဖတ်ပူဇော်နေသော သမ္ဗု ဂါထာတော်ကြီးအား စိတ်နှစ်မြုပ် ရွတ်ဖတ်နေသည်မှာ အခေါက်ရေပေါ မည်မျှရှိနေသည်ကို မမှတ်မိတော့ေ

ကြံခင်းဘက်မှ ဝင်လာသေ ရထားဥသြသံကြားမှ ရွတ်ဖတ်နေသေ စာအုပ်အား ပိတ်လိုက်ပြီး ဈေးခြ တောင်းအတွင်း ထည့်လိုက်ကာ ဇ မသီတာမိုးအား. . .

"မိုး. . အစ်ကို ရထားမှာ နေ ဦးလိုက်မယ်၊ ရထားပေါ် ကလူတွေဆင် ပြီးမှ မိုးနဲ့သမီးလေး တက်လာခဲ့နော်"

"ဟုတ်ကဲ့ အစ်ကို"

ဇနီးဖြစ်သူအား မှာကြားပြီး ဈေ ခြင်းတောင်းအား ဆွဲယူ၍ ရထားလ အနီး ပလက်ဖောင်းသို့ လျှောက်သွာ လေသည်။

ရထားစီး ခရီးသည်များသ အချိန်ကာလ ဖြစ်ခြင်းကြောင့် နေ ဦးမှ နေရာရသည်။ ဟသ်ာတ ဘူတာ တွင် ဆင်းမည့် ခရီးသည်များ ဆင်းရန်



www.burmeseclassic.com

www.burmeseclassic.com

...ထ၍ ရထားတွဲပေါက်တွင်အသင့် ...နေကာ လွတ်နေသော ထိုင်ခုံပေါ် ...စွည်းတစ်ခုခုကို ရထားပြတင်း ...မှ တင်ထားလိုက်လျှင် ထိုထိုင်ခုံ ...အား မိမိရရှိပေမည်။ နေရာမရ ...ဘသ်တာမြို့နှင့် ခမောက်စုရွာမှာ ...နိုင်ဝေးသောကြောင့် ထိုခရီးအား ...ရှိနိုးပါး မတ်တတ်ရပ် လိုက်ပါရ ...စ်လေ၏။

သမီးငယ်ကလည်း နေမကောင်း ... ဇနီးနှင့်သမီး သက်သောင့်သက် ...နိုင်လျက် ရထားစီးနိုင်စေရန် ကို ... နေရာဦးခြင်း ဖြစ်သည်။ ရထား ... ဘူတာအတွင်းသို့ အရှိန်လျှော့၍ ...နေပြီ။

နေရာဦးရန်အတွက် ခရီးသည် ... ဘူတာစင်္ကြံ ပလက်ဖောင်းတွင် ...စောင့်ဆိုင်းနေကြသည်မှာ ပလက် ...တစ်လျှောက် စီတန်းနေကြလေ ...

ကိုကျော်ဦးသည် လူရှင်းသည့် ...တွဲအား ကြည့်ရှုရင်း လူလွတ်နေ ...ထိုင်ခုံအား မြင်လိုက်သည်နှင့် လူ ...နေသော ထိုင်ခုံပေါ်သို့ လက်တွင်း ...ခြင်းအား ရထားပြတင်းပေါက်မှ ...င်လိုက်လေသည်။

ရထားပြတင်းပေါက်အတွင်းသို့ ...ခြင်း တင်ရသည်မှာ ရပ်လျက် ...ခြင်း မဟုတ်ပေ။ အရှိန်မရပ်သေး ... ခုတ်မောင်းနေဆဲ ဘီးလိမ့်နေဆဲ ...နောက် ခပ်မြန်မြန်လိုက်၍ တင်ရ ...စ်၏။

ကိုကျော်ဦးမှာ ရထားတွဲပေါ်ရှိ ...ပေါ်သို့ ဈေးခြင်း တင်မိစေရန် ...ရောက်သွားသောကြောင့် လှမ်း ...သောခြေထောက်၏အောက်ပလက် ...အား ဂရုမစိုက်မိလိုက်ပေ။

ပလက်ဖောင်းအခင်း တွန်ကရစ် ...ပြီး ချိုင့်ခွက်ဖြစ်နေသည်ကို နင်း ... ဟန်ချက်ပျက်ကာ ခြေထောက် ...သွားပြီး ခန္ဓာကိုယ်တစ်ပတ်လည် ...ကာ ပလက်ဖောင်းမှ ခြေချော်ပြီး ရထားလမ်းရှိရာသို့ ပြုတ်ကျသွားလေတော့သည်။

ဟန်ချက်ပျက်၍ ပြုတ်ကျသည်နှင့် ကိုကျော်ဦး၏ခန္ဓာကိုယ် အထက်ပိုင်း ယာဘက်ပခုံးအား ပွတ်၍ ရထားတွဲ၏အောက်ဘက် တွဲအနားစောင်းနှင့် ပွတ်တိုက်မိပြီး ပလက်ဖောင်းပေါ်သို့ တံတောင်ဆစ် နှစ်ဖက်ထောက်လျက်သား လဲကျသွားလေ၏။ ခြေထောက်နှစ်ချောင်းမှာ ရထားသံလမ်းပေါ်တွင် ကျသွားလေသည်။

ကိုကျော်ဦး ပလက်ဖောင်းပေါ်မှ ရထားကြားထဲသို့ ပြုတ်ကျသွားသည်ကို မြင်လိုက်ကြရသည့် ဘူတာအတွင်းရှိ ခရီးသည်များ၏ အထိတ်တလန့် အော်ဟစ်လိုက်သံများ ဘူတာတစ်ခုလုံး ဆူညံသွားလေတော့၏။

"အမယ်လေး၊ သေပါပြီ"

"ဟင်. . ဟာ အို သေပါပြီကွ"

"သွားပြီ တစ်ယောက်"

ထိတ်လန့်မည် ဆိုလျှင်လည်း ထိတ်လန့်လောက်ပေသည်။ ဤကဲ့သို့ ပလက်ဖောင်းပေါ်မှ ရထားတွဲကြား ပြုတ်ကျလျှင် မသေလျှင်တောင်မှ ကိုယ်အင်္ဂါချို့ယွင်း၍ မရှုမလှဖြစ်ကြရသည့် မြင်ကွင်းကို ခဏခဏ မြင်တွေ့ဖူးကြသောကြောင့် ထိတ်လန့်စွာအော်ဟစ်လိုက်ကြပြီး မျက်လုံးများကို စုံမှိတ်လိုက်ကြလေ၏။

ရထားရပ်သံ ကြားရလေမှ မရဲတရဲ မျက်လုံးများ ကိုယ်စီဖွင့်ကြည့်မိကြလေသည်။

သူတို့စိတ်အတွင်းမှာမူ ရထားဘီးအောက်တွင် ဘယ်နှပိုင်း ပြတ်၍ သွေးသံရဲရဲဖြစ်နေမည်လဲဟု စိတ်တွင်း ထင်မြင်မိပြီး မကြည့်ရဲကြည့်ရဲ ကြည့်လိုက်ကြခြင်း ဖြစ်၏။

မြင်တွေ့လိုက်ရသည့် မြင်ကွင်းမှာကား မယုံကြည်နိုင်စရာ မြင်ကွင်းဖြစ်သည်။

ရထားတွဲအောက်မှ ပလက်ဖောင်းပေါ်သို့ လက်နှစ်ဖက် ထောက်တက်လာသော ကိုကျော်ဦးအား မြင်လိုက်ကြရလေသောကြောင့် ဘူတာအတွင်းရှိ ကြည့်နေကြသည့် လူအားလုံး မှင်တက်ကာ ပါးစပ်အဟောင်းသားဖြင့် ငေးကြည့်နေမိကြလေတော့သည်။

ကိုကျော်ဦးမှာတော့ မိမိအဖြစ်အပျက်အား ကြောက်လန့်ရမည်ထက် ဘူတာအတွင်းရှိ လူအများ ဝိုင်းကြည့်နေကြသည်ကို မြင်လိုက်ရသဖြင့် မိမိအဖြစ်ကို ရှက်ရွံ့စွာ နာနေသော လက်နှစ်ဖက်ကို ဂရုမပြုအားဘဲ သူပြုတ်ကျရာနေရာကို လှည့်ကြည့်မိလိုက်ရာ သူပြုတ်ကျသည့်နေရာ သူ့ခြေထောက်နှစ်ချောင်း ကျသွားခဲ့သည့် ရထားသံလမ်းနေရာနှင့် တစ်ထွာခန့်အကွာတွင် ရပ်တန့်နေသော ရထားဘီးကို မြင်ရလေမှ သူ့အဖြစ်ကို သူ ပြန်တွေးမိပြီး ထိတ်လန့်တုန်လှုပ် သွားမိခဲ့ရလေတော့၏။ သူ့အဖြစ်က ပြန်လည် မတွေးရဲသည့်အဖြစ်။

ကိုကျော်ဦးသည် ယခုမှ တုန်လှုပ်ကာ ဇနီးရှိရာသို့ လှမ်းကြည့်လိုက်ရာ သမီးငယ်အား ရင်ခွင်အတွင်း ထွေးပွေ့လျက်သား ပါးပြင်နှစ်ဖက်တွင် မျက်ရည်များ စီးကျနေသည်ကို မြင်တွေ့ရလေသည်။

ဇနီးရှိရာသို့ လျှောက်လှမ်းသွားပြီး ဇနီးလက်အား ဆွဲယူ၍ ဈေးခြင်းတောင်း တင်ထားခဲ့သည့် ရထားတွဲရှိရာသို့ လျှောက်သွားပြီး ရထားတွဲပေါ်သို့ တက်ကာ မိမိဈေးခြင်းတောင်း တင်ထားသော ထိုင်ခုံရှိရာ၌ ထိုင်ချလိုက်လေ၏။

ဇနီးနှင့် သမီးငယ်အား ရထားပြတင်းအနီးတွင် ထိုင်ခိုင်းလိုက်ကာ ဈေးခြင်းအား ထိုင်ခုံနှစ်ခုကြားတွင် ချထားလိုက်ချိန်တွင် လက်နှစ်ဖက်၏ တံတောင်ဆစ်နှစ်ဖက်မှာ နာကျင်လာသောကြောင့် မိမိ၏တံတောင်ဆစ် နှစ်ဖက်အား ကြည့်ရှုလိုက်ရာ တံတောင်ဆစ် နှစ်ဖက်လုံးတွင် အရေပြားများ စုတ်ပြဲနေပြီး ကွန်ကရစ်ပြားမှ ကျောက်



www.burmeseclassic.com

www.burmeseclassic.com

စရစ်ခဲလေးများ အသားထဲတွင် နစ်ဝင်နေသည်ကို တွေ့ရလေမှ အနာမှာ ပို၍ နာကျင်လာခဲ့ရလေ၏။

ကိုကျော်ဦး၏ တံတောင်ဆစ်မှ ဒဏ်ရာများကို ဇနီး မသီတာမိုးမှ ကိုင်တွယ် ကြည့်လိုက်ပြီး စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

"မသေကောင်း မပျောက်ကောင်း အစ်ကိုရယ်၊ မိုးဖြင့် ကြောက်လိုက်တာ၊ အစ်ကိုပြုတ်ကျသွားတာကို မြင်လိုက်ရတာနဲ့ မိုးလဲလန့်ပြီး မျက်လုံးကိုစုံမှိတ်လိုက်တာ မျက်လုံးကို ဖွင့်မကြည့်ရဲဘူး၊ အစ်ကိုတော့ မရှူမလှ သေပြီလို့ ထင်လိုက်မိတာ၊

အနားက ကြည့်နေတဲ့လူတွေ ပြောသံကြားရမှ မိုး မျက်လုံးကို မဖွင့်ရဲဖွင့်ရဲနဲ့ ဖွင့်ကြည့်မိတာ၊ ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ အခုချိန်ထိ ရင်ခုန်တာ မပျောက်သေးဘူး"

"အစ်ကိုလဲ ဘယ်လိုဖြစ်သွားမှန်း မသိလိုက်ဘူး၊ လဲကျတဲ့အချိန် ရထားတွဲရဲ့ အစွန်းနဲ့ ပခုံးကို ပွတ်တိုက်မိပြီး လူဆွဲလှည့်လိုက်သလို ခန္ဓာကိုယ်က တစ်ပတ်လည်သွားပြီး ဒူးထောက်လက်ထောက်ကျသွားတာ သိလိုက်ပြီး ရထားသံလမ်းပေါ်မှာ ခြေထောက်နှစ်ချောင်း တင်လျက်သားကျနေတာ သိလိုက်ရပြီး ရထားရပ်သွားတာကို သိလိုက်ရတယ်၊ ရထားသာ မရပ်ဘဲ ရှေ့ကို တစ်ပေလောက်တိုးလာရင် ရထားဘီးအောက် အစ်ကို့ခြေထောက်နှစ်ချောင်း ရောက်ပြီး မတွေးရဲစရာဘဲ မိုးရယ်"

"ဟုတ်တယ် အစ်ကို မိုးလဲ အံ့ဩမိတယ်၊ ဘူတာထဲမှာ ရှိကြတဲ့ လူတွေ အားလုံးကလဲ အစ်ကို့ကို သေပြီလို့ မှတ်နေကြတာ၊ အစ်ကို ဘာမှ မဖြစ်တာကို မြင်လိုက်ရလို့ လူတွေ အားလုံး အံ့ဩကုန်ကြတယ်"

"အစ်ကို့အဖြစ်က အံ့ဩမယ်ဆိုလဲ အံ့ဩလောက်ပါတယ်၊ အခုလို သေဘေးအန္တရာယ်က အစ်ကို လွတ်မြောက်ခဲ့ရတာ အစ်ကိုရဲ့ ကုသိုလ်ကံတရားနဲ့ ဝယ်လာခဲ့တဲ့ ဒီစာအုပ်ထဲက သမ္ဗုဒ္ဓေဂါထာတော်ကြီး ရွတ်ဖတ်နေတဲ့ အကျိုးကျေးဇူးကြောင့်လို့ အစ်ကိုတော့ယုံကြည်တယ်၊

ဒါကြောင့် ဒီသမ္ဗုဒ္ဓေဂါထာတော်ကြီးကို အရ ကျက်မှတ်ပြီး အစ်ကို့ အသက်နဲ့ခန္ဓာ တည်မြဲနေသမျှ ကာလပတ်လုံး ယုံကြည်စွာနဲ့ ရွတ်ဆိုပူဇော်သွားတော့မယ်လို့ ဆုံးဖြတ်လိုက်ပြီ မိုးရေ"

"ကောင်းတယ် အစ်ကို၊ မိုးလဲ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို ယုံကြည်စွာ ရွတ်ဆိုသွားပြီးနီးစပ်ရာအပေါင်းအသင်း မိတ်ဆွေတွေကိုလဲ သမ္ဗုဒ္ဓေဂါထာတော်ကြီးရဲ့ တန်ခိုးထက်မြက်ပုံနဲ့ အကျိုးကျေးဇူးတွေကို ပြောပြပြီး ရွတ်ဆိုပူဇော်ခိုင်းရမယ်"

"ကိုင်း၊ ကျွန်တော့်ရဲ့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီး
ယုံကြည်စွာနဲ့ တစ်နာရီလောက် အချိ
တိုတိုလေးမှာ ရွတ်ဖတ်ပူဇော်ခဲ့ရ
သေဘေး အန္တရာယ်က လွတ်ကင်းခဲ့
တယ်ဆိုတာ မယုံမရှိကြနဲ့ဗျို့၊

ဒါကြောင့်လဲ ဒီနေ့ ဒီအချိန်
သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အိပ်ရာ
အိပ်ရာထ (၉)ကြိမ်စီ မပျက်မကွ
ရွတ်ဖတ်ပူဇော်ခဲ့ပြီး အားလပ်တဲ့အ
တိုင်းလဲ ဗုဒ္ဓဘုရားရှင်ရဲ့ ဂုဏ်
တွေနဲ့ သမ္ဗုဒ္ဓေဂါထာတော်ကြီးကို အ
ရွတ်ဖတ်နေတယ်ဗျာ"


ကိုကျော်ဦး၏ သူကိုယ်တိုင်
တွေ့ခဲ့ရသော သမ္ဗုဒ္ဓေဂါထာတော်
၏ တန်ခိုးအစွမ်းထက်မြက်ပုံ
သည်ကို ကြားသိရသော ကျွန်
အပေါင်းအသင်းများမှာ ဗုဒ္ဓဘုရား
ဂါထာများနှင့် ဂုဏ်တော်များ
ကြည်ညိုသဒ္ဓါတရားများ ပိုမိုဖြစ်
လာခဲ့ကြလေတော့သည်။

(ဤဇာတ်လမ်းပါ ဖြစ်ရပ်
ဖြစ်ရပ်မှန်ဖြစ်ပြီး ဇာတ်လမ်းပါ ကို
ဦးနှင့်ဇနီးမသီတာမိုးတို့မှာ ယခုအ
သားသမီးများနှင့် စီးပွားရေးပြေလ
အသက်ထင်ရှား ရှိနေကြပြီး သူ
အမည်အမှန်ဖြင့် ရေးသားခြင်း
သည်။

ယခု ကိုကျော်ဦးနှင့် မသ
မိုးတို့ မိသားစုသည် ဧရာဝတီတိုင်း
ကြီး လေးမျက်နှာမြို့နယ်၊ ခမောင်
ရွာလယ်ပိုင်းတွင် နေထိုင်လျက်
သည်။)

**မင်းမြင့်နိုင်(ဘူးသီး**

□







www.burmeseclassic.com

www.burmeseclassic.com

ဘုရားကြီးအရှေ့ဘက်တန်းက ကိုတင်မောင့် စက်ပစ္စည်းဆိုင်ရဲ့ မျက်နှာချင်းဆိုင်မှာရှိတဲ့ ပြုံးမြန်မာထမင်းနဲ့ လက်ဖက်ရည်ဆိုတဲ့ ဖော်မီကာနဲ့ လုပ်ထားတဲ့ ဆိုင်းဘုတ်ဟာ ပြီးခဲ့တဲ့ မိုးဦးကျမှာ တိုက်ခတ်လိုက်တဲ့ လေသရမ်းကြောင့် အောက်ပြုတ်ကျပြီး တချောင်းငင်နဲ့ ဝစ္စနှစ်လုံး ဘယ်လွင့်သွားမှန်းမသိလို့ ပြုံးစာလုံးဟာ အင်္ဂါမစုံဘဲ ပြုံမြန်မာထမင်းနဲ့ လက်ဖက်ရည်ဆိုပြီး ဒီအတိုင်းချိတ်ထားတာ တော်တော်ကြာပါပြီ။

ပြုံးစာလုံးဟာ အင်္ဂါမစုံလို့ မပြုံးနိုင်ပေမယ့် ဒီဆိုင်းဘုတ်ကို ဖတ်ပြီး ပြုံးပြုံးသွားတဲ့သူများကိုတော့ ကိုတင်မောင်လူတော်တော်များများ တွေ့နေရတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

ဒေါ်ခင်ပြုံးဖွင့်ထားတဲ့ဆိုင်မို့လို့ ပြုံးလို့ နာမည်ပေးထားတယ်တဲ့ပမယ့် တစ်ဈေးလုံးကတော့ အပျိုကြီးဆိုင်လို့ပဲ အနွတ္တသညာအရ ခေါ်ကြတာ။ ဆိုင်ရှင် ဒေါ်ခင်ပြုံးဟာ အပျိုကြီးလေ။ သူ့အသက် ၄၀လောက်ရှိမယ်လို့ ခန့်မှန်းရပေမယ့် အပျိုကြီး အခု အသက်ဘယ်လောက်ရှိပြီလဲလို့ မေးရင် သိပ်စိတ်ဆိုးတာ။

အဲဒီလူဟာ သူ့ရန်သူ စာရင်းထဲ ပါသွားပြီမှတ်တော့။ ဘယ်လောက်ခင်တဲ့သူ ဖြစ်နေပစေ သူ့စိတ်မပြေမချင်း စကားမပြောဘူး၊ အပျိုကြီး ငါ့စကားမပြောဘဲ ရှောင်ဖယ်ဖယ် လုပ်နေပါတယ်၊ ဘာများဖြစ်လို့လဲ အဖြေရှာရင် အပြစ်က သူ့အသက်ဘယ်လောက်ရှိပြီလဲမေးမိလို့မှတ်။

"အပျိုကြီးတို့များ ဘယ်အချိန်ကြည့်လိုက်ကြည့်လိုက် နုပျိုလန်းဆန်းနေတာပဲ"

အဲသလို စကားမျိုးများကြားရင်

"လာမြှောက်နေပြန်ပြီ၊ ထမင်းစားမှာ ကောင်းကောင်းမစားဘူး တို့ကမြှောက်တိုင်း မြှောက်တတ်တဲ့လူစားမဟုတ်ပါဘူးနော်၊ ဟဲ့၊ ဖြူမ လာစမ်း ဟိုကြောင်အိမ်အပေါ်ထပ်မှာ ပုစွန်တုပ်တစ်ကောင်ရှိတယ်၊ အဲဒီဝိုင်းချပေးလိုက်ပါအေ၊ အဲဒီ အတွက် ပိုက်ဆံမယူနဲ့ သိလား"

အဲသလို အပျိုကြီးဗျ။ နာမည်က မခင်ပြုံးလို့ဆိုပေမယ့် ပြုံးတာရယ်တာ တွေ့ရခဲတယ်၊ မနက်လင်းလို့ ဆိုင်ဖွင့်တာနဲ့ စားမယ့် သောက်မယ့်သူတွေ ရောက်လာပြီဆို စားပွဲထိုးတွေ၊ အဖျော်ဆရာတွေ၊ အကြော်ဆရာတွေက အစ ပန်းကန်ဆေးတဲ့ကောင်မလေးတွေပါ မကျန် အော်ဟစ် ငေါက်ငမ်းနေတာလည်း နိစ္စဓူဝပဲ။

"မိန်းမသားတန်မယ့် တစ်ကိုယ်တည်း လုပ်ကိုင်စားသောက်နေတာ ပျော့ညံ့ညံ့သာဆို ခေါင်းက ဆံပင်တောင် တစ်ပင်မှ ကျန်မှာမဟုတ်ဘူး"

ဆိုတဲ့ စကားကလည်း အပ်ကြောင်းထပ်နေတဲ့ ဓာတ်ပြားတစ်ချပ်လိုပဲ ခဏခဏကြားနေရတယ်။

သူ့ဆိုင်မှာ အလုပ်လုပ်နေတဲ့ ကောင်လေး ကောင်မလေးအများစုဟာ ၁၆နှစ်၊ ၁၇နှစ် လူပျိုပေါက် အပျိုပေါက်တွေဆိုတော့ လူငယ်သဘာဝ ချစ်သူရည်းစားထားချင်လည်း ထားမှာပေါ့။ အိမ်တံခါးသာ သော့ခတ်ထားလို့ ရချင်ရမှာ၊ နှလုံးသားကို ဘယ်သော့ခတ်ထားလို့ရမှာလဲ။

သူ့ဆိုင်က လက်သုပ်လုပ်တဲ့ စိန်းစိန်းခိုင်ဆိုတဲ့ ကောင်မလေးနဲ့ ဆိုင်မှာ လက်ဖက်ရည်လာသောက်နေတဲ့ ကယ်ရီသမားမဲကြီးဆိုတဲ့ကောင် ပြောတာဆိုတာ ရင်းနှီးလွန်းတယ်။

ဒေါ်ခင်ပြုံးက ဒါကို ရိပ်မိတော့ ဒီကိစ္စ စနည်းနာဖို့ သူ့လူယုံ အိုးခွက်ပန်းကန်ဆေးတဲ့ ဖြူမကို စုံစမ်းဖို့ တာဝန်ပေးလိုက်တယ်။

ဖြူမက အပျိုကြီး မခင်ပြုံးရဲ့ လျှို့ဝှက်ထောက်လှမ်းရေးပဲ။ ဆိုင်မှာရှိတဲ့ အလုပ်သမားတွေရဲ့ ပြောတာဆိုတာ လုပ်တာကိုင်တာ မီးဖိုချောင်ထဲ ဟင်းခိုးစားတာကအစ ရည်းစားထားတဲ့အဆုံး ညနေဆိုင်သိမ်းလို့ အားလုံးပြန်ရင် မခင်ပြုံးကို အစီရင်ခံရတာ။

"ကဲ၊ ဖြူမ ဒီနေ့ ထူးခြားဖြစ်စဉ် ဘာရှိလဲ ပြော"

"သမီးတို့ဆိုင်က လူတွေကတော့ ဘာမှ မထူးခြားဘူး၊ ဆိုင်ရှေ့က စက်ပစ္စည်းရောင်းနေတဲ့ ဦးတင်မောင်က အန်တီ့အကြောင်း ပြောတယ်"

"ဟေ၊ တို့ဆိုင်ရှေ့က ကိုတင်မောင်က ငါ့အကြောင်းပြောတာလား"

"ဟုတ်တယ်၊ အန်တီ့အကြောင်းနဲ့ ဆိုင်အကြောင်းလဲ ပြောတယ်"

"ဘယ်သူနဲ့ ပြောနေတာလဲ"

"သူ့ဘေးနားက လူတစ်ယောက်နဲ့ ထမင်းစားရင်း ပြောနေတာ"

"ပြောပါဦး၊ ကိုတင်မောင် ငါ့အကြောင်းဘာတွေပြောတုံး၊ ထင်တော့ ထင်သားအေ့၊ နေ့လယ်က ထမင်းလာစားရင်း မသိမသာ ငါ့ကို ကြည့်ပြီးပြောနေတည်းက ငါ့အကြောင်းပြော နေတယ်လို့တော့ ထင်သားအေ့၊ ပြောစမ်းပါ"

"အင်း သူပြောတာက ထမင်းဆ အခြားမှာ စားစရာဆိုင်နီးနီးမရှိလို့ ဒီဆိုင်မှာ စားနေရတာတဲ့၊ ဆန်ကလဲ ကြမ်း စပါးလုံးကလဲ တင်းကျမ်းတဲ့၊ ဟင်းကလဲ ဘာဟင်းစားစား ငန်ကျွတ်ငန်ကျွတ်နဲ့ တဲ့"

"ငတင်မောင် ငါ့ဆိုင်ကို အဲသ ပြောလား၊ ဒီလိုကြေးဆို သူ့ဆိုင်မှာ ရောင်းနေတဲ့ ပစ္စည်းတွေကော ဘယ် လောက်ကောင်းနေလို့လဲ၊ တရုတ်ပစ္စည်း အပေါစားရောင်းပြီး ငါ့ဆိုင် မကောင်း ကြောင်းပြောတဲ့ သေနာကောင်"

"နေဦး၊ နောက်ပြောသေးတယ် ထမင်းတွေ ဟင်းတွေကသာ စား ကောင်းတာတဲ့၊ ဆိုင်ရှင်အပျိုကြီး တော့ သနပ်ခါး အဖွေးသားနဲ့ မျက် မှန်ကြီးတပ်လို့ ခေတ်ဟောင်းရုပ်ရှင် က တင်တင်မူနဲ့ တထေရာတည်းပဲတဲ့"

"ဟေ, ဟုတ်လား၊ ငါ့ကိုများ တင်တင်မူနဲ့ တူတယ်တဲ့၊ သူက ခေ ဟောင်းရုပ်ရှင် တင်တင်မူကား ဘယ် ကားများ ကြည့်ထားလို့လဲ မသိဘူး အဟိ၊ ဖြူမ စောစောက ပြောတာ သူသွား ပြန်မပြောနဲ့နော်၊ တော်ကြာ စိတ်ဆိုးပြီး ဆိုင်လာမစားလို့ ဖောက် သည်တစ်ယောက် လျော့နေပါဦးမယ်"

အပြောင်းအလဲ မြန်တဲ့နေ မှာလည်း ကောင်းကင်က တိမ်တော တွေလိုပဲ။

အခု နဂါးအသွင် တွေ့ရပေမယ့် ခဏအကြာမှာ ဂဠုန်အကောင်အလာ ပုံဆောင်ထားတဲ့ အပျိုကြီး။

ဒေါ်ခင်ပြုံးဟာ ဆိုင်မှာရှိ အလုပ်သမားတွေကိုလည်း မယုံ ဆိုင်မှာ နေ့စဉ် လာစားသောက်နေ ချင်း သူတို့ကိစ္စနဲ့ သူတို့ ဘေးလူမကြ စေချင်လို့ တီးတိုးတိုင်ပင်နေလဲ သူ

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းပြောတယ်ထင်ပြီး မသိမသာ နှာစွင့်တတ်သူ။

ဘယ်သူ့ကိုမှ မယုံဘူးဆိုပေမယ့် သူ့အင်မတန် ယုံကြည်တဲ့သူတွေလည်းရှိတယ်။

ဗေဒင်ဆရာ ဟောတာဆိုရင် ယုံတယ်၊ နတ်ကတော် ပြောတာယုံတယ်၊ အကြားအမြင် ဆရာစကားဆို မြေဝယ်မကျ နားထောင်တတ်သူ၊ သူ့ဆိုင်မှာ လာစားသောက်တဲ့ သူတစ်ဦးဦးက ဒေးစွန်ပါဘက်မှာ အကြားအမြင် ဆရာတစ်ယောက် မှန်လိုက်တာ၊ လူကိုမြင်တာနဲ့ ကြည့်ပြီး ဟောလိုက်တာ သူကိုယ်တိုင် တွေ့ထားလို့ ဟောနေသလားမှတ်ရတယ်။

အဲသလိုမျိုးကြားရင် နောက်တစ်နေ့ ဈေးဝယ်မယ်အကြောင်းပြပြီး အဲဒီအကြားအမြင်ဆရာဆီ ရောက်အောင်သွားတယ်။ ဒီမြို့မှာရှိတဲ့ ဗေဒင်ဆရာ၊ နတ်ဆရာ၊ဘိုးတော်၊မယ်တော်၊ အကြားအမြင်ဆရာ စတဲ့ဆိုသူတွေ ထံကိုလည်း တစ်ယောက်မကျန် သူ ရောက်ခဲ့ဖူးပြီ။

သူ့ဆိုင်ခေါင်းရင်း ချိတ်ဆွဲထားတဲ့ နတ်ရုပ်တွေ ပုံတော်တွေကလည်း နည်းမှတ်လို့၊ ထမင်းဆိုင်က တောင်ပြိုးနတ်နန်းလားမှတ်ရတယ်။ မြန်မာနတ်တွေတင် မကဘူး၊ လက်လေးဖက်နဲ့ မဟာလက်ချမီးလဲရှိတယ်၊ အန်းကုံးနဲ့ ကွမ်ရင်ရှိတယ်။ သူ့ကို မ, စ မယ်ထင်တဲ့ သူတွေဆို တရုတ်နတ်ဖြစ်ဖြစ်၊ ကုလားနတ်ဖြစ်ဖြစ် ကိုးကွယ်ဖို့ ဝန်မလေးဘူး။

❖

အခုတစ်လော အပျိုကြီး မခင်ပြုံးဆိုင်ကို ဧည့်သည်တစ်ယောက် မကြာမကြာ ရောက်လာတာကို သတိပြုမိတယ်။ သူ့ပုံက ယောဂီရောင် အင်္ကျီလက်တို၊ လက်တစ်ဖက်မှာ ငွေရောင် ပုတီးလုံးများကို ဟန်းချိန်းလို လုပ်ဝတ်ထားပြီး ပြောင်နေတဲ့ နဖူးပြင်နဲ့ မလိုက်ဖက်စွာ နေတာမျက်မှန်သေးသေးကို တပ်ထားသေးတယ်။

လက်တစ်ဖက်က ဟာစ်တာချီကေ့စ်ကိုဆွဲကာ စီးကရက်ကို ဖာန်ပါပါခဲပြီး ဆိုင်ထဲသို့ ဝင်လာတယ်။ ထိုဧည့်သည်လာရင် အပျိုကြီး မခင်ပြုံးတစ်ယောက် စားကောင်းသောက်ဖွယ်များနှင့် ကျွေးမွေးဧည့်ခံတယ်။

ထိုဆရာ ပြန်ရင်လည်း စာအိတ်ထဲ ပိုက်ဆံထည့်ကာ ပေးလိုက်သေးတယ်။ တစ်နေ့ ထိုဧည့်သည် ပြန်သွားတဲ့အခါ စားပွဲထိုး ငသီးကိုခေါ်၍ ကိုတင်မောင်က မေးကြည့်တယ်။

"ဟေ့ကောင် ငသီး၊ အဲဒီလူက အပျိုကြီးနဲ့ ဘာတော်လို့လဲ"

"ဘာမှ မတော်ဘူး၊ အပျိုကြီး ကိုးကွယ်နေတဲ့ အရဟံ ဆရာဒိဗ္ဗဆိုတာ သူပဲ၊ အကြားအမြင်ဆရာဗျ၊ နိုင်ငံခြားက ပြောနေတာတောင် ဒီကနေ သူကြားတယ်"

ငသီးရဲ့စကားကြောင့် ကိုတင်မောင် ဖြုံသွားတယ်။

"ငသီးရာ မှန်းလှချေလားကွာ၊ နည်းနည်းတော့ လျှော့စမ်းပါဦး"

"ဟုတ်တယ် ဦးတင်မောင်ကလဲ သူ တကယ်ကြားတာ၊ နိုင်ငံခြားကနေ တယ်လီဖုန်းနဲ့ ပြောတာကို သူဒီကနေ တယ်လီဖုန်းနဲ့နားထောင်တာလေ၊ အဲဒါကြားတာပေါ့ဗျ၊ မြင်လ၊ မြင်တယ်၊ နိုင်ငံခြားမှာကန်နေတဲ့ ဘော်လုံးပွဲတွေ တီဗွီမှာထိုင်ကြည့်တာလေ၊ အဲဒါ အကြားအမြင်ပေါ့ ဦးတင်မောင်ရဲ့၊ ဦးက လည်မလိုနဲ့ တော်တော်နုံတာ၊ ဒါကြောင့် နီးရက်နဲ့ ဝေးနေတာ"

"ဟေ့ကောင် ငသီး၊ မင့်စကားတွေက အနှောင့်မလွတ် အသွားမလွတ် ကြားသွားရင် မကောင်းပါဘူး"

"ကြားသွားတော့လဲ နားဖောက်ပြီးသားပေါ့ဗျာ"

ငသီးနဲ့ စကားဆက်ပြောလို့မဖြစ်။ ကြာရင် သတ်ာရှင်းရလိမ့်မယ်။

❖

ဒီနေ့မနက် ကိုတင်မောင် ဆိုင်ဖွင့်တော့ ရှေ့ အပျိုကြီးဆိုင်က အခုထိ မဖွင့်သေး။ ဆိုင်ရှေ့မှာ စားပွဲထိုးကောင်လေး ကောင်မလေးတစ်စု တီးတိုး တီးတိုးစုဖွဲ့ ပြောနေကြတယ်။ သူတို့ မျက်နှာတွေဟာလည်း အရင်နေ့တွေလို ပြုံးပြုံးရွှင်ရွှင် မရှိကြဘူး။

ဒါနဲ့ ကိုတင်မောင်လည်း ဆိုင်ရှေ့မှာ ထိုင်နေတဲ့ စန်းစန်းခိုင်ဆိုတဲ့ ကောင်မလေးကို လှမ်းအော်မေးလိုက်သည်။

"ဟေ့ စန်းစန်းခိုင်၊ နင်တို့ဆိုင် မထွက်ဘူးလား၊ ဘာဖြစ်လို့လဲ မခင်ပြုံး နေမကောင်းလို့လား"

ကိုတင်မောင် စိုးရိမ်စိတ်နဲ့ မေးတဲ့ အမေးကြောင့် စန်းစန်းခိုင်တစ်ယောက် မဲ့ကာ ရွဲ့ကာနဲ့ ဆိုလာတယ်။

"ဦးတင်မောင်၊ ဒီကပြောတော့ ပြောတယ်နဲ့ အခုတော့ စိုးရိမ်တတ်နေပြီ မဟုတ်လား"

"ဟာ, ငါက အကောင်းမေးတာပါဟ"

"ဒီနေ့ ဆိုင်မထွက်တာ ဒီလို ဦးတင်မောင်ရေ အန်တီပြုံး အိပ်ခန်းခုတင်အောက်မှာထားတဲ့ လက်ဝတ်လက်စား ရွှေတွေနဲ့ ပိုက်ဆံ စုစုပေါင်း သိန်း၄၀ ကျော်ဖိုး ပျောက်သွားလို့"

"ဟာ ဘယ်တုံးက ပျောက်တာလဲ၊ ညက ပျောက်တာလား"

"ညက ပျောက်သလား၊ ဘယ်နေ့က ပျောက်နေလဲ မသိဘူး၊ အခုမနက်အစောကြီး စစ်ပင်ကွင်းကျေးရွာမှာ သူ့တူမ မင်္ဂလာဆောင်ရှိလို့ ဖြီးလိမ်းပြီး ဝတ်မယ်လုပ်တော့မှ မရှိမှန်း သိတာတဲ့"

"အပျိုကြီးနဲ့ အိမ်မှာ ဘယ်သူတွေ အတူနေလဲ"

"အန်တီပြုံးနဲ့ အတူနေတာက ဆိုင်မှာ ထမင်းဟင်းချက်တဲ့ မမြင့်မြင့်သန်းရယ်၊ ပန်းကန်ဆေး အိုးဆေးတဲ့ ဖြူမရယ်၊ တောက်တိုမည်ရ လုပ်တဲ့ ဝိုင်းတုန်ဆိုတဲ့ ကောင်မလေးရယ်၊ သူတို့



www.burmeseclassic.com

www.burmeseclassic.com

က နယ်ဘက်က လာလုပ်ကြတာဆိုတော့ အန်တီပြုံးအိမ်မှာ အန်တီပြုံးနဲ့ အတူ နေကြတာ၊ သမီးတို့ ငသီးတို့က အိမ်နီးတော့ ဆိုင်သိမ်းရင် ကိုယ့်အိမ်ကိုယ်ပြန်အိပ်ကြတာ၊ အခုအိမ်မှာ ဖြူမရယ် ဝိုင်းတုန်ရယ်ပဲ ရှိတယ်၊ မမြင့်မြင့်သန်းက သူ့အမေ နေမကောင်းလို့တဲ့ မနေ့ကပဲ သူ့ရွာကို ပြန်သွားတယ်"

ကိုတင်မောင်လည်း ဆိုင်တံခါးများဖွင့်၊ ပစ္စည်းများခင်းကျင်းကာ ဘုရားဆွမ်းတော်ကပ်ပြီးတော့ ဆီမီးရေချမ်းပန်းများကပ်လှူပြီး ဆိုင်မှာ ဈေးကူရောင်းတဲ့ ကောင်လေးအား မှာစရာရှိတာမှာပြီး အပျိုကြီး မခင်ပြုံးအိမ်ရှိရာ ဘုရားကြီးဈေး အရှေ့ဘက် တိုးချဲ့ရပ်ကွက်သစ်သို့ ထွက်လာခဲ့တယ်။ ဘုရားကြီးဈေးနှင့် မခင်ပြုံးအိမ်ဟာ သိပ်မဝေးလှဘူး။

မခင်ပြုံးအိမ်ရှေ့ ရောက်တော့ ဆိုင်ကယ်တစ်စီးနှင့် လူတစ်ယောက်ကို ခြံဝမှာတွေ့ရတယ်။ ဆိုင်ကယ်စီးဦးထုပ်အပိုတစ်လုံး ချိတ်ထားတဲ့အတွက် ကယ်ရီသမား ဖြစ်ဖို့များတယ်။

အိမ်ထဲကို လှမ်းကြည့်လိုက်တော့ ဘုရားစင်ရှေ့မှာ ဘိုးတော်အရုပ်ဆရာဒိဗ္ဗတစ်ယောက် ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိကာ တင်ပျဉ်ခွေပြီး မျက်လုံး စုံမှိတ်၍ ပါးစပ်မှလည်း တတွတ်တွတ် ပြောနေသံများကို မသဲမကွဲ ကြားနေရတယ်။

အိမ်ပေါ်မှာ သူတို့အလုပ်နှင့် သူတို့ရှုပ်နေတဲ့အတွက် သတင်းမေးမယ့် ကိုတင်မောင် မေးခွင့်မသာလို့ သူ့အိမ်ရှေ့ သစ်ပင်အောက်က ကွပ်ပျစ်တွင် ထိုင်နေလိုက်တယ်။

၁၀ မိနစ်လောက် အကြာမှာ ဘုရားစင်ရှေ့ အာရုံယူနေတဲ့ အကြားအမြင်ဆရာက မခင်ပြုံးဘက်သို့မျက်နှာမူလိုက်တယ်။

"သမီးတော် ဒီရှေ့ကိုလာ"

ဘိုးတော် စကားသံဆုံးတော့ မခင်ပြုံး ခပ်လှမ်းလှမ်းကနေ ဘိုးတော်ရှေ့တည့်တည့်မှာ ကျုံ့ကျုံ့လေး ထိုင်လိုက်တယ်။ သူ့အမိန့်နဲ့ သူ့ရှေ့ရောက်လာတဲ့ မခင်ပြုံးထံ လက်တစ်ဖက်ဆန့်တန်းလိုက်တယ်။

မခင်ပြုံးလည်း ကြောင်အမ်းအမ်းနဲ့ ဘာလုပ်ရမယ် မသိ ဖြစ်နေချိန်မှာ ဘိုးတော်က. . .

"သမီးရဲ့ ညာဘက် အဘကို ကမ်းလိုက်ပါ"

အဘစကားသံဆုံးတော့ မခင်ပြုံး သူ့ညာဘက် အဘကို ကမ်းပေးလိုက်တယ်။

မခင်ပြုံးရဲ့ ဖြူဖွေးနုညက်နေတဲ့ လက်ဖဝါးကို ဘိုးတော်ရဲ့ ပွေးဖတ်လန်နေတဲ့ မည်းညစ်ညစ်လက်ကြမ်းကြီးနဲ့ ကိုင်ကာ ထိုမှတစ်ဆင့် အဆီပြန်နေတဲ့ သူ့နဖူးပြောင်ကြီးနဲ့ ထိကာထိကာမန်းသံမှုတ်သံများ ကြားနေရတယ်။

ဒီမြင်ကွင်းကို ကြည့်နေရတာ ကိုတင်မောင် ရင်တဖိုဖို ရှိလှတယ်။ ဆရာဆိုတဲ့ လုပ်ပိုင်ခွင့် အောက်မှာ အခွင့်အရေးကို လိုတာထက်ပိုယူနေသလား၊ တကယ်လိုအပ်လို့ မဖြစ်မနေ လုပ်နေသလားတော့ မသိ။

"ကဲ, သမီးတော်၊ အထက်က အမိန့်ရှိပြီ၊ နားထောင်၊ သမီးတော်ရဲ့ ငွေပစ္စည်းတွေကို အဘတို့ အထက်ပုဂ္ဂိုလ်တွေ စောင့်ရှောက်တဲ့ကြားက အခုလို အခိုးခံရတာ အဖျက်အမှောင့် အတိုက်အခိုက်တွေ အနီးမှာရှိနေပြီ၊ သမီးတော်ရဲ့ ရွှေငွေပစ္စည်းတွေကို ခိုးတဲ့သူကို အခု အဘအာရုံမှာ ထင်ထင်ရှားရှား ပေါ်နေပြီ၊ အတောင်နှစ်ဆယ်ဝတ် ယောကျ်ားမဟုတ်ဘူး၊ သုံးတောင်ဝတ် မိန်းမ မိန်းမ၊ အပြင်က မဟုတ်ဘူး၊ အတွင်းစည်းက သူခိုး"

"အတွင်းက အတွင်းကဆိုရင် ဘယ်သူလဲ ဆရာ၊ ဘယ်သူလဲ"

ဘိုးတော်စကားမဆုံးမီ မခင်ပြုံး သိချင်ဇောနဲ့ နာမည်ကို အတင်းမေးတယ်။

ထိုအခါ ဘိုးတော်က. . .

"အဘတို့ အထက်ပုဂ္ဂိုလ်တွေဟာ လူတစ်ဦးရဲ့ နာမည်ကို ပြောခွင့်မရှိဘူးကွယ့် စည်းစောင့်ရတယ်"

လူနာမည်ကို ပြောခွင့်မရှိဘူး၊ စည်းစောင့်တဲ့ အထက်ပုဂ္ဂိုလ်ကြီး မခင်ပြုံးလက်ကို ကိုင်ထားသည်မှာ စဟောကတည်းက အခုထိ မလွှတ်။ ဘယ်လိုစည်းမျိုး စောင့်လဲတော့မသိ။

"တင်ပါ့ အဲအဲ မှန်လှပါ၊ ဟို ဟို သိသာထင်ရှားအောင် မိန့်ပါ အဘရယ်"

မခင်ပြုံးတောင်းဆိုလိုက်တော့ ဘိုးတော် အမိန့်ရှိပြီ။

"သမီး အဲသလောက် သိချင်နေရင် အဘအာရုံမှာ မြင်တာကို ပြောမယ်၊ အဲဒီသူခိုးဟာ ကြာသပတေးသမီး၊ သူ အခု ဒီနယ်မြေမှာ မရှိဘူး၊ ရေခြားမြေခြား တစ်ရပ်တစ်ပါးကို ထွက်သွားပြီ၊ မသွားခင်ရက်က သမီးကို ကြက်သားဟင်းတွေ၊ ချက်ကျွေးသွားသေးတယ် မဟုတ်လား"

ဘိုးတော်ရဲ့ နောက်ဆုံးဟောချက်နဲ့ မခင်ပြုံး ရှေးမဆွက တွေးထင်ထားချက်ဟာ တစ်ထပ်တည်း ကျနေပြီ။

ဟုတ်ပြီ။ မြင့်မြင့်သန်း ကြာသပတေး သမီး၊ မနေ့က သွားခါနီး ကြက်သား ဟင်းချက်ကျွေးသွား သေးတာ၊ ငါ့အရိပ်ကို ခိုပြီး အခက်ချိုးတဲ့ ကောင်မ၊ ငါ အယုံကြည်ရဆုံး သူက ငါ့ကို သစ္စာဖောက်တာ။

မြင့်မြင့်သန်းဆိုတဲ့ ကောင်မလေးက အသက် (၂၀)ကျော်လောက်ရှိလိမ့်မယ်။ အပျိုကြီး မခင်ပြုံးဆိုင်မှာ အလုပ်လုပ်နေသည်မှာပင် ၅နှစ် ၆နှစ်မကတော့၊ ပြုံး ထမင်းဆိုင် ခံ့ခံ့ထည်ထည်ဖြစ်လာခြင်းဟာ မြင့်မြင့်သန်း ကျေးဇူးမကင်း။

မြင့်မြင့်သန်းဟာ ဝီရိယရှိတယ်၊ ကျိုးနွံတယ်၊ အချက်အပြုတ်ကောင်းတယ်၊ ဆိုင်ရှင် မခင်ပြုံးဟာ ထမင်းဆိုင်သာဖွင့်ထားတာ၊ ဘဲဥပြုတ်တာနဲ့ ငါးပိရည်ကျိုတာက လွဲပြီး ဘာဟင်းမှ ကောင်းကောင်းမွန်မွန် မချက်တတ်။





www.burmeseclassic.com

www.burmeseclassic.com

အပျိုကြီး ခင်ပြုံး ရေချိုးရင်းဖြစ်စေ၊ လက်ဆေးရင်းဖြစ်စေ မေ့ကျန်ခဲ့သည့် လက်ဝတ်လက်စားတွေကို မြင့်မြင့်သန်း တွေ့ရင် ကောက်ယူသိမ်းထားပြီး ဈေးရောင်းဈေးဝယ်အတွက်မှား အရေးမှား ငွေများပိုနေသည်လည်း တစ်ပြားမှ မလျော့ ပြန်လည်အပ်နှံတတ်သူ။

အခုတော့ သိန်း(၄၀)ကျော် သူခိုးသွားပြီတဲ့။ ဘိုးတော် ဆရာဒိဗ္ဗက နာမည်မဖော်တာတစ်ခု၊ မြင့်မြင့်သန်း ခိုးပါတယ်လို့ မပြောရုံတစ်မည် ဟောချလိုက်ပြီ။

ကိုတင်မောင်လည်း ဘယ်လို နားလည်ရမှန်းမသိ။ သူကြွယ်တောင် လွယ်ရင် ခိုးတတ်သေးတယ်လို့ ဆိုရိုးစကားရှိခဲ့သည်မဟုတ်ပါလား။ တကယ်လို့ သူမ ဟုတ်ခဲ့ရင်တော့ မိန်းကလေးတန်မဲ့ အရှက်ရစရာကောင်း လိမ့်မယ်။ သူ့ဘဝ များစွာ ထိခိုက်နစ်နာ ရလိမ့်မယ်။

ဟောခြင်း ပြောခြင်းအလုပ်ပြီးတော့ ဘိုးတော်ဒိဗ္ဗ အပျိုကြီး လာဘ်တင်တဲ့ ငွေများကို သူဟစ်တာချီကော့စ်ထဲထည့်ကာ စီးကရက်ကို ဟန်ပါပါခဲလျက် နေကာမျက်မှန်မည်းကို တပ်ကာ ဆိုင်ကယ် ကယ်ရီသမားအား သူပြန်တော့မည့်အကြောင်း အချက်ပြလိုက်တယ်။

အိမ်ရှေ့ သစ်ပင်အောက် ကွပ်ပျစ်မှာ ထိုင်နေတဲ့ ကိုတင်မောင့်ဘက်ကိုလှည့်ကြည့်ကာ ပေစောင်း ပေစောင်းကြည့်ကာနှင့် ဆိုင်ကယ်ပေါ် ခွစီးသွားတယ်။

ဘိုးတော်ပြန်တော့ အပျိုကြီး အိမ်ပေါ်မှနေ ကိုတင်မောင့်ကို လှမ်းခေါ်တယ်။

"ကိုတင်မောင် အိမ်ထဲဝင်လေ ရောက်နေတာ ကြာပြီလား၊ ဆိုင်မှာ ဘယ်သူ့ ထားခဲ့လဲ"

"ဈေးကူရောင်းတဲ့ ကောင်လေး ရှိတယ်၊ ကြားကြားချင်းပဲ လာတာ မခင်ပြုံးရယ်၊ ကျွန်တော် စိတ်မကောင်းပါဘူး၊ ပစ္စည်းတွေကတော့ သော့ကို ရိုက်ဖွင့်ပြီး ခိုးသွားတာလား၊ သော့တုနဲ့ ဖွင့်ပြီး ခိုးသွားတာလား မခင်ပြုံး"

လို့ မေးကြည့်တော့. . .

"ကျွန်မ ပစ္စည်းတွေက သော့နဲ့ ထားတာမဟုတ်ဘူး၊ ကျွန်မ အိပ်ခန်း ခုတင်အောက်မှာ အံဆွဲလေးနဲ့ထားတာ၊ ဒီလိုပဲ ထားနေတာ နှစ်ပေါင်းမနည်းတော့ဘူး။

အခုမှ ပျောက်တာ ဓာတ်သိအတွင်းသူခိုး ခိုးတာ ကိုတင်မောင်ရေ၊ ဆိုင်မှာ ထမင်းချက်တဲ့ မြင့်မြင့်သန်းလေ ကျွန်မပစ္စည်းတွေခိုးပြီး သူ့အမေ နေမကောင်းလို့ဆိုပြီး သူ့ရွာကို ပြန်လစ်သွားတာပဲ ဖြစ်မယ်၊ ခုန ဘိုးတော်အာရုံယူပြီး ဟောတာလဲ ဒက်ထိ သူပဲ၊ မသွားခင် ကြက်သားဟင်းချက်ကျွေးသွားတာတောင် ပါသေးတယ်"

"မခင်ပြုံးနဲ့ မြင့်မြင့်သန်း အတူနေလာတာကြာပါပြီ၊ အဲဒီလို ခိုးတာဝှက်တာ မကြားမိပါဘူးနော်"

"အို့ သေးသေးမွှားမွှားတုန်းကတော့ ရိုးချင်ရိုးမှာပေါ့ ကိုယ်တော်ရယ်၊ အများကြီးကျတော့ လောဘတက်ပြီး လုပ်ချင်လုပ်မှာပေါ့"

"ဒါဆို မခင်ပြုံးကိစ္စ ဘယ်လို လုပ်မလဲ"

"ရဲတိုင်ပြီး ဖမ်းမယ်"

"ဘယ်သူ့ကို ဖမ်းမှာလဲ"

"မြင့်မြင့်သန်းကို ဖမ်းရမှာပေါ့"

"မဟုတ်သေးဘူးလို့ ထင်တယ် မခင်ပြုံး၊ ကျွန်တော် အကြံတစ်ခုပေးချင်တာကတော့ ရဲစခန်းမှာ ပစ္စည်းပျောက် တိုင်ချက်ဖွင့်လိုက်ပါ၊ တရားခံကို ရဲက ဖော်ထုတ်ပါလိမ့်မယ်၊ မြင့်မြင့်သန်းပါလို့ ကိုယ်က စွပ်စွဲပြီးတိုင်ရင် သူ မဟုတ်ခဲ့ရင် ဘယ်လိုလုပ်မလဲ"

ကိုတင်မောင့်စကား ဆုံးတော့ မခင်ပြုံးမျက်နှာ ဖြူရာက နီရဲလာတယ်။

"အို့ ကိုတင်မောင်ကလဲ ဆင်တစ်ကောင်လုံးမြင်တာကို ဆင်ခြေရာရှာခိုင်းနေပြန်ပြီ"

သူ့စကားလုံးတွေမှာ ဒေါသခိုးတွေ တွဲခိုနေတယ်။ ဒီပုံအတိုင်းဆို အပျိုကြီးကို ဖျောင်းဖျပြောဆိုလို့ ရမှာ မဟုတ်တဲ့အတွက် စကားကြောဖြတ်ကာ ပြန်ခဲ့တယ်။

စိတ်ထဲမှာတော့ မြင့်မြင့်သန်း ခိုးတာ မဟုတ်ပါစေနဲ့လို့ ကျိတ်ကာ ဆုတောင်းနေမိတယ်။

နောက်တစ်နေ့မှာ အပျိုကြီး မခင်ပြုံးရဲ့ တိုင်ချက်အရ မြင့်မြင့်သန်း ဆိုင်ကို ပြန်အလာမှာ ရဲက ဖမ်းတော့တယ်။

ဒီမြင်ကွင်းက တကယ်ဝမ်းနည်းစရာကောင်းလှတယ်။ သူ မဟုတ်ပါဘူးလို့ အတန်တန် ငြင်းဆန်နေပေမယ့် ပစ္စည်းပိုင်ရှင် တရားလိုက သူပါလို့ တပ်အပ်သေချာစွပ်စွဲလာတော့ ရဲကလည်း ဖမ်းဆီးချုပ်နှောင်ရတော့တယ်။

ရှိုက်ကြီးတစ်ငင်ငိုကြွေးရင်း သူ့ဘေးနားမှာ ဒေါသအခိုးအငွေ့တွေနဲ့ တောက်လောင်နေတဲ့ မခင်ပြုံးရဲ့ ဖဝါးခြေဖမိုးကို သူ့နဖူးနဲ့ ထိကာထိကာ. .

"အန်တီပြုံးရယ်၊ သမီး ဒီဆိုင်မှာ လုပ်တာ ၅နှစ်ကျော်လို့ ၆နှစ် နီးပါးရှိနေပါပြီ၊ အန်တီပြုံးပေးတာ ကျွေးတာ စားပြီး နေခဲ့တာပါ၊ သမီး မခိုးရပါဘူး အန်တီပြုံးရယ်၊ အန်တီပြုံးဆိုင်မှာ ကိုးကွယ်နေတဲ့ နတ်ပေါင်းများစွာရှေ့မှာ သစ္စာပြုရဲပါတယ်၊ ဟီး ဟီး ဟီး"

တီးတိုက်ကာ ငိုကြွေးနေသော မြင့်မြင့်သန်းကို ကြည့်ရင်း ကိုတင်မောင်ပါ မျက်ရည်ဝဲလာတယ်။

"ကဲ ကျွန်တော်တို့ အလုပ်ဆက်လုပ်စရာရှိပါတယ် သွားခွင့်ပြုပါ"

ဒုရဲအုပ်စကားသံဆုံးတော့ ရဲမေတစ်ယောက်က မြင့်မြင့်သန်းလက်ကို ဆွဲကာ ကားရှိရာသို့ လျှောက်လာကြတယ်။ ကိုတင်မောင့် ဆိုင်ရှေ့ရောက်တော့ မြင့်မြင့်သန်းတစ်ယောက် ဆိုင်ဘက်လှည့်ကာ. . .

"ဦးတင်မောင် သမီးကို ကယ်ပါဦး၊ ဦးတင်မောင် သမီးကို ကယ်ပါဦး"



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြင့်သန်းရဲ့ မျက်ရည်ကြား က သမီးကို ကယ်ပါဦးဆိုတဲ့ စကားသံ ဟာ ကိုတင်မောင့်ရင်ကို ထိမှန်ကာ နားထဲမှာ အကြိမ်များစွာ ပဲ့တင်ထပ်နေ တယ်။

နောက်တစ်နေ့။

ကိုတင်မောင်ဆိုင်သိမ်းပြီး အိမ် ပြန်ရောက်တော့ မြင့်မြင့်သန်းအစ်မနှင့် သူ့ယောက်ျား ကိုတင်မောင့်အိမ်ကို လိုက်လာကြတယ်။

"ဦးတင်မောင်ရယ်၊ သမီးကို ကူညီပါ၊ သမီးတို့က ဒီမြို့မှာ ဆွေမျိုးလဲ မရှိ အသိမိတ်ဆွေလဲ မရှိ၊ ရုံးတို့ ဂါတ် တို့လဲ တစ်ခေါက်မှ မရောက်ဖူးတော့ ဘယ်လိုလုပ်ရမှန်းလဲ မသိဘူး။

မနေ့က သူနဲ့ သွားတွေ့တယ်၊ နှစ်ယောက်တည်း သေသေချာချာ မေး ပြီးပြီ၊ သူ လုံးဝ မခိုးရပါဘူးတဲ့။

နောက် ကျွန်မညီမအကြောင်း ကျွန်မသိတယ်၊ သူလုပ်မယ် မထင်ဘူး၊ အကြားအမြင်ဆရာဟောတာကို ယုံပြီး ကျွန်မ ညီမလေးကို စွပ်စွဲတာ"

မြင့်မြင့်သန်းအစ်မဟာ ပြော လည်းပြော၊ ငိုလည်းငိုတယ်။ သူ့နှာရည် တွေကို လက်တစ်ဖက်နဲ့ ညစ်ကာ နံရံကို လှမ်းပစ်တယ်။

နောက် သူ့လက်ကို ဆက်တီ စားပွဲပေါ် ခင်းထားတဲ့ စားပွဲခင်းအနားနဲ့ သုတ်နေတယ်။ ဒုက္ခပါပဲ၊ လျှော်ပေး ဖွပ်ပေးသူ မရှိတဲ့ အိမ်လာပြီး စားပွဲခင်း နှပ်သုတ် လုပ်နေပြီ။

"ကဲ၊ ဘာကူညီရမလဲ"

"ရှေ့နေငှားရမယ်တဲ့၊ ကျွန်မ တို့က ရှေ့နေလဲ မသိ၊ နောက်ခံနေလဲ မသိ၊ ပိုက်ဆံလဲ မရှိတော့ ဦးတင်မောင် ကူညီပေးပါ၊ ရွာမှာရှိတဲ့ အဖေတို့ အမေ တို့ကိုလဲ အသိမပေးရဲသေးဘူး၊ ဒီကိစ္စ သိသွားရင် မိဘတွေ စိတ်ဆင်းရဲကြ မယ်၊ ကိစ္စအားလုံးပြီးရင် ကျွန်မတို့ လယ်ပဲရောင်းရ ရောင်းရ၊ အိမ်ပဲ ရောင်း ရရောင်းရ တင်သမျှ အကြွေး ပြန်ဆပ် ပါ့မယ်"

နောက်တစ်နေ့ မနက်မှာ ကို တင်မောင် အသိရှေ့နေ ဦးလှိုင်ဝင်းကို အကျိုးအကြောင်းပြောပြီး အမှုအပ်ရ တယ်။

အမှုအကြောင်း နားထောင်ပြီး တော့ ရှေ့နေက. . .

"မောင်တင်မောင် အဲဒီအမှုကို ငါ'တစ်ပြားမှ မယူဘဲ ငါ့ထမင်းငါစား ငါ့လက်ဖက်ရည် ငါသောက်ပြီး လိုက် ပေးမယ် စိတ်ချ"

ရှေ့နေကြီးစကား ကြားတော့ ကိုတင်မောင် ဝမ်းသာမိတယ်။ ရှေ့နေခ သက်သာတော့လည်း နည်းလား။

ကိုတင်မောင် ဆိုင်ပြန်ရောက် တော့ နေမွန်းတည့်နေပြီ။ရောက်ရောက် ချင်းပဲ သတင်းဆိုးတစ်ခုက စောင့်ကြို နေပြန်တယ်။

ဈေးအကျိုးဆောင်ရဲ့ လူကြီး ဦးမောင်လှ ညက သူ့အိမ်မှာ သေဆုံး သွားပြီတဲ့။

မနေ့ကတောင် အကောင်းကြီး၊ ဘယ်လိုဖြစ်ရတာလဲ ဦးမောင်လှရယ်။ မောမောနဲ့ ကုလားထိုင်ပေါ် ထိုင်မယ် လုပ်တုန်း ဈေးတာဝန်ခံ ဦးစိုးမြင့် ရောက်လာတယ်။

"မောင်တင်မောင်ရေ ဦးလေးနဲ့ လိုက်ခဲ့စမ်းပါကွာ၊ ဦးမောင်လှ နာရေး အတွက် ဈေးထဲ အလှူခံသွားချင်လို့"

ဈေးတာဝန်ခံက ခေါ်တော့ လည်း မငြင်းသာ။ သူ ယူလာသော အလှူခံဖလားကို ကိုတင်မောင့်ကို ထိုး ပေးတယ်။

ပြီးတော့ သူက ရှေ့က သွား၊ ကိုတင်မောင်က နောက်ကလိုက်၊ တစ် ဆိုင်ဝင် တစ်ဆိုင်ထွက်ပြီး ဈေးအကျိုး ဆောင်လူကြီး ဦးမောင်လှ နာရေးအကူ ငွေကောက်ကြတယ်။

အားလုံးစုံတော့ စက္ကူအိတ်ထဲ ငွေများထည့်ကာ ကော်နှင့်ပိတ်၊ အိတ် ပေါ်မှာ ရရှိငွေကို ရေးပြီး . . .

"ညဆိုင်သိမ်းပြီးပြန်ရင် အသုဘ အိမ်ကို ဝင်ပေးလိုက်ပါ"

ဈေးတာဝန်ခံက သူသွားရမယ့် ကိစ္စကိုသွားရမှာ ဝေးတဲ့အတွက် ကိုတင် မောင်နှင့် လွှဲအပ်ခဲ့တယ်။

ည(၈)နာရီ ဆိုင်သိမ်းပြီးတော့ ဘုရားကြီး အနောက်ဘက် တိုးချဲ့ ကွက်သစ်ရှိဦးမောင်လှ အသုဘအိမ်သို့ ကူငွေများပေးရန် ထွက်လာခဲ့တယ်။

ဘုရားကုန်းလမ်းဆုံ၊ အောင်ချမ်း သာကုန်းထိပ်၊ကညင်ပင်၊ တာဝါ ထမလုံ ကုန်းထိပ်တို့ဟာ အရင်နှင့်မတူ နေ့ရော ညပါ ကားများ၊ လူများ၊ ဆိုင်ကယ်များ နဲ့ စည်ကားလှတယ်။ သို့သော် ထိုနေရာ များတွင် လမ်းမီးတိုင် တစ်တိုင်မှ မရှိ။ ညနေစောင်းလျှင် ကားဆရာ ကိုယ် တော်ချောတို့က တရကြမ်း မောင်းကြ သည်။ မီးမပါဘဲ ကားက လမ်းဖြတ် ကူးသူကို တိုက်တာလည်း ရှိတယ်။

မီးနှစ်လုံးရှိတာ တစ်လုံးတည်း လင်းလို့ ဆိုင်ကယ်ထင်ပြီး ကပ်ရှောင်လို့ အတိုက်ခံရတာလည်းရှိတယ်။ ထိုနေရာ များတွင် ညဘက် လမ်းမီးလေးများရှိရင် ကောင်းလေစွလို့ စိတ်မှာတွေးပြီး ကို တင်မောင်လည်း ဆိုင်ကယ်ကို သတိနှင့် မောင်းခဲ့ရတယ်။

အသုဘအိမ်ရောက်လျှင် ငိုသံ ယိုသံတို့ကြားရလိမ့်မည်လို့ လမ်းတုန်း က တွေးထင်ထားတာတွေသည် ယခု တော့ တက်တက်စင်လွဲနေလေပြီ။

အိမ်ရှေ့ကနားဖျင်းတဲတွင် ဖဲဝိုင်း (၂)ဝိုင်း ရှိသည်။ အိမ်ပေါ်မသာ ခုတင် ခြေရင်းမှာ တစ်ဝိုင်းနဲ့ စည်ကားလှပေ သည်။ အိမ်ရှေ့ မြံအပြင်ဘက်မှာတော့ မီးဆိုင်းလေးများထွန်းကာ ပြောင်းဖူး ပြုတ်၊ မုန့်ဖက်ထုပ်၊ ကြက်ဥပြုတ်၊ ကွမ်း ယာ ဆေးလိပ်ရောင်းသူများနှင့် ဈေး တန်းလေးတစ်ခုဟာ ဘုရားပွဲဇာတ်ရုံရှေ့ က ဈေးဆိုင်တန်းလေးတစ်ခုပမာလိုပဲ။

ဈေးတာဝန်ခံ ပေးခိုင်းလိုက်တဲ့ ငွေအိတ်ကို ဦးမောင်လှ ဇနီးသည်ထံ အပ်နှံပြီး သူတို့ချပေးတဲ့ ပဲလှော်များကို ဝါးနေရင်း မျက်လုံးက အနောက်က ဖဲ ဝိုင်းဆီ ရောက်သွားတယ်။





www.burmeseclassic.com

www.burmeseclassic.com

ထိုဗိုင်းထဲမှာ တစ်ထောင်တန်တို့ ...နေသည်ပဲ။ ဒိုင်ကိုင်တဲ့သူဟာ ... ၂၀ကျော်လောက်ပဲ ရှိဦးမယ် ...တယ်၊ တစ်လှည့် တစ်လှည့်ကိုပင် ...အစား သိန်းနဲ့ချီ ရှိတယ်။

"ဟဲ့, သောက်ပလုတ်တုတ်"

ဗိုင်းထဲရှိ ပိုက်ဆံများကို အာရုံ...နေစဉ် ကိုတင်မောင့်ခါးကြားကို ...ထိုးသလို စလိုက်တဲ့အတွက် လန့်...တယ်။ ထိုသူကို သေသေချာချာ ...လိုက်တော့ ကိုလှထွန်း ဖြစ်နေ...။

မြင့်မြင့်သန်း အမှုကို ကိုင်သော ...ဝင်။ ဝါးဦးထုပ်ကိုဆောင်းကာ ...အိတ်တစ်လုံးနှင့် တုတ်တစ်ချောင်း ...ာ နွားကျောင်းသားတစ်ယောက် ...ောက်ရှာသူပမာ။

ကိုတင်မောင် သူ့နာမည်ခေါ်ဖို့ ...တော့ သူ့ပါးစပ်ရှေ့မှာ လက်ညှိုးကို ...ဖြတ်ပြီး မခေါ်ဖို့ သင်္ကေတနှင့် ...တယ်၊ ကိုတင်မောင့်စိတ်ထဲမှာ ဒုရဲ ...ကိုလှထွန်းကို သံသယ ဖြစ်မိတယ်။

ကိုလှထွန်းဟာ လယ်သမားကြီး ... ရှပ်ဖျက်ပြီး မသာအိမ်မှာ ဖဲလာ ...တာလား၊ ဒါမှ မဟုတ် ဖဲဝိုင်းဖမ်း ...လား။

ဖဲဝင်ရိုက်ရင်တော့ အကြောင်း ...၊ ဖဲဝိုင်းဖမ်းမယ်ဆိုရင် ဖဲဝိုင်းနဲ့ ...ယ်လောက်ဆိုလဲ အကျိုး ဝင်တယ် ... တော်ကြာ ဖဲမရိုက်ဘဲ ဖဲမှုနဲ့အဖမ်း ...ရင် ကျော်မကောင်း ကြားမကောင်း ...လိမ့်မယ်။

ပြန်တော့မယ်လို့ နှုတ်ဆက်ပြီး ...င်းလာတော့ အတက်အဆင်းမှာ ...ထားတဲ့ ဖိနပ် မရှိတော့။ မသာရှင် ... ကူညီပါတယ်၊ အဲဒီထဲက တော်မယ့် ...စ်ရန်ကိုသာ ကောက်စီးသွားတဲ့။

"နေပါစေ ဒေါ်ဒေါ်၊ သူများ ...လဲ မစီးချင်ပါဘူး။ စနေနံ ထွက်သွား ...ယ်လို့ပဲ သဘောထားပါတယ်၊ သွား ...ယ်နော်"

❖

မနက်မိုးလင်းလို့ ဆိုင်ဖွင့်တော့ ထူးခြားတဲ့သတင်းတစ်ခု ကိုတင်မောင် မရောက်ခင် ရောက်နှင့်နေတယ်။

"ဦးလေး. . အပျိုကြီး မခင်ပြုံး ပစ္စည်းတွေခိုးတဲ့ တရားခံအစစ် မိသွားပြီတဲ့"

"ဟေ, မင်းကို ဘယ်သူပြောလဲ"

"အပျိုကြီးဆိုင်က စားပွဲထိုး ငသီး လာပြောတာ"

ကိုတင်မောင် ဒီသတင်းကြားရတာ အလွန် ဝမ်းသာမိတယ်။ တရားခံအစစ်မိရင် မြင့်မြင့်သန်း လွတ်ပြီပေါ့၊ သူ့ပစ္စည်းပျောက်တဲ့ကိစ္စမှာ သူ့ဘက်က မပါဘဲ မြင့်မြင့်သန်းကို အကူအညီပေးတယ်ဆိုတဲ့သတင်း ကြားပြီးကတည်းက တင်မောင့်ကို စကားမပြောဘဲ ခပ်စိမ်းစိမ်းနေတဲ့ အပျိုကြီးမခင်ပြုံးတစ်ယောက် ဒီနေ့ ကိုတင်မောင့်ဆိုင်ကို ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာတယ်။

"ကိုတင်မောင်၊ မင်္ဂလာသတင်း ပြောမလို့"

"မင်္ဂလာသတင်း ဟုတ်လား"

"ဟုတ်တယ်. . ကိုတင်မောင်၊ မင်္ဂလာသတင်း"

"အစ်မကြီး မင်္ဂလာသတင်းဆိုတော့ အိမ်ထောင်ပြုတော့မလို့လား"

"ဟယ်. . ကိုတင်မောင်ကလဲ၊ ဘယ်က အိမ်ထောင်ပြုရမှာလဲ"

"မသိဘူးလေ၊ မင်္ဂလာသတင်း ဆိုတော့ မင်္ဂလာဆောင်မယ် အောက်မေ့လို့ပါ"

"မင်္ဂလာသတင်းဆိုတာ ကျွန်မ ပစ္စည်းတွေခိုးသွားတဲ့ သူခိုးကို ညက မိထားပြီတဲ့"

"ဘယ်က သူခိုးလဲ"

"အဲဒီ တိုးချဲ့ကွက်သစ်ထဲကပဲ၊ လွန်ခဲ့တဲ့ တစ်လလောက်က ကျွန်မ အိမ်နောက်ဖေးမီးဖိုချောင် သစ်သားတွေ ဖျက်ပြီး အုတ်ပတ်ကားတက်တယ်လေ အဲဒီ ပန်းရန်အဖွဲ့ထဲမှာပါတဲ့ ပန်းရန်သမား ဖြစ်နေတယ် ကိုတင်မောင်ရယ်၊ အခု ကျွန်မပစ္စည်းတွေလဲ အကုန်ပြန်ရပြီတဲ့၊ သူတို့အိမ်နားက အသုဘအိမ် ဖဲဝိုင်းမှာ သူက ဖဲဒိုင်ကိုင်တာ၊ လျော်စရာ ပိုက်ဆံကုန်တော့ လက်ကောက်တွေ၊ ဆွဲကြိုးတွေ သူ့အိမ်က သွားပြန်ယူပြီး ပေါင်ရိုက်တာ၊ သူ့ကို မသင်္ကာလို့ ရဲက ဖမ်းပြီး စစ်လိုက်တော့ အဲဒီပစ္စည်းတွေက ကျွန်မ အိမ်က ခိုးသွားတဲ့ ကျွန်မ ပစ္စည်းတွေ ဖြစ်နေရော"

ညက မသာအိမ်မှာ ဒုရဲအုပ် ကိုလှထွန်းကို နွားကျောင်းသားအဖြစ် တွေ့လိုက်ခြင်းဟာ တရားခံဖမ်းဖို့ ဖြစ်လိမ့်မယ် မသိလို့ စိတ်ထဲက ပြစ်မှားမိခဲ့တာကို စိတ်ထဲကပဲ ဘောင်းပန်လိုက်တယ်။

❖

ဒီနေ့ နေ့လယ်ပိုင်း မြင့်မြင့်သန်း အချုပ်မှ လွတ်လာတယ်။ အပျိုကြီးဆိုင်ကိုတော့ ပြန်မလာ။ သူ့အစ်မအိမ်မှာ နေတယ်။ ခေမာရာမ သီလရှင် စာသင်တိုက်မှာ သီလရှင်ဝတ်မယ်လို့လည်း ကြားတယ်။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ဘယ်သူ့ကိုမှလဲ အပြစ် မပြောကြောင်း၊ သူ့အတိတ်က ဝဋ်ကြွေးရှိလို့ ခံရခြင်းလို့ပဲ မှတ်ယူကြောင်း သတင်းတွေ ကြားရတယ်။ မခင်ပြုံးကတော့ မြင့်မြင့်သန်းနဲ့ ပတ်သက်ပြီး ဘာတစ်ခွန်းမှ မပြော။ သူ့ပစ္စည်းတွေ ပြန်ရဖို့ပဲ စိတ်စောနေတယ်။

ထမလုံဘက်မှာ ဓာတ်ခန်းဖွင့်ထားတဲ့ အပျိုကြီးကိုးကွယ်တဲ့ အကြားအမြင်ဘိုးတော် အရပ်ဆရာဒိဗ္ဗလည်း မြင့်မြင့်သန်းလွတ်တဲ့နေ့ တရားခံအစစ်ကို ရဲက ဖမ်းပြလိုက်တဲ့နေ့ကတည်းက ဓာတ်ခန်းပိတ်ထားလိုက်ပြီ။

မပိတ်လို့လဲမဖြစ်၊အဲဒီနေ့ မနက်စောစောကတည်းက သူ့ဓာတ်ခန်းရှေ့ကို ဧည့်သည်တစ်ယောက်ဓာတ်ခန်းမဖွင့်မီကတည်းက ရောက်နှင့်နေတယ်။ လက်ထဲမှာ ဝါးရင်းတုတ်တစ်ချောင်းကိုင်လျက် အကြားအမြင်ဆရာ လူလိမ်ကို မှတ်လောက်သားလောက်အောင်

www.burmeseclassic.com

ရိုက်သတ် ပစ်မယ်လို့ အများတကာ ကြားအောင် ကြိမ်းဝါးနေတဲ့အတွက် အကြားအမြင်ဆရာ ခာတ်ခန်းမဖွင့်ခြင်းလည်း ဖြစ်နိုင်တယ်။

နောက်တစ်နေ့ နေ့လယ်ခင်းမှာ ရဲနှစ်ယောက်နဲ့ တရားခံတို့ အပျိုကြီး မခင်ပြုံးအိမ်သို့သွားကာ ပစ္စည်းများ ခိုးယူပုံကို ပြန်လည် သရုပ်ဆောင်ပြီး မှတ်တမ်းရိုက်ကူးကြတယ်။

လွန်ခဲ့တဲ့ တစ်လကျော်လောက်က ဒီအိမ်နောက်ဖေး မီးဖိုချောင်ပြုလုပ်ရာတွင် သူက ပန်းရန်နောက်လိုက်အဖြစ် ရက်သတ္တပတ် ၂ပတ်ခန့် လုပ်ကိုင်ခဲ့ကြောင်း၊ အလုပ်လုပ်နေစဉ်ကာလအတွင်း အပျိုကြီး မခင်ပြုံး လက်ဝတ်လက်စားရွှေငွေများ ထားသည့်နေရာကို မသိမသာ ကြည့်ထားခဲ့ကြောင်း။

တစ်နေ့ အိမ်ရှင်အပျိုကြီး မရှိခိုက်နှင့် အခြားလုပ်ဖော်များ အလစ်တွင် အပေါ်ထပ်တန်းမှ အပျိုကြီး အခန်းထဲသို့ ကျော်ပြီးဝင်ကာ ခုတင်အောက်မှ ရွှေငွေပစ္စည်းများအား ခိုးယူခဲ့ပါကြောင်း ဝန်ခံဖြောင့်ချက်ပေးတယ်။

❖

တစ်နေ့ အပျိုကြီး မခင်ပြုံးထံ ရုံးဘံဆိပ်နှင့် စာတစ်စောင်ရောက်လာတယ်။ တရားရုံးတံဆိပ်နဲ့စာဖြစ်လို့ အပျိုကြီးဇာစ်ယောက် ဝမ်းသာလုံး ဆို့နေလေသလားမသိ။ အဲဒီရုံးစာအိတ်ကို ကိုင်ပြီး စားပွဲထိုးတွေရော၊ အဖျော်ဆရာတွေ၊ အကြော်ဆရာတွေတင်မက ဆိုင်မှာ စားသောက်နေတဲ့ သူတွေကိုပါ လိုက်ပြနေတယ်။

သူ့ဆိုင်ကလူတွေ စုံတော့ ကိုတင်မောင့်ဘက် ကူးလာပြီး ကိုတင်မောင့်ကို ပြတယ်။

"ကိုတင်မောင်ရေ့ ဥစ္စာရင်းမှန် ပြန်ရဆိုဘဲ့စကား မှန်တယ်နော်၊ တရားရုံးက အခုပဲ စာရောက်လာပြီ၊ ပစ္စည်းတွေ လာပြန်ယူဖို့ အကြောင်းကြားတဲ့ စာပဲဖြစ်မယ်၊ တရားခံလဲ မိထားပြီးပြီ၊ ပစ္စည်းတွေလဲ အကုန်ပြန်ရပြီဆိုတော့ ကျွန်မကို ပြန်ပေးမှာပေါ့နော်၊ ရုံးစာကို သိပ်နားမလည်ဘူး၊ ကိုတင်မောင်က နည်းနည်းနဲ့ စပ်တော့ ဖတ်ပြစမ်းပါ"

စာကောင်းကောင်းမတတ်ရင် မတတ်ဘူးလို့ မပြောဘူး။ ရုံးစာမို့ မဖတ်တတ်ဘူးတဲ့၊ မလိမ့်တပတ် ပြောတယ်။ တတ်လည်းတတ်နိုင်တဲ့ မခင်ပြုံး။

ကိုတင်မောင်လည်း သူပေးတဲ့ ရုံးစာအိတ်ဖောက်ပြီး ဖတ်လိုက်တော့ ပစ္စည်းလာယူဖို့ အကြောင်းကြားစာ မဟုတ်ဘဲ မြင့်မြင့်သန်းက သရေဖျက်မှုနဲ့ တရားစွဲလို့ တရားရုံးက ဆင့်ခေါ်တဲ့စာ။

"အစ်မကြီးရုံးက ဆင့်ခေါ်စာဗျ"

"ရှင် ဟုတ်တယ်လေ၊ ရုံးက ဆင့်ခေါ်ပြီး ပစ္စည်းတွေ ပြန်ပေးဖို့ မဟုတ်လား"

"မဟုတ်ဘူး၊ မြင့်မြင့်သန်းက မခင်ပြုံးကို တရားပြန်စွဲတဲ့စာ"

"ရှင် မြင့်မြင့်သန်းက ကျွန်မကို တရားစွဲတယ်၊ ဘာဖြစ်လို့ စွဲတာလဲ ကိုတင်မောင်"

"သူမခိုးဘဲ သူခိုးပါတယ်လို့ စွပ်စွဲလို့ သရေဖျက်မှုနဲ့ တရားစွဲတာ"

"ဟုတ်လား . . အဲသလို စွဲလို့ရလား"

"ရလို့ပဲ စွဲလိုက်ပြီ၊ သန်ဘက်ခါ မနက်(၁၀)နာရီတိတိမှာ ရုံးတော်ကို အရောက်လာဖို့ ဆင့်ခေါ်တဲ့စာ"

ကိုတင်မောင် ဖတ်ပြလိုက်တော့ မခင်ပြုံးမျက်နှာ ချက်ချင်းညှိုးကျသွားသည်။

"သူက တရားစွဲရင် ကျွန်မ ဘာဖြစ်နိုင်ပါ့ ဟင်"

"ဒီအမှုက ပုဒ်မ - ၅၀၀ ဗျ၊ အနည်းဆုံး ထောင် (၂)နှစ်လောက် ကျနိုင်တယ်"

ကိုတင်မောင်လည်း ကြားဖူးနားဝ ရှိတာ ပြောချလိုက်တယ်။

"ရှင် . . ထောင်(၂)နှစ်တောင် ကျနိုင်တယ် ဟုတ်လား ကိုတင်မောင်"

"ဟုတ်တယ်၊ သူတို့ဘက်က ရွှေ နေဦးလှိုင်ဝင်းက နှစ်နာကြေး သိန်း(၄၀) တောင်းဖို့ မြင့်မြင့်သန်းကို မြှောက်ပေး ထားတယ်"

"ရှင် . . နှစ်နာကြေး သိန်း(၄၀) ပေးရဦးမယ် ဟုတ်လား ကိုတင်မောင်"

"ဂစ် ဂစ် ဂစ် ဝုန်း"

"ဟော့ စန်းစန်းခိုင်တို့ သေ ဖြူမတို့လာကြပါဦး၊ ဒီမှာ မင်းတို့ အ ကြီး ဘာဖြစ်သွားလဲ မသိဘူး"

ကိုတင်မောင် အလန့်တကြ အော်ခေါ်တော့ ဆိုင်ထဲသို့ လူများ လာကြတယ်။

"ဦးတင်မောင်၊ အန်တီပြုံး ဘ လိုဖြစ်တာလဲ"

"ဒီရုံးစာ ဖတ်ပြပါဆိုလို့ ဖတ် လိုက်တာ ပစ်လဲသွားတာပဲ"

"ဦးတင်မောင်၊ အန်တီပြုံး ဘာလုပ်လိုက်တာလဲ"

"ငါ ဘာမှ မလုပ်ရပါဘူး ရာ၊ သူ့ဘာသာသူ ပစ်လဲသွားတာ"

ဈေးထဲရှိ ဆိုင်နီးနားချင်း ကိုတင်မောင့်ဆိုင်ထဲ ရောက်လာ တယ်။ ခြေမ ချိုးတဲ့သူချိုး၊ ငယ်ထိပ် ကြက်သွန်နဲ့ မှုတ်သူမှုတ်၊ ကုနည်းမျိုး နဲ့ ကုနေကြသည်။

"ကိုတင်မောင်နဲ့ . . အပျိုကြီး ဘာဖြစ်လို့လဲ"

"ဘာမှ မဖြစ်ပါဘူးဗျာ၊ သူ့ ဘာသာသူ ပစ်လဲကျသွားတာပါ"

"ကိုတင်မောင် . . အပျိုကြီး ဘာ ဓါလုပ်လိုက်လို့လဲ"

"ကျွန်တော် ဘာမှ မလုပ်ရပါ ဗျာ၊ ကျွန်တော် ဘာမှ မလုပ်ရပါ ဗျာ"

ဝင်းသိဟ(သန်လျင်

□





www.burmeseclassic.com

www.burmeseclassic.com




သပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂၀၁၄)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တပ်ခွဲအား ဤတောင်ကုန်းတွင် နေရာယူထားရန် ညွှန်ကြားလိုက်သဖြင့် ရောက်ရှိလာခြင်း ဖြစ်၏။ ဤဒေသည် ကျွန်တော်တို့ တပ်ရင်းတစ်ခါမှ မဝင်ရောက်ဖူးသေးသော နယ်မြေစိမ်းတစ်ခုလည်း ဖြစ်နေသည်။ နယ်မြေမကျွမ်းသဖြင့် အထူးပင် ဂရုစိုက်ကြရပေမည်။

မြေအနေအထားအရ စိုးမိုးမှုရှိသည့် အချက်အချာမြေဟုဆိုနိုင်သည်။ ကုန်းထိပ်မျက်နှာပြင်အကျယ် ပေတစ်ရာပတ်လည်ခန့် ရှိနေပါသဖြင့် မိမိအင်အားဖြင့် ပတ်လည်လုံခြုံမှု ထိန်းနိုင်သည်။ တောင်ကုန်းထိပ်တွင် ဖွတ်ချေးမြေဆန်ဆန်ရှိနေသဖြင့် သစ်ပင်ကြီးများ လုံးဝမရှိသဖြင့် မိမိတပ်အတွက် ဖုံးကွယ်မှုတော့ မရနိုင်၊ ကျွန်တော် မြေအနေအထားတစ်ခုလုံးအား လေ့လာကြည့်ရာ အရင်တပ်စခန်းချဖူးသည့် ပစ်ကျင်းဟောင်း၊ ဆက်သွယ်ရေးကျင်းဟောင်းများ လုံးဝမတွေ့ရသဖြင့် ကျွန်တော့်စိတ်တွင် တစ်မျိုးတော့ စဉ်းစားမိသည်။ ဤဒေသတွင် လွန်ခဲ့သော ဆယ်နှစ်ကျော်လောက်ကပင် တပ်အဆက်ဆက် နေလာခဲ့ကြသည်။ ဤတောင်ကုန်းမှာ သူ့ပတ်ဝန်းကျင်နှင့်သူ အချက်အချာ စိုးမိုးထားနိုင်သော မြေအနေအထားမျိုးဖြစ်ပါလျက် ယခင်တပ်များ ဘာကြောင့် တပ်မထားခဲ့သလဲ တွေးနေမိသည်။

ကျွန်တော့်တပ်ရင်းမှူး စစ်ကြောင်း (၁) ဌာနချုပ်နှင့် တပ်ခွဲနှစ်ခွဲမှာ ယခင်တပ်နေသွားခဲ့သော ပင်မကုန်း ခေါ်စခန်းဟောင်းကုန်းနှင့် သစ်တပင်ကုန်း၊ ကာကင်းကုန်းများတွင် ဖြန့်ခွဲ နေရာချထားပေးလျက်ရှိသည်။ တပ်နေရာချထားမှုမှာ ခေါင်းဆောင်လုပ်သူ တစ်ဦး၏ အစီအမံနှင့် ကြံရည်ဖန်ရည်ဘို့ကိုများစွာပင် အထောက်အကူပြုနိုင်ပေသည်။

ဤဒေသတွင် အခြားတပ်ရင်းတစ်ရင်းမှ နယ်မြေစိုးမိုးရေးအတွက် စခန်းထိုင်ထားသော တပ်ခွဲမှူး ဗိုလ်မှူးဦးစီးတပ်စုလေးစုနေထိုင်လာခဲ့သည်မှာ လေးလပင် ကျော်လွန်လာခဲ့ပေပြီ။ လွန်ခဲ့သော လေးရက်က ထိုတပ်စခန်းအား ရန်သူ့အင်အားတစ်ထောင်ခန့်ဖြင့် ဝင်ရောက်တိုက်ခိုက်လာသည်။ အင်အားချင်းမမျှသဖြင့် ဒဏ်ရာရစစ်သည်များနှင့် အတူ ဆုတ်ခွာခဲ့ကြရသည်။ ထိုရက်ပိုင်းအတွင်းက ကျွန်တော်တို့ တပ်ရင်း၊ တပ်ရင်းမှူးဦးစီးစစ်ကြောင်း (၁) ဌာနချုပ်နှင့် တပ်ခွဲ (၃) ခွဲမှာ ဗျူဟာအရံအဖြစ် နေထိုင်ရာမှ တိုက်ပွဲဖြစ်ပွားရာသို့ စစ်ကူလိုက်လာခဲ့ရသည်။ တိုက်ပွဲဖြစ်ပွားရာသို့ရောက်ရှိသောအခါ အခြေအနေအရ နယ်မြေအား ထိန်းထားပေးရန် တပ်မဌာနချုပ်က ထပ်မံညွှန်ကြားလာသဖြင့် ကျွန်တော်တို့ စစ်ကြောင်းမှာ ဤဒေသအား စိုးမိုးထိန်းချုပ်ထားရန်ဖြစ်သည်။ ထို့ကြောင့်လည်း ကျွန်တော့်တပ်ခွဲအား တပ်ရင်းမှူး နေထိုင်သော ပင်မကုန်းနှင့် တစ်မိုင်ခွဲခန့်ဝေးသော ဤတောင်ကုန်းအား သတ်မှတ် တာဝန်ပေးလိုက်ခြင်း ဖြစ်သည်။

နောက်တစ်ခုက ကျွန်တော် နေရမည့် ဤတောင်ကုန်းနှင့် ခပ်လှမ်းလှမ်းကိုက်တစ်ထောင်ခန့်တွင် အိမ်ခြေငါးဆယ်ကျော် ခြောက်ဆယ်ခန့် ကော်တိုင်းရင်းသားရွာ တစ်ရွာရှိနေသည်။ အရေးအကြီးဆုံးမှာ ထိုရွာသို့ ရန်သူအဝင်အထွက်ရှိနိုင်သည်။ ရန်သူ့လှုပ်ရှားမှု အားလုံးကို ထိုရွာမှတစ်ဆင့် သတင်းရယူပြီး မြေပြင်သတင်းဌာနအဖြစ် ကျွန်တော်နှင့် ရွာသူကြီးတို့ အဆက်အသွယ်ပြုလုပ်ပြီး ရွာသားများအား စည်းရုံးထားရှိရေးကိုလည်း တပ်ရင်းမှူးမှ မှာကြားလိုက်သည်။

မည်သို့ဆိုစေ ကျွန်တော့်တပ်ခွဲသည် ဤတောင်ကုန်းအား ဖြန့်ခွဲနေရာယူထားရမည်ဖြစ်သဖြင့် ပစ်ကျင်းများ၊ ဆက်သွယ်ရေးကျင်းများနှင့် နေထိုင်ရန်

တဲများဆောက်လုပ်ရန် ပြင်ဆင်ကြ[illegible]
သည်။ ပါလာသော ပလတ်စတစ်စများ[illegible]
ဖြင့် တဲထိုးဆောက်လုပ်နေကြစဉ် ရွာ[illegible]
ကြီး အပါအဝင် ရွာသားသုံးယော[illegible]
ကျွန်တော့်ထံ ရောက်ရှိလာကြသည်။

"ဗိုလ်ကြီးတို့ ဒီတောင်ကုန်း[illegible]
မနေတာအကောင်းဆုံးပဲ၊ အခုက မိုး[illegible]
ကျရာသီဆိုတော့ . . . ဒီကုန်းက မိုး[illegible]
လာရင် မိုးကြိုးခဏခဏပစ်တာ ခ[illegible]
တယ်၊ လွန်ခဲ့တဲ့ ခြောက်နှစ်လောက်[illegible]
တပ်စုတစ်စုရောက်လာပြီး ဒီကုန်း[illegible]
ညအိပ်ရင်း မိုးကြိုးပစ်ခံရလို့ ရဲဘေ[illegible]
သုံးယောက် ညိုမည်းပြီး သေဆုံးသွား[illegible]
တယ်၊ မိုးကျလာရင်တော့ ရဲဘော်[illegible]
သည်ဖြစ်စေ မရှိသည်ဖြစ်စေ မိုးကြိုး[illegible]
တော့ အမြဲပစ်တယ်၊ ဒါကြောင့် တော[illegible]
ထိပ်မှာ သစ်ပင်တောင်မပေါက်နိုင်တေ[illegible]
ဘူး၊ ရွာသားတွေကတော့ မိုးကြိုး[illegible]
ကုန်းလို့ ခေါ်နေကြတယ် ဗိုလ်ကြီး"

ကျွန်တော်လည်း ရောက်[illegible]
ပင် စဉ်းစားမိသည်။ တောင်ထိပ်[illegible]
သစ်ပင်မပေါက်၊ တပ်များစခန်းချ[illegible]
နေရာမတွေ့ရခြင်းမှာ အခုမှ အဖြေ[illegible]
ပေါ်လာသည်။ သို့သော် တပ်ရင်း[illegible]
အား ပြန်လည်တင်ပြလျှင် တစ်မျိုး[illegible]
မည် အထင်လွဲသွားနိုင်သည်။ ကျွ[illegible]
တော့်အနေဖြင့် မည်သည့်အထင်မျိုး[illegible]
မှ မခံနိုင်ပါ။ မိုးကြိုးပစ်ခါမှ ပစ်ရော[illegible]
သာ ဆုံးဖြတ်ထားလိုက်သည်။ ရွာသ[illegible]
များအား လက်ဖက်ရည်ဖျော်တိုက်[illegible]
ဧည့်ခံရင်း စကားပြောဖြစ်ကြသည်။

"ဒါဆိုရင် ဒီတောင်ကုန်း[illegible]
မကောင်းဆိုးဝါး တစ္ဆေများရှိလို့ မိုး[illegible]
ပစ်တာလားဗျာ၊ ကျွန်တော်ငယ်ငယ်[illegible]
ကြားဖူးတာတော့ သစ်ပင်၊ တော[illegible]
ကျောက်ဂူတွေမှာ မကောင်းဆိုး[illegible]
တစ္ဆေများရှိနေရင် မိုးကြိုးပစ်တတ်[illegible]
လို့ ကြားဖူးတယ်၊ အဲသလိုများ ဖြစ်[illegible]
သလားဗျာ"

"မဟုတ်ဘူး ဗိုလ်ကြီး၊ ဒီ[illegible]
ကုန်းမှာ ဘာတစ္ဆေမှမရှိဘူး၊ တစ္ဆေ[illegible]
မိုးကြိုးပစ်တယ်ဆိုရင် . . . ဟိုး . . .





www.burmeseclassic.com

www.burmeseclassic.com

မြင်နေရတဲ့ တောအုပ်နဲ့ ညောင်ပင်ကြီး ရှိတဲ့နေရာမှာ တစ္ဆေတွေ အများကြီး ရှိတယ်၊ ရွာသားတွေဆို ခဏခဏ ဖမ်းစားခံရတယ်၊ အဲဒါဘာလို့ မပစ်တာလဲ၊ တစ်ခါမှ မိုးကြိုးပစ်တယ် မကြားဖူးဘူး"

ရွာသား တစ်ယောက်က ခပ်လှမ်းလှမ်း ညောင်ပင်ကုန်းတောအုပ်သို့ လက်ညှိုးညွှန်ကာ ပြန်မေးလာသဖြင့် ကျွန်တော်အဖြေမပေးနိုင်ဘဲ နှုတ်ဆိတ်နေလိုက်ရသည်။ အမှန်တော့ ကျွန်တော်ငယ်ငယ်က အဘိုး၊ အဘွားများ ပြောပြသော တစ္ဆေပုံပြင်ထဲက ကလေးအတွေးကို တောင်ပေါ်သားများ လက်ခံမလားလို့ ပြောကြည့်ခြင်း ဖြစ်သည်။ သူတို့မှာ တောင်ပေါ်သား ဆိုသော်လည်း အတွေ့အကြုံအရ မြင်တွေ့ သိရှိနေရသဖြင့် ယခုကဲ့သို့ ပြောဆိုနိုင်ခြင်း ဖြစ်ပေမည်။

"ဒါဆိုရင် ဒီတောင်ကုန်းကို ဘာကြောင့်များ အမြဲကြီးကြီးနဲ့ မိုးကြိုးပစ်နေရတာလဲဗျာ"

ဟု ကျွန်တော်ပြန်လည် မေးမြန်းမိသည်။ အခုလို မေးမြန်းရခြင်းမှာ တောင်ပေါ်သားများ၏ မိုးကြိုးခဏခဏပစ်နေသော ဤနေရာအား ဘယ်လိုများ ယူဆတွေးထင်ထားကြသနည်း။ သူတို့၏ တွေးထင်ယူဆထားသည်မှာ မှန်သည် ဖြစ်စေ၊ မှားသည် ဖြစ်စေ ကျွန်တော်သိရှိရပါက ထူးဆန်းသော မှတ်စုတစ်ခုရရှိမည်ဟုလည်း မျှော်လင့်မိခြင်းဖြစ်သည်။

ထိုအခါ သူကြီးဖြစ်သူက. . .

"အကြောင်းမရှိဘဲ မိုးဦးကျနှင့် မိုးနှောင်းကာလတွေမှာ မိုးကြိုး ခဏခဏ အပစ်ခံရတယ်ဆိုတာ ကျွန်တော်တို့ တောင်ပေါ်သားအမြင်ပေါ့ ဗိုလ်ကြီး၊ ဒီတောင်ကုန်းရဲ့ မြေကြီးအောက်ထဲမှာ ထူးဆန်းတာတစ်ခုတော့ရှိရမယ်၊ ဒီလိုမှ မဟုတ်ရင် သတ္တုသိုက်တစ်ခုခုရှိမယ်လို့လဲ ထင်ထားကြတယ်၊

ဟိုးယခင်ကာလက ပြည်ကြီးသားတွေ အုပ်စိုးတုန်းကလဲ ဒီအတိုင်းပြောခဲ့တာ ရှိတယ်လို့ ပြောနေကြတယ် ဗိုလ်ကြီး"

သူကြီးပြောသော ပြည်ကြီးသားဆိုသည်မှာ ဤဒေသသည်ပဒေသရာဇ်ခေတ်နှောင်းပိုင်း တရုတ်ပြည် ယူနန်ပြည်နယ်ထဲသို့ ဆွဲသွင်းခဲ့ဖူးသည်။ ပြီးတော့လည်း တရုတ်ဖြူကူမင်တန်များကို ကွန်မြူနစ်များ တိုက်ထုတ်လိုက်သဖြင့် ထွက်ပြေးလာကာ ကျွန်တော်တို့ မြန်မာ့မြေအစွန်အဖျားတွင် တရုတ်ဖြူများ နှစ်အတော်ကြာ အုပ်ချုပ်နေခဲ့သည်ကို သူကြီးဆိုလိုခြင်း ဖြစ်သည်။ သူကြီးနှင့် ရွာသားများမှာ တပ်ရင်းမှူးနေသော စခန်းဟောင်းကုန်းသို့ သွားရန်ရှိသေးသဖြင့် ကျွန်တော်စကားဖြတ်ကာ တပ်ရင်းမှူးထံသို့ လွှတ်လိုက်သည်။

ညနေစောင်းတွင် ရွာသားများက သက်ငယ်ပျစ်များ လာရောက်ပို့ပေးကြသဖြင့် ကျွန်တော်တို့စခန်းပေါ်တွင် သက်ငယ်တဲကလေးများဖြင့် ဟန်ကျပန်ကျ ဖြစ်သွားခဲ့လေသည်။

အချိန်ကာလအားဖြင့် ဇွန်လထဲရောက်လာသဖြင့် မိုးသည်းထန်စွာ ရွာတတ်သလို တစ်ပတ်ဆယ်ရက် နေပူပြီးရာသီဥတုကသာယာနေတတ်ပြန်သည်။ ထိုကဲ့သို့ နေပူလိုက်သဖြင့် တပ်စခန်းအပြင်ဘက် တောအုပ်အချို့တွင် စားကောင်းသော ဝါဆိုမှို (တချို့ဒေသတွင် ဖက်စွတ်မှို)ဟုခေါ်သော မှိုများပွင့်သဖြင့် ရဲဘော်များ သွားရောက်ခူးယူ လာကြသည်။ မှိုများမှာ အပွင့်အငုံ အားလုံးပေါင်း နှစ်ထောင်ကျော်ခန့် ရှိပေမည်။ ကျွန်တော့်တပ်ခွဲ တစ်ခွဲလုံး စားမနိုင်သဖြင့် အပွင့်အငုံ အလှဆုံးများရွေးကာ တပ်ရင်းမှူးနှင့် အရာရှိများအတွက် မှိုင်းရာခန့် ပို့ပေးလိုက်သည်။

တပ်ရင်းမှူးနှင့် အရာရှိများကလည်း အခုလို အစားအသောက်ရှားပါးသော နေရာမှာ မှိုစားရမည်ဖြစ်သဖြင့် ဝမ်းသာ ကျေးဇူးတင်ကြောင်း ပြောလိုက်သေး၏။

ထိုနေ့ညနေက ကျွန်တော့် စခန်းအပြင်ဘက်ကြော့တွင် နေထိုင်သော ဗိုလ်တင်ထွန်းတပ်စုမှလွဲလျှင် ကျွန်တော်အပါအဝင် အားလုံးမှိုတောက်ပြီး မူးဝေအော့အန်ကုန်ကြတော့သည်။ မှိုစားကြသူချင်း အတူတူ ဗိုလ်တင်ထွန်းတပ်စု ဘာမှမဖြစ်သဖြင့် အခြေအနေကို ဆက်သွယ်ရေးစက်ဖြင့် လှမ်းမေးကြည့်ရာ တပ်ရင်းမှူးစခန်းတွင်လည်း ဘာမှမဖြစ်ကြ၊ စားလို့ကောင်းလွန်းသဖြင့် နောက်ထပ်ရလျှင် ပို့ပေးရန်ပင် ပြောလိုက်သေးသည်။ ကျွန်တော့်စခန်းတွင်တော့ မှိုတောက်နေကြသဖြင့် ဆေးမှူးအား အမြန်လွှတ်ရန် ပြောလိုက်ရသည်။ မကြာခင်မှာ ဆေးမှူးရောက်ရှိလာပြီး အားလုံးကို ဆေးထိုး၊ ဆေးတိုက်ပေးရာ မှိုတောက်သောဝေဒနာ သက်သာသွားသဖြင့် ဝမ်းသာသွားကြရသည်။

ယခုတောက်သောမှိုမှာ မြန်မာတစ်ပြည်လုံး စားသောက်ကြသဖြင့် ဈေးများ၌ပင် အလုအယက်ဝယ်ရသောမှိုဖြစ်သည်။ ဝါဆိုမှိုဆိုလျှင် လူတိုင်းလည်း သိကြသည်၊ စားလည်း စားကြသည်။ ယခုတွင် အခြားသူများ ဤမှိုကို စားသော်လည်း ဘာမှမဖြစ်ကြ၊ ကျွန်တော်နေသော စခန်းသစ်ကုန်းတစ်ခုသာလျှင် မှိုတောက်သော ဝေဒနာခံစားရသည်မှာ စဉ်းစားမရ၊ ကျွန်တော်တို့ တပ်မတော်တွင် မှိုမစားရ အမိန့်ကို ကကန ကောင်စီအမိန့်ဖြင့် ထုတ်ပြန်ထားရှိပါသည်။ ထိုအမိန့်ညွှန်ကြားချက်နှင့်အတူ တွဲဖက်မစားရသော အသား၊ အသီး၊ အရွက်များကိုလည်း အမည်နာမများ ဖော်ပြပြီး ဧပြီလ မိုးမကျခင်မှာ တစ်နိုင်ငံလုံး တပ်ရင်းတပ်ဖွဲ့ တပ်စခန်းများသို့ ဖြန့်ဝေထားပြီးဖြစ်ပါသည်။ ယခုကဲ့သို့ စခန်းတစ်ခုလုံး မှိုတောက်ပြီး တုံးလုံးပက်လက်ဖြစ်နေစဉ်မှာ တာဝန်ရှိသူ ကျွန်တော့်အနေဖြင့် အလွန်ပင် ထိတ်လန့်တုန်လှုပ်စွာ ခံစားခဲ့ရပါသည်။

နောက်နေ့မနက်ပိုင်းတွင် စခန်းသစ်တည်ဆောက်မှုအား တပ်မှူး ...



www.burmeseclassic.com

www.burmeseclassic.com

ရောက်စစ်ဆေးပါသည်။ ထိုသို့ စစ်ဆေး [illegible] "မင်းတို့ [illegible] လုပ်ကြံတာ အပီပဲဟေ့" ဟု ရယ်မော ရောအမြစ် ထည့်ပြောသွားခဲ့ပါသည်။

ထိုစစ်ဆင်ရေးအပြီးတွင်လည်း နောက်တန်း ပြန်ရောက်ချိန် အရာရှိ မိသားစုများ လက်ဆုံစားသောက်ပွဲတွင်လည်း နောက်ပြောင်ကာ "ဗိုလ်ကြီး ကောင်းစံ ကျွန်တော့်ကို မှိုကျွေးပြီး လုပ်ကြံတာ အပီပဲဟေ့၊ ကံကောင်းလို့ မသေတာ" ဟူ၍လည်းရယ်မောနောက်ပြောင်ကာ ပြောခဲ့ဖူးသေးသည်။

ကျွန်တော်တို့ မှိုတောက်သော ကိစ္စကို ဘယ်လိုပဲပြောပြော ထိုစခန်းသစ်ကုန်းတွင် မေလမှ အောက်တိုဘာလအထိ နေခဲ့ရသဖြင့် ထူးဆန်းအံ့သြဖွယ်ရာများ ဆက်ဆက်ကြုံတွေ့ခံရသည့် မှတ်စုများရရှိခဲ့သည်မှာ အမှန်ဖြစ်သည်။

ထိုကဲ့သို့ စခန်းတစ်ခုလုံး မှိုတောက်ပြီး သုံးရက်အကြာတွင် မိုးမရွာဘဲ နေသာသည်မှာ တစ်ပတ်ခန့်ရှိနေသဖြင့် ပတ်ဝန်းကျင်တောင်တန်းကြီးများမှာလည်း ပြာမှိုင်းညို့မှောင်သော မူလအရောင်များ လွင့်ပြယ်ကာ နေရောင်ပျပျ ထွန်းလင်းနေသဖြင့် ခရမ်းရောင်ကတ္တီပါခြုံလွှာကို လွှမ်းထားဘိသကဲ့သို့ အလွန်ပင် ရှုမောဖွယ်ရာ တစ်မျိုး ဖြစ်နေပေသည်။ ကျွန်တော့်မှာ ခရမ်းရောင်လွှမ်းသော ရှမ်းတောင်တန်းကြီးများဆီသို့ ရှုမျှော်ငေးမောနေမိစဉ် တပ်ကြပ်ကြီးမောင်ပေါက် အိပ်သောတဲထဲမှ. . .

" မြွေ. . .မြွေ. . . မြွေ. . .
ဖြန်း. . . ဖြန်း. . . ဖြန်း"

အော်သံနှင့်အတူ ဝါးလုံးဖြင့် ရိုက်နှက်သံကိုပါ ကြားလိုက်ရသဖြင့် ကျွန်တော် အပြေးလိုက်သွားပြီး . . .

"ဘာမြွေလဲဟ"

မေးလိုက်စဉ် ဆရာကြီးမောင်ပေါက် ဝါးလုံးဒုတ်တစ်ချောင်းဖြင့် ကော်မ,ယူလာသော ကျပ်လုံးသာသာ အရှည် တစ်လံခန့် ရှေ့နောက်ပြူနေသော မြွေကြီး တစ်ကောင်အား တွေ့လိုက်ရသည်။ မြွေသေအား မြေပြောင်ပြောင်တွင်ချကာ အားလုံးဝိုင်းကြည့်ကြရင်း ဝေဖန်ချက် အမျိုးမျိုးကို တစ်ယောက်တစ်ပေါက် ပြောဆိုကြသည်။ တပ်ကြပ်ဆရာမြင့်ကျော်က. . .

"ဒီမြွေမျိုးတစ်ခါမှ မမြင်ဖူးဘူး၊ တစ်ကိုယ်လုံးက အဖြူဆိုတော့ ရန်မလို အဆိပ်မရှိတဲ့ပုံပဲ၊ မြွေသူတော်ကောင်း ဖြစ်မယ်ထင်တယ်"

ဟုထင်ကြေးပေးသလို တချို့ အတွေ့အကြုံရှိဖူးသော ရဲဘော်များကလဲ "နေရောင်မရတဲ့ ကျောက်ခေါင်းထဲမှာ အကြာကြီးနေခဲ့ရလို့ အဖြူရောင်ပြောင်းသွားတာဖြစ်နိုင်တယ်" ဟု ဝေဖန်ပြောဆိုပြန်သည်။ ထိုစဉ် တွင်းရှေ့ကြော တွင်နေထိုင်သော ဗိုလ်တင်ထွန်းရောက်လာပြီး. . .

"အစ်ကိုကြီး. . မြွေကိုကြည့်ရတာအစောင့်မြွေဖြစ်ဖို့များတယ်၊ တခြားမြွေနဲ့မတူဘူး၊ အစောင့်မြွေသာဖြစ်မယ်ဆိုရင် မကောင်းဘူး၊ ခိုက်တတ်တယ်လို့ ကြားဖူးတယ်"

ကျွန်တော်လည်း အမျိုးမျိုး ဝေဖန်သူများစကားကြောင့် အတော်ပင် ဦးနှောက်ခြောက်သွားမိသည်။ တစ်ယောက်တစ်မျိုး ဝေဖန်မှုတွေကိုလည်း ကောက်ချက်ဆွဲကြည့်သည်။ အားလုံး ဖြစ်နိုင်၏။ သို့ကြောင့်. . .

"ကဲ. . . မင်းတို့ပြောတာ အားလုံးမှန်လိမ့်မယ်၊ မြေကြီးခေါင်းထဲမှာ အကြာကြီးနေလာခဲ့လို့ ဖြူသွားတဲ့ မြွေဖြူဟာ သူတော်ကောင်းပဲ၊ အစောင့်မြွေဖြစ်ဖို့လဲ များတယ်၊

ဘာမှ ဝေဖန်မနေကြနဲ့တော့၊ မြွေဆိုတာရန်သူပဲ၊ မြေကျင်းနက်နက်တူးပြီး မြှုပ်လိုက်တာအကောင်းဆုံးပဲ၊ ကဲ သွားမြှုပ်လိုက်ကြတော့"

ကျွန်တော် ပြောလိုက်သောကြောင့် မြွေဖြူဇာတ်လမ်းဝေဖန်မှု ပြတ်သွားသည်။ သိပ်မကြာလိုက် ညနေစောင်းလေးနာရီလောက်တွင် အနောက်တောင်ဘက်မှ မိုးသားတွေ ညို့ညို့မည်းမည်း တက်လာပြီး သုံးမိုင်ခန့်ဝေးသော တောင်သုံးလုံးနေရာတွင် သဲကြီးမဲကြီး ရွာချနေသည်ကို လှမ်းမြင်နေရသည်။ တောင်ဘက်ခြမ်းတွင်လည်း လျှပ်စီးများ အတန်းလိုက် အတန်းလိုက် လင်းလက်ပြီး မိုးခြိမ်းသံများ "ဂျိမ်း ဒလိန်း လိန်း ဂျိမ်း" ပေါက်ကွဲသံများက ထမင်းအိုးပွက်သလို ဆူညံနေသည်။ မကြာပါ. . မိုးရော မိုးခြိမ်းသံများပါ ကျွန်တော်တို့ ခေါင်းပေါ် ရောက်လာသည်။ နေပူနေရင်း ရုတ်ခြည်းမိုးထရွာတော့ မိုးခြိမ်းတာ မိုးကြိုးပစ်တာမဆန်းဘူး သဘာဝပဲဟု ကျွန်တော်တွေးနေမိစဉ် စခန်းအပေါ် တည့်တည့်လောက်မှ. . .

"ဂျိမ်း. . ဒလိန်း လိန်း. . ဂျိမ်း. ရှိုး. . ."

နားကွဲမတတ် ပြင်းထန်သော အသံနှင့်အတူ ဆယ်ပေပတ်လည်ခန့်ရှိသော အလင်းတန်းကြီးတစ်ခု အမြန်နှုန်း ပြင်းစွာဖြင့် ကျွန်တော်တို့စခန်းပေါ်သို့ ထိုးကျလာသည်။

ထိုစဉ် ကျွန်တော်မှ ရှိသမျှသော အသံကုန်ဖြင့်. . .

"နေရာယူ"

အော်သံနှင့်အတူ လေ့ကဲ့သို့ လျင်မြန်သော ရဲဘော်များမှာ ကောင်းကင်တွင် စွန်ရဲကို မြင်တွေ့ရသော ကြက်ကလေးများပမာ တစ်ဟုန်ထိုး ပြေးမှောက်ဝပ်ချလိုက်ကြလေသည်။

"ဂျိမ်း. . . ဒိုင်း"

ပေါက်ကွဲသံကြီးကြောင့် စခန်းကုန်းတစ်ခုလုံး တုန်လှုပ်မြည်ဟည်းသွားလေသည်။ ကင်းတဲတွင် ကင်းစောင့်နေသော တပ်သားအောင်မြင့်ကြည်မှာ ကင်းတဲအမိုးလန်ကာ လူတစ်ကိုယ်လုံး အပေါ်သို့ မြောက်တက်သွားပြီး သေနတ်တခြား လူတခြား မြေကြီးပေါ်သို့ "အုံး"ခနဲ ပြန်အကျမှာ လုံးဝမထနိုင်တော့ဘဲ သတိလစ်ကာ မေ့မြောသွားခဲ့ရသည်။





www.burmeseclassic.com

www.burmeseclassic.com

မြင်တွေ့သူ ရဲဘော်တစ်ယောက် အော်လိုက်သဖြင့် မိုးရွာနေသည့်ကြားက ပြေးထွက်ဝိုင်းမပြီး တဲထဲသွင်းကာ ဆေးတပ်သားဖြင့် ပြုစုကြသည်။ အောင်မြင့်ကြည်မှာ လုံးဝ သတိမရ၊ တပ်ရင်းမှူးထံသို့ မိုးကြိုးပစ်လူနာရှိကြောင်း ဆေးမှူးအမြန်လွှတ်ပေးရန် သတင်းပို့လိုက်ရသည်။ သိပ်မကြာခင်မှာ ဆေးမှူးအဖွဲ့ရောက်ရှိလာပြီး ပြုစုကုသရာ အောင်မြင့်ကြည် သတိရလာသဖြင့် အားလုံးဝမ်းသာသွားကြရသည်။

အောင်မြင့်ကြည် ပြောပြသည်မှာ. . .

"စူးရှတဲ့ မိုးကြိုးအလင်းတန်းက ခေါင်း ခြံစည်းရိုးနားမှာ ကျရောက်ပေါက်ကွဲတာ၊ အဲဒီအလင်းတန်း စက်ကွင်းထဲ ဝင်ပါသွားရင်တော့ ကျွန်တော့်တစ်ကိုယ်လုံး ပြာကျသွားမလား မသိဘူး၊ အခု ကျွန်တော့်နား ကွဲသွားပြီနဲ့ တူတယ်၊ ဘာသံမှ မကြားရတော့ဘူး"

ဟု တုန်တုန်ရီရီဖြင့် ပြောပြသည်။ အောင်မြင့်ကြည်မှာ မိုးကြိုးစက်ကွင်းမမိသော်လည်း အပေါ်သို့ မြောက်တက်ကာ မြေကြီးပေါ် ပြန်ကျသောဒဏ်ကြောင့် ခါးဆစ်ရိုးက ခန္ဓာကိုယ်အား မထိန်းနိုင်၊ ထိုင်၍ပင် မရသဖြင့် စောင်ပုခက်ထမ်းစင် ပြုလုပ်ကာ စစ်ကြောင်းရုံးသို့ ဆေးမှူးနှင့်အတူ ထည့်ပေးလိုက်ရလေသည်။

*

ဇူလိုင်လဒုတိယဖြစ်သော်လည်း မိုးမရွာဘဲ နေကျိုက်ကျိုက်ပူနေသည်။ မနက်စောစောနှင့် ညပိုင်းတွင် နှင်းမှုန်များ တဖွေးဖွေး ကြွေဆင်းနေတတ်သည်။ ရဲဘော်များမှာလည်း ပြင်ပတိုက်ကင်းထောက်ကင်းများမရှိသဖြင့် စာအုပ်ကိုယ်စီဖြင့် တဲထဲတွင် ငြိမ်ကုပ်နေကြသည်။

ထိုကဲ့သို့ ငြိမ်ကုပ်ကာ စာဖတ်အလေ့အကျင့်ရအောင် ကျွန်တော်က တပ်ခွဲအတွက် ကျောပိုးအိတ် စာကြည့်တိုက် လုပ်ပေးထားသည်။

လကုန်ပြီး ရှေ့တန်းသို့ လစာများလာပို့လျှင် သတင်းစာတစ်လစာနှင့် လစဉ်ထုတ် မဂ္ဂဇင်းများ၊ အသစ်ထွက် ဝတ္ထုစာအုပ်များ အတွေးအမြင်စာပေများကို နောက်တန်းတွင် ချန်ထားခဲ့သော လစာတာဝန်ခံ တပ်ကြပ်အား လစဉ်ထည့်ပေးခိုင်းထားသည်။ သို့မှလည်း စစ်သည်များ အပျင်းလည်းပြေ ဗဟုသုတလည်းရ စာဖတ်အလေ့အကျင့် တိုးပွားအောင် ရည်ရွယ်ပြီး ယခုကဲ့သို့ ကျောပိုးအိတ် စာကြည့်တိုက် လုပ်ပေးထားခြင်း ဖြစ်သည်။

တစ်နေ့ည ဆယ်နာရီခန့်တွင် ကျွန်တော်အိပ်သော တဲအထဲတွင် ဖယောင်းတိုင်မီး ထွန်းကာ ဆရာကြီး မင်းသိခ်၏ မနုစာရီဝတ္ထုကြီးအား ဖတ်ရှုနေစဉ်၊ ကျွန်တော်အိပ်သော အိပ်စင်ခြေရင်းမှ. . .

"ဗျွန်း. . . ဗျွန်း" နဲ့ ပျော့အိသော အရာဝတ္ထုတစ်ခု ပြုတ်ကျသံလို ကြားလိုက်ရသဖြင့် ဖတ်နေသောစာအုပ်အား ဘေးသို့ချကာ နားစွင့်ထောင်နေမိသည်။ ခဏအကြာတွင် ယောင်ထားသော စစ်စိမ်းရောင် နိုင်လွန်ဇာခြင်ထောင်ခြေရင်း လှုပ်ယမ်းလာသည်ကို တွေ့ရသည်။ ကျွန်တော့်စိတ်ထဲတွင် အနည်းငယ် တုန်လှုပ်သွားမိ၏။ ဘာပါလိမ့်။ ခဏလေးကြာသောအခါ ခြင်ထောင်တစ်ခုလုံးကို ခြင်ထောင်အောက်နားသို့ အလေးတစ်ခုဖြင့် ဖိဆွဲလိုက်သလို တွဲအိလှုပ်ယမ်းနေသဖြင့် ကျွန်တော် မသင်္ကာစိတ်ဖြင့် ဘထိုင်ကာ ခေါင်းအုံးအောက်မှ ကျည်ထိုးထားသော ပစ္စတိုသေနတ်အား ဆွဲထုတ်လိုက်သည်။ ထိုစဉ်မှာ ကျွန်တော့် ခြေထောက်အား ပျော့အိအေးစက်သော အရာဝတ္ထုတစ်ခု ခြင်ထောင်နဲ့လုံးထွေးကာ ထိတွေ့ခံစားလိုက်ရသည်။ ခေါင်းနားပုန်းကြီးပြီး ကြက်သီးမွေးညင်းများ ထလာကြ၏။ ထိုနေရာသို့ လက်နှိပ်ဓာတ်မီးဖြင့် ထိုးကြည့်လိုက်ရာ၊ လက်မောင်းလုံးခန့် ရွှေဝါရောင်မြွေကြီးတစ်ကောင် ခြင်ထောင်အောက်နားနဲ့ လုံးထွေးကာ ကျွန်တော့်အား ခေါင်းထောင်ကြည့်နေသည်ကို တွေ့လိုက်ရသည်။

ကျွန်တော့်မှာ ကြောက်ရွံ့နေခိုန်ပင်မရတော့ဘဲ လက်ဦးမှုရယူကာ မီးရောင်လို တောက်ပစူးရှနေသော မျက်လုံးနှစ်ခုအောက်နားသို့ လှမ်းချိန်ကာ "ဒိုင်း"ခနဲ ပစ်ချလိုက်သည်။ မြွေကြီးမှာ သေနတ်ထိမှန်သွားသဖြင့် အိပ်စင်ပေါ်မှ မြေကြီးသို့ ပြုတ်ကျသွားလေသည်။ အိပ်စင်အောက်တွင် "ဝရုန်း ဝရုန်း ဖြန်း ဖြန်း ရှူး ရှူး" ဖြင့် နှာမှုတ်သံများ ဆူညံသွားလေသည်။

သေနတ်သံကြောင့် ဆရာကြီးမောင်ပေါက်နှင့် တပ်စိတ်မှူးများရောက်လာကာ လှမ်းမေးကြသည်။ မိမိမှ မြွေကြီးတစ်ကောင်အား ပစ်ချထားကြောင်း တဲထဲသို့ အရမ်းဝင်မလာကြရန် သတိပေးလိုက်ရ၏။ သို့သော်လည်း တပ်ကြပ်ကြီးမောင်ပေါက်နှင့် တပ်ကြပ်အောင်ကျော်မြင့်တို့မှာ အလွန်လျင်မြန်ပြီး စိတ်ချရသူများ ဖြစ်သဖြင့် လက်နှိပ်ဓာတ်မီး၊ တုတ်ကိုယ်စီဖြင့် တဲထဲသို့ အတင်းဝင်ရောက် ရှာဖွေကြသည်။ မြွေကြီးအား လုံးဝမတွေ့ပေ။ သွေးကွက်များကိုပင် မတွေ့ရသဖြင့် ကျွန်တော်ကိုယ့်ကိုယ်ကိုယ် အလွန် အံ့ဩမိ၏။ ဓာတ်မီးရောင်ဖြင့် သေသေချာချာချိန်ပစ်သည်။ အကွာအဝေးမှာ လေးပေထက်မပို ထိသွားမှာတော့သေချာသည်။ ဘာဆိုဘာမှ မတွေ့ရခြင်းမှာ အိပ်မက်လည်း မဖြစ်နိုင်။ ထွန်းထားသော ဖယောင်းတိုင်၊ ဖတ်နေသော စာအုပ်၊ ပစ်ထားသော သေနတ်ပြောင်းဝမှ ထွက်နေသော ယမ်းငွေ့နှင့် ယမ်းနံ့များ ရှိနေဆဲ ဝေ့ဝဲနေဆဲပင်။

မြွေကြီးကို လုံးဝရှာဖွေမတွေ့ကြသဖြင့် "ဗိုလ်ကြီး အိပ်မက် မက်တာပါ" ဟု ပြောကာ ဆရာကြီးမောင်ပေါက်တို့အဖွဲ့ နေထိုင်ရာတဲများသို့ ပြန်သွားကြသည်။ ကျွန်တော် အိပ်ရာဝင်ရန် ကြောက်ရွံ့နေမိသည်မှာ အမှန်ပင်။



www.burmeseclassic.com

www.burmeseclassic.com

ဤမြေကြီးကိစ္စက ဘယ်လိုလဲ၊ မိမိအပေါ် ရန်ပြုဖို့လာရင်း ခြင်ထောင်ထဲဝင်ရန် ကြိုးစားစဉ် ခြင်ထောင်အောက်နားသို့ အစသပ်ထားသဖြင့် အလွယ်တကူ ဝင်မရခြင်းဖြစ်ပေမည်။ ပထမတွေ့ရသော မြွေမှာ အဖြူရောင်၊ ယခု တွေ့လိုက်ရသောမြွေမှာ အဝါရောင်မြွေ၊ ပတ္တမြားရောင် မျက်လုံးအစုံဖြင့် ရွှေရောင်မြွေကြီးဟု ပြောနိုင်သည်။ ထူးဆန်းနေသည်ကတော့ အမှန်ပင်။ တစ်နေ့က ဗိုလ်ကြီးတင်ထွန်း ပြောသလို အစောင့်မြွေများ ဖြစ်နေသလားဟု တွေးလာမိ၏။ သို့ကြောင့် အိပ်စင်ကွပ်ပျစ်ပေါ် ပြန်ထိုင်လိုက်ပြီး ခြင်ထောင်အောက်နားသို့ သေသေချာချာ အစသတ်လိုက်ကာ ဘုရားရှိခိုးသည်။ အနန္တသတ္တဝါများသို့ မေတ္တာပို့သည်။

ဤတော ဤတောင်ရှိ တောပိုင်တောင်ပိုင် အစောင့်အရှောက်များ ရှိနေပါက-မိမိတို့မှာ နိုင်ငံ့ဝန်ထမ်းများ ဖြစ်နေသဖြင့် အမှားအယွင်းများရှိပါက ခွင့်လွှတ်ရန် တောင်းပန်၏။ အစောင့်အရှောက်များ ရှိနေပါက မိမိအား သိသာထင်ရှားအောင် အိပ်မက် (သို့) တစ်ခုခုဖြင့် ပြသပေးပါရန် မေတ္တာပို့ အမျှဝေပြီး အိပ်ရာဝင်လိုက်သည်။

နောက်တစ်နေ့ ညနေစောင်းချိန်တွင် ဆက်သွယ်ရေးမြောင်း အတိုင်း လျှောက်သွားနေသော မြွေဖြူကလေးသုံးကောင်ကို တွေ့ရပြန်သည်။ မြွေဖြူကလေးများမှာ အခြားငန်းမြွေကလေးများကဲ့သို့ ဦးခေါင်းထောင်ကာ မာန်ဖီနှာမှုတ်နေသည်ကို မတွေ့ရပါ။ တုတ်ချောင်းကလေးဖြင့် ဆွပေးသော်လည်း ရန်လိုဒေါသထွက်သည်ကို မတွေ့ရ။ တကယ့် မြွေသူတော်ကောင်းလေးများပင်။ ကျွန်တော်တို့ ထိုမြွေကလေးများကို ကြည့်ကာ သနားလာမိသည်။ တစ်နေ့က ဆရာကြီးမောင်ပေါက် ထဲထဲတွင် အသေသတ်လိုက်သော မြွေဖြူကြီးမှာ ဒီကလေးသုံးကောင်၏ မိခင်ပင်ဖြစ်နေလေသလား၊ မိခင်မရှိတော့သော ဒီမြွေဖြူလေး သုံးကောင်အတွက် ဂရုဏာသက်မိသည်။ သို့သော်လည်း သတ္တဝါတိုင်းမှာ ကံစီမံရာအတိုင်း သတ္တဝါတစ်ခု ကံတစ်ခုပင် ဖြစ်ကြပါသည်။

သို့ကြောင့်လည်း ဆရာကြီးမောင်ပေါက်နှင့် ဆရာအောင်ကျော်မြင့်တို့အား စခန်းနှင့်ဝေးရာ အခြားတစ်နေရာသို့ သွားရောက်လွှတ်ပေးရန် ပြောကြားလိုက်ရသည်။

ကျွန်တော်တို့ မြွေဖြူကလေးများအတွက် တမြည့်မြည့်တွေးကာ စိတ်မကောင်းဖြစ်မိပါသည်။ သို့သော်လည်း သတ္တဝါတစ်ခု ကံတစ်ခုပင်ဖြစ်ကြောင်းဖြင့် အတွေးထဲမှ ကြိုးစားမေ့ပျောက်လိုက်ရပါသည်။

တစ်နေ့တွင် တောင်သုံးဘက်သို့ တိုက်ကင်းသွားရန်ရှိသဖြင့် စောစောထကာ လက်ဖက်ရည်နှင့် ထမင်းကြော်စီမံနေသော တပ်သားလှအောင် မြွေကိုက်ခံရကြောင်း သတင်းလာပို့သဖြင့် ကျွန်တော်အပြေးအလွှား သွားရောက်ကြည့်ရှုပြီး ကိုက်နေသောနေရာအထက်ဖက်မှ ပတ်တီးကျပ်ကျပ်စည်းပေးထားရန် မှာကြားပြီး စက်ခန်းထဲသို့သွားကာ တပ်ရင်းမှူးထံသို့ မြွေကိုက်လူနာရှိသဖြင့် ဆေးမှူးအမြန်လွှတ်ပေးရန် သတင်းပို့လိုက်သည်။

သိရသည်မှာ တပ်သားလှအောင် လက်ဖက်ရည်ဖျော်နေစဉ် မီးဖိုထဲ ထရံအစပ်တွင် စုပုံအိပ်နေသော လက်မသာသာ မြွေကလေးများအား တုတ်တစ်ချောင်းကောက်ကာ ရိုက်သတ်လိုက်သည်။ ထိုသို့ မြွေများကို သတ်နေစဉ် အခြားတစ်နေရာမှ မြွေတစ်ကောင် ပြေးဝင်လာပြီး ခုန်ဟပ်ကာ အတင်းဝင်ကိုက်ကာ ထွက်ပြေးသွားကြောင်း သိရသည်။ မြွေကိုက်သည့် နေရာမှာ ခြေသလုံးအထက်ပိုင်း ဒူးဆစ်အောက်နားဖြစ်သဖြင့် ဒူးဆစ်အထက်မှ ပတ်တီးကျပ်ကျပ်စည်းလိုက်သောအခါ မြွေဆိပ်ကြောင့် ခြေသလုံးတစ်ခုလုံး ရောင်ကိုင်းလာသည်ကို တွေ့ရသည်။

လှအောင်သတ်ထားသော မြွေကလေးများမှာ အဖြူနှစ်ကောင်၊ အဝါတစ်ကောင် ဖြစ်နေသည်။ တစ်နေ့က အပြင်တောစပ်သို့ သွားလွှတ်လိုက်သော မြွေဖြူများတော့ မဟုတ်။ သည်ကောင်တွင် အဖြူထဲမှာ အနက်ကျားလေးများ အနည်းငယ်ပါရှိနေသည်ကို တွေ့နေရသည်။ လှအောင်အား ကိုက်ပြီး ထွက်ပြေးသွားသောမြွေမှာ အလွန်လျင်မြန်ပြီး အဆိပ်ပြင်းသော တောကြီးမြွေဟောက်ဖြစ်နိုင်ကြောင်း ခန့်မှန်းပြောဆိုကြသည်။

စစ်ကြောင်းမှ ဆေးမှူးရောက်ရှိလာသဖြင့် လူနာအား စစ်ဆေးပြီး ဆေးထိုးဆေးတိုက် ပြုလုပ်ပေးသည်။ လူနာမှာ ခြေထောက်တစ်ချောင်းလုံး ရောင်ကိုင်းနေသည်ကလွဲပြီး အားလုံးကောင်းမွန်သည်။ သို့သော်လည်း အခြေအနေအား တစ်ပတ်ခန့်စောင့်ကြည့်ရန်လိုသဖြင့် လူနာအား စစ်ကြောင်းရုံးသို့ ထည့်ပေးလိုက်ရသည်။

ဤစခန်းသစ်ကုန်းတွင် ယခုကဲ့သို့ ပြဿနာတစ်ခုပြီးတစ်ခု ဖြစ်ပေါ်နေရခြင်းမှာ အသိရခက်သော ဖြစ်ရပ်တစ်ခု ဖြစ်နေသည်။ စခန်းဟောင်းဆိုလျှင် မြွေများ၊ ကြွက်များ ခိုအောင်းနိုင်သော တွင်းခေါင်းတောင်ပို့နှင့် အမှိုက်သရိုက်များရှိနေလျှင် အထူးစဉ်းစားစရာမလို။ ယခုက စခန်းအသစ်ဆောက်ခါစ အခြားတိရစ္ဆာန်မဆိုထားနဲ့ ခြင်များပင်နေစရာမရှိသေးပေ။ စခန်းတစ်ခုလုံး ခြံစည်းရိုးအထိ အပြောင်ရှင်းကာ တံမြက်စည်းလှည်းထားသည်။ မြွေများ ကြွက်များနေထိုင်ပေါက်ဖွားစရာ မရှိပါဘဲနှင့် ယခုကဲ့သို့ မြွေများ ခဏခဏတွေ့ရှိနေရခြင်းမှာ မည်သို့သော အကြောင်းများရှိနေလေသနည်း။

ဗိုလ်တင်ထွန်း ပြောသလို အစောင့်မြွေဖြစ်နေလျှင် မိမိအနေဖြင့် တောပိုင်တောင်ပိုင် အစောင့်အရှောက်များအား တောင်းပန်ထားပြီးဖြစ်သော်လည်း ယခုထပ်မံရောက်ရှိလာရုံမကဘဲ





www.burmeseclassic.com

www.burmeseclassic.com

...င် အန္တရာယ်ပြုသွားခဲ့သည်မှာ
...ဘဲ မနေနိုင်အောင်ဖြစ်ရသည်။
...ရှိသူ ကျွန်တော့်အနေဖြင့် နည်း
... အဖြေရှာကြည့်မိသည်။ လုံး၀
... သိရှိနိုင်ရန် ခက်ခဲလေစွ၊ ရှင်းရှင်း
...လျှင် သာမန်လူသားများ မသိ
...ည်နိုင်သော နက်နဲခက်ခဲသော
...လောက၏ ဖြစ်ရပ်တစ်ခုနှင့်ပင်
...နွယ်ပတ်သက်နေခြင်းပင်လားဟု
... တွေးလာမိသည်။

ကျွန်တော်သည် အိပ်ရာဝင်
...ရာထတို့တွင် နေ့စဉ် ဘုရားရှိခိုးပြီး
...အစချီကာ ပရိတ်၊ ပဋ္ဌာန်းများ
...တ်လေ့ရှိသည်။ စစ်အုည်များကို
... မြွေတွေ့လျှင် မသတ်ဘဲ ဝေးရာ
...တ်ပေးရန် ပြောထားလိုက်သည်။
...သို့ ပြောထားပြီးနောက်ပိုင်းတွင်
...က်ရှိလာသော မြွေဖြူကလေးများ
... ကျော့ကွင်းဖြင့် ဖမ်းယူကာ အဝေး
...နေရာသို့ လွှတ်ပေးခိုင်းလိုက်သည်။
...တ်ရာတွင်လည်း မေတ္တာပို့ အမျှ
... ပြန်လွှတ်ရန်မှာကြားထားသည်။

စက်တင်ဘာလထဲသို့ ရောက်
... တစ်နေ့တွင် ရာသီဥတုကောင်း
...ဖြင့် တပ်ကြပ်ကြီးမောင်ပေါက်နှင့်
...စုတစ်စုအား စခန်း၏ အနောက်
...ခြမ်း သုံးလေးမိုင်ပတ်လည် နယ်
...ရှင်းလင်းရန် နေ့ချင်းပြန်လွှတ်လိုက်
...ည်။ ကျွန်တော်လည်း နေ့ခင်းပိုင်း
...ဆောင်ထဲဝင်ကာ မဂ္ဂဇင်းတစ်အုပ်
... ဖတ်နေရင်း အိပ်ပျော်သွားသည်။
...ဉ်မှာ အသက်နှစ်ဆယ်ကျော်အရွယ်
...ရှိချုံထားသော ဟိန္ဒူကုလားမလေး
...စ်ယောက် တဲထဲသို့ရောက်ရှိလာပြီး
...န်တော့်အား စကားပြောပါသည်။ သူ
...ကားကို ကျွန်တော် နားမလည်ပါ။
...လားမလေးကိုသာ စိုက်ကြည့်နေမိ
...ည်။ မျက်ခုံးကောင်းကောင်း၊ မျက်
...ောင်ကော့ကော့၊ မျက်ခုံးနှစ်သွယ်
...ကြားမှာ ဆေးအနီစက်ကလေး တို့ထား
...ည်။ မျက်နှာနှင့်ခန္ဓာကိုယ် သွယ်လျ
...ဖြင့် ပိုလှသည်ဟု ထင်မိသည်။

သူပြောသောစကားကို ကျွန်တော် နားမလည်သဖြင့် စိတ်မရှည်စွာ အလျင်အမြန်ပင် သူ့လက်များကို ထုတ်ပြသည်။ သူ့လက်ချောင်းကလေးများမှာ အံ့ဩဖွယ်ရာ ကျွန်တော့်စခန်းကုန်းမှာ ခဏခဏတွေ့နေရသော မြွေဖြူကလေးများဖြစ်ပြီး တစ်ကောင်နဲ့တစ်ကောင် အလုအယက် တွန့်လိန်ကောက်ကွေးရုန်းကန်နေကြသည်ကို မြင်တွေ့ရသဖြင့် ကျွန်တော်အံ့ဩထိတ်လန့်သွားမိသည်။ သူ ကျွန်တော့်အား စကားအများကြီး ပြောချင်ပုံရသည်။ သူ့အားကြည့်ရသည်မှာ အရေးတကြီးဖြင့် တစ်ခုခုအား စိုးရိမ်ကြောက်ရွံ့မှု ဖြစ်နေပုံမျိုးဖြင့် ပျာယာခတ်နေသည်ကို တွေ့ရသည်။ မကြာခင်မှာပင် သူပြန်မယ်ဟု လက်ဟန် ခြေဟန်ဖြင့်ပြောပြီး ကောင်းကင်ပေါ်သို့ လက်ညှိုးထိုးကာ သူကြောက်ရွံ့ကြောင်းပြောပြီး တဲထဲမှ ပြေးထွက်သွားလေသည်။

ကျွန်တော် လန့်နိုးသွားပြီး အိပ်ရာမှ ထထိုင်လိုက်သည်။ ကုလားမလေး ပြေးထွက်သွားရာသို့ အပြေးလိုက်ကြည့်မိသည်။ ပတ်ဝန်းကျင်ကို လှမ်းကြည့်ရှာဖွေသည် ဘာမှမတွေ့ရ။ တောင်ဘက်ခြမ်းကောင်းကင်ပြင်တွင် မိုးသားများပြည့်လျှံကာ တဝုန်းဝုန် တဒိုင်းဒိုင်း မိုးခြိမ်းသံများ ဆူညံနေသည်။ မြောက်ဘက်ခြမ်းတွင်တော့ နေက ချစ်ချစ်တောက် ပူနေဆဲပင်။ မိုးဖွဲလေးများကျလာသဖြင့် ကျွန်တော်တဲထဲသို့ ပြန်ဝင်လိုက်ပြီး၊ ဘယ်လိုလဲ အိပ်မက်လား တကယ်လား ခွဲခြားမရနိုင်။ ကုလားမလေးကောင်းကင်ပေါ် လက်ညှိုးထိုးပြခဲ့သည်မှာ မိုးရွာတော့မည်ဖြစ်ကြောင်း ပြောသွားဟန်တူကြောင်း တွေးမိနေစဉ်

"ဒိန်း . . ဒလိန်း လိန်း. ဂျိမ်း. . "

ပြင်းထန်သော ပေါက်ကွဲမှုကြောင့်နားကွဲမတတ်ခံစားလိုက်ရသည်။ ထိုစဉ်မှာ စခန်းတွင် ကျန်နေခဲ့သော ရဲဘော်များအသံ တရုန်းရုန်း ထွက်ပေါ်လာသည်။

"ဟ. . စခန်းပေါ်ကို မိုးကြိုးပစ်တယ်. . ဟေ့" ပြောသံ ကြားလိုက်ရသဖြင့် ကျွန်တော်တဲထဲမှပြေးထွက်လိုက်သည်။ အပြင်တွင် ဆရာအောင်ကျော်မြင့်နှင့် ရဲဘော်များ ဆရာကြီးမောင်ပေါက် အိပ်သောတဲအား ဝိုင်းကြည့်နေကြသည်ကို တွေ့လိုက်သဖြင့် . . .

"ဘာဖြစ်သေးသလဲ လူကိုထိသွားလား" ဟု မေးမြန်းလိုက်ရာ ဆရာအောင်ကျော်မြင့်က . . .

"လူတော့ ဘာမှမဖြစ်ဘူး၊ ဆရာကြီးမောင်ပေါက် တဲကတော့ အကုန်မည်းသွားတာပဲ ဗိုလ်ကြီး"

တော်ပါသေးသည် လူဘာမှမဖြစ်လို့၊ မကြာသေးသော မေလကမှ ဆောက်လုပ်ထားသောတဲ၊ သက်ကယ်များ သစ်ဝါးများမှာ အားလုံးအသက်စက်စက် မီးသွေးချောင်းများ ဖြစ်သွားခဲ့ရသည်။ တဲအတွင်းရှိ ခြင်ထောင်၊ စောင်၊ ယူနီဖောင်းအားလုံး အခေါက်လိုက် ပြာဖြစ်နေသည်ကို တွေ့ရသည်။ ပထမတစ်ခါ ခြံစည်းရိုးအပြင်ဘက်သို့ ပစ်တုန်းက ဒီလိုမဟုတ်။ အခု တစ်ခါတော့ ထူးဆန်းနေသည်။ ထိုကဲ့သို့ ထူးခြားဆန်းကြယ် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာ ကြုံတွေ့နေရသည်မှာ ဘာကြောင့်ပါလိမ့် တစ်ခုခုတော့ အကြောင်းထူးရှိနေမည်မှာ အမှန်ပင်။ စောစောက အိပ်မက်လိုလို တကယ်လိုလို တွေ့လိုက်ရသော လက်ချောင်းများတွင် မြွေဖြူကလေးများဖြင့် ကုလားမလေးတစ်ယောက် ကောင်းကင်သို့ လက်ညှိုးထိုးကာ ပြေးထွက်သွားခဲ့သည်။ သူက ဤတောင်စခန်းကုန်းနှင့် ဘယ်လိုပတ်သက်နေသလဲ၊ ပြီးတော့ မိုးကြိုးပစ်ခြင်း၊ တွေးသာ တွေးလိုက်ရသည်။ ဘဲဉ အစရှာမရသောကိန်းထက် မကျော်နိုင်ဖြစ်ရသည်။

အောက်တိုဘာ လဆန်းပိုင်းတွင် အခြားတပ်ရင်းတစ်ရင်းမှ လာရောက်လဲလှယ်မည်ဖြစ်သဖြင့် စောင့်မျှော်နေ



www.burmeseclassic.com

www.burmeseclassic.com

ကြရသည်။ စစ်သည်အားလုံးမှာ စစ်ဆင်ရေးပြန်နားချိန်တွင် မိသားစုများနှင့် ပြန်တွေ့ရမည့်အရေးတွေးကာ ပျော်ရွှင်နေကြသည်မှာ အမှန်ပင်။ လာလဲမည့် တပ်ရင်းမှာ ကျိုင်းတုံသို့ ရောက်ရှိနေသဖြင့် နောက်အလွန်ဆုံး သုံးရက်ဆိုလျှင် ရောက်လာကြတော့ပေမည်။

ကျွန်တော့်မှာ လာလဲမည့် တပ်အား စနစ်တကျ လွှဲပြောင်းနိုင်ရေးအား ကြိုတင်ပြင်ဆင်ထားရသည်။ နယ်မြေဒေသအခြေအနေနှင့် ဦးတည်ရန်သူအလေ့အထ၊ ပြည်သူလူထုစိတ်သဘောနှဲဆက်ဆံရေး၊ စခန်းတည်ဆောက်ထားမှုနှင့် သောက်သုံးရေ ရရှိမှု၊ ထူးခြားဖြစ်စဉ်များစသည့် ခေါင်းစဉ်များပါဝင်သော လွှဲပြောင်းလက်ခံဖိုင်တွဲကြီးအား ရေးသားထားပြီး ဖြစ်သည်။ ကျွန်တော် တွေ့ကြုံခဲ့ရသော မှိုတောက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြွေကိုက်ခံရခြင်းအပြင် စခန်းအတွင်း မြွေဖြူများ အမြဲတမ်းလိုလိုတွေ့ကြုံနေရခြင်း စသည့် သာမန်ထူးခြားဖြစ်စဉ်ထက် ထူးခြားဆန်းကြယ်သော ဖြစ်ရပ်ဆန်းများ ပါဝင်နေသဖြင့် လက်ခံသူ အရာရှိအနေဖြင့် အလေးအနက်ထားကာ လက်ခံနိုင်ပါမည်လား၊ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ၊ ကြုံတွေ့ခဲ့ရသော ရာသီဉတုနှင့် နေ့ရက်အချိန် နေ့စဉ် စစ်ရေး အစီရင်ခံစာပါ ရည်ညွှန်းဖော်ပြပေးထားခဲ့သည်။

ထိုနေ့တွင်ပင် စခန်းအတွင်း၌ လက်မလုံးခန့်အရွယ် မြွေဖြူကလေးများ လေးငါးကောင်ခန့်စီအား တစ်နေရာပြီး တစ်နေရာ နေရာတိုင်းလိုလိုမှာ အစုလိုက် အပြုံလိုက်တချို့နှင့် ဆက်သွယ်ရေးကျင်းများတွင် ပျော်မြူးလှုပ်ရှားနေကြသည်ကို မြင်တွေ့ရသည်။ ထိုမြွေဖြူကလေးများအား မနှောက်ယှက်စေဘဲ ခြင်းတောင်းစုတ်ကလေးဖြင့် ထည့်ကာ အဝေးသို့ လွှတ်ပေးနေခဲ့ရသည်။ တစ်နေ့လုံး သွားရောက်လွှတ်ပေးခဲ့ရသည်မှာ အကောင်နှစ်ဆယ်ကျော် ရှိခဲ့သည်။ မြွေဖြူကလေးများမှာ မည်သို့မျှရန်လိုခြင်းမရှိ။ အမြဲနူးညံ့သိမ်မွေ့ပြီး သနားစရာ အလွန်ကောင်းကြသည်။ ထူးဆန်းလေစွဟုသာ တွေးမိပါသည်။

နောက်နေ့မနက်ပိုင်းတွင် လဲလှယ်သည့်တပ် ရောက်ရှိလာသဖြင့် ကျွန်တော့်တပ်ခွဲမှ စစ်သည်များ ပစ္စည်းသိမ်းကာ စခန်းအပြင် ထွက်ပေးပြီး အသစ်ရောက်လာသော တပ်မှ ဝင်ရောက်နေရာယူကြသည်။ ကျွန်တော်တို့ တပ်ခွဲမှူးနှစ်ယောက်မှာ အခြေအနေ သိသင့်သိထိုက်သည်များကို ပြောဆိုကြပြီး လွှဲပြောင်းလက်ခံဖိုင်တွဲအား လက်မှတ်ထိုးကာ တပ်ရင်းမှူးစစ်ကြောင်းနှင့်အတူ ထိုစခန်းမှ ပြန်လည်ထွက်ခွာလာခဲ့ပါတော့သည်။

လမ်းတစ်ဝက်အရောက် နေ့လယ် ၁ နာရီခန့်တွင် စစ်ကြောင်းအား ခဏအနားပေးရင်း ထိုင်နားကြသည်။ ကျွန်တော်လည်း ကိုယ်နေခဲ့သော စခန်းသစ်ကုန်းရှိရာဘက်သို့ လှမ်းကြည့်လိုက်မိ၏။ ထိုဧရိယာတစ်ဝိုက်တွင် မိုးသားများ မည်းမှောင်ကာ သဲကြီးမဲကြီးရွာချနေသည်ကို လှမ်းမြင်နေရသည်။ ကျွန်တော် စစ်ကြောင်းအတွက် လွယ်မွေတွင် ယာဉ်တန်းရောက်ရှိနေသဖြင့် ခရီးပြင်းနှင်လာခဲ့ရသည်။ ထိုည ၁၀ နာရီတွင် လွယ်မွေသို့ရောက်ရှိပြီး မော်တော်ယာဉ်များဖြင့် ဆက်ထွက်လာခဲ့ရာ ကျိုင်းတုံသို့ရောက်ရှိ ညအိပ်ခဲ့ကြသည်။ ကျိုင်းတုံသို့ ဒုတပ်ရင်းမှူး စစ်ကြောင်း (၂) မရောက်လာသေးသဖြင့် ဆက်လက် စောင့်ဆိုင်းကြရပြန်သည်။

နောက်နေ့မနက်တွင် သတင်းဆိုးတစ်ခုကြားလိုက်ရသည်။ ကျွန်တော်နေခဲ့သော စခန်းသစ်ကုန်းအား မနေ့ကနေ့လယ်ပိုင်း မိုးသည်းထန်စွာ ရွာသွန်းနေစဉ် မိုးကြိုးများ အဆက်မပြတ် ပစ်ချရာ ရဲဘော်တစ်ယောက် မိုးကြိုးထိမှန်ကြောင်း၊ အခြားရဲဘော်တစ်ယောက်မှာလည်း မြွေကိုက်ခံရပြီး စစ်ကြောင်းဆေးမှူးဖြင့် ကုသနေရကြောင်း (မစိုးရိမ်ရ) ဆိုသော သတင်းကို ကြားလိုက်ရသည်။ ကျွန်တော် မြွေဖြူကလေးများ
ကိုလည်း မြင်ယောင်သတိရလာမိသည်
မိမိတို့နေခဲ့စဉ်က အသေအပျောက်မ
ခဲ့သည်ကိုပင် ကျေးဇူးတင်မိ၏။ အမှ
တော့ ဤစခန်းသစ်ကုန်းသည် တစ်ခု
တစ်ခု ထူးဆန်းနေသည်မှာ အမှ
မည်သို့ထူးဆန်းသည်ကိုတော့ မည်သူ
သိနိုင်မည်မဟုတ်ပေ။ အသိရခက်
အဖြေမရှိသော နာမ်လောကတစ်ခု
အဖြစ်အပျက်ကို အခြေခံပြီး ဖြစ်ပ
နေ ခြင်းပင်လားဟုလည်း တွေးထင်
ဖြစ်ပါသည်။

ထိုကဲ့သော ထူးဆန်းအံ့ဩဖွ
အဖြစ်အပျက်များကို တစ်သက်
တစ်ကိုယ် လူတိုင်းကြုံဖူးခဲ့ကြပေ
သို့သော် ကျွန်တော်ကြုံခဲ့ရသည့် ဖြစ်
ဆန်းများမှာ ကျွန်တော်တို့နေထိုင်
လူ့လောက၏ အတွင်းမှာပင် ဖြစ်
သော်လည်း ဤလောကအတွင်း
တော့ ဟုတ်မည်မထင်ပါ။ အပြင်
က ဘစ်ခုခုနှင့် ဆက်နွယ်ပတ်သ
ဖြစ်ပျက်နေသည်ဟုသာတွေးမိပါသ
အမှန်တကယ် ဤလောကအတွ
အပြစ်အပျက်သာ အမှန်ဖြစ်မည်
လျှင် အကြောင်းကြောင့် အကျိ
တည်မှု ဆက်စပ်တွေးတောပါက အ
တစ်ခု ရရှိနိုင်လိမ့်မည်ဟုလည်း တွေ
သည်။ ယခုတွင်မူ ဘယ်လိုအကြေ
များနှင့် ဆက်စပ်ပတ်သက်နေ
တောက်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ မြွေ
ခံရခြင်း၊ မြွေဖြူများ အလွန်ပေါ
ခြင်းဆိုသော မသုံးလုံးတောင်ကုန်း
ဂမ္ဘီရနှင့်ဆိုင်သော သဘောသက်
နေသည်ဟု ကျွန်တော်ယူဆခဲ့ပါ
စာရှုသူများအနေဖြင့်လည်း ဆ
တွေးကြည့်စေချင်ပါသည်။

ကျွန်တော့်စိတ်ထဲမှာတော့ အ
မရသော ဂမ္ဘီရမမရယ် ဟူ၍သာ
တိုင် မှတ်ချက်ပြုနေမိပါတော့သ

**မှတ်ချက်** ။ ၁၉၈၁ ခုနှစ်က စစ်ဆင်ရေးတွင် ကိုယ်
ခဲ့ရသော အဖြစ်အပျက်များ ဖြစ်သည်။

**ကောင်းစံပိုင်း(ဗန်မော်**


❑

လပြည့်ဝန်းမဂ္ဂဇင်း (ဒီဇင်ဘာလ၊ ၂



www.burmeseclassic.com

www.burmeseclassic.com



ဂွန်ဒေါင်းနဲ့ တင်ဆောင်လာခဲ့သော အုတ်များကို သက်ဆိုင်ရာနေရာသို့ဆောင်သယ်ချခဲ့ပြီးပြီဖြစ်၍ ဘကြူးအဖို့ စိတ်လက်ပေါ့ပါးသွားသလို ခံစားလိုက်ရသည်။ သူသည် အငှားလိုက် ဂွန်ဒေါင်းမောင်းသမားတစ်ဦးဖြစ်သည်။

သူ့ဒေသ ကော့မှူးဘက်မှာက အုတ်ဖုတ်လုပ်ငန်း ရှိသည်။ အရည်အသွေး ကောင်းမွန်၍ ဈေးနှုန်းလည်း သင့်တင့်သည်မို့ နေရာအသီးသီးက မှာကြလေသည်။ အုတ်ဖုတ်လုပ်ငန်းပိုင်ရှင် ဦးသာတင့်က အမှာရလာသမျှကို ရက်ချိန်း အတိအကျဖြင့် မှာယူသူ စိတ်တိုင်းကျ ပို့ဆောင်ပေးလေ့ရှိ၏။ ဒီအခါမျိုးဝယ် ဘကြူးလည်း အလုပ်ကောင်းနေပြီ။

ဘကြူးက အလုပ်ကို အလုပ်နှင့်တူအောင် လုပ်တတ်သူဖြစ်လေသည်။

သည့်အတွက် အုတ်ဖုတ်လုပ်ငန်းကိုသာမက ဂွန်ဒေါင်းကိုပါ ပိုင်ဆိုင်သော ဦးသာတင့်က လက်လွှတ်မခံနိုင်ခြင်းပဲ ဖြစ်သည်။ တစ်ခုတော့ရှိသည်။

ဘကြူးအဖို့ အလုပ်ရှင်ခိုင်းစေသော လုပ်ငန်းမှန်သမျှ ထောင့်စေ့အောင်၊ ပီပြင်အောင် လုပ်ဆောင်မြဲလုပ်ဆောင်တတ်သော်ငြား သူ့လုပ်ငန်းလည်း ပြီးပြတ်ပြီ၊ မှောင်ခြည်လည်း သန်းပြီဆိုလျှင်တော့ ဘယ်သူတားတားမရပြီ။

နီးစပ်ရာ ဘုံဆိုင်တစ်ဆိုင်ဆိုင်ထဲဝင်၍ အကြိုက်တွယ်ပါလေတော့သည်။ သည်နေရာ၌ ဘယ်လောက်ပဲ ရေချိန်လွန်သည်ဖြစ်စေ မည်သူမည်ဝါနှင့်မျှ စကားပြောအဆင်မပြေခြင်း၊ ခိုက်ရန်ဖြစ်ပွားခြင်းမရှိတတ်ဘဲ တဟင်းဟင်းနှင့်သာ ရယ်မောနေတတ်သူ ဖြစ်ချေ၏။

သို့ရာတွင် ထိုသို့သောအချိန်အခါမျိုး၌ ဆက်ရက် တောင်ပံကျိုးကလေးများနှင့် ဆုံစည်းတွေ့ကြုံရလျှင်ဖြင့် ကြောင်ပုစွန်ပါး ကြွပ်ကြွပ်ဝါးသည့် အလားဝါသနာကြီးလှသည်သာ။ ဒီတော့ သူပင်ပင်ပန်းပန်းနှင့် ရှာဖွေခဲ့သမျှသည်

www.burmeseclassic.com

ဘုံဆိုင်တွင်လည်းကောင်း၊ အပျော်ကိစ္စများတွင်လည်းကောင်း လူမိုက်နှင့်ငွေအတူမနေဆိုသည့်ထုံးကို နှလုံးမူလေဘိသည့် အလား။

ခု အုတ်လာပို့ရသည့် နေရာက ဒလမြို့နယ်၏ ကမ်းနားဘက်ပိုင်းမှာဖြစ်သည်။ ကော့မှူးမှတင်ဆောင်ခဲ့သော အုတ်တို့ကို ဒလကမ်းနားဘက်ပိုင်းရှိ ဆောက်လက်စ တိုက်အိမ်၏ ဝင်းခြံထဲ၌ ချပေးရသည်။ တကယ်ဆိုလျှင် ကိုယ်က ယာဉ်မောင်းသူ။ ယာဉ်ကိုသွားလို လာလိုရာ မောင်းအပြီး၌ ဖုတ်ဖက်ခါ၍ အေးအေးလူလူနေမည်ဆိုလျှင် ဖြင့်နေနိုင်သည့်အနေအထားမှာရှိသည်။

သို့ရာတွင် ဘကြူးက လူတစ်မျိုး။ သူ့ခြေ သူ့လက်နှင့် မောင်းနှင်ရသည့် ဂွန်ဒေါင်းပေါ်သို့ အုတ်တွေ တင်တော့လည်း ကိုယ်တိုင်တင်ပြီး သပ်သပ်ရပ်ရပ် စေ့နေအောင် စီသည်။ သည့်အတွက် အလုပ်ရှင်က ကျိတ်ပြီးတော့ ကျေနပ်သည်။ နောက် အုတ်ပို့ရမည့် နေရာရောက်တော့လည်း ကိုယ်တိုင် အုတ်ကိုချသည်။ ကိုယ်တိုင် သပ်သပ်ရပ်ရပ်ဖြစ်အောင် စီသည်။

သည်တော့ အုတ်ဝယ်သူကလည်း သဘောကျသည်။ သည်သို့ သဘောကျခြင်း၏ နောက်ဆက်တွဲမှာတော့ ဘကြူး အရည်ဖျော်ဖို့ အပျော်လိုက်ဖို့ အပိုလုပ်ခငွေကြေးတွေ လျှံလာသည်သာ။

ဘကြူးသည် ဂေါက်တံလှည့်စက်နှိုးပြီးနောက် ဒလကူးတို့ဆိပ်ရှိရာသို့ ဦးတည်လိုက်လေသည်။ အချိန်က ညနေ ၏ ဧရိယာထဲသို့ တစ်စတစ်စ တိုးဝင်လာခဲ့ပြီ။ ကော့မှူးကို ပြန်ဖို့တစ်ခုက လွဲလို့ ဘာမှ လေးလံသောဝန်ထုပ်ဝန်ပိုးတစ်ခုမျှ မရှိ။ ကူးတို့ဆိပ်ဝန်းကျင်က စားသောက်ဆိုင်(ယမကာလည်း ရသည့်ဆိုင်)တစ်ဆိုင်ဆိုင်ကို ဝင်မည်၊ ပြီးလျှင် အမြည်းကောင်းကောင်းနှင့် အရသာခံမည်။ အစာပိတ်ကျတော့မှ သူကြိုက်သော ကြက်အသည်းအမြစ်နှင့် ထမင်းကြော်မှာကာ တစ်နေ့တာ၏ အကန့်ကို ရပ်နားလိုက်မည်ဟု ဆုံးဖြတ်ထားခဲ့လေသည်။

xxx

ဘကြူးသည် ယမကာကို နွားသိုးကြိုးပြတ် သောက်တတ်သူ မဟုတ်။ ခပ်မျှဉ်းမျှဉ်းကလေး ဇိမ်ခံပြီး သောက်တတ်သူ ဖြစ်သည်။

အမူးဒီဂရီသည် ရီတီတီ ရိပ်တိတ်တိတ်ကလေး ဆင့်ကဲဆင့်ကဲတက်လာခြင်းကိုသဘောကျသည်။ ဒီအတွက်ကြောင့်လည်း ယမကာကို အလောတကြီး မမှာဘဲ ဦးစွာတစ်ပိုင်းမှာသည်။ နောက် လစ်မစ်ပြည့်ဖို့ ထပ်လိုလျှင် တစ်ပိုင်းလောက်မှာမည်။ သည့်ထက်တော့ အလွန်အကျွံလုပ်၍မဖြစ်။ ကိုယ်က အပြန်ခရီးမှာ တစ်ကိုယ်တော် ယာဉ်မောင်းရဦးမည် မဟုတ်ပါလား။

စားပွဲပေါ်မှာတော့ တို့တိ တို့တိနှင့် မြည်းခဲ့သဖြင့် ဝက်ခေါင်းသုပ်လည်း ပြောင်သလောက် ရှိပေပြီ။ လူ့အနေအထားကလည်း တစ်ပိုင်းလောက်လောင်စာဆီဖြည့်ထားပြီးပြီ ဖြစ်သည့်အတွက် စားကောင်းသောက်ကောင်းပြောဆိုကောင်းသည့် အခြေအနေ။

သည့်အတွက် အစာပိတ်အဖြစ်သူ အလွန်မတန်ကြိုက်သည့် ကြက်အသည်းအမြစ်နှင့် ထမင်းကြော်ကိုမှာကာ ဝမ်းမဟာရလေအောင် စားနေတော့သည်။ အိမ်ပြန်ရောက်လျှင်ဖြင့် အစားအသောက်အတွက် ဘာမျှ ကရိကထ များနေစရာမလိုပြီ။ တုံးခနဲ အိပ်စက်လိုက်ရုံသာ။

သည်ခဏ ဝသန္တ၏လက်ကျန်မိုးက တဖွဲဖွဲကလေး ရွာချလိုက်သည်။ သည်တော့ ကားလမ်းမဝယ် ကူးတို့သင်္ဘောဆိုက်ချိန်မှအပ အသွားအလာတွေက ရှင်းရှင်းလင်းလင်း။ သည်လိုနှင့် သင်္ဘောနောက်ဆုံးအခေါက်သို့ ရောက်လာခဲ့လေသည်။

စင်စစ် ကူးတို့ဆိပ်သည် ဒလကားဂိတ်လည်းဖြစ်၏။ သို့ပါသော်ငြားကားဂိတ်မှာတော့ ဘာကားမှ မရှိ။ ည ခုနစ်နာရီလောက်ဆိုရင်ပဲ ကားတွေ အလာပဲရှိတော့သည်။ အပြန်ကား ပါးရှားသွားသည်။

ဘကြူးသည် စားသောက်ဆိုင်ရှင်အား ကျသင့်ငွေကို ရှင်းလိုက်သည် ထိုအချိန်မှာပင် ပန်းဆိုးတန်း-ဒလကူး တို့သင်္ဘောသည် နောက်ဆုံးခေါက် အဖြစ် ဒလဇောတ်တံတားရှိရာသို့ချဉ်းကပ် ခဲ့လေသည်။ သင်္ဘောပေါ်မှ လူအချို့ တံတားပေါ်ပြေးတက်ကြ၏။နောက်ဆုံး အခေါက်မို့ ခရီးသည်တွေက ပါးပါး လွှန်းလှသည်။ လက်မှတ်ရုံ တစ်ပိုက်ဝ ဆိုက်ကားဆရာတို့သည် အလုအယက် ပင် ခရီးသည်တွေကို ခေါ်ငင်နေ သည်။

"ဘုံဘုံသွားမလား၊ နဝရတ်သွား မလား၊ ကိုယ့်အိမ်လို စိတ်တိုင်းကျ တည်းခိုရမယ်"

"ညောင်ကုန်း တစ်ယောက်လို ညောင်ကုန်းတစ်ယောက်လို"

"အောင်မင်္ဂလာ မြို့မ(၄)ရောက် မယ်၊ အောင်မင်္ဂလာမြို့မ(၄)"

"နာရီစင် ဝန်ထမ်းအိမ်ရာ၊ နာရီ စင် ဝန်ထမ်းအိမ်ရာ"

ပရိယေသန လေထိုးတဲ့ကြော ဆိုက်ကားဆရာတို့၏ နှုတ်မှ ခရီးသည် ခေါ်သံတွေက ပွဲတင်ထပ်လာကြသည် ဘကြူးကတော့ အေးအေးဆေးဆေး သွားကြားထိုးတံ ဘစ်ချောင်းကို အိတ်ထဲမှ ကောက်ထည့်လျက် ကြိုတင်နှပ်ထား သည့် ဆေးပေါင်းကွမ်းယာကို ပါးစောင် တွင်းပစ်သွင်းကာ ရပ်ထားသော သူ့ ဂွန်ဒေါင်းရှိရာသို့ လျှောက်လာခဲ့လေ သည်။

ဂွန်ဒေါင်းရှိရာသို့ ရောက်သော စက်နှိုးရန်အတွက် ဖင်ထိုင်ခုံအံဝှက် မှ ဂေါက်တံကို ထုတ်ယူလိုက်သည် ၍တွင် သူ့နောက်သို့ စပယ်နံ့လိုလို ဆီနံ့လိုလို၊ ငွေပန်းနံ့လိုလို သူကိုယ် အဘာယ်ရနံ့မှန်း ခွဲခြားရမှန်း မသိ နိုင်သော ရနံ့တစ်ခုကို ရသည်။





www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ဂေါက်တာကို ကိုင်နေရင်းမှ အနောက်ဘက် လှည့်လိုက်သည်။ အသက်အစိတ်ထက် ကြီးဟန်မတူသည့် မိန်းမပျိုတစ်ဦး။

သူလိုကိုယ်လို သာမန်မျှ ဝတ်စားထားသော်လည်း မိန်းမလှလှတို့တွင် ရှိသင့် ရှိအပ်သော ခန္ဓာကိုယ် အချိုးအစား၊ အချိုးအဆစ်တွေက ထိုမိန်းမပျိုတွင် ထင်ရှားစွာ ရှိနေလေသည်။ သူ၌ ထင်ရှားသော လက္ခဏာအဖြစ် ဘကြူးသတိပြုလိုက်မိသည်က ဇက်ပိုးအလွန်သာသာ ဆံကေသာတို့အား စည်းနှောင်ထားသည့် ပဝါနီနီကလေးပဲ ဖြစ်လေသည်။ စောစောက ရလိုက်သော ပန်းရနံ့မှာ သူ့ထံကလား ဆိုတော့လည်း မဟုတ်ပြန်ရှာ။ သူ့မှာ ဘာပန်းမှ ပန်ထားသည် မဟုတ်ဘဲ။

"ဒီ ဒီက အစ်ကိုကြီးက ဘယ်ကိုပြန်မှာလဲဟင်"

အသံလေးက ချစ်စရာ၊ စွဲမက်စရာဟု ဘကြူးထင်သည်။ ပြီးတော့လည်း လွန်မြောက်လေခဲ့ပြီးသည့် စာမျက်နှာတွေတုန်းကလို တောင်ပံကျိုးသော ဆက်ရက်ကလေးများ၊ မီးပုံဝင်တိုးမည့် ပိုးဖလံကလေးများလို မြင်ယောင်မိတော့သည်။ သည်တော့လည်း စားရကံကြုံဖို့ မုတ်ဆိတ် ပျားစွဲလာတာပေပဲဟု သဘောထားလိုက်သည်။

"ကော့မှူးကို ပြန်မှာ"

"ဟင် ဝမ်းသာလိုက်တာ"

သူ၏ မျက်နှာ ဝင်းလက်သွားသည်။

"ကျွန်မက ကဘင်းရွာပြန်မှာဆိုတော့ လမ်းကြုံပါတယ်၊ ကျွန်မကို လိုက်ခွင့်ပြုပါလားရှင်"

စကားခေါ်နေပေပြီ။

သည်နေရာမှာ စကားအသွားအလာတွေ ချောဖို့ အခေါ်အပြောတွေ ညက်ဖို့ အရေးကြီးလှသည်။

"အင်း- လမ်းကြုံတာကတော့ ဟုတ်ပါတယ်၊ ဒါပေမယ့် ညီမမှာအဖော်ပါသေးလား"

"ဟင့်အင်း ကျွန်မ တစ်ယောက်တည်းပါ၊ လှိုင်သာယာက ထွက်လာတုန်းကတော့ စောပါတယ်၊ မီးခွက်ဈေးမှာ ရစရာအကြွေးတလေးတွေ စောင့်တောင်းနေရတာနဲ့ ကြာသွားတာပါ၊ ကျွန်မမှာ အဖော်မပါပေမယ့် လိုက်ရဲပါတယ်၊ ပြီးတော့ အစ်ကိုကြီးကိုလဲ ယုံပါတယ်"

စကားအသွားအလာက အဆင်ချောနေပါပြီ။ သို့ရာတွင် တင်ကြိုပြီး ကျားကန်စရာကလေးတွေ ရှိနေသေးသည်ဟု ဘကြူးထင်သည်။

"အဲဒါ ဘယ်လောက်ပေးရမလဲဟင်"

"ပေးမနေပါနဲ့ကွယ်၊ ညီမ မလိုက်လဲ အစ်ကိုကြီးအနေနဲ့ မဖြစ်မနေ ပြန်ရမှာပါပဲ၊ ညီမလေးပါလာတော့ လမ်းမှာ စကားပြောဖော်ရတော့ မပျင်းတော့ဘူးပေါ့"

"အဟင်းဟင်း ညီမက အစ်ကိုကြီး မပျင်းရလေအောင် ဘယ်လိုစကားတွေ ပြောရမှာလဲဟင်"

"မသိဘူးလေ၊ အစ်ကိုကြီးကတော့ ညီမလေး ဘာပြောပြော အပျင်းပြေမှာပဲလို့ ယုံကြည်တယ်၊ အဟဲ"

"ဒါဆိုရင်တော့ ပြောမှာပေါ့၊ ပြီးတော့မှ စကားများလှချေလား၊ နားညည်းတယ်ဆိုတာမျိုးလုပ်မလာနဲ့နော်"

"အဟား ဟား စိတ်ချ စိတ်ချ၊ ညီမလေးဆီက ကြားရတာ နားမဝလွန်းတာမို့ နောက်တစ်ခေါက်လောက် ထပ်ပြော၊ နောက်တစ်ခေါက်လောက် ထပ်ပြောဆိုပြီးတော့တောင် လုပ်လိုက်ဦးမှာ"

"အဟင်း ဟင်း အစ်ကိုကြီးက ရယ်စရာတွေ အပြောတတ်သားနော်"

"ဒြော် ဒါထက် ညီမလေးကို ဘစ်ခုလောက် ကြိုပြောထားရဦးမယ်"

"ဘာများတုံး အစ်ကိုကြီး"

"ဟို ဟိုသင်းလေ အစ်ကိုကြီးရဲ့ ဂွန်ဒေါင်းက တစ်ခါတလေ ဆီတွေ ဘာတွေ ပိတ်တတ်လို့ လမ်းမှာ ခဏလောက် ထိုးရပ်သွားရင် မစိုးရိမ်ဖို့"

"အို . . . ကိစ္စမရှိပါဘူး အစ်ကိုကြီးရယ်၊ ညီမ အစ်ကိုကြီးကို နားလည်ပါတယ်"

"ကိုင်း . . . ဒါဆို တက် တက်၊ အစ်ကိုကြီး စက်နှိုးလိုက်ဦးမယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ခဏကြာတော့ ဂွန်ဒေါင်းလည်း စက်နှိုးလာပြီမို့ ဘကြူးသည် စီယာတိုင်နောက်သို့ ဝင်လိုက်ကာ ဂီယာထိုးလိုက်ရင်း ဒလကားဂိတ်မှ ထွက်လာခဲ့လေသည်။

xxx

ဒလနာရီစင်ကို လွန်မြောက်တော့ လျှပ်စစ်အလင်းရောင်တွေက ဆိတ်သုဉ်းသွားခဲ့လေသည်။ မိုးက စဲသွားလေပြီ ဆိုသော်ငြား ဖွဲတုန်းက ဖွဲထားခဲ့သဖြင့် မီးထိုးလိုက်သောအခါ ကတ္တရာလမ်းသည် ပြောင်ချောလျက်နေလေသည်။ သည်လမ်း သည်ခရီးက ချိုင့်တွေ၊ ကျင်းတွေ အတန်ငယ်ရှိသည်။ တချို့နေရာမှာလည်း ကမူတွေက မို့မို့မောက်မောက်။ သည်တော့ ရှောင်ရှကွေ့ရသည်။ အရှောင်အကွေ့၌ ထိုင်နေသောသူတို့မှာ ဟန်ချက်ပျက်ရလေစမြဲမို့ ဘေးချင်းကပ် ထိုင်နေမိသော ဘကြူးအဖို့ရာမှာလည်း သူနှင့် မကြာခဏဆိုသလို ပခုံးချင်းတိုက်မိသွားတတ်သည်။ ခန္ဓာကိုယ်ဘေးဘက်ချင်း ပူးတုံခွာတုံ။

ထိုအခါများဝယ် သူ့ထံမှ ခိုးခိုးခစ်ခစ် ရယ်သံကလေးများ ထွက်ပေါ်လာခဲ့ရာ ဘကြူးစိတ်ထဲ ယောက်ယက်ခတ်သွားလျက် လည်ချောင်းတစ်ခုလုံး ခြောက်ခြောက်သွေ့သွေ့ကြီး ဖြစ်နေရတော့သည်။ ပြီးတော့လည်း ဘာတွေဘယ်လို ရှေ့ဆက်ကြုံလျှင် ကောင်းလေမည်နည်းဟုလည်း စိတ်ကူး ဖဲရိုက်ကြည့်မိလိုက်သေးသည်။

တစ်ခါတစ်ရံ၌ ဂီယာကို ဘေးချော်ထိုးမိလေသောအခါ သူ့ထံမှ . . . "အို အစ်ကိုကြီးရယ် ဘယ်လိုလုပ်လိုက်တာလဲ" ဟူ၍ ပြောဆိုရလေမည့်အစား





www.burmeseclassic.com

www.burmeseclassic.com

"အဟင်း ဟင်း" ဆိုသော ကျေကျေနပ်နပ် ညည်းသံ ထွက်ပေါ်လာရာ ဘကြူး အဖို့ရာတော့ တစ်ဆင့်ပြီးတစ်ဆင့် ခြေလှမ်းများကို ပြေးမြင်မိလေသည်။

ဆိပ်ကြီးကိုလည်း ကျော်ခဲ့ပြီ။ ပျော်ဘွယ်လေးကိုလည်း လွန်ခဲ့ပြီ။

ရှေ့ဆက်သွားလျှင် ရန်ကုန်ပေါက်ကျေးရွာ၊ ထိုမှ ဘုရားငုတ္တိုကျေးရွာ၊ အဲစည်ရွာကို လွန်မြောက်ပြီးပါမှ သူ သွားလိုပါသည်ဆိုသည့် ကဘင်းရွာသို့ ရောက်ပေတော့မည်။ သည်ကြားထဲ အကြံအစည် ထမြောက်အောင်မြင်ဖို့ ဆိုသည်မှာ ခုံကတော့ လှုပ်လိမ့်မည် မဟုတ်။ မြင်းကသာ လှုပ်ရပေလိမ့်မည်။ သည်တော့ ပိတ်စွယ်ကို ဝင်လာ၍ အနောက်ပိုင်းတံတားကို ကျော်ဖြတ်အပြီးမှာတော့ သူ့ခေါင်းထဲ အကြံအစည်တစ်ခုက ဖျတ်ခနဲဝင်လာသည်။

ထို့ကြောင့် လူနေအိမ်ခြေကင်းမဲ့သော ခနိတောအုပ်များ ထူထပ်သော လမ်းဘေး တစ်နေရာအရောက်ဝယ် ဂွန်ဒေါင်းက ထိုး၍ ရပ်သွားလေသည်။

"ဟောဗျာ ပြောခဲ့ ဆိုခဲ့သလိုပဲ စက်ကတော့ ဖွဲဖောက်ပြီ၊ ခဏနေဦး ညီမလေး"

"ရပါတယ် အစ်ကိုကြီး"

ကားက စက်ရပ်လိုက်သည်နှင့် မီးအလင်းတွေပါ ပြတ်တောက်သွားသည်။ ဘကြူးသည် တောင်တောင်အီအီ စဉ်းစားမနေတော့ဘဲ နံဘေးကို တိုးကာ သူ့ကို လှမ်းဖက်လိုက်သည်။

"အို ဘယ်လိုလုပ်တာလဲ လွှတ်ပါ အစ်ကိုကြီးရယ်"

"မလွှတ်ချင်တော့ဘူးကွာ. . . အစ်ကိုကြီးက ညီမလေးကို တကယ်ချစ်နေမိလို့ပါ"

"ဟွန်း မယုံပေါင်၊ တွေ့တာဖြင့် နာရီပိုင်းတောင်မှ မကြာသေးဘူး၊ သူ့နာမည် ကိုယ်မသိ၊ ကိုယ့်နာမည် သူမသိဘဲနဲ့များ"

"ဒါများ ညီမလေးရယ်၊ အစ်ကိုကြီး နာမည်က ဘကြူးတဲ့"

"ဘကြူးဆိုတော့ ဘူးကျတာပေါ့ ဟုတ်လား"

"နောက်တီး နောက်တောက် ကွာ၊ ညီမလေးရဲ့ နာမည်ကကော"

"မြယမုံတဲ့"

"ဟယ် လှလိုက်တဲ့ နာမည်လေး၊ နာမည်တင် လှတာ မဟုတ်ဘူး၊ လူကလဲ လှဆိုတော့ အစ်ကိုကြီးရဲ့အချစ်တွေ တားမနိုင် ဆီးမရတော့ဘူးကွာ"

"အို ကားပေါ်မှာ မကောင်းပါဘူး အစ်ကိုကြီးရယ်၊ ကဲပါ အောက်ကို ဆင်းနေလိုက်ပါ"

"အို ကေ. . ."

ဘကြူးအဖို့ မှိုရသည့်အလား ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားပြီး ကားပေါ်မှ ဆင်းလိုက်သည်။ ကောင်းကင်မှာတော့ လရောင်မရှိသော်ငြား ကြယ်တွေ စုံလေသည့်အတွက် ပျပျကလေး လင်းနေရှာသည်။

"ဒီကိုလာလေ အစ်ကိုကြီး"

"လာပြီ လာပြီ"

ဖိုးကျိုင်းတုတ် ဖြစ်နေသော ဘကြူးသည် လမ်းဘေးတစ်ဖက်တစ်ချက် အစပ်တွင် ရပ်နေသော မြယမုံ ရှိရာသို့ လှမ်းခဲ့လေသည်။ မိုးအကုန်ဝင်ရောက်လာသော ဆောင်းဦး ညဥ့်လေကြောင့် မြယမုံ၏ ပဝါဖြေချလိုက်သော ဆံနွယ်တို့သည် လေအဟုန်တွင် တဖျပ်ဖျပ် လွင့်မျောနေလေသည်။

သို့ဖြင့် မြယမုံအပါး ရောက်လေသောအခါ ဘကြူးအဖို့ တုံ့ခနဲဖြစ်သွားရလေသည်။ အပုပ်နံ့တွေက စူးစူးဝါးဝါး။ ဘယ်လို အပုပ်နံ့တွေနှင့်မှမတူ။ ညှီစို့စို့နှင့် အဝတ်ကလေးကို အော်ဂလီဆန်ဖွယ်ကောင်းလှစွာသော အပုပ်နံ့။ သို့ဖြင့် မြယမုံအပါး သူရောက်သွားတော့သည်။

"အား . . . အမယ်လေး သသရဲ သရဲ"

မြယမုံနားရောက်တော့ ကြယ်ရောင်၏ အလင်း၌ ဘကြူး တွေ့မြင်လိုက်ရသည်မှာ လှတပတမြယမုံမဟုတ်တော့။ ရွှတ်တွ၍ ရုပ်ပျက် ဆင်းပျက် ဖြစ်နေသော နာနာဘာဝ၏ ရုပ်သွင်ဖြစ်နေလေသည်။ ဘကြူး မမျှော်လင့်ဘဲ ကြုံတွေ့လိုက်ရသော မြင်ကွင်းကြောင့် သွေးပျက်သလို ခံစားရပြီး ပြေးမိပြေးရာ လယ်ကွင်းထဲ ဖြတ်ပြေးလေရာ တစ်နေရာ၌ ဟပ်ထိုးလဲကျသွားလေသည်။ သူ ခလုတ်တိုက်မိသည်ကား မြေကမူတစ်ခု။ မြေကမူပေါ်မှာတော့ သစ်သားမှတ်တိုင်တစ်ခု။ ထိုသစ်သားပြားပေါ်ဝယ် သေချာစွာ ကြည့်မြင်ဖတ်ရှုမိလျှင်ဖြင့်. . .

မြယမုံ၊ အသက် (၂၄) နှစ်၊ (၂၀. ၅. ၂၀၀၂)တွင် ကွယ်လွန်သည်။ ဆိုသောစာတန်းကို တွေ့ရပေလိမ့်မည်။

ထိုအချိန်ဝယ် ဘကြူးသည် ထိတ်လန့်တုန်လှုပ်မှု အပေါင်းဖြင့် မေ့မြောသွားလေသည်။

ထိုအချိန်မှာပင် ကော့မှူးဘက်ဆီမှ ဝါးများ တင်ဆောင်လာသော ဂွန်ဒေါင်းတစ်စီးသည် ဘကြူး ရပ်ထားခဲ့သော ဂွန်ဒေါင်းနား အရောက်ဝယ် ထိုးရပ်လိုက်ပြီး ဟိုဟိုသည်သည် စူးစမ်းကြည့်လိုက်လေသည်။ ခေတ်မီးဖြင့်လည်း နေရာအနှံ့ထိုးကြည့်ပြန်သေး၏။

"ဘကြူးတို့ကတော့ကွယ် ဒီလိုမျိုးကိစ္စဆို စံပါပဲ၊ ဘယ်ကောက်ရိုးပုံ သွားပြီး အလေလိုက်နေတယ် မသိဘူး"

"ဟာ မျက်မြင်မဟုတ်ဘဲ မပြောနဲ့လေကွာ"

"အား ဟုတ်တယ်ကွ၊ ကိုင်းကွာ သူ့ဝါသနာနဲ့ သူပဲ၊ ကဲ သွားကြမယ်ဟေ့"

ဝါးများတင်ဆောင်သည့် ဂွန်ဒေါင်းကား ဒလဘက်သို့ တရွေ့ရွေ့ ထွက်ခွာသွားချေပြီ။

ထိုအချိန်ဝယ် ဘကြူးမောင်းသော ဂွန်ဒေါင်း၏ စီယာတိုင်၌ အမျိုးသမီးများ ဆံပင်စည်းနှောင်လေ့ရှိသည့် ပဝါနီနီလေးမှာ ရစ်ပတ် ချည်နှောင်လျက်သား ရှိနေပါတော့သတည်း။

**နန္ဒာမိုးကြယ်**

□

www.burmeseclassic.com

www.burmeseclassic.com



ပြီးခဲ့တဲ့ သီတင်းကျွတ်က ညီငယ် တစ်ယောက် မင်္ဂလာဆောင် ရှိတာနဲ့ မရောက်တာကြာပြီဖြစ်တဲ့ ဇာတိချက်ကြွေ မြောင်းမြမြေကို ပြန်ဖြစ်ခဲ့တယ်။

တစ်မျှော်တစ်ခေါ် စပါးခင်းတွေကို ဖြတ်သန်းတိုက်ခတ်လာတဲ့လေကို ရှူလိုက်ရတာကိုကပဲ စိတ်ထဲမှာ လန်းဆန်း တက်ကြွနေသလို ခံစားမိတာ အမှန်ပဲ။

စက်ဆီညှော်နံ့တွေ သင်းထုံနေတဲ့ မြို့ကြီးပြကြီးမှာ ငွေပေးဝယ်လို့ မရနိုင်တဲ့ လေမျိုးကို။



www.burmeseclassic.com

www.burmeseclassic.com

မြောင်းမြမြေကို ခြေချမိတာနဲ့ မြို့ဦးစေတီဖြစ်တဲ့ စကြာနန္ဒစကြာသီဟ စေတီတော်မြတ်ကို ဝင်ရောက်ဖူးမြော်လိုက်တယ်။

ပြီးတော့ ကျွန်တော့်မိဘများ လက်ထက်ကတည်းက ကိုးကွယ် ကြည်ညိုခဲ့တဲ့ ဆရာတော်ဘုရားဖြစ်တဲ့ အံပြင် ကျွန်တော်တို့ ငယ်စဉ်ကလည်း သွန်သင်ဆုံးမတော်မူခဲ့တဲ့ ဇေယျနန္ဒာရုံကျောင်းတိုက် ဆရာတော်ဘုရားကို လှူဖွယ်ဝတ္ထုတွေ လှူဒါန်းဖူးမြော်ဖို့ ရောက်ခဲ့ပြန်တယ်။

ဆရာတော်နဲ့ ခဏတစ်ဖြုတ် စကားပြောပြီး ကျောင်းအောက် ပြန်ဆင်းလာတော့ . . .

"ဟော့ကောင် ကြီးမြင့်လှိုင်၊ မင်းက မြောင်းမြမြေကို ခြေချဖော်ရသေးတယ်နော်" ဆိုတဲ့ အသံကြောင့် လှည့်ကြည့်မိတယ်။

ဆရာတော်ကျောင်းနဲ့ ဘေးချင်းကပ်သိမ်ရှေ့မှာ အဝတ်အစား ဖိုသီဖတ်သီနဲ့ လူတစ်ယောက် မုတ်ဆိတ်ကျင့်စွယ်တွေကလည်း ထိုးထိုးထောင်ထောင် လူပုံကလည်း ညှင်းသိုးသိုးနဲ့ဆိုတော့ ဖြုန်းခနဲဘယ်သူ ဘယ်ဝါဆိုတာကို မခန့်မှန်းနိုင်ပေမယ့် ဒီအသံကိုတော့ ကြားဖူးသလိုလို ရှိသား။

ဒါနဲ့ ကျွန်တော်လည်း အလိုက်သင့်လေး ပြုံးပြရင်း . . .

"စိတ်မရှိပါနဲ့ အစ်ကို ဘယ်သူဆိုတာကို မမှတ်မိလို့ပါ"

လို့ ပြောလိုက်တော့ သူ့မျက်နှာ တော်တော်လေး ညှိုးညှိုးငယ်ငယ် ဖြစ်သွားတယ်။ ပြီးတော့မှ . . .

"အင်း ဟုတ်မှာပါလေ၊ မင်း မပြောနဲ့ ငါ့ကို မွေးထုတ်ခဲ့တဲ့ မိဘနှစ်ပါးတောင် တမလွန်က အခုနေများ ပြန်ရှင်ခဲ့ရင် ငါ့ကို မှတ်မိမယ် မထင်ပါဘူး၊ ဒီတော့ မင်းလဲ ငါ့ကို မမှတ်မိတာ မဆန်းပါဘူးကွာ" တဲ့။

ဒါနဲ့ "အစ်ကိုက ဘယ်သူလဲ"လို့ ကျွန်တော်မေးလိုက်တော့ . . .

"ငါ ကိုသောင်းလေကွာ၊ စမ်းချောင်း မင်းတို့အစ်မ အိမ်ရှေ့ကလေ" တဲ့။

ကျွန်တော် တော်တော်လေး အံ့ဩသွားတယ်။ ဟုတ်တယ်။ တကယ့်ကို အံ့ဩသွားတာ။ ကျွန်တော်လူပျိုပေါက် အရွယ်က သိခဲ့တဲ့ ကိုသောင်းဆိုတာက ဘယ်အချိန်ပဲ ကြည့်ကြည့်၊ လည်ကတုံး အဖြူလက်ရှည် မီးပူကျနဲ့၊ အိန္ဒိယ ပလေကပ်ကို အဆင်စုံအရောင်စုံထည်လဲဝတ်တဲ့သူ၊ ဆံပင်ဆိုတာလည်း အချိန်ပြည့် ခေါင်းလိမ်းဆီနဲ့ ကော့နေတာ။ သူ့မိဘနှစ်ပါးဖြစ်တဲ့ ဦးထွန်းဝေ၊ ဒေါ်မြင့် ဆိုတာကလည်း မြို့ပေါ်မှာ မရှိမရှား နေနိုင် စားနိုင်သူတွေလေ။

အသက်ကြီးမှ ကံပေါ်လို့ရတဲ့ တစ်ဦးတည်းသောသား ကိုသောင်းကို လိုလေသေးမရှိစေခဲ့ဘူး ဆိုတော့ကာ စဉ်းစားသာကြည့်တော့။

ဒါပေမ်ယ့ ခက်တာက ခု ကျွန်တော့်ရှေ့မှာ တွေ့နေရတဲ့ ကိုသောင်းနဲ့တော့ ဆီနဲ့ရေလို ကွာနေတာအမှန်ပဲ။ ပြီးတော့ သူထိုင်နေတဲ့ သိမ်ဝင်ဝ တံခါးမှာလည်း ချိုင်းထောက်တစ်ခုက ထောင်ထားသေးတယ်။ ဒါနဲ့ ကျွန်တော်လည်း ဒီချိုင်းထောက်က ကိုသောင်းဟာလား လို့ မေးလိုက်တော့ . . .

"အေးလေကွာ ငါ ခြေတစ်ဖက် ဖြတ်လိုက်ရတာ မင်းမှ မသိသေးတာကိုး"

ဆိုပြီး သူဖိထိုင်ထားတဲ့ ပြတ်နေတဲ့ ဘယ်ခြေထောက်ကို ထုတ်ပြတယ်။ ကျွန်တော့်အနေနဲ့ ဒုတိယအကြိမ် ထပ်အံ့ဩရပြန်တယ်။ ကျွန်တော် ရန်ကုန်ပြောင်းလာတုန်းက ကိုသောင်း ခြေထောက် ပြတ်မှ မပြတ်သေးတာကိုး။

"ဘယ်လို ဖြစ်ရတာလဲ ကိုသောင်း၊ ဒီခြေထောက် ပြတ်တာရော ကြာပြီလား"

ကျွန်တော့်အမေးကို ကိုသောင်းက ပြန့်မဖြေသေးဘဲ လေအသုတ်မှာ တဖြုတ်ဖြုတ်ကြွေနေတဲ့ ကျောင်းရှေ့ ပိတောက်ပင်အိုကြီးက ရွက်ကြွေတစ်အုပ်ကို ခပ်ငူငူငေးကြည့်နေတယ်။

ပြီးတော့မှ . . .

"ဟုတ်တယ် မြင့်လှိုင်၊ ဒီခြေထောက်ပြတ်သွားတာ ရှစ်နှစ် ကိုးနှစ်လောက်ရှိသွားပြီ၊ ဒီအကြောင်းတွေကို ငါဘယ်သူ့ကိုမှ ပြန်မပြောချင်သလို ငါကိုယ်တိုင်လဲ ပြန်မစဉ်းစားချင်ဘူး၊ ဒါနဲ့ မင်း ဘယ်တော့ပြန်မှာလဲ"

"အင်း ကျွန်တော် ဒီမှာ နှစ်ရက်လောက်တော့ နေဦးမှာပါ၊ ဘာဖြစ်လို့လဲ ကိုသောင်း"

"ဘာမှ မဖြစ်ပါဘူးကွာ၊ မင်းက ရန်ကုန်ပြောင်းသွားတော့ ငါ့အဖြစ်တွေကို သိမှာမဟုတ်ဘူး၊ မနက်ဖြန် မင်းအားရင် ဒီကိုပဲ လာခဲ့လေကွာ၊ ဒီတော့မှ ငါအေးအေးဆေးဆေး ပြောပြပ့ါမယ်၊ အခုတော့ နေလဲ အတော်စောင်းနေပြီ"

"ဟုတ်ကဲ့၊ ကျွန်တော် ဒီကိုပဲ လာခဲ့ပ့ါမယ်၊ ဒါနဲ့ ကိုသောင်း အရင်နေတဲ့ စမ်းချောင်းအိမ်မှာပဲလား" လို့ ကျွန်တော်မေးလိုက်တော့ ကိုသောင်း မျက်နှာ အတော်လေးပျက်သွားတာ သတိထားလိုက်မိတယ်။

ကျွန်တော်လည်း ချက်ချင်း စကားလွှဲပြီး . . .

"ကျွန်တော် မနက်ဖြန် ဒီကိုပဲ လာခဲ့မယ် ကိုသောင်း" လို့ပြောလိုက်တော့ . . .

"အေး အေး မြင့်လှိုင်၊ ဒီကိုပဲ လာခဲ့လေကွာ၊ ငါ ဒီမှာပဲ ရှိနေမယ်"

ကျွန်တော် ဘုန်းကြီးကျောင်းက ထွက်လာတော့ နေလုံးကြီးလည်း အနောက်မိုးကုပ်ကို ငုပ်လျှိုးပျောက်ကွယ်သွားပြီ။

နောက်တစ်နေ့ နေ့လယ်လောက် ဆရာတော်ကျောင်းကို လာတော့ ကိုသောင်းကို သိမ်ရှေ့မှာပဲ ထိုင်နေတာ အခန့်သင့်တွေ့လိုက်ရတယ်။

"ကိုသောင်း ရောက်နေတာ ကြာပြီလား" လို့ ကျွန်တော်မေးလိုက်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"မြင့်လှိုင်ရေ မင်း နားလည်အောင် ဘယ်လိုပြောရမလဲ၊ ငါ့ဘဝက ဒီခြေထောက် မရှိကတည်းက ဆရာတော်ကျောင်းမှာ ကျောင်းအိပ်ကျောင်းစားနဲ့ နေရတဲ့ ဘဝကွ၊ ဆရာတော်ရဲ့ မေတ္တာ၊ စေတနာတွေကြောင့်သာ လမ်းဘေးအိပ် လမ်းဘေးစားဘဝကိုမရောက်တာ၊ လာ ထိုင်ကွာ၊ မင်း ဖာတ်ရည်လည်အောင် ငါရှင်းပြပါ့မယ်၊ မင်းကတော့ စိတ်ဝင်စားရဲ့လား မသိဘူး"

"ဟုတ်ကဲ့ ပြောပါ ကိုသောင်း၊ ကျွန်တော် စိတ်ဝင်စားပါတယ်"

"ဖြစ်ပုံက ဒီလိုကွ" ဆိုပြီး ကျွန်တော် ရန်ကုန်ပြောင်းလာပြီးနောက်ပိုင်း သူ့ဘဝ အထုပ်ကို ဘုန်းကြီးကျောင်း သိမ်ရှေ့မှာပဲ ဖြေပြတယ်။

ကျွန်တော်လည်း ကျွန်တော် သိထားတာနဲ့ ကိုသောင်း ဖြေပြတာနဲ့ကို ရောသမ မွှေလိုက်တော့. . .

ဒီရပ်ကွက်လေးထဲမှာ မောင်သောင်းကို မသိတဲ့လူ ရှားတယ်လို့ ပြောလို့ရတယ်။ သိတာကလည်း ကောင်းသတင်းနဲ့ သိကြတာတော့ မဟုတ်ဘူး။ ညောင်တစ်ပိုင်းတစ်စနဲ့ ကျောင်းထွက်ပြီး မိဘတွေ ဘယ်လိုမှ အားကိုးအားထားမပြုနိုင်တဲ့ သားအလိမ္မာတုံးကြီး အဖြစ်နဲ့ သိကြတာ။

ကြီးကောင်ကြီးမားနဲ့ မိဘလုပ်စာ အခံ့သားထိုင်စားပြီး အေးအေးလူလူနေသလားဆိုတော့လည်း မဟုတ်ပြန်ဘူး။ အရပ်ထဲ လတ်လျား သတ်လျားနဲ့ အရက်ကလေး တမြမြအပြင် ဖဲကလေးလည်း ဝါသနာ ထုံတယ်ဆိုတော့ ရပ်ကွက်ထဲက လူကောင်း သူကောင်းတွေကတော့ မောင်သောင်းဆို "ဟင့်အင်း ခပ်ဝေးဝေးပဲ နေပါ့မယ်" ဆိုတာချည်းပဲ။

မိဘနှစ်ပါးဖြစ်တဲ့ ဦးထွန်းဝေ၊ ဒေါ်မြင့် ဆိုတာလည်း ဆင်းတောင့်ဆင်းရဲတွေတော့ မဟုတ်ကြပါဘူး။ မြောင်းမြ တစ်ဖက်ကမ်း ကွယ်လွယ်ကျေးရွာမှာ လယ်တွေ၊ ယာတွေ ရှိကြတယ်။ ရှိတဲ့ လယ်တွေ ယာတွေကိုလည်း သူရင်းငှား အားကိုးနဲ့ပဲ လုပ်ကိုင်စားသောက်နေရတာပါ။ မွေးထားတဲ့ လေးလုံးခြောက်ဖက်သားက အားကိုးလို့မှ မရတာကိုး။

ကျောင်းသားဘဝက ကျောင်းစာတွေနဲ့မို့ မိဘအလုပ် ဘာမှကူမလုပ်တာ အပြစ်မပြောလိုပါဘူး။ ဒါပေမယ့် အခုလို ကျောင်းသားမဟုတ်တော့တဲ့ အချိန်မှာတော့ ဘာပဲဖြစ်ဖြစ် မိဘအလုပ်ကို အနည်းနဲ့ အများတော့ ကူဖို့သင့်တာပေါ့။

အခုတော့ အဖေလုပ်သူက အိုကြီး အိုမနဲ့ နံနက်လင်းမယ် မကြဲသေးဘူး လယ်ထဲသွား၊ အမေလုပ်သူ ခမျာလည်း ဖတ်သီ ဖတ်သီနဲ့ ချက်ပြုတ်၊ မြစ်ကူးချောင်းခြား ကူးတို့စီးပြီး လယ်ထဲ ထမင်းသွားပို့ရတာ၊ လွယ်တာ မှတ်လို့။

သားလုပ်တဲ့သူကတော့ အိမ်မှာ ဇိမ်နဲ့ မနက်နေ့ဖင်ထိုးမှ ထပြီး အမေလုပ်သူ အဆင်သင့် ခူးခပ်ပေးထားတဲ့ ထမင်း၊ ဟင်းမကောင်းရင် ထော်လော်ကန့်လန့်နဲ့ တိုင်းတိုင်းထွာထွာက ပြောချင်သေးတယ်။

ဦးထွန်းဝေတို့ လင်မယားကလည်း အသက်ကြီးမှ ကံပေါ်လို့ရတဲ့ မောင်သောင်းကို ချစ်လည်း ချစ်သလို အလိုလည်းလိုက်ကြတယ်လေ။

ဒီလေးလုံး ခြောက်ဖက်အရွယ်ကြီးနဲ့ မိဘကို ဘာတစ်ခုမှ ကူမလုပ်လည်း ဘယ်သောအခါမှ ငြိုငြိုငြင်ငြင် မရှိရှာကြဘူး။

အတင်းအကျပ်လည်း မခိုင်းဘူးလေ။ ခိုင်းလည်း ဘာတစ်ခုမှ အပေါက်အလမ်းတည့်အောင် မလုပ်တတ်ဘူးဆိုတာ သိနေတာကိုး။

မောင်သောင်းကလည်း မိဘတွေကသာ လယ်သမား၊ ယာသမားတွေ ဖြစ်နေပေမယ့် သူကတော့ ဘယ်ဟာ ထွန်တုံး၊ ဘယ်ဟာထွန်တံ ဆိုတာတောင် ခွဲခွဲခြားခြား သိတာမဟုတ်ဘူး။ သူ့လုပ်စာနဲ့သာ မိဘတွေ ထမင်းစားရမယ်ဆိုရင် ထမင်းအိုးကို ထန်းလုံးအမြောက်နဲ့ ပစ်ချစားရမယ့်ကိန်းပဲ။

မှတ်မှတ်ရရ မောင်သောင်း သူ့အဖေနဲ့ လယ်ထဲကို တစ်ခါတော့ လိုက်သွားဖူးတယ်။ အဖေ လုပ်သူက တခြား ပင်ပင်ပန်းပန်း အလုပ်တွေ မခိုင်းဘဲနဲ့ မျိုးစပါးပင်လေးတွေကြားမှာ ပေါက်နေတဲ့ မြက်ကလေးတွေကို ပြပြီး လိုက်နုတ်ခိုင်းတယ်။ ဦးထွန်းဝေ မြက်နုတ်ခိုင်းပြီး သိပ်မကြာလိုက်ဘူး၊ သူရင်းငှားကောင်လေး အော်ခေါ်သံကြားလို့ ဦးထွန်းဝေ သွားကြည့်တော့ မောင်သောင်း နုတ်နေတာ မြက်မဟုတ်ဘဲ မျိုးစပါးပင်တွေချည်း ဖြစ်နေတယ်။

ဒီကတည်းက ဦးထွန်းဝေ မောင်သောင်းကို ဆလံသသွားတာ။ အဲဒါသာ ကြည့်တော့။ မျိုးပင်နဲ့ မြက်တောင် ခွဲခွဲခြားခြား မသိတော့ မိဘလက်ငုတ်လက်ရင်းနဲ့ မောင်သောင်း ထမင်းနပ်မှန်ဖို့ မလွယ်မှန်း ဦးထွန်းဝေ သဘောပေါက်သွားတယ်။

ထားတော့။ လယ်အလုပ်၊ ကိုင်းအလုပ်ကို သူ စိတ်မဝင်စားလို့ တခြားအလုပ် လုပ်သလားဆိုတော့လည်း ဟိုစပ်စပ် ဒီစပ်စပ်နဲ့ ဘယ်အလုပ်မှ လက်ကြောတင်းအောင် လုပ်ချင်တဲ့ ဆန္ဒရှိတာမဟုတ်ဘူး။ ကိုယ့်ပါးစပ်ထဲ ထည့်မယ့် ထမင်းလုတ်တောင် မ,ရတာ လေးတယ်ထင်တဲ့ လူစားမျိုးကိုး။

အခုလည်းကြည့်။ သူစီးပွားရေးအလုပ်တစ်ခု လုပ်ဖို့ဆိုပြီး သူ့အမေဆီက ပိုက်ဆံ အတင်းကပ်တောင်းနေတယ်။ တောင်းလိုက်တာကလည်း နည်းနည်းမဟုတ်ဘူး။ ငါးသိန်းတဲ့။

"ဟဲ့ နင့်ဟာ ငါးသိန်းတောင် မများလွန်းဘူးလား သားရဲ့၊ ဘာတွေများ လုပ်မှာမို့တုံး" လို့ ဒေါ်မြင့်က မေးလိုက်တော့. . .

"သား ကျော်ဦးနဲ့ နယ်ဘက်တွေ လိုက်သွားပြီး အရောင်းအဝယ်လုပ်မလို့ဗျ၊ ငွေအရင်းအနှီးက အဲဒီလောက်မှ အဆင်ပြေမှာတဲ့"


www.burmeseclassic.com

www.burmeseclassic.com

ကျော်ဦးဆိုတာက သူနဲ့တွဲတာ သိပ်မကြာသေးဘူး။ ရှေးဟောင်းပစ္စည်း တိုလီမိုလီလေးတွေ အရောင်းအဝယ် လုပ်တဲ့ ကုလားလေး။ သူတို့အလုပ်က တောနယ်ကလေးတွေ ဆင်းပြီး ရှေးဟောင်း ပစ္စည်းလေးတွေကို ချိုချိုချောင်ချောင်နဲ့ လိုက်ဝယ်၊ ပြီးတော့ ရန်ကုန်လို မြို့ကြီးတွေမှာ ပြန်ရောင်းပေါ့။

ရန်ကုန်မှာ ဈေးမတည့်ရင် မန္တလေး ဒါမှ မတည့်ရင် နယ်စပ်တွေ အထိ ဆင်းရောင်းကြရတယ်လေ။

ဦးထွန်းဝေ၊ ဒေါ်မြင့်မြင့်တို့ အနေနဲ့ကလည်း ဒီလောက်များတဲ့ငွေ လုံးခနဲတော့ လက်ထဲဘယ်ရှိလိမ့်မတုံး။ ဒါပေမယ့် လယ်လေး ယာလေး ဖွဲ့ပြု ရောင်းပေးမယ်ဆိုရင်တော့ ဖြစ်တာပေါ့ လေ။ သားဖြစ်သူကိုလည်း မရှိဘူး၊ မပေးနိုင်ဘူးလို့တော့ မပြောချင်တာ အမှန်ပဲ။ အလုပ်လုပ်ချင်စိတ်လေးရှိတုန်း လုပ်ပါစေဆိုတဲ့ ဆန္ဒနဲ့ ရှိတဲ့လယ်လေး ဖွဲ့ရောင်းပေးလိုက်တယ်။

ပထမ တစ်လ၊ နှစ်လတော့ ဒါကအရင်း၊ ဒါကအမြတ်ရယ်လို့ မိဘ တွေကို ခွဲခွဲခြားခြား ပြနိုင်သေးတယ်။ နောက်တော့ လက်ထဲမှာ ငွေရယ်လို့ ကိုင်တာပြတာ သိပ်မတွေ့ရတော့ဘူး။ မိဘတွေက အကျိုးရယ် အကြောင်း ရယ်မေးတော့လည်း ဝယ်ထားတဲ့ ပစ္စည်း တွေထဲမှာပဲ ငွေမြုပ်နေသလိုလို၊ ရောင်း ပြီး ပစ္စည်းတွေကပဲ ငွေမချေရသေး သလိုလိုနဲ့ အုတ်ရောရော ကျောက်ရော ရောအဖွေ ဖြစ်လာတယ်။

လက်ထဲမှာ ငွေလုံးငွေရင်းနဲ့ ကိုင်လာရတော့ အသောက်အစားနဲ့ လောင်းကစားက လစ်မစ်တွေတက်လာ တာပဲ အဖတ်တင်တယ်။ နောက်ဆုံး ငွေကလည်း ပြောင်သွားတဲ့အပြင် လူပါ ဂိုလာနဖြစ်လာလို့ မိဘတွေခမျာ မနည်း ပြန်ကုလိုက်ရသေးတယ်လေ။ ဆရာဝန် က မောင်ဧသောင်းကို အသောက်အစား နဲ့ အနေအထိုင် ဆင်ခြင်ခိုင်းတယ်။ သူမှာ ဆီးချို၊ သွေးချိုရောဂါကလည်း ရှိနေတာကိုး။ ခက်တာ မောင်သောင်း ကလည်း "ပျက်အစဉ်၊ ပြင်ခဏ" ဆိုတဲ့ ထုံးကို နှလုံးမူထားလေရော့သလားပဲ။ ပြင်ရင် ခဏပဲ၊ နောက်ပြီးပျက်မြဲအတိုင်း သာ ပြန်ပြန်ပျက်နေတော့တာ။ ဟုတ် တယ်။ တကယ် ပြောတာ။

ကျန်းမာရေးလေး နည်းနည်း ပြန်ကောင်းလာတော့ ဒီတစ်ခါအလုပ် ကို ကြိုးကြိုးစားစားနဲ့ ပြန်လုပ်ချင်တယ် ဆိုတဲ့ သူ့စကားကို မိဘတွေက အဟုတ် မှတ်လို့ ရှိတဲ့လယ်လေး ထပ်ဖွဲ့ပေးလိုက် ရပြန်တယ်။

ဒါလည်း ဘာကြာလိမ့်မလဲ။ ခွေးမြီးကောက်များ ကျည်တောက်နဲ့ စွပ်တုန်းခဏသာ ဖြောင့်တောင့်တောင့် ရှိတယ် ထင်ရပေမယ့် ကျည်တောက် လည်း ကျွတ်ရော ကောက်မြဲအတိုင်း ဆိုသလိုပဲ။ မောင်သောင်းဆိုတာလည်း ဘူတာရုံက ထွက်ခါစ ရထားလိုပဲ။ တာ ထွက်ကတော့ ဟုတ်ဟုတ် ဟုတ်ဟုတ်နဲ့၊ ဘူတာရုံနဲ့လည်း နည်းနည်းဝေးရော ဟုတ်ဟုတ် မဟုတ်ဟုတ် ဟုတ်ဟုတ် မဟုတ်ဟုတ်နဲ့ ကဆုန်စိုင်းတော့တာမျိုး ကိုး။

အခုလည်းကြည့်၊ တာဝန်ရှိသူ တွေက သတင်းအရ အိမ်တစ်အိမ်မှာ ဖဲဝိုင်းဝင်ဖမ်းတယ်။ မိတဲ့သူတွေထဲမှာ မောင်သောင်း ထိပ်ဆုံးကပါတယ်လေ။ ပိုလို့ဆိုးတာက သူ့အိတ်ထဲမှာ တရားမ ဝင် ထီဘောင်ချာတစ်ရွက်ပါ ထပ်တွေ့ တော့ ပြီးရောပေါ့။ ဘယ်လိုမှကို နား လည်မှုယူလို့ မရနိုင်တော့ဘူး။

တစ်ခု ကံကောင်းတာက အဲဒီ ခေတ် အခြေအနေက ရေမျှားရေနိုင်၊ မီးမျှားမီးနိုင်ဆိုတော့ ထောင်တွေ တန်း တွေ မကျဖို့ မောင်သောင်းမိဘတွေ တော်တော်လေး လုပ်ယူလိုက်ရတယ်။

ဒီအတွက်လည်း ကွယ်လွယ် ဘက်ကမ်းမှာရှိတဲ့ လယ်တွေ ကုန်တဲ့ အပြင် မြို့ပေါ်က သူတို့နေတဲ့ အိမ်ကို ပါ ပေါင်လိုက်ရတဲ့ အဖြစ်ကို ရောက် ရောပဲ ပြောပါတော့။

ဒီနောက်ပိုင်းတော့ မောင် သောင်းကို ကြည့်ရတာ တော်တော် လေး နောင်တရနေပုံပဲ။ အသောက် အစား လောင်းကစားဘက် ခြေဦးလှည့် တာ သိပ်မတွေ့ဘူး။

ထိုးစစ်ဆင်ဖို့ပဲ နောက်တစ်လှမ်း ဆုတ်တာလား၊ တကယ်ပဲ နောင်တတွေ ရသလားဆိုတာကိုတော့ သူကိုယ်စောင့် နတ်ပဲ အသိဆုံးဖြစ်မယ် ထင်တယ်။

"အဖေတို့ အမေတို့ လယ်တွေ ယာတွေ မရှိလို့ ဘာမှ အားမငယ်ကြ ပါနဲ့မှာ၊ ကျုပ်ရှာကျွေးပါ့မယ်၊ အိမ်ပေါ ထားတဲ့ ကိစ္စလဲ စိုးရိမ်မနေနဲ့၊ အချိန်တ ပြေလည်သွားမှာ၊ ကျုပ်တစ်ယောက် ရှိတယ်" တဲ့။

မောင်သောင်း ပြောလိုက် စကားကတော့ နားထဲကို ပျားရည် လောင်းထည့်လိုက်သလိုပဲ မိဘနှစ် ကတော့ သူတို့သား တကယ်ပဲ အ တရားတွေ ရလာပြီ ထင်လို့ ဝမ်း နေလိုက်ကြတာ။ မစားရ ဝခမန်းပဲ။

ဒါပေမယ့် တကယ်တမ်း တော့ ဘယ်ဟုတ်လိမ့်မတုံး။ ဖွတ်ထွ တောင်ပို့မှန်း သိတော့တာ။ အဲ... တဲ့ အချိန်ကျတော့ တော်တော် နောက်ကျနေပြီလေ။

အိမ်ပေါင်ထားတဲ့ လူ အဖေ တောင်းခိုင်းလို့ ပေးပါဦး ဘယ်လောက်၊ အမေ တောင်းခိုင်း ပေးပါဦး ငွေဘယ်လောက်ဆိုတာ အ လို တောင်းသုံးပြီးနေပြီလေ။ မရွေး မကယ်နိုင် ဖြစ်တဲ့အချိန်မှ မိဘတွေ သိရတာကိုး။

အဲ... သိရတဲ့အချိန်ကျ အားလုံးမျက်ရည်နဲ့ မျက်ခွက်ဆို လိုပဲ။ အိမ်ပြန်ရွေးနိုင်ဖို့ နေနေသာ အတိုးတောင် မဆပ်နိုင်တော့ဘူး။

ပြောရမယ်ဆိုရင် သနားဖို့ ကောင်းပါတယ်။ အဘိုးကြီး အဘွား လည်း အသက်ကြီးခါမှ ဆင် ဆင်းရဲနဲ့ နှစ်ယောက် ရွှေ နောက်ဆင့် ကွယ်လှ ကြရရှာတ



www.burmeseclassic.com

www.burmeseclassic.com

သားအလိမ္မာတုံးကြီး လုပ်ပုံနဲ့တော့ ဒီမိဘနှစ်ပါး ဘဝကူးတောင် တောင်းနိုင်ပါ့မလား မသိဘူး။

မောင်သောင်းက အိမ်ကို ပေါင်ထားတဲ့လူလက်ထဲ ထိုးပေးပြီး ပိုတဲ့ငွေနဲ့ စီးပွားရေးလုပ်ဖို့တော့ တာစူနေတာပဲ။

လုပ်မယ့်အလုပ်ကလည်း အဲဒီနှစ်တွေတုန်းက ရေပန်းအစားဆုံး စီးပွားရေးဈေးကွက်လို့ ပြောလို့ရတဲ့ တောက်တဲ့ အရောင်းအဝယ်တဲ့လေ။

ဟုတ်တယ် တကယ်ပြောတာ။ အဲဒီအချိန်က ကျွန်တော်တို့နယ်ဘက်တွေမှာ အချို့ဆို လယ်တွေယာတွေ ပစ်ပြီး တောထဲတောင်ထဲ တောက်တဲ့ရှာတဲ့သူတွေ ခြေချင်းလိမ်ပြီးယောက်ယက်ကို ခတ်နေတော့တာ။

ပြောလိုက်တဲ့ ဈေးတွေကလည်း သိန်းကိုဆယ်ဂဏန်း၊ ရာဂဏန်းတွေ ပလူကိုပျံနေတာပဲ။ ဘယ်နှဆယ်သား အောက်ကို သိန်းဘယ်လောက်၊ ဘယ်နှဆယ်သား အထက်ကို သိန်းဘယ်လောက်ဆိုတာ မကြားချင်မှ အဆုံး၊ ဟုတ်တာ မဟုတ်တာ အပထား၊ ဒီလို ပြောနေရတာကိုပဲ တော်တော်လေး ခံတွင်းတွေ့နေကြတာကိုး။

ဒီလိုလူတွေထဲမှာ မောင်သောင်းနဲ့ သူလုပ်ဖော်ကိုင်ဖက် ကျော်ဦးတို့ နှစ်ယောက်က ထိပ်ဆုံးကလို့ ပြောလို့ရတယ်။

အခုလည်း မောင်သောင်းတို့ နှစ် ယောက် တောက်တဲ့ရှိတဲ့ရွာကို သွားဖို့ ပြင်ဆင်နေကြတယ်လေ။

"ကျော်ဦး၊ မင်းသွားစုံစမ်းခဲ့တဲ့ကိစ္စ သေချာပါတယ်နော်၊ ဟိုရောက်မှ မဟုတ်ဘူးဆိုရင် ငွေကုန်သံပြာဖြစ်နေဦးမယ်"

"စိတ်ချစမ်းပါ ကိုသောင်းရယ်၊ ကျွန်တော်ကိုယ်တိုင် မျက်စိနဲ့ တပ်အပ်တွေ့လို့ သေသေချာချာ စုံစမ်းခဲ့တာပါ၊ ဒါပေမယ့် . . ."

"ဒါပေမယ့် ဘာဖြစ်လဲကွ၊ မင်းစကားက မတင်မကျနဲ့"

"ဒါပေမယ့် အဲဒီတောက်တဲ့တွေနေတဲ့ အပင်ကြီးပေါ်တော့ ဘယ်သူမှ တက်မဖမ်းဝံ့ကြဘူး"

"ဟေ ဘာဖြစ်လို့လဲကွ၊ မင်းကလဲ စကားကို ရှင်းအောင်ပြောစမ်းပါ၊ ဘာလဲ အပင်ပိုင်ရှင်က တက်မဖမ်းခိုင်းလို့လား"

"မဟုတ်ဘူး ကိုသောင်းရဲ့၊ အပင်ပိုင်ရှင် ဦးအုံ့မောင်ကိုယ်တိုင်က ဒီအပင်ကြီးကို အမြစ်က ဖော်ပစ်ချင်နေတာ၊ သူကိုယ်တိုင်လဲ မခုတ်ရဲသလို ခုတ်သမားငှားခုတ်တော့လဲ တစ်နည်းမဟုတ် တစ်နည်း အန္တရာယ်ဖြစ်တတ်လို့ တစ်ရွာလုံးက ဒီအပင်ကို မျက်စောင်းတောင် လှည့်ထိုးဝံ့ကြတာ မဟုတ်ဘူး။

နတ်ကြီးတယ်လို့လဲ ပြောနေကြတယ် ကိုသောင်းရဲ့"

"အလကားပါ ကျော်ဦးရာ၊ ဒါမျိုးတွေက ဘိုးတော်ဘုရားခေတ်မှာ ကျန်ခဲ့ပါပြီ၊ မတော်တဆ တိုက်ဆိုင်လို့ ဖြစ်သွားတာကို လူတွေက ရေးကြီးခွင်ကျယ်ပုံကြီး ချဲ့ကြတာပါ၊ ဘာလဲ မင်းက ဒါတွေကို ယုံလို့လား"

လို့ မောင်သောင်းက ကျော်ဦးကို လှမ်းမေးလိုက်တယ်။

"ဟာ . . . ကိုသောင်းကလဲ ကျွန်တော်က ဒါတွေကို ယုံလို့ ပြောနေတာမဟုတ်ဘူး၊ ကိုသောင်းများ အယုံအကြည်ရှိမလားလို့ ပြောနေတာ"

ဆိုတော့ မောင်သောင်းက . . .

"အေး ဒါဆိုလဲ ပြီးရောလေ၊ ငါကတော့ ဆော်ရီးပဲ" တဲ့။

ကဲကြည့်။ ဘယ်လောက်များလဲလို့၊ သူတို့ မမြင်ရ မတွေ့ရတာနဲ့ အယုံကြည် မရှိဘူးလို့လုပ်ရော။

ဘာသာခြားဖြစ်တဲ့ ကျော်ဦးက အယုံအကြည် မရှိတာကို မပြောလိုပါဘူး။ ဗုဒ္ဓဘာသာဖြစ်တဲ့ မောင်သောင်းအနေနဲ့တော့ ဒီလို စည်းလွတ်ဝါးလွတ် မပြောသင့်ဘူး။

မြင်အပ်၊ မမြင်အပ် ပုဂ္ဂိုလ်သတ္တဝါတွေ ရှိနေကြတယ်ဆိုတာကို မယုံရင် မြတ်စွာဘုရားရဲ့ စကားတော်ကို မယုံတာနဲ့ တူမနေဘူးလား။

ထားပါတော့။ ဒါနဲ့ မောင်သောင်းတို့အဖွဲ့ မြောင်းမြကနေ နေ့တစ်ဝက်ခရီးသွားရတဲ့ ရွာသစ်ကုန်းကျေးရွာကို စက်လှေနဲ့ ထွက်ခဲ့ကြတယ်။ ကားနဲ့ သွားရင် တစ်နာရီသာသာလောက်နဲ့ ရောက်နိုင်ပေမယ့် ဒီတုန်းက ဒီရွာတွေဘက်မှာ ကားလမ်းရယ်လို့ မည်မည်ရရမှ မရှိသေးတာကိုး။

တချို့မြို့တွေမှာ ထော်လာဂျီလို့ ခေါ်ပြီး ကျွန်တော်တို့ မြို့မှာတော့ ဒိန်းဒေါင်းလို့ ခေါ်တဲ့ ကားလေးတွေနဲ့ တော့ သွားလို့ရတယ်။ ဒါပေမယ့် လမ်းက တာရိုးလမ်း၊ ကြမ်းကလည်း ကြမ်းဆိုတော့ တော်ရုံ ဘယ်သူမှ မစီးကြဘူး။

ကျောက်ခဲ မျှော်ချသွားရင်တောင် အစာကြေနိုင်မယ့် လမ်းမျိုးကိုး။ ရွာသစ်ကုန်းရွာရောက်တော့ ကျော်ဦးပြလို့ တောက်တဲ့တွေရှိတဲ့ ညောင်ပိန္ဒဲပင်ကြီးကို တော်တော်ဝေးဝေးကနေ ထီးထီးမားမားကြီး လှမ်းမြင်နေရတယ်။

ဒီအပင်ကြီးက ရွာရဲ့ အစွန်နီးပါးလောက်မှာရှိပြီး အပင်ရဲ့ အနောက်ဘက် ကိုက်နှစ်ရာကျော်လောက်မှာ ရွာသင်္ချိုင်း ရှိတယ်၊ မြောက်ဘက် ကိုက်တစ်ရာနီးပါးလောက်မှာတော့ ရွာဦးဘုန်းကြီးကျောင်းလေး ရှိတယ်။

ဒီအပင်ကြီးရှိတဲ့ ခြံကို ပိုင်တဲ့ ဦးအုံ့မောင်ဆိုတာကလည်း ဒီရွာဇာတိတော့ မဟုတ်ဘူး။ မြောင်းမြအပိုင် ဒတ်ကွင်းရွာဘက်က သူ့အသိတစ်ယောက် အဆက်အသွယ်နဲ့ ဈေးချိုချိုရလို့သာ ဥယျာဉ်စိုက်စားမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဝယ်ထားတာ။ ဝယ်ပြီးကတည်းကလည်း ဟိုဟာစိုက် ဒီဟာစိုက်နဲ့တော့ လုပ်နေတာပဲ။ ဒါပေမယ့် တစ်ခါမှတော့ မအောင်မြင်ခဲ့ဘူး။

နောက်တော့ ရွာထဲက လူကြီးသူမတွေ ပြောတာ ကြားရတာတော့ ဒီခြံပိုင်ရှင် အဆက်အဆက်လည်း ဘာမှ စိုက်စားလို့ မရလို့ အခုလို ဈေးချိုချို

www.burmeseclassic.com

ရောင်းပစ်ခဲ့ကြတယ်လို့ သိရတာ။ ပြီးတော့ အခုလို ဖြစ်နေတာ ဒီညောင်ပိန္နဲပင်ကြီး ရှိနေလို့ဆိုတဲ့ ပြောစကားတွေ ဦးအုံ့မောင်ကြားပြီးနောက်ပိုင်း ဒီအပင်ကြီးကို ရှင်းဖို့ ကြံစည်နေတာ။

ကြံစည်တိုင်းလည်း အဆင်တစ်ခါမှ မပြေလို့သာ ငြိမ်နေရတာကို။ ဟော အခုတော့ ဒီအပင်ကြီးကို ရှင်းပေးမယ့် မြို့ပေါ်က လူတွေ သူ့ခြံထဲကို ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာပြီဆိုတော့ သူလည်း ဝမ်းသာနေတာပေါ့။

မောင်သောင်း ဆိုတာကလည်း လူကသာ လက်ကြောမတင်း အကြံကတော့ကြီးသား။ ဒီအပင်ကို လက်စတုန်းဖို့ဆိုပြီး သိလ္လာဘက်က အုတ်ဖုတ်သမားတွေကို အုတ်ဖုတ်ဖို့ ထင်းအလကား လိုက်ခုတ်ယူလို့ ပြောပြီး ခေါ်လာတာ။

အုတ်ဖုတ်သမားတွေကလည်း ထင်းအလကားရမယ်ဆိုတော့ လိုက်ခုတ်ယူတာပေါ့။ သူတို့ဝယ်သုံးရရင် တစ်လံပုံ တစ်ပုံဆိုရင် ငါးထောင်လောက် ပေးဝယ်ရတာလေ။ အခုတစ်ပင်လုံး ရမှာဆိုတော့ အနည်းဆုံး တစ်သိန်းဖိုးလောက်တော့ အလကားရလိုက်သလို မျိုးကို။

မောင်သောင်းကလည်း သူ့အကြံနဲ့ သူပဲ။ အုတ်ဖုတ်သမားတွေ ခုတ်လှဲပြီးမှ သစ်ခေါင်းထဲရှိတဲ့ တောက်တဲ့ကို အလွယ်တကူဖမ်းဖို့ ကြံထားတာကိုး။ အပင်ပိုင်ရှင် ဦးအုံ့မောင်ကလည်း ဒီအပင်ကြီး ရှင်းသွားပြီးရော ဆိုတာမျိုး။ တောက်တဲ့တွေ မတောက်တဲ့တွေ ဘာမှ စိတ်ဝင်စားတာ မဟုတ်ဘူး။ တောက်တဲ့ တစ်ကောင်ဘယ်လောက်တန်တယ် ဆိုတာ သိလည်း မသိဘူး၊ စိတ်လည်း မဝင်ဘူး။

မောင်သောင်းတို့အဖွဲ့ အပင်အောက်ရောက်လို့ ဦးအုံ့မောင်နဲ့ ခလေပန်းနေတုန်း . .

"တောက် . . . တောက် . . . တောက်တဲ့" ဆိုတဲ့ အသံ ခပ်အောင်အောင်နဲ့ အော်လိုက်တဲ့ အသံကို အပင်အောက်မှာရှိနေတဲ့ မောင်သောင်းတို့အဖွဲ့ အတိုင်းသား ကြားလိုက်ရတယ်။

လောဘအခိုးတွေနဲ့ တံလျှပ်တွေ တချောင်းချောင်း ထွက်နေတဲ့ မောင်သောင်းရဲ့ အကြည့်က အသံပေးလာတဲ့ တောက်တဲ့ကြီးဆီက မခွာရက်နိုင်ဘူး။ အပင်ပေါ်က တောက်တဲ့ကြီးနဲ့ အပင်အောက်က မောင်သောင်းတို့ တစ်ယောက်နဲ့ တစ်ကောင် အတော်ကြာအောင် အကြည့်ချင်းဖလှယ်နေကြတယ်။

မောင်သောင်းဆိုတာလည်း ရေသောက်ဆင်းတဲ့ နွားပေါက်ကို ချောင်းနေတဲ့ မိကျောင်းလို ငြိမ်ကုပ်ပြီး ငုတ်တုတ် မေ့နေလိုက်တာ အသက်ရှူဖို့တောင် သတိမရနိုင်တဲ့ ပုံမျိုးကိုး။

ဒါနဲ့ သစ်ပင်ခုတ်မယ့်အဖွဲ့တွေ ပစ္စည်းတွေ ပြင်ဆင်နေတုန်းမှာပဲ မောင်သောင်းက သူယူလာတဲ့ ဂုန်နီအိတ်တွေ ယူပြီး အပင်ပေါ် စတက်သွားတယ်။ ပြီးတော့ တောက်တဲ့ဝင်သွားတဲ့ သစ်ခေါင်းကို ဂုန်နီအိတ်နဲ့ ထိုးပိတ်ထားလိုက်တယ်။ အပင်ခုတ်သံ လူအော်သံတွေကြောင့် တောက်တဲ့ ထွက်ပြေးမှာစိုးလို့လေ။

ဆိုကြပါစို့၊ ဒါနဲ့ မောင်သောင်းတို့အဖွဲ့ အပင်စခုတ်ကြတယ်။ အပေါ်ကခုတ်ချတဲ့သူက ခုတ်ချ၊ အောက်ကနေ အခက်အလက်တွေရှင်းတဲ့ လူကရှင်း၊ ကြည့်ရတာတော့ အကုန်လုံး ဖိုးတက်ကြွတွေချည်းပဲ။

ရွာထဲက စပ်စုတဲ့ လူတချို့ကလည်း ကွက်ကြည့် ကွက်ကြည့်နဲ့ လာစနည်းနာကြတယ်။

သူတို့လည်း ဒီသစ်ပင်ကြီးအကြောင်း သိနေတာကိုး။ ဘယ်တုံးကမှ လက်ကြောတင်းအောင် အလုပ်မလုပ်ခဲ့တဲ့ မောင်သောင်းတောင် ကိုယ်ကိုင် သစ်ကိုင်းခတွေ တက်ချိုင်နေတယ်။ လောဘဇောတိုက်နေလို့ နဖူးက ချွေးတောင် သုတ်ဖို့ သတိမရဘူးလေ။

မွန်းမတည့်ခင်လောက်ကတည်းက စခုတ်နေကြတာ ညနေ နေဝင်ဖိုးဖျအချိန်လောက်ကျတော့ ကိုင်းတက်ကိုင်းလက် တော်တော်များများလည်း ပြေခနေကြပြီ။ အုတ်ဖုတ်သမားအဖွဲ့ကလည်း ဆေးလိပ်ဖွာသူဖွာ၊ ရေနွေးကျိုက်သူကျိုက်နဲ့ ခဏနားနေကြတယ်။ မနားနိုင်တာဆိုလို့ မောင်သောင်းနဲ့ ကျော်ဦး နှစ်ယောက်ပဲ အပင်ပေါ်မှာ ကျန်ခဲ့တယ်။

သူတို့နှစ်ယောက်က အမြန်ပြီးချင်တယ်လေ။ ဒါမှ သူတို့လိုချင်တဲ့ တောက်တဲ့ရမှာကို။

ဒါနဲ့ ခဏနေတော့ . . .

"ဟာ . . ဟာ . . ဟာ၊ ဟေ့ကောင်တွေ မလုပ်ကြနဲ့လေ၊ ဟေ့ကောင် မောင်သောင်း ဟာ . . ကျော်ဦး မလုပ်ကြနဲ့ မလုပ်ကြနဲ့၊ သောက်ကျိုးတော့ နည်းကုန်ကြတော့မှာပဲ"

အုတ်ဖုတ်သမား အဖွဲ့ခေါင်းဆောင်ဖြစ်တဲ့ ဦးမြထူး အလန့်တကြားအော်လိုက်သံကြောင့် အဖွဲ့သားတွေ အကြည့်က သစ်ပင်ပေါ် ဖြိုင်တူရောက်သွားတယ်။ ပြီးတော့ "ဟာ" ဆိုပြီး တအံ့တသြနဲ့ အကုန်လုံး ကြက်သေသေပြီး ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိဖြစ်သွားတယ်။

ခဏနေတော့ သတိဝင်လာပြီး ဝိုင်းအော်ကြ၊ ဟစ်ကြတော့မှ မောင်သောင်းနဲ့ ကျော်ဦးလည်း "အား" ခနဲအော်ပြီး အပင်ပေါ်က ရှေ့ဆင့် နောက်ဆင့် ပြုတ်ကျလာကြတယ်။ အောက်ရောက်တော့ နှစ်ယောက်စလုံး ခြေတွေ လက်တွေ တဆတ်ဆတ်တုန်ပြီး သတိလည်း မရကြတော့ဘူး။

အုတ်ဖုတ်သမားအဖွဲ့နဲ့ ခြံရှင်ဦးအုံ့မောင်လည်း မျက်သလဲဆန်ပျာနဲ့ စက်လှေ အားချင်းငှားပြီး မြို့ဆေးရုံကို တင်လိုက်ကြရတယ်လေ။

ဖြစ်ပုံက ပြောရရင် ယုံဖို့အောင် ခပ်ခက်ခက်။ ကာယကံရှင်ကိုယ်တိုင် ပြောပြလို့သာပေါ့။ ကျွန်တော်ယုံဖို့ ခက်

www.burmeseclassic.com

တယ်လို့ ပြောတာလည်း မလွန်ဘူး၊ စဉ်းစားကြည့်လေ။ မောင်သောင်းနဲ့ ကျော်ဦး သစ်ပင်ပေါ်မှာ တစ်ယောက် ခြေထောက်ကို တစ်ယောက် ဓားနဲ့ ခုတ်နေလိုက်ကြတာ။

သူတို့ မျက်စိအမြင်မှာတော့ သူတို့ ခုတ်နေတာ သစ်ကိုင်းကိုပဲတဲ့။ နာခြင်း ပြုခြင်း မရှိတဲ့အပြင် စိတ်ထဲမှာလည်း ဒီသစ်ကိုင်းကို ခုတ်ရတာ ခုတ်လို့ တယ်ကောင်းဆိုပဲ။

တစ်ယောက်ကို တစ်ယောက် ခုတ်နေကြတာ ဘယ်လောက်ကြာသွားသလဲမသိဘူး။ အပင်အောက်ကလူတွေ ဝိုင်းအော်ကြ ဟစ်ကြတဲ့ အသံကြားတော့မှ တစ်ကိုယ်လုံး ကျဉ်ခနဲထစ်ချက်ဖြစ်သွားပြီး အပင်ပေါ်က ပြုတ်ကျလာတာ။

တော်သေးတာပေါ့၊ သူတို့နှစ်ယောက်က အမြင့်မတက်ရဲလို့ ခပ်နိမ့်နိမ့်က ပြုတ်ကျတာ။

ကျော်ဦး အခုတ်ခံရတဲ့ ပေါင်က အချက်နှစ်ဆယ်လောက်သာ ချုပ်လိုက်ရပေမယ့် မောင်သောင်း အခုတ်ခံလိုက်ရတဲ့ ခြေသလုံးကတော့ အသားတွေ ပြတ်တဲ့အပြင် အရိုးပါ ကျေသွားတယ်။

ပြီးတော့ မောင်သောင်းမှာ နဂိုကတည်းက ဆီးချို သွေးချိုရောဂါ အခံကလည်း ရှိနေတာဆိုတော့ ဒီခြေထောက်တစ်ဖက်က ဖြတ်ကို ပစ်ရတဲ့ အဖြစ်ကို ရောက်သွားတယ်ပဲ ပြောပါတော့။

ကိုသောင်းက ပြောရတာ မောသွားလို့လား။ ပါးစပ်ပဲ- ခွဲလာလို့လား မသိဘူး။ လက်ကြားက မီးသေနေတဲ့ ဆေးပေါ့လိပ်ကို မီးညှိရင်း ဆင့်ကာဆင့်ကာ ဖွာနေသည်။ ပြီးတော့ ပြတ်နေတဲ့ သူ့ခြေထောက်ကို အခုမှ တွေ့ဖူးသလို စိုက်ကြည့်နေလိုက်တာ အစာညှို့နေတဲ့ စပါးကြီးမြွေလားထင်ရတယ်။

ပြီးတော့မှ လေးတိလေးကန် အသံနဲ့ . . .

"ငါ့အဖြစ်ကတော့ ဒါပဲ မြင့်လှိုင်၊ ငါ့ကိုယ်ငါလဲ အခုမှ နောင်တရမိတယ်၊ ဟိုတုန်းကတည်းက ငါ့မိဘတွေရဲ့ လက်ငုတ်လက်ငင်းအလုပ်ကိုသာ ကြိုးကြိုးစားစား လုပ်ခဲ့ရင် ငါအခုလို ဒုက္ခိတဘဝရောက်မှာ မဟုတ်ဘူး။

အဲဒီ ရွာက ရွာခံလူတွေက အန္တရာယ်များတယ်၊ မခုတ်နဲ့လို့တော့ ပြောသား ခက်တယ်ကွ၊ ငါကလဲ



ဒါတွေကို မယုံဘူးလေ၊ ငါ့စိတ် ငါ့အာခံ့ထဲမှာ ဒီအပင်ခုတ်ပြီး တောက်တဲ့တွေယူမယ်၊ ပြီးတော့ ငွေတွေအများကြီးနဲ့ ရောင်း ဒါပဲ ခေါင်းထဲ ရှိနေတာကိုး အခုတော့ ဘာတစ်ခုမှ တစ်က ပြန်စလို့ မရတော့ဘူးလေ။

ဆရာတော်ဘုရား ပြောသလို ကိုယ်က မယုံကြည်ရင် မယုံသလို ကင်းကင်းနေ၊ ဒါဆို ဘာပြဿနာမှ မရှိဘူး၊ ကိုယ်ကလဲ မယုံကြည်၊ စော်ကားသလိုလဲ သွားလုပ်တယ်ဆိုတော့ မဖြစ်သင့်တာတွေ ဖြစ်ကုန်တာပေါ့ကွာ"

ကိုသောင်းအဖြစ်ကို ကြားရတာ စိတ်မကောင်းစရာလို့ ဆိုရခြင်းထက် စိတ်ချမ်းမြေ့စရာလို့ ပြောရင် ပိုမှန်လိမ့်မယ်ထင်တယ်။ ခုချိန်မှာ စိတ်မကောင်းဖြစ်နေလို့လဲ ဘာမှ ထူးမှာ မဟုတ်ဘူးလေ။ ဖြစ်ခဲ့တာ အားလုံးက ဘယ်သူမပြု မိမိမှုတွေပဲ။

ကိုသောင်းဆီက ပြန်လာပြီး လမ်းတစ်လျှောက် ကျွန်တော်စဉ်းစားမိခဲ့တာက ကိုသောင်း လုပ်လိုက်တဲ့ တစ်ခဏ အမှားဟာ သူ့ဘဝ အလျားတစ်လျှောက်လုံးကို နာလန်မထူနိုင်အောင် ဖြစ်စေခဲ့တယ်။

ညောင်ပိန္နဲပင်ကြီးကတော့ ရွာလမ်းတွေတိုးချဲ့ဖောက်လုပ်ရာမှ မလွတ်ကင်းလို့ တာဝန်ရှိသူတွေ အမိန့်နဲ့ အမြစ်ပါမကျန် ခုတ်လှဲခံခဲ့ရတယ်လို့ ကိုသောင်းက အာပေါင်အာရင်းသန်သန်နဲ့ နောက်ဆုံး ပြောပြလိုက်သေးတယ်။

သူ့ဘဝကော ဘာထူးသလဲ။ မလွတ်မကင်း သွားလုပ်လို့ ခုတ်ဖြတ်ခံရတာများလား။

မြောင်းမြမြင့်လှိုင်

❑

www.burmeseclassic.com

# အချစ်ရဲ့ခြေရာ

စိုလက်နီ



ငါးတွေ ရေကူးသွားတဲ့အခါ ရေထဲ ခြေရာမထင်ဘူး။

ငှက်တွေ လေထဲပျံဝဲနေတော့လည်း ခြေရာမကျန်ဘူး။

ကိုယ့်နှလုံးသား ကောင်းကင်ပြင်ပေါ် မင်းဖြတ်သွားပြီးတဲ့အခါ အချစ်ခြေရာလေးတွေ ထင်ကျန်ရစ်တယ်။

(၁)

တစ်ခါ တစ်ခါ အမှတ်မထင်ကြုံဆုံရတဲ့ ဖြစ်ရပ်လေးဟာ ဘဝမှာ အမှတ်ရ စွဲရစ်စေလိမ့်မယ်လို့ ကိုယ်တစ်ခါမှ မတွေးမိခဲ့ဘူး။ တကယ်တမ်းကြုံဆုံလာရတော့မှ ခံစားချက် တစ်ပုံတစ်ပင်ကြီးကို ရင်မှာပိုက်ပြီး ဘဝသင်ခန်းစာ ရခဲ့တယ်။ ကိုယ့်ဘဝက လိုတရမဟုတ်ခဲ့ပေမယ့် လိုတာလေးတွေ ရခဲ့ပြီး အေးအေးချမ်းချမ်းနဲ့ ဘဝကို နေပျော်ခဲ့ရသူပေါ့။

ကိုယ်သိပ်ကြိုက်တဲ့ စာအုပ်တွေကို အဖော်ပြုလို့လေ။ ကိုယ်ဖတ်ခဲ့ဖူးတဲ့ စာအုပ်ထဲက 'ဘဝဆိုတာ ပြည့်စုံစွာ ရေးသားပြီးသော စာအုပ်တစ်ခု၊ သို့သော် လူတိုင်း တစ်နေ့ကို စာမျက်နှာတစ်ခုသာ ဖတ်ခွင့်ရသည်' တဲ့။ ကိုယ်သိပ်ကြိုက်လွန်းလို့ မှတ်သားမိတာ။

ကိုယ့်ဘဝမှာ တစ်ခါမှ ဖတ်ခွင့်မကြုံသေးတဲ့ အချစ် စာမျက်နှာလေးကို မမျှော်လင့်တဲ့ တစ်နေ့မှာ ဖတ်ခွင့်ရခဲ့တယ်။ အဖြူရောင်ခြယ်တဲ့ ကိုယ့်နှလုံးသားလေးကို ချစ်ခြင်းရောင်စုံတွေ ခြယ်သဖို့ မင်း ဝင်ရောက်လာတဲ့နေ့ပေါ့။ အဲဒီနောက်မှာ ကိုယ်သိပ်ပျော်ရွှင်ခဲ့ရတယ်။

အဖြူရောင် ကိုယ့်နှလုံးသားလေးပေါ်ကို မျှော်လင့်ချက်တွေ၊ ကြည်နူးမှုတွေ၊ လွမ်းဆွတ်သတိရမှုတွေ စတဲ့ ချစ်ခြင်းရောင်စုံတွေ ခြယ်သခဲ့မိတယ်။ ကိုယ့်စိတ်ကူးတွေ၊ အတွေးတွေ၊ အိပ်မက်တွေဟာ အရာရာ လှပလို့ပေါ့။ ဒီအတွက် မင်းလေးကို ကျေးဇူးတင်ပါတယ် နော်။ ခြေရာလေးတွေ ထင်ကျန်ရစ်တယ်။

(၂)

နေမှိန်မှိန်
ဆင်ဖောင်းတော် ရွှေပုသိမ်နဲ့
လာချိန်တန်ပေါ့။
ထပ်ထပ်ကယ်မျှော်
ပြာသာဒ်ရယ် ဘုံဆောင်ပေါ်က
အကြိုတော်
သည်မယ် ထောက်ရတယ်
ကိုးခေါက်ပြန်ပေါ့။

လှိုင်မင်းသမီး

ညနေစောင်းပြီဆိုရင် ကိုယ့်စိတ်တွေ ငြိမ်မနေနိုင်တော့ဘူး။ ကျောဖိုးအိတ်လေး တစောင်းလွယ်ပြီး ခပ်တည်တည် မျက်နှာထား၊ ခပ်မှန်မှန် ခြေလှမ်းတွေနဲ့ ကိုယ်ဟန်မတ်မတ် လျှောက်လာတတ်တဲ့ မင်းလေးကို စောင့်မျှော်မိ

ကိုယ် တွေးမိတယ် မင်းဟာ လှေကားထစ်တွေပေါ် လှမ်းလာတာ မဟုတ်ဘဲ ကိုယ့်နှလုံးသားလေးပေါ်မှာ

www.burmeseclassic.com

လှမ်းလာသလားလို့။ ကိုယ့်ရင်တွေ ခုန်ရလွန်းလို့ပါ။ ပြီးတော့ ဒီအဆောက်အအုံထဲ ဝင်လာတာမဟုတ်ဘဲ ကိုယ့်ဘဝထဲကိုများ ဝင်လာမလားလို့ပေါ့။

တကယ် ဝင်လာပါလား ချစ်သူရယ်။ ကိုယ်စောင့်မျှော်နေပါတယ်။ မင်းဆီက ရွှန်းလက်တဲ့အကြည့်တွေ ပို့လွှတ်လိုက်တိုင်း ကိုယ့်နှလုံးသားလေး လှုပ်ရှားမိတယ်။ အကြည့်ချင်းဆုံရင် အသာအယာ မျက်နှာလွှဲခဲ့ရပေမယ့် အဲဒီအကြည့်လေးကိုပဲ တစိမ့်စိမ့်တွေးလို့ ကြည်နူးပျော်ရွှင်ခဲ့ရတယ်။

အချစ်ဆိုတာ ဒီလိုပဲလား။ ကိုယ်အချစ်ကို ခုမှ တွေ့ကြုံဖူးတာ။ အချစ်ဆိုတာ ဘာမှန်း ရေရေရာရာ မသိပေမယ့် မင်းကို ချစ်မိသွားတယ်ဆိုတာတော့ သေချာပါတယ်။ ခပ်လှမ်းလှမ်းကနေ လှေကားထစ်တွေပေါ် ထိုင်ရင်း မင်း ငေးကြည့်နေတဲ့အခါ ကိုယ့်ရင်တွေ တဖျပ်ဖျပ်ခုန်ပြီး မသိသလို ဟန်ဆောင်ခဲ့ပေမယ့် ရင်ထဲမှာတော့ ကျိတ်ပြီး ကျေနပ်ပျော်ရွှင်နေခဲ့တာပေါ့။

တစ်နေ့တခြား မင်းကို စွဲလမ်းတဲ့စိတ်တွေ များလာတယ်။ အတွေးတွေ၊ အိပ်မက်တွေမှာလည်း မင်းပဲ စိုးမိုးနေခဲ့တယ်။ မင်းကို တစ်နေ့မတွေ့ရရင် ဘာလိုနေမှန်းကို မသိဘူး။ ရင်ထဲမှာ လစ်ဟာလို့။ တစ်ခါ တစ်ခါ ဝမ်းနည်းသလိုလို၊ ဘာအကြောင်းမှ မရှိဘဲ ဒေါသတွေထွက်ရတာနဲ့။

ကိုယ့်နှလုံးလေးထဲမှာ မင်းကိုတမ်းတတဲ့ ချစ်စိတ်တွေ ပြည့်နေတယ်။ သွေးကြောတွေထဲမှာလည်း ချစ်စိတ်တွေ ပျော်ဝင်နေတယ်။ ကိုယ့်ဘဝမှာ မင်းလေးဟာ မရှိမဖြစ် လိုအပ်နေပြီလားကွယ်။ မင်းလေးကို ကိုယ့်မျက်စိရှေ့မှာ အမြဲရှိနေစေချင်တယ်။ မင်းရဲ့ အကြင်နာအကြည့်တွေ၊ ဂရုစိုက်မှုတွေ မှန်သမျှ ကိုယ့်အတွက်ပဲ ဖြစ်စေချင်တယ်။ အရာရာကို စောင့်ကြည့်ရ၊ သဝန်တိုရနဲ့ လိုချင်တာတွေ များလာခဲ့ရတယ်။

ကိုယ်ဟာ တည်ငြိမ်ရိုးရှင်းတဲ့ ဘဝလေးထဲမှာ အေးချမ်းစွာ နေခဲ့ရသူပါ။ အခုတော့ မင်းနဲ့ပတ်သက်လို့ ရေကြည်တွေလည်း နောက်စ ပြုနေပြီ။ အဲဒါ. . . နွံ ဟုတ်တယ်၊ မင်းရဲ့ အချစ်နွံကြောင့်ပေါ့။

(၃)

ကောင်လေး
မင်းနဲ့ အကြည့်ချင်းဆုံလိုက်တိုင်း
မဝံ့မရဲ မျက်နှာလွှဲမိ
ရင်ခုန်စည်းချက်
ကာရန်မညီ ကဗျာမပီနဲ့
တည်ငြိမ်စိတ်များ
ယိမ်းယိုင် သွားအောင်
ဆုံးဖြတ်ချက်များ
ပျက်ပြယ် သွားအောင်
မင်း ပြုနိုင်စွမ်းပါတယ်။
ကောင်လေး
မင်းရဲ့အသံလေး
ကြားလိုက်တိုင်း
ပျော်စရာကမ္ဘာလေးထဲရောက်
စိတ်ထဲကြည်နူး ရယ်မြူးရွှင်ပျ
တသသနဲ့
အမြဲကြားချင်နေအောင်
မင်း ပြုနိုင်စွမ်းပါတယ်။
ကောင်လေး
မင်းနဲ့ ပတ်သက်လာရင်
အရာရာဟာ နောက်ဆုံး
မင်းသာ ပထမဆုံး
တန်ဖိုးထားပြီး မြတ်နိုးချစ်ရ
မေ့မရအောင်
မင်းပြုနိုင်စွမ်းပါတယ်။
ကောင်လေးရယ်
ရင်တွင်းစကား မင်းကြားရဲ့လား
မင်း လှောင်ရယ်မလား
ရှောင်ဖယ်မလား
မှုမမှန် တိတ်တဆိတ်နဲ့
ပူပန်နေမိ
အတိုင်းမသိ စွဲငြိလေအောင်
ချစ်ထုံး ဖွဲ့နှောင်ခဲ့ပါတယ်။

စိုလက်နီ

ပြတင်းပေါက်က မြင်နေရတဲ့ ကောင်းကင်ကြီးကို ငေးရင်းတွေးနေမိတယ်။ ဒီကနေ ဟိုးအဝေးကြီးက မိုးကုပ်စက်ဝိုင်းအထိ သွားကြည့်ချင်တယ်၊ ကိုယ်တစ်ယောက်တည်းတော့ မဟုတ်ဘူး။ ကိုယ်သိပ်ချစ်ရတဲ့ မင်းလေးနဲ့အတူပေါ့။ ကိုယ့်နှလုံးသားဟာ ကောင်းကင်ပြင်ကြီးဆိုရင် မင်းက တိမ်လွှာလေးလား၊ ဒါမှ မဟုတ် ငှက်ကြယ်လေးလား။ အင်း မဟုတ်သေးပါဘူး၊ မင်းက သိပ်တည်ငြိမ်တော့ နေမင်းကြီးပေါ့။ ဒါဆိုပူမှာ၊ လမင်းကြီးပဲ၊ ဟုတ်တယ်။ ကိုယ့်ရဲ့ လမင်းလေးပေါ့။ တစ်ခုခုတော့ ဖြစ်ပေးပါနော်။ ဒါတွေက ကောင်းကင်ပြင်ပေါ် မှာပဲ ရှိတာလေ။ ခွဲလို့မှ မရဘဲ။

ကိုယ်လေ မင်းနဲ့ မခွဲချင်ဘူး။ ကွဲလည်း မကွဲချင်ဘူး။ ကိုယ့်စိတ်ကူးတွေထဲမှာ မင်းနဲ့ အမြဲတမ်း စကားလက်ဆုံပြောမကုန်နိုင်ဘူး။ တကယ်တမ်းကြုံရရင် အကြည့်ရဲရဲတောင် မကြည့်ဝံ့သူပါ။ မင်းကို မဝံ့မရဲ ကြည့်တတ်တဲ့ ကိုယ့်ကို မရေမရာ အချစ်လို့တော့ မထင်လိုက်ပါနဲ့နော်။ ကိုယ့်ဘက်က ဘယ်လိုပဲ ခံစားနေရပေမယ့် မိန်းမသား မဟုတ်လားကွယ်။ ဣန္ဒြေခြုံပဝါလေးကိုတော့ ခြုံထားမှ တင့်တယ်ပေမပေါ့။ ဒါပေမယ့် သိပ်ပါးလျလွန်းနေမလားဟင်။ မင်း မြင်နေရတယ်ဆိုတာ ကိုယ်သိလို့ပေါ့။ မျက်ဝန်းတွေဟာ နှလုံးသားရဲ့ ပြတင်းပေါက်တွေလေ။ မင်းခံစားချက်ကို ကိုယ်သိသလို ကိုယ့်ခံစားချက်တွေကိုလည်း မင်း မြင်မှာပါ။ ကမ္ဘာတောင် ပတ်နေသူပဲဟာ၊ ဒါလောက်တော့ ကြည့်စရာမလိုဘဲနဲ့ကို မင်း သိမှာပါ။

ဒါပေမယ့်ကွယ် မင်း နေရက်အားတယ်။ အိပ်ချင်ယောင်ဆောင်နေတာ မဟုတ်ဘဲ တကယ် အိပ်ပျော်နေခဲ့သလားလို့ ကိုယ်တဖြည်းဖြည်း တွေးမိလာတယ်။ ရက်ကို လစား၊ လကို နှစ်စား၊ နှစ်ကိုလည်း အချိန်ကာလတစ်ခုက စားသုံးနေဆဲ။ ကာလတွေလည်း ခွဲကြာလွန်းခဲ့ပြီ။



www.burmeseclassic.com

www.burmeseclassic.com

စံရတာ တဒင်္ဂ၊ ခံရတာ တစ်ဘဝလုံးပဲ။ ကိုယ် မခံစားချင်တော့ဘူး။ အရာရာဟာ အိပ်မက်မျှပင် ဖြစ်စေချင်တော့တယ်။ အိပ်မက်ရှည်ကြီးလား။ ဒါဆိုရင် သိပ်ကောင်းမှာပဲ။ ဒါပေမယ့် ချစ်သူရယ် မင်းဟာ ကိုယ့်အိပ်မက်ဆိုလည်း ကိုယ့်ရင်ကို တစ်သက်တာ စွဲမြဲစေမယ့် ချစ်အိပ်မက်လေးပါပဲ။ ကိုယ့်ဘဝကို ခိုင်မြဲစေတဲ့ချစ်ကြိုးတွေ အထပ်ထပ် သွယ်ရစ်စေခဲ့တဲ့ စိတ္တဇအိပ်မက်လေးပေါ့နော်။

(၄)

မတွေ့ရရင် တွေ့ချင်ပါ၏။
ရင်မှာ ခုထိ လွမ်းနေမိ၊
တစ်နေ့ တစ်ရက်
မေ့ဖို့ခက်တော့၊
လွမ်းတဲ့ရက်တွေ
ရှည်ခဲ့ပြီ။

စိုလက်နီ

ကိုယ်လေ အိပ်မက်တွေ အများကြီး မက်ခဲ့ဖူးပါရဲ့။ ဒီလို အိပ်မက်မျိုး မက်ဖို့ တစ်ခါမှ အတွေးထဲမှာတောင် မရှိပါဘူး။ ညက ကိုယ့်အိပ်မက်ထဲမှာ မင်းလေးက 'မဆီ ကျွန်တော် ပြန်လာခဲ့မယ်' တဲ့။ မင်း ပြန်လာတော့မှာလား။ မတွေ့ရတာ ရှစ်လ ရှိပြီနော်။ မင်းက တစ်နှစ်မှာ သုံးလပဲ မြန်မာပြည်မှာ နေခွင့်ရတာလေ။ ကိုယ် မျှော်ရတဲ့ရက်တွေ ရှည်တာလည်း မပြောနဲ့လေ။ တွေ့ရတဲ့ရက်က နည်းတာကိုး။

သူ ဘယ်တော့ ပြန်လာမှာပါလိမ့်။ ကိုယ် စောင့်နေရတာ မောလှပြီ။ ဒီနေ့ ခရစ္စမတ်နေ့။ မကြာခင် နှစ်သစ်ကို ရောက်တော့မယ်။ ကိုယ် ဘာမှ မပြောင်းလဲဘဲ ချစ်နေ၊ သစ္စာရှိနေဆဲပါ။

အချိန်တွေ ကြာခဲ့ပါပြီ။ အချိန်တွေ အများကြီးထဲမှာ မျှော်လင့်ချက်တစ်ခုကို ပြည့်ဝချင်လှပါပြီ။ ကိုယ် လိုအပ်နေတာ ချစ်ခြင်းမေတ္တာပါ။ ချစ်ခြင်းမေတ္တာကို သစ္စာနဲ့ တုံမွမ်းထားပြီး လေးစား မြတ်နိုးခြင်း ဘောင်ကွပ်ထားတဲ့ ဘဝပန်းချီကား တစ်ချပ်ရယ်ပါ။

ရခဲ့ရင်လည်း အတိုင်းမသိ ပျော်ရွှင်မိမှာပါ။ မရခဲ့ရင်လည်း တိတ်တိတ်လေး ကြေကွဲနေရုံကလွဲပြီး ကိုယ် ဘာမှ မတတ်နိုင်တော့ပါဘူး။ အရာရာ ကံပါပဲလေ။ ကံကြမ္မာကို ယိုးမယ်မဖွဲ့လိုတော့ပါဘူး။ ကိုယ်ချစ်မိတာ ကိုယ်ပဲ အပြစ်ရှိတာပေါ့။ တစ်ခါ တစ်ခါ ကိုယ်စဉ်းစားမိတယ်။ ကိုယ်ဟာ ပန်းလေးတစ်ပွင့်ပဲ ဖြစ်လိုက်ချင်တော့တယ်။ ဖူးရာကင်း၊ ငုံရာကပွင့်၊ ပွင့်ပြီးတော့ ကြွေပေါ့။

ခုတော့ လူဖြစ်နေရတယ်။ လူ့တောင်မှ မြန်မာမိန်းကလေး။ အတိတ်ဘဝ အကြောင်းတွေကြောင့် ခုတော့ အကျိုးပေးပေါ့။ အကြောင်းအကျိုးမှာ အကောင်းအဆိုး ရောထွေးစမြဲ။

တစ်ချိန်တစ်ခါတုန်းဆီက . . . မောင့်လပြည့်ဝန်း သီချင်းလေးများ ပြန်ကြားရလေမလား။ ဟိုစဉ်အချိန်တွေကို ပြန်တမ်းတမိတယ်။ အခုတော့ ရန်ကုန်မှာ သာတဲ့လ သီချင်းလို မင်းနှလုံးသားမှာ အချစ်လမင်း သာဖို့လိုသေးရဲ့လား။ ဘယ်တော့များမှ ကိုယ့်နှလုံးသားလိုအပ်ချက်တွေ ပြည့်စုံလာမှာပါလိမ့်။

အို့ . . . အချစ်ဆိုတာ ရယူပိုင်ဆိုင်ဖို့မှ မဟုတ်ဘဲ။ ရင်ထဲမှာ သိမ်းထားပြီး ချစ်ခွင့်ရှိနေတာပဲ။ ဟန်ဆောင်ပဝါကို ခြုံလို့ မင်းလေးကိုပဲ တစ်သက်တာ မြတ်နိုးစွာနဲ့ လျှို့ဝှက်ပြီး ချစ်နေတော့မယ်။ နောက်ဆုံးတော့ ကိုယ် ဘာကိုမှ သတိမရချင်တော့၊ ဘာကိုမှ မမက်မော မတွယ်တာချင်တော့၊ ဘယ်သူ့ကိုမှလည်း မချစ်ချင်တော့၊ အရာရာကို စွန့်ခွာပြီး လောကကြီးထဲက ထွက်သွားရမယ့် နေ့ကို ရောက်ချင်ပါပြီ။ ကိုယ့်ဘဝရဲ့ စာမျက်နှာတွေရယ် ဘာတွေများ ရေးသားထားလဲ ကြိုသိခွင့်မရပေမယ့် သိချင်နေမိတယ်။

(၅)

မျက်ရည်နှင်းစက်
ဖျပ်ဖျပ်လွင့်ကြွေ
ပင့်သက်ဖြာစေတဲ့ ညတွေထဲ
မစဲနိုင်အောင်
အလွမ်းကာလ ရှည်ကြာ၏။

*

ဝေဒနာနိုးရိပ်
တိတ်တဆိတ်ဝင်ရောက်
အချိန်ကာလတွေ
သွန်မှောက်ပြီး
အတွေးသံသရာကို
ဝက်ပါလို လည်စေပြန်တယ်။

*

လာပါပြီလေ
စမ်းကလေးတွေ ခန်း
ပန်းကလေးတွေ နွမ်းစေတဲ့
နွေရဲ့အပူ ရင်ဆူအောင်
ကျွမ်းစေခဲ့သလား
သခင်သူ
မသိလေရက်အားတယ်
ဆုံခွင့်မရ
ကြုံခွင့်ဝေးလွင့်တဲ့
ရက်တွေများထဲ
အချစ်ရယ် . . .
မင်း မေ့နေမှာကိုပဲ
စိုးပါတယ်။

စိုလက်နီ

နှင်းစက်တွေ ကြွေကျနေတယ်။ ကိုယ့်ရဲ့ မျက်ရည်စက်တွေနဲ့ အပြိုင်ပေါ့။ မျှော်လင့်ခြင်းကို ခြွေချလိုက်ရတော့မလား။ ကိုယ်ချစ်ရတဲ့ မင်းလေးကို သတိရ လွမ်းဆွတ်မှုတွေ၊ ချစ်ခြင်းတွေနဲ့ တမ်းတမိတယ်။

ကိုယ့်အိပ်ခန်း ပြတင်းပေါက် ဘောင်နှစ်ခုကြားမှာ လမင်းကြီးက တိတိကျကျ ပိုင်းဖြတ်ထားသလို ဝိုင်းစက်ပြီး ကိုယ့်ကို ကြည့်နေတယ်။ ကိုယ် ပြန်ကြည့်တော့ လမင်းထဲမှာ မင်းလေးက ကိုယ့်ကို ပြုံးရယ်ပြလိုက်၊ စကားပြောလိုက်နဲ့ အမူအရာ အမျိုးမျိုး လုပ်ပြနေပြန်တယ်။ ကိုယ် လွမ်းလိုက်တာ၊ ကိုယ် သိပ်ကို လွမ်းနေရပါတယ်။

အေးချမ်းတဲ့ ပြာသိုလပြည့်နေ့၊ နှစ်ဟောင်းရဲ့ နောက်ဆုံးရက်လေးပေါ့။





www.burmeseclassic.com

www.burmeseclassic.com

ဟေမန်ဆောင်းက အေးစိမ့်မှုတွေ လွှမ်းခြုံပေးနေပေမယ့် ကိုယ်ကတော့ မအေးချမ်းနိုင်ပါလားကွယ်။ အလွမ်းတွေက ပူလောင်လွန်းလှပါတယ်။

တစ်နှစ်တာ ကုန်ခဲ့ပြန်ပြီ။ ကုန်ခဲ့တဲ့ အချိန်တွေထဲမှာ ကိုယ်ခံစားရသမျှ ငြိးဆင်းသွားစေချင်လိုက်တာ။ အလွမ်းအဆွေးတွေကို အမှိုက်တွေလို လှည်းပစ်လို့ရရင် ဘယ်လောက်ကောင်းလိမ့်မလဲ။ တကယ့်ကို မခံစားနိုင်တော့ဘူး။

သူ့ကို အပြစ်မမြင်နိုင်ဘဲ ကိုယ့်ကိုယ်ကိုယ် ဖြေတွေးတွေးရင်း နှစ်သိမ့်နေခဲ့ရတယ်။ သူဟာ ခုချိန်ထိ ဘယ်သူနဲ့မှ ဘာသံမှကို မကြားရဘူး။ သူ့ကို တွယ်ကပ်နေတဲ့သူတွေကို ရှောင်ဖယ်ပြီး ကိုယ့်အနားမှာပဲ ရစ်ဝဲနေတာ ကိုယ့်ကို ချစ်လို့ပေါ့လို့ နှလုံးသားက ပြောတော့ ဦးနှောက်က ပြန်ပြောတယ်။ ဟုတ်တာပေါ့။ သူဟာ ခုချိန်ထိ ဘယ်သူ့ကိုမှ ချစ်တယ်လို့ မပြောခဲ့ပါဘူး။ သူ့ကို ကမ်းနေတဲ့လက်တွေကို ရှောင်ဖယ်နေတဲ့ နှင်းဆီခိုင်ပဲ။ ဒါပေမယ့် နင်လည်း ပါတယ်တဲ့။

ဒီလို တွေးမိပြန်တော့ ကိုယ့်ဘဝကို စိတ်ကုန်လာတယ်။ ဒီဘဝမှာ ဒီအဖြစ်တွေကို အဝတ်တွေ လဲဝတ်သလို လဲပစ်လိုက်ချင်တယ်။ ရှိပါစေတော့။ ကိုယ် ဘာမှ မတတ်နိုင်တဲ့ဘဝမှာ ချစ်လာသည်ဖြစ်စေ၊ ပစ်ခွာသည်ဖြစ်စေ တစ်ချိန် တစ်ခါက ကိုယ်နဲ့ အကြည့်ချင်းဆုံတွေ ဂဟေဆက်ခဲ့ဖူးတဲ့ ချစ်သူကို ကိုယ်ချစ်နေရရင် ပြီးရောပေါ့။

နီးခြင်း၊ ဝေးခြင်းဆိုတာ ကျော ချင်းကပ်နေတာပါ။ ဘာမှ မတတ်နိုင်တော့လို့ ဘာမှ မတွေးချင်တော့ပါဘူး။ ဒါပေမယ့်လည်း ဘာကိုမှ မပြောင်းလဲပစ်နိုင်ပါဘူး။

(၆)

*ထားရစ်ခဲ့ပြီ*
*ဝေသီပါးနု ပုလဲဥလုံ*
*တိုးယှဉ်ရိုက်ငင် သံယောဇဉ်ဖွဲ့*
*အလွမ်းငွေ့ဝေ ရီဝေတွေရစ်*
*ကာလနှစ်ကြာ ဝေဒနာမြစ်*
*စီးခွေရစ်ဆဲ တစ်ယောက်ထဲမှာ။*
*စိမ်း(သာယာဝတီ)*

ခဲသားရောင် ကောင်းကင်ပြင်ပေါ်မှာ တိမ်လွှာတွေက ဟိုတစ်ကွက် ဒီတစ်ကွက် ကြယ်လေးတွေရဲ့ အလင်းက မှိန်ပျပျနဲ့ တစ်ခြမ်းပဲ့ လမင်းလေးက တိမ်လွှာတစ်ကွက်ပေါ် တည်နေလေရဲ့။ ကိုယ့်အတွေးတွေလည်း ဟိုတစ်စ ဒီတစ်စနဲ့ပေါ့။ မျှော်လင့်ခြင်းကလည်း မှိန်ပျပျပဲ ရှိတော့တယ်။ ဒါပေမယ့် မင်းအပေါ် စွဲလမ်းပြီး လွမ်းဆွတ်ခြင်းတွေကိုတော့ ဘယ်လိုမှ ပြေပျောက်လို့မရနိုင်ပါဘူးကွယ်။ ကိုယ်လေ တိမ်တွေစီးပြီး မင်းရှိရာကို သွားကြည့်ချင်တယ်။ မင်း ဘယ်သူနဲ့ ရှိနေမလဲ၊ ဘာလုပ်နေမလဲ လို့ပေါ့။

ဩော် . . . မင်း ကိုယ့်ကို ဆိုပြဖူးတဲ့ လေးဖြူသီချင်းလိုပေါ့။

"ဘယ်ဆီကို မင်းရောက်နေလဲ ××× ဘယ်သူနဲ့ မင်းရှိနေလဲ ××× တွေးမိပါတယ်" ဆိုတာလေ။ သတိရမိတော့ တဆစ်ဆစ်နဲ့ ရင်ထဲနာကျင်လာရတယ်။ ကိုယ့်ကို ခွင့်မပေးတဲ့ မင်းကို ကိုယ် စိတ်မနာရက်ပါဘူး။ အချစ်တွေလည်းမပြယ်ပါဘူး။

ကိုယ့်နေရာ ကိုယ့်ရင်ထဲကို မင်းဝင်မကြည့်ပေမယ့် ကိုယ် မင်းကို နားလည်ပါတယ်။ မင်း စဉ်းစားကြည့်စမ်းပါ။ ကိုယ့်ချစ်သူက ကိုယ့်ကို မချစ်တာလည်း မဟုတ်။ တခြားလူဆိုတာ ဝေလာဝေး။ ကိုယ့်ကိုချစ်ဆဲ၊ သစ္စာရှိဆဲပါပဲ။

တခြားလူတွေတောင် ဘေးကနေ မြင်မှတော့ ကိုယ်တို့က နှလုံးသားချင်း နီးနေတဲ့သူတွေ ပိုမြင်ရမှာပေါ့။ ပြောစရာမလိုအောင် သိပြီးသားပေါ့။ ဒါပေမယ့်လေ ဣန္ဒြေရှင် မိန်းမသားဘဝမှာ ကိုယ်ဖြစ်ချင်တာ၊ ကိုယ်ပြောချင်တာကို ပြောခွင့်မရနိုင်လောက်အောင် အရှက် အကြောက်၊ အသိတရား၊ ဆင်ခြင်တုံတရားတွေနဲ့ ကာရံထားတယ်လေ။ အရာရာ မျှသိပ်ရလွန်းလို့ မွန်းကျပ်နေခဲ့ပြီ။ လူတွေမှာ ကိုယ့်ခန္ဓာရဲ့ လိုအပ်ချက်က အစာအာဟာရ စိတ်ရဲ့ လိုအပ်ချက်က နှလုံးသားရဲ့ ပျိုမျစ်နုနယ်မှုကို အခြေခံတဲ့ ပျော်ရွှင်မှုပါ။

ဘယ်လို ရုပ်ဝတ္ထုတွေ တိုးတက်နေပါစေ၊ စိတ်ရဲ့လိုအင်ကိုတော့ မပြည့်ဝစေနိုင်ပါဘူး။ ဒါပေမယ့် ခံစားချက်က ခံနိုင်ရည်ကိုတော့ လေ့ကျင့်ပေးမှာပါ။ အချိန်တွေ ကြာခဲ့ရင် ဘာတွေ ဖြစ်လာမလဲ။ အရာရာမှာ အဆုံးသတ်အဖြေ တစ်ခု ရှိစမြဲ။ အလွန်ကျယ်ပြောလှတဲ့ မဟာသမုဒ္ဒရာကြီးတောင် အနားသတ်ကမ်းစပ် ရှိသေးတဲ့။ ကိုယ်လည်း အဖြေတစ်ခုခု မရမချင်းတော့ ကြေကွဲနေရဦးမှာပေါ့။

ချစ်သူရယ် ကိုယ့်အသည်းတွေ ကွဲကြေကုန်ပါပြီ။ ကဗျာဆန်ဆန် ပြောရရင် ကိုယ့်ရဲ့ နှလုံးသည်းပွတ်တွေ ကွဲကြေကုန်ပြီပေါ့။

မင်းအကြည့်မြားက ချိန်နေရုံနဲ့တင် ကိုယ့်အသည်းနှလုံးတွေ ကွဲကြေခဲ့ပါပြီ။ တစ်စစီကွဲပြီး တစ်မှုန်စီ ပြန့်ကျဲသွားတဲ့ ကိုယ့်ရဲ့ အသည်းအစအနလေးတွေကို လိုက်စုကောက်ရင်း မင်း ပြန်လာမယ့်ရက်၊ မင်းနဲ့ ပြန်ဆုံချိန်လေးကို စိတ်ကူးနဲ့ တွေးရင်း ပျော်နေပါရစေတော့။

*ငှက်တွေ ပျံသွားတဲ့အခါ*
*လေထဲမှာ ခြေရာမထင်ခဲ့ဘူး။*
*ငါးတွေရဲ့ ခြေရာလည်း*
*ရေထဲမှာ မရှိဘူး။*
*မင်း ထွက်သွားပြီးတဲ့နောက်*
*ကိုယ့်နှလုံးသား*
*ကောင်းကင်ပြင်မှာ*
*အလွမ်းခြေရာလေးတွေ*
*ထင်ကျန်ရစ်ခဲ့တယ်။*


သစ္စာဖြင့် . . .

**စိုလ[illegible]**

❑

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**"အဆွေတို့၊ ငါတို့တစ်တွေ လူမွေး လူတောင်မှ မပေါက်နိုင်အောင်၊ လူချင်းတူတူ သူချင်းမျှမျှ မဖြစ်နိုင်အောင် လုပ်နေသော နယ်ချဲ့သမားတို့၏ ထိုထိုပရိယာယ် ဝေဝုစ်ခြယ်မှုကို အဆွေတို့၊ ငါတို့ ပြတ်ပြတ်ထင်ရှား သိမှတ်သားဖို့ အရေးကြီးလှ၏"**

**အာဇာဝတ သခင်ဖိုးလှကြီး**
**(သပိတ်စစ်ပွဲ စာအုပ်မှ)**

●

မြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသော ခေတ်အဆက်ဆက်ကို ပြန်ပြောင်းကြည့်သောအခါ အလွန်ထင်ရှားသော ခေတ်ကြီး နှစ်ခေတ်အား အထင်အရှား တွေ့မြင်ရမည် ဖြစ်ပါသည်။ ထိုခေတ်နှစ်ခေတ် ဆိုသည်မှာ 'ဝံသာနုခေတ်' နှင့် 'သခင်ခေတ်' ဟူ၍ ဖြစ်သည်။

ဝံသာနုခေတ်သည် သခင်ခေတ်ထက် စောစွာ ပေါ်ထွန်းလာသော ခေတ်ဖြစ်ပြီး စောစီးစွာပင် ပြိုကွဲသွားသော ခေတ် ဟူ၍ ယေဘုယျ ပြောရမည် ဖြစ်ပါသည်။

ထိုသို့ စောစီးစွာ ပြိုကွဲသွားသော်လည်း ထိုခေတ်ကို ဖြစ်ထွန်းစေခဲ့သော ဝံသာနုအဖွဲ့အစည်းသည် မြန်မာ့သားကောင်း၊ မြန်မာ့သမီးကောင်း များစွာကို မွေးဖွားပေးခဲ့သည်ဟု ဆိုရမည် ဖြစ်ပါသည်။

ဝံသာနု အဖွဲ့အစည်းတွင် ပါဝင်သူများကို 'ဝံသာနု' ဟူ၍ ခေါ်တွင်ကြသည်။ ဥပမာ 'ဝံသာနုဦးပျိုင်'၊ 'ဝံသာနုဒေါ်အုန်း' စသည်ဖြစ်ပါသည်။ ဝံသာနုအဖွဲ့အစည်းတွင် လူဝတ်ကြောင်များသာမက သံဃာတော်များလည်း အများအပြား ပါဝင်ကြသည်။ ဝံသာနုတရားပွဲများတွင် တိုင်းရင်းဖြစ် အဝတ်အထည်များ၊ ပစ္စည်းများကိုသာ သုံးစွဲကြရန် ဟောပြောကြရာ ရဟန်းသံဃာတော်များမှ အင်တိုက်အားတိုက် ပါဝင်ဟောပြောခဲ့ကြသည်။ ထိုသို့ ဝံသာနုတရား ဟောကြားသော သံဃာတော်တို့ကို 'ဝံသာနုဓမ္မကထိက' ဟု ခေါ်ဆိုခဲ့ကြပြီး ဦးဥတ္တမ၊ ဦးဝိစာရ၊ ဦးဧ ယျ စသည့်အရှင်မြတ်များမှာ ထင်ပေါ်ကျော်ကြားသည်။ ဝံသာနုဓမ္မကထိက သံဃာတော်ပေါင်း (၂၀၀)ကျော် ရှိခဲ့လေသည်။

ဝံသာနု ဆိုသည်မှာ ပါဠိဘာသာ 'ဝံသ' နှင့် 'အနုရက္ခိတ'-ကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး 'အမျိုးအနွယ်ကို အစဉ်အမြဲစောင့်ရှောက်သူ' ဟူ၍ အဓိပ္ပာယ်ရပါသည်။ ထို့ကြောင့် ပြည်တွင်း တိုင်းရင်းဖြစ် ပင်နီကို ဝတ်ဆင်ကြရန်၊ မတရားအုပ်ချုပ်သော မင်းကို 'အလကားမင်း' ဖြစ်သောကြောင့် တိုင်းပြည်မှ နှင်ထုတ်ကြရန် စသည့် ဇာတိသွေး ဇာတိမာန် တက်ကြွဖွယ် တရားများ (ဝံသာနုတရားများ)ကို ဟောပြောကြသည်။

ဝံသာနု (မြန်မာ)သတင်းစာ၊ ဝံသာနု (အင်္ဂလိပ်) သတင်းစာတို့ကို ထုတ်ဝေ၍ ဝံသာနုစိတ်ဓာတ် ရှင်သန်ထက်မြက်ရန် လှုံ့ဆော်ပညာပေးခဲ့သည်။ ထို့ကြောင့်လည်း ရဟန်းရှင်၊ လူ အပေါင်းတို့သည် ဝံသာနုစိတ်ဓာတ်များ ထက်သန်နိုးကြားလာကြသည်။ ဂျွန်ဆရာစံသည် မော်လမြိုင်ခရိုင် ဝံသာနုအသင်း ဥက္ကဋ္ဌအဖြစ် ထင်ရှားခဲ့သူ ဖြစ်သည်။

အထက်တွင် ဆိုခဲ့သည့်အတိုင်း ဝံသာနုအသင်းကြီးသည် အကွဲအပြဲပေါင်း မြောက်မြားစွာဖြင့် ပြိုကွဲသွားပြီးနောက် မရှေးမနှောင်းမှာပင် 'သခင်ခေတ်' ဟူ၍ သမိုင်းမော်ကွန်းတင်ရမည့် သခင်များ ပေါ်ထွန်းမွေးဖွားရာ 'တို့ဗမာအစည်းအရုံးကြီး' ပေါ်ထွန်းလာလေသည်။

ပြောရမည်ဆိုပါလျှင် ဝံသာနုအသင်းကြီးသည် လူကြီးများ ဦးဆောင်ဖွဲ့စည်းသော အဖွဲ့အစည်းကြီးတစ်ခုဖြစ်ပြီး တို့ဗမာအစည်းအရုံးသည် လူငယ်များ ဦးဆောင်ဖွဲ့စည်းသော အဖွဲ့အစည်းကြီး ဖြစ်ပေသည်။

တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူသည် ရန်ကုန်တက္ကသိုလ် အင်္ဂလိပ်စာပြဆရာ ကိုဘသောင်း ဖြစ်သည်။ ဝံသာနုအဖွဲ့ဝင်တို့သည် နာမည်ရှေ့တွင် 'ဝံသာနု'ဘွဲ့ ခံယူကြသကဲ့သို့ တို့ဗမာအစည်းအရုံး အဖွဲ့ဝင်တို့သည် နာမည်ရှေ့တွင် 'သခင်' ဘွဲ့ ခံယူကြသည်။ သခင်ဘသောင်း၊ သခင်အောင်ဆန်း၊ သခင်နု စသည်ဖြင့် ဖြစ်လေသည်။ တို့ဗမာအစည်းအရုံးဝင် သံဃာတော်များသည်လည်း မိမိတို့ ရဟန်းဘွဲ့တွင် သခင်ဘွဲ့ကို တပ်ဆင်ကြသည်။ သခင်ဦးဝါသဝ၊ သခင်ဦးစိန္တာ စသည် ဖြစ်ပါသည်။

တို့ဗမာအစည်းအရုံးကို စတင်တည်ထောင်သူ သခင်ဘသောင်းအား 'သခင်အစ ဘသောင်းက' ဟူ၍ ဂုဏ်ယူကာ ခေါ်စမှတ်ပြုကြသည်။ သခင်ဘသောင်းသည် မိမိတို့အမည်ရှေ့တွင် 'သခင်'ဘွဲ့ တပ်ဆင်ခံယူရန် စိတ်ကူးကို တောင်တွင်းကြီး ဝက်ကသေးရွာဆရာတော် ဦးစန္ဒိမာထံမှ ရရှိခဲ့ခြင်းဖြစ်သည်။ ဆရာတော် ဦးစန္ဒိမာသည် ဝက်ကသေး ရွာသူ၊ ရွာသားအားလုံးကို နာမည်ရှေ့တွင် သခင်တပ်၍ ခေါ်ဆိုစေရုံသာမက နေအိမ်များတွင်လည်း သခင်အမည်ပါ ဆိုင်းဘုတ်များကို ချိတ်ဆွဲထားစေသည်။

ထိုသို့ မည်သည့်အကြောင်းကြောင့် လုပ်ဆောင်ရပါသနည်း။ အကြောင်းရှိပေသည်။ တောင်တွင်းကြီး၊ နတ်မောက်၊ မကွေး စသည့်မြို့များသို့ ရုံးပြင်ကနား ကိစ္စများအတွက် သွားရောက်ကြရာတွင် အောက်ခြေဘိုကြက်ချေးများမှအစ အထက်အရာရှိ အင်္ဂလိပ်လူမျိုးတို့ကို 'သခင်' ခေါ်ရလေရာ အမြင်ကတ် အော့နှလုံးနာလှသည်ဖြစ်သောကြောင့် အန်တုဖက်ပြိုင်သော အနေအားဖြင့် တော်လှန်တိုက်ခိုက်ခြင်းပင် ဖြစ်ပါသည်။

ကိုဘသောင်းသည် ဆရာတော်ဦးစန္ဒိမာ၏ စိတ်ဓာတ်နှင့် လက်တွေ့လုပ်ဆောင်မှုကို နှစ်ထောင်းအားရ ကျေနပ်လှသည် ဖြစ်သောကြောင့် မိမိကိုယ်တိုင် တို့ဗမာအစည်းအရုံးကို

www.burmeseclassic.com

ဖွဲ့စည်းသောအခါ အမည်နာမရှေ့တွင် 'သခင်'ဘွဲ့ကို တပ်ဆင် ခံယူခဲ့ခြင်း ဖြစ်သည်။

သခင်များ၏ နိုင်ငံရေး လှုပ်ရှားမှုတို့သည် နယ်ချဲ့ ဗြိတိသျှတို့အား လျှောင်တော်လည်းသည့်ပမာ တုန်လှုပ်ချောက်ချားစေခဲ့သည်။ မြန်မာတို့၏ ဇာတိမာန်စိတ်၊ မျိုးချစ်စိတ်၊ ဘာသာ သာသနာစိတ်တို့ကို အလျှံတညီးညီး တောက်ပထိန်လင်းစေခဲ့လေသည်။ အထက်တွင်ဆိုခဲ့သလို တို့ဗမာအစည်းအရုံးသည် လူငယ်လူရွယ်များ ဦးဆောင်လှုပ်ရှားသော အဖွဲ့အစည်း ဖြစ်သည်နှင့်အညီ 'တုံးတိုက်တိုက် ကျားကိုက်ကိုက်' အငဲ့အကွက်မရှိ အဂတိလိုက်စားခြင်း အလျှင်းမရှိ တစ်ဟုန်ထိုး တော်လှန်တိုက်ခိုက်ခဲ့လေရာ တို့ဗမာအစည်းအရုံး ဖွဲ့စည်းပြီး မကြာမီသောအချိန်မှာပင် အင်္ဂလိပ်တို့၏ ယူနီယံဂျက်အလံကို မြန်မာ့မြေပေါ်မှ ဖယ်ရှားနိုင်ခဲ့လေသည်။

ထိုကဲ့သို့ သမိုင်းအစဉ်အလာ ကြီးမားထက်မြက်သော တို့ဗမာအစည်းအရုံးကြီးမှ သခင်ကိုယ်တော်မှိုင်း၊ သခင်အောင်ဆန်း၊ သခင်နု၊ သခင်သန်းထွန်း၊ သခင်စိုး၊ သခင်ဗဟိန်း အစရှိသည့် မြန်မာ့ထက်ကောင်းကင်၌ အစဉ်ထာဝရ တောက်ပထွန်းလင်းနေမည့် မြန်မာ့သားကောင်း ကြယ်ပွင့်ကြီးများကို ဖွားမြောက်မွေးထုတ်ခဲ့ပါသည်။ ထိုမြန်မာ့သားကောင်းတို့၏ နံပါတ်စဉ် ရေးထိုးရာ၌ သခင်ဖိုးလှကြီးသည်လည်း ထိပ်တန်းစာရင်းဝင် သားကောင်း သားမြတ်တစ်ဦး ဖြစ်လေသည်။

အဘယ်ကြောင့်ဆိုသော် ဗြိတိသျှနယ်ချဲ့အား မြန်မာ့မြေပေါ်မှ အပြီးအပိုင် မောင်းထုတ်နိုင်ခဲ့သော နယ်ချဲ့တော်လှန်ရေးတပ်ဦး '၁၃၀၀ ပြည့် ရေနံမြေသပိတ်ကြီး' တွင် ရှေ့တန်းမှ မားမားမတ်မတ်ရပ်တည်၍ တိုက်ပွဲဝင်ခဲ့သူ ဖြစ်သောကြောင့်တည်း။

ဤနေရာတွင် '၁၃၀၀ ပြည့် ရေနံမြေသပိတ်ကြီး' ပေါ်ပေါက်လာပုံကို ဦးစွာဖော်ပြလိုပေသည်။

နယ်ချဲ့ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံ၏ သယံဇာတ အဆီအနှစ်နှင့် လူသားအရင်းအမြစ်တို့ကို အဆီတစ်ထပ် အသားတစ်ထပ် စားမျိုနေရသော်လည်း သောက်လေသောက်လေ ငတ်မပြေဆိုသည့် စကားအတိုင်း စား၍မဝနိုင်၊ မျို၍ မတင်းတိမ်နိုင်အောင် ဖြစ်နေသည်။ ထို့ကြောင့်လည်း မြန်မာနိုင်ငံအား နည်းမျိုးစုံသုံး၍ ကျွန်သက်တမ်းရှည်အောင် ကြံဆောင်ကြသည်။

ဤသို့ဖြင့် မြန်မာနိုင်ငံအား ဒိုင်အာခီအုပ်ချုပ်ရေးပေးပြီး (၁၄)နှစ်ခန့်အကြာ ၁၉၃၇ ခုနှစ်တွင် (၉၁)ဌာန အုပ်ချုပ်ရေးဟူ၍ ခေါင်းစီးတစ်မျိုးပြောင်းပြီး အုပ်ချုပ်ပြန်လေသည်။ (၉၁)ဌာန အုပ်ချုပ်ရေး စတင်၍ တစ်နှစ်ခန့်ရှိလာသောအချိန်တွင် နယ်ချဲ့ဗြိတိသျှအား ဆန့်ကျင်တော်လှန်သော အကြီးမားအပြင်းထန်ဆုံး တိုင်းရင်းသားလှုပ်ရှားမှုကြီးဖြစ်သည့် '၁၃၀၀ ပြည့် အရေးတော်ပုံ' ပေါ်ပေါက်လာသည်။

ထို '၁၃၀၀ ပြည့် အရေးတော်ပုံကြီး' ပေါ်ပေါက်လာအောင် စတင် ဖောက်ခွဲလိုက်သော နယ်ချဲ့ဆန့်ကျင်ရေးအမြောက်သံသည် 'ချောက်ရေနံမြေ အလုပ်သမားသပိတ်ကြီး' ဖြစ်လေသည်။

နယ်ချဲ့အင်္ဂလိပ် အရင်းရှင်တို့သည် ဘီအိုစီကုမ္ပဏီကို ၁၈၈၆ ခုနှစ်တွင် စတင်တည်ထောင်၍ မြန်မာနိုင်ငံ ရေနံလုပ်ငန်းကို လက်ဝါးကြီးအုပ် ကုပ်သွေးစုပ်ခဲ့သည်။

အမှန်စင်စစ် မြန်မာတို့သည် ရေနံလုပ်ငန်းကို မြန်မာသက္ကရာဇ် ၂၆၈ ခုနှစ်ခန့်မှာပင် တူးဖော်လုပ်ကိုင်ခဲ့ကြပြီ ဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုသော် အရိမဒ္ဒနပူရ မည်သောပုဂံပြည်ကြီးတွင် (၃၆)ဆက်မြောက် စိုးစံတော်မူသော တန်နက်မင်း၏မိဖုရား ဆွေသားမျိုးစု (၁၂)အိမ်ထောင်တို့မှ စတင်လုပ်ကိုင်ခဲ့ကြလေသည်။ ထိုစဉ်အခါ၌ ရေနံဟု မခေါ်ပေ၊ 'ရေနံ့သာ' ဟု ခေါ်သည်။

ထိုသို့ မြန်မာ့ဘိုးဘွားအစဉ်အဆက် လုပ်ကိုင်လာခဲ့သော ရေနံလုပ်ငန်းသည် ဘီအိုစီကုမ္ပဏီ၏ လက်ဝါးကြီးအုပ်ဖိနှိပ်ချုပ်ချယ်မှုကြောင့် မြန်မာတို့ အကျိုးခံစားခွင့် ဆိတ်သုဉ်းလာပြီး နယ်ချဲ့အင်္ဂလိပ်တို့သာ အဆီကိုစား၍ အသားကို မျိုခဲ့ကြလေသည်။

မြန်မာ့ရေနံထွက်နှုန်းသည် အမြှုပ် တောင်လိုတန်းပြီး အရည် ခေါင်းသို့ပန်းခဲ့ပါသော်လည်း မြန်မာ့ရေနံလုပ်သားတို့၏ ဘဝသည်ကား ဝတ်ရတော့ အစုတ်အနုပ်၊ စားရတော့ တစ်လုတ် တစ်ဆုပ်၊ နေရတော့ တဲအိုတဲစုတ်သာ ဖြစ်လေသည်။

မျက်နှာဖြူ အရာရှိကြီးများ၏ အကျိုးခံစားခွင့်သည် အပုံ(၁၀၀)ဆိုပါစို့၊ မြန်မာ့ရေနံလုပ်သားတို့၏ အကျိုးခံစားခွင့်မှာ (၁)ပုံသာ ခံစားခွင့်ရကြသည်။

မြန်မာ့ရေနံလုပ်သားများသည် မိမိတို့ လိုအပ်ချက်များတင်ပြပြီး အချက်(၁၂)ချက် တောင်းဆိုခဲ့သော်လည်း ဘီအိုစီအာဏာပိုင်တို့သည် သာမန် အချက်ကလေးများကိုသာ လိုက်လျောခဲ့ပြီး အဓိကအရေးကြီးသော အချက်ကြီးများကို မလိုက်လျောခဲ့ပေ။

ထိုသို့ လိပ်ခဲတည်းလည်း မကျေမလည် ဖြစ်နေစဉ်မှာပင် ချောက်ဘီအိုစီမှ အလုပ်သမားခေါင်းဆောင်တစ်ဦးဖြစ်သူ သခင်ခင်ကို ရှောင်တခင် ခွင့်ယူသည့်ကိစ္စနှင့် ပတ်သက်၍ (၁၅)ရက် အလုပ်မဆင်းရန် ဘီအိုစီအာဏာပိုင်တို့က အရေးယူ အပြစ်ပေးလိုက်သည်။ ထို့ကြောင့် အလုပ်သမားတို့ အုံကြွကာ ၁၉၃၈ ခုနှစ် ဇန်နဝါရီလ (၈)ရက်တွင် ရေနံမြေအလုပ်သမား (၉၅)ရာခိုင်နှုန်း ပါဝင်သော ချောက်ဘီအိုစီသပိတ်ကြီး ပေါ်ပေါက်လာသည်။

ထိုသပိတ်ကြီးသည် တစ်မုဟုတ်ချင်း ရန်ကုန် သန်လျင် ရေနံချက်စက်ရုံအထိ ကူးစက်ပျံ့နှံ့သွားလေရာ ချောက်တွင်

www.burmeseclassic.com

ဗုဒ်မ ၁၄၄ ထုတ်ပြန်ပြီး သပိတ်တိုက်ပွဲဝင် သခင်၊ သခင်မများကိုလည်း ဖမ်းဆီးထောင်ချခဲ့သည်။

နယ်ချဲ့အစိုးရသည် ရေနံမြေသပိတ် တိုက်ပွဲအပေါ် မြန်မာပြည်သူလူထု အာရုံစူးစိုက်မှုအား လမ်းလွှဲသည့်အနေဖြင့် သခင်က ပိတ်ပင်ထားခဲ့သော ဦးရွှေဖီ၏ 'မော်လဝီနှင့် ယောဂီ' စာအုပ်ကို ပြန်လည်ထွက်ဝေခွင့် ပေးလိုက်ရာ ကုလား - ဗမာ အဓိကရုဏ်း ပေါ်ပေါက်စေခဲ့သည်။

သို့သော်လည်း မြန်မာပြည်သူတို့သည် နယ်ချဲ့လှည့်ကွက်ဖြစ်သော ထိုအဓိကရုဏ်းမီးကို အမြန်ဆုံး ငြိမ်းသတ်နိုင်ခဲ့ပြီး မူလ တိုက်ပွဲဖြစ်သော ရေနံမြေသပိတ်ကိုသာ ဆက်လက်ချီတက်ခဲ့ကြသည်။

ထို့ကြောင့် ၁၉၃၈ ခုနှစ်၊ နိုဝင်ဘာ (၃၀)တွင် 'အာဏာဝက သခင်ဖိုးလှကြီး' ခေါင်းဆောင်၍ ရေနံမြေအလုပ်သမား (၂၀၀၀)ခန့် ပါဝင်သည့် သပိတ်တပ်ကြီးသည် မိုင်(၄၀၀)ကျော်ဝေးသော ရန်ကုန်မြို့သို့ ခြေကျင်ချီတက်ကြလေတော့သည်။

ထိုသို့ အာဏာဝက သခင်ဖိုးလှကြီး ခေါင်းဆောင်သော ရေနံမြေသပိတ်တပ်ကြီး ရန်ကုန်သို့ ချီတက်ပုံနှင့်စပ်လျဉ်း၍ စာရေးဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် သူ၏ ဂန္ထဝင်ဝတ္ထုကြီးဖြစ်သည့် 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုကြီးထဲတွင် ဤသို့ ဖော်ပြထားလေသည်။

●

လမ်းမကြီးပေါ်၌ ရေနံမြေအလုပ်သမားတပ်ကြီးသည် တည်ငြိမ်ခံ့ညားစွာ ချီတက်လာနေ၏။

တပ်ကြီး၏ရှေ့ဆုံးမှ ချီလာသူ ပုဂ္ဂိုလ်ကြီး၏ အသွင်မှာ အခံ့ညားဆုံး ဖြစ်နေ၏။

သူကား တုတ်ခိုင်၏၊ ဣန္ဒြေကြီး၏၊ တည်လှသော မျက်နှာမှ မေးရိုးကြီးများက ပီသထင်ရှားနေ၏။ ဘောင်းဘီတို၊ အကျီညိုလက်တိုတို့ကို ဝတ်ထားသောကြောင့် သူ၏ ခိုင်ခံ့သော ခြေသလုံးနှင့် ပေါင်တံများ၊ လက်မောင်း လက်ရုံးများကို ထင်ရှားစွာတွေ့နိုင်သည်။ ပခုံးနည်းတူ ကျယ်ဝန်းမောက်ဖြိုးသော သူ့ရင်ဘတ်တစ်ဖက်ပေါ်၌ နီရဲသောဖဲပြားတံဆိပ်ကြီးတစ်ခုကို ထိုးထား၏။ သူ့လည်ပင်းမှ ရင်ကိုစလွယ်သိုင်းကာ ငွေရောင်လက်သော သံကြိုးတပ် ခရာကြီးတစ်ခုကို လွယ်ထား၏။ သူ့ပခုံးနှစ်ဖက်ပေါ်တွင် ပုလိပ်နှင့် စစ်အရာရှိများ တပ်ဆင်ထားတတ်သော ပခုံးဒေါက်များရှိသည်။ ဤပခုံးဒေါက်များထက်တွင် ပုလိပ်နှင့် စစ်အရာရှိများ၏ ဒေါက်များထက်မှ သရဖူများမပါ၊ အဝါ၊ အစိမ်း၊ အနီတည်းဟူသော တို့ဗမာအစည်းအရုံး၏ သင်္ကေတလက္ခဏာ အရောင်သုံးရပ်ကိုသာ ဆောင်ထား၏။

မလေးနွယ်က သက်ခိုင်၏ နားနားကပ်၍ တိုးတိုးမေးသည်။

"မောင် အဲဒီလူကြီးက ဘယ်သူလဲ"

"သခင်ဖိုးလှကြီးတဲ့၊ အာဏာဝကကြီးလို့လဲ ခေါ်တယ်"

"အာဏာဝကကြီး၊ အဲဒါ ဘာအဓိပ္ပာယ်လဲ"

"မမနွယ်ကလဲ ဖျင်းလိုက်တာ၊ အာဏာဝက ဆိုတာ ဘာမှတ်လဲ၊ သိပ်စွမ်းတာ၊ အားကြီးစွမ်းတာ"

မလေးနွယ်သည် သက်ခိုင် ရှင်းပြသည်ကို နားမလည်သော်လည်း မေးမြန်းခွင့် မရတော့။ အကြောင်းမှာ လမ်းဘေးတစ်ဖက်တစ်ချက်ရှိ လူထုကြီး၏ တစ်ခဲနက်ကြွေးကြော်သံများက မိုးချုန်းဘိအလား ပေါ်ထွက်လာသောကြောင့်တည်း။

"သခင်မျိုးဟေ့ တို့ဗမာ"

"အရေးတော်ပုံ အောင်ပါစေ"

"သပိတ် သပိတ် မှောက် မှောက်"

"ဓနရှင်စနစ် ပျက်စီးပါစေ"

မလေးနွယ်သည် သက်ခိုင်ကို လှမ်းကြည့်သည်။

သက်ခိုင်သည် သူ့ညာလက်ကလေးကို လက်သီးဆုပ်မြှောက်၍ ပရိသတ်နှင့်အတူ အော်ဟစ်ကြွေးကြော်နေ၏။

သို့ရာတွင် သက်ခိုင်၏ညာလက်၌ မလေးနွယ် စည်းပေးထားသော လက်ကိုင်ပဝါလေး မရှိတော့။ လူကြားထဲ တိုးရင်း ဝှေ့ရင်း ပြုတ်ကျခဲ့လေပြီ ထင်သည်။

သက်ခိုင်က မလေးနွယ်ကို လှည့်ကြည့်ပြီး အမိန့်ပေးသည်။

"အော်လေ မမနွယ်၊ အော်ပါလား"

"ဘယ်လိုအော်ရမလဲ မောင်ရ"

"သခင်မျိုးဟေ့ တို့ဗမာ၊ အဲဒီလို အော်ပေါ့"

မလေးနွယ်သည် အော်ရန် ကြိုးစားကြည့်မိသည်။ သို့ရာတွင် အသံက ထွက်မလာ။ သက်ခိုင်ကသာ လက်သီးလက်မောင်းတန်း၍ ဆက်အော်နေ၏။

ဆုံးပါတော့မည်လောဟု ထင်မှားဖွယ် သပိတ်တပ်ကြီးက အဆက်မပြတ် ချီတက်လာနေသည်။

သပိတ်တပ်သားတို့က အသွင်မျိုးစုံလှ၏။

အချို့က ဗိုလ်ဆံတောက်နှင့်၊ အချို့က ခေါင်းတုံး၊ အချို့က ချောင်ကြီးဗွေနှင့်၊ ဘောင်းဘီတို ဝတ်ထားသူများလည်း ပါကြသည်။ ပုဆိုးတိုတို ဝတ်ထားသူများလည်း ပါကြသည်။ တူညီကြသည်ကား သပိတ်တပ်သား အသီးသီးသည် ရှမ်းလွယ်အိတ်ကိုယ်စီ လွယ်ထားကြခြင်းသာ ဖြစ်၏။ လွယ်

www.burmeseclassic.com

အိတ် နှုတ်ခမ်းမှ ပေါ်ထွက်နေသော ကြွေရည်သုတ် သံပန်းကန်ပြား၊ ရေပုလင်းနှင့် စောင်ခေါက်အနား တို့ကို မြင်နိုင်၏။

နတ်တော်လဆန်း (၁၁) ရက်နေ့ ညနေဖြစ်သောကြောင့် နေသည် မပြင်း၊ ညှိညှိသာ ရှိနေ၏။

နေညှိညှိတွင် သပိတ်တပ်ကြီးသည် စည်းကမ်းသေဝပ်စွာ ချီတက်နေလေ၏။ တပ်ဗိုလ်၊ တပ်ကြပ်အသီးသီးက ကွပ်ကဲလိုက်ပါလာကြ၏။ ဤတပ်ဗိုလ်၊ တပ်ကြပ်များထဲတွင် လူဝတ်ကြောင်များကိုသာမက ဝင်းဝါသော သင်္ကန်းကို ဆီးထားသည့် သံဃာတော်များကိုပါ မြင်ရသည်။

●

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်သည် ရေနံမြေသပိတ်တပ်ခေါင်းဆောင် အာဠာဝက သခင်ဖိုးလှကြီးနှင့် ရေနံမြေသပိတ်တပ်ကြီးတို့၏ သရုပ်သကန်ကို 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုကြီးထဲတွင် သရုပ်ဖော် ခြယ်မှုန်းပြသွားသည်မှာ အားပါတက်ကြွနေပါသည်။

အကယ်စင်စစ် 'ကမ္ဘာကုန်ကျယ်သရွေ့ဝယ်' ဝတ္ထုကြီးသည် ရေနံမြေသပိတ်ခေါင်းဆောင်တစ်ဦးဖြစ်သူ တပ်ဗိုလ်သခင်စိုးခိုင်၏သား မောင်သက်ခိုင်နှင့် ရေနံ့သာထိပ်ထားမမနွယ်တို့၏ နွယ်ဦးမွန်မို့ ချစ်ထွတ်တင်ခဲ့ရသော လွမ်းမောဆွတ်ပျံ့ဖွယ် ချစ်ဇာတ်လမ်းပင် ဖြစ်ပါသည်။ ရေနံမြေ အငွေ့အသက်များ ထုံမွှမ်းနေသော ရေနံမြေမှတ်တမ်း ချစ်ဇာတ်လမ်းဟုလည်း ဆိုနိုင်ပါသည်။

ထိုသို့ အစဉ်အလာ ကြီးမားသည်နှင့်အမျှ အားကောင်းမောင်းသန် ဇာတိမာန်တက်ကြွဖွယ် 'အာဠာဝက သခင်ဖိုးလှကြီး' အကြောင်းကို စာရေးဆရာကြီး 'မင်းကျော်' ကလည်း 'အာဠာဝက'အမည်ဖြင့် စာအုပ်တစ်အုပ် ရေးထုတ်ခဲ့ဖူးပါသည်။ ထို 'အာဠာဝက' ထဲတွင် သခင်ဖိုးလှကြီးနှင့် စပ်လျဉ်း၍ ဤသို့ ရေးသားခဲ့လေသည်။

●

ကိုဖိုးလှ ပြန်ရောက်လာသည်နှင့် သူနှင့် အလုပ်လုပ်ဖက် မိတ်ဆွေများက ဝိုင်းလာကြသည်။ ထိုအလုပ်သမားများထဲမှ အလုပ်သမား ခပ်ကြီးကြီး တစ်ယောက်က . . .

"ဘာတဲ့လဲကွ ဖိုးလှရ"

"အလကားပါ၊ ခွင့်မတိုင်ဘဲ အလုပ်ပျက်ကွက်တဲ့အတွက် အရေးယူမလို့တဲ့"

"မင်းကိုတော့ သူတို့ အရေးယူမှာ မဟုတ်ပါဘူး၊ လစာတော့ ဖြတ်ချင်ဖြတ်မှာပေါ့"

"ဒါကတော့ကွာ၊ ခွင့်တိုင်လဲ ဖြတ်တာပဲ ဥစ္စာ၊ ပြီးတော့ ဒီကိစ္စကို ငါက ဘယ်လိုလုပ်ပြီး ခွင့်တိုင်ရမှာလဲ၊ ဒီကောင်တွေဟာ တော်တော့်ကို လူဝါးဝနေတယ်"

ဒရိုင်ဘာ ကိုသန်းဆိုသူက တောက် တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး . . .

"ကျုပ်တို့ ငွေခံမှန်းသိလေ ဒီကောင့်တွေ လူဝါးဝလေပဲဗျ၊ တစ်နေ့တော့ ဒီကောင်တွေ ဒီလိုလုပ်ပုံနဲ့ ဒုက္ခတွေ့လိမ့်မယ်၊ တစ်နေ့ကလဲ လွှစက်ထဲက ကိုထွန်းရတစ်ယောက် အလုပ်နောက်ကျလို့ နေ့တွက်ဖျက်လိုက်သတဲ့"

"တစ်ခါလာ ဒီနေ့တွက် ဒီနေ့တွက်နဲ့ မင်းတို့ ငွေခံတိုင်း နေ့စားစနစ်ကြီးပဲ လုပ်ထားမှာပေါ့၊ နေ့စားဆိုတာ ကူလီကွ၊ ခွေးသားတွေက အလုပ်ကိုတော့ ခန့်ပြီး နေ့စားပေးထားတာ အရင်ဆုံး တိုက်ပစ်ရမယ်"

ကိုဖိုးလှက သံတူနှင့် တွင်ခုံကိုထုရင်း ခပ်ကျယ်ကျယ် ပြောလိုက်၏။

"မလုပ်ပါနဲ့ဗျာ၊ တိုက်စကား ခိုက်စကား ပြောတာက ကိစ္စမရှိဘူး၊ တော်တော်ကြာ တကယ် တိုက်ကြမှဖြင့် အခက်"

ကိုဘမောင်က နဖူးက ချွေးကို သပ်ချရင်း ခပ်ပျော့ပျော့လေသံနှင့် ဝင်ပြောသည်။

ကိုဖိုးလှသည် ကိုဘမောင်ကို မျက်လုံးလှန်ကြည့်လိုက်ကာ . . .

"ဘာပြောတယ်ကွ၊ တိုက်တာ ခိုက်တာနဲ့ ခက်ရမယ်ဆိုတာက ဘာသဘောလဲ၊ အဲဒါကြောင့် မင်းတို့ ငါတို့ကို နွားလုပ်နေတာ သိရဲ့လား"

"မဟုတ်ဘူးဗျ၊ ဟိုတစ်ခါ ရေနံချောင်းမှာ ဖြစ်တာ ကြည့်ပါလား၊ တိုက်မယ် ခိုက်မယ်ဆိုပြီး သပိတ်မှောက်တာနဲ့ အလုပ်ဖြုတ်ပစ်လိုက်တယ် မဟုတ်လား၊ ပြီးတော့ ကုလားတွေကို ခေါ်ခန့်တယ်"

"အဲဒါကြောင့် တိုက်ပွဲကို ပိုပြီးကြီးအောင် လုပ်ရမယ်ကွ၊ ဒီနားက လူတစ်စုတည်းနဲ့ တိုက်ဖို့ ပြောတာ မဟုတ်ဘူး၊ ဒီကုလားတွေကကော ဘာတွေလဲ သိရဲ့လား၊ ကျွန်တွေပဲ၊ သူတို့ ကျွန်လုပ်ထားတာတွေ၊ သူတို့ ကျွန်လုပ်ထားတော့ ငတ်၊ ငတ်တော့မှ ဒီကောင်တွေ ဗမာပြည်ခေါ်လာပြီး အလုပ်ပေး၊ ဗမာနဲ့ကုလား ငတ်တာချင်းအတူတူပဲ ဟာ၊ တစ်ယောက်နဲ့တစ်ယောက် မသင့်မြတ်အောင် တမင်လုပ်နေတာကွ၊ သိရဲ့လား"

ကိုဖိုးလှသည် သူပြောချင်သမျှကို ထောသီကြီး ပြောပြလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤအလုပ်သမားများမှာ ကိုဖိုးလှ၏ စကားကို နားစိုက်ထောင်ရင်း ကိုယ်စီ စဉ်းစားနေ၏။

"ဟုတ်တယ်၊ ကိုဖိုးလှပြောတာ ဟုတ်တယ်၊ ဒီအင်္ဂလိပ်ကောင်တွေက လူပါးတွေကွ၊ လူပါးဖြစ်တော့ ညစ်ပတ်တာပေါ့၊ ခုဥစ္စာ ကုလား ဗမာ သွေးကွဲပြီး ထသတ်အောင် လုပ်တာ၊ အဲဒီလို သွေးကွဲနေမှ သင်းတို့ ထင်သလို ချုပ်ချယ်နိုင်မှာပေါ့"

အသက်အကြီးဆုံး အလုပ်သမားကြီး ဦးစံမြင့်က ကိုဖိုးလှ၏ စကားကို ဝင်၍ ထောက်ခံသည်။

"ဒါကို ကုလားတွေက မသိဘူးလား"

ကိုသန်းက မေးသည်။

"ခုတော့ မသိသေးဘူးကွ၊ ခက်တာက ဒီလိုရှိတယ်၊ ဒီမအေပေး အင်္ဂလိပ်က ကုလားတွေခေါ်လာ၊ ဒီကုလားဆိုတဲ့ အကောင်တွေကို ချမ်းသာအောင် လုပ်ပေးထားတယ်၊ ဒို့ပြင်ဟာ မကြည့်နဲ့၊ အောက်ဗမာပြည်မှာ ကြည့်ပါလားကွ၊ ချစ်တီးကုလားတွေက မြေပိုင်ရှင်သူဌေးတွေ ဖြစ်ကြလို့၊ အဲဒီလိုဖြစ်လာတော့ ဒီကောင်တွေက အင်္ဂလိပ်ကို ကျေးဇူးတင်တာပေါ့၊ အဲဒီလိုသူဌေးဖြစ်တဲ့အကောင်ကသာ ဖြစ်နေတာ၊ လန်ချားဆွဲပြီး ငတ်နေတဲ့ ဂေါ်ရင်ဂျီတွေက ဒုနဲ့ဒေးပဲ၊ ဒါဟာ တကယ် သတ္တုချကြည့်တော့ နိုင်ငံချဲ့စနစ်ပဲကွ"

"ဗျာ. . ."

ကိုဘမောင်က ကိုဖိုးလှ၏စကားကို အံ့အားသင့်သွား၏။

"ဘာလဲ၊ ခင်ဗျားပြောတဲ့ နိုင်ငံချဲ့စနစ်ဆိုတာ"

"အဲဒါကြောင့် ခက်တယ်ပြောတာပေါ့၊ ခက်နေတာက မင်းတို့ကွ၊ နိုင်ငံချဲ့စနစ်ဆိုတာ အခု ခွေးသား အင်္ဂလိပ်တွေ လုပ်နေတာကို ပြောတာ၊ ကြည့်ပါလား၊ ဒီခွေးသားတွေက တစ်နိုင်ငံပြီး တစ်နိုင်ငံ လျှောက်သိမ်း၊ အဲဒီနိုင်ငံက သယံဇာတပစ္စည်းတွေကို တူးယူ ဖော်ယူနေတာ၊ တိုင်းပြည်ကိုလဲ သိမ်း၊ ဒီတိုင်းပြည်က လူမျိုးကိုလဲ ကျွန်လုပ်ထား၊ ဒါဟာ နိုင်ငံချဲ့စနစ်ကွ၊ သိရဲ့လား၊ ဒီမှာ ငါပြောမယ် ဘမောင်၊ တို့အလုပ်သမားတွေဟာ အလုပ်တော့ လုပ်ပါတယ်၊ ဒါပေမဲ့ အသိဉာဏ် နည်းကြသေးတယ်ကွ၊ ဘာဖြစ်လို့ အသိဉာဏ် နည်းကြသလဲ သိရဲ့လား၊ စာမဖတ်လို့ကွ၊ ရုရှားပြည်ကြီးမှာ ဘာဖြစ်တယ်ဆိုတာ မင်းတို့သိလား"

အားလုံးသည် ကိုဖိုးလှစကား၌ စိတ်ဝင်စားနေကြသည်။

သူတို့သည် ကိုဖိုးလှကို အံ့ဩလာကြသည်။

"အရင်တုန်းက ရုရှားမှာ လယ်သမားတွေ၊ အလုပ်သမားတွေဟာ အလွန် ဆင်းရဲတယ်၊ ဒါတောင် သူတို့ဆီမှာက နိုင်ငံချဲ့စနစ် မဟုတ်သေးဘူး၊ ဘုရင်စနစ်ကွ၊ ဇာဘုရင်ဆိုတာ အုပ်ချုပ်တယ်၊ အဲဒီ ဇာဘုရင်က အုပ်ချုပ်ရေးနဲ့ ဖိနှိပ်ထားတော့ လယ်သမားတွေဟာ လယ်မရှိဘူး၊ ဘယ်လောက်ရယ်စရာကောင်းသလဲ၊ မင်းတို့ စဉ်းစားကြည့်၊ သူများ လယ်ကို လုပ်ရတယ်၊ ကိုယ်က သေလုမျောပါးလုပ်ရပေမယ့် လယ်ရှင်က ပေးသလောက်ပဲ ရကြတယ်၊ အလုပ်သမားတွေ ဆိုတာလဲ အခု မင်းတို့ ငါတို့လိုပဲ အလုပ်ရှင်က ပေးသမျှပဲ ရကြတယ်။

နောက်ဆုံး ငတ်လွန်းမက ငတ်လာတော့ သူပုန်ထပြီး ဇာဘုရင်ကို ဖြုတ်ချလိုက်တယ်၊ မင်းတို့ လီနင်ဆိုတာ ကြားဖူးသလား"

မည်သူမျှ စကားပြန်မပေးဘဲ နားထောင်နေ၏။ ကိုဖိုးလှသည် စကားစကို ရုတ်တရက် ရပ်လိုက်ပြီး . . .

"နေဦး၊ ဟိုမှာ မအေပေးကောင် လာနေပြီ၊ နောက်မှ ဒီအကြောင်းတွေ ပြောမယ်၊ ဒီလိုလုပ် ခင်ဗျားတို့သိချင်ရင် အိမ်လာခဲ့ကြ၊ ကျုပ်က ဟိုမအေပေး ကြောက်လို့ ရပ်ပစ်တာမဟုတ်ဘူးနော်၊ တော်တော်ကြာ အကုန်ဒုက္ခရောက်နေမှာစိုးလို့"

ထိုခဏမှာပင် လူစုကွဲသွား၏။ ကိုဘမောင်ကမူ ကိုဖိုးလှ၏ အနားမှာပင် မယောင်မလည်လုပ်ရင်း . . .

"ခင်ဗျား ဒီစကားတွေပြောတာ ဖမ်းမှာ မကြောက်ဘူးလား"

ဟု အသံတိုးတိုးနှင့် မေးလိုက်သည်။ သူ့မျက်နှာသည် ကျီးကန်းတောင်းမှောက် ဖြစ်နေ၏။ သို့သော် သူ ထိတ်လန့်နေသော မဏ္ဍင်လေးသည် ကိုဖိုးလှရှိသောဘက်သို့ မလာဘဲ အလုပ်ရုံအပြင်သို့ ထွက်သွား၏။

"ဟောကောင် ကြောက်တယ်ဆိုတာ မိန်းမအလုပ်ကွ"

ကိုဖိုးလှက အော်ငေါက်ပြောလိုက်သော အခါ ကိုဘမောင်သည် ခပ်ကုပ်ကုပ်ဟန်ဖြင့် အဝေးသို့ ထွက်သွားလေ၏။

●

ယခု ဖော်ပြခဲ့သည်မှာ ၁၉၆၄ ခုနှစ် ချောက်ရေနံမြေ မေဒေးပွဲသဘင် အမှတ်တရ ထုတ်ဝေခဲ့သော ဆရာမင်းကျော်



www.burmeseclassic.com

www.burmeseclassic.com

၏ 'အာဠာဝက' စာအုပ်ထဲမှ သခင်ဖိုးလှကြီး၏ ရုပ်ပုံလွှာ ဖြစ်ပါသည်။

ဆရာမင်းကျော်သည် 'အာဠာဝက' စာအုပ် ရေးသား ထုတ်ဝေရခြင်းနှင့် စပ်လျဉ်း၍ 'စကားဦး' ကိုလည်း ဤသို့ ရေးသားခဲ့သည်။

'ကျွန်ုပ်တို့သည် ရေနံမြေ၌ ကြီးပြင်းလာခဲ့ရသူများ ဖြစ်သည့်အားလျော်စွာ ရေနံမြေသည် ကျွန်ုပ်တို့၏ ကျေးဇူးရှင် ဖြစ်ခဲ့သည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် တစ်ချိန်သောအခါ၌ ရေနံမြေကို ပြန်လည်ကျေးဇူးဆပ်နိုင်ရန် အမြဲနှလုံးသွင်းခဲ့ကြပါသည်။

သို့ဖြင့် ကျွန်ုပ်တို့သည် လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစ၍ ရေနံမြေ၏ ခေါင်းဆောင်ကြီးတစ်ဦးဖြစ်သော အာဠာဝက သခင်ဖိုးလှကြီး၏ အကြောင်းကို ရေးသားပြုစုရန် အားထုတ်ကြိုးပမ်းခဲ့ကြလေသည်။

သို့သော် တကယ်တမ်း ရေးသားကြရန် ကြိုးစားသော အခါတွင် အာဠာဝကနှင့်ပတ်သက်၍ အထောက်အထား၊ အကိုးအကား ရှာဖွေရသည်မှာ များစွာမလွယ်ကူကြောင်း တွေ့ရှိကြရ၏။

အာဠာဝက သခင်ဖိုးလှကြီးသည် သူ၏အလုပ်သမား လူတန်းစားကို ချစ်မြတ်နိုးသည်။ နယ်ချဲ့ဝါဒ၊ မနရှင် အရင်းရှင်ဝါဒကို မုန်းတီးရွံရှာ စက်ဆုပ်သည်။ ထို့ကြောင့် အာဠာဝကသည် အမျိုးမျိုးသော အကျပ်အတည်း အခက်အခဲများ ကြားမှနေ၍ သူ၏ အလုပ်သမားလူထုကို ခေါင်းဆောင်မှု ပေးကာ နယ်ချဲ့ မနရှင်၊ အရင်းရှင်ဝါဒကို တွန်းလှန်တိုက်ဖျက်ခဲ့သည်။

ကျွန်ုပ်တို့သည် ထိုသို့သော အာဠာဝက၏ စိတ်ဓာတ်ကို လည်းကောင်း၊ အာဠာဝက၏ ဆောင်ရွက်မှုကို လည်းကောင်း အတတ်နိုင်ဆုံး ထုတ်ဖော်ပြသခြင်းဖြင့် ကျွန်ုပ်တို့၏ ရေနံမြေအပေါ် သို့ ပြန်လည်ကျေးဇူးတုံ့ဆပ်သည့်အနေ ဆိုက်ရောက်ပါစေဟု ဆန္ဒထားကြသည်။ ဤသို့သော စေတနာဖြင့် ကျွန်ုပ်တို့သည် ဤစာအုပ်ကို ရေးသားပြုစုကြပါသည်။'

ဆရာမင်းကျော်၏ 'စကားဦး' ကို ဖတ်ရခြင်းဖြင့် အာဠာဝက သခင်ဖိုးလှကြီး၏ သမိုင်းပုံရိပ်သည် တောက်ပြောင်ရွှန်းလက်ခဲ့ရပါသည်။ အာဠာဝက သခင်ဖိုးလှကြီးသည် ရေနံမြေအတွက်သာမက မြန်မာ့မြေအတွက်ပါ တောက်ပပြိုးပြက်သော ကြယ်တစ်ပွင့်ဟူ၍ အလေးအမြတ် ပြုမိရပါသည်။

ဤနေရာတွင် မြန်မာလူငယ်များ အားကျအတုယူနိုင်စေရန် အာဠာဝက သခင်ဖိုးလှကြီး၏ ပြောင်မြောက်စွာ မြန်မာ့သတ္တိသွေး ပြခဲ့သော ဖြစ်ရပ်တစ်ခုအား တင်ပြလိုပါသည်။

ထိုစဉ်အခါ၌ ကိုဖိုးလှသည် မက်ဆိုပိုတေးမီးယား စစ်မြေပြင်၌ အင်္ဂလိပ်စစ်တပ်တွင် စစ်မှုထမ်းနေရချိန် ဖြစ်သည်။ တစ်ညနေ၌ ရွက်ဖျင်တဲကြီး တစ်လုံးအတွင်း လက်ဝှေ့ပွဲ (အနောက်တိုင်းလက်ဝှေ့) ကျင်းပနေသည်။ စစ်သားများ အပန်းပြေစေရန်နှင့် စိတ်ဓာတ်မြှင့်တင်သောအနေအားဖြင့် ဤကဲ့သို့ လက်ဝှေ့ပွဲများကို ကျင်းပလေ့ရှိရာ ယခုည လက်ဝှေ့ပွဲတွင် အင်္ဂလိပ်လူမျိုး မျက်နှာဖြူ တပ်ကြပ်တစ်ဦးနှင့် ကပ္ပလီတပ်သားတစ်ဦးတို့ ယှဉ်ပြိုင်ထိုးသတ်ကြလေသည်။

ထိုလက်ဝှေ့ပွဲကို အကျဉ်းချုပ်ပြောရသော် အင်္ဂလိပ် မျက်နှာဖြူ တပ်ကြပ်သည် မတရားသောနည်းဖြင့် ကပ္ပလီတပ်သားကို အနိုင်ယူပြီး. . .

"ကဲ ကျွန်ုပ်ကို ဘယ်သူယှဉ်ပြိုင်ဦးမလဲ၊ ဒီတပ်ထဲမှာ ကျွန်ုပ်ကို ဖက်ပြိုင်ရဲတဲ့သူ ရှိသေးလား၊ မျက်နှာမည်းတွေ မျက်နှာညိုတွေ၊ မျက်နှာဝါတွေဟာ ကျွန်ုပ်တို့လို မျက်နှာဖြူတွေကို ဘယ်တော့မှ အနိုင်မရနိုင်ဘူးဆိုတာ သိပြီမဟုတ်လား"

စသည့်စကားရပ်များဖြင့် မျက်နှာဖြူ ခိုးမွှမ်းခန်းဖွင့်ပြီး ကိုလိုနီနိုင်ငံသားတို့ကို နှိမ်ချ ဟိန်းဟောက်လေတော့သည်။

ထိုအချိန်တွင် လက်ဝှေ့စင်ပေါ်သို့ ဗမာစစ်သား ကိုဖိုးလှသည် ဝုန်းခနဲ ခုန်တက်သွားပြီး အင်္ဂလိပ်တပ်ကြပ်အား မြန်မာ့လက်ဝှေ့ နည်းစနစ်များကို အသုံးပြုပြီး အာဠာဝကပီပီ တရကြမ်းထိုးသတ်လေရာ အင်္ဂလိပ်တပ်ကြပ်မှာ နောက်ဆုံး၌ သွေးရဲရဲ သံရဲရဲဖြစ်ကာ မျက်နှာ၌လည်း အညိုအမည်းစွဲပြီး အရှုံးကြီးရှုံးသွားလေတော့သည်။

ကိုဖိုးလှသည်လည်း လက်ဝှေ့ပွဲတွင် ဝင်ရောက်ရန်ကားသူအဖြစ် အချုပ်ခံလိုက်ရလေသည်။ အာဠာဝကသခင်ဖိုးလှကြီးသည်ကား ထိုသို့ မဟုတ်မခံ ရဲရဲရင့်ရင့် လုပ်ဆောင်တတ်သော သံမဏိစိတ်ဓာတ်ပိုင်ရှင် ဖြစ်ပေသည်။

သခင်ဖိုးလှကြီးသည် အင်္ဂလိပ်စစ်တပ်၌ သုံးနှစ် စစ်မှုထမ်းခဲ့ပြီး မြန်မာပြည်သို့ ပြန်လာသည်။ ဘီအိုစီကုမ္ပဏီ (ချောက်)၌ အလုပ်ဝင်သည်။ အင်္ဂလိပ်အရေးပိုင်က သခင်ဖိုးလှကြီးအား စစ်ပြန်တစ်ဦးအနေဖြင့် ပုလိပ်ဘက်၌ အမှုထမ်းခွင့်ပြုသော်လည်း မလုပ်ချေ။

သခင်ဖိုးလှကြီး၏ ဇာတိမြေမှာ မကွေးခရိုင် သရက်လေးပင်ရွာဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး ကုလားစကား၊ အင်္ဂလိပ်စကားတို့ကို ကောင်းမွန်စွာ ပြောတတ်သည်။ ၁၉၃၈ ခုနှစ် ဇန်နဝါရီ ၈ ရက်တွင် ရေနံမြေသပိတ် စတင်မှောက်ရာတွင် လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရွေးချယ်ခံရသည်။ သပိတ်တပ်ကို ရန်ကုန်သို့ချီတက်ရာတွင် ခေါင်းဆောင်ခဲ့သည်။ မကွေးသို့ ရောက်သောအခါ အဖမ်းခံရသည်။ နတ္တလင်းသို့ သပိတ်တပ်ရောက်သောအခါ သခင်ဖိုးလှကြီး ပြန်လွတ်လာပြီး သပိတ်တပ်ကြီးကို ဆက်လက်ဦးဆောင်သည်။ ထိုအချိန်မှ စတင်ပြီး 'အာဠာဝက' ဘွဲ့ကို စတင်ရရှိခဲ့သည်။





www.burmeseclassic.com

www.burmeseclassic.com

မနိတော ဘီအိုစီနှင့် အိုင်ဘီစီ စက်ရုံများမှ အလုပ်သမားများ အရေးကို ဆောင်ရွက်ခဲ့ပြီး အလုပ်သမား အခွင့်အရေးများကို တောင်းဆိုခဲ့သည်။

ခေါင်းဆောင်စာရင်း ပေးသောအခါ အာဏာဝက သခင်ဖိုးလှကြီး အမည်ကို ပယ်ချပြီး 'ရှူးနေပြီ'ဟု အကြောင်းပြကာ အရှူးထောင်သို့ ပို့လိုက်သည်။

အာဏာဝက သခင်ဖိုးလှကြီးကို အရူးတစ်ယောက်ဟု အမှတ်ကာ သပိတ်ကို ဖြိုခွဲခြင်းဖြင့် ဘီအိုစီကုမ္ပဏီသည် အတ်ဦးမှု ရယူပြီး အလုပ်သမားခေါင်းဆောင်များ၊ အလုပ်သမားများကို ဆက်လက်ဖိနှိပ်သည်။

သခင်ဖိုးလှကြီးသည် အရူးထောင်မှ ပြန်လွတ်လာသောအခါ ကိုရင်ကြီးဝတ်ကာ 'သပိတ်စစ်ပွဲ' အမည်ရှိစာအုပ်ကို ရေးသားသည်။

ထို 'သပိတ်စစ်ပွဲ'စာအုပ် နိဒါန်းတွင် သခင်ဖိုးလှကြီးသည် ဤသို့ ထည့်သွင်းရေးသားထားသည်။

'ဤမည်သော သပိတ်စစ်ပွဲကြီးခေါ် ပြန်တမ်းစာတစ်စောင်ကို အခါအခွင့်အားလျော်စွာ ရေးသားထုတ်ဝေလိုက်ရသော အဓိက အကြောင်းရင်းကား အင်အားကြီးမားလှသော ကြီးနိုင်ငယ်ညှဉ်း မနရှင် သူခိုးသူဝှက် ဓားပြကြီးများနှင့် အင်အားချည့်နဲ့လှသော ဆင်းရဲသားနင်းပြား သူတော်ကောင်းသူမြတ်လောင်းတို့ ပဋိပက္ခဖြစ်ပွားကြသော မည်သည့် သပိတ်စစ်ပွဲကြီးများမှာမဆို ဆင်းရဲသား နင်းပြားတို့ဘက်ကသာ အောင်မြင်အနိုင်ရစေလိုခြင်း စေတနာ စိတ်ထားရင်းတို့ဖြင့် အဓိက ရည်ရွယ်ရေးသားရခြင်း ဖြစ်၏'

ထိုသို့ နိဒါန်း၌ ရေးသားခဲ့ပြီး နိဂုံး၌ . . .

'တို့မြန်မာအပေါင်းတို့၊ သင်တို့ အားထားရာ မှီခိုရာ ထိုက်နာရန် အမျိုးသားအဖွဲ့ကြီး (တို့ဗမာအစည်းအရုံးကြီး) အား သင်တို့ လှည်းနေလှေအောင်း တဲပုတ်ထိ ရှိရှိသမျှသော သင်တို့ ခိုင်းစေသည့်အတိုင်း တုံးတိုက်တိုက် ကျားကိုက်ကိုက် မှုလုပ်သူများကား သခင်ခေါင်းဆောင်များသာ ဖြစ်သည်။ သင်တို့ထံ အခွန်တောင်းခံရန်နှင့် ခိုင်းစေရန်အတွက် သာသာကြသော ပုဂ္ဂိုလ်ကြီးငယ်တို့မှာ ဒုက္ခဖြစ်သည့်အခါ ၌ သက်ပိုက်ကြည့်နေကြစမြဲ ဖြစ်သည်ကို အမြဲသတိချပ်ကြလေကုန်' ဟူ၍ သတိပေး နှိုးဆော်ထားပါသည်။

ထို့နောက် ကိုရင်ကြီးဘဝမှ လူဝတ်လဲပြီး သံမဏိသပိတ်တပ်ကို ပြန်လည်ဦးဆောင်သည်။ ရေနံမြေအလုပ်သမား အစည်းအရုံးတွင် အချိန်ပြည့်ထိုင်ကာ အလုပ်သမားတို့ဘက်မှ မားမားမတ်မတ် ရပ်တည်ခဲ့သည်။

၁၉၄၀ ပြည့်နှစ်တွင် 'လုပ်သားထုလွှတ်တော်' ကျင်းပရန် အစီအစဉ်များ ရေးဆွဲကြံစည်နေစဉ် အဖမ်းခံရပြီး မြစ်ကြီးနားခရိုင်သို့ နယ်နှင်ဒဏ်ပေးသည်။ ထိုမှတစ်ဆင့် ဗန်းမော်ထောင်သို့ ပို့ဆောင်ခြင်း ခံရပြန်သည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဗမာ့တပ်မတော်သည် သခင်ဖိုးလှကြီးအား ဗန်းမော်ထောင်မှ ထုတ်ယူခဲ့ပြီး ဗန်းမော်မြို့အုပ်ချုပ်ရေးမှူး ချောက်မြို့အုပ်ချုပ်ရေးမှူး ရာထူးများ ပေးအပ်သည်။

သခင်ဖိုးလှကြီးသည် ရေနံမြေ စတိုစာရေးကြီး ဦးညီခင်၏ တစ်ဦးတည်းသောသမီး 'မညွန့်' နှင့် အိမ်ထောင်ပြုသည်။ မညွန့် မိဘများက သဘောမတူသဖြင့် အမွေပြတ်ကြေညာခဲ့သော်လည်း 'ဂုဏ်မြင့်သူ မညွန့်' သည် လုံးဝမတုန်လှုပ်ဘဲ ကိုဖိုးလှ၏ ပန်းမြတ်မာလာအဖြစ် သစ္စာရှိရှိ ပေါင်းသင်းနေထိုင်ခဲ့ရာ သားသမီး ခြောက်ဦး ထွန်းကားသည်။ မောင်အောင်သန်း၊ မကြင်ကြင်ဝေ၊ မလှသန်း၊ မောင်တင်အောင်၊ မောင်သန်းပြုံး၊ မတင်တင်အေး တို့ဖြစ်ကြသည်။

ဤဆောင်းပါး ရေးနေစဉ် ရုပ်မြင်သံကြား ဉာဏ်စမ်းပဟေဠိခန်းတွင် 'လေးဆယ့်ငါးကျပ်တန် ငွေစက္ကူတွင် ပုံနှိပ်ထားသော ပုဂ္ဂိုလ်ကြီး၏ အမည်ကို ဖော်ပြပါ' ဟူသော မေးခွန်း ပေါ်ထွက်လာရာ အထက်တန်းအဆင့် ကျောင်းသားလေးခမျာ မဖြေနိုင်ကြောင်း တွေ့ရသည်။ အမှန်စင်စစ် မဖြေနိုင်သူမှာ အပြစ်မရှိပါ။ ထိုငွေစက္ကူကို ထိုကျောင်းသားလေး၏ အသက်အရွယ်အရ မြင်ဖူးမည် မဟုတ်ချေ။ ထို့ပြင် ထိုလေးဆယ့်ငါးကျပ်တန် ငွေစက္ကူအပါအဝင် ငွေစက္ကူအားလုံးနီးပါးမှာ ရုပ်သိမ်းပြီးလည်း ဖြစ်ပါသည်။ ရှိပါစေတော့၊ ထိုမေးခွန်းအတွက် အဖြေမှန်မှာ 'သခင်ဖိုးလှကြီး' ဖြစ်ပါသည်။

ထိုပဟေဠိ အစီအစဉ်တွင် 'သခင်ဖိုးလှကြီး၏ လည်ပင်းတွင် ချိတ်ဆွဲထားသောကြိုးသည် မည်သည့်ကြိုးအမျိုးအစားနည်း' ဟူသော မေးခွန်း ပါဝင်လေမလား မပြောတတ်ပါ။ ပါဝင်ခဲ့သော် အဖြေသည် နှစ်မျိုးဖြေရမည်ကဲ့သို့ ရှိပါသည်။ တချို့က 'သံကြိုး' ဟုပြောကြသလို တချို့က 'သိုးမွေးကြိုး' ဟု ပြောကြ၍ ဖြစ်ပါသည်။

ဆရာကြီး တက္ကသိုလ်ဘုန်းနိုင်က သူ့ဇာတ်ကောင် 'သက်ခိုင်' မြင်ခဲ့ရသော ကြိုးမှာ 'ငွေရောင်လက်သော သံကြိုးတပ် ခရာကြီး' ဟု ဆိုပါသည်။ ဆရာတင်နိုင်တိုး၏ 'ထူးထူးခြားခြားသခင်များ' ဆောင်းပါးထဲတွင်မူ 'သခင်ဖိုးလှကြီး၏ လည်ပင်းထက်တွင် သံကြိုးဆွဲထားသည်ဟု အထင်ရှိကြသော်လည်း စင်စစ်အားဖြင့် သပိတ်တပ် ချီတက်စဉ် ဝီစီချိတ်ဆွဲရန် ဂွန်နီအိတ်ကြိုး ဆွဲထားသည်ကို မသင့်လျော်သဖြင့် ဇနီးဖြစ်သူက သိုးမွေးကြိုး ထိုးပေးလိုက်ခြင်းသာ ဖြစ်ပါသည်' ဟု ဖော်ပြထားလေသည်။ (Daily ELEVEN၊ ၂၀၁၄၊ ဖေဖော်ဝါရီ ၂၆ ရက်၊ ဗုဒ္ဓဟူးနေ့)

သခင်ဖိုးလှကြီးသည် ရန်ကုန်မြို့တွင် နေထိုင်ရင်း တိုင်းရေးပြည်ရာကိစ္စများတွင် ပါဝင်ဆောင်ရွက်နေရာမှ ချောက်မြို့သို့ ပြန်သွားချိန်တွင် အစာအိမ်ရောဂါ ဖြစ်နေမှန်း သိခဲ့ရပြီး ထိုရောဂါဖြင့်ပင် ၁၉၄၃ ခုနှစ်၊ စက်တင်ဘာ ၂၅ ရက်တွင် ရန်ကုန်မြို့၌ ကွယ်လွန်ခဲ့ရရှာလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဤနေရာတွင် ဆရာမင်းကျော်၏ 'အာဋ္ဌာဝက' စာအုပ်အတွက် 'ဤအာဋ္ဌာဝက' ဟူသော ခေါင်းစီးအောက်၌ မောင်ကိုဦး(ပုဂံစာအုပ်တိုက်) ရေးသားခဲ့သော စာထဲမှ ကောက်နုတ်ဖော်ပြချင်ပါသည်။ ကောက်နုတ်ချက်မှာ ဤသို့ ဖြစ်ပါသည်။

'အာဋ္ဌာဝကကို စာတစ်အုပ် ပေတစ်ထုပ် ဖြစ်ရေးအတွက် ကိုဌေးမောင်ကပါ စိတ်ဝင်စားနေသည်ကို သိရသောအခါ ကိုမင်းကျော်သည် အထူးအားတက်ခဲ့သည်။

သို့ အားတက်ပင်တက်ခဲ့ငြားလည်း အာဋ္ဌာဝကလို စာအုပ်မျိုးကို စာတစ်အုပ်ဖြစ်လာအောင် ထုတ်ဝေရန် အရေးမှာမူ မလွယ်ကူပေ။ အကြောင်းသော် အာဋ္ဌာဝကသည် ရဲရဲတောက် အလုပ်သမားကြီးတစ်ဦး ဖြစ်သည် မှန်၏။ အလုပ်သမားထု တစ်ရပ်လုံးအတွက် ကိုယ်ကျိုးစွန့်နိုင်ခဲ့သည်လည်း မှန်၏။ မေ့ပျောက်၍ ရနိုင်မည်မဟုတ်သော ရေနံမြေ အလုပ်သမား အုံကြွမှု မိုင်(၄၀၀) ချီတက်ဆန္ဒပြပွဲကြီးကို ဦးလည်မသုန် ရှေ့ဆောင်ခဲ့သူလည်း မှန်၏။ မွေးသည်မှသည် သေသည့်ကာလတိုင် အလုပ်သမားအရေးကိုသာ အရေးထားခဲ့သူ ဖြစ်ကြောင်းကိုလည်း သူ့ဘဝတစ်လျှောက် လှုပ်ရှားမှုများ၌ ရှာဖွေတွေ့နိုင်သူ ဖြစ်ကြောင်းမှာလည်း မှန်၏။

သို့တစေ အာဋ္ဌာဝက၏ ရဲရဲတောက် လှုပ်ရှားမှုများသည် ခေတ်အဆက်ဆက် မှေးမှိန်ခဲ့ရ၏။ ယခင်အခါက ကျီးနှင့်ဖုတ်ဖုတ်မျှ ကျင်းပနိုင်အောင်သာ အခွင့်အလမ်း ရရှိနိုင်ခဲ့သော မေဒေးပွဲသဘင် (ခေါ်) အလုပ်သမားနေ့ ပွဲသဘင် မျိုးမှာပင် မည်သည့်အစိုးရ သို့မဟုတ် အလုပ်သမားခေါင်း ဆောင် တစ်ဦးတစ်ယောက်ကမျှ အာဋ္ဌာဝက ဆိုသည်မှာ မည်သူ၊ ထိုသူသည် အလုပ်သမားအကျိုးကို မည်သို့သယ်ပိုး ခဲ့သည်၊ မည်သို့ အရေးဆို တိုက်ပွဲဝင်ခဲ့သည် စသည့် အာဋ္ဌာ ဝက၏ လှုပ်ရှားမှု တစ်စုံတစ်ခုကို ဖော်ထုတ် ပြောပြကြ သတိမရကြ၊ တညီတည်း တညာတည်း ဆိုသလောက် မေ့ ကြ၏။ အင်မတန် 'ညီ'ကြ၊ 'ညာ'ကြ၏။

သို့ဖြင့် အလုပ်သမားခေါင်းဆောင် သခင်ဖိုးလှကြီး ဆိုသူ အာဋ္ဌာဝကမှာ လွန်ခဲ့သော နှစ်ကာလကြာမြင့်စွာ ခေတ်အဆက်ဆက်၊ အစိုးရအဆက်ဆက်၊ အလုပ်သမား ခေါင်းဆောင်များအဆက်ဆက် လျစ်လျူရှုခြင်းဖြင့် မှေးမှိန် ခဲ့ရ၏။ မထင်မရှား ဖြစ်ခဲ့ရ၏။'

မောင်ကိုဦး (ပုဂံစာအုပ်တိုက်)က ထိုသို့ ရေးသား ပေရာ ယခု ဤဆောင်းပါးသည် ခေတ်အဆက်ဆက်၊ အစိုး အဆက်ဆက်၊ အလုပ်သမားခေါင်းဆောင် အဆက်ဆ 'ညီ'ခဲ့၊ 'ညာ'ခဲ့ကြသော သပိတ်စစ်ပွဲကြီး၏ ဗိုလ်ချုပ်မှူး အာဋ္ဌာဝက သခင်ဖိုးလှကြီးအား မမေ့မလျော့ ဂုဏ်ပြုဦးညွှ ရာ ရောက်ပါမူ ဝမ်းသာရမည် ဖြစ်ပါသတည်း။

အလေးပြုလျှ

**ထွန်းသင်**

❑




ဉုံ အရဟံ မေတ္တာ လာဘံ

**နက္ခတ်မျက်စိ** ဆရာဦးအောင်စိုး (B.Sc) မော်လမြိုင်

ခုနှစ်ရက်သားသမီးများအတွက် ကျန်းမာရေး၊ လူမှုရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ စီးပွားရေး ကိစ္စရပ်များ။ ရင်ဆိုင်ကြုံတွေ့နေရသော ပြဿနာများကို **ဗိုက်ထဲမှာ ပုရွက်ဆိတ်ပေး ဝင်စားနေသကဲ့သို့ မှန်ကန်သောဟောချက်များ။ ထိရောက်သော ယတြာများဖြင့် (၂၅)နှစ်** တိုင်တိုင် ကူညီ ဆောင်ရွက်ပေးလျက် ရှိသည်။


**အောင်မြင်သူတို့ ဆုံကြရာ**

ဟောခန်းတည်နေရာ ➼ အမှတ်-၁၃၁၊ အောင်တံခွန် သ/မ ပရိဝုဏ်၊ ၁၀-မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။
လမ်းညွှန် ➼ အဓိပတိ (အပြာ)၊ တိုက်ကြီး-ဆူးလေ၊ (၅၁)၊ (၂၃၁)၊ (၅၃)၊ (၇၉)၊ (၂၀၂) ကားစီး၍ ဆယ်မိုင်ကုန်းဈေးမှတ်တိုင်တွင် ဆင်းပါ။
ဟောပြောချိန် ➼ နံနက် (၉) နာရီမှ ည (၉) နာရီ အထိ ။
ဆက်သွယ်ရန် ဖုန်း ➼ ဟောခန်း - ၀၉-၇၃၁၀၉၅၅၆၊ အိမ် - ၀၉-၇၃၂၄၄၈၉၇ ။
မှတ်ချက် ➼ ဖုန်းဖြင့် ကြိုတင်တိုကင်ယူပါ။ ကျေးဇူးတင်ပါသည်။




www.burmeseclassic.com

www.burmeseclassic.com



ငြိမ်း(မဟာဝိဇ္ဇာ၊ ရေးသူ)

# ကိုလံဘတ်ရဲ့ ဇာတိချက်ကြွေ ဂျီနိုအာမြို့

www.burmeseclassic.com

www.burmeseclassic.com

အိပ်မက်ဆန်လှတဲ့ ဗင်းနစ်နယ်မြေကို ဩဂုတ်လ ၅ ရက် (တနင်္လာနေ့) မှာတော့ ကျောခိုင်းခဲ့ရတော့မယ်။

ဗင်းနစ်မြို့နယ်အတွင်းမှာပဲ ရှိနေတဲ့ (Novotel Hotel) ဟိုတယ်ကနေ မနက်စာစားပြီးတာနဲ့ ခရီးဆက်ခဲ့ရပြန်တယ်။ ဒါပေမယ့် အီတလီနိုင်ငံအတွင်းမှာပဲရှိနေတဲ့ ဂျီနိုအာ(Genoa) မြို့ကို ဦးတည်ထွက်ခဲ့တာပါ။ ယခု အီတလီ မြောက်ပိုင်းကနေ အနောက်ဘက်ပိုင်းဆီသို့ ဆက်လက်ခရီးနှင်နေခြင်း ဖြစ်ပါတယ်။ ဂျီနိုအာကိုဖြတ်ကာ ငါးနာရီခွဲလောက် ကားမောင်းခရီးနှင်သွားရင် ပြင်သစ်နိုင်ငံ၊ နီးစ်(Nice)မြို့ကို ရောက်မယ်တဲ့။ အီတလီနဲ့ ပြင်သစ်နယ်စပ် အရှေ့ဘက်နယ်ခြား ၃၉၅ ကီလိုမီတာ အကွာအဝေးမှာ နီးစ်က ရှိနေတာပါ။ ရှေ့ဂန်ဗီဇာရှိနေလို့ ဥရောပတစ်ခွင် တစ်နိုင်ငံနဲ့ တစ်နိုင်ငံ ဗီဇာ ထပ်မလုပ်ရဘဲ တစ်ဆက်တည်း လည်ပတ်နိုင်ပါတယ်။


ခရီးဖော်အချို့ဟာ အိပ်ရင်း လိုက်လာကြပေမယ့်၊ မျက်စိကို အနားမပေးတတ်တဲ့ ကိုယ်ကတော့ ကျီးကန်းတောင်းမှောက် လမ်းဘေးဝဲယာကို ကြည့်လို့ပေါ့။ လမ်းဘေးတံတိုင်းတွေမှာ၊ နံရံတွေထက်မှာ Graffiti ပန်းချီလက်ရာများစွာကို တွေ့နေရတယ်။ တစ်ကမ္ဘာလုံးက ဂရစ်ဖစ်တီပုံတွေဟာ ရေးဆွဲပုံ၊ သုံးတဲ့အရောင်နဲ့ အကြောင်းအရာတွေမှာ တူညီနေကြတာကလည်း အံ့ဩစရာပါပဲ။

လမ်းတစ်လျှောက်မှာတော့ ပန်းအိပင်များ၊ နွယ်သာကီပင်များက အပွင့်တွေ တဝေဝေနဲ့ လှပနေမြဲပါ။ နွယ်သာကီ အနီရောင်၊ ပန်းရောင်နဲ့ အဖြူရောင်တွေကို တစ်ရောင်တည်း ဆက်တိုက်သော် လည်းကောင်း၊ အရောင်မတူတာတွေကို တစ်လှည့်စီ အရောင်ကစားပြီးသော် လည်းကောင်း၊ လမ်း လယ်ကျွန်းများနဲ့ လမ်းဘေးတွေမှာ စိုက်ပျိုးထားကြတယ်။ ကိုယ်တို့မြန်မာနိုင်ငံမှာတော့ ဒီလိုပဲ ပေါပေါများများ တွေ့ နိုင်တဲ့နွယ်သာကီပင်ကို 'တရုတ်နှင်းဆီ'လို့လည်း ခေါ်ကြလို့ နွယ်သာကီဟာ တရုတ်မျိုးရင်းလားလို့ စဉ်းစားကြည့်မိသေးရဲ့

တရုတ်တွေဟာ ဥရောပကို စီးပွားရေးအရသာမက သစ်ပင်များနဲ့ပါ လွှမ်းမိုးစပြုလာပြီလား။ အရင်တုန်းကကော ဥရောပတစ်ခွင်မှာ နွယ်သာကီပင်တွေရှိခဲ့သလား။ ဘာပဲဖြစ် ဖြစ် နွယ်သာကီက ၁၂ ရာသီ အပွင့်တဝေဝေနဲ့မို့ လမ်းများ ကို လှပစေတာတော့ မျက်မြင်ပါပဲ။

လမ်းခရီးစဉ်တစ်ခုလုံးမှာ တောရွာလေးတွေပင်မကျန် ဖြုတ်စဖွင်းတောင်းမရှိဘဲ သပ်ရပ်လှပကြတာကိုလည်း သတိ ထားမိတယ်။ တိုက်အိမ်ကလေးတွေ၊ ဝင်းခြံကလေးတွေဟာ အတော့်ကို လှပသေသပ်ကြတာပဲ။


လမ်းလယ်က ဒစ်ဂျစ်တယ်ဘုတ်ပြားမှာ ရောက်ရှိ နေတဲ့အချိန်ကို နာရီ၊ မိနစ်များနဲ့ ပြသထားသလို လမ်းရဲ့



ပင်လယ်ပျော်ခရီးသွား ကိုလံဘတ် အမှတ်ရစေရာ ရှေးခေတ်ရွက်သင်္ဘော

www.burmeseclassic.com

www.burmeseclassic.com





ရှေ့ဆက်ရမယ့် မြို့တွေနဲ့ နောက်မှာကျန်ခဲ့တဲ့ မြို့တွေကိုလည်း မိုင်အကွာအဝေးနဲ့တကွ ဖတ်ရှုကြည့်နိုင်ရဲ့။ ခရီးကို တွက်ချက်လို့ရသလို ကိုယ် ဘယ်ကိုခရီးနှင်နေတယ်ဆိုတာလည်း သိနိုင်တာမို့ ကောင်းလိုက်တာလို့ပဲ ပြောချင်ပါတော့တယ်။

ဟိုငေးဒီငေးနဲ့ပဲ ဂျိနိုအာနဲ့နီးလာပြီလို့ သိလိုက်ရတယ်။ မကြာခင်ရောက်တော့မယ့် ဂျိနိုအာဟာ ကိုယ်တို့အတွက် မစိမ်းလှတဲ့ အမည်တစ်ခုပါပဲ။ ဂျိနိုအာဟာ ခရစ်စတိုဖာကိုလံဘတ် (Christopher Columbus)(၁၄၅၁ခုနှစ်)ရဲ့ မွေးရာဇာတိမြို့ ဖြစ်လို့ပါ။ သူက မြို့ရဲ့ရှင်သန်နေတဲ့ ရေကြောင်းအစဉ်အလာကို သရုပ်ထင်စေခဲ့ပါတယ်။ ဒါနဲ့ ဂျိနိုအာမြို့အကြောင်း ဖတ်ရှုရှာဖွေလာတာတွေကို ပြန်တွေးနေလိုက်မိတယ်။


**ကိုလံဘတ်ရဲ့ ဇာတိချက်ကြွေ ဂျိနိုအာ (Genoa) မြို့ကြီး**


ဂျိနိုအာ(Genoa)ဟာ အီတာလျံလို ဂျိနိုဝါ (Genova) ဖြစ်ပြီး ရှေးဟောင်းလက်တင်လိုတော့ Genua ပါ။ အီတလီအနောက်မြောက်ပိုင်းက မြေထဲပင်လယ်ဆိပ်ကမ်း (Mediterranean seaport) မြို့ကြီးတစ်မြို့ပါ။ ဂျိနိုဝါ (Genova provincia)ပြည်နယ်နဲ့ Liguria regione ဒေသရဲ့ မြို့တော်လည်းဖြစ်တယ်။ ဒါဟာ အီတာလျံ မြေထဲပင်လယ်ဒေသ (the Italian Riviera)ရဲ့ ဗဟိုချက်လည်းဖြစ်ပြီး ဧရိယာအားလုံးစုစုပေါင်းဟာ ၉၃ စတုရန်းမိုင် (၂၄၀ စတုရန်း ကီလိုမီတာ)လောက် ရှိပါတယ်။

**ပထဝီ အနေအထား**

ဂျိနိုအာဟာ မီလန် (Milan)မြို့ရဲ့တောင်ဘက် ၇၅ မိုင် (၁၂၀ ကီလိုမီတာ)အကွာလောက်မှာ တည်ရှိနေတာပါ။ ဂျိနိုအာပင်လယ်ကွေ့ (the Gulf of Genoa)က ကျဉ်းမြောင်းတဲ့ကမ်းရိုးတန်းလွင်ပြင်နဲ့ အပင်နိုင်း(the Apennine) တောင်ရဲ့ အနောက်ဘက်ကုန်းလျှောပေါ်မှာ မြို့ကိုတည်ထားတာပါ။ မြို့ရဲ့ ရာသီဥတုကတော့ သာသာယာယာရှိပြီး မျှတတဲ့ မြေထဲပင်လယ် ရာသီဥတုပေါ့။


ဂျိနိုအာမြို့ရဲ့ များစွာသော အလယ်ခေတ်(medieval)၊ ဥရောပသစ်လောင်းခေတ် (Renaissance)၊ ဘာရော့ (Baroque)နဲ့ ဂေါသစ်ဗိသုကာ(Gothic architecture)စံနမူနာပြတွေအတွက်လည်း မြို့ဟာ သတိမူ မှတ်တမ်းပြုစရာပါ။ မြို့စားနန်းဆောင် (the Ducal Palace)၊ စန်လိုရန်ဇို(San Lorenzo Cathedral) ဘုရားကျောင်း၊ စန်မတ်တီအို (San Matteo)ဘုရားကျောင်းနဲ့ စန်ဂျော်ဂျီအို (Palazzo San Giorgio)တို့ဟာ အရေးအပါဆုံး သမိုင်းဝင်အဆောက်အအုံတွေထဲက အချို့ပါ။







အီတလီနိုင်ငံ ဗင်းနစ်မြို့မှအပြန် ဂျိနိုအာမြို့သို့အဝင်

www.burmeseclassic.com





ဂျီနိုအာဆိပ်ကမ်းမြင်ကွင်း

ဘီရန်းကို (the Palazzo Bianco)နဲ့ ရော့ဆို (the Palazzo Rosso) တို့ဟာ အကြီးဆုံးပန်းချီပြခန်း နှစ်ခုပါ။ အီဒေါဒို အရှေ့တိုင်းအနုပညာပြတိုက် (Edoardo Chiossone Museum of Oriental Art)နဲ့ (the Cathedral Treasury) မှာ အတော်များပြားလှတဲ့ အလယ်ခေတ်စုဆောင်းမှုတွေလည်း ရှိနေပါတယ်။

၁၄၇၁ ခုမှာ ထူထောင်ခဲ့တဲ့ ဂျီနိုအာ တက္ကသိုလ်ဟာ အီတလီမြောက်ပိုင်းမှာတော့ အဆင့်မြင့် သင်ကြားရေးရဲ့ အရေးပါလှတဲ့ ဗဟိုဌာနတစ်ခုပေါ့။ အလားတူပဲ မြို့မှာ များစွာသော စီးပွားကူးသန်း ကောလိပ်ကျောင်းတွေနဲ့ ရေကြောင်းပညာသင်ကျောင်း (school of navigation) တစ်ကျောင်းလည်း ရှိပါတယ်။

သင်္ဘောတည်ဆောက်ခြင်း(Shipbuilding)ဟာ ဒီမြို့ရဲ့ အဓိကစက်မှုလုပ်ငန်းပါ။ မြို့က အခြားသော စက်ရုံတွေမှာတော့ ရေနံ၊ အထည်အလိပ်၊ သံနဲ့သံမဏိ၊ မီးရထားစက်ခေါင်း၊ စက္ကူ၊ သကြား၊ ဘိလပ်မြေ၊ ဓာတုပစ္စည်းတွေ၊ မြေဩဇာနဲ့ လျှပ်စစ်ဆိုင်ရာ၊ မီးရထားဆိုင်ရာနဲ့ ရေကြောင်းကိရိယာတွေ ထုတ်လုပ်ပါတယ်။

ဂျီနိုအာဟာ အလားတူပဲ စီးပွားရေးနဲ့ကုန်သွယ်ရေးရဲ့ အဓိကဗဟိုဌာနလည်း ဖြစ်ပါတယ်။ ဂျီနိုအာဆိပ်ကမ်းဟာ အခြားသော အီတာလျံဆိပ်ကမ်းတွေကို ဦးဆောင်နေပါတယ်။ ခရီးသည်အများအပြားနဲ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေးဟာ မြို့ဝင်ငွေရဲ့ အဓိကအားထားစရာ အရင်းအမြစ်ပါ။ ဒီမြို့ကနေ ကျောက်မီးသွေး၊ ရေနံစိမ်း၊ ကောက်ပဲသီးနှံနဲ့ ဝါဂွမ်းနဲ့ပိုးထည်၊ သံလွင်ဆီနဲ့ ဝိုင်တွေကိုလည်း အဓိကထား တင်ပို့ကြပါတယ်။

ဂျီနိုအာဟာ အီတလီ၊ ပြင်သစ်နဲ့ ဆွစ်ဇာလန်က အဓိကမြို့ကြီးတွေနဲ့ မီးရထားလမ်းတွေ၊ အဝေးပြေးလမ်းတွေနဲ့လည်း ဆက်သွယ်ထားပါတယ်။ သူ့ရဲ့ဆိပ်ကမ်းဟာ အီတလီမြောက်ပိုင်းနဲ့ အများစုသော ဥရောပအလယ်ပိုင်းရဲ့ စိုက်ပျိုးရေးနဲ့ စက်မှုထုတ်ကုန်တွေအတွက် အဓိကထွက်ပေါက်အဖြစ်တာဝန်ထမ်းဆောင်နေရဲ့။

မြို့နဲ့ ၄ မိုင်(၆. ၅ကီလိုမီတာ) အကွာ အနောက်ဘက်မှာရှိနေတဲ့ ခရစ်စတိုဖာကိုလံဘတ် နိုင်ငံတကာလေဆိပ် (Cristoforo Colombo International Airport)မှာ ပြည်တွင်းနဲ့ နိုင်ငံတကာလေကြောင်းလိုင်းတွေ ပြေးဆွဲနေပါတယ်။

## သမိုင်းကြောင်း

ဂျီနိုအာကို ရှေးခေတ် ကာလတွေမှာ ကတည်းက ဆာရာနို(the Sarzano)တောင်ကုန်းပေါ်မှာ (Ligurian) ရွာလေး တစ်ရွာအဖြစ် အစပြုခဲ့တာဖြစ်ကောင်းဖြစ်မယ်။ အဲဒီပေါ်ကနေ ယနေ့ခေတ် (Molo Vecchio)ဖြစ်တဲ့ ထရပ်စကင်




ဂျီနိုအာကမ်းနားက လှမည်းတွေရဲ့ လမ်းဘေးက အဟောင်းဈေး



www.burmeseclassic.com

www.burmeseclassic.com







(the Etruscans)နဲ့ ဂျီနိုအာကိုဆက်သွယ်ပေးပြီး ဖွံ့ဖြိုးစည်ပင်လှတဲ့ သဘာဝဆိပ်ကမ်းကို ဆီးမြင်နေရပါတယ်။ အလွန် ပွင့်ထွန်းနေတဲ့ ရောမအုပ်ချုပ်ရေးရဲ့ လမ်းခရီးဆုံရာအဖြစ်လည်း စစ်ရေးဆိပ်ကမ်းတစ်ခုနဲ့ Ligurians တို့ရဲ့ ဈေးတစ်ခု ဖြစ်လာတယ်။

ရောမအင်ပါယာကျဆုံးပြီးနောက်မှာတော့ Ostrogoths နဲ့ Lombards တွေ ဒီနေရာကို ထိုးဖောက်ဝင်ရောက်လာပေါ့။ ဂျီနိုအာဟာ အတော်လေး မထင်မရှားဖြစ်ပေမယ့် ငါးဖမ်းလုပ်ငန်းနဲ့ လယ်ယာဥယျာဉ်တွေရှိရာ အချက်အချာဌာနအဖြစ် ကုန်သွယ်မှုအနည်းငယ်နဲ့ ကာလရှည်ကြာစွာ ဆက်လက်ရှင်သန်နေပြန်ပေါ့။

ပသို့ဆိုစေ ၁၀ ရာစုရောက်တော့ ဥရောပရဲ့ ဒေသတွင်း အထွေထွေနဲ့ စီးပွားရေးတိုးတက်လာမှုကြောင့် ရောက်ရှိလာတဲ့ အခွင့်အရေးသစ်တွေနဲ့ လန်းဆတ်လာပြန်တယ်။




ဂျီနိုအာသားတွေဟာ မွတ်ဆလင်တွေ စီးနင်းဝင်ရောက်တိုက်ခိုက်လာမှုကို အပြင်းအထန် ခံရပြန်တော့လည်း ပြန်လည်ဖြေရှင်း နိုင်ပြန်ရဲ့။ Fatimid ရေကြောင်းအုပ်စု တစ်စုဟာ ၉၃၄ ဒါမှမဟုတ် ၉၃၅ ခုမှာ မြို့ကို ရုတ်ခြည်းဝင်ရောက်တိုက်ခိုက်ပြီး မြို့သိမ်းဖျက်ဆီးမှုလုပ်ခဲ့လို့ ဂျီနိုအာသားများဟာ သူတို့ရဲ့ နံရံတံတိုင်းတွေကို အသစ်ပြန်လည် မြှင့်တင်ခဲ့ရပြန်တယ်။ သူတို့ရဲ့ ဘိရှော့တွေ၊ ဒေသတွင်းမှူးမတ်တွေရဲ့ လမ်းညွှန်မှုအောက်မှာ တန်ပြန်တိုက်ခိုက်မှုတွေ လုပ်နိုင်ခဲ့တယ်။


မကြာခင်မှာ ဂျီနိုအာသား ကုန်သည်သင်္ဘောများဟာ မြေထဲပင်လယ်အနောက်ပိုင်းနဲ့ ပါလက်စတိုင်း ပင်လယ်ဆိပ်ကမ်းတွေမှာ ကုန်သွယ်မှုတွေကို ဘဝပေးတာဝန်အနေနဲ့ ခြေသွက်လက်သွက် လုပ်လာပြန်တယ်။

၁၁၀၀ ပြည့်နှစ်မတိုင်မီမှာ နိုင်ငံသားအားလုံး စိတ်လိုလက်ရ ဖွဲ့စည်းထားတဲ့ compagna ကနေ အသိုင်းအဝိုင်းကို လက်နက်တွေ၊ ငွေလုံးငွေရင်းတွေ ဒါမှမဟုတ် လုပ်အားတွေ ထောက်ပံ့ပေးခဲ့တယ်။ ဂျီနိုအာရဲ့ လွတ်လပ်တဲ့ ကွန်မြူး (commune)ဘဝကို မောင်းနှင်လည်ပတ်ဖို့ စီမံခန့်ခွဲမှုအာဏာကို နှစ်စဉ် ရွေးကောက်ထားတဲ့ အရေအတွက် အတော်ရှိတဲ့ consuls ကို အပ်နှင်းတယ်။ အဲဒီမှာ သိပ်အရေးမပါလှတဲ့ ဂုဏ်သရေရှိ လူကြီးတွေ၊ ကြွယ်ဝချမ်းသာတဲ့ အရင်းရှင် လူလတ်တန်းစား ဘူဇွာတွေ အဓိကပါဝင်ကြပြီး လူကြိုက်များလှတဲ့ အုပ်ချုပ်သူ လူတန်းစား အစုအဝေးပေါ့။ ရေကြောင်းစီးပွား ကူးသန်းမှုဟာ လွှမ်းမိုးလှုပ်ရှားလာပေါ့။

၁၂ နဲ့ ၁၃ရာစုအတွင်း ဂျီနိုအာဟာ ဥရောပမှာ ကြုံတွေ့ခဲ့တဲ့ စီးပွားကူးသန်းမှု တော်လှန်ရေးအတွင်း ဦးဆောင်ကဏ္ဍကနေ ကပြလာတယ်။ ဒီလိုနဲ့ နေထိုင်သူ တစ်သိန်းလောက်ရှိတဲ့ မြို့တစ်မြို့ ဖြစ်လာရဲ့။ ညီမျှတဲ့ ကာလတွေအတွင်း အကြီးမားဆုံး ဘုရင်တွေနဲ့ အပေးအယူလုပ်ရတဲ့ ရေကြောင်းအင်အားစု တစ်ခုနဲ့ ဗင်းနစ် တစ်မြို့တည်းနဲ့ ယှဉ်ပြိုင်ရတဲ့ the Levant ကုန်သွယ်ရေးရဲ့ ဗဟိုဌာနတစ်ခုအပြင် အနောက်ဥရောပနဲ့ ကုန်သွယ်တဲ့ အခြားအီတာလျံမြို့တွေနဲ့ ယှဉ်ပြိုင်လာရတယ်။


www.burmeseclassic.com

www.burmeseclassic.com



ရှေးဟောင်းအဆောက်အအုံ

အရှေ့တိုင်း ဟင်းခတ်အမွှေးအကြိုင်တွေ၊ ဆိုးဆေး ပစ္စည်းတွေ၊ ဆေးဝါးတွေ၊ အနောက်တိုင်း အဝတ်အထည်၊ သတ္တု၊ အာဖရိက သိုးမွေးနဲ့ အရေ သန္တာနဲ့ ရွှေတွေဟာ နိုင်ငံတကာကုန်သွယ်ရေးမှာ အလွန်ကွဲပြားခြားနားတဲ့ အဓိက အမျိုးအမည်တွေပါ။ ဘဏ်လုပ်ငန်းနဲ့ သင်္ဘောတည်ဆောက် ရေးတွေလည်း ဖွံ့ဖြိုးလာပြီး ဒေသတွင်းက အထည်အလိပ် စက်ရုံတွေလည်း ကောင်းသောအစပြုခြင်းနဲ့ လည်ပတ်လာ ကြပေ့ါ။


တစ်ချိန်တည်းမှာပဲ ဂျီနိုအာသားတွေဟာ Liguria အားလုံး Corsica အတော်များများနဲ့ ဆာဒီနီးယား (Sardinia) မြောက်ပိုင်းကို သူတို့ရဲ့ တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက်ထိန်း ချုပ်မှုအောက်မှာ ထားခဲ့တယ်။ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီးပွား ရေးဆိုင်ရာ ကိုလိုနီတွေကိုလည်း မြေထဲပင်လယ်ကမ်းရိုးတန်း ပတ်လည်မှာ ထူထောင်ခဲ့တယ်။ များစွာသော အဲဒီကိုလိုနီ တွေဟာ ဂျီနိုအာသားတွေ ခရူးဆိတ်မှာ ပါဝင်ပတ်သက်ခဲ့ ခြင်းရဲ့ ရလဒ်ပါ။ ဂျီနိုအာသားတွေဟာ စပိန်၊ အာဖရိကနဲ့ the Levant မှာလည်း သိပ်မကြာခဲ့တဲ့ စစ်ဆင်ရေးတွေ ဆင်နွှဲ ခဲ့ရတယ်။ ဒါပေမယ့် အချို့ကတော့ ငြိမ်းချမ်းစွာ ထိုးဖောက် ဝင်ရောက်ခြင်း၊ သံတမန်နည်းအရ ဈေးဆစ်ခြင်းတွေနဲ့ ထူထောင်ခဲ့တာပါ။

သူတို့ဟာ ကိုယ်ပိုင်တစ်ဦးစီရဲ့ ကိုယ်ပိုင်အဆောက် အအုံတွေကနေ မြို့တွေရဲ့ တံတိုင်းကာထားတဲ့ ဆင်ခြေဖုံး တွေနဲ့ မြို့တွေ၊ ကမ်းရိုးတန်း ဒီစတြိတ်မြေတွေ ဒါမှမဟုတ် အလွန်ဆုံး ကျွန်းတစ်ခုလုံးကိုပါ အရွယ်အစား အမျိုးမျိုးနဲ့ တည်ထောင်ခဲ့ကြတယ်။

ခရူးဆိတ်ဒါး (the Crusaders)တွေရဲ့ ပြည်နယ်တွေ ပြိုလဲကျသွားတာနဲ့အတူ ဂျီနိုအာသားတွေဟာ သီးခြားအစု လေး ဖြစ်သွားပေ့ါ။ ၁၃ ရာစုနောက်ပိုင်းမှာ ဂျီနိုအာဟာ ဘိုင်ဇင်တိုင်းအင်ပါယာ(the Byzantine)နဲ့ မဟာမိတ်ပြုခဲ့လို့ Ninfeo (၁၂၆၁)စာချုပ်အောက်မှာ ပြည့်စုံလုံလောက်စွာ လျော်ကြေးရပြီး ပင်လယ်နက်(the Black Sea)မှာ အကြီး အကျယ် ချဲ့ထွင်ဖို့ လမ်းပွင့်သွားတယ်။ ကွန်စတင်တီနိုပယ် ကနေ လွတ်မြောက်လာတဲ့ ယနေ့ခေတ် Beyoglu ဖြစ်တဲ့ ဆင်ခြေဖုံး(Pera)၊ စီးပွားရေးတိုးတက်ပြီး တဖြည်းဖြည်း ဖြတ် ကျော်တက်သွားတဲ့ ဘိုင်ဇင်တိုင်းရဲ့ မြို့တော်နဲ့ ယနေ့ခေတ် Feodosiya ဖြစ်တဲ့ Kaffa ဟာ ဂျီနိုအာသားတွေ အုပ်ချုပ်တဲ့ Crimean ကမ်းရိုးတန်းရဲ့ မြို့တော်အဖြစ် ကျယ်ပြန့်စွာ ဆန့် ထွက်ခဲ့တယ်။ များစွာသော အေဂျီယံ(Aegean)ကျွန်းတွေဟာ ဂျီနိုအာရဲ့ မင်းသားအုပ်ချုပ်ရာတွေအဖြစ် လွတ်လပ်လာ တယ်။

အဲဒီခေတ်တစ်လျှောက် ဂျီနိုဝါမှာ အတွင်းပိုင်း နိုင်ငံ ရေး ပဋိပက္ခဟာ မရပ်မနားနီးပါး ဆက်လက်ရှိနေပေမယ့် ဒါဟာ အသိုင်းအဝိုင်းတစ်ခုရဲ့ တိုးတက်မှုကိုဟန့်တားဖို့တော့ သိပ်မပြင်းထန်လှပါဘူး။ အစိုးရက စီးပွားရေးကိစ္စတွေကို စီမံခန့်ခွဲခဲ့တယ်။ The Spinola, Fieschi, Grimaldi နဲ့ Doria တို့လို အုပ်ချုပ်သူမိသားစုတွေရဲ့ ဘုံအကျိုးအမြတ်အတွက် လုပ်ငန်းကိစ္စတွေကို စီမံပေမယ့် ယေဘုယျအားဖြင့်တော့ လူဦးရေတစ်ခုလုံးရဲ့ တိုးတက်မှုကို ဦးတည်တယ်။


အစိုးရပုံသဏ္ဍာန် အပြောင်းအလဲ ဖြစ်ပေါ်မှုကြောင့် ၁၃ ရာစု ဒုတိယတစ်ဝက်ရောက်တော့ လူထုခေါင်းဆောင် တွေဟာ အစုအဖွဲ့တွေရဲ့ ထောက်ပံ့မှုနဲ့ အကန့်အသတ်မရှိတဲ့ သက်တမ်းနဲ့ အုပ်ချုပ်ခဲ့တယ်။ ၁၂၅၇ ခုမှာ Guglielmo Boccanegra ခေါင်းဆောင်ဖြစ်လာပြီး အာဏာရှင် တစ်ဦး နီးပါး ဖြစ်ခဲ့တယ်။ လောလောလတ်လတ် ပြောင်းရွှေ့လာသူ တွေ အပါအဝင် လူဦးရေအားလုံးရဲ့ လူနေမှုအဆင့်အတန်း





www.burmeseclassic.com

www.burmeseclassic.com



သာ မပြောင်းမလဲ တိုးတက် ကောင်းမွန်လာတယ်။ မြူနီစီပယ်နဲ့ မိသားစုပိုင် ဂုဏ်ယူဖွယ် သားနားကြီးကျယ်တဲ့ အဆောက်အအုံတွေ၊ တံတားတွေ၊ ဘုရားကျောင်းတွေနဲ့ အိမ်ခံတံတားတွေကို တည်ဆောက်လာကြတယ်။

Meloria(၁၂၈၄)မှာ ပါရှန်းတွေကို နှိမ်နင်းနိုင်တဲ့ ရေကြောင်းအောင်နိုင်မှုတစ်ခု ရခဲ့တယ်။ ဆက်လက်ပြီး Curzola (၁၂၉၈)မှာလည်း ဗင်းနစ်သားတွေအပေါ် အပြည့်အဝ အောင်မြင်လိုက်နိုင်ခဲ့တယ်။ ဒါတွေက ဂျီနိုအာရဲ့ နိုင်ငံရေးကို မြှင့်တင်ပေးဖို့ ထောက်ကူနေရဲ့။ အလားတူ ကာလတစ်ခုတည်းမှာပဲ ရေကြောင်းကုန်သွယ်ရေးဟာ အမြင့်မားဆုံး အထွတ်အထိပ်ကို ရောက်လာတယ်။

ပသို့ဆိုစေ ၁၄-၁၅ ရာစုအတွင်းမှာ ဥရောပတစ်ခုလုံးဟာ ရုပ်ဝတ္ထုနဲ့စိတ်ပိုင်းဆိုင်ရာ အကျပ်အတည်းတွေ အကြီးအကျယ် ဖြစ်ခဲ့တယ်။ ဂျီနိုအာဟာ အစိုးရကို ဆက်တိုက်ဖြစ်သာနေတဲ့ ဝရုန်းသုန်းကား အခြေအနေမှာ အစိုးရတစ်ရပ်ကို ထိန်းထားဖို့ ရုန်းကန်ရတယ်။ လူအများ အကျိုးစီးပွားတွေဟာ စစ်ကြောင့် ပျက်စီးသွားပေ့ါ။

ဗင်းနစ်ပုံသဏ္ဍာန် ဒေသခံဒေါ်ဂီမြို့စား ရွေးကောက်မှုအတူ စတင်ခဲ့တဲ့ ၁၃၃၉ ခုက Simone Boccanegra ဟာ နိုင်ငံရေးပြဿနာကို ဖြေရှင်းဖို့ အချည်းနှီးကြိုးပမ်းမှုတစ်ခုပါ။

အဲဒီနောက် ပြင်သစ်ကြီးစိုးတဲ့ ၁၃၉၄-၁၄၀၉ နှစ်အတွင်းကာလနဲ့ မီလန်သားတွေ နယ်ရှင်ပယ်ရှင်ဖြစ်ခဲ့တဲ့ ၁၄၂၁-၃၅ နှစ်တွေကနေ လွတ်မြောက်လာပြန်ပေ့ါ။ ဂျီနိုအာဟာ အာဏာကြီးကို ကြာကြာမရလိုက်ပါဘူး။ Corsica မှာ



တော်လှန်ရေးတွေ အမြဲလိုဖြစ်ပေါ်နေခဲ့ပါတယ်။ ဆာဒီးနီးယားကို the Aragonese တွေ ဝင်ရောက်သောင်းကျန်းလာတယ်။ ပင်မမြေရဲ့ လွတ်လပ်မှုရလုနီးပါး the Levant နယ်မြေတွေကို အီဂျစ်တွေ ဒါမှမဟုတ် တူရကီတွေက အောင်နိုင်သွားတယ်။ ပင်မမြေပိုင်နက်ကို Liguria မှာသာ အောင်မြင်စွာ ကျင်းပနိုင်ခဲ့တယ်။

မီလန်သားတွေ ပြင်သစ်နဲ့ စပိန်တို့ ချင်းနင်းဝင်ရောက်မှုတွေကို အောင်မြင်လိုက်ပြီးတဲ့ ကာလနောက်မှာ ရှေးက ဂုဏ်သရေရှိ ဂျီနိုအာမိသားစုတစ်ခုရဲ့ မျိုးဆက်ဖြစ်တဲ့ Andrea Doria က ဖွဲ့စည်းအုပ်ချုပ်ပုံအသစ်တစ်ခု ၁၅၂၈ ကို အင်အားသုံး ဖွဲ့စည်းခဲ့တယ်။


မြို့ကြီးကို သူပြန်လည်ထိန်းသိမ်းပြီး နှစ်နှစ်တစ်ကြိမ် ရွေးထားတဲ့ ဒေါ်ဂီမြို့စား doges ရဲ့ အဟောင်းနဲ့အသစ်သော ဂုဏ်သရေရှိ ကုန်သည်တွေ ပါဝင်တဲ့ လူနည်းစု oligarchy အုပ်ချုပ်မှုအောက်မှာ စနစ်ကျစွာ သေသေဝပ်ဝပ် ရှိစေပြန်တယ်။ အလားတူပဲ သူဟာ ဂျီနိုအာကို နိုင်ငံရေးအရ အင်အားကြီးနိုင်ငံ စပိန်ရဲ့ ဩဇာခံ ဖြစ်စေခဲ့တယ်။

ဂျီနိုအာကို ကမ္ဘာသစ် (the New World)မှာ ကျယ်ပြောပြီး သစ်လွင်တဲ့ စပိန်အင်ပါယာရဲ့ အာဏာရသူတွေနဲ့ အခွင့်ထူးခံတို့ရဲ့ ခေါင်းပုံဖြတ်ရာ ဖြစ်လာဖို့ ကြိုးပမ်းလာတယ်။ အဖြေကတော့ ၁၆နဲ့ ၁၇ ရာစုတွေမှာ တစ်ပိုင်းတစ်စသော စီးပွားရေး နာလန်ထူမှုတော့ ရှိလာရဲ့။

စပိန်နဲ့ အီတာလျံပြည်နယ်တွေရဲ့ ကံကြမ္မာကျဆင်းလာတော့ ဂျီနိုအာလည်း အလားတူပဲပေ့ါ။ ၁၈ရာစုအလယ်ရောက်တော့ ကုန်သွယ်ရေးဟာ အနိမ့်ဆုံးအဆင့်အထိ ထိုးကျနစ်မြုပ်သွားတယ်။ ၁၇၆၈ ခုမှာ ဗာဆေးလ်စာချုပ်အရ ရီပတ်ဘလစ်ဟာ အဲဒီရဲ့နောက်ဆုံးသော ပင်လယ်ရပ်ခြားပိုင်ဆိုင်မှု (Corsica)တွေ ပြင်သစ်ကို ပေးလိုက်ရတယ်။

ပြင်သစ်တော်လှန်ရေးအတွင်းနဲ့ နပိုလီယံ စစ်ပွဲတွေမှာ ရီပတ်ဘလစ်ဟာ နှစ်ဖက်လုံးကနေ သူ့ရဲ့ကြားနေမှုကို ချိုးဖောက်နှောင့်ယှက်တာတွေ ခံရတယ်။ ၁၇၉၇ ခုမှာ နပိုလီယံဘိုနာပါတ်ရဲ့ ဖိအားပေးမှုအောက်မှာ ဒါဟာ ပြင်သစ်

www.burmeseclassic.com



အထိန်းသိမ်းခံအောက်က (the Ligurian) ရီပတ်ဘလစ် တစ်ခုအဖြစ် အသွင်ပြောင်းသွားတယ်။

၁၈၀၅ ခုမှာတော့ ဂျီနိုအာဟာ ပြင်သစ်အင်ပါယာရဲ့ အဆွယ်အပွား ဖြစ်လာတယ်။ ၁၈၁၄ ခု နိုဝင်ဘာလမှာ ဗီယင်နာကွန်ဂရက်က ဂျီနိုအာကို Savoy ရဲ့ ဌာနေအိမ်အဖြစ် ချီးမြှင့်ပေးခဲ့တယ်။ အဲဒီနောက် ၁၉ ရာစုမှာ ပင်လယ်ရေကြောင်းကုန်သွယ်မှုဟာ လျင်မြန်စွာ ပြန်လည် အသက်ဝင်လာပြီး ဂျီနိုဝါသားကုန်သွယ်ရေးဟာ အသစ်တစ်ဖန် ပွင့်ထွန်းလာပြန်ပေါ့။ အဲဒါရဲ့ ရှိုးရာအစဉ်အလာတွေဟာ မြေထဲပင်လယ်နဲ့ ပင်လယ်နက်(the Black Sea)သာမက အလားတူပဲ အရှေ့ဖျားနဲ့ အမေရိကမှာပါ စွဲထင်သွားတယ်။

၁၈၆၁ ခုမှာ အီတလီနဲ့ပေါင်းစည်းခြင်းဟာ ဂျီနိုအာသားတွေရဲ့ လုပ်ဆောင်မှုနယ်ပယ် အတိုင်းအတာတွေကို ဆက်လက် ကျယ်ပြန့်စေတယ်။ အဲဒီနောက် ဂျီနိုအာဟာ အီတလီရဲ့ အကြီးမားဆုံးသော ကုန်သွယ်ဆိပ်ကမ်းဖြစ်လာပြီး မြေထဲပင်လယ်မှာ သာလွန် ကြီးစိုးဖို့အတွက် မာဆေး (Marseille)နဲ့ ယှဉ်ပြိုင်ခဲ့ရတယ်။

နောက်ပိုင်း ၂၀ ရာစုမှာ ဖြစ်ပေါ်တဲ့ ကျဆင်းမှုမှာလည်း ဂျီနိုအာဟာ မြောက်ပင်လယ် (the North Sea)ရဲ့ ဆိပ်ကမ်းတွေနဲ့ယှဉ်ပြီး ဆွစ်ဇာလန်နဲ့ ဥရောပအလယ်ပိုင်းတို့ ကုန်သွယ်ဖို့အတွက် လုပ်ခဲ့ရတယ်။ ခြားနားချက်ကတော့ အီတလီမြောက်ပိုင်းကို အသွားအပြန် စီးဆင်းနေတဲ့ အံမြတမ်း တိုးပွားနေတဲ့ ကုန်သွယ်ရေးနဲ့ ပြန်ထိန်းမတ်တယ်။

အဆင့်မြင့် အထက်တန်းက သင်ကြားရေးရဲ့ ရှိနှင့်ပြီးသား သိပ္ပံကျောင်းတွေဟာ ၁၈၀၃ ခုမှာ တက္ကသိုလ်နဲ့ ပူးပေါင်းလိုက်တယ်။ အထူးသဖြင့် စီးပွားရေးနဲ့ရေကြောင်းပညာရပ်တွေ သင်ကြားဖို့အတွက် ကွဲကွဲပြားပြား ဖြစ်လာတယ်။

## မျက်မြင်ကိုယ်တွေ့ ဂျီနိုအာ

တစ်ဖက်တွင်တောင်၊ တစ်ဖက်တွင် ပင်လယ်မို့ ဂျီနိုအာ အဝင်မှာ တောင်တွေကိုဆက်ထားတဲ့ ဂုတ်ထိပ်တံတားလို



တံတားသစ်တွေလည်း တွေ့လာရတယ်။ ဂျီနိုအာဟာ ပြင်သစ်နဲ့ မနီးမဝေးမှာရှိတဲ့ အီတလီဘက်က ပင်လယ်ဆိပ်ကမ်း မြို့ဖြစ်ပါတယ်။ အီတလီမှာ ပင်လယ်ဆိပ်ကမ်းမြို့တွေ များစွာရှိပေမယ့် မြေထဲပင်လယ်ရဲ့ အစွန်းမှာ ရှိနေတဲ့ ဂျီနိုအာကတော့ ဥရောပမှာ ဒုတိယအရေးပါဆုံး ဆိပ်ကမ်းမြို့ပါ။ မကြာခင်မှာ ဂျီနိုအာမြို့တွင်းကို ဝင်လာပါပြီ။ ဂျီနိုအာရဲ့ လူဦးရေဟာ ၂၀၀၁ ခုမှာ ၆၁၀၃၀၇ ဦးနဲ့ ၂၀၀၄ ခု ခန့်မှန်းခြေအရ ၆၀၁၃၃၈ ဦး ရှိတယ်။

မြို့ရဲ့ တစ်နေရာကိုအဖြတ်မှာတော့ ရှေးခေတ်မြို့ရိုးဟောင်း (City wall) နံရံဝိုင်းဝိုင်းကြီးကို မြင်လိုက်ရတယ်။ ရှေးဟောင်းအမွေအနှစ်မို့ မပျက်မစီးရအောင် ထိန်းသိမ်းထားပုံရတယ်။ ရှေးရှေးကတည်းက ထင်ရှားခဲ့တဲ့ မြို့မို့လို့ ရှေးဟောင်း အဆောက်အအုံတွေလည်း အများအပြား ရှိနေသတဲ့။ ဒီမြို့မှာ ၁၉၀၇ ခုနှစ်ကတည်းက တည်ထောင်ခဲ့တဲ့ ရှေးအကျဆုံး ကမ္ဘာ့ပထမဆုံးဘဏ်လည်း ရှိနေရဲ့။

ဂျီနိုအာမြို့ဆိပ်ကမ်းဘေး သင်္ဘောကြီးများ ရပ်နားထားရာအနားမှာ ကိုယ်တို့ရဲ့ ခရီးသွားကားကြီးကို ရပ်နားလိုက်ကြတယ်။ ဒီကမ်းနားလမ်းမှာ သင်္ဘောတွေ အများအပြား ဆိုက်ကပ်ထားကြတာကို တွေ့ရတယ်။ မြေထဲပင်လယ်ဆိပ်ကမ်းမြို့ဖြစ်လို့ စက်ဘီးတို့၊ မော်တော်ကားတို့အပြင် ပင်လယ်ထဲ သွားဖို့ရာလည်း သင်္ဘော၊ စက်လှေတွေ ကိုယ်ပိုင်ရှိကြသတဲ့။ အဲဒီကိုယ်ပိုင်ရေယာဉ်တွေကို ဒီလိုပင် ကမ်းနားမှာ အပ်ထားကြရတယ်။ သင်္ဘော၊ စက်လှေ အပ်ခတွေလည်း မနည်းမနော ပေးရတယ်ဆိုပဲ။


ကမ်းနားတစ်လျှောက် လမ်းဘေးတွေမှာ ... လူမည်း ဈေးသည် အများအပြားဟာ တရုတ်လုပ် ... ပေါ ပစ္စည်းတွေကို အလုအယက် အတင်းထိုးရောင်းချနေ ... တွေ့ရပေါ့။ လူမည်းနိုင်ငံတွေကနေ ပင်လယ်ဖြတ်ပြီး ... ကူးလာကြသူတွေ၊ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေ ... သူတွေ ဖြစ်ပါတယ်။

သူတို့ကို မနည်းရှောင်ကွင်းပြီး ကမ်းနားလမ်း ... လျှောက်ကြည့်တော့ ဆိုက်ကပ်ထားတဲ့ ရေယာဉ်အမျိုး ... တွေထဲမှာ သင်္ဘောဦးမှာ လူရုပ်တုကြီးများ ထုလုပ် ... ရောင်စုံခြယ်ထားတဲ့ ရှေးခေတ်ဟောင်းက ရွက်သင်္ဘော ... များကိုလည်း မြင်ရတယ်။ ဒီခေတ်ရဲ့ ပင်လယ်ပြင်မှာ ...



www.burmeseclassic.com

www.burmeseclassic.com



ရွက်သင်္ဘောတွေတော့ မသွားနေလောက်ပါဘူး။ ဒါပေမယ့် ခေတ်သစ်သင်္ဘောကြီးတွေအတိုင်း အရွယ်အစားနဲ့ အဆင်တန်ဆာအပြည့်အစုံနဲ့ ဖြစ်ပါတယ်။ ဆိပ်ကမ်းအတွက် အလှထုပ်ထားတာပဲ ထင်ရဲ့။ ဒါမှမဟုတ် ရေပေါ်ပြတိုက်၊ ပြခန်းတွေလား။

တစ်နေရာမှာတော့ ပင်လယ်ဓားပြ ရုပ်ရှင်ကားမှာ သုံးခဲ့တဲ့ ရွက်သင်္ဘောကြီးလို့ ယူဆရတဲ့ အီတလီလိုရေးထားတဲ့ စာတွေနဲ့ သင်္ဘောတစ်စင်းကိုလည်း မြင်လိုက်ရတယ်။ အဲပဲဖြစ်ဖြစ် ကိုလံဘတ်တို့၊ ဗတ်စကိုဒဂါးမားတို့ကို သတိရရပါ။

ဂျီနိုအာမြို့ဟာ ဗင်းနစ်မြို့လို ခရီးသွားလုပ်ငန်းကနေ စီးပွားဖြစ်ခြင်းမဟုတ်ဘဲ ရေကြောင်းသွားလာ ကုန်သွယ်မှုကြောင့်သာ စီးပွားရေး အောင်မြင်နေခြင်းဖြစ်ပါတယ်။ ဂျီနိုအာမှာ ပင်လယ်ကူးသင်္ဘောတွေဆိုက်ကပ်ပြီး ပင်လယ်ထွက်ကုန်တွေကို ကုန်စည်ဖလှယ်ကြလို့ စီးပွားရေးလည်း အလွန်ကောင်းရဲ့။

သင်္ဘောကျင်းတွေ၊ သင်္ဘောကုမ္ပဏီတွေလည်း ဒီမြို့ရဲ့ ဆိပ်ကမ်းမှာ အများကြီးရှိတယ်။ ဒီမှာ သင်္ဘောပြပွဲ (Boat Show)တွေလည်း လုပ်လေ့ ရှိသတဲ့။ သင်္ဘောဝယ်လိုသူ၊ သင်္ဘောတည်ဆောက်လိုသူ၊ သင်္ဘောရောင်းလိုသူတွေက သူတို့လိုချင်တဲ့ ဒီဇိုင်းတွေပြပြီး သင်္ဘောဒီဇိုင်း ရေးဆွဲဖို့၊ ဈေးညှိဖို့ ဂျီနိုအာကို လာကြတယ်။ သင်္ဘောအရောင်းအဝယ်လည်း ဒီမှာလုပ်ကြတယ်။

ဂျီနိုအာမြို့ ကမ်းနားဘက်ရှိ ဗီနီးဇီးယား (Venezia) ဆိပ်ကမ်းလမ်းမကြီးဘေး ထရွန်ဂစ် (Tromchitto) ရေဆိပ်အနားက La Pagoda ဆိုတဲ့ တရုတ်စားသောက်ဆိုင်လေးမှာ ကိုယ်တို့ နေ့လယ်စာ စားခဲ့ကြတယ်။ ဆိုင်အဝင်မှာ ဆိုင်နာမည်နဲ့လိုက်အောင် ဗုဒ္ဓဆင်းတုတော် ရုပ်တုတစ်ဆူ ထုလုပ်ထားရှိပါတယ်။

အီတလီမှာ ဗုဒ္ဓဆင်းတုတော် တွေ့လိုက်ရတာ ထူးခြားပေမယ့် ထူးမခြားနားသော တရုတ်အစားအစာများသာ စားခဲ့ရတယ်။ ဒီတစ်ခါတော့ အချိုပွဲအဖြစ် ယခင် တရုတ်ဆိုင်များလို ရှောက်ချိုသီးမဟုတ်ဘဲ ဖရဲသီးကျွေးတာပဲ ထူးတယ်။ ဟင်းလျာတွေက အတူတူချည်းဖြစ်သလို ဆက်ဆံရေးကလည်း တစ်ချိုးတည်း ခပ်ရိုင်းရိုင်းပါ။ အီတလီမှာ 'စားသောက်ဆိုင်' ကို 'ရက်စတိုရော့'လို့ပြောပြီး 'ကျေးဇူးတင်တယ်' ကို 'ဂရပ်ဇေ'လို့ ပြောတယ်လို့ လမ်းညွှန်က ပြောလို့ မှတ်သားလိုက်ရတယ်။

စားသောက်ဆိုင်နဲ့ တစ်တန်းတည်း တိုက်တန်းရှိ စက်ပစ္စည်းဆိုင်လေးမှာလည်း တရုတ်စာလုံးနဲ့ ပစ္စည်းတွေ တွေ့ရတယ်။ စားသောက်ဆိုင်မှ ကားကြီးဆီသို့အပြန် ဆိုင်ရှေ့ ခပ်လှမ်းလှမ်း တံတားအောက်မှာလည်း အသားမည်းများ အကြိတ်အနယ် ဝယ်နေကြတဲ့ သူခိုးဈေးလေးလည်း ရှိနေရဲ့။ ထိုသူခိုးဈေးလေးကား လမ်းကြားဈေးလေးဖြစ်ပြီး လမ်းမအပေါ်စီးမှ လှမ်းမြင်နေရတယ်။ ဆိုင်ခန်းမရှိဘဲ မြေပေါ်ချရောင်းနေခြင်း ဖြစ်သလို ပစ္စည်းဟောင်းတွေချည်းရောင်းတဲ့ အပေါင်းတန်းအဖြစ် အံ့ဩစွာ မြင်တွေ့လိုက်ရရဲ့။ သူတို့နိုင်ငံတွေမှာလည်း ဒါမျိုးရှိသကိုး။

မကြာခင် ကားကြီးစထွက်ခဲ့ရာ ရေပြင်ကို စတင်မြင်လာရပါပြီ။ ကျွန်းကလေးတွေလည်း တွေ့ရတယ်။ လေယာဉ်ကွင်းလည်း ဒီဂျီနိုအာမြို့မှာ ရှိသည်ဆိုပဲ။ လမ်းဘေးမှာ စပျစ်ခြံတွေလည်း တွေ့လာရတယ်။ ပေါ့ (Pop)မြစ်ကိုဖြတ်တဲ့ တံတားကြီးကို ကျော်ဖြတ်လာခဲ့တယ်။ ပေါ့မြစ်ဟာ အီတလီနိုင်ငံရဲ့ အဓိကမြစ်တစ်စင်းလည်း ဖြစ်ပါတယ်။

## သူ့အရပ်နဲ့သူ့ဇာတ်

ဂျီနိုအာမြို့မှ ပြန်ထွက်ခဲ့ပြီး တစ်နေရာမှာတော့ တောင်အစွန်းမှာ တည်ထားတဲ့ မြို့ငယ်လေးတစ်ခုကိုလည်း ဖြတ်ကျော်ခဲ့ရတယ်။ အဲဒီမြို့လေးမှာ လူမည်းတွေကိုးကွယ်တဲ့ ထူးခြားတဲ့ ခရစ်ယာန်ဘုရားကျောင်း တစ်ကျောင်းရှိသတဲ့။ ခရစ်တော်မှအစ သူတော်စင်များ အားလုံးကို လူမည်းအဖြစ် လူမည်းဆင်းတု ရုပ်တုများ ထုလုပ်ထားရှိကြောင်း၊ စိတ်ဝင်စားဖွယ်ကောင်းကြောင်း သိလိုက်ရတယ်။



ဂျီနိုအာမြို့မှ ပြန်အထွက်

www.burmeseclassic.com

ကိုယ်တို့ ဂေါတမဗုဒ္ဓပင် တရုတ်နဲ့ ဂျပန်နိုင်ငံတွေမှာ မျက်လုံးပိတ်ပိတ်၊ ဆံပင်ကောက်ကောက်၊ ဗိုက်ပူပူ ဖြစ်သွားခဲ့သည်ပဲလေ။ သူ့အရုပ်နဲ့သူ့ဇာတ်၊ သူတို့ရဲ့ ယုံကြည်ကိုးကွယ်မှုမှာ သူတို့သဒ္ဓါပေါက်သလိုပ။

လမ်းပေါ်က အချက်ပြ (LED Board) ဘုတ်တွေမှာ နာရီ အချိန်သာမက အပူချိန်ပါ ပြထားတာကို တွေ့လိုက်ရတယ်။ ၃၂ ဒီဂရီစင်တီဂရိတ် ရှိနေရဲ့။ ဒီလမ်းကနေ သွားရောက်နိုင်တဲ့ မြို့တွေနဲ့ လမ်းတွေကို သွားလိုရာ သွားနိုင်အောင် အကွာအဝေးနဲ့တကွ မြားတွေနဲ့ပါ လမ်းညွှန်ပြထားရဲ့။ သမင်ရုပ်လေးများနဲ့ သတိပေးထားတဲ့ လမ်းဘေးဆိုင်းဘုတ်လေးများကတော့ သမင် ဖြတ်ပြေးခြင်းကြောင့် ယာဉ်တိုက်မှုမဖြစ်ရန် တပ်လှန့်ထားခြင်း ဖြစ်ဟန်ရှိပါတယ်။

ဂျိနိုအာကို ကျော်လွန်သွားလာခဲ့ပြီး မကြာမီမှာတော့ နိုင်ငံပြောင်းသွားပြီ ဖြစ်ပါတယ်။ အီတလီနိုင်ငံမှ ပြင်သစ်နိုင်ငံသို့ ကူးပြောင်းလာခဲ့ပြန်ပါပြီ။ သို့သော် အစစ်အဆေးဂိတ်တွေမရှိ ဖြတ်ကျော်ခတွေ တောင်းတာလည်း မတွေ့ရပါဘူး။ မကြာမီ ပြင်သစ်နိုင်ငံက နာမည်ကျော် နီးစ်(Nice) မြို့နဲ့ နီးလာပြီလို့ သိရတယ်။ တောင်ကြား၊ တောင်စောင်းများမှာ ဆောက်လုပ်ထားတဲ့ အမိုးနီနီနဲ့ တိုက်ဝါဝါလေးများကို တွေ့လာရတယ်။

တစ်နေရာမှာတော့ အိမ်ခေါင်မိုးအပြန့်ပေါ်မှာ ကားတွေ အများကြီးတင်ထားတယ်။ မြစ်ချောင်းတစ်စင်း ဖြတ်စီးနေတဲ့ လှပတဲ့မြို့သေးသေးလေး တစ်မြို့ကိုလည်း တွေ့ရတယ်။ 'မင်သိုးနေ'လို့ ခေါ်ကြောင်း လမ်းညွှန်က ပြောပြတယ်။

မကြာမီ နီးစ်နဲ့မော်နာကိုမြို့များကို ရောက်တော့မယ်။ ဒီတစ်ဝိုက်မှာ အီတလီနဲ့ ပြင်သစ်မြေတွေ ရောနှောနေလို့ အီတလီနယ်မြေရောက်လိုက်၊ ပြင်သစ်နယ်မြေရောက်လိုက် ဖြစ်နေပေါ့။ လိုဏ်ခေါင်းတစ်ခုအတွင်း ကားဖြတ်မောင်းလိုက်တာနဲ့ နိုင်ငံပြောင်းသွားပြန်ပြီ ဖြစ်ပါတယ်။

ပြင်သစ်စာလုံးတွေနဲ့ လမ်းအမှတ်အသားတွေကို တွေ့လာရပါပြီ။ ပြင်သစ်နဲ့ အီတလီ နယ်မြေတွေ ရောထွေးနေသော်လည်း ပြင်သစ်က အီတလီထက် အပူချိန် ပိုလျော့ပါသတဲ့။

မကြာခဏဆိုသလို မြေထဲပင်လယ်ကြီးကို ကားလမ်းပေါ်ကနေ ဆီးဆီးပြီး မြင်နေရတယ်။ လှလိုက်တာလို့ ကိုယ်တို့ခရီးသည်တွေ ဝိုင်းအော်ကြတယ်။ ခရီးစဉ်ဆွဲပေးသူတွေက ဒီခရီးမှာ ကားအကြာကြီးစီးရပေမယ့် မြေထဲပင်လယ်မြို့တွေကို ခံစားစေချင်ပုံရတယ်လို့ လမ်းညွှန်က ပြောပြပါတယ်။

အလွန်လှပတဲ့ မော်နာကိုမြို့ကို ဖြတ်ရပါပြီ။ မော်နာကိုနိုင်ငံဟာ ကမ္ဘာပေါ်မှာ ဗာတီကန်ပြီးရင် ဒုတိယအသေးဆုံး နိုင်ငံ ဖြစ်ပါတယ်။ (ရောမမြို့တော်ထဲမှာ ရှိနေတဲ့ ဗာတီကန်စီတီးကိုလည်း နိုင်ငံတစ်ခုအဖြစ် သတ်မှတ်ထားလို့ ဗာတီကန်က အသေးဆုံးနိုင်ငံ ဖြစ်နေရဲ့)။

မော်နာကိုကို အရှေ့ရပ်ကွက်၊ အနောက်ရပ်ကွက်၊ အလယ်ပိုင်းရပ်ကွက် စသဖြင့် ရပ်ကွက်ကြီးလေးခုနဲ့ လေးပိုင်းပိုင်းထားပြီး အဲဒီရပ်ကွက်လေးခု ပေါင်းတာကပဲ တစ်နိုင်ငံဖြစ်ရဲ့။

မော်နာကိုနိုင်ငံရဲ့ မွန်တီကာလိုမြို့တော်မှာ ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဆိုတဲ့ ဘီလျံနာ၊ မီလျံနာတွေက တိုက်အိမ်တွေ လာဝယ်ထားကြတယ်။ တိုက်ကြီးတာကြီးတွေ များပေမယ့် တိုက်ခန်းတစ်ခုလုံးမှ လူတစ်ယောက်သာ ရှိချင်မှလည်း ရှိတတ်လို့ တစ်မြို့လုံးမှ လူသုံးသောင်းလောက်သာ ရှိလို့ ကမ္ဘာပေါ်မှာ လူဦးရေလည်း ဒုတိယအနည်းဆုံးနိုင်ငံပါ။ မင်းသားအုပ်ချုပ်တဲ့ နိုင်ငံဖြစ်ပြီး မင်းသားလည်း သည်မြို့မှာပဲ စံမြန်းနေထိုင်ပါသတဲ့။

မော်နာကိုရဲ့ အဓိကစီးပွားရေးဟာ ပင်လယ်ဆိပ်ကမ်းနဲ့ လောင်းကစားဝိုင်းတွေက ရပါတယ်။ မည်သည့်နိုင်ငံမှ လာသူကိုမဆို သည်မှာ အတားအဆီးမရှိလက်ခံပြီး လောင်းကစားဝိုင်း ကာစီနိုရုံများနဲ့ ကြိုဆိုတယ်။ အခွန်အတုတ်လည်း ပေးစရာမလိုလို့ လာသာ ဖြုန်းကြပေရော့။

ယခု ဖြတ်ခဲ့သော်လည်း ထိုမြို့ကို မဝင်ရသေးဘဲ နက်ဖြန်မှ လာရောက်လည်ပတ်ကာ နေ့လယ်စာစားမည်လို့ လမ်းညွှန်က ပြောသည်။ 'တို့လည်း နက်ဖြန်ကျရင် လူချမ်းသာတွေ ဖြစ်သွားပြီ၊ စိတ်ချမ်းသာရတော့မယ်' လို့ ခရီးဖော် နားနှာခေါင်း ဆရာဝန်ကြီးဦးသိန်းထွန်းက ရယ်စရာ ပြောလိုက်လို့ တစ်ကားလုံး ရယ်လိုက်ကြတယ်။

မကြာမီမှာ နီးစ်မြို့အဝင်က ရေမွှေးစက်ရုံမှာ ဝင်လေ့လာပြီး နီးစ်မှာ ညစာစားမယ်၊ ညအိပ်ရပ်နားမယ်လို့ လမ်းညွှန်က ပြောတယ်။ ဒီနေ့တော့ လှလည်းလှ၊ မွှေးလည်းမွှေးမြတဲ့ မြေထဲပင်လယ်ခရီးပေါ့။

စာကိုး

ဥရောပခရီးစဉ်အတွေ့အကြုံများနဲ့ Encyclopædia Britannica, 2013.

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး/သု)

❑


www.burmeseclassic.com

www.burmeseclassic.com

# ပျောက်သွားသော
# သန်းကြွယ်လုပ်ငန်းရှင်တစ်ဦး

လှမိုး (ပညာရေး)


ကျွန်တော်သည် သူရဇ္ဇမဂ္ဂဇင်းကြီးတွင် 'ထူးဆန်းသော ပျောက်ဆုံးမှုကြီးများ' အမည်ဖြင့် ဆောင်းပါးများကို အလျဉ်းသင့်သည့်အခါတိုင်း ရေးသားဖော်ပြခဲ့ပြီး ဖြစ်ပါသည်။

ရေးသားခဲ့သည့် ဆောင်းပါးများတွင် အမေရိကန်ပြည်ထောင်စုမှ 'ဒေးဗစ်လင်း' ဆိုသူသည် မိတ်ဆွေများ၊ မိဘဆွေမျိုးသားချင်းများရှေ့တွင် ထူးထူးဆန်းဆန်း ပျောက်ကွယ်သွားရသော ဖြစ်ရပ်၊ ဗြိတိသျှအမျိုးသား မဟာခရီးသည်ကြီး ဗိုလ်မှူးကြီးဖောဆက်၊ ကမ္ဘာကျော် လေသူရဲမယ်ဟု ဟိုးဟိုးကျော်ခဲ့သော အီဖယ်လီယာအယ်လ်ဟတ်၊ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ကျွန်တော်တို့ မြန်မာနိုင်ငံ ရန်ကုန်မြို့တွင် ဌာနချုပ် ဖွင့်ထားသော အိန္ဒိယလွတ်မြောက်ရေးတပ်မတော် ခေါင်းဆောင် ဗိုလ်ချုပ်ကြီး နေတာဂျီဆူဘက်ချန္ဒရာဘို့စ်၊ ကမ္ဘာ့သမိုင်းတွင် စစ်ဧကရာဇ်ဟု ဟိုးဟိုးကျော်ခဲ့သော နပိုလီယန်ဘိုနာပတ်၏ နိုင်ငံခြားရေးအတွင်းဝန်တစ်ဦး အပါအဝင် ထူးဆန်းစွာ ပျောက်ဆုံးသွားသူများအကြောင်း ပါဝင်ခဲ့ပါသည်။

ပျောက်ဆုံးသွားသူ အားလုံးမှာလည်း နှယ်နှယ်ရရ မဟုတ်ကြ။ လူသိများသော၊ ကျော်ကြားသော ပုဂ္ဂိုလ်များ ဖြစ်ကြပါသည်။ သာဓကအားဖြင့် ၂၀၀၄ ခုနှစ် စက်တင်ဘာလထုတ် သူရဇ္ဇမဂ္ဂဇင်းကြီးတွင်လည်း ယနေ့ စူပါပါဝါဟု နိုင်ငံတကာက အသိအမှတ်ပြုထားသော အမေရိကန်ပြည်ထောင်စု၌သာမက ကမ္ဘာပေါ်တွင် အချမ်းသာအကြွယ်ဝဆုံး သန်းကြွယ်သူဌေးကြီးဟု လူအများ သတ်မှတ်ထားသော နယူးယောက်မြို့တော် ဘုရင်ခံ ဒုတိယ သမ္မတဟောင်း နယ်လ်ဆင်ရောဖဲလား၏ အသက်(၂၃)နှစ်အရွယ် သားငယ် မိုက်ကယ်ရောဖဲလား ပျောက်ဆုံးရမှုလည်း ပါဝင်ပါသည်။

မိုက်ကယ်ကလတ်စ်ရောဖဲလားမှာ အမေရိကန်ပြည်ထောင်စု ဟားဗတ်တက္ကသိုလ်ကြီးမှ ဘွဲ့ရရှိခဲ့ပြီး မနုဿဗေဒပညာရပ်နှင့် ပတ်သက်သော ရှေးဟောင်းပစ္စည်းများ စုဆောင်းမှုကို ထူးထူးခြားခြား ဝါသနာပါသူ ဖြစ်ပါသည်။

မိုက်ကယ်ရောဖဲလားသည် အရှေ့အိန္ဒိယကျွန်းစု (ယနေ့ အင်ဒိုနီးရှားနိုင်ငံ)နယူးဂီနီကျွန်း တောင်ဘက်ကမ်းခြေအတွင်းပိုင်းရှိ လူသားစားလေ့ရှိသည်ဟုဆိုသော လူမျိုးနွယ်





တစ်စု၏ မိရိုးဖလာ အစဉ်အလာအရ ထိန်းသိမ်းထားသော သစ်သားတိုင်များကို ထိုလူမျိုးနွယ်များထံမှ ဝယ်ယူ၍ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ အမျိုးသားပြတိုက်ကြီးသို့ လှူဒါန်းရန် ရည်ရွယ်ထားသည်။ ယင်းသစ်သားတိုင်များအား ဗိုဟ်ရာပန်းပုဆရာများက ပုံစံအမျိုးမျိုးထု၍ သရုပ်ဖော်ထားခဲ့သည်ဟု သိရ၏။

မိုက်ကယ်ရောဖဲလားသည် အထက်ဖော်ပြပါ ရှေးခေတ်က ခေါင်းဖြတ်လေ့ရှိသည်ဟူသော လူမျိုးနွယ်များထံမှ အမှတ်တရ လူဦးခေါင်းခွံများကိုလည်း ဝယ်ယူမည်ဟူသော ရည်ရွယ်ချက်ဖြင့် မိတ်ဆွေများနှင့်အတူ နယူးဂီနီကျွန်း ကမ်းခြေသို့ ထွက်ခွာသွားစဉ် ၁၉၆၁ ခုနှစ် စက်တင်ဘာလအတွင်းက ရုတ်တရက် ထူးထူးခြားခြား ပျောက်ဆုံးသွားရခြင်း ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကဲ့သို့ ပျောက်ဆုံးမှုကြီးများ အားလုံးသည် မိတ်ဆွေများ၊ အများပြည်သူများရှေ့တွင် ပျောက်ဆုံးခဲ့ရမှုများ ဖြစ်ပါသည်။ ပျောက်ဆုံးသွားသူ အားလုံးအား မိတ်ဆွေအပေါင်းအသင်းများသာမက သက်ဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များကလည်း ကြိုးစားရှာဖွေခဲ့ကြပါသည်။

ဥပမာအားဖြင့် မိုက်ကယ်ရော့ဖဲလား ပျောက်ဆုံးမှုကြီးတွင်မူ အမေရိကန်ပြည်ထောင်စုမှ ကြည်း၊ ရေ လေ တပ်ဖွဲ့များ၊ အင်ဒိုနီးရှား လေတပ်မတော်နှင့် ရေတပ်မတော်တို့မှ တပ်ဖွဲ့များ၊ လူမှုရေး အသင်းအဖွဲ့များပါ မနေမနား ရှာဖွေခဲ့ကြသော်လည်း ပျောက်ဆုံးသွားသော မိုက်ကယ်ရော့ဖဲလား၏ အရိပ်အယောင်မျှပင် မတွေ့ခဲ့ကြရပေ။

သေဆုံးသွားသည်ဟူသော အထောက်အထားများလည်း မတွေ့ရ။ အဘယ်ကြောင့်နည်း၊ စဉ်းစားစရာ ဖြစ်ပေသည်။ ဤသို့ ထူးဆန်းစွာ ပျောက်ဆုံးမှုကြီးများ၏ နောက်ကွယ်တွင် ကျွန်တော်တို့ နားမလည်နိုင်သော သဘာဝတရား၏ လျှို့ဝှက်ချက်များ ရှိနေသလော။ 'ပျောက်သောသူ ရှာလျှင်တွေ့' ဟူသော ရှေးသူဟောင်းတို့၏ အဆိုအမိန့်သည်ပင် မှားယွင်းရတော့မည့် အခြေအနေသို့ ရောက်ရှိခဲ့ရ၏။

တာဝန်ရှိသူများနှင့် ရဲများ၊ စုံထောက်များကမူ 'မဖြေရှင်းနိုင်သော သည်းထိတ်ရင်ဖို ထူးခြားဖြစ်စဉ်' (The unsolved mystery) ဟုသာ သတ်မှတ်ထားခဲ့ကြပါသည်။ သို့သော် ထိုပျောက်ဆုံးမှုများနှင့်ပတ်သက်၍ သဘာဝကျကျ လူအများ လက်ခံလာနိုင်သော အဖြေကိုမူ မည်သူမျှ ထုတ်ဖော်ရှင်းပြနိုင်ခြင်း မရှိခဲ့။

ယခု ရေးသားမည့် ထူးဆန်းသော ပျောက်ဆုံးမှုကြီးမှာ ၁၉၆၇ ခုနှစ် မတ်လ ၂၆ ရက်နေ့က အမေရိကန် ပြည်ထောင်စုသား 'ဂျင်သော်မဆင် ထိုင်းပိုးထည်လုပ်ငန်း' (Jim Thomson Thai Silk Company) ပိုင်ရှင်နှင့် ရှေးဟောင်းအနုပညာပစ္စည်း စုဆောင်းသူ သန်းကြွယ်သူဌေး ဂျင်သော်မဆင် ရုတ်တရက် ပျောက်ဆုံးသွားသော ဖြစ်ရပ်ဆန်း ဖြစ်ပါသည်။

ဤပျောက်ဆုံးမှုသည် အရှေ့တောင်အာရှတွင် အထူးဆန်းဆုံး၊ စိတ်ဝင်စားစရာ အကောင်းဆုံးနှင့် ဒဏ္ဍာရီအဆန်ဆုံး ပျောက်ဆုံးမှုကြီးတစ်မှု ဖြစ်သည်ဟု နိုင်ငံတကာ မှုခင်းသုတေသီများက တညီတညွတ်တည်း သတ်မှတ်ခဲ့ကြသည်။ ဂျင်သော်မဆင် ရုတ်တရက်ပျောက်ဆုံးသွားသည့် အချိန်တွင် အသက် (၆၁)နှစ် အရွယ်ရှိပြီဖြစ်ရာ သူပျောက်ဆုံးသွားစဉ်က သူနှင့်အတူ ရှိခဲ့ကြသော ရင်းနှီးသော မိတ်ဆွေများအားလုံးမှာ ကွယ်လွန်ခဲ့ကြပြီ ဖြစ်သည်။

သူ ရုတ်တရက် ပျောက်ဆုံးမှုကြီးမှာ အရှေ့တောင်အာရှ နိုင်ငံများမှ ပြည်သူများသာမက နိုင်ငံတကာမှ ပြည်သူအချို့ကလည်း သူပျောက်ဆုံးရမှုကို ထူးထူးခြားခြား စိတ်ဝင်စားကြ၏။

သာဓကအားဖြင့် ၁၉၉၇ ခုနှစ် မတ်လတွင် ဘီဘီစီ ရုပ်သံလွှင့်အစီအစဉ်မှ ဂျင်သော်မဆင် ရုတ်တရက် ပျောက်ဆုံးသွားရမှု နှစ်(၃၀)မြောက် အစီအစဉ်တစ်ခုကို ထုတ်လွှင့်သွားခဲ့သည်။

ယင်းအစီအစဉ်တွင် မှုခင်းသုတေသီများ၊ အငြိမ်းစားစုံထောက် အရာရှိများ၊ မှုခင်းစာရေးဆရာများ ပါဝင်ဆွေးနွေးခဲ့ကြ၏။ ထို့အတူ အမေရိကန်ပြည်ထောင်စု ချီကာဂိုမြို့မှ ထုတ်ဝေသော ချီကာဂိုထရီဗြူန်း သတင်းစာ၊ ဘိုစတွန်မြို့မှ ထုတ်ဝေသော ဘိုစတွန်ဂလုတ် (ကမ္ဘာလုံး) သတင်းစာနှင့် နယူးယောက်ဆန်း (သူရိယ) သတင်းစာကြီးများကလည်း ဂျင်သော်မဆင် ပျောက်ဆုံးခဲ့စဉ်က ကြုံတွေ့ကြရသော ဖြစ်စဉ်အမှတ်တရများကို ဖော်ပြခဲ့ကြ၏။

ထို့အတူ ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ထုတ်ဝေသော ဗန်ကောက်ပို့စ် သတင်းစာ၊ စင်ကာပူနိုင်ငံမှ ထုတ်ဝေသော စင်ကာပူစထရစ်တိုင်းမ် သတင်းစာတို့ကလည်း ဂျင်သော်မဆင် ပျောက်ဆုံးရမှု နှစ်(၃၀)ပြည့် အထိမ်းအမှတ် သတင်းဆောင်းပါးများကို မှတ်မှတ်ရရ ထည့်သွင်းဖော်ပြခဲ့ကြသဖြင့် ဂျင်သော်မဆင် ရုတ်တရက် ပျောက်ဆုံးရမှုသည် ယနေ့မျိုးဆက်သစ်လူငယ်များအဖို့ အသစ်တစ်ဖန် ပြန်လည်ဆန်းသစ်လာခဲ့၏။

မှန်ပါသည်။ ထိုင်းနိုင်ငံအဖို့ ဂျင်သော်မဆင်သည် ဒဏ္ဍာရီတစ်ပုဒ် ဖြစ်ပါသည်။ မိုင်ပေါင်းများစွာ ဝေးကွာသော အမေရိကန်ပြည်ထောင်စုမှ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် အခြေချနေထိုင်ပြီး 'ဂျင်သော်မဆင် ထိုင်းပိုးထည်လုပ်ငန်းကြီးကို တည်ထောင်ကာ ထိုင်းပိုးထည်များကို ကမ္ဘာ့နိုင်ငံ





www.burmeseclassic.com

www.burmeseclassic.com

အသီးသီးရှိ ဈေးကွက်သို့ ပို့ဆောင်ပေးခြင်းဖြင့် လူသိများခဲ့သည်။ ဂျင်သော်မဆင်မှာလည်း နေ့ချင်းညချင်း သန်းကြွယ်သူဌေးအဖြစ်သို့ ရောက်ရှိခဲ့သည်။

သူကိုယ်တိုင် ပိုးထည်လုပ်ငန်းကို လက်တစ်ဆုံးနှိုက်လေ့လာထားခဲ့ရာ ထိုလုပ်ငန်းကြီး ထူးထူးခြားခြား အောင်မြင်မှု ရခဲ့သည်မှာ ဘာဆန်းသလဲဟု ဆိုရမည်ဖြစ်၏။ ထိုကာလက ဗန်ကောက်မြို့တော်ရှိ သူ့နေအိမ်မှာ နိုင်ငံတကာမှ လာရောက်သည့် ခရီးသွားများ သွားရောက်ကြည့်ရှုလေ့ရှိသည့် နေအိမ် ဖြစ်၏။ သူ နှစ်ပေါင်းများစွာ စုဆောင်းထားသော ထိုင်းနှင့်မြန်မာ ရှေးဟောင်းအနုပညာ ပစ္စည်းများကို သူ့နေအိမ်တွင် ပြသထားရာ ထိုပစ္စည်းများကို လာရောက်ကြည့်ရှုသူ ဒုနှင့်ဒေး ရှိခဲ့သည်။

သူ ရုတ်တရက် ပျောက်ဆုံးသွားခြင်း မရှိမီက ဗန်ကောက်မြို့သို့ အကြောင်းအမျိုးမျိုးဖြင့် ကျွန်တော်တို့ မြန်မာနိုင်ငံမှ ရောက်ရှိသွားကြသူများ ရေးသားထုတ်ဝေသော ကိုယ်ရေးအတ္ထုပ္ပတ္တိများ၊ ခရီးသွားမှတ်တမ်းများတွင် ဂျင်သော်ဆင် အကြောင်းနှင့် သူပိုင် ရှေးဟောင်းယဉ်ကျေးမှုပြတိုက်အကြောင်း၊ ဗန်ကောက်မြို့တော်ရှိ သူစိတ်တိုင်းကျ ဆောက်ထားသော နေအိမ်အကြောင်း၊ ပိုးမွေးမြူရေးလုပ်ငန်းများ၊ ဦးသုတေသနဌာနနှင့် ပိုးထည်ရက်လုပ်ငန်းအကြောင်း ခရေစေ့တွင်းကျ ရေးသားဖော်ပြထားသည်ကို ကျွန်တော်တို့ ဖတ်ရှုခဲ့ကြရ၏။

သူသည် တကယ် မှတ်တမ်းတင်ရလောက်အောင် အံ့ဖွယ်သူရဲကောင်း လူထူးလူဆန်းတစ်ယောက် ဖြစ်ပေရာ သူ့ဘဝ သူ့အကြောင်း တစေ့တစောင်း သိရသူများအဖို့ ဒဏ္ဍာရီတစ်ပုဒ်ဖြစ်သည်ဟု ဆိုခဲ့ခြင်း ဖြစ်ပါသည်။


သူ ပျောက်ဆုံးသွားခဲ့ရသော ထူးခြားဖြစ်စဉ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

၁၉၆၇ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့မှ ထုတ်ဝေသော ဗန်ကောက်ပို့စ်သတင်းစာကြီး၏ မျက်နှာဖုံးတွင် အောက်ပါ စိတ်ဝင်စားဖွယ် ခေါင်းစဉ်ဖြင့် ဖော်ပြထားသော သတင်းအား ဖတ်ရှုခဲ့ကြရသော သတင်းစာဖတ် ပရိသတ်မှာ တအံ့တဩ ဖြစ်သွားခဲ့ကြရ၏။

"ဂျင်သော်မဆင် ထိုင်းပိုးထည်လုပ်ငန်းပိုင်ရှင် သန်းကြွယ်သူဌေး ဂျင်သော်မဆင် ရုတ်တရက် ပျောက်ဆုံးသွားခြင်း"

ဗန်ကောက်၊ မတ်လ ၂၆ ရက်။

ယမန်နေ့ နံနက်စောစောပိုင်း သို့မဟုတ် နေ့လယ်ပိုင်းတွင် ထိုင်းနိုင်ငံ မှုခင်းသမိုင်းတွင် ကြုံတွေ့ရခဲ့သော အမေရိကန် အမျိုးသား ဂျင်သော်မဆင် ထိုင်းပိုးထည်လုပ်ငန်းပိုင်ရှင် ဂျင်သော်မဆင်၊ အရပ်အခေါ် ဂျိမ်းစ်သော်မဆင်မှာ သူ့ ခေတ္တမိတ်ဆွေများနှင့် အပန်းဖြေလျက်ရှိသော မလေးရှားနိုင်ငံနှင့်



ထိုင်းနိုင်ငံ နယ်ကြားဒေသအနီးရှိ ကင်မရွန်း နွေရာသီအပန်းဖြေစခန်းရှိ သူပိုင် စံအိမ်တော်မှ ရုတ်တရက် ပျောက်ဆုံးသွားသည်ဟု သက်ဆိုင်ရာ တာဝန်ရှိသူများထံမှ သတင်းရရှိခဲ့ကြောင်း။

ဂျင်သော်မဆင်မှာ အမေရိကန် ပြည်ထောင်စုသားတစ်ဦးဖြစ်သော်လည်း ထိုင်းနိုင်ငံတွင် နှစ်ပေါင်းများစွာ အခြေချ နေထိုင်၍ ထိုင်းပိုးထည်လုပ်ငန်းကြီးအား နိုင်ငံတကာမှ သိရှိရန် အစွမ်းကုန် ကြိုးစားခဲ့သူတစ်ဦး ဖြစ်သည်သာမက အရှေ့တောင်အာရှနိုင်ငံများ၊ အထူးသဖြင့် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ရှေးဟောင်းယဉ်ကျေးမှုများကို စိတ်ဝင်စားသူတစ်ဦးလည်း ဖြစ်သည်ဟု ဆိုသည်။

ဆက်ဆံရေးကောင်းသူ၊ ဒေသခံ ထိုင်းလူမျိုးများ၊ မလေးရှားလူမျိုးများနှင့် လက်ပွန်းတတီး နေထိုင်သူ၊ စိတ်ကောင်းရှိသူ၊ လူအများအား အကူအညီပေးလိုသောစိတ်ရှိသူ ဖြစ်သည်။ ဂျင်သော်မဆင်မှာ ဒုတိယကမ္ဘာစစ်ကြီးအတွင်း အရှေ့တောင်အာရှ နိုင်ငံများတွင် အမေရိကန်ပြည်ထောင်စု အထူးထောက်လှမ်းရေး အိုအက်စ်အက်စ်အဖွဲ့ဝင်အဖြစ် အမှုထမ်းခဲ့ဖူးရာ မြန်မာနိုင်ငံနှင့် ထိုစဉ်က ယိုးဒယား (ယခု ထိုင်း) နိုင်ငံတို့တွင် အနှံ့အပြား ရောက်ရှိဖူးသူ ဖြစ်သည်သာမက ထိုင်းဘာသာစကားနှင့် မြန်မာဘာသာစကားကို အတော်အသင့် ပြောဆိုနိုင်သူတစ်ဦးဟု သိရ၏။

အခင်းဖြစ်ပွားသည့် မတ်လ ၂၆ ရက်နေ့ နံနက်စောစောကမှ ပိုးထည်လုပ်ငန်းပိုင်ရှင် သန်းကြွယ်သူဌေး ဂျင်သော်မဆင်သည် သူ့မိတ်ဆွေများနှင့်အတူ ခေတ္တအပန်းဖြေလျက်ရှိသော ကင်မရွန်း အပန်းဖြေစခန်းရှိ သူပိုင်စံအိမ်မှ လမ်း

www.burmeseclassic.com

www.burmeseclassic.com

လျှောက်ထွက်ခွာသွားခဲ့ရာမှ ထိုနေ့ညနေ ၆ နာရီအထိ ပြန်လည်ရောက်ရှိလာခြင်းမရှိဘဲ ပျောက်ဆုံးသွားခြင်းဖြစ်၏။

သူ့မိတ်ဆွေများ၏ ပြောပြချက်အရ ဂျင်သော်မဆင်သည် ယခင်နေ့များကလည်း ဤကဲ့သို့ပင် နံနက်စောစောတစ်ဦးတည်း လမ်းလျှောက်ထွက်ခွာလေ့ရှိသဖြင့် အခင်းဖြစ်သည့် နေ့တွင်လည်း သူပြန်လည်ရောက်ရှိလာမည်ဟု ထင်မှတ်ခဲ့ကြသည်ဟု ဆိုသည်။

သို့ဖြစ်၍ ဒေသခံ မလေးရှားရဲအဖွဲ့သို့ သတင်းပေးပို့ခြင်းမရှိဘဲ ညနေ ၆ နာရီ ရောက်ရှိမှသာ သတင်းပေးပို့ခဲ့သည်ဟု သိရသည်။ ဒေသခံ မလေးရှားရဲအဖွဲ့သည် သက်ဆိုင်ရာသို့ သတင်းပေးပို့ပြီး ဒေသခံ လူအများနှင့်အတူ ပူးပေါင်း၍ ပတ်ဝန်းကျင် ရှာဖွေခြင်းများ ပြုလုပ်ခဲ့ကြသော်လည်း ညအချိန်ဖြစ်ရကား ကျယ်ကျယ်ပြန့်ပြန့် ရှာဖွေခြင်း မပြုလုပ်နိုင်ခဲ့ဟု သိရသည်။

နောက်နေ့နံနက်တွင်မူ မလေးရှားတပ်မတော် အပါအဝင် လူမှုရေးအဖွဲ့အစည်းများပါ ပါဝင်၍ ကင်မရွန်းတောင်ကုန်းဒေသတစ်ဝိုက် တောနင်းရှာဖွေခဲ့ကြသည်။

ထိုင်းရဲတပ်ဖွဲ့နှင့် ထိုင်းဘုရင့်တပ်မတော်မှ ရဟတ်ယာဉ်များ၊ ထိုင်းကြက်ခြေနီ အသင်းဝင်များ၊ ဒေသခံပြည်သူအများ ပူးပေါင်းရှာဖွေခဲ့သော်လည်း ဂျင်သော်မဆင်ကို တွေ့ရှိခြင်း မရှိဟု သိရ၏။

ကျွန်တော်များ သတင်းစာ အယ်ဒီတာအဖွဲ့မှ တာဝန်ရှိသူတစ်ဦးကမူ ထိုင်းနိုင်ငံ အမေရိကန်ပြည်ထောင်စု သံရုံးမှ တာဝန်ရှိသူ တစ်ဦးနှင့် ဆက်သွယ်၍ ပျောက်ဆုံးနေသော ဂျင်သော်မဆင်နှင့် ပတ်သက်သည့် သတင်းတစ်စုံတစ်ရာ ရရှိခြင်း ရှိ မရှိ စုံစမ်းသော်လည်း တစ်စုံတစ်ရာ အဆက်အသွယ် မရဟု ဆိုသည်။

ဒေသခံအချို့ကမူ သန်းကြွယ်သူဌေး ဂျင်သော်မဆင်အား ပြန်ပေးဆွဲသွားခြင်း ဖြစ်နိုင်သည်ဟု ယူဆခဲ့ကြသော်လည်း သက်ဆိုင်ရာ အမေရိကန်ပြည်ထောင်စုသံရုံးမှ အရာရှိများနှင့် ထိုင်းရဲအဖွဲ့နှင့် စုံထောက်အဖွဲ့တို့ကမူ ပြန်ပေးသမားများ တောင်းဆိုသည့်စာနှင့် တယ်လီဖုန်း အဆက်အသွယ် မရဟု ဆိုသည်။

ပျောက်ဆုံးနေသူ ဂျင်သော်မဆင်မှာ ဝီးကရက်အလွန်သောက်လေ့ရှိသူ ဖြစ်သည်။ သို့သော် ပျောက်ဆုံးသွားသောနေ့ နံနက်ကမူ သူ့စီးကရက်ဘူးနှင့် ပီးခြစ်ကို ခါတိုင်းကဲ့သို့ ယူဆောင်သွားခြင်း မရှိသည်ကို အံ့ဩဖွယ် တွေ့ကြရသည်ဟု သူ့မိတ်ဆွေများက ကျွန်တော်များ သတင်းထောက်အား ပြောပြခဲ့သည်ဟု သိရသဖြင့် ထိုနေ့နံနက်စောစောက ဂျင်မသော်မဆင် အဘယ်ကြောင့် လမ်းလျှောက်ထွက်သွားခဲ့သလော။

မည်သို့ပင် ဆိုစေကာမူ ယခု သတင်းရေးနေသည့်အချိန်အထိ ပျောက်ဆုံးနေသော ဂျင်သော်မဆင်နှင့် ပတ်သက်သော သတင်းတစ်စုံတစ်ရာ ရရှိခြင်း မရှိသေးပါကြောင်း။

ယင်းသတင်းကိုပင် ထိုင်းနိုင်ငံ ထုတ်ဝေသော သတင်းစာများ၊ မလေးရှားနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များ၊ စင်ကာပူနိုင်ငံမှ ထုတ်ဝေသော သတင်းစာများ၊ ဂျာနယ်များတွင် အကျယ်တဝင့် ရေးသားဖော်ပြခဲ့သည်သာမက ဘီဘီစီ အသံလွှင့်အစီအစဉ်နှင့် အမေရိကန် ပြည်ထောင်စု အသံလွှင့်အစီအစဉ်များကလည်း ထုတ်လွှင့်သွားခဲ့သဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ထူးထူးခြားခြား ဂယက်ရိုက်ခတ်ခဲ့သည့် သတင်းဖြစ်သည်။

ကမ္ဘာ့အပြည်ပြည်ဆိုင်ရာ ရဲအဖွဲ့ဖြစ်သော အင်တာပိုလ်လည်း အထူးစိတ်ဝင်စားသော သတင်းဖြစ်ခဲ့၏။ မည်သို့ပင် ဆိုစေကာမူ ဂျင်သော်မဆင် ထိုင်းပိုးထည်လုပ်ငန်းပိုင်ရှင် သန်းကြွယ်သူဌေး ဂျင်သော်မဆင်မှာ ဤကမ္ဘာ့မြေပြင်မှ ထူးထူးခြားခြား ပျောက်ဆုံးသွားခဲ့ရသည်။ သူပျောက်ဆုံးသွားရခြင်းကြောင့် သူနှင့် ရင်းနှီးသူ မိတ်ဆွေအပေါင်းအသင်းများသာမက ထိုင်းပြည်သူအများအဖို့ သောကဝေဒနာ အဖြာဖြာကြုံတွေ့ကြရသည်။ ကောလာဟလ ယုံတမ်းသတင်းများလည်း ထွက်ပေါ်လာခဲ့၏။ အံ့ဖွယ်သရဲ ဖြစ်ရသည်မှာ သူပျောက်ဆုံးမှုနှင့် ပတ်သက်၍ သဲလွန်စ တစ်စုံတစ်ရာ ကျန်ရစ်ခဲ့ခြင်းမရှိဟု ဆိုကြသည်။

မှုခင်းသုတေသီ အများကမူ မည်သည့်မှုခင်းမဆိုသဲလွန်စ ကျန်ရစ်စမြဲဖြစ်သည်ဟု ဆိုကြသော်လည်း ဂျင်သော်မဆင် ပျောက်ဆုံးရမှုနှင့် ပတ်သက်၍ တစ်စုံတစ်ရာ သဲလွန်စမတွေ့ရဟု ထိုင်းနိုင်ငံ ရဲတပ်ဖွဲ့ အကြီးအကဲဖြစ်သူက သတင်းမီဒီယာများကို ထုတ်ဖော်ပြောကြားခဲ့၏။

ဂျင်သော်မဆင်၏ ကိုယ်ရေးအရာရှိ ဖြစ်သူကလည်း ဂျင်သော်မဆင်တွင် မည်သည့် စိတ်အနှောင့်အယှက်မှ ဖြစ်ရမည့်ကိစ္စ မရှိကြောင်းကို အတည်ပြု ပြောကြားခဲ့သည်။ ဂျင်သော်မဆင်၏ ကျန်းမာရေးစစ်ဆေးသူ ဆရာဝန်ဖြစ်သူကလည်း သူသည် အသက်(၆၁)နှစ်အရွယ် ရှိသည်ဟု ဆိုရသော်လည်း မည်သည့်ရောဂါဝေဒနာမှ စွဲကပ်ခြင်းမရှိ၊ အထူးကျန်းမာနုပျိုသူ တစ်ဦးဖြစ်သည်ဟု ဆိုသည်။

သူ၏ ထိုင်းပိုးထည်လုပ်ငန်းမှာ အရှေ့တောင်အာရှတွင် သာမက ဥရောပနှင့် အမေရိကတိုက် ဈေးကွက်များသို့ ဝင်ရောက်ထိုးဖောက်နိုင်ခဲ့ရာ ငွေကြေးပြဿနာလည်း လုံးဝမရှိဟု သူ၏ မန်နေဂျာဖြစ်သူက တာဝန်ရှိသူများအား ထုတ်ဖော်ပြောဆိုခဲ့၏။

သူနှင့် အပန်းဖြေစခန်းတွင် အတူအပန်းဖြေလျက်ရှိသော သူ့ခင်မင်သူ မိတ်ဆွေများကလည်း သူလမ်းလျှောက်ထွက်သွားသည့် အချိန်ထိ ဂျင်သော်မဆင်မှာ ပျော်ပျော်ရွှင်ရွှင် ရှိခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

မလေးရှားရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ထိပ်တန်းအရာရှိတစ်ဦးကမူ ပတ်ဝန်းကျင် လေ့လာချက်များ၊ ဒေသခံများ၏ သတင်းပေးပို့ချက်အရ ဂျင်သော်မဆင်၏ နွေရာသီအပန်းဖြေရိပ်သာ တည်ရှိသော ကင်မရွန်းတောင်ကုန်းဒေသအနီးတွင် လူစိမ်းများ သွားလာလှုပ်ရှားမှု၊ သားရဲတိရစ္ဆာန်၊ ကျောင်ခို မှုဆိုးများ လှုပ်ရှားမှု မရှိခဲ့ဟု ဆိုသည်။

ဂျင်သော်မဆင် ပိုင်ဆိုင်သော နွေရာသီစံအိမ် (Coltage) မှာ မလေးရှားနိုင်ငံပိုင် ပင်လယ်ရေမျက်နှာပြင်ထက် ၆၆၆၆ ပေမြင့်သော တောင်ကုန်းဒေသတွင် တည်ရှိ၏။ ဤဒေသကို စတင်တွေ့ရှိသူမှာ ဗြိတိသျှအမျိုးသား မြေတိုင်းမင်းကြီး ဝီလီယန်ကင်မရွန်း ဖြစ်သဖြင့် ထိုတောင်ကုန်းဒေသကို ခရစ်နှစ် ၁၈၈၅ ခုနှစ်ကပင် ကင်မရွန်းတောင်ကုန်းဒေသဟု ကင်ပွန်းတပ်ခဲ့ကြ၏။ ဗြိတိသျှ ကိုလိုနီခေတ်ကပင် ပီနန်နှင့် ကွာလာလမ်ပူမြို့များမှ ဗြိတိသျှ အရာရှိများ၊ နိုင်ငံခြားသား လုပ်ငန်းရှင်များက နွေရာသီအပန်းဖြေစခန်းအဖြစ် သတ်မှတ်ထားခဲ့ပြီး ချမ်းသာကြွယ်ဝသူ လုပ်ငန်းရှင်များက မိမိတို့ကိုယ်ပိုင် အပန်းဖြေဂေဟာများ ဆောက်လုပ်ထားကြသည်ဟု ဆိုသည်။

အရှေ့တောင်အာရှတွင် ဗြိတိသျှတို့ တန်ခိုးထွားခဲ့စဉ်ကမူ အထက်ဖော်ပြပါ ကင်မရွန်းတောင်ကုန်းဒေသရှိ နွေရာသီ အပန်းဖြေစခန်းသည် ကမ္ဘာကျော်ခဲ့သော ဗြိတိသျှဆပ်သခင်ကြီးများ၏ နွေရာသီအပန်းဖြေစခန်း ဖြစ်ခဲ့သည်။ အထူးသဖြင့် ဖေဖော်ဝါရီလဆန်းမှ မေလအထိ ထိုစခန်းများသည် အထူးအပန်းဖြေ လာရောက်သူများနှင့် စည်ကားလှသည်။ ဗြိတိသျှအာဏာပိုင်များကလည်း အပန်းဖြေလာရောက်ကြသော ဥရောပတိုက်သားများအတွက် အစစအရာရာ အဆင်ပြေ ချောမွေ့စေရန် စီမံထားသည်။

ဥရောပတိုက်သားများ ကြိုက်နှစ်သက်သော သစ်သီးဝလံ၊ ဟင်းသီးဟင်းရွက်ကအစ ထိုအပန်းဖြေစခန်းများတွင် စိုက်ပျိုးထားခဲ့သည်ဟု သိရ၏။

၁၉၄၁ ခုနှစ် ဒီဇင်ဘာလ နောက်ဆုံးရက်သတ္တပတ်အတွင်း အရှေ့တောင်အာရှသို့ ဒုတိယ ကမ္ဘာစစ်မီးကြီး ကူးစက်လာခဲ့ပြီး မလေးရှားနိုင်ငံအား ထိုစဉ်က မလေးရှားကျားကြီးဟု ကင်ပွန်းတပ်ခံရသော ဂျပန် ဘုရင့်ကြည်းတပ်မတော်မှ ဗိုလ်ချုပ်ကြီးရာမာရှီတာ ခေါင်းဆောင်သော တပ်မကြီးက သိမ်းပိုက်ခဲ့သည်။ သို့သော် ထိုအပန်းဖြေစခန်းမှာ အတော်အသင့်သာ ပျက်စီးခဲ့၏။

၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ဂျပန်နိုင်ငံ ခြွင်းချက်မရှိ လက်နက်ချခဲ့ပြီး ဗြိတိသျှအစိုးရသည် ယင်းအပန်းဖြေစခန်းများကို ပြန်လည်မွမ်းမံထားခဲ့သည်ဟု ဆိုသည်။ သို့သော် ကွန်မြူနစ်ပြောက်ကျားတပ်မတော်နှင့် ဗြိတိသျှတပ်များ၊ မလေးအစိုးရတပ်များ အကြား ပြင်းပြင်းထန်ထန် တိုက်ပွဲများ ဖြစ်ပွားခဲ့စဉ်ကမူ ထိုနွေရာသီ အပန်းဖြေစခန်းများကို ထိန်းသိမ်းရေးအရ ခေတ္တပိတ်ထားခဲ့ရသည်။

ကွန်မြူနစ်သောင်းကျန်းသူများအား ရှင်းလင်းနိုင်ခဲ့ပြီးသည်နှင့် မလေးရှားအစိုးရသည် ထိုနွေရာသီ အပန်းဖြေစခန်းများကို ပြန်လည်ဖွင့်ခဲ့သည်။ မလေးရှားအစိုးရသည် ဗြိတိသျှကိုလိုနီခေတ်အတိုင်း ထိုစခန်းများကို ပြုပြင်ထားရှိခဲ့သည်ဟုလည်း သိရ၏။

ပျောက်ဆုံးသွားသော ဂျင်သော်မဆင်မှာ အမေရိကန် ပြည်ထောင်စု ပရင်စတန် တက္ကသိုလ် ကျောင်းတိုက်ကြီးမှ ဘွဲ့ရရှိခဲ့သူ တစ်ဦးဖြစ်၏။ သူ့မိဘမျိုးရိုး အစဉ်အဆက်များမှာလည်း အတော်အသင့် ချမ်းသာကြွယ်ဝသော လုပ်ငန်းရှင်ကြီးများ ဖြစ်ခဲ့ကြ၏။

ဂျင်သော်မဆင်သည် ဒုတိယကမ္ဘာစစ်မီးကြီး အရှေ့တောင်အာရှသို့ ကူးစက်လာသည်နှင့် အမေရိကန် ပြည်ထောင်စု တပ်မတော်အထူးထောက်လှမ်းရေးတပ်ဖွဲ့ (OSS) (မြန်မာနိုင်ငံတွင်မူ ဝမ်းအိုဝမ်းတပ်ဖွဲ့ဟု ထင်ရှားခဲ့၏) အရာရှိတစ်ယောက်အဖြစ် အမှုထမ်းခဲ့ရာမှ မြန်မာနိုင်ငံနှင့် ထိုစဉ်က ယိုးဒယား (ထိုင်းနိုင်ငံ) တို့တွင် လပေါင်းများစွာ နေထိုင်ခဲ့ရာ မြန်မာဘာသာ၊ ထိုင်းဘာသာစကားများကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်ခဲ့သူဖြစ်၏။ ဒုတိယကမ္ဘာစစ်မီးကြီး ပြီးဆုံးခဲ့ပြီးနောက် ဗန်ကောက်မြို့တော်၌ အတည်တကျနေထိုင် ကာ ဂျင်သော်မဆင်ထိုင်းပိုးထည်လုပ်ငန်း တည်ထောင်ခြင်း ဖြင့် ချမ်းသာလာခဲ့သည်ဟု ဆိုသည်။

ဤဆောင်းပါး တစ်နေရာတွင် ဖော်ပြခဲ့သည့်အတိုင်း မလေးရှားအစိုးရ ရဲနှင့်တပ်မတော်သားများ၊ ထိုင်းရဲတပ်ဖွဲ့ဝင်နှင့် တပ်မတော်သားများ၊ ဒေသခံပြည်သူများလည်း နည်းလမ်းအမျိုးမျိုးဖြင့် ခြေရာချင်းထပ်မျှ ရှာဖွေခဲ့ကြသော်လည်း ဂျင်သော်မဆင်မှာ သဲလွန်စ ရှာမရအောင် ဤကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွားခဲ့သည်။

ရဲနှင့်ပြည်သူ အချို့ကမူ သူလမ်းလျှောက်ထွက်စဉ် ရုတ်တရက် သားကောင်ကြီးတစ်ကောင် ဆွဲသွားခြင်းဖြစ်နိုင်သည်ဟု ယူဆကြသော်လည်း သားကောင်ဆွဲသွားသည်ဟု ယူဆရသည့် သဲလွန်စကို မတွေ့ကြရပေ။

ဂျင်သော်မဆင်ကား ဤကမ္ဘာမြေပြင်မှ ပျောက်ကွယ်သွားခဲ့ရ၏။ နှစ်ပေါင်း (၅၀)နှစ်နီးပါး ကြာမြင့်ခဲ့သော်လည်း ထိုပျောက်ဆုံးမှုကြီးကို ရှင်းလင်းနိုင်ခြင်း မရှိသေးပါကြောင်း။

**ကျမ်းကိုး**

Jim Thompson, The Unsolved Mystery By W.Warren.


လှမိုး(ဝညာရေး)

❐



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကောင်းစွာ အသုံးချလို့ ရနိုင်၊ မရနိုင် စမ်းသပ်နေကြသည်။

အမေရိကန်နိုင်ငံမှ နောက်ဆုံး လွှတ်လာထားသော ဗီးနပ်စ်ဂြိုဟ်ကို ရုတ်တရက် ထိုးဖောက်မှုနောက်ရာ မှာ လေထုပတ်ဝန်းကျင်သည် ရန်သူ သဖွယ် ဆန့်ကျင်ဖီလာ ဖြစ်ခဲ့သည်။ ၎င်းဂြိုဟ်တွင် ခြောက်သွေ့လွန်းကာ အပူရှိန်တွေ ဟပ်ပြီး စိစိညက်ညက် ကြေအောင် ထုထောင်းနေတဲ့ လေ ဖိအားကြီးတွေ ရှိနေသည်။

ထူထပ်သိပ်သည်းစွာ ကာရံ ဖုံးအုပ်နေတဲ့ လျှို့ဝှက် ဆန်းကြယ်မှု တွေနဲ့ ရောထွေးနေတာတွေ သိရဖို့ ဗီးနပ်စ်ဂြိုဟ်အား လွှတ်လာနေတဲ့ မစ်ရှင်အဖွဲ့ဟာ ဝန်စည်စလယ်အပြည့် တင်ထားတဲ့ အာကာသယာဉ်အတွင်း မှာ တိုးလျှိုပေါက် အလင်းပေါက်တဲ့ စိန်ရတနာကို မှန်ပြတင်းလို တပ်ဆင် ထားခဲ့သည်။ အာကာသယာဉ်ထဲက ရေဒီယိုမီတာကနေ အနီ အောက်ရောင်ခြည်ကို စိန်ပြတင်းပေါက်ကနေ စွမ်းအားထုတ် ပေးတဲ့အခါ ထူထပ်သိပ်သည်းသော တိမ်ထုကြီးကို ဖြတ်သန်း ပြီး အမျိုးအစား ကွဲပြားစွာ ပေါင်းစပ်နေတာကို ကွဲကွဲပြား ပြား သိရအောင် စိန်ပြတင်းက အကူအညီပေးပါသည်။

တိုးလျှိုပေါက် ပွင့်လင်းမြင်သာသော စိန်သည် အနီ အောက်ရောင်ခြည်ကို ထွက်ပေါ်စေကာ အာကာသအတွင်း မှာ အေးမြစေတဲ့ လေဟာနယ်တွေအဖြစ် ရပ်တည်စေနိုင်ပါ သည်။ ဗီးနပ်စ်ဂြိုဟ်ပေါ်က လေထုအပူချိန်သည် ၉၂၀ ဒီဂရီ ဖာရင်ဟိုက် ၄၉၃ ဒီဂရီဖာရင်ဟိုက် ရှိနေကာ လေထုဖိအား ကလည်း ကမ္ဘာမြေထက် အဆတစ်ရာ ကြီးမားပါသည်။


ကမ္ဘာတစ်ဝန်းက ဆေးရုံတွေမှာ မျက်စိရောဂါ ခွဲစိတ် ကု ဆရာဝန်တွေသည် လွန်စွာထက်မြက်သော စိန်ဓားသွား များနှင့် မျက်စိတိမ်စွဲရောဂါကို ခွဲစိတ်ဖယ်ရှားပေးနေပါသည်။

နယူးယောက်မြို့ (၅)လမ်းထဲက ဆိတ်ငြိမ်ခမ်းနားတဲ့ ရုံးခန်းကြီးထဲမှာ ကမ္ဘာ့အကျော်ကြားဆုံးကျောက်မျက်ရတနာ ကုန်သည်ကြီး 'ဟာရီဝင်စတန်' သည် စားပွဲပေါ်မှာ တင်ထား တဲ့ 'လူဝီ ၁၅' ဘုရင်ကြီး၏ စိန်ရတနာတွေကို ကိုင်တွယ်ကာ ပြောကြားခဲ့ပုံမှာ . . .

"ယနေ့အဖို့ စိန်ရတနာဆိုတာ မှော်ဆန်တဲ့ စကားလုံး တစ်လုံးပဲ ဖြစ်တယ်၊ ဈေးနှုန်းတွေကလဲ ဘယ်တုန်းကမှ လျင် မြန်စွာ တက်သွားခြင်း မရှိခဲ့ပါဘူး၊ ယခုတိုင်အောင် ဝယ်လို အား များတဲ့ ဖောက်သည်များအတွက် ပိုမိုထုတ်လုပ်နေရပါ တယ်၊ ဒါတောင်မှ ရင်းနှီးမြှုပ်နှံသူတွေက ဒေါ်လာ သန်းချီ တန်တဲ့ စိန်တွေကို ကျွန်ုပ်ထံမှာ လာရောက်ဝယ်ယူသူတွေ ရှိသလို တစ်ကာရက်ရဲ့ လေးပုံ တစ်ပုံ စိန်သေး စိန်မွှားလေး တွေကိုလဲ ရာဂဏန်းမျှနှင့် ရောင်းနေရဆဲ ဖြစ်ပါတယ်"

ယနေ့တွင်မူ လူတိုင်းအတွက် စိန်သာလျှင် ထာဝရ ဆိုရလောက်အောင် ဖြစ်နေပြီ။ စိန်သည် လိုချင်တပ်မက် လောက်အောင် စိတ်အာရုံကို နှိုးဆွနေသည်။ တန်ဖိုးနည်း အရည်အသွေးညံ့ စိတ်တွေတောင်မှ ကျွန်ုပ်တို့၏ စက်မှုလက် မှု၊ လျှပ်စစ် အီလက်ထရွန်နစ်စက်ရုံ၊ အလုပ်ရုံတွေ၊ အမျိုး မျိုးသော လုပ်ငန်းဆောင်တာတွေအတွက် မရှိမဖြစ် ဆိုရ လောက်အောင် အသုံးပြုနေရပါပြီ။

စိန်များကို မာကျောသောအရာများ သွေးခြင်း၊ ဖြတ် တောက်ခြင်း၊ အပေါက်ဖောက်ခြင်း၊ အရောင်တင်ခြင်း လုပ် ငန်းများတွင်သာမက တခြားဂြိုဟ်ကမ္ဘာတွေမှ လုပ်ငန်းများ





www.burmeseclassic.com

www.burmeseclassic.com

ညီညာထက်မြက်သော စိန်မားသွားနှင့် အဆပေါင်း တစ်ထောင် ချဲ့ထားသည့် မှန်ဘီလူးကိုသုံးကာ ခွဲစိတ်ခြင်းကြောင့် ချို့ယွင်းမှုတစ်စုံတစ်ရာ မဖြစ်ပါ။


ပင်အပ်အဖျားလောက်ရှိ ရွှေကွပ်ထားသည့် စိန်အန်စာတုံးကလေးများသည် ယူနိုက်တက်စတိတ်ကို ဖြတ်တော့်ရသည့် အချက်ပြ ကြိုးမဲ့တယ်လီဖုန်းလိုင်းများ၊ ရုပ်ပုံပြ အသံထုတ်လွှင့်နေရသော ရုပ်မြင်သံကြားများအတွက် မရှိမဖြစ် လိုအပ်သည့် အခြေခံပစ္စည်းများ ဖြစ်ပါသည်။

မည်သည့် ဓာတ်သတ္တုကိုမဆို အမြင့်မားဆုံး အပူဓာတ်နဲ့ ဦးဆောင်ပေးနိုင်တာသည် စိန်သာလျှင် ဖြစ်ပါသည်။ စိန်ဆိုတာ အသံထုတ်လွှင့်ကိရိယာ အသေးငယ်ဆုံးကိုပင်လျှင် ချစ်ချစ်တောက်အပူချိန်အတွင်း အလုပ်ဖြစ်အောင် ထိန်းသိမ်းပေးပါသည်။ ဤအံ့ဩစရာ ဓာတ်ပစ္စည်းကလေးများသည် စက်ရုံများ လည်ပတ်မောင်းနှင်ဖို့ ဘီးများအဖြစ်လည်းကောင်း၊ သိပ္ပံပညာ တိုးတက်ရေးအတွက်လည်းကောင်း၊ မက်မောလောက်စရာ ကျောက်မျက်ရတနာအဖြစ်လည်းကောင်း၊ မောင်မယ်နှစ်ဖြာ စေ့စပ်ကြောင်းလမ်းခြင်းနှင့် မင်္ဂလာဆောင်ခြင်းတွေမှာလည်းကောင်း၊ ရေရှည်တည်တံ့ခိုင်မြဲစေသော ချစ်ခြင်းမေတ္တာ အမှတ်လက္ခဏာများအဖြစ်လည်းကောင်း တည်ရှိနေပေသည်။

အထူးသဖြင့် စိန်များတွင် စိတ်အဟုန်ကို လှုပ်ရှားဆကြွစေသော သတ္တိ၊ ကြောက်ရွံ့ ပူဆွေးဝမ်းနည်းခြင်းနှင့် အယူသီး စွဲလမ်းတတ်ခြင်းများ ရှိနေခဲ့သည်။

ယခုအခါ အင်္ဂလန်ဘုရင်မကြီး၏ သရဖူမှာ ဆင်မြန်းထားသော ကမ္ဘာ့အကျော်ကြားဆုံးဟု ပြောစမှတ်ပြုကြသည့် ကိုဟီးနူး စိန်ကြီးသည် ၁၉ ရာစုနှစ်က အာဖဂန်နစ္စတန်မင်းသား 'ရှားရှုယာ' ၏ လက်နက်ချ အရှုံးခံရတနာအဖြစ် ပေးအပ်လိုက်ရသော စိန်ကြီးပင် ဖြစ်သည်ဟု ပြောဆိုကြသည်။





အလားတူ ဟုပ်စိန်ပြာ 'Hope Diamond' ကြီး၏ အကြောင်းကိုလည်း မည်သူတစ်ဦးတစ်ယောက်မျှ တိတိပပ ပြောနိုင် ဆိုနိုင် မရှိခဲ့ကြပါ။ ဒီစိန်ကြီးရဲ့ ပတ်ဝန်းကျင်ဟာ လူပြောများသော ဒဏ္ဍာရီတွေ၊ လျှို့ဝှက်ကြံစည် လုပ်ကြံမှုတွေနဲ့ ရောထွေးခဲ့ပါတယ်။ ဒီစိန်ကြီးကို ပိုင်ဆိုင်ခဲ့ဖူးသူတွေဟာ အသက်ခံရခြင်း ဘေးအန္တရာယ်ကြီးတွေ ကျရောက်ခြင်းများ ကြုံခဲ့ရပါတယ်။

လူဝီ ၁၄ ဆက်မြောက် ဘုရင်ထံမှ အမွေဆက်ခံရရှိသူ အမေရိကန် အမျိုးသမီး 'အီဗလင်ဝဲမက်ကလင်း'က ၎င်းစိန်ပြာကြီးသည် ဒဏ္ဍာရီယုံတမ်းစကားတွေအတိုင်း ပိုင်ဆိုင်သူ အားလုံးကို ဝမ်းနည်းပူဆွေးမှု ဒုက္ခပေါင်းစုံ တည်ဆောက်

www.burmeseclassic.com

ခဲ့ရကြောင်း တွေ့ရှိခဲ့တယ်ဟု ပြောဆိုခဲ့ပါသည်။ နောက်ပြီး နားလည်သဘောပေါက်ဖို့ ခက်ခဲပြီး စိတ်စွမ်းအား ခံစားချက်တွေနှင့် ပြည့်လျှမ်းနေတဲ့ ကျောက်မျက်ရတနာတွေထဲမှာ စိန်သည်လည်း ကမ္ဘာမြေကြီး၏ ဒြပ်စင်ပေါင်း မြောက်မြားစွာ ပါဝင်နေသော ရိုးရိုးကာဗွန် တစ်မျိုးမျှသာ ဖြစ်ပါသည်။

အရောင်အသွေး မရှိသော စိန်သည် အမှန်တကယ် သန့်စင်သော ကာဗွန်ဓာတ်ပင်ဖြစ်ပြီး မီးသွေးနှင့် ဂရပ်ဖိုက်ခေါ် ခဲပုပ် ခဲနက် အဏုမြူမှုန်များ အချိုးအစား ညီမျှစွာ ပါဝင်နေပါသည်။

နိုက်ထရိုဂျင်ဓာတ် များစွာပါဝင်သဖြင့် မစင်ကြယ်သော အရောင်အသွေးနှင့် ထုတ်ဖော်ရရှိခဲ့သော စိန်များသည် ကြက်ဆီရောင် အရည်အသွေးရှိသော စိန်ဝါကြီးများ ဖြစ်သည်။

ကာဗွန်ဓာတ်ပေါင်း မြောက်မြားစွာ ပြိုင်ဘက်ကင်းအောင် ပါဝင်နေပြီး နှစ်ပေါင်း သန်းနှင့်ချီကာ ပုံဆောင်ခဲသဖွယ်သဏ္ဌာန်များ ဖြစ်ပေါ်လာကြသည်။ ကမ္ဘာမြေကြီးအောက် နက်ရှိုင်းသောအရပ်တွေမှာ တိုးပွားပြင်းထန်သော အပူရှိန်နှင့် ဖိအားများကြောင့် ပထဝီမြေများ အရည်ပျော်ကာ စိန်ဖြစ်လာမည့် အဏုမြူမှုန်များက ကုဗပုံဆောင် ထုတ်ချင်းပေါက်မြင်နိုင်သော သလင်းကျောက် ပုံဆောင်ခဲများ ဖြစ်လာကြပေမယ့် ပြိုင်ဘက်ကင်းအောင်တော့ မမာကျောကြသေးပေ။

စိန်ကို တန်ဖိုးဖြတ် ဆုံးဖြတ်ကြရာမှာ 'စီ'လေးလုံးနှင့် တန်ဖိုးဖြတ်ကြပါသည်။ Carat, Weight, Cut, Clarity, Colour ကာရက်အလေးချိန်၊ စိန်သွေးဖြတ်တောက်ပုံ၊ အညစ်အကြေးစင်ကြယ်မှု၊ အရောင်အဆင်း စသည်တို့ ဖြစ်ကြပါသည်။

Carat ခေါ်သော အလေးချိန်သည် ရှေးဟောင်းနာမည်တစ်ခုဖြစ်ကာ အလေးချိန် ညီညွတ်မှုတစေရန်အတွက် 'Carob Seeds' သစ်စေ့ကလေးတစ်စေ့နှင့် ညီတူညီမျှဖြစ်ကြောင်း မှတ်သားခဲ့ကြသည်။ ယခုအခါ ၁/၁၄၂ အောင်စ သို့မဟုတ် ၁/၅ ဂရမ်နှင့် ညီမျှအောင် ချိန်တွယ်ခဲ့ကြခြင်း ဖြစ်ပါသည်။


ပြီးပြည့်စုံသော စိန်တစ်ပွင့် ဖြစ်လာစေရန် စိန်ဖြတ်ခြင်း၊ ညီညာစွာ အကွက်ပေါ်အောင် သွေးကာ တောက်ပပြောင်လက်အောင် အရောင်တင်ထားခြင်း စသည့် အရည်အသွေးများကို အကိုးအကားပြုကာ တန်ဖိုးထားကြသည်။ များသောအားဖြင့် 'စီ'လေးလုံးနှင့် စံကိုက်ကာ ရုပ်လုံးဖော်ထားသော သစ်တော်သီးပုံ၊ မြကျောက်ပုံသဏ္ဌာန်နှင့် ပတ်လည်ကို တိကျသေချာအောင် ဂဏန်းသင်္ချာနည်းဖြင့် တွက်ချက်ကာ မှန်ကူကွက်ပုံအတိုင်း သတ်မှတ်ပိုင်းခြားထားပြီး စိန်ကို သွေးထားသောကြောင့် စိန်ရိုင်းတုံးတစ်တုံးသည် ကျောက်မျက်ရတနာ စိန်တစ်ပွင့်အဖြစ်နှင့် မီးပွားသဖွယ်

တဖျပ်ဖျပ် ရွှန်းရွှန်းတောက် အရောင်လက်လာသည်အထိ တိုးမြှင့်ပေးလိုက်ပါသည်။

စိန်သည် ရိုးရိုးမျက်စိအမြင်ဖြင့် မတွေ့မသိနိုင်သော အောင်းဝင်ဒြပ်မှုန်များ ရောနှောနေတာကြောင့် သန့်စင်ပွင့်လင်းပြီး ခြောက်ပြစ်ကင်းသဲလဲစင် အပြစ်အနာအဆာ ကင်း... ပါမှ မျက်စိအမြင် ပသာဒဖြစ်စေသော ရတနာတန်းဝင် စိန်တစ်ပွင့် ဖြစ်လာစေပါသည်။ အရောင်အသွေး ကင်းစင်လေ... တိုးလျှိုပေါက် ပွင့်လင်းအောင် အလင်းပေါက်သော စိန်တစ်ပွင့်သည် အလွန်တန်ဖိုးရှိပါသည်။ ရှားပါးတာကို ချန်ထား... လိုက်လျှင် အလွန်တန်ဖိုးရှိသော အနီရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ လိမ္မော်ရောင်၊ ကြက်ဆီရောင်၊ ခဲသားရောင်နှင့် စိတ်ကို စွဲလမ်းစေတတ်သော အရောင်များ စိန်မှာ ရှိနေ... သည်။


www.burmeseclassic.com

www.burmeseclassic.com



လူတွေဟာ ဘယ်တုန်းကစပြီး စိန်ကို စုဆောင်းခဲ့တယ် ဆိုတာကိုတော့ တစ်ယောက်မှ မသိကြပါဘူး။ ဒါပေမယ့် ခရစ်တော်မပေါ်မီ ဘီစီ ၈၀၀ ခန့်တစ်ဝိုက် အိန္ဒိယနိုင်ငံအတွင်း Golconda အရပ်မှာ စိန်တွေဟာ အစောဆုံး ရှိနေနိုင်ပါသည်။ အဲဒီမှာ အိန္ဒိယသားတွေဟာ စနစ်တကျ စည်းရုံးပြီး နုန်းတင်မြစ်နု ဒေသတွေမှာ တူးဖော်ခဲ့ကြတာဟာ ယခုထက်တိုင် ဖြစ်ပါတယ်။

အချိန်ကာလ အတော်ကြာကတည်းက အိန္ဒိယသားတွေဟာ စိန်ကို ထိပ်ဖူးတပ်ထားတဲ့ လက်လုပ်ကိရိယာများ၊ အသွားဖော်ထားတဲ့ ဓားများတွင် အများဆုံး သုံးစွဲခဲ့ကြသည်။

တရုတ်ပြည်မကြီးသို့လည်း ကျောက်စိမ်းတုံးများ ဖြတ်တောက်ရန် စိန်များကို တင်ပို့ခဲ့ကြသည်။ ကာရက်အလေးချိန် ၂၀၀ ရှိသော စိန်တုံးကြီးများတွင် စွမ်းအားများ၊ ချစ်ခြင်းမေတ္တာများနှင့် စပ်ဆိုင်နေကြောင်း မှတ်ယူထားကြပါသည်။ အိန္ဒိယနိုင်ငံမှ Hope Orloff ရဲ့ တပ်ချ်မဟာကို တည်ဆောက်သော ရှားလ်ဂျဟန် ဘုရင်ကြီး ပိုင်ဆိုင်ခဲ့ဖူးသည့် စိန်ရတနာသုံးလုံးကတော့ ကိုဟီနူးစိန်၊ မဟာမဂိုစိန်နှင့် ရှားလ်စိန်ကြီးများ ဖြစ်သည်။

အိန္ဒိယနိုင်ငံမှ စိန်ထွက်သော မိုင်းတွင်းများသည် ၁၈ ရာစုလောက်မှာ အားအင်ကုန်ခန်းသွားခဲ့ပြီး ပြည့်စုံကြွယ်ဝသော မိုင်းတွင်းကြီးများကို ဘရာဇီးလ်နိုင်ငံမှာ တွေ့ခဲ့ကြပြီး အရည်အသွေး မြင့်မားသော စိန်ဖွေကို ထုတ်ဖော်နိုင်ခဲ့ကြသည်။

ဒါပေမယ့် စိန်ထွက်တဲ့ နှစ်နေရာစလုံး တိမ်ကောသွားသဖြင့် ၁၈၈၆ ခုနှစ်က စတင်ကာ တောင်အာဖရိကတိုက်တစိန်ထွက်ရာ မိုင်းတွင်းကြီးတွေဆီသို့ လူအများအပြားသည် လောဘများထကြွကာ သွားရောက်တူးဖော်ခဲ့ကြသည်။

ဦးဆုံး ရရှိသော စိန်တုံးကို 'ယူရီကာ'စိန်ကြီးဟု နာမည်ပေးခဲ့ကြသည်။ ထိုစိန်ကြီးကို အမှတ်မထင် ကျောက်တုံးတွေကြားထဲမှ ကလေးတွေ ဆော့ကစားရင်း ဟုပ်တောင်းဆိုသော ဒေသတွင် တွေ့ခဲ့ကြခြင်းပါ။ အဖိုးတန်ရတနာတွေ ရနိုင်ဖို့ နောက်နောင်မှာ အလားအလာ ကောင်းတာကြောင့် တောင်အာဖရိကဒေသကြီး ဖွံ့ဖြိုးပြောင်းလဲလာလောက်တာမို့ စိန်တူးဖော်တာတွေကို ထေမိကာမိအောင် တစ်ဟုန်ထိုး ရှာဖွေတူးဖော်ကြတော့သည်။

စိန်မိုင်းတွင်းများ အများအပြား တွေ့ခဲ့ရပေမယ့်လည်း လူတစ်ဦး၊ တောင်းတစ်လုံး၊ ဂေါ်ပြားတစ်လက်နှင့် လုပ်ကိုင်ကြတာကြောင့် တစ်ဦးချင်းအတွက် အမြတ်အစွန်းသည် ဘယ်လောက်အထိ ရနိုင်ခဲ့ကြတယ် ဆိုတာကတော့ ယုံမှားသံသယဖြစ်စရာ မေးခွန်းတစ်ခုပါပဲ။

မလွဲမရှောင်သာ လုယက်တိုက်ခိုက်တာတွေ အတွက် မျိုးကိုလည်း ကာကွယ်နိုင်ရန် လုပ်ထားကြရသည်။ ရှေးဟောင်းအစဉ်အလာအရ 'စီဇယ်ရိုဒီး' ဆိုသူနဲ့ ဟိတ်ဟန်များလွန်းသူ 'ဘာနေးလ်ဘာနာ' တို့နှစ်ဦး အပြိုင်အဆိုင် စိုးမိုးအုပ်ချုပ်နိုင်ရန် စိန်တွင်းတွေကို ချန်လှပ်ပေးထားရပါသည်။ ၁၈၈၈ ခုနှစ်တိုင်အောင် သူတို့နှစ်ဦးက စိန်မိုင်းတွင်းတွေကို ဝယ်ယူခဲ့ကြပြီး ဉာဏ်ဆင်စီမံအုပ်ချုပ်ပုံ အသာရတဲ့ စီဇယ်ရိုဒီးက ဘာနေးလ်ဘာနာတို့ထံမှ စတာလင်ပေါင် ၅,၃၃,၈၆,၅၀၊ အမေ ရိကန်ဒေါ်လာ ၁,၈၆,၀၀,၀၀,၀၀ တန်ဖိုးနှင့် ဝယ်ယူလိုက်ပါသည်။

ရိုဒီဟာ သူ့ရဲ့ ကုမ္ပဏီအသစ်ကို ခိုင်ခံ့တောင့်တင်းတဲ့ စိန်မိုင်းတွင်းအဖြစ်နဲ့ 'De beer brothers' လို့ နာမည်ပေးခဲ့သည်။

ယနေ့ချိန်ခါမှာ ကျောက်မျက်ရတနာ ရောင်းဝယ်တဲ့ သူတွေဟာ ရတနာ့ကူးသန်းရောင်းဝယ်ရေး ကိစ္စရပ်တွေမှာ ငွေရင်းရှင်ကုန်သည်များ စုစည်းရောင်းဝယ်မှုတွေကို ရိုးရှင်းစွာ လုပ်ကိုင်နေကြပါပြီ။

နောက်ထပ် အင်္ဂလိပ်လူမျိုးတစ်ဦးဖြစ်သူ ဒိုင်းနမိုက်ဖောက်ခွဲရေးသမား 'အားနက်အိုပင်ဟိုင်းမား' သည် ခေတ်မီပုံစံများနှင့် 'De beer' ကုမ္ပဏီကို ၁၉၂၀ နှစ်မှာ တည်ထောင်ခဲ့သည်။ အတိုင်းမသိ များပြားတဲ့ အမြတ်အစွန်းနဲ့ အလားအလာတွေကို အင်္ဂလို အမေရိကန် ကော်ပိုရေးရှင်းက ငွေကြေးစိုက်ထုတ်ပေးခဲ့ပါသည်။ များပြားလှတဲ့ စိန်မိုင်းတွင်း

www.burmeseclassic.com



တွေကိုလည်း တိုးတက်ဖွံ့ဖြိုးလာစေဖို့ စည်းရုံးသွေးဆောင်ကာ ရွှေအပါအဝင် သူ့ရဲ့လုပ်ငန်းတွေအတွက် မကြာမီ စတင်ကာ 'De Beer' ကို သိမ်းပိုက်လိုက်ပါသည်။

စိန်ရှာတဲ့ ဧရိယာနေရာတွေအတွက် ဒီဘီးယားသည် စေ့စေ့စပ်စပ် ရှာဖွေနိုင်ရန် အနောက်တောင် အာဖရိက ကမ်းခြေတစ်လျှောက် အနယ်ထိုင် နုန်းတင်မြေနု အရပ်ဒေသ တွေကို 'အားနက်အိုပင်ဟိုင်းမား'က ဝယ်ယူခဲ့ပါသည်။

အဲဒီတစ်ပိုက်မှာ ဂျာမန်မိုင်းတွင်း ရှာသူတွေကလည်း စိတ်ဝင်တစားနဲ့ စိန်ရှာကြလို့ ကာရက်အလေးချိန် သန်းပေါင်း ၆ ၁/၂ ကာရက်ကို တူးဖော်ရရှိခဲ့ပါသည်။ ပူပြင်းခြောက်သွေ့ ကာ ကျယ်ပြန့်လှတဲ့ ကန္တာရမှ စိန်ရတနာတွေနှင့် ပြည့်နှက် နေသော ဒေသကြီးအဖြစ် အမြဲတမ်း တွေ့နေရသည်။

စိန်မိုင်းတွင်းများ ကြံ့ခိုင်တောင့်တင်းအောင် အိုပင်း ဟိုင်းမားက တစ်လျှောက်လုံး ဖန်တီးခဲ့သူပါ။ သူ့ရဲ့ ကျော ယောက်နောက်ခံ ဘဏ္ဍာရေးအတွက်ကို သူ့နည်းသူ့ဟန်ဖြင့် ဒီဘီးယားဘုတ်အဖွဲ့ပေါ်မှာ ဖိအားပေးပြီး ၁၉၂၉ ခုနှစ်တွင် 'Chairman' အကြီးအကဲတစ်ဦး ဖြစ်လာခဲ့ပါသည်။ အစိုးရထံမှ ကန်ထရိုက်ဆွဲကာ နှစ်စဉ် အတောမသတ်နိုင်သော စိန်တွေ ကို ထုတ်ယူခဲ့သည်။

စိန်တွေရဲ့ တန်ဖိုးက တက်လိုက်ကျလိုက် ဖြစ်ခဲ့ တိကျသေချာတဲ့တန်ဖိုးကို မသတ်မှတ်နိုင်ဖြစ်ကာ သူ့ရဲ့ စိ ထုတ်လုပ်ရေး စက်ရုံတွေ ဒုက္ခရောက်ခဲ့ဖူးသည်။ ကမ္ဘာ့စိ ဈေးကွက်မှာ ဒီဘီးယားက ၁၅ ရာခိုင်နှုန်း နေရာယူ သည်။ အင်္ဂလို အမေရိကန် အုပ်စုအတွင်းမှာတော့ ဆာ နက်၏သား 'ဟာရီအိုပင်းဟိုင်းမား' သည် စိန်အခြေ အမြား ပိုင်ဆိုင်ခွင့် ရရှိထားသူဖြစ်လို့ ပင်မမိုင်းတွင်းများ ဒီဘီးယားကုမ္ပဏီ၏ ဒါရိုက်တာများစွာရှိသော စိန်ရော ဝယ်ရေး ကုန်တိုက်တွေအပေါ်မှာ 'Chairman' အဖြစ်နှင့် အု ချုပ်ခဲ့ပါသည်။

၁၉၇၅ ခုနှစ်မှစ၍ ဂျိုဟန်နက်စဘက်မြို့ အ အထွေးများကြားမှာ သူသည် လူသိများသူတစ်ဦး ဖြစ်ခဲ့သ စာရေးသူကိုယ်တိုင် အိုပင်ဟိုင်းမား၏ အထိမ်းအမှတ်ပ များထားသော ရုံးခန်းတွင် သူနှင့် တွေ့ဆုံခဲ့ပါသည်။ ထိုအ တစ်ခဏအတွင်းမှာ သူနှင့်ပတ်သက်သော လုပ်ငန်းဆိုင် များ ပိုင်းခြားဝေဖန်ဖို့အတွက် စွမ်းအားရှိသလောက် တစ် တစ်အား ဖြစ်မြောက်အောင် လုပ်ကြမည့် လူပေါင်း ၇၀ သ ခန်းမကြီးအတွင်း ငြိမ်သက်စွာ ရောက်ရှိနေကြပါသည်။

ထိုအချိန်မှာ အိုပင်ဟိုင်းမားက . . . "လူတွေ ကျုပ်တို့ကို လက်ဝါးကြီးအုပ်ထားတယ်လို့ ပြောနေကြပေမ ကျုပ်တို့ကလည်း အကြီးအကျယ် ထုတ်လုပ်ပြီး ဈေးကွ ထိန်းချုပ်ပေးဖို့ မတတ်နိုင်ပါဘူး၊ ကျုပ်တို့ လုပ်ဖို့ရှိတာ လုံလောက်တဲ့ငွေကြေးနဲ့ စုဆောင်းသိုလှောင်ထားသလော ကိုသာ ကျောက်မျက်ရတနာအဖြစ် တန်ဖိုးရှိအောင် ထိ သိမ်းကြရပါတယ်။

သာမန်အားဖြင့်ဆိုရင် ဈေးနှုန်းကလည်း တခြ အကြမ်းထည်တွေ အတုအပတွေကြောင့် ဝယ်မည့်သူတွေ စိတ်ချယုံကြည်မှုတွေ ပျက်စီးစေတတ်လို့ ရတနာတန်းဝ ကျောက်မျက်စိန်တွေဟာ မတည်မငြိမ်နဲ့ တက်လိုက်ကျ ဖြစ်တတ်ပါတယ်။ တုကယ်လို့ ကျုပ်တို့က လက်ဝါးကြီး ထားတယ် ဆိုတာတောင် ဒီကရတဲ့ အကျိုးအမြတ်တွေ ထုတ်လုပ်သူတွေ၊ ရောင်းဝယ်သူတွေ၊ စိန်ဖြတ် စိန်သွေးသူ နဲ့ ဝယ်ယူသုံးစွဲသူတွေ အားလုံးနဲ့လည်း သက်ဆိုင်ပတ်သ နေတာပါပဲ။

ယေဘုယျအားဖြင့် အုပ်ချုပ်သူလူကြီးရဲ့ လက်ဝါး အုပ်ပုံ မြင်ကွင်းကို မည်သူကမျှ သဘောတူ ကြည်ဖြူ မဟုတ်ပါဘူး။ ဒါတောင်မှ စက်ရုံတွင်းက လူတချို့က ဒီ ယား ကုမ္ပဏီကို ပွင့်လင်းစွာ ပိုင်းခြား ဝေဖန်ခဲ့ကြ ကျောက်မျက်ရတနာသမားများနဲ့ စက်ရုံအလုပ်သ အများစုရဲ့ ပြစ်တင်ဝေဖန်ခြင်းတွေကို ခံရတာပါ။

ရတနာရောင်းဝယ်သူတွေကလည်း ကျုပ်ကို ကိုယ်တာ တိုင်ကြားချက်တွေနဲ့ ဈေးကွက်စီးပွားရေး ပေါ်



www.burmeseclassic.com

www.burmeseclassic.com

အလုပ်အမှုဆောင်တွေရဲ့ အကြောင်းတွေကို တိုင်ကြားကြပါတယ်။ ခိုက်ရန်ဖြစ်ကာ အငြင်းပွားကြတဲ့ ဖြစ်စဉ်တွေကို အဆုံးအဖြတ်ပေးရမယ့် နေရာကတော့ စိန်တွေကို ဖြန့်ဖြူး ထောက်ပံ့ရတဲ့ နေရာတွေကို ဗဟိုပြုပြီး ဖြစ်နေကြပါတယ်။

ဒါတွေဟာ ဝယ်ယူသုံးစွဲသူတွေရဲ့ လိုအပ်ချက်တွေကို မမြင်ကြပုံ ပေါ်နေတယ်။ ငါ့ဝမ်းပူဆာ မနေသာအောင် လောဘတက်ကြလို့ စိန်ဈေးနှုန်းတွေဟာ အပျော်ခရီးထွက်သလို ဟိုရောက်ဒီရောက် ဖြစ်ကုန်ကြတယ်။ စိန်ကုန်သွယ်ရေးမှာ များစွာတွန်းအားပေး ခံရတာတွေက စိန်ရတနာတွေရဲ့ တန်ဖိုးနှုန်းတွေဟာ ဝယ်ယူဆင်မြန်းလိုသူနဲ့ ရင်းနှီးမြှုပ်နှံလိုသူတွေကြောင့် ဈေးနှုန်းတွေ မြင့်တက်တာက အကြောင်းအရင်းတစ်ခု ဖြစ်ခဲ့ပါတယ်။

စိန်မိုင်းတွင်းတစ်ခုကို ပိုင်ဆိုင်ဖို့ဆိုတာ ငွေပင်ငွေရင်းနဲ့ အကျိုးဖြစ်အောင် လုပ်နိုင်ဖို့ ထင်ရာလုပ်ပိုင်ခွင့်ရဖို့ လိုင်စင် လုပ်ရပါတယ်။ ဒါကြောင့် ဒီဘီးယားက မန်နေဂျာတွေဟာ အဖိုးတန်ရှားပါးပြီး ခဲရာခဲဆစ် ရှာဖွေတူးဖော်ရမယ့် စိန်တွေကို နည်းမျိုးစုံနဲ့ တိုးပွားများပြားအောင် အလျင်အမြန် ကြိုးစား ရှာဖွေရပါတယ်"

အိုရာပါမိုင်းတွင်းဟာ ဘော့စ်ဝါနာနိုင်ငံရဲ့ အလယ်ဗဟိုမှာ ဒီဘီးယားပိုင် ကြီးမားတဲ့ ကုမ္ပဏီတစ်ခု တည်ထောင်ပြီး စိန်တွေ တူးဖော်နေကြတယ်။ အဲဒီမှာ စာရေးသူကိုယ်တိုင် ပြဿနာပေါင်းစုံကို မြင်ခဲ့ရတယ်။ အိုရာပါ မိုင်းတွင်းကြီးဟာ ဖုန်တသောသောနဲ့အတူ ကလာဟာရီ သဲကန္တာရပိုင်နက်နယ်မြေကြီးထဲမှာ ပူပြင်းခြောက်သွေ့လွန်းလို့ တံလျှပ်တွေ တလက်လက်တက်နေပြီး ပုံသေတိုက်ခတ်လေ့ရှိတဲ့ သဲမုန်တိုင်းအပြင် နွေလယ်ကောင်မှာ အပူချိန် ၁၂၀ ဒီဂရီ ဖာရင်ဟိုက်ရဲ့ အောက်မှာ ကျိန်စာမိနေကြပါတယ်။

ကုမ္ပဏီမှ ဒေါက်တာဘဦးရဲ့ အဆိုအရ သဲမုန်တိုင်းတွေကြောင့် အသက်ရှူလမ်းကြောင်းတွေမှာ ရောဂါဝေဒနာ





ဖြစ်ရတာတွေဟာ အင်္ဂလန်နိုင်ငံ အလယ်ပိုင်းက စက်ရုံအလုပ်ရုံတွေကြောင့် ဖြစ်ပေါ်ခံစားရချက်တွေနဲ့ တိုက်ဆိုင်စွာ တူညီနေတယ်။ အိုရာပါမိုင်းတွင်းကြီးမှာ ၁၂ နှစ်တာကာလပတ်လုံး စိန်တွေရဖို့ ခြေရာခံ ရှာဖွေတူးဖော်ခဲ့ကြသည်။ ဘော့စ်ဝါနာ မြစ်အောက်ကြမ်းပြင်က စိန်ကြီးသုံးပွင့်ကို ရှာတွေ့သူ 'ဂျွန်ဂျစ်တွန်' က ပြောကြားခဲ့ပါသည်။

ယေဘုယျအားဖြင့် စိန်တွေရဲ့ မူလလမ်းကြောင်းအစဟာ မီးတောင်တွေရဲ့ အရင်းအမြစ်ကနေ ပေါက်ကွဲထွက်လာတဲ့ ဖျော်ရည်စီးကြောင်းတွေမှာ အခြေခံပါတယ်။ ကမ္ဘာ့မြေအောက်က ကျိုးကြေပြတ်သတ်ကာ ကမ္ဘာမြေမျက်နှာပြင်ပေါ်သို့ အပေါ်လွှာ ကျောက်သား မြေသားတွေနှင့် ဖုံးကွယ်ရောနှောကာ ပုံဆောင်ခဲသဏ္ဌာန် ဖြစ်လာတဲ့ စိန်တွေကို 'Kimberlite' ကင်ဘာလိုက်လို့ ခေါ်ပါတယ်။

ကမ္ဘာပေါ်မှ ရေအမြောက်အမြားဟာ ကျောက်စိုင်ကျောက်သားတွေပေါ်မှာ မိုင်ပေါင်းရာချီကာ အနှံ့အပြား စီးဆင်းနေကြတာကြောင့် စိန်ကြောရှိတဲ့ နေရာတွေကို ပိုက်လိုင်းပြွန်လမ်း အရင်းအမြစ်တွေအတိုင်း တွေ့ရှိခဲ့ပါတယ်။

Mariner လှဦး

Ref ; National Geographic. January 1979.

❐




www.burmeseclassic.com

www.burmeseclassic.com

# သုတစုံပြော

ဖိုးရွှေလမင်း

## အထီးကျန် သစ်ပင်နှင့် ကြယ်ပွင့်များ



... ဓာတ်ပုံပညာရှင် အန်ဆယ်လ်အာဒမ်စ်ဟာ အလွန်တရာ ကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ပါတယ်။ သူ့ရဲ့ ပထမဆုံး SIERRA NEVADA ခရီးစဉ်ဟာ ၁၉၁၆ ခုနှစ် ဇွန်လထဲမှာ ဖြစ်ပါတယ်။ သူ့မှာ ကင်မရာလေး တစ်လုံးပဲ အဖော်ပါပါတယ်။ ကင်မရာ အမျိုးအစားကတော့ KODAK NO 1 BROWNIE ဖြစ်ပါတယ်။ အဲဒီကင်မရာလေး တစ်လုံးနဲ့ သူ့ဘဝကို ချိုချိုငင်ငင် အောက်ခြေဆုံး တိုးတက်အောင် အသည်းအသန် ကြိုးစားခဲ့ရသူပါ။ လို့အချိန်မှာ အန်ဆယ်လ်အာဒမ်စ်ရဲ့ အသက်ဟာ (၁၄)နှစ် အရွယ်ပဲ ရှိပါသေးတယ်။ တစ်ဆယ့်လေးနှစ်သားအရွယ်ကို ၁၉၀၀ ခုနှစ် ... နှစ်ပေါင်း (၃၀)ကျော် ကြိုးပမ်းခဲ့ပါတယ်။ သူ့ရဲ့ ကြိုးပမ်းမှုဟာ ကမ္ဘာ့စံတင်ရှား အကျော်ကြားဆုံး ဓာတ်ပုံပညာရှင် အဖြစ်နဲ့ အမှတ်ရ တောင်ချိုင့်ဒေသများ၏ သဘာဝအလှတရားကို သက်ဝင်လှုပ်ရှားအောင် ... ဖော်ပြနိုင်ခဲ့သည်။ သူ့အမေနှင့် ဝေးလံသော ဒေသများသို့ ခရီးသွား၍ မှတ်တမ်းတင် ဓာတ်ပုံများ သွားရောက်ရိုက်ယူခဲ့လေ့သည်။ ... ထပ်ကာတလဲလဲ သွားရောက်ခဲ့သေးသည်။ သူ၏လက်ရာမြောက် ဓာတ်ပုံများထဲတွင် မွန်မွန်တားတား ရိုက်ချက်များ အနုပညာသည့် ပီသသော စိတ်ကူးဉာဏ်ရင့်သန်မှုကိုလည်း တွေ့မြင်နိုင်သည်။ ဖော်ပြပါ သစ်ပင်ကြီး၏ပုံနှင့် နောက်ခံ ကြယ်ပေါင်းများစွာကို ဝိုင်းလည်နေပုံမှာ SIERRA JUNIPER ဟုခေါ်သော ... တင်ဆက်နိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိခင်မေတ္တာ

မိခင်လူဝံမကြီးနှင့် လူဝံကလေးငယ်နှင့် အကြားတွင်ရှိသော ကြင်နာမှုအချိန်ကာလ တစ်ခုကို မှတ်တမ်းတင် ဓာတ်ပုံရိုက်ကူးထားခြင်း ဖြစ်သည်။ ထိုလူဝံကြီးအမျိုးအနွယ်သားအမိကို ဘိုနီယိုကျွန်း၏ TANJUNG PUTING အမျိုးသားဥယျာဉ်တွင် တွေ့ရှိရခြင်း ဖြစ်သည်။ နို့တိုက်သတ္တဝါများထဲတွင် မွေးဖွားပြီးချိန်မှ အရွယ်ရောက်သည်အထိ မိခင်က သားငယ်အား အချိန်ကာလ အရှည်ကြာဆုံး ထိန်းသိမ်းပြုစု စောင့်ရှောက်ရသောမျိုးနွယ် ဖြစ်လေသည်။ ထိုသို့ မိခင်က သားငယ်ကို ပြုစုယုယ ထိန်းသိမ်းစောင့်ရှောက်ရသော အချိန်ကာလမှာ ရှစ်နှစ်ဝန်းကျင်အထိ ဖြစ်သောကြောင့် သာမန်တိရစ္ဆာန်မိခင်များထဲတွင် စံပြဖြစ်နေလေသည်။ (ပုံထဲတွင် အမွေးထူလပျစ်နှင့် အမည်းရောင် လက်ကြီးမှာ မိခင်လူဝံမကြီး၏ လက်ဖြစ်ပြီး နီညိုရောင် လက်ချောင်းကလေးများမှာ လူဝံသားငယ်ကလေး၏ လက်ဖြစ်လေသည်။)

## စမ်းသပ်ချက်လား



တရုတ်နိုင်ငံ ရှန်ဟိုင်းတက္ကသိုလ်တွင် ဆေးကျောင်းသားတစ်ဦးဖြစ်သူ လင်းဆန်ဟိုင်သည် ဓာတုအဆိပ်ဖြစ်သော N. NI-TROSODIMETHY-LAMINE ကိုအသုံးပြု၍ ရည်ရွယ်ချက်ဖြင့် လူသတ်မှု ကျူးလွန်ခဲ့သည်။ လင်းဆန်ဟိုင်သည် အလုပ်သင်ဆရာဝန်အဖြစ် သူလုပ်ကိုင်နေသော ရှန်ဟိုင်း ဆေးရုံ၏ လက်တွေ့စမ်းသပ်ခန်းတစ်ခုမှ ထိုဓာတုအဆိပ်ကို ယူဆောင်လာခဲ့သည်။ ဧပြီလ ၁ ရက်နေ့တွင် ရေသန့်စက်ထဲတွင် ဓာတုအဆိပ်ခတ်သည်။ အခန်းဖော်ဖြစ်သူ ဟွမ်ယန် (ဖူဆန်တက္ကသိုလ်တွင် တက်ရောက်နေသူ) သည် ထိုအဆိပ်ခတ်ထားသော ရေကို ဧပြီလ ၁ ရက်နေ့တွင် သောက်ခဲ့ပြီး ဧပြီလ ၁၆ ရက်နေ့တွင် သေဆုံးသွားခဲ့သည်။ ထိုဓာတုပစ္စည်းသည် လူသားနှင့် တွေ့ထိမိပါက အသည်းနှင့်သွေးကို ထိခိုက်မှုရှိနိုင်ကြောင်း သိရသည်။ ယင်းပြစ်မှုအတွက် တရုတ်တရားရုံးက ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် တရားခံ လင်းဆန်ဟိုင်အား ထောင်ဒဏ် တစ်သက် ပြစ်ဒဏ်ချမှတ်လိုက်ကြောင်း အမှတ်(၂) ရှန်ဟိုင်းပြည်သူ့တရားရုံးမှ ထုတ်ပြန်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



## စကားများများ မပြောသူ

၁၈၆၀ ပြည့်နှစ်၏ နွေရာသီတွင် ရွေးကောက်ပွဲ ပြုလုပ်ခဲ့ရာ ရီပတ်ဘလီကင်ပါတီမှ အေဘရာဟင် လင်ကွန်း အကြောင်းကို စာနယ်ဇင်းများထဲတွင် ပလူပျံ အောင် ဖော်ပြခဲ့ကြသည်။ လင်ကွန်း၏ ဖြစ်စဉ်မှာ အလွန် တရာ ဆင်းရဲနွမ်းပါးသော လယ်သမားလူငယ်လေးသည် သူ့ကိုယ်သူ ပညာတတ်ဖြစ်စေရန် ပင်ပန်းကြီးစွာနှင့် သစ္စာ ရှိစွာ လုပ်ကိုင် ဆောင်ရွက်ခဲ့ပုံများနှင့် နောင်သောအခါ သမ္မတ ရွေးကောက်ပွဲတွင် စာရင်းဝင် ဖြစ်လာသည်။ သို့ရာတွင် သူသည် စကားများများဖြင့် မဲဆွယ်ခြင်းမပြုရန် ဆုံးဖြတ်ထားသည်။ "ကျွန်ုပ် ဒီနေရာကို ရောက်နေတာ ဟာ သင်တို့ကို တွေ့ချင်လို့သာ ဖြစ်ပါတယ်။ ထို့အတူ သင်တို့အနေနဲ့လည်း ကျွန်ုပ်ကို မြင်စေချင်ပါတယ်" ဟူ၍ လိုရင်း တိုရှင်းမျှသာ ပြောခဲ့သည်။ ထိုစဉ်အခါက သူနှင့်ပြိုင်ဘက်ဖြစ်သော ဒေါက်ဂလပ်စ်သည် ရက်သတ္တပတ် အနည်းငယ်မျှအကြာတွင် အရှုံးနှင့်ရင်ဆိုင်ရတော့ မည်ဖြစ်ကြောင်း သဘောပေါက်ခဲ့လေသည်။ နိုဝင်ဘာလ ၆ ရက်နေ့တွင် စကားများများ မပြောသော လင်ကွန်းသည် မဲအရေအတွက် အပြတ်အသတ်ဖြင့် ဒေါက်ဂလပ်စ်ကို ကျော်ဖြတ်အနိုင်ရခဲ့လေသည်။




## ထူးချွန်သူ

လွန်ခဲ့သော မတ်လက မြောက်ကိုရီးယားနိုင်ငံ၏ ပြည်သူ့ညီလာခံ ကိုယ်စားလှယ် ရွေးကောက်ပွဲများကို ကျင်းပ ခဲ့သည်။ ထိုရွေးကောက်ပွဲတွင် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပါဝင်ယှဉ်ပြိုင်ခဲ့သော မဲဆန္ဒနယ် အမှတ်(၁၁၁)၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူအားလုံးက ကိုယ်စားလှယ်လောင်း ကင်ဂျုံအန်ကို ရာခိုင်နှုန်းပြည့် ထောက်ခံမဲပေးခဲ့ကြကြောင်း မြောက်ကိုရီးယားအစိုးရ၏ KCNA သတင်းဌာနမှ ဖော်ပြခဲ့သည်။ မဲဆန္ဒနယ်အမှတ် (၁၁၁) ပိတ်တူးတောင်နယ်မြေ၌ ထောက်ခံမဲ ရာနှုန်းပြည့် ရရှိခဲ့ခြင်းကြောင့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် သည် မြောက်ကိုရီးယားတပ်မတော်၏ မဟာသေနာပတိနှင့် အမျိုးသားကာကွယ်ရေး ကော်မရှင်ဥက္ကဋ္ဌ စသည့် ဘွဲ့ထူး များနှင့် လွှတ်တော်အမတ် ဘွဲ့ထူးပါ ရရှိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com

# အားနည်းချက်




လွန်ခဲ့သော ရက်သတ္တပတ် အနည်းငယ်က လတ်ဗီးယားရှိ ရီဂါမြို့တော်အနီးတွင် စူပါမားကတ်ကြီးတစ်ခု၏ အမိုးများပြိုကျသွားခဲ့သည်။ ထိုဖြစ်ရပ်ကြောင့် လူ ၁၈ ယောက် သေဆုံးခဲ့သည်ဟု ပြည်ထဲရေးဝန်ကြီးဌာနမှ ကြေညာချက် ထုတ်ပြန်ခဲ့သည်။ ယင်းကဲ့သို့ ထုတ်ပြန်ချက်သည် အစောပိုင်းက ထုတ်ပြန်ခဲ့သော သေဆုံးသူဦးရေထက် နှစ်ဆကျော် တိုးမြင့်ခဲ့ခြင်းဖြစ်သည်။ စူပါမားကတ်ကြီးတစ်ခုလုံး အမိုးပြိုကျမှုကြောင့် ကယ်ဆယ်ရေးဝန်ထမ်း နှစ်ယောက် အပါအဝင် လူခြောက်ယောက်သာ သေဆုံးခဲ့ပြီး ၃၅ ဦး ဒဏ်ရာရခဲ့ကြောင်း အရေးပေါ်ကယ်ဆယ် ရေးဌာနမှ အစောပိုင်းတွင် ထုတ်ပြန်ခဲ့သည်။ ရီဂါမြို့ ဆင်ခြေဖုံးရပ်ကွက်တွင် ဆိုဗီယက်ခေတ် လက်ကျန်အဆောက်အအုံများ၏ အလယ်ရှိ MAXIMA စူပါမားကတ်တွင် ညနေပိုင်း ဈေးဝယ်သူများ စည်ကားနေစဉ် အမိုးပြိုကျခဲ့သောကြောင့် နံရံများ၊ မှန်ပြတင်းများနှင့် ကြံ့ခိုင်မှု အားနည်းသော အစိတ်အပိုင်းများပါ ဆက်လက်ပြိုကျခဲ့သည်။ ထို့ကြောင့် ဈေးဝယ်သူ အများအပြား ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြခြင်း ဖြစ်လေသည်။



# မငြိမ်းချမ်းသေးပါ

လွန်ခဲ့သော ရက်သတ္တပတ်အတွင်းက အစ္စရေးနှင့် ပါလက်စတိုင်းတို့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတစ်ရပ် ကျင်းပခဲ့ကြသည်။ ထိုဆွေးနွေးပွဲကို အမေရိကန်၏ အချိုးသတ်မှတ်ပေးမှုအတွင်း သဘောတူညီချက် တစ်စုံတစ်ရာ မရရှိဘဲ ပြီးဆုံးသွားခဲ့သည်။ သုံးနှစ်တိုင်တိုင် နှစ်နိုင်ငံအကြား တင်းမာမှုဖြစ်ခဲ့ကြပြီးနောက် ပြန်လည်စတင်ခဲ့သော တိုက်ရိုက်ငြိမ်းချမ်းရေး ဆွေးနွေးပွဲသည် ပြန်လည်တင်းမာမှုများဖြင့်သာ အဆုံးသတ်ခဲ့ရသည်။ ဆွေးနွေးပွဲကို အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီက ကမကထ ပြုလုပ်ပေးခဲ့သည်။ နှစ်နိုင်ငံ ငြိမ်းချမ်းရေးအဖြေ မရခဲ့လျှင် လူမျိုးခွဲခြားသောနိုင်ငံ ဖြစ်လာနိုင်ဖွယ်ရာရှိကြောင်း ဂျွန်ကယ်ရီက အစ္စရေးကို သတိပေး ပြောကြားခဲ့သည်။ အစ္စရေးနှင့် ပါလက်စတိုင်း ဆွေးနွေးပွဲသည် အခြေချနေအိမ်များ ဆောက်လုပ်မှုနှင့် အကျဉ်းသားများ လွှတ်ပေးရေး သဘောတူညီချက် မရခဲ့သဖြင့် အခြေအနေမှာ ပို၍ဆိုးရွားသွားခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



## အရှိန်အဟုန်မြင့်

ဇွန်လ ၂၆ ရက်နေ့တွင် အီရန်အစ္စလာမ်မစ် တော်လှန်ရေး အစောင့်တပ်ဖွဲ့၏ လက်အောက်ခံ၊ ကဒ်အထူးတပ်ဖွဲ့၏ တပ်မှူးဗိုလ်ချုပ်ကြီး ကစ်ဆင်ဆူလေမန်နီနှင့် စစ်အကြံပေးအဖွဲ့သည် အီရတ်နိုင်ငံ ဘဂ္ဂဒက်သို့ ရောက်ရှိလာကြသည်။ ထိုအဖွဲ့ဝင်များနှင့်အတူ အီရန်ဒုံးခွဲရေး အထူးတပ်ဖွဲ့လည်း အတူတကွ လိုက်ပါလာကြသည်။ ခန္ဓာကိုယ်ပေါ်တွင် တပ်ဆင်ထားသည့် ဗုံးများကို လွယ်ကူကျွမ်းကျင်စွာ ဖောက်ခွဲနိုင်စွမ်းရှိကြောင်း ဗုံးခွဲအသေခံ တိုက်ခိုက်ရေးသမားများသည် ဘဂ္ဂဒက်မြို့ ပြည်သူလူထု မျက်မှောက်တွင် အစမ်းလေ့ကျင့် သရုပ်ပြခဲ့ကြသည်။ ဩဇာကြီးမားသော ကဒ်အထူးတပ်ဖွဲ့ ဗိုလ်ချုပ်ကြီး ရောက်ရှိလာခြင်းနှင့်အတူ အီရတ်နိုင်ငံတွင် ဆွန်နီ-ရှီးယိုက် ဂိုဏ်းဂဏအစစ်ပွဲများ၊ အသက်သေဆုံး ဒဏ်ရာအကြီးအကျယ်ရရှိ ဖြစ်ပွားမှုများ မဆုံးနိုင်အောင် ဆက်လက်၍ အရှိန်အဟုန် မြင့်တက်နေဦးမည်ဖြစ်ကြောင်း နိုင်ငံတကာ စစ်ရေး နိုင်ငံရေး ကျွမ်းကျင်သူ ပညာရှင်များက ထောက်ပြဝေဖန်ကြသည်။




## တစ်ပြန်တစ်လှည့်စီ

ဘီဘီစီသတင်း ဖော်ပြချက်အရ အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်ရှိ မြို့တစ်မြို့သည် ဆွန်နီစစ်သွေးကြွများ၏ လက်သို့ ကျရောက်သွားခဲ့သည်။ ယိုမြို့သည် ဆွန်နီစစ်သွေးကြွများလက်သို့ နှစ်ရက်အတွင်းမှာပင် (စတုတ္ထအကြိမ်မြောက်) ကျရောက်သွားခြင်းဖြစ်သည်။ ဆွန်နီလက်နက်ကိုင် အဖွဲ့အစည်းများသည် ဆီးရီးယားနှင့် အီရတ်နယ်စပ်ကို ဖြတ်ကျော်ကာ အီရတ်နိုင်ငံ အနောက်ပိုင်းရှိ မြို့နှစ်မြို့ကို သိမ်းပိုက်ထားသည်။ မကြာမီ ရက်သတ္တပတ် အနည်းငယ်အတွင်း ဘဂ္ဂဒက်မြို့တော်သို့ ချီတက်သိမ်းပိုက်နိုင်ရေးအတွက် ကြိုတင်ကြိုးပမ်းလျက် ရှိကြသည်။ ယင်းသို့ အီရတ်နိုင်ငံ ၏ကြီးမားဆုံး ပြည်နယ်ရှိ စတုတ္ထမြောက် မြို့တစ်မြို့သည် ဆွန်နီလက်နက်ကိုင်များ လက်သို့ ကျရောက်ခြင်းမှာ ၎င်း၏ ဦးဆောင်မှုကြောင့် ဖြစ်ကြောင်း ဘီဘီစီမှ ကြေညာထုတ်လွှင့်ခဲ့သည်။

ဖိုးခရုသေဝေး


www.burmeseclassic.com

www.burmeseclassic.com



## ရှာရှာဖွေဖွေ ကမ္ဘာ့ဂင်းနစ် စံချိန်တင်

ကမ္ဘာ့ဂင်းနစ် ဟရင်းစာအုပ် မှတ်တမ်းဝင်ရန် ထူးခြားမှုအမျိုးမျိုး ပြုလုပ်ကြရာတွင် ယခုဆောင်ရွက်မှုက တစ်ဘာသာ ဆန်းကြယ်ပေသည်။ အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ တိုင်းမ်စကွဲယားပန်းခြံတွင် အမျိုးသား အမျိုးသမီးများ စုပေါင်းက အောက်ခံဘောင်းဘီ ဝတ်ဆင် ဆင်နွှဲမှုဖြစ်သည်။ စီစဉ်သူတို့ အပြောအရ ပါဝင်သူ ၂၁၇၀ ဦး ရှိသည်ဟု ဆိုပါသည်။ ရှာရှာဖွေဖွေ စံချိန်တင် ကြိုးပမ်းမှုဖြစ်သည်။



## ထိုင်းနိုင်ငံက နေ့တွေ့သေနိုင်သည့် အခေါင်းများ

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ အနေရှ ဘက်ကီလိုမီတာ ၁၀၀ ခန့်အကွာရှိ နာကွန်နာယောခ်ပြည်နယ် ဝပ်ပရောမင်နီ ကျောင်းတော်တွင် လူသေအလောင်းထည့် အခေါင်းများ စီစဉ်ထားပြီး အပြစ်ကျူးလွန်သူ အပြစ်ရှိသူများ ပျောက်စေရန် အခေါင်းထဲတွင် စက္ကန့် ၃၀ နေရသည်။ ယင်းအချိန်တွင် ဘုန်းတော်ကြီးများက ဆုမွန်ကောင်းတောင်း ပေးသည်။ ခေတ္တသေဆုံးမှုတွင် ပန်းခြင်း ပိတ်ဖ များဖြင့် စီရင်ထားသည့် အုပ်စုလိုက် ခေတ္တသေကာ အပြစ်ကင်းစင် အောင် ဆုမွန်ကောင်းတောင်းယူကာ ရှိကြသည်။

❒ မောင်တောင်းသဉ်

www.burmeseclassic.com




ဆရာတော်မြင့်(ငှက်ဖျား) ရေးသားသော. . . **"ရောဂါငှက်ဆိုးအန္တရာယ်နှင့် နောက်ဆုံးပေါ် ဆေးလောက တွေ့ရှိချက်များ"** စာအုပ်ကို မိတ်ဆွေစာပေတိုက်မှ ထုတ်ဝေလိုက်သည်။

ငှက်ဖျားရောဂါနှင့် ပတ်သက်သော အကြောင်းအရာများကို ကမှ အ,အထိ အသေးစိတ် ရေးပြထားသော စာအုပ်ဖြစ်သည်။



ဆရာတော်မြင့်(ငှက်ဖျား) ရေးသားသော . . . **"လူ့ပတ်ဝန်းကျင်က ပရလောက ဖြစ်ရပ်ဆန်းများ"** စာအုပ်ဖြစ်သည်။ ပရလောကအကြောင်း ရေးသားထားသော ဝတ္ထု (၁၁)ပုဒ် ပါဝင်သည်။





ကမ္ဘာကျော်လက္ခဏာဆရာကြီးကိုင်ရို၏ စာအုပ်ကို ဘာသာပြန်ထားခြင်း ဖြစ်ပါသည်။ စာအုပ်အမည်မှာ **"သင့်လက်ဝါးပြင်ပေါ်က သင့်ကံကြမ္မာနှင့်ကံဇာတာများ"** ဟူ၍ ဖြစ်သည်။ ဘာသာပြန်သူမှာ ဆြာတော် ဖြစ်သည်။ လက္ခဏာဝါသနာပါသူများ ကိုင်စွဲထားရမည့် စာအုပ်ဖြစ်သည်။

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

## ဆီးဖြူ ဖန်ခါး ရဟန်းစား

ဦးမင်းဇင် (ရွှေနဝင်း)



ရဟန်း၊ သံဃာများသည် နေ့လွဲညစာ စားသုံးခြင်းကို ဘုရားရှင်က ဝိနည်းစည်းကမ်းသတ်မှတ်၍ စားသုံးခြင်း မပြုခဲ့ပါ။

သို့သော် ဆေးဝါးအစွမ်း အလွန် ထက်မြက်ပြီး လူ့ခန္ဓာကိုယ်ကို အကျိုးပြုသည့် (ယခုခေတ်တွင် အင်တီအောက်စီဒင့်ဓာတ် လွန်စွာပေါကြွယ်ဝသော) ဘာဘာဝတောတောင် တောရမ္မိသော နေရာဒေသတိုင်းတွင် အလွယ်တကူ ရှာဖွေရရှိနိုင်သည့် ထိုဆီးဖြူဖန်ခါးအသီးတို့ကို ဘုရားရှင်သည် တပည့်သား ရဟန်း သံဃာတော်များ ရောဂါဘယ ကင်းစေပြီး ရဟန်းတရားကို ချမ်းသာစွာ ပွားများအားထုတ်စေနိုင်ရန်အတွက် နေ့လွဲညစာ အချိန်မရွေး စားသောက်သုံးဆောင်ခွင့်ကို ဂိလာန ဘေသဇ္ဇအဖြစ် ခွင့်ပြုပေးတော်မူခဲ့ပါသည်။

ထို့ကြောင့် "ဆီးဖြူ ဖန်ခါး ရဟန်းစား" ဆိုသည့် စာဆိုလေး ပေါ်ထွန်းခဲ့ပေသည်။

ဘုရားရှင် သက်တော်ထင်ရှား ရှိခဲ့စဉ်အချိန်မှစ၍ ယနေ့တိုင်အောင် အမှန်တကယ်ပင် ဆီးဖြူ ဖန်ခါးသီးတို့၏ ဂုဏ်နှင့် စွမ်းရည်တို့မှာ အံ့မခန်းလူသားဘို့၏ ကျန်းမာရေးကို အကျိုးကျေးဇူးပြုနေခဲ့သည်ကို ယနေ့ သိပ္ပံသုတေသီများ သုတေသန စမ်းသပ်လေ့လာ ရှာဖွေ တွေ့ရှိချက်များက အထင်အရှား သက်သေပြနေပေသည်။

ဆီးဖြူသီးကို ဆေးဖက်အသုံးအနေဖြင့် အသီးနှင့် အရွက်ကို အဓိကထားပြီး သုံးစွဲကြပါသည်။

ဆီးဖြူတွင် Vit-C. Polyphenols, Flavonoids, Tannins စသော ဓာတုဒြပ်ပေါင်းများ ပါဝင်နေပါသည်။

ဆီးဖြူသီးတွင် Vit-C ပမာဏ ကြွယ်ဝစွာ ပါဝင်ပါသည်။ ဆီးဖြူသီး 100gm (၆ ကျပ်သား) တွင် Vit-C 207mg ပါဝင်နေကြောင်း သိရပါသည်။ ၎င်းအပြင် ဆီးဖြူသီးတွင် ပါဝင်သည့် Emblicanin A နှင့် B. Pedun-culagin စသည့် ဓာတ်များကြောင့် အင်တီအောက်ဆီဒင့် ဂုဏ်သတ္တိများ ပေါကြွယ်ဝစွာ ပါဝင်နေပေသည်။

ဆီးဖြူသီးတွင် အချို့သော ဘက်တီးရီးယားနှင့် မှိုပိုး (Fungus) များကို တိုက်ဖျက်နှိမ်နင်းနိုင်သော (Anti microbial activity) အာနိသင်ရှိပါသည်။

ဆီးဖြူသီး၏ ရေနှင့်ပြုတ်ထားသော ဆေးအနှစ်သည် (Zinc) သွပ် စသော သတ္တုဓာတ်များ၏ အဆိပ်အတောက်တို့ကို ပြေပျောက်စေပါသည်။

ဆီးဖြူသီးတွင် ရောင်ရမ်းမှုကို လျော့ကျစေသော (Anti Inflammatory) အာနိသင်နှင့် အသည်းရောဂါများအား ဟန့်တားကာကွယ်ပေးနိုင်သော အာနိသင် (Hepoto protective)၊ သွေးတွင်း ကိုလက်စရောကို ကျစေသည့် အာနိသင် (Cholesterol lowering effect) များ ပါဝင်နေကြောင်းကို အိန္ဒိယနိုင်ငံ Kerala တွင် ပြုလုပ်သော သုတေသန တွေ့ရှိချက် မှတ်တမ်းများအရ သိရှိရပါသည်။

Anti-Viral activity သတ္တိ အာနိသင်ကြောင့် ဆီးဖြူသီးမှ မက်သနောဖြင့် ထုတ်ယူသော ဆေးအနှစ်သည် HIV ဗိုင်းရပ်စ်ပိုး၏ (reverse transcriptase) အပေါ် ဟန့်တားနိုင်



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

သော အာနိသင်ရှိ၍ နောင်တစ်ချိန်တွင် AIDS ရောဂါဆိုးကြီး ကုသရေးအတွက် အသုံးဝင်နိုင်လိမ့်မည်ဟု မျှော်လင့်ရပေသည်။

ထို့အပြင် ဆီးဖြူပင်၏ အရွက်များတွင် အရောင်လျော့ကျစေသော အာနိသင် (Anti inflammatory Action) နှင့် အပူများလျော့ကျစေသော အာနိသင်များရှိကြောင်း သိရပါသည်။ ထို့ကြောင့် "မီးလောင်သော အနာများအတွက်" ဆီးဖြူရွက်ကို ပြာချပြီး အုန်းဆီနှင့်ဖျော်၍ မကြာခဏ လိမ်းပေးလျှင် အနာအရောင်လျော့၍ အနာအကျက်မြန်၊ အနာရွတ်ထင်ကျန်ခြင်း သက်သာသည်ကို လက်တွေ့သိရပါသည်။

ဆီးဖြူသီးသည် အေး၍ ချဉ်ဖန်သော အရသာဦးစီးပြီး အငန်မှတစ်ပါး အရသာ (၅)မျိုး ပါဝင်နေပြီး ဝမ်းမီးကို တောက်စေသည်။ ဆီးဝမ်းကို ရှင်စေပြီး မျက်စိအမြင်ကို ရှင်သန်တိုးပွားစေ၏။ ဒေါသသုံးပါးကိုနိုင်၍ အသက်ရှည်နုပျိုစေသော ရသာယနဂုဏ်သတ္တိ ရှိပေသည်။ သွေးအား၊ ခွန်အားနှင့် အသိဉာဏ်ကို တိုးပွားစေသည်။ အဆီစသော မလအညစ်အကြေးများကို သုတ်သင်ဖယ်ရှားနိုင်ပြီး ခန္ဓာကိုယ်ကို စောင့်ရှောက်နိုင်သည့် ဂုဏ်သတ္တိများနှင့် ပြည့်စုံစေသည့် ဘုရားပေးသော ဘေသဇ္ဇဆေးဟု တိုင်းရင်းဆေးကျမ်းများတွင် ဖော်ညွှန်းထားကြပါသည်။

ဆီးဖြူသီး၏ အကျိုးသွားနှင့် ထူးခြားသည့် စွမ်းအင်ဂုဏ်သတ္တိများကို စာရှုသူများ သိရှိပြီးဖြစ်၍ ယခု ဆီးဖြူသီး၏ အစွမ်းသတ္တိနှင့် အသုံးချ၍ ကုသပျောက်ကင်းနိုင်သော ရောဂါများနှင့် ဆေးအသုံးပြုပုံတို့ကို ရေးသားတင်ပြပါမည်။

**ဆေးနည်း (၁)**

ပထမဦးစွာ လူတော်တော်များများတွင် တွေ့ကြုံရတတ်သော ဒူလာ၊ သွေးဝမ်းရောဂါနှင့်တွဲလျက် ဖြစ်ပေါ်တတ်သော အမျိုးသား ပန်းအားနည်း၊ ပန်းသေ၊ ပန်းညှိုးရောဂါသည်များအတွက် ဆီးဖြူသီးနှင့် ငါးရှဉ့်ကို ဆေးဟင်းလျာအဖြစ် ချက်စားစေခြင်း ဖြစ်ပါသည်။

ထိုဒူလာသွေးဝမ်းရောဂါနှင့် ပန်းအားနည်းရောဂါအတွက် အချို့က အလွယ်တကူ အောက်ပါ ဆေးဟင်းလျာကို ချက်စားပါဟု တိုက်တွန်းတတ်ကြသော်လည်း အမှန်တကယ် ဆေးစွမ်းထက်မြက်သည့် ဆေးဖက်ဝင်ဟင်းလျာတစ်ခွက်အဖြစ် စနစ်တကျ ချက်ပြုတတ်သူဟု နည်းလှပေသည်။ စနစ်တကျ စီမံနိုင်မှ ဟင်းတစ်ခွက်ဆို ဆိုသလောက်ရောဂါကို ထိရောက်စွာ ပျောက်ကင်း သက်သာစေမည် ဖြစ်ပေသည်။

၎င်းဆေးဟင်းလျာအတွက်သုံးသည့် ဆီးဖြူသီးသည် ဆီးဖြူသီးဖြစ်လျှင် ပြီးရောဆိုသည့် အနေဖြင့် တွေ့ကရာ ဆီးဖြူသီးကို သုံး၍မရပါ။ ဆီးဖြူသီးတွင် "အစေ့ကြီးပြီး အသားနည်း၊ အလုံးသေးသေး ဆီးဖြူမျိုး" နှင့် "အစေ့သေး အသားထူပြီး အလုံးကြီးသော ဆီးဖြူမျိုး" ဟု နှစ်မျိုးရှိပေရာ ထိုဆေးဟင်းလျာအတွက် အသုံးဝင် ဆေးစွမ်းထက်သည်မှာ "အစေ့သေး အသားထူပြီး အလုံးကြီးသော ဆီးဖြူသီး" ကိုသာ ရွေးချယ်၍ သုံးရပါမည်။

တစ်ဖန် ထိုဆီးဖြူသီးကိုလည်း ငါးရှဉ့်ဟင်းထဲ တစ်ခါတည်း တန်းထည့်၍ ချက်ရခြင်းမျိုးမဟုတ်ဘဲ ၎င်းဆီးဖြူသီးကိုချက်မည့် ငါးရှဉ့်အလေးချိန်၏ ၄ ပုံ ၁ ပုံကို သေချာနူးနပ်အောင် ရေဖြင့်ပြုတ်ပြီး အစေ့ထုတ် အနှစ်တိုက်ထားပြီး အဆင်သင့်လုပ်ထားပါ။

တစ်ဖန် ငါးရှဉ့်ကိုလည်း အရေခွံထူပြီး အရောင်မွဲခြောက်ခြောက် အချွဲဓာတ်များသည့် ငါးရှဉ့်မွဲမျိုးကို မသုံးဘဲ အရေခွံပါးပြီး အရောင်နီဝါရောင်သန်းနေသည့် ငါးရှဉ့်ပါးနီမျိုးကို သုံးရပေသည်။ ထိုငါးရှဉ့်မျိုးမှ ဝေဒနာရှင်အတွက် လိုအပ်သော သွေးအားနှင့် ဆေးစွမ်းကို ပေးနိုင်စေပါသည်။

အထက်ပါအတိုင်း ဆေးဖက်ဝင်သော ငါးရှဉ့်ကို ရွေးချယ်ပြီးပါက သေချာစွာ ဆေးကြောတုံးကစ်ပြီး ဆား၊ နနွင်း၊ ငံပြာရည်ကောင်းကောင်းနှင့်နယ်၍ မိနစ် (၃၀) ခန့် နှပ်ထားပါ။ ပြီးလျှင် အနှစ်ပြုလုပ်ထားသော ဆီးဖြူသီးပြုတ်အနှစ်ကို ထိုဆား၊ နနွင်း နှပ်ထားသည့် ငါးရှဉ့်နှင့် သေချာစွာနယ်၍ နောက်နာရီဝက် ထပ်နှပ်ထားပါ။ ပြီးလျှင် ဆေးဟင်းလျာချက်မည့် ငါးရှဉ့်၏ ၅ ပုံ ပုံ ၁ ပုံ ကြက်သွန်ဖြူကို အခွံခွာ၍ ဓားပြားရိုက်ပြီး အသင့်လုပ်ထားပါ။

အထက်ပါ ဆေးဖက်များနှင့် သေချာစွာနှပ်ထားသော ငါးရှဉ့်ကို နှမ်းဆီစစ်စစ်မွှေးမွှေး နှမ်းဆီ (ဆီချေးနံ့မနံသည့် နှမ်းဆီ)ဖြင့် ထုံးစံအတိုင်း ရေဘဲ၊ ကြက်သွန်နီထောင်းပြီးသားကို ဆီသတ်၍ ကြက်သွန်နီ လိပ်လာသည့်အနေတွင် အထက်ပါ ငါးရှဉ့်အသားများကိုထည့်၍ မီးအေးအေးဖြင့် ငါးရှဉ့်အသားထဲ ဆေးအာနိသင်များ ဝင်သွားစေရန် သေချာစွာ ဆီသတ်ပေးပါ။

ငါးရှဉ့်အသားများလုံးပြီး ကျစ်လာသည့်အနေတွင် စောစောက ဓားပြားရိုက်ထားသော ကြက်သွန်ဖြူများများကို

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

ထည့်၍ မီးအေးအေးဖြင့် ကြက်သွန်မြိတ် ကျက်လာသည်အထိ ဆီသပ်ပေးပါ။

ထိုအဆင့်အထိပြီးသွားမှ ရေနွေးဆူဆူကို ငါးရှဥ့်အသားများ မြုပ်ရုံထည့်ပြီး မီးအေးအေးနှင့် တစ်ရေခန်းချက်ပါ။

ပြီးလျှင် နောက်ထပ် ရေနွေးဆူဆူကို အရင်အတိုင်းထည့်၍ ၎င်းနည်းအတိုင်း (၃)ရေ ခန်းအောင် ချက်ပါ။ ထိုအခါ ငါးရှဥ့်အသားများသည် နူးနပ်၍ အရိုးကွာပြီးလာသည့်အနေတွင် ဆေးဟင်းလျာကို ဝေဒနာရှင်အား ပူပူနွေးနွေး တဝကြီး ကျွေးလိုက်ပါက ခံစားနေရသော ရောဂါဝေဒနာမှာ သိသာစွာ ပျောက်ကင်း၍ အားအင်တိုးပွားလာမည်ကို လက်တွေ့သိမြင်ရပေမည်။

ဤနေရာတွင် စာရေးသူ သတိပေးချင်သည်မှာ ဆီးဖြူသီးနှင့် ငါးရှဥ့် ချက်စားပါဆိုပြီး ဖြစ်သလို ကြုံသလို ချက်စားသည့်ဟင်းသည် လုံးဝဆေးဖက်မဝင်သလို ရောဂါကိုထိရောက်အောင် ပျောက်ကင်းအောင် မစွမ်းဆောင်နိုင်ပါ။

ထို့ကြောင့် အရာရာတွင် ဆရာမပြ နည်းမကျ ငါးပိဖုတ်တောင် ဆရာမပြလျှင် ပုံစံမကျဆိုသည့် စကားရပ်သည် ရှေးလူကြီးများ အလကားထားခဲ့ခြင်း မဟုတ်ပါ။

အရာရာတွင် နည်းစနစ်ဆိုတာ ရှိပေသည်။ ထိုနည်းစနစ်အတိုင်း လုပ်ဆောင်ကြလျှင် ညွှန်းဆိုထားသည့်အတိုင်း အကျိုးကျေးဇူးကို ခံစားရပေမည်။

သို့မဟုတ်ပါက ဆီကုန် ဆန်ကုန်တာသာ အဖတ်တင်ပြီး ရောဂါကတော့ ပျောက်မည်မဟုတ်ပါ။

အထက်ဖော်ပြပါအတိုင်း ဆီးဖြူသီးနှင့် ငါးရှဥ့်ဆေးဖက်ဝင် ဟင်းလျာကို စနစ်တကျ ချက်ကျွေးလိုက်ပါက ဒူလာ သွေးဝမ်းရောဂါနှင့် အမျိုးသား ပန်းအားနည်း၊ ပန်းသေ၊ ပန်းညှိုးရောဂါရှင်များ ၎င်းဆေးဖက်ဝင် ဟင်းလျာကို (၃)ကြိမ်ထက်ပိုပြီး ကျွေးစရာမလိုဘဲ ငေါက်ခနဲ ထထိုင်လာပါလိမ့်မည်။

ဦးခင်းဇင်(ရွှေနဝင်း)

□

# ကိုယ်ခံအား ကောင်းစေဖို့
## အားဖြည့်ဟောင်းရှန် ဆေး

**အောင်သာကျော်**

လှုပ်ရှားမှုတို့အတွက် ဆေးသည် အမှန်တကယ်လိုအပ်သည်။ စွမ်းရည် တစ်မျိုးဖြစ်သည်။ အားကုန်ခန်းသည်၊ အားနည်းသည် ခသည်ဖြင့် အမျိုးမျိုး ဖြစ်တတ်ကြသည်။ အင်အားချို့တဲ့မှု ဖြစ်ပေါ်ခံစားနေရပါက လူမှုရေး၊ စီးပွားရေးဆိုင်ရာ ကိစ္စများဘက်တွင် လှုပ်ရှားရုန်းကန်နိုင်မှုမပြုနိုင်ဘဲ ဖြစ်နေတတ်ကြသည်။

ယခုခေတ်အခါတွင် အားကို အသားလွတ် ဖျက်ဆီးနေကြသည်။ လူငယ်များကလည်း များပြားလွန်းလှသည်။ အားနည်းပါက အခြားသော ရောဂါများ ဝင်လာတတ်သည်။

အားသည် ကိုယ်ခံအားကို ဖြစ်စေသည်။ အပျော်အပါး အလွန်အကျွံလိုက်စားခြင်းနှင့် အလုပ်အကိုင် များပြားလွန်းမှုကို အာရုံစိုက်ကာ ရာသီဥတုဒဏ် ဂရုမပြုဘဲနေခြင်းတို့ကြောင့် အင်အားဆုံးရှုံးတတ်ကြသည်။

စာရေးသူ ဖတ်လေ့ဖတ်ထ စာအုပ်ကို ချထားလိုက်သည်။ စာအုပ်မှာအနောက်နိုင်ငံထုတ် မဂ္ဂဇင်းတစ်စောင် ဖြစ်သည်။ အားနှင့်ပတ်သက်သည့် အကြောင်းများ ရေးသားထားသည့် ဆောင်းပါးများကိုမှ စာရေးသူ ရွေးဖတ်နေမိသည်။ ဖတ်ရင်းဖတ်ရင်းမှာပင် အားကိုဖြည့်ဆည်းစေသည့် အကြောင်းများ၊ အားနည်းသွားပါက ကိုယ်ခံအင်အားများ ကျဆင်းသွားတတ်သဖြင့် ကျန်သော ရောဂါပေါင်းစုံကို ခန္ဓာကိုယ်သို့ ဝင်ရောက် ကပ်တွယ်တတ်ကြောင်းများသာ ဖတ်ရှုရသဖြင့် စာရေးသူ ဖတ်လက်စ စာအုပ်ကို ချထားလိုက်မိခြင်း ဖြစ်သည်။

→



www.burmeseclassic.com

www.burmeseclassic.com

# သိမှတ်ဖွယ်ရာ ဆေးပညာ

စာရေးသူ အားနှင့် ပတ်သက်သမျှသော စာအုပ်စာတမ်း အကိုးအကားများကို ရှာဖွေဖတ်ရှု လေ့လာနေမိဖြစ်သည်မှာ ကြာပြီဖြစ်သည်။ အဓိက နားလည် သဘောပေါက်လိုသည်က အားပြည့်ဝစေမည့် ဆေးနည်းများနှင့် ဆေး၏ အာနိသင်အကြောင်းများကိုပင် ဖြစ်သည်။ ဖတ်မိသမျှ စာအုပ်များထဲတွင် ဆေးနှင့်ပတ်သက်သည့် ဆေးနည်းကောင်းများ ပါရှိသည်ကို မတွေ့ရဘဲ ဆေးမည်မျှ အစွမ်းထက်ကြောင်း၊ ဆေးကောင်းကြောင်း ညွှန်းထားသည်ကိုသာ တွေ့ရသည်။ သို့သော် လက်တွေ့ စမ်းသပ်ကြည့်ရန်မှာ ဆေးပေါင်းကများပြားလွန်းလှသည်။ လောလောဆယ် အရေးတကြီး အသုံးပြုနိုင်မည့် ဆေးနည်းကို မတွေ့နိုင်ဘဲ ဖြစ်နေရသည်။

စာရေးသူ၏ မိတ်ဆွေအရင်းအချာ တစ်ဦးဖြစ်သည့် ဦးတင်ဝင်း တစ်ယောက် အလုပ်အကိုင် ပင်ပန်းနွမ်းနယ်မှုများလွန်းနေသည့်ကြားက အပျော်အပါး အလွန်အကျွံလိုက်စားမှုကြောင့် အိပ်ရာထဲ ဗုန်းဗုန်းလဲနေသည်မှာ ကြာပြီဖြစ်သည်။ ဆရာဝန်များနှင့်ပြသကာ စမ်းသပ်စစ်ဆေးမှုများ ပြုကြသည်။

အဓိက တွေ့ရှိရချက်မှာ အားအလွန်နည်းပါးနေပြီး ကိုယ်ခံအင်အား ကျဆင်းနေခြင်းပင်ဖြစ်သည်။ အားဆေးများ စားသည်၊ အားဆေးများ ထိုးသည်။ အကြောအားဆေးများ သွင်းသည်။ သက်သာသလို ရှိခဲ့သော်လည်း နဂိုမူလ ကျန်းမာသန်စွမ်းသည့် အဆင့်သို့ ပြန်ရောက်မလာနိုင်ဘဲ ရှိနေခဲ့သည်။ ကြာလာတော့ ဦးတင်ဝင်း စိတ်ဓာတ်ကျလာသည်။ လန်းဆန်းမှုလည်း မရှိဘဲ ဖြစ်လာသည်။ ဒီကြားထဲ စာရေးသူထံ ဆေးနည်းပတ်သက်၍ နည်းလမ်းကောင်းများ ရှာဖွေလေ့လာမှု ပြုပေးပါရန် ပြောလာသည်။ ဤသို့ဖြင့် စာရေးသူလည်း အားနှင့်ပတ်သက်သမျှ လက်လှမ်းမီရာ စာအုပ်စာတမ်းများ ဖတ်ကြည့်ခြင်း၊ တိုင်းရင်းဆေးပညာရှင်များနှင့် ဆွေးနွေးမေးမြန်းမှုများ ပြုလုပ်ဖြစ်ခဲ့သည်။

သို့သော် ဆေးပညာသည် ခက်ခဲနက်နဲလှပါသည်။ ရောဂါဝေဒနာ စတင်ဖြစ်တည်ပုံ၏ အခြေအနေ၏ အရင်းအမြစ်ကို သိမှသာလျှင် အားချက်ပိုင်ပိုင် ထိရောက်နိုင်စွမ်းရှိသည်ကိုလည်း နားလည်သဘောပေါက်ခဲ့ရသည်။ နောက်ဆုံးတော့ စာရေးသူ လက်လျှော့ထားမိလိုက်သည်။ ဦးတင်ဝင်းအတွက် ဆေးနည်း မရှာဘဲ ထားခဲ့သည်မှာ ကိုးလကျော်ကျော်သို့ပင် ရှိခဲ့ပြီဖြစ်သည်။

◆

မနေ့က ညနေရုံးဆင်းခါနီး ဖုန်းဝင်လာသည်။ ဦးတင်ဝင်း အိမ်သို့ ညနေ ရုံးအဆင်းတွင် ဝင်လာခဲ့ပါရန် ပြောသည်။ အမျိုးသမီးအသံ ဖြစ်နေသဖြင့် စာရေးသူ မည်သို့မျှ မမေးမြန်းတော့ဘဲ ဆက်ဆက်လာခဲ့ပါမည်ဟုသာ ပြန်ပြောဖြစ်ခဲ့သည်။ ဤသို့ဖြင့် ရုံးဆင်းလျှင်ဆင်းချင်း ဦးတင်ဝင်း နေထိုင်ရာ မင်္ဂလာဒုံမြို့နယ်သို့ ခပ်သုတ်သုတ် သွားဖြစ်ခဲ့ရသည်။

စိတ်ထဲတွင် သံသယပေါင်းစုံ ရောထွေး၍နေသည်။ ဦးတင်ဝင်း ဆိုးများသွားပြီလား၊ အကောင်းပကတိ ပြန်ဖြစ်သွားပြီလား၊ သို့တည်းမဟုတ် အခြေအနေ မကောင်းလွန်းသဖြင့် သူ့မိတ်ဆွေများအား တွေ့လိုသည့်ဆန္ဒ ပြင်းပြနေ၍လား စသည့် အတွေးပေါင်းစုံက ခေါင်းထဲဝယ် အစီအရီ နေရာယူထားလျက် ရှိနေသည်။

ဦးတင်ဝင်း၏ အိမ်ရှေ့သို့ရောက်သည်နှင့် စာရေးသူ၏ အတွေးစများ လွင့်ပြယ်သွားရသည်။ လူကောင်းပကတိ သန်သန်မာမာဖြင့် ပြေးထွက် ကြိုဆိုသည့် ဦးတင်ဝင်းနှင့် ဆုံလိုက်ရသောကြောင့်ပင် ဖြစ်သည်။ ဦးတင်ဝင်း ဆက်သွယ်ဖိတ်ကြားထားသည့် မိတ်ဆွေများနှင့်အတူ ညစာစားခြင်း ဖြစ်သည်။ အခြားမိတ်ဆွေများ အလျှိုအလျှို ပြန်သွားကြသော်လည်း စာရေးသူ မပြန်ဖြစ်သေးဘဲ ဦးတင်ဝင်းနှင့် စကားစမြည် ဆက်ပြောနေဖြစ်သည်။

ဦးတင်ဝင်း၏ ကျန်းမာရေးနှင့် ပတ်သက်၍ မေးမြန်းမိသည်တွင် စာရေးသူ အံ့အားသင့်သွားမိရသည်။ ဤမျှလွယ်ကူသည့် ဤမျှ ပေါများသည့် ဆေးဖက်ဝင်ပစ္စည်း၏ အာနိသင်ကြီးမားပုံကို အံ့အားသင့်မိခြင်း ဖြစ်ပါသည်။

ဦးတင်ဝင်း ပြောပြသဖြင့် သိခွင့်ရသည်မှာ မြန်မာကုက္ကိုပင်မှ ကုက္ကိုခေါက် အမှုန့်နှင့် ကုက္ကိုသီးအစေ့၏ အမှုန့်တို့ကို ဆတူရောကာ တစ်နေ့လျှင် လေးရွေးသားခန့်အားများရည် ကြွေဇွန်းတစ်ဇွန်းဖြင့် ရောနှောကာ နံနက် တစ်ကြိမ် ညတစ်ကြိမ် သောက်သုံးပါက အားဆိုမှအား ကျားဆိုမှကျားဘဝသို့ အလျင်အမြန် တိုးတက်လာမည်ဆိုသည့် အချက်ကို သိရပါသဖြင့် အားလိုသူများ သုံးစွဲနိုင်ရန် ရေးသားတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

သန်စွမ်းနိုင်ကြပါစေ။

ဒေါင်သာတော်

❐



www.burmeseclassic.com


www.burmeseclassic.com

# သံလွင်ဆီ နှင့် ဇဝက်သာ

စိုးယဉ်ထွန်း

ဟိုယခင်က အသက်(၄၀)ကျော် (၅၀)ကျမှ ကိုယ်လက် နာကျင်ကိုက်ခဲခြင်းများ၊ ကိုယ်လက်လေးလံခြင်းများ ဖြစ်တတ်ကြသည်။ ဒါပေမယ့် ယနေ့အချိန်တွင် အသက်ကြီးငယ်မရွေး ကိုယ်လက်ကိုက်ခဲခြင်း၊ အဆစ်အမြစ်နာခြင်း ရောဂါဝေဒနာများကို ခံစားကြရသည်။ ထို့အပြင် ပိုဆိုးဝါးသော ပန်းနာရင်ကျပ်ရောဂါကလည်း အရွယ်မရွေးပင် ခံစားနေကြရသည်။

ထိုရောဂါဆိုးနှင့် အဆစ်အမြစ်နာ၊ ကိုယ်လက်ကိုက်ခဲခြင်းဝေဒနာများအတွက် ဆေးနည်းကောင်းတစ်လက်ကို ရရှိလိုက်သဖြင့် ပြန်လည်မျှဝေလိုက်ပါသည်။ ဆေးအမယ်မှာ လွယ်ကူသက်သာ၍ အတွေးချော်ပြီး ပြစ်မထားသင့်ပါ။ လုံ့လကြောင့် အကျိုးရှိသလို၊ ပြုလုပ်ခြင်းအတွက်လည်း ထူးခြားမှုရှိပါလိမ့်မည်။



ဆေးနည်းမှာ အနံ့ပြင်းသော ဇဝက်သာကို တစ်ကျပ်သားနှင့် သံလွင်ဆီ နှစ်ကျပ်သား (ဇဝက်သာထက် သံလွင်ဆီကို တစ်ဆတိုး) ကိုရော၍ လေလုံ၊ အဖုံးကောင်းသောပုလင်းတွင် ထည့်စိမ်ပြီး၊ ရက် (၂၀) သို့မဟုတ် ရက် (၃၀) စိမ်ထားပြီး၊ နေ့စဉ် ပုလင်းကို လှုပ်ပေးရမည်။ ဇဝက်သာ အရည်ပျော်ရန်ဖြစ်သည်။ ပုလင်းပူခြင်းဖြစ်လျှင် သံလွင်ဆီအနည်းငယ် ထပ်ထည့်ပါ။ (နေရိပ်နှင့် အေးသောနေရာတွင် ထားရန်လိုသည်) အဆစ်အမြစ်၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အအေးမိ၍ ကိုယ်လက်မလှုပ်ရှားချင်ဖြစ်ခြင်း၊ ဒူလာကိုင်ခြင်း၊ အအေးကြောင့်ဖြစ်သော ဝေဒနာများကို လိမ်းပေးရန်ဖြစ်ပြီး အထူးမှာ လူကြီးလူငယ်၊ ကလေးများ၊ ဒုက္ခရောက်စွာ ခံစားရသော ရင်ကျပ်ပန်းနာရောဂါကို ဂရုစိုက်၍ ကျောနှင့်ရင်ဘတ်ကို ခပ်ပါးပါးနှင့် မကြာခဏ လိမ်းပေးပါ။ (ထူထူပျစ်ပျစ်လိမ်းပြီး၊ စောင်ခြုံခြင်း၊ အဝတ်ပတ်ပေးခြင်း မပြုရပါ) ဆေးလိမ်းပေးသူသည် လက်ကို ဆပ်ပြာရေတို့ဖြင့် စင်ကြယ်အောင်ဆေးပါ (ပါးစပ်ထဲကို လုံးဝမဝင်ရပါ၊ ဆေးလိမ်းသောလက်ဖြင့် မျက်လုံးကို မပွတ်ရပါ) တော်သင့်ရုံ ကိုက်ခဲနာကျင်မှုကို ဆေးအစက်ချ၍ လိမ်းပါ။

ဇဝက်သာနှင့် သံလွင်ဆီသည် လွန်စွာပြင်းထန်၍ အစားအစာနှင့် မထိရပါ။ ဆေးလိမ်းသောလက်ကို နှုတ်ခမ်းနှင့် အသားနုများကို မထိ မကိုင်ပါနှင့်၊ ဆေးပုလင်းကို နေ့စဉ်လှုပ်ပေးရန် မမေ့ပါနှင့်၊ ဆေးပုလင်းပူနေလျှင်လည်း သံလွင်ဆီထပ်ရောပါ။



ထိုဆေးနည်းကို မှော်ဘီဆရာရွှေမင်း (တိုင်းရင်းမြန်မာသမားတော်) ကျောင်းဆရာ (ငြိမ်း) ရေကျော်ရွာ၊ ၁၉၈၆ ခုနှစ်တွင် ဆေးနည်းကိုပေးခဲ့သော ဦးလေးတော် ဆရာရွှေမင်းကို ကျေးဇူးတင်ဦးခိုက်ပါသည်။

စိုးထင်[illegible]

❒

www.burmeseclassic.com

www.burmeseclassic.com

# သက်သက်သာသာ အသက်ရှည်ပါ

ဇေဝမြင့်



စင်စစ်အားဖြင့် YOGA ယောဂ ကျင့်စဉ်သည် ရှေးလွန်လေပြီးသော ကာလ ဘုရားရှင်ကိုယ်တော်မြတ် ပွင့်တော်မမူမီကပင် ဟိမဝန္တာ၏ အလွန်တရာ နက်ရှိုင်းသော တောင်ခြေ၊ တောအုပ်များထဲတွင် သူတော်စင်၊ သူတော်ကောင်းများ၊ ရသေ့များ၊ ဖကီးများနှင့် ဆာဒူးများ အစရှိသော ပြာဟ္မဏပုဂ္ဂိုလ်ကြီးများသည် စွဲစွဲမြဲမြဲ ကျင့်ကြံကျိုးကုတ် အားထုတ်ခဲ့ကြသော သမထ အမျိုးအစား ဖြစ်လေသည်။

မည်သို့ပင်ဖြစ်စေ ရာစုနှစ်ပေါင်းများစွာ လွန်မြောက်ခဲ့သောအခါ ယခု ပစ္စုပ္ပန်ကာလတွင် ခေတ်မီနည်းစနစ် လေ့ကျင့်ခန်းတစ်ရပ်အဖြစ်သို့ ပြောင်းလဲလိုက်ကြသည်။

မူလကျင့်ခဲ့ကြသော တောထဲ တောင်ခြေ စသည့်နေရာမျိုးသို့ သွားစရာ မလိုတော့ဘဲ မြို့ပေါ်ရှိ GYM-NASIUM အားကစားခန်းမများတွင် အကူပစ္စည်းများနှင့် လွယ်လင့်တကူ လေ့ကျင့်နိုင်ကြလေပြီ။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် ခေတ်မီယောဂကျင့်စဉ်သည် မျက်မှောက်ခေတ် ကိုယ်ကာယအလှ လေ့ကျင့်ကြသော မိန်းမငယ်လေးများနှင့် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာဖိအား (STRESS) ဖြစ်ပေါ်သူ အမျိုးသား လူကြီး၊ လူငယ်များအတွက်လည်း ခေတ်စားနေလေသည်။

မကြာသေးမီက မနီလာသို့ ရောက်ရှိခဲ့သော မတ်ခ်လန်နာဆိုသော အမျိုးသားကြီးသည် ထို မနီလာသို့ ခရီးသွားရေးအတွက် ငွေကြေးရင်းနှီးမြှုပ်နှံ ဆောင်ရွက်ရန် ရောက်ရှိနေစဉ် ခန္ဓာကိုယ်နှင့်ပတ်သက်၍ တောင့်တင်းကိုက်ခဲသော ဝေဒနာတစ်ရပ်ကို ခံစားခဲ့ရသည်။

တစ်ချိန်တည်းမှာပင် စိတ်ပိုင်းဆိုင်ရာအနေနှင့်လည်း သူ၏ရင်ထဲတွင် ယခုအလျောက် တင်းကျပ်လာကာ စိတ်ဖိစီးမှု ဖြစ်ပေါ်နေသည်။

ထိုဖြစ်ရပ်နှင့်စပ်လျဉ်း၍ သူ၏ အပေါင်းအဖော်ကိုင်ဖက် မိတ်ဆွေတစ်ဦး၏ အကြံပေးချက်အရ ယောဂခေတ်မီနည်းဖြင့် လေ့ကျင့်ရာ နေရာတစ်ခုဖြစ်သော စားသောက်ဆိုင်ကာစားခန်းမသို့ ရောက်ရှိခဲ့ရသည်။

အကြံပေးသူ၏ အကြံဉာဏ်ကြောင့် ရောက်ရှိခဲ့ရသော်လည်း မတ်ခ်လန်နာ ကဲ့သို့သော ဥရောပတိုက်သားတစ်ယောက်အနေနှင့် အရှေ့အာရှနိုင်ငံတစ်ခုတွင် ခေတ်စားနေသော ယောဂီကျင့်စဉ်ကို ကြိုတင်အထင်ကြီးခြင်း မရှိပါချေ။

ပျောက်လိုပျောက်ငြား ခံစားနေရသော စိတ်နှင့်ခန္ဓာ ဖိစီးမှုသက်သာဖို့ ပဓာနဟူ၍ သဘောထားကာ ရောက်ရှိသွားခြင်းဖြစ်သည်။ ထိုအားကစားခန်းမသည် တည်းခိုဆောင်၏ ထောင့်ခန်း၊ တိတ်ဆိတ်ငြိမ်းချမ်းသောနေရာတစ်ခုအဖြစ် တည်ရှိသည်။ ထိုနေရာတွင် ယောဂကျင့်စဉ်နှင့်ပတ်သက်၍ နည်းပြတစ်ဦးက နည်းပေးလမ်းပြ အဖြစ်ဆောင်ရွက်နေသည်ကို တွေ့ရသည်။

"နေ့စဉ် မိနစ်အနည်းငယ်မျှလောက် လေ့ကျင့်ရုံနဲ့ သင်ခံစားနေရတဲ့ အလွန်တရာ မောပန်း နွမ်းနယ်မှု၊ အကြောနှင့်ကြွက်သားများ တင်းမာမှုတွေက လုံးဝသက်သာသွားစေလိမ့်မယ်၊ စိတ်ဖိစီးမှုတွေကိုလဲ အောင်မြင်စွာ ပြေပျောက်သွားစေနိုင်တယ်"

ဟူသော အာမခံချက်သည် မတ်ခ်အတွက် အားတက်စရာဖြစ်လာသည်။

မတ်ခ်သည် ရက်သတ္တတစ်ပတ်မျှ ယောဂကျင့်စဉ်ကိုကျင့်၍ ပြီးစီးသွားသောအခါ ထိုကျင့်စဉ်သည် သူ၏စိတ်ဖိစီးမှုတို့ကို လုံးလုံးလျားလျား ပျောက်ကွယ်သွားသည်အထိ ဖျက်ဆီးချေမှုန်းလိုက်သည့်ပမာ ပကတိ ပေါ့ပါးလန်းသော လူတစ်ယောက် ဖြစ်သွားသည်။


မတ်ခ်အား ယောဂကျင့်စဉ်နှင့်ပတ်သက်၍ သင်ကြားပြသသူ နည်းပြမှာ ပရာကက်ရှ်ဆင်း ဖြစ်သည်။


ထိုသူသည် ကိုယ်လုံး ကျစ်ကျစ်လျစ်လျစ်နှင့် နူးညံ့၍ ကြည်လင်သော



www.burmeseclassic.com

www.burmeseclassic.com






အသံဩဇာ ရှိသည်။ မျက်လုံးတစ်စုံက တောက်ပ နေသည်။

နည်းပြဖြစ်သူ ဆင်းသည် ကျောရိုး၊ ခြေလက်၊ ဦးခေါင်း အစိတ်အပိုင်း မပါသော ခန္ဓာကိုယ် (TORSO)၊ လည်ပင်းနှင့် လက်၊ ခြေ စသည့် ခန္ဓာကိုယ် အစိတ်အပိုင်း စသည်တို့ဖြင့် အစဉ်လိုက် ကိုယ်ဟန်အနေအထား အစရှိသည်တို့ကို တစ်ခုချင်း အကြောလျှော့စေသည်။

ထို့နောက် ညင်သာစွာ အသက်ရှူခြင်း၊ ရှူထုတ်ခြင်းတို့ကို လူသစ်တန်း အတွက် အစိတ်အပိုင်း တစ်ခုချင်းစီ အတွက် ၁၅ မိနစ်မှ မိနစ် ၃၀ အတွင်း လေ့ကျင့်ခန်း ပြုလုပ်စေသည်။

"ခန္ဓာကိုယ်အစိတ်အပိုင်းတစ်ခုချင်းနဲ့ အကြောများအားလုံးကို အတင်း အဓမ္မဆွဲဆန့်စရာ မလိုပါဘူး၊ ခန္ဓာကိုယ်က တတ်နိုင်သမျှလောက်ပဲ၊ သက်သောင့်သက်သာ လုပ်ရမှာပါ၊ ဒါဟာ အားကစားပြိုင်ပွဲကျင်းပနေတာ မဟုတ် ပါဘူး"

ဟူ၍ နည်းပြဆရာ ဆင်းက ပြောသည်။

မတ်ခ်သည် ပထမဆုံးလေ့ကျင့် ခန်းနှင့်ပင် ခန္ဓာကိုယ်နှင့် စိတ်ပိုင်းဆိုင် ရာ တင်းကျပ်နေမှုများ လျော့ပါးသွား သည်။ ကျန်းမာ လန်းဆန်းလာသည်

www.burmeseclassic.com

ထို့ကြောင့် သူသည် ဒုတိယအပိုင်း လေ့ကျင့်ခန်းများကိုပါ စိတ်ပါဝင်စားလာသည်။

ယောဂ YOGA ဆိုသည်မှာ သင်္ကရိုက်ဘာသာအားဖြင့် မတူကွဲပြားခြားနားသော အစိတ်အပိုင်းများကို တစ်ခုတည်းဖြစ်စေရန် ပေါင်းစပ်ခြင်းအားဖြင့် INTEGRATION ဖြစ်သည်။ ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာနှင့် စိတ်ပိုင်းဆိုင်ရာတို့ကို နာမ်အတိုင်းအတာတစ်ခုအထိ ရောက်ရှိစေသည်။

ယခုအခါတွင် နိုင်ငံတကာတွင် ရင်းနှီးကျွမ်းဝင်နေသော အသုံးအနှုန်းဖြစ်သည့် အာသနနှင့် ပရာနာယာမ ASANAS AND PRANA-YAMA (အသက်ရှူ နည်းစနစ် ထိန်းသိမ်းမှု) တို့တွင် အဆင့် ၂ ဆင့်ရှိသည်။

အခြား အခြေခံအချက်အလက်များမှာ ကိုယ်ကျင့်တရားဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များ၊ မိမိကိုယ်မိမိ ချုပ်တည်းခြင်း၊ စိတ်ပိုင်းဆိုင်ရာ ထိန်းသိမ်းခြင်းနှင့် ကမ္မဋ္ဌာန်းထိုင်ခြင်းများပင် ဖြစ်သည်။

ယခု ပစ္စက္ခကာလတွင် ယောဂကျင့်စဉ်ဆိုင်ရာ လေ့ကျင့်ရေးခန်းမများသည် အရှေ့အာရှသာမက ကမ္ဘာတစ်ဝန်းလုံးသို့ပင် ပျံ့နှံ့ရောက်ရှိနေလေပြီ။

ထိုကျင့်စဉ်နှင့် ပတ်သက်၍ အကျိုးကျေးဇူး ခံစားရခြင်းများကို ကိုယ်တိုင်ကိုယ်ကျ ကြုံတွေ့ရသော အတွေ့အကြုံများအဖြစ် ဆန်အန်တိုနီယိုရှိ တက္ကဆက် ကျန်းမာရေးသိပ္ပံစင်တာ တက္ကသိုလ်တွင် ဒေါက်တာရစ်ချက်ယူစတိုင်းက အဖြေတစ်ခု ထုတ်ပြခဲ့သည်။

"အကြောင်နာတရားနဲ့ စာနာထောက်ထားမှုရှိတဲ့ စိတ်လှုပ်ရှားမှုစနစ်ကို တည်ငြိမ်စေတယ်၊ အဲဒီစိတ်လှုပ်ရှားစေတဲ့ အစိတ်အပိုင်းဟာ တက်ကြွလာတဲ့အခါမှာ ကျောက်ကပ်ဆိုင်ရာ အားထည့်ပေးလိုက်ခြင်းအားဖြင့် နှလုံးနဲ့ ဝင်သက်ထွက်သက်ကို အရှိန်တစ်ခုဖြစ်စေတယ်၊ ဒါဟာ ကျွန်ုပ်တို့ပူးပေါင်းဆောင်ရွက်နေကြတဲ့ ယောဂကျင့်စဉ်ရဲ့ သက်သောင့်သက်သာဖြစ်စေမှုကို ထိရောက်စွာ ကူညီခြင်းတစ်ရပ်ပဲ"

YOGA RX စာအုပ်ကို တွဲဘက်ရေးသားပြုစုခဲ့သူ USATINE ကလည်း အသက်ရှူခြင်းဆိုင်ရာ အကျိုးသက်ရောက်မှုများသည် ခန္ဓာကိုယ်ရုပ်ပိုင်းဆိုင်ရာသာမက စိတ်ပိုင်းဆိုင်ရာတွင်လည်း အားဖြည့်ပေးကြောင်း ဖော်ပြခဲ့သည်။

ရှာရယ်လ်ကက်ဒလီနား ဆိုသော နိုင်ငံတကာ ခရီးသွားလုပ်ငန်းဆိုင်ရာ အမျိုးသမီးက သူမ၏ အတွေ့အကြုံကို ပြောပြရာတွင်. . .

"ယောဂကျင့်စဉ်ကို ကနဦးအစမှာ ကျွန်မအနေနှင့် ထူးထူးဆန်းဆန်း အတွေ့အကြုံတစ်ခုလို သဘောထားပြီး ခေတ်စားနေတဲ့ လေ့ကျင့်ခန်းတစ်ခုအနေနဲ့ စမ်းသပ်လေ့ကျင့်ခဲ့တာပါ၊

ဒါပေမယ့် အခုတော့ ကျင့်စဉ်သင်တန်း ၅၀ အထိ တက်ရောက်သင်ယူခဲ့တယ်၊ ခံစားမှုတွေ တည်ငြိမ်ဖို့နဲ့၊ စိတ်ဖိစီးမှုတွေအတွက်ဆိုရင် ယောဂကျင့်စဉ်ဟာ ဘာကောင်းသလဲ မမေးနဲ့ ကျွန်မတော့ အရမ်း အရမ်းကို စွဲလမ်းနေပြီ၊ တစ်နေ့ တစ်နေ့ မကျင့်တဲ့နေ့ဆိုတာ မရှိသလောက်ပဲ"

ဟူ၍ အားရပါးရ ပြောပြခဲ့လေသည်။

BREATHE EASY ဆောင်းပါးကို ရေးသားသူ မတ်ခ်လန်နာက နိဂုံးချုပ်အနေနှင့် ဖော်ပြရာတွင်. . .

"ကျွန်တော့်အတွက် ယောဂကျင့်စဉ်ကို တစ်နှစ်လောက် လေ့ကျင့်ခဲ့တဲ့အတွက် ဘယ်လို အကျိုးသက်ရောက်မှုတွေ ရရှိသလဲဆိုရင် အံ့ဩစရာကောင်းလောက်အောင် စိတ်ဖိစီးမှုတွေ လျော့ပါး ပပျောက်သွားတယ်။

ခန္ဓာကိုယ်တစ်ခုလုံးလဲ ထူးထူးခြားခြား ကျန်းမာသန်စွမ်းလာတယ်၊ လှုပ်ရှားမှုတွေလဲ အရမ်းကို သိသိသာသာကြီး သွက်လက်ဖျတ်လတ်လာတယ်၊ အိပ်ရေးဝဝနဲ့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တယ်။

အခုဆိုရင် ကျွန်တော် မနက်တိုင်း ယောဂကျင့်စဉ်ကို အနည်းဆုံး မိနစ်သုံးဆယ်လောက် လုပ်ဖြစ်တယ်၊ ညနေဘက်လဲ တစ်ခါတစ်ရံ လေ့ကျင့်ပါတယ်" ဟူ၍ ပါရှိသည်။

ယခုအခါတွင် သူသည် ယောဂကျင့်စဉ်နှင့် ပတ်သက်သော စာအုပ်တစ်အုပ်နှင့် ဗွီဒီယိုတိပ်တစ်ခွေ၊ သင်တန်းဖွင့်လှစ်၍ နည်းပြအဖြစ် သင်ကြားပေးခြင်း၊ သူ၏အတွေ့အကြုံများအပေါ်တွင် အခြေခံ၍ ထပ်မံလေ့လာဆည်းပူးရန် (ယောဂီကျင့်စဉ် ပြန့်ပွားရာ ဒေသတစ်ခုဖြစ်သော)အိန္ဒိယသို့လည်း မကြာခဏ သွားရောက်လေ့လာ ဆည်းပူးခဲ့သည်။

သူသည် INTERNATIONAL ASSOCIATION OF YOGA THERAPISTS တွင် ဒါရိုက်တာအဖြစ် ဆောင်ရွက်လျက်ရှိသည်။

* R/D NOVEMBER မှ MARC LERNER ရေးသားသော BREATHE EASY ကို ဆီလျော်အောင် ပြန်ဆိုသည်။


ဆွေမြင့်

❐

www.burmeseclassic.com

# အကြောတက်ရောဂါကို ဘယ်လိုကာကွယ်မလဲ

ရီရီမွှေး



အကြောတက် ရောဂါသည် အရိုးအဆစ်များ၏ အနီးပတ်ဝန်းကျင်၌ ရှိသော ကြွက်သားနှင့် အရွတ်နာခြင်း တို့ကြောင့် ဖြစ်သော ရောဂါဖြစ်ပါသည်။ ထိုရောဂါကြောင့် အရိုးအဆစ်များ ကိုက်ပြီး နေရာအနှံ့အပြား နာလာတတ်ပါသည်။

အချို့သူများသည် အကြောင်းအမျိုးမျိုးကြောင့် စိတ်ပူပန်မှုဖြစ်ပြီး ညအခါ၌ ကောင်းစွာအိပ်မပျော်ပေ။ ထိုသို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်သောကြောင့် ကြွက်သားများ အနားမရဘဲ တောင့်တင်းကာ နာကျင်ကိုက်ခဲခြင်း ဖြစ်ပါသည်။ ညအခါတွင် ကြွက်သားများ ပျော့ပျောင်းရမည့်အစား အနားမရသဖြင့် တောင့်တင်းကာ နံနက်ပိုင်းတွင် ကြွက်သားနှင့် အရိုး အဆစ်တို့တွင် နာကျင်မှု ဖြစ်လာပါသည်။

အခြားသော အရိုးအဆစ်ရောဂါဖြစ်သော ဂေါက်ရောဂါ၊ အဆစ်ရောင်ရောဂါ၊ ဒူးနာ၊ လေးဖက်နာတို့သည် အရိုးအဆစ် နေရာများတွင် ကိုက်ခဲနာကျင်သော်လည်း အကြောတက်ရောဂါ ခံစားရသူများ၌ အဆစ်၊ အကြောအသား စသည့် နေရာအနှံ့အပြား နာကျင်လာတတ်သည်။နာကျင်ကိုက်ခဲသောနေရာ ၁၀ ခုထက်ပိုလျှင် အကြောတက်ရောဂါဖြစ်ကြောင်း သိရှိနိုင်ပါသည်။

အကြောတက် ရောဂါသည် လူဦးရေ၏ (၅၀)ရာခိုင်နှုန်းခန့် ဖြစ်တတ်သဖြင့် အဖြစ်များသောရောဂါဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းသဘောအရ အချိန်ကြာမြင့်စွာ ထိုင်၍ အလုပ်လုပ်ရသူများ၊ အချိန်ကြာမြင့်စွာ မတ်တတ်ရပ်၍လုပ်ရသူများလည်း အကြောတက်ရောဂါ ဖြစ်ပွားကြောင်း တွေ့ရှိရပါသည်။

အကြောတက် ရောဂါရှင်တို့သည် ကြွက်သားများနာကျင်ခြင်းအပြင် အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာ ချို့ယွင်းမှု ရှိလျှင်လည်း ဖြစ်တတ်ပါသည်။ ထိုသူများသည် အစာစားရာတွင် အစာမကြေဖြစ်ခြင်း၊ ဆို့နင့်နင့်ဖြစ်ခြင်း၊ ဝမ်း ခဏခဏသွားခြင်း၊ ဝမ်းသွားချင်လျှင် မထိန်းချုပ်နိုင်ခြင်း ဖြစ်တတ်ပါသည်။ ထိုရောဂါမှာ ခံရခက်သော နာကျင်ကိုက်ခဲမှုမျိုး ဖြစ်ပါသည်။

- ညအချိန်အခါ၌ ကောင်းစွာ အိပ်မပျော်ခြင်း၊
- အစာအိမ်နှင့် အူလမ်းကြောင်း ချို့ယွင်းမှု တစ်ခုခုဖြစ်နေခြင်း

အထက်ပါ အကြောင်းအချက်များ ဖြစ်နေပါက ဆရာဝန်နှင့် အမြန်ဆုံးပြသရန် လိုအပ်နေပြီ ဖြစ်ပါသည်။

- ထိုရောဂါသည် အသက်အရွယ် ငယ် ရွယ်သူများ၌ အဖြစ်များပြီး အသက် ၂၀ ကျော် အရွယ်




www.burmeseclassic.com

www.burmeseclassic.com

အသက် ၃၀ကျော် အရွယ်များတွင် ပိုမို ဖြစ်တတ်ပါသည်။

- အမျိုးသမီးများသည် အမျိုးသားများထက် ပိုမိုအဖြစ်များကြောင်း တွေ့ရှိရပါသည်။
- အထူးသဖြင့် အချို့သော သွေးဆုံးခါနီး အမျိုးသမီးများတွင် ဖြစ်တတ်ကြောင်း တွေ့ရှိရပါသည်။

ထို့ပြင် အောက်ပါအကြောင်းအချက် ရှိသူများလည်း ဤရောဂါ ဖြစ်တတ်ပါသည်။



**အကြောတက်ရောဂါ အဖြစ်များသူများ**

- အလုပ်လုပ်ရာတွင် မိမိစွမ်းဆောင်နိုင်သည့် အားထက်ပို၍ အလုပ်လုပ်သူများ၊
- စိတ်ဖိစီးမှု များသူများ၊
- အလုပ်အကိုင်မရှိ၍ စိတ်ပျံ့လွင့်နေသူများ၊
- ခန္ဓာကိုယ် လှုပ်ရှားမှု နည်းသူများ၊

**အကြောတက်ရောဂါအတွက် စမ်းသပ်စစ်ဆေးချက်များ**

- ဓာတ်မှန်ရိုက်ခြင်း၊

ဓာတ်မှန်ရိုက် စစ်ဆေးရာတွင် အရိုး အဆစ်များတွင် ရောဂါရှိကြောင်း မတွေ့ရပေ။ ပုံမှန် လူကောင်းအတိုင်းသာ တွေ့ရှိရပါသည်။

**သွေးစစ်ဆေးခြင်း**

သွေးထဲတွင် ယူရစ်အက်စစ်များ မများ စစ်ဆေးရမည်။ သွေးစစ်ချက် အဖြေမှာ ပုံမှန်လူကောင်းအတိုင်းသာ ဖြစ်ပါသည်။

သွေးထဲတွင် လေးဖက်နာ ရှိမရှိ စစ်ဆေးရာတွင် မရှိကြောင်း တွေ့ရှိရမည့် အကြောတက်ရောဂါသည် အခြားရောဂါများနှင့်မတူဘဲ သွေးစစ်ဆေးချက်အဖြေတွင် အားလုံးကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။

**အကြောတက်ရောဂါဖြစ်ခြင်းကို ဆန်းစစ်လေ့လာသောအခါ**

- အလုပ်ရှုပ်ခြင်း၊ စိတ်ညစ်ညူးစရာရှိခြင်းတို့ကြောင့် စိတ်ဖိစီးမှုဖြစ်ကာ ညအခါတွင် အိပ်မပျော်ခြင်း (သို့မဟုတ်) မကြာခဏ လန့်နိုးခြင်း၊
- အစာအိမ်နှင့် အူလမ်းကြောင်း၌ ရောဂါတစ်ခုခုရှိခြင်း၊
- လည်ပင်း၌ ဆို့နင့်နင့်ဖြစ်ခြင်း၊
- ဝမ်း ခဏ ခဏသွားခြင်း၊
- ဝမ်းသွားရာတွင် မထိန်းချုပ်နိုင်ခြင်း၊

အထက်ပါ ရောဂါလက္ခဏာများကို တွေ့ရှိရပြီး အသား၊ အဆစ်၊ ကြွက်သား စသည့် နေရာအနှံ့အပြားတွင် နာကျင်ကိုက်ခဲနေပါက အကြောတက်ရောဂါ စတင်နေပြီဖြစ်ကြောင်း သိရှိနိုင်ပါသည်။

**အကြောတက်ရောဂါအတွက် ကုသချက်များ**

ထိုသို့ မိမိ၌ အထက်ပါ ရောဂါလက္ခဏာ ပြနေပါက ဆရာဝန်ကြီးများနှင့်ပြသကာ ကုသမှု ခံယူသင့်ပါသည်။

- အိပ်စက်ခြင်း မမှန်သော လူနာများကို အိပ်ချိန်မှန်အောင် အိပ်ဆေး ပေးခြင်း၊
- တောင့်တင်းနေသော ကြွက်သားများ ပျော့ပျောင်းစေသည့် ဆေး ပေးခြင်း၊
- စိတ်ဖိစီးခြင်းအတွက် ဝေဒနာရှင်နှင့် နှစ်သိမ့်ဆွေးနွေး အကြံပေးခြင်း စသည်တို့ ပြုလုပ်ပေးရမည်။

**အိပ်မပျော်ခြင်းနှင့် မသင့်တင့်သော အစားအစာများ**



အိပ်မပျော်ခြင်းသည် လူသားတို့အတွက် ကျန်းမာရေးကို ထိခိုက်စေသည့်အချက် ဖြစ်ပါသည်၊ တာရှည်စွာ အိပ်မပျော်ပါက ပင်ပန်းနွမ်းနယ်ခြင်း

www.burmeseclassic.com

www.burmeseclassic.com

အာရုံစူးစိုက်၍ မရခြင်း၊ ကိုယ်လက်မအီမသာဖြစ်ကာ စိတ်မလန်းဆန်းခြင်းတို့ ဖြစ်လာဝါသည်။

အိပ်မပျော်ခြင်း၏ အဓိက အကြောင်းရင်းများတွင် စိုးရိမ်သောက ဖြစ်ခြင်းကြောင့်ဖြစ်သည်။စိုးရိမ်သောကများလာလေလေ ခန္ဓာကိုယ်ပင်ပန်းနွမ်းနယ်လေလေဖြစ်ပြီး စိတ်ကို နှိပ်စက်ညှဉ်းပန်းစေပါသည်။ ထိုသူများသည် ခေတ္တမျှ အိပ်သွားပြီး ပြန်နိုးလာလေ့ရှိသဖြင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခြင်း မဖြစ်ပေ။ အိပ်မပျော်တတ်သူများသည် ညစာထမင်း အလွန်အကျွံ မစားသင့်ပါ။

- ညအိပ်ခါနီးအချိန်တွင် အရက်၊ ကော်ဖီ၊လက်ဖက်ရည်မသောက်သင့်ပါ။
- နေ့လယ်နေ့ခင်းတွင် တစ်ရေးမအိပ်သင့်ပါ။
- ညအခါ ရေများများ မသောက်ပါနှင့်။ ညဘက်တွင် ဆီး ခဏခဏသွားခြင်းသည် အိပ်ပျော်ခြင်းကို အနှောင့်အယှက်ဖြစ်စေပါသည်။
- ကဖိန်းဓာတ်ပါဝင်သော ကိုလာအချိုရည်များကို ညအိပ်ခါနီး မသောက်သင့်ပါ။
- အဆီများပြီး အမွှေးအကြိုင်ထည့်ထားသော အစားအစာ (ဥပမာ-ဒံပေါက် မစားသင့်ပါ)
- ဒိန်ခဲ၊ ထောပတ် မစားသင့်ပါ။

**စားသင့်သောအစားအစာ**

- မလိုင်တစ်ဝက် ထုတ်ထားသော နို့နှင့် နို့ထွက်ပစ္စည်း၊ ဟင်းသီးဟင်းရွက်၊ ပဲပိစပ်၊ ဆာဒင်းငါး၊ ဂျုံဖြင့် လုပ်ထားသောမုန့်များ၊ အခွံမာသီးနှင့် သစ်စေ့များ၊ အာလူး၊ ပန်းဂေါ်ဖီစိမ်း၊ ငှက်ပျောသီး၊ ပဲအမျိုးမျိုး

**အကြောတက်ရောဂါအတွက် တာကွယ်ခြင်း**

- ထိုသူများသည် ချွေးထွက်စေမည့် လေ့ကျင့်ခန်းဖြစ်သော စက်ဘီးစီးခြင်း၊ အေရိုးပစ် လေ့ကျင့်ခန်း၊ အလေးဖြင့် လေ့ကျင့်ခန်းယူခြင်း၊ လေ့ကားထစ် တက်ခြင်း၊ လေ့လျှော့ခြင်း၊ အပြေးလေ့ကျင့်ခန်း ယူခြင်း၊ လမ်းလျှောက်ခြင်း (လမ်းလျှောက်ရာတွင် ချွေးထွက်အောင် ပြင်းပြင်းလမ်းလျှောက်ပါ။)
- လေ့ကျင့်ခန်း ပြုလုပ်သည့်အခါ အနည်းဆုံး နာရီဝက်ခန့်ပြုလုပ်ပါ။ ထိုအခါ မောပန်းသွားပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပေမည်။

**အစာအိမ်နှင့် အူလမ်းကြောင်း ချို့ယွင်းမှုကြောင့်ဝမ်းပြဿနာရှိလျှင်**

- ဝမ်းသွားခြင်း ရပ်နားအောင် ဆေး သောက်ပါ။
- တာရှည် ဝမ်းသွားပါက ရေငတ်ခြင်း၊ မောပန်း နွမ်းနယ်ခြင်း၊ အရည်နှင့်သတ္တုဓာတ်များဆုံးရှုံးစေနိုင်ပါသည်။
- ထိုသူများအတွက် ဓာတ်ဆားရေ သောက်ပေးပါ။
- အလွယ်တကူ အစာကြေညက်လွယ်သည့် ငါး၊ ကြက်သား စွပ်ပြုတ် စားပေးပါ။
- အသားကင်၊ အာလူးချောင်းကြော် အစရှိသော ဆီကြော်မုန့်မစားသင့်ပါ။

အကြောတက် ရောဂါသည် အသက်ကို အန္တရာယ်ပေးသည့် ရောဂါမဟုတ်သော်လည်း နာကျင်ကိုက်ခဲနေသဖြင့် ခံရခက်သောရောဂါမျိုးဖြစ်သည်။ ၎င်းရောဂါသည် စိတ်ဖိစီးမှုနှင့် ဆက်နွယ်နေသည့်အတွက် မည်သည့် အစားအစာမျှ စားချင်စိတ်မရှိပေ။ အအိပ်မမှန်၊ အစားမမှန်ပါက ရေရှည်တွင် ကျန်းမာရေး ချို့ယွင်းလာနိုင်ပါသည်။

- ပထမဦးစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်စက်နိုင်ရန် လိုအပ်ပါသည်။ အိပ်စက်ခြင်းကိုအနှောင့်အယှက် ဖြစ်စေသည့် လက်ဖက်၊ လက်ဖက်ရည်၊ ကဖိန်းဓာတ် ပါသော အစားအစာများကို ရှောင်ကြဉ်သင့်ပါသည်။
- အာဟာရဓာတ် ကြွယ်ဝသော အစားအစာ၊ အစာကြေလွယ်သော အစားအစာ (ဆန်ပြုတ်နှင့် ပျော့သောအစာ စားပါ)
- အဆီနှင့် သကြား များပြားစွာ ပါဝင်သောအစားအစာကို မစားသုံးသင့်ပါ။
- ခန္ဓာကိုယ် ချွေးထွက်စေမည့် လေ့ကျင့်ခန်းများ မှန်မှန်လုပ်ပါ။
- ထိုရောဂါရှိသူများသည် ဝမ်းလွယ်ခြင်း၊ ဝမ်းမထိန်းချုပ်နိုင်ခြင်း ဖြစ်တတ်သဖြင့် ဝမ်းသွားနိုင်သည့် အစားအစာမျိုး ရှောင်ကြဉ်ပါ။
- အကယ်၍ ဝမ်းများများသွားလျှင် ရေဓာတ်နှင့် သတ္တုဓာတ်များ ဆုံးရှုံးစေနိုင်သည့်အတွက် ဓာတ်ဆား သောက်ပေးပါ။
- ထိုရောဂါရှိသူများသည် အစာမကြေ ဖြစ်တတ်သဖြင့် အစာမကြေနိုင်သည့် မာကြောသော အစားအစာ၊ ကောက်ညှင်းများ မစားသင့်ပါ။
- အကြောတက်သူအား နှိပ်နယ်ပေးခြင်း ပြုလုပ်ပေးပါ။

အချုပ်ဆိုရသော် အကြောတက် ရောဂါသည်အခြားရောဂါများနှင့်မတူဘဲ ရောဂါလက္ခဏာသုံးမျိုး ပါဝင်နေသဖြင့် ထိုသုံးမျိုးနှင့် သင့်တင့်သော အစားအစာ၊ နေထိုင်မှုပုံစံ၊ ဆေးများကို စားသောက်နေထိုင်နိုင်ခြင်းသည် အဓိက အချက် ဖြစ်ပါသည်။ မှန်ကန်သော ကုသမှုများနှင့် သင့်တင့်သောပုံစံဖြင့် နေထိုင်စားသောက်ခြင်းဖြင့် ဤရောဂါမှ ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

*Ref: Fibromyalgia From Internet*

www.burmeseclassic.com

www.burmeseclassic.com

# အာဟာရပြည့် ဆေးဖက်ဝင် သီးနှံအစားအစာများ

သုတေသီ ဆရာငြိမ်း



## ကျောက်ဖရုံသီး
### ၏ ဆေးဖက်ဝင် အစွမ်းထက်မှုများ

ကျောက်ဖရုံသီးသည် စားသောက်ဖွယ် သီးနှံတစ်မျိုး ဖြစ်သည်သာမက လွန်စွာမှ ဆေးဖက်ဝင် အစွမ်းထက်လှသည်။ ကျောက်ဖရုံသီးကို အိမ်ရှင်မများအနေဖြင့် ဟင်းခါးချက်၍ လည်းကောင်း၊ ဟင်းလျာချက်၍ လည်းကောင်း စားသောက်တတ်ကြသလို ကျောက်ဖရုံယိုထိုး၍လည်း သုံးဆောင်တတ်ကြပါသည်။

ထို့ပြင် မိုးကြိုးလွဲသည်ဟု ယူဆကာ တချို့သော အိမ်များ၌ ကျောက်ဖရုံသီးအား ဆိုင်းဖြင့် ချိတ်ဆွဲထားလေ့ရှိကြသည်။ တာရှည်အထားခံသော အသီးလည်း ဖြစ်သည်။ မိုးကြိုးစက်ကွင်းမိ၍ မေ့မြောနေသူဆိုလျှင် ကျောက်ဖရုံသီးအား အတုံးကလေးများ တုံးတစ်၍ အုံပေးလေ့ရှိသည်။ တစ်ဖန် အပုပ်နံ့ကို ထိန်းထားနိုင်စွမ်း ရှိသည်ဟု ယူဆလျက် အသုဘ ရုပ်အလောင်းကို ရက်အတန်ကြာ ထားလိုပါက ကျောက်ဖရုံသီးကို ရုပ်အလောင်းအနီး၌ ထားလေ့ရှိကြသည်။


ကျောက်ဖရုံနှင့် စပ်လျဉ်း၍ အရိုး၊ အပွင့်၊ အသီး၊ အစေ့၊ အမြစ်တို့သည် လွန်စွာမှ အသုံးဝင်၏။ အထူးသဖြင့် အသီးကို ပို၍ အသုံးပြုလေ့ ရှိကြသည်။ မြန်မာ့ဆေးကျမ်းများ အလိုအရ ကျောက်ဖရုံသီးသည် ချို၍ အနည်းငယ် ငန်သော အရသာရှိ၏။ အားကို တိုးပွားစေ၏။ သည်းခြေကို နိုင်၏။ မှည့်သောအသီးသည် ဝမ်းမီးကို တောက်စေ၏။ ဆီးအောင့်ခြင်း၊ ဆီးချုပ်ခြင်း၊ ကျောက်ကပ်တွင် ကျောက်တည်ခြင်း၊ ခံတွင်းပျက်ခြင်း၊ သွေးလေဖောက်ပြန်ခြင်း အစရှိသည်တို့ကို ပျောက်ကင်းစေ၏။

ကျောက်ဖရုံသီး အစိမ်းသည် အေး၏။ အမှည့်သည် အနည်းငယ် အေး၏။ ဒေါသသုံးပါးကို ကြေပျက်စေ၏။ အာဟာရကို ဖြစ်စေ၏။ ကာမသုခကို ဖြည့်ဆည်းပေး၏။ ဝမ်းပျော့ပျော့ သွားစေ၏။ သွေးထွက်လွန်းက တိတ်စေ၏။ ပြဒါးအဆိပ်ဖြေဆေးအတွက် ပေးရန်သင့်၏။

ကျောက်ဖရုံသီးသည် ချောင်းဆိုးသွေးပါခြင်းနှင့် ကိုယ်ခန္ဓာအတွင်း အင်္ဂါအစိတ်အပိုင်းများမှ သွေးထွက်ခြင်း၊ သွေးအန်ခြင်း၊ သွေးကျခြင်းတို့ကို ပျောက်ကင်းစေ၏။ အဆုတ်ရောဂါကြောင့် အားအင်ကုန်ခန်းခြင်းအတွက် အာဟာရဖြစ်စေ၏။

ကျောက်ဖရုံသီး၌ အချိုမျိုး၊ အခါးမျိုးတို့ ရှိကြပေရာ အချိုမျိုးထဲမှ ထွန်းပြီး ခါးသောအသီးမျိုးလည်း ရှိသေး၏။ အင်္ဂလိပ်ဆရာများအနေဖြင့် ၎င်းအခါးသီး၏ အဆန်ဖြင့် ဆေးဒန်းကို ဖမ်းလေ့ရှိကြ၏။ ကျောက်ဖရုံအခါးသီးသည် ရိုးရိုးကျောက်ဖရုံထက် အဆုတ်ရောဂါများတွင် ပိုမိုအစွမ်းထက် ပျောက်ကင်းသည်ဟု အဆိုရှိလေသည်။

ကျောက်ဖရုံ၏ အရိုးနှင့်စပ်လျဉ်း၍ ယောအတွင်းဝန် ဦးဖိုးလှိုင်၏ ဥတုဘောဇနသင်္ဂဟကျမ်း၌ ကြေခဲ၏။ ချို၏။ စဉ်းငယ်ငန်၏။ နှုတ်ကို မြိန်စေတတ်၏။ လေသလိပ်တို့ကို နိုင်၏။ ဆီးချုပ်သောအနာ၊ ဆီးကျောက်တည်သော အနာတို့ကို နိုင်၏ ဟူ၍ ဖော်ပြထားပေသည်။



www.burmeseclassic.com

(၁) ကာလဝမ်းရောဂါ ဖြစ်နေသလား

ကာလဝမ်းရောဂါ ဖြစ်ပွားနေပါက ကျောက်ဖရုံပွင့် သုံးမူးသားကို ကြိတ်၍ စားပေးပါက သက်သာပျောက်ကင်း သွားပါလိမ့်မည်။

(၂) သန်ကောင်း တုတ်ကောင်တွေ ထနေလျှင်

ကျောက်ဖရုံစေ့ ငါးမတ်သားကို ကြိတ်ပြီးသောက်ပါ။ နူးညံ့သော ဝမ်းနုတ်ဆေးကို သောက်ပေးပါက ဝမ်းတွင်းရှိ ပိုးများ ကျဆင်းသွားပါလိမ့်မည်။

(၃) ချောင်းဆိုး ရင်ကျပ်း ပန်းနာရောဂါ ထနေလျှင်

ကျောက်ဖရုံမြစ်ကို ရေနွေးနှင့် သောက်ပေးပါက ချောင်းဆိုး၊ ရင်ကျပ်၊ ပန်းနာရောဂါများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။


(၄) ဆီးအောင့်ခြင်း၊ ဆီးအိမ်ရောင်ခြင်း၊ ဆီးကျောက် တည်ခြင်းတို့အတွက်

ကျောက်ဖရုံသီး သတ္တုရည် ၃ ကျပ်သားတွင် ရှိန်းခို နှင့် ဂျုံပြာဆား အနည်းငယ်ထည့်၍ သောက်ပေးပါက သက်သာပျောက်ကင်းသွားပါလိမ့်မည်။ [ကျောက်ဖရုံသီး သတ္တုရည် ၁၈ ကျပ်သားတွင် ထောပတ် ၁ ကျပ်သား၊ နွယ်ချိုမှုန့် ၁ ကျပ်သားတို့ကို အိုးတစ်လုံးတွင် ထည့်ကာ မီးမျှဉ်းမျှဉ်းဖြင့် ချက်ပါ။ တစ်ကျပ်သားခန့်ကျန်လျှင် ဖိုပေါ်မှချ၍ သုံးခွက်စာ ပြုကာ သောက်ပေးပါက ဝက်ရူးပြန်ရောဂါ ပျောက်ကင်းစေပါသည်။]

(၅) လေနာရောဂါ ထနေလျှင်

ကျောက်ဖရုံသီး သတ္တုရည် ၁ ကျပ်သားတွင် ကုံကုမံ ၁ရွေးသား နှင့် သကြားတို့ကို ရေဖျော်လျက် သုံးခွက်စာပြုကာ တိုက်ကျွေးပါက လေနာရောဂါ သက်သာပျောက်ကင်းစေပါသည်။

❋





# ဩဇာသီး

## ၏ ဆေးပက်ဝင် အစွမ်းထက်မှုများ

ဩဇာသီးမှည့်၏ အရသာသည် လွန်စွာမှ ထူးကဲချိုမြိန်လှသည်။ ဒီအတွက် လူကြီး လူငယ်မရွေး နှစ်သက်စွာ စားသုံးလေ့ရှိကြသည်။ ဩဇာသီးကို သရေစာအချိုပွဲအဖြစ် သာမက နွားနို့နှင့်ရော၍ မစ်ရှိတ်အဖြစ် လည်းကောင်း၊ ယိုဂျယ်လီ၊ ရေခဲမုန့်၊ ဖျော်ရည်အဖြစ် လည်းကောင်း၊ ကိတ်မုန့်များတွင် အရသာပိုမိုကောင်းမွန်စေရန်အတွက် လည်းကောင်း အမျိုးမျိုး ပြုလုပ်စားသုံးကြသည်။

ဩဇာပင်သည် ကမ္ဘာတစ်ဝန်းတွင် ပေါက်ရောက်လေ့ရှိပြီး ပူနွေးစွတ်စိုသော မြေမျိုးတွင် ကောင်းစွာဖြစ်ထွန်းသည်။ ဩဇာပင်သည် အစေ့မှ အပင်ပေါက်နိုင်သည့်အပြင် ကိုင်းကူး ကိုင်းဆက်နည်းဖြင့်လည်း ရှင်သန်အောင် စိုက်ပျိုးနိုင်လေသည်။ အစေ့မှစိုက်သော အပင်သည် အသီးနောက်ကျတတ်ပြီး ကိုင်းကူး၍ စိုက်ပေးပါက အပင်သည် တစ်နှစ်သားအရွယ်မှစ၍ အသီးသီးတတ်ပေသည်။

အပင်သည် လောင်းရိပ်မိနေလျှင် နှစ်အတော်ကြာသည်အထိ အသီး မသီးတတ်ပေ။ ရှင်သန်ရာ ရာသီဥတုအပေါ် မူတည်၍ အသီးအရွယ်အစား ကွဲပြားတတ်ပါသည်။ ဩဇာပင်သည် မြန်မာနိုင်ငံ အလယ်ပိုင်းဒေသများတွင် သဘာဝအလျောက် အလေ့ကျပေါက်ရောက်ပြီး ပြင်ဦးလွင်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးနှင့် ကရင်ပြည်နယ်တို့တွင် မိုးလယ်ကာလမှစ၍ အသီးလှိုင်လှိုင် ထွက်ရှိပေသည်။

ဩဇာသီးတွင် သိုင်ယာမင် ဘီဝမ်း၊ ဗီတာမင် အေး ဗီတာမင် ဘီ၊ ဗီတာမင် စီ၊ ကစီဓာတ်၊ အက်စစ်ဓာတ်၊ ပရိုတင်း၊ ဇင့်၊ ကော့ပါး၊ ပိုတက်စီယမ်၊ သဘာဝသကြား နိုင်ယာစင်၊ သံဓာတ်၊ ဆိုဒီယမ်၊ မဂ္ဂနီစီယမ်နှင့် အဆွင်ဓာတ်စသည်များ ပါဝင်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဩဇာသီးသည် နှလုံးနှင့်ဆိုင်သော ရောဂါများကို အားဆီးပေးနိုင်ခြင်း၊ ကြွက်သားအားနည်းခြင်းကို ကာကွယ်နိုင်ခြင်း၊ အဆစ်အမြစ် ရောင်ရမ်းနာ ရောဂါအမျိုးမျိုးနှင့် ခါက်ရောဂါတို့ကို ကာကွယ်နိုင်ခြင်း၊ ဝမ်းချုပ်ခြင်း၊ ဝမ်းလျှောခြင်း၊ လေရောဂါနှင့် အစာအိမ်ရောဂါတို့အတွက် ဆေးအဖြစ် အသုံးပြုနိုင်သည်။

ဩဇာသီး စားပေးခြင်းဖြင့် ဆံပင်၊ မျက်စိ၊ ခြေသည်း၊ လက်သည်းနှင့် အသားအရေတို့အတွက် အထောက်အကူဖြစ်စေပါသည်။

ဆေးလိပ်သောက်သူများအတွက် အဆုတ်မှ နီကိုအင်းဓာတ်ကို ခြေဖျက်ပေးကာ အဆုတ်သန့်စင်စေပါသည်။ ကိုယ်ဝန်ဆောင်များအတွက်လည်း အားဖြည့်အစာအဖြစ် စားသုံးနိုင်ပါသည်။

စင်စစ်အားဖြင့် ဩဇာပင်သည် ဩဇာသီးသာမက အရွက်၊ အခေါက်၊ အမြစ်၊ အစေ့ စသဖြင့် တစ်ပင်လုံး အသုံးဝင်ပါသည်။ အရွက်ကို ကြိတ်၍စားခြင်းဖြင့် သန်နှင့်တုတ်ကောင်များကို ကျစေသည်။ အကြောဝုပ်ခြင်း တက်ခြင်းများကို အုံပေးပါက သက်သာပျောက်ကင်းနိုင်ပါသည်။

ဩဇာသီးအစေ့သည် အဆိပ်ရှိသောကြောင့် စားသုံးရန် မသင့်ပေ။ ဩဇာခေါက်ကို အားဆေးဖော်စပ်ရာတွင် အသုံးပြုနိုင်သည်။

**ဩဇာသီးကို ပျားရည်နှင့် တွဲဖက်စားပါက အော့အန်တတ်ပြီး အခန့်မသင့်ပါက အသက်အန္တရာယ် ရှိပါသည်။**

သဘာဝသကြားဓာတ် ကြွယ်ဝသည့်အတွက်ကြောင့် ဆီးချိုရောဂါရှင်များ ရှောင်ရှားသင့်ပါသည်။ ခွဲသလိပ်ကို အားပေးသည့်အတွက်ကြောင့် ပန်းနာရောဂါ ပေဒနာရှင်များ မစားသင့်ပါ။ အသီးနုသည် အချိန်ကြာမြင့်စွာ အုပ်ထားသော်လည်း မမှည့်ဘဲ မှိုတက်၍ မည်းသွားတတ်ပါသည်။ သို့ဖြစ်၍ ဩဇာသီးကို ကိုင်ကြည့်လျှင် အလေးချိန်စီးပြီး မျက်ကွင်းကျယ်သော အသီးရင့်များကိုသာ ရွေးချယ်ဝယ်ယူသင့်ပါသည်။

အာယုဗ္ဗေဒ အလိုအားဖြင့် ဩဇာသီးသည် ရောင့်ရဲခြင်းကို ဖြစ်စေ၏။ သွေးအားကို တိုးပွားစေ၏။ နှုတ်ကို မြိန်စေ၏။ အေး၏။ နှလုံးကို အကျိုးပြု၏။ အားကို ဖြစ်စေ၏။ အသားကို ပွားများစေ၏။ ပူလောင်ခြင်း၊ သွေးအန်၊ သွေးကျရောဂါဖြစ်ခြင်းနှင့် လေပူရောဂါများကို ပယ်ပျောက်စေနိုင်၏။ အော့အန်ခြင်းကိုလည်း ပျောက်ကင်းစေ၏။

ဩဇာမြစ်သည် ဝမ်းကိုလျှောစေတတ်၏။ အသီးသည် ချို၏။ သွေးအားကို ဖြစ်စေ၏။ သလိပ်ကို ထုတ်ဆောင်တတ်၏။ ဩဇာစေ့သည် ကြေကျက်ခဲ၏။ ဖျားနာ၊ အနာ၊ မီးလျှံနာတို့ကို ဖြစ်စေတတ်၏။ ဩဇာစေ့အမှုန့် မျက်စိထဲ ဝင်ပါက မျက်စိကို ထိခိုက်စေတတ်၏။

(၁) ဦးခေါင်းတွင် သန်းများတွယ်နေပါက

ဩဇာစေ့ကို အမှုန့်ပြု၍ ဦးခေါင်းတွင် လိမ်းကျံပေးပါက သန်းများ သေကျေပျက်စီးသွားပါလိမ့်မည်။

(၂) ကလေးများ တက်နေပါက

ဩဇာရွက်ကို ကြိတ်၍ အုံပေးပါက အတက်ကျသွားစေပါသည်။

(၃) အမွှးအမေဒ်နှင့် ထိပ်ကပ်နာများအတွက်

ဩဇာရွက်ကို ချေ၍ ရှူပေးပါက အမွှးအမေဒ်များ ပြေပျောက်၍ ထိပ်ကပ်နာရောဂါ ဝေဒနာများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၄) အင်းဆက်ပိုးများ ကာကွယ်လိုလျှင်

ဩဇာသီးစေ့မှ အမှုန့်များကို အနာပေါ် ဖြူးပေးပါက အင်းဆက်ပိုးမွှားများကို နှိမ်နင်းကာကွယ်စေနိုင်ပါသည်။

(၅) ဆီးချုပ်၍ အခံရခက်နေလျှင်

ဩဇာမြစ်ကို ရေနှင့်သွေး၍ သောက်သုံးပေးပါက ဆီးချုပ်ဝေဒနာ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၆) အပူအားကြီး၍ ဖျားနေလျှင်

ဩဇာသီးအမှည့်ကို ညဥ့်ဦးပိုင်း၌ ခွဲ၍ လေတိုက်ရာတွင် ထားပါ။ နံနက်မိုးလင်းသည့်အခါ အဆိုပါ ဩဇာသီးကို စားပါ။ အပူအားကြီးသူများနှင့် ဖျား၍ အပူလွန်သူများ၏ အပူကို လျင်မြန်စွာ ငြိမ်းအေးစေနိုင်ပါသည်။

(၇) ကလေးများ ဖင်နီတာ(အူကျ)ထွက်လျှင်

ဩဇာရွက်ကို ပြုတ်၍ သို့မဟုတ် ဩဇာရွက်ကို တစ်ည သိပ်၍ထားသော ရေဖြင့် ဖင်နီတာ(အူကျ)အား တစ်နေ့ နှစ်ကြိမ်မှ သုံးကြိမ်တိုင်အောင် ဆေးကြောပေးပါက အူများ စအိုမှ (ဖင်နီတာ)ထွက်ခြင်းများ သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၈) အဖုအကျိတ်တွေ ထွက်နေသလား

ဩဇာသီးမှည့် အတွင်းသားများကို ကြိတ်၍ အုံဆေးပြုလုပ်ပါ။ အဆိုပါ အုံဆေးကို ခန္ဓာကိုယ်ပေါ်မှ အကြောင်းကြောင်းကြောင့်ဖြစ်သော အဖုအကျိတ်များအပေါ် အုံပေးပါက အမြန်ဆုံး သက်သာပျောက်ကင်းသွားပါလိမ့်မည်။

(၉) အနာမှာ ပိုးတွေစွဲနေလျှင်

ဩဇာရွက်၊ ဆေးကြီးရွက်အမှုန့် (ဆေးရွက်ကြီးအမှုန့်)



www.burmeseclassic.com

www.burmeseclassic.com

မဖောက်ထုံး၊ ပျားရည်စစ်စစ်တို့ကို စုဆောင်းပြီး ဆေးရွက်ကြီးမှုန့်နှင့် မဖောက်ထုံးအား နယ်လျက် ဩဇာရွက်တွင် ကပ်ပေးပါ။ အဆိုပါ ဩဇာရွက်ကို အနာပေါ် ကပ်လျက် ပတ်တီးစည်းထားပေးပါက သုံးရက်ခန့်ကြာလျှင် အနာတွင်ရှိသည့် ပိုးမွှားများ ကင်းစင်သွားပါလိမ့်မည်။

(၁၀) အနာအုံဆေး ဖော်မလား

အနာပြည်တည်ခြင်း သို့မဟုတ် အနာတွင် ပိုးများ ကျရောက်ပါက ဩဇာရွက်ကိုကြိတ်၍ ချဉ်ဖတ်ပြုလုပ်ပါ။ ထိုချဉ်ဖတ်တွင် သိန္ဓောဆား အနည်းငယ်ထည့်၍ အနာကို အုံစည်းပေးပါက အနာတွင်ရှိသော ပြည်နှင့်ပိုးများ ကင်းပျောက်သွားပါလိမ့်မည်။

(၁၁) ကျွဲနွားတို့၌ကျရောက်တတ်သော သန်ရောဂါအတွက်

ကျွဲငယ်၊ နွားငယ်များ၏ ဝမ်းဗိုက်အတွင်းတွင် အလွန်ရှည်လျားသော သန်ပိုးများ ရှိတတ်ပါသည်။ သို့ဖြစ်၍ ဩဇာရွက်ကို အရည်ရအောင်ညှစ်ပါ။ ထိုအရည်အား သန်ကောင်ပိုးများရှိသည့် ကျွဲငယ်၊ နွားငယ်များအား တစ်ပတ်ခန့် တိုက်ကျွေးပေးပါက ထိုသန်ပိုးများ သေကျေ၍ ကျွဲချေး၊ နွားချေးများနှင့်အတူ အပြင်သို့ထွက်သွားပါလိမ့်မည်။

(၁၂) ဝက်ရူးပြန်နှင့် စိတ်ချောက်ချားခြင်းများအတွက်

ဩဇာရွက်ကို ကြိတ်၍ အရည်ညှစ်ယူပြီး ရောဂါရှင်၏ နှာခေါင်းနှစ်ဖက်အတွင်းသို့ နှစ်စက်စီခန့် ထည့်ပေးပါက ဝက်ရူးပြန်ရောဂါနှင့် စိတ်ချောက်ချားခြင်းများ ကင်းစင် ကွယ်ပျောက်သွားပါလိမ့်မည်။

သတိပြုရန်မှာ. . .

ဩဇာစေ့၌ အဆိပ်တစ်မျိုး ပါရှိ၏။ ထိုအဆိဓာတ်သည် အဆိပ်နှင့်မခြားပေ။ အကယ်၍ ဩဇာအမှုန့်သည် မျက်စိအတွင်းသို့ အနည်းငယ်မျှ ဝင်သွားသည်ရှိသော် မခံမရပ်နိုင်အောင် ပူလောင်ပြီး မျက်စိကို လွန်စွာမှ ဒုက္ခပေးတတ်ပါသည်။

သုတေသီ ဆရာငြိမ်း




ဆုတောင်းပြည့်

# ဆရာကြီး အောင်ဘုန်းမြင့်

နက္ခတ္တဗေဒ ဖလိတပညာရှင် - မဟာဂန္ဓာရီဗေဒင် လက္ခဏာသုတေသီ

စာရေးဆရာ - အောင်ဘုန်းမြင့် (ဇာချင်မြေ)

ကလောင်ခွဲ - ကာလီဒါရီ၊ (မြန်မာပြည်)

- ယတြာဓါတ်ရိုက်ဓါတ်ဆင် အထူးဆောင်ရွက်ပေးသည်။
- ဘဝရေစ့ဆောင်လမ်းညွှန်အတိုင်ပင်ခံသည်။
- နေ့စဉ် နံနက်(၆)နာရီ မှ (၉)နာရီအတွင်း အခမဲ့ ဖုန်းဖြင့် ဟောကြားပေးသည်။

အမှတ်(၄၂)၊ အောင်မင်္ဂလာလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်။


ဗေဒင် ☎ ၀၁-၅၄၀၇၂၀ ၊ စုံစမ်းရေး 📱 ၀၉-၃၁၀၂၂၈၁၆


www.burmeseclassic.com

www.burmeseclassic.com

# ဆေးစွမ်းထက်သော ရှားစောင်းလက်ပပ်

ဒေါက်တာခုန်းမြင့် (ကချင်မြေ)



**ရှားစောင်းလက်ပပ်**

အပူရှိန်ဒဏ်ကို ကြံ့ကြံ့ခံနိုင်သော ရှားစောင်းလက်ပပ်ပင်များကို မြန်မာနိုင်ငံ၏ အပူပိုင်းဒေသများတွင် အများဆုံး တွေ့မြင်ရတတ်ပါသည်။

ဆူးပါသော ရှားစောင်းလက်ပပ်ပင်ကြီးမျိုးကို ရွာစည်းရိုးပင် ခြံစည်းရိုးအဖြစ် စိုက်ပျိုးထားလေ့ ရှိတတ်ပြီး မြစိမ်းရောင်ပွင့်နေသော မြေပေါက်အပင်ငယ်များကိုမူ ဆေးဝါးပင်အဖြစ် ခြံမြေလွတ်များပေါ် စိုက်ပျိုးထားတတ်ကြသည်။

ရှားစောင်းလက်ပပ်ပင်များသည် လူသိများသော ဆေးပင်များဖြစ်သည်သာမက ကမ္ဘာသုံး အလှကုန်ပစ္စည်းများတွင်လည်း တွင်တွင်ကျယ်ကျယ် အသုံးပြုလျက်ရှိကြပါသည်။

မြန်မာ့ဆေးကျမ်းများအရ ရှားစောင်းလက်ပပ်ပင်မျိုးခွဲပေါင်း ၁၁ မျိုးထိ ရှိသည်ဟုဆိုသည်။

ယင်းတို့မှာ (၁) ရှားစောင်းခါး၊ (၂) ရှားစောင်းချဉ်၊ (၃) ရှားစောင်းငုတ်တို၊ (၄) ရှားစောင်းပြာသာဒ်၊ (၅) ရှားစောင်းမြင်းနား၊ (၆) ရှားစောင်းသင်္ဂနိုတ်၊ (၇) ရှားစောင်းလက်ဆက်၊ (၈) ရှားစောင်းလက်ညှိုး၊ (၉) ရှားစောင်းလက်ဝါး၊ (၁၀) ရှားစောင်းကြီး၊ (၁၁) ရှားစောင်းလက်ပပ်ပင်ငယ် ဟူ၍ဖြစ်လေသည်။ ဥဇာကူသုံးလျှင် အားလုံး ဆေးဖက်ဝင်သည်ချည်း ဖြစ်သည်။

**ပင်ငယ်မျိုး**

ရှားစောင်းလက်ပပ် မြေစိုက်ပင်ငယ်မျိုးသည် အရင်းမှကပ်၍ ရွက်ခက်အဆင့်ဆင့်ထွက်သည့် ရွက်ခက်ပေါက်ပင်မျိုးဖြစ်သည်။

ထိုရွက်ခက်များသည် အစိမ်းနုရောင်ပေါ် အဖြူကွက်ကျားဖြစ်နေတတ်ပြီး ရွက်ခက်အဆင့် ၅ ဆင့်မှ ၇ ဆင့်အထိ ရှိတတ်ပါသည်။ ရွက်ခွံထူပြီး အရင်းတုတ်၍ အဖျားသို့ သေးသွယ်ရှူးသွားလေ့ ရှိတတ်သည်။

ရွက်ခက် တစ်ဖက်တစ်ချက်ဘေးနှုတ်ခမ်းများတွင် ဆူးတောင်ခပ်ကျဲကျဲပေါက်တတ်ပြီး ယင်းရွက်ခက်များ၏ အတွင်းသားသည် ကျောက်ကျောကဲ့သို့ ပျစ်ချွဲသော အစေးရည်များ ဖြစ်လေသည်။

ရှားစောင်းလက်ပပ် အပင်များသည် ရေဓာတ်ကို စုပ်ယူထိန်းသိမ်းထားနိုင်စွမ်း ရှိသောကြောင့် မြေနှင့်လွတ်၍ လပေါင်းများစွာ ရှင်သန်နိုင်သော ဂုဏ်သတ္တိမျိုး ရှိပါသည်။

သို့ဖြစ်၍ ရှားစောင်းလက်ပပ်ပင်များကို မသေဆေးတစ်ပါးအဖြစ် ခေါ်ဆိုကြသည်။

ရှားစောင်းလက်ပပ်ဖြင့် ဖော်စပ်အသုံးပြုနိုင်သော ဆေးအမယ်များမှာ-

(၁) အပူငြိမ်းဆေး
(၂) မီးယပ်နိုင်ဆေး
(၃) အသားအရေ စိုပြည်လှပဆေး
(၄) ဆီးဝမ်းကောင်းဆေး
(၅) ကိုယ်ဖောကိုယ်ရောင်ကျဆေး



www.burmeseclassic.com

www.burmeseclassic.com

(၆) အရေပြားရောဂါ အမျိုးမျိုး ပျောက်ဆေး
(၇) လိပ်ခေါင်းဆေး
(၈) ရှပ်ပျို့ကျန်းမာ အသက်ရှည်ဆေး
(၉) သွေးစုအကျိတ်နာဆေး များ ဖြစ်လေသည်။

**ဆေးအာနိသင်**

ရှားစောင်းလက်ပပ်ပင်မှ မုတ်ခါးကို ထုတ်ယူရရှိနိုင်သဖြင့် အဖိုးတန်သော လူ့အသက်ကယ်ဆေးတစ်ပါးဖြစ်လေသည်။ ရှားစောင်းလက်ပပ်သည် လေပူ၊ ဆီးပူ၊ လေအောင့်၊ လေနာကို နိုင်သည်။ ဘေလုံး၊ အဆီခဲလုံး၊ အလုံးအခဲ၊ အကျိတ်မှန်သမျှကို ကြေစေပျောက်စေနိုင်သည်။

ဆီးကို ရွှင်စေပြီး လေဝမ်းကို မှန်စေနိုင်သည်။ စမြင်းခဲများကို ကြေစေပျော့စေကာ အစာအိမ်နှင့် အူလမ်းကြောင်းကို ကောင်းစေသည်။

အရွက်ခက်များကို အနေတော်လှီးဖြတ်၍ ဟင်းချက် စားပေးပါက ဓမ္မတာသွားလာခြင်းကို မှန်စေပြီး သားအိမ်ရောင်ခြင်း၊ နာခြင်းနှင့် အင်္ဂါဇာတ် အတွင်းအပြင်၌ နာကျင်ကိုက်ခဲခြင်း၊ ကိုယ်ဖောကိုယ်ရောင်ခြင်း၊ အိပ်မပျော် စားမဝင်ခြင်းများကို သက်သာပျောက်ကင်းစေနိုင်ပါသည်။

ရှားစောင်းလက်ပပ် အနှစ်ရည်ကို ပေါက်ပင်မီးပြာချ၍ရသော ပြာမှုန့် အနုအနည်းငယ် ဖျော်စားပေးပါက မီးယပ်သွေးကျန်ခြင်း၊ ထိမ်ခြင်း၊ နည်းခြင်းကို သက်စေ စင်စေ စင်ကြယ်စေနိုင်သည်။

ထို့ပြင် အရေပြားရောဂါ ဖျဉ်းစွဲနာ၊ အဖျားရောဂါ၊ ပန်းနာ၊ နူနာ၊ အသည်းရောဂါ၊ ကိုယ်ရေဝါရောဂါ၊ မွေးကျွတ်နာ၊ မျက်စိဝေဒနာများကို ပျောက်ကင်းစေနိုင်ပါသည်။

* *

**မီးယပ်ဆေးအမျိုးမျိုး**

ရှားစောင်းလက်ပပ် ၃၀ သား၊ ထန်းလျက် ၃၀ သား၊ မန်ကျည်းမှည့် ၂၀ သား ယင်းဆေးသုံးပါးကို ညောင်စေးကျအောင်ကျို၍ နံနက်ည အိပ်ရာဝင် အိပ်ရာထ တစ်ဇွန်းစီ စားသုံးပေးခြင်းဖြင့် မီးယပ်ပိန်၊ မီးယပ်ခြောက် ပျောက်ကင်းနိုင်သည်။

ရှားစောင်းလက်ပပ် အနှစ်သား တစ်ကျပ်သားကို ပျားရည်နှင့်စပ်၍ နေ့စဉ်မှီဝဲပေးသော် မီးယပ်ဖြူဆင်းခြင်းကို ကောင်းစေနိုင်သည်။

ရှားစောင်းလက်ပပ်ကို ပါးပါးလှီး စမုန်မျိုးငါးပါးနှင့် ထန်းလျက် သင့်ရုံထည့်၍ ယိုထိုးစားပေးလျှင် ဓမ္မတာကိုက်ခဲခြင်းကို သက်သာစေနိုင်သည်။

အတွင်းအနှစ်သားကို ပေါက်ပင်ပဉ္စင်းပါး မီးရှို့၍ရသည့် ပြာမှုန့်ကို ချက်ထားသည့် ဆားအနည်းငယ် ဖျော်စားပေးပါမူ မီးယပ်ကြောင့်ဖြစ်သော ဝေဒနာများကို ပျောက်ကင်းစေနိုင်ပါသည်။

ရှားစောင်းလက်ပပ်ကို အနေတော်လှီးဖြတ်၍ ငရုတ်ကောင်း နိုင်နိုင်ထည့်ပြီး ဟင်းခါးချက်သောက်ပေးပါက အမျိုးသမီးများ၌ ဖြစ်တတ်သော ရာသီမမှန်ခြင်း၊ မီးဖွားသွေးသုပ်ကျန်ခြင်း၊ ခန္ဓာကိုယ်မသန့်၍ ယားယံခြင်း၊ အသားအရေများ အညိုအမည်းကွက်ခြင်း၊ မူးမော နေထိုင်မကောင်းခြင်း အစရှိသော ရောဂါများကို ပျောက်ကင်းစေနိုင်သည်။

ရှားစောင်းလက်ပပ် အနှစ်သား ၂၅ ကျပ်သား၊ ထန်းလျက် ၂၅ ကျပ်သား၊ မန်ကျည်းမှည့် ၅ ကျပ်သား၊ ပွေးကိုင်းမှုန့် ၅ ကျပ်သား၊ ကြိတ်မှန်ရွက် ၅ ကျပ်သား၊ ငှသီး၏အနှစ်သား ၅ ကျပ်သား၊ ပါးပါးလေး လှီးဖြတ်ထားသော ကြက်သွန်နီ ၅ ကျပ်သား၊ စမုံမျိုးငါးပါး တစ်မျိုး တစ်ကျပ်သားစီ ပေါင်း ၅ ကျပ်သား ယင်းဆေးရှစ်ပါးတို့ကို ယိုထိုးသကဲ့သို့ မီးမျှင်မျှင်ဖြင့် ကြွက်မြီးတန်းလာလျှင် အအေးခံထားရမည်။ ပြီးလျှင် ပျားရည် ၅ ကျပ်သားထည့်၍ သမသွားအောင် ရောမွှေပေးပြီး နေ့စဉ်အိပ်ရာဝင်တိုင်း ဟင်းစားဇွန်းနှင့် တစ်ဇွန်းစာ မှီဝဲစားသုံးပေးလျှင် မီးယပ်ချည့်၊ မီးယပ်ကျိုး၊ မီးယပ်သွေးခမ်းခြင်း၊ ဆံပင်ကျွတ် ထိပ်ကွက်ခြင်း၊ အကြောတက် အကြောတင် အကြောထုံးခြင်းနှင့် ထုံကျဉ်ကိုက်ခဲခြင်းများကို ပျောက်ကင်းချမ်းသာရစေနိုင်သည်။ မီးယပ်ဝေဒနာမှန်သမျှ ကင်းပစေနိုင်သည်။

ရှားစောင်းလက်ပပ်မှ ရသော အဝါရည်ကို ရှားစောင်းလက်ပပ်မုတ်ခါးဆေးဟု ခေါ်ကြ၏။ ယင်းအဝါရည်ကို ကြွက်မြီးတန်းသည်ထိ ချက်ယူပြီး မုတ်ခါးဆေးအဖြစ် အသုံးပြုနိုင်သည်။

ယင်း မုတ်ခါးဆေးသည် မီးယပ်သွေးကျန်ခြင်းကို သက်စေနိုင်သည်။ မျက်နှာရောင်အန်းခြင်း၊ အသားပွခြင်းများကို ကောင်းစေနိုင်သည်။ ဆီးပူ၊ လေပူ၊ သွေးပူဝေဒနာများကို ငြိမ်းစေနိုင်သည်။

ထို့ပြင် ဝက်ခြံ၊ တင်းတိပ်ဖြူ၊ မည်းစက်၊ နေလောင်ဒဏ် အနီကွက်များကို ကင်းရှင်းစေနိုင်သည်။

**ရှားစောင်းလက်ပပ်ချက်ဆေး**

ရှားစောင်းလက်ပပ်အနှစ်ရည်၊ ပျားရည်၊ ထန်းလျက်၊ ထောပတ်၊ နွားနို့စစ် ယင်းဆေးလေးပါးကို ဆတူအမျှ ရော၍ မြေအိုးသစ်ဖြင့် မတူးမခြစ်အောင် မီးအေးအေးနှင့် ကျိုချက်ကာ အအေးခံထားပြီး နေ့စဉ် နံနက်တစ်ဇွန်း ညတစ်ဇွန်း စားသုံးပေးနိုင်သည်။


တစ်နည်း ရှားစောင်းလက်ပပ်ကို ရေစင်စင်ဆေး၍ နုပ်နုပ်စဉ်းပြီး ၂၅ ကျပ်သားကို ပျားရည် ၅၀ ကျပ်သားနှင့် ပုလင်းသန့်သန့်တွင် မှိုမတက်အောင် ဆေးစိမ်ထားပြီး နံနက်တစ်ဇွန်း ညတစ်ဇွန်းစီ မှီဝဲ စားသုံးပေးနိုင်သည်။ အမျိုးသမီး၊ အမျိုးသား၊ ပျိုပျိုအိုအိုမရွေး စားသုံးမှီဝဲနိုင်သည်။





www.burmeseclassic.com

www.burmeseclassic.com



ယင်း ရှားစောင်းလက်ပပ်ဆေးကို ရက်ရှည်မှီဝဲပေးပါက ကာမစိတ် ကုန်ခမ်းခြင်း၊ အိပ်မပျော် စားမဝင်ဖြစ်ခြင်း၊ ပိန်ချုံးအားနည်း မူးဝေအော့အန်တတ်ခြင်း၊ နို့ထွက်နည်းခြင်း၊ သားအိမ်အားနည်းခြင်း၊ သန္ဓေ မကြာခဏ ပျက်ကျခြင်းနှင့် ယောကျ်ားဒူလာ မိန်းမမီးယပ်ဝေဒနာအမျိုးမျိုးတို့ကို ပျောက်ကင်းစေနိုင်သည်။

ထို့ပြင် ဆီးမကောင်းခြင်း၊ ဝမ်းမမှန်ခြင်း၊ ကိုယ်ရေဝါဖြစ်ခြင်း၊ သွေးအားနည်းခြင်း အစရှိသော ရောဂါဝေဒနာများကိုလည်း ပျောက်စေနိုင်သည်။

## ကိုယ်ဖောကိုယ်ရောင်ရောဂါ

ရှားစောင်းလက်ပပ်အနှစ်သား ၂၅ ကျပ်သား၊ စမုန်မျိုးငါးပါး တစ်မျိုးတစ်မတ်သား၊ ထန်းမိုထန်းလျက် ၂၅ ကျပ်သားကိုစုပြီး အုန်းသီးတစ်လုံး အုန်းဆန်ထုတ်စစ်၍ ထည့်ပါ။

မြေကြီး တစ်လက်မခန့် ထူအောင် ဇော်မံဖွဲ့၍ ဖွဲသုံးတင်းနှင့် သုံးရက်ပြည့်အောင် မီးအေးအေးဖြင့် တဖြည်းဖြည်း မီးဖုတ်ရမည်။ မီးငြိမ်းအေးသွားလျှင် ဆေးသားကို ဖော်ယူပြီးလျှင် ထမင်းစားဇွန်းဖြင့် တစ်ဇွန်း တစ်နေ့ သုံးကြိမ် စားပေးပါက ကိုယ်ဖောကိုယ်ရောင်ရောဂါ ပျောက်ကင်းနိုင်သည်။

## ဆီးရောဂါ

ရှားစောင်းလက်ပပ် အနှစ်သားကို သကြားသင့်ရုံနှင့် စိမ်သောက်ပေးလျှင် ဆီးပူ၊ ဆီးအောင့်၊ ဆီးချုပ်ရောဂါ ပျောက်နိုင်သည်။

ယင်းအနှစ်သားကို ထန်းလျက်နှင့် တို့စားပါက ဆီးဝမ်းကောင်းစေ၍ အသားဝါရောဂါကိုပါ ပျောက်စေနိုင်သည်။ ယင်းအနှစ်ကို ဆန်ဆေးရည်နှင့် စိမ်ပြီး သကြားသင့်ရုံနှင့် ဖျော်သောက်ပေးသော် ဆီးရောဂါအမျိုးမျိုးကိုပျောက်ကင်းစေနိုင်သည်။

ဒိုပါလာသကြားနှင့် စိမ်သောက်ပေးပါက ဆီးကျင်ဆီးအောင့်ရောဂါကို ပျောက်စေပြီး ဆီးကို ရှင်စေ၊ ကောင်းစေနိုင်ပါသည်။

## ရှပ်ပျို့ဆေး

ရှားစောင်းလက်ပပ်အနှစ် တစ်ပိဿာ၊ မန်ကျည်းမှည့်အနှစ် ၅၀ သား၊ ထန်းဖိုထန်းလျက် ၃၀ သား၊ စမုန်မျိုးငါးပါး တစ်မျိုးတစ်မတ်သား ယင်းဆေးအမယ်များကို စုပေါင်း၍ မြေအိုးသစ်တွင် မီးအေးအေးနှင့် မတူးမခြစ်အောင် ကျိုရင်း မွှေပေးပါ။ ကြွက်မြီးတန်းလာသည့်အခါ မီးဖိုပေါ်မှချ၍ သန့်သန့်လေး အအေးခံထားရမည်။

ထို့နောက် စပါးထဲတွင် ခုနစ်ရက်လည်မြှုပ်ထားလျှင် ရှပ်ပျို့ဆေးကို ရသည်။ ရှားစောင်းလက်ပပ် ရှပ်ပျို့ချက်ဆေးကို တစ်နေ့သုံးကြိမ် နံနက်၊ နေ့လယ်၊ ည မှန်မှန်စားသုံးခြင်းဖြင့် ရှပ်ပျို့လှုပ ကျန်းမာသက်ရှည်စေနိုင်ပါသည်။

## ရိုးရာဆေးနည်းများ

ရှားစောင်းလက်ပပ် ပဥ္စငါးပါးလုံးကို ကျိုချက်၍ လိမ်းပေး၊ သောက်ပေး၊ ရှူပေးခြင်းဖြင့် နူနာရောဂါကို ကောင်းလာစေနိုင်ပါသည်။ ပါးပါးလှီး၍ သွေးစုနာပေါ် အုံကပ်ပေးသော် အနာပြည်ပေါက်လွယ်စေနိုင်သည်။ မီးကင်ထက်ခြမ်းခွဲ၍ အနာပေါ်ငုံပြီး ပတ်တီးစည်းထားပေးပါက ခြေစွယ်၊ လက်စွယ် ငုပ်ခြင်းနှင့် အနာဆွေး အနာပျက်များကို ပျောက်စေနိုင်သည်။

အနှစ်ရည်ကို လက်ချားမီးဖောက် အနည်းငယ် ဖြူးစားပေးပါက ရေဖျဉ်းစွဲရောဂါ ပျောက်စေသည်။

အတွင်းသားကို မျက်နှာဖေါ်ကပ်ပေးက မျက်နှာအသား ဝင်းဝါလှပစေနိုင်သည်။ တရော်ကင်ပွန်းပြုတ်ရည်တွင် ရှောက်သီးတစ်စိတ် ရှားစောင်းလက်ပပ် အတွင်းသားထည့်၍ ခေါင်းလျှော်ပေးပါမူ ဗောက်ရှင်းစေနိုင်သည်။

ရှားစောင်းလက်ပပ် ထန်းလျက်ဆတူတွင် ဆားသင့်ရုံခတ်ကျိုပြီး လက်ဖက်ဇွန်းနှင့် တစ်နေ့နှစ်ကြိမ် စားပေးပါသော် လိပ်ခေါင်းရောဂါ ငြိမ်းစေနိုင်သည်။ အနှစ်သားနှစ်ဇွန်း၊ သကြားတစ်ဇွန်း မွှေစားပေးသည်ရှိသော် သွေးဝမ်းပျောက်သည်။

မီးကင်၍ အနာပေါ် ကပ်ပြီး ပတ်တီးစည်းပေးပါက ခူနာပျောက်စေနိုင်သည်။ အနှစ်သားကို အနာပေါ်ကပ်အုပ်ပြီး ပတ်တီးစည်းပေးခြင်းကို တစ်နေ့နှစ်ကြိမ် လဲလှယ် ပြုလုပ်ပေးသော် မွေးကျွတ်နာ ပျောက်ကင်းစေနိုင်သည်။

ရှားစောင်းလက်ပပ် အသားဇွန်းကြီးတစ်ဇွန်း၊ ပျားရည် ဇွန်းကြီးတစ်ဇွန်း၊ သကြားခဲကြီး ဇွန်းကြီး တစ်ဇွန်း ယင်းသုံးပါးကို မွှေနှော်ပြီး တစ်ကြိမ်စား ဇွန်းသေးတစ်ဇွန်း တစ်နေ့သုံးကြိမ် ရက်ရှည် မှီဝဲစားသုံးပေးခြင်းဖြင့် ချောင်းဆိုးသွေးပါရောဂါ ပျောက်ကင်းစေနိုင်သည်။

ရှားစောင်းလက်ပပ် မီးဖုတ်အရည်ညှစ်ယူ၍ နားအစက်ချပေးလျှင် နားကိုက်၊ နားအူ၊ နားနာရောဂါပျောက်စေနိုင်ပါသည်။

ပန်းလို စမ်းလို လမင်းလို သာယာချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့်(ထချင်ခြေ)

❐



www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com








www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



ရောဂါဆန်း

အလုပ်အကိုင်ချင်း၊ တာဝန်ချင်း၊ ပညာဆည်းပူးမှုချင်း တူညီတဲ့လူတွေ စုမိကြလျှင် သူ့လုပ်ငန်း ကိုယ့်လုပ်ငန်းများအကြောင်း ဖလှယ်ဖြစ် နှီးနှောဖြစ်တတ်ကြသည်။

တစ်ခါက စိတ်ရောဂါကု ဆရာဝန်ကြီး သုံးဦး တစ်နေရာတွင် ဆုံမိကြ၏။ ထုံးစံအတိုင်း သူတို့ ထိတွေ့ကုသပေးကြသည့် စိတ်ဝေဒနာသည်တွေ့အကြောင်း ပြောဖြစ်ကြသည်။ စိတ်ဝေဒနာ သိပ်ကြီးမားလို့ သွက်သွက်ခါအောင် သတိလက်လွတ်ဖြစ်နေပြီး ကိုင်ရတွယ်ရ ထိန်းသိမ်းရ အလွန်ခက်သလို ရယ်ရအခက်၊ ငိုရအခက် ကြုံကြရတာတွေကို တစ်ယောက်တစ်မျိုး ပြောကြသည်။ နောက် စိတ်ဝေဒနာအဆင့် မရင့်သေးသည့် လူနာတွေအကြောင်း ရောက်သွားသည်။ သူတို့ကတော့ လွန်ကဲသည့် လောဘ၊ ဒေါသ၊ မောဟ၊ သောကတွေ တင်းမာဖိစီးမှုများ ခံစားနေကြရတာဆိုတော့ ဆရာဝန်ကြီးများအနေဖြင့် ပြဿနာပေါင်း သောင်းခြောက်ထောင်ကို နားထောင်ကြရသည်။ တာဝန်အရ အပြင်မပေါက်ကြားရအောင်လည်း ထိန်းသိမ်းကြရသည်။ ဒီတော့ ဆရာဝန်ကြီးတစ်ယောက်က ပြောသည်။



"ရှင်းရှင်းပြောရရင် ကျုပ်တို့က ဆရာဝန်ဆိုပေမယ့် ပြဿနာရှိနေတယ်ဗျ၊ ခင်ဗျားတို့ကို ပြောရဦးမယ်၊ ကျုပ်က အသုံးအစွဲကြီးတာ၊ ကျုပ်မိန်းမလဲ အသုံးအစွဲကြီးတယ်၊ ဒီတော့ ကျုပ်ဝင်ငွေက လောက်ငရုံပဲရှိတယ်၊ လူနာတွေဆီကနေ ဆေးဖိုးဝါးခကို ကျသင့်ငွေထက် ပိုပြီး တောင်းခဲ့မိတာပေါ့ဗျာ၊ အဲဒီစိတ်က ကျုပ်ကို နှိပ်စက်နေတယ်ဗျာ၊ လိပ်ပြာမသန့်ဘူး၊ ခင်ဗျားတို့လဲ ဆရာဝန်တွေပဲ လျှောက်မပြောကြနဲ့နော်"

ဒုတိယ ဆရာဝန်ကြီးကလည်း . . .

"ကျုပ်လဲ လူနာတွေအတွက် သုံးတဲ့ အခြေခံဆေးဝါးတွေကို စမ်းကြည့်ရင်း စွဲသွားတဲ့ ပြဿနာရှိတယ်ဗျ၊ ကိုယ့်ဟာကိုယ် လိပ်ပြာမသန့်တဲ့ ပြဿနာ အတော်ကြီးနေတယ်ဗျာ၊ ခင်ဗျားတို့ လျှောက်တော့မပြောကြနဲ့နော်"

ယခုကဲ့သို့ ဝန်ခံပြောဆိုကြရင်း အချင်းချင်း စိတ်ဝေဒနာများ သက်သာအောင် ကြိုးစားကြသည့်သဘော ဖြစ်သည်။ ဘာမှမပြောဘဲ ငြိမ်နေသည့် တတိယဆရာဝန်ကို မေးကြပြန်သည်။



"ဆရာကော ပြဿနာမရှိဘူးလား"

နောက်ဆုံး ဆရာဝန်၏ စကားကို ကြားသောအခါ ပထမနှင့် ဒုတိယ ဆရာဝန်ကြီး နှစ်ယောက်ခမျာ ကျားရှေ့မှောက်လျက်လဲ ဖြစ်သွားရရှာတော့သည်။ နောက်ဆုံး ဆရာဝန်ကြီး ပြောသောစကားမှာ . . .

"ကျွန်တော့်ပြဿနာက ခင်ဗျားတို့ထက် ဆိုးတယ်ဗျာ၊ ကျုပ်က စိတ်ဝေဒနာကု ဆရာဝန်ဖြစ်နေပေမယ့် သူများပြဿနာတွေကို အပြင်မပေါ့အောင် ထိန်းမထားနိုင်တဲ့ ရောဂါဗျ၊ ကျုပ်က ကျုပ်သိထားသမျှ သူများရဲ့ လျှို့ဝှက်ချက်တွေကို တခြားမှာ ထုတ်ကိုပြောရမှ ကျေနပ်တဲ့ရောဂါဗျ" ဟူ၏။

❒ မကွေးဇော်မြင့်



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟာသများ



**တစ်နေ့တော့ မောင်ပြန်လာမယ်**

အမျိုးသားတစ်ဦး အလုပ်ထဲတွင်စီးရန် ဘွတ်ဖိနပ်တစ်ရန် သွားဝယ်လေသည်။ အရောင်းကောင်တာကြမ်းပေါ်တွင် ဖိနပ်များကိုချ၍ စိတ်ကြိုက်ရွေးသည်။ တစ်ခုကို ရွေးလိုက်ပြီး ကျန်ဖိနပ်များအားလုံးကို ဂျပ်ဘူးများထဲ ပြန်ထည့်ပေးခဲ့ပြီး သူရွေးထားသော ဖိနပ်ကို ဝယ်ခဲ့လေသည်။

နောက်တစ်လခန့်ကြာမှ ထိုဖိနပ်ဘူးကို ပထမဦးဆုံးအကြိမ်အဖြစ် သူဖွင့်ကြည့်ရာ နှစ်ဖက်စလုံး ဘယ်များ ဖြစ်နေသည်ကို တွေ့ရ၏။ သူသည် ဆိုင်သို့ပြန်သွားသောအခါ ဝန်ထမ်းအမျိုးသမီးက ပြုံးရင်း ပြောသည်။

"ကျွန်မတို့ ရှင့်ကို စောင့်နေကြတာပါ"

❐ ဒင်ဂိုး(ရွှေရင်အေး)



**ဦးနှောက်သုံးစမ်းပါ**

အသက် (၆၅)နှစ်ရှိ လွန်စွာကြွယ်ဝသူတစ်ဦးသည် အသက် (၂၀) ဝန်းကျင်သာ ရှိသေးသော မိန်းမပျိုလေးတစ်ဦးကို ချစ်ကြိုက်မိနေသဖြင့် လက်ထပ်ခွင့်တောင်းဆိုရန် ကြံရွယ်နေလေသည်။ သို့ဖြင့် သူက သူငယ်ချင်းဖြစ်သူ အဘိုးကြီးတစ်ဦးအား မေးသည်။

"ငါ့အသက်ကို (၄၅)နှစ်လို့ပြောရင် သူ ငါ့ကို လက်ထပ်မယ်လို့ မင်းထင်သလား"

"မင်းအသက် (၉၀)ရှိပြီလို့ပြောမှ အလားအလာ ပိုကောင်းတော့မပေါ့ကွာ"

❐ ဒင်ဂိုး(ရွှေရင်အေး)



**ပူရပါသော်ကော**

အသက် (၈)နှစ်အရွယ် ကလေးမလေး ဟေလီသည် မနက် ၃ နာရီခန့်တွင် အိပ်ရာမှနိုးလာပြီး ရှိုက်ကြီးတငင် ငိုနေလေသည်။ မိဘများကို သူမကိုကြည့်ပြီး အနည်းငယ် အေးဆေးတည်ငြိမ်သွားမှ ဘာကြောင့်ဆိုသည်ကို မေးကြသည်။ ဟေလီက တစ်ချက်ရှိုက်လိုက်ရင်း ပြောသည်။

"သမီးပြောလိုက်ရင် အဖေနဲ့အမေတို့ ဒေါသဖြစ်မှာ ကြောက်တယ်၊ မပြောရဲဘူး"

မိဘများက ဒေါသမဖြစ်ပါဟု အာမခံချက်ပေးမှ သူမက ပြောပြလေသည်။

"အိပ်မက်ထဲမှာ ကျောင်းက ကောင်လေးတစ်ယောက်နဲ့ သမီးရည်းစားဖြစ်ကြတယ်၊ ဒါပေမယ့် အဲဒီအိပ်မက်ထဲမှာပဲ အဖေနဲ့အမေက သမီးကို အသက် (၃၀)မပြည့်မချင်း ရည်းစားမထားရဘူးလို့ ပြောနေကြတယ်"

❐ ဒင်ဂိုး(ရွှေရင်အေး)

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟာသများ

**ဆေးတိုက်ပွဲ**

တရားရုံးတစ်ရုံးသို့ တောင်ပေါ်သားတစ်ဦးသည် သူ့မိန်းမနှင့် ကွာရှင်းပြတ်စဲလိုကြောင်း ဦးတိုက်လျှောက်လွှာ တင်သွင်းလာ၏။ တရားသူကြီးက. .

"မောင်မင်းရဲ့ မယားမှာ ဘာပြစ်ချက်တွေရှိလို့ ကွာရှင်းပြတ်စဲချင်ရတာလဲ၊ ပြောပါဦး"

"သူ့မှာ ဘာအပြစ်မှ မရှိပါဘူး တရားသူကြီးမင်း"

"ဒါဆိုရင် မောင်မင်းက ဘာလို့ ကွာရှင်းချင်တာလဲ"

"ဒီလိုပါ တရားသူကြီးမင်း၊ ကျွန်တော့်မိန်းမရဲ့ အဖေမှာ လိုင်စင်မဲ့ နှစ်လုံးပြူးတစ်လက် ရှိနေလို့ ကျွန်တော် ကွာရှင်းချင်တာပါ"

❒ ညွန့်လွင်



**အချစ်နှင့် ငွေရတု**

လင်မယားနှစ်ယောက် အိမ်ထောင်သက် (၂၅)နှစ်ပြည့် ငွေရတုနေ့တွင် ယောကျ်ားဖြစ်သူက မိန်းမကိုပြောသည်။

"တို့နှစ်ယောက် လက်ထပ်ဖြစ်ခဲ့ကြတာဟာ မှားယွင်းမှုတစ်ခုရဲ့ ရလဒ်အစစ်ပါပဲကွာ"

"ဘယ်လိုရှင့်၊ ဘယ်လိုမှားယွင်းမှုလဲ၊ ရှင်းစမ်းပါဦး"

"အဲဒီနေ့ ညနေက ကိုယ် လေချွန်ခဲ့တာဟာ မင်းကို ရည်ရွယ်ပြီး လေချွန်ခဲ့တာ မဟုတ်ဘူး၊ ကိုယ့် တက္ကစီကားကို လေချွန်ပြီးခေါ်တာပါ"

❒ ညွန့်လွင်



**ကုသိုလ်ထူးသူ**

"သူငယ်ချင်းရေ ငါတော့ စိတ်ညစ်တယ်ကွာ၊ ငါ့မိန်းမက ငါ့ကို သတိပေးတယ်၊ ငါအခုလို နေ့တိုင်း အရက်တွေ အလွန်အကျွံမူးအောင် သောက်နေရင် ငါနဲ့ မပေါင်းတော့ဘူး၊ ကွာရှင်းမယ်တဲ့"

"ဟေ. . . ဟုတ်လား၊ မင်းနဲ့ငါ အကျိုးပေးချင်းမတူဘူး၊ ငါက ငါ့မိန်းမနဲ့ ရခဲ့တာဟာ နေ့တိုင်း အရက်တွေမူးနေအောင် အလွန်အကျွံသောက်ခဲ့လို့ မူးမူးရူးရူးနဲ့ ထင်ရာလျှောက်လုပ်ရင်း ဒီမိန်းမနဲ့ ရခဲ့တာပဲ"

"မင်းကတော့ ကုသိုလ်ထူးပါတယ် သူငယ်ချင်းရယ်"

❒ ညွန့်လွင်



**လုပ်တတ်ရင်**

မြို့နယ်တရားသူကြီးမင်းက တရားခံလူငယ်ကို မေးလိုက်၏။

"မောင်မင်း ဘာကြောင့် ငွေစက္ကူအတု လုပ်ရဘာလဲ"

"တရားသူကြီးမင်း ခင်ဗျား၊ မှန်ရာကို ပန်ခံရရင် ကျွန်တော်မျိုး ငွေစက္ကူအစစ် မလုပ်တတ်လို့ပါ"

❒ ညွန့်လွင်



www.burmeseclassic.com

www.burmeseclassic.com

# ပြုံးရယ်ရယ်ဟား ဟာသများ



**ဂန္ဓဝင်ဝတ္ထုရှည်**

စိတ်ကျန်းမာရေးဆေးရုံ တစ်နေရာတွင် လူနာနှစ်ဦး စကားထိုင်ပြောနေကြသည်။

"ဘယ့်နှယ်လဲ၊ ကောင်းတယ် မဟုတ်လား၊ ငါရေးတဲ့ဝတ္ထုရှည်၊ မင်းရဲ့ ဝေဖန်ရေးလေးကို ကြားပါရစေဦး"

"ကောင်းတော့ ကောင်းပါတယ်၊ ဒါပေမယ့် မင်းဝတ္ထုမှာ ဇာတ်ဆောင်တွေက များလွန်းတယ်ကွာ၊ ငါတော့ ဖတ်ရင်းနဲ့ မေ့ကုန်တယ်"

ထိုအချိန် သူနာပြုဆရာမကြီး၏ အော်သံကို ကြားကြရသည်။

"လိပ်စာတွေရေးထားတဲ့ မှတ်စုစာအုပ် ဘယ်သူယူသွားလဲ၊ အမြန်လာပေးကြပါ"

❐ ညွန့်ဆွေ



**နတ်မိမယ်**

"မေမေ့ကို မေးစရာတစ်ခုရှိတယ်၊ နတ်မိမယ်ဆိုတာ ဘာလဲ မေမေ"

"နတ်မိမယ်ဆိုတာ သိပ်လှတဲ့ လူနဲ့တူတဲ့ အမျိုးသမီးပဲ၊ သူက တောင်ပံပါတယ်၊ ပျံနိုင်တယ်"

"မေမေပြောတာ မမှန်ဘူး၊ မနေ့တုန်းက ဖေဖေက ဟိုဘက်ခန်းက အန်တီရဲ့တင်ပါးကို လက်ဝါးနဲ့ပုတ်ပြီး မင်းဟာ နတ်မိမယ်လေးလို သိပ်လှတယ်လို့ ပြောတယ်၊ ဒါပေမယ့် သူက ပျံမှ မပျံတတ်ဘဲ"

❐ ညွန့်ဆွေ

**တားမြစ်ပိတ်ပင်ချက်**

လင်မယားနှစ်ယောက် စကားများ ရန်ဖြစ်နေကြသည်။ ဇနီးဖြစ်သူက ယောက်ျားကို ငိုကြီးချက်မနှင့် အော်ပြောလိုက်သည်။

"ရှင့်ကိုယူမယ့်အစား သရဲ တစ္ဆေ ဘီလူးကို ယူလိုက်တာမှ ပိုပြီးကောင်းလိမ့်ဦးမယ်"

ယောက်ျားက ပြန်အော်ပြောလိုက်သည်မှာ . . .

"ဟေ့ ဆွေမျိုးချင်း ပြန်ယူလို့မရဘူးဆိုတာ မင်းမသိဘူးလား"

❐ ညွန့်ဆွေ



**လက်ဦးသူ**

ရွာသူ ရွာသားများကို အမဲလိုက်မုဆိုးကြော်က ပြောပြနေ၏။

"ကျားကြီးကို မြင်မြင်ချင်း ကျုပ်က ဓားနဲ့ သူ့အမြီးကို တစ်ချက်တည်း ပိုင်းချလိုက်တာပေါ့"

"ဘာဖြစ်လို့ ခေါင်းကို မပိုင်းတာလဲ"

"ခေါင်းကို ပိုင်းလို့ မရတော့ဘူးလေ၊ အချိန်မမီတော့ဘူး၊ ကျုပ်အရင် တစ်ယောက်ယောက်က ခုတ်သွားတယ်ထင်တယ်၊ ခေါင်းမရှိတော့ဘူး"

❐ ညွန့်ဆွေ

www.burmeseclassic.com

ပိတ်စွယ်ရွာမှ ပွဲဦးထွက်စွံသွားသူကတော့ ပန်းမောင်ကြီး ဖြစ်၏။ ပန်းမောင်နှင့် အာဝါဟ ဝိဝါဟ လက်ထပ်ထိမ်းမြားခဲ့သူမှာ ကုလားတန်းကျေးရွာမှ အမီနာဆိုသော မည်းမည်းသည်းသည်း ဆာရီဝတ် ကုလားမလေးဖြစ်၏။

အမီနာသည် မိခင်မုဆိုးမကြီး အရှာဘီနှင့် အတူနေထိုင်လျက် ကွမ်းခြံနှင့် ဟင်းသီးဟင်းရွက်များကို ကုလားတန်းရွာမှာပင် စိုက်ပျိုးလုပ်ကိုင် စားသောက်နေ၏။ သားအမိနှစ်ယောက်တည်းသာ စားအိုးရှိလေသည်မို့ စီးပွားရေး အတန်အသင့် ပြေလည်၏။

သစ်မွှေးတို့နေထိုင်ရာ ပိတ်စွယ်နှင့် ကုလားတန်းရွာသည် သိပ်ဝေးကွာလှသည်မဟုတ်။ ပိတ်စွယ်မှ ချောင်းတစ်ဖက်ကူးပြီး ဆယ့်မိနစ်ခန့် လျှောက်သည်နှင့် ကုလားတန်းရွာကို ရောက်၏။

ပန်းမောင်နှင့် အမီနာတို့ ဖူးစာဆုံခဲ့ခြင်းမှာ ပြီးခဲ့သည့်နှစ် ကုလားတန်းရွာ၌ နွားပြိုင်ပွဲကျင်းပသည်နှင့် ပန်းမောင်တစ်ယောက် သွားရောက်ကြည့်ရှုရင်း "စွဲမိပါပေါ့ အမီနာရယ်" ဖြစ်ကာ နဖူးစာရွာလည်ခဲ့ကြခြင်းပင်။

အမီနာ၏ ခန္ဓာကိုယ်ဖွံ့စည်းမှုကာယနေ့ ခေတ်စားနေသည့် မော်ဒယ်မ




# ခဲလေသမျှ ရွဲသွေရု ကိုရွှေတောသား

www.burmeseclassic.com

ကလေးများသဖွယ် ပိန်ပိန်လှီလှီ ဖြစ်သော်ငြား အမိနာ့မိခင် မုဆိုးမ ဒေါ်အရှာဘီကမူ တုတ်တုတ်ခဲခဲ ဆူဆူဖြိုးဖြိုးကြီး။ ပြီးတော့ အသက်အားဖြင့်လည်း သိပ်ကြီးလှသည် မဟုတ်။ လေးဆယ်ကျော်ရုံလောက်ကလေးပင်။

ဒေါ်အရှာဘီအဖို့ အမေတစ်ခု သမီးတစ်ခု ဘဝထဲ လောက်လောက်လားလားနှင့် အားကောင်းမောင်းသန် ရှိလှစွာသောပန်းမောင်ကြီးတစ်ယောက် ဝင်ရောက်လာခြင်းအတွက် ဘာမှ ကန့်ကွက်မှု မပြုဘဲ လိုလိုလားလားပင် လက်သင့်ခံကာ တင့်တင့်တယ်တယ် မင်္ဂလာပွဲအား ဆင်နွှဲကျင်းပပေးခဲ့သည်။

သမက်တော် ပန်းမောင်နှင့် သမီးတော် အမိနာတို့ မင်္ဂလာပွဲအား ကြွရောက်လာသူအပေါင်းကို ဆိတ်သားဆီပြန်၊ ပဲကုလားဟင်းတို့ဖြင့် ကျကျနနကြီး ဧည့်ခံ ကျွေးမွေးခဲ့လေရာ အတော်လေးစည်ကားသော မင်္ဂလာပွဲကလေး ဖြစ်ခဲ့ရသည်။

သစ်မွှေးသည် ကွမ်းခြံကို ရေလောင်းမီ မနက်လေးစာအဖြစ် ထမင်းကြမ်းနှင့် ငါးရံ့ခြောက်ဖုတ်ဆီဆမ်းအား ရေနွေးကြမ်းတစ်အိုးဖြင့် မြှောချနေစဉ် ခြံထဲဝင်လာသော ပန်းမောင်ကြီးကို မြင်တွေ့လိုက်ရ၍ အံ့အားတသင့် ဖြစ်နေမိလေသည်။

"ဟကောင် ပန်းမောင်ကြီး စောစောစီးစီးကွာ၊ ဘယ့်နှယ် ကုလားတန်းမှာ ဇိမ်နဲ့နှပ်မနေဘဲ ဘယ့်နှယ့်လုပ်ပြီး ပိတ်စွယ် ရောက်နေရတာလဲ၊ ဧကန္တ မနေ့က မင်္ဂလာပွဲအတွက် ငါတို့ရွာထဲ မကျောပ်တိုင် လာတက်နေတာနဲ့တူတယ်"

"တော်စမ်းပါ သစ်မွှေးရာ"

ပန်းမောင်ကြီး၏ မျက်နှာသွင်ပြင်မှာ လန်းလန်းရွှင်ရွှင်မရှိ။ ငေးတိငိုင်ငိုင် ခပ်မှိုင်မှိုင်ဖြစ်နေပြီး တစ်ချက် တစ်ချက်သက်ပြင်းတွေတောင်ချလိုက်သေး။

"ဟေ့ကောင် ပန်းမောင်၊ ထမင်းကြမ်း စားပါလား"

"ဟင့်အင်း"

"ဒါဖြင့် ရေနွေးသောက်"

"မသောက်ချင်ပါဘူးကွာ"

"မင်း ဘာဖြစ်တာလဲ၊ ဒါဆို ဆေးပေါ့လိပ် ရှိတယ်"

သစ်မွှေးက ပန်းမောင်ကြီး၏ လူပျိုခဝါချခဲ့သော ညကို ဂုဏ်ပြုသည့် အနေ၊ ဝမ်းသာသည့်အနေဖြင့် တက်တက်ကြွကြွ ရှိနေသလောက် ပန်းမောင်ကြီးကမူ တုဏှိဘာဝေ။

တကယ်ဆိုလျှင် ပန်းမောင်ကြီး အတွက် ဒီအချိန်ကာလ သမယသည် အပျော်တို့အုံဖွဲ့လျက် နတ်မြင်းပျံသို့ မြူးကြွားကြွား ဖြစ်နေရမည် မဟုတ်ပါလား။ ခုတော့ ကျက်သရေ အပလာ၊ မင်္ဂလာ နတ္ထိ။

မနေ့က အမိနာနှင့် မင်္ဂလာ ဆောင်ခဲ့သည်။

ဒီကနေ့ ပန်းမောင်ကြီး၏အသွင်အပြင်မှာ မအီမလည်။ ဘာတွေ ဘယ်လိုများ ဖြစ်လာကြပါသနည်း။ ဒီကောင်ကြီး မင်္ဂလာဦးညမှာ တိုက်ပွဲကျသွားခဲ့လေသလား။

ဒီကောင်ကြီးဟာ လှေကြီးထိုး ရိုးရိုးသမားဖြစ်သည်။ သဘောထား ဖြူစင်ပြီး တစ်ခါတစ်ရံကျတော့မအူမလည်နှင့်။ အချစ်နှင့်ပတ်သက်၍ ရည်းစားသန် များသူလည်းမဟုတ်။

အမိနာ တစ်ယောက်အပေါ်တွင်သာ မေတ္တာသက်ဝင်ပြီး တစ်သက်မှာ တစ်ခါသာ ပွင့်သည့် သူ့မေတ္တာပန်းကို ပေးဆပ်ခဲ့မှန်း ထင်ရှားသည်။ ရပ်ရွာမှာ ပွဲလမ်းသဘင်တွေ ရှိသည့်အခါ ဘယ်တော့မှ ကောက်ရိုးပုံအဖွဲ့ မဝင်ခဲ့။ ဒါကြောင့်ပင် ရိုးလွန်း အလွန်းလေသည်လော။

ပိတ်စွယ်ရွာမှာ သူနှင့် သက်တူရွယ်တူတွေ အသီးသီး အသက အသက စုံသွားခဲ့သော်ငြား ပန်းမောင်ကြီး၏ ရိုးရိုးစင်းစင်း အနေအထိုင်ကြောင့် မစုံနိုင် ဖြစ်ခဲ့ရသည်။

ယခုလည်း သစ်မွှေးတို့၊ သာခေါင်တို့၏ တွန်းတွန်းတိုက်တိုက် နှိုးပင့်မှုကြောင့် အမိနာနှင့် စုံသွားခဲ့ခြင်း ဖြစ်သည်။

အမိနာက စိုက်ပျိုးရေး လုပ်ကိုင်သော်လည်း ဗွီဒီယိုဇာတ်ကားတွေကို လက်မလွှတ်တမ်း ကြည့်လေ့ရှိသူမို့ ခေတ်ဆန်ဆန် ဝတ်စားဆင်ယင်တတ်သူ ဖြစ်သည်။ သူမ၏မိခင် ဒေါ်အရှာဘီကလည်း ထိုနည်းလည်းကောင်း၊ မုဆိုးမဖြစ်သော်ငြား သမီးနှင့် နင်လားငါလား။

ကနဦးတုန်းက အမိနာသည် ပန်းမောင်ကြီးအပေါ်တွင် မူလကျီသွန်နီ လုပ်နေခဲ့သေးသည်။ သူ့အသီးလိုချင် သူ့အပင်ချိုင်ဆိုသည့် ထုံးအတိုင်း သစ်မွှေးတို့ အပေါင်းအသင်းတစ်ခုက ပန်းမောင်ကြီးအတွက် ကျားကုတ်ကျားခဲ ကြိုးပမ်းပေးခဲ့ရသည်။ အမိနာကို နားဝင်အောင် ဘေးတီးပေး၍ ဒေါ်အရှာဘီ နှစ်သက်မည့် အစားအစာများ၊ လက်ဆောင်ပစ္စည်းများနှင့် ကျေနပ်အောင် ဝမ်းချပေးခဲ့ရသည်။

သဲသောင် ကမ်းပါးများသည်ပင် ရေတိုက်စားပါများက ရွှေ့လျားပျောက်ကွယ်ရသည့်သဘော ရှိချေ၏။ ထို့အတူ သစ်ငုတ်တိုများမှာလည်း တွန်းပါ တိုက်ပါများ၊ နှဲ့ပါများသည့်အတွက် နှဲ့လာရသည့်သဘောရှိရာ ကာယကံရှင်အမိနာနှင့် သူမ၏မိခင် ဒေါ်အရှာဘီတို့သည်ကော ဘာများ တင်းခံနိုင်မှာတဲ့နည်း။

နောက်ဆုံးတော့လည်း အမိနာနှင့် ပန်းမောင်ကြီးတို့ အာဝါဟ ဝိဝါဟ ပွဲကြီး ဝှဲချီးစွာ ကျင်းပနိုင်ခဲ့သည် မဟုတ်ပါလား။

ဒီပွဲကြီးကို မနေ့ကပင် အောင်မြင်စွာ ကျင်းပခဲ့ပြီးပြီပင်။

သို့သော် . . . ဒီကနေ့ မနက်စောစော ဝေလီဝေလင်းကြီးမှာ မျက်နှာမသာမယာဖြင့် ပန်းမောင်ကြီး ပိတ်စွယ်ကို ရောက်လာတော့ သစ်မွှေးအဖို့ အံ့အားတသင့် ဖြစ်နေရသည်။

"ဟေ့ကောင် ပန်းမောင်ကြီး"

"ဘာတဲ့"

www.burmeseclassic.com

"အဟီး. . . မင်း ညတုန်းက တော်တော်ကြီး ပျော်မှာပေါ့နော်၊ ဆွေမေ့ မျိုးမေ့လဲ ဖြစ်သွားမှာပေါ့ ဟုတ်စ"

ပန်းမောင်ကြီးကမူ အင်းမလှုပ် အဲမလှုပ်။

"သူများတွေဆိုရင် မင်္ဂလာဆောင်ပြီး တစ်လ နှစ်လလောက်များ အိမ်ထဲက အိမ်ပြင် သိပ်ထွက်တယ်မရှိဘူး၊ ချစ်စခင်စဆိုတော့ ကြားလေသွေးရင်တောင် ဝေးတယ်ထင်မလားဘဲ၊ နေရာတကာ ပူးတွဲပူးတွဲနဲ့ ဘေးကလူတွေတောင် အမြင်ကတ်လောက်တယ်ဆိုပဲ၊ မင်းကျမှ ဘယ်လိုဖြစ်နေရတာတဲ့တုံး"

ပန်းမောင်ကြီး၏ မျက်နှာကား ရှုံ့မဲ့မဲ့။ ပြီးတော့မှ မသက်သာဟန် အမူအရာဖြင့် စကားဆိုလာသည်။

"တော်စမ်းပါကွာ၊ မိန်းမတွေအကြောင်း မပြောစမ်းပါနဲ့၊ ငါ့အိမ်မှာလဲ ဒါပဲပြောနေလို့ နားကလောပြီး မင်းဆီ ထွက်လာတာ၊ တောက်. . . ငါကွဒ"

"ဟကောင် ပန်းမောင်ကြီး၊ မင်း ဘယ်လိုဖြစ်နေတာလဲ၊ ပွင့်ပွင့်လင်းလင်း ပြောစမ်းပါကွာ၊ မင်းကို ငါ ဘယ်လို ကူညီရမလဲ၊ မင်းအတွက် ကူညီဖို့ရာ အဆင်သင့်ပါကွ"

"မပြောပါရစေနဲ့ သစ်မွေးရာ၊ ရှက်စရာကောင်းလွန်းလို့"

"ဟ. . . ဘာရှက်စရာ ရှိရမှာလဲ၊ အပျို လူပျို အိမ်ထောင်ကျတယ်ကွာ၊ အိမ်ထောင်ကျတဲ့ မင်္ဂလာဦးညကို ပျော်ပျော်ရွှင်ရွှင် ဖြတ်သန်းရတယ်ကွာ၊ လောကတံထွာ မမွတာပဲဥစ္စာ၊ ဘာရှက်စရာရှိရမှာလဲ"

"ဟကောင် သစ်မွေး၊ မင်းထင်တာတွေ တစ်ခုမှမဟုတ်ဘူး၊ ရှင်းအောင်ပြောရရင် မနေ့ညတုန်းက ငါ ဗိုက်အောင့်ပြီး သန်ထလာလို့ ဘယ်ကိုမှ မထွက်ဘဲ အိပ်ရာထဲ စောစောပဲ ဝင်ခဲ့တယ်။

မှေးခနဲ အိပ်ပျော်သွားရင်းက သန်းခေါင်လောက်ကြာတော့ လန့်နိုးတယ်၊ ငါ့ကို လက်နှစ်ဖက်နဲ့ ပွေ့ဖက်တယ်၊ သနပ်ခါးနံ့ ရတယ်၊ ငါ့ပါးကိုလဲ တရွှတ်ရွှတ်နဲ့ နမ်းတာကိုလဲ သိနေတယ်၊ ပြီးတော့ကွာ ပွတ်သီးပွတ်သပ်နဲ့ ဟိုစမ်း ဒီစမ်း လုပ်နေလို့ ငါလဲ နေရထိုင်ရ ခက်လာတယ်။

ကြာရင် ရေတိမ်နစ်တော့မှာပဲလို့ တွေးပြီး ငါ့ကို ပွေ့ဖက်ထားတဲ့ ပွတ်သီးပွတ်သပ်လုပ်နေတဲ့ လက်ကို ဆွဲဖြုတ်ပြီး အခန်းထဲက ငါ့ရွာရှိတဲ့ ပိတ်စွယ်ကို ပြေးထွက်လာခဲ့တော့တာပဲ၊ ငါ့ရွာကို ပြန်ရောက်မှပဲ စိတ်ချလက်ချ အိပ်ပျော်တော့တယ် သစ်မွေးရာ"

"ဟား ဟား ဟား. . . မင်းဟာ တော်တော်တုံးတဲ့ ငတုံးကြီးပါပဲလား ပန်းမောင်ရာ၊ မနေ့ညက မင်္ဂလာဦးည ဆိုတာ မင်းမသိဘူးလား"

"သိတယ်ကွ၊ သိတယ်"

"ဟ. . . သိရက်သားနဲ့ကွာ၊ မင်းဟာက ငါးကြော်မကြိုက် ကြောင်မိုက် တစ်ကောင်ပဲကွ"

"ငါ ကြောင်မိုက်မဟုတ်ဘူးကွ၊ ရမ်းသန်းပြီး မစွပ်စွဲနဲ့ကွ၊ ညက အမီနာ ငါနဲ့မရှိဘူး၊ ရန်ကုန်ပေါက်မှာ ပွဲရှိလို့ ပွဲသွားကြည့်တယ်၊ ငါသာ ဗိုက်အောင့်လို့ ကျန်ရစ်ခဲ့တာ"

"ဟင် ဒါဖြင့် ညတုန်းက မင်းကို အတွာပြုတာ ဘယ်သူလဲ"

"ဘယ်သူကမှာလဲကွ၊ အမီနာ့ အမေ ဒေါ်အရှာဘီပေါ့ကွ၊ ငါ့ယောက္ခမပေါ့ကွ"

"အယ်. . ."

ပန်းမောင်ကြီး၏ စကားအဆုံးမှာတော့ သစ်မွေးလည်း သူ့နဖူးကိုသူ ဖြောင်းခနဲမြည်အောင် ရိုက်ထည့်လိုက်လေသည်တကား။

မြို့မေတ္တာခံယူမယ် . . .

ကိုရွှေတောသား

❐


## စာမူများ ပေးပို့နိုင်ပါသည်

စာပေ ဝါသနာရှင်များ မိမိ၏စာမူကို မိတ္တူကော်ပီထား၍ လပြည့်ဝန်းမဂ္ဂဇင်းတိုက်သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ မရွေးချယ်သော စာမူများကို ပြန်လည်ပေးပို့မည်မဟုတ်ပါ။

## အထူးသတိပြုရန်

တခြားမဂ္ဂဇင်းတိုက်များသို့ တစ်ပြိုင်တည်း ပေးပို့ခြင်းမျိုး၊ တစ်နှစ်အတွင်း တခြားမဂ္ဂဇင်းတိုက်များတွင် အသုံးပြုပြီးသော စာမူများကို ထပ်မံပေးပို့ခြင်းများ မပြုလုပ်ကြပါရန် မေတ္တာရပ်ခံပါသည်။

စာမူများ ပေးပို့ကြရာတွင်လည်း လက်ရေးလှရမည်ဟု မဆိုလိုပါ။ သို့သော် အယ်ဒီတာများ၊ စာစီသမားများ ဖတ်ရှုနိုင်မည့်အရေးအသားမျိုး ဖြစ်ရပါမည်။

လက်ရေးညံ့သော စာမူဖြစ်ပါက မည်မျှပင် မိုးပျံအောင်ကောင်းစေကာမူ မည်သည့်နည်းနှင့်မျှ ရွေးချယ်လိမ့်မည် မဟုတ်ကြောင်း ကြိုတင်အသိပေးအပ်ပါသည်။

■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■ ■

အဖြေ/အမည်း
**တစ်မျက်နှာ**
ကျပ်တစ်သောင်းငါးထောင်တိတိ ဖြစ်ပါသည်။

အဖြေ/အမည်း
**မျက်နှာဝက်**
ကျပ်ခုနစ်ထောင့်ငါးရာတိတိ ဖြစ်ပါသည်။

## ဆက်သွယ်ရန်

အယ်ဒီတာအဖွဲ့
လပြည့်ဝန်းမဂ္ဂဇင်း
တိုက်အမှတ် (၇၂၄)၊
အခန်း (၁၈) ပထပ်၊ မဟာဗန္ဓုလလမ်း
(၁၇×၁၈)လမ်းကြား၊
လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၉ ၃၂၃၇၄၇၀၅


www.burmeseclassic.com

www.burmeseclassic.com

## သိုးထိန်း(တောင်ကြီး)

# ထို့ကြောင့် စကားဝဲတာ စိတ်နာသည်




ကျွန်တော့် ညီတော်သူ စိုင်းလောင်ဆိုင်က စကားဝဲသည်။ ရှမ်းလူမျိုးဖြစ်လို့ ရှမ်းသံဝဲတာဆိုသော်လည်း တစ်ခါတစ်ရံ ရှမ်းအချင်းအချင်းပင် သူပြောတာ နှစ်ခါပြန်မေးရသည်။

သူစကားဝဲတာက သိပ်အရေးမကြီးသော်လည်း သူနှင့်ပတ်သက်ဆက်နွယ် စကားပြောရသူမှာ ကြောင်စီစီနှင့် စိတ်ကသိကအောက် ဖြစ်ရမြဲ။

သူက ဗမာစကားကို ရေရေလည်လည်ပြောတတ်သော်လည်း တနှင့်သ မပီ၊ မ,ငသတ်နှင့် မ,နသတ်မပီ၊ စနှင့်ရသံမပီ စသည်ဖြင့် သူမပီတာများသည်။

စိုင်းလောင်ဆိုင်က ကျွန်တော့်ထက် ဗမာစကား စပြောတတ်တာဖြစ်သည်။ သူက ပင်လုံဘက်မှာနေစဉ် ငယ်ငယ်ကတည်းက ကားဂိတ်မှာ မုန့်ရောင်းခဲ့ကာမို့ ကျွန်တော့်ထက် ဗမာစကား အတတ်မြန်ခဲ့သည်။ ပြီးတော့ သူက ဗမာစကားကို နိုးရိုးမပြောဘဲ မြို့ပေါ်က ဗမာတွေလို အင်္ဂလိပ်စကားက ညှပ်ပြောတတ်သေးသည်။

ထို့ကြောင့်မို့ တစ်ခါတွင်မတော့ လင်းခေးက ခပ်ရိုးရိုးရှမ်းအဒေါ်ကြီး ခနီးသည်တစ်ယောက်ရှက်ရှက်ကြောက်ကြောက်နှင့် စိတ်ကသိကအောက် ဖြစ်ခဲ့ရဖူးသည်။

www.burmeseclassic.com

ထိုစဉ်က စိုင်းလောင်ဆိုင်က မလိုင်လုံးမုန့် ရောင်းစဉ်က ဖြစ်သည်။ လင်းခေးနှင့်တောင်ကြီး ပြေးဆွဲသော ဟိုင်းဝေးလမ်းမကြီးအလယ်ရှိ စစ်ဆေးရေးဂိတ်နှင့် အခွန်ကောက်ဂိတ်တွင် သူက မလိုင်လုံးမုန့် ရောင်းသည်။

နွေကျောင်းပိတ်ရက်မို့ ဂိတ်တွင် တစ်နေကုန် မုန့်ရောင်းသည်။ ထိုဂိတ်လေးက ယာဉ်ဖြတ်သန်းခ အခွန်ဆောင်ရန်နှင့် လူစာရင်းစစ်သော ဂိတ်ကလေး ဖြစ်သည်။ စိုင်းလောင်ဆိုင်က ဂိတ်က ဂိတ်မှူးများ စစ်ဆေးရေးဂိတ်တဲထဲမှ တပ်မတော်သား စစ်ဝန်ထမ်း၊ ရဲဝန်ထမ်းများနှင့်လည်း ခင်မင်ရင်းနှီးနေပြီ ဖြစ်သည်။

ကားလာလျှင် မုန့်အော်ရောင်း၊ ကားမလာလျှင် စိုင်းလောင်ဆိုင်က စစ်ဆေးရေးဂိတ်ထဲက စစ်သားများနှင့် စကားပြောနေတတ်လေသည်။ တစ်ခါတစ်ရံ ကျားကွက်ရွှေ့နေတတ်သည်။ မလိုင်လုံးမုန့်ဗန်းကို ဂိတ်တဲရှေ့ရှိ လက်မှတ်ခုံပေါ် တင်ထားပြီး ဂိတ်ရှေ့ ကားလာရပ်လျှင် စိုင်းလောင်ဆိုင်က ဂိတ်ပေါက်မှနေ၍ မလိုင်လုံး အော်ရောင်းတတ်သည်။

ထိုစဉ်က (ကျွန်တော်တို့ ငယ်ငယ်က) ငါးပြား၊ ဆယ်ပြားခေတ် ဖြစ်သည်။ စိုင်းလောင်ဆိုင်က မလိုင်းလုံး လေးလုံးကို အိတ်ကလေးနှင့်ထုပ်ပြီး တစ်ထုပ် တစ်မတ် (နှစ်ဆယ့်ငါးပြား) နှင့်ရောင်းသည်။ သည်တွင် စိုင်းလောင်ဆိုင်က "မလိုင်လုံး လေးလုံးတစ်မတ်" ဟု ရိုးရိုးအော်မရောင်းဘဲ စတန့်ထွင်ကာ "မလိုင်လုံး ဖောလုံးတစ်မတ်" ဟု အော်ရောင်းသည်။ ဖောဆိုတာအင်္ဂလိပ်လို လေးကို ညှပ်သုံးလိုက်သည်။

ဂိတ် အနီးဝန်းကျင်က သူအော်တာ သဘောပေါက်သော်လည်း ခရီးသည်များမှာ အစပိုင်းတွင် လည်လည် ထွက်သွားသည်။ နောက်မှ သူရောင်းတာကိုကြည့်ပြီး သဘောပေါက်သွားကြသည်။

တစ်ခါတွင်မတော့ လင်းခေး - တောင်ကြီးလိုင်းကားလေး ထိုစစ်ဆေးရေးဂိတ်သို့ ထိုးဆိုက်လာသည်။ ဂိတ်ရှေ့ တည့်တည့်သို့ ထိုးဆိုက်လာခြင်းဖြစ်၍ စိုင်းလောင်ဆိုင်က မုန့်ဗန်းကိုထမ်းပြီး ကားနား ပတ်မရောင်းတော့ဘဲ ဂိတ်တံခါးဝမှာ ထွက်ရပ်၍ "မလိုင်လုံး ဖောလုံးတစ်မတ်" "မလိုင်လုံး ဖောလုံးတစ်မတ်" ဟု အော်ရောင်းသည်။

သူအော်ရောင်းသံ ကြားသည်နှင့် လိုင်းကားပေါ်မှ ဆင်းလာသည့် အဒေါ်ကြီး (ရှမ်းအမျိုးသမီးကြီး) တစ်ယောက်သည် ကားပေါ်သို့ အမြန်ပြန်တက်သွားသည်။ ခဏကြာ ကားပေါ်မှ ထိုအဒေါ်ကြီး ဆင်းလိုက်ပြန်ရာ စိုင်းလောင်ဆိုင်ကလည်း "မလိုင်လုံး ဖောလုံး တစ်မတ်" ဟု အော်ရောင်းလိုက်သည်နှင့် ကြုံသွားပြန်သည်။

အဒေါ်ကြီးကလည်း ကားပေါ်သို့ အမြန် ပြေးတက်သွားပြန်သည်။ ထိုအဒေါ်ကြီး တက်လိုက် ဆင်းလိုက်နှင့် ဂနာမငြိမ် ဖြစ်နေသည်ကို ကားပေါ်မှ ရှမ်းခရီးသည်များက ဘာဖြစ်လို့လဲဟု မေးကြရာ အဒေါ်ကြီးက ရှမ်းလိုပြန်ဖြေသည်။

"ဘာဖြစ်ရမှာလဲ ငါအရမ်းအပေါ့ သွားချင်နေပြီ၊ ကားပေါ်ကဆင်းပြီး အိမ်သာသွားမလို့ဟာ ဟိုဂိတ်ထဲက ကောင်လေးက မဆင်းနဲ့၊ ဆင်းရင်ဖမ်းမယ်လို့ သတိပေးနေလို့ ငါကြောက်ပြီး အောင့်ထားရတယ်"

ဟုပြောလိုက်ရာ တစ်ကားလုံး ဝါးခနဲ ပွဲကျသွားတော့သည်။

ရိုးသားသော ရှမ်းမကြီးပါပေ။ သူပြောတာ ဟုတ်တော့လည်း ဟုတ်သည်။

စိုင်းလောင်ဆိုင်၏ ဈေးရောင်းသံ "မလိုင်လုံး ဖောလုံးတစ်မတ်" ဆိုသည်ကို ရှမ်းလို ပြန်လိုက်လျှင် (မလိုင်လုံး - မဆင်းနဲ့) (ဖောလုံး - ဆင်းရင်) (တစ်မတ် - ဖမ်းမယ်) ဟု အဓိပ္ပာယ် ဖြစ်သွားသည်။

ထို့ကြောင့် မလိုင်လုံး ဖောလုံး တစ်မတ် ဆိုသည်ကို 'မဆင်းနဲ့ ဆင်းရင် ဖမ်းမယ်'ဟု အဓိပ္ပာယ်ပြောတာထင်ပြီး ကြောက်သွားခြင်းဖြစ်သည်။

စိုင်းလောင်ဆိုင် အသက်နှစ်ဆယ်ရောက်တော့ တောင်ကြီးမှာ ကျွန်တော်နဲ့ လာနေရင်း ရွှေပန်းထိမ်လုပ်သည်။ တောင်ကြီးမြို့မဈေးကြီးထဲရှိ ရွှေဆိုင်မှာ ရွှေပန်းထိမ်လုပ်သည်မို့ ဈေးနှင့် သိပ်မဝေးသော ကျွန်တော့်အိမ်မှ နှစ်ယောက်သား လမ်းလျှောက်သွား၊ လမ်းလျှောက်ပြန်ကြသည်။ ထိုသို့ နေစဉ်နဲ့ အမျှ သွားလာရာမှ စိုင်းလောင်ဆိုင်သည် လမ်းတွင် နေ့တိုင်းတွေ့နေသော မိန်းကလေးတစ်ယောက်ကို စိတ်ဝင်စားပြီး ချစ်မိကြိုက်မိတော့သည်။

သူနှင့်ကျွန်တော် ထိုမိန်းကလေး ဘယ်မှာအလုပ်လုပ်လဲ လိုက်ကြည့်ကြရာ မိန်းကလေးသည် မြို့ထဲရှိ ဟိုတယ်ကြီးတစ်ခုမှ ကောင်တာထိုင်သော နေ့မန်နေဂျာဖြစ်ကြောင်း သိရသည်။

စိုင်းလောင်ဆိုင်က တစ်ပတ်လောက် စုံစမ်းလိုက်ရာ မိန်းကလေး နာမည် နန်းလောင်ခမ်းဟု သိရသည်။

တစ်ရက်တွင် စိုင်းလောင်ဆိုင်က ကျွန်တော့်ကို . . .

"စိုင်းနောင်၊ ငါ နန်းလောင်ခမ်းဆီ ဖုန်းသွားဆက်မယ်၊ မင်းလိုက်ခဲ့"

"ဟေ့ကောင်၊ မင်းနဲ့မှမသိသေးဘဲ ဘယ်လို ဆက်မှာလဲ၊ တော်ကြာ ပြဿနာဖြစ်ဦးမယ်"

"အာ မဖြစ်ပါဘူး စိုင်းနောင်ရာ သူ့အိမ်နာမည်က အခမ်း တဲ့၊ သူ့သူငယ်ချင်းတွေလဲ ဒီလိုပဲ ခေါ်ကြတယ်တဲ့၊ အဲဒီလိုခေါ်ရင် သူ့သူငယ်ချင်းထင်မှာပဲ လာကွာ၊ လိုက်ခဲ့စမ်းပါ"

သို့ဖြင့် ကျွန်တော်တို့နှစ်ယောက် သူငယ်ချင်းတစ်ယောက်၏အိမ်မှ ဖုန်းဖြင့် ဆက်ကြည့်သည်။ ဖုန်းဝင်တော့ ကျွန်တော်က နန်းလောင်ခမ်း ဘာပြန်ပြောမလဲ သိချင်၍ ဖုန်းခုံမှ စပီကာဖွင့်လိုက်ရာ . . .





www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့ . . . ဟိုတယ်ကပါ။ အမိန့်ရှိပါရှင်"

စိုင်းလောင်ဆိုင်က အသံဝဲဝဲဖြင့်

"အခမ်း ရှိပါသလားခင်ဗျာ"

"ဟုတ်ကဲ့၊ အခန်းလွတ် အများကြီး ရှိပါတယ်ရှင်"

"မဟုတ်ဘူးခင်ဗျ၊ ကျွန်တော်ပြောတာ အခန်း (အခမ်း) ပါ ခင်ဗျ"

"ဟုတ်ကဲ့၊ ကျွန်မပြောတာလဲ အခန်းပါပဲရှင်၊ ဘယ်အခန်း ဘယ်လို အခန်း တည်းချင်တာလဲရှင်"

"မဟုတ်ဘူးခင်ဗျ၊ အခန်း အခန်း (အခမ်း အခမ်း) ခင်ဗျ"

"ဟုတ်ကဲ့၊ ကျွန်မပြောတာ နှစ်ယောက်အိပ်အခန်း၊ မိသားစုအခန်း၊ တစ်ယောက်အိပ်အခန်း ဘယ်လိုအခန်းလဲ၊ အဲဒါတစ်ဆိတ် အမိန့်ရှိပါရှင့်၊ ဘယ်က ဆက်တာလဲရှင့်"

"ဟာ ကျွန်တော့်ပြောတတာ လူ အခန်း (အခမ်း) ပါခင်ဗျ၊ ဟိုလေ နန်းလောင်ခန်း(ခမ်း) ကိုပြောတာ ခင်ဗျ"

"ရှင် ဩော် အဲအဲ အခမ်းက ကျွန်မပါပဲရှင်၊ ဘယ်သူလဲရှင်၊ ဘာကိစ္စများလဲရှင်"

"အဲ အင်း ဟိုကျွန်တော်က ဟို သတိရလို့ ဆက်တာပါ၊ အဟဲ ဟို ဟဲလို ဟဲလို"



တစ်ဖက်က ဖုန်းချသွားပြီဖြစ်သည်။

ထိုနေ့ညနေ ၅နာရီတွင် စိုင်းလောင်ဆိုင်နှင့်ကျွန်တော် နန်းလောင်ခမ်း အလုပ်ပြန်လာချိန်ကိုစောင့်ပြီး စိုင်းလောင်ဆိုင်က စကားလိုက်ပြောပါတော့သည်။ လူရှင်းသော လမ်းကလေးသို့ ရောက်သော် စိုင်းလောင်ဆိုင်က နန်းလောင်ခမ်းနား ကပ်သွားပြီး. . .

"ဒီ ဒီမှာ နန်းလောင်ခန်း(ခမ်း) ခဏ ခဏလေးပါဗျာ၊ စကားနည်းနည်း ပြောချင်လို့ပါ"

နန်းလောင်ခမ်းက တုံ့ခနဲရပ်ကာ ကျွန်တော်တို့နှစ်ယောက်ကို စူးရှသည့်မျက်လုံးဖြင့် စူးစမ်းသည်။ ကျွန်တော်က နန်းလောင်ခမ်း လက်ထဲမှ စတီးလ်ထမင်းချိုင့်ကို သတိထားနေရသည်။ တော်ကြာ ဆွဲရိုက်လိုက်မှဖြင့်။ တွေးရင်း ကျွန်တော် ခပ်လှမ်းလှမ်းသို့ ရွှေ့နေလိုက်ရာ နန်းလောင်ခမ်းက. .

"ဘာလဲ ဘာကိစ္စလဲ"

"ဟို ဟိုလေ နေ့လယ်က အခန်း (ခမ်း) ကို ဖုန်းဆက်တာ ကျွန်တော်ပါ၊ ကျွန်တော် မိကောင်းဖခင် သားသမီးပါ ခင်ဗျာ၊ ကျွန်တော် အခန်း(ခမ်း)ကို တကယ်ရှိ (ချစ်)လို့ ခုလို စကားပြောတာပါ"

"ရှင် ဘာ ဘာရှိတယ်"

"ဟို အခန်း(ခမ်း)ကို ကျွန်တော် ရှိတယ်၊ ကျွန်တော့်ကို ပြန်ရှိ မရှိ အဖြေ ပေးပါနော်"

နန်းလောင်ခမ်း သဘောပေါက်သွားလေသည်။ အခြေအနေတော့ သိပ်မဆိုး။ သို့သော် နန်းလောင်ခမ်းက စိုင်းလောင်ဆိုင်ကို မျက်စောင်းထိုးကာ. . .

"ဒီမှာ ရှင်စကားတောင် လေးလုံးမကွဲသေးဘဲနဲ့များ၊ ဟွန်း စကားပီအောင် သင်လိုက်ဦး"

ဆိုပြီး ဘောက်ဆတ်ဆတ်နှင့် ထွက်သွားသည်။ အိမ်အပြန်လမ်းတွင် စိုင်းလောင်ဆိုင်က လင်းတမှိုင် မှိုင်ပြီး နှုတ်ဆိတ်နေသဖြင့် ကျွန်တော်က. . .

"ဟေ့ကောင် ဘာဖြစ်နေတာလဲ"

"စိုင်းနောင်ရာ ငါစကားဝဲတာ စိတ်နာတယ်"ဟု သက်ပြင်းချသံကြီးနှင့် မအီမသာပြောသည်။

ထိုနေ့ညနေက စိုင်းလောင်ဆိုင် ပျောက်သွားသည်။ ညမိုးချုပ်မှ ပြန်လာပြီး ထမင်းစားသည်။ ပြီးနောက် အိပ်ခန်းထဲဝင်ကာ မှန်ရှေ့ရပ်ပြီး တစ်ယောက်ထဲ တိုးတိုးနှင့် ရွတ်နေသည်။ ဘာတွေ ရွတ်နေသည်မသိ။ လက်ထဲမှာလည်း စာရွက်တစ်ရွက်ကိုင်ထားသည်။ ကျွန်တော်က . . .

"ဟေ့ကောင် ဘာတွေရွတ်နေတာလဲ"

စိုင်းလောင်ဆိုင်က စပ်ဖြဲဖြဲနှင့်-

"အဟီး လမ်းထိပ်က ပုံနှိပ်စက်ဖိုမင်ဆီက အကြံဉာဏ်လေ၊ သူရေးပေးတာကွ စကားပီအောင် လေ့ကျင့်နည်းတဲ့"

"ဟုတ်လား၊ ဒါဆို ငါလဲကြားအောင် မင်း ကျယ်ကျယ်လေး လေ့ကျင့်စမ်းပါ"

ဆိုတော့ စိုင်းလောင်ဆိုင်က စာရွက်ကိုကြည့်ပြီး အသံကိုမြှင့်ကာ ရွတ်ပြလေသည်။ ကျွန်တော်ကတော့ ရယ်ချင်မိသည်။ သူ ရွတ်ဖတ်လေ့ကျင့်နေသည့် စကားဝါကျတို့က အောက်ပါအတိုင်း ဖြစ်တော့သည်။

"ခ ခိ ခု ခဲ ခေါ် ခင်း ခက် ခိုင် ခန့်၊ ရှ ရှိ ရှု ရှဲ ရှော် ရှင်း ရှက် ရှိုင် ရှန့်"

"ကျီး ကျား ကျောက် ကြက် ကြွက် ကြောင် ကြံ့ ကျွဲ"

"မောင်မြင့်မောင် မင်း မြန်မြန် မောင်း မင်းမိန်းမ မေမြို့မှာ မိုးမိမယ် မောင်"

"တို့တတွေ တွံတေးတောင်တော် တက်တော့ တောက်တဲ့တွေ တစ်တီတူး တွေ တွေ့တတ်တယ်တဲ့တော့"ဟူ၏။

ဤတွင် ရှင်မြူးဖွယ် ဟာသ ကဏ္ဍ တစ်ခန်း အဟမ်း ပြီး၏။

သိုးထိန်း(တောင်ကြီး)

❐

www.burmeseclassic.com

www.burmeseclassic.com

# တလွဲတွေးတဲ့ ခင်

မာနိ-ဒီဂရင်



တစ်ခါတစ်ရံမှာ ခင့်စိတ်အာရုံ ကြေးမုံပြင်တွင် အတိတ်က လေအန်ကုန်းဆီသို့ ပြန်မြင်ယောင်လာခဲ့ပါသည်။

ယခင်က ကုန်သည်လမ်း စာပေဗိမာန်အနီး ၃၇ လမ်းနှင့် ၃၈ လမ်းကြားတွင် ဇင်မင်းမောင် လက်ဖက်ရည်ဆိုင် ရှိခဲ့ဖူးသည်။ လေအန်ကုန်း စာပေအဖွဲ့သားများ နေရာဟောင်းပေါ့။

ထုံးစံအကိုင်း လေအန်ကုန်းဒေးဆို မသွားရမနေနိုင်သူမို့ ထိုအချိန်က တွံတေးမှ စာရေးဆရာမ 'ညိုတိုချော' လည်းရောက်လာတတ်သည်။ လေအန်ကုန်းသို့ လာရသည့်အကြောင်းရင်းကား အိမ်မှာ တကုပ်ကုပ်ရေးလာသော စာမူတစ်ပုဒ် နှစ်ပုဒ်အား ဖိုင်တွဲကြီးထဲထည့်၊ လူမြင်ကောင်းစေရန် လှတပတပြင်ဆင် စတိုင်မလိုင် အပြည့်ဖြင့် စာရေးဆရာမ မာန်သွင်း၍ ချီတက်လာခဲ့စမြဲပင်။

သို့ပေမယ့် မမေ့မလျော့အသွင်ကတော့ လေအန်ကုန်းဝိုင်းအတွက် မုန့်ထုပ်လေးများ ဆွဲယူလာတတ်ကြသည်။ စာပေသမားများ စကားဝိုင်းဖွဲ့၊ အဆာပြေစားကြသော မြင်ကွင်းမှာ ကြည်နူးပီတိ ဖြစ်စရာပင်။

ဒီတစ်ပတ်တော့ ညိုတိုချောက ဖုန်းဆက်ထားသည်။

"မမခင်ရေ . . . လေအန်ကုန်းအတွက် မုန့်မဝယ်လာနဲ့တော့၊ ညီမ ကွံတေးက ကောက်ညှင်းထုပ်ကြီးတွေ ဆွဲလာခဲ့မယ်"

အားရပါးရ မှာကြားထားသဖြင့် ခင်လည်းလေအန်ကုန်းရောက်ကတည်းက ညိုတိုချောကိုမျှော်နေမိသည်။ဆရာမျှော်မြင်သူကလည်း ဗိုက်ဆာပြီထင်ရဲ့။

"ဆရာမ မုန့်မပါဘူးလား" ဟု မေးလာသည်။

"မုန့်ယူလာမယ့် ဆရာမက မဝယ်နဲ့ သူယူလာမယ်လို့ပြောလို့ သူ့ကို မျှော်နေတာပါ ဆရာ"

"သူက ဘယ်ဘက်ကလာမှာလဲ ဆရာမ"

"တွံတေးက လာမှာပါ။ သဘော်ဆင်းတဲ့ဘက်ကို အဲဒါကြောင့် ကြည့်နေတာ ဆရာရဲ့"

"ဩော် . . ဟိုဆရာမ ငယ်ငယ် ညိုတုတ်တုတ်လေး မဟုတ်လား"

"ဟုတ်ပါ့ ဆရာရယ်၊ ဒီနေ့မှ သူက ကြာလိုက်တာ"

"ကျွန်တော်လဲ ဝိုင်းကူမျှော်ပေးမယ် ဆရာမ"

ပန်းဆိုးတန်းဘက်မှ သဘော်ဖြင့် ရန်ကုန်တက်လာသော လူအုပ်ကြီးကတော့ သွားတာ ကြာပါပြီ။ ညိုတိုချော အရိပ်တောင် မမြင်ရသေး။ ဟင်း ခနဲ သက်ပြင်းချလိုက်စဉ် စာပေဗိမာန်ပလက်ဖောင်းပေါ် ချိုးကွေ့တက်လာသော ညိုတိုချောကို တွေ့ပါပြီ။

"ဟော လာပါပြီ"

ညိုတိုချော မမြင်မှာစိုး၍ ခင်က လက်လှမ်းပြလိုက်သည်။ သူ့ပုံစံက အရပ်ပုပု ဝဝကစ်ကစ် အသားညိုပေမယ့် မြို့သူရှုံးအောင် ရှုးစမိုးအပြည့်၊ စတိုင်နှင့် လျှောက်လာလေသည်။ အနီးရောက်တာနှင့် ညိုတိုချောလက်ထဲမှ ဆွဲလာသော ကြွပ်ကြွပ်အိတ် ဖောင်းဖောင်းကြီးအား ခင်ဆွဲယူရင်း . . .

"လာထိုင် ညီမလေး"

ထိုင်ခုံနေရာ ရှာပေးပြီး ညိုတိုချော၏ ကြွပ်ကြွပ်အိတ်အား ဖွင့်ရန် ခင့်လက်များက လှုပ်ရှားလိုက်ပါသည်။

ညိုတိုချောခမျာ တွံတေးမှ ကောက်ညှင်းထုပ်များ တပင်တပန်း သယ်ဆောင်လာပြီး စာပေဝိုင်းတော်သားများအတွက် "စားကြမယ်ဟော့ ကောင်းကောင်း" ဆိုပြီး စိတ်ရည်မှန်းကာ ကျွေးနိုင်ရန် အထုပ်ကို ကြိုးစားဖြေရှုံရှိသေး ခင့်လှုပ်ရှားမှုအပေါ် ရိပ်စားမိသည့် ညိုတိုချောက အထုပ်ကို ဆတ်ခနဲ ပြန်ဆွဲယူပြီး လက်ဖက်ရည်ဆိုင် အတွင်းပိုင်းသို့ သယ်ဆောင်သွားလေတော့သည်။

ခင့်စိတ်ထဲမှာ တွေးလိုက်မိပါသည်။ သူယူလာသည့် ကောက်ညှင်းထုပ်ကို ဆိုင်က ပန်းကန်နှင့် သေသေချာချာ ထည့်ပြုပြီး ယူလာကျွေးမှာပဲဟု ထင်မှတ်ထားပါသည်။



www.burmeseclassic.com

www.burmeseclassic.com

သို့သော်လည်း ညိုတိုချောက လက်ဖက်ရည်ဝိုင်းမှာ လာပြန်ထိုင်ပြီး စကားတွေပြောနေသည်။ စောစောက အထုပ်နှင့် စားစရာကတော့ လုံးဝမပေါ်လာပါ။ ခင်ကတော့ မုန့်လာချပေးနိုးနှင့် မျှော်ပေါ့။ ထိုအချိန်မှာ ဆရာမ နှင်းဝေငြိမ်း ရောက်လာပြီး . . .

"ဆရာမ ခင်နဲ့ညို လိုက်ခဲ့နော်၊ ဒီနေ့ မနှင်းမွှေးနေ့ ရှယ်ကျွေးချင်လို့ လာခေါ်တာ"

ကမန်းကတန်းနှင့် ခင်တို့ လိုက်ပါသွားပြီး စားသောက်ဆိုင်မှာ စားရင်းသောက်ရင်း၊ စကားတွေပြောရင်း၊ ဆုတောင်းပေးရင်း ပျော်ပျော်ရွှင်ရွှင် လမ်းခွဲခဲ့ကြသည်။ ဒါပေမယ့် ခင့်ဗိုက်ထဲမှာ မဆာတော့ပေမယ့် ညိုတိုချော တစ်ယောက်ကတော့ သူသယ်လာတဲ့ မုန့်ထုပ်အကြောင်း တစ်ခွန်းမှမဟ။ အဲဒီမုန့်ထုပ်ထဲမှာ စားဖွယ်ရာအား မမြင်မတွေ့ရတာကို ရင်ထဲမှာ စနောင့်စနင်းကြီး ခံစားနေရဆဲ။

ဖြူနီးဆို မိုးက သည်းသည်းရွာချစဉ် သူ့ထီးသူဖွင့်၊ ကိုယ့်ထီးကိုယ်ဖွင့် ဖြိုင်တူလှုပ်ရှားမိရာ ခင့်ရဲ့ထီးကိုင်းနဲ့ သူ့ထီးကိုင်း တိုက်မိပြီး သူ့ထီးရွက်ချုပ်ရိုးပြုတ်ကာ လန်သွားတော့သည်။ နဂိုက ထော်ချင်သော နှုတ်ခမ်းအား ပိုထော်အောင်စူရင်း ညည်းညူပြောလေသည်။

"ကျွတ်. . ဒီထီးကတစ်မျိုး၊ ဒီနေ့မနက် လာကတည်းကိုက သဘော်ဆိပ်အဆင်းမှာ ဖိနပ်က ဒုက္ခပေးတာ၊ အခု ထီးက ဒုက္ခပေးပြန်ပြီ၊ စိတ်ထဲမှာ အဆင်ကို မပြေဘူး"

ညိုတိုချောစကားကြောင့် မိုးစိုစိုထဲမှာပင် ခင်ကလည်း လူချင်းမခွဲမီ သိချင်တာ မေးရမှဖြစ်မှာမို့ . . .

"အေး ငါ့စိတ်ထဲမှာလဲ နေရတာ အဆင်မပြေဘူး"

"အမ်. . . အစ်မက ဘာဖြစ်လို့လဲ"

"နင်လေ၊ နင့်ကြောင့်ပေါ့၊ လေအန်ကုန်းမှာ ဆရာ၊ ဆရာမတွေကို နင်မုန့်ဝယ်လာကျွေးမယ်ပြောပြီး မကျွေးဘဲ ဆိုင်ထဲ သွားထားခဲ့တာလေ"

"ဩော်. . . အဟေး ဟေး. . အဲဒါလား"

လမ်းမကြီးမှာ သူက အားရပါးရ အော်ရယ်ပြန်သေး။ ပြီးမှ မျက်ရစ်မပါသော မျက်လုံးကို မှိတ်အောင် ထပ်ရယ်ရင်း . . .

"အဲဒါ ပြောတာပေါ့ အစ်မရယ်၊ မနက်က အိပ်ရာထ နောက်ကျလို့ ကောက်ညှင်းထုပ်က ဝယ်မရခဲ့ဘူး၊ တွံတေးကနေ ရန်ကုန်မြို့ လာရတဲ့အခါ တောသူစတိုင်နဲ့ လာလို့မဖြစ်ဘူးလေ၊ ညီမရဲ့အရပ်ကို လူစဉ်မီအောင် လေးလက်မခွဲ ဒေါက်မြင့်ဖိနပ်စီးပြီး စတိုင်ထုတ်လာရတယ် သိတယ်မဟုတ်လား။

ရန်ကုန် ပန်းဆိုးတန်းဆိပ်ကမ်း ရောက်တော့ သဘော်ပေါ်ကနေ ရန်ကုန်မြို့ကြီး ထွက်ပြေးတော့မယ်အလား အတင်းတိုးဝှေ့ဆင်းကြရတာလေ၊ ဘောတံတားပေါ် အရောက် အဲဒီမှာ လူပုံအလယ်ကျမှ ဒေါက်ဖိနပ်တစ်ဖက်က ခွာတန်းလန်းကြီး ပြုတ်ထွက်ပါလေရော၊ လူအုပ်က တိုးနေတော့ ခွာဖြုတ်ဖို့ခက်နေတယ်၊ ကြိုးသိုင်းခွာမြင့်ဖိနပ်ဆိုတော့ ချွတ်ရခက်နေပြောရော။

အစ်မ စဉ်းစားကြည့်လေ၊ လူကြားထဲ ကုန်းကုန်းကွကွနဲ့ သရုပ်ပျက်တော့မယ်၊ အဲဒါနဲ့ ပေတေပြီး ဘောတံတားထိပ်အထိ တစ်ဖက်နိမ့် တစ်ဖက်မြင့်နဲ့ ခွတီးခွကျ မနည်းရအောင် လျှောက်ခဲ့ရပြီး ဆိုက်ကားငှားပြီး လေယာဉ်ရုံးလမ်းကဝင်ခိုင်း၊ လူရှင်းတဲ့နေရာမှာ ဆိုက်ကားကို ရပ်ခိုင်းပြီး. . .

'ဆိုက်ကားဆရာရယ်၊ ကျွန်မ လက်ဖက်ရည်ဖိုး ပိုပေးပါ့မယ်၊ ကူညီပေးပါ'

လို့ပြောပြီး ဖိနပ်ချွတ်ပြီး ဒေါက်မြင့်ခွာတန်းလန်းကိုဖြုတ်၊ ကျန်သေးတဲ့ ကောင်းတဲ့ဘက်ကိုလဲ ဆိုက်ကားဆရာနဲ့ နှစ်ဦးသား တရုတ်သိုင်းကားထဲကလို 'အား အင်း အူး' ဆိုပြီး အသံတွေထွက်အောင်အထိ ဒေါက်ဖိနပ်ခွာကို မနည်းဆွဲခွာခဲ့ရတာလေ။

ဆိုက်ကားဆရာက ပြောရှာတယ်၊ 'အမယ်လေး အစ်မရယ်၊ ကျွန်တော် ဆိုက်ကားနင်းရတာ အဲဒီလောက် မပင်ပန်းဘူး၊ အစ်မရဲ့ ဖိနပ်ခွာကို ဖြုတ်ရတာ ရှိသမျှအားတွေ ကုန်ပါပြီဗျာ' တဲ့၊ ဒါမှ ဖိနပ်က ဘက်ညီပြီး စီးလို့ရတာလေ၊ အခု ခွာနိမ့်ဖိနပ်နဲ့ ရောက်လာရတာ သိပြီလား"

သူပြောမှ သေဧသေချာချာ ငုံ့ကြည့်မိသည်။ ညိုတိုချောရဲ့ အရပ်က ခါတိုင်းထက် ပိုနိမ့်သွားတာ ဒါကြောင့်ကိုး။

"အေးလေ၊ ငါသိချင်တာ နင့်ဖိနပ် ခွာပြုတ်တာ မဟုတ်ဘူး၊ နင်ကိုင်လာတဲ့ ကြွပ်ကြွပ်အိတ်ထဲက မုန့်ကို ဘယ်ထားခဲ့လဲ၊ အဲဒါ သိချင်တာ"

"ဩော်. . . ခက်ပါဘိ အစ်မရယ်၊ အဲဒီခွာပြုတ်နှစ်ခုကို ထည့်လာတာ၊ ဒါကို ဘုမသိ ဘမသိ မမခင်က စားစရာထင်ပြီး အထုပ်ကို ဖြေနေလို့ စာရေးဆရာတွေရှေ့ အရှက်ကွဲမှာ၊ ဝိုင်းဟားခံရမှာစိုးလို့ ပြန်ယူပြီး လက်ဖက်ရည်ဆိုင်ထဲ သွာသိမ်းထားတာ သိရဲ့လား"

ချစ်စဖွယ် မျက်စောင်းထိုးရင်း ရှင်းပြကာ ခင့်ကျောကိုထုလေ၏။

လေအန်ကုန်းလာလျှင် မုန့်ထုပ်လေးများ ဆွဲကာ ဝယ်လာတတ်သော စာရေးဆရာမများလာလျှင် အထုပ်ကို သတိပြုကြပါကုန်။ အထူးသဖြင့် ဒေါက်မြင့်ဖိနပ် စီးတတ်သော ဆရာမများ၏ မုန့်ထုပ်အား စစ်ဆေးပြီးမှ စားကြပါဟု မတော်မတည့်အသွင် မဖြစ်စေရန် အတွက် နမော်နမဲ့ခင်က သတိပေးလိုက်ပါတော့သည်။

ပရိသတ်ကြီး အစဉ်ထာဝရ ပျော်ရွှင်စွာ ရယ်မောနိုင်ကြပါစေ။

ဟန်သီဇင်

❐





www.burmeseclassic.com

www.burmeseclassic.com

# တစ်ခါတလေတော့လည်း
# မိုးမျှက်တာ ကောင်းပါတယ်

အောင်စိုး(ပြည်)



"ဆရာစိုးရယ်၊ ဒီကိစ္စ ဘယ်သူမှလဲ မသိကြသေးပါဘူး။ ဆရာစိုးနဲ့ ကျွန်မပဲ သိကြသေးတာ၊ လူတွေသိကုန်ရင် ကျွန်မတော့ အရှက်ကွဲပြီး တစ်သက်နဲ့တစ်ကိုယ် ဒီလိုကိစ္စမျိုး တစ်ခါမှ မကြုံခဲ့ဖူးဘူး၊ ဆရာစိုးနဲ့ ကျွန်မကလွဲရင် ဘယ်သူမှ မသိကြသေးတော့ ဘယ်သူမှ မသိပါစေနဲ့တော့၊ ဖြစ်ပြီးတာလဲ ပြီးသွားပြီဆိုတော့ ဒီကိစ္စသာ လူတွေသိကုန်ရင် ဆရာစိုးရော ကျွန်မပါ အရှက်လဲကွဲ၊ သိက္ခာလဲကျကုန်ကြတော့မှာ၊ အဲဒီကတိလေးတော့ ကျွန်မကို ပေးပါနော်"

နိုင်ငံတော်မှ ဘရားလိုအဖြစ်ခွဲဆိုသော အမှုများကို လိုက်ပါစစ်ဆေးသည့်အခါ မျက်နှာထား တည်ကြည်သလောက် ယခုမူ ငိုမဲ့မဲ့မျက်နှာလေးနှင့် ဥပဒေအရာရှိမလေး ဒေါ်ခင်မြမာလာက ကျွန်တော့်ထံမှ ကတိတစ်ခု တောင်းနေရှာသည်။

မနေ့ညက သူနှင့်ကျွန်တော်တို့ ဖြစ်ခဲ့ကြသည့်ကိစ္စကို သူက လူသိမှာ စိုးနေသည်။ သူက ဒီမြို့မှာ တွဲဖက်မြို့နယ်ဥပဒေအရာရှိ တစ်ဦး၊ ထို့အပြင် နောက်ဂုဏ်ပုဒ်တစ်ခုက အင်မတန် အရှက်အကြောက်ကြီးလှစွာသော အပျိုကြီးတစ်ဦးလည်း ဖြစ်လေသည်။

ထို့အတူ ကျွန်တော်ကလည်း ဒီမြို့က မြို့နယ်တရားရုံးမှာ တွဲဖက်မြို့နယ်တရားသူကြီး တစ်ဦးပါပေ။ သူက အပျိုကြီးဆိုသော်ငြား ကျွန်တော်ကား လွတ်လပ်သူမဟုတ်။ တစ်ဦးတည်းသောသားပိုင်ရှင် အိမ်ထောင်ရှိသူ တစ်ဦးပါပေ။

သူပြောသလို ဒီကိစ္စ သတင်းပေါက်သွားပါမူ ဒီမြို့တစ်မြို့လုံး ပျံ့နှံ့ကာ ဟိုးဟိုးကျော်တော့မှာ အသေအချာ။ သူ့ ဂုဏ်သိက္ခာကို ထိခိုက်မှာ၊ သူအရှက်ရမှာကို တအားစိုးရိမ်သောက ဖြစ်နေပုံရသည်။ သူပြောသလိုဆိုလျှင်လည်း ကျွန်တော်လည်း များစွာ အရှက်ရနိုင်ကောင်းသည်။

သို့သော် ကျွန်တော်က သူ့ထက်လည်း အသက်ကြီးသည်။သူ့ထက်လည်း လုပ်သက်ရင့်သူ၊ ပြီးတော့ အိမ်ထောင်ရှင် တစ်ယောက်လည်း ဖြစ်သည်။ ဒီလိုကိစ္စမျိုးကလည်း သဘောကောင်းလွန်းသော ကျွန်တော့်တွင် မကြာခဏတော့ ကြုံခဲ့ဖူးပြီဖြစ်၍ သိပ်မဆန်းတော့။

အရှက်အကြောက်ကြီးသူ အဖို့မူ ဤကိစ္စမျိုးမှာ "လူတွေ မသိလေ ပိုကောင်းလေ"ဟု ယူဆထားဟန်ရှိလေသည်။ ကျွန်တော့်ဘက်ကမူ "လူတွေ သိလေ ပိုကောင်းလေ"တည်း။ သို့မှသာ အခြားသူများလည်း ကျွန်တော်တို့လို ကိစ္စမျိုး မပေါ်ပေါက်အောင် ရှောင်ကြဉ်နိုင်၊ သတိထားနိုင်လိမ့်မည်ဟု ယူဆမိလေသည်။

နောက်ဆုံးတော့ သူမ အတန်တန် တောင်းဆိုရှာသော ကတိကိုမပေးချင်သော်လည်း ပြိုတော့မည့်မိုးလို အုံ့မှိုင်းနေသည့် ငိုတော့မည့် သူမမျက်နှာကိုကြည့်ရင်း သနားလာကာ အားနာပါးနာနှင့် သူတောင်းဆိုသော ကတိကို ပေးလိုက်ရပါတော့သည်။

အားလုံးကို ခေါင်းအေးအေးဖြင့် ပြန်စဉ်းစားကြည့်တော့ မနေ့ညက အဖြစ်အပျက်သည် သူ့ဘက်က လိုအပ်ချက်ချည်းသက်သက် မဖြစ်နိုင်သလို ကျွန်တော့်တာဝန်လည်းမကင်းဟု ယူဆပေသည်။ ကျွန်တော်တို့က တရားစီရင်သည့် တရားခွင်ထက်မှာ နိုင်ငံတော်ကိုယ်စား တည်တည်ကြည်ကြည်ဖြင့် နိုင်ငံ့တာဝန် ထမ်းဆောင်နေကြရသော်ငြား တရားခွင်ကဲဆင်းပြီး ခေါင်းပေါင်းနှင့် တိုက်ပုံအကျႌ ချွတ်ပြီးပြီဆိုပါလျှင်မူ ကျွန်တော်တို့သည်လည်း ပြည်သူကြားက သာမန်ပြည်သူပြည်သားများပင်ပဲမို့





www.burmeseclassic.com

www.burmeseclassic.com

သနားစရာကိစ္စရှိလျှင် သနားတတ်ကြပါသည်။ ရယ်မောစရာတွေ့လျှင် အူတက်အောင် ရယ်မောတတ်ကြပါသည်။ ပြီးတော့ ယုံကြည်အောင် သနားအောင် ပြောဆိုပြန်လျှင်လည်း သတိလက်လွတ်ယုံတတ်ကြ၊ သနားတတ်ကြသူများပေ။

တရားခွင်ဘက်က အမှုများကို စစ်ဆေးရာဝယ် သက်သေခံ ဥပဒေနှင့်ကျင့်ထုံးကို လက်ကမချဘဲ သက်သေတစ်ဦး၏ ထွက်ဆိုချက်မှာ ယုံကြည်သင့်၊ မယုံကြည်သင့် လေးလေးနက်နက် စဉ်းစားတတ်သော်လည်း တရားခွင်ပြင်ပတွင်မူ ပေါ့ပေါ့ပါးပါးပဲ နေလိုက်မိသည်များလည်း ရှိတတ်ပေသည်။

လူတိုင်း လူတိုင်းမှာ ဆင်းရဲသည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ၊ ပညာတတ်သည်ဖြစ်စေ၊ ပညာမဲ့သည်ဖြစ်စေ သူတို့မှာ သူ့ဂုဏ်သိက္ခာနှင့်သူ ရှိတတ်ကြသည် မဟုတ်ပါလား။ လူတိုင်းကို တရားခံတစ်ဦးလို လိမ်ညာထွက်ဆိုတတ်သော မုသားသက်သေတစ်ဦးလို အခါခပ်သိမ်း မမြင်လို၊ မကြည့်လို၊ သဘောမထားလိုပါပေ။ ဤသည်ကား ကျွန်တော်တို့ အမှားများလေလား။ တွေးရင်းတွေးရင်းဖြင့် မနေ့က အဖြစ်အပျက်လေးကို ကျွန်တော် တဖြည်းဖြည်းချင်း ပြန်စဉ်းစားနေလိုက်မိတော့သည်။

တရားမကြီးမှု တစ်မှုစစ်ဆေးပြီး၍ နှစ်ဖက်ရှေ့နေနှင့် အမှုသည်များအား ရုံးချိန်းပေးပြီးနောက် နေ့လယ်စာ ထမင်းစားရန် တရားခွင်မှ ပြန်ဆင်းအလာ ကျွန်တော့်ချိန်ဘာခန်းအဝင်းအရောက်တွင် အသင့်စောင့်နေသော ဥပဒေအရာရှိ ဒေါ်ခင်မြမာလာကို တွေ့လိုက်ရ၏။

"ဆရာစိုး အမှုစစ်ပြီးသွားပြီလား"

"ဟုတ်ကဲ့၊ တရားမကြီးမှု တစ်မှုတော့ စစ်ပြီးသွားပါပြီ၊ ခု ထမင်းစားနားတာပါ၊ ဒါနဲ့ ဘာများအကြောင်းထူးရှိလို့ပါလဲ"

ကျွန်တော်က ရှုစမ်းသည့်အနေဖြင့် မေးလိုက်သည်။

"ဘာမှမဟုတ်ပါဘူး ဆရာစိုး၊ ဒီနေ့ညစာ ဆရာစိုးတို့ မိသားစုကို ထမင်းစား ဖိတ်ချင်လို့ပါ၊ ဆရာစိုးတို့လဲ ဒီမြို့ကို ရောက်ခါစဆိုတော့ အထိုင်ကျဦးမှာ မဟုတ်သေးဘူးလေ"

ဟုတ်ပေသည်။ ဒီမြို့ကို ကျွန်တော် တာဝန်ပြောင်းရွှေ့ ရောက်ရှိလာသည်မှာ ရက်သတ္တနှစ်ပတ်ပင် မကျော်သေးပေ။ မြို့တစ်မြို့သို့ ပြောင်းရွှေ့ဖို့ ပြောင်းရွှေ့မိန့် ထွက်လာပြီဆိုလျှင် ပထမဦးစွာ နေထိုင်ရန်အိမ်အတွက် ကိုယ်ပြောင်းရွှေ့တာဝန် ထမ်းဆောင်ရမည့်မြို့ရှိ ရုံးမှ နောင်တော်၊ ညီတော်၊ ညီမတော်၊ အစ်မတော်များထံ ကြိုတင်ဆက်သွယ်ပြီးငှားရမ်းနေထိုင်ရန်အတွက် ဈေးနှုန်းသင့်တင့်သော နေအိမ်တစ်လုံးလောက် စုံစမ်းရှာဖွေပေးထားပါမည့်အကြောင်း မေတ္တာရပ်ခံ အကြောင်းကြားထားရတော့သည်။ ဝန်ထမ်းအိမ်ရာရှိသော မြို့များတွင် အဆင်ပြေနိုင်သော်လည်း မရှိသည့်မြို့များတွင်ကား အိမ်ရှာရသည်မှ အင်မတန် မောလှတော့သည်။ များသောအားဖြင့် ဝန်ထမ်းအိမ်ရာဆိုသည်က မြို့တိုင်းမှာ ရှိသည်မဟုတ်။ ရှိသည့်တိုင်အောင်လည်း အခန်းလွတ်မရှိသေးသည်က ပိုများလေသည်။

ယခုလည်း ကျွန်တော် ဒီမြို့ကို မရောက်မီလေးတွင်ပင် မြို့မှာ မီးအကြီးအကျယ်လောင်ထားသဖြင့် ရပ်ကွက်ကြီးနှစ်ခု မီးထဲပါသွားရာ မီးဘေးကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေဆဲဖြစ်သည်ကို တွေ့ရပြီး အိမ်ငှားမည့်သူပင် မရှိသလောက် ရှားပါးနေသဖြင့် ရုံးထဲက ရုံးစောင့်နေထိုင်ခြင်းမရှိသော အိမ်လေးကိုပင် ပြုပြင်ပြီး နေလိုက်တော့သည်။ သို့ဖြင့် နေစရာကိစ္စတစ်ခုအတွက် စိတ်အေးသွားရသည်။

ရုံးစောင့်က မြို့ခံဆိုတော့ သူ့မိဘများအိမ်သို့ သွားနေလိုက်သဖြင့် သူ့ကိုပင် ကျေးဇူးတင်ရတော့သည်။ နေစရာအိမ် ချက်ချင်းအဆင်မပြေသေးသဖြင့် မိသားစုကို ၎င်းတို့မိဘများ၏ မြို့တွင် ခေတ္တထားခဲ့ပြီး ကျွန်တော် တစ်ယောက်တည်း ဖြစ်သလိုပင် ချက်ပြုတ်စားသောက် နေထိုင်ခဲ့ရာ မိသားစုကို လွမ်းခဲ့သည့် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်ကမှ သွားရောက်ခေါ်ယူခဲ့ရပေသည်။

ထို့ပြင် ဒေါ်ခင်မြမာလာမှာ ကျွန်တော်၏ တရားခွင်တွင် နိုင်ငံတော်မှ တရားလိုပြုလုပ်စွဲဆိုသော ပြစ်မှုဆိုင်ရာ အမှုများအတွက် တာဝန်ခံလိုက်ပါရမည့် ဥပဒေအရာရှိတစ်ဦးလည်း ဖြစ်သည့်ပြင် ဤမြို့မတိုင်မီ အခြားသော အထက်ပိုင်းမြို့တစ်မြို့တွင်လည်း ကျွန်တော်နှင့် တစ်မြို့တည်း တာဝန်ကျဖူးသူဖြစ်ရာ ကျွန်တော်နှင့် မောင်နှမများသဖွယ် ခင်မင်ရင်းနှီးသော မိတ်ဟောင်းဆွေဟောင်း တစ်ဦးလည်းဖြစ်သဖြင့် ကျွန်တော်တို့ မိသားစုကို ယခုကဲ့သို့ ညစာထမင်းသုံးဆောင်ရန် ဖိတ်ကြားလာခြင်းလည်း ဖြစ်ပေသည်။ သို့သော် ကျွန်တော့်အနေဖြင့် ကျွန်တော်၏ အကျင့်အတိုင်း မယုတ်မလွန် . . .

"ဒါနဲ့ အခြားဘယ်သူများ ဖိတ်ထားသေးလဲ"

ဟု မေးလေရာ ဒေါ်ခင်မြမာလာက ကျွန်တော့်အကြောင်းကိုသိထားသူပီပီ . . .

"အခြားဘယ်သူမှ မပါပါဘူး ဆရာစိုးရယ်၊ ကျွန်မက ဆရာစိုးအကြောင်း မသိတာကျနေတာပဲ" ဟု ပြန်ဖြေလေသည်။

ထိုသို့ ကျွန်တော် မေးရသည်ကလည်းအကြောင်းရှိပေသည်။ ကျွန်တော့်အနေဖြင့် မမေးမြန်း မစုံစမ်းဘဲ အလွယ်တကူ လက်ခံပြီးကာမှ ထမင်းစားဖိတ်သည့် ထမင်းဆိုင် သို့မဟုတ် စားသောက်ဆိုင်ရောက်တော့မှ တတိယပုဂ္ဂိုလ်များနှင့် မတွေ့ဆုံလို၍ ဖြစ်လေသည်။ တတိယပုဂ္ဂိုလ်ဆိုသည်မှာ ကျွန်တော် စစ်ဆေးစီရင်နေရသော မှုခင်း



www.burmeseclassic.com

www.burmeseclassic.com

တစ်ခုခုနှင့် ပတ်သက် ဆက်နွယ်သူ တစ်ဦးဦးကို ဆိုလိုပေသည်။ ထိုအခါကျမှ ထပြန်လို့ကလည်း ဖိတ်သူကို အားနာစရာ၊ ဆက်ထိုင်ပြန်သော အခါများတွင်လည်း ကိုယ့်ကို မြင်တွေ့သွားသူတို့က အမှုသည်လိုက်ကျွေးတာ စားသည်ဆိုပြီး အထင်အမြင် လွဲမည်ကို စိုးရိမ်ရပေသည်။

တစ်ခါတစ်ရံ မလွှဲသာ မရှောင်သာ ဆိုင်တစ်ဆိုင်ဆိုင်မှာ ကိုယ့်ပိုက်ဆံနှင့်ကိုယ် ထမင်းဝယ်စားသည့် အခါမျိုးတွင်ပင် အလိုက်ကန်းဆိုး မသိကြလေသော အမှုသည်အချို့နှင့် တွေ့မိပါက မလွယ်လှပေ။ အချို့က လူမှုရေးအရ နှုတ်ဆက်ရင်း ဘေးတွင် လာထိုင်ကာ တော်တော်နှင့်မထတော့ဘဲ သူတို့အမှုအခင်းများအကြောင်း ပြောဆိုနေတတ်ကြပေသေးရာ ထိုသို့သော အချိန်အခါမျိုးတွင် ကျွန်တော်ကား သုတ်ခြေတင်မြန်မြန်စားပြီး၊ မြန်မြန်အိမ်ပြန်ခဲ့ရသည့် အခါမျိုးလည်း ရှိပေသည်။

တစ်စုံတစ်ယောက်များ ကျွန်တော်တို့ကို မြင်တွေ့သွားပါက အဆိုပါသူသည် အဆိုပါ တစ်စုံတစ်ယောက်ကို ကျွန်တော့်ကွယ်ရာတွင် ကျွန်တော်မှာ ငွေနှင့်ပဲ ဆွေမျိုးသားချင်း တော်သယောင်ယောင်၊ ငယ်စဉ်တောင်ကျေးကလေးဘဝကတည်းက ကျောင်းနေဖော်သူငယ်ချင်းပဲ ဖြစ်ဘိသယောင်ယောင် ပြောဆိုတတ်ကြလေသည် တကား။ မတော် တစ်ဖက်သောရှေ့နေ အမှုသည်တို့ မြင်တွေ့ပြီး အထင်အမြင် လွဲမှားကာ တိုင်တောလာလျှင် မရှင်းရ ပြီလော။ ထို့ကြောင့် ကျွန်တော့်အနေဖြင့် အကြောင်းကြောင်းကြောင့် မလွှဲသာ မရှောင်သာ ဆိုင်မှာ ထမင်းဟင်း ဝယ်စားရသည့်အခါမျိုးနှင့် ကြုံလျှင်ပင် ဆိုင်တွင်မထိုင်တော့ဘဲ ပါဆယ်သာ ဆွဲလိုက်တော့သည်။ တစ်ခါတစ်ရံတွင်လည်း ခေါက်ဆွဲသုပ်၊ ကြာဆံသုပ်၊ လက်ဖက်သုပ်ကလေးဖြင့်ပင် ပြီးလိုက်ရသည်လည်း ရှိဖူးသည်။

ယခုလည်း ကျွန်တော့်အကြောင်း သိထားလေသော ညီမသဖွယ် အတူတာဝန်ကျဖူးသူက အခြားသူများ မပါပါဟု ဆိုလာသဖြင့် သူ၏ ထမင်းဖိတ်ကျွေးခြင်းကို ကျွန်တော် လက်ခံလိုက်ပေတော့သည်။ ထို့နောက် ထမင်းဖိတ်ကျွေးမည့် ဆိုင်နေရာလိပ်စာနှင့် အချိန်တို့ကို မေးမြန်းပြီး ကျွန်တော့်အစီအစဉ်နှင့် ကျွန်တော် လာခဲ့ပါမည် ပြောဆိုကြပြီးနောက် ဒေါ်ခင်မြမာလာလည်း သူမ ရုံးဘက်သို့ ပြန်သွားလေတော့သည်။

ဒီလိုနှင့် ညဒနေပိုင်းမှာတော့ အမှုများ စစ်ဆေးပြီးပြီးချင်း နောက်ဆက်တွဲအလုပ်များကို စောစောစီးစီး လက်စသတ်ပြီး ရုံးစောစောဆင်းကာ ရေမိုးချိုးပြင်ဆင်ရတော့သည်။ ဇနီးဖြစ်သူကိုတော့ နေ့လယ်ခင်းကတည်းက ထမင်းပြန်စားရင်း ပြောကြားထားပြီးသဖြင့် ကျွန်တော် ရုံးမှပြန်ရောက်သည့်အချိန်တွင် ဇနီးဖြစ်သူမှာလည်း အတော်အတန် ကြိုတင်ပြင်ဆင်ထားပြီး ဖြစ်သည်ကို တွေ့ရ၏။ သွားရေး လာရေး အဆင်ပြေစေရန် တပည့်ဖြစ်သူ၏ စီစဉ်ပေးမှုအရ မော်တော်ဆိုင်ကယ်လေး တစ်စီးလည်း အသင့်ငှားရမ်းထားပြီးဖြစ်ကြောင်း တွေ့ရလေသည်။

အားလုံးပြင်ဆင်ပြီးချိန် ညနေ ၆ နာရီခွဲခန့် မှောင်စပျိုးချိန်မှာတော့ အိမ်ကထွက်ဖို့ ဆိုင်ကယ်ပေါ်တက် အခွမှာ အသားဖြူဖြူ အရပ်မြင့်မြင့် ဥပမိရုပ်အသင့်အတင့်ရှိသူ လူငယ်တစ်ယောက် ကျွန်တော်တို့အနီး ဖီးဆင့်စက်ဘီးလေးနှင့် ရောက်လာတာ တွေ့ရပါသည်။ သူ ဘယ်သူလဲဟု ကျွန်တော့်စိတ်ထဲ အကဲခတ်နေစဉ်မှာပဲ သူက . . .

"ဆရာ ကျွန်တော့်ကို ဆရာမ ဒေါ်ခင်မြမာလာက လွှတ်လိုက်လို့ပါ၊ ဆရာမရဲ့အမေရုတ်တရက်နေမကောင်းဖြစ်လို့ အိမ်ပြန်သွားပါတယ်၊ အဲဒါ ဆရာတို့အတွက် ဧည့်ခံဖို့ ဆိုင်မှာ မှာထားပြီးကာမှ ဒီလိုဖြစ်တော့ သူလဲ အတော်အားနာနေပါတယ်၊ ကျွန်တော်နဲ့ မမျှော်လင့်ဘဲတွေ့ပြီး အကူအညီတောင်းလို့ သူ့စက်ဘီးနဲ့ပဲ ထွက်လာခဲ့တာပါ၊ အဲဒီဆိုင်မှာ မှာထားပြီးသား ဟင်းပွဲတွေအတွက် စတီးလ်ချိုင့်ကြီးကြီး ရှိရင် ပေးလိုက်ပါတဲ့၊ ပြီး ကျွန်တော့်ကိုပဲ ဆရာ့အိမ် သွားပြန်ပို့ပေးဖို့ ပြောလို့ ကျွန်တော်လာခဲ့တာပါ" တဲ့။

ပုံပန်းသဏ္ဌာန်က လူရည်သန့်သန့် ပြောပုံဆိုပုံကလည်း ရိုရိုကျိုးကျိုး လူကြီးကို လူကြီးမှန်းသိသည့် ပုံစံမျိုးပါပေ။

ရုတ်တရက်ဆိုတော့ ကျွန်တော်လည်း အံ့ဩသွားသည်။ ဒေါ်ခင်မြမာလာ၏ မိခင်အတွက် စိတ်မကောင်းလည်း ဖြစ်မိလေသည်။ စတီးလ်ချိုင့် ပေးလိုက်ပါဟု ဆိုသော်ငြား သူ့မိခင် အရေးပေါ်နေမကောင်းဖြစ်နေစဉ် သူ့တကူးတက ဖိတ်ကျွေးရှာသော ထမင်းကို စားရမည်ကိုပင် အားနာနေမိတော့သည်။ ဤသည်ကို ရိပ်မိဟန်ရှိသော စက်ဘီးနှင့်ရောက်လာသူ လူငယ်က. .

"ဆရာ ကျွန်တော့်ကို မယုံလို့လား၊ ဒီမှာ ဆရာမက သူ့စက်ဘီးပေးပြီး လွှတ်လိုက်တာပါ ဆရာ" ဟုလည်း သူ့လက်ထဲက စက်ဘီးလက်ကိုင်နှစ်ဖက်ကို ကိုင်ရင်း ဆိုပြန်သဖြင့် ထပ်မံအားနာရပြန်တော့သည်။

"မဟုတ်ပါဘူးကွာ၊ ငါ ဒေါ်ခင်မြမာလာကို အားနာနေတာရယ်၊ သူ့မိခင် ကျန်းမာရေး ဘယ်လိုနေလဲဆိုတာ သိချင်နေတာရယ်ကြောင့်ပါ"

"ဘယ်တတ်နိုင်မလဲ ဆရာ၊ ရုတ်တရက် ဖြစ်တာဆိုတော့ တဖြည်းဖြည်းတော့ သက်သာသွားမှာပါ၊ ကဲပါ ဆရာ စိတ်မကောင်းဖြစ်မနေပါနဲ့၊ ချိုင့်သာ မြန်မြန်ပေးပါ၊ တော်ကြာ ဟင်းတွေ အေးကုန်မှာစိုးရတယ်"

ဆိုပြန်သဖြင့် ကျွန်တော့်ဇနီးကို စတီးလ်ချိုင့်တစ်လုံး ပေးလိုက်ရန် မျက်နှာရိပ်မျက်နှာကဲဖြင့်ပင် ပြောလိုက်ရာ ဇနီးဖြစ်သူလည်း အိမ်ထဲဝင်ပြီး သုံးဆင့်



www.burmeseclassic.com

www.burmeseclassic.com

စတီးလ်ချိုင့်တစ်ချိုင့်ကို ယူလာပေးစဉ် အဆိုပါ လူငယ်က . . .

"ဟာ. . . ဆရာကတော် ဒီချိုင့်နဲ့ မဖြစ်လောက်ဘူး၊ ဟိုမှာ မှာထားတဲ့ ဟင်းတွေကအများကြီး ဒီလိုလုပ်ပါလား၊ စတီးလ်ချိုင့် ငါးဆင့်ချိုင့်ကြီးကြီး မရှိဘူးလား၊ အဲဒီလောက်မှ ဖြစ်မှာ"ဟု ဆိုပြန်လေသည်။

ထိုစဉ်က ကျွန်တော်တို့အိမ်တွင် ကျွန်တော့်ဇနီးနှင့် သားကို သွားခေါ်စဉ်က တူမဖြစ်သူများမှာလည်း ပုဂံဘက် ဘုရားဖူးရန် အလည်အပတ် ရောက်ရှိနေသဖြင့် ကျွန်တော်လည်း မထူးတော့ပါဘူး၊ နောက်နေ့မှာ လူမမာသွားမေးတော့မည်ဟု စဉ်းစားပြီးသကာလ ကျွန်တော် ရှမ်းပြည်နယ် မိုင်းယောင်းမြို့နယ်တွင် တာဝန်ကျစဉ် တာချီလိတ်တွင် လစာသွားထုတ်ရင်း ထိုင်းနိုင်ငံ မယ်ဆိုင်ဘက်ကမ်းမှ အမှတ်တရ ဝယ်လာခဲ့ပြီး မြတ်မြတ်နိုးနိုး သိမ်းဆည်းထားသော မြင်းကျားတံဆိပ်အစစ် ငါးဆင့်စတီးလ်ချိုင့်ကြီးကို ထုတ်ပေးလိုက်လေတော့သည်။

ယင်းသည့်နောက်တွင်တော့ ကျွန်တော်တို့ လင်မယားမှာ ဒေါ်ခင်မြမာလာတစ်ယောက် ကျွန်တော်တို့ မိသားစုအပေါ် အင်မတန် သံယောဇဉ်ကြီးကြောင်း၊ သူ့မိခင်ကြီးကိုလည်း အင်မတန် ချစ်သည့်အကြောင်း ရှေးဟောင်းနှောင်းဖြစ်များကိုပြောကြားရင်း စတီးလ်ချိုင့်ပြန်အလာကို ဗိုက်ဆာဆာနှင့် စောင့်နေလေရာ ည ၈ နာရီ မြန်မာ့ရုပ်မြင်သံကြားသတင်း လာသည့်တိုင် ချိုင့်ယူသွားသူ လူငယ်မှာ ပြန်ရောက်လာသေးခြင်း မရှိ။

လိုက်သွားရအောင်ကလည်း လမ်းမီးများ ပျက်နေပြီး ကျွန်တော်ကိုယ်တိုင်ကပင် ဒီမြို့ကလမ်းတွေနှင့် အကျွမ်းတဝင် မရှိသေးရကား လိုက်မသွားရဲပေ။ တော်ကြာ လမ်းမကျွမ်းကျင်ဘဲ လိုက်သွားခဲ့လျှင် ကိုယ့်ကို လာတိုက်တာ တော်တန်ရုံကိစ္စ မရှိပေမယ့် ကိုယ်က သူများသွားတိုက်မိလို့ကတော့ တရားခံဖြစ်သွားသော တရားသူကြီးအဖို့ လွယ်လိမ့်မည် မထင်ပေ။

ထို့ကြောင့် အိမ်ကပဲ စိတ်ရှည်ရှည်နှင့် စောင့်မျှော်ရုံသာ ရှိတော့လေပြီတည်း။ နာရီ ကြည့်ရသည်မှာလည်း အမော။ နောက်ဆုံး မြန်မာ့ရုပ်မြင်သံကြား အစီအစဉ် ပြီးပါပြီဆိုသော စာတန်းလေးနှင့် တီးလုံးသံလေး တဖြည်းဖြည်း တိုးသွားပြီး ရောင်စဉ်လေးများသာ ပျောက်ကွယ်သွားတော့သည်။ ဒီညအဖို့ ဒေါ်ခင်မြမာလာ၏ ညစာစားရဖို့ မဖြစ်နိုင်တော့ဟု စိတ်ဒုန်းဒုန်းချကာ အိမ်မှာ ဇနီးသည်ချက်ထားသည့် ထမင်းနှင့်ဟင်းကိုပဲ နွှေးကာ လွေးလိုက်ရပါတော့သည်။ ထိုစဉ်က ယခုခေတ်ကဲ့သို့ ဂျီတို့ စီတို့ဆိုတာကလည်း မပေါ်သေးရကား ဖုန်းဆက်မေးဖို့ရန်လည်း မလွယ်ကူပါ။ အော်တိုကြိုးဖုန်း ပေါ်သည်မှာပင် မကြာသေး။ ဒါတောင် ဒစ်ဂျစ်တယ်အဆင့် မရောက်သေးပါ။

နောက်တစ်နေ့နံနက် ၆ နာရီခန့်မှာတော့ ကျွန်တော့်အိမ်သို့ ဒေါ်ခင်မြမာလာတစ်ယောက် မျက်နှာမကောင်းစွာဖြင့် ရောက်လာသည်ကို တွေ့ရ၏။ ကျွန်တော်က ညက သူ့မိခင်များ မသက်သာလို့ တစ်ခုခုဖြစ်လို့လားဟု ထင်မိလိုက်သည်။ ထို့နောက် ကျွန်တော်ကပင် စတင်၍ . . .

"ဒေါ်ခင်မြမာလာရဲ့ မိခင်ကြီး သက်သာရဲ့လား" ဟု ဆိုလိုက်သောအခါ . . .

"ရှင်"

ဒေါ်ခင်မြမာလာမှာကား ကျွန်တော်မျိုး မေးသည်ကို တအံ့တသြဖြစ်နေရှာလေသဖြင့် ကျွန်တော်ကပင် ညက ဒေါ်ခင်မြမာလာ၏ ဖိုးဆင့်စက်ဘီးနှင့် လွှတ်လိုက်သောလူငယ် လာရောက်ပုံ၊ မိခင်ကြီး ရုတ်တရက် နေထိုင်မကောင်းသဖြင့် ဒေါ်ခင်မြမာလာမှာ ဆိုင်မှ အရေးတကြီး ပြန်သွားရသည် ဆိုသည့်အကြောင်းများနှင့် စားသောက်ဆိုင်တွင် ဟင်းများ မှာထားသည်မှာ များလွန်းသဖြင့် သုံးဆင့်ချိုင့်ဖြင့် မရပါ၊ ငါးဆင့်စတီးလ်ချိုင့်ကိုသာ ပေးလိုက်ပါဆို၍ ငါးဆင့်ချိုင့် ပေးလိုက်ရပုံ၊ ထမင်းမစားသေးဘဲ စောင့်သော်လည်း မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်ပြီးဆုံးသည့်တိုင် မရောက်လာသဖြင့် မနေနိုင်တော့၍ အိမ်က ထမင်းဟင်းနှင့်ပင် စားလိုက်ရပုံတို့ကို ပြောပြလေရာ ဒေါ်ခင်မြမာလာကလည်း . . .

"ဆရာစိုးရယ် ကျွန်မအမေလဲ ညက ဘာမှမဖြစ်ပါဘူး၊ ဆရာစိုးတို့ မိသားစုကို ညစာကျွေးဖို့ ကျွန်မသူငယ်ချင်းဆိုင်မှာ စောင့်နေတုန်း ဆရာစိုး မရောက်မီ ဟိုလွန်ခဲ့တဲ့ ခြောက်လလောက်က ဖိုးတွမ်တီးနဲ့ အစွဲခံရပြီး ပြစ်မှုမထင်ရှားလို့လွှတ်လိုက်တဲ့ တရားခံ ဘိုအေးဆိုတဲ့ ကောင်လေးနဲ့ ဆိုင်ရှေ့နားမှာတွေ့ပြီး ဆရာမ ဘာလုပ်နေတာလဲလို့ သူက လာနှုတ်ဆက်တယ်။

ကျွန်မကလဲ ဆရာစိုးတို့ကို ညစာကျွေးဖို့ ဖိတ်ထားလို့ စောင့်နေတာလို့ ပြောတော့ သူက ဆရာစိုးတို့ ရောက်ခါစမို့ လမ်းများ လွဲနေသလား မသိဘူး၊ လိုအပ်ရင် သူ့ကို ခိုင်းပါ၊ သူ သွားကြိုပေးပါ့မယ်လို့ ပြောတယ်"

"အဲဒီတော့"

"အဲဒီတော့ ကျွန်မလဲ သူပြောသလိုများ ဖြစ်နေမလားလို့ စဉ်းစားမိတယ်၊ ဒါနဲ့ ကျွန်မလဲ သူ့ပုံပန်းသဏ္ဌာန်က လူရည်သန့်သန့်ဆိုတော့ လိမ်မှာညာမှာတော့ မဟုတ်လောက်ဘူး၊ ဟုတ်သည့်တိုင် သူများကိုသာ လိမ်ချင်လိမ်မယ်၊ ကျွန်မတို့ကိုတော့ မလိမ်ရဲလောက်ဘူးဆိုပြီး သူ ဆရာစိုးအိမ်ကို မြန်မြန်ရောက်အောင် ကျွန်မရဲ့ ဖီးဆင့်စက်ဘီးလေး ပေးပြီး လွှတ်လိုက်တာ၊ အဲဒါ ညက ဆိုင်သာပိတ်သွားတယ်၊ ကြိုတဲ့သူကော ထမင်းစားဖိတ်ထားတဲ့ ဆရာစိုးတို့ပါ ပေါ်မလာတော့တာနဲ့ တစ်ခုခုတော့ဖြစ်ပြီဆိုပြီး ခုမနက်မိုးလင်းလင်းချင်း စုံစမ်းရအောင် လာခဲ့လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ မှာထားတဲ့ ထမင်းဟင်းတွေကကော"

"ဆရာစိုးတို့ ရောက်မှ စိတ်ကြိုက် မှာရအောင်ဆိုပြီး ကျွန်မ ဘာမှ မမှာရသေးဘူးလေ"

"ဒါဆို ခင်ဗျား ဖီးဆင့်စက်ဘီးလဲ ပြန်မလာတော့ဘူးပေါ့"

"ညကတည်းက သူပေါ်မလာတော့ ကျွန်မလဲ အဲဒါ ဆရာစိုးဆီကို ပထမဆုံး လာစုံစမ်းတာပဲ၊ ညတုန်းကလဲ လမ်းမီးတွေက ပျက်နေတာနဲ့ဆိုတော့"

"အင်း . . . ဒီပုံဆိုရင်တော့ သေချာသွားပြီ"

"ရှင်"

"မရှင်နဲ့လေ ဒေါ်ခင်မြမာလာ၊ သူက ခင်ဗျားကိုပြောတော့ ကျွန်တော်တို့ ဒီမြို့ကိုရောက်ခါစမို့ မလာတတ်မှာစိုးလို့ ကျွန်တော့်ကို သွားကြိုပေးမယ်ဆိုပြီး ခင်ဗျားစက်ဘီးကို ယူလာပြီးတော့ ကျွန်တော့်ဆီ လာတယ်၊ အိမ်က ထွက်မယ့်ဆဲဆဲ လုပ်နေတဲ့ ကျွန်တော်နဲ့တွေ့တော့ ခင်ဗျားမိခင်ကြီး ရုတ်တရက် နေမကောင်းဖြစ်လို့ သူ့ကို အကူအညီတောင်းပြီး ခင်ဗျား အားနာနာနဲ့ ဆိုင်က ပြန်သွားရတယ်။

ဒါကြောင့် မှာထားတဲ့ဟင်းတွေ ပို့လို့ရအောင် စတီးလ်ချိုင့် ငါးဆင့်ချိုင့်ရှိရင် ပေးလိုက်ပါဆိုပြီး ကျွန်တော့်အိမ်က ငါးဆင့်ချိုင့်တောင်းသွားလို့ ကျွန်တော်လဲ ခင်ဗျားကို အားနာနာနဲ့ ငါးဆင့်ချိုင့် ပေးလိုက်တာ၊ သူစီးလာတာကလဲ ခင်ဗျားစီးနေကျ ဖီးဆင့်ဘီးဆိုတော့ ကျွန်တော်လဲ ဒီကောင့်ကို ဘယ်ထင်မလဲဗျာ"

"ဒါဆို ကျွန်မတို့ အလိမ်ခံလိုက်ရပြီပေါ့နော်၊ သေနာကောင် ချပ်လေးသနားကမားနဲ့"

"ဟုတ်တယ်၊ ကျွန်တော်တို့တွေ အလိမ်ခံလိုက်ရပြီ"

ဒေါ်ခင်မြမာလာမှာကား သူ့ဖီးဆင့်စက်ဘီး အပြာရောင်ကလေးကို နှမြောတသဖြစ်ရသည်ထက် သူမလို ဥပဒေအရာရှိတစ်ဦးကို လိမ်လည်သွားရက်လေသော ဖိုးတွမ်းတီးသမားအပေါ် အတော် မခံချိမခံသာ ဖြစ်နေပုံရလေသည်။ ဒေါ်ခင်မြမာလာက ကျွန်တော့်ထက်လည်း အသက်များစွာငယ်သေးသူဖြစ်ရကား စိတ်ကို ထိန်းနိုင်ရှာပုံမပေါ်။ တဗျစ်တောက်တောက်နှင့် မြည်တွန်တောက်တီးလျက် ရှိလေတော့သည်။

"သေနာကောင်၊ နင့်ကို မိလို့ကတော့ နင့်အမူကို ဖိကိုစစ်ပစ်မယ်" တဲ့။

ဒေါ်ခင်မြမာလာ ပြန်သွားပြီးနောက် ကျွန်တော်က သူမ တောင်းသော ကတိကို ပေးလိုက်ရသော်လည်း ဘဝင်တော့ မကျလှပါ။ ကိုယ်အလိမ်ခံရလို့ ရှက်ရသည်ထက် ဒီလိုလူလိမ်လူညာမျိုးကို အမှုဖွင့်ကာ တရားဥပဒေအရ အဆုံးအမ တစ်ခုခု ရရှိစေခြင်းက ပိုမကောင်းပေဘူးလောဟုသာ စဉ်းစားမိပါ၏။

မည်သို့ပင် ရှိပါစေတော့ ကျွန်တော့်အနေနှင့် 'မင်းမှာ သစ္စာ၊ လူမှာကတိ' အဆိုရှိသည့်အတိုင်း ကတိကိုတော့ တည်ရပါလေတော့သည်။

သူမက လူအများမသိစေချင်တဲ့ ကိစ္စကို မသိအောင် ထိန်းထားပေးလိုက်တာပဲ ကောင်းပါသည်ဟု စဉ်းစားရင်း ရုံးရောက်လေသောအခါ ညက ဒေါ်ခင်မြမာလာနှင့် ကျွန်တော်တို့ အလိမ်ခံလိုက်ရသည့် ကိစ္စမှာ တစ်ရုံးလုံး တစ်မြို့လုံးနီးပါး သိရှိနေကြပြီ ဖြစ်သည်ကို ကျွန်တော် သိလိုက်ရပါတော့သည်။ သက်ဆိုင်ရာ ရဲစခန်းကလည်း တော်လိုက်သည့်ဖြစ်ခြင်း၊ တရားခံကို တိုင်ကြားထားသော တရားလိုမရှိသေးပါဘဲ ညတွင်းချင်းပင် ဖမ်းမိလိုက်သည်တဲ့လေ။

အဘယ်ကြောင့်ဟူမူ ညက ကျွန်တော့်အိမ်က ယူဆောင်သွားသော ငါးဆင့်စတီးလ်ချိုင့်ကြီးကို လက်တစ်ဖက်က ဆွဲရင်း ဒေါ်ခင်မြမာလာ၏ ဖီးဆင့်စက်ဘီးလေးကို စီးနင်းကာ မြို့ပြင်ဘက်သို့ထွက်အပြေးတွင် သကောင့်သား ဖိုးတွမ်တီးခမျာ မီးပျက်လျက်ရှိသော ညမှောင်မှောင် ကြွယ်ရောင်သော် မလင်းတစ်လှည့် လင်းတစ်လှည့်မှာ မြို့ပြင် မြန်မြန်ရောက်ချင်ဇောဖြင့် စက်ဘီးကို အားကုန်နင်းပြီး လမ်းကိုချိုးအကွေ့လိုက်တွင် ကားတစ်စီးစီးမှ ပြုတ်ကျခဲ့ဟန်ရှိသော ချိုင့်တုံးကို ဝင်တိုက်မိလိုက်ရာ မှောက်လျက်လဲကျသွားခဲ့သည်။

စတီးလ်ချိုင့် အဆင့်များလည်း ပြုတ်ထွက်သွားကာ ကတ္တရာလမ်းပေါ် တလိမ့်လိမ့် လွင့်သွားရာ သံစုံတီးဝိုင်းတစ်ခုမှ တီးခတ်လိုက်သော အသံများကဲ့သို့ သံစုံထွက်ကုန်တော့သည်။ ထိုအခိုက် နယ်မြေလှည့်ကင်းထွက်နေသော နယ်ထိန်းရဲတပ်ဖွဲ့နှင့် ပက်ပင်းတိုးမိပြီး ဖိုးတွမ်တီးကို စစ်မေးရာမှ ဒေါ်ခင်မြမာလာ မသိစေချင်သော အကြောင်းအရာ အကုန်အစင်ကို ဝန်ခံထွက်ဆိုခဲ့လေသည်။

တရားသူကြီးနှင့် ဥပဒေအရာရှိတို့ အလိမ်ခံလိုက်ရသည့် ဇာတ်လမ်းမှာ နံနက်မိုးသောက် အလင်းရောက်ချိန်တွင် ကာယကံရှင်ဖြစ်သူ ကျွန်တော်တို့မှလွဲ၍ တစ်မြို့လုံး သိကုန်ကြပါလေသတဲ့။

ကျွန်တော်ကား . . .

"ဪ . . တစ်ခါတလေတော့လဲ မီးပျက်တာ အကောင်းသားလား" ဟုတွေးရင်း မင်္ဂလာဦးပစ္စည်းလေးဖြစ်သော ငါးဆင့်စတီးလ်ချိုင့်ကြီး မဆုံးရှုံးတော့သဖြင့် အလွန်ပင် ပျော်နေမိပါတော့သည်။


ဤအလိမ်ခံလိုက်ရသည့် ကိစ္စကို ရှက်လွန်းသဖြင့် မည်သူမျှ မသိစေချင်သော ဒေါ်ခင်မြမာလာအဖို့မူကား ကျွန်တော့်လို ပျော်နိုင်ပါဦးမည်လား။ မည်သို့ဖြစ်နေလိမ့်မည်ကို နံနက် ၁၀ နာရီ တရားခွင်စထိုင်ချိန် သူမ အလာကိုသာ စောင့်မျှော်ကြည့်ရှုရပေတော့မည်သာ။

အောင်စိုး(ပြည်

❐

www.burmeseclassic.com

www.burmeseclassic.com




# လျှပ်တစ်ပြက် နေ့ကိုကြည့်၍ ဗေဒင်ဟောကိန်း

ညွှန့်ခိုင်မာ(ကျောက်ဆည်)

ဗေဒင်မေးသည့် နေ့ကိုကြည့်ပြီး လျှပ်တစ်ပြက် ဟောကိန်းထုတ်ဟောပြောရသည့်နည်း ဖြစ်ပါသည်။ ဗေဒင်စိတ်ဝင်စားသူများ ဗဟုသုတအဖြစ် မှတ်သားသင့်သည့် နည်းတစ်နည်းဖြစ်ပါသည်။

**တနင်္ဂနွေနေ့တွင်ဟောကိန်း**

ခရီးမသွားပါနှင့်။, သွားချင်လျှင် အနောက်အရပ်ကို သွားပါ။ အဆင်ပြေပါမည်။ ပစ္စည်းပျောက် မေးလာလျှင် လက်လွှန်သွားပြီ၊ ပြန်မရနိုင်တော့ပါဟု ဟောရပါမည်။ အမှုလုပ်လျှင် ကိုယ့်ဘက်က ရှုံးမည်။ ယနေ့တွင် အိမ်ရောင်း၊ မြေရောင်း၊ အိမ်ဝယ်၊ မြေဝယ် မလုပ်ပါနှင့်။ ဝယ်ချင်လျှင် နောက်နေ့မှ ဝယ်ပါ။

**တနင်္လာနေ့တွင်ဟောကိန်း**

ယနေ့မှာ ကလေးကျောင်းမအပ်ပါနှင့်။ ကြာသပတေးနေ့မှာ အပ်ပါ။ အမှုကိစ္စရှိလျှင် ယနေ့အမှုလုပ်၍ မကောင်းသေးပါ။ မနက်ဖြန်မှ စတင်ပါ။ ကျွဲ၊ နွား ပျောက်လျှင် အရှေ့အရပ်တွင် သွားရှာပါ။ အိမ်ရောင်းအိမ်ဝယ်လုပ်လျှင် ယနေ့လုပ်ပါ။ လွယ်လွယ်နှင့် ပြီးပါမည်။ ခရီးသွားသူရှိလျှင် ယနေ့ပြန်လာမည်။

**အင်္ဂါနေ့တွင်ဟောကိန်း**

အမှုကိစ္စရှိပါက ယနေ့ အမှုလုပ်မည်၊ စတင်မည်ဆိုလျှင် ကောင်းသည်။ ကိုယ်က နိုင်ပါမည်။ ယနေ့တွင် ပညာအသစ် စတင်၍ မသင်သင့်ပါ။ ခရီးသွားသူရှိပါက ပြန်မလာသေးပါ။ အိမ်ရောင်းအိမ်ဝယ်ကိစ္စ ဒီကနေ့မလုပ်ပါနှင့်။

**ဗုဒ္ဓဟူးနေ့တွင်ဟောကိန်း**

ခရီးသွားစရာရှိလျှင် ခရီးသွားလို့ ရပါပြီ။ ငွေရမည်။ အမှုကိစ္စရှိလျှင် အမှုလုပ်မည်။ စတင်မည်ဆိုပါက ယနေ့စတင်ပါ။ အမှုလုပ်ပါ။ ပစ္စည်းပျောက်ကိစ္စရှိပါက ပျောက်သောပစ္စည်းကို အသားညိုညိုမိန်းမက ယူထားတာဖြစ်မည်။ ပြန်ရပါမည်။ လူမမာ နေမကောင်း၍မေးလျှင် စိတ်မပူပါနှင့်။ နေကောင်းတော့မည်။ ကျွဲ၊ နွား ပြေးလျှင် တောင်အရပ်မှာ ရှာပါ။ တွေ့မည်။

**ကြာသပတေးနေ့တွင်ဟောကိန်း**

ကလေးကျောင်းအပ်ချင်လျှင် အပ်ပါ။ အပ်၍ ရပါပြီ။ ခရီးသွားသူရှိပါက ပြန်လာတော့မည်။ ပြေးတဲ့ကျွဲ၊ နွား အနောက်တောင်အရပ်မှာ ရှာပါ။ ပြန်ရမည်။ ပစ္စည်းပျောက်လျှင် ပျောက်သောပစ္စည်းကို အသားညိုသည့် ယောက်ျားယူသွားတာ ဖြစ်မည်။

**သောကြာနေ့တွင်ဟောကိန်း**

အမှုကိစ္စရှိ၍ စတင်မည်၊ တရားစွဲမည်ဆိုလျှင် ယနေ့ကောင်းသည်။ ပစ္စည်းပျောက်လျှင် ပြန်ရမည်။ အသားညိုသည့် မိန်းမယူထားတာဖြစ်မည်။ ပြေးတဲ့ ကျွဲ၊ နွားကို မြောက်အရပ်မှာရှာပါ။ တွေ့မည်။ လူမမာကိစ္စမေးလျှင် နေမကောင်းဖြစ်ရသည်မှာ မြောက်ဘက်ကိုသွားမိ၍ ဖြစ်သည်။ မြောက်ဘက်မှာ ခေါ်စာကျွေးပါ။ ပျောက်သွားလိမ့်မည်။

**စနေနေ့တွင်ဟောကိန်း**

ဆွေမျိုးများနှင့် ယနေ့ သွားမတွေ့ပါနှင့်ဦး။ လွဲနေလိမ့်မည်။ ပစ္စည်းပျောက်လျှင် ပျောက်သည့်ပစ္စည်းသည် လှေခါးရင်း၊ တံခါးရင်းမှာ ထားသည်။ သွားရှာပါ။ ယနေ့ အိမ်ရောင်းအိမ်ဝယ် မကောင်းသေးပါ။ လူမမာရှိလျှင် လူမမာအတွက် ခေါ်စာပစ်ပါ။ နေကောင်းသွားလိမ့်မည်။

ညွှန့်ခိုင်မာ(ကျောက်ဆည်)

❐



www.burmeseclassic.com

www.burmeseclassic.com



# ထူးထူးခြားခြား အောင်မြင်စေရန် အဓိဋ္ဌာန်

ဂမ္ဘီရ ဆရာလှမျိုး

ကျွန်ုပ်စာရေးသူသည် လောကီပညာရပ်အဖုံဖုံကို လေ့လာလိုက်စားချိန်မှစ၍ ဘာသာရေးလုပ်ငန်းများကိုလည်း စာတွေ့ လက်တွေ့ ဆောင်ရွက်ခဲ့ပါသည်။ ယခင်ကတော့ ဘုရားဂုဏ်တော် ကိုးပါးကို အချိန်ရလျှင် ရသလို ပုတီးစိပ်သည်။ အချိန်၊ နေရာ တိကျမှန်ကန်မှု မရှိခဲ့ပေ။ သမ္ဗုဒ္ဓေပါဌာကိုလည်း သတိရလျှင် ရွတ်ဆိုလိုက် အရေးအတွက် ခေါက်ရေတိတိကျကျ အလေးထားပြီး မရွတ်ဆိုဖြစ်ခဲ့ပါ။

လောကီပညာ၊ ဗေဒင်ဟောသော အလုပ်လုပ်သောအခါ သင်ဆရာဆရာကြီးရန်ကြီးအောင်မှ 'လောကဝိဒူ' ဘုရားဂုဏ်တော်ကို နေ့စဉ်မပျက် ပုတီးစိပ်ရန် မှာကြားသည်။ သုံးပတ်၊ ငါးပတ်စသည်ဖြင့် မိမိစိပ်နိုင်သလောက် နေမကောင်းချိန်လည်းစိပ်၊ ခရီးသွားလည်းစိပ်ဟု အကြံပေးပါသည်။ ထိုကဲ့သို့ အဓိဋ္ဌာန်မပျက် စွဲစွဲမြဲမြဲစိပ်ပါက ရက်ကြာလာသည်နှင့်အမျှ ကောင်းကျိုးသုခ ခံစားရမည်ဟု မိန့်ဆိုခဲ့ပါသည်။

အဓိဋ္ဌာန်ဟူသည် ပါရမီ ၁၀ ပါးတွင် တစ်ပါး ပါဝင်သည်။ 'အဓိဋ္ဌာန်' ဟူသော ပါဠိမှ ဆင်းသက်လာသည်။ အဓိဋ္ဌာန်၏အနက်မှာ စိတ်ကို အခိုင်အမာ ဆောက်တည်ခြင်း ဖြစ်သည်။ စိတ်ကိုနိုင်မှ ရုပ်ကိုပိုင်မည်။ အချို့ကလည်း အဓိဋ္ဌာန်ဖြင့် သမထအလုပ်ကို တည်ဆောက်ကြသည်။ စာရေးသူအနေဖြင့် ဆရာတော်ကြီးများ၏ အဆိုအမိန့်၊ ဆရာကြီးအချို့၏ အဆိုကို နာယူမှတ်သားရင်း အဓိဋ္ဌာန်ကို ဆောင်ရွက်ပါသည်။

'အရဟံ'ဂုဏ်တော် ပုတီးကိုးပတ် ကိုးရက် မပျက်မကွက် ဘုရားရှေ့မှာ စိပ်ပါမည်ဟု သစ္စာဆိုကာ အဓိဋ္ဌာန် စတင်ခဲ့ပါသည်။ ဤတွင် အဓိဋ္ဌာန်နှင့် သစ္စာဆိုမှု ဆက်နွယ်လျက်ရှိကြောင်း သတိပြုမိပါသည်။ တစ်နည်းအားဖြင့် စည်းစနစ်တကျ ဆောင်ရွက်မှသာ မိမိပြုလုပ်ဆောင်ရွက်ရကျိုး နပ်ပါမည်။ ဂါထာ ရွတ်ဆိုရာတွင်လည်း နေ့စဉ် ဘယ်နှခေါက် ရွက်ဆိုပါမည်။ ဂါထာ ရွတ်ဆိုနေစဉ် စကား ပြောဆိုခြင်း၊ နောက်လှည့်ခြင်း မပြုပါဘုရား။ ဂါထာ အနက်ကို အာရုံပြု၍ ရွတ်ဆိုပါမည်။ ဂါထာတော် (၂၇)ခေါက် (၂၇)ရက် ပြည့်ပါက မည်သည့်ကိစ္စ အောင်မြင်ပါစေ စသည်ဖြင့် သစ္စာဆိုရပါသည်။

နောက်ဆက်တွဲ ဆုတောင်းမှု ပါလာပါသည်။ ဆရာကြီးမင်းသိခ်၏ မနောမယ အဓိဋ္ဌာန်တွင် အချက် လေးချက် ဖော်ပြထားသည်။ (၁) အချိန်၊ (၂) နေရာဌာန၊ (၃) ဂါထာ၊ ပုတီး အခေါက်ရေ၊ (၄) ဆုတောင်းမှုတို့ ဖြစ်ပါသည်။ ဂါထာမန္တန် ပေါင်းချုပ်ကျမ်း အချို့တွင်လည်း ဂါထာမန္တန် ရွတ်ဆိုရမည့် စည်းကမ်းချက်များ (လိုက်နာဆောင်ရွက်ရန်အချက်များ) ကို ဖော်ပြထားပါသည်။ ဗုဒ္ဓဘာသာဝင် တစ်ဦးအနေဖြင့် ဒါန၊ သီလ အခြေခံဆောင်ရွက်ပြီး ဘာဝနာ ဟူသော ဂုဏ်တော်၊ ဂါထာပွားများမှုကို ပြုလုပ်ရပါမည်။

စာရေးသူအနေဖြင့် ၂၀၀၉ ခုနှစ်မှစ၍ သာကေတမြို့ တံခွန်တိုင် တောရကျောင်းတိုက်တွင် အောင်စေတီ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ





www.burmeseclassic.com

www.burmeseclassic.com

စနေနေ့တိုင်း အဓိဋ္ဌာန်ဝင်ပြီး ဝါတွင်းတွင် ဝစီပိတ် ကိုးရက်အဓိဋ္ဌာန် ဝင်ခဲ့ပါသည်။ သကြံန်တွင်းတွင်လည်း သက်သတ်လွတ်စား အဓိဋ္ဌာန် ဝင်ပါသည်။

အောင်စေတီ ဆရာတော်ကြီးသည်သက်တော်(၆၁)နှစ်မှစ၍ အဓိဋ္ဌာန်တည်ဆောက်ခဲ့ပါသည်။ ယခု အောင်စေတီဆရာတော်ဘုရားကြီး အောင်မြင်ခဲ့သော အဓိဋ္ဌာန် ဆောင်ရွက်မှုများမှ ထူးခြားသော အချက်၊ အဓိဋ္ဌာန်နှင့် ပတ်သက်၍ သိသင့် မှတ်သားသင့်သော အချက်များကို စာဖတ်ပရိသတ်များ ဗဟုသုတရစေရန် ရည်ရွယ်၍ ရေးသားဖော်ပြပေးလိုက်ပါသည်။

## နိမ့်သောကံကို မြင့်တက်ဖို့

ထိုသို့ နိမ့်နေသော မိမိ၏ ကုသိုလ်ကံကို မြင့်တက်လာအောင် ကံဆင့်ပေးဖို့ လိုသည်။ နိမ့်နေသော ကုသိုလ်ကံကို ဒါနကုသိုလ် ပြုလုပ်ပေးခြင်း၊ သီလကုသိုလ်ကို ဆောက်တည်ပေးခြင်း၊ ဘုရား၊ တရား၊ သံဃာ၊ မိဘ၊ ဆရာနှင့် အသက်ကြီး ဝါကြီးသော ပုဂ္ဂိုလ်များ၏ ဝေယျာဝစ္စကုသိုလ်တွေကို ပြုလုပ်ခြင်း၊ ဘုရားရှိခိုးခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေခြင်း၊ ပရိတ် တရားတော်များ ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်း၊ တရားထိုင်ခြင်းတို့ဖြင့် အမြဲနိစ္စဘတ် မပြတ်စေဘဲ ပြုလုပ် အားထုတ်ခြင်းတို့ဖြင့် ကုသိုလ်ကံ ဆင့်ပေးရမည်။

ကံဆင့်လို့ မိမိကုသိုလ်ကံသည် အားကောင်းလာပြီး အကုသိုလ်ကံတွေ ပျောက်ကွယ်ပြီး မြင့်တက်လာသော ကုသိုလ်ကံကို လျင်မြန်စွာ အကျိုးပေးထက်သန်လာအောင် အဓိဋ္ဌာန်ကုသိုလ်နှင့် ကံကိုပွင့်အောင် ဖွင့်ပေးဖို့လိုသည်။ သို့မှသာ မိမိပြုလုပ် အားထုတ်ခဲ့သော ကုသိုလ်ကံသည် ပွင့်လာပြီး မိမိအလိုဆန္ဒရှိရာ ပြုလုပ်ခြင်း ကိစ္စအဝဝ လျင်မြန်စွာ အောင်မြင်ပြီးစီးပါလိမ့်မည်။

သို့အတွက်ကြောင့် အဓိဋ္ဌာန်ကုသိုလ် ဆောက်တည်နည်းကို ညွှန်ပြပေးသည့်အတိုင်း လိုက်နာ၍ အဓိဋ္ဌာန်ကုသိုလ်ကို ဆောက်တည်ကြပါ။

## အဓိဋ္ဌာန်လုပ်ငန်း

အဓိဋ္ဌာန် ဆောက်တည်လိုသော ယောဂီများသည်. . .

(က) မိမိ၏ ကျန်းမာရေးအတွက် အဓိဋ္ဌာန်ဆောက်တည်ခြင်း၊

(ခ) မိမိ၏ ထွက်ရပ်ပေါက် လုပ်ငန်းအတွက် ဆောက်တည်ခြင်း၊

(ဂ) မိမိ၏ စီးပွားရေး လုပ်ရေး ကိုင်ရေးအတွက် ဆောက်တည်ခြင်း၊

(ဃ) မိမိ ခရီးသွားလာရေး အောင်မြင်အောင် ဆောက်တည်ခြင်း၊

အကြောင်း အမျိုးမျိုးကြောင့် အဓိဋ္ဌာန်ဆောက်တည်ကြလေ၏။ဤသို့ မိမိဆောက်တည်သောအဓိဋ္ဌာန်ကုသိုလ်သည် မိမိ၏ ဆန္ဒရှိရာအမှန် အောင်မြင်ပြီးစီးလိမ့်မည်ဟု ယုံကြည်သောစိတ်ထားရှိရမည်။ အလေးဂရုပြုကာ အားကိုးသမှုလည်းရှိရမည်။အဓိဋ္ဌာန်ကုသိုလ်သည် မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးစလုံးဖြင့် ကျင့်ကြံအားထုတ် ပွားများရသော ကုသိုလ်ဖြစ်ပါသည်။ အဓိဋ္ဌာန်ဆောက်တည်သောအခါ၌လည်း ကိုယ်အကျင့်၊ နှုတ်အကျင့်၊ စိတ်အကျင့်တို့ကို ဆောက်တည်ရပြီး ပြည့်ပြည့်စုံစုံ အောင်မြင်အောင် သတိမလစ်စေဘဲ အထူးနေထိုင်တတ်ဖို့ လိုပါသည်။

## လက်ငင်းအကျိုးရ

မိမိ ဆောက်တည်ထားသော အဓိဋ္ဌာန်ကုသိုလ် အလုပ်များကို မပျက်ရလေအောင် အထူးစောင့်ရှောက်ပြီး အားထုတ်နေထိုင်ရသော ကုသိုလ်ဖြစ်၍ ယခု လူ့ဘဝမှာ ချက်ချင်းလက်ငင်း အကျိုးအာနိသင်များကို ပေးစွမ်းနိုင်ပါသည်။ ယုံယုံကြည်ကြည် လေးလေးနက်နက်နှင့် အားထုတ်ပါက ယခုပစ္စုပ္ပန်ဘဝမှာ လောကီ၊ လောကုတ္တရာ အကျိုးအမျိုးမျိုးကို မုချရရှိနိုင်သော ကုသိုလ်ဖြစ်ပါသည်။

## နေ့ရက်ကြာလေ ပိုထူးခြားလေ

ဤသို့ အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိရှိသော အဓိဋ္ဌာန်ကုသိုလ်သည် အချိန်အတာ ပမာဏအားဖြင့် တစ်နေ့၊ တစ်ရက်၊ တစ်လ ပမာဏ အတိုင်းအရှည်ကာလ အားလျော်စွာ အစွမ်းသတ္တိမှာလည်း ထူးခြားမှု ရှိလေသည်။

နေ့တစ်နေ့မျှသာ ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်အားထက် တစ်ရက်တာလုံးလုံး ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်အားက ပို၍ အားကောင်းသည်။ အားကြီးသည်။ တစ်ရက်တာမျှ အဓိဋ္ဌာန်ကုသိုလ်အားထက် တစ်လတာ အဓိဋ္ဌာန်ကုသိုလ်အားက ပို၍ အားကောင်းသည်။ အားကြီးသည်။ ဤသို့ အတိုင်းအတာ၊ အချိန်ကာလကို လိုက်၍ အဓိဋ္ဌာန်ကုသိုလ် အားကောင်းသည်ကို သိဖို့လိုသည်။

မိမိ ဆောက်တည်လိုက်သော အဓိဋ္ဌာန်ကုသိုလ်အားကောင်းပြီး အစွမ်းသတ္တိရှိမှသာလျှင် မိမိတို့ရဲ့ လိုအပ်သော ဆန္ဒအတိုင်း မလွဲမသွေ မုချဧကန် အောင်မြင် ပြီးစီးပါလိမ့်မည်။

သို့အတွက်ကြောင့် အဓိဋ္ဌာန်ကုသိုလ် ဆောက်တည်လိုသော ယောဂီပုဂ္ဂိုလ်သည် နေ့၊ ရက်၊ အချိန်ကာလကို ရရှိနိုင်သလောက် အချိန်ယူပြီး အားထုတ်ကြပါ။ နေ့၊ ရက်၊ လ တို့အားဖြင့် အဓိဋ္ဌာန်ကုသိုလ်၏ အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိ ခြားနားမှုရှိသလို အဓိဋ္ဌာန်ဆောက်တည်မှု ကိစ္စဆောင်ရွက်ချက်များမှာလည်း အဆင့်ဆင့် ခြားနားမှု ရှိပါသည်။

## သီလများလေ ပိုထူးခြားလေ

ငါးပါးသီလဖြင့် အဓိဋ္ဌာန်ဆောက်တည်တာထက် ရှစ်ပါးသီလခံယူပြီး အဓိဋ္ဌာန်ဆောက်တည်တာက ပို၍ အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိရှိပါသည်။

## သက်သတ်လွတ်စားလေ ပိုထူးခြားလေ

အဓိဋ္ဌာန် ဆောက်တည်သော

www.burmeseclassic.com

www.burmeseclassic.com

အခါမှာ အသွေးအသား စားသောက်တာထက် သက်သတ်လွတ် စားသုံးပြီး ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်က ပို၍အား အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိ ရှိပါသည်။

### ပတ္တပိုဏ်စားလေ ပိုထူးခြားလေ

သက်သတ်လွတ်ကို သာမညနိုးရိုး စားသောက်တာထက် ရောနှော၍ ပတ္တပိုဏ်တစ်ခွက်တည်းဖြင့်စားသောက်ခြင်းက ပို၍ အားအစွမ်းသတ္တိ တန်ခိုးသိဒ္ဓိ ရှိပါသည်။

### မီးလွတ်စားလေ ပို၍ထူးခြားလေ

မီးဖြင့် ချက်ပြုတ်သော အစားအစာကို စားသုံးသော အဓိဋ္ဌာန်ကုသိုလ်ထက် မီးလွတ် သစ်သီး၊ သစ်ဥ၊ သစ်ရွက်များကို စားသုံး၍ ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်က ပို၍ အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိ ရှိလေသည်။

သစ်သီးတစ်မျိုးစားလေ ပိုထူးခြားလေ၊ ရေဆွမ်းစားလေ ပိုထူးခြားလေ၊ ဝစီပိတ်ကျင့်လေ ပိုထူးခြားလေဟု ဖတ်ရသည်။ အောင်စေတီ ဆရာတော်ဘုရားကြီးသည် ဝါတွင်းကာလတွင် ကျောင်းတွင်း တံခါးပိတ်(ဂူအောင်း)၍ ဝစီပိတ် အဓိဋ္ဌာန်ကို သီတင်းကျွတ်လပြည့်နေ့အထိပြုလုပ်ပါသည်။လပြည့်နေ့တွင် အဓိဋ္ဌာန်အောင်ပွဲ၊ ထွက်ပွဲကျင်းပသည်။ လှိုင်သာယာဘက်မှ သစ်တံခါးဆရာတော်လည်း ဝါတွင်း (၁၀၈) ရက်အဓိဋ္ဌာန် ကိုးကြိမ် အောင်မြင်နေပြီဟု သိရသည်။

အောင်စေတီ ဆရာတော်ကြီးသည် သက်တော်(၈၄)နှစ်အထိ (၂၃) နှစ်ဆက်တိုက် ဝါတွင်း အဓိဋ္ဌာန်ပြုခဲ့သည်။ သက်တော်(၈၅)နှစ်မှာ ထွက်ရပ်စခန်း ကြွမြန်းတော်မူလေသည်။

### ယောဂီဝတ်လေ ပိုထူးခြားလေ

အကြောင်အကျား အဝတ်များကို ဝတ်ဆင်ပြီး ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်ထက် ဖြူစင်သော အဝတ်၊ ညိုသောအဝတ်များ ဝတ်ဆင်ကာဆောက်တည်သောအဓိဋ္ဌာန်ကုသိုလ်က ပို၍ အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိ ရှိလေသည်။

### တောတောင်ထွက်လေ ပိုထူးခြားလေ

သိမ်၊ ကျောင်း၊ ဇရပ်မှာ နေထိုင်ပြီး ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်ထက် တော၊ တောင်၊ သစ်ပင်ရင်း၊ ချုံနွယ်ပိတ်ပေါင်း၊ ကျောက်ဂူ၊ လိုဏ်ခေါင်း၊ သချိုင်း တို့မှာနေ၍ ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ်ကား ပို၍ အစွမ်းသတ္တိ တန်ခိုးသိဒ္ဓိ ရှိလေသည်။

ဤကဲ့သို့ အဓိဋ္ဌာန် ကုသိုလ်ဆောက်တည်သောအခါ အထက်ပါပြဆိုခဲ့သော နေရာထိုင်ခင်း၊ နေမှုထိုင်မှု၊ ဝတ်မှု၊ စားသောက်မှုတို့ကို မိမိနှင့်သင့်လျော် လျောက်ပတ်စွာ ခြိုးခြံသော အဓိဋ္ဌာန်အကျင့်ကို ဆောက်တည်ပြီး မိမိအဓိဋ္ဌာန် ဆောက်တည်ထားသည့်အတိုင်း ရောင့်ရဲတင်းတိမ်နိုင်အောင် မိမိစိတ်ကို စောင့်ရှောက် ထိန်းသိမ်းရမည်။

### လောဘ၊ ဒေါသ၊ မောဟ ပယ်ခွာမှု

အဓိဋ္ဌာန်ကုသိုလ် ဆောက်တည်ခြင်းသည် မိမိစိတ်၌ ကပ်ငြိနေသော လောဘ၊ ဒေါသ အစရှိသော ကိလေသာ အညစ်အကြေးတွေကို ဖယ်ရှားသုတ်သင်ခြင်း ဖြစ်ပေသည်။

ကိလေသာ အညစ်အကြေးမှ ကင်းဝေး စင်ကြယ်သော မိမိစိတ်သည် ဖြူစင်သန့်ရှင်း ကြည်လင်ပြီး စိတ်တည်ကြည်ခြင်း သမာဓိ ရရှိလာပါသည်။ ထို့ကြောင့် မိမိစိတ်တည်ကြည်မှု သမာဓိ ရရှိလေအောင် စိပ်ပုတီးကို အခြေခံပြီးမှ ပုတီးစိပ်ခြင်း အဓိဋ္ဌာန်၊ မေတ္တာဘာဝနာပွားများခြင်းအဓိဋ္ဌာန်၊ ဝင်လေ ထွက်လေ ရှုမှတ်ခြင်း (အာနာပါန) ဝိပဿနာ အဓိဋ္ဌာန် ဤသို့သော အဓိဋ္ဌာန်များကို ဆောက်တည်ပြီး ဆောက်တည်သည့်အတိုင်း အောင်မြင်အောင် အားထုတ်ရပါသည်။ မိမိ ဆောက်တည်သော အဓိဋ္ဌာန်ကုသိုလ် အောင်မြင်သည် ရှိသော် မိမိရည်မှန်းချက်၊ ဦးတည်ချက် ကိစ္စအဝဝတွေသည် ဆောလျင်စွာ အောင်မြင်လာပါလိမ့်မည်။

အဓိဋ္ဌာန်အစတွင် မြတ်စွာဘုရားအား တတ်နိုင်သလောက် ဒါနပြုခြင်း၊ ဘုရားရှိခိုး၊ ငါးပါးသီလ ခံယူပြီး သစ္စာဆိုခြင်းနှင့် အဓိဋ္ဌာန် အစပြုရပါမည်။ ဘုရားရှေ့တွင် နေ့စဉ်မပျက် ပုတီးစိပ်၊ ဂါထာရွတ် တစ်ခုခုကို တိကျစွာ ပြောလျှောက်ထားရမည်။ ပြီးမှ တစ်ထိုင်တည်းနှင့် ပြီးအောင်စိပ်ရမည် (သို့မဟုတ်) နံနက် ၇ နာရီမှ ည ၇ နာရီအတွင်း ပြီးစီးအောင် အချိန်ကာလ သတ်မှတ်၍လည်း ပြုလုပ်နိုင်ပါသည်။

အဓိဋ္ဌာန်နိဂုံးတွင် မေတ္တာပို့နှင့် အမျှဝေရမည်။ အဓိဋ္ဌာန် ဆောက်တည်နေသော အခိုက်အတန့်မှာ မိမိနှင့် ဘဝဆက်၊ ပဋ္ဌာန်းဆက်၊ ဓာတ်ဆက် ရှိကြကုန်သော ဆွေတော် မျိုးတော်တွေကို အလေးထားကာ အာရုံပြုပြီး မေတ္တာပို့ပေးပါ။ အမျှပေးဝေပါ။ ကြေးစည်၊ ခေါင်းလောင်း၊ မောင်း၊ စည်များကို တီးခေါက်ထိုးပေးပါ။

ဤကဲ့သို့ ဆောင်ရွက်ပေးပါက ဂြိုဟ်စောင့်နတ်မင်း၊ သာသနာစောင့်နတ်မင်းကြီးများ၊ ဘိုးတော်၊ မယ်တော်များ၊ ဝိဇ္ဇာဓိုရ်များ၊ သိုက်နန်းရှင်များ၊ ရုက္ခစိုးဘိုးဘိုးကြီးများ မိမိကို ဝိုင်းဝန်းကူညီ စောင့်ရှောက် မ,စပါလိမ့်မည်။ မိမိကို အသိအမှတ်ပြုလာပါလိမ့်မည်။ မိမိနှင့် အတူတကွ သွားလေရာရာလိုက်ပါပြီး မိမိကိစ္စတွေကို ကူညီဆောင်ရွက်ပေးပါလိမ့်မည်။ မိမိ တွေ့ကြုံရမည့် ဘေးရန်တွေကိုလည်း ကာကွယ်ပေးပါလိမ့်မည်။ ထူးထူးခြားခြား အောင်မြင်မှု ရရှိစေရန် အဓိဋ္ဌာန်တစ်ခု ပုံမှန်ဆောင်ရွက်ကြပါဟု တိုက်တွန်းအပ်ပါသည်။

ဓမ္မိရ ဆရာလှမျိုး(B.Sc)

□





www.burmeseclassic.com

www.burmeseclassic.com



# ပစ္စည်းပျောက် ရှာကြစို့

စာနန္ဒာစိုး(ရွှေရှင်အေး)

တစ်နေ့သ၌ ကျွန်ုပ် ဗေဒင်ဟောခန်း ဖွင့်ထားသော အမှတ်(၁၈)ရပ်ကွက် ရွှေရှင်အေးကျောင်းလမ်းရှိ အမှတ်(xx)သို့ အမေးအမြန်းလည်း ထူလှသော ကတ်သီးကတ်သတ် တွေးခေါ်ပြီး မေးမြန်းတတ်သော ဒေါ်စိုးမိုးဆိုသူ သိကျွမ်းဟောင်း အမျိုးသမီးကြီးတစ်ဦး ရောက်ရှိ၍ လာလေတော့၏။

"အာ ဟာ . . . ဆရာမ၊ ဆိုင်းဘုတ်တောင် အသစ်တင်ထားပါလား၊ အခုမှ တွေ့ရတယ်၊ သတိထားမိတာ နည်းလို့နဲ့ တူတယ်"

"သိပ်မကြာသေးဘူး ဒေါ်စိုးမိုးရေ၊ ဒါကြောင့် အခုမှ တွေ့တာဖြစ်မှာပေါ့၊ မကြာသေးပါဘူးလေ"

"သြော် . . . ဟုတ်လား၊ ဒါကြောင့်ကိုး၊ အင်း ဆရာကြီးမင်းသိင်္ခ တပည့်ထဲမှာတော့ ဆရာမက တော်တော်စောတာပဲနော်၊ စောယုနွယ်တို့ ရွှေယမင်းဦးတို့၊ ဖြိုးဟန်ကျော်တို့နဲ့ မရှေးမနှောင်း ဘဲလို့ သိရတယ်၊ ဆရာမလဲ ဆရာကြီး ဖြစ်စေချင်သလို စာရေးဆရာ ဖြစ်တာပဲနော်"

"ကဲ . . . ဒေါ်စိုးမိုး ကိစ္စပြော၊ ဘာ တူညီရမလဲဆိုတာ"

"အို . . . ဆရာမကလဲ စိတ်မဆိုးပါနဲ့ ရှင် ဖြည်းဖြည်းပေါ့၊ ဟောဒီမှာ မန္တလေး ထိုးမုန့် ဝယ်လာတယ်၊ ဘုရားလဲ ကပ်၊ ပြီးတော့ ဆရာမလဲ စားပေါ့"

စာရေးသူ လွန်စွာနှစ်သက် သဘောကျသော မန္တလေးထိုးမုန့်အား လှူသဖြင့် စကားများလွန်း၍ တိုနေသောစိတ် ပြေသွားရလေသည်။

"ကဲ . . . ကပ်ပါ့မယ်ရှင်၊ ဒေါ်စိုးမိုး လာရင်းကိစ္စကို ပြောပေတော့ပဲ"

"အင်း . . . ဆရာမရယ်၊ ကျွန်မလဲ ဆရာမနဲ့တွေ့ပြီးတဲ့နောက် ဗေဒင်ပညာကို ဝါသနာပါလာတော့ နည်းနည်းစီ လေ့လာနေပါတယ် ဆရာမ"

"အင်း . . . အဲဒီတော့ ပြောပါဦး"

"အခု ဟို . . . ပစ္စည်းပျောက်ရင် ဘယ်လိုရှာမလဲ ဆိုတာ လေ့လာချင်ပါတယ် ဆရာမ"

"ကဲ . . . ဒါဆို ဘြိရန်း၊ စတုရန်း အသုံးချပြီး ဆောင်ရွက်ပုံကို အင်္ဂဝိဇ္ဇာနဲ့ တစ်ခါတည်း ရှင်းပြမယ်၊ ဒေါ်စိုးမိုး စာအုပ်ပါသလား"

"အာ . . . ပါတာပေါ့ ဆရာမရယ်၊ သေသေချာချာ ရေးမှတ်ပါ့မယ် ဆရာမရယ်"

သို့နှင့် အင်္ဂဝိဇ္ဇာကျမ်းလာ ပစ္စည်းပျောက်တွင် 'ဘြိ-စတု' ပညာခန်းအား အောက်ပါအတိုင်း ရေးပြရလေတော့သည်။

တနင်္ဂနွေနံ -

၅
၂
၆
၁ - အုန်းသီး ၆ စိတ်စား
၄ - စတုရန်းအရပ်တောင်
ဝ
၃ - ဘြိရန်းအခါ

အုပ်၊ အစ် စသည် ပျောက်ဆုံးမယ်ဆိုရင် ဘယ်နေ့မှာမဆို ဘြိရန်းဖြစ်တဲ့ အင်္ဂါအခါမှာ စတုရန်းဖြစ်တဲ့ ဗုဒ္ဓဟူးအရပ်ကို မျက်နှာမူပြီး ငါပျောက်တဲ့ အုပ်၊ အစ် စသည် အမြန်တွေ့ပါစေလို့ လေးလေးနက်နက် ပြောဆိုပြီး အုန်းသီးခြောက်စိပ် စားရမယ်။ စားရင်းခေါ်ရမယ်လို့ ဆိုလိုတယ်။

တနင်္လာနံ -

၆
၃
ဝ
၂ - ငှက်ပျောသီး ၁၅လုံးစား
၅ - စတုရန်းအရပ်(အနောက်)
၁
၄ - ဘြိရန်းအခါ

ငွေပျောက်သည်ရှိသော် မည်သည့်နေ့မှာမဆို ဘြိရန်းဖြစ်တဲ့ ဗုဒ္ဓဟူးအခါမှာ စတုရန်းဖြစ်တဲ့ ကြာသပတေးအရပ် အနောက်ကိုမျက်နှာမူ၍ ပျောက်တဲ့ငွေ အမြန်ပြန်တွေ့ပါစေဟု လေးနက်စွာ ပြောဆိုပြီး ငှက်ပျောသီး(၁၅)လုံးစားပြီး ငါ့ငွေ မြန်မြန်ပြန်လာပါစေဟုခေါ်



www.burmeseclassic.com

www.burmeseclassic.com

အင်္ဂါနံ -
၀
၄
၁
၃ - ဆီးသီး ၈ လုံးစား
၆ - စတုရန်းအရပ်(မြောက်)
၂
၅ - တြိရန်းအခါ

လက်စွပ်ပျောက်သည် ရှိသော် မည်သည့်နေ့မှာမဆို တြိရန်းအခါဖြစ်တဲ့ ကြာသပတေးအခါမှာ စတုရန်းအရပ်ဖြစ်တဲ့ မြောက်အရပ်မျက်နှာမူ၍ ငါပျောက်တဲ့လက်စွပ် အမြန်တွေ့ပါစေဆိုပြီး လေးလေးနက်နက် ပြောဆိုပြီး ဆီးသီး ရှစ်လုံးစား၍ ငါ့လက်စွပ် အမြန်ပြန်လာဟု ခေါ်ရမည်။

ဗုဒ္ဓဟူးနံ -
၁
၅
၂
၄ - ဝက်သား ၁၇ လုံးစား
၀ - စတုရန်းအရပ်(မြောက်)
၃
၆ - တြိရန်းအခါ

လှေပျောက်သည်ရှိသော် မည်သည့်နေ့မှာမဆို တြိရန်းအခါဖြစ်တဲ့ သောကြာအခါမှာ စတုရန်းအရပ်ဖြစ်တဲ့ စနေအရပ် မြောက်အရပ်ကို မျက်နှာမူ၍ ငါပျောက်နေတဲ့လှေ အမြန်ပြန်တွေ့ပါစေဆိုပြီး လေးလေးနက်နက် ပြောဆိုပြီး ဝက်သား (၁၇)လုံးစားပါ။ ငါ့လှေအမြန်လာဟူ၍ခေါ်ရမည်။

ကြာသပတေးနံ -
၂
၆
၃
၅ - ပဲလှော် ၁၉ လုံးစား
၁ - စတုရန်းအရပ်
၄ (အရှေ့ မြောက်)
၀ - တြိရန်းအခါ

မြင်းပျောက်သည်ရှိသော် မည်သည့်နေ့မှာမဆို တြိရန်းအခါဖြစ်တဲ့ စနေအခါမှာ စတုရန်းအရပ်ဖြစ်တဲ့ တနင်္ဂနွေအရပ် အရှေ့မြောက်အရပ်ကို မျက်နှာမူ၍ ပျောက်နေတဲ့မြင်း အမြန်တွေ့ပါစေဆိုပြီး လေးလေးနက်နက် ပြောဆိုလျက် ပဲလှော်(၁၉)လုံးစားပြီး ငါ့မြင်းလာဟူ၍ ခေါ်ရမည်။

သောကြာနံ -
၁
၀
၄
၆ - သစ်တော်သီး ၂၁လုံးစား
၂ - စတုရန်းအရပ်(အရှေ့)
၅
၁ - တြိရန်းအခါ

သွပ်ပျောက်ခဲ့သည်ရှိသော် မည်သည့်နေ့တွင်မဆို တြိရန်းအခါဖြစ်တဲ့ တနင်္ဂနွေအခါမှာ စတုရန်းအရပ်ဖြစ်သော တနင်္လာ အရှေ့အရပ်ကို မျက်နှာမူ၍ ပျောက်နေတဲ့သွပ် အမြန်ပြန်တွေ့ပါစေဆိုပြီး လေးလေး နက်နက် ပြောဆိုလျက် သစ်တော်သီး (၂၁)လုံးစားပြီး ငါ့သွပ် မြန်မြန်ပြန်လာပါဟု ခေါ်ရမည်။

စနေနံ -
၄
၁
၅
၀ - နွားနို့ ၁၀ ငုံသောက်
၃ - စတုရန်းအရပ်
၆ (အရှေ့တောင်)
၂ - တြိရန်းအခါ

နွားပျောက်သည်ရှိသော် မည်သည့်နေ့မှာမဆို တြိရန်းအခါဖြစ်သောတနင်္လာအခါ၌ စတုရန်းအရပ်ဖြစ်သော အင်္ဂါအရပ် အရှေ့တောင်သို့ မျက်နှာမူ၍ ပျောက်နေတဲ့နွား အမြန်ပြန်တွေ့ပါစေဟုဆိုပြီး နွားနို့(၁၀)ငုံသောက်ပါ။ ငါ့နွား အမြန်လာပါစေဟု ခေါ်ပါ။

"ကဲ. . . ဒေါ်စိုးမိုး သေသေချာချာ ရှင်းရဲ့လား"

"ရှင်းပါပြီ ဆရာမရယ်၊ ရှင်းပါပြီ"

"ဒါပေမယ့် ပြစရာ ကျန်သေးတယ်၊ ပစ္စည်းပျောက် ရှာဖို့ အရပ်ညွှန်းဆိုမှု ပုံသေနည်းလေးတစ်ခုတော့ မှတ်လိုက်ပါဦး"

"ဟုတ်ကဲ့ ဆရာမ၊ ပြောပါ မှတ်ပါ့မယ်"

"သူရဇ္ဇ သောကြာ၊ ထောက်ဆက်ကွဲ့ အိမ်တွင်းမှာ၊ ဗုဒ္ဓ တောင်အရပ်ကယ်နှင့် မြောက်ရပ်မှာ ဂုရုထား များမှတ်ကြရာ၊ ဘောမမတော့ ရှေ့ပြူဗ္ဗာ၊ နောက်ရပ်မှာဆိုက စန္ဒြေနှင့် သောရီပဲရယ်လို့ မလွဲအောင် အရပ်ကိုပိုင်းလိုက်မယ်၊ တိုင်ခု ရှာကြ"

လို့ဆိုပြီး ဆရာရှင်က ကဗျာ လင်္ကာ စပ်ပြီးတော့ သေချာပေါက် (ကိန်းသေ) အရပ်ညွှန်းထားတာ အဓိပ္ပာယ်ရှင်းရမယ်ဆိုရင် . . .

"သူရဇ္ဇအခါ သောကြာအခါ ပျောက်မယ်ဆိုရင်သော်လည်းကောင်း၊ အဲဒီအခါမှာ ပစ္စည်းပျောက် လာမေးမယ်ဆိုရင်လည်းကောင်းပေါ့၊ အိမ်အတွင်းမှာပဲရှိတယ်၊ (နဂိုနေရာ တစ်ဝိုက်)လို့ ဆိုလိုတယ်၊ အိမ်ခြံ အာရာမ်အတွင်းမှာလို့ယူရမယ်။

အင်္ဂါအခါမှာ ပျောက်တာမျိုးဖြစ်ဖြစ်၊ အဲဒီအခါမှာ လာမေးတာမျိုးဖြစ်ဖြစ်၊ အရှေ့အရပ်မှာရှိတယ်လို့ သိရမယ်၊ ဗုဒ္ဓအခါမှာ ပစ္စည်းဖြစ်ဖြစ် ပျောက်ခဲ့သည် ရှိသော်လည်းကောင်း၊ အဲဒီအခါမှာ လာမေးမယ်ဆိုရင် လည်းကောင်း တောင်အရပ်မှာ ရှိတယ်လို့ မှတ်ယူရမယ်။

စန္ဒြေအခါ၊ သောရီအခါမှာ ပျောက်ရင်သော်လည်းကောင်း၊ အဲဒီအခါတွေမှာ လာမေးတယ်ဆိုရင်လည်းကောင်း အနောက်အရပ်မှာရှိတယ်လို့ သိထားရမယ်၊ ဂုရုအခါမှာ ပျောက်သော်လည်းကောင်း၊ အဲဒီအခါ လာမေးတယ်ဆိုရင် လည်းကောင်း မြောက်အရပ်မှာရှိတယ်ဆိုတာ သိရမယ်လို့ ဟောရမယ်"

"သြော်. . . ဒါဆို ပုံသေနည်းလား ဆရာမ"

"အင်္ဂဝိဇ္ဇာဆရာက ပုံသေလို့ ပြထားပါတယ်၊ ချော ပြီး ဆောင်ရွက်ကြည့်၊ ဆရာမကတော့ ကိုယ်တွေ့မှတ်တမ်းတွေ ရှိထားပြီးပါပြီရှင်"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းလိုက်တာ ဆရာမရယ်၊ အခုတစ်ပတ် ကျွန်မတော်တော် ပညာရသွားတာပဲရှင်၊ ကျွန်မလိုပဲ ဆရာမစာဖတ်ပရိသတ်ထဲက လိုချင်သူတွေလဲ တစ်ခါတည်း ရသွားမှာပဲနော် ဆရာမ"

"အင်း . . . ပညာဆိုတာ ပေးတိုင်း မရတတ်ဘူး ဒေါ်စိုးမိုး၊ ယူတတ်မှ ရတာဆိုတော့ အင်း. . . ရကြပါစေဆိုပြီး မေတ္တာနဲ့တော့ ပေးရမှာ ဆရာမတို့ တာဝန်ပေါ့ရှင် ဟုတ်ရဲ့လား"

"မှန်ပါတယ် ဆရာမ၊ ကျေးဇူးတင်ပါတယ်ရှင်"

"ကဲ. . . ဒါဆို ဒီတစ်ပတ် နားဦးစို့ရှင်"

"ဟုတ်ကဲ့ ဆရာမ၊ ဟုတ်ကဲ့ ဟုတ်ကဲ့"

ကျမ်းကိုး

ပေဒင်ခေါင်းဆောင်ကျမ်း ပထမတွဲ၊ ဒုတိယတွဲ၊ အဖျင်းဆရာတော်။

သုန္ဒာစိုး (ရွှေရင်အေး)

❒

# လုပ်ငန်းခွင်ထဲ အရှုပ်နည်းဖို့

## ဘုန်းလက်ျာအောင်

"ဘာ ဘယ်လို၊ ပြောစမ်းပါဦး မောင်ညွန့်တင်"

"ဒီလိုပါ ဆရာ၊ ခုတစ်လော အလုပ်ခွင်က အလုပ်စားပွဲမှာ မထိုင်လိုက်လေနဲ့၊ ဘယ်လိုမှ မမြင်သာတဲ့ စိတ်ညစ်ညူးစရာကိစ္စတွေက ဘယ်က ဘယ်လို ထွက်လာကြတယ် မသိပါဘူး၊ လူကို တစ်ခါတည်း ညစ်သွားတာပဲ ဆရာရယ်၊ အလုပ်စားပွဲမှာ နေချင်စိတ်တောင် မရှိတော့ဘူး။ အလုပ်ရှင်ကလဲကျပ်သလား မမေးနဲ့။

ကျွန်တော့် အလုပ်လဲ ဆရာသိသားပဲ၊ လူတစ်ရာ ငါးတစ်ရာနဲ့ ဆက်ဆံနေတာ၊ အဲဒီလူတွေနဲ့ အလုပ် ရှင်ကြားတစ်ခါတစ်ခါ ကိုယ့်ကိုယ်ကိုယ် ငါ လူမှ ဟုတ်သေးရဲ့လားပဲလော့်ကြားက ဆားမျှား ဖြစ်နေပြီလားလို့တောင် အတွေးခေါ်မိတယ် ဆရာရေ့။

ကျွန်တော်ထင်တာကတော့ ကျွန်တော့်ရဲ့ လုပ်ငန်းခွင်မှာ အရှုပ်ထုပ်ကြီး ရောက်နေတယ်၊ မမြင်နိုင်တဲ့ အနှောင့်အယှက်တွေ ဝန်းရံနေတယ်၊ ဒီအတိုင်းသာ ဆက်သွားနေရင်ကျွန်တော်တော့ စိတ်ညစ်တာနဲ့တင် လုံးပါးပါးရတော့မလားမသိဘူး"

"ဒီတော့ ဘာများ လုပ်ချင်ပါသလဲ မောင်ညွန့်တင်"

"အလုပ်က ထွက်လိုက်ရင် ကောင်းမလား မသိပါဘူး၊ ကိုယ့်အပေါ် အလုပ်ရှင်က နားမလည်တာလဲ အရှုပ်တစ်ခုပဲဆရာရဲ့"

"မှန်ပါတယ်၊ ဒါပေမယ့် အဲဒါတွေကို လောကဓံလို့သဘောထားလိုက်ပါကွာ၊ လူတိုင်းဟာ လောကဓံတရားနဲ့နေ့စဉ် စီးချင်းထိုးနေရတာပဲ၊ ကြံ့ကြံ့ခံဖို့တော့ လိုတယ်၊ စိတ်ညစ်တယ် ဆိုပြီးတော့လဲ ညနေတိုင်း ယမကာဆိုင်ဘက်ချိတက်ပြီး လိမ့်သောက်မနေနဲ့ဦး၊ ငါ့မိတ်ဆွေ ဦးငြိမ်းသူကြီးလိုတစ်ခေါင်းလုံးသာ မကဘူး၊ မျက်ခုံးတွေပါ ဖြူသွားမယ်"

"ဖြူချင် ဖြူစမ်းပါစေ၊ စိတ်ရှုပ်တာတော့ မခံချင်ဘူးဆရာရယ်"

"ဒီအတွက် မပူနဲ့၊ ငါပြောသလို လုပ်ကြည့်စမ်း၊ မထူးခြားရင် ကြိုက်သလို ပြော၊ ဟုတ်ပလား"

"လုပ်မယ် ဆရာ၊ ပြောပါ"

မင်းက မောင်ညွန့်တင် ဆိုတော့ အင်္ဂါသားပေါ့၊ ဒီတော့ မင်းရဲ့ အလုပ်ခွင်ကို ရောက်တဲ့အခါ မင်းရဲ့ အလုပ်စားပွဲ ညာဘက်အံဆွဲထဲကို အုန်းညွန့်၊ ထန်းညွန့်(၄)ညွန့်စီထည့်ထားပေး၊ ကြုံတဲ့အခက်အခဲတွေ ပျောက်သွားလိမ့်မယ်"

"ဟာ တယ်နိပ်ပါကလား၊ လုပ်ကြည့်မယ် ဆရာ၊ လုပ်ကြည့်မယ်၊ ဒါထက် ကျွန်တော့်လိုပဲ အခက်အခဲ အရှုပ်အထွေးတွေ ကြုံနေရတဲ့ တခြား နေ့သားတွေဆိုရင်ကော"

"လွယ်ပါတယ်ကွာ၊ ဟောဒီလို မှတ်သာသွား"

ဟုဆိုလျက် ကျွန်ုပ်လည်း စာရွက်တစ်ရွက်ပေါ်၌ အောက်ပါအတိုင်း ရေးချပေးလိုက်ပါတော့၏။

၁။ တနင်္ဂနွေသားသမီးများ သရက်၊ ငှက်ပျော (၂)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။

၂။ တနင်္လာသားသမီးများ တမာ၊ အုန်း (၃)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။

၃။ အင်္ဂါသားသမီးများ အုန်း၊ ထန်း (၄)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။

၄။ ဗုဒ္ဓဟူးသားသမီးများ ကံ့ကော်၊ ငှက်ပျော (၅)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။

၅။ ကြာသပတေးသားသမီးများ ဆီး၊ မန်ကျည်း (၆)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။

၆။ သောကြာသားသမီးများ မယ်ဇလီ၊ ဆီး (၇)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။

၇။ စနေသားသမီးများ ငှက်ပျော၊ ဆီး (၁)ညွန့်စီ ညာဘက် အံဆွဲထဲ ထည့်ပါ။


ဘုန်းလက်ျာအောင်

❒



www.burmeseclassic.com

www.burmeseclassic.com



ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင် ရွှေတိဂုံဘုရားကြီးမှလွဲ၍ သူထောင့်နှင့်သူ မွန်ဘုရင်များ၊ မြန်မာမင်းများ၊ မှူးမတ်သေနာပတိများ ထွက်ရပ်လမ်းကို အားထုတ်ခဲ့သော ဘိုးဘိုးအောင်၊ မမွှေစေတီ၊ ဗားမဲ့ဆရာတော်၊ ရှင်မထီး၊ ရှင်အဇ္ဇဂေါဏ စသည်ပုဂ္ဂိုလ်များ တည်ထားကိုးကွယ်ခဲ့ကြသည့် ဘုရားများစွာ တည်ရှိနေကြသည်။

အထက်ပစ္စယာရင်ပြင်တော်နှင့် အောက်ရင်ပြင်တော်ဟူ၍ ရင်ပြင်တော် နှစ်ရပ်ရှိသည်။ သက္ကရာဇ် ၈၅၄ ခုနှစ် ဟတ္ထိရာဇာဘွဲ့ခံ ဟံသာဝတီဘုရင် ဗညားရံမင်းသည် သက်တော် (၄၈) နှစ်ရှိသည်ကို အကြောင်းပြုပြီး အထက်ပစ္စယာရင်ပြင်တော်ပတ်လည်တွင် စေတီရံပေါင်း ၄၈ ဆူကို ပထမဆုံး စတင်တည်ထားခဲ့သည်။

နောက်ပိုင်းမှ ကုသိုလ်ရှင်တို့ အဆက်ဆက် တည်ထားခဲ့ရာ ၆၈ ဆူရှိလေသည်။ ရွှေတိဂုံစေတီတော်ကြီး၏ ခြေတော်ရင်း ရင်ပြင်တော်တွင်လည်း တစ်ဆူနှင့်တစ်ဆူ မတူသော ထူးခြားသည့် စေတီတော်ငယ် ၈၂ ဆူ ရှိကြသည်။

စေတီတော်တိုင်း၏ အောက်ခြေ ဂန္ဓကုဋိတိုက်များရှေ့ရှိ လက်ဝဲ၊ လက်ယာတို့တွင် တစ်ရုပ်နှင့်တစ်ရုပ် မတူ ထူးခြားစွာ ဗြဟ္မာရုပ်များ၊ သိကြားရုပ်များ၊ နတ်ဒေဝါများ ခြံရံထားလျက် ရှိပါသည်။ ရင်ပြင်တော် အခြားနေရာများတွင်လည်း စေတီတော်များ မြောက်မြားစွာ ရှိပါသည်။

ထူးမြတ်သော ရွှေတိဂုံအောင်မြေမှ အံ့ဖွယ်ကိုးပါး အတူ ထူးထွေဆန်းကြယ်လှသော လျှို့ဝှက်ချက်များလည်း ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ရင်ပြင်တော် အရှေ့မြောက်ထောင့် အောင်မြေအမှတ် ၆၊ မဟာအောင်မြေအဖြစ် သတ်မှတ်ထားသော နေရာထူးမှာ ဓမ္မစေတီမင်း တည်ထားခဲ့သည့် ကောင်းမှုဆုတောင်းပြည့်ဘုရား ဖြစ်သည်။ အဓိဋ္ဌာန်ပုတီးစိပ်သူ၊ တရားထိုင်သူ၊ ကြည်ညိုစွာဖူးမြော်သူများနှင့် အမြဲပြည့်လျက်ရှိပါသည်။ ဗုဒ္ဓရုပ်ပွားတော်ဘေးတွင်ရှိသော ကျားနှင့်ခြင်္သေ့ရုပ်တို့သည်လည်း လျို့ဝှက်သောထူးခြားချက်တစ်ခု ဖြစ်နေပေသည်။

ဓမ္မစေတီမင်းသည် သာသနာပြု မင်းကောင်းမင်းမြတ်တစ်ပါးဖြစ်သည်။ သက္ကရာဇ် ၈၃၃ ခုနှစ် (သာသနာ သက္ကရာဇ် ၂၀၁၅ ခုနှစ်မှစ၍ ဟံသာဝတီပြည် ထီးနန်းကို ၂၁ နှစ် စိုးစံခဲ့သည်။ မွန်ဘုရင်မကြီး ရှင်စောပု၏ သမက်တော်ဖြစ်သလို မင်းအဖြစ်မရောက်ခင်က ဓမ္မဓရဘွဲ့တော်ရ မွန်ရဟန်းတစ်ပါး ဖြစ်သည်။

သက္ကရာဇ် ၇၈၅ ခုနှစ်တွင် မောင်တော်ဗညားရံက အသက် (၂၉) နှစ်သာရှိသေးသော မွန်မင်းသမီးချောလေး ရှင်စောပုအား မိဖုရားအဆောင်အယောင်နှင့် အင်းဝ ဆင်ဖြူရှင် သီဟသူထံ ဆက်သလိုက်သည်။

အင်းဝရွှေနန်းသို့ ရောက်ရှိနေသော မွန်မိဖုရား ရှင်စောပုသည် သက္ကရာဇ် ၇၉၀ ပြည့်နှစ် မိုးညှင်းမင်းတရား လက်ထက်အရောက်တွင် ဟံသာဝတီမှ မွန်ရဟန်း ဓမ္မဓရနှင့် ဓမ္မဉာဏတို့နှစ်ဦးကို ဆက်သွယ်ခေါ်ယူလိုက်သည်။

ရဟန်းတော်နှစ်ပါးကလည်း မိဖုရားရှင်စောပုအား ဒဂုံမြို့အရောက် ဧရာဝတီရေကြောင်းအတိုင်း လှေဖြင့် ဆောင်ကြဉ်း ခေါ်ဆောင်လာနိုင်ခဲ့သည်။

သက္ကရာဇ် ၈၁၄ ခုနှစ်တွင် ရာဇာဓိရာဇ်၏ သမီးတော်ဖြစ်သော ရှင်စောပုသည် ဟံသာဝတီထီးနန်း၌ ဗညားကျန်းထောအမည်နှင့် ဘုရင်မကြီး ဖြစ်လာသည်။

အင်းဝမှ ဟံသာဝတီအရောက် သက်စွန့်ကြိုးပမ်းဆောင်ကြဉ်းခဲ့သော ရဟန်းနှစ်ပါးအနက် ကျမ်းတတ် ပေတတ်၊ ဓာတ်နက္ခတ်ကျွမ်းကျင်သူ သူရသတ္တိနှင့်ပြည့်စုံသော မွန်ရဟန်း ဓမ္မဓရကို လူထွက်စေပြီး သမီးတော် နဲ့သကာသင်နှင့် ထိမ်းမြားပေးသည်။ ဓမ္မစေတီအမည်နှင့် အိမ်ရှေ့အရာပေးပြီး ပညာအရည်အချင်း ပြည့်ဝသော၊ အမြော်အမြင်ရှိသော သမက်တော်အား ဟံသာဝတီထီးနန်းကို လွှဲပြောင်းအုပ်ချုပ်စေခဲ့သည်။

ဓမ္မစေတီမင်း ထီးနန်းကို စိုးစံသောအခါ နိုင်ငံတော်ကို အေးချမ်းစွာ အုပ်ချုပ်နိုင်ခဲ့ရုံသာမက ရဟန်းရှင်လူ ပြည်သူများက အထူးပင် ကြည်ဖြူနှစ်သက်ခဲ့ကြသည်။

ဘာသာ သာသနာတော်အတွက် ပဲခူးရွှေမော်ဓောဘုရားကို ပြန်လည် ပြုပြင်တည်ဆောက်တော်မူခြင်း၊ ရွှေတိဂုံစေတီတော်တွင် ဓမ္မစေတီကျောက်စာတိုင်ပြုလုပ်ခြင်း၊ ရွှေတိဂုံစေတီ ရာဟုထောင့်ရှိ ဘုရင်မကြီး ရှင်စောပုဘုရားတွင် ဓာတ်လုံးတစ်လုံးနှင့် စမအင်းနှစ်ချပ်ကို ဌာပနာခဲ့ခြင်း၊ တွံတေးရွှေဆံတော်တွင် သိမ်ဇရပ်၊ စတုဒိသာဇရပ်ကြီး တစ်ဆောင်၊ သိမ်တော်ကြီးငါးလုံး ဆောက်လုပ်လှူဒါန်းခြင်း၊ ပဲခူးကလျာဏီသိမ်တော်၊ ကလျာဏီကျောက်စာ၊ ဓမ္မစေတီမင်းဖြတ်ထုံးစသည်ဖြင့် ဓမ္မစေတီမင်းသည် အထူးထူးသော ကျမ်းဂန်တို့ကို တတ်မြောက်ပြီး သာသနာတော်ကို ကောင်းစွာပြုစုသလို ဘုရားပုထိုးများစွာ တည်ခဲ့သူ ဖြစ်သည်။

ရဟန်းလူထွက် ဓမ္မစေတီမင်းသည် ပိဋကတ်သုံးပုံ၊ ဗေဒင်လေးပုံတို့နှင့်တကွ ဓာတ်၊ နက္ခတ်၊ မန္တန်၊ ဆေးကျမ်း၊ အင်း၊ အိုင်၊ ခါးလှည့်၊ လက်ဖွဲ့တို့ကို အထူးတတ်ကျွမ်းသူ ဖြစ်သည်။

ရွှေတိဂုံရင်ပြင်တော်ရှိ ကောင်းမှုဆုတောင်းပြည့်ဘုရား ဗုဒ္ဓရုပ်ပွားတော်ဘေးရှိ ကျားနှင့်ခြင်္သေ့ရုပ်တို့တား ဓမ္မတီမင်း၏ အစီအရင်များ ဖြစ်ပေသည်။

အင်္ဂရိတ်လုပ်ထုံး အညွှန်းသင်္ကေတ ပြုထားရာတွင်-

"ခြင်္သေ့နှင့်ကျား နှစ်ပါးပေါင်းဖက်၊ မီးသုံးကြိမ်နာနာနှက်၊ တစ်ပါးနိဗ္ဗာန်ဖက်" ဟု ညွှန်းဆိုထားသည်။

ဤမဟာအောင်မြေ ကျားခြင်္သေ့ဘုရား (၎င်းအနီးညာဘက်တွင် ဓမ္မစေတီမင်းတည်ထားခဲ့သော မံဘုရားတစ်ဆူရှိပါသည်) ရှေ့တွင် အကျိုးပေး အလွန်လျင်မြန်သော ဂါထာ (ကျေးဖြူမင်းဂါထာ၊ ဣစ္ဆာသယဂါထာဟုလည်း ခေါ်ကြသည်) တော်ကို ရွတ်ဖတ်သရဇ္ဈာယ်၍ ကောင်းကျိုးလိုရာ ရရှိနိုင်ကြပါသည်။

ဤဂါထာသည် ဘေးရန်ခပ်သိမ်းကင်းငြိမ်းပြီး လိုအပ်သော ဆန္ဒများ ပြည့်ဝစေပါသည်။ လက်တွေ့ ရွတ်ဆိုသူများအဖို့ လျင်မြန်စွာ အကျိုးပေးသော သမိုင်းဝင် ပွဲတွေ့ဂါထာ ဖြစ်ပါသည်။

"အဂ္ဂေါဗုဒ္ဓေါ၊ အဂ္ဂေါဓမ္မော၊ အဂ္ဂေါသံဃော၊
အနုတ္တရော အဂ္ဂေါ မေ ဝိပါကော ဟောတု၊
ယံယံ ဣစ္ဆံ သမိဇ္ဈတု"

နန်းဇေယျာသူ

❐



www.burmeseclassic.com

www.burmeseclassic.com

လူသားတစ်ဦးအနေဖြင့် နေ့တစ်နေ့ သို့မဟုတ် အချိန်တိုင်းမှာ ဥစ္စာရရင်ရ၊ မဟုတ်ရင် ပညာရ၊ မဟုတ်ရင် ကုသိုလ်ရ ရမယ်လို့ ဆိုရိုးရှိပါတယ်။

ထိုဆိုရိုးကို ဦးထိပ်ပန်ဆင် လက်ခံဆောင်ရွက်နေသူကို ညွှန်းပါဆိုလျှင် ကျွန်တော့်မိတ်ဆွေ ကိုခင်ချိုကို ညွှန်းရပါမည်။ ကိုခင်ချိုသည် လူငယ်တစ်ဦးဖြစ်ပြီး ဆယ်တန်းအထိသာ ပညာသင်ကြားခွင့် ရခဲ့သည်။ မိဘများရဲ့ အခြေအနေအရ ကားပြင်၊ စက်ပြင် ဘဝကို ရောက်ရှိခဲ့တယ်။

စာရေးသူ ဆယ်မိုင်ကုန်းကိုရောက်တော့ မိမိဗေဒင်ဟောခန်းနှင့် မလှမ်းမကမ်းရှိသော သူအလုပ်လုပ်ကိုင်ရာ ဝပ်ရှော့ ကားပြင်ရုံရှိ ထိုလူငယ်အား စိတ်ဝင်စားမိသည်။

အကြောင်းမှာ အလုပ်နားချိန်တွင် စာမျိုးစုံ တစ်ခုခု ဖတ်လေ့ရှိခြင်း၊ တစ်ခါတစ်ရံ သူ့အလုပ် ပတ်ဝန်းကျင်တွင် ပေါက်ရောက်နေသော ဟင်းပင်မှ အရွက်များကို လှည်းကျင်းခြင်း၊ အများသောက်ရန် ထားသော သောက်ရေအိုးကို သန့်ရှင်းစေခြင်း၊ ရေဖြည့်ပေးခြင်းတို့အပြင် ရပ်ကွက်တွင်း လူမှုရေးကိစ္စအဝဝ၊ ဘာသာရေးကိစ္စမျိုးစုံတွင် ကုသိုလ်ပြုလုပ်ရှားနေတတ်သည်ကို တွေ့ရသည်။

စာရေးသူထံ တစ်လတစ်ခါ ဇာတာစစ်ဆေးခြင်း၊ ဂါထာများ တောင်းယူခြင်း၊ ကျင့်စဉ်များ တောင်းခံခြင်းတို့ကို ပြုလေ့ရှိသည်။

စာရေးသူမှ . . .

"မောင်ခင်ချိုအနေနဲ့ မျက်နှာသစ်ချိန်မှာ နမောတဿကို ကိုးခေါက်ရွတ်ပြီး မျက်နှာသစ်၊ အိမ်ဘုရားဆောင်မှာ ဘုရားရှိခိုး ငါးပါးသီလခံယူ၊ သရဏဂုံသုံးပါး သက်ခေ့၊ ဂုဏ်တော် ကိုးပါး သက်ခေ့၊ အနန္တော အနန္တငါးပါး ဂါထာကိုသက်စေ့ရွတ်ပါ။

ပုတီးစိပ်အနေနဲ့ နမောဗုဒ္ဓါယသိဒ္ဓံကို ကိုးပတ် စိပ်ရပါမယ်၊နောက် 'နတ်လူ သတ္တဝါအားလုံး ဘေးရန် ကြောင့်ကြ ဆင်းရဲကင်း၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ကြပါစေ' မေတ္တာပို့ကို တစ်ဂါထာ ပုတီးတစ်လုံးချဖြင့် ပုတီးတစ်ပတ် စိပ်ရပါမယ်" စသည်ဖြင့် ပေးအပ်ခဲ့ပါတယ်။

ဤနည်းတို့မှာ လာဘ်ကို ဖြစ်စေသည်၊ လူချစ်လူခင် ပေါများစေသည်၊ ကူညီမည့်သူ ပေါ်ပေါက်စေသည်ဟု မှတ်သားရပါသည်။

ဒီလိုနှင့် ကျွန်တော့်ဇာတ်လိုက်ကျော်ကြီး မောင်ခင်ချိုတစ်ဦး ဆယ်မိုင်ကုန်းမှ ပြောင်းရွှေ့ပြီး တောင်ဥက္ကလာပမှာလိုလို၊ မြောက်ဥက္ကလာပမှာလိုလို၊ လှည်းကူးမှာလိုလိုနှင့် သတင်းအဆက် ပြတ်သွားရတော့သည်။

၁. ၉. ၁၄၊ ရန်ကုန်မိုးကြီး၏ လက်သံပြောင်ခြင်းဟာ ဒီနှစ်မှာ ပိုပြင်းထန်နေပါသည်။ မိုးသည်းသည်းကြားမှ ဒေါ်ဟစ်ပြီး ဟောပြောရသည်မှာ မစားသာ။ တစ်ဦးဆိုတစ်ဦး ပင်ပန်းမောဟိုက်လာသည်။ နေ့လယ် ၁ နာရီခွဲ နေ့လယ်စာ စားပြီးလျှင် လက်ဖက်ရည်သောက်ရင်း ဂျာနယ်၊ စာစောင်များကို စိတ်ပြေလက်ပြေဖတ်ရန် ပွိုင့်လက်ဖက်ရည်ဆိုင်သို့ သွားမြဲတိုင်း သွားပါသည်။

မိုးသည်းသည်းကြားတွင် ဆိုင်ဝမှ အပြုံးဖြင့်ဆီးကြိုနေသော ဇာတ်လိုက်ကျော် မောင်ခင်ချိုပါပေ။

လွန်ခဲ့သော ငါးနှစ်က တွေ့ခဲ့ရသော မောင်ခင်ချိုနှင့် ယခု တွေ့မြင်နေရသော မောင်ခင်ချိုတို့မှာ ပြောင်းလဲခြင်းများ ရှိနေပါပြီ။ ထူးဆန်းတာတွေ တွေ့နေရပြီ။ ကျွန်တော်တို့နှစ်ဦး လက်ဖက်ရည်ဆိုင် မိုးကာပြီး အလင်းရောင်ကောင်းသော နေရာကို ရွေးချယ်ကာ ထိုင်လိုက်ကြပြီး မောင်ခင်ချိုစ၍ . . .

"ဆရာ ဒီအချိန် ရောက်လာတတ်လို့ ဆရာ့ကို ထိုင်မျှော်နေတာ၊ ဆရာ ကျွန်တော့်ကိုမြင်ပြီး ထူးဆန်းနေလို့ ထူးခြားနေလို့ အံ့ဩနေသလား ဆရာ၊ ဆရာ့ ကျေးဇူးတွေ အများကြီးပါပါတယ်၊ ဆရာ့ကျင့်စဉ်အတိုင်း ဆောင်ရွက်ပြီး





www.burmeseclassic.com

www.burmeseclassic.com

တစ်နှစ်အကြာမှာ အမေ့ဘက်က ဦးလေးက အိမ်ရောက်လာပြီး တောင်ဥက္ကလာပကို ရွှေ့ပြောင်းစေပြီးတော့ သူ့သစ်စက်မှာ ဦးစီးစေပါတယ်။

ဆယ်မိုင်ကုန်းမှာ နေရတဲ့ဘဝနဲ့စာရင် နည်းနည်းပြောင်းလဲလာတာပေါ့ဆရာ၊ ဒီလိုနဲ့ အမေ့ကို လုပ်ကျွေးရင်း တစ်ဖက်က ကားမောင်းရင်းနဲ့ ကိုယ်ပိုင်ဝင်ငွေရှာရတာပေါ့။ တစ်နေ့မှာ ကျွန်တော်တို့ မိသားစုနဲ့ အဆက်အသွယ် ပြတ်နေတဲ့ သံမဏိစက်ရုံက ဝန်ထမ်းဖြစ်တဲ့ ဘကြီးဟာ အမေ့နာရေးမှာ ရောက်လာတယ်၊ ဘကြီးက မင်းကို ငွေထုပ်ရွှေထုပ်တော့ မပေးနိုင်ဘူး၊ ကုသိုလ်ထုပ်တော့ ပေးမယ်ဆိုပြီး ကျင့်စဉ်တစ်ခု ပေးပါတယ်၊ အဲဒီကျင့်စဉ်က . . .

ဘုရားဂုဏ်တော် တစ်ပါးကို ကိုးရက်အတွင်း ၇၇၇ ပတ် ၈၄ လုံး စိပ်ဖို့နည်းပေးပါတယ်၊ ဂုဏ်တော်တစ်ပါးပြီးရင် နားပြီး အဆင်ပြေတဲ့နေ့ကို နောက်ထပ်တစ်ပါး ကိုးရက်အတွင်း ၇၇၇ ပတ် ၈၄ လုံး စိပ်ရပြန်ပါတယ် ဆရာ"

စာရေးသူမှ . . .

"မင်းအကြိုက် ငါ့အကြိုက် ဖန်ဆိမ့်ရှယ်လေး အေးသွားဦးမယ်၊ သောက်ပြီးတော့ ဆက်ပြောကြတာပေါ့ကွာ" ဟုပြောပြီး ဖန်ဆိမ့်လက်ဖက်ရည်ကို သောက်ရင်းက . . .

"ကဲကဲ မောင်မင်းကြီးသား ဆက်မိန့်ပါဦး" ဟု စာရေးသူမှ စကားကြောင်းကို ပြန်ဆက်စေသည်။

မောင်ခင်ချိုမှ . .

"ဘကြီးရဲ့ အမိန့်အတိုင်း ဘကြီးကို ရိုသေလို့ ထိထိရောက်ရောက် ကျင့်ကြံခဲ့တယ်ဆရာ၊ ဒါပေမယ့် ဆရာ ကျွန်တော်က အရဟံဂုဏ်တော် တစ်ပါးကိုပဲ ကိုးရက်အတွင်း ၇၇၇ ပတ် ၈၄ လုံး စနစ်ကို တစိုက်မတ်မတ် စိပ်ခဲ့တယ်ဆရာ။

ဒီလိုနဲ့ သုံးကြိမ်မြောက်မှာ အိပ်မက်ထဲမှာ ပိတ်ဖြူစင်ကြယ်နဲ့ အဘိုးက 'အရဟံသက်သက် မရွတ်နဲ့၊ သောဘဂဝါက္ကတိပိအရဟံ' ဆိုပြီး ရွတ်ခိုင်းခဲ့တယ်၊ ဂုဏ်တော်အရဟံကို သောဘဂဝါက္ကတိပိအရဟံ ဆိုပြီး ရွတ်ခိုင်းတာ။

ဒီလိုနဲ့ ကိုးကြိမ်မြောက်မှာ အိပ်မက်ထဲမှာ အိန္ဒိယမယ်တော်တွေကြွလာပြီး သီလလုံဖို့ သတိပေးလာတယ်ဆရာ၊ ကျွန်တော်က ကားသမားမဟုတ်လား၊ သတိပေးတယ် ထင်ပါရဲ့"

စာရေးသူမှ . . .

"ဆက်ပြောပါဦး ညီလေး၊ စိတ်ဝင်စားစရာ အဆင့်ကို ရောက်နေပြီ"ဟု ဆိုမိသည်။ မောင်ခင်ချိုမှ . . .

"ကျွန်တော်က ဆရာသိတဲ့အတိုင်း မြန်မာလူမျိုးစစ်စစ် ဗုဒ္ဓဘာသာပါ၊ အိန္ဒိယမယ်တော်တွေ ကြွလာပြီး နောက်တစ်ကြိမ် ကိုးရက်အပြီးမှာ ဆရာတို့ ဂမ္ဘီရစကားနဲ့ဆိုရင် တဝါရ မှာ တရုတ်မယ်တော်ကြီးကို အိပ်မက်မက်ပြန်တယ် ဆရာ၊ အိပ်မက်ထဲမှာ မယ်တော်ကြီးက . . .

'သူတော်ကောင်းနဲ့ ပေါင်းပါ၊ မှီဝဲပါ၊ ဆည်းကပ်ပါ' တဲ့၊ မနက်မှာ ဆရာ့ကိုသတိရတော့တာပဲ၊ ဆရာနဲ့ မဆုံတာ သုံးနှစ်ရှိပြီလေ"

စာရေးသူမှ . . .

"ဟုတ်တာပေါ့၊ ဒါနဲ့ ညီလေးမက်တဲ့ အိပ်မက်ထဲက အိန္ဒိယမယ်တော်တွေက သူရဿတီမယ်တော်နဲ့ စန္ဒီမယ်တော် ဖြစ်နိုင်တယ်၊ နောက်ပြီး တရုတ်မယ်တော်ဆိုလို့ ကွမ်ယင်မယ်တော်လို့ သိထားပါ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဟုတ်ကဲ့ပါ၊ ဒါနဲ့ ဆရာ ဆက်ပြောပါရစေဦး"

"ပြောပါ၊ ပြောပါ"

"ကျွန်တော်က ဆီဘောက်ဆာကားကြီး မောင်းတော့ အန္တရာယ်သိပ်နီးတာပေါ့ ဆရာ၊ ဆရာလဲ ဂျာနယ်ထဲမှာ ဖတ်မိမှာပါ၊ ဆီဘောက်ဆာကား အဖြစ်အပျက်တွေလေ၊ ကျွန်တော့်ကားဆို အသေးအဖွဲလေးကအစ ဖြစ်တတ်တာ"

"ကားမောင်းတုန်း ညီလေးက ဘာတွေရွတ်သေးလဲ"

"ဆရာသင်ပေးတဲ့အတိုင်း သရဏဂုံသုံးပါး ရွတ်တယ်၊ သမ္ဗုဒ္ဓေရွတ်တယ်၊ အများအားဖြင့် ဇလွန်ပြည်တော်ပြန်ဂါထာကို အမြဲရွတ်လေ့ရှိပါတယ်"

"နောက် ထူးခြားတာ ရှိမှာပေါ့"

"ရှိပါပြီကော ဆရာ၊ ကျွန်တော်က သောဘဂဝါက္ကတိပိအရဟံ ဂုဏ်တော် တစ်မျိုးတည်း စိပ်လာတော့ ဆရာရေ ဖြစ်လာမယ့်ကိစ္စ အိပ်မက်ထဲကတစ်ဆင့် ကြိုသိလာရတယ်၊ ကိုယ့်ကား တစ်ခုခုဖြစ်မယ်ဆိုရင်၊ ဆရာရယ် ဘီးပေါက်တော့မယ်ဆိုရင် ရင်ထဲမှာ သိလာသလိုလို ဖြစ်လာတယ် ဆရာ၊

နောက်ပြီး သူဌေးရဲ့ ယုံကြည်ခြင်း ခံရတယ်၊ ငွေရလမ်း အခွင့်အရေးတွေ ပေါ်ပေါက်လာတယ်၊ နောက်ပြီး သန့်ရှင်းတဲ့ ငွေတွေ ဝင်လာတာပေါ့ဆရာ၊ လမ်းမှာ ကားတစ်ခုခုဖြစ်ရင် ညီအစ်ကိုတွေအလား အကူအညီပေးကြတယ်၊ တစ်ခါမဟုတ်ဘူး အကြိမ်ကြိမ်ပဲ ဆရာ။

အခု ဆရာ့ဆီလာတာ ကျွန်တော် ဝယ်ထားတဲ့ကားကို ပြရင်း တောင်ဥက္ကလာမှာ အိမ်ဝယ်ဖို့ နေရာကောင်း၊ မကောင်း ဆရာ့ကို စစ်ဆေးပေးဖို့၊ နိုင်သရွေ့ ငွေကြေးနဲ့ ကန်တော့ဖို့ လာခဲ့တာပါ ဆရာ"

ဟူ၍ ပြောဆိုရင်း လက်ဖက်ရည်ဆိုင်အတွင်းမှာပင် ငွေများကို ကန်တော့ပါလေသည်။ အခုတော့ မောင်ခင်ချိုတစ်ယောက် အရဟံဂုဏ်တော်ကြောင့် ဟန်ကျပန်ကျဘဝ ရောက်နေပြီကိုး။

ချမ်းသာကြပါစေ။

နတ်မျိုးထိဇီ ဆရာအောင်ဇိ

❒



www.burmeseclassic.com

www.burmeseclassic.com

ရွှေမိုးက တစိမ့်စိမ့် ရွာချနေသည်။ မိုးလယ်ရောက်လာသော်လည်း ရွာကောင်းတုန်းပင်။ အနောက်တောင်လေလေး ဝေ့ကာဝိုက်ကာ တိုက်လာသဖြင့် ကျွန်တော့်ပေဒင်ဟောခန်းရှေ့ တူရူရှိ ဘာဒံပင်က ရော်ရွက်ဝါလေးတွေ ငှက်ငယ်ကလေးများပမာ လေဝယ်ဝဲပျံကျလာနေကြသည်။ ရုံဖန်ရုံခါ မိုးစက်လေးတွေ ပေဒင်ဟောခန်းအဝသို့ တိုးဝင်ကျီစယ်နေကြသည်။ ကျွန်တော့်စိတ်တွေ မိုးသက်လေနှင့်အတူ မွေးရပ်ရွာ ယာတောက ပန်းခင်းထဲ ပြေးလွှားနေသည်။ ပန်းချုံနံဘေးမှာ ပုန်းနေတတ်သည့် ငယ်ချစ်ဦးကို လိုက်လံရှာဖွေနေစဉ်. .

မမြတ်ပန်းနုတစ်ယောက် ပေဒင်ဟောခန်းအတွင်းသို့ လှမ်းဝင်လာသည်။ မမြတ်ပန်းနုက အသားဖြူဖြူ လုံးကြီးပေါက်လှ ဝဝကစ်ကစ် မျက်နှာဝိုင်းလေးနှင့် ကြည့်လေလှလေပင်။ ပါးချိုင့်လေးပေါ်အောင် ပြုံးပြီးနှုတ်ဆက်သည်။

"ဆရာ မင်္ဂလာပါ၊ နေကောင်းတယ်နော်"

# ပန်းအလှ ရောင်းကောင်းကြစေရန်



## အောင်ကြည်သန်း (ဟောင်တော်သီ)





"မင်္ဂလာပါ၊ နေကောင်းပါတယ်၊ လာထိုင်သမီး၊ ကဲ ဆရာ ဘာလုပ်ပေးရမလဲ ပြော"

"သမီးဇာတာ ပြန်စစ်ပေးပါဦး၊ ပန်းတွေလဲ ရောင်းမကောင်းဘူး ဆရာ၊ သမီးဆိုင်နဲ့ မလှမ်းမကမ်းမှာ ပန်းဆိုင်နှစ်ဆိုင်တောင် ထပ်တိုးလာဘယ်၊ သမီးဖောက်သည်တွေလာရင် သူတို့က အတင်းခေါ်နေကြတယ်၊

အင်း. . . နောက်ပြီး သမီးချစ်သူကလဲ လေစိမ်းတွေ တိုက်နေတယ်၊ သူ့ဆီ ဖုန်းဆက်ရင်တောင် မကိုင်ဘူး၊ ရှောင်ဖယ်ဖယ်နဲ့၊ မိန်းကလေးတစ်ယောက်နဲ့ အီစီကလီ လုပ်နေတယ်၊ အဲဒါကြောင့် ပန်းတွေ ရောင်းကောင်းလာအောင်ရယ်၊ ချစ်သူနဲ့ပါ အဆင်ပြေလာအောင်ရယ် အဆောင်ကောင်းကောင်းလေး ပေးပါဦး ဆရာ"

"ဒီအတွက်ဆိုရင် စိတ်မပူပါနဲ့တော့ သမီးရာ၊ ဆရာ ပီယပိတုန်းအဆောင်လေး ပေးလိုက်မယ်၊ ပန်းတွေလဲ ရောင်းကောင်းလာမယ်၊ သမီးချစ်သူလဲ အနားမှာ လာလာချွဲနေလွန်းလို့ တွန်းတောင်ထုတ်ရဦးမယ်"

"တွန်းတော့ မထုတ်ပါဘူး ဆရာရယ်၊ အနားမှာပဲ အမြဲနေခိုင်းထားမယ်၊ ဒါကြောင့် ဆရာ့ပဲ အားကိုးနေရတာ"

ဟု ပြောရင်း ရွှန်းလဲ့သည့် သမင်မျက်လုံးလေးနှင့် ပန်းနုရောင်နှုတ်ခမ်းနှစ်လွှာက ပြုံးစစနှင့်ပင်။

မမြတ်ပန်းနု၏ ဇာတာကို စစ်ဆေးဟောပြောပေးပြီးနောက် ပီယပိတုန်းအဆောင်လေး ပေးလိုက်သည်။

www.burmeseclassic.com


"သမီး ဒီအဆောင်က ငွေပြားနဲ့စီရင်ထားတာ၊ ကြွေပန်းကန်ပြားလေးမှာ ထည့်ထားရမယ်၊ ပန်းပွင့်လေးတွေ ငါးပွင့်ပါ ထည့်ထား၊ ဘာပန်းဖြစ်ဖြစ် ထည့်ထားလို့ရတယ်၊ သမီး ပန်းဆိုင်ရဲ့ သန့်ပြန့်တဲ့ တစ်နေရာမှာ ထားထားရမယ်"

"ဟုတ်၊ ဆရာမှာတဲ့အတိုင်း သမီးသေချာလုပ်ပါ့မယ်၊ ကျေးဇူးပဲ ဆရာ၊ ဆိုင်မှာ ညီမတစ်ယောက်တည်း ထားခဲ့လို့ သမီးကို ပြန်ခွင့်ပြုပါဦး" ဟု ငါးခူပြုံးလေးဖြင့် နှုတ်ဆက်ကာ မမြတ်ပန်းနုတစ်ယောက် ပြန်သွားပါတော့သည်။

ပီယပိတုန်းအဆောင်ကို စီရင်ပြီး လူတိုင်း ဆောင်ထားနိုင်ပါသည်။ ဆောင်ထားခြင်းကြောင့် ဘေးအန္တရာယ်ကင်းခြင်း၊ လူချစ်လူခင် ပေါများခြင်း၊ အချစ်ရေး အိမ်ထောင်ရေး အဆင်ပြေခြင်း၊ လာဘ်ရွှင်ခြင်း၊ အရောင်းအဝယ် ကောင်းပြီး စီးပွားဥစ္စာ တိုးတက်စေသည့် အောင်မြင်မှုများကို ဖြစ်စေပါသည်။

ခုနစ်နေ့ သားသမီးများအတွက် ပီယပိတုန်း စီရင်ပုံကိုပါ ဖော်ပြပေးလိုက်ပါသည်။ ငွေပြားပေါ်တွင် ဖော်ပြပါ ပိတုန်းပုံအတိုင်း ရေးဆွဲနိုင်ပါသည်။

ရေးဆွဲပြီးလျှင် 'ဥပီယံ မမံသွားဟ" ဂါထာနှင့် အကြိမ်တစ်ထောင်ပြည့်အောင်ရွတ်ဆိုပြီး သိဒ္ဓိတင်ရပါသည်။ စီရင်ပြီး ငွေပြားကို အပြားလိုက် သို့မဟုတ် လိပ်ပြီး လက်ဖွဲ့ပြုလုပ်ကာ လိုအပ်သလို ဆောင်ထားနိုင်ပါသည်။




ပီယပိတုန်းဆောင်ပြီး လိုရာဆန္ဒ ပြည့်ဝကြပါစေ။

**အောင်ကြည်သန်း(ဖောင်တော်သီ)**


# ဆရာဦးအောင်ကြည်သန်း B.Sc (Bot)

ငွေကြိုသွင်းပြီး ဖုန်းဖြင့် ဗေဒင်မေးနိုင်ပါသည်။ KBZ Bank A/c No - 00730100701491101

## လက္ခဏာ နှင့် နက္ခတ်ဗေဒင်ပညာရှင်

ကောင်းကျိုးလိုသူများအတွက် . . . စီးပွားရေး၊ အိမ်ထောင်ရေး၊ အချစ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ နိုင်ငံခြားခရီးနှင့် အလုပ်အကိုင်တို့အတွက် ဟောပြောအကြံပြုခြင်း၊ ချစ်သူစုံတွဲ လက်ထပ်ရန် ဇာတာတိုက်စစ်ပေးခြင်း၊ လက်ထပ်မင်္ဂလာအခါရွေးပေးခြင်း၊ ကလေးခွဲစိတ်မွေးဖွားရန် ရက်မြတ်ချိန်ခါရွေးပေးခြင်း၊ ကလေးနာမည်ပေးခြင်း၊ လုပ်ငန်းနာမည်ပေးခြင်း၊ အိမ်ခြံမြေသန့် မင်္ဂလာစီရင်ပေးခြင်း၊ အဆောက်အအုံ ပန္နက်တင်မင်္ဂလာ အချိန်ရွေးပေးခြင်း၊ သင့်ဘဝမှာ ရင်ဆိုင်တွေ့ကြုံနေရသော အမှုအခင်းနိုင်ရန်၊ ချစ်သူနှင့် အဆင်ပြေရန်၊ ဇနီး ခင်ပွန်းနှင့် အဆင်ပြေရန်၊ သူတစ်ပါးမကောင်းကြံ၊ ပယောဂ ရန်အတိုက်အခိုက် အစရှိသည့် ပြဿနာတွေ အဆင်ပြေရန် ဓာတ်ရိုက်ဓာတ်ဆင်၊ နဝင်းယတြာ၊ ရတနာဒီပ စီရင်ပေးခြင်း၊ ကျောင်းစာမေးပွဲ၊ အလုပ်စာမေးပွဲများအတွက် အထူးယတြာစီရင်ပေးခြင်း၊ တစ်နှစ်စာဟောစာတမ်း၊ ထီအထူးလမ်းညွှန်ရေးပေးခြင်း၊ ကွန်ပျူတာ ဇာတာဖွဲ့ပေးခြင်း၊ ဂန္ဓာရီဝိဇ္ဇာပညာသင်ပေးခြင်း စသည်တို့ကို လိုအပ်သလို ဆောင်ရွက်ပေးနေပါသည်။

**ဟောခန်း - အမှတ် (၆)၊ မိုးကောင်းဘုရား၊ မြောက်ဘက်မုခ်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။**

**၀၉ ၄၉၂၈၅၀၁၀၊ ၀၉ ၂၅၀၄၄၇၂၁၂**

**ဟောခန်းဖွင့်ချိန် - နေ့စဉ် နံနက် (၉ း ၃၀) မှ ညနေ (၅ း ၄၅) နာရီထိ။**




www.burmeseclassic.com

www.burmeseclassic.com



# ဗောဇ္ဈင်သုံးမျိုးတန်ခိုး

## မောင်မောင်မိုးအောင်

ဗုဒ္ဓဘာသာဝင် မြန်မာများသည် ပရိတ်တရားတော်များကို နေ့စဉ်ရွတ်ဖတ် ပူဇော်နေလေ့ရှိသည်။

အဘယ်ကြောင့် ရွတ်ဖတ် ပူဇော်နေကြပါသနည်း။

ပရိတ်တော်သည် ကျရောက်လာမည့် ဘေးအန္တရာယ်များကို မကျရောက်၊ မကပ်ငြိစေရန် အရံအတားဖြစ်သည်က တစ်ကြောင်း၊ ပရိတ်တော်၏ အနက်အဓိပ္ပာယ်တွင် အမြင့်ဆုံး နိဗ္ဗာန် ရရှိရေးမှသည် အမျိုးသမီးများ မီးဖွားရေးအထိ ပါဝင်နေ၍ လူထုနှင့် အနီးစပ်ဆုံးတရားဖြစ်သည်က တစ်ကြောင်း၊ ကာမာဝစရ ကုသိုလ်ရစေခြင်း စသည့် အကြောင်းအမျိုးမျိုးကြောင့် ရွတ်ဖတ် ပူဇော်နေကြခြင်း ဖြစ်သည်။

ထိုပရိတ်ကြီး (၁၁)သုတ်အနက် နာမကျန်းဖြစ်၍ အနာရောဂါစွဲကပ်လျှင် ဗောဇ္ဈင်္ဂသုတ်တော်ကို ရွတ်ဖတ်ကြသည်။

ဂေါတမ မြတ်စွာဘုရားရှင် သက်တော်ထင်ရှား ရှိစဉ်အခါက မမာမကျန်း ဖြစ်တော်မူသော အရှင်မဟာကဿပ၊ အရှင်မောဂ္ဂလာန်မထေရ်မြတ်တို့အား ဘုရားရှင်ကိုယ်တော်တိုင် ဗောဇ္ဈင်္ဂသုတ်တော်ကို ရွတ်ဖတ်နာကြားစေ၍ အနာရောဂါ ကင်းငြိမ်းကုန်စေ၏။

ဘုရားရှင် ကိုယ်တော်တိုင်လည်း မကျန်းမာတော်မူစဉ်အခါတွင် ရှင်စုန္ဒအား ရွတ်ဖတ်စေကာ နာကြားတော်မူသဖြင့် ကိုယ်တော်တိုင် ကျန်းမာတော်မူခဲ့၏။

စွဲကပ်သော အနာရောဂါတို့မှ ကင်းငြိမ်းစေနိုင်သော ဘုရားရှင်ဆေးတော်၊ မန္တန်တော်မြတ်ကြီးဟု ရှေးမထေရ်[...] ခံယူခဲ့ကြသည်။ သတိ စသော ဗောဇ္ဈင်တရားများပါ[...] ဗောဇ္ဈင်သုတ်ဟု တွင်သည်။

ထိုဗောဇ္ဈင်္ဂသုတ်တော်မှာ "သံသာရေ သံသရန္တာ[...] အစချီသုတ်တော်ဖြစ်ကြောင်း ဗုဒ္ဓဝင်တိုင်းလိုလို သိကြ[...]

ဗောဇ္ဈင်္ဂသုတ်တော်သည် ပရိတ်ကြီး (၁၁) သု[...] (၁၀) ပုဒ်မြောက် သုတ်တော်ဖြစ်သည်။ အပိုဒ်အားဖြင့် (၁[...]



www.burmeseclassic.com

www.burmeseclassic.com

ဝိဒ်ရှိပြီး ရွတ်ဆိုရလွယ်ကူသော သုတ်တော်ဖြစ်သည်။ ထိုဗောဇ္ဈင်္ဂသုတ်တော်ကိုသာ လူအများသိကြသည်။

ထို့ကြောင့် လူသိနည်းလှသည့် ဗောဇ္ဈင်သုံးမျိုးလည်း ရှိသေးကြောင်း တင်ပြလိုပါသည်။

ထိုဗောဇ္ဈင်သုံးမျိုးမှာ. . .

(၁) ဗုဒ္ဓဗောဇ္ဈင်

(၂) မောဂ္ဂလာနဗောဇ္ဈင်

(၃) ကဿပဗောဇ္ဈင် တို့ဖြစ်သည်။

အထက် ဖော်ပြပါ ဗောဇ္ဈင်သုံးမျိုးမှာ လွန်မင်းစွာ တန်ခိုးကြီးသော ဗောဇ္ဈင်သုတ်များဖြစ်ပါသည်။

သုံးမျိုးစလုံး အလွတ်ရအောင် ကျက်မှတ်၍ နေ့စဉ် ရွတ်ဖတ်ပူဇော်ပါက ဘေးဥပဒ်အန္တရာယ်တို့ ကင်းခြင်း၊ ရောဂါဥပဒ်ကင်းခြင်း၊ စည်းစိမ်ဥစ္စာတိုးတက်ခြင်း၊ ကုန်သည်များ ရောင်းပန်း ဝယ်ပန်း ပွင့်လန်းခြင်း၊ အမှုထမ်းများမှာ ဘုန်းတန်ခိုးကြီး၍ မိမိတို့တောင့်တတိုင်း ပြည့်စုံခြင်း စသော ကောင်းကျိုးတို့ကို မုချပေးစွမ်းနိုင်မည်ဖြစ်ပါသဖြင့် ကြိုးစား၍ ရွတ်ဖတ်ပွားများကြရန် ဆင့်လှပေသည်။

ရှင်းပြင် ဆေးဝါးကုသနေကြသော ဆရာဝန်များ၊ မြန်မာတိုင်းရင်းသမားတော်များစသော ဆေးဘက်ဆိုင်ရာ ပညာရှိတို့သည်လည်း ဤဗောဇ္ဈင်သုံးမျိုးကို နေ့စဉ် နံနက်တစ်ကြိမ်၊ ညဉ့်တစ်ကြိမ် ရွတ်ဖတ်ပါက မိမိတို့ ကုသကြရသော ရောဂါသည်များမှာ ဖြစ်ပွားဆဲဖြစ်သော ရောဂါများမှ လျင်မြန်စွာ ပျောက်ကင်းချမ်းသာနိုင်ပါကြောင်း၊ ထို့ကြောင့် အလိုရှိကြသော ပုဂ္ဂိုလ်တို့သည် ရွတ်ပွားတော်မူကြရန် ရည်မှန်း၍ ရေးသားတင်ပြရပါသည်။

## (၁) ဗုဒ္ဓဗောဇ္ဈင်

သတ္တိမေ ဘန္တေဗောဇ္ဈင်္ဂါ ဘဂဝတာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ကတမေသတ္တ -

၁။ သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၄။ ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၅။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၆။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၇။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ဘန္တေ ဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ဣမေ ခေါ ဘန္တေ သတ္တဗောဇ္ဈင်္ဂါဘဂဝတာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

## (၂) မောဂ္ဂလာနဗောဇ္ဈင်

သတ္တိမေ မောဂ္ဂလာန ဗောဇ္ဈင်္ဂါယာ သမ္မဒက္ခာတော ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၁။ သတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၂။ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၃။ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၄။ ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၅။ ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၆။ သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

၇။ ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ မောဂ္ဂလာန မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ဣမေ ခေါ မောဂ္ဂလာန သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။



www.burmeseclassic.com

www.burmeseclassic.com

(၃) ကဿပဗောဇ္ဈင်

သတ္တိမေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၁) သတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၂) ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၃) ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၄) ပီတိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၅) ပဿဒ္ဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၆) သမာဓိ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

(၇) ဥပေက္ခာ သမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

ဣမေခေါ ကဿပ သတ္တဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတော ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။

မောင်မောင်မိုးအောင်

❒


## ကျောင်းသူ ကျောင်းသားများနှင့် မိဘများသိစေရန်

✽ ၂၀၁၄-၂၀၁၅ ယခုပညာသင်နှစ်မှာ နှစ်ချင်းပေါက် စာမေးပွဲအောင်မြင်ဖို့ ✽ အမှတ်များများရရှိဖို့ ✽ ဂုဏ်ထူးများများရရှိဖို့ ဘာသာစုံ ဂုဏ်ထူးထွက်ဖို့ ✽ အဆင့်(၁)မှ(၁၀)အတွင်းဝင်စေဖို့ ✽ နှစ်ကျများလည်း ယခုနှစ်မှာ အခက်အခဲမရှိ လွယ်ကူစွာ ဖြေဆိုအောင်မြင်ဖို့ ... ကျောင်းဖွင့်စကတည်းက ကြိုတင်လာထားမှသာ ပိုမိုစိတ်ချရပါမယ်။ စာမေးပွဲကြီးဖြေချိန် နီးကပ်မှ လာရင်တော့ ဆန္ဒပြည့်ဝဖို့ စိတ်မချရတော့ပါဘူး။ ထူးချွန်ဖို့ဆိုတာ တစ်နှစ်လုံးလုံး ကြိုးစားဖို့လိုလို့ပါ။ ဂမ္ဘီရပညာ ယတြာအစီအရင်ဆိုတာလည်း တစ်နှစ်လုံး ကြာကြာစွဲလုပ်လေ ပိုကောင်းလေပါပဲ။

(ဂမ္ဘီရပညာ ယတြာအစီအရင် နည်းလမ်းကောင်းနဲ့ ပံ့ပိုးကူညီမှု လိုအပ်လျှင် ယခုပင် လာခဲ့ပါ။)

**ဆရာကြီးဦးအောင်မြိုင်( ဥပဒေဘွဲ့ )**

**လက္ခဏာဗေဒင်ပညာသုတေသီ**

ယုံကြည်အားကိုးမှုသာ လာခဲ့ပါ

အမှတ်-၈၄၃၊ ဦးဝိစာရလမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။

၀၁-၅၈၆၇၀၄၊ ၀၉-၅၀၆၂၈၄၃၊ ၀၉-၅၁၇၇၆၂၂၊ ၀၉-၃၀၁၇၈၀၇၅ နံနက် ၉နာရီမှ ညနေ ၄နာရီအထိ



www.burmeseclassic.com

www.burmeseclassic.com

# လူနှင့်ယတြာအဆောင် ရွှေဖြူ

အောင်ဘုန်းမြင့်(ကချင်မြေ)





"PLATINUM" ပလက်တီနမ် ဟူသောအမည်နှင့် ကျော်ကြားလူကြိုက်များနေသော သတ္တုများကို တောင်အမေရိကတိုက် ကိုလံဘီယာနိုင်ငံထဲမှ စပိန်လူမျိုးတို့က အေဒီ ၁၈ ရာစု အစပိုင်းထဲ၌ စတင်တွေ့ရှိခဲ့သော အဖိုးတန်သတ္တုဖြစ်လေ၏။

ပလက်တီနမ် သတ္တုများ၏ အရောင်အဆင်းများမှာ ငွေသတ္တုကဲ့သို့ ဖြူဖွေးလက်ပြောင်နေသောအဖြူရောင်အဆင်းမျိုးဖြစ်ပြီး ရွှေကဲ့သို့ လက်ဝတ်လက်စားများ ပြုလုပ်ဝတ်ဆင်ရလျှင် လွန်စွာပန်းတင့်သော သတ္တုဖြစ်သည်။

အနောက်တိုင်း၏ အဖိုးတန်လောကီရတနာများထဲတွင် ရွှေထက် အလေးပေးခံရသော သတ္တု ဖြစ်လေသည်။

ပလက်တီနမ် သတ္တုများသည် ကမ္ဘာပေါ်တွင် အလေးဆုံးနှင့် တန်ဖိုးအကြီးမားဆုံး သတ္တုများထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အခြားအလေးလံဆုံးသတ္တုများမှာ အောစ်မီယမ်နှင့် အီရီသီယမ်သတ္တုများ ဖြစ်လေသည်။

ရှေးသိပ္ပံပညာ မထွန်းကားမီက ပလက်တီနမ်သတ္တုများကို စတင်တွေ့ရှိခဲ့ကြသော စပိန်လူမျိုးတို့က ငွေရောင်လက်နှင့် ခပ်ဆင်ဆင်တူသော သတ္တုဖြစ်သောကြောင့် ငွေတစ်မျိုးဟု ယူဆကြပြီး (PLATINA) ပလက်တီနာ ဟူ၍ အမည်ပေးခဲ့ကြခြင်း ဖြစ်သည်။

စပိန်ဘာသာစကားအရ ပလက်တီနာ ဟူသော ဝေါဟာရစကားသည် ငွေ ဟူသော အဓိပ္ပာယ်ကို ရလေ၏။ ထိုအချိန်မှစ၍ စပိန်လူမျိုးတို့ မှည့်ခေါ်အမည်ပေးသည့်အတိုင်း ပလက်တီနမ် ဟူ၍ အမည်တွင်လာခဲ့ခြင်း ဖြစ်သည်။

ပလက်တီနမ် သတ္တုများ၏ အရောင်အဆင်းများသည် ငွေနှင့် ရွှေမရအောင် တူလွန်းနေသောကြောင့် ရွှေဖြူဟူ၍ တင်စားခေါ်ဆိုကြလေ၏။ ကမ္ဘာပေါ်တွင် ရှိသမျှသတ္တုများ၌ နန်းဆွဲအပြားခတ် စပ်ရအလွယ်ဆုံးသတ္တုသည် ရွှေဖြစ်၏။ ဒုတိယ နန်းဆွဲအပြားခတ် စပ်ရအလွယ်ဆုံးမှာ ငွေသတ္တုဖြစ်ပြီး တတိယသည် ပလက်တီနမ် ဖြစ်သည်။

ပလက်တီနမ် သတ္တုသည် ခဲသတ္တုထက် နှစ်ဆနီးပါးလေး၍ ရေထက် ၂၁.၅ ဆ လေးသည်။ အပူချိန် ဒီဂရီ ၁၇၇၃ စင်တီဂရိတ်တွင် အရည်ပျော်နိုင်၏။ ပလက်တီနမ်တစ်စကို နန်းဆွဲကြည့်သည့်အခါ အချင်းတစ်လက်မ၏ အပုံ ၁၂၀၀၀၀ ပုံ တစ်ပုံထိ ရရှိနိုင်သဖြင့် လွန်စွာပျော့ပျောင်းပြီး ဂုဏ်မပြောင်းနိုင်သောသတ္တု ဖြစ်သည်။

ပလက်တီနမ် သတ္တုများသည် ရိုးရိုးအက်စစ်များ၏ တိုက်စားမှုကို ခံနိုင်ရည်ရှိခြင်း၊ အပူဒဏ် အအေးဒဏ်များကို မြင့်မားစွာခံနိုင်ခြင်း၊ လျှပ်စစ်ဓာတ်အား စီးဆင်းမှု လွယ်ကူစေခြင်း၊ သတ္တုအမျိုးမျိုးတွင် သုံးစွဲရလွယ်ကူစေပြီး ခံနိုင်ရည်ဂုဏ်သတ္တိ ရှိခြင်းများကြောင့် စက်မှုလုပ်ငန်းကြီးများ၊ ဓာတုဗေဒဆိုင်ရာလုပ်ငန်းများ၊ သတ္တုနှင့်ပတ်သက်သော လုပ်ငန်းကြီးများနှင့် လျှပ်စစ်ဘက်ဆိုင်ရာ ပစ္စည်းများတွင် အထူးအသုံးပြုကြသည်။

ကမ္ဘာ့ ပလက်တီနမ်သတ္တု သုံးစွဲမှု၏ ခန့်မှန်းခြေတွင် လက်ဝတ်ရတနာပစ္စည်း အမျိုးမျိုးပြုလုပ်ရာ၌ ၃၅ ရာခိုင်နှုန်း၊ သွားဘက်ဆိုင်ရာ ပစ္စည်းများအတွက် ၅ ရာခိုင်နှုန်း၊ ဓာတုပစ္စည်းအမျိုးမျိုး ထုတ်လုပ်အသုံးပြုရာတွင် ၁၀ ရာခိုင်နှုန်း၊ အခြားအထွေထွေ စက်မှုလုပ်ငန်းဆိုင်ရာ အသုံးပြုမှုများအတွက် ၅ ရာခိုင်နှုန်း အသီးသီး အသုံးပြုလျက်ရှိကြသည်။

## ပလက်တီနမ်၏ ဂုဏ်သတ္တိ

ပလက်တီနမ်သည် အပူအအေးများကို ခံနိုင်သော ဂုဏ်သတ္တိကျောက် ဓာတုဗေဒဆိုင်ရာလုပ်ငန်းများနှင့် ဓာတ်ခွဲခန်းများ၌ အဓိကထား အသုံးပြုကြ၏။ အထူးသဖြင့် ဓာတ်ခွဲခန်းဆိုင်ရာ အသုံးပြုပစ္စည်းကိရိယာများကို ပလက်တီနမ်သတ္တုနှင့် ပြုလုပ်ကြရ၏။ ဓာတ်လိုင်းကြိုးခွေများ၊ ငရဲမီးထည့်သည့် တန်ဘလာ အသုံးအဆောင် ပစ္စည်းများ

www.burmeseclassic.com

www.burmeseclassic.com

အသုံးခံသတ္တုပြားများ၊ ကြာရှည်ခံသတ္တုပြားများ စသည့် ပစ္စည်းကိရိယာများဖြစ်သည်။

ထို့ပြင် ကန့်၊ ငရဲမီး၊ နိုက်ထရစ်အက်စစ်များကို ထုတ်လုပ်ရာတွင်လည်း ဓာတ်ကူပစ္စည်းအဖြစ် အသုံးပြုကြ၏။ ပလက်တီနမ်သတ္တုများသည် အပူဒဏ် အအေးဒဏ်များကြောင့် ပုံစံပြောင်းလဲခြင်း၊ ဆန့်ထွက်ခြင်း၊ ကျုံ့ဝင်သွားခြင်း မရှိသော ဂုဏ်သတ္တိကြောင့် အလွန်အသေးစိတ်၍ နုနယ်သော အတိုင်းကိရိယာများ ပြုလုပ်ရာတွင် အသုံးပြုရ၏။

ပလက်တီနမ်သည် အီရီယမ်သတ္တုနှင့် သတ္တုစပ် ပြုလုပ်သည့်အခါ အလွန်မာကျောလာပြီး အကြမ်းခံနိုင်ကာ တိုက်စားပွန်းပဲ့မှုဒဏ်ကို ခံနိုင်သော ဂုဏ်သတ္တိကြောင့် လေယာဉ်ပစ္စည်း အစိတ်အပိုင်းများနှင့် အကြမ်းပတမ်းခံပစ္စည်းများအဖြစ် အသုံးပြုကြ၏။ ငွေသတ္တုကဲ့သို့ လျှပ်စစ်ဓာတ်စီးဆင်းဖြတ်သန်းမှု လွယ်ကူစေသော ဂုဏ်သတ္တိများကြောင့် လျှပ်စစ်လုပ်ငန်းများ၊ လျှပ်စစ်ပစ္စည်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများနှင့် တယ်လီဖုန်းများတွင် အသုံးပြုရသော ပစ္စည်းကိရိယာများကို ပလက်တီနမ်သတ္တုဖြင့် ပြုလုပ်ကြရသည်။

ယခုအခါ လျှပ်စစ်ပစ္စည်းလုပ်ငန်းများထဲတွင် ပလက်တီနမ်သတ္တုများအစား ပလေဒီယမ်သတ္တုများကို အစားထိုး အသုံးပြုလာကြ၏။ အကြောင်းမှာ ပလေဒီယမ်သတ္တုများသည် ပလက်တီနမ် သတ္တုများထက် အဆပေါင်းများစွာ ဈေးသက်သာ ပေါများပြီး အသုံးဝင်သော ဂုဏ်သတ္တိတို့၌ ကွာခြားမှု မရှိသလောက် တူညီနေသောကြောင့် ဖြစ်သည်ဟု ဆိုသည်။

ပလက်တီနမ်သတ္တုများကို လျှပ်စစ်ပစ္စည်းဘက်၌ အသုံးနည်းလာသော်လည်း လက်ဝတ်လက်စား လက်ဝတ်ရတနာဘက်တွင် တစ်နေ့တခြား အသုံးတွင်ကျယ်လျက် ရှိပါသည်။ ပလက်တီနမ်သတ္တုသည် သာမန်အက်ဆစ်ဓာတ်ကို ခံနိုင်ရည်ရှိပြီး ပလေဒီယမ်သတ္တုနှင့် စပ်လိုက်သောအခါ သွားများကဲ့သို့ မာကျောခိုင်မာမှု ဖြစ်စေသောကြောင့် သွားဘက်ဆိုင်ရာ ပစ္စည်းများတွင်အသုံးပြုကြရ၏။

ထို့ပြင် အနုစိတ်ပစ္စည်းများ၊ အပ်များ၊ ကလောင်သွားများ၊ ဆေးထိုးအပ်များ၊ ဆုတံဆိပ်ပြားများ၊ နာရီအိမ်နှင့် နာရီကြိုးများ၊ မီးဆလိုက်များ၊ ကြာရှည်ခံ စက်မှုအသေးသုံး ပစ္စည်းများတွင် အသုံးပြုကြသည်။

**ပလက်တီနမ် ဝတ်ဆင်ခြင်း**

ရွှေဖြူဟု တင်စားခေါ်ဆိုထားသောပလက်တီနမ်သတ္တုများကို ရတနာလက်ဝတ်လက်စား ပစ္စည်းများအဖြစ်လည်းကောင်း၊ အလှဖန်စီပစ္စည်းများအဖြစ်လည်းကောင်း၊ လှရာရာ ဒီဇိုင်းသစ်ဒီဇိုင်းဆန်းများအဖြစ်လည်းကောင်း၊ ကျန်းမာရေး ဓာတ်ခံပစ္စည်းအဖြစ်လည်းကောင်း၊ အဆောင်လက်ဖွဲ့ပစ္စည်းအဖြစ်လည်းကောင်း အမျိုးမျိုးအဖုံဖုံ ဆန်းသစ်တီထွင်၍ ဝတ်ဆင် အသုံးပြုကြလေသည်။

ကမ္ဘာပေါ်တွင် ရတနာအဖြစ် ဝတ်ဆင်အသုံးပြုရသော သတ္တုများထဲတွင် ပလက်တီနမ်သတ္တုသည် ရွှေထက်ဈေးမြင့်မား၍ ရွှေထည်ပစ္စည်းပြီးလျှင် ဒုတိယအများဆုံး ဝတ်ဆင်ကြရသော သတ္တုပစ္စည်းဖြစ်ပါသည်။ ထို့ပြင် ပလက်တီနမ်သတ္တုများကို အမှတ်တရပစ္စည်း၊ အထိမ်းအမှတ်တံဆိပ်ပြား၊ ဆုတံဆိပ်များအဖြစ်လည်း အသုံးပြုတတ်ကြလေ၏။ ငွေကြေး ကြွယ်ဝချမ်းသာသူများသည် ပလက်တီနမ် အသုံးအဆောင်ပစ္စည်းများကို ဂုဏ်ယူအသုံးပြုတတ်ကြသည်။

ပလက်တီနမ် သတ္တုများသည် ရွှေသတ္တုနှင့် ငွေသတ္တုထက် LUSTRE ခေါ် ရောင်လက်အား ပိုမိုလင်းလက်တောက်ပသဖြင့် လက်ဝတ်ရတနာထည်အဖြစ် ပြုလုပ်ဝတ်ဆင်ကြလျှင် အဝတ်အစား အရောင်အမျိုးမျိုးနှင့် လိုက်ဖက်ညီညွတ်ပြီး ပန်းသင့်စေ၏။ ပွင့်အားလင်းအား ကောင်းသောကြောင့် ဝတ်ဆင်သူများကို အလှဂုဏ်တင့်စေနိုင်ပါသည်။

ရွှေထက်အရောင်ကြွားပြီး ငွေထက်အရောင်တက်သော ပလက်တီနမ်ကို ဝတ်ဆင်ထားသူတိုင်း၌ ကိုယ်ရောင်ကိုယ်ဝါ အလှကိုကြွယ်စေပြီး ဣန္ဒြေကျက်သရေကို ဂုဏ်ထည်တိုးတက်စေ၏။

သို့ဖြစ်၍ ကမ္ဘာ့ရတနာလောကတွင် ရွှေထည်ပစ္စည်းဝတ်ဆင်ကြသူများထက် ပလက်တီနမ် လက်ဝတ်အထည်ပစ္စည်းများကို နှစ်သက်ဝတ်ဆင်ကြသူများ တစ်နေ့ထက် တစ်နေ့ လွန်စွာတိုးပွားများပြားလာသဖြင့် ဈေးကွက်များတွင် တစ်နေ့တခြား အရောင်းအဝယ် သွက်လက်လျက် ရှိသည်။

၂၀ ရာစုအထိ ချမ်းသာသော အမေရိကန်ပြည်ထောင်စုနှင့် အနောက်ဥရောပနိုင်ငံများတွင်သာ ဈေးကွက်ဝင်ခေတ်စားဝတ်ဆင်ခဲ့ကြသော ပလက်တီနမ်သတ္တုများကို ၂၁ ရာစုနောက်ပိုင်း၌ ကမ္ဘာ့လူဦးရေအများဆုံး တရုတ်နိုင်ငံအပါအဝင် တိုးတက်ချမ်းသာလာသော အာရှတိုက်သားများ၏ အကြိုက်ဖြစ်လာသဖြင့် အာရှတိုက်သည် ကမ္ဘာ့အကြီးဆုံး ပလက်တီနမ် လက်ဝတ်ရတနာ ဈေးကွက်ကြီး ဖြစ်လာနိုင်သည်။

ဗိုလ်ချုပ်ဈေးသည် မြန်မာနိုင်ငံ၏ ပလက်တီနမ် ဘူမိနက်သန် ဈေးကွက်ဖြစ်၏။ မြန်မာ့ခေတ်မီလူငယ်လောကတွင် ပလက်တီနမ် အထည်များကို မြတ်နိုးဝတ်ဆင်သူ လူငယ်များ အစဉ်တိုးပွားလျက်ရှိနေ၏။ ပလက်တီနမ်သတ္တုသည် ရွှေနှင့် ငွေသတ္တုကဲ့သို့ အနာဂတ်အတွက် စိတ်ချရသော သတ္တုလည်း ဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

**ထွက်ရှိသောနိုင်ငံများ**

ရွှေထက် တန်ဖိုးကြီးသော ပလက်တီနမ်သတ္တုများကို အာခင်းနှစ်သတ္တုရိုင်းများနှင့်အတူ စပယ်ရီလိုက်ကျောက်ရိုင်းအနေနှင့် တူးဖော်တွေ့ရှိနိုင်၏။

ပလက်တီနမ်သတ္တု ထွက်သောနိုင်ငံများမှာ အမေရိကန်ပြည်ထောင်စု၊ ကနေဒါနိုင်ငံ၊ တောင်အာဖရိကတိုက်၊ မြောက်အာဖရိကတိုက်ရှိ အီသီယိုးပီးယားနိုင်ငံ၊ ကိုလံဘီယာနိုင်ငံနှင့် ရုရှားနိုင်ငံ ယူရယ်တောင်တန်း အနီးအပြားဒေသများ ဖြစ်လေသည်။

ကမ္ဘာပေါ်တွင် လူတို့က လက်ဝတ်ရတနာအဖြစ် အသုံးပြုနေကြသော အဖိုးတန်သတ္တု သုံးမျိုးရှိသည့်အနက် ရွှေနှင့်ငွေသတ္တုကို မြန်မာနိုင်ငံတွင် တူးဖော်ရရှိနိုင်သော်လည်း ပလက်တီနမ်သတ္တုကို စီးပွားဖြစ် တူးဖော်ထုတ်လုပ်နိုင်ခြင်း မရှိသေးပါ။ သို့ဖြစ်၍ မြန်မာလူထုနှင့် အနည်းငယ် အနေစိမ်းနေသေးသော သတ္တုမျိုးဖြစ်သည်။

**ပလက်တီနမ်နှင့်ကျန်းမာရေး**

အရာဝတ္ထုမှန်သမျှသည် လူ့ကိုယ်ခန္ဓာနှင့်ထိတွေ့ရလျှင် အကောင်းအတွက် (သို့) အပျက်အတွက် ဓာတ်ပြုစေနိုင်၏။ ဥပမာ ကျောက်မျက်ရတနာများကို ဝတ်ဆင်ကြခြင်းဖြင့် ကံစန်းတက်စေကာ အထူးထူးသော ကောင်းကျိုးများကို ဖြစ်စေနိုင်သလို သတ္တုများကို လူတို့ ဝတ်ဆင်ထားကြခြင်းဖြင့် ဓာတ်သတ္တုများ၏ ဓာတ်ပြုမှုများကြောင့် ကိုယ်တွင်းကိုယ်ပရှိ ဓာတ်သဘာဝများကို မှန်စေပြီး ကျန်းမာရေး ကောင်းစေနိုင်သည်။

ဥပမာ - ရွှေသတ္တုကို ဝတ်ဆင်ကြခြင်းဖြင့် ခန္ဓာကိုယ် အတွင်းရှိ မကောင်းသော သွေးသားများကို သန့်စင်စေသဖြင့် လွန်စွာကျန်းမာသန်စွမ်းစေနိုင်သည်။ ငွေသတ္တုကို ဝတ်ဆင်ထားလျှင်ရောဂါဘယကင်းဝေးစေ၍ အရွယ်တင် နုပျိုစေနိုင်သည်။ ကြေးသတ္တုကို ဝတ်ဆင်ထားပါက စုန်း၊ အောက်လမ်းပြုစားခြင်းတို့မှ လွတ်ငြိမ်းစေနိုင်ပြီး ပလက်တီနမ်သတ္တုကို ကျန်းမာရေးအတွက် ရည်စူးဝတ်ဆင်ထားမည်ဆိုပါက ကိုယ်ခန္ဓာအတွင်းပိုင်း၌ စွဲကပ်နေသော နာတာရှည် ရောဂါများကို လျော့နည်း သက်သာစေနိုင်ပြီး သွေးသား သွားလာလည်ပတ်မှု ကောင်းစေကာ ဓာတ်လေးပါးကို မှန်စေနိုင်သည်။

သို့ဖြစ်၍ ကျန်းမာရေးအားနည်းသူများသည် ပလက်တီနမ်ကို ဝတ်ဆင်ထားခြင်းဖြင့် နာလန်ထူ ကျန်းမာလာစေနိုင်ပါသည်။

ပန်းလို စမ်းလို လမင်းလို သာယာ ချမ်းမြေ့ကြပါစေ။

အောင်ဘုန်းမြင့်(တချင်မြေ)

❐


**ဝန်ထမ်းအားလုံး စိတ်ချမ်းသာစေရမည်**

❁ လက်ရှိအလုပ်အကိုင် နေရာ၊ မြို့တို့မှ မပြောင်းရွှေ့ရဘဲ ဆက်လက်ခိုင်မြဲစွာ လုပ်ကိုင်ရစေဖို့ ❁ ပိုကောင်းသော အလုပ်အကိုင်၊ နေရာ၊ မြို့သို့ အမြန်ဆုံးပြောင်းရွှေ့ရဖို့ ❁ အဆင့်၊ ရာထူး အမြန်ဆုံး တိုးတက်ဖို့ ❁ လုပ်ငန်းခွင်မှာ ကြုံတွေ့နေရတဲ့ အတိုက်အခံ၊ အနှောင့်အယှက်၊ အခက်အခဲ၊ အကျပ်အတည်းများ အမြန်ဆုံး အဆင်ပြေ ကင်းရှင်းသွားစေဖို့ ❁ အတိုင်အတော၊ အစွပ်အစွဲ၊ အစစ်အဆေး၊ အမှုအခင်း ပြဿနာများ ဂုဏ်သိက္ခာမထိခိုက်စေဘဲ အမြန်ဆုံး ပြေအေးရုပ်သိမ်း ပြီးပြတ်သွားစေဖို့ (ဂမ္ဘီရပညာ ယတြာအစီအရင်နည်းလမ်းကောင်းများ ရှိပါတယ်။)

**ဆရာဦးပိုင်ဇအောင် ( ဝိဇ္ဇာဘွဲ့ )**

ဗိတ်ရတ် မရှိပါ။

**လက္ခဏာဗေဒင်ယတြာအစီအရင်**

အခန်း (B-1)၊ မြေညီထပ်၊ တိုက် (၄၀)၊ မဟာမြိုင်အိမ်ရာထိပ် (မဟာရန်ကုန်ဆိုင်အနီး)၊ ဦးဝိစာရလမ်း (၄၁) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်။ ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၇၉၁၊ ၀၉-၂၅၀၇၇၃၆၃

www.burmeseclassic.com



နက္ခတ္တဗေဒ ၊ သင်္ချာဗေဒ ၊ ဝါစတုဿုတ္တရ ၊ တရုတ်ဗေဒ ၊ တိုင်းရင်းဆေးပညာရှင်

# ဆရာဦးခန့်ကျော်

(၁၁၁ - ၇၉၇၇)

## ပါရဂူမြောက်လက္ခဏာဖတ်ကြားခြင်း အတတ်ပညာကျမ်းပြုသူ

ဟောခန်း(ရုံးခန်း)နှင့် ဖြန့်ချိရေးလိပ်စာ — ၂၇၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း၊ (၉)ရပ်ကွက်၊ ရေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၉-၅၁၉၈၂၄၀

နေအိမ် — ၇၂(၇-က)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း

"သင့်ဘဝ၏ အနာဂတ်ကံကြမ္မာ အကောင်းအဆိုး အကြောင်းအကျိုးတို့အတွက် ကြိုတင်သိရှိထားနိုင်ရန် လာရောက်တွေ့ဆုံ ဆွေးနွေးမေးမြန်း တိုင်ပင်လိုပါက နေ့စဉ် နံနက် (၉ း ၀၀)နာရီမှ ညနေ (၄ း ၀၀)နာရီ အထိ အတိုင်ပင်ခံ ဟောပြောစီမံဆောင်ရွက်ပေးလျက် ရှိသည်။"



ဦးခန့်ကျော် စာပေ (၇၉၂) မှ ဝယ်ယူရရှိနိုင်သော စာအုပ်များ

www.burmeseclassic.com

www.burmeseclassic.com




# N

## Nails
### လက်သည်းများ

သိပ္ပံပညာရှင်များ အနေဖြင့် လက်သည်းများသည် လူ့ခန္ဓာကိုယ်အတွင်းမှ ထွက်လာသော လျှပ်စစ်အရည်များ (Electric Fluids) ဖြစ်ပြီး ပြင်ပလေနှင့် ထိတွေ့သောအခါ ခဲကျောသွားခြင်း ဖြစ်သည်ဟု ယူဆကြ၏။

**မာတီနီ (-Martini)**

## Nails, Good
### ကောင်းမွန်သည့် လက်သည်းများ

အရည်အချင်းကောင်းသည့် လက်သည်းများမှာ ချော မွတ်၏။ ဖြူနေ၏။ ပန်းသွေးရောင် အနည်းငယ်ထနေ၏။ ကျွတ်ဆတ်ခြင်း၊ ပါးလွန်းခြင်း၊ ရှည်လွန်းခြင်းနှင့် မထူလွန်းခြင်း စသည်တို့ ရှိကြ၏။

၎င်းလက်သည်းရှင်များသည် စိတ်ထားကောင်းပြီး ယဉ်ကျေးဖွယ်ရာ ဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com

## Nails, Indications from
## လက်သည်းများမှ တောက္ခက်များ

လက်သည်းများကို မှန်ဘီလူးနှင့်ကြည့်၍ စစ်ဆေးလျှင် ဆံခြည်ပင်များကဲ့သို့သော ဖိုင်ဘာများဖြင့် ဖွဲ့စည်းထား၏။ တိရစ္ဆာန်ဦးချိုတို့၏ ဖွဲ့စည်းပုံအတိုင်းဖြစ်ပြီး ၎င်းတို့၏ အောက်တွင် အာရုံကြောအမျှင်များ၏ စုဝေးမှုကို အကာအကွယ်ပြုထား၏။

(၁) လက်သည်းများ တိုတောင်းနေလျှင် ⇨
ဝေဖန်တတ်ခြင်း၊ မေးမြန်းစပ်စုတတ်ခြင်းရှိမည်။

(၂) လက်သည်းများတိုတောင်း၍ မာကျောနေလျှင် ⇨
ရန်လိုစိတ် ရှိတတ်မည်။

(၃) လက်သည်းများတို၍ လက်ဝါးပြင် ပျော့ပျောင်းနူးညံ့နေလျှင် ⇨
မွေးရာပါ ပိုင်းခြားဝေဖန်တတ်မည်။

(၄) တို၍ဖျော့တော့နေလျှင် ⇨
လှည့်ဖြားတတ်သည့်စိတ် ရှိမည်။

(၅) တို၍နီမြန်းနေလျှင် ⇨
စိတ်ခက်ထန်မည်။

(၆) တို၍လေးထောင့်ဖြစ်ကာ ပြာနှမ်းနေလျှင် ⇨
ရောဂါ ဖြစ်တတ်မည်။

(၇) တို၍တြိဂံပုံသဏ္ဌာန်ရှိနေလျှင် ⇨
လေဖြတ်တတ်မည်။

(၈) တို၍ ကွေးကောက်ကာ ကျဉ်းမြောင်းနေလျှင် ⇨
ကျောရိုးရောဂါ ဖြစ်တတ်မည်။

(၉) ကျယ်၍ရှည်ကာ အဝိုင်းသဏ္ဌာန်ရှိနေလျှင် ⇨
ခိုင်မာစွာ ဆုံးဖြတ်နိုင်လိမ့်မည်။

(၁၀) ပါးလျား၍ ရှည်ကာ ကွပ်ဆတ်နေလျှင် ⇨
လူနေဟန် သန့်သန့်မာမာမရှိ ဖြစ်မည်။

(၁၁) သေးသွယ် ရှည်လျား၍ ဖြက်ကျဉ်းနေလျှင် ⇨
ကြောက်ရွံ့တတ်မည်။

(၁၂) လက်သည်းများပေါ်တွင် အဖြူစက်များရှိနေလျှင်⇨
သွေးသွားလာမှု မကောင်းဖြစ်မည်။

(၁၃) လက်သည်းများရှိသည့် ပထမအဆစ်သည် အတွင်းဘက်သို့ ကွေးညွတ်နေလျှင် ⇨
ရင်ကျပ်ပန်းနာ ဖြစ်မည်။

(၁၄) အရှည်အစင်းများရှိနေလျှင် ⇨
ဦးတည်ချက်တစ်ခုတည်းအပေါ် စိုက်လိုက်မတ်တတ် ပြုလေ့ရှိမည်။

(၁၅) ကြက်ခြေခတ်အစင်းများရှိနေလျှင် ⇨
ရောဂါဖြစ်ပွားမည့် အမှတ်လက္ခဏာများ ဖြစ်သည်။

(၁၆) လက်သည်းတွင် အပေါက်လေးများဖြစ်နေလျှင် ⇨
လက်သည်းပေါ်တွင် အချိုင့်လေးများ ဖြစ်ပေါ်လာခြင်းသည် Psoriasis ဟုခေါ်သည့် ကြမ်းထော်သော အနီပိမ့်များ ထတတ်သည့် အရေပြားရောဂါတစ်မျိုး၏လက္ခဏာဖြစ်သည်။ သို့မဟုတ် တစ်သျှူးများ ပုံမှန်အလုပ်မလုပ်ခြင်းနှင့် alopecia ဟုခေါ်သည့် ဆံပင်ကျွတ်ခြင်းရောဂါကြောင့်လည်း ဖြစ်နိုင်သည်။

(၁၇) လက်သည်း အဝါရောင်သန်းနေလျှင် ⇨
လက်သည်းအရောင်သည် အဝါရောင်ဖျော့ဖျော့နှင့် ခပ်ထူထူဖြစ်နေပြီး ကျိုးပဲ့လွယ်ပါက လက်သည်းတွင် မှိုရောဂါတစ်ခုခု ကူးစက်နေသည့် လက္ခဏာဖြစ်သည်။

(၁၈) လက်သည်းသည် ဖြူဖျော့နေလျှင် ⇨
လက်သည်းများ သွေး မရှိသကဲ့သို့ ဖြူဖပ်ဖြူရော် ဖြစ်နေခြင်းသည် သွေးအားနည်းရောဂါ ရှိကြောင်း လက္ခဏာတစ်ရပ် ဖြစ်သည်။ သို့မဟုတ် ဆီးချိုနှင့် အသည်းရောဂါ တစ်ခုခု ဖြစ်နိုင်သည်။

(၁၉) လက်သည်းပေါ်တွင် အနက်ရောင်လိုင်းများ ပေါ်နေလျှင် ⇨
သင့်လက်သည်းခွံ အရင်းတွင် အနက်ရောင် ဒေါင်လိုက်မျဉ်းကြောင်း ပေါ်နေမည်ဆိုပါက Melanomae ဟုခေါ်သည့် အရေပြားကင်ဆာ ဖြစ်နိုင်သည့် အကျိတ်ရှိကြောင်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

(၂၀) လက်သည်းများ ပြာနှမ်းနှမ်းဖြစ်နေလျှင် ⇨
လက်သည်းများ ပြာနှမ်းနှမ်းဖြစ်နေခြင်းသည် ခန္ဓာကိုယ်မှ အောက်ဆီဂျင် လုံလောက်စွာ မရရှိသည့် အတွက်ကြောင့် ဖြစ်နိုင်ပြီး အဆုတ်နှင့်ပတ်သက်သည့် ကူးစက်ရောဂါတစ်ခုခု သို့မဟုတ် နှလုံးတွင် တစ်ခုခု ဖြစ်နေခြင်းကြောင့် ဖြစ်သည်။

(၂၁) လက်ချောင်းထိပ်များ ကြီးလာနေလျှင် ⇨
လက်ချောင်းထိပ်များသည် နှစ်အနည်းငယ်အတွင်းတွင် တဖြည်းဖြည်းကြီးလာပြီး လက်သည်းများက လက်ချောင်းထိပ်တည့်တည့်တွင် အဝိုက်လေးဖြစ်နေမည်ဆိုပါက ခန္ဓာကိုယ်ထဲတွင် အောက်ဆီဂျင်ရရှိနည်းပါးသည့် လက္ခဏာတစ်ရပ်ဖြစ်ပြီး အဆုတ်နှင့် ပတ်သက်သည့် ရောဂါတစ်ခုခု ဖြစ်နိုင်ပါသည်။

(၂၂) လက်သည်းများသည် ကွပ်ဆတ်ခြောက်သွေ့နေပြီး လွန်စွာကျိုးလွယ်ပဲ့လွယ် ဖြစ်နေလျှင် ⇨
လက်သည်းများသည် ပြင်းထန်သည့် ဓာတုဗေဒပစ္စည်းများနှင့် မကြာခဏ ထိတွေ့ရခြင်းကြောင့် ဖြစ်၏။

အမျိုးသမီး ဖြစ်ပါက လက်သည်းနီတံဆိပ်ကို ပြောင်းသုံးရန် လိုအပ်မည်ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

(၂၃) လက်သည်းပွင့်နေလျှင် ⇨
လက်သည်းပွင့်ခြင်းဆိုသည်မှာ လက်သည်းပေါ်တွင် အလျားလိုက် အဖြူရောင် အခုံးလေးများ ပေါ်လာခြင်းကို ဆိုလိုပါသည်။ ဤကဲ့သို့ဖြစ်ရသည့် အဓိကအချက်မှာ အားနည်းပြီး လုံလောက်သည့် အာဟာရဓာတ် မရှိသည့်အတွက် ဖြစ်ပါသည်။ သို့သော်ကျောက်ကပ်နှင့် အသည်းတွင် တစ်ခုခုဖြစ်နေလျှင်လည်း ဤကဲ့သို့ အဖြူလိုင်းလေးများ ပေါ်နေတတ်ပါသည်။

(၂၄) လက်သည်းပေါ်တွင် နီညိုရောင် လိုင်းမျှင်မျှင်လေးများ ပေါ်နေလျှင် ⇨
သာမန် ထိခိုက်ရှနာမှု တစ်ခုခုကြောင့် ဖြစ်နိုင်ပြီး သို့မဟုတ်ပါက နှလုံးနှင့် ပတ်သက်သော ရောဂါတစ်ခုခုကြောင့်လည်း ဖြစ်နိုင်ပါသည်။

(၂၅) ဇွန်းနှင့်တူသော လက်သည်းပုံဖြစ်နေလျှင် ⇨
လက်သည်းများသည် အလွန်ပျော့ပျောင်းပြီး အဖျားများကော့တက်ကာ အခေါင်းပေါက်ကဲ့သို့ ဖြစ်နေမည်ဆိုပါက ကိုယ်ထဲတွင် သံဓာတ်အားနည်းနေခြင်း ဖြစ်နိုင်သကဲ့သို့ အသည်းကောင်းစွာ အလုပ်မလုပ်ခြင်းကြောင့်လည်း ဖြစ်နိုင်ပါသည်။

## Nails, Qualities of
## လက်သည်းများ၏အရည်အချင်းများ

လက်သည်းရှည်သူများသည် ဝေဖန်ပိုင်းခြားမှုထက် စိတ်ကူးဉာဏ်ကို ပို၍ ဦးစားပေးတတ်ကြသည်။

လက်သည်း တိုသူများသည် အသေးအဖွဲ့ကလေးများမှအစ ဂရုတစိုက် ရှိတတ်ကြသည်။

## Nails, Perfect
## အရည်အသွေး ပြည့်စုံသည့် လက်သည်း၏ အသွင်သဏ္ဌာန်

သဘာဝအတိုင်း အရောင်တောက်နေခြင်း၊ ဖြူနေခြင်း၊ ဘဲဥပုံသဏ္ဌာန်ရှိခြင်း၊ ဤအနေအထားများက ပျော်ပျော်နေတတ်ခြင်း၊ ကျန်းမာရေးကောင်းခြင်းတို့ကို ပြဆို၏။

## Napoleon's Index
## နပိုလီယန်လက်ညှိုး

လက်ညှိုးသည် လက်ခလယ်နှင့် အရှည်တူနေလျှင် ယင်းလက်ညှိုးကို 'နပိုလီယန်လက်ညှိုး' ဟုခေါ်သည်။

ထိုလက်ညှိုးပိုင်ရှင်များသည် နိုင်ငံရေးရည်မှန်းချက်ကြီးမားခြင်း၊ စစ်ဘက်၌ သရဖူဆောင်းရခြင်းနှင့် တန်ခိုးအာဏာ စည်းစိမ်ချမ်းသာ ကြွယ်ဝမည်ဖြစ်သည်။

## Naval Profession
## ရေတပ်နှင့် သက်ဆိုင်သည့် အသက်မွေးမှု

(၁) လက်ဆစ်များ ကြီးမားခြင်း၊
(၂) တနင်္လာဂြိုဟ်ခုံ ကြီးမားကျယ်ပြန့်ခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံတွင် အရေးအကြောင်းများ ပါရှိနေခြင်း၊
(၄) အင်္ဂါဂြိုဟ်ခုံနှင့် လွင်ပြင်ပါ ကောင်းမွန်နေခြင်း၊
(၅) လက်မ၏ ပထမအဆစ် ရှည်ခြင်း၊
(၆) ဉာဏ်စွမ်းလမ်းကြောင်း ငိုက်ဆိုက်ကျနေခြင်း၊
(၇) ဉာဏ်စွမ်းလမ်းကြောင်းနှင့် အသက်လမ်းကြောင်းတို့ အစပိုင်းတွင် ကွာဟနေခြင်း။

## Negative Existence
## အနုတ်လက္ခဏာအသွင်ဆောင်ခြင်း

ဂြိုဟ်ခုံများ ပီပြင်စွာမပါရှိခြင်းသည် အနုတ်လက္ခဏာကို ဆောင်ခြင်းဖြစ်သည်။ ထိုသို့ဖြစ်နေခြင်းကြောင့် ကာယကံရှင်တွင် ထိုဂြိုဟ်ခုံတို့နှင့်ပတ်သက်သည့် အကျင့်စရိုက်များ ဖွံ့ဖြိုးတိုးတက်စရာအကြောင်း မရှိတော့ပေ။

## Nervous Trouble
## စိုးရိမ်ကြောင့်ကြမှုပြဿနာ

အသက်လမ်းကြောင်းပေါ်တွင် အမည်းစက်ပါရှိနေပြီး ထိုအစက်မှ အရေးအကြောင်းများ ထွက်ပေါ်နေခြင်း။

## Neuralgia
## မျက်နှာတစ်ခြမ်းလေဖြန်းမှု (အာရုံကြောနာခြင်း)

အာရုံကြောမကောင်းခြင်းနှင့် အာရုံကြောဖောက်ပြန်ခြင်းတို့ကို အောက်ပါအမှတ်လက္ခဏာများက ညွှန်ပြ၏။

(၁) အသက်လမ်းကြောင်းပေါ်တွင် အနက်စက်ရှိခြင်း၊
(၂) အသက်လမ်းကြောင်းတွင် သံကြိုးကွင်းဆက်များ ရှိခြင်း၊
(၃) တနင်္လာဂြိုဟ်ခုံပေါ်တွင် အစက်အပြောက် တစ်ခုခုရှိခြင်း၊
(၄) စနေဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊
(၅) စနေဂြိုဟ်ခုံပေါ်တွင် အရေးအကြောင်းများစွာရှိခြင်း၊
(၆) လက်မ၏ ပထမအဆစ် ပြားချပ်နေခြင်း၊
(၇) အင်္ဂါလွင်ပြင်သည် တနင်္လာဂြိုဟ်ခုံဘက်သို့ ယိုင်၍ ချိုင့်ခွက်နေခြင်း၊
(၈) တနင်္လာဂြိုဟ်ခုံ အရောင်အသွေးတောက်နေခြင်း
(၉) တနင်္လာဂြိုဟ်ခုံ ပေါ်လွင်ခြင်း၊
(၁၀) ဉာဏ်စွမ်းလမ်းကြောင်းပေါ်တွင် ကျွန်းရှိနေခြင်း။


www.burmeseclassic.com

www.burmeseclassic.com

## Nurse
## သူနာပြု

သူနာပြုကောင်းတစ်ဦး၏ လက်တွင် အောက်ပါ အမှတ်လက္ခဏာများ ပါရှိရမည်။

(၁) သောကလမ်းကြောင်းများ မရှိခြင်း၊
(၂) ဉာဏ်စွမ်းလမ်းကြောင်းနှင့် မေတ္တာလမ်းကြောင်းများ ကောင်းမွန်ခြင်း၊
(၃) ကြာသပတေးဂြိုဟ်ခုံနှင့် သောကြာဂြိုဟ်ခုံတို့ ကောင်းမွန်နေခြင်း၊
(၄) ဗုဒ္ဓဟူးဂြိုဟ်ခုံ လှပကောင်းမွန်ခြင်း၊
(၅) ဆေးပညာအမှတ်အသား ပါရှိခြင်း၊
(၆) လက်ဝါးပြင် နူးညံ့ပျော့ပျောင်းနေခြင်း၊
(၇) လက်ချောင်းများရှည်၍ အဆစ်များပေါ်လွင်ခြင်း၊
(၈) အဆစ်များ ချောမွေ့ခြင်း၊
(၉) လက်မ သေးငယ်ခြင်း၊
(၁၀) တနင်္လာဂြိုဟ်ခုံပေါ်တွင် ဆန်ခါကွက်ရှိခြင်း၊
(၁၁) လက်သန်းပေါ်တွင် ဒေါင်လိုင်အစင်း(၂)ခု ထင်ရှားစွာပါရှိခြင်း။

## Observation, Importance of
## လေ့လာမှု၏ အရေးပါသည့်ကဏ္ဍ

လေ့လာ သုတေသနပြုမှုတို့၏ အရေးပါပုံများနှင့် ပတ်သက်၍ ကမ္ဘာကျော် လက္ခဏာဆရာကြီးကိုင်ရိုက ဤသို့ ပြောပါသည်။

The greatest truth may lie in smallest things,
The greatest good in what we most despise,
The greatest light may break from darkest skies,
The greatest chord from even the weakest strings

- Cheiro

**ဆိုလိုရင်းအဓိပ္ပာယ်မှာ . . .**

⇨ အရေးကြီးဆုံး အမှန်တရားက အသေးငယ်ဆုံးသော အရာများအပေါ်တွင် မူတည်နေတတ်၏။
⇨ အကောင်းဆုံးဆိုသည့် အရာများသည် ကျွန်ုပ်တို့ လျစ်လျူရှုထားဆုံးအရာများ ဖြစ်နေတတ်ကြ၏။
⇨ အကောင်းဆုံး အလင်းရောင်သည် ကောင်းကင် အမှောင်ထုမှ ဖောက်ထွင်းထွက်လာ၏။
⇨ အကောင်းဆုံး သံစဉ်သည် အညံ့ဆုံးကြိုးမှ ထွက် ပေါ်လာတတ်၏။

**(Cheiro)**

## Obstinacy
## တစ်ယူသန်ခြင်း (ခေါင်းမာသော တစ်ဖွတ်ထိုးသဘော)

(၁) အင်္ဂါဂြိုဟ်ခုံများ ကျယ်ပြန့်ခြင်း၊
(၂) စနေဂြိုဟ်ခုံအောက်မှ ဉာဏ်စွမ်းလမ်းကြောင်း အစ ပြုခြင်း၊
(၃) ဉာဏ်စွမ်းလမ်းကြောင်း အနည်းငယ်တိုနေခြင်း၊
(၄) လက်ဝါးပြင် မာကျောခြင်း၊
(၅) လက်ချောင်းများ လေးထောင့်ပုံရှိခြင်း၊
(၆) လက်ချောင်း ပထမအဆစ်များ ပေါ်လွင်ခြင်း၊
(၇) လက်ချောင်းများတို၍ ဖြက်ကျယ်ခြင်း၊
(၈) လက်မ၏ ပထမအဆစ်တို၍ ပြားခြင်း။

## Occult Sciences, Aptitude for
## လျှို့ဝှက်အတတ်ပညာများကို သိလွယ်,တတ်လွယ်ခြင်း။

(၁) တနင်္လာဂြိုဟ်ခုံ၊ ဗုဒ္ဓဟူးဂြိုဟ်ခုံနှင့် စနေဂြိုဟ်ခုံများ ပေါ်လွင်ခြင်း၊
(၂) လက်ဖဝါးပြင် သေးငယ်ခြင်း၊
(၃) လက်ချောင်းများရှည်၍ သေးငယ်ခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်း အောက်သို့စိုက်ဆင်းနေခြင်း၊
(၅) တြိဂံနယ်မြေကျဉ်း၍ အနေအထားကောင်းခြင်း၊
(၆) တနင်္လာဂြိုဟ်ခုံပေါ်တွင် တြိဂံရှိခြင်း၊
(၇) စတုဂံလွင်ပြင်တွင် ကြက်ခြေရှိခြင်း၊
(၈) ထိုးထွင်းသိမြင်လမ်းကြောင်း ပါရှိခြင်း။

## Officiousness
## နေရာတကာ ဝင်စွက်တတ်ခြင်း

လက်များအလွန်ကြီးမားနေပါက ထိုသူသည် အရာ မရောက်၊ အကြောင်းမဟုတ်သည့် ကိစ္စများအပေါ် လွန်စွာ ရေးကြီးခွင့်ကျယ် လုပ်တတ်လေ့ရှိသည်။

ထိုသူသည် မိမိတို့နှင့်မဆိုင်သည့် ကိစ္စများတွင်လည်း ဝင်ရောက် စွက်ဖက်တတ်သူဖြစ်သည်။

## Old Age
## အသက်ကြီးပိုင်း

အသက်လမ်းကြောင်း၏ အဆုံးပိုင်းက ဘဝနိဂုံး မှုနှင့်ပတ်သက်သည့် အကျိုးဖြစ်ထွန်းမှုကိုပြ၏။ အကယ်၍ ဤလမ်းကြောင်းသည် စောက်နက်၍ ထင်ရှားလင်းလင်း

www.burmeseclassic.com

www.burmeseclassic.com

ရှိလျှင် သက်ကြီးပိုင်းတွင် အကျိုးဖြစ်ထွန်းမည်ကို ဖော်ပြနေ၏။

အကယ်၍ ဤလမ်းကြောင်းသည် ကျိုးပျက်နေလျှင် အသက်ကြီးပိုင်းတွင် ပူပင်သောက ရောက်မည်။ အဆုံးပိုင်းတွင် ဖွာနေပါက အသက်ကြီးပိုင်းတွင် ငွေကြေးဒုက္ခနှင့်ကြုံတွေ့ရလိမ့်မည်ဖြစ်သည်။

## Opera Singer
## ပြဇာတ်အဆိုတော်

(၁) လက်ဖဝါးပြင်သည် လက်ချောင်းများထက် ရှည်ခြင်း၊
(၂) လက်ချောင်းများ၏ထိပ်သည် သွယ်လျနေခြင်း၊
(၃) အသက်လမ်းကြောင်းနှင့် ဉာဏ်စွမ်းလမ်းကြောင်းတို့ အစပြုရာတွင် လွန်စွာ ကွာဟနေခြင်း၊
(၄) ဉာဏ်စွမ်းလမ်းကြောင်း၏ အဆုံးသတ်ရာတွင် ခက်ရင်းခွသဏ္ဌာန် ဖြစ်နေခြင်း။

## Opposite Sex, Influence of
## ဆန့်ကျင်ဘက်လိင်အပေါ် ဩဇာလွှမ်းမိုးခြင်း

(၁) သောကြာဂြိုဟ်ခုံပေါ်တွင် ကြယ်ရှိခြင်း၊
(၂) မေတ္တာလမ်းကြောင်းမှ လမ်းခွဲတစ်ခုသည် ဉာဏ်စွမ်းလမ်းကြောင်းကို မထိဘဲ ထိုးဆင်းနေခြင်း၊

## Optimistic Hand-Reading
## လက္ခဏာ ဖတ်ကြားခြင်းအပေါ် အကောင်း မြင်တတ်မှု

မျှော်လင့်ချက်မရှိခြင်းက ဘဝဆုံးခြင်းပင် ဖြစ်သည်။

(To take away hope in to take away life )

ဆရာဝန်တစ်ဦးသည် မိမိလူနာအား ဝေဒနာမသက်သာနိုင်တော့ကြောင်း မိမိနားလည်သိရှိထားသည့်အတိုင်း ထုတ်ဖော် မပြောသင့်ပေ။

သူပြောသင့်သည်က မကြာခင် ပြန်၍ နေကောင်းလာနိုင်မည့်အကြောင်းကိုသာ ပြောသင့်သည်။ ထိုသို့ အားပေးခြင်းဖြင့် လူနာသည် အံ့သြဖွယ်ကောင်းလောက်အောင် ပြန်၍ နာလန်ထလာနိုင်သည်။

ထိုနည်းအတိုင်းပင် လက္ခဏာပညာရှင်များအနေဖြင့်လည်း လူတစ်ယောက်၏ အောင်မြင်မှုလမ်းဆုံးသည့်အဖြစ်မျိုးကို ယတိပြတ် ထုတ်ဖော်မပြောအပ်ချေ။

ဖြစ်လာနိုင်သည့် အပြောင်းအလဲများ၊ တစ်ဖန် မျှော်လင့်ချက်လမ်းစများနှင့် ရှေ့အလားအလာများကိုသာ ဖော်ထုတ် ဟောကြား အားပေးသင့်ပေသည်။

(-E. Rene)

## Ordinary Illness
## သာမန်နာမကျန်းဖြစ်ခြင်း

အသက်လမ်းကြောင်းကို အရေးအကြောင်းငယ်များစွာက ဖြတ်တောက်နေခြင်း၊

## Organic Affection
## ကိုယ်အင်္ဂါဆိုင်ရာရောဂါဖြစ်ပေါ်မှု

လမ်းကြောင်း တစ်ခုခုပေါ်တွင် ညိုမည်းသည့် အပေါက်များရှိခြင်း။

## Origin of Palmistry
## လက္ခဏာပညာ၏အစ

ယနေ့ခေတ် လက္ခဏာပညာကို ရှေးဟိန္ဒူလူမျိုးများက စတင်ခဲ့ကြခြင်းဖြစ်သည်။ အီဂျစ်ဘုန်းတော်ကြီးများနှင့် သိုးထိန်းများက ၎င်းလက္ခဏာပညာရပ်များ၏ ရှိပြီးသား အရည်အသွေးများကို ဖြည့်ဆည်းခဲ့ကြသည်။

အာရေဗျအင်္ဂရိတ်သမားများ၊ ဥရောပသား ဗေဒင်ဆရာများ၊ ဂျာမန်အတွေးအခေါ်ပညာရှင်များ၊ ပြင်သစ်မှ သိပ္ပံပညာရှင်များနှင့် အင်္ဂလိပ်ပညာရှိများက လက္ခဏာပညာကို စူးစမ်း, စမ်းသပ်မှုများ ပြုခဲ့ကြခြင်း ဖြစ်ပါလိမ့်မည်။ ကမ္ဘာနှင့်တစ်ဝန်း ကျယ်ကျယ်ပြန့်ပြန့် လက်ခံထားသည်များမှာ လက္ခဏာပညာကို ဟိန္ဒူလူမျိုးများက စတင်ခဲ့ကြခြင်းပင် ဖြစ်သည်။

ရှေးဟိန္ဒူများ၏ ပညာရပ်ဆိုင်ရာ ဗဟုသုတများမှာ လွန်စွာပင် အံ့သြဖွယ်ရာ ဖြစ်သည်။

ဥပမာတစ်ရပ်အနေဖြင့် ထုတ်ပြပါဆိုလျှင် ရှေးဟိန္ဒူပညာရှင်များသည် သိပ္ပံဆိုင်ရာ မည်သည့် ကိရိယာတန်ဆာပလာမှ မပါဘဲနှင့် နှစ်ပေါင်း ၂၅၈၅၀ တွင်တစ်ကြိမ် နေ့တာ, ညတာ ညီမျှမှု ပေါ်ပေါက်လေ့ရှိကြောင်းကို အတိအကျ အဆုံးအဖြတ်ပြုခဲ့ကြသည်။

ယနေ့ခေတ် နက္ခတ္တဗေဒ ပညာရှင်များ အနေဖြင့် ၎င်းအချက် မှန်ကန်ကြောင်းကို အတည်ပြုခဲ့ကြရသည်။

It is widely accepted internationally that Hindus were the originators of Palmistry. The scientific knowledge of ancient Hindus was quite astonishing. For instance, without any scientific instruments, the ancient Hindu sages determined the precision of the Equinox to take place once in 25,850 years. Modern astronomers accept this as correct.



www.burmeseclassic.com

www.burmeseclassic.com

**Other People, Influence of**

**အခြားသူများအပေါ် ဩဇာသက်ရောက်မှု**

ဩဇာလမ်းကြောင်း များလေလေ ကာယကံရှင်၏ ဘဝတွင် မိမိ၏ဩဇာခံလူတွေ များလေလေဖြစ်သည်။

ဩဇာလမ်းကြောင်း နည်းလေလေ အထီးကျန်ဆန်လေလေ ဖြစ်မည်။

**Overdoing Luck**

**ကံကောင်းလွန်းခြင်း**

ကံလမ်းကြောင်းသည် လက်ဖဝါးပြင်ကို လွန်၍သွားပြီး စနေလက်ချောင်းပေါ်သို့ ရောက်သွားလျှင် အရာရာသည် လွန်ကဲတတ်သဖြင့် ကောင်းသောအမှတ်လက္ခဏာ မဟုတ်ချေ။

ခေါင်းဆောင်တစ်ဦးအနေဖြင့် ပြောရလျှင် သူ့နောက်လိုက်များသည် သူ့အလိုကို ကျော်လွန်ပြီး လုပ်ကိုင်ကြပေလိမ့်မည်။

'ကိုလန်ဘတ်စ်'၏ ဖြစ်ရပ်ကဲ့သို့ နောက်လိုက်များက ဦးစီးဦးရွက်ပြုမှုကို ပြန်၍တိုက်ခိုက်ခြင်း ခံရသလို ဖြစ်ဖို့ရှိ၏။

**Overindulgence**

**ကာမဂုဏ်ကိစ္စတွင် အလွန်အကျွံလိုက်စားခြင်း**

ကာမဂုဏ် ကိစ္စများတွင် ဆန္ဒလွန်ကဲမှု ရှိခြင်းကို အောက်ပါ အမှတ်လက္ခဏာများက ပြဆို၏။

(၁) သောကြာဂြိုဟ်ခုံ ကျယ်ပြန့်ခြင်း၊

(၂) အသက်လမ်းကြောင်းနှင့် အင်္ဂါလမ်းကြောင်းတို့ အားကောင်းခြင်း။

**Over Worked Intellect**

**ဝေဖန်ပိုင်းခြားမှု လွန်ကဲစွာပြုတတ်ခြင်း**

ဉာဏ်စွမ်းလမ်းကြောင်း ပွန်းပဲ့နေခြင်း။

**One Sided Love**

**တဖက်သတ်အချစ်**

(၁) မေတ္တာလမ်းကြောင်းသည် ကြာသပတေးဂြိုဟ်ခုံ၏ အစွန်းမှ ရှည်လျားစွာဖြတ်နေခြင်း၊

(၂) ဉာဏ်စွမ်းလမ်းကြောင်းသည် ဖြောင့်တန်းစွာရှိခြင်း၊

(၃) လက်ဝါးပြင်သည် လက်ချောင်းများထက် ရှည်ခြင်း။

(ဆက်ရန်)

ဆရာဦးခန့်တော်

❑


# ကောင်းကင်

## လေနိုင်ဆေးရည် နှင့် ဒဏ်ကြေလိမ်းဆေး

မကွေးတိုင်းဒေသကြီး၏မြို့တော် မကွေးမြို့တွင် တောင်ငူမြို့ ကောင်းကင်ဇဆေးဝါး ထုတ်လုပ်ရေးလုပ်ငန်းမှ တိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် 09 10 Y 008619 ဖြင့် ထုတ်လုပ်ဖြန့်ဖြူးသော ကောင်းကင်လေနိုင်ဆေးရည်နှင့် ဒဏ်ကြေလိမ်းဆေးများ ဝယ်ယူရရှိနိုင်ပါသည်။ လေးဖြတ်ရောဂါ ကင်းဝေးစေရန် လေဖြတ်၊ လေဖြန်း၊ သွေးတိုး၊ လေးဖက်နာ၊ ကိုယ်လက်ထုံကျဉ်နာ၊ ဖက်ကြောတက်၊ နောက်ကြောတက်၊ ခြေတုန် လက်တုန်၊ သွေးလေမမှန်ရောဂါများအတွက် သုံးစွဲနိုင်ပါသည်။

➽ မိုးကုတ်သား ဆေးမျိုးစုံကုန်ပဒေသာဆိုင် မကွေးမြို့တွင် လက်လီလက်ကား ဝယ်ယူရရှိနိုင်ပါသည်။

➽ ရေနံ့သာ အောင်ချမ်းဇော် အမှတ် - ၂၅၊ မြန္မာလမ်း(ဗိုလ်ချုပ်လမ်းထောင့်) သိင်္ဂီဂီရိရပ်၊ မကွေးမြို့။ ☎ ၀၆၃-၇၃၀၈၁၂၄

www.burmeseclassic.com

ခု နှစ် ရက် သား သ မီး များ အ တွက်

## ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ

# ဟောစာတမ်းနှင့်ယတြာ

ဦးညွန့်လှိုင်(ကြို့ပင်ကောက်)



### တနင်္ဂနွေသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ပူးယှဉ်နေရာ လုပ်ငန်းအကြံအစည်များ တလွဲတချော် ဖြစ်တတ်၏။ ထင်တိုင်း ခရီးမပေါက် ဖြစ်မည်။ ရံဖန်ရံခါ စိတ်ပျက်စရာများနှင့်ကြုံမည်။ လုပ်ငန်းတွင် ငွေကြေးဆုံးရှုံးခြင်း၊ လူလိမ်ခံရခြင်း ဖြစ်တတ်သလို ခြေနှစ်ချောင်း ကယ်မိသဖြင့် ဒုက္ခတွေ့တတ်၏။ ဗုဒ္ဓဟူးနံ အဝင်ကောင်းဖြစ်ပြီး ကြာသပတေးနံ ရန်နှင့်ထွက်မည်။ အမှုအခင်း ဖြစ်တတ်၏။ စီးပွားရေး မကောင်းသေးပါ။ သတိဖြင့် ထိန်းပါ။ ပြည်ပရပ်ခြား ကိစ္စအတွက် သောကရှိ၏။ ဝန်ထမ်းများ ဌာနပြောင်းရွှေ့လိုစိတ် ပေါ်တတ်၏။
ယတြာ - လူသွားလမ်း အုတ်ခင်းပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သောက အနည်းငယ်ရှိ၏။

(ဂ) **ကျန်းမာရေး** - ဆေးမှားတတ်၏။ ဆီးချိုရောဂါ ကပ်ငြိတတ်၏။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့သည် ညံ့၏။
**မှတ်ချက်။** သံဃာတော်များ၊ သီလရှင်များအတွက် စာရေးကိရိယာ လှူဒါန်းပါ။



### တနင်္လာသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက နှောင့်ယှက်သဖြင့် အတွေးအခေါ် အယူအဆ မဖြောင့်တန်းဘဲ မှားမှားယွင်းယွင်း ဖြစ်တတ်၏။ ပြဿနာဟောင်းများ ပေါ်ပေါက်ရန် ခေါင်းပြူနေသောအခါသမယဖြစ်၏။ ငွေကြေး အလဟဿ အထွက်များနေ၏။ သူတစ်ပါး အာမခံ၍ ငွေမချေးပေးပါနှင့်။ စိုက်လျော်ပေးရတတ်၏။ နှစ်ဦးပိုင် ဗုဒ္ဓဟူးနံ အဝင်မကောင်းပါ။ ကြာသပတေးနံပစ္စည်းများ ရောင်းထွက်တတ်၏။ လက်အောက်ငယ်သားများအတွက် သောကရှိ၏။ အတွင်းလူ လူယုံ ဒုက္ခပေးမည်။ ဝန်ထမ်းများ ချောက်တွန်းခံရတတ်၏။
ယတြာ - အခင်း လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - တစ်ဦးနှင့်တစ်ဦး အပြန်အလှန် စွပ်စွဲတတ်၏။

(ဂ) **ကျန်းမာရေး** - သွေး၊ သုက်နှင့်ပတ်သက်သောရောဂါ ဂရုပြုပါ။
ယတြာ - ရေသတ္တဝါ အစာကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ ကောင်းပြီး (၃)ဂဏန်းနှင့် အင်္ဂါနေ့ ညံ့၏။
**မှတ်ချက်။** စိတ်ကို အလိုမလိုက်ပါနှင့်။

www.burmeseclassic.com



## အင်္ဂါသားသမီးများ

(က) **စီးပွား/လူမှု** - မူလနှင့် ပဝတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများရှိသဖြင့် စိုင်ကော်လို့ ချုပေါ်ရောက်ကိန်း ကြုံ၏။ ထင်ပေါ်ကျော်ကြားမည်။ လူအများအားကိုးရာဖြစ်မည်။ အကြီးအကဲတာဝန် ပေးခံရတတ်၏။ အနုပညာ၊ စာပေ၊ ခရီးသွားလာရေးလုပ်ငန်းများ အဆင်ပြေမည်။ စကားပြောမှားသဖြင့် ဖြေရှင်းရတတ်၏။ စာချုပ်စာတမ်းတွင် သက်သေအဖြစ် လက်မှတ်မထိုးသင့်ပါ။ ယာဉ်၊ ရထား ဝင်ကိန်းရှိ၏။ သို့သော် စက်ပစ္စည်းကို အကြိမ်ကြိမ်စစ်ပြီးမှ ဝယ်ပါ။ ဝန်ထမ်းများ ခြောက်လအတွင်း ရာထူးတက်ကိန်းရှိသည်။
ယတြာ - အင်္ဂါနံ ဆန်၊ ဆီ၊ ဆေး၊ စာအုပ်လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အသက်ရှူ မဝခြင်း၊ လေရှူပြွန်ရောင်ခြင်း ဖြစ်တတ်၏။
ယတြာ - ယပ်တောင် လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ကြာသပတေးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ညံ့၏။

**မှတ်ချက်။** အောက်ခြေ မလွတ်သင့်။

## ဗုဒ္ဓဟူးသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ကောင်းအားကို ပဝတ္တိဌာန၏ ဆိုးအားက ဖျက်ဆီးသဖြင့် ဤလအဖို့ အစစအရာရာ သတိရှိဖို့လို၏။ အလွယ်တကူ ဆုံးဖြတ်ချက်မချသင့်ပါ။ မှားယွင်းတတ်၏။ အကြံအစည်များ ရပ်ဆိုင်းတတ်သလို ဝေခွဲမရ ဖြစ်နေတတ်၏။ မိတ်ဆွေကောင်း အကူအညီကြောင့် ဟုပ်ငန်းသစ်တစ်ခုရမည်။ အင်္ဂါနံ သက်ရှိ သက်မဲ့ကြောင့် သောကရှိ၏။ အိုးအိမ်တိုက်တာ ငွေကြေးအခက်အခဲကြောင့် ရောင်းထုတ်ရတတ်၏။ ဗုဒ္ဓရုပ်ပွားတော်အသစ် ပူဇော်ရတတ်၏။ ကောင်း၏။ ဝန်ထမ်းများ စိတ်ကျပ်တည်းမှုရှိမည်။
ယတြာ - မွေးနံထောင့်တွင် ရေသပ္ပာယ်ပါ။


(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - လှေနံနှစ်ဖက် မနင်းသင့်ပါ။

(ဂ) **ကျန်းမာရေး** - အစာအိမ်၊ ဆီးသွားလမ်းတွင် ဥပဒ်ရှိ၏။
ယတြာ - စာငှက်ကို စပါးကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်းများ။

(င) **အကျိုးပေးဂဏန်း** - (၄)ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ကောင်းပြီး (၂)ဂဏန်းနှင့် တနင်္လာနေ့ ညံ့၏။

**မှတ်ချက်။** နှစ်ဦးကြား ကုန်းတိုက်စကားရှောင်ပါ။



## ကြာသပတေးသားသမီးများ

(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ထောက်ပံ့သဖြင့် အသင့်အတင့် ဆောက်တည်ရာရမည်။ စိတ်သောကရှိလျက် ပင်ပန်းမည်။ သို့သော် လူအများ၏ ယုံကြည်မှုရှိမည်။ အကူအညီပေးသော မိတ်ဆွေကောင်း တွေ့မည်။ ဆွေမျိုးဉာတကာတို့၏ အမှုအခင်းကိစ္စများကြောင့် စိတ်ပင်ပန်းမည်။ ကြာသပတေးနံ သက်ရှိ သက်မဲ့အတွက် အငြင်းပွားရတတ်၏။ အင်္ဂါနံသင့်ပြီး ပြန်ထွက်မည်။ ပြန်မထွက်က မွေးနံရှင် ဒုက္ခတွေ့မည်။ အမှတ်မထင် ပြည်ပရေးရာကိစ္စများ အဆင်ပြေမည်။ ဝန်ထမ်းများ အကြံအစည် တိုးတက်မည်။
ယတြာ - ဆည်းလည်း လှူပါ။

(ခ) **အိမ်ထောင်ရေး/လူငယ်အရေး** - မသင့်မတင့်ရှိ၏။

(ဂ) **ကျန်းမာရေး** - ကျောက်ကပ်၊ ခါးတွင် ဥပဒ်ရှိ၏။
ယတြာ - ခိုစာ ကျွေးပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။


(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့ကောင်းပြီး (၇)ဂဏန်းနှင့် စနေနေ့ ညံ့၏။

**မှတ်ချက်။** နာယကဂုဏ်ခြောက်ပါးကို အားကိုးပါ။

www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများ



(က) **စီးပွား/လူမှု** - မူလနှင့် ပဝိတ္တိဌာန နှစ်ပါးစလုံးတွင် ကောင်းအားများ ရှိနေသဖြင့် ယခု ကာလအဖို့ အကောင်းဆုံးကာလ ဖြစ်မည်။ အကြီးအကဲ မင်းစိုးရာဇာများ၏ အကူအညီဖြင့် ရှေ့သို့တက်လှမ်းမည်။ ထင်ပေါ်ကျော်ကြားမည်။ နှစ်ဦးပိုင် စပ်တူလုပ်ငန်းများ မလုပ်သင့်ပါ။ လူချစ်လူခင် ပေါမည်။ ပြည်ပနှင့်ဆိုင်သော စီးပွားရေး၊ ပညာရေးကိစ္စများ ပွင့်လင်းမည်။ ဝန်ထမ်းများ ပြည်ပခရီးစဉ် ရှိ၏။ ကြာသပတေးနံ သက်ရှိ သက်မဲ့ ဒုက္ခပေးမည်။

ယတြာ - ထုံးသက်န်း ကပ်လှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်တင့်၏။

(ဂ) **ကျန်းမာရေး** - အပျော်ကြူးသဖြင့် ဥပဒ်ကပ်မည်။

ယတြာ - ရေလှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - ဗုဒ္ဓဟူးနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၄) ဂဏန်းနှင့် ဗုဒ္ဓဟူးနေ့ ကောင်းပြီး (၅)ဂဏန်းနှင့် ကြာသပတေးနေ့ ညံ့၏။

***မှတ်ချက်။*** ကြီးသူ၏စကား မပယ်ရှားသင့်။

## စနေသားသမီးများ



(က) **စီးပွား/လူမှု** - မူလဌာန၏ ဆိုးအားကို ပဝတ္တိဌာန၏ ကောင်းအားက ချေဖျက်လိုက်သဖြင့် ကောင်းအား၊ ဆိုးအား မျှတနေ၏။ ခရီးဝေးသွားရတတ်၏။ အဝေးရောက် မိသားစုနှင့် အဝေးရှိလုပ်ငန်းအတွက် သောက ရှိ၏။ အင်္ဂါနံ သက်ရှိ သက်မဲ့ကြောင့် စိတ်မကြည်မလင် ရှိမည်။ အကျိုးပေးသော သောကြာနံ သက်ရှိ သက်မဲ့ ဝင်မည်။ ကောင်းသော သတင်းစကားများ ကြားရမည်။ ဝန်ထမ်းများ နာမည်ကောင်းရတတ်၏။

ယတြာ - ရွှေထီးလှူပါ။

(ခ) **အိမ်ထောင်ရေး / လူငယ်အရေး** - သင့်၏။

(ဂ) **ကျန်းမာရေး** - အသည်းတွင် ဥပဒ်ရှိ၏။

ယတြာ - ဘုရားတွင် သစ်သီးဆွမ်းကပ်လှူပါ။

(ဃ) **အကျိုးပြုလုပ်ငန်း** - သောကြာနံသင့်လုပ်ငန်း။

(င) **အကျိုးပေးဂဏန်း** - (၆)ဂဏန်းနှင့် သောကြာနေ့တို့ အကျိုးပြု၍ (၃)ဂဏန်းနှင့် အင်္ဂါနေ့တို့ ညံ့၏။

***မှတ်ချက်။*** အချင်းချင်း အထင်မမှားသင့်ပါ။


မေတ္တာပန်းနှင့်ရွှင်လန်းချမ်းမြေ့ကြပါစေ။

**ဦးညွန့်လှိုင် (ကြို့ပင်ကောက်)**

တိုက်-အမှတ် (၄၁)၊ (၅)လွှာ ဘီ၊ ၁၆၇ လမ်း၊

တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -- ၄၀၀၉၃၃

နေ့စဉ် - နံနက် (၁၁း၀၀)နာရီမှ မွန်းလွဲ(၃း၀၀)နာရီအထိ

[တယ်လီဖုန်းဖြင့် မေးမြန်းခြင်း သည်းခံပါ။

ဟောစာတမ်းများအတွက် VPP ဖြင့် ငွေကြိုတင်ပို့ပေးမှသာ

လက်ခံဆောင်ရွက်ပါသည်။]

စီးပွားရေး၊ ကျန်းမာရေး၊ အိမ်ထောင်ရေး၊ နာမည်ပေး၊

ကုမ္ပဏီနာမည်ပေး၊ အထူးအရေးကြီးကိစ္စရပ်များအတွက်

ထိထိမိမိ ဆောင်ရွက်ပေးလျက် ရှိပါကြောင်း။


www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ ခုနှစ်၊ ရာသီခွင်နှင့် ဒီဇင်ဘာလ ဟောကိန်းများ

ဆရာဦးခန့်ကျော် (အဝိဇ္ဇာချမ်းမြေ့ဗြဟ္မဝိဇ္ဇာရှင်)



## CAPRICORN
## မကာရရာသီ

(ဒီဇင်ဘာ - ၂၁ ရက် မှ ဇန်နဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို ပြာသိုလမွေး)

မကာရရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ အဆင်မပြေမှုများ၊ ရန်ပြဿနာများ ဖြစ်တတ်မည်။ မိတ်ဆွေဟောင်းများနှင့် ပြန်လည်ဆုံတွေ့ရတတ်ခြင်း၊ ၎င်းတို့ထံမှ အကူအညီကောင်းများ ရရှိတတ်ခြင်းရှိမည်။ အထူးသဖြင့် လူမျိုးကွဲ၊ ဘာသာမတူသူများထံမှ အကူအညီများရရှိတတ်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက တစ်စုံတစ်ဦး၏ ပယောဂကြောင့် လင်မယားချင်း စကားများ ရန်ဖြစ်ရတတ်မည်။ ဝန်ထမ်းဖြစ်ပါက ရာထူးတိုးခြင်း၊ လစာတိုးခြင်း တစ်ခုခုရှိမည်။ သင့်အိမ်ပတ်ဝန်းကျင်တွင်သော်လည်းကောင်း၊ သင်၏အလုပ်ခန်း၊ ရုံးခန်းတွင်သော်လည်းကောင်း မီးအန္တရာယ် ကြုံရတတ်ခြင်းကြောင့် အထူးသတိထားသင့်သည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မိမိချစ်သူနှင့် စေ့စပ်ကြောင်းလမ်းရခြင်းရှိမည်။ အချစ်မရှိသေးသူများလည်း ချစ်သူရည်းစားရတတ်မည်။ ပညာရေးကံ အထူးကောင်းနေမည်။ မိမိဆန္ဒရှိသည်များ သေချာပေါက် ဖြစ်ရတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အနာများပေါက်ခြင်း၊ အဖုအကျိတ်များထွက်ခြင်း၊ ဆေးရုံ ဆေးခန်းသို့ အကြိမ်ကြိမ်သွားရခြင်းများရှိမည်။ ယခုကာလအတွင်း ထီထိုး ကံစမ်းမည်ဆိုပါက (၅၊ ၀၊ ၃၊ ၉)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။



## AQUARIUS
## ကုံရာသီ

(ဇန်နဝါရီ - ၂၀ မှ ဖေဖော်ဝါရီ - ၁၉ ရက် အတွင်းမွေး)
(မြန်မာလို တပို့တွဲလမွေး)

ကုံရာသီဖွားများအနေဖြင့် ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းတွင် အဆင်ပြေမှုများ ရရှိလာမည်။ အထူးသဖြင့် မိမိအား စိတ်ဒုက္ခ လူဒုက္ခဖြစ်ရန် ကြိုးစားနေသူများ သူ့အလိုလို ပြီးဆုံးပျောက်ကွယ်သွားတတ်မည်။ အရာရာကို စိတ်အေးအေးထားလုပ်ကိုင်ရန် အရေးကြီးသည်။ မိမိ၏ စိတ်မြန်မှု ကြောင့်သာ အမှားအယွင်းများ ဖြစ်ရတတ်သည်ကို သတိ ထားပါ။ ယခုလအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၇၊ ၉ ၁၃၊ ၁၆၊ ၁၉၊ ၂၂၊ ၂၅၊ ၂၈၊ ၃၀) ရက်များသည် သင့် အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ အဆိုပါ ရက်များနှင့် တိုက်ဆိုင်ပြီး အရေးကြီးသော လုပ်ငန်းကိစ္စများကို ဆောင်ရွက်သင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိ၏ အိမ်ထောင်ဖက်အပေါ် ဂရုစိုက်သင့်သည်။ လိင်မတူသူ အနှောင့်အယှက်များလည်း ရှိတတ်သည်။ သင့်အိမ်တွင် ဗုဒ္ဓဟူးသားသမီး ရှိပါက သူ့အတွက် စိုးရိမ်ပူပန်ရမှုများ ရှိတတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးကိစ္စများကို စိတ် မကူးသင့်သေးပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ အရိုးအဆစ် များ နာကျင်ကိုက်ခဲခြင်း၊ ကိုယ်လက်လေးလံခြင်း၊ မသွားနိုင် မလာနိုင်ဖြစ်ခြင်း စသည့်ဝေဒနာများ ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၉၊ ၅၊ ၄၊ ၀)ဂဏန်းများပါသော ထီတို အထက်ဖော်ပြပါရက်များနှင့် တိုက်ဆိုင်ပြီး ထိုးပေးပါ။



## PISCES
## မိန်ရာသီ

(ဖေဖော်ဝါရီ - ၂၀ မှ မတ် - ၂၀ ရက် အတွင်းမွေး)
(မြန်မာလို တပေါင်းလမွေး)

မိန်ရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းများတို တိုးချဲ့လုပ်ကိုင်မည်ဆိုပါက ယခုကာလအတွင်း အကောင် အထည်ဖော် လုပ်ကိုင်ဆောင်ရွက်သင့်သည်။ ဖက်စပ်လုပ်ငန်း ရှယ်ယာလုပ်ငန်းများဖြင့် အကျိုးပေးနိုင်မည်။ အိမ်ထောင်ရှင် ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် မကြာခဏ စကားများခြင်း ရန်ဖြစ်ရခြင်းများရှိမည်။ ဝန်ထမ်းဖြစ်ပါက လက်ရှိရင်ဆိုင်နေ ရသော အခက်အခဲများကို ကူညီဖြေရှင်းပေးမည့်သူ ပေါ် ပေါက်တတ်မည်။ ယခုလအတွင်း အင်္ဂလိပ်လိုရက်များမှ (၁ ၅၊ ၇၊ ၁၁၊ ၁၂၊ ၁၅၊ ၁၆၊ ၁၈၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉) ရက်များ သည် သင့်အတွက် ကံကုသိုလ်ကောင်းစေသော ရက်များ ဖြစ်သည်။ ငယ်ရွယ်သူများအနေဖြင့် အချစ်ရေးကိစ္စများ အဆင်ပြေတတ်မည်။ ချစ်သူနှင့်အတူ အပျော်ခရီးထွက်ရ



www.burmeseclassic.com

www.burmeseclassic.com

တတ်ခြင်းရှိမည်။ ပညာရေးလိုက်စားသူများအနေဖြင့် အပြိုင်အဆိုင်များ၊ အခက်အခဲများကြားမှ အောင်မြင်မှုရရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ခေါင်းတစ်ခြမ်း ပြင်းထန်စွာ ကိုက်ခြင်း၊ ရုတ်တရက်သွေးတိုးခြင်း ဝေဒနာများ ဖြစ်ပေါ် ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၁၊ ၃၊ ၉၊ ၀) ဂဏန်းများပါသော ထီကို ထိုးပါ။



## ARIES
## မိဿရာသီ

**(မတ် - ၂၁ မှ ဧပြီ - ၂၀ ရက် အတွင်းမွေး)**
**(မြန်မာလို တန်ခူးလမွေး)**

မိဿရာသီဖွားများ အနေဖြင့် ယခုကာလအတွင်း ကံကုသိုလ် အခွင့်အလမ်းကောင်းများ ပေါ်ထွက်လာမည်။ မိမိရရှိနိုင်သည့် အခွင့်အရေးများ လက်လွတ်ဆုံးရှုံးမှု မဖြစ်စေရန် ပြောသင့်သည့်စကား၊ လုပ်သင့်သည့်အလုပ်များကို မဖြစ်မနေလုပ်ကိုင်လိုက်ပါ။ ဝန်ထမ်းဖြစ်ပါက သင်၏လုပ်ငန်းဌာန အပြောင်းအလဲ၊ အပြောင်းအရွှေ့များ ဖြစ်တတ်မည်။ အိမ်ထောင်ရှင်များ ပြည်တွင်း(သို့) ပြည်ပခရီးများ သွားရတတ်မည်ဖြစ်၍ မိမိအိမ်ထောင်ဖက်နှင့် ခေတ္တ ခွဲခွာနေရတတ်ခြင်းများရှိမည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ မမျှော်လင့်ဘဲ အိမ်ထောင်ကျတတ်မည်။ ပညာရေးကံ အနည်းငယ်ညံ့နေတတ်မည်ဖြစ်၍ ယခင်ထက်ပိုပြီး ဝီရိယထား ကြိုးစားပေးသင့်သည်။ ချစ်၍ဖြစ်စေ၊ မုန်း၍ဖြစ်စေ ဆေးခတ်ခံရတတ်ခြင်းများ ရှိမည်ဖြစ်၍ တစ်ပါးသူကျွေးသော အစားအစာတိုင်းကို မစားသင့်ပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနှင့် အာရုံကြောဆိုင်ရာ ဝေဒနာများ ခံစားရတတ်ခြင်း၊ ဦးခေါင်းပိုင်းတွင် မတော်တဆ ထိခိုက်အနာတရ ဖြစ်တတ်ခြင်းများအတွက် သတိထားသင့်သည်။ မိဿရာသီဖွားများ ထီထိုးခြင်း၊ ကံစမ်းခြင်းများပြုမည် ဆိုပါက (၄၊ ၉၊ ၂ ၇) ဂဏန်းများပါသော ထီကို ထိုးပါ။



## TAURUS
## ပြိဿရာသီ

**(ဧပြီ - ၂၁ မှ မေ - ၂၀ ရက်အတွင်းမွေး)**
**- (မြန်မာလို ကဆုန်လမွေး)**

ပြိဿရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့် ပတ်သက်၍ စီးပွားပြိုင်ဘက်များကြောင့် ဝင်ငွေအနည်းငယ် လျော့သွားလိမ့်မည်၊ အကူအညီပေးမည့်သူများ ပေါ်ပေါက်တတ်မည်။ ဝန်ထမ်းဖြစ်ပါက မိမိအပြောကြောင့် တစ်ပါးသူ၏ အငြိုးအတေးပြုခြင်းကို ခံရတတ်သည်။ အထူးသဖြင့် လက်အောက်ငယ်သားများ၏ ရန်အတိုက်အခံပြုခြင်းများ သတိထားပါ။ အိမ်ထောင်ရှင်များအနေဖြင့် အိမ်တွင်းရေး အေးချမ်းမှုရှိမည်။ အလုပ်အကိုင် ရှာဖွေနေသူ ဖြစ်ပါက အဆက်အသွယ်ကောင်းများ ရရှိလိမ့်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၁၊ ၂၊ ၄၊ ၅၊ ၇၊ ၁၀၊ ၁၁၊ ၁၃၊ ၁၄၊ ၁၆၊ ၁၉၊ ၂၀၊ ၂၂)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ ခရီးထွက်ခြင်း၊ ပြောင်းရွှေ့ခြင်းနှင့် လုပ်ငန်းကိစ္စအဝဝတို့ကို စတင်ဆောင်ရွက်ခြင်းများ ပြုပါ။ ကျန်းမာရေးနှင့်ပတ်သက်၍ စိတ်ညစ်ရခြင်း၊ ငွေကုန်ကြေးကျများရတတ်ခြင်းများ ရှိမည်။ စိတ်နှင့်ပတ်သက်သော ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်၍ ပျော်ပျော်နေပေးခြင်းဖြင့် မိမိကျန်းမာရေးကို အထောက်အကူ ပြုစေပါမည်။ ထီထိုးမည်ဆိုပါက (၂ ၀၊ ၇၊ ၃) ဂဏန်းများဖြင့် ထိုးပါ။



## GEMINI
## မေထုန်ရာသီ

**(မေ - ၂၁ မှ ဇွန် - ၂၀ ရက်အတွင်းမွေး)**
**(မြန်မာလို နယုန်လမွေး)**

မေထုန်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း နေအိမ်၊ တိုက်တာ၊ မြေအရောင်းအဝယ်ကိစ္စများမှ အမြတ်အစွန်းများ ရရှိတတ်မည်။ ရွှေနှင့် ရတနာပစ္စည်း ရောင်းဝယ်သူများ ဝင်ငွေကောင်းခြင်းနှင့်အတူ ပြဿနာများလည်း ကပ်ပါလာတတ်မည်။ ရည်ရွယ်ထားသော လုပ်ငန်းတိုးချဲ့မှုကိစ္စများကို ခေတ္တရပ်ဆိုင်းထားသင့်သည်။ ဝန်ထမ်းဖြစ်ပါက လစာတိုးခြင်း၊ ဝင်ငွေတိုးခြင်း၊ တစ်နည်းနည်းဖြင့် ဝင်ငွေကောင်းခြင်းများ ရှိတတ်မည်။ သို့သော် လက်ရှိလုပ်ငန်းမှ အခြားလုပ်ငန်းတစ်ခုခု လုပ်ကိုင်လိုသော ဆန္ဒများ ပြင်းပြနေတတ်မည်။ တစ်လအတွင်းရှိ အင်္ဂလိပ်လိုရက်များမှ (၂ ၅၊ ၉၊ ၁၃၊ ၁၇၊ ၂၁၊ ၂၆၊ ၃၀)ရက်များသည် သင့်အတွက် ကံအထူးကောင်းစေသော ရက်များဖြစ်၍ လုပ်ငန်းကိစ္စအဝဝတို့ကို ဆောင်ရွက်လုပ်ကိုင်သင့်သည်။ ငယ်ရွယ်သူဖြစ်ပါက အချစ်ရေးတွင် စန်းပွင့်နေလိမ့်မည်။ အသွားအလာ အထူးသတိထား ဆင်ခြင်သင့်သည်။ ပညာရေး လိုက်စားသူဖြစ်ပါက မိမိအား မနာလိုသူ၏ အနှောင့်အယှက်ပြုခြင်းကို ခံရတတ်သည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အဆုတ်အအေးပတ်ခြင်း သရက်ရွက်ကြီးခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ထီထိုးမည်ဆိုပါက (၆၊ ၀၊ ၁၊ ၅)ဂဏန်းများပါသော ထီကို ထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com



## CANCER
## ကရကဋ်ရာသီ

(ဇွန် - ၂၁ မှ ဇူလိုင် - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို ဝါဆိုလမွေး)

ကရကဋ်ရာသီဖွားများအနေဖြင့် ယခုကာလအတွင်း လက်ရှိလုပ်ကိုင်နေသော ယာယီလုပ်ငန်းများ ရေရှည်အကျိုးပေးသွားနိုင်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားကောင်းရတနာများ ထွန်းကားတတ်ခြင်း၊ မိသားစုဝင်ဦးရေ တိုးလာခြင်းများရှိမည်။ မမျှော်လင့်ဘဲ ရပ်ဝေးနေဆွေမျိုးများ သင့်အိမ်သို့ရောက်လာတတ်မည်။ မရည်ရွယ်ဘဲ အလှူအတန်းကိစ္စများပြုလုပ်ရတတ်မည်။ ဘုရားဖူးခရီးများ ထွက်ရတတ်မည်။ ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်အား ဖူးတွေ့ရတတ်ခြင်းများ ရှိလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက ကြီးမားသောတာဝန်များကို ထမ်းဆောင်ရခြင်း၊ အကြီးအကဲများ၏ ဂုဏ်ပြုချီးမြှင့်ခြင်းကို ခံရတတ်လိမ့်မည်။ ငယ်ရွယ်သူ အချစ်ရှိပြီးသူများ ချစ်သူနှစ်ဦးကြားတွင် ကြားလူ ခလောက်ဆန်မှုများကြောင့် စိတ်ညစ်ရမည်။ ပညာရေးလိုက်စားသူများ ပညာရေးကံ ကောင်းလိမ့်မည်။ မိမိ ဝါသနာပါရာ စာပေပညာကိုလည်း အမွေအနှစ်များအဖြစ် ရရှိတတ်လိမ့်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ မျက်စိနာခြင်း၊ အအေးမိခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်း ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်မည်။ သင့်အိမ်ရှိ ဟောင်းနွမ်းနေသောပစ္စည်းများ၊ ကျိုးပဲ့နေသောပစ္စည်းများ ရှိပါက အမြန်ဆုံး စွန့်ပစ်လိုက်ပါ။ ကရကဋ်ရာသီဖွားများ အနေဖြင့် ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၇၊ ၉၊ ၀၊ ၆) ဂဏန်းများပါသော ထီကို ထိုးပါ။



## LEO
## သိဟ်ရာသီ

(ဇူလိုင် - ၂၁ မှ ဩဂုတ် - ၂၁ ရက်အတွင်းမွေး)
(မြန်မာလို ဝါခေါင်လမွေး)

သိဟ်ရာသီဖွားများအနေဖြင့် ယခု ကာလအတွင်း အိုးအိမ်ပြောင်းရွှေ့ရတတ်ခြင်း၊ အလုပ်ခန်း၊ ဆိုင်ခန်းပြောင်းရွှေ့ရခြင်းများ ရှိတတ်သည်။ ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသောလုပ်ငန်း လုပ်ကိုင်သူများအနေဖြင့် အခက်အခဲများ၊ ကြန့်ကြာမှုများရှိလိမ့်မည်။ အိမ်ထောင်ရှင်ဖြစ်ပါက သားသမီးတစ်ဦးအတွက် စိုးရိမ်ပူပန်ရခြင်း၊ ငွေကုန်ကြေးကျ များရတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက ဌာနဆိုင်ရာမှ စေလွှတ်သော ခရီးများသွားရတတ်ခြင်း၊ မတက်မဖြစ်သော သင်တန်းများ တက်ရောက်ရခြင်းများရှိမည်။ ယခုကာလအတွင်း သိ[illegible]နှင့် အလိမ်ခံရတတ်ခြင်းများ ရှိမည်ဖြစ်၍ လူတိုင်းအပေါ် ယုံကြည်တတ်မှုကို လျှော့သင့်သည်။ ပညာရေး လိုက်စားသူဖြစ်ပါက ပညာရေးအတွက် အခက်အခဲများ ရှိတတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ ဝမ်းကိုက်ခြင်း၊ မကြာခဏ သွေးတိုးခြင်း၊ မူးလဲတတ်ခြင်း၊ လေးဖက်နာဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်ခြင်းများ ရှိမည်။ ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၅၊ ၈ )ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။ သင့်အနေဖြင့် ရန်ပြုသူနာများနှင့် အတိုက်အခံပြုခြင်းများမှ ကင်းဝေးစေရန်နှင့် အပြင် အစစအရာရာ အဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် သင်္ကာကျောက်ကလေးကို မိမိနှင့်အတူ ဆောင်ထားခြင်း၊ ဝတ်ဆင်ထားခြင်းများကို ပြုပေးသင့်သည်။



## VIRGO
## ကန်ရာသီ

(ဩဂုတ် - ၂၂ မှ စက်တင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တော်သလင်းလမွေး)

ယခုကာလအတွင်း စီးပွားရေးလုပ်ငန်းမှာ လျှပ်စစ်နှင့် ဆက်နွယ်လုပ်ကိုင်ရသော လုပ်ငန်းများ အကျိုးဖြစ်ထွန်းမှု ရှိမည်။ ပြည်ပရောက်ဆွေမျိုးများ ယခုကာလအတွင်း ပြန်လည်ရောက်လာမည်။ စုတ်, လာဘ် ဝင်ကိန်းများရှိနေသဖြင့် အဖိုးတန်ပစ္စည်းလက်ဆောင်ရခြင်း၊ အမွေအနှစ်များ ရရှိတတ်ခြင်း၊ မမျှော်လင့်သော ငွေကြေးများ ရရှိတတ်ခြင်း ရှိနေမည်။ စာပေဆိုင်ရာလုပ်ငန်း လုပ်ကိုင်သူများ မိမိအတွက် အကျိုးရှိမည့် အခွင့်အလမ်းကောင်းများ ရရှိတတ်ခြင်း၊ မိတ်ကောင်း ဆွေကောင်း တိုးပွားတတ်ခြင်းများ ရှိမည်။ ဝန်ထမ်းဖြစ်ပါက မိမိကျရာတာဝန်မှတစ်ပါး အခြားမည်သည့် အကြောင်းကိုမှ စိတ်မဝင်စားဘဲနေနိုင်လျှင် အကောင်းဆုံးဖြစ်မည်။ ပညာရေးနှင့်ပတ်သက်၍ ပညာရေးကံ ကောင်းနေမည်။ ဘာသာရပ်ဆိုင်ရာ သင်တန်းများလည်း တက်ရောက်နိုင်ခြင်း ရှိမည်။ ကျန်းမာရေးနှင့် ပတ်သက်၍ ခန္ဓာကိုယ်အောက်ပိုင်း [illegible] ရောင်ခြင်း၊ အသားများ ယားယံခြင်း၊ သွေးသားမမှန်ခြင်း စသည့်ဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ သင့်အနေဖြင့် ဝါသနာပါလျှင် ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုပေးပါ။ ထီထိုးမည်ဆိုပါက(၁၊ ၀၊ ၉၊ ၇)ဂဏန်းများဖြင့် ထိုးပါ။ ကန်ရာသီဖွားများအနေဖြင့် လုပ်ငန်းကိစ္စအဝဝ အဆင်ပြေ အောင်မြင်မှုများ ရရှိနိုင်ရန်အတွက် ယခုကာလအတွင်း ပုလဲကို ဝတ်ဆင်ခြင်း (သို့)ဆောင်ထားခြင်း ပြုသင့်သည်။



www.burmeseclassic.com

www.burmeseclassic.com

## LIBRA

## တူရာသီ



(စက်တင်ဘာ - ၂၃ မှ အောက်တိုဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို သီတင်းကျွတ်လမွေး)

တူရာသီဖွားများအနေဖြင့် စီးပွားရေးလုပ်ငန်းနှင့်ပတ်သက်၍ လက်ရှိလုပ်ငန်းမှ အဆင်မပြေမှုများ ရှိနေတတ်မည်။ ပြောဆိုထားသော ငွေကြေးကိစ္စများလည်း အခက်အခဲနှင့် ကြန့်ကြာမှုများ ဖြစ်တတ်မည်။ အရေးကြီးသောကိစ္စများအတွက် တနင်္လာသားသမီးများနှင့် တိုင်ပင်ခြင်း၊ ၎င်းတို့ထံမှ အကြံဉာဏ်ကောင်းခံခြင်းများ ပြုသင့်သည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်အတွက် စိုးရိမ်ပူပန်ရခြင်းများ ရှိမည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး အလွန်ညံ့နေသည်ကို သတိထားပါ။ ဝန်ထမ်းဖြစ်ပါက အပြင်စီးပွားရေးလုပ်ငန်းတစ်ခု လုပ်ကိုင်လိုသောဆန္ဒများ ဖြစ်ပေါ်လိမ့်မည်။ အချစ်ရေးကိစ္စတွင် လူပျိုကြီး၊ အပျိုကြီးများ စွံတတ်မည်။ မထင်မှတ်ဘဲ အိမ်ထောင်ကျတတ်ခြင်းများရှိမည်။ အောင်သွယ်ကောင်းများ ရှိနေတတ်မည်။ ပညာရေးလိုက်စားသူဖြစ်ပါက ပညာရေးကောင်းမည် ဖြစ်သော်လည်း ကျန်းမာရေးကြောင့် အခွင့်အရေးများ နစ်နာဆုံးရှုံးရခြင်းဖြစ်တတ်မည်။ ကျန်းမာရေးနှင့်ပတ်သက်၍ နှလုံးအားနည်းခြင်း၊ အသည်းရောင်ခြင်းဝေဒနာများ ဖြစ်ပေါ်ခံစားရတတ်သည်။ ယခုကာလအတွင်း ထီထိုးခြင်း၊ ကံစမ်းခြင်းများ ပြုမည်ဆိုပါက (၈ ၀၊ ၄၊ ၉)ဂဏန်းများဖြင့် ထီထိုးကံစမ်းနိုင်သည်။



## SCORPIO

## ဗြိစ္ဆာရာသီ

(အောက်တိုဘာ - ၂၃ မှ နိုဝင်ဘာ - ၂၂ ရက်အတွင်းမွေး)
(မြန်မာလို တန်ဆောင်မုန်းလမွေး)

ဤကာလအတွင်း စီးပွားရေး လုပ်ငန်းများတွင် တီထွင်ဆန်းသစ် လုပ်ကိုင်ရသော လုပ်ငန်းမျိုးဖြင့် လည်းကောင်း၊ အထည်ချုပ်လုပ်ငန်းများဖြင့် လည်းကောင်း အကျိုးပေး ထက်သန်နိုင်မည်။ ရွှေထည်ပစ္စည်း ရောင်းဝယ်ခြင်း၊ ရွှေရည်စိမ်လုပ်ငန်း လုပ်ကိုင်ခြင်းဖြင့်လည်း အကျိုးပေးတတ်မည်။ သို့သော် တန်ဖိုးကြီးကြီးမားမားပစ္စည်း မေ့ကျန်ခြင်း၊ ကျပျောက်ခြင်း၊ အနိုက်ခံ, အလုခံရတတ်ခြင်း၊ အလိမ်ခံရတတ်ခြင်းများအတွက်လည်း အထူးသတိထားရန် လိုအပ်ပါသည်။ အိမ်ထောင်ရှင်ဖြစ်ပါက အိမ်တွင်းသာယာမည်။ သားသမီးများနှင့်အတူ ခရီးများထွက်ရတတ်မည်။ ငယ်ရွယ်သူများ၏ အချစ်ရေး ရှုပ်ထွေးမှုများရှိတတ်သည်။ ချစ်သူ၏ အထင်မြင်လွဲမှားခံရတတ်ခြင်းများလည်း ရှိနေလိမ့်မည်။ အလုပ်အကိုင် ရှာဖွေနေသူဖြစ်ပါက ပထမပတ်အတွင်း သတင်းကောင်းများ ကြားရတတ်ခြင်း၊ လုပ်ငန်းခွင် ဝင်ရတတ်ခြင်းများရှိမည်။ ကျန်းမာရေးနှင့်ပတ်သက်၍ အစာမှား၊ ဆေးမှားတတ်ခြင်း၊ အစာအဆိပ်ဖြစ်တတ်ခြင်းများ ရှိမည်။ သင့်အနေဖြင့် ထီထိုးမည်ဆိုပါက (၁၊ ၀၊ ၄၊ ၉)ဂဏန်းများပါသော ထီကိုထိုးပါ။ အစစအရာရာ အဆင်ပြေပြီး ကံကောင်းမှုများ ရရှိနိုင်ရန်အတွက် နေ့စဉ် မေတ္တာသုတ် (၉)ခေါက် ရွတ်ဖတ်ပေးပါ။

## SAGITTARIUS

## ဓနုရာသီ



(နိုဝင်ဘာ - ၂၃ မှ ဒီဇင်ဘာ - ၂၀ ရက်အတွင်းမွေး)
(မြန်မာလို နတ်တော်လမွေး)

ဓနုရာသီဖွားများ ယခုကာလအတွင်း ဝင်ငွေကောင်းခြင်း၊ လာဘ်လာဘ တိုးတက်ခြင်းများ ရှိမည်။ ယခင်က အကောင်အထည်ဖော်၍ မရနိုင်ခဲ့သော လုပ်ငန်းကိစ္စရပ်များသည် ယခုကာလအတွင်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်။ ထို့ပြင် ပြည်ပနှင့် ဆက်သွယ်လုပ်ကိုင်ရသော လုပ်ငန်းများ အဆင်ပြေမှုရှိမည်။ သို့သော် ငွေကြေးကိစ္စနှင့်ပတ်သက်ပြီး စကားအချေအတင် ပြောရတတ်ခြင်း ရှိမည်။ အိမ်ထောင်ရှင်ဖြစ်ပါက မိမိအိမ်ထောင်ဖက်နှင့် အတူတကွနေထိုင်ရသည့်အချိန်က အလွန်နည်းပြီး မယ်တစ်ရွာ မောင်တစ်မြို့ နေရသည်က များလိမ့်မည်။ ဝန်ထမ်းဖြစ်ပါက လုပ်ငန်းခွင်အတွင်းမှ လက်အောက်ငယ်သားတစ်ဦးကြောင့် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် ကြုံတတ်မည်။ မိမိအပေါ် အထင်အမြင်လွဲမှားမှုများ ရှိနေမည်။ သို့သော် လိုအပ်သည်ထက် ပိုမိုသော စေတနာ မလွန်မိစေရန်တော့ လိုလိမ့်မည်။ ယခုကာလအတွင်း ထိခိုက်အနာတရ ဖြစ်တတ်ခြင်း၊ ချော်လဲခြင်း၊ အမြင့်မှ ပြုတ်ကျတတ်ခြင်း၊ ယာဉ်,ကား အန္တရာယ်တစ်ခုခုနှင့် ရင်ဆိုင်ရတတ်ခြင်းများအတွက် အထူးသတိထားပါ။ ထီထိုးမည်ဆိုပါက (၀၊ ၆၊ ၂၊ ၅) ဂဏန်းများဖြင့် ထီကံစမ်းနိုင်သည်။

ဆရာဦးခန့်ကျော်
(အဘိဓာန်ကျမ်းပြုပညာရှင်)

အမှတ်(၂၇)၊ ရွှေဘုန်းပွင့်ဘုရားဈေးတန်း(၉)ရပ်ကွက်၊
ရွှေကျော်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၉-၅၁၉၃၂၄၅၀၊ ၀၉-၄၂၀၀၀၅၀၆၆



www.burmeseclassic.com